ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# အဘိဓမ္မာတရားတော်ကြီး

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ
ရန်ကုန်မြို့

သာသနာ-၂၅၄၀ ကောဇာ-၁၃၅၈ ခရစ်-၁၉၉၆

(တတိယအကြိမ်)

၂၅၀၁၈

ဆဋ္ဌသင်္ဂီတိပုစ္ဆက   အဂ္ဂမဟာပဏ္ဍိတ

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# အဘိဓမ္မာတရားတော်ကြီး

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ
ရန်ကုန်မြို့

သာသနာ-၂၅၄၀   ကောဇာ-၁၃၅၈   ခရစ်-၁၉၉၆

(တတိယအကြိမ်)

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ်(၄၃/၉၆) (၄)
မျက်နှာဖုံးခွင့်ပြုအမှတ်(၂၃/၉၆) (၅)

- - -

တတိယအကြိမ်

- - -

အုပ်ရေ - ၁၀၀၀

- - -

၁၉၉၆-ခု

- - -

စက်တင်ဘာလ

- - -

**ထုတ်ဝေသူ**
ဦးလှကြိုင်(ထုတ်ဝေသူမှတ်ပုံတင်အမှတ်-၂၄၀)
အမှတ် ၁၆၊ သာသနာ့ရိပ်သာလမ်း၊
ကုက္ကိုင်း၊ ရန်ကုန်မြို့။

- - -

မျက်နှာဖုံး/အတွင်းပုံနှိပ်သူ
ဦးသန်းဦး(၀၄၇၁၁)
အောင်တံခွန်ပုံနှိပ်တိုက်၊
၉၇၊ ဝါးတန်းလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

- - -

**ဓမ္မဒါန**

- - -

စကြဝဠာမိဒီယာပုံနှိပ်လုပ်ငန်းမှ စီစဉ်သည်။

# မဟာစည်ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်အကျဉ်း

ဆဋ္ဌသံဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်လောင်းလျာ သားရတနာကို ရွှေဘိုခရိုင်၊ ဆိပ်ခွန်ရွာ၌ အဘဦးကံတော်၊ အမိဒေါ်ရွှေအုပ်တို့မှ သက္ကရာဇ် ၁၂၆၆–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက်၊ သောကြာနေ့ (၂၉–၇–၁၉၀၄)တွင် ဖွားမြင်သည်။ ငယ်နာမည်မှာ မောင်သွင်ဖြစ်သည်။

အသက် (၁၂)နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ သက်တော်(၂၀)တွင် ရဟန်းပြုသည်။ ပရိယတ္တိစာပေ၊ နေ့ဝါညဝါကျမ်းစာ အရပ်ရပ်ကို သင်ယူတော်မူခဲ့ပြီး ၁၃၀၃–ခုနှစ်တွင် "သာသနဓဇသီရိပဝရ ဓမ္မာစရိယ"ဘွဲ့တံဆိပ်တော်ကို ဆပ်ကပ်ခံယူရရှိတော်မူသည်။

ငယ်ဆရာများနှင့်တကွ၊ မန္တလေးမြို့၊ အနောက်ပြင်၊ ခင်မကန်တိုက်၌ ကျော်စောသော ဆရာတော်များထံ ပရိယတ္တိကျမ်းဂန်များ သင်ယူဆည်းပူးတော်မူခြင်း၊ သထုံမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးထံ ပဋိပတ်ကို နည်းခံကျင့်ကြံအားထုတ်ခြင်းတို့ဖြင့် ပရိယတ်၊ ပဋိပတ် စွယ်စုံထူးချွန်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူခဲ့လေသည်။

ဆရာတော်သည် သိက္ခာတော် (၂၅) ဝါရအထိ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းနှင့် မော်လမြိုင် တောင်ဝိုင်းကလေးတိုက်ကျောင်းတို့တွင် အခါအားလျော်စွာ သီတင်းသုံး၍ ပရိယတ္တိ၊ ပဋိပတ္တိ သင်ကြားပို့ချနည်းနာ ညွှန်ပြတော်မူခဲ့သည်။

၁၃၁၁–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက်နေ့ (၁၀–၁၁–၄၉)တွင် ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ပင့်ဆောင်ကိုးကွယ်မှုဖြင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူကာ ၁၃၁၁–ခုနှစ်၊ နတ်တော်လပြည့်နေ့ (၄–၁၂–၄၉)မှစ၍ ယောဂီများအား ဝိပဿနာတရား ဟောကြားပြသတော်မူခဲ့သည်။ ရိပ်သာ၏အမည်သည်လည်း မဟာစည်သာသနာ့ရိပ်သာဟု တွင်ခဲ့လေသည်။

(တတိယအကြိမ်)

ဆရာတော်ဘုရားကြီးသည် ၁၃၁၉–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခံယူရရှိတော်မူသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ဆဋ္ဌသင်္ဂီတိပုစ္ဆကတာဝန်ကို ဆောင်ရွက်တော်မူသည်။ ၎င်းအပြင် ဆဋ္ဌသင်္ဂါယနာ ဩဿာနံသောဓကေ၊ ဆဋ္ဌသင်္ဂါယနာဝန်ဆောင်အဖွဲ့၊ နိုင်ငံတော် ဩဝါဒါစရိယ စသည့် သာသနာ့တာဝန်အရပ်ရပ်ကိုလည်း စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်တော်မူခဲ့လေသည်။ ထိုစဉ်က ဆဋ္ဌသင်္ဂီတိဝိသဇ္ဇကကား၊ တိပိဋကဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသပင်တည်း။

၁၃၀၅–ခုနှစ်တွင် မဟာစည်ဆရာတော် စီရင်ရေးသားတော်မူသော ဝိပဿနာရှုနည်း ကျမ်းကြီးနှစ်တွဲမှာ ကျော်စောထင်ရှားလှပေသည်။

ဆက်လက်ပြုစုသော ကျမ်းများနှင့် ဟောတရားများမှ စာအုပ်အဖြစ်သို့ ရောက်ရှိလာသော ကျမ်းစာအုပ်ပေါင်းမှာ (၇၀)ကျော်ရှိပေသည်။

ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် မြန်မာနိုင်ငံအတွင်း မဟာစည် ဩဝါဒခံ ရိပ်သာခွဲပေါင်း (၃၀၀)ကျော်တည်ရှိခဲ့ပြီး ကမ္ဘာအရပ်ရပ်တွင်လည်း သာသနာပြုရိပ်သာခွဲများကို တည်ထောင်ပေးတော်မူခဲ့သည်။ ဆရာတော်ဘုရားကြီး ပြသတော်မူသော ဝိပဿနာတရား ပွားများကျင့်ကြံ အားထုတ်ပြီးသူ ရဟန်း၊ ရှင်၊ လူယောဂီဦးရေ (၇၀၀၀၀၀)ကျော် ရှိခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါ၊ စင်္ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ ဂျပန် စသော အရှေ့တိုင်းနိုင်ငံများနှင့် ဥရောပ၊ အင်္ဂလန်၊ အမေရိက စသော အနောက်နိုင်ငံများ အပါအဝင် ကမ္ဘာအရပ်ရပ်မှ ပင့်ဖိတ်လျှောက်ထားချက်များအရ ကြွရောက်တော်မူပြီးလျှင် ထေရဝါဒ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားရေးကို ဆောင်ရွက်တော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် သက်တော် (၇၈)၊ သိက္ခာတော် (၅၈)ဝါ ရရှိရာ ၁၃၄၄–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၀)ရက်နေ့ (၁၄–၈–၁၉၈၂) တွင် မဟာစည်သာသနာ့ရိပ်သာ စံကျောင်းမတော်၌ ဘဝဇာတ်သိမ်း ချုပ်ငြိမ်းတော်မူခဲ့ပါသည်၊

(တတိယအကြိမ်)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | |
| ၂။ | မတူညီသောဘုံနှင့်ဘဝ | ၁ |
| ၃။ | လူ့ခန္ဓာနှင့် နတ်ခန္ဓာ | ၁ |
| ၄။ | အသက်တန်းကလည်းကွာ | ၃ |
| ၅။ | လူတို့ပြည်တွင် အဘိဓမ္မာတရားကို မဟော | ၃ |
| ၆။ | ပဏ္ဍုကမ္ဗလာနှင့် မြတ်စွာဘုရား | ၄ |
| ၇။ | ထူးခြားလွန်ကဲသော အဘိဓမ္မာ | ၁၈ |
| ၈။ | အဘိဓမ္မာဟောပုံနှင့်သုတ္တန်ဟောပုံ | ၁၉ |
| ၉။ | အဘိဓမ္မာတရားတော်ကြီး | |
| ၁၀။ | ပါရမီဖြည့်ကျင့်ရတာ သိပ်ပင်ပန်းတယ် | ၂၈ |
| ၁၁။ | ဆေးမသောက်ရင် ရောဂါမပျောက်ဘူး | ၃၀ |
| ၁၂။ | သုတ္တန်အဋ္ဌကထာ ပဏာမ | ၃၂ |
| ၁၃။ | ပြောစရာရှိတာလေးတွေကို ပြောရဦးမယ် | ၃၉ |
| ၁၄။ | စန္ဒကူးတုံးကြီးတစ်တုံးလာငြိတယ် | ၄၁ |
| ၁၅။ | သိက္ခာပုဒ်ပညတ်တော်မူတယ် | ၄၆ |
| ၁၆။ | ခါချဉ်ထုပ်ထဲက သရက်သီး | ၅၀ |
| ၁၇။ | တစ်သိန်းတန် မဏ္ဍပ်ကြီး | ၅၁ |
| ၁၈။ | ယမကပါဋိဟာရိယ | ၅၄ |
| ၁၉။ | နှစ်လှမ်း သုံးဖဝါးတဲ့ | ၅၅ |
| ၂၀။ | ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ | ၅၅ |
| ၂၁။ | ဣန္ဒကနှင့် အင်္ကုရနတ်သား နှစ်ဦး | ၅၆ |
| ၂၂။ | အကျိုးပေးရာမှာတော့ ကွာကြတယ် | ၅၈ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃။ | အလှူခံ ပုဂ္ဂိုလ်ချင်းက မတူခဲ့ကြဘူး | ၅၉ |
| ၂၄။ | ထူးကဲတဲ့တရား | ၆၀ |
| ၂၅။ | နိမ္မိတကိုယ်စား ဖန်ဆင်းထားခဲ့ရ | ၆၇ |
| ၂၆။ | အရှင်သာရိပုတ္တရာကို ဟောတဲ့တရား | ၆၈ |
| ၂၇။ | တပည့်ထူးတွေ | ၆၉ |
| ၂၈။ | ကုသိုလ်အထုံရှိခဲ့ကြတယ် | ၇၀ |
| ၂၉။ | ဓမ္မဒ္ဒေသဝါရတဲ့ | ၇၃ |
| ၃၀။ | ကောဌာသဝါရစသည် | ၇၄ |
| ၃၁။ | ဈာနင်္ဂါးပါး | ၇၉ |
| ၃၂။ | ဗုဒ္ဓန္တြေတရားစု | ၈၁ |
| ၃၃။ | ရှင်နာဂသိန်က ချီးကျူးတယ် | ၈၂ |
| ၃၄။ | မဂ္ဂင်အစု | ၈၄ |
| ၃၅။ | မိုလ်အစု | ၈၅ |
| ၃၆။ | မူလတရားစု | ၈၆ |
| ၃၇။ | ကမ္မပထတရား | ၈၉ |
| ၃၈။ | ကာယပဿဒ္ဓိစသည် | ၉၁ |
| ၃၉။ | လဟုတာ | ၉၂ |
| ၄၀။ | မုဒုတာ | ၉၂ |
| ၄၁။ | ကမ္မညတာ | ၉၃ |
| ၄၂။ | ပါဂုညတာ | ၉၃ |
| ၄၃။ | ဥဇုကတာ | ၉၃ |
| ၄၄။ | ဥပကာရတရား ၂-ပါး | ၉၄ |
| ၄၅။ | သမ္မဓဉ်တရား | ၉၅ |
| ၄၆။ | ဂေါစရသမ္မဇဉ် | ၉၆ |
| ၄၇။ | အသမ္မောဟသမ္မဇဉ် | ၉၆ |
| ၄၈။ | ယုဂနဒ္ဓတရား ၂-ပါး | ၉၇ |

ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ

နိုင်ငံတော်သြဝါဒါစရိယ၊ ကမ္ဘာ့သာသနာပြု

**ကျေးဌူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး**



သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ

၂၉.၇.၁၉၀၄ သောကြာနေ့တွင် ဖွားသန့်စင်သည်။

၁၄.၈.၁၉၈၂ စနေနေ့တွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉။ | မှတ်သားဖွယ် | ၉၈ |
| ၅၀။ | ပဂ္ဂါဟနဲ့အဝိကွေ့ပ | ၉၉ |
| ၅၁။ | စောင်းဥပမာ | ၁၀၀ |
| ၅၂။ | ပတိပ္ပဒိကာနတ်သမီးဝတ္ထု | ၁၀၄ |
| ၅၃။ | ခင်ပွန်းဟောင်းကို စွဲနေတယ် | ၁၀၅ |
| ၅၄။ | အိမ်ထောင်ပြုတော့လည်း ဒီလိုပဲ | ၁၀၆ |
| ၅၅။ | သူ့ဆုတောင်းပြည့်သွားတယ် | ၁၀၇ |
| ၅၆။ | အရိယာနတ်သားကြီးနဲ့ တူပါတယ် | ၁၀၈ |
| ၅၇။ | ငှီကာဖွင့်ပြတဲ့အတိုင်း မဖြစ်နိုင်ဘူး | ၁၀၉ |
| ၅၈။ | သူတို့ပါပုံက ဒီလိုပါတယ် | ၁၁၁ |
| ၅၉။ | ဒီလိုဥပမာပြထားတယ် | ၁၁၂ |
| ၆၀။ | ဗြဟ္မဝိဟာရတရား | ၁၁၃ |
| ၆၁။ | ဝိရတိ ၃–ပါး | ၁၁၄ |
| ၆၂။ | ရူပါဝစရကုသိုလ် ၅–ပါး | ၁၁၅ |
| ၆၃။ | ဈာန်အာရုံထဲမှာပဲ ရောက်နေတယ် | ၁၁၈ |
| ၆၄။ | ပြိစ်မှားမိတတ်ကြတယ် | ၁၂၁ |
| ၆၅။ | ဗြဟ္မာပြည်ကိုရောက်နိုင်တယ် | ၁၂၃ |
| ၆၆။ | ဒီမှာအာရုံက ပထဝီကသိုဏ်း | ၁၂၄ |
| ၆၇။ | မလ္လကမထေရ်ကြီးဝတ္ထု | ၁၂၅ |
| ၆၈။ | ကသိုဏ်းဝန်းလုပ်ရတယ် | ၁၂၆ |
| ၆၉။ | ရှုတော့ ဒီလိုရှုရတယ် | ၁၂၇ |
| ၇၀။ | နောက်တော့ခွာလို့ရတယ် | ၁၂၈ |
| ၇၁။ | နိုင်နေတော့လွယ်ကူပါတယ် | ၁၃၀ |
| ၇၂။ | ပိုတယ်လို့ထင်ကြမယ် | ၁၃၁ |
| ၇၃။ | သူ့ထက်ကြီးကျယ်တဲ့တရားမရှိဘူး | ၁၃၃ |
| ၇၄။ | ဒုတိယဈာန်စိတ် | ၁၃၄ |


(တတိယအကြိမ်)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၅။ | တတိယဈာန် | ၁၃၅ |
| ၇၆။ | ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းရောက်မှ ရှင်းတယ် | ၁၃၆ |
| ၇၇။ | စတုတ္ထဈာန် | ၁၃၆ |
| ၇၈။ | ပဋိပဒါ ၄–မျိုး | ၁၃၈ |
| ၇၉။ | အဲဒီလိုပုဂ္ဂိုလ်ရှိသေးတယ် | ၁၄၀ |
| ၈၀။ | ဟဲ့ဆိုငြိမ်းသွားတဲ့ ကလေးလိုပဲတဲ့ | ၁၄၁ |
| ၈၁။ | သမထဈာန်မှာလည်း ဒီလိုပဲ | ၁၄၂ |
| ၈၂။ | တယ်တော်တဲ့ အရေးပိုင်ကတော် | ၁၄၄ |
| ၈၃။ | ဈာန်နဲ့ ဈာန်အာရုံ | ၁၄၆ |
| ၈၄။ | ဗြဟ္မဝိဟာရဈာန် | ၁၅၀ |
| ၈၅။ | တိုက်ရိုက်လာတဲ့ ကသိုဏ်းရှစ်ပါး | ၁၅၁ |
| ၈၆။ | အသုဘကမ္မဋ္ဌာန်း | ၁၅၆ |
| ၈၇။ | အင်မတန် ခြောက်သွေ့တဲ့တရား | ၁၅၆ |
| ၈၈။ | သိပ္ပံဆရာတွေမတွေ့တဲ့ တာဝတိံသာ | ၁၅၉ |
| ၈၉။ | အရူပါဝစရ | ၁၆၀ |
| ၉၀။ | အသညသတ်ဗြဟ္မာ | ၁၆၃ |
| ၉၁။ | ရုပ်ရောနာမ်ရောရှိတဲ့ဘုံ | ၁၆၄ |
| ၉၂။ | အရူပဘုံနှင့် အရူပဈာန် | ၁၆၅ |
| ၉၃။ | မှောင်ရိပ်ထဲကလူ | ၁၆၆ |
| ၉၄။ | ပါဠိအဋ္ဌကထာ ဋီကာတွေကို မကြိုက်လို့လား | ၁၆၇ |
| ၉၅။ | ရူပသညာ စသည်ဖြစ်လာတယ် | ၁၆၉ |
| ၉၆။ | အင်မတန်သိမ်မွေ့တယ် | ၁၇၁ |
| ၉၇။ | ရွှင်လန်းဝမ်းသာမှုတွေလည်း ငြိမ်းသွားတယ် | ၁၇၂ |
| ၉၈။ | တကယ်ဖြစ်တဲ့ တရားတွေ | ၁၇၃ |
| ၉၉။ | ဒီဈာန်နဲ့ အလားတူတယ် | ၁၇၄ |
| ၁၀၀။ | ဝိညာဏဉ္စာယတနဈာန် | ၁၇၅ |


(တတိယအကြိမ်)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၁။ | ကျန်အရူပဈျာန်နှစ်မျိုး | ၁၇၆ |
| ၁၀၂။ | အားထုတ်ရာမှာ အမျိုးမျိုး | ၁၇၆ |
| ၁၀၃။ | အမျိုးမျိုးဝေဖန်ဟောကြားထားတယ် | ၁၇၈ |
| ၁၀၄။ | လောကုတ္တရာဈာန် | ၁၇၉ |
| ၁၀၅။ | မလုပ်ကောင်းဘူးလို့ ပြောဟောနေကြတယ် | ၁၈၀ |
| ၁၀၆။ | မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်တဲ့ဘဝ | ၁၈၁ |
| ၁၀၇။ | ဂုဏ်ချင်းတူပေမယ့် သတ္တိချင်းကျတော့ ထူးတယ် | ၁၈၂ |
| ၁၀၈။ | ဘုံအဆင့်လေးခု ဟောထားတယ် | ၁၈၃ |
| ၁၀၉။ | ဆုတောင်းလေ့ရှိကြတယ် | ၁၈၃ |
| ၁၁၀။ | စိတ်စင်ကြယ်ရမယ် | ၁၈၇ |
| ၁၁၁။ | တံပူသွားခုတ်ကြတဲ့ ရဟန်းနဲ့ကိုရင် | ၁၈၈ |
| ၁၁၂။ | ရဟန်းတော်လည်း အနာဂါမ်တည် | ၁၈၉ |
| ၁၁၃။ | ရှုနည်းကိုသိထားရင် ကောင်းတယ် | ၁၉၀ |
| ၁၁၄။ | ဖြစ်တိုင်းဖြစ်တိုင်းကို ရှုရတယ် | ၁၉၁ |
| ၁၁၅။ | မိစ္ဆာအယူတွေ မရှိတော့ဘူး | ၁၉၆ |
| ၁၁၆။ | နိုင်မြဲနေတယ် မမေ့ဘူး | ၁၉၇ |
| ၁၁၇။ | လမ်းရှင်းပေးရသေးတယ် | ၁၉၈ |
| ၁၁၈။ | ပါဝင်နေတဲ့တရားတွေ | ၂၀၁ |
| ၁၁၉။ | ဉာဏ်စဉ်အတိုင်း ဆက်ဖြစ်လာတယ် | ၂၀၃ |
| ၁၂၀။ | ကိလေသာကို ဒိဂ်ပယ်ရတဲ့ထုံးစံမရှိဘူး | ၂၀၄ |
| ၁၂၁။ | မနိုးနှောဘဲ အလွတ်ပြောနေတာ | ၂၀၅ |
| ၁၂၂။ | ရဟန်းတော်တွေက ပိုခက်တယ် | ၂၀၅ |
| ၁၂၃။ | နီဝရဏ ကင်းတဲ့စိတ် | ၂၀၆ |
| ၁၂၄။ | ဘာဝနာဉာဏ်နဲ့မှ အစွဲကင်းတယ် | ၂၀၈ |
| ၁၂၅။ | မှတ်စရာနဲ့ မှတ်သိတာ နှစ်ခုစီပဲရှိတယ် | ၂၀၉ |
| ၁၂၆။ | ကျမ်းဂန်တွေမှာ ဒီလိုညွှန်ပြထားတယ် | ၂၁၀ |


(တတိယအကြိမ်)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၇။ | ကျောက်နီနဲ့ ကြိုးဥပမာ | ၂၁၂ |
| ၁၂၈။ | အရိယမဂ္ဂင် | ၂၂၀ |
| ၁၂၉။ | နိဗ္ဗာန်ဆိုတာ အပဝတ္တတဲ့ | ၂၂၃ |
| ၁၃၀။ | ပြောချင်တိုင်း ပြောလို့မရဘူး | ၂၂၅ |
| ၁၃၁။ | နည်းနှစ်ပါး | ၂၂၆ |
| ၁၃၂။ | အင်မတန်မှတ်သားလောက်တဲ့ တရားတွေ | ၂၃၁ |
| ၁၃၃။ | အကြောင်းနဲ့အကျိုးမျှပဲ | ၂၃၂ |
| ၁၃၄။ | စဉ်းစားစရာရှိတယ် | ၂၃၅ |
| ၁၃၅။ | စိတ်စွဲသညာစွဲတော့ ရှိသေးတယ် | ၂၃၆ |
| ၁၃၆။ | အတ္တဒိဋ္ဌိက ပေါက်ပွားလာတယ် | ၂၃၇ |
| ၁၃၇။ | နွားခွေးလို ကျင့်တဲ့အကျင့် | ၂၄၁ |
| ၁၃၈။ | ပုဏ္ဏနှင့် သေနိယတို့အကျင့် | ၂၄၂ |
| ၁၃၉။ | အကူအညီပေးကြရတယ် | ၂၄၇ |
| ၁၄၀။ | သာမန်ပုဂ္ဂိုလ်တွေ ဟုတ်ပုံမရဘူး | ၂၄၈ |
| ၁၄၁။ | နည်းတွေကအများကြီး | ၂၅၀ |
| ၁၄၂။ | စိတ်ကလေးကတော့ တစ်ကြိမ်တည်းပါပဲ | ၂၅၄ |
| ၁၄၃။ | ကုသလာဓမ္မာအရ ပြည့်စုံသွားပြီ | ၂၅၅ |
| ၁၄၄။ | အကုသိုလ်ပိုင်း | ၂၅၆ |
| ၁၄၅။ | ဒိဋ္ဌိဂတသမ္ပယုတ် | ၂၅၇ |
| ၁၄၆။ | အဋ္ဌကထာအဖွင့် | ၂၆၉ |
| ၁၄၇။ | မပြောလို့မဖြစ်ဘူး | ၂၇၅ |
| ၁၄၈။ | ဟုတ်နိုးနိုးဖြစ်နိုင်တယ် | ၂၇၆ |
| ၁၄၉။ | စာပေသိနဲ့တော့ မဖြစ်သေးဘူး | ၂၇၈ |
| ၁၅၀။ | ၃-နံပါတ်စိတ်ကို ကြည့်ရမယ် | ၂၈၂ |
| ၁၅၁။ | ဒေါသမူစိတ် ၂-ပါး | ၂၈၅ |
| ၁၅၂။ | မောဟမူစိတ် ၂-ပါး | ၂၈၉ |


(တတိယအကြိမ်)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၃။ | ယုံမှားမှုတွေက ဖြစ်တတ်တယ် | ၂၉၁ |
| ၁၅၄။ | အပါယ်မကျနိုင်တော့ဘူး | ၂၉၃ |
| ၁၅၅။ | အထက်ထက်ဆင့်တွေ | ၂၉၄ |
| ၁၅၆။ | လယ်တီဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ် | ၂၉၆ |
| ၁၅၇။ | အဗျာကတပိုင်း | ၃၀၁ |
| ၁၅၈။ | ဉာဏ်နှင့်ယှဉ်မယှဉ်ကုသိုလ် | ၃၀၅ |
| ၁၅၉။ | စက္ခုဝိညာဉ်က မြင်ရုံမျှပဲ | ၃၀၆ |
| ၁၆၀။ | အဆင်းကိုပဲ မြင်တယ် | ၃၀၈ |
| ၁၆၁။ | မြင်ဆဲခဏမှာ ဖြစ်တဲ့တရား | ၃၀၈ |
| ၁၆၂။ | စက္ခုဝိညာဉ်တစ်ခုသိလျှင် အားလုံးအတူတူ | ၃၁၀ |
| ၁၆၃။ | ရုပ်ကျတော့ ကလာပ်တဲ့ | ၃၁၁ |
| ၁၆၄။ | စိတ်စေတသိက်တွေမှာ အနည်းဆုံးရှစ်ပါး | ၃၁၁ |
| ၁၆၅။ | လက္ခဏာစသည်နှင့် သိရမယ် | ၃၁၂ |
| ၁၆၆။ | ယောဂီပုဂ္ဂိုလ်တွေမှာ သိတော့သိတယ် | ၃၁၆ |
| ၁၆၇။ | ဘဝသစ်ဖြစ်ရပြန်တယ် | ၃၂၀ |
| ၁၆၈။ | သိစိတ်ကလေးတွေကလည်း သူ့အာရုံနဲ့သူ | ၃၂၂ |
| ၁၆၉။ | ဖြစ်ရိုးဖြစ်စဉ်က ဒီအတိုင်းပဲ | ၃၂၈ |
| ၁၇၀။ | ကြားသိစိတ်စသည်လည်း အတူတူပဲ | ၃၂၈ |
| ၁၇၁။ | ဒီလိုဥပမာထားတယ် | ၃၂၉ |
| ၁၇၂။ | ရုပ်သက်နဲ့နာမ်သက် မတူဘူး | ၃၃၀ |
| ၁၇၃။ | စိတ်ဆိုတာရိုင်းတယ် | ၃၃၁ |
| ၁၇၄။ | အင်မတန်လည်း လျင်မြန်တယ် | ၃၃၂ |
| ၁၇၅။ | အာရုံပြုတော့လည်း ပေါက်တက်ကရ | ၃၃၂ |
| ၁၇၆။ | ဆုံးမပေးရမယ် | ၃၃၃ |
| ၁၇၇။ | ယဉ်ကျေးရင် ချမ်းသာတယ် | ၃၃၄ |
| ၁၇၈။ | စိတ်နဲ့အာရုံတွေတော့ ဒီလိုဖြစ်တယ် | ၃၃၄ |


(တတိယအကြိမ်)

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၉။ | ဝီထိစိတ်တွေ | ၃၃၅ |
| ၁၈၀။ | အာရုံပြုတော့လည်း ဒီလိုပြုတယ် | ၃၃၆ |
| ၁၈၁။ | ဝိပဿနာရှုတော့ ဖြစ်ခိုက်မှာ ရှုရတယ် | ၃၃၉ |
| ၁၈၂။ | ကုသိုလ်အကုသိုလ်လို့ မဆိုအပ်တဲ့တရား | ၃၄၃ |
| ၁၈၃။ | ဓမ္မိကဉပါသကာဝတ္ထု | ၃၄၈ |
| ၁၈၄။ | နတ်ရထားခြောက်စင်းဆင်းကြလာတယ် | ၃၄၉ |
| ၁၈၅။ | မျက်မှောက်ကာလမှာလည်း ရှိတာပဲ | ၃၅၂ |
| ၁၈၆။ | ဖြစ်ရိုးဖြစ်စဉ် | ၃၅၃ |
| ၁၈၇။ | မြင်ကာမျှစသည် ဖြစ်ဖို့ပဲ | ၃၅၆ |
| ၁၈၈။ | ဝီထိစိတ်ဖြင့် သိပုံ | ၃၅၇ |
| ၁၈၉။ | နှစ်မျိုးစလုံး ဖြစ်တာချည်းပဲ | ၃၆၁ |
| ၁၉၀။ | ပဋိစ္စသမုပ္ပါဒ်ဆိုဒါ | ၃၆၂ |
| ၁၉၁။ | ရှုမှတ်လို့သိမှ ကိုယ်ပိုင်သိ | ၃၆၃ |
| ၁၉၂။ | ကြံသိမှုဖြစ်ပုံ | ၃၆၉ |
| ၁၉၃။ | အာရုံနှင့်ဝိပါက် | ၃၇၁ |
| ၁၉၄။ | တိတိကျကျဟောနေရင် မပြီးနိုင် | ၃၇၃ |
| ၁၉၅။ | ဝီထိစိတ်ဖြစ်ပုံ | ၃၇၅ |
| ၁၉၆။ | ဉာဏ်နှင့် ယှဉ်မယှဉ်အကျိုးများ | ၃၈၂ |
| ၁၉၇။ | ပဋိသန္ဓေ ဘဝင်စုတိစိတ်ဖြစ်ပုံ | ၃၈၇ |
| ၁၉၈။ | ဝိပဿနာကို ရှုမှတ်ရတယ် | ၃၉၁ |
| ၁၉၉။ | ကြိယာအဗျာကတတရား | ၃၉၅ |
| ၂၀၀။ | လေပန်းနဲ့တူတယ် | ၃၉၇ |
| ၂၀၁။ | အတူတကွဖြစ်တဲ့တရားတွေ | ၃၉၇ |
| ၂၀၂။ | ကြိယာမနောဝိညာဏဓာတ် | ၃၉၈ |
| ၂၀၃။ | ကြိယာမနောဝိညာဏဓာတ် ဟသိတုပ္ပါဒ | ၄၀၀ |
| ၂၀၄။ | ဃဋိကာရသုတ် | ၄၀၁ |

(တတိယအကြိမ်)

| စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၅။ | ယဋ္ဌိကာရနှင့် ဇောတိပါလ | ၄၀၁ |
| ၂၀၆။ | ဆံပင်ကိုတောင် ကိုင်ချင်ရင် ကိုင်မယ့်လူ | ၄၀၂ |
| ၂၀၇။ | ကေန်ဘုရားဖြစ်မည့်ပုဂ္ဂိုလ် | ၄၀၃ |
| ၂၀၈။ | လျှောကျင့်ဖို့မလိုပါဘူး | ၄၀၄ |
| ၂၀၉။ | ဂဝေသီဥပါသကာတုန်းကလည်း ဒီလိုပါပဲ | ၄၀၅ |
| ၂၁၀။ | အရှင်မဟာမောဂ္ဂလာန် ပြုးတော်မူစဉ်က | ၄၀၆ |
| ၂၁၁။ | အားပေးရာရောက်တယ် | ၄၀၈ |
| ၂၁၂။ | သဟိတ်ကာမာဝစရကြီးယာ | ၄၁၁ |
| ၂၁၃။ | ရဟန္တာတို့မှာသာ ဖြစ်တဲ့စိတ် | ၄၁၂ |
| ၂၁၄။ | တချို့က သရုပ်ခွဲပြီးတော့ အရှုခိုင်းတယ် | ၄၁၃ |
| ၂၁၅။ | စာသင်တုန်းကလို မှန်းပြီးတော့ သိတာမျိုးမဟုတ်ဘူး | ၄၁၅ |
| ၂၁၆။ | စာလေးတစ်စောင်က မြင်းမိုရ်တောင် မရှိဘူးတဲ့ | ၄၁၆ |
| ၂၁၇။ | အကျိုးမရဘဲ ဆုံးရှုံးနေတယ် | ၄၁၇ |
| ၂၁၈။ | သဘောမပေါက်ကြဘူး | ၄၁၇ |
| ၂၁၉။ | ရုပ အရုပကြီးယာ | ၄၁၈ |
| ၂၂၀။ | ကလာပသမ္မသနနည်းနဲ့ ရှုရတယ် | ၄၂၃ |
| ၂၂၁။ | အလွဲတွေ မသိရအောင်လို့ ဝိပဿနာရှုရတာ | ၄၂၄ |
| ၂၂၂။ | ဆရာတော်ကြီးတစ်ပါးက ဒီလိုဆိုတယ် | ၄၂၇ |
| ၂၂၃။ | ဝိဘင်းကျမ်းမှ ခန္ဓာငါးပါး | ၄၃၄ |
| ၂၂၄။ | ရုပက္ခန္ဓာ ရုပ်အစု | ၄၃၆ |
| ၂၂၅။ | မဟာဘုတ်ကို မှီဖြစ်တဲ့ ဥပါဒါရုပ် | ၄၄၁ |
| ၂၂၆။ | အာပေါဓါတ်ကို ရှုမှတ်နည်း | ၄၄၇ |
| ၂၂၇။ | ဘာဝရုပ်စသည်ကို ရှုမှတ်နည်း | ၄၄၈ |
| ၂၂၈။ | ထင်ရှားတဲ့ရုပ်ကို ရှုရတယ် | ၄၅၃ |
| ၂၂၉။ | အနည်းဆုံးရုပ်ရှစ်ခု ပေါင်းဖြစ်တယ် | ၄၅၄ |
| ၂၃၀။ | ပဋိသန္ဓေအခါစဖြစ်တဲ့ ကလာပ်ရုပ် | ၄၆၀ |


(တတိယအကြိမ်)

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃၁။ | သံသေဒဇနဲ့ ဩပပါတ်ပုဂ္ဂိုလ်တို့ ပဋိသန္ဓေကာလ | ၄၆၁ |
| ၂၃၂။ | ရုပ်ကို ကာလစသည်ဖြင့် ခွဲခြင်း | ၄၆၃ |
| ၂၃၃။ | ကာမာဝစရကုသိုလ် ဝေဖန်ပုံ အကျဉ်းချုပ် | ၄၆၅ |
| ၂၃၄။ | ရူပကုသိုလ်နှင့် အရူပကုသိုလ်ဝေဖန်ပုံ | ၄၆၆ |
| ၂၃၅။ | လောကုတ္တရာကုသိုလ်ဝေဖန်ပုံ | ၄၆၇ |
| ၂၃၆။ | ပဋိပဒါနှင့် အဘိညာ ခွဲခြားချက် | ၄၆၇ |
| ၂၃၇။ | ဝိသုဒ္ဓိနှင့် ဉာဏ်ဖြစ်ပုံ | ၄၆၈ |
| ၂၃၈။ | အကုသိုလ်ဝေဖန်ပုံ | ၄၆၈ |
| ၂၃၉။ | ဝိပါက် အဗျာကတ အကျိုးတရားဝေဖန်ပုံ | ၄၇၀ |
| ၂၄၀။ | မြင်စိတ်နှင့်တကွ ဝီထိစိတ်စဉ်ဖြစ်ပုံ | ၄၇၀ |
| ၂၄၁။ | သာမန်လူတို့မြင်ရာ၌ စိတ်ဖြစ်ပုံ | ၄၇၀ |
| ၂၄၂။ | ရှုမှတ်သူတို့မြင်ရာ၌ စိတ်ဖြစ်ပုံ | ၄၇၁ |
| ၂၄၃။ | မြင်သိမှုစသည်တို့၏ အကြောင်းများ | ၄၇၂ |
| ၂၄၄။ | ကြိယာအဗျာကတတရား ဝေဖန်ပုံ | ၄၇၃ |
| ၂၄၅။ | ကုသိုလ် အကုသိုလ် အဗျာကတစာရင်းပေါင်းချုပ် | ၄၇၃ |
| ၂၄၆။ | ဗုဒ္ဓဝါတော်စင်တရားတော် | ၄၇၄ |
| ၂၄၇။ | ကာမာဝစရကုသိုလ်ကို ဝေဖန်ပြပုံ | ၄၇၅ |
| ၂၄၈။ | မဂ်စိတ်၌ ဝေဖန်ချက် အကျဉ်းချုပ် | ၄၇၆ |
| ၂၄၉။ | ပဋိပဒါနှင့် အဘိညာဏ် ခွဲခြားချက် | ၄၇၆ |
| ၂၅၀။ | ဝိသုဒ္ဓိနှင့် ဉာဏ်ဖြစ်ပုံ အကျဉ်းချုပ် | ၄၇၇ |
| ၂၅၁။ | အကုသိုလ်ဝေဖန်ပုံ ကျဉ်းချုပ် | ၄၇၇ |

# နိဒါန်း

## မတူညီသော ဘုံနှင့်ဘဝ

မိမိတို့ လက်ရှိဘုံဘဝမှ လှမ်းကြည့်လျှင် အခြားဌာနများမှာလည်း ဘုံတွေဘဝတွေ ရှိလေသေးသည်ကို သိနေကြရသည်။ အောက်ဘက်၌ အပါယ်ဘုံဘဝ အထက်ဘက်၌ နတ်ပြည်ခြောက်ထပ်နှင့် ဗြဟ္မာနှစ်ဆယ်တို့ ဖြစ်လေထည်။ အထက်အောက်အနေနှင့် ကြည့်လိုက်မည်ဆိုလျှင် ဤလူတို့ဘုံသည် အလယ်ဆင့်ဟူ၍ပင်မဆိုနိုင်ဘဲ အောက်သို့ပင် အတော်ရောက်နေသည်။ သုဂတိဘုံ အချင်းချင်းအားဖြင့်ဆိုပါမူ အောက်ဆုံးအဆင့်တွင် ဖြစ်နေသည်။ လူတို့ဘုံ၏အောက်တွင် အပါယ်လေးဘုံသာလျှင် ရှိလေတော့သည်။

အနိမ့်ဘက်တွင် နီးကပ်နေပါသော်လည်း လူတို့ဘုံ၊ လူတို့ဘဝကိုကား လူတို့က အထင်ကြီးလျက်ပင် ရှိနေကြသည်၊ "ငါတို့ဘုံက လောကတွင်အမြတ်ဆုံး ဘုရားပွင့်တော်မူရတဲ့ဘုံ" ဟု ရသေ့စိတ်ဖြေနှစ်သိမ့်နေကြပြီး မာနမှာမူ ဘုရားရှင်ကို ရှေးမှုထားကာ အကာအကွယ်ယူလျက် နတ်ပြည်ခြောက်ထပ် ဗြဟ္မာနှစ်ဆယ်၏ အထက်သို့ရောက်အောင် မြင့်မောက်နေခဲ့ကြသည်။ သို့သော် အဘယ်မျှပင် အထင်ကြီးပြီး စိတ်က ဘယ်လောက်ပင် မြင့်မောက်နေစေကာမူ ဤလူတို့ဘုံကတော့ အနိမ့်မှာသာလျှင် ရှိနေလေသည်။

## လူ့ခန္ဓာနှင့် နတ်ခန္ဓာ

လူတို့၏ခန္ဓာကိုယ်မှာ နတ်သြဇာကိုစားပြီး ကြီးထွားနေကြရသည်မဟုတ်၊ ကြမ်းတမ်းလှသည့် ထမင်းအစာအာဟာရကို စားသောက်ပြီး ကြီးထွားနေကြရသော ခန္ဓာကိုယ်တို့သာဖြစ်လေသည်။ ထို့ကြောင့် လူတို့ခန္ဓာကိုယ်သည် နတ်တို့ခန္ဓာကိုယ်နှင့် နှိုင်းစာလိုက်လျှင် နတ်သြဇာကို စားသောက်နေကြရသော နတ်တို့ခန္ဓာကိုယ်လောက် သွက်လက်ပေါ့ပါးခြင်းမရှိပေ။ လူ့တို့ခန္ဓာကိုယ်က ထိုင်းလည်း ထိုင်းမှိုင်းသည်၊ လေးလည်း လေးတွဲသည်။

(တတိယအကြိမ်)

နတ်တို့သည် သူတို့ခန္ဓာကိုယ်ကို ပေါ့ပေါ့ပါးပါး သယ်ဆောင်၍ ကောင်းကင်တွင် လိုရာခရီးသို့ သွားလာနိုင်ကြသည်။ လူတို့ခန္ဓာကိုယ်မှာမူ စက်စသည်အကူအညီမပါဘဲ ဆိုလျှင် တစ်တောင်ခန့်မြင့်သော အမြင့်ကိုပင် မနည်းအားခဲပြီး လွှတ်အောင်ခုန်ကြရသည်။ ကျန်းမာရေးမှာလည်း မခိုင်ခံ့လှ၊ မကြာခဏ ပြုပြင်ပေးနေကြရသည်။ ဆေးရုံများတွင် လူနာတွေ ထားစရာနေရာမလောက်သဖြင့် အပိုဆေးခန်းတွေ အမြောက်အမြား ဖွင့်ပေးထားကြရသည်။ အစိုးရဆေးရုံမဟုတ်သော ပုဂ္ဂလိကအိမ်ဆေးခန်းများမှာ ဆေးရုံကြီးတွင် နေရာမလောက်၍ ဖွင့်ထားသောဆေးခန်းများဟုဆိုနိုင်သည်။ အထက်နတ်ပြည်တို့၌မူ နတ်လူနာရှိသည်ဟူ၍လည်း မကြားဖူး၊ နတ်ဆေးရုံရှိသည်ဟူ၍လည်း မကြားဖူးပေ။

နတ်ပြည်ရှိနတ်တို့မှာ ကံကိုသာမှီ၍ အသက်မွေးကြရသော (ကမ္မုပဇီဝိ)ပုဂ္ဂိုလ်တို့သာ ဖြစ်သောကြောင့် ရှေးက ပြုခဲ့သောကံ၏ အထောက်အပံ့ဖြင့် စားစရာဆိုလည်း နတ်သြဇာအသင့်, ဝတ်ရုံစရာဆိုလည်း နတ်ဝတ်တန်ဆာအသင့်, နေစရာဆိုလည်း နတ်ဗိမာန်အသင့် ကံကထောက်ပံ့ပေးထားသည်။

လူတို့မှာမူ ထိုသို့မဟုတ်၊ လုံ့လဝီရိယကိုမှီ၍ အသက်မွေးကြရသော(ဝီရိယူပဇီဝိ) ပုဂ္ဂိုလ်တို့သာဖြစ်သောကြောင့် စားသောက်ရန် အစားအသောက်ကိုလည်း ကိုယ်တိုင်ချက်ပြုတ်စားကြသောက်ကြရသည်၊ ဝတ်ရန် အဝတ်ဆိုလည်း ကိုယ်တိုင်အားထုတ်ယက်လုပ်ပြီး ဝတ်ရုံကြရသည်။ နေထိုင်ရန်အိမ်ဆိုလျှင်လည်း ကိုယ်တိုင်ဆောက်လုပ်ပြီး နေကြ‌ထိုင်ကြရသည်။ အားသေးလှသော လူတို့၏ကံကို ဝီရိယဖြင့် ကူပံ့ပေးနေကြရသည်။

ဉာဏ်ပညာရေသွားမရှိသော ဝီရိယဆိုလျှင်လည်း လူ့ဘဝအတွက်မပြည့်စုံသေးပေ၊ ဝီရိယကိုအမှီပြုနေရသော လူ့ဘဝသည် ဉာဏ်ပညာက ရှေ့ဆောင်ညွှန်ကြားပေးမှသာ သင့်တင့်ရုံရှိသည်။ ဤကဲ့သို့ အဘက်ဘက်မှ ထောက်ကူပေးလျက်လည်း နတ်တို့ဘဝကို မမှီသေးပေ။ နတ်တို့ဘုံဘဝက များစွာသာလျက်ပင် ရှိသေးသည်။ လောကီလူတို့အနေနှင့် နေချင့်စဖွယ်ကောင်းလှသော နတ်တို့၏ဘုံဘဝပေတည်း။

(တတိယအကြိမ်)

## အသက်ဘမ်းကာလည်းကွာ

လေနှိုး စသောရာသီဥတုတို့ကလည်း ဤလူ့တို့ပြည်လိုမဟုတ်ဘဲ နတ်ပြည်တွင် သာယာငြိမ်သက်လှပေသည်၊ နတ်တို့ပြည်၌ မည်သည့်နှစ်၊မည်သည့်လက လေမုန်တိုင်း တိုက်သွား၍ နတ်ဗိမာန်တွေ ဘယ်ရွေ့ဘယ်မျှ ပျက်စီးသွားသည် ဟူ၍လည်းကောင်း၊ မိုးရေတွေကြီး၍ နတ်ဗိမာန်တွေ မည်ရွေ့မည်မျှ ရေတွင် မျောပါကုန်သည်ဟူ၍လည်းကောင်း မကြားမသိရဘူးသဖြင့် လူ့တို့ပြည်ကဲ့သို့ ဗရုတ်သုတ်ခမရှိပေ။

သက်တမ်းအားဖြင့်လည်း မျက်မှောက်ခေတ် လူတို့သက်တမ်းနှင့် နှိုင်းစာလိုက်လျှင် နတ်တို့သက်တမ်းက မြင့်မားလှသည်။ နတ်ပြည်ခြောက်ထပ်တွင် အောက်ဆုံးဖြစ်သော စာတုမဟာရာဇ်နတ်တို့၏ သက်တမ်းသည်ပင် လူတို့သက်တမ်းနှင့် များစွာကွာခြား နေပေသည်။ စာတုမဟာရာဇ်နတ်တို့ သက်တမ်းသည် သူတို့အရေအတွက်ဖြင့် နှစ်ပေါင်း ၅၀၀(ငါးရာ)သည် လူတို့အရေအတွက်ဖြင့်ဆိုပါက နှစ်ပေါင်း ၉,၀၀၀,၀၀၀(ကိုးသန်း) အသက်ရှည်သည်ဟု နှိုင်းယှဉ်ဖော်ပြထားသည်။ သူ့အထက်က တာဝတိံသာနတ်ဟို့၏ နတ်သက်မှာမူ သူတို့အရေအတွက်အားဖြင့် နှစ်ပေါင်း ၁,၀၀၀ (တစ်ထောင်)၊ လူတို့ အရေအတွက်အားဖြင့် နှစ်ပေါင်း ၃၆,၀၀၀,၀၀၀(သုံးဆယ့်ခြောက်သန်း) အသက်ရှည်သည်။

တာဝတိံသာနတ်တို့ပြည်တွင် နတ်တို့အရေအတွက်အားဖြင့် နှစ်ပေါင်း ၁,၀၀၀ တစ်ထောင်ဆိုပါက လပေါင်း ၁၂,၀၀၀ တစ်သောင်းနှစ်ထောင်၊ ရက်ပေါင်း ၃၆၀,၀၀၀ သုံးသိန်းခြောက်သောင်း၊ လူတို့အရေအတွက်အားဖြင့်(နှစ်ပေါင်းကိုဆိုခဲ့ပြီ) လပေါင်း–၁,၀၈၀,၀၀၀,၀၀၀ –သန်းတစ်ထောင့်ရှစ်ဆယ်၊ ရက်အားဖြင့်ဆိုပါမူ ၁၅,၆၀၀,၀၀၀,၀၀၀–ကုဋေတစ်ထောင့်ငါးရာခြောက်ဆယ် ဖြစ်လေသည်။

## ဤလူ့တို့ပြည်တွင် အဘိဓမ္မာတရားကိုဓဟော

မြတ်စွာဘုရားဟောကြားသော ဒေသနာတော်တို့မှာ သုတ်၊အဘိဓမ္မာ၊ဝိနည်းဟူ၍ သုံးမျိုးခွဲခြားထားရာတွင် အခြားဒေသနာတော်များကို ဤလူ့တို့ပြည်၌ ဟော ကြားတော်မူခဲ့ပါသော်လည်း အဘိဓမ္မာဒေသနာတော်ကိုမူ ဤလူ့တို့ပြည်၌ ဟော

ကြားတော်မမူပေ။ ဝါတွင်းသုံးလပတ်လုံး(ရက်ပေါင်းကိုးဆယ်ခန့်) ဟောကြားရမည့် ဤအဘိဓမ္မာဒေသနာတော်ကြီးကို ဤလူတို့ပြည်တွင် ဟောကြားရန် မလျော်ဘဲဖြစ်နေသည်။ မြတ်စွာဘုရားက ဟောကြားနိုင်သည်ဆိုဦးတော့ နာကြားကြရမည်ဖြစ်သော လူပရိသတ်တို့တွင် နာကြားနိုင်ရာသော ဣရိယာပုထ်ကား မရှိပေ။

နေ့ရောညဉ့်ပါ မပြတ် သုံးလတာကာလပတ်လုံး နာကြားဖို့မဆိုထားနှင့် လူတို့အနေဖြင့်မူ သုံးရက်ပင် မထတန်း နာကြားနိုင်ကြမည်မဟုတ်။ ယခု မျက်မှောက် ဓမ္မကထိကတို့ သုံးနာရီခန့် ဟောကြားလျှင်ပင် တချို့တရားနာပရိသတ်တို့မှာ ငိုက်သူငိုက်, ထပြန်သူပြန် ဖြစ်ကုန်ကြသည်။ ထို့ကြောင့် နတ်တို့ပြည်၌ နာရီပိုင်းမျှသာ ကြာမည်ဖြစ်သော တာဝတိံသာနတ်တို့ဌာနကိုလည်းကောင်း, ဤမျှသောအချိန်ကာလ၌ ငြီးငွေ့ဖွယ်မရှိဘဲ နာကြားနိုင်သော နတ်၊ ဗြဟ္မာ ပရိသတ်ကိုလည်းကောင်း ရွေးချယ်တော်မူပြီးလျှင် ဤအဘိဓမ္မာဒေသနာတော်ကြီးကို တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူလေသည်။

## ပဏ္ဍုကမ္ဗလာကျောက်နေရာနှင့် မြတ်စွာဘုရား

ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်စိုက်ပျိုးအပ်သော သရက်ဖြူပင်၏အနီး ယမိုက်ပြာဋိဟာကို ပြတော်မူပြီးသည်၏အဆုံး၌ အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူရန် မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူသည်။ အချိန်ကာလမှာ ဝါဆိုလပြည့်နေ့ ဖြစ်လေသည်။ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူလာသော မြတ်စွာဘုရားကို သိကြားမင်းကမြင်ရာ၌ သိကြားမင်းမှာ အကြံဖြစ်ခဲ့သည်။

> "မြတ်စွာဘုရားသည် ဤတာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ ဝါကပ်တော်မူကောင်း မူပေလိမ့်မည်၊ ဤပဏ္ဍုကမ္ဗလာ ကျောက်ဖျာမှာ အလျားယူဇနာ ခြောက်ဆယ်၊ အနံယူဇနာ ငါးဆယ် ကျယ်ပြန့်သည်။ အမြင့်ယူဇနာသည်လည်း တစ်ဆယ့်ငါးယူဇနာရှိနေသည်။ အင်မတန်ကြီးမားလှသော ဤကျောက်ဖျာထက်တွင် သီတင်းသုံးတော်မူရာ၌ ဇန်းကြီးအလယ်တွင် ငှက်ငယ်လေးနားနေသကဲ့ ရှိပေလိမ့်မည်။ အသုံးဝင်

သောနေရာမှာ အနည်းငယ်သာဖြစ်ပြီး အသုံးမဝင်သော နေရာလပ်တွေ အချည်းနှီး ပိုနေပေလိမ့်မည်။ ပိုနေသော နေရာတွင် ဘယ်နတ်၊ ဘယ်ဗြဟ္မာမှ တက်နေဖို့ မဆိုထားနှင့် လက်သော်မှ တင်ထားနိုင်စွမ်း ရှိကြမည်မဟုတ်" ဟူ၍-

အကြံဖြစ်ခဲ့သည်။ ဝါတွင်းသုံးလပတ်လုံး မြတ်စွာဘုရား သီတင်းသုံးတော်မူလျှင် ပိုနေမည်ဖြစ်သောနေရာအတွက် အသုံးမဝင် အချည်းနှီးဖြစ်နေမည်ကို အလို မကျဘဲဖြစ်နေသော သိကြားမင်း၏အကြံကို မြတ်စွာဘုရားသိတော်မူရာ၌ မြတ်စွာဘုရားသည် ထိုင်တော်မူရန် သင်္ကန်းကြီးကို ကျောက်ဖျာတစ်ခုလုံး ဖုံးမိအောင် ခင်းတော်မူသည်။ ထိုအခင်းပေါ်တွင် ထိုင်တော်မူရာ၌လည်း နေရာလပ်မရှိ အပြည့်ပင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလေသည်။ ထိုအခါ သိကြားမင်းသည် မြတ်စွာဘုရား၏ ဂုဏ်တော် တန်ခိုးတော်ကို မသိရာရောက်နေ သော မိမိအကြံများအတွက် စိတ်မကောင်းဖြစ်မိသွားသည်။ ဤတွင် မြတ်စွာဘုရား၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို ဆင်ခြင်လျက် သိကြားမင်းသည် မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုးလေတော့သည်။

## စုရုံးရောက်လာကြသည့် နတ်ဗြဟ္မာတွေ

ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ သပ်သပ်ရပ်ရပ် တင့်တယ်စွာထိုင်နေတော် မူသော မြတ်စွာဘုရား၏ထံမှောက်သို့ ဇာတိခေတ်အနန္တ စကြဝဠာပေါင်း တိုက်တစ်သောင်းရှိ နတ်၊ ဗြဟ္မာတို့သည် ဆည်းကပ်ဝိုင်းရံ ကြက်ပျံမကျ ရောက်လာကြတော့သည်။ သပ်သပ်ပယ်ပယ်နှင့် တင့်တယ်စွာ ထိုင်နေသော မြတ်စွာဘုရားကိုလည်း ဖူးမြော်လိုကြသည်။ ဟောကြားမည့် တရားတော်ကိုလည်း နာကြားလိုသည်။

ကြီးကျယ်လှသော ထိုနတ်၊ ဗြဟ္မာတို့ ပရိသတ်ကြီးအတွင်းဝယ် လူဆို၍ တစ်စုံတစ်ယောက်မျှ ရောနှောပါဝင်ခြင်းမရှိပေ။ နတ်၊ဗြဟ္မာတို့ချည်းသာ ဖြစ်လေ သည်။ ဝါတွင်းသုံးလပတ်လုံး အကျယ်ဟောကြားတော်မူမည့် အဘိဓမ္မာ ဒေသနာတော်ကို အပြီးအဆုံးသို့ရောက်သည်အထိ နာကြားကြမည့် တရားနာပရိသတ်

ကြီးဖြစ်လေသည်။ အဘိဓမ္မာဒေသနာတော်ကို နာကြားနိုင်ရန် နတ်ပြည် ဗြဟ္မာပြည်တို့မှ စောင့်မျှော်နေခဲ့ကြရာ ယခုသော် သူတို့၏စောင့်မျှော်ခဲ့ရမှုမှာ ပြည့်စုံတော့မည့် အခါကာလသို့ ရောက်နေလေပြီဖြစ်သည်။ ထို့ကြောင့် ဤတရားပွဲကို လက်လွတ်မခံဘဲ စုရုံးရောက်ရှိနေကြခြင်းလည်း ဖြစ်လေသည်။

## အစဉ်မပြတ် အသံမစဲ ဟောကြားတော်မူသည်

"ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ" အစချီသော ဤ အဘိဓမ္မာဒေသနာတော်မြတ်ကို မြတ်စွာဘုရားသည် နာကြားရန် စောင့်မျှော်လျက်ရှိကြသော နတ်, ဗြဟ္မာ တရားနာပရိသတ်တို့အား အစဉ်မပြတ်စီးဆင်းနေသော မြစ်ရေအလျင်ကဲ့သို့ ဝါတွင်းသုံးလပတ်လုံး အသံမစဲ မရပ်မနားဘဲ အကျယ်အားဖြင့် ဟောကြားတော်မူလေတော့သည်၊ မြောက်ကျွန်းသို့ ဆွမ်းခံကြွချိန်၊ ဆွမ်းစားချိန်၊ နေ့သန့်စင်ရာ အချိန်တို့၌မူ ကိုယ်တော်မြတ်နှင့် တူစွာနိမ္မိတတစ်ဆူ ဖန်ဆင်းတော်မူ၍ ဆက်လက်ပြီး ဟောရစ်စေတော်မူပါသည်။

မြတ်စွာဘုရားသည် ဆွမ်းခံကြွတော်ချိန်တွင် မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူပြီးလျှင် ဆွမ်းဘုဉ်းပေးရာအခါ၌ အနောဒတ်အိုင်အနီးတွင် ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် စန္ဒကူးတော၌ နေ့သန့်စင်တော်မူလေသည်။ ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာဘုရား နေ့သန့်စင်တော်မူရာ စန္ဒကူးတောသို့ ကြွရောက်ပြီးလျှင် မြတ်စွာဘုရား၏ ဝတ်ကြီးဝတ်ငယ်ကို ပြုတော်မူခဲ့သည်။ ပြုဖွယ်ရှိသော ဝတ်ကြီးဝတ်ငယ်တို့ကို ပြုတော်မူပြီးနောက် အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် မြတ်စွာဘုရားထံမှောက်တွင် သင့်တင့်လျှောက်ပတ်ရာနေရာ၌ ထိုင်နေတော်မူပေသည်။

ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ မထေရ်မြတ်အား "ချစ်သား သာရိပုတ္တရာ၊ ငါဘုရားသည် ဤမျှသောတရားကို ဤသို့သော အခြင်းအရာအားဖြင့် ဟောကြားအပ်ခဲ့ပြီ" ဟု နည်းပေးညွှန်ပြတော်မူလျက် အဘိဓမ္မာဒေသနာတော်ကို အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူပေသည်။ အကျဉ်းချုပ်အားဖြင့် ဤမျှဟော ကြားလိုက်သည် ဆိုလျှင်ပင် ပညာအရာတွင် ဧတဒဂ်ရဖြစ်တော်မူသော တရားစစ်သူ

ကြီးဖြစ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ အသိဉာဏ်တွင် ကမ်းခြေမှရပ်၍ မဟာသမုဒ္ဒရာအပြင်ကို လက်ညှိုးဖြင့် ညွှန်ပြလိုက်ရာ၌ သမုဒ္ဒရာတစ်ပြင်လုံးကို မြင်ရသကဲ့သို့ အဘိဓမ္မာဒေသနာတော်ကြီး၏ နည်းအလုံးစုံ အကုန်သိလေတော့သည်။

မြတ်စွာဘုရားဟောကြား ညွှန်ပြလိုက်သော အကျဉ်းနည်းကို အကျယ်အားဖြင့် သိရှိတော်မူပြီးနောက် အရှင်သာရိပုတ္တရာမထေရ်မြတ်သည် သူ့တပည့် ရဟန်းငါးရာတို့ကို ပို့ချရာ၌ ဤအဘိဓမ္မာဒေသနာတော်ကို အကျဉ်း အကျယ်အလယ်အလတ် ဖြစ်သောနည်းဖြင့် ပို့ချသင်ကြားပေးတော်မူလေသည်။

## ချက်မှောက်ကာလ၌ ပို့ချသင်ယူနေကြသောနည်း

သာသနာတော်တရပ်လုံး ယခုမျက်မှောက်ကာလ၌ ပို့ချသင်ယူနေကြရသော အဘိဓမ္မာဒေသနာတော်များမှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက သူ့တပည့် ရဟန်းငါးရာတို့အား ပို့ချသင်ကြားပေးခဲ့သော နည်းအတိုင်းပင် သင်ကြားပို့ချပေးနေကြခြင်းဖြစ်လေသည်။ တာဝတိံသာနတ်ပြည်၌ နတ်, ဗြဟ္မာတို့အား ဝါတွင်း သုံးလပတ်လုံး ဟောကြားခဲ့သောနည်းမှာ ကျယ်လွန်းလှသဖြင့် သင်ကြားပို့ချရန် စွမ်းနိုင်ကြမည် မဟုတ်ပေ။ အရှင်သာရိပုတ္တရာအား ဟောကြားသော မြတ်စွာဘုရား၏ နည်းမှာလည်း အင်မတန်ကျဉ်းလွန်းနေသဖြင့် လူတို့အသိဉာဏ်တွင် သက်ဝင်နိုင်မည်မဟုတ်။ ထို့ကြောင့် အဆိုပါ ကျယ်လွန်း, ကျဉ်းလွန်းသော ဤနည်းများကို သင်ကြားပို့ချခြင်းမပြုကြဘဲ မကျဉ်းလွန်း မကျယ်လွန်းသော အရှင်သာရိပုတ္တရာ၏ သင်ကြားပို့ချနည်းကိုသာ ယူ၍ သင်ကြားပို့ချပေးလျက်ရှိကြသည်။

## လျှောက်ထားတောင်းဝန်ခံ့ဖူးသည်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သီးခြားဟောကြားသော အဘိဓမ္မာတရားကို မနာမကြားရဖူးသေးသဖြင့် နာကြားလိုသော ဆန္ဒဖြစ်ပေါ် လာသည်။ ဆရာတော်ဘုရားကြီးမှာ တိကျပြီးဖြစ်သည့်အတိုင်း ပရိယတ်,ပဋိပတ် သာသနာနှစ်ရပ်တွင် ပဋိပတ်ကို ပို၍အားသန်တော်မူခဲ့သည်။ ထို့ကြောင့်

ဟောကြားတော်မူရာတွင် ပဋ္ဌပတ်နှင့်လျော်သော သုတ္တန်တရားတော်ကြီးများကိုသာ အဟောအပြောများခဲ့သည်။ အဘိဓမ္မာတရားတော်ကိုကား အဟောအပြော နည်းလှသည်။ မိမိအတွက်ပြောရလျှင် ဆရာတော်ဘုရားကြီးဟောကြားသော အဘိဓမ္မာတရားကို နာကြားရဖူးသည်ဟူ၍ မမှတ်မိပေ၊ ထို့ကြောင့် ဆရာတော်ဘုရား ကြီးဟောကြားသော အဘိဓမ္မာတရားကိုလည်း နာကြားလိုစိတ် ဖြစ်ပေါ်လာမိသည်။

မိမိစိတ်တွင် ဖြစ်ပေါ်လာသော အလိုဆန္ဒကို လျှောက်ထား၍ ဆရာတော်ဘုရား ကြီး ဟောကြားပါက အခြားက တရားနာပရိသတ်များစွာတို့ပါ နာကြားရသဖြင့် အင်မတန် ကျေးဇူးများပေလိမ့်မည်ဟု မြော်မြင်မိသည်။ သို့နှင့် လျှောက်ထားခွင့် ရသော အချိန်တစ်ချိန်တွင် မိမိ၏အလိုဆန္ဒကို ဆရာတော်ဘုရားကြီးအား လျှောက်ထားခဲ့သည်။

မိမိလျှောက်ထားသည်ကို အကြောင်းပြု၍ ဟောကြားတော်မူလေသလော။ ထိုသို့မဟုတ် အကြောင်းအခွင့်အားလျော်စွာ ဆရာတော်ဘုရားကြီး၏ သဘော ဆန္ဒတော်အလျောက် ဟောကြားတော်မူလေသလောတော့ မသိ၊ ၁၃၃၆–ခုနှစ်၊ ပြာသိုလပြည့်နေ့မှစ၍ မိမိနာကြားလိုသော အဘိဓမ္မာတရားတော်ကြီးကို ဟော ကြားတော်မူခဲ့ရာ မဟာစည် တရားနာပရိသတ်တို့ နာကြားခဲ့ကြရပြီဖြစ်ပေသည်။

ဆရာတော်ဘုရားကြီးဟောကြားသော ဤအဘိဓမ္မာတရားတော်ကြီးမှာ ၁၃၃၆– ခုနှစ်၊ ပြာသိုလပြည့်နေ့မှစ၍ ၁၃၃၉–ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့အထိ ဟောကြားတော်မူသဖြင့် နှစ်အားဖြင့်ဆိုပါလျှင် ၃–နှစ်၊ ရာသီ,လအားဖြင့် ၃၀၊ ၃–နှစ်ရာသီသို့ ဝင်ရောက်ခဲ့သော်လည်း ၆–လလျော့ရကား လပေါင်း ၃၆–လ မပြည့်၊ ၃၀–လသာလျှင် ဖြစ်သည်။

## အခြားဓမ္မကထိကတို့ ဟောကြားသည့် အဘိဓမ္မာတရား

အခြား ဓမ္မကထိကများစွာတို့သည် အဘိဓမ္မာတရားတော်ကို သီးခြားသန့်သန့် ဟောကြားတော်မူလေ့ မရှိကြဘဲ သုတ္တန်တရား၏ နောက်ဆွယ်တွင် တရားသိမ်း အနေဖြင့် အနည်းငယ်မျှသော အဘိဓမ္မာပါဠိကိုသာ ရွတ်ဆို ဟောကြားတော်မူလေ့ရှိ

ကြသည်။ အဘိဓမ္မာတရားတော်ဆိုသည်မှာ ကုသိုလ်, အကုသိုလ်, အဗျာကတ အားဖြင့် လည်းကောင်း၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ စသည်အားဖြင့် လည်းကောင်း မူထား၍ နည်းပေါင်းများစွာဖြင့် ဟောကြားထားသော တရားတော် ဖြစ်လေသည်။

အဘိဓမ္မာတရားမှာ သူ့ချည်း သီးခြားတရားတစ်ထုံး ဟောကြားရန် အင်မတန် ခက်ခဲလှသည်။ သုတ္တန်တရားတော်ကို ဟောကြားရသကဲ့သို့ တရားနာပရိသတ် နားလည်အောင် ဟောကြားဖို့ လွယ်ကူသော တရားမဟုတ်၊ နည်းပေါင်းများစွာကို တန်ဆာဆင်၍ ဟောကြားထားခြင်းကြောင့် ဟောကြားသည့် ဓမ္မကထိကက ဘုရားဟောထားသည့်နည်းကိုပင် ဟောကြားဖို့ မဆိုထားနှင့် ထိုနည်းဤနည်းကို ဟောကြားသူကိုယ်တိုင်က သိဖို့ပင်မလွယ်ကူလှပေ။ ဟောကြားရန်ပင် မလွယ်ကူသော ဤအဘိဓမ္မာနည်းကို နာယူရသူ ပုဂ္ဂိုလ်တို့အနေဖြင့် သိနားလည်ဖို့ဆိုသည်က ပို၍ပင်ခက်ခဲလှသည်။ ထို့ကြောင့် ဤအဘိဓမ္မာတရားကြီးကို တရားတစ်ထုံးတစ်ဖွဲ့ အနေဖြင့် ဟောကြားသော ဓမ္မကထိက မရှိလောက်အောင် နည်းပါးနေခဲ့သည်။

ဤအဘိဓမ္မာ ဒေသနာတော်ကြီးကို တရားတစ်ထုံးတစ်ဖွဲ့အနေဖြင့် ရှေးက ဓမ္မကထိကတို့ ဟောကြားခဲ့ဖူးသည်ဟု မသိခဲ့ရသော ဤအဘိဓမ္မာဒေသနာတော် ကြီးကို မဟာစည်ဆရာတော်ဘုရားကြီးသည် တရားတစ်ထုံးတစ်ဖွဲ့အနေဖြင့် နှစ်နှင့်ချီ လနှင့်ချီ၍ တခမ်းတနားဟောကြားထားလေပြီ၊ ဆရာတော်ဘုရား ကြီး၏ စွမ်းရည်ဖြင့် ဟောကြားထားသော အဘိဓမ္မာဒေသနာတော်ကြီးကို နောင်လာနောက်သားတို့အားလည်း ကျေးဇူးများစေရန် မပျောက်မပျက်စေဘဲ စာအုပ်ပေါ်တွင် အက္ခရာတင်ထားဖို့ လိုအပ်လှသည်။

## ခုနစ်ကျမ်း ပိုင်းခြားထားသည်

ဘုရားဟော အဘိဓမ္မာဒေသနာတော်ကို ခုနစ်ပိုင်းပိုင်းပြီး စုစည်းထားပေသည်။ စုစည်းထားသော ခုနစ်ပိုင်း ၁– ဓမ္မသင်္ဂဏီ၊ ၂– ဝိဘင်္ဂ၊ ၃– ဓာတုကထာ၊ ၄– ပုဂ္ဂလပညတ္တိ၊ ၅– ကထာဝတ္ထု၊ ၆– ယမက၊ ၇– ပဋ္ဌာန ဟူ၍ ဖြစ်လေသည်။

(၁) ဓမ္မသင်္ဂဏီ–ဟူသည် သဘာဝတရားများကို အပြည့်အစုံ ရေတွက်ပြထားသော အပိုင်းဖြစ်လေသည်။ ဤအပိုင်းတွင်လည်း စိတ္တုပ္ပါဒကဏ္ဍ, ရူပကဏ္ဍ, နိက္ခေပကဏ္ဍ အဋ္ဌကထာကဏ္ဍအားဖြင့် ခွဲဝေပိုင်းခြား လေးဌာနအားဖြင့် ဝေဖန်ထားသည်၊ ဤတွင် ရုပ်နာမ်သဘာဝတို့ကို အမည်တပ်လျက် အကြွင်းမဲ့ ဖော်ပြထားသည်။ တရားကိုယ်အရဆိုလျှင် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားများပင်ဖြစ်လျက် ၎င်းတို့ကို စစ်တမ်းထုတ်ပြီး ဟောကြားထားသည်။

(၂) ဝိဘင်္ဂ။ ဝိဘင်္ဂဟူသည် ဓမ္မသင်္ဂဏီတွင် ဟောကြားထားသော တိက, ဒုက တရားများနှင့် ထိုတရားများကို ခန္ဓာ, အာယတန, ဓာတု, သစ္စ, ဣန္ဒြိယ, ပဋိစ္စသမုပ္ပါဒ, ဈာန်စသော တရားများဖြင့် ဝေဖန်ဖွင့်ပြထားသောအပိုင်းဖြစ်သည်။ နည်းအားဖြင့် သုတ္တန်နည်း, အဘိဓမ္မာနည်း, အမေး, ဖြေနည်းတို့ဖြင့် တန်ဆာဆင်၍ စိစစ်ထားသည်။

(၃) ဓာတုကထာ။ ဓာတုကထာဟူသည် ဓာတ်သဘောတရားများကို ဝေဖန်ဟောကြားထားသော အပိုင်းဖြစ်သည်။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ စသည်တို့ကို သင်္ဂဟ, အသင်္ဂဟ, သသင်္ဂဟိတနည်းတို့ဖြင့် ဟောကြားထားသည်။

(၄) ပုဂ္ဂလပညတ္တိ။ ပုဂ္ဂလပညတ္တိဟူသည် ပုဂ္ဂိုလ်အမျိုးမျိုးကို ခေါ်ဝေါ်သမုတ်သောအားဖြင့် သိစေသောတရားများကို ဝေဖန်ဟောကြားထားသော အပိုင်းဖြစ်သည်။ ပုဂ္ဂိုလ်, သတ္တဝါ, လူ, နတ်, ဗြဟ္မာ ဟူ၍ ပညတ်အခေါ်အဝေါ် သမုတိသစ္စာအားဖြင့် စိစစ်ဖော်ပြထားသည်။ သမုတိသစ္စာဟူသည် ပရမတ္ထသစ္စာမဟုတ်ပေ၊ လူတို့ အညီအညွတ် အမှန်အကန် ပြုလုပ်ခေါ်ဝေါ်ကြရာမှ ဖြစ်ပေါ်လာရသော သစ္စာဖြစ်သည်။

(၅) ကထာဝတ္ထု။ ကထာဝတ္ထုဟူသည် သကဝါဒီ ပုဂ္ဂိုလ်, ပရဝါဒီ ပုဂ္ဂိုလ်တို့ အခြေအတင်ပြောပုံများကို ဖော်ပြထားသော အပိုင်းဖြစ်သည်။ အနည်းအကျဉ်းမျှ မြတ်စွာဘုရားဟောထားသောနည်းကို နယဂ္ဂါဟပြု၍ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်က အကျယ်ဆက်လက် ဟောကြားထားသည်။ ပရမတ်၊ ပညတ်အရာ၌ မတူညီသော အယူဝါဒတို့ကို စောဒနာ၊ သောနော

(တတိယအကြိမ်)

နည်းများဖြင့် စေ့စေ့စပ်စပ် ရှင်းလင်းထားသည်။ ဓမ္မသင်္ဂဏီမှသည် ဤကထာဝတ္ထု အထိ (၅)ပိုင်းတို့မှာ ဓမ္မဝဝတ္ထာနညာဏ် ကျက်စားရာဖြစ်လေသည်။

(၆) ယမက။ ယမကကို ယမိုက်ဟူ၍ မြန်မာလိုပြန်ဆိုထားသည်။ အစုံဟူ၍ အနက်အဓိပ္ပာယ်ထွက်၏။ အမေး, အဖြေအားဖြင့်လည်းကောင်း၊ အနုလုံ, ပဋိလုံအားဖြင့် လည်းကောင်း၊ ဝေဒနာက္ခန္ဓာ, သညက္ခန္ဓာ စသည်အားဖြင့် လည်းကောင်း၊ ဓမ္မသဘာဝတို့ကို အစုံအစုံပြု၍ ဝေဖန်ဟောကြားထားသည်။ ကဏ္ဍအားဖြင့်လည်း မူလ, ခန္ဓာ, အာယတန, ဓာတု, သစ္စ, သင်္ခါရ, အနုသယ, စိတ္တ, ဓမ္မ, ဣန္ဒြိယ ယမိုက်ဟူ၍ (၁၀)ကဏ္ဍထားလျက် ဝေဖန်ဟောကြားထားသည်။ ဘုံနှင့် ပုဂ္ဂိုလ်အားဖြင့်လည်း ဓမ္မသဘာဝအလိုက် ဖြစ်သင့်ဖြစ်ထိုက်သည်တို့ကို ဝေဖန်ထားသေး၏။

(၇) ပဋ္ဌာန။ မြန်မာလို ပဋ္ဌာန်းဟု ဘာသာပြန်ထားသည်။ အမျိုးမျိုးသော အကြောင်းဟူ၍ အဓိပ္ပါယ်ဖွင့်ထားသည်။ ဤတွင် ပစ္စယုဒ္ဒေသ, ပစ္စယနိဒ္ဒေသ, ပဋ္ဌာန ဟူ၍လည်း သုံးပိုင်းပါဝင်လျက်ရှိ၏။ ပစ္စယုဒ္ဒေသပိုင်း၌ ဟေတုစသော ၂၄–ပစ္စည်းတို့ကို အကျဉ်းအားဖြင့် ဖော်ပြပြီးလျှင် ပစ္စယနိဒ္ဒေသပိုင်း၌ ပစ္စည်း ပစ္စယုပ္ပန် ယှဉ်တွဲလျက် အကျယ်ဖော်ပြထားသည်။ ပဋ္ဌာန်းပိုင်း၌ ပုစ္ဆာဝါရ, ဝိသဇ္ဇနာဝါရအားဖြင့် ၂–ပိုင်းခွဲခြားပြီးလျှင် ထို၌ ဓမ္မနုလောမ၊ ဓမ္မပစ္စနီယ၊ ဓမ္မနုလောမပစ္စနီယ၊ ဓမ္မပစ္စနီယာနုလောမအားဖြင့် ၄–ဌာန ခွဲထားသေးသည်။ ဤပဋ္ဌာန်းအရာတွင် နက်နဲလှသည့် ဓမ္မသဘာဝတို့ကို နည်းပေါင်းများစွာဖြင့် တန်ဆာဆင်လျက် အကျယ်ပြန့်ဆုံး ဟောကြားထားသည်။

### ထင်ရှားကျော်ကြားလှသော ကျမ်းကြီးများ

သဗ္ဗညုဉာဏ်တော်အားကလည်း ကြီးမားတော်မူလှသည်၊ ပဋ္ဌာန်းဒေသနာတော်ကလည်း နက်နဲလှသည်။ သေးငယ်သော ချောင်း, မြောင်း, အင်း, အိုင်တို့၌ မကျက်စား၊ မမြူးတူးလောက်သော အာနန္ဒာငါးကြီးသည် မဟာသမုဒ္ဒရာထဲမှာမှ ကျက်စားမြူးတူး ပျော်ပါးနိုင်သကဲ့သို့ ထို့အတူပင် ကျဉ်းမြောင်းသော အခြား အခြားသော ဒေသနာတော်၌ ကြီးမားလှသော သဗ္ဗညုတဉာဏ်တော်အားက



၆၂၄

မကျက်စားလောက်ဘဲ နက်ကျယ်လှသော ပဋ္ဌာန်းဒေသနာတော်သို့ ရောက်ရာအခါ မှသာ ဆင်ခြင်သုံးသပ် ကျက်စားလောက်သဖြင့် အလိုရှိသလို ကျက်စားသုံးသပ်တော် မူရသဖြင့် ကိုယ်တော်မှ နီလ, ပီတစသော ရောင်ခြည်တော်ခြောက်သွယ်တို့သည် ပြိုးပြိုးပြက်ပြက် ထွက်ပေါ်လာလေတော့သည်။

ဤအပိုင်းကြီး ၇-ပိုင်းဖြင့် ပိုင်းခြားဟောကြားထားသော ကျမ်းကြီးများကို အဘိဓမ္မာ ၇-ကျမ်းဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ ဗုဒ္ဓမြတ်စွာသာသနာတော်တွင် အင်မတန်ထင်ရှားသော ကျမ်းဂန်ကြီးများလည်းဖြစ်ပေသည်။ သဘာဝအားဖြင့် သိမ်လည်းသိမ်မွေ့ နက်လည်းနက်ကျယ် ဟောကြားရာဌာနကလည်း တာဝတိံသာ နတ်ပြည် ဖြစ်နေရုံသာမက တရားနာပရိသတ်တို့ကလည်း လူတစ်ဦးတစ်ယောက်မျှ မနှော စကြဝဠာ တိုက်တစ်သောင်းမှ စုပေါင်းရောက်လာကြသည့် နတ်, ဗြဟ္မာ ပရိသတ်တို့ချည်းသာ ဖြစ်သောကြောင့် ဤမျှ ထင်ရှားကျော်စောနေခြင်းလည်း ဖြစ်လေသည်။

## အညွှန်းတစ်ခု

တရားတော်တွေကို မြတ်စွာဘုရားဟောကြားတော်မူစဉ်ကမူ အကြောင်းအားလျော်စွာ ဟောစရာရှိသော တရားများကို ဟောတော်မူသွားပါလိမ့်မယ်၊ ဤသည်က သုတ္တန်တရား၊ ဤသည်က အဘိဓမ္မာတရားဟူ၍ အမည်တပ်ပြီး ဟောကြားနေဟန်မတူ၊ သင်္ဂါယနာတင်ရာအခါကျမှသာ သင်္ဂီတိဆရာတော်တို့က တရားသဘောကိုကြည့်၍ သင့်လျော်သောအမည်ကို မှည့်ခေါ်တော်မူခဲ့ကြ ဟန်တူပေသည်။

သို့သော် ယံ ဝါ တံ ဝါ-ထင်ရာမှည့် ခေါ်တော်မူကြသည်တော့မဟုတ်၊ တရားတော်နှင့်လျော်သောအမည်ကို မှည့်ခေါ်တော်မူထားကြသည်မှာတော့ ထင်ရှားလျက်ရှိသည်။ ဥပမာ-တေမိမင်းသားအကြောင်းဟောသော ဇာတ်တော်ကို "တေမိဇာတ်" သို့မဟုတ် "မူဂပက္ခဇာတ်" ဟူ၍လည်းကောင်း၊ ဇနက္ကမင်းသား အကြောင်း ဟောထားသောဇာတ်တော်ကို "ဇနကဇာတ်" ဟူ၍လည်းကောင်း မှည့်ခေါ်သကဲ့သို့ ဒေသနာတော် အားလျော်စွာ မှည့်ခေါ်တော်မူခဲ့ကြသည်ကို ထောက်ထားနိုင်ပေသည်။

(တတိယအကြိမ်)

ဤသို့အမည်တပ်၍ ခေါ်သည်ကိုပင်ဖြစ်စေ အရာရာတွင် စေ့စပ်တော်မူလှသော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် သုတ်, အဘိဓမ္မာ, ဝိနည်းပိဋကတ်တွေ ဟောပုံဟောနည်းကို စိစစ်ဖော်ပြတော်မူပြီးနောက် စာမျက်နှာ (၂၅)တွင်–

"တချို့ကတော့ အဘိဓမ္မာဆိုတာ ပရမတ္ထတရားတွေကို ဟောထားလို့ "အဘိဓမ္မာ" ခေါ်တယ်တဲ့၊ ဒီလိုကိန်းသေ မှတ်ထားကြတယ်၊ ပရမတ္ထတရားတွေကို ဟောထားတာကတော့ များပါတယ်။ ဒါပေမယ်လို့ ပရမတ္ထတရားတွေချည်းတော့ မဟုတ်ပါဘူး၊ ပုဂ္ဂလပညတ်မှာ ပညတ်တရားတွေကိုချည်း ဟောကြားတော်မူထားတာလည်း ရှိနေသားပဲ၊ ပုဂ္ဂလပညတ်ဆိုတာ အဘိဓမ္မာခုနစ်ကျမ်းထဲမှာ တစ်ကျမ်းအပါအဝင်ပင်ဖြစ်တယ်။ အဲဒီကျမ်းမှာ ပညတ်တွေကိုလည်း ဟောကြားထားတာ အထင်အရှားပါပဲ၊ အဲဒါကြောင့်မို့ ပရမတ္ထတရားတွေကို ဟောကြားတော်မူထားလို့ အဘိဓမ္မာ ခေါ်တယ်လို့ ဒီလိုကိန်းသေ မှတ်ချက်ချမထားဖို့လည်း သတိပြုသင့်တယ်"

ဟူ၍ သတိပေးထားသည်။

## အချို့ဆိုသည်မှာ

မျက်မှောက်ခေတ် စာပေတို့၌ လူတို့သဘောကို ဖော်ပြသည့်အခါ "လူ့အဘိဓမ္မာ" ဟူ၍လည်းကောင်း၊ တစ်စုံတစ်ခုသော သဘာဝကို ပြောလိုသည့်အခါ "အဘိဓမ္မာကျကျ ပြောရလျှင်" ဟူ၍လည်းကောင်း စကားပလ္လင်ခံ၍ ပြောတတ်ကြသည်၊ ဤသူ ထိုသူတို့သည် ဘုရားဟော အဘိဓမ္မာကို အတုလိုက်၍ အဘိဓမ္မာမည့်ခေါ်ထားရခြင်းကို တကယ်မသိကြသောကြောင့် ဤသို့ ပြောဆိုသုံးနှုန်းနေကြခြင်းသာ ဖြစ်လေသည်။

အများအားဖြင့်မူ လူရော ရှင်ပါပင် ခန္ဓာ, အာယတန, ဓာတ်, သစ္စာ စသော ပရမတ္ထသဘောတရားများကို တွေ့လျှင်သော်လည်းကောင်း၊ ပြောဟောလျှင်သော်လည်းကောင်း "ဒါက အဘိဓမ္မာပဲ, ဒါက အဘိဓမ္မာကို ပြောတာပဲ" ဟု ထင်မှတ်ပြောဆိုလျက် ရှိနေကြသည်။ ဤသည်တို့ကို ကြားသိနေရသော

ဆရာတော်ဘုရားကြီးသည် အမှတ်မှားနေသော ထိုသူတို့၏ အယူအဆကို အမှန်သို့ရောက်စေရန် ဟောကြားညွှန်ပြတော်မူခြင်း ဖြစ်လေသည်။

## သည်တစ်ခါသာ နာကြားရဖူးသေးသည်

အဘိဓမ္မာပါဠိတော် (၇)ကျမ်းကို အဋ္ဌကထာနှင့်တကွ အပြည့်အစုံ သင်ယူခဲ့ဖူးပါသည်။ သို့သော် သင်ရိုးအတိုင်း ချပို့သော ဆရာသမားတို့ထံ၌ သင်ရိုးအတိုင်းသာ သင်ကြားခဲ့ရသဖြင့် သင်ရိုးအတိုင်းသာ နားလည်ခဲ့ရသည်။ ဆရာတော်ဘုရားကြီး ဟောကြားသကဲ့သို့ အဘိဓမ္မာတရားတော်ကြီးကို တရားတစ်ထုံးတစ်ဖွဲ့အနေဖြင့် ဤလို ကျယ်ကျယ်ပြန့်ပြန့် တခမ်းတနား ဟောကြားထားသော အခြားဓမ္မကထိကတို့၏ အဘိဓမ္မာတရားကို တစ်ကြိမ်တစ်ခါမျှ မကြားမနာရဖူးပေ။ ကြားနာရသည်ဆိုရာ၌လည်း ဆရာတော်ဘုရားကြီးကိုယ်တိုင် ဟောကြားစဉ်ကာလက တရားနာရှိသတ်တွင် ပါဝင်ခွင့်မရသဖြင့် မကြားမနာခဲ့ရ။ အသံဖမ်းယူထားသော တိတ်ခွေမှကူးယူပြီး တရားကိုသာ ကြားနာခွင့်ရခဲ့သည်။ ကျေးဇူးတင်စရာကောင်းသော သိပ္ပံဆရာတို့၏ အဟတ်ပေတည်း။

## နာယကအဖွဲ့က တိုက်တွန်းခဲ့သည်

ဆရာတော်ဘုရားကြီး ဟောကြားထားခဲ့ပြီး တရားတော်တို့တွင် အဘိဓမ္မာတရားတော်မပါရှိသေးဘဲ ထိုတရားတော် လိုအပ်နေသေးသည်ကိုလည်းကောင်း၊ ဆရာတော်ဘုရားကြီး ဟောကြားသော အဘိဓမ္မာတရားတော်ဆိုလျှင် ကျယ်ကျယ်ပြန့်ပြန့် ခမ်းခမ်းနားနား ရှိမည်ကိုလည်းကောင်း သိပြီးဖြစ်နေကြသော နာယကအဖွဲ့ဝင် ဆရာတော်တို့သည် ဤအဘိဓမ္မာတရားတော်ကြီးကို "ဟောတရားမှ စာအုပ်အဖြစ်သို့ ရောက်အောင် ဆောင်ရွက်ပါရန်" မိမိအား တိုက်တွန်းတော်မူကြပါသည်။

ဆရာတော်တို့အဖွဲ့မှ တိုက်တွန်းသည်ကို လေးစားသောအားဖြင့်လည်းကောင်း၊ ကိုယ်တိုင်ကလည်း ဤတရားတော်ကြီး စာအုပ်အဖြစ်သို့ရောက်လျှင် အစွန့်ရှည်ကြာ တည်နေမည်ဖြစ်၍ မနာမကြားရသေးသော ပုဂ္ဂိုလ်များစွာတို့အတွက် ကျေးဇူးများမည်ကို မျှော်မှန်းမိပြီးဖြစ်သဖြင့်လည်းကောင်း၊ ဆောင်ရွက်ရန်

(တတိယအကြိမ်)

စိတ်အားထက်သန်ရင်း ရှိနေခဲ့သည်။ သို့သော် တာဝန်ခံသေးလှသော ဤကိစ္စကို ဆောင်ရွက်ရာအခါ၌ အခက်အခဲများနှင့် ကြုံတွေ့နေခဲ့သည်။ ထိုအခက်အခဲမှာ အသံဖမ်းယူထားသော တိတ်ခွေများမှ စာရွက်ပေါ်သို့ရောက်ရန် ဖြစ်လေသည်။

ဤလိုအခက်အခဲများနှင့် ကြုံတွေ့နေရသည့်အထဲတွင် ရှောင်လွှဲ၍မရသော အခြားကိစ္စများကလည်း ဝင်ရောက်လာပြန်သောကြောင့် တစ်နှစ်ကာလ လွန်မြောက်သွားသည့်တိုင်အောင် အလုပ်မစနိုင် ဖြစ်နေခဲ့ရကား နာယကအဖွဲ့ ဆရာတော်တို့က နောက် နှစ်ပတ်လည်အစည်းအဝေးတွင် တစ်ကြိမ်ထပ်မံ၍ တိုက်တွန်းတော်မူကြပြန်ပါသည်။

ဤတွင် မိမိ၌ရှိနေသော ဤတာဝန်ကိစ္စကြီး အပြီးသို့မရောက်နိုင်ဘဲ မျောသွားမည်ကို စိုးရိမ်မကင်းဖြစ်လာတော့သည်။ ဤသို့သောစိုးရိမ်မှုကြောင့် အကူအညီပေးနိုင်မည့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌထံ အကူအညီ တောင်းရတော့သည်။ ဤတွင်မှ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် လူကြီးတို့သည်လည်း မနေသာကြတော့ဘဲ သူတို့တတ်နိုင်သည့်ဘက်မှ လိုအပ်သော အကူအညီကိုပေးကြသည်။ ပေးကြရမည့် အကူအညီမှာ သေးငယ်လှသည်မဟုတ်၊ ရီကော်ဒါတိတ်ခွေကြီးမှ ကက်ဆက်တိတ်ခွေငယ်သို့ ကူးယူရန်နှင့် တစ်ဖန်တိတ်ခွေငယ်မှ စာရွက်ပေါ်၌ စာအဖြစ်ရောက်ရန်ဖြစ်လေသည်။ စာရွက်ပေါ်ရောက်ဖို့ရန်မှာလည်း တစ်ကြိမ်တစ်ခါဖြင့် ပြီးသည်မဟုတ်၊ ကက်ဆက်တိတ်ခွေမှတရားကို ပထမလက်ရေးဖြင့် အကြမ်းလိုက်၍ ရေးပြီးလျှင် တစ်ဖန် သန့်သန့်ရှင်းရှင်း ဖတ်ဖြစ်အောင် လက်နှိပ်စက်ဖြင့် စာမူကြမ်းအဖြစ် ကူးယူရပြန်သည်။

ဤအဘိဓမ္မာတရားတော်ကြီးမှာ နက်နဲသိမ်မွေ့ရုံသာမက ပါဠိပါဌ်သားများများ ပါရှိနေရကား လက်နှိပ်စက်ရိုက်တတ်ရုံဖြင့် မဖြစ်သည်ကို သိနေကြသော အဖွဲ့ဝင်လူကြီးတို့သည် ပါဠိပါဌ်သား၌ လေ့လာပြီးဖြစ်ကြသော မဟာစည်သာသနာ့ရိပ်သာရှိ ယောဂီဟောင်း ရဟန်းတော်တို့ထံ အကူအညီပေးကြရန် တောင်းပန်လျှောက်ထားကြရသည်။ ကူးယူရန် လိုအပ်သော စက္ကူ၊ တိတ်ခွေ စသည်တို့ကိုမူ အဖွဲ့ဝင်လူကြီးတို့က လိုအပ်သမျှ ဆောင်ရွက်ပေးကြပေသည်။ ဤတွင်မှ ယောဂီဟောင်းရဟန်းတော်တို့၏ ကူညီမှုဖြင့် ဟောတရားမှ စာမူကြမ်းအဖြစ်သို့

ရောက်လာခဲ့သည်။ အရေးတကြီး လိုအပ်နေသည့် ဤကိစ္စကို ဝိုင်းဝန်းကူညီကြသော ထိုထို ပုဂ္ဂိုလ်တို့ကိုလည်း ဤနေရာတွင် မှတ်တမ်းတင်ထားရမည်သာ ဖြစ်သည်။

## စာမူကြမ်းကို တည်းဖြတ်ချိန်

တိတ်ခွေမှ စာမူကြမ်းအဖြစ်သို့ ရောက်လာသည့်အချိန်၌ ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးမှာ မဟာစည်ပရိသတ်က စိုးရိမ်သောအချိန်ဖြစ်နေသည်။ ထို့ကြောင့် စာမူကြမ်းကြီးကို ဆရာတော်ဘုရားကြီး တည်းဖြတ်ရန်မလိုလားဘဲ ဖြစ်နေကြသဖြင့် တည်းဖြတ်ရန် ဝန်လေးနေသော ဤတည်းဖြတ်မှုကိစ္စကြီးကို မိမိက တာဝန်ယူ တည်းဖြတ်ခဲ့ရသည်။

မိမိမှာလည်း ထိုအချိန်တွင် ချမ်းမြအောင်စည်ရိပ်သာသစ် ကိစ္စတွေက တစ်ဖက် ဖြစ်နေသောကြောင့် အားလပ်သည့်အချိန်က နည်းပါးလှသည်။ နည်းပါးလှသော အားလပ်သည့် အချိန်ထဲမှပင် ရသမျှအချိန်ကိုယူ၍ ပြီးသမျှဖြင့် တည်းဖြတ်နေရသည်။ သို့နှင့်လည်း စာမျက်နှာ (၂၀၀) နှစ်ရာ့ရစ်ဆယ်ကျော် (စာတစ်အုပ်စာခန့်) ပြီးသွားရာအခါ၌ ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးမှာ ကောင်းမွန်လာလေသည်။ ထိုအချိန်အထိ မိမိ၏ ရိပ်သာသစ် ကိစ္စများကလည်း မအေးသေးဘဲ ရှိနေသေးသည်။

## ဆရာတော်ဘုရားကြီး တည်းဖြတ်နိုင်ပြီ ဖြစ်ပါက တည်းဖြတ်ပါရန် လျှောက်ထားရသည်

ထိုအချိန်တွင် ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးမှာ စိုးရိမ်စရာမရှိတော့ပေ။ ချမ်းမြအောင်စည်ရိပ်သာသစ်ဖွင့် အခမ်းအနားစသည်၌ အနမောဒနာတရားဟောကြားခြင်း၊ ရေစက်ချခြင်း ကိစ္စတို့ကိုပင် ဆောင်ရွက်တော်မူလျက်ရှိနေလေပြီ၊ ထို့ပြင် အညာဒေသသို့ ကြွရောက်နေကျအတိုင်း ကြွရောက်တော်မူလျက် ပင့်ဖိတ်သမျှ တရားပွဲများကိုလည်း အသင့်အတင့် ဟောကြားတော်မူနေပြီဖြစ်သည်။

ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးအတွက် အားရလောက်အောင် ကောင်းလာပြီဖြစ်ရာ ထိုအခါ၌ "ဆရာတော်ဘုရားကြီး တည်းဖြတ်နိုင်လောက်အောင်

ကျန်းမာရေးကောင်းပြီဖြစ်ပါက ကျန်ရှိနေသေးသော အဘိဓမ္မာတရားတော်ကြီးကို တည်းဖြတ်ပါရန်" လျှောက်ထားရတော့သည်။ လျှောက်ထားသည်ကို ဆရာတော်ဘုရားကြီးက လက်ခံတော်မူရုံသာမက မိမိတည်းဖြတ်ပြီး စာမူများကိုပါ ကိုယ်တိုင်စစ်ဆေးတော်မူပေးသည်။ ထို့ကြောင့်မိမိတည်းဖြတ်ပြီး စာမူသည်လည်း ဆရာတော်ဘုရားကြီး၏ အလိုတော်ကျ ဖြစ်သွားတော့သည်။

## ယခုသော် ပြည့်စုံသွားပေပြီ

သုတ္တန်တရားတော်ကြီးများကိုသာ အဟောများခဲ့သော ဆရာတော်ဘုရားကြီး၏ တရားတော်တို့မှာ ပိဋကတ်မစုံဘဲ တစ်ဖက်သတ်ဖြစ်နေသကဲ့သို့ ရှိနေခဲ့ရာမှ ယခုသော် ပြည့်စုံသွားပေပြီဖြစ်သည်။ သုတ္တန်ဘက်မှ "အရိယာဝါသ" တရားတော်စသော တရားတော်ကြီးများ၊ ဝိနည်းဘက်မှ "ဝိနယဝိနိစ္ဆယသင်္ဂဟ"နှင့် အဘိဓမ္မာဘက်မှ ဤ "အဘိဓမ္မာတရားတော်ကြီး" အားဖြင့် အဘက်ဘက်မှ ပြည့်စုံသွားပေပြီ၊ ဤကဲ့သို့ အဘက်ဘက်မှ ပြည့်စုံခြင်းကြောင့်ပင် ပညာရှိပုဂ္ဂိုလ်တို့က မဟာစည်ဆရာတော်ဘုရားကြီး၏ ပဋိပတ်လုပ်ငန်းကို လက်ခံတော်မူခဲ့ကြသည်ကို တွေ့ရသဖြင့်ပင်–

"ပရိယတ် ပဋိပတ်, နှစ်ရပ်စုံညီ၊
မဟာစည်နည်း, သိပ်သည်းခိုင်တည်။
သတိပဋ္ဌာန်နည်းကျ, ညွှန်ပြကျမ်းမှီ၊
ပညာရှိ, ကဝိလက်ခံသည်"။ ။

ဟူသော ဤကဗျာလင်္ကာဖြင့် ရွှေဘိုမြို့ ဂန္ဓာရုံရိပ်သာဖွင့် အခမ်းအနားတွင် ဆရာတော်ဘုရားကြီးအား ကြိုဆိုကြရာ၌ အမျိုးသမီးများ ရွတ်ဆိုပူဇော်ကြသည်ကို ကြားခဲ့ရသည်။ အကောင်အထည်မပေါ်ဘဲရှိနေသော စွမ်းအင်သည် အကျိုးမများလှ၊ မပေါ်မလွင်ဘဲ ငုတ်နေတတ်သော စွမ်းအင်ကို ဖော်ထုတ်ပေးနိုင်မှသာ အကျိုးရှိလေသည်။ ဆရာတော်ဘုရားကြီးတွင် ဤမျှခမ်းနားသော အဘိဓမ္မာတရား တစ်ထုံးတစ်ဖွဲ့ကို ဟောစွမ်းနိုင်သော စွမ်းအင်ကား ရှိနေသည်သာ ဖြစ်သည်။ သို့သော် ထိုစွမ်းအင်မှာ အတန်ကြာ အကောင်အထည်မပေါ်ဘဲ ငုတ်နေခဲ့ရကား အတန်ကြာပင် အကျိုးမများဘဲ ရှိနေခဲ့သည်။ ယခုသော်

ရှိနေသော ထိုစွမ်းအင်အလျောက် အကောင်အထည်ပေါ်လာခဲ့ပြီဖြစ်သောကြောင့် အဘိဓမ္မာဂဆေသီ တရားနာပရိသတ်တို့အတွက် အတိုင်းမသိ ကျေးဇူးများပေတော့မည်။

ဤအဘိဓမ္မာတရားတော်ကြီးကို ဆရာတော်ဘုရားကြီး ဟောကြားတော်မူစဉ်က တရားနာပရိသတ်တွင် ပါဝင်သူတို့လည်း နာကြားခဲ့ရပြီးဖြစ်၍ ကျေးဇူးများတန်သရွေ့ များခဲ့ကြလေပြီ။ ဟောတရားမှ စာအုပ်အဖြစ်သို့ ရောက်လာရာအခါ၌မူ အလိုရှိသလို ဖတ်ရှုနာကြားနိုင်ပြီဖြစ်၍ ဖတ်ရှုရသူတိုင်း မည်မျှကျေးဇူးများမည်ကို မည်သူမျှ ခန့်မှန်းနိုင်လိမ့်မည်မဟုတ်။ အတိုင်းမသိ ကျေးဇူးများပေမည်ဟူ၍သာ ခန့်မှန်းနိုင်မည်ဖြစ်သည်။

## ထူးခြားလွန်ကဲသော အဘိဓမ္မာ

"ကေနဓမ္မော အဘိဓမ္မော။ ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန အဘိဓမ္မော" ဟု အဋ္ဌကထာက ဤသို့ဖွင့်ပြထားသည်ကို မူတည်ပြီးလျှင် ဆရာတော်ဘုရားကြီးက အဘိဓမ္မာမည်ပုံကို ဟောကြားထားရာ၌ တရားနာပုဂ္ဂိုလ်တွေ နားလည်အောင် အတော် ကျယ်ကျယ်ပြန့်ပြန့် ဟောကြားထားပေသည်။ ဤနေရာ၌ ခန္ဓာ, အာယတန စသည် ပရမတ္ထ သဘာဝတွေကို တွေတိုင်း အဘိဓမ္မာတရားတွေလို့ ထင်မှတ်နေသူတို့သည် စာမျက်နှာ(၆၁)မှစ၍ ဆရာတော်ဘုရားကြီး ဟောကြားထားသော ဤအဘိဓမ္မာ ဒေသနာတော်ကို ကြည့်ရှုလေ့လာကြရန် ညွှန်ကြားလိုပေသည်။

ထို့ပြင် ကုသိုလ်စိတ်ဖြစ်ရာအခါ၌ ပါဠိတော်တွင် တစ်ပေါင်းတည်းဖြစ်သော တရားတွေကို ၅၆–ပါးဟူ၍ ထုတ်ဖော်ဟောကြားထားသည်။ ဤသည်ကို ဓမ္မပဒအဖွင့် ဋီကာဆရာက သူ့နည်းနှင့် ရေတွက်ပြထားရာ၌ ယုတ္တိမရှိပုံကို ဆရာတော်ဘုရားကြီးက နှာ (၆၅)၌ ရှင်းလင်းဖော်ပြ ဟောကြားထားသည်။ ဤသည်မှာလည်း ကုသိုလ်တရားတွေကို ဟောကြားတော်မူရာတွင် အဘိဓမ္မာ ဒေသနာတော်၌ ထူးခြားလွန်ကဲပုံကို ဟောကြားရင်း ဆရာတော်ဘုရားကြီးက ဋီကာ၏အမှားကို ပြင်ဆင်ထားခြင်းဖြစ်၍ အမှန်ကို သိလိုသူ သုတဂဝေသီတို့ သတိပြုဖွယ် အချက်ပင်ဖြစ်လေသည်။

(တတိယအကြိမ်)

## အဘိဓမ္မာဟောပုံနှင့် သုတ္တန်ဟောပုံ

"စက္ခုဝိညာဉ်က မြင်ရုံမျှပဲ" ဟူသော ခေါင်းစဉ်ဖြင့် နှာ(၃၁၀)တွင် ဆရာတော်ဘုရားကြီးက အဘိဓမ္မာအရာမှာဟောကြားပုံနှင့် သုတ္တန်အရာမှာဟောကြားပုံများကို ခွဲခြားပြီး ဟောကြားထားပေသည်။ ဤသို့ ခွဲခြားဟောကြားနိုင်ဖို့ဆိုသည်မှာ မလွယ်ကူပေ။ အဘိဓမ္မာသဘော၊ သုတ္တန်သဘော ဟောကြားနည်းကို နက်နက်နဲနဲ သိနားလည်ပါမှသာ အဘိဓမ္မာတွင် ဤသို့ဟော၍ သုတ္တန်တွင် ဤသို့ဟောသည်ဟု ခွဲခြားဟောစွမ်းနိုင်မည်ဖြစ်သည်။ ပါဠိတော်တို့၌ မြတ်စွာဘုရား ဟောကြားတော်မူနည်းနှင့် ဓမ္မသဘာဝကို ပိုင်ပိုင်နိုင်နိုင် သိသော ဆရာတော်ဘုရားကြီးဖြစ်၍သာ ဤအဓိပ္ပာယ်မျိုးကို ဟောကြားတော်မူနိုင်ခြင်းဖြစ်သည်။ ဓမ္မကထိက သာမန်တို့ ဟောစွမ်းနိုင်သော အရာဌာနမျိုးမဟုတ်ပေ။

အကယ်၍သာ အဘိဓမ္မာသဘော၊ သုတ္တန်သဘောကို ပိုင်ပိုင်နိုင်နိုင် မသိပါလျှင် ဟောစွမ်းနိုင်ရန် မဆိုထားဘိ "ဟိုတစ်မျိုး သည်တစ်မျိုး မတူတယူ ပရမ်းပတာ ဟောထားတာပဲ" ဟု မြတ်စွာဘုရားအပေါ် စွပ်စွဲမိမည်ကိုပင် စိုးရိမ်ရသည်။ ဤသို့သော စွပ်စွဲမိခြင်းမျိုး မဖြစ်စေရန် ဆရာတော်ဘုရားကြီး ဟောကြားထားသော ဤအချက်ကိုလည်း သတိပြုဖို့ကောင်းလှသည်။

## ယောဂီတို့ လက္ခဏာ ရသ စသည် သိမှု

"စက္ခုသမ္ဖဿိတ ရူပဝိဇာနနလက္ခဏာ စက္ခုဝိညာဏံ" အရ ယောဂီတို့ ဝိပဿနာရှုမှတ်ရာ၌ လက္ခဏာ၊ ရသ စသည်အားဖြင့် ယောဂီတို့ သိနိုင်ပုံကို ရှင်းလင်းဖော်ပြထားသည်မှာ ပညာရှိတို့ လက်ခံနိုင်လောက်အောင် တိကျလှပေသည်။ စာပေက ဆိုထားသည်ကို စာပေအတိုင်းသာ သိနေရုံဖြင့် မပြီးသေးပေ။ စာပေနှင့် အနက်အဓိပ္ပာယ်သဘောကို ကိုက်ညီအောင် ညှိနှိုင်းပြနိုင်မှသာ သို့မဟုတ် သိမြင်မှသာ ဆိုထားသော စာပေ၏ အနက်အဓိပ္ပာယ်ကို စာပေလာအတိုင်း တကယ်သိသူ ဖြစ်နိုင်ပေသည်။ ယောဂီတို့ ဝိပဿနာရှုမှတ်သည့်အခါ လက္ခဏာ၊ ရသ စသည်အားဖြင့်လည်း သိပုံကို ဤအဘိဓမ္မာတရားတော်ကြီးတွင် ဆရာတော်

ဘုရားကြီးက ဟောကြားထားသည်မှာ "ဤမျှ နက်နဲသော သဘောတွေကို ယောဂီတို့ မသိနိုင်ပါဘူး" လို့ ထင်နေသူတို့အတွက် ကျေးဇူးများလှပါပေသည်။ ဤသဘောများကို တရားနာပရိသတ်တို့ သိမှတ်နိုင်ရန်ကိုလည်း–

"မျက်စိမှီရင်း, အဆင်းမြင်သည်၊ မြင်သိရုံမျှ, ကိစ္စရှိသည်၊
အဆင်းဆိုရေးရှု, သူပြုနေသည်၊ မြင်သိ၌ သိထိုက် ဤသုံးမည်။ ။

ဟူသော ဤလင်္ကာဖြင့် ချပို့ဟောကြားထားသည်။ ဤအဘိဓမ္မာတရားတော်ကြီး နှာ(၃၁၇)စသည်၌ ကျယ်ကျယ်ပြန့်ပြန့် ဟောကြားထားသည်ကို တွေ့ကြရမည်ဖြစ်သည်။

## ကုန်နိုင်မည် မဟုတ်ပါ

ဤအဘိဓမ္မာတရားတော်ကြီးတွင် ပါရှိသော မှတ်သားဖွယ်တွေကို ဖော်ပြနေမည်ဆိုပါလျှင် ကုန်နိုင်မည် မဟုတ်ပါ။ စာအုပ်အဖြစ်သို့ ရောက်လာပြီဖြစ်သဖြင့် မိမိတို့ ဉာဏ်အမြင်ရှိသလို ကြည့်ရှုလေ့လာကြည့်ကြသည့်အခါတွင် မှတ်သားဖွယ်တွေ မည်မျှများသည်ကို တွေ့ကြရမည်သာဖြစ်ပါသည်။ နက်နဲသိမ်မွေ့လှသော အဘိဓမ္မာဒေသနာတော်ကြီးကို ဆရာတော်ဘုရားကြီး၏ နက်နဲသောဉာဏ်ဖြင့် မည်မျှလေ့လာကျက်စား ဟောကြားထားသည်ကို ကြည့်ရှုလေ့လာသူတို့ ကိုယ်တိုင်တွေ့နိုင်သည်ဖြစ်၍လည်း ကိုယ်တိုင်ကြည့်ရှုသုံးသပ်ကြပါရန် မှာကြားရင်း ဤနိဒါန်းကို ဤတွင် အဆုံးသတ်လိုက်ပါသတည်း။

## သိစေချင်ပါသေးသည်

ဤဖော်ပြပါနိဒါန်းနှင့် တည်းဖြတ်ပြီး ဤအဘိဓမ္မာတရားတော်ကြီး စာအုပ်အဖြစ်သို့မရောက်သေးမီ ၁၃၄၄–ခု၊ ဒုတိယဝါဆိုလဆုတ် (၁၀)ရက်၊ စနေနေ့ မွန်းလွဲ (၁:၃၆)နာရီတွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးမှာ သင်္ခါရတရားတို့၏ ထုံးစံဓမ္မတာအားလျော်စွာ ရုပ်နာမ်ခန္ဓာကို စွန့်ခွာတော်မူခဲ့ရပါလေသည်။ အကယ်၍သာ ဤအချိန် ဤကာလတွင် ဆရာတော်ဘုရားကြီးသည် လွန်တော်မမူသေးဘဲ ရှိနေဦးမည်ဆိုပါလျှင် ဤအဘိဓမ္မာတရားတော်ကြီးမှာ

၂၅၈၁၈ သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။



ဆရာတော်ဘုရားကြီး၏ နောက်ဆုံးပြုစုရေးသားတော်မူသွားသော တရားတော်ကြီး ဖြစ်လာနိုင်မည်မဟုတ်ပါ။

ယခုသော် ဤအဘိဓမ္မာတရားတော်ကြီးကို ပြုစုတော်မူပြီးနောက်တွင် မည်သည့်ကျမ်းစာတရားတော်ကိုမျှ မပြုစုမရေးသားတော့ဘဲ လွန်တော်မူသွားခဲ့ပြီးဖြစ်သဖြင့် ဤအဘိဓမ္မာတရားတော်ကြီးမှာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ နောက်ဆုံးပြုစုရေးသားသွားတော်မူသော တရားတော်ကြီး တစ်ထုံးတစ်ဖွဲ့အဖြစ်ဖြင့် ထူးထူးခြားခြား ကျန်ရစ်ခဲ့ပါလေပြီ။ "အပ္ပမာဒ ဒေသနာတော်" သည် မြတ်စွာဘုရား၏ နောက်ဆုံးတရားတော်ဖြစ်သကဲ့သို့ ဤအဘိဓမ္မာတရားတော်ကြီးသည်လည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ နောက်ဆုံးပြုစုတော်မူသော တရားတော်ကြီးဖြစ်သည်ကို မမေ့နိုင်ဖွယ် ထူးကဲစွာပင် မှတ်တမ်းတင်ကြရမည် ဖြစ်ပါတော့သည်။

ဝက်လက်–မစိုးရိမ်ဦးတိသ

၁၃၄၄–ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀–ရက်၊ စနေနေ့။
သာသနာ–၂၅၂၆ (၁၄–၈–၈၂)

(တတိယအကြိမ်)

# အဘိဓမ္မာတရားတော်ကြီး

ဒီကနေ့ ၁၃၃၆-ခုနှစ်၊ ပြာသိုလပြည့်နေ့ (၂၆-၁-၇၅)ဖြစ်တယ်။ အချိန်က နေမွန်းလွဲ ၁-နာရီခွဲနဲ့ ၄၇-မိနစ်လောက်ရှိပါပြီ။ ယခုအချိန်မှစပြီးတော့ အစဉ်ကျရာ တရားကိုဟောရမယ်။ ဗုဒ္ဓဝါတော်စဉ်အတိုင်း ထင်ရှားရာသုတ်တွေကို ယူပြီးတော့ ဟောနေပါတယ်။

"ပ-ဗာ, တိ-ရာ၊ ဝေ, မ, တာဝယ်၊ တဝါစိရှု" တဲ့။

ပ-ဗာ။ ပထမဝါမှာ ဗာရာဏသီ မိဂဒါဝုန်တောမှာ ဓမ္မစကြာတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ ဒီတရားတော်ကို "ဓမ္မစကြာတရားတော်ကြီး" အမည်နဲ့ ဟောခဲ့ပြီးပါပြီ။

တိ-ရာ။ ရာဇဂြိုဟ်ပြည်မှာ သုံးဝါကပ်ပြီးတော့ မြတ်စွာဘုရား သီတင်းသုံးတော်မူပါတယ်။ ဒီလို သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်ပြည်မှာ ဟောတဲ့ သုတ်တွေကတော့ အများကြီးပါပဲ။ ဒီသုတ်တွေကိုလည်း အကုန်မဟုတ်ပေမယ့် တချို့သုတ်တွေကို ဟောပြီးခဲ့ပါပြီ။

ဝေ။ ဝေသာလီပြည်မှာ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ သုတ်တွေကိုလည်း ဟောသင့်သလောက်ကို ဟောပြီးခဲ့ပြီ။ အဲဒါ ပဉ္စမဝါမှာ ဟောတော်မူတဲ့ သုတ်တွေပဲ။

ဆဋ္ဌမ-ခြောက်ခုမြောက် ဝါမှာတော့ မ-မကုလတောင်မှာတဲ့၊ မကုလတောင်ဆိုတာ ရာဇဂြိုဟ်ပြည်ရဲ့ တောင်ဘက်လောက်ကျပါတယ်။ အဲဒီက တောင်ဘက်တောင် မကသေးဘူး။ မြတ်စွာဘုရားပွင့်တော်မူတဲ့ ဗောဓိမဏ္ဍိုင်ရဲ့ တောင်ဘက်လည်း ကျပါတယ်။ ဦးစက္ကပါလပြုစုတဲ့ ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်းမှာ မဇ္ဈိမဒေသရဲ့ တောင်ဘက်ဆုံးလောက်ရောက်နေကြောင်း ပြဆိုထားပါတယ်။ ပေသကမ္မနိဂုံးဆိုတာ အဲဒီ နိဂုံးကြီးရဲ့အနီးမှာ ရှိနေပါတယ်။ မဇ္ဈိမဒေသရဲ့

တောင်ဘက်အစွန်းလောက်တောင် ရောက်နေတယ်။ အဲဒီမှာ တောင်တစ်လုံးရှိတယ်။ မကုလကောင်တဲ့။ အဲဒီ မကုလတောင်မှာ ခြောက်ဝါမြောက် ဝါဆိုတော်မူတယ်လို့ အင်္ဂုတ္တရအဋ္ဌကထာ ဓမ္မပဒအဋ္ဌကထာ စသည်တို့မှာ ပြထားပါတယ်။ ဒါပေမယ့် အဲဒီ မကုလတောင်မှာဟောတဲ့ သုတ်တရားကိုတော့ သင်္ဂါယနာတင်တဲ့နေရာမှာ သင်္ဂါယနာတင် အရှင်တို့က ဖော်ပြထားတာ မတွေ့ရဘူး။ အဲဒီ မကုလတောင်မှာ သီတင်းသုံးတော်မူစဉ်အခါတုန်းက ဘယ်တရားကို ဟောတယ်လို့ဆိုတာ ရှာလို့ မတွေ့ရဘူး။ အဲဒီလို ရှာမတွေ့ရတာတွေ ၂-ဌာန၊ ၃-ဌာန ရှိသေးတယ်။ သင်္ဂါယနာတင်စဉ်က ရှာမတွေ့တဲ့ နေရာလေးတွေမှာ ဟောတဲ့တရားတော့ ရှိမှာပါပဲ။ တစ်ဝါတွင်းလုံး သီတင်းသုံးနေတာပဲ။ မဟောဘဲတော့ နေမှာ မဟုတ်ပါဘူး။ ဟောမှာပါပဲ။ သင်္ဂါယနာတင်စဉ်က မဖော်ပြတော့လည်း မတွေ့ရဘူးပေါ့။ မဖော်ပြတာကလည်း အကြောင်းတော့ရှိပါလိမ့်မယ်။ ဒီပြင်နေရာမှာ ဟောတဲ့တရားတွေနဲ့ ထပ်တူဖြစ်နေလို့ မဖော်ပြတာလည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ အဲ အခုဒီမှာ ဝါစဉ်အတိုင်းဟောတဲ့အခါကျတော့ မကုလတောင်မှာ ဟောတဲ့တရားကိုတော့ ရှာမတွေ့လို့ မဟောတော့ဘူး။ ဒါကြောင့် ကျော်ပစ်ခဲ့ရတော့မယ်။

ဝေ, မ, တာဝယ် တဲ့၊ ဝေသာလီရယ်၊ မကုလတောင်ရယ်၊ တာဝတိံသာရယ် အဲဒီဌာနတွေမှာ တစ်ဝါစီရှုပါ တဲ့၊ တာဝတိံသာမှာ သတ္တမမြောက် ဝါကပ်တော်မူပါတယ်။ အဲဒီ တာဝတိံသာမှာ ဟောတော်မူတဲ့ တရားကိုတော့ အခုဟောမယ်။ တာဝတိံသာမှာ ဝါကပ်စဉ် ဟောတော်မူတဲ့တရားက အဘိဓမ္မာတရားတော် တဲ့၊ အဲဒီ အဘိဓမ္မာတရားတော်ကို မြတ်စွာဘုရားက ဝါတွင်းသုံးလပတ်လုံး ဟောတာပဲ၊ နည်းတဲ့တရားတွေမဟုတ်ဘူး၊ အဲဒီတရားတော်တွေကိုတော့ ဆုံးအောင်ဟောဖို့ မဖြစ်နိုင်ဘူး၊ တော်ရုံလောက်ပဲ ဟောရမယ်။

အဘိဓမ္မာဒေသနာနဲ့စပ်ပြီးတော့ အဋ္ဌကထာက ဖွင့်ပြတော့မယ်ဆိုတော့ ရတနာသုံးပါးကို ရှေးဦးစွာ ပဏာမပြုထားတယ်။ အဲဒီ ရှိခိုးတဲ့ ပဏာမဟာ အင်မတန်ကြည်ညိုစရာကောင်းတာပဲ၊ ကြည်ညိုစရာကောင်းတဲ့အတိုင်း အဘိဓမ္မာ ပဏာမသာမက ဘုန်းကြီးက ဝိနည်းအဋ္ဌကထာပဏာမရော, သုတ် အဋ္ဌကထာ ပဏာမရော, အခြေခံအဖြစ်နဲ့ ဟောရမယ်။ အဘိဓမ္မာ အဋ္ဌကထာကလာတဲ့

ပဏာမကိုဟောပြီးတဲ့နောက်မှ ယမိုက်ပြာဋိဟာ ပြပုံတွေကိုလည်း ဟောရဦးမယ်။ ယနေ့တော့ နိဒါန်းဟောရတာနဲ့ပဲ အချိန်ကုန်လိမ့်မယ်ထင်တယ်၊ အဘိဓမ္မာတရားကို ဟောဖို့ ဒီကနေ့ ရောက်ချင်မှရောက်မယ်၊ အဘိဓမ္မာတရားကလည်း မြတ်စွာဘုရားက သုံးလတောင်ဟောတော်မူထားတော့ တရားတော်က အင်မတန် ရှည်လျားနေတယ်၊ ဒီအဘိဓမ္မာတရားရှည်ကြီးကို ဘုန်းကြီးကတော့ အနည်းဆုံး သုံးရက်လောက်ကြာအောင် ဟောရမယ်၊ ဒီထက်များချင်လည်းများမှာပဲ၊ အခြေအနေအရ ကြည့်ပြီး ဟောသွားရမှာပဲ၊ အဘိဓမ္မာတရား ဟောရတာက တရားအားထုတ်ဖို့တော့ မဟုတ်ဘူး၊ ဗဟုသုတများကြဖို့ပါပဲ။

## အတုယူကြဖို့ပါပဲ

ဟောတော်မူထားတာကလည်း တာဝတိံသာမှာ ဟောတော်မူထားတာပဲ၊ လူတွေကို ဟောတော်မူထားတာမှ မဟုတ်ပဲဘဲ၊ ယခု လူတွေအတွက်တော့ ဗဟုသုတများဖို့အနေနဲ့ ဘုန်ကြီးကဟောရမယ်။

အဋ္ဌကထာဆရာက ဝိနည်းပိဋကတ်ကို ရေးဦးစွာ ဖွင့်ပြစီရင်တော်မူထားပါတယ်။ ဒီလို စီရင်ရာမှာ အန္တရာယ်ကင်းပျောက်ခြင်း၊ ကျမ်းပြီးခြင်း အကျိုးရှိတယ်ဆိုတဲ့အနေနဲ့ ရှေးဦးစွာ ရတနာသုံးပါးအား ရှိခိုးခြင်းဆိုတဲ့ ပဏာမကိုပြပါတယ်။ ပဏာမတွေက ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးရဲ့ ဂုဏ်တွေကို ထုတ်ဖော်ချီးကျူးထားတာဆိုတော့ အင်မတန်ကောင်းပါတယ်။ အဲဒီ အဋ္ဌကထာဆိုထားတဲ့ ပဏာမတွေကို အတုယူပြီးတော့ နောက်နောက် ပုဂ္ဂိုလ်တွေက ကျမ်းပြုလို့ရှိရင် အဲဒီလိုပဲ ဘုရားအစရှိတဲ့ ရတနာသုံးပါးအား ရှိခိုးတဲ့ ပဏာမတွေကို ရေးကြရပါတယ်။ ရှေးက ပဏာမတွေ ဒီလိုရေးကြတာပါပဲ။ အခုခေတ်မှာတော့ တယ်ပြီးအရေးမကြီးတဲ့ ကျမ်းပြုကြတာမို့ ပဏာမရယ်လို့ တယ်ပြီးရေးလေ့မရှိတာကများပါတယ်။ ဒီအတိုင်းပဲ စာသားစာကိုယ်ကစပြီး ရေးလေ့ရေးထရှိလာကြပါတယ်။ အဲ ဝိနည်းအဋ္ဌကထာ ပဏာမမှာ . ဘယ်လို . ပဏာမပြုထားသလဲဆိုရင် . . . .

ယော ကပ္ပကောဋီဟိပိ အပ္ပမေယျံ၊
ကာလံ ကရောန္တော အတိဒုက္ကရာနိ။
(တတိယအကြိမ်)

ခေဒံ ဂတော လောကဟိတာယ နာထော။
နမော မဟာကာရုဏိကဿ တဿ-တဲ့။

(ပါရာဇိကဏ် ၄-ပ-တွဲ)

ဒါဟာ ပထမဆုံး ဂါထာပါပဲ။

ယော နာထော၊ လူသုံးပါးတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော အကြင် မြတ်စွာဘုရားသည်။ ကပ္ပကောဋိဟိပိ၊ ကမ္ဘာပေါင်း ကုဋေတို့ဖြင့်သော်လည်း။ အပ္ပမေယျံ၊ မနှိုင်းယှဉ် မရေတွက်နိုင်သော။ ကာလံ၊ ကာလပတ်လုံး။ ကာလံ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး။ လောကဟိတာယ၊ လောကဟုဆိုအပ်သော သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ။ အတိဒုက္ကရာနိ၊ အလွန်ပြုနိုင်ခဲကုန်သော ပါရမီ,စရိယ,ပရိစာဂတို့ကို။ ကရောန္တော၊ ပြုတော်မူရသည်ဖြစ်၍။ ခေဒံ၊ ကိုယ်တော်၏ ပင်ပန်းခြင်းသို့။ ဂတော၊ ရောက်တော်မူခဲ့လေပြီ။

မြတ်စွာဘုရားအလောင်းတော်ဟာ ဒီပင်္ကရာ မြတ်စွာဘုရားထံတော်ကတည်းက နိဗ္ဗာန်ကိုယူလိုက ရယူနိုင်ပါတယ်တဲ့။ ဒါပေမယ့် လောကရဲ့အကျိုးစီးပွား အလို့ငှာ လက်တော်သို့ ရောက်လုနီးဖြစ်တဲ့ နိဗ္ဗာန်ကို ယူတော်မမူသေးဘဲ ထားခဲ့တယ်။ အားခဲပြီး အင်မတန်ခဲယဉ်းတဲ့ ပါရမီ, စရိယ, ပရိစာဂအကျင့်တွေကို ဆက်လက်ပြီး ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့ပါတယ်။ ဘယ်လောက်ကြာအောင် နေခဲ့ရသလဲဆိုရင် ရေတွက်ခြင်းငှာ မစွမ်းနိုင်တဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပတ်လုံးပါပဲ တဲ့။

ဒါကို အဘိဓာန် ပဏ္ဍာမက-

"ကရုဏာကရော၊ မဟာကရုဏာ၏ တည်ရာဖြစ်တော်မူသော။ ယော တထာဂတော၊ အကြင်မြတ်စွာဘုရားသည်။ ကရောပယာတံ၊ လက်တော်သို့ရောက်သော။ (လက်တော်သို့ရောက်တော့ မရောက်သေးပါဘူး။ ဒါပေမယ့် ယူမယ်ဆိုရင် ရနိုင်နေတာဖြစ်လို့၊ ဒါမှမဟုတ်ရင်လည်း ရဖို့ရန် လက်တစ်လှမ်းလောက်သာ လိုတော့တဲ့အတွက် အင်မတန် နီးကပ်နေတာဖြစ်လို့ "လက်တော်သို့ရောက်သော"လို့ ဆိုပါတယ်)။ သုခပ္ပဒံ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော။ ပဒံ၊ နိဗ္ဗာန်ကို။

(တတိယအကြိမ်)

ညြသနွ၊ စွန့်တော်မူ၍။ ကလိသမ္ဘဆေ၊ ဆင်းရဲခြင်း၏အကြောင်းဖြစ်လေသော။ ဘဝေ–သံသာရေ၊ သံသရာ၌။ ကောဝလဒုက္ခရဲ၊ စင်စစ်ပြုနိုင်ခဲလှစွာသော ပါရမီဆယ်ပါး အပြားသုံးဆယ်ကို။ ကရဲ–ကရောန္တော၊ ပြုတော်မူသည်ဖြစ်၍။ ပရတ္ထံ၊ သူတစ်ပါးတို့၏ အကျိုးစီးပွားကို။ အကာ၊ ပြုတော်မူခဲ့လေပြီ”တဲ့။ ဒီလိုဆိုပါတယ်။

အခုဒီမှာတော့ “ကပ္ပကောဋီဟိပိ၊ ကမ္ဘာပေါင်း အကုဋေတို့ဖြင့်သော်လည်း။ အပ္ပမေယျံ၊ မနှိုင်းယှဉ် မရေတွက်နိုင်လောက်သော။ ကာလံ၊ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပတ်လုံး” တဲ့၊ နည်းတဲ့ကာလတွေမဟုတ်ဘူး၊ ကမ္ဘာဆိုတာ တစ်ကမ္ဘာဆိုရင် အကြာကြီးပဲ၊ အဲဒီလို အကြာကြီးပေါင်း ကမ္ဘာတွေ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာတယ်တဲ့။

အခု ဒီကမ္ဘာမှာဆိုရင် ကကုသန်မြတ်စွာဘုရားလည်း ပွင့်တော်မူသွားပြီ၊ ကောဏာဂုဏ်မြတ်စွာဘုရားလည်း ပွင့်တော်မူသွားပြီ၊ ကဿပမြတ်စွာဘုရားလည်း ပွင့်တော်မူသွားပြီ၊ အခုရှိနေတာက ဂေါတမမြတ်စွာဘုရားရဲ့ သာသနာတဲ့၊ ဒီသာသနာတော် ကွယ်ပြီးနောက်မှာသက်တမ်းတွေဆုတ်ယုတ်လို့ဆယ်နှစ်တမ်းကို ရောက်မယ်။ အဲဒီ ဆယ်နှစ်တမ်းကျတော့ သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ်ဆိုတဲ့ ကပ်ကြီးသုံးပါးတွင် တစ်ပါးပါးနဲ့ ကြုံကြရလိမ့်မယ်လို့ ဆိုတယ်။ အခုလည်းပဲ လက်နက်ဘေးရန်တွေကြောင့် သေကျေပျက်စီးနေကြ တာတွေရှိတာပါပဲ။ အင်း အစာငတ်လို့ သေတာတွေလည်းရှိတာပဲ၊ ရောဂါဆိုးတွေ ကြောင့် သေတာတွေလည်းရှိနေတာပဲ။ ဒါပေမယ့် ဒါတွေကတော့ အခု အများသတ္တဝါတွေနဲ့ သိပ်မဆိုင်ဘူး၊ လူတို့ အသိုင်းအဝန်းနယ်ပယ်မှာပဲ ဖြစ်တယ်၊ အကုန်လုံးနဲ့မဆိုင်ဘူး။ ကမ္ဘာစစ်ကြီးဖြစ်တယ်ဆိုတာတောင်မှလည်းပဲ လွတ်နေတဲ့နိုင်ငံတွေ၊ ပုဂ္ဂိုလ်တွေ အများကြီးရှိနေကြသေးတာပဲ။ ဆယ်နှစ်တမ်း ကျတော့ ကပ်ကြီးသုံးပါး ဆိုက်တယ်ဆိုတာက ကမ္ဘာကြီးတစ်ခုလုံးနဲ့ သက်ဆိုင် သွားတယ်၊ နည်းနည်းမဟုတ်ဘူး။ အခုပြောတဲ့ ဆယ်နှစ်တမ်းကျလို့ရှိရင် ဆိုက်ရောက်မည့်ကပ်ကတော့ သတ္တန္တရကပ်နဲ့ပဲတူတယ်၊ ဘာပြုလို့လည်းဆိုရင် အခုလက်နက်တွေက သိပ်ပြီးဆန်းဆန်းပြားပြား ပေါ်နေလို့ပါပဲ။ အဲဒီလက်နက်

ဆန်းတွေနဲ့ တစ်ဦးကိုတစ်ဦး သတ်ဖြတ်ကြလို့ လူတွေ ကုန်သလောက်နီးပါး အမြောက်အမြား သေကျေပျက်စီးကြမယ်တဲ့။ မိုက်ကန်းတဲ့သူတွေကတော့ တစ်ယောက်နဲ့တစ်ယောက် သတ်ပြီးတော့ သေကုန်ကြမယ်။

ကျန်နေရစ်မှာကတော့ လောဘ, ဒေါသ, မောဟ နည်းတဲ့ပုဂ္ဂိုလ်တွေ ကျန်နေရစ်ကြမှာပဲ၊ အဲဒီ ကျန်ရစ်တဲ့ပုဂ္ဂိုလ်တွေဟာ မေတ္တာတရားတွေ ပွားကြပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်အားထုတ်ကြမယ်။ သူတို့က မွေးဖွားတဲ့ သားသမီးတွေဟာ အဆင့်ဆင့်တိုးတိုးပြီးတော့ အသက်ရှည်လာကြမယ်။ ဒီလို အဆင့်ဆင့် ဘယ်ထိအောင် အသက်ရှည်ကြမလဲဆိုရင် အသက်အသင်္ချေယျ ကပ်တိုင်အောင် ရှည်ကြမယ်တဲ့။ တစ်ခါ အသက်အသင်္ချေယျ ကပ်တိုင်အောင် အသက်ရှည်ကြတဲ့လူတွေက တဖြည်းဖြည်းနဲ့ တရားဆုတ်ယုတ်လာ ကြပြန်မယ်။ ဒီလို တရားဆုတ်ယုတ်လာပြန်တာနဲ့ တစ်ဖန် အသက်တွေတိုလာကြပြန်တယ်။ ဒီလို ဆုတ်ယုတ်လာလို့အနှစ်နှစ်သောင်းတမ်း(တစ်သောင်းက ကျော်နေတာဖြစ်နေလို့ အနှစ်တစ်သိန်းတမ်းလို့ ဆိုလိုတာပေါ့) ရောက်လာတဲ့အခါမှာ အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်တော်မူလိမ့်မယ် တဲ့။

## ပါရမီဖြည့်ကျင့်ရတာ သိပ်ပင်ပန်းတယ်

ဘုရားတစ်ဆူတစ်ဆူ ပွင့်တော်မူတယ်ဆိုတာ အကြာကြီးပဲ၊ နည်းနည်းနောနော ကြာတာမဟုတ်ဘူး၊တစ်မျှော်တစ်ခေါ်ကြီးကြာတာပဲ။ အဲဒီ ဘုရားပွင့်တော်မူ ပြီးတဲ့နောက် အဲဒီ ဘုရားသာသနာဟာ ကွယ်ဦးမယ်၊ သာသနာကွယ်ပေမယ့် ကမ္ဘာကြီးကတော့ရှိဦးမှာပါပဲ။ ဒီကမ္ဘာမှာ စပြီးပွင့်တော်မူခဲ့တဲ့ ကကုသန်မြတ်စွာဘုရား မပွင့်မီကလည်း ကမ္ဘာတွေ အများကြီးကြာခဲ့ပြီ။ အဲဒီလို ကမ္ဘာတွေမပျက်ဘဲ တည်ပြီးတော့နေတာကို ဝိဝဋ္ဋဋ္ဌာယီကပ်လို့ခေါ်တယ်။ ဒီလို တည်ရှိနေတဲ့ ကမ္ဘာကြီးလည်းပဲ တစ်နေ့ ပျက်ချိန်ကျတော့ပျက်မယ်၊ မီးလောင်လို့ ပျက်တာလည်း ရှိတယ်၊ ရေကြောင့်ပျက်တာလည်းရှိတယ်၊ လေတိုက်လို့ ပျက်တာလည်းရှိတယ်။ ဒီလို အကြောင်းအမျိုးမျိုးနဲ့ ကြေမွသွားအောင်ပျက်စီးသွားမယ်။ ဒီလို ပျက်စီး နေတာကလည်း ခဏကလေးနဲ့ ပြီးသွားတာမဟုတ်သေးဘူး။ အကြာကြီးပဲ၊ အခုနေတဲ့ ဝိဝဋ္ဋဋ္ဌာယီကပ်ကြီးလောက် ဒီလူတွေပဲ ကြာတယ်လို့ဆိုတယ်။

(တတိယအကြိမ်)

ဒီလို ပျက်သွားပြီးရင် ဟာလာဟင်းလင်းကြီး ဘာမှမရှိတော့ဘူး။ ကမ္ဘာ့ အဆောက်အအုံတွေ ဘာမှမရှိတော့ဘူး။ ဒီလို အပျက်ကြီးအတိုင်းတည်နေတဲ့ ကပ်ဆိုတာလည်း ရှိသေးတယ်။

ရှေးကတော့ ဒီကမ္ဘာကို အပြားကြီးအနေနဲ့ စဉ်းစားထားကြတယ်၊ အခုခေတ်မှာတော့ ကမ္ဘာကို အလုံးကြီးလို့ပြောဆိုပြီး အသိအမှတ်ပြုနေကြတယ်။ အဲဒီအတိုင်းပဲ ဖြစ်ဖြစ်ပေါ့လေ။ အဲဒီ ကမ္ဘာကြီးဟာ ဒီလိုပဲ တည်လိုက်ပျက်လိုက် တည်လိုက်ပျက်လိုက် ဖြစ်နေတဲ့ကပ်ဟာ လေးကပ်ရှိပြီဆိုရင် အဲဒီလေးကပ်ကို တစ်ကမ္ဘာလို့ ခေါ်တယ်။ ဒီလို ကမ္ဘာပေါင်း မရေမတွက်နိုင်တာကို တစ်သင်္ချေလို့ ခေါ်တယ်။ အဲဒီလို အသင်္ချေပေါင်း လေးသင်္ချေတဲ့၊ သင်္ချေမှ အပိုအစွန်း ကမ္ဘာက တစ်သိန်းတဲ့၊ အဲဒါကို-

"ကပ္ပကောဋိဟိပိ၊ ကမ္ဘာပေါင်း အကုဋေတို့ဖြင့်သော်လည်း။ အပ္ပမေယျံ၊ မနှိုင်းယှဉ် မရေတွက်နိုင်လောက်သော။ ကာလံ၊ လေးအသင်္ချေနဲ့ကမ္ဘာ တစ်သိန်း ကာလပတ်လုံး။ လောကဟိတာယ၊ လောကဟု ဆိုအပ်သော သတ္တဝါအပေါင်း၏ အကျိုးစီးပွားအလို့ငှာ။ အတိဒုက္ကရာနိ၊ အလွန်ပြုနိုင်ခဲကုန်သော ပါရမီ, စရိယ, ပရိစာဂတို့ကို။ ကရောန္တော၊ ပြုတော်မူသည်ဖြစ်၍။ ခေဒံ၊ ကိုယ်တော်၏ပင်ပန်းခြင်းသို့။ ဂတော၊ ရောက်တော်မူခဲ့လေပြီ"တဲ့။

ဒီလောက်ရှည်လျားတဲ့ ကာလအထိဆိုတော့ ဖြည့်ကျင့်ရတာ ပင်ပန်းတာပေါ့၊ ဒီပင်္ကရာမြတ်စွာဘုရား သာသနာတော်မှာဝင်ပြီး ရဟန်းပြု တရားအားထုတ်လိုက်မယ်ဆိုရင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံသွားမယ်။ ဒီလိုဆိုရင် အေးတာပဲ။ ဒီလို မဟုတ်ဘဲ အခုတော့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး အဖြစ်အမျိုးမျိုး၊ ဘဝအမျိုးမျိုး ပါရမီတော်တွေကို ဖြည့်ကျင့်တော်မူခဲ့ရတယ်။ လူ့ဘဝမှာချည်း ဖြစ်ခဲ့ရတာလည်း မဟုတ်ဘူး။ တိရစ္ဆာန်ဘဝတွေမှာ ဖြစ်ခဲ့ရတာလည်း အများကြီးပါပဲ။ တေမိဇာတ်မှာ ဆိုရင် ငရဲကျရောက်ရတာတောင်မှ ပါဝင်ကြောင်း သိရသေးတယ်။ ဆင်းရဲတဲ့ ဘဝတွေဟာ အဲဒီလို အများကြီး ပါပဲ။ ဖြစ်ရတဲ့ ဘဝတိုင်း ပါရမီဖြည့်ခွင့် ရပြီဆိုရင်လည်း ပါရမီကုသိုလ်တွေကို ဆင်းဆင်းရဲရဲ ဖြည့်ကျင့်တော်မူရသေးတယ်။ ဝေဿန္တရာဘဝမှာတုန်းက တိုင်းပြည်မှ

နှင်ထုတ်ခံရတာနဲ့၊ အလှူခံပုဂ္ဂိုလ်တွေရောက်လာတိုင်း လှူရတာနဲ့ ဒီလိုလှူနေရတာ နောက်ဆုံး သားသမီးနဲ့ဇနီးပါမကျန် လှူနေရတယ်။ ဇူဇကာပုဏ္ဏားကြီးလို ရက်စက်တဲ့ အလှူခံနဲ့တွေ့တဲ့အခါလည်း တွေ့ရသေးတာပဲ။ ဒီပုဏ္ဏားကြီးဟာ သားသမီးတွေကို အလှူခံပြီး ဖခင် ဝေဿန္တရာမင်းကြီးရဲ့ မျက်မှောက်မှာပင် သားငယ်သားသမီးငယ်တွေကို ရိုက်နှက်လိုက်သေးတယ်။ ဒီအခါမှာ အလောင်းတော် အတွက် အများကြီး စိတ်နှလုံးမချမ်းမသာဖြစ်တော်မူရတယ်။ အခုလို လူသာမန် တွေသာဆိုရင် ဒီလိုအခါမှာ ဒီလိုလည်းကြည့်ပြီး သည်းခံနေကြမှာ မဟုတ်ဘူး။ ဒါပေမယ့် အလောင်းတော်မှာတော့ ဖြည့်ကျင့်ခွင့်ရတဲ့ ပါရမီအတွက် ကျေနပ်နေမှာ ပါပဲ။ အဲဒီလို ဖြည့်ကျင့်ရတဲ့ပါရမီတွေက ၁၀–ပါး၊ စွန့်ခြင်းကြီးက ၅–ပါး၊ စရိယက ၃–ပါး၊ အဲဒါတွေကို လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဆင်းရဲပင်ပန်းစွာ ဖြည့်ကျင့်ခဲ့ရတယ်။

## ဆေးမသောက်ရင် ရောဂါမပျောက်ဘူး

ဒါနပါရမီ၊ သီလပါရမီ စသည်တွေကို သာမန်ပုဂ္ဂိုလ်တွေထက် လွန်လွန်ကဲကဲ အပင်တပန်း ဖြည့်ကျင့်တော်မူခဲ့ရတယ်။ သာမန်ပုဂ္ဂိုလ်တွေစွန့်နိုင်ခဲတဲ့ စွန့်ခြင်း ကြီး ၅–ပါးကိုလည်း စွန့်တော်မူခဲ့ရတယ်။ သားစွန့်၊ သမီးစွန့်၊ ဇနီးကိုပါ စွန့်နိုင်ခဲ့တာတွေကို မငဲ့မကွက် စွန့်ခဲ့ရပါတယ်။ ဘာအတွက် ဒီလိုဖြည့်ကျင့် စွန့်လွှတ်ခဲ့ရပါသလဲဆိုရင် "လောကဟိတာယ၊ လောကဟု ဆိုအပ်တဲ့ သတ္တဝါတို့ အကျိုး"တဲ့။

သတ္တဝါတွေဆိုတာက တခြားသတ္တဝါတွေ မဟုတ်ပါဘူး။ ယခု ဂေါတမ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ကျွတ်တမ်းဝင်ကြတဲ့ သတ္တဝါတွေပါပဲ၊ အရှင်သာရိပုတ္တရာတို့၊ အရှင်မောဂ္ဂလ္လာန်တို့၊ အဲဒီကနေပြီး အခုထက်ထိပေါ့၊ မြတ်စွာဘုရားသာသနာတော်ကို ကြည်ညိုပြီး မြတ်စွာဘုရားရဲ့ စကားတော်ကို ယုံယုံကြည်ကြည် လိုက်နာကျင့်သုံးကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ အကျိုးငှာပါပဲ တဲ့၊ တစ်ခြား ရည်ရွယ်တော်မူချက်တော့ အထူးမရှိပါ၊ "ဗုဒ္ဓေါဗောဓေယျံ ငါသိလို့ရှိရင် ငါသိသလိုပဲ သတ္တဝါတွေကို သိအောင် ဟောပြမယ်" ဆိုတဲ့ ရည်ရွယ်ချက်ပဲ ရှိပါတယ်။ ဒါပေမယ့်လို့ ဘုရားစကားတော်ကို မယုံကြည် မလိုက်နာတဲ့

ပုဂ္ဂိုလ်တွေရဲ့အတွက်ကိုတော့ ထည့်တွက်လို့ မဖြစ်ဘူးပေါ့။ မယုံကြည်သူတွေရဲ့ အတွက်ကတော့ အကျိုးမရှိပါဘူး။

မယုံကြည်ရုံတွင်မက မြတ်စွာဘုရားကို ပြစ်မှားလို့ရှိရင် အကျိုးမရှိရုံသာမကဘဲ ငရဲကျသည်အထိ အကျိုးမဲ့တာတွေတောင်ရှိပါသေးတယ်။ ဆေးဆရာရဲ့ စကားကို နားမထောင်တဲ့ ရောဂါသည်လူနာတွေလိုပဲပေါ့၊ ရောဂါပျောက်စေတဲ့ ဆေးကို သောက်ဖို့ရာ ဆေးဆရာကညွှန်ပေမယ့် ရောဂါသည်က မယုံကြည်လို့ မသောက်ဘူးဆိုရင် ဘယ်မှာရောဂါပျောက်ကင်းလိမ့်မှာလဲ၊ ရောဂါမပျောက်ဘူးပေါ့။ ဒီလို ရောဂါသည်ရဲ့အတွက် ဆေးဆရာက ဘာမှ မတတ်နိုင်ပါဘူး။ အဲဒီလိုပါပဲ မြတ်စွာဘုရား စကားတော်ကိုမှ နားမထောင်ရင် မတတ်နိုင်ဘူးပေါ့။

ပါရမီတွေ ဖြည့်ကျင့်တော်မူတာဟာ သံသရာဝဋ်ထဲမှာ ဆင်းရဲနေတဲ့သတ္တဝါတွေကို လွှန်လွှန်ကဲကဲ သနားလွန်းလို့ ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့တာပါတဲ့။ ဒါကြောင့်-

"မဟာကာရုဏိကဿ၊ ကြီးစွာသောသနားခြင်းရှိတော်မူသော။တဿနာထဿ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။ မေ၊ ငါ၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ သတည်း"တဲ့၊ ဘုန်းကြီးက ဒီနေရာမှာ ဆောင်ပုဒ်ကလေး လုပ်ထားတယ်၊ လိုက်ဆိုကြ-

"သနျော်လေးရပ်, သိန်းကပ်ကြာရှည်"

အဲဒါ "ကပ္ပကောဋိဟိပိ အပ္ပမေယျံ ကာလံ" ဆိုတာကို မြန်မာစီထားတာပဲ၊ ကဲ နောက်တစ်ပုဒ် ဆိုကြရမယ်-

"သတ္တဝါများ, စီးပွားမျှော်ရည်"

ဒါကတော့ "လောကဟိတာယ-လောကဟု ဆိုအပ်သော သတ္တဝါအပေါင်း၏ အကျိုးစီးပွားအလို့ငှာ"ဆိုတာကို စီထားတာပါပဲ၊ နောက်တစ်ပုဒ် ဆိုကြရမယ်၊ လိုက်ဆို-

"ပြုနိုင်ခဲစွာ, ပြုရလေသည်"

အဲဒါက "အတိဒုက္ကရာနိ ကရောန္တော အလွန်ပြုနိုင်ခဲကုန်သော ပါရမီ, စရိယ, ပရိစာဂတို့ကို ပြုတော်မူသည်ဖြစ်၍" ဆိုတာကို စီထားတာပါပဲ၊ ကဲ နောက်တစ်ပုဒ်ကို ဆိုကြဦးစို့-

(တတိယအကြိမ်)

"အလွန်သနားတဲ့၊ ဘုရားရှိခိုးသည်"တဲ့။

အဲဒါက "နာမော မဟာကာရုဏိကဿ၊ တဿ ကြီးစွာသော သနားခြင်း ရှိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏ဘုရား" ဆိုတဲ့ အပိုဒ်ကို ရေးစီထားတာပါပဲ။ အဲဒီမှာ အလွန်သနား ဘုရားရှိခိုးသည်လို့ဆိုရင် သိပ်ပြီး မပေါ်လွင်လှတာဖြစ်လို့(တဲ့)ဆိုတဲ့ အပိုစကားလုံးကလေးတစ်လုံးကို ထည့်ထားလိုက် ရသေးတယ်။ "အလွန် သနားတော်မူတဲ့ မြတ်စွာဘုရားအား ရှိခိုးပါ၏" တဲ့။ အဋ္ဌကထာဆရာက ဒီလို ရှိခိုးထားပါတယ်။

အဲ အခုလည်း တရားနာရင်း အဲဒီဂုဏ်တော်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို အာရုံပြုပြီး ရှိခိုးကြရမယ်။ ကြည်ညိုစရာလည်း အင်မတန်ကောင်းပါတယ်။ ကဲ အားလုံးပေါင်းဆိုကြ-

သချော်လေးရပ်၊ သိန်းကပ်ကြာရှည်၊
သတ္တဝါများ၊ စီးပွားမျှော်ရည်၊
ပြုနိုင်ခဲစွာ၊ ပြုရလေပြီ၊
အလွန်သနားတဲ့၊ ဘုရားရှိခိုးသည်။ (ဆို ၃-ခေါက်)

အဲဒါ အဋ္ဌကထာဆရာက ကျမ်းမရေးသားမီ အန္တရာယ်ကင်းခြင်းနဲ့ ကျမ်းပြီး မြောက်ခြင်းအကျိုးငှါ ပဏာမပြုထားတာပါပဲ။ ဒီလို ပဏာမပြုပြီးမှ အလို ရှိတဲ့ကျမ်းကို ရေးသားပြုစုတော်မူပါတယ်။ ဒါဟာ ဝိနည်းအဋ္ဌကထာကို ရေးသားပြုစုတော်မူတဲ့အခါမှာ ရှိခိုးတဲ့ ပဏာမပါပဲ။ ကျက်ထားနိုင်ရင် ကောင်းပါ တယ်။ ဒီလို ကြည်ညိုစရာကောင်းတဲ့ ဘုရားဂုဏ်ကို အာရုံပြုပြီးတော့ ဘုရားရှိခိုးတဲ့အခါ ဒီဘုရားရှိခိုးကိုပါထည့်ပြီး ရှိခိုးနိုင်ပါတယ်။ ပါဠိလိုကတော့ တယ်မလွယ်လှဘူး။ ဗမာလိုကတော့ လွယ်ပါတယ်။ အမိအဘ ဘာသာစကားဖြစ် လို့ အဓိပ္ပာယ်လည်း ပေါ်လွင်ပါတယ်။

## သုတ္တန်အဋ္ဌကထာ ပဏာမ

သုတ္တန် အဋ္ဌကထာတွေဆိုတာကတော့ အများကြီးပဲ။ တစ်ကျမ်းထဲ မကဘူး။ အရှင်ဗုဒ္ဓဃောသရေးထားတာ နိကာယ်လေးရပ်တောင်ရှိတယ်။ အဲဒီ ပဏာမ တွေလည်း ကောင်းပါတယ်။ အဲဒါတွေကိုတော့ ခပ်လွယ်လွယ်ပဲ ပြောရမယ်။

(တတိယအကြိမ်)

ကရုဏာသီတလ ဟဒယံ၊ ပညာပဇ္ဇောတ ဝိဟတမောဟတမံ။
သ-နရာမရ လောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိ ဝိမုတ္တံ တဲ့။

မြတ်စွာဘုရားအား အဲဒီလို ရှိခိုးတော်မူတယ်။ ဓမ္မပဏာမ, အရိယသံဃ ပဏာမတွေမှာလည်း ဒီလိုပဲ၊ တစ်ဂါထာစီရေးပြီးတော့ ရှိခိုးထားပါတယ်။ ပြီးတော့ အဲဒီလို ရတနာသုံးပါးအား ရှိခိုးရတဲ့ကောင်းမှုကြောင့် "သုဝိဟတန္တရာ ယောဟုတွာ" တဲ့။ အဋ္ဌကထာကျမ်းတွေကို ရေးသားရာမှာ အန္တရာယ်ဟူသမျှ ကင်းရှင်းရန်အတွက်ပါတဲ့။

အဲဒီလို ရည်ရွယ်ချက်တွေနဲ့ ဘုရားအစရှိတဲ့ ရတနာသုံးပါးကို ပဏာမပြုထား ပါတယ်။ ဒါတွေကိုလည်း စာတတ်တဲ့ပုဂ္ဂိုလ်တွေအတွက် ကျက်မှတ်ပြီး ရှိခိုးနိုင်ရင်ကောင်းပါတယ်။ ဒါက သုတ္တန်အဋ္ဌကထာတွေမှာလာတဲ့ ပဏာမ၊ အဘိဓမ္မာမှာလာတဲ့ ပဏာမကတော့-

ကရုဏာ ဝိယ သတ္တေသု၊ ပညာ ယဿ မဟေသိနော။
ဉေယျဓမ္မေသု၊ သဗ္ဗေသု ပဝတ္တိတ္ထ ယထာရုစိ တဲ့။

ယဿမဟေသိနော၊ အကြင်မြတ်စွာဘုရား၏။ ကရုဏာ၊ သနားလှစွာသော ကရုဏာသည်။ သတ္တေသု၊ သတ္တဝါတို့၌။ ပဝတ္တိတ္ထဝိယ၊ ဖြစ်လေဘိသကဲ့သို့။ ပညာပိ၊ အသိဉာဏ် ပညာသည်လည်း။ သဗ္ဗေသု၊ အလုံးစုံကုန်သော။ ဉေယျဓမ္မေသု၊ ဉေယျဓမ်တရားတို့၌။ ယထာရုစိ၊ အလိုတော်အတိုင်း။ ပဝတ္တိတ္ထ ဖြစ်တော်မူခဲ့လေပြီတဲ့။

ဒီနေရာမှာတော့ ပညာကို ဥပမေယျအဖြစ်ထားပြီး ကရုဏာကို ဥပမာအဖြစ်ထား လျက် ရှိခိုးတယ်။ သတ္တဝါတွေရဲ့အပေါ်မှာ သနားခြင်းကြီးမားတော်မူတဲ့ မြတ်စွာဘုရားမှာ အလိုရှိတော်မူတိုင်းဖြစ်တယ်တဲ့။ မဟာကရုဏာ သမာပတ် ဝင်စားလိုက်ရင် သတ္တဝါတွေရဲ့အပေါ်မှာ အလိုရှိတော်မူတိုင်း သနားခြင်း ကရုဏာဟာ ဖြစ်သွားတာပဲ။ သတ္တဝါတွေရဲ့အပေါ်မှာ သနားခြင်း ကရုဏာ ဖြစ်တော်မူသလိုပဲ၊ အလုံးစုံသော ဉေယျဓမ္မတရားတို့၌လည်း အလိုတော်ရှိတဲ့ အတိုင်း ပညာဖြစ်နိုင် သိနိုင်တော်မူပါတယ်တဲ့။

ဉေယျဓမ္မာဆိုတာ သိအပ်, သိသင့်, သိထိုက်တဲ့တရားဖြစ်ပါတယ်။ အဲဒီ သိသင့်, သိအပ်, သိထိုက်တဲ့ ဉေယျဓမ်တရားက ၅-ပါးရှိတယ်။ အလုံးစုံသော

တရားကို သိတယ်ဆိုတာဟာ တစ်ပြိုင်နက်တည်း အကုန်လုံးစုပြီး သိတာတော့ မဟုတ်ပါဘူး။ အမြဲတမ်းပဲ သိနေတာမဟုတ်ပါဘူး။ ဆင်ခြင်တော်မူလိုက်ရင် ဆင်ခြင်တိုင်း သိတာကိုသာ ဆိုလိုပါတယ်၊ အဲဒီလိုသိတာကိုပဲ "အလုံးစုံသော တရားတို့ကို သိတော်မူတယ်" လို့ ဆိုပါတယ်။

မျက်စိမြင်တဲ့ ပုဂ္ဂိုလ်တွေလိုပေါ့။ မျက်စိမြင်တဲ့ ပုဂ္ဂိုလ်တွေဟာ ကြည့်လိုက်ရင် မြင်စရာရှိတာတွေကို အကုန်မြင်ကြတာပေါ့။ ဒါပေမယ့် နှလုံးသွင်းပြီးကြည့်တာကိုသာ မြင်ကြတာပဲ။ နှလုံးသွင်းပြီးမကြည့်ရင်တော့ မျက်စိအောက်မှာ ရောက်နေတာကို တောင်မှ မြင်တာမဟုတ်ဘူး။ နောက်ပြီးတော့ အိပ်နေတဲ့အခါမှာလည်းမမြင်ဘူး။ မျက်စိကိုမှိတ်ထားတဲ့အခါမှာလည်းမမြင်ဘူး။ ရှေ့ဘက်ကို ကြည့်နေတဲ့အခါမှာ လည်း နောက်ဘက်၌ ရှိနေတာကိုမမြင်ဘူး။ မျက်စိကောင်းတဲ့သူမှာလည်း ဒီလိုကြည့်ရာ ကြည့်ရာကိုသာမြင်တယ်။ မကြည့်တဲ့ဟာကိုတော့ မမြင်နိုင်ဘူး။

အဲဒီလိုပါပဲ၊ မြတ်စွာဘုရားဉာဏ်တော်ဟာ "အာဝဇ္ဇန ပဋိဗဒ္ဓ" ဆင်ခြင်တဲ့ အာဝဇ္ဇန်းနဲ့ စပ်နေတယ်။ ဒါကြောင့် နှလုံးသွင်းပြီး ဆင်ခြင်တိုင်း၊ ဆင်ခြင်တိုင်း အတားအဆီးမရှိဘဲ သိစရာရှိတာတွေကို အလိုတော်အားလျော်စွာ ထင်ထင်လင်းဟင်း၊ ပေါ်ပေါ်လွင်လွင်၊ သန့်သန့်ရှင်းရှင်း၊ ပြတ်ပြတ်သားသား သိတော်မူပါတယ်တဲ့။

အဲဒီလို ဂုဏ်တော်ကျေးဇူးတော်တွေနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို ရှိခိုးပါတယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ အဋ္ဌကထာဆရာက ပဏာမဂါထာမှာ အဲဒီလို ရေးထားတယ်။ အဲဒီဂါထာရဲ့ အနက်အဓိပ္ပာယ်ကို ဘုန်းကြီးက ဆောင်ပုဒ်ကလေးတစ်ပိုင်း စီထားတယ်။

"သတ္တဝါများ၊ သနားသလိုပင်၊ ဉေယျတရား၊ သိသွား ဉာဏ်မြင်" တဲ့။

ဒီလောက်ပဲ ရှိပါသေးတယ်၊ အဋ္ဌကထာမှာ ရှေ့ဆက်ပြီး ရေးထားတဲ့ ပဏာမဂါထာက–

ဒယာယ တာယ သတ္တေသု၊ သမုဿာဟိတမာနသော။

ပါဠိဟီရာ–ဝသာနမှိ၊ ဝသန္တော တိဒသာလယေ တဲ့။

တာယ ဒယာယ၊ ထိုသနားခြင်းရှိတော်မူသော ကရုဏာဖြင့်။ သတ္တေသု၊ သတ္တဝါတို့၌။ သမုဿာဟိတမာနသော၊ တိုက်တွန်းနှိုးဆော်အပ်သော စိတ်နှလုံး ရှိတော်မူသည်ဖြစ်၍ တဲ့။ မြတ်စွာဘုရားဟောတော်မူတာတွေဟာ ကရုဏာတော်က

(တတိယအကြိမ်)

တိုက်တွန်းလို့ ဟောတာ တဲ့၊ ကရုဏာက မတိုက်တွန်းဘဲ သနားတော်မမူလို့ ရှိရင်တော့ ဒီအတိုင်း ချမ်းချမ်းသာသာ နေတော်မူနိုင်ပါတယ်။ ဒါပေမယ့် မြတ်စွာဘုရားဟာ ဒီအတိုင်း အေးအေးဆေးဆေး နေတော်မမူပါဘူး။ အသက် တမ်းကလည်း တိုတိုဆိုတော့ နေ့ရောညဉ့်ပါပင် မအားမလပ်ရပါဘူး။ ၄၅-ဝါ ကာလပတ်လုံး တစ်နေရာမှ တစ်နေရာသို့ ကြွတော်မူပြီးတော့လည်း ဟောတော်မူပါ တယ်။ သတ္တဝါတစ်ဦးတစ်ယောက် ကျွတ်ဖို့အရေးကို မြင်တော်မူတယ်ဆိုရင် ဝေးတယ်၊ နီးတယ်ဆိုပြီး ကြောင့်ကြမဲ့ နေတော်မမူပါဘူး။ ဘယ်လောက်ပဲ ဝေးဝေး ကြွရောက်ပြီး ဟောကြားတော်မူပါတယ်။ တစ်ခါတစ်ရံ တစ်ဦးတစ်ယောက် မှ မကျွတ်ထိုက်တာကို သိတော်မူပါလျက်နဲ့လည်း နောက်ကာလတွင် ဒေသနာတန်ဆော် (ဒေသနာတော်အစဉ် ဖြစ်ရစ်ပြီး) ကုသိုလ်တရား ပွားများရစ်ကြစေရန်ပင် ဟောကြားတော်မူတာတွေတောင် ရှိပါသေးတယ်။ အဲဒါတွေဟာ မဟာကရုဏာတော် ပြဋ္ဌာန်းပြီးဟောကြားတော်မူတာပဲ၊ အခု အဘိဓမ္မာတရားတော်ကို ဟောကြား တော်မူရာမှာလည်း သတ္တဝါတွေကို သနားတဲ့ကရုဏာတော်က တိုက်တွန်းနှိုးဆော်လို့ ဟောတာ တဲ့။ မြတ်စွာဘုရားမှာ အင်မတန် ပင်ပန်းတော်မူပါတယ်။

"ပါဋ္ဌိဟီရာဝသာနမှိ၊ တန်ခိုးပြာဋိဟာကို ပြတော်မူသည်၏အဆုံး၌။

တိဒသာလယေ၊ တာဝတိံသာ နတ်ပြည်၌။ ဝသန္တော နေတော်မူလျက်"တဲ့။

ယမိုက်ပြာဋိဟာ ပြတော်မူသည်၏အဆုံးမှာ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူတယ်။ အဲဒီမှာ ပဏ္ဍုကမ္ဗလာကျောက်ဖျာဆိုတာရှိတယ်။ အဲဒီ ကျောက်ဖျာပေါ်မှာ သီတင်းသုံးတော်မူပြီးတော့ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာ တရားကို ဟောတော်မူတယ် တဲ့။ အဲဒါကို-

ပါရိစ္ဆတ္တကမူလမှိ၊ ပဏ္ဍုကမ္ဗလနာမကေ။

သိလာသနေ သန္နိသိန္နော၊ အာဒိစ္စောဝ ယုဂန္ဓရေ-

လို့ဆိုထားပါတယ်၊ ပါရိစ္ဆတ္တကမူလမှိ၊ ပင်လယ် ကသစ်ပင်ရင်း၌။ ပဏ္ဍုကမ္ဗလ နာမကေ၊ ပဏ္ဍုကမ္ဗလ အမည်ရှိသော။ သိလာသနေ၊ ကျောက်ဖျာထက်၌ သန္နိသိန္နော၊ သီတင်းသုံးတော်မူလျက် တဲ့။ သီတင်းသုံးတော်မူပုံကတော့-

အာဒိစ္စောဝ ယုဂန္ဓရေ တဲ့၊ ဥပမာပြုပြီး နှိုင်းယှဉ်ပြဆိုထားတယ်။ ယုဂန္ဓိုရ်တောင်ထိပ်မှာ ရောက်ရှိလာတဲ့ တက်သစ်စနေဝန်းကြီးရဲ့အလား ကင့်တယ်

တော်မူတဲ့ မြတ်စွာဘုရား တဲ့၊ တင့်တယ်တော်မူပုံကိုလည်း ရှေ့ဆက်ပြီးတော့ ဒီလို ရေးထားပါသေးတယ်။

စက္ကဝါဠသဟဿေဟိ၊ ဒသာဟာဂမ္မ သဗ္ဗသော။
သန္နိသိန္နေန ဒေဝါနံ၊ ဂဏေန ပရိဝါရိတော တဲ့။

ဒသဟိ စက္ကဝါဠသဟဿေဟိ၊ စကြဝဠာတိုက်တစ်သောင်းတို့မှ။ အာဂမ္မ ညီညာဖွဖွ စည်းဝေးရောက်လာကြကုန်၍ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဒေဝါနံ ဂဏေန၊ နတ်တို့၏ အဖွဲ့အစည်းဖြင့်။ ပရိဝါရိတော၊ ခြံရံညွတ်ကိုင်း ရံကာဝိုင်းလျက်။ သန္နိသိန္နေန၊ သိတင်းသုံးစံပယ်တော်မူ၍ တဲ့၊ ဒီလို နတ်အပေါင်းတွေခြံရံပြီး အဘိဓမ္မာတရား ဟောကြားတော်မူတယ် ဆိုတာကိုတော့–

မာတရံ ပမုခံ ကတွာ၊ တဿာ ပညာယ တေဇသာ။
အဘိဓမ္မကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ–လို့–

ရေးသားထားပါတယ်။

မာတရံ၊ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို။ ပမုခံ ကတွာ၊ အကြီးအမှူးပြု၍ တဲ့။ ဒီနေရာကလေးကို ဖြတ်ပြောရဦးမယ်။

မြတ်စွာဘုရား အလောင်းတော် ဖွားမြင်တော်မူပြီးတဲ့နောက် (၇)ရက်မြောက်တဲ့ အခါမှာ မယ်တော်မာယာဟာ နတ်ရွာစံကွယ်လွန်သွားခဲ့တယ်။ ဒါက မြတ်စွာဘုရားတို့ရဲ့ မယ်တော်တိုင်း မယ်တော်တိုင်း ဒီလိုချည်းပါပဲ။ မယ်တော်များဟာ ဘုရားအလောင်း သားကိုဖွားပြီးလို့ (၇)ရက်မြောက်မှာ နတ်ရွာစံကြရတယ်။ ဒါဟာ ထုံးစံဓမ္မတာပါပဲ၊ ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရားအလောင်းတော်တို့ ကိန်းရာတည်ရာဖြစ်တဲ့ မယ်တော်ရဲ့ခန္ဓာကိုယ်ကို ယောကျ်ားတစ်ပါးတို့ မရှိမသေ မပြုသင့်သောကြောင့်ပါပဲ။ ဥပမာ– ဘယ်လိုလဲဆိုရင် ဘုရားကျောင်းဆောင်တော်တို့၊ စေတီတော်တို့ကို အလေးဂရုပြုရသလိုပေါ့။ ဘုရားရဲ့မယ်တော်ကိုလည်း အလေးဂရုပြုရမယ် တဲ့။ ဒါကြောင့် ဒီလို ကွယ်လွန်သွားကြရတယ်။

ကွယ်လွန်တဲ့အခါမှာလည်း တုသိတာနတ်ပြည်မှာရောက်ပြီး နတ်သားဖြစ်ရတယ်၊ တချို့ကလည်း နတ်သမီး ဖြစ်တာပါလို့ ဆိုကြတယ်။ မာတရံ–အမိဟော

ပါဠိပုဒ်နဲ့ဆိုထားလို့ တဲ့၊ ဒီ မာတရ်ဆိုတဲ့ ပုဒ်အတိုင်း ကြည့်မယ်ဆိုရင်တော့လည်း မယ်တော်လို့ပဲ အဓိပ္ပါယ်ရတယ်ပေါ့လေ။ နတ်သားလို့တော့ အဓိပ္ပါယ်မပါဘူး။ ဒါပေမယ့်လို့ နတ်သားလို့ဆိုတာကို အများက သဘောကျကြပါတယ်။ နတ်သမီး မဟုတ်ဘူးဆိုသူတို့က ဘယ်လိုအကြောင်းပြသလဲဆိုရင် "နတ်သမီးဖြစ်ခဲ့လို့ရှိရင် အဲဒီ နတ်သမီးကို နတ်သားတွေက ကာမဂုဏ်နဲ့ ကျူးလွန်ကြဦးမှာပဲ တဲ့။ ဒီတော့ မရှိမသေရာကို ရောက်ဦးမှာပဲ တဲ့။ ဘုရားရှင်၏ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်အပေါ်မှာ ဒီလို မရှိသေရင် မသင့်လျော်ဘူး" ဆိုပြီး နတ်သမီး မဖြစ်သင့်ကြောင်းကို အကြောင်းပြကြတယ်။ ဒါကြောင့် . . .

မာတရ်၊ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ နတ်သားကို။ ပမုခံ ကတွာ၊ အကြီးအမှူးပြု၍။ တဿ ပညာယ တေဇသာ၊ ထိုသဗ္ဗညုတဉာဏ်တော်၏ အစွမ်းဖြင့်။ အဘိဓမ္မကထာ မဂ္ဂံ၊ အဘိဓမ္မာတရားတော်အစဉ်ကို။ ဒေဝါနံ၊ နတ်တို့အား။ သမ္ပဝတ္တယိ၊ ကောင်းစွာဖြစ်စေခဲ့ ဟောတော်မူခဲ့လေပြီ။

နတ်တို့အား မြတ်စွာဘုရားက အဘိဓမ္မာတရားတော်အစဉ်ကို ကောင်းစွာ ဟောတော်မူတယ်တဲ့။ ဘယ်အစွမ်းနဲ့ ဟောတော်မူသလဲဆိုတော့ကာ "တဿ ပညာယ တေဇသာ" တဲ့။ သဗ္ဗညုတဉာဏ်တော်ရဲ့အစွမ်းနဲ့ ဟောတော်မူတာပါတဲ့။ ဒီ အဘိဓမ္မာတရားကို သာမညပုဂ္ဂိုလ်ရဲ့ ဉာဏ်အစွမ်းနဲ့ဟောနိုင်တာ မဟုတ်ဘူး။ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်အစွမ်းနဲ့သာ ဟောကြားတော်မူနိုင်တာပေါ့၊ အဲဒီလို ဆိုလိုပါတယ်။

အဘိဓမ္မာတရားတော်က အင်မတန်ကို ကျယ်ပြန့်တယ်၊ ပြီးတော့ ဒီလိုကျယ်ပြန့်လှတဲ့ အဘိဓမ္မာတရားတော်ကို နည်းပေါင်းများစွာနဲ့ အချိုးတကျဟောကြားတာဟာ နက်လည်းနက်နဲ၊ ခက်လည်းခက်ခဲတယ်၊ အဲဒါတွေကို နောက်မှ တဖြည်းဖြည်းပြောရမယ်။

မာတရ်၊ မယ်တော်ဖြစ်ခဲ့ဖူးတဲ့နတ်သားကို။ ပမုခံ ကတွာ၊ အကြီးအမှူးပြု၍။ တဿ ပညာယ တေဇသာ၊ ထို သဗ္ဗညုတဉာဏ်တော်၏ အစွမ်းဖြင့်။ အဘိဓမ္မကထာ မဂ္ဂံ၊ အဘိဓမ္မာတရားတော်အစဉ်ကို။ ဒေဝါနံ၊ နတ်တို့အား။ သမ္ပဝတ္တယိ၊ ကောင်းစွာဖြစ်စေတော်မူခဲ့ ဟောတော်မူခဲ့လေပြီ။

(တတိယအကြိမ်)

နတ်တို့ကို မြတ်စွာဘုရားက အဘိဓမ္မာတရားအစဉ်ကို ဟောတော်မူခဲ့တယ် တဲ့၊ ဘယ်ရဲ့အစွမ်းဖြင့် ဟောတော်မူခဲ့သလဲဆိုတော့ တဿာ ပညာယ တေဇသာ။ သဗ္ဗညုတဉာဏ်တော်ရဲ့အစွမ်းဖြင့် ဟောတော်မူခဲ့တာ တဲ့၊ သာမန် ပုဂ္ဂိုလ်တွေတော့ မဟောနိုင်ဘူး။ သာမန်ပုဂ္ဂိုလ်ဆိုတာ သာမန်ဉာဏ်လောက်သာရှိတာ၊ အဘိဓမ္မာတရားတော်ကို အဲဒီလို သာမန်ဉာဏ်နဲ့ ဟောလို့မဖြစ်ဘူး။ အဘိဓမ္မာ ဆိုတာက အင်မတန်ကျယ်ပြန့်တာကိုး၊ ပြီးတော့ အချီးတကျလည်း တန်ဆာဆင်ပြီး နည်းအမျိုးမျိုးနဲ့ ဟောရတာ ဖြစ်နေတယ်။ ဒီတော့ အင်မတန် ကျယ်ပြန့်တယ်။ အဲဒါတွေကို နောက်မှ တဖြည်းဖြည်းဟောသွားရမယ်။ အဲဒီမှာ "နတ်တွေကို ဟောတော်မူတယ်"ဆိုတော့ "ဒီနတ်တွေက ဘယ်ကလာတဲ့ နတ်တွေတုန်းလို့" ဆိုတော့ စကြဝဠာပေါင်း တစ်သောင်းကလာတဲ့ နတ်တွေတဲ့။

စက္ကဝါဠသဟဿေဟိ၊ ဒသဟာဂမ္မ သဗ္ဗသော။
သန္နိသိန္နေန ဒေဝါနံ၊ ဂဏေန ပရိဝါရိတော–တဲ့။

အဋ္ဌကထာက ဒီလိုဆိုပါတယ်၊ ဗြဟ္မာကိုလည်း နတ်လို့ဆိုတဲ့နေရာမှာ ဆိုတာပါပဲ၊ ဒီနေရာမှာ နတ်တို့ဆိုပေမယ့် ဗြဟ္မာတွေလဲပါတယ်၊ ဗြဟ္မာတွေကိုပါ နတ်လို့ဆိုထားတာ ပါပဲ၊ အဲဒီနတ်တွေ ဗြဟ္မာတွေခြံရံပြီး ပဏ္ဍုကမ္ဗလာကျောက်ဖျာ ထက်မှာ သီတင်းသုံးတော်မူပြီး မြတ်စွာဘုရားက အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူတယ် တဲ့၊ အကြီးအမှူး အဦးပြုပြီးဟောတာကတော့ ဘယ်သူလဲ ဆိုလို့ရှိရင် မာတရဲ ပဓာန ကတွာ၊ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုသိတနတ်သားကို အကြီးအမှူး အဦးထားပြီး ဟောကြားတာပါ တဲ့။

မယ်တော်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီအဘိဓမ္မာတရားတော်ကို ဟောတယ်လို့ ဆိုပါတယ်။ အမိကျေးဇူးကို အထူးဆပ်တဲ့တရားပေါ့။ မြတ်စွာဘုရားရဲ့ မယ်တော်ဆိုပြီး ဘာတရားထူးကိုမှမရဘဲ နတ်ပြည်မှာ နတ်သားဖြစ်လောက်ရုံနဲ့ ပြီးနေရင် ကျေနပ်စရာမရှိလှဘူး။ ဒီပြင်ပုဂ္ဂိုလ်တွေကိုတောင်တစ်မဂ်၊ တစ်ဖိုလ် ရအောင်ဆိုပြီး တရားတော်တွေကိုဟောနေပြီး မယ်တော်ဖြစ်လောက်အောင် ပါရမီအကူအညီဖြင့် ကျင့်လာခဲ့ရတဲ့နတ်သားကို ဥပေက္ခာပြုထားလို့က ဘယ်မှာ တော်ပါ့မလဲ။ ဒါကြောင့် အဘိဓမ္မာတရားတော်ဟာ မြတ်စွာဘုရားက

မယ်တော်ဖြစ်ခဲ့ဖူးတဲ့နတ်သားကို ကျေးဇူးဆပ်တဲ့တရားတဲ့၊ ဒီနေရာမှာ ပြောစရာလေးတွေ ရှိပါသေးတယ်။ ဒါပေမယ့် နောက်မှပြောရမှာပဲ။

တဿ ပါဒေ နမဿိတွာ၊ သမ္ဗုဒ္ဓဿ သိရီမတော။
သဒ္ဓမ္မဉ္စဿ ပူဇေတွာ၊ ကတွာ သံဃဿ စဉ္စလိံ။ ။

တဿ၊ ထိုမြတ်စွာဘုရား၏။ ပါဒေ၊ ခြေတော်အစုံတို့ကို။ နမဿာမိတွာ၊ ရှိခိုးပြီး၍။ မြတ်စွာဘုရား၏ခြေတော်ကို ရှိခိုးပါ၏။ ရှိခိုးပြီးတဲ့ပာမ်ခါမှာ အဘိဓမ္မာအဖွင့် အဋ္ဌကထာကို ရေးပါ့မယ်လို့ ဆိုလိုပါတယ်။ ဒါကြောင့် နမဿိတွာ–တဲ့၊ နမဿာမိလို့ ထားလိုက်ရင်လည်းရပါတယ်။ ကိုယ်ဟာကိုရှိခိုးမယ် ဆိုရင် နမဿာမိ–လို့ ဒီတင်ပဲ ရပ်ထားလို့ ရပါတယ်။ နမဿိတွာ–ဆိုတော့က ရှေ့ကိုဆက်စရာ ရှိနေသေးလို့ပါပဲ၊ ဘုန်းကြီးကတော့–

သိရီမတော၊ ကျက်သရေတို့နှင့် ပြည့်စုံတော်မူသော။ သမ္မာသမ္ဗုဒ္ဓဿ၊ တရားအလုံးစုံကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်စွာသိတော်မူသော။ တဿ၊ ထိုမြတ်စွာဘုရား၏။ ပါဒေ၊ ခြေတော်တို့ကို။ နမဿာမိ၊ ရှိသေမြတ်နိုး ယက်အုပ်မိုး၍ ရှိခိုးပါ၏ လို့။

ပြောစရာလေးတွေ ရှိပေမယ့် ဒါလောက်ပဲ ယူထားပါတယ်၊ ဒီပြင်ဟာတွေလည်း အရှည်ကြီး ရှိပါသေးတယ်။ ကဲ ဆောင်ပုဒ်ကလေးတွေကိုဆိုရမယ် လိုက်ဆိုကြ–

သတ္တဝါများ၊ သနားသလိုပင်၊ ဥယျာဉ်ရေး၊ သိသွားဉာဏ်မြင်။
ကရုဏာပန်း၊ ဉာဏ်စွမ်းမှီယှဉ်၊ ဘိဓမ္မ၊ သုံးလလုံးလုံးပင်။
ဟောဖော်ကြား၊ ဘုရားရှိဦးတင်။ ။

## ပြောစရာရှိတာလေးတွေကို ပြောရဦးမယ်

ပါဋိဟီရ ဝသာနမှိ၊ တန်ခိုးပြာဋိဟာ၊ ပြတော်မူပြီးသည့် အဆုံးမှာတဲ့၊ တာဝတိံသာနတ်ပြည်ကို ကြွတော်မူပြီးတော့ နတ်ဗြဟ္မာတွေကို မြတ်စွာဘုရားက အဘိဓမ္မာတရား ဟောကြားတော်မူတယ်။ တာဝတိံသာနတ်ပြည်ကို မကြွမီ မြတ်စွာဘုရားက တန်ခိုးပြာဋိဟာ ပြတော်မူရပါသေးတယ်။ အဲဒီ တန်ခိုးပြာဋိဟာ

ပြရခြင်းအကြောင်းကလေးက မှတ်သားစရာကောင်းလို့ ပြောရဦးမယ်။ နည်းနည်း ရှည်တော့ရှည်တယ်။ ဒါပေမယ့် ချုံးပြီးပြောရမှာပဲ။

အဘိဓမ္မာတရားဟောရာမှာ တန်ခိုးပြာဋိဟာပြရတာက ရှေ့ပိုင်း၌ပါဝင်နေတယ်။ မြတ်စွာဘုရားလက်ထက်တော်က ရာဇဂြိုဟ်ပြည်မှာ သူဌေးတစ်ဦးဟာ ဂင်္ဂါမြစ်မှာ ရေသွားချိုးတယ်၊ ရေချိုးတဲ့အခါမှာ ပတ်ဝန်းကျင်ကပိုက်တွေကို ကာရံပြီး ရေချိုးတယ်လို့ဆိုတယ်၊ ဘာပြုလို့လဲဆိုတော့ ဘေးရန်အန္တရာယ်တွေလည်းကင်းအောင် ကိုယ်မှာဝတ်ဆင်ထားတဲ့ ပစ္စည်းပစ္စယတွေ မတော်တဆပြုတ်ကျလို့ရှိရင်လည်း ရေထဲစီးပါမသွားရအောင် တဲ့၊ ပိုက်တွေကာရံထားတော့ အစစအရာရာ စိတ်ချရတာပေါ့လေ။

မြစ်ဆိုတော့ ရေတွေကစီးဆင်းနေတယ်၊ ပုံမတော်ရင် ဒီရေစီးထဲမှာ မြွေတွေလည်း ပါချင်ပါလာနိုင်တယ်၊ ဒီလိုသာ မြွေတို့၊ ကင်းတို့ပါလာမယ်ဆိုရင် ကြောက်စရာပဲ၊ မပါလာဘူးလို့ မဆိုနိုင်ဘူး၊ အခန့်မတော်ရင်ပါလာနိုင်တယ်၊ တချို့ ရေချိုးရင်း မြွေနဲ့တွေ့ပြီး မြွေကိုက်လို့ သေတာလည်းရှိတာပဲ။ မော်လမြိုင်တောင် ဝိုင်းကလေး မဟာစည်သာသနာ့ရိပ်သာအနီးမှာ ရေအိုင်ကြီးတစ်အိုင်ရှိတယ်။ ဘုန်းကြီးတို့ ရိပ်သာကိုသွားတဲ့လမ်းဘေးမှာပါပဲ၊ အဲဒီ ရေအိုင်ကြီးဟာ မိုးတွင်းမှာတော့ ရေတွေရှိတယ်၊ နွေကာလရောက်တဲ့အခါကျတော့ ရေမရှိပါဘူး။ အဲဒီ ရေအိုင်ကြီးထဲမှာ ရေဆင်းချိုးလို့ ကျောင်းသားတစ်ယောက် အဲဒီရေထဲကပဲ မြွေကိုက်လို့ သေဖူးတယ်။ ဒါဟာ ရေထဲမှာဖြစ်နိုင်တဲ့ အန္တရာယ်ပဲ။

## စန္ဒကူးတုံးကြီးတစ်တုံး လာငြိတယ်

ရာဇဂြိုလ်သူဌေးကြီး မြစ်ထဲမှာ ဒီလိုရေချိုးနေတဲ့အခါ သူကာရံထားတဲ့ ပိုက်မှာ အထက်ကမျောပါလာတဲ့ စန္ဒကူးတုံးကြီးတစ်တုံးဟာ လာပြီးငြိနေသတဲ့၊ ကျောက်တောင် ကျောက်ခက်တွေကို တိုက်ခတ်ပြီး မျောပါလာတဲ့ စန္ဒကူးတုံးကြီးဆိုတော့ အခက်အလက်တွေက ပြတ်သတ်ကုန်မှာဖြစ်လို့ အခက်အလက်တွေ မပါတော့တဲ့ အတုံးကြီးဖြစ်မှာပဲ၊ ဧရာဝတီမြစ်ထဲမှာပါလာတဲ့ သစ်တုံးတွေ ကြည့်ပါလား၊ တချို့ မျောပါလာတဲ့ သစ်တုံးကြီးတွေဆိုရင် အခက်အလက် မပါတော့ရုံသာ မကတော့ဘူး၊ သစ်တုံးကြီးကိုပါ တိုက်စားထားလို့ ရွှံဘော်နဲ့

တိုက်ထားသလို ချောနေပါတယ်။ စန္ဒကူးတုံးကြီးလည်း မြစ်ညာကမျောပါလာတယ်ဆိုတော့ ဒီလိုရှိမှာပါပဲ။

ပိုက်မှာလာငြိတဲ့ သစ်တုံးကြီးကို ဘာတုံးလဲလို့ သူဌေးကြီးက စုံစမ်းကြည့်တယ်၊ ဒီတော့ စန္ဒကူးတုံးကြီးဖြစ်နေတာကို တွေ့ရတယ်၊ စန္ဒကူးတုံးကြီးကလည်း အိုးလုံးကြီးလောက်ရှိသတဲ့၊ စန္ဒကူးဆိုတာ နံ့သာနီတဲ့၊ ရတ္တစန္ဒကူး စန္ဒကူးနီပေါ့၊ စန္ဒကူးသားဆိုတာ သစ်သားထဲမှာတော့ အဖိုးထိုက် အဖိုးတန်ပစ္စည်းတစ်ခုပဲ။ ဒီလို တန်ဖိုးရှိမှန်းသိတော့ သူဌေးကြီးကဆယ်ယူထားလိုက်တယ်။ ဒီအသားမျိုးက ဒီပြင်အသားထက် ရှားလည်းရှား၊ သူ့အနံ့ကလည်း မွှေးတော့ လူတွေက နှစ်သက်ကြတယ်။

နောက်တော့ သူဌေးကြီးက အကြံအစည်တစ်ခုဖြစ်တယ်၊ "ငါ့မှာ စန္ဒကူးသားကြီးရှိတယ်၊ ဘာလုပ်ရရင်ကောင်းပါ့မလဲ"လို့ ရရှိထားတဲ့ စန္ဒကူးသားကြီးကို အသုံးပြုဖို့ စဉ်းစားတဲ့ အကြံအစည်ဖြစ်လာတယ်။ အဲဒီအခါတုန်းက သူ ရဟန္တာ၊ ငါ ရဟန္တာနဲ့ လောကမှာ ရဟန္တာတွေပေါ်နေကြတယ်၊ သူဌေးကြီးကလည်း ဘယ်အယူဝါဒကိုမှ မယူသေးဘူး။ "သမ္မာဒိဋ္ဌိအယူကိုလည်း မယူ မိစ္ဆာဒိဋ္ဌိအယူကိုလည်း မယူသေးဘူး"လို့ အဋ္ဌကထာမှာ ဆိုထားတယ်။ သမ္မာဒိဋ္ဌိလည်းမဟုတ် မိစ္ဆာဒိဋ္ဌိလည်းမဟုတ်၊ ကြားထိုင်နေတယ်ပေါ့၊ ဒါနဲ့ သူက ဘယ်လိုစဉ်းစားသလဲဆိုရင်–

> "လောကမှာ ရဟန္တာတွေဆိုတာ ပေါများနေတယ်၊ ဒီလိုပေါများနေတဲ့ ရဟန္တာတွေထဲမှာ ဘယ်ပုဂ္ဂိုလ်ဟာ ရဟန္တာမဟုတ်ဘူး၊ ဟုတ်တယ်ဆိုတာကို ဘယ်သူမှ သေသေချာချာ မသိဘူး၊ ဒီတော့ ဒီစန္ဒကူးသားကို သပိတ်ထွင်းပြီး စုံစမ်းမှပဲ"လို့ စဉ်းစားပြီး စန္ဒကူးသားကို သပိတ်ထွင်းတယ်။

ရဟန္တာပါလို့ ပြောရုံပြောနေပြီး ယုံလောက်တဲ့ အကြောင်းယုတ္တိကို ထောက်ထားစရာမရှိဘဲနဲ့ ဒီအတိုင်းယုံကြည်နေလို့ မဖြစ်သေးဘူးပေါ့။ ဒီတော့ သူယုံကြည်နိုင်လောက်မယ့် အကြောင်းယုတ္တိကို ရှာကြံစူးစမ်းလိုတာနဲ့ စန္ဒကူးသားကြီးကို သပိတ်ထွင်းလုပ်တော့တာပါပဲ။ သပိတ်ထွင်းလုပ်ပြီးတော့ တိုင်တစ်တိုင်ထူပြီး ကောင်းကင်မှာ ချိတ်ဆွဲထားလိုက်တယ်။ ပြီးတော့–

(တတိယအကြိမ်)

"တန်ခိုးနဲ့ပြည့်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေ အလှူခံပါ"လို့ ကြေညာလိုက်သတဲ့၊ အမြင့်က အတောင်ခြောက်ဆယ်လောက်မြင့်တဲ့နေရာမှာ ချိတ်ဆွဲထားတာဖြစ်တော့ ဈာန်အဘိညာဉ်ကိုမရဘဲနဲ့ အလှူခံလို့မဖြစ်ဘူးပေါ့။ ကောင်းကင်ကလာပြီး အလှူခံတဲ့ပုဂ္ဂိုလ်ဆိုတာကတော့ ဘယ်သူမှမရှိသေးဘူး။ ဒါပေမယ့် မြေပြင်က လာလာပြီး အလှူခံတဲ့ပုဂ္ဂိုလ်တွေကတော့ ရှိပါရဲ၊ အဲဒီပုဂ္ဂိုလ်တွေက တိတ္ထိဆရာကြီးတွေပဲ။ ဒီလို မြေပြင်ကကြွလာပြီး အဲဒီ တိတ္ထိဆရာကြီးတွေက–

"သူဌေးကြီး၊ ဒီသပိတ်ဟာ ငါတို့နဲ့တန်ပါတယ် သူဌေးကြီး၊ ငါတို့ကိုလှူပါ၊ ငါတို့ကို အထင်မလွဲပါနဲ့၊ ငါတို့အပြင် အလှူခံနိုင်တဲ့ပုဂ္ဂိုလ်မရှိပါဘူး" စသည်ဖြင့် ပြောကြ အလှူခံကြတယ်၊ အဲဒီလိုနဲ့ သပိတ်ကိုရသွားရင် သူတို့က ရဟန္တာအဖြစ်နဲ့ ဂုဏ်ယူကြမှာပဲ။ အဋ္ဌကထာမှာ ပြဆိုထားတာကတော့ နိဂဏ္ဌ ဂိုဏ်းဝင် နာဋပုတ္တဆရာကြီးတဲ့၊ နိဂဏ္ဌဆိုတာ ယခု အိန္ဒိယမှာ အဝတ်မဝတ်ဘဲနဲ့ ကျင့်နေကြတာတွေရှိကြတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေပါပဲ။ ဂျိန်းတွေလို့လည်း ခေါ်ပါတယ်။ ဘိုနမှ ဂျိန်လို့ ဖြစ်လာတယ်၊ အဲဒီ ဂျိန်းဘာသာဝင် ပုဂ္ဂိုလ်တွေရဲ ခေါင်းဆောင်ကြီးပေါ့။ ဒီ အယူဝါဒတွေဟာ ဘုရားလက်ထက်တော်ကလည်း ရှိနေကြတာပဲ။ အခု ဂျိန်းဘာသာဝင်တွေလည်း ဒီလို အဝတ်မဝတ်ဘဲ ကျင့်နေတဲ့ပုဂ္ဂိုလ်တွေကို ဘုရားအဖြစ်နဲ့ အသိအမှတ်ပြုပြီး ကိုးကွယ်ဆည်းကပ် နေကြတာပါပဲ။

အဲဒီ နာဋပုတ္တဆရာကြီးဟာ သူ့တပည့်တွေနဲ့တိုင်ပင်ပြီး သူဌေးကြီးဆီကို လာတယ်။ လာပြီးတော့ ဘယ်လိုပြောကြသလဲဆိုရင် "သူဌေးကြီး ကျုပ်တို့ရဲ ဘုရားကိုလှူပါ၊ ကျုပ်တို့ရဲဘုရားက ရဟန္တာပါ၊ ဒီသပိတ်ဟာ ကျုပ်တို့ဘုရားနဲ့ တန်ပါတယ်" စသည်ဖြင့် ဒီလို သူ့တပည့်တွေက ပြောကြတယ်။ ဒီတော့ သူဌေးကြီးက "ဟာ ဒီလိုနဲ့တော့ မလှူနိုင်ဘူး၊ ကောင်းကင်ကိုပျံတက်ပြီး အလှူခံမှသာ လှူနိုင်မယ်" လို့ ပြောတယ်။

နာဋပုတ္တရဲတပည့်တွေက ဒီလိုပြောပြီး အလှူခံရုံနဲ့ရလိမ့်မယ်ထင်ပြီး အလှူခံကြပေမယ့် သူဌေးကြီးက မလှူဘူးပေါ့။ အစကတည်းက ဒီလို မြေပြင်ကလာပြီး အလှူခံတဲ့ပုဂ္ဂိုလ်တွေကို လှူဖို့လုပ်ထားတာမှမဟုတ်ဘဲကိုး။ ဒီတော့ သူ့တပည့်တွေက

"သူဌေးကြီးသပိတ်က ဘာမှတန်ဖိုးရှိလှတာမဟုတ်ပါဘူး၊ တန်ခိုးပြရတယ်ဆိုတာက မိမိရဲ့ဂုဏ်ကိုပြရတာပါ၊ အဲဒီလိုတော့လည်း မသင့်လျော်ပါဘူး" လို့ ပြောကြပြန်တယ်။ သပိတ်ကလေးလောက်နဲ့ တန်ခိုးမပြပါရစေနဲ့လို့ ဆိုလိုတာပေါ့၊ ဒါလောက်သာမကသေးဘူး၊ သူတို့ဆရာနဲ့သာ ထိုက်တန်ကြောင်း စသည်ဖြင့်လည်း သူတို့တတ်နိုင်သမျှ အကြောင်းပြပြီး သူဌေးကြီးကို ထပ်ပြောကြတယ်။ ဘယ်လိုပဲ သူတို့တွေကပြောပြော၊ သူဌေးကြီးကလည်း သူတို့ပြောတဲ့အတိုင်းမလုပ်ဘူး။ ကောင်းကင်တက်ပြီး အလှူခံနိုင်မှသာ လှူနိုင်မည်ဆိုတဲ့အကြောင်းကိုပြောပြီး တင်းခံနေတယ်။

ဒီတော့ နာဋပုတ္တဆရာကြီးက "ကောင်းပြီ၊ ဒီလိုဖြင့်လည်း ကောင်းကင်ကို ပျံတက်ပြီး အလှူခံရတာပေါ့" လို့ ပြောပြောဆိုဆို လက်တွေခြေတွေမြှောက် ကိုယ်ကိုလည်း ကြွကြွရွရွကလေးနဲ့ ကောင်းကင်ကို ပျံတက်တော့မလို ဟန်ပြင် လိုက်တယ်၊ အဲဒီလို နာဋပုတ္တဆရာကြီးက တက်တော့မလို ဟန်ပြင်လိုက်တော့ သူ့တပည့်တွေက–

"ဟာ အရှင်ဘုရား၊ ဒီသပိတ်က ဘာမှအဖိုးမတန်ပါဘူးဘုရား၊ အဖိုးမတန်တဲ့ ဒီသပိတ်ကလေးလောက်နဲ့ ကောင်းကင်ပျံတက်ပြီး တန်ခိုးမပြပါနဲ့ဘုရား" လို့ ဒီလိုပြောပြီး အရေးတကြီး ဝိုင်းဝန်းပြီးဆွဲကြသတဲ့။ တက်ပါ့မယ်လို့ တကဲကဲ လုပ်သူကလုပ်၊ မတက်ဖို့ ဆွဲသူကဆွဲနဲ့ နာဋပုတ္တဆရာကြီးဟာ မြေပေါ်မှာ လဲကျသွားတယ်လို့တောင်မှ ဆိုပါတယ်။ အဲဒီလို လုပ်ကြဖို့က အစကတည်းက စည်းဝေးပြီး ဆရာတပည့်တွေ တိုင်ပင်လာကြတာတဲ့၊ ဒီလိုနဲ့ မပြီးသေးဘူး၊ နာဋပုတ္တဆရာကြီးက ပြန်ပြောတယ်–

"သူဌေးကြီး အထင်မလွဲပါနဲ့၊ ကောင်းကင်ပျံတက်ပြီး တန်ခိုးပြမလို့ပါဘဲ၊ ဒါပေမယ့် သူဌေးကြီးမြင်တဲ့အတိုင်းပဲ မဟုတ်လား။ ငါ့တပည့်တွေက ဒီလို တန်ခိုးပြဖို့ ခွင့်မပေးကြဘူး။ သူတို့က ဆွဲထားကြတာနဲ့ ကောင်းကင်ကိုပျံတက်ဖို့ မဖြစ်နိုင်ဘူး။ ဒီတော့ လှူသာလှူလိုက်ပါ။ အလကား ဒီလိုနဲ့ သံသရာရှည်သာ ရှည်နေရောမယ်။ ဒီတော့ မြန်မြန်လှူလိုက်တာကပဲ ကောင်းပါတယ်" စသည်ဖြင့် နာဋပုတ္တဆရာကြီးက ပြောတယ်။

(တတိယအကြိမ်)

သူဌေးကြီးကလည်း သူတို့ ဘယ်လိုပဲပြောနေနေ သူ့ရဲ့ရည်ရွယ်ရင်း အတိုင်းက နည်းနည်းမှ လျှော့မပေးဘူး၊ ဒီတော့ သူဌေးကြီးက ဘယ်လိုပြောသလဲဆိုတော့ “ဒီလိုနဲ့ကတော့ ဘယ့်နှယ့်မှ မဖြစ်နိုင်ပါဘူး၊ ·မူလ ရည်ရွယ်ထားကတည်းက ကောင်းကင်ပျံတက်ပြီး အလှူခံမှသာ လှူမယ်လို့ ရည်ရွယ်ပြီးသားပဲ၊ ဒီ ရည်ရွယ်ရင်းအတိုင်းသာ လှူနိုင်မယ်”လို့ ပြောတယ်။ သူဌေးကြီးကို ဘယ်လိုမှ ပြောမရ ပြုမရကြတော့ တိတ္ထိဆရာတပည့်တွေဟာ ဘယ်လိုမှ မတတ်နိုင်တော့တဲ့ သူဌေးကြီးထံမှ ဖယ်ခွာသွားကြရတော့တယ်။

## ခုနစ်ရက်ကြာသွားပြီ

ဒီလိုနဲ့ သူဌေးကြီးရဲ့ စန္ဒကူးသပိတ်ကို အလှူခံမပေါ်လာဘဲ ရက်တွေနေ့တွေ မျောလာခဲ့တယ်။ ခုနစ်ရက်တောင် ကြာသွားပြီတဲ့။ ဒါလောက်တောင်ကြာမြင့် သွားတာဖြစ်တော့ လူတွေက ရဟန္တာဆိုတာ မရှိပါဘူးလို့ သံသယဖြစ်လာ ကြတယ်။ ဒါနဲ့ သေသောက်ကြူးသူတွေက သူတို့အချင်းချင်း မူးမူးရူးရူးနဲ့ ဒီလိုပြောကြသတဲ့–

“အလကားပါကွာ၊ လောကမှာ ရဟန္တာဆိုတာမရှိပါဘူး။ ရဟန္တာ ရဟန္တာနဲ့ ကိုယ့်ဟာကိုယ်သာ ပြောနေကြတာပါ၊ ကြည့်ပါလားကွ၊ တို့မြို့က သူဌေး ကြီးသပိတ်ဟာ ခုနစ်ရက်တောင်ရှိသွားပြီပဲ၊ ဘယ်ရဟန္တာမှ လာပြီးမယူနိုင် ကြဘူးမဟုတ်လား။ အဲဒါဟာ ရဟန္တာမရှိလို့ပေါ့ကွ၊ ဒါ သက်သေ အထောက် အထားပဲ”လို့ ပြောကြတယ်။

ဒီလိုပြောနေကြတဲ့ နေရာကလည်း လမ်းဘေးက ဇရပ်တစ်ခုမှာဖြစ်တယ်၊ ဆွမ်းခံဝင်ချိန်မှာ ပြောနေကြတာဖြစ်တော့ ဆွမ်းခံဝင်ဖို့ ပြင်ဆင်နေကြတဲ့ အရှင်မဟာမောဂ္ဂလာန်နဲ့ အရှင်ပိဏ္ဍောလတို့က ဒါကိုကြားကြတယ်။ ဒီတော့ အရှင်မဟာမောဂ္ဂလာန်က ပြောတယ်–

“ငါ့ရှင်ပိဏ္ဍောလ ကြားရဲ့လား၊ လောကမှာ ရဟန္တာမရှိဘူးလို့ လူတွေက ပြောသွားကြတယ်။ ဒါဟာ တို့နဲ့လည်း သက်ဆိုင်နေတယ်။ ဒီတော့ ကောင်းကင်မှာ သင် တန်ခိုးပြပြီး အဲဒီသပိတ်ကို အလှူခံလိုက်ပါ”လို့ ပြောတယ်။ ဒီတော့ အရှင်ပိဏ္ဍောလက–

(တတိယအကြိမ်)

"အရှင်ဘုရားသွားပြီး အလှူခံပါ၊ အရှင်ဘုရား အလှူမခံဘူးဆိုရင်တော့ တပည့်တော်သွားပြီး အလှူခံရမှာပဲ" လို့ ပြန်လျှောက်တယ်။

"အေး ငါသွားပြီး အလှူမခံပါဘူး၊ ငါ့ရှင်ပိဏ္ဍောလသာ သွားပေတော့" လို့ အရှင်မဟာမောဂ္ဂလာန်က ပြောလိုက်တယ်။

အရှင်မဟာမောဂ္ဂလာန်က ဒီလိုပြောတော့ အရှင်ပိဏ္ဍောလဟာ ကောင်းကင်က ပျံကြွသွားတယ်။ ဒီလိုကြွသွားပြီးတော့ သုံးဂါဝုတ်လောက်ရှိတဲ့ ကျောက်ဖျာကြီးကို ခြေမကြားမှာညှပ်ပြီး အရှင်ပိဏ္ဍောလကယူလာတယ်။ သုံးဂါဝုတ်လောက်ရှိတဲ့ ကျောက်ဖျာကြီးဆိုတော့ အင်မတန်ကြီးတာပဲ။ သုံးဂါဝုတ်ဆိုတာ ခရီးနဲ့တိုင်းတာ ကြည့်ရင် ခြောက်မိုင်တောင်မှရှိတယ်။ အင်း ဧရာမကျောက်ဖျာကြီးပါပဲ။

အဲဒီ ခြောက်မိုင်လောက်ရှိတဲ့ ကျောက်ဖျာကြီးကို ခြေမကြားမှာညှပ်ပြီး ရာဇဂြိုဟ်မြို့ပေါ်မှာ ခုနစ်ပတ်ပတ်လိုက်တယ်။ ရာဇဂြိုဟ်မြို့ကလည်း သုံးဂါဝုတ် ကျယ်တယ်လို့ ဆိုပါတယ်။ ဒီတော့ ရာဇဂြိုလ်မြို့ကို ကျောက်ဖျာနဲ့ဖုံးထားသလို ဖြစ်နေတာပေါ့။ "မြို့သူမြို့သားတွေဟာ အောက်က ကျောက်ဖျာကြီးကအထက်က" ဆိုတော့ မြို့သူမြို့သားတွေက ကြောက်လိုက်ကြတာတဲ့၊ "ဒါကြီး ပြုတ်ကျလိုက်ရင် ခက်တော့မှာပဲ၊ ဘာကြီးမှန်းလည်း မသိဘူး" ဆိုပြီး အထိတ်တလန့်နဲ့ အင်မတန် ကြောက်နေကြတာပဲတဲ့။

ပြီးတော့မှ အရှင်ပိဏ္ဍောလက သူ့ကိုမြင်ကြရအောင် တန်ခိုးတော်နဲ့ ပြလိုက်တယ်၊ ဒီလိုပြလိုက်တော့မှ အရှင်ပိဏ္ဍောလက ကျောက်ဖျာကြီးကို ခြေမနဲ့ညှပ်ပြီး ကောင်းကင်မှာကြွနေတာကို မြင်ကြရတယ်။ ဒီတော့ လူတွေက "အရှင်ဘုရား မြဲမြဲညှပ်ထားပါဘုရား၊ မြဲမြဲညှပ်ထားပါဘုရား၊ ပြုတ်ကျလာရင် ခက်ကုန် ကြပါလိမ့်မယ်ဘုရား" လို့ အော်လိုက်ကြတာဟာ တစ်မြို့လုံး ဆူပွက်သွားတာပဲတဲ့၊ ဒီတော့မှ အရှင်ပိဏ္ဍောလက အဓိဋ္ဌာန်ပြုပြီး ကျောက်ဖျာကြီးကို ခြေနဲ့ကန်ပစ် လိုက်တာ ကျောက်ဖျာကြီးဟာ သူ့နေရာသူ ပြန်ကျသွားသတဲ့။

အရှင်ပိဏ္ဍောလရဲ့ တန်ခိုးစွမ်းအင်ကို သူဌေးကြီးကမြင်ရတော့ အင်မတန် ကျေနပ်သွားတယ်၊ ဒီတော့မှ သူဌေးကြီးဟာ တစ်ခါတည်း သူ့ အိမ်သူ အိမ်သားတွေနဲ့အတူ ရှိရှိသေသေ ဦးညွတ်ရှိခိုးပြီးတော့ "ကြွတော်မူပါ အရှင်ဘုရား"

လို့ အရှင်ပိဏ္ဍောလကို ပင့်တယ်။ ဒါနဲ့ အရှင်ပိဏ္ဍောလမထေရ်မြတ်ကလည်း ကောင်းကင်မှ သက်ဆင်းကြွတော်မူလာတယ်။ ကြွလာတဲ့အခါ သူဌေးကြီးက အရှင်ပိဏ္ဍောလအား သပိတ်ကိုလှူလိုက်တယ်တဲ့။

"အရှင်ပိဏ္ဍောလမထေရ်ဟာ ဒီလို ဒီလို တန်ခိုးပြသတဲ့" လို့ ဆိုတဲ့ သတင်းဟာ ပျံ့နှံ့ကျော်ကြားသွားတယ်။ ဒီတော့ တန်ခိုးပြစဉ်က မမြင်မသိလိုက်ကြရတဲ့သူတွေဟာ အရှင်ပိဏ္ဍောလထံလာကြပြီး "တပည့်တော်တို့ကိုလည်း တန်ခိုးလေး နည်းနည်းပါးပါးပြပါဦး" လို့ တောင်းပန်ကြသတဲ့။ ဒီတော့လည်း သူတို့ကို အရှင်ပိဏ္ဍောလက မနေသာတာနဲ့ တန်ခိုးပြရပြန်တယ်။ ဒါနဲ့ အဲဒီမှာ ဆူဆူပူပူတွေဖြစ်နေပြန်တယ်ပေါ့လေ။ တန်ခိုးဆိုတာ အင်မတန်မှ ထူးဆန်းတာကလား၊ ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေကျမဟုတ်တဲ့ အဖြစ်ထူးတွေဆိုတော့ လူတွေက ကြည့်ချင် မြင်ချင်ကြတယ်၊ လူတွေရဲ့ အလိုလိုက်ပြီး အရှင်ပိဏ္ဍောလက တန်ခိုးပြရပြန်တဲ့အခါ အုတ်အုတ်ကျက်ကျက် ဆူဆူပူပူတွေ ဖြစ်နေပြန်လို့ မြတ်စွာဘုရားက ကြားသိတော်မူသွားသတဲ့။

## သိက္ခာပုဒ် ပညတ်တော်မူတယ်

ဒါနဲ့ မြတ်စွာဘုရားက "အာနန္ဒာ၊ ဒီ အုတ်အုတ်ကျက်ကျက် အသံတွေဟာ ဘာဖြစ်ကြတာလဲ" လို့ မေးတော်မူတယ်။

"ရာဇဂြိုဟ်သူဌေးရဲ့ စန္ဒကူးသပိတ်ကို အရှင်ပိဏ္ဍောလက တန်ခိုးပြပြီး အလှူခံတာကို မမြင်လိုက်ကြရတဲ့လူတွေက တန်ခိုးပြဖို့ တောင်းပန်နေကြတဲ့ အသံတွေပါဘုရား" လို့ အရှင်အာနန္ဒာက လျှောက်ထားတယ်။

ဒီတော့ မြတ်စွာဘုရားက အရှင်ပိဏ္ဍောလကို ခေါ်တော်မူပြီး "တန်ခိုးပြပြီး သပိတ်အလှူခံတယ်ဆိုတာ ဟုတ်သလား" လို့ မေးတော်မူတယ်။

"မှန်ပါ၊ ဟုတ်ပါတယ် မြတ်စွာဘုရား" လို့ အရှင်ပိဏ္ဍောလက လျှောက်ထားတယ်။

အဲဒီတော့ မြတ်စွာဘုရားက "နောက် တန်ခိုးမပြရဘူး" လို့ သိက္ခာပုဒ် ပညတ်တော်မူလိုက်ပါတယ်။ ပြီးတော့ စန္ဒကူးသပိတ်က သစ်သားသပိတ်ဖြစ်နေတယ်။ သစ်သားသပိတ်ကို ရဟန်းတော်တွေ မသုံးဆောင်ကောင်းဘူး၊ ရဟန်းတို့အား

(တတိယအကြိမ်)

မအပ်ဘူး။ ဒါကြောင့် သစ်သားစန္ဒကူးသပိတ်ကိုခွဲပြီး အပ်စပ်သည့် အသုံးအဆောင် ပြုလုပ်သုံးဆောင်ဖို့ ခွင့်ပြုတော်မူပါတယ်။ "တန်ခိုးမပြရ" လို့ သိက္ခာပုဒ်ပညတ်တော်မူသည်မှစပြီး တန်ခိုးပြနိုင်တဲ့ ဈာန်အဘိညာဉ်ရ ရဟန်းတော်တွေ တန်ခိုးမပြကြရတော့ဘူး။

## အခွင့်ကောင်းယူကြပြီ

တန်ခိုးမပြရဆိုတဲ့ သိက္ခာပုဒ်ကို မြတ်စွာဘုရားက ပညတ်တော်မူလိုက်ကြောင်းသတင်းကို တိတ္ထိတွေက ကြားသွားကြတယ်။ ဒီသတင်းကို အခွင့်ကောင်းယူပြီး တိတ္ထိတွေက ဘယ်လိုပြောကြသလဲဆိုရင်-

"ဟော့ ဟိုစန္ဒကူးသပိတ်ကိစ္စတုန်းက တို့မှာလည်း တန်ခိုးအရှိသားပဲ။ ဒါပေမယ့် အဖိုးမတန်တဲ့ စန္ဒကူးသပိတ်ကလေးကို အကြောင်းပြုပြီး မြင့်မြတ်တဲ့ တန်ခိုးကို လူတွေသိအောင်ပြလို့ မသင့်လျော်တာနဲ့ တို့ကမပြတာ၊ အရှင်ဂေါတမရဲ့ တပည့်ထဲက အရှင်ပိဏ္ဍောလဟာ ဘာမှအဖိုးမတန်တဲ့ သပိတ်ကလေးတစ်ခုနဲ့စပ်ပြီး သူက တန်ခိုးပြသွားတယ်။ အဲဒါ မသင့်တော်လို့ အရှင်ဂေါတမက တန်ခိုးမပြရဆိုတဲ့ သိက္ခာပုဒ်ကို ပညတ်လိုက်သတဲ့။ အခု တို့က တန်ခိုးပြမယ်" လို့ ကြေညာလိုက်ကြသတဲ့။

သိက္ခာပုဒ် ပညတ်ပြီးမှတော့ ဘုရားတပည့်သာဝကတွေလည်း တန်ခိုးပြကြတော့မယ်မဟုတ်။ မြတ်စွာဘုရားကိုယ်တော်တိုင်လည်း တန်ခိုးပြတော့မယ်မဟုတ်လို့ သူတို့က ဒီလို အထင်ရောက်သွားကြတယ်။ ဒီလို ကြေညာလိုက်တာကို ဗိမ္ဗိသာရမင်းကြီးကကြားသိလို့ မြတ်စွာဘုရားအား သွားပြီးလျှောက်ထားတယ်။ ဘယ်လိုလျှောက်သလဲဆိုရင်-

"မြတ်စွာဘုရား တန်ခိုးမပြရဆိုတဲ့ သိက္ခာပုဒ်ကို ပညတ်တော်မူလိုက်တယ်ဆိုတာ ဟုတ်ပါသလားဘုရား" လို့ လျှောက်ထားတယ်။

ဒီလိုလျှောက်တော့ မြတ်စွာဘုရားက "ဟုတ်တယ်" လို့ ဖြေကြားတော်မူတယ်။

"ဟိုမှာ တိတ္ထိတွေက မြတ်စွာဘုရားနဲ့ တန်ခိုးပြိုင်မယ်လို့ ကြေညာနေကြပါတယ်ဘုရား" လို့ ဗိမ္ဗိသာရမင်းကြီးက လျှောက်ထားတယ်။

(တတိယအကြိမ်)

ဒီတော့ မြတ်စွာဘုရားက "သူတို့ပြိုင်မယ်ဆိုရင် ငါဘုရားကလည်း ပြိုင်ရမှာပေါ့" လို့ မိန့်ကြားတော်မူတယ်။

"အရှင်ဘုရားက သိက္ခာပုဒ် ပညတ်တော်မူထားတယ် မဟုတ်ပါလားဘုရား၊ ဘယ်လိုလုပ်ပြိုင်မှာလဲ" လို့ ဗိမ္ဗိသာရမင်းကြီးက လျှောက်ထားတယ်။

"သိက္ခာပုဒ် ပညတ်တာက တပည့်သာဝကတွေရဲ့အတွက် ပညတ်တာပဲ၊ ငါဘုရားအတွက် ပညတ်တာမဟုတ်ဘူး" လို့ မိန့်ကြားတယ်။

"ဟုတ်ပါ့မလားဘုရား" လို့ မင်းကြီးကလျှောက်ထားတော့-

"ဟုတ်ပါတယ်မင်းကြီး" လို့ မိန့်ကြားပြီး "သင်မင်းကြီးမှာ ဥယျာဉ်ရှိတယ်၊ မဟုတ်လား" လို့ မြတ်စွာဘုရားက မေးတော်မူတယ်။

"ရှိပါတယ်ဘုရား" လို့ မင်းကြီးက လျှောက်ထားတယ်။

"သင်မင်းကြီးရဲ့ ဥယျာဉ်ထဲက သစ်သီးသစ်ပွင့်တွေကို သင်မင်းကြီးရဲ့ ခွင့်ပြုချက်မရှိဘဲ တခြားလူတွေဆွတ်ခူးလို့ရှိရင် အပြစ်ဒဏ်မပေးဘူးလား"လို့ မေးတော်မူပါတယ်။ ဒီတော့ မင်းကြီးက-

"ပေးပါတယ်ဘုရား" လို့ လျှောက်ထားတယ်။

"မင်းကြီးကိုယ်တိုင် ဆွတ်ခူးသုံးဆောင်လို့ရှိရင်ကော အပြစ်ပေးသေးလား" လို့ မေးတော်မူပြန်တယ်၊ ဒီတော့ မင်းကြီးက-

"မပေးပါဘုရား" တဲ့။

"အေး ဒီလိုပါပဲမင်းကြီး၊ မင်းကြီးရဲ့ ဥယျာဉ်မှာ သူတစ်ပါးအတွက်သာ အပြစ်ဒဏ်ပေးဖို့ မဆွတ်မခူးရအောင် ဥပဒေနဲ့ ပညတ်ထားတာပဲ၊ ငါဘုရားလည်း ဒီလိုပါပဲ၊ ငါဘုရားအတွက် ပညတ်ထားတဲ့ သိက္ခာပုဒ်မဟုတ်ပါဘူး၊ တပည့်သာဝကတွေရဲ့အတွက်သာ ပညတ်ထားတာပါ၊ ငါဘုရား တန်ခိုးပြိုင်မယ်" လို့ မိန့်တော်မူပါတယ်။

"ဒီလိုဆိုရင် တန်ခိုးပြတော့ ဘယ်မှာပြမှာပါလဲ ဘုရား" လို့ မင်းကြီးက လျှောက်ထားတယ်။

"လေးလကြာတဲ့အခါ သာဝတ္ထိပြည် ကဏ္ဍအမည်ရှိတဲ့ သရက်ပင်အောက်မှာ တန်ခိုးပြမယ်" လို့ မြတ်စွာဘုရားက မိန့်တော်မူလိုက်တယ်။

(တတိယအကြိမ်)

## သရက်ပင်တွေကို နုတ်ပစ်ကြတယ်

ရာဇဂြိုဟ်ပြည်ကနေပြီး သာဝတ္ထိပြည်မှာ တန်ခိုးပြမယ်ဆိုတော့ ဒါဟာ တော်တော်ဝေးကွာတဲ့နေရာကို မြတ်စွာဘုရားက မိန့်ကြားတော်မူလိုက်တာပဲ။ ဒီလိုမိန့်ကြားတာက ပရိသတ်တွေ စုံစုံလင်လင် အများကြီးလိုက်ပါလာအောင်လို့တဲ့။ မြတ်စွာဘုရားက တန်ခိုးပြမယ်လို့လည်း မိန့်တော်မူရော မြတ်စွာဘုရားကိုယ်တိုင် တန်ခိုးမပြဘူးထင်လို့ တန်ခိုးပြိုင်မယ်လို့ ပြောထားမိတဲ့ တိတ္ထိတွေမှာ အနေခက်ကုန်ကြတာပေါ့။ ဒါပေမယ့် "ဟန်က ကိုယ့်ဖို့" ဆိုသလို သူတို့က ဟန်တွေ၊ ပန်တွေတော့ လုပ်ကြသေးတယ်။ ဘယ်လိုလည်းဆိုရင်-

"အရှင်ဂေါတမက တန်ခိုးပြမယ်၊ တန်ခိုးပြမယ်လို့ ဆိုထားတယ်၊ ရှင်ဂေါတမ ပျောက်မသွားအောင် တို့က ရှင်ဂေါတမ သွားလေရာရာကို နောက်ကလိုက် ကြည့်နေကြမှဖြစ်မယ်" လို့ဆိုပြီး မြတ်စွာဘုရားရဲ့နောက်က အမြဲလိုက်ကြည့် နေကြသတဲ့။

မြတ်စွာဘုရားက တန်ခိုးမပြဝံ့ဘဲ ထွက်ပြေးမှာကို သူတို့က စိုးရိမ်တယ်ဆိုတဲ့ သဘောပေါ့လေ။ မူမမှန်သူတွေဆိုတာ ဒီလိုပါပဲ။ တော်တော်ကို မသင့်မလျော်တဲ့ ကြံမိကြံရာ ကြံကြတာပဲ။ တစ်သက်လုံး သူတို့ရဲ့လုပ်ကွက်ဟာ ရယ်စရာ ကြီး ဖြစ်နေရစ်မှာကိုတော့ သူတို့က ထည့်မစဉ်းစားကြဘူး။ ဘယ်သူတွေက ဘယ်လိုပဲ ဆိုဆိုပြောပြော သူတို့ကတော့ မဖြုန်ဘူးပေါ့လေ။

အမှုအခင်းဖြစ်တာက ဝါဆိုလပြည့်နေ့ ဝါဆိုလပြည့်နေ့ ... ဝါဆိုလပြည့်နေ့ လောက်မှာ လေးလရှိသွားမယ်။ အဲဒီနေ့မှာ တန်ခိုးပြဖို့ရည်ရွယ်ပြီး မိန့် ကြားတော်မူတယ်ဆိုတာ ထင်ရှားပါတယ်။ မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့ စကားတွေကို တိတ္ထိတွေက ကြားသိကြသောဖြစ်လို့ သာဝတ္ထိပြည်အနီးမှာရှိတဲ့ သရက်ပင်တွေကို အကုန်လုံးလိုက်ပြီးတော့ သုတ်သင်ရှင်းလင်းပစ်လိုက်ကြသတဲ့။ မြတ်စွာဘုရားက သရက်ပင်ရင်းမှာ တန်ခိုးပြမယ်ဆိုတာကြောင့် ပြစရာ နေစရာမရှိအောင် တိတ္ထိတွေက လုပ်ပစ်ကြတာပါပဲ။ ဒါပေမယ့် မင်းဥယျာဉ်ထဲက သရက်ပင်ကိုတော့ သူတို့ထင်သလို လုပ်ဝံ့ကြဟန်မတူဘူး။

(တကိုယ်အကြံမဲ့)

## ခါချဉ်ထုပ်ထဲက သရက်သီး

ဒီလိုနဲ့ ဝါဆိုလပြည့်နေ့ကို ရောက်လာတယ်။ မင်းဉယျာဉ်ထဲက ကဏ္ဍဆိုတဲ့ ဉယျာဉ်မှူးမှာ သရက်သီးတစ်လုံး ရလာခဲ့တယ်တဲ့။ ဘယ်ကရသလဲဆိုတော့ ခါချဉ်ထုပ်ထဲက ရလာခဲ့တာတဲ့။ ခါချဉ်ထုပ်ထဲမှာ ဖုံးအုပ်ပြီး သီးနေတာဆိုတော့ မမြင်ဘဲ ကျန်နေတဲ့သရက်သီးပေါ့။ ဒီသရက်သီးကို ဉယျာဉ်မှူး ကဏ္ဍဆိုတဲ့ သူက ရလာခဲ့တယ်။ ကောသလမင်းကြီးကို ဆက်သမယ်ဆိုပြီး ယူလာတဲ့အခါ လမ်းမှာ မြတ်စွာဘုရားနဲ့တွေ့နေတယ်။ ဒီတော့ ဉယျာဉ်မှူးက စဉ်းစားတယ်။

"ဒီသရက်သီးကို ကောသလမင်းကြီးအား ပေးအပ်ဆက်သလိုက်လို့ရှိရင် ဆုလာဘ်အဖြစ်နဲ့ အသပြာခြောက်ကျပ်, ခုနစ်ကျပ်လောက်သာရမှာပဲ၊ သိပ်ပြီးတော့ များများစားစားရမှာမဟုတ်ဘူး။ မြတ်စွာဘုရားအား လှူလိုက်ရရင်တော့ တစ်သံသရာလုံး ချမ်းသာရာ,ချမ်းသာကြောင်း၊ ကြီးပွားရာ,ကြီးပွားကြောင်း ဖြစ်သွားနိုင်တယ်။ အကျိုးများမယ်။ ဒီတော့ မြတ်စွာဘုရားအားလှူမှပဲ" လို့ ဒီလိုစဉ်းစားပြီး အဲဒီ သရက်သီးကို မြတ်စွာဘုရားအား လှူလိုက်တယ်တဲ့။

မြတ်စွာဘုရားက အလှူခံပြီး ဘုဉ်းပေးတော်မူတယ်။ ဘုဉ်းပေးပြီးတော့ သရက်စေ့ကို ဉယျာဉ်မှူးအား အစိုက်ခိုင်းတော်မူပါတယ်။ မြတ်စွာဘုရားခိုင်းတဲ့အတိုင်း ဉယျာဉ်မှူးကလည်း မြေကိုတူးဆွပြီး သရက်စေ့ကို မြှုပ်လိုက်တယ်။ မြတ်စွာဘုရားက လက်တော်ကို ရေဆေးပြီး သရက်စေ့မြှုပ်ထားတဲ့မြေပေါ်ကို လက်ဆေးရေ လောင်းချလိုက်တယ်။ ဒီလို လက်ဆေးရေလောင်းချလိုက်တာနဲ့တစ်ပြိုင်နက် ချက်ချင်းပင် သရက်ပင်ကြီးပေါက်လာသတဲ့။ တန်ခိုးတော်ကြောင့် ဒီလို ချက်ချင်းပေါက်လာတာလို့ဆိုရမှာပေါ့။ အလိုလိုတော့ ပေါက်နိုင်စရာအကြောင်း မရှိပါဘူး။ မြတ်စွာဘုရားရဲ့ ဘုန်းတော်ခြောက်ပါးထဲမှာ "ကာမဘုန်းတော်" ဆိုတာပါတယ်။ အဲဒီ ဘုန်းတော်က မြတ်စွာဘုရားအလိုတော်ရှိရင် အလိုတော်အတိုင်း ဖြစ်ရတဲ့ ဘုန်းတော်ပါပဲ။ ဘုန်းတန်ခိုးဆိုတာ အင်မတန် ဆန်းကြယ်တာကလား။

ပေါက်လာတဲ့ အဲဒီ သရက်ပင်ကြီးဟာ အမြင့်လည်း အတောင်ငါးဆယ်, ပတ်လည် အဝန်းအဝိုင်းလည်း အတောင်ငါးဆယ်ရှိသတဲ့။ အမြင့်ရော အဝန်း အဝိုင်းရော နှစ်ရှု်ပေါင်းလိုက်လို့ရှိရင် အတောင်တစ်ရာရှိတဲ့ သရက်ပင်ကြီး

(တတိယအကြိမ်)

ပေါ့။ တစ်ခါတည်း အပွင့်တွေပွင့် အသီးတွေသီးလာလိုက်ရုံမကဘူး သရက်သီးတွေဟာ တစ်ခါတည်းပဲ ဝင်းပြီးမှည့်လာတယ်လို့ဆိုတယ်။ အဲဒီ သရက်သီးမှည့်တွေကို လူတွေကစားကြတယ်။ အဲဒီလို လူတွေစားတာလည်း မကုန်နိုင်ဘူးတဲ့။ သရက်သီးတွေကို စားကြသူတွေထဲမှာ အရက်သေစာ သောက်စားမူးယစ်တဲ့ လူတွေကလည်း ပါရှိကြသေးတယ်။ သူတို့ကတော့ စားပြီး အငြိမ်နေကြတာ မဟုတ်ဘူး၊ သရက်သီးတွေစားရင်း တိတ္ထိတွေဆီကိုသွားပြီး ပြောကြဆိုကြသေးသတဲ့၊ သူတို့ပြောဆိုကြပုံက ဒီလိုတဲ့-

"ဟော့ တိတ္ထိတွေ၊ ဒီမှာ ကြည့်ကြစမ်း၊ သရက်သီးတွေ အသင်တို့က ကဏ္ဍ သရက်ပင်အရင်းမှာ ဗုဒ္ဓဘုရားက တန်ခိုးပြမယ်ဆိုလို့ သာဝတ္ထိပြည်အနီး သရက်ပင်တွေကို အကုန်လုံးလိုက်ပြီးတော့ သုတ်သင်ပစ်ကြတယ် မဟုတ်လား။ ပေါက်ခါစ သရက်ပင်ကလေးတွေကိုတောင်မှ မချန်ကြဘူး။ ဗုဒ္ဓဘုရား တန်ခိုးပြမည့် သရက်ပင်က အသင်တို့လှဲပစ်တဲ့ သရက်ပင်မျိုးမဟုတ်ဘူး။ ဟောဟိုမှာ သရက်ပင်ကြီး မြင်ကြရဲ့လား၊ သီးလည်းသီးနေပြီ၊ အဲဒီအပင်က သရက်သီးတွေပေါ့၊ အခု တို့စားလာတာ" သရက်စေ့တွေနဲ့ တိတ္ထိတွေကို ပစ်ပေါက်ကြသတဲ့။

## တစ်သိန်းတန် ခဏ္ဍာဝ်ကြီး

မြတ်စွာဘုရားက သရက်ပင်အောက်မှာ တန်ခိုးပြမယ်ဆိုတော့ သူတို့က တစ်သိန်းတန်မဏ္ဍပ်ကြီး ဆောက်လုပ်ကြတယ်။ မဏ္ဍပ်ဆောက်တဲ့ ငွေကစ်သိန်းက သူတို့ကိုကြည်ညိုတဲ့ ဒကာ၊ ဒကာမတွေဆီက အလှူခံလို့ရထားတာတဲ့။ သူ့ဒကာနဲ့သူတော့ ဒီလိုရှိကြတာပါပဲ။ တစ်သိန်းတန်မဏ္ဍပ်ကြီးဆိုတော့ မဏ္ဍပ်ကြီးဟာ ဟိန်းနေမှာပေါ့လေ၊ မြတ်စွာဘုရား တန်ခိုးပြမည့်နေရာမှာကတော့ မဏ္ဍပ်မရှိပါဘူး။

ဒီတော့ ပသေနဒီ ကောသလမင်းကြီးက မြတ်စွာဘုရားကို ကြိုတင်ပြီး လျှောက်ထားတယ်။ ဘယ်လို လျှောက်ထားသလဲဆိုရင်-

"မြတ်စွာဘုရားတဲ့၊ တိတ္ထိတွေက တန်ခိုးပြမယ်ဆိုပြီးတော့ မဏ္ဍပ်ကြီး ဆောက်လုပ်ထားလိုက်ကြတာ အကြီးကြီးပါပဲဘုရား၊ တပည့်တော် မြတ်စွာဘုရားအတွက် မဏ္ဍပ်ဆောက်လုပ်ပါရစေ ဘုရား" လို့ ဒီလိုလျှောက်ထားတယ်။

(တတိယအကြိမ်)

"သင်မင်းကြီး မဆွပ်ဆောက်ဖို့ မလိုပါဘူး။ ဒီပြင် ဆောက်မည့်ပုဂ္ဂိုလ် ရှိပါတယ်" လို့ မြတ်စွာဘုရားက မိန့်ကြားတော်မူတယ်။ ဒါနဲ့ ကောသလမင်းကြီးက–

"ဘယ်ပုဂ္ဂိုလ် ဆောက်လုပ်မှာပါလဲ ဘုရား" လို့ မေးလျှောက်တော့–

"သိကြားမင်း ဆောက်လုပ်ပါလိမ့်မယ်" လို့ မိန့်ကြားတော်မူလိုက်တယ်။

## လေထဲပါသွားတယ်

သိကြားမင်းက လေနတ်သားကို လေတိုက်ပေးဖို့ ခိုင်းတယ်။ လေဆိုတာ ပကတိရာသီဥတုအလျောက် တိုက်တာလည်းရှိတယ်၊ နတ်တန်ခိုးနဲ့ တိုက်တဲ့လေတွေလည်း ရှိကြတယ်၊ အခု အများအားဖြင့် တွေ့နေကြရတာကတော့ ရာသီဥတုကြောင့် ရာသီဥတုအလျောက် တိုက်တဲ့လေတွေကိုသာ တွေ့နေကြရတာက များပါတယ်။ ဒါပေမယ့် တချို့လေတွေလည်း နတ်တန်ခိုးကြောင့် တိုက်တာတွေ ဖြစ်ချင်လည်းဖြစ်မှာပဲ။ ဧကန်အတတ်တော့မပြောနိုင်ဘူး။ မမြင်နိုင်တဲ့ သဘောတရားတွေကိုး၊ မိုးဆိုတာလည်းအတူတူပဲ၊ ရာသီဥတုကြောင့် ရွာတာပဲ၊ နတ်တန်ခိုးကြောင့်လည်း ရွာချင်ရွာမှာပဲ၊ အခု ဒီမှာတော့ သိကြားမင်းက လေနတ်သား၊ မိုးနတ်သားတွေကို စေခိုင်းထားတယ်။ ဒါကြောင့် လေနတ်သား၊ မိုးနတ်သားတွေက လေကြီးမိုးကြီးတွေနဲ့ တိုက်ဖျက်လိုက်တာ တိတ္ထိတွေဆောက်လုပ်ထားတဲ့ တစ်သိန်းတန်မဆွပ်ကြီးဟာ အကုန်လုံးပြိုပျက်သွားတယ်တဲ့။ တိတ္ထိတွေ နေစရာမရှိ ဖြစ်ကုန်ကြလို့ ဟိုပြေး ဒီပြေးနဲ့ ပြေးကြရတယ်တဲ့။

ပုရာဏကဿပဆိုတဲ့ ဆရာကြီးဟာ အဲဒီလို ရှောင်တိမ်းထွက်ပြေးနေတုန်းမှာ သူ့ကို ကိုးကွယ်နေကျဖြစ်တဲ့ လက်သမား ဒကာတစ်ယောက်နဲ့ လမ်းမှာတွေ့တယ်တဲ့၊ အဲဒီဒကာက "ဒီကနေ့ တို့ဆရာက ဗုဒ္ဓနဲ့ တန်ခိုးပြိုင်မယ်လို့ ဆိုတယ်၊ တန်ခိုးပြိုင်ပွဲကို သွားကြည့်ဦးမယ်" ဆိုပြီး နွားနို့ချဉ်အိုးလေးကို ကြိုးလေးနဲ့တင်လို့ ထမ်းပိုးလေးနဲ့ လျှိုပြီးထမ်းလို့ ထွက်လာခဲ့တယ်တဲ့၊ ဒီတော့ ပုရာဏကဿပဆရာကြီးက "ဟေ့ ဒကာ ဘယ်သွားမလို့လဲ" လို့ မေးလိုက်တယ်၊ ဒကာက "အရှင်ဘုရားတို့ တန်ခိုးပြိုင်ကြမယ်ကြားလို့ လာကြည့်တာပဲ" လို့ပြောတယ်၊ အေး "တန်ခိုးပြိုင်တာက အရေးမကြီးပါဘူး၊ မင်းရဲ့ ကြိုးကလေးနဲ့အိုးကို

(တတိယအကြိမ်)

ငါ့အားလှူပါဦး'' လို့ ပုရာဏကဿပကပြောတော့ ဒကာက ''အဲဒါဘာလုပ်ဖို့ ပါလဲ''လို့ မေးတယ်၊ ''မေးမနေစမ်းပါနဲ့၊ မြန်မြန်သာလှူစမ်းပါ''လို့ အလျှခံတာနဲ့ ဒကာကလှူလိုက်ရတယ်၊ ရင်းနှီးနေကြတဲ့ ဆရာဒကာတွေဆိုတော့ ဒီလိုပဲ ပြောရဲဆိုရဲ ရှိကြတာပေါ့လေ။

သူက ဒီကြိုးနဲ့အိုးကို ကိုယ်ပေါ်မှာချည်ပြီး မြစ်ရေထဲကို ခုန်ချမှာဖြစ်တော့ အလွယ်တကူပဲ နစ်မြုပ်သွားအောင်ဆိုတဲ့အနေနဲ့ အိုးထဲမှာ သဲတွေထည့်ကောင်း ထည့်ပါလိမ့်ဦးမယ်၊ စာထဲမှာတော့ မပါပါဘူး။ အိုးထဲမှာပါတဲ့ နွားနို့ချဉ် အလေးချိန်လောက်နဲ့ကတော့ လူတစ်ကိုယ်လုံး နစ်မြုပ်သွားဖို့ရာ လုံလောက်မယ် မဟုတ်ပါဘူး။ ဒါကြောင့် မြစ်ကမ်းနားမှာလည်းဖြစ်နေပြန်၊ သဲတွေကလည်း အဆင်သင့်ရှိနေမှာ ဖြစ်လေတော့ အဲဒီ အိုးထဲမှာ သဲတွေကိုလည်း ထည့်ဦးမှသာ အလွယ်တကူ နစ်ဖို့ရှိပါတယ်။ အဲဒါနဲ့ သူ့ကိုယ်မှာ အိုးနဲ့ကြိုးချည်ပြီးတော့ မြစ်ထဲကိုခုန်ချပြီးတော့ သေသွားတယ်လို့ဆိုပါတယ်။ သေပြီး အဝီစိကို ရောက်သွားရှာသတဲ့။ တန်ခိုးမရှိဘဲနဲ့ ရှိလေဟန်ဝါကြွားတော့ ခက်တာပေါ့လေ။

## စကြိုကြီးဖန်ဆင်းပေးတယ်

တိတ္ထိတွေ ထွက်ပြေးသွားပြီးတဲ့နောက်တော့ ရှုပ်ရှုပ်ထွေးထွေး ဖျက်လိုဖျက် ဆီးလုပ်တဲ့အလုပ်တွေရှင်းသွားပြီပေါ့။ ဒီတော့မှ သိကြားမင်းက မြတ်စွာဘုရားရှင် တန်ခိုးပြတော်မူဖို့စကြိုကြီးဖန်ဆင်းလိုက်တယ်၊ အဲဒီစကြိုကြီးဟာ စကြဝဠာ အရှေ့နဲ့အနောက် အဆုံးတိုင်အောင် ဖန်ဆင်းထားတဲ့စကြိုလို့ဆိုပါတယ်၊ ဒါပေမယ့် လူတွေကတော့ သူတို့မျက်စိနဲ့ မျက်စိတဆုံးလောက်သာမြင်နိုင်လို့ လူတွေက အဲဒီလိုပဲ ထင်ကြမှာပါပဲ။ စကြဝဠာ အဆုံးတိုင်အောင်ဆိုတော့ အလွန်ရှည်လွန်း နေပါတယ်။ နတ်ပရိသတ်အတွက်ဆိုရင်တော့ မပြောတတ်ဘူး။ လူပရိသတ်အတွက် ဆိုရင်တော့ ဒီလောက်ရှည်ရှည် စကြိုကြီးလိုမယ် မဟုတ်ပါဘူး။

တန်ခိုးဆိုတာ အင်မတန်ထူးကဲတာကလား၊ ဒီအထဲ တိတ္ထိတွေက တန်ခိုးပြိုင် မယ်ဆိုတော့ သာပြီး ကြည့်ချင် ရှုချင်ကြမှာပဲ။ သူ့ဘက် ငါ့ဘက်ဆိုသလို နှစ်ဘက်လုံးမှ ပရိသတ်တွေဟာ လာကြည့်ကြမှာပေါ့လေ၊ ပရိသတ်ကြီး ဘယ်လောက်တောင်များသလဲဆိုရင် စကြိုကြီးရဲ့ ဟိုဘက်ဒီဘက် တစ်ဆယ့်

နှစ်ယူဇနာစီရှိနေသတဲ့၊ နှစ်ဘက်ပေါင်းဆိုရင် နှစ်ဆယ့်လေးယူဇနာရှိတဲ့ ပရိသတ်ကြီးပဲ၊ မြတ်စွာဘုရားက အဲဒီပရိသတ်ကြီးအလယ်မှာ သိကြားမင်းက ဖန်ဆင်းပေးထားတဲ့ ရတနာစင်္ကြံကြီးပေါ်ကနေပြီး တန်ခိုးပြာဋိဟာ ပြတော်မူတယ်။

## ယမကပါဋိဟာရိယ

ဒီနေရာမှာ မြတ်စွာဘုရားတန်ခိုးပြတာကို ပါဠိလို "ယမက ပါဋိဟာရိယ" လို့ခေါ်တယ်။ မြန်မာလို တချို့က "ယမိုက်ပြာဋိဟာ"လို့ ခေါ်ကြတယ်။ ပုဒ်ခွဲလိုက်ရင် ယမကကို တစ်ပုဒ်, ပါဋိဟာရိယကို တစ်ပုဒ် ဒီလိုခွဲရမယ်။ ယမကဆိုတာ အစုံတဲ့၊ ပါဋိဟာရိယဆိုတာက အံ့ဖွယ်ဘနန်း ထူးဆန်းတဲ့တန်ခိုး၊ ယမကပါဋိဟာရိယ အစုံအစုံ အံ့ဖွယ်ဘနန်း ထူးဆန်းတဲ့တန်ခိုးတဲ့။ ဘယ်လိုအစုံအစုံ အံ့ဖွယ်ဘနန်း ထူးဆန်းသလဲဆိုရင် အထက်ပိုင်းကိုယ်တော်ခြပ်မှ မီးလျှံတွေ ထွက်နေတယ်ဆိုရင် အောက်ပိုင်းကိုယ်တော်ခြပ်မှ ရေအလျဉ်တွေစီးလို့၊တစ်ဖန် အထက်ပိုင်းကိုယ်တော်ခြပ်မှ ရေအလျဉ်စီးနေတယ်ဆိုရင် အောက်ပိုင်းကိုယ်တော်ခြပ်မှ မီးလျှံတွေဖြာထွက်လို့ အဲဒီလို အစုံအစုံ ပြောင်းပြောင်းပြီး တစ်ပြိုင်နက်တည်း၊ တစ်ပြိုင်နက်တည်းကို ကြည့်ရှုတဲ့ ပရိသတ်ကြီးရဲ့မျက်စိမှာ မြင်နေရတယ်တဲ့။ အဲဒီလို မြတ်စွာဘုရားရဲ့ ကိုယ်ခြပ်တော် အထက်ပိုင်း အောက်ပိုင်းမှ မီးလျှံနဲ့ ရေအလျဉ်တွေ မပြတ်အောင် မြင်နေရတယ်ဆိုတာဟာ အင်မတန် အံ့ဖွယ်ဘနန်း အလွန်ထူးဆန်းတဲ့ တန်ခိုးတွေပဲ။ မျက်စိ, နား, နှာ အစုံအစုံသော ဒွါရ တွေကလည်း ဒီလိုပဲတဲ့။ လက်ဝဲ,လက်ယာ အပြန်ပြန် မီးလျှံနဲ့ ရေအလျဉ်တွေဟာ တစ်ပြိုင်နက်တည်း တစ်ခဲနက်ကို မြင်နေကြရတယ်တဲ့။ အင်မတန် အံ့ဖွယ်ဘနန်း ထူးဆန်းလှတဲ့ တန်ခိုးတွေပါပဲ။ ဒါ့ကြောင့် အဲဒီ တန်ခိုးတော်ကို "ယမက ပါဋိဟာရိယ တန်ခိုးတော်" လို့ ဆိုပါတယ်။

ဒီလို တန်ခိုးတော်တွေကို သိကြားမင်း ဖန်ဆင်းပေးထားတဲ့ ရတနာစင်္ကြံကြီးရဲ့အပေါ်မှာ စင်္ကြံကြွနေတော်မူရင်း ပြတော်မူတယ်။ ပြီးတော့ စင်္ကြံကြွတော်မူရင်းပင် သင့်လျော်တဲ့တရားကိုလည်း ဟောကြားတော်မူလိုက်သေးတယ်။ တန်ခိုးတော်ပြရင်းနဲ့ တရားဟောကြားတော်မူတဲ့ မြတ်စွာဘုရားကို ငေးမောအံ့ဖွယ် စခန်း ထူးဆန်းနေတဲ့ ပရိသတ်ကြီးဟာ အင်မတန် ကြည်ညိုသဒ္ဓါတရားတွေလည်း

ဖြစ်နေတယ်တဲ့။ ပိတိတွေလည်း ဖြစ်နေကြတယ်။ အဲဒီလို ဖြစ်နေကြသည့်အထဲ တရားတော်ကိုလည်း ကြားနေကြရလေတော့ သူတို့အတွက်မှာ ကုသိုလ်တရားတွေ သိပ်ပွားများနေကြတာပေါ့။

ရောင်ခြည်တော်ခြောက်သွယ်နဲ့ အဆင်းအမျိုးမျိုး ကွန့်မြူးနေတာဖြစ်တော့ ပရိသတ်ကြီးတစ်ခုလုံး ကြည့်လို့မဝ ရှုလို့မဝ ကြည်ညိုလို့ကို အားမရနိုင်အောင် ဖြစ်နေကြတယ်။ ဒီလိုဖြစ်နေကြစဉ်မှာ မြတ်စွာဘုရားဟာ တာဝတိံသာသို့ ကြွတော်မူတယ်။ ဒီတာဝတိံသာသို့ ကြွတော်မူပုံကလည်း မှတ်သားစရာ ကောင်းတယ်။ အဲဒါကို နည်းနည်းလောက်တော့ ပြောပါဦးမယ်။

## နှစ်လှမ်းသုံးဖဝါးတဲ့

တာဝတိံသာနတ်ပြည်ရဲ့ တည်ရာဖြစ်တဲ့ မြင်းမိုရ်တောင်ဆိုတာရှိတယ်။ အဲဒီ မြင်းမိုရ်တောင်ရဲ့တစ်ဝက်မှာ ယုဂန္ဓိုရ်တောင်တဲ့။ ဒီက တန်ခိုးပြပြီးတော့ အဲဒီ ယုဂန္ဓိုရ်တောင်ထိပ်မှာ မြတ်စွာဘုရားက ခြေတစ်လှမ်းချတော်မူတယ်။ အဲဒီကနေပြီးတော့ တစ်ခါ တာဝတိံသာနတ်ပြည်ကို လှမ်းတက်တော်မူလိုက်တယ်။ ဒီတော့ တာဝတိံသာကိုကြွတော်မူတဲ့အခါ ခြေနှစ်လှမ်းနဲ့ ဖဝါးအားဖြင့် သုံးဖဝါး၊ ဒီလောက်နဲ့ပဲ တာဝတိံသာနတ်ပြည်ကို မြတ်စွာဘုရားရှင် ကြွရောက်တော်မူသွားပါတယ်။

မူလစကြိမှာ ရပ်တည်ခဲ့တဲ့ ခြေဖဝါးကတစ်ခု၊ ယုဂန္ဓိုရ်တောင်ပေါ်မှာချလိုက်တဲ့ ခြေဖဝါးကတစ်ခု၊ တာဝတိံသာမှာချလိုက်တဲ့ ခြေဖဝါးကတစ်ခု၊ အဲဒါ ချတော်မူတဲ့ ခြေဖဝါးသုံးခုပဲတဲ့။ အဲဒီလို နှစ်လှမ်းသုံးဖဝါးနဲ့ မြတ်စွာဘုရားဟာ တာဝတိံသာကို ကြွတော်မူတယ်တဲ့။

## ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ

အဲဒီ ယမကပါဋိဟာရိယ တန်ခိုးပြတဲ့အခန်းမှာ ဖော်ပြထားတဲ့ စကားရပ်တွေမှာတော့ ဒီလိုပြတဲ့ တန်ခိုးတော်ဟာ ဖန်ဆင်းနေရတာ မဟုတ်ဘူးတဲ့။ မြတ်စွာဘုရားရဲ့ ဘုန်းတော်အားလျော်စွာ ဖြစ်လာတာတဲ့။ ပြီးတော့ ခြေလှမ်းလှမ်းတဲ့ နေရာမှာလည်း ခြေလှမ်းကို ကျဲကျဲလှမ်းနေတာ မဟုတ်ဘူး။ ခြေတော်ချလိုက်တဲ့အခါ

တောင်ထိပ်ကလာပြီး ခံသွားတာလို့ ဆိုပါတယ်။ ကြွတာကတော့ ရိုးရိုး ကြွရိုးကြွစဉ် ကြွတော်မူတာပါပဲတဲ့။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဣဒ္ဓိဝိဓအခန်းမှာတော့ အဘိညာဉ်နဲ့ပဲ အနီးကို အဝေးဖြစ်အောင် အဝေးကိုအနီးဖြစ်အောင် တန်ခိုးနဲ့ဖန်ဆင်းပြီး ကြွတယ်လို့ ပြထားပါတယ်။ ဘယ်လိုပဲဆိုဆိုပေါ့လေ၊ တာဝတိံသာကို ကြွတော်မူတဲ့အခါ နှစ်လှမ်းနဲ့သုံးဖဝါး ကြွတော်မူတယ်ဆိုတာကိုတော့ သဘောမကွဲလွဲကြပါဘူး။ အတူတူပါပဲ။

တာဝတိံသာမှာ ပဏ္ဍုကမ္ဗလာကျောက်ဖျာဆိုတာရှိတယ်။ အဲဒါဟာ သိကြားမင်းထိုင်တဲ့ကျောက်ဖျာပါပဲ။ ကျောက်ဖျာဆိုပေမယ့် ဒီမှာရှိတဲ့ ကျောက်ဖျာတွေလို မာမာကျောကျောကြီးမဟုတ်ဘူး။ အင်မတန် ပျော့ပျောင်းတယ်လို့ ဆိုပါတယ်။ သိကြားမင်း ထိုင်လိုက်လို့ရှိရင် ပျော့ပြီးတော့ အခု ဒီလူ့ပြည်မှာ ပျော့ပျော့အိအိ လုပ်ထားကြတဲ့ ကူရှင်ဖုံတို့လိုနေမှာပေါ့။ ဒီလို နူးနူးညံ့ညံ့ဖြစ်တဲ့ ကျောက်ဖျာပေါ်မှာ မြတ်စွာဘုရား သီတင်းသုံးထိုင်တော်မူပါတယ်။

မြတ်စွာဘုရား ထိုင်တော်မမူမီအရင်တော့ သိကြားမင်းကလင်မိသတဲ့။ "အင်း မြတ်စွာဘုရား ခန္ဓာတော်က ခပ်သေးသေးလေးရယ်၊ ကျောက်ဖျာကြီးက အကြီးကြီး၊ မြတ်စွာဘုရားထိုင်တော်မူလိုက်ရင် ကျောက်ဖျာကြီးဟာ အပုံကြီး ကြီးပြီး အစွန်းတွေပိုထွက်နေမှာပဲ"လို့ ထင်မိသတဲ့။ မြတ်စွာဘုရားက ဒုကုဋ်သင်္ကန်း ကြီးကို ဖြန့်ခင်းတဲ့ပြီး ထိုင်တော်မူလိုက်တော့ အဲဒီ ကျောက်ဖျာကြီးပေါ်မှာ ပြည့်သွားတယ်။ မြတ်စွာဘုရားနဲ့ကျောက်ဖျာဟာ ဆော်ဟန်သင့်ကင့်ရုံ ဖြစ်နေသတဲ့။ အပိုအလိုမရှိပါဘူးလို့ ဆိုတယ်။ ဘုရားတန်ခိုးတော်ဆိုတာ ဒီလိုပါပဲ။ အလိုက်သင့် အလျားသင့် ဖြစ်တာချည်းပါပဲ။

## ဣန္ဒကနှင့် အင်္ကုရနတ်သားနှစ်ဦး

မြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားတော်ကိုနာကြားကြဖို့ စကြဝဠာ ဘိုက်တစ်သောင်းက နတ်ဗြဟ္မာတွေ စုရုံးရောက်လာကြတယ်။ အဲဒီအထဲမှာ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုသိတနတ်သားဟာ မြတ်စွာဘုရားရဲ့ ရှေ့နားမှာ ထိုင်နေတယ်။ မြတ်စွာဘုရားရဲ့ လက်ယာဘက်မှာ ဣန္ဒကနတ်သားက ထိုင်နေ

တယ်။ အကုံရနတ်သားက လက်ဝဲဘက်မှာ ထိုင်နေတယ်။ အဲဒီ နတ်သားနှစ်ဦးရဲ့ အတိတ်ဘဝက ပြုခဲ့တဲ့ကောင်းမှုကို ပြောရဦးမှဖြစ်မယ်။ ဘာပြုလို့လဲဆိုရင် သဒ္ဓါတရားဖြစ်ဖွယ် ကိစ္စလေးများဖြစ်လို့ပါပဲ၊ ဒါကြောင့် ပြောရဦးမယ်။

## အကုံရနတ်သားရဲ့ ကောင်းမှု

အကုံရနတ်သားဟာ အတိတ်ဘဝတုန်းက လူတို့အသက် နှစ်သောင်းတန်းရှိစဉ်က လူ့ဘဝမှာဖြစ်ခဲ့တယ်။ အဲဒီဘုန်းက အကုံရနတ်သားအလောင်းဟာ နှစ်ယူဇနာ၊ နှစ်ယူဇနာလောက်ရှိတဲ့ အရပ်တွေမှာ ထမင်းချက်ဖို့ မီးဖိုတွေဖိုပြီး အဲဒီမီးဖိုတွေမှာ ထမင်းတွေကိုချက်၊ ချက်ပြီးတော့ လာလာသမျှလူတွေကို ကျွေးမွေးခဲ့တယ်။ ဒီလောက်ကြီးကျယ်တဲ့ အလှူကြီးကို ပေးလှူခဲ့တဲ့ကောင်းမှုကုသိုလ်ကြောင့် အခု နတ်ပြည်မှာ အကုံရနတ်သားရယ်လို့ လာပြီးတော့ဖြစ်နေတာတဲ့။

## ဏ္ဍုန္နကနတ်သားရဲ့ ကောင်းမှု

ဏ္ဍုန္နကဆိုတဲ့နတ်သားကတော့ အတိတ်ဘဝက ရာဇဂြိုဟ်ပြည်သားဖြစ်တယ်။ သူဟာ အရှင်အနုရုဒ္ဓါဆွမ်းခံကြွလာတာနဲ့ ဆွမ်းတစ်ဇွန်း လောင်းခဲ့ဖူးတယ်။ တစ်ဇွန်းဆိုပေမယ့် ဇွန်းကလေးနဲ့တော့ ဟုတ်ပုံမရပါဘူး။ ဇွန်းကြီးနဲ့ ဖြစ်မှာပါပဲ၊ ရှေးကတော့ ယောက်ချိုလို့ခေါ်တဲ့ ဇွန်းကြီးတွေရှိတယ်။ အဲဒီယောက်ချိုနဲ့ တစ်ဇွန်း လောင်းလှူတာဖြစ်ပါလိမ့်မယ်။ စကားဆိုတာကလည်း အခက်သားပဲ၊ နည်းတာကို နည်းမှန်း ပိုထင်ရှားအောင် ပိုပိုကဲကဲလည်း ပြောတတ်ကြတယ်။ ဥပမာ ဘယ်လိုလဲဆိုရင် "လူတွေ အသက်ဆယ်နှစ်တန်းရောက်ရင် မြေဇာပင် ပုခက်လွှဲရလိမ့်မယ်" ဆိုတဲ့ အဆိုစကားမျိုးပေါ့၊ မြေဇာမြက်ပင်ကို ပုခက်လွှဲလို့ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် လူတွေ ဆယ်နှစ်တန်းရောက်လို့ရှိရင် အခုလူတွေလောက်ရှိတော့မှာမဟုတ်ဘဲ အင်မတန် ငယ်သွားမယ်ဆိုတာကို သိစေလိုလို့ ပိုလွန်ပြီးပြောကြတာပဲ၊ များလို့ရှိရင် များမှန်းထင်ရှားအောင် ဒီလိုပဲပိုလွန်ပြီး ပြောတတ်ကြတာပဲ။ "တစ်ယောက်စာတဲ့ကွာ ချက်ထားလိုက်တဲ့ ထမင်းတွေ၊ ဆယ်ယောက်စားလို့တောင်မှ ကုန်မှာမဟုတ်ဘူး" ဆိုတဲ့ စကားမျိုးလိုပေါ့။ ချက်တာက

တစ်ယောက်စာဆိုရင် ဆယ်ယောက်စာလောက်ထိအောင် မပိုလွန်နိုင်ပါဘူး။ ဒါပေမယ့် တစ်ယောက်စာထက်ပိုများမှန်းကိုသိအောင်လို့ အပိုအလွန်ပြောလိုက်တာပဲ။ ဒီလို အပိုအလွန်ပြောတာတွေကို သဒ္ဒါကျမ်းဆရာတွေက ဥပပရိက္ခာလို့ဆိုပါတယ်။ အပိုအလွန်ပြောဆိုတာတဲ့၊ အခု အရှင်အနုရုဒ္ဓါမထေရ်ကိုဆွမ်းလောင်းလှူတဲ့နေရာမှာလည်း ဒီလိုရှိမှာပါ။ တစ်ကြိမ်တစ်ခါတည်းဖြစ်လို့ နည်းမှန်းကို သိအောင်ဆိုပြီး "ဆွမ်းတစ်ဇွန်း လောင်းလှူတယ်"လို့ ပိုပြီးဆိုလိုက်တာဖြစ်ပါလိမ့်မယ်။

အရှင်အနုရုဒ္ဓါမထေရ်ကို ဆွမ်းလှူပြီးနောက် ဣန္ဒကနတ်သားအလောင်းဟာ သူ့သက်တမ်းအလျောက် စုတေသေလွန်ပြီး တာဝတိံသာနတ်ပြည်မှာ ဣန္ဒကနတ်သားဖြစ်တယ်။

## အကျိုးပေးရာမှာတော့ ကွာကြတယ်

အင်္ကုရနတ်သားဟာ မြတ်စွာဘုရားအနီး လက်ဝဲဘက်မှာ ထိုင်နေတယ်ဆိုတော့ မြတ်စွာဘုရားနဲ့ နှစ်တောင့်ထွာအကွာလောက်မှာဖြစ်မှာပါပဲ။ ဒါဟာ သင့်တော်လျောက်ပတ်တဲ့နေရာဖြစ်တယ်။ နောက်တော့ တစ်စတစ်စနဲ့ သူ့ထက်တန်ခိုးကြီးကြတဲ့နတ်တွေ ရောက်ရောက်လာကြတယ်တဲ့။ ဒီတော့ အင်္ကုရနတ်သားခမျာဟာ နောက်ဆုတ်ဆုတ်ပြီးတော့ ဖယ်ပေးရရှာတယ်။ အခု လူတွေလိုပဲပေါ့။ အခု လူတွေလည်းပဲ ကိုယ့်ထက်မျက်နှာကြီးတဲ့ ပုဂ္ဂိုလ်တွေလာတယ်ဆိုရင် မျက်နှာငယ်တဲ့လူတွေက နောက်ဆုတ်ဆုတ်ပေးကြရတယ်မဟုတ်လား၊ ဒီလိုပါပဲ။

အင်္ကုရနတ်သားဟာ ဘယ်လောက်ထိအောင် ဆုတ်ဆုတ်ပေးလိုက်ရသလဲဆိုရင် မြတ်စွာဘုရားနဲ့ တစ်ဆယ့်နှစ်ယူဇနာလောက်တောင် ဝေးကွာသွားတဲ့အထိပဲတဲ့။ အဲဒီလောက်ရောက်တော့မှပဲ သူနဲ့ အဆင့်အတန်းချင်းတူတဲ့နတ်တွေနဲ့ တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီတော့ ပရိသတ်ကြီးရဲ့ အစွန်အဖျားမှာ ရောက်နေပါပြီပေါ့။

ဣန္ဒကနတ်သားမှာတော့ လက်ယာဘက် မူလအတိုင်းနေရင်းနေရာမှ မရွေ့ရဘူးတဲ့။ ဘာပြုလို့လဲဆိုတော့ နောက်နောက်ရောက်လာတဲ့ နတ်တွေက သူ့ထက်တန်ခိုးကြီးတဲ့နတ်ရယ်လို့ မပါဘဲ သူနဲ့ တန်းတူနတ်တွေသာလျှင် ဖြစ်နေကြတာပါပဲ။ အင်္ကုရနတ်သားနဲ့ ဣန္ဒကနတ်သားနှစ်ဦးမှာ ဒီလောက်တောင် အကျိုးပေးခြင်း ကွာခြားနေတယ်။

(တတိယအကြိမ်)

## အလှူခံပုဂ္ဂိုလ်ချင်းက မတူခဲ့ကြဘူး

သူတို့နှစ်ဦး အလှူပေးကြရာမှာတော့ အကြီးအငယ် အကုန်အကျဟာ အင်မတန်မှပဲ ကွာခြားကြတာပဲကလား၊ အင်္ကုရနတ်သားအလောင်း လှူလှူခဲ့တာက ပစ္စည်းဥစ္စာတွေ အတိုင်းမသိအကုန်အကျခံပြီး အကြီးအကျယ်လှူတယ်။ ဒါပေမယ့် အလှူခံပုဂ္ဂိုလ်တွေကို ကြည့်လိုက်တော့ကာ သာမန်အလှူခံပုဂ္ဂိုလ်တွေ ဖြစ်နေကြတယ်။ သူလှူခဲ့တုန်းက အလှူခံပုဂ္ဂိုလ်တွေဟာ သာသနာပအခါဆိုတော့ ငါးပါးသီလလောက်ကိုတောင်မှ လုံခြုံကြဖို့ရာမလွယ်ကူလှဘူး။ ဒီတော့ ရာဂ, ဒေါသ, မောဟ အစရှိတဲ့ ကိလေသာ အညစ်အကြေးတွေ အပြည့်နဲ့ဆိုတော့ အဲဒီတုန်းက အလှူခံပုဂ္ဂိုလ်တွေက မစင်ကြယ်ကြဘူး။ အဲဒီလိုပုဂ္ဂိုလ်တွေကို လှူရတာဟာ အကျိုးပေးမသန်ဘူးပေါ့။

ဣန္ဒကနတ်သားအလောင်းလှူခဲ့တဲ့ အလှူကတော့ လှူဖွယ်ပစ္စည်းဥစ္စာအနေနဲ့ ကြည့်လိုက်မယ်ဆိုရင် ဆွမ်းကလေးမှ တစ်ဇွန်းလောက်ဆိုတော့ အင်မတန် သေးငယ်ပါတယ်။ ဘာမှမဆိုလောက်ပါဘူး။ ဒါပေမယ့် အလှူခံပုဂ္ဂိုလ်က အရှင်အနုရုဒ္ဓါမထေရ်မြတ်ကြီးဖြစ်နေတယ်။ ရာဂ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာအညစ်အကြေးတွေ မရှိတော့ဘူး။ အင်မတန် စင်ကြယ်နေတဲ့ ရဟန္တာအရှင်မြတ်ကြီးဖြစ်နေတယ်။ အလှူခံပုဂ္ဂိုလ်က စင်ကြယ်မြင့်မြတ်နေတော့ နည်းနည်းကလေးလှူဒါန်းတာဖြစ်ပေမယ်လို့ အကျိုးပေးရာကျတော့ အကျိုးကြီးမား ဖွံ့ဖြိုးတယ်တဲ့။

## မြတ်စွာဘုရားက မေးတော်မူတယ်

ဒီနတ်သားနှစ်ဦးကို အဲကြောင်းပြုပြီး ဒါနရဲ့ အစွမ်းအာနိသင် ထင်ရှားအောင် မြတ်စွာဘုရားက အင်္ကုရနတ်သားကို ဒီလိုမေးတော်မူတယ်။ "အင်္ကုရ တဲ့ သင့်မှာ နှစ်ပေါင်းသောင်းချီပြီးတော့ အင်မတန်ကြီးကျယ်တဲ့ အလှူကြီးကို ပေးလှူခဲ့တာပဲ။ အခု ငါဘုရားရဲ့အနီးမှာ ဘာဖြစ်လို့မနေနိုင်ရတာလဲ" လို့ မေးတော်မူတယ်။ ဒီတော့ကာ အင်္ကုရနတ်သားက "တပည့်တော်အလှူက အလှူခံပုဂ္ဂိုလ်တွေဟာ ညံ့ပါတယ်ဘုရား။ ဣန္ဒကမှာတော့ အလှူဝတ္ထု နည်းနည်း

လေးပါပဲဘုရား။ ဒါပေမယ့် သူ့အလျှုခံပုဂ္ဂိုလ်က မြင့်မြတ်ပါတယ်ဘုရား။ ဒါကြောင့် တ္တနကမှာ တန်ခိုးကြီးပြီး တပည့်တော်မှာတော့ တန်ခိုးနည်းတဲ့အတွက် မြတ်စွာဘုရားရဲ့ အနီးနားမှာ မနေနိုင်ခြင်းဖြစ်ပါတယ်ဘုရား၊ နေခွင့်မရခြင်းပါ ဘုရား" လို့ လျှောက်တယ်။

ဒီကိစ္စကို အကြောင်းပြုပြီးတော့လည်း မြတ်စွာဘုရားက သင့်လျော်တဲ့တရားကို ဟောကြားတော်မူပါတယ်။ အဲဒီတရားကို ဟောကြားတော်မူရာမှာလည်း တရားနာ ပရိသတ်တွေ တရားထူးတရားမြတ်ရကြပါသေးတယ်။

## ထူးကဲတဲ့တရား

တန်ခိုးပြာဋိဟာပြတော်မူသည်၏အဆုံး တာဝတိံသာနတ်ပြည်မှာ သန္တုသိတ နတ်သား အမှူးထားပြီး စကြဝဠာတိုက်တို့က ရောက်လာကြတဲ့ နတ်ပြဟ္မာတို့အား အဘိဓမ္မာတရား ဟောကြားတော်မူပါသတဲ့။

မြတ်စွာဘုရားဟောကြားတဲ့ တရားတော်တွေဆိုတာ ဝိနည်းရယ်၊ သုတ်ရယ်၊ အဘိဓမ္မာရယ်လို့ သုံးမျိုးရှိတယ်။ ပိဋကတ်သုံးပုံလို့လည်း သိမ်းကျုံးပြီးခေါ် သေးတယ်။ ဝိနည်းဆိုတာကတော့ ရဟန်းတော်တို့ ကျင့်ဝတ်ဥပဒေစည်းကမ်း တွေပါပဲ။ သုတ်ကတော့ လူနတ်ပြဟ္မာ သတ္တဝါအကုန်လုံး လိုက်နာကျင့်သုံးဖို့ တရားတွေဖြစ်တယ်။ အဲဒီ သတ္တဝါတွေရဲ့ အာသယာနုသယ စသည်တို့နဲ့ သင့်တင့်အောင် သတ္တဝါတွေနားလည်အောင် ဟောထားတဲ့တရား၊ သတ္တဝါတွေ ကျင့်နိုင်လောက်တဲ့တရား၊ အဲဒီတရားတွေကို ဟောကြားထားတယ်။

အဘိဓမ္မာတရားဆိုတာကတော့ သတ္တဝါတွေကို မငဲ့ဘူး၊ ဟောသင့်ဟောထိုက်တဲ့ သဘောသဘာဝတွေကို အကုန်လုံး အကျယ်ချဲ့ပြီး အသေးစိတ်ဟောထားတယ်။ အဲဒါကြောင့် အဘိဓမ္မာလို့ခေါ်တယ်တဲ့။ အဋ္ဌကထာဆရာက "ကေနဋ္ဌေန အဘိဓမ္မောအဘယ်အနက်သဘောကြောင့် အဘိဓမ္မာမည်သလဲဆိုတော့ ဓမ္မာတိရေကာ ဓမ္မဝိသေသဋ္ဌေန အဘိဓမ္မော" တဲ့၊ လွန်ကဲတဲ့အနက်သဘော ထူးကဲတဲ့အနက် သဘောကြောင့် အဘိဓမ္မာမည်တယ်လို့ ဒီလိုမေးပြီး ဒီလိုဖြေကြားထားတယ်။

အဘိဆိုတာက လွန်ကဲ၊ထူးကဲ–တဲ့တရားတဲ့၊ ဒီလိုဆိုပါတယ်။ ဘယ်လိုလွန်ကဲ သလဲ, ဘယ်လိုထူးကဲသလဲဆိုတော့ သုတ်တရားမှာက "ကုသလံ ကာတဗ္ဗံ

ဗဟုံ။ ကုသလံ၊ ကုသိုလ်ကို။ ကာတဗ္ဗံ ဗဟုံ၊ များများပြုရမယ်" စသည်ဖြ
အဲဒါလောက်ပဲပြတယ်။ ကုသိုလ်ဆိုတာက ဘယ်လိုဟာတုန်းဆိုတာကိုဖေ
ဖွင့်မပြဘူး။ ကုသိုလ်တွေက ဘယ်လောက်များများ အပြားရှိတယ်ဆိုတာကိုလည်
မပြဘူး။ ပြီးတော့ "အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတ
ဝါယမတိ ဝီရိယံ အာရဗ္ဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ" စသည်ဖြ
ဟောတဲ့နေရာတွေမှာလည်း မဖြစ်သေးတဲ့ ကုသိုလ်တရားတွေကို ဖြစ်အော
အားထုတ်ရမယ်တဲ့။ ဒီလောက်သာ ဟောတော်မူတယ်။ ဒီကုသိုလ်တရားတွေဂ
ဘာတွေရယ်လို့ မဆဖန်တော့ဘူး။ ဖြစ်ပြီးတဲ့ ကုသိုလ်တရားတွေကို တည်တံ့အောင်
တိုးပွားအောင်, ပြည့်စုံသွားအောင် အားထုတ်ရမယ်ဆိုတဲ့ အဲဒီလို ကုသိုဂ
အမည်လောက်သာ ကျဉ်းကျဉ်းလေး ဟောကြားထားပါတယ်။

အဘိဓမ္မာကျတော့ ဒီလောက်သာမကတော့ဘူး။ အဲဒီ ကုသလဓမ္မတွေဂ
ဝေဖန်ပြီး ဟောကြားထားပါတယ်။ ကုသလာဓမ္မာဆိုတဲ့ ခေါင်းစဉ်ကလေးတပ်ပြ
အဲဒီ ကုသလဓမ္မကို အကျယ်ဝေဖန်ပြီး ဟောကြားထားပါတယ်။ ကုသလဓမ္မဆိုတ
စိတ်အနေနဲ့ကြည့်ရင် အကျဉ်းအားဖြင့် ၂၁–ပါး၊ အကျယ်အားဖြင့် ၃၇–ပ
ရှိတယ်။ အဲဒီမှာ မဂ်ကုသိုလ်က အကျဉ်း, အကျယ်ရှိနေလို့ ဒီလို နှစ်မျိုးဖြစ်နေတ
ပဲ၊ မဂ်ကုသိုလ်က အကျဉ်းဆိုရင် ၄–ပါး၊ အကျယ်ဆိုရင် ၂၀–ပါးရှိတယ်
အဲဒီလိုရှိနေတာတွေကို အဘိဓမ္မာမှာ ဝေဖန်ပြီးတော့ပြထားတယ်။ ဒီလို စိ
သက်သက်တင် မဟုတ်သေးဘူး၊ ဒီကုသိုလ်စိတ်တွေမှာ ယှဉ်နေကြတဲ့ ဖဿဝေဒန
စတဲ့ စေတသိက်တွေကိုလည်း ဝေဖန်ပြထားလိုက်သေးတယ်၊ဒီလောက်သာလ
မကသေးဘူး၊ ဒီကုသိုလ်စိတ်နဲ့အတူ ယှဉ်ဖက်စေတသိက်တွေကိုပါ ခန္ဓ
အာယတန, ဓာတ်, သစ္စာအနေနဲ့လည်း ဝေဖန်ပြထားသေးတယ်။ စိတ်တစ်
တစ်ခုမှာဆိုလည်း အကျယ်ကြီး ဝေဖန်ဟောကြားထားတာပါပဲ၊ အဲဒါတွေကိုလည်
နောက်ကျတော့မှ ပြောသင့်ပြောထိုက်တာတွေကို ထည့်သွင်းပြီး ပြောသွားရမယ်
အခုတော့ ဒီလောက်ပဲ ပြောနိုင်ဦးမယ်။ အဲဒီလို ဒေသနာအစဉ် အနေအားဖြ
ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ဟောကြားတော်မူထားလို့ အဘိဓမ္မာခေါ်တယ်တဲ့

တချို့ကတော့ အဘိဓမ္မာဆိုတာ ပရမတ္ထတရားတွေကိုဟောထားလို့ အဘိဓမ္မာခေ
တယ်တဲ့။ ဒီလိုကိန်းသေမှတ်ထားကြတယ်၊ ပရမတ္ထတရားတွေကို ဟောထားတ

ကတော့ များပါတယ်။ ဒါပေမယ်လို့ ပရမတ္ထတရားတွေချည်းတော့လည်း မဟုတ်သေးပါဘူး၊ ပုဂ္ဂလပညတ်မှာ ပညတ်တရားတွေကိုချည်း ဟောကြားတော်မူထားတာလည်း ရှိနေသားပဲ။ ပုဂ္ဂလပညတ်ဆိုတာ အဘိဓမ္မာခုနစ်ကျမ်းထဲမှာ တစ်ကျမ်းအပါအဝင်ဖြစ်တယ်။ အဲဒီကျမ်းမှာ ပညတ်တွေကိုလည်း ဝေဖန်ဟောကြားထားတာ အထင်အရှားပါပဲ၊ အဲဒါကြောင့်မို့ ပရမတ္ထတရားတွေကို ဟောကြားတော်မူထားလို့ အဘိဓမ္မာခေါ်တယ်လို့ ဒီလို ကိန်းသေမှတ်ချက်ချမထားဖို့လည်း သတိပြုသင့်ပါတယ်။

## ဘယ်လိုလွန်ကဲ ထူးကဲသလဲ

အဘိဓမ္မာဆိုတာ ရိုးရိုးဓမ္မထက် ထူးကဲကျယ်ပြန့်တဲ့တရားတွေကို အဘိဓမ္မာဘုရားလို့ခေါ်သည်တဲ့၊ အဲဒါဟာ ဓမ္မာတိရေက ဓမ္မဝိသေသတ္တေန ဆိုတဲ့ စကားအရတဲ့၊ ဥပမာပြောရရင် ထီးတွေအများကြီး ရှိနေသည့်အထဲက လွန်ကဲကြီးမားနေတဲ့ထီးကို အတိဆတ္တလို့ခေါ်တယ်။ အတိဆတ္တလို့ခေါ်ရင် ပိုကောင်းမှာပေါ့၊ ဒါပေမယ့်လို့ စာထဲမှာတော့ အတိဆတ္တလို့ပဲ ရှိပါတယ်။ အတိဆတ္တ လွန်ကဲကြီးမားတဲ့ထီးတဲ့။ တံခွန်အလံတွေထဲမှာလည်း တခြားတံခွန်အလံတွေထက် ကြီးမားနေတဲ့ တံခွန်အလံကို အတိဓဇလို့ခေါ်ရတယ်တဲ့၊ မင်းထဲမှာလည်းပဲ သူများထက် ထူးကဲနေတဲ့မင်းကို အတိရာဇ၊ အတိရာဇကုမာရ၊ အဘိရာဇလို့ ခေါ်ရတယ်တဲ့၊ မင်းနဲ့စပ်တော့ ပါဠိမှာတော့ အဘိရာဇလို့ပဲ အရှိများပါတယ်။ မြန်မာပြည်မှာတော့ ရှေးမင်းတွေဟာ ရာဇာဓိရာဇဆိုတဲ့ ဘွဲ့တွေကို ခံယူကြတယ်၊ ရာဇဓိရာဇ် ဆိုတဲ့မင်း အငုံရှိခဲ့သားပဲ၊ တခြားမင်းတွေထက် ထူးကဲတဲ့မင်းလို့ ဆိုလိုပါတယ်၊ အတိရာဇတို့၊ အဘိရာဇတို့ အဲဒီလိုခေါ်ကြသလိုပါပဲ။ ဓမ္မတရားမှာလည်းပဲ လွန်ကဲထူးခြားတဲ့တရားကို အဘိဓမ္မလို့ ခေါ်တယ်တဲ့၊ နောက်ပိုင်းမှာ အဘိဓမ္မပုဒ်ကို ဝစနတ္ထပြုတဲ့နေရာကျတော့ အဘိပုဒ်က ဝိသေသတ္ထထူးခြားတဲ့အနက်ကို ဟောတယ်ဆိုပြီး ဝစနတ္ထပြုထားတာရှိပါတယ်။ ဝိသေသဓမ္မတို့. ပူဇိတဗ္ဗဓမ္မတို့ ဒီလိုဆိုပြီး ထူးကဲမြင့်မြတ်တဲ့တရား, ပူဇော်အပ်တဲ့ တရားတွေပါတာပါပဲ။ ဗောဓိပက္ခိယတရားတွေဆိုတာ သုတ္တန်မှာလည်းပါတာပဲ၊ ဒီအဘိဓမ္မာမှာလည်းပါနေတာပဲ၊ အဘိဓမ္မာမှာ အကုသလာ-အကုသိုလ်ဆိုတဲ့

(တတိယအကြိမ်)

တရားတွေကတော့ မြင့်မြတ်တဲ့တရားတွေ မဟုတ်ကြပါဘူး။ အဲဒီလို တရားတွေလည်း ဒီမှာ အစုံပါနေကြတာပဲ၊ အဋ္ဌကထာမှာတော့ ဒီလို ထူးတဲ့အနက် မြင့်မြတ်တဲ့အနက်ကိုရနိုင်လို့ ဒီအနက်ကိုယူပြီးတော့ ဝစနတ္ထပြုထားပါတယ်၊ အဲ အမြင့်အမြတ်ချည်းတော့လည်း မဟုတ်ဘူးဆိုတာ မှတ်ထားကြရမယ်။

သဘာဝဓမ္မတွေကို နည်းအမျိုးမျိုးနဲ့ အဘိဓမ္မာ ဒေသနာနည်းအတိုင်း ဟောကြားမှ အဘိဓမ္မာဆိုရတယ်။ တချို့က ရုပ်တွေ, နာမ်တွေ ဟောကြားတိုင်း အဘိဓမ္မာလို့ မှတ်နေကြတာ။ အဲဒီလို မဟုတ်ပါဘူး။ သုတ်မှာလည်း သဘာဝဓမ္မတွေရှိတာပဲ။ ရုပ်တွေ နာမ်တွေပါတာပဲ။ ဒီလိုပါတိုင်း အဘိဓမ္မာလို့ မဆိုရပါဘူး။ အဘိဓမ္မာ ဒေသနာတော်တွင် ဟောနည်း ဒေသနာအစဉ်အားဖြင့် သဘာဝဓမ္မတွေကို ဟောကြားထားကာမှ အဘိဓမ္မာဒေသနာတော်လို့ ဆိုရပါတယ်။ အဲဒါတွေကို ဗဟုသုတအဖြစ် မှတ်သားရအောင်လို့ ဒီမှာ ဆောင်ပုဒ်လေး အကျဉ်းချုပ်စီထားတယ်။ အဋ္ဌကထာအဖွင့်မှာလာတဲ့အတိုင်း အကျယ်ကြီးတော့ မတတ်နိုင်ဘူး၊ ကျဉ်းကျဉ်းပါပဲ။

ထီးတံခွန်လည်း လွန်ကဲထူးလျှင် တဲ့။

ထီးတံခွန်တို့ဟာ တခြားသော ထီးတံခွန်တွေထက် လွန်ကဲထူးခြားလို့ရှိရင်တဲ့။

အတိဆတ္တ, ဓဇ ခေါ်တွင် . . .တဲ့။

ထူးကဲ့ထီးတံခွန်, လွန်ကဲတဲ့ ထီးတံခွန်လို့ ခေါ်ရတာလိုပဲ . . .တဲ့။

တရားတော်လည်း, လွန်ကဲ ထူးလျှင် . . .တဲ့၊

တရားတော်လည်း ဒီနည်းအတိုင်းပါပဲ . . .တဲ့၊ အဲဒါကို ဆိုကြရမယ်။

ထီးတံခွန်လည်း, လွန်ကဲထူးလျှင်၊ အတိဆတ္တ, ဓဇ ခေါ်တွင်။

တရားတော်လည်း, လွန်ကဲထူးလျှင်၊ အဘိဓမ္မ, ခေါ်ရနည်းတူပင်။

အဲဒီ လွန်ကဲ ထူးခြားတဲ့ အဘိဓမ္မာကို အခုစပြီးတော့ ဟောရမယ်၊ အင်း အခု ဟောလာခဲ့တဲ့အချိန်ကတော့ တစ်နာရီခွဲရှိသွားပါပြီ၊ ဒါပေမယ့် စပြီးတော့ ဟောထားဦးမှပဲ။

## ကုသိုလ်စိတ်ကို ဝေဖန်ပုံ

ကုသိုလ်စိတ်ကို ဘယ်ကစပြီး ဟောထားသလဲဆိုတော့ . . .

"ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ" လို့- ဒီကစပြီးတော့ သုံးပုဒ်, သုံးပုဒ်တစ်တွဲ တစ်တွဲစီ ဟောထားပါတယ်၊ အဲဒီလို အတွဲပေါင်းက ၂၂-တွဲရှိတယ်။ အဲဒါကို တိက် ၂၂-တိက်လို့ ခေါ်ပါတယ်။ ပြီးတော့-

"ဟေတူ ဓမ္မာ၊ န ဟေတူ ဓမ္မာ" လို့

စသည်ဖြင့် နှစ်ပုဒ် နှစ်ပုဒ်၊ တစ်တွဲ တစ်တွဲစီ တွဲတွဲပြီး ဟောထားတာလည်း ရှိပါတယ်။ အဲဒါကိုတော့ ဒုက-ဒုက်လို့ ခေါ်ပါတယ်၊ ဒါက တစ်ရာရှိပါတယ်။ အဲဒါတွေက အကျဉ်းခေါင်းစဉ်ဖြစ်ကြလို့ "မာတိကာ"တဲ့၊ အဲဒီလို ခေါင်းစဉ် မာတိကာစဉ်ပြီးတော့ "ကုသလာ ဓမ္မာ"ဆိုတာ ဘာလဲလို့မေးပြီး "ကုသလာဓမ္မာ" ဆိုတဲ့ မာတိကာပုဒ်တွေကို အကျယ်ဝေဖန်ဟောကြားတော်မူတယ်။ ဘယ်လိုလဲ ဆိုရင် "ကတမေ ဓမ္မာ ကုသလာ"တဲ့။ ကုသလာ၊ ကုသိုလ်မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း တဲ့။ ကုသိုလ်ဆိုတဲ့ တရားတွေဟာ ဘယ်ဟာတွေတုန်းတဲ့။ အဲဒီလိုမေးပြီးတော့ ဒီလိုဖြေကြား ထားပါတယ်။

> "ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ သောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏံဝါ သဒ္ဒါရမ္မဏံဝါ ဂန္ဓာရမ္မဏံဝါ ရသာရမ္မဏံဝါ ဖောဋ္ဌဗ္ဗာရမ္မဏံဝါ ဓမ္မာရမ္မဏံဝါ ယံယံဝါ ပနာရဗ္ဘ"

ယသ္မိံ သမယေ၊ အကြင်အခါ၌။ ကာမာဝစရံ၊ ကာမာဝစရဖြစ်သော၊ ကုသလံ စိတ္တံ၊ ကုသိုလ်စိတ်သည်။ ဥပ္ပန္နံ ဟောတိ၊ ဖြစ်ပေါ်၏။ ကုသိုလ်စိတ်ဖြစ် ပေါ်တဲ့အခါမှာ တဲ့၊ ကုသိုလ်စိတ်ကလည်း ကာမာဝစရလည်းရှိ၊ ရူပါဝစရလည်းရှိ၊ အရူပါဝစရနဲ့ လောကုတ္တရာဆိုတာလည်းရှိကြတယ်။ အဲဒီလို လေးမျိုးရှိတယ်။ အဲဒီ လေးမျိုးထဲကမှ ကာမာဝစရကုသိုလ်စိတ်ကလည်း ရှစ်ပါးအရေအတွက်ရှိပြန် တယ်။ အဲဒီရှစ်ပါးကို တစ်ပါးတစ်ပါးစီ စိတ်ပြီးပြမယ်၊ သောမနဿသဟဂတံ

သောမနဿနှင့်တကွဖြစ်သော ရွှင်လန်းဝမ်းမြောက်မှုနှင့်တကွ ဖြစ်တဲ့စိတ်တဲ့။ ဉာဏသမ္ပယုတ္တံ၊ ဉာဏ်နှင့်ယှဉ်သော အသိဉာဏ်နဲ့ယှဉ်တဲ့စိတ် တဲ့။ အသင်္ခါရိကံ၊ တိုက်တွန်းမှုမရှိသော။ မတိုက်တွန်းရဘဲ သူ့ဘာသာဖြစ်တဲ့စိတ်တဲ့၊ အဲဒါတွေကိုတော့ ဒီမှာ ဖော်ပြမထားပါဘူး၊ ကုသလံ စိတ္တံ၊ ကုသိုလ်စိတ်သည်။ ဥပ္ပန္နံ ဟောတိ၊ ဖြစ်ပေါ်၏ တဲ့။

အဲဒီစိတ်ကလည်း ဘာကို အာရုံပြုပြီး ဖြစ်သလဲဆိုတော့ ရူပါရမ္မဏံဝါ၊ အဆင်းကို အာရုံပြုဖြစ်တာလည်းရှိတယ်။ သဒ္ဒါရမ္မဏံဝါ၊ အသံကို အာရုံပြုဖြစ်တာလည်းရှိတယ်၊ ဂန္ဓာရမ္မဏံဝါ၊ အနံ့ကို အာရုံပြုဖြစ်တာလည်းရှိတယ်၊ ရသာရမ္မဏံဝါ၊ အရသာကို အာရုံပြုဖြစ်တာလည်းရှိတယ်၊ ဖောဋ္ဌဗ္ဗာ ရမ္မဏံဝါ၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့ကို အာရုံပြုဖြစ်တာလည်းရှိတယ်။ ဓမ္မာရမ္မဏံဝါ၊ သဘောကို အာရုံပြုဖြစ်တာလည်းရှိတယ်။ ယံယံဝါပနာရဗ္ဘ၊ အမှတ်မရှိ တစ်စုံတစ်ခုကို အာရုံပြုပြီး ဖြစ်တာလည်းရှိတယ် တဲ့။

ကုသိုလ်စိတ်ဖြစ်တာဟာ အဆင်းကိုလည်း အာရုံပြုပြီးတော့ဖြစ်တယ် တဲ့။ မျက်စိနဲ့ စေတီတော်ကိုမြင်ရရင် အဆင်းကို ရှေးဦးစွာမြင်ရတာပဲ။ မြင်ပြီးတော့ အဲဒီအဆင်းကို ကြည်ညိုတဲ့စိတ်ကလေးတွေဖြစ်သွားရင် အဲဒါဟာ ကုသိုလ်စိတ် ဖြစ်သွားတာပဲ။ ရဟန်းသံဃာတော်တွေကို မြင်ရရင်လည်း ပထမတော့ အဆင်းကိုပဲ မြင်ရတယ်။ မြင်ပြီးတော့မှ ကြည်ညိုတဲ့စိတ်ဖြစ်တယ်။ အဲဒါလည်းပဲ ကုသိုလ်စိတ် ဖြစ်တာပဲ။ လှူဒါန်းစရာ အာရုံဝတ္ထုပစ္စည်းကို ယူလာတဲ့အခါ အဲဒီ ဝတ္ထုပစ္စည်းကို လှလှပပ တင့်တင့်တယ်တယ် သန့်န်းဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့၊ အဆင်းကို အာရုံပြုပြီးတော့ ယူလာလို့ရှိရင် အဲဒါကို ကုသိုလ်စိတ်တွေ ဖြစ်နေတော့တာပဲ။

အသံကိုအာရုံပြုပြီးတော့ ကုသိုလ်စိတ်ဖြစ်တာလည်းရှိတယ်။ အဲဒါက အခုလို တရားနာတဲ့အခါကာလမှာ အသံကိုအာရုံပြုပြီးဖြစ်တဲ့ ကုသိုလ်စိတ်ပေါ့။ အသံကို အကြောင်းပြုပြီး ကြေးစည်တို့၊ ခေါင်းလောင်းတို့ စသည် ဒီလို ဝတ္ထုပစ္စည်းတွေကို လှူတတ်ကြတယ်။ အခုခေတ်မှာတော့ အသံဖမ်းစက်တွေကို လှူကြတယ်။ ဒါကတော့ တော်တော်နေရာကျတာပဲ။ တရားတွေကို အသံဖမ်းထားလိုက်လို့ရှိရင် သင့်တော်တဲ့ နောက်အချိန်တွေမှာလည်း နာ ကြားနိုင်တာဖြစ်လို့ နေရာကျပါတယ်။

(တတိယအကြိမ်)

အဲဒီ တရားသံတို့၊ ကြေးစည် ခေါင်းလောင်းသံတို့ကို အာရုံပြုပြီးကြည်ညို လိုက်ရင်လည်းပဲ ကုသိုလ်စိတ် ဖြစ်တာပါပဲ။

အနံ့ကို အာရုံပြုပြီး ကုသိုလ်စိတ်ဖြစ်တာလည်းရှိတာပဲ။ ပန်းတို့ အမွှေးတိုင်တို့ကို အာရုံပြုပြီးဖြစ်နိုင်ပါတယ်။ စားသောက်ဖွယ် အရသာတွေကို စားသောက်ပြီး အဲဒီ စားဖွယ်သောက်ဖွယ် အနံ့အရသာတွေ လှူရတန်းရတဲ့အခါ ဒီလို အနံ့အရသာတွေကို အာရုံပြုပြီးတော့လည်း ကုသိုလ်စိတ်တွေ ဖြစ်နိုင်ကြသေးတယ်တဲ့။ ဆွမ်းခဲဖွယ် ဘောဇဉ်တွေ ဒါတွေလည်း အနံ့အရသာတွေ ထင်ရှားပါတယ်။ အနံ့ကို ဒီလို အာရုံပြုပြီး ကုသိုလ်ဖြစ်နိုင်တယ်။

အတွေ့အထိကို အာရုံပြုပြီးတော့လည်း ကုသိုလ်စိတ်တွေ ဖြစ်နိုင်တယ်။ ဘယ်လိုဟာလဲဆိုရင် အိပ်ရာခင်းတို့၊ ခေါင်းအုံးတို့ စသည် လှူတဲ့အခါ အတွေ့အထိနဲ့ စပ်ပြီးတော့ ကုသိုလ်ဖြစ်နိုင်တယ်။ သဘော အာရုံဆိုတာကတော့ အသက်ရှည်ပါစေ၊ အနာကင်းပါစေ၊ ချမ်းသာပါစေဆိုတဲ့ စေတနာနဲ့ လှူတဲ့အခါ အဲဒါကို အာရုံပြုပြီး ဓမ္မာရုံကုသိုလ်တွေ ဖြစ်နိုင်ပါတယ်။ အဲဒီလို အာရုံခြောက်ပါး တစ်ပါးပါးကို အာရုံပြုပြီး ကုသိုလ်စိတ်တွေ ဖြစ်နိုင်ကြတယ်တဲ့။

အဲဒီ ကုသိုလ်စိတ်တွေဖြစ်တဲ့အခါမှာ "တသ္မိံ သမယေ ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ၊ သညာ ဟောတိ၊ စေတနာ ဟောတိ စသည်ဖြင့် ၅၆–ပါးတရားတွေကို ထုတ်ပြထားတယ်။ ကုသိုလ်စိတ် ဘစ်ခုတစ်ခု ဖြစ်တဲ့အခါမှာ၊ တပေါင်းတည်းဖြစ်တာ ၅၆–ပါးတဲ့၊ ဒါပေမယ့်လို့ တူတာတွေကို ထပ်မယူဘဲထားလိုက်ရင် အားလုံးမှ တိုက်ရိုက်ပြတရားကိုယ်အနေနဲ့ ၃၀–သာ ရှိပါတယ်။ တရားအမည်အနေနဲ့ကတော့ ၅၆–ပါးတောင်ရှိတယ်။ တူတာတွေကိုပါ ထပ်ပြီးယူထားလို့ပါပဲ။ ဆပဏ္ဏာသဓမ္မ တဲ့ ဒီလို ထုတ်ပြထားတယ်။

ပတိပ္ပဒီကာဝတ္ထုမှာ ပတိပ္ပဒီကာဆိုတဲ့နတ်သမီး သွားရင်း လာရင်း ခြေလှမ်းရင်း ဒီ ၅၆–ပါးသော ကုသိုလ်တရားတွေ ဖြစ်တယ်လို့ဆိုထားတယ်။ အဲဒါကို ဓမ္မပဒအဖွင့် ဋီကာဆရာကြီးက ကုသိုလ်စိတ်ရှစ်ခုကို ဓောခုနစ်ကြိမ်နဲ့ မြှောက်ပြီးတော့ ၅၆–ပါးရှိတယ်လို့ ဖွင့်ပြထားတယ်။ ဒါကတော့ တော်တော် ယုတ္တိမရှိတဲ့ အဆိုပါပဲ။ ခြေတစ်လှမ်းတည်းမှာ ကုသိုလ်တွေ ဒီလိုအမျိုးစုံ အကုန်လုံး ဘယ်မှာ ဖြစ်နိုင်လိမ့်မှာတုံး။ ခြေလှမ်းတိုင်းမှာ သောမနဿလည်းဖြစ်ရမယ်၊

ဥပေက္ခာလည်းဖြစ်ရမယ်ဆိုရင် အဲဒီ ၂-မျိုးလုံး မဖြစ်နိုင်ပါဘူး။ ခြေလှမ်းတိုင်း သမ္မယုတ်လည်းဖြစ်ရမယ်။ ဝိပ္ပယုတ်လည်းဖြစ်ရမယ်၊ အသင်္ခါရိက, သသင်္ခါရိက တွေလည်း ဖြစ်ကြရဦးမယ်ဆိုတာဟာလည်း မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အသင့်ယုတ္တိမရှိပါဘူး။ အဋ္ဌကထာဆရာကလည်း ဒါလောက် သေးနုပ်တာကို ရေးခဲ့ဟန် မတူပါဘူး။ ဟောဒီက ပါဠိတော်လာတဲ့ ၅၆-ပါး ဆပဏ္ဏာသမေ့တဲ့၊ ဒါကို ဆိုလိုတာပဲ။

၅၆-ပါး တရားတွေဆိုတာကို အခုလိုထုတ်ပြီး အသီးသီး ဝေဖန်ထားပါသေးတယ်။

"ကတမော တသ္မိံ သမယေ ဖဿော ဟောတိ၊ ဖဿဆိုတာ အဘယ်ဟာပါလဲ"

ဆိုပြီးတော့ ဝေဖန်ထားပါသေးတယ်။ ဒီလို ဝေဖန်ပြီးတော့မှ ခန္ဓာက ဘယ်လောက် အာယတနက ဘယ်လောက်၊ ဓာတ်က ဘယ်လောက်၊ သစ္စာက ဘယ်လောက် စသည်ဖြင့် ဒါတွေလည်း လျှောက်ပြီး ဝေဖန်ထားသေးတယ်၊ အကျယ်ကြီးပါပဲ၊ စိတ်တစ်ခုတစ်ခုကို တော်တော်နဲ့ မပြီးနိုင်ဘူး။ ပေယျာလတွေ ထိုးထားလို့သာ တော်ကာကျတော့တယ်၊ ပေယျာလသာ မထိုးဘဲ စာအုပ်ရိုက်မယ် ဆိုရင် ဒီဓမ္မသင်္ဂဏီကျမ်းတစ်ကျမ်းထဲနဲ့ကို စာအုပ်တွေ တစ်ရာကျော်ချင်ရင် ကျော်သွားမှာပဲ၊ တစ်ရာတောင်မှ ကမယ်မထင်ပါဘူး။ တစ်ထောင်တောင်မှ ကျော်ကောင်းကျော်ပါလိမ့်ဦးမယ်။ ဒီလောက်တောင် အများကြီးဖြစ်နေမှာပဲ။

## နိမ္မိတကိုယ်စား ဖန်ဆင်းထားခဲ့ရ

အဲဒီတရားတွေကို မြတ်စွာဘုရားက တာဝတိံသာနတ်ပြည်မှာ ဟောတော်မူတယ်၊ ဟောတော်မူစဉ်က အကျယ်ကြီးဟောတော်မူထားတာ၊ အခုသင်ကြားနေကြရတာကတော့ သင်ကြားနိုင်ရုံ၊ နားလည်နိုင်ရုံ သင်္ဂါယနာတင်ထားခဲ့ သလောက်သာ ရှိနေပါတယ်။ ဒါလဲ အရှင်သာရိပုတ္တရာက မြတ်စွာဘုရားထံ မှတစ်ဆင့် အကျဉ်းအားဖြင့် နာယူမှတ်သားထားခဲ့တဲ့တရားတဲ့၊ တာဝတိံသာ နတ်ပြည်မှာ မြတ်စွာဘုရားဟောကြားတော်မူစဉ်ကတော့ "ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ" စသည်ဖြင့် မာတိကာစဉ်ပြီး "ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ ကာမဝစရံကုသလံ စိတ္တံဥပ္ပန္နံ

ပေါတိ” စသည်ဖြင့် ကုသိုလ်တရားတွေကို ဝေဖန်တယ်၊ အကုသိုလ်တွေ အဗျာကတာတွေကိုလည်း ဒီလိုပဲဝေဖန်တယ်၊ အများကြီးပါပဲ၊ ဒါတွေကို ဝေဖန်ဟောကြားတော်မူရင်းပဲ နံနက်အရုဏ်တက်ချိန်ကျရောက်တော့ နတ်ပြည်က နေပြီး လူ့ပြည်သို့ မြတ်စွာဘုရား သက်ဆင်းကြွတော်မူလာခဲ့တယ်။

ဒီလို မြတ်စွာဘုရား လူ့ပြည်သို့ ကြွဆင်းတော်မူလာလို့ ဟိုမှာ တရားဟောမှုပျက် သလားဆိုတော့ မပျက်ပါဘူး။ မြတ်စွာဘုရားနဲ့ တူတော်မူတဲ့ နိမ္မိတဘုရားတစ်ဆူ ဖန်ဆင်းပြီး အဲဒီ နိမ္မိတဘုရားက အခြေမပျက် ဆက်လက်ပြီး အဘိဓမ္မာတရားကို ဟောကြားတော်မူရစ်ခဲ့တယ်တဲ့။ ဖန်ဆင်းထားခဲ့တဲ့ အဲဒီ နိမ္မိတရုပ်ပွား ဘုရားရှင် ကလည်း မူလမြတ်စွာဘုရားနဲ့ ပုံပန်းသဏ္ဌာန်အကုန်လုံးတူတယ်လို့ဆိုပါတယ်။ တယ်နေရာကျတာပဲ၊ ဘုရားဆိုတော့ ဘုန်းတော်ကြောင့် အလိုတော်အတိုင်း ဘာမဆိုဖြစ်တာပဲ။ အဲဒီလိုဖန်ဆင်းပြီး မည်သည့်တရား မည်သည့်တရားကို ဟောကြားနေရစ်စေလို့ အမိန့်ရှိထားခဲ့တာတဲ့၊ အမိန့်ရှိတော်မူတဲ့အတိုင်း ပုံဟန်သဏ္ဌာန်မျှသာ တူရုံမဟုတ်ဘဲ ဟောကြားတော်မူနေပုံကလည်း တူတာပဲတဲ့။

မြတ်စွာဘုရားလူ့ပြည်ကို ကြွတော်မူလာတော့လည်း တာဝတိံသာနတ်ပြည်မှာ ကတော့ နိမ္မိတရုပ်ပွားဘုရားက တရားဟောလျက်ပဲ၊ အဲဒါကို တန်ခိုးငယ်တဲ့ နတ်ဗြဟ္မာတွေက မသိလိုက်ကြဘူး။ တန်ခိုးကြီးတဲ့ နတ်ဗြဟ္မာတွေကသာ ဘုရားအစစ် ကြွသွားတော်မူတာကို သိလိုက်ကြရတယ်တဲ့။

## အရှင်သာရိပုတ္တရာကို ဟောတဲ့တရား

**မြတ်စွာဘုရားလူ့ပြည်ကိုရောက်တော့ ဟိမဝန္တာတောမှာရှိတဲ့ အနောတတ်အိုင် (အနဝတတ်အိုင်)အနီးမှာ နတ်ပြည်ကလှူတဲ့ နာဂလတာ တံပူကို ဘုဉ်းပေးတယ်၊ (ဘုဉ်းပေးတယ်ဆိုပေမယ့် တံပူဆိုတာ သွားတိုက်ရတာမျိုးဖြစ်လို့ သွားတော်တိုက်မှာ ပါပဲ)၊ နာဂဆိုတာက နဂါး၊ လတာဆိုတာက နွယ်၊ နဂါးနွယ် တဲ့။ မြန်မာပြည်မှာ ဆင်တုံးမနွယ်တော့ရှိတာပဲ။ အဲဒီ ဆင်တုံးမနွယ်မျိုးလားတော့ မပြောတတ်ဘူး။ အဲဒီ တံပူကိုစားပြီးတော့ အနဝတတ်အိုင်က ရေနဲ့ မျက်နှာသစ် တော်မူတယ်။ ဆွမ်းခံချိန်ကျတော့ ဥတ္တရကုရုကျွန်း (မြောက်ကျွန်း)သို့ ကြွ တော်မူပြီး ဆွမ်းခံတော်မူတယ်။ ဆွမ်းခံပြီးတော့ ဆွမ်းဘုဉ်းပေးတော်မူတယ်။**

(တတိယအကြိမ်)

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက မြတ်စွာဘုရားရှိတော်မူရာ ဟိမဝန္တာသို့ တန်ခိုးဖြင့်ကြွပြီး မြတ်စွာဘုရားအား ဝတ်ကြီးဝတ်ငယ်ပြုတယ်တဲ့။ အဲဒီအခါမှာ မြတ်စွာဘုရားက နတ်ပြည်မှာ ဟောကြားတော်မူခဲ့သမျှသော အဘိဓမ္မာတရားကို အရှင်သာရိပုတ္တရာအား "မည်သည့်တရား မည်သည့်တရားကို ငါဘုရား ဟောကြားခဲ့တယ်" လို့ အစနဲ့အဆုံးလောက်သာ ဟောကြားညွှန်ပြတော်မူပါတယ်။ အဲဒီလို အကျဉ်းအားဖြင့် ဟောကြားလိုက်တယ်ဆိုရင်ပဲ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက အကျယ်အားဖြင့် အကုန်လုံးနားလည်သွားတယ်တဲ့၊ အရှင်သာရိပုတ္တရာမှတစ်ဆင့် သူ့တပည့် ရဟန်းငါးတို့အား သင်ကြားပို့ချပေးတော်မူသတဲ့။

## တပည့်ထူးတွေ

သူ့တပည့် ရဟန်းငါးရာဆိုတာက ဒီလိုတဲ့၊ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်ကို ကြွတော်မမူမီက တန်ခိုးပြာဋိဟာပြတော်မူစဉ်မှာ ဒီရဟန်းလောင်းငါးရာတို့က မြတ်စွာဘုရားကို ကြည်ညိုကြတယ်။ ဒါနဲ့ သာသနာတော်ကိုဝင်ပြီးတော့ ရဟန်းပြုကြတဲ့ ရဟန်းငါးရာတဲ့၊ အဲဒီရဟန်းငါးရာဆိုတာ ဘယ်လိုကုသိုလ်ကောင်းမှုကို ပြုခဲ့ကြဖူးပါသလဲဆိုရင် ကဿပမြတ်စွာဘုရားလက်ထက်တော်က လင်းနို့သားငါးရာ ဖြစ်နေခဲ့ကြသတဲ့။ အဲဒီတုန်းက သူတို့ဟာ ဂူကြီးတစ်ဂူထဲမှာ နေခဲ့ကြတယ်။ အဲဒီဂူထဲမှာ အဘိဓမ္မာဆောင် ရဟန်းတော်တွေက အဘိဓမ္မာတရားတွေကို ရွတ်အံသရဇ္ဈာယ်နေကြလို့ သူတို့ကကြားရတော့ အဲဒီတရားသံကို ကြည်ညိုတဲ့စိတ်နဲ့ နာကြားနေကြသတဲ့။ လင်းနို့တွေပဲ၊ သူတို့တစ်တွေဟာ ကုသိုလ်ရယ်, အကုသိုလ်ရယ်လို့ ဘယ်မှာသိကြလိမ့်မလဲ။ လင်းနို့မဆိုထားပါနဲ့တော့ ပါဠိတွေကို ဒီအတိုင်းသက်သက် ပါဠိလိုချည်းရွတ်နေရင် ပါဠိကိုလေ့လာမထားတဲ့သူဟာ မသိပါဘူး။ နားမလည်ပါဘူး။ "ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ"ဆိုတာကို မကြားဖူးတဲ့ပုဂ္ဂိုလ်တွေက ဘာတွေကို ရွတ်ဆိုနေကြပါလိမ့်မလဲလို့ အောက်မေ့နေကြမှာပဲ။ အခု ဒီလင်းနို့တွေလည်း အနက်အဓိပ္ပါယ်ကိုတော့ မသိကြပါဘူးတဲ့။ တရားသံရဲ့အပေါ်မှာ အာရုံပြုနေကြရုံသက်သက်မျှပါပဲ။ မြန်မာပြည်မှာလည်း လိုဏ်ဂူကြီးတွေ ရှေးကလိုရှိပါတယ်။ အဲဒီမှာ တရားစာတွေသွားပြီးတော့ ရွတ်အံသရဇ္ဈာယ်နေရင်တော့ နာကြမည်လား မပြောတတ်ဘူး။

(တတိယအကြိမ်)

## ကုသိုလ်အထုံရှိခဲ့ကြတယ်

ဘုန်းကြီးတို့ အင်ဒိုနီးရှားကို သွားကြစဉ်တုန်းက ဗာလီကျွန်းမှာ လင်းနို့တွေ နေတဲ့ ဂူကြီးတစ်ခုကို တွေ့ခဲ့ကြရတယ်။ အဲဒီဂူကြီးထဲမှာ လင်းနို့တွေရှိကြတယ်၊ အများကြီးပါပဲ။ လင်းနို့တွေ ဒါလောက်များများရှိတာကို မတွေ့ဖူးပါဘူး။ အဲဒီလင်းနို့တွေကိုတွေ့တော့ သီဟိုဠ်ဆရာတော်ကြီးတစ်ပါးက အဘိဓမ္မာတွေကို တောင်မှ သူက ရွတ်လိုက်ပါသေးတယ်။

ကဿပဘုရားလက်ထက်တော်က လင်းနို့တွေဟာ အဘိဓမ္မာတရားတော်အသံကို ကြားကြရတာနဲ့ ကုသိုလ်ထူးတွေရကြပြီးတော့ နတ်ပြည်မှာရောက်ကြတယ်၊ နတ်စည်းစိမ်တွေ ခံစားစံစားနေကြရတယ်။ နတ်ပြည်မှာ ချမ်းချမ်းသာသာနေခဲ့ကြရပြီးတော့ အခု ဂေါတမမြတ်စွာဘုရားရဲ့ လက်ထက်တော်မှာ လူ့ပြည်၌ လူသားတွေလာပြီး ဖြစ်ကြရတယ်။ ဒါနဲ့ မြတ်စွာဘုရားက တန်ခိုးပြာဋိဟာ ပြတော်မူတာကို ကြည်ညိုပြီး သာသနာတော်ဝင် ရဟန်းပြုကြတယ်တဲ့။

ရှေးတုန်းက အဘိဓမ္မာတရားကို နာကြားခဲ့ဖူးတဲ့အထုံဟာ အခုလာပြီး ကျေးဇူးပြုတယ်။ ဒီကုသိုလ်အထုံကြောင့် အဘိဓမ္မာတရားတော်ဟာ သူတို့နဲ့ အသင့်လျော်ဆုံး ဖြစ်နေတာပေါ့။ အဲဒီတုန်းက နားလည်ကြတာတော့လည်း မဟုတ်ပါဘူး။ ဒါတောင်မှ ဒီလောက်အကျိုးကြီးသေးလို့ရှိရင် နားလည်ပြီးတော့ နာကြားကြရတဲ့ ပုဂ္ဂိုလ်တွေရဲ့အတွက် ပြောဖို့မလိုပါဘူး။ အင်မတန်မှ အကျိုးကြီးမှာပေါ့။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက သူ့တပည့်ဖြစ်တဲ့ အဲဒီ ရဟန်းငါးရာကို အဘိဓမ္မာတရားတွေ ဟောကြားပို့ချတော်မူတယ်။ အဲဒီ ဟောကြားပို့ချခဲ့တဲ့ အဘိဓမ္မာဒေသနာအစဉ်ကို သင်္ဂါယနာအဆင့်ဆင့် တင်ခဲ့ကြတယ်တဲ့။

သင်္ဂါယနာတင်ထားတဲ့ အဲဒီ အဘိဓမ္မာတရားတွေကို ပေယျာလထိုးပြီး စာအုပ်တွေ ရိုက်ထားရတယ်၊ ပေယျာလမထိုးဘဲ ရိုက်ထားမယ်ဆိုရင် စာအုပ်ပေါင်း ဘယ်လောက်များမယ်လို့ မဆိုနိုင်ဘူး။ စာအုပ်တွေ အများကြီးကိုဖြစ်နေမှာပဲ။ ဆဋ္ဌသင်္ဂါယနာတင်တုန်းက အချို့ဒကာတွေက ပေယျာလထိုးထားတာ သူတို့အတွက် အဖော်ရခက်တယ်။ ပေယျာလတွေကို အကုန်လုံးဖော်ပါလို့ တောင်းပန်ကြ

တယ်၊ ဟာ ဘယ်ဖြစ်ပါ့မလဲ၊ အဲဒါတွေကို ဖော်နေရရင် စာအုပ်တွေအများ ကြီးဖြစ်သွားမယ်။ ပြီးနိုင်မှာလည်း မဟုတ်ဘူးလို့ ပြောခဲ့ရတယ်။

ဒီ အဘိဓမ္မာတရားတော်ကို အရှင်သာရိပုတ္တရာက လူ့ပြည်မှာဟောတယ်။ မြတ်စွာဘုရားက တာဝတိံသာနတ်ပြည်မှာဟောတယ်၊ ညနေချမ်းအချိန်ရောက်တော့ မြတ်စွာဘုရားက တာဝတိံသာနတ်ပြည်ကို ပြန်ပြီးတော့ ကြွတော်မူတယ်။ ပြီးတော့ နိမ္မိတမြတ်စွာဘုရားရဲ့နေရာမှာ ဝင်ရောက်ပြီး တရားဆက်လက်ဟောတော် မူတယ်။ အဲဒါကိုလည်း တန်ခိုးငယ်ကြတဲ့ နတ်ဗြဟ္မာတွေက မသိလိုက် ကြဘူး။ တန်ခိုးကြီးတဲ့ နတ်ဗြဟ္မာတွေကသာ ဘုရားပြောင်းလဲဟောကြားနေပြီ ဆိုတာကို သိကြရတယ်။ ပင်ပန်းစရာ အင်မတန်ကောင်းတာပဲ၊ ညနေချမ်းကနေပြီး နံနက်အရုဏ်တက်အထိ တစ်ညလုံးဟောနေရတာ၊ အခု လူတွေအနေနဲ့ဆိုရင် ဒီလို တစ်ညလုံးဟောဖို့ မလွယ်လှဘူး။ သုံးနာရီလောက် ဟောလိုက်တယ်ဆိုရင် ကိုပဲ ပင်ပန်းနေပါပြီ။ မြတ်စွာဘုရားရှင်မို့သာ ဒီလို ဟောတော်မူနိုင်တာပါပဲ။

## ဒီကနေ့အဖို့ တရားပွဲသိမ်းကြဦးစို့

ဒီလောက် နက်နဲခက်ခဲတဲ့ အဘိဓမ္မာတရားတော်ကို ဟောစွမ်းတော်မူနိုင်တဲ့ မြတ်စွာဘုရားအား ရှိခိုးပူဇော်ကန်တော့ပြီး တရားပွဲသိမ်းကြဦးစို့ရဲ့၊ အချိန်က ၂–နာရီနီးနီးရှိသွားပြီ။

ခုနစ်ဝါမြောက်က မြတ်စွာဘုရား တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်မှာ သီတင်းသုံးတော်မူပြီး တစ်သောင်းသောလောကဓာတ်မှ ရောက်လာကြသော နတ်ဗြဟ္မာအပေါင်းတို့အား မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုသိတ နတ်သားကိုအမှူးပြု၍ အဘိဓမ္မာတရားတော်မြတ်ကို သုံးလပတ်လုံးဟောကြား တော်မူလေပြီဆိုပြီးတော့ မြတ်စွာဘုရားအား လက်အုပ်ချီမိုးရှိခိုးပူဇော်ကြဖို့ပါပဲ။ အဲဒါကို လိုက်ဆိုကြရမယ်။

မြတ်စွာဘုရားသည် ခုနစ်ဝါမြောက်ကာလက တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်၌ သီတင်းသုံးစံနေတော်မူလျက် တစ်သောင်း သော လောကဓာတ်မှ ရောက်လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အကြီးအမှူးပြု၍

(တတိယအကြိမ်)

အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူလေပြီ။ ထိုသို့ ဟောကြားတော်မူသော မြတ်စွာဘုရားအား ဘုရားတပည့်တော်တို့သည် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ကြပါကုန်၏ မြတ်စွာဘုရား။

ယနေ့အဖို့၌ ကျွန်ုပ်တို့တစ်စု ပြုစုပွားများ အားထုတ်အပ်သော ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်, ဝေယျာဝစ္စကုသိုလ်, တရားဟောရသောကုသိုလ်, တရားနာရသောကုသိုလ် အစရှိသော ဤကောင်းမှုကုသိုလ်အပေါင်း၏ အဖို့ဘာဂကို အမိအဘတို့မှစ၍ အလုံးစုံသော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏။ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု ပါဘုရား။

# အဘိဓမ္မာတရားတော်ကြီး

ဓမ္မုဒ္ဒေသဝါရ—တဲ့

လပြည့်နေ့က ပြောခဲ့တာကတော့ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှာ ကြွရောက်ပြီး၊ အဘိဓမ္မာတရားကို ဟောတော်မူမယ်ဆိုတဲ့အကြောင်းကို စပြီး ပြောခဲ့တယ်။ တာဝတိံသာမှာဟောခဲ့တဲ့ အဲဒီ အဘိဓမ္မာတရားဟာ အမြင့်ဆုံး တရားပါပဲ။ အဲဒီတရားကို ဗဟုသုတဖြစ်အောင်လို့ ဆက်ပြီးတော့ ဒီကနေ့ ပြောရမယ်။ အဲဒါနဲ့ ဆောင်ပုဒ်ရယ်လို့တော့မဟုတ်ပါဘူး။ အဲဒီ ဓမ္မဒါနဝေငှထားတဲ့ စာရွက်ကလေးထဲမှာ ကောက်နုတ်ချက်လေးတွေကို အတိုချုပ်ပြီး ပြထားပါတယ်။ မြတ်စွာဘုရား ဘယ်ပုံဘယ်နည်း ဟောတော်မူတယ်ဆိုတာသိရအောင်လို့ နည်းနည်း ပါးပါးလောက်ပဲဖြစ်စေဦးတော့ မှန်းဆနိုင်ဖို့ ကောက်နုတ်ချက် ထုတ်ပြထားတာပါပဲ။

ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာဆိုပြီး ကုသိုလ်တရားကတစ်မျိုး၊ အကုသိုလ်တရားကတစ်မျိုး၊ အဗျာကတတရားကတစ်မျိုးလို့ ခေါင်းစဉ်သုံးမျိုးရှိတယ်။ နောက်ပြီးတော့ "သုခါယ ပေဒနာယ သမ္ပယုတ္တာ ဓမ္မာ စသည်ဖြင့် ဝေဒနာသုံးပါးနဲ့ယှဉ်တဲ့ တရားတွေလည်း သုံးမျိုးရှိသေးတယ်။ အဲဒီလို သုံးမျိုး၊ သုံးမျိုးတွဲပြီး ဟောတော်မူထားတာကို ဟိတ်လို့ ခေါ်တယ်။ အဲဒီလို ဟိတ်ပေါင်းက ၂၂–ဟိတ်ရှိတယ်။ ခေါင်းစဉ်မာတိကာ ၂၂–ခုပေါ့၊ နောက်ပြီးတော့ "ဟေတူ ဓမ္မာ၊ န ဟေတူ ဓမ္မာ" စသည်ဖြင့် ဟိတ်ဟုတ်တာနဲ့ ဟိတ်မဟုတ်တာလို့ အဲဒီလို နှစ်ခု နှစ်ခု တွဲဟောတဲ့ ဒုက ဒုက်ဆိုတာကလည်း ရှိသေးတယ်။ အဲဒီ ဒုက်က ၁၀၀ ရှိတယ်။ ဟိတ်က ၂၂–ခု၊ ဒုက်က ၁၀၀၊ ပုဒ်ပေါင်းဆိုရင် ၂၆၆–ရှိတယ်၊ အဲဒီလိုခေါင်းစဉ် ၂၆၆–ကို တစ်ပိုဒ်ချင်း တစ်ပိုဒ်ချင်း မြတ်စွာဘုရားက ဝေဖန်ဟောကြားတော်မူတယ်။

(တတိယအကြိမ်)

အဲဒီ တစ်ပိုဒ် တစ်ပိုဒ်ထဲမှာ ကုသလဓမ္မကို ဝေဖန်ပုံ၊ ကုသလဓမ္မမှာလည်း ကုသိုလ်တရားတွေက ကာမာဝစရလည်းရှိတယ်။ ရူပါဝစရလည်းရှိတယ်။ အရူပါဝစရလည်းရှိတယ်၊ လောကုတ္တရာလည်းရှိတယ်၊ အဲဒီလို လေးမျိုးတောင် ရှိနေပါတယ်။ အဲဒီ လေးမျိုးရှိတဲ့အထဲကမှ အခု ကာမာဝစရ ကုသိုလ်ဆိုတာကို ဝေဖန်တယ်၊ ကာမာဝစရကုသိုလ်ကလည်း စိတ်အရေအတွက်အားဖြင့် ရှစ်ခု ရှိတယ်။ အဲဒီရှစ်ခုကို ဝေဖန်တယ်၊ အဲဒီမှာလည်း စိတ်တစ်ခု တစ်ခုမှာ အဲဒီစိတ်နဲ့တကွဖြစ်တဲ့ တရားတွေကို ထုတ်ပြီးတော့ပြတယ်၊ အဲဒါကို "ဓမ္မုဒ္ဒေသဝါရ" လို့ခေါ်တယ်။

## ဘာစ်ဖန် ကောဋ္ဌာသဝါရ စသည်

အခု ဒီထဲမှာ အဲဒီ ဓမ္မုဒ္ဒေသဝါရက တရားတွေကို ထုတ်ပြထားတယ်၊ အမည်အားဖြင့် ၅၆–ပါးရှိတယ်။ ထုတ်ပြတဲ့ ဒီတရားတွေကို တစ်ခါထပ်ပြီးတော့ ဖွင့်ပြတယ်။ ဥပမာ– ဖဿဆိုရင် ဖဿ ဆိုတာဘယ်လိုဟာလဲ၊ ဖဿ–ဆိုတာ အာရုံကိုတွေ့ထိတဲ့သဘော၊ ဖုသနာကာရ၊ အာရုံကို တွေ့ထိတဲ့ အခြင်းအရာ၊ ဖုသိတတ္တံအာရုံကို တွေ့ထိသည်၏အဖြစ်၊ အဲဒီသဘောကို ဖဿခေါ်တယ် စသည်ဖြင့် တရားတစ်ခုချင်းကို အဘိဓာန် သဘောမျိုးလို လိုက်ပြီးဖွင့်ပြထားတယ်။ အဲဒါကို ပဒဘာဇနီလို့ ခေါ်တယ်။ ဒီ ပဒဘာဇနီဆိုတာ ၅၆–ပါးတရားကို ဖွင့်ပြတာပဲ။ တချို့ အမျိုးတူတွေကျတော့ ထပ်ထပ်ပြီးပါနေပါတယ်။

ဓမ္မုဒ္ဒေသဝါရပြီးတော့ ကောဋ္ဌာသဝါရဆိုတာ ရှိသေးတယ်။ အဲဒီ ဝါရက ကုသိုလ် စိတ်ဖြစ်တဲ့အခါ ဘယ်လိုတရားတွေ ပါဝင်တယ်ဆိုတာကို ဝေဖန်ပြန်တယ်။ ဘယ်လိုလဲဆိုရင် ခန္ဓာက လေးပါးပါဝင်တယ်၊ အာယတနက နှစ်ပါး၊ ဓာတ်က နှစ်ပါး၊ သစ္စာက နှစ်ပါး စသည်ဖြင့် ဒီလိုလျှောက်ပြီး ဝေဖန်တယ်။ ဒီလောက်သာမကသေးဘူး၊ ခန္ဓာစသည်ကိုလည်း တစ်ခုစီ အသီးသီး အကျယ်ချဲ့ပြီး ပြသေးတယ်။

ကောဋ္ဌ သဝါရပြီးတော့ တစ်ခါ သုညတဝါရဆိုတာကို ထုတ်ပြပြန်တယ်။ ကုသိုလ်စိတ်ဖြစ်တဲ့ အခိုက်အတန့်မှာ ဓမ္မဆိုတဲ့ သဘောတွေသာရှိတယ်။ ခန္ဓာတွေသာရှိတယ်၊ အာယတနတွေသာရှိတယ်၊ ဓာတ်တွေသာရှိတယ်၊ သစ္စာသာ ရှိတယ် စသည်ဖြင့် ထုတ်ပြတယ်။ အဲဒီလိုထုတ်ပြပြီး အဲဒီဓမ္မဆိုတာတွေရဲ့

သဘောတွေကို ဝေဖန်ပြတယ်။ စိတ်တစ်ခု တစ်ခုမှာ သုံးဝါရ သုံးဝါရစီပါပဲ၊ အင်မတန်ကျယ်ပါတယ်၊ တစ်ဝါရ တစ်ဝါရမှာလည်း မာတိကာရော ပဒဘာဇနီရော ဆိုတော့ အများကြီးပါပဲ၊ ဒါဟာ အဘိဓမ္မာက သုတ္တန်ထက် ထူးခြားပြီး ဟောထားပုံ လွန်ကဲပုံတွေပါပဲ၊ ပါဠိကို လပြည့်နေ့က ရွတ်ဆိုပြခဲ့ပြီးပါပြီ၊ ဒါပေမယ့် ဒီကနေ့လည်း ထပ်ပြီး အာရုံပြုရအောင် ရွတ်လိုက်ဦးမယ်။

"ကတမေ ဓမ္မာ ကုသလာ။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း" လို့ မေးခွန်းထုတ်လိုက်ပါတယ်။

"ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ သောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ (အသင်္ခါရိကံ) (ဒီပထမစိတ်မှာကတော့ အသင်္ခါရိကရယ်လို့ တိုက်ရိုက်ဖော်ပြမထားပါဘူး၊ နောက်က ဒုတိယစိတ်ကျတော့ခါမှ သသင်္ခါရေနလို့ ဖော်ပြထားပါတယ်)၊ ဒီမှာ အသင်္ခါရိကနဲ့ သသင်္ခါရိကစိတ် ဒီနှစ်ခုက ယှဉ်ဖော် ယှဉ်ဖက်တရားအနေနဲ့ အဲတူတူပါပဲ"

မတိုက်တွန်းရဘဲနဲ့ ဖြစ်တဲ့စိတ်ကို အသင်္ခါရိကစိတ်လို့ ခေါ်တယ်၊ တိုက်တွန်းမှ ဖြစ်တဲ့ စိတ်ကိုတော့ သသင်္ခါရိကစိတ်လို့ ခေါ်တယ်။ ပါဝင်တဲ့ တရားတွေကတော့ အနည်းအများ မထူးခြားပါဘူး၊ ၅၆-ပါးပါပဲ၊ အဲဒါကြောင့် ဒီမှာ တပေါင်းတည်း ဖြေကြားပြီး ပြထားပါတယ်။

"သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊ သသင်္ခါရိကစိတ် ဖြစ်ခိုက်၌" လို့ မြတ်စွာဘုရားက ပါဝင်တဲ့တရားအမည်တွေကိုဖော်ပြီး ဝေဖန်ဟောကြားထားပါတယ်။ အဲဒီ "အမည်ထုတ်၍ ဟောထားသော တရားတို့မှာ" ဆိုတဲ့ ဒီစာပိုဒ်က "ဤ (၅၆)ပါးပင်ဖြစ်သည်" ဆိုတဲ့ အဲဒီ ကောက်နုတ်ချက် စာရွက်ရဲ့ အောက်နားနားမှာရှိတဲ့ စာပိုဒ်မှာလာပြီး ဆက်စပ်ရမယ်၊ ပါဝင်တဲ့ တရားပေါင်း(၅၆)ပါး ဖြစ်တယ်တဲ့၊ တရားကိုယ် အသီးသီးကို စစ်ထုတ်လိုက်လို့ရှိရင် "တရားကိုယ်အားဖြင့်(၃၀)မျှသာရှိသည်" တဲ့၊ (၅၆)ပါးထဲမှာ အမည်တူထပ်နေတာ တွေကရှိနေတယ်၊ အဲဒီ ထပ်နေတာတွေကို နုတ်လိုက်လို့ရှိရင် (၃၀)ပဲရှိပါတယ်။

(တတိယအကြိမ်)

"ယသ္မိံ သမယေ၊ အကြင်အခါ၌။ ကာမာဝစရံ၊ ကာမာဝစရဖြစ်သော။ သောမနဿ သဟဂတံ၊ ဝမ်းမြောက် ဝမ်းသာမှုနှင့်တကွဖြစ်သော။ ဉာဏသမ္ပယုတ္တံ၊ အသိဉာဏ်နှင့်ယှဉ်သော။ ကုသလံ စိတ္တံ၊ ကုသိုလ်စိတ်သည်။ ဥပ္ပန္နံ ဟောတိ၊ ဖြစ်ပေါ်၏" တဲ့။

အဲဒါ ကုသိုလ်စိတ်ဖြစ်ပုံပါပဲ။ အဲဒီ ကုသိုလ်စိတ်ဟာ ဘယ်ကို အာရုံပြုပြီး ဖြစ်သလဲဆိုရင်–

"ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါ ဂန္ဓာရမ္မဏံ ဝါ ရသာရမ္မဏံ ဝါ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ ဓမ္မာရမ္မဏံ ဝါ တဲ့၊ အာရုံခြောက်ပါးတွင် တစ်ပါးပါးကို အာရုံပြုပြီးတော့ ဖြစ်တယ်တဲ့၊ နောက်ဆုံး "ယံ ယံ ဝါပနာရဗ္ဘ၊ ဘယ်အာရုံကိုပဲဖြစ်ဖြစ် တစ်ခုခုကို အာရုံပြုပြီးဖြစ်တယ်"တဲ့။

"တသ္မိံ သမယေ၊ ထိုအခါ၌။ ဖဿော ဟောတိ၊ ဖဿဆိုတဲ့ တရားလည်းဖြစ်သည်။ ဝေဒနာ ဟောတိ၊ ဝေဒနာဆိုတဲ့ တရားလည်း ဖြစ်သည်၊ သညာ ဟောတိ၊ သညာဆိုတဲ့ တရားလည်းဖြစ်သည်။ စေတနာ ဟောတိ၊ စေတနာဆိုတဲ့ တရားလည်းဖြစ်သည်။ စိတ္တံ ဟောတိ၊ စိတ်ဆိုတဲ့ တရားလည်းဖြစ်သည်" တဲ့။

အဲဒါဟာ ဖဿပဉ္စမကတရားတဲ့၊ အဋ္ဌကထာက ပေးထားတဲ့အမည်ပါပဲ။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ် အဲဒီ ငါးပါးသော တရားတွေ ပါဝင်တယ်တဲ့၊ ကာမာဝစရကုသိုလ်စိတ်ဆိုတာ အခု ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထ ဘာဝနာကုသိုလ် အဲဒီကုသိုလ်တွေ ဖြစ်နေတဲ့ဟာပါပဲ။ ပြီးတော့ အခုလို တရားနာနေတဲ့အခါမှာဖြစ်တဲ့ ကုသိုလ်၊ တရားဟောနေတဲ့ ပုဂ္ဂိုလ်မှာလည်း ဒီကုသိုလ်ပါပဲ၊ နောက်ပြီးတော့ ကုသိုလ်မှုတွေ ပြုတိုင်းပြုတိုင်း ဒီကာမာဝစရ ကုသိုလ်စိတ်ချည်းပါပဲ၊ အဲဒီ ကုသိုလ်စိတ်ဖြစ်တဲ့အခါတိုင်း ဘယ်မျှလောက်သော တရားတွေ ပါဝင်သလဲဆိုရင် ၅၆–ပါးသော တရားတွေပါဝင်တယ်တဲ့။ သာမန် ပုဂ္ဂိုလ်တွေရဲ့ အနေနဲ့ကတော့ စိတ်တစ်ခုလောက်ကိုပဲ ထင်ရှားသိနေပါတယ်။ ဒီပြင်တရားတွေကို သိပ်ပြီး ထင်ရှားမသိပါဘူး၊ ဒါပေမယ့် အဲဒီ ကုသိုလ်စိတ် ဖြစ်တိုင်း ဖြစ်တိုင်းမှာကတော့ စိတ်နဲ့အာရုံ တွေ့ဆုံတဲ့သဘောဟာ ထင်ရှားပါတယ်။

(တတိယအကြိမ်)

အဲဒါကို ဖဿလို့ခေါ်တယ်၊ စိတ်နဲ့အာရုံ မတွေ့ဘဲနဲ့ကတော့ ဒီဖဿက မဖြစ်လာပါဘူး၊ စိတ်နဲ့အာရုံတွေ့မှပဲ ဖြစ်နိုင်ပါတယ်။

ဘုရားကို အာရုံပြုတယ်ဆိုရင် ဘုရားအာရုံနဲ့စိတ် တွေ့ဆုံကြပါမှ၊ ပေးကမ်း လှူဒါန်းတယ်ဆိုရင်လည်း အလှူခံပုဂ္ဂိုလ်ကို အာရုံပြုတာလည်းရှိတယ်၊ အဲဒါလည်း အာရုံနဲ့စိတ် တွေ့ဆုံပါမှ၊ အခုလို တရားနာတဲ့အခါမှာလည်း ကြားရတဲ့ အသံအာရုံနဲ့စိတ် တွေ့ဆုံပါမှ ဖဿဖြစ်တယ်၊ အဲ ရဟန်းသံဃာတော်တွေကို မြင်တယ်ဆိုရင်လည်း မြင်ရတဲ့ အဆင်းအာရုံနဲ့စိတ် တွေ့ဆုံပါမှ ဖဿ ဆိုတာက ဖြစ်နိုင်ပါတယ် တဲ့။

တွေ့မှု ဖဿဖြစ်ပြီဆိုရင်လည်း ခံစားမှု ဝေဒနာဖြစ်တော့တာပဲ၊ အာရုံကိုလိုက်ပြီး တော့ ကောင်းရင် သောမနဿဖြစ်တယ်၊ သောမနဿ မဖြစ်တဲ့အခါမှာတော့ ဥပေက္ခာဖြစ်တယ်၊ ကုသိုလ်အရာဖြစ်လို့ အာရုံကတော့ မကောင်းဘူးရယ်လို့ မရှိပါဘူး၊ အဲဒီလို အာရုံအလိုက် ခံစားမှုဟာ ဝေဒနာဖြစ်တာပါပဲ။

မှတ်သားမှုသညာလည်းဖြစ်တယ်၊ ဘယ်လိုဟာကို မြင်ရတယ်၊ ဘယ်လိုဟာကို ကြားရတယ် စသည်ဖြင့် အမှတ်အသားလည်း ပါဝင်နေတာပဲ၊ အဲဒါဟာ မှတ်သားတဲ့ သညာဖြစ်တာပဲ၊ နောက်ပြီး စေ့ဆော်တိုက်တွန်းတဲ့ စေတနာ ဆိုတာလည်း ပါဝင်နေတယ်၊ ဒါကတော့ စိတ်တိုင်းမှာ သိပ်ပြီး မထင်ရှားဘူး၊ လှူဒါန်းပေးကမ်းတဲ့ အခါကာလမှာ လှူဒါန်းဖွယ် ပစ္စည်းတွေကို ကိုယ်တိုင် ကိုင်တွယ်ပြီးကော ပေးလှူတာတို့၊ နှုတ်ကဆိုတာတို့ အဲဒီလိုအခါများမှာ ဆိုရင်တော့ ဒီတိုက်တွန်းမှုဆိုတဲ့ စေတနာဟာ ထင်ရှားတယ်၊ တိုက်တွန်းတဲ့ သဘောလေး စိတ်ထဲမှာကို ပါဝင်နေပါတယ်၊ စိတ်ဆိုတာ ကိုတော့ ခုနက ပြောပြီးပါပြီ။

## ဒီငါးခုတော့ ပါတာချည်းပဲ

အဲဒီတရား ငါးပါးကတော့ စိတ်တစ်ခု၊ တစ်ခု ဖြစ်တိုင်း၊ ဖြစ်တိုင်း ပါဝင်နေပါတယ်၊ မထင်ရှားတာနဲ့ ထင်ရှားတာလောက်ပဲ ခြားနားတယ်၊ အမှန်ကတော့ ဒီတရားငါးပါးသာမကဘူး၊ ရှစ်ပါးလည်းပါဝင်တာပဲ၊ အဘိဓမ္မတ္ထ သင်္ဂဟကျမ်းမှာလည်း အဲဒါတွေကို မှတ်သားလွယ်အောင်လို့ အသေအချာ

ပေါင်းပြီးတော့ ပြထားပါတယ်၊ အဘိဓမ္မာတရားတွေကို လေ့လာချင်လို့ ရှိရင်တော့ အဘိဓမ္မတ္ထသင်္ဂဟကျမ်း (သင်္ဂြိုဟ်ကျမ်း)ကို လေ့လာတာဟာ အင်မတန်ကောင်းပါတယ်၊ သိလည်းသိလွယ်နိုင်ပါတယ်။

အခု ဟောနေတဲ့ ပါဠိတော်အတိုင်းကတော့ ကုသိုလ်လည်းဖြစ်၊ ဗဟုသုတလည်း ဖြစ်အောင်လို့ ဟောစဉ်အနေနဲ့ကလည်း အစဉ်ကျရောက်လာတာ ဖြစ်အောင် ဟောနေတာပါပဲ၊ ဒီပါဠိတော်အတိုင်းကတော့ မှတ်ရတာ တယ်ပြီး မလွယ်လှဘူး၊ ဒီ ဖဿပဥ္စမက တရားငါးပါးလောက်သာ ဒီနေရာမှာ မှတ်ထားလိုက်ဦးပေါ့လေ၊ ဝိသုဒ္ဓိမဂ်ဂ် မြန်မာပြန် တတိယတွဲလည်း မကြာခင်မှာ ထွက်လာပါလိမ့်မယ်၊ အဲဒါ ပုံနှိပ်ပြီးစီးတာကတော့ ကြာပါပြီ၊ ချုပ်လို့က မပြီးသေးတာနဲ့ နှောင့်နှေးနေ တာပဲနဲ့တူပါတယ်၊ တစ်လလောက်တောင်မှရှိသွားပါပြီ၊ အဲဒီ တတိယတွဲထဲမှာလည်း ဒီ စိတ်၊စေတသိက်တွေ ရေတွက်ပုံကို အဘိဓမ္မာပါဠိတော်နည်းအတိုင်းပဲ ပြထားပါတယ်၊ ဒါပေမယ့် အခုဟောတာလောက်ကတော့ မကျယ်ဝန်းပါဘူး၊ ပါဠိတော်နည်းက ပိုပြီး ကျယ်ဝန်းတာဖြစ်လို့ အခုပါဠိတော်အတိုင်း ဟောရာမှာ ပိုပြီး ကျယ်ဝန်းနေပါတယ်။

ကိုင်း ဖဿပဥ္စမက တရားငါးပါးဆိုတာကို မှတ်မိအောင် ဆိုကြစို့၊ လိုက်ဆိုကြ–

"ဖဿ ဝေဒနာ သညာ စေတနာ စိတ်၊
ဖဿပဥ္စမက တရားငါးပါး" (၃–ခေါက်ဆို)

ဖဿပဥ္စမကဆိုတာ ဖဿလျှင် ငါးခုမြောက်ရှိတဲ့တရားတဲ့၊ အဲဒီအထဲမှာ ကြည့်ရင် ဖဿမှစပြီး ရေတွက်ရင်တော့ ဖဿလျှင် ငါးခုမြောက်ဆိုတာက ပြောင်းပြန်ဖြစ်နေတာပေါ့လေ၊ ဒါပေမယ့်လို့ ဖဿက ခေါင်းဆောင်ဖြစ်လို့ အဲဒါကို ငါးခုမြောက်လို့ပဲ ဆိုရပါတယ်၊ အဲဒီ ငါးပါးတို့ဟာ သမ္ပယုတ္တဓမ္မအနေနဲ့ တပေါင်းတည်း၊ တစ်ခါတည်း ယှဉ်ပြီးဖြစ်ကြတာပေါ့၊ ဘယ်စိတ်ပဲဖြစ်ဖြစ် ဒီငါးပါးကတော့ ပါဝင်တာချည်းပါပဲ၊ ကုသိုလ်စိတ်မှာသာ ပါဝင်တာမဟုတ်သေး ဘူး၊ အကုသိုလ်စိတ်မှာလည်းပါတာပဲ၊ ဝိပါက်စိတ်၊ ကြိယာစိတ်ဖြစ်တဲ့ အဗျာကတ စိတ်တွေမှာလည်း ဒီငါးပါးဟာပါတာပဲ၊ ဒါပေမယ့် တစ်ပြိုင်တည်း ဒီတရားတွေ အားလုံး ထင်ရှားတာမဟုတ်ဘူး၊ စိတ်ကသာ ထင်ရှားတာပဲ၊ တစ်ခါတစ်ရံမှ

ခံစားမှုဝေဒနာက ထင်ရှားတယ်၊ တစ်ခါတစ်ရံ တွေ့ထိမှု ဖဿက ထင်ရှားတယ်၊ တိုက်တွန်းမှု စေတနာကတော့ ကြောင့်ကြစိုက်တဲ့ အခါကျမှပဲ ထင်ရှားပါတယ်။ အဲဒါ ဖဿ ပဉ္စမကတရားငါးပါး တဲ့၊ အဲဒီတရားတွေကို မြတ်စွာဘုရားရှင်က–

"တသ္မိံသမယေ၊ ထိုအခါ၌။ ဖဿော ဟောတိ၊ ဖဿလည်းဖြစ်တယ်။ ဝေဒနာ ဟောတိ၊ ဝေဒနာလည်းဖြစ်တယ်။ သညာ ဟောတိ၊ သညာလည်းဖြစ်တယ်။ စေတနာ ဟောတိ၊ စေတနာလည်းဖြစ်တယ်။ စိတ္တံ ဟောတိ၊ စိတ်လည်းဖြစ်တယ်" လို့–

ကာမာဝစရကုသိုလ် ပထမစိတ်နဲ့ ဒုတိယစိတ် ဒီနှစ်ခုကို ရှင်းအောင်လို့ ဒီမှာ တပေါင်းတည်းပေါင်းပြီး ပြထားတယ်။

## ဈာနင်ငါးပါး

ပြီးတော့ ဈာန်အင်္ဂါငါးပါး ဖြစ်ပုံကိုလည်း ပြထားပြန်တယ်၊ အဲဒါက ဒီလိုတဲ့။

"ဝိတက္ကော ဟောတိ၊ ဝိစာရော ဟောတိ၊ ပီတိ ဟောတိ၊ သုခံ ဟောတိ၊ စိတ္တဿေကဂ္ဂတာ ဟောတိ" တဲ့။ ဝိတက်, ဝိစာရ, ပီတိ, သုခ ဧကဂ္ဂတာ ဆိုတဲ့ ဈာန်အင်္ဂါ(ဈာနင်)ငါးပါးတွေလည်း ဖြစ်တယ်" တဲ့။

အဲဒီ ဝိတက်စသည် တစ်ပါးတစ်ပါးစီကို ဈာန်အင်္ဂါလို့ခေါ်တယ်။ ဒီဈာန်နဲ့ ယှဉ်တဲ့စိတ်ကိုတော့ ဈာန်စိတ်လို့ ခေါ်တယ်တဲ့၊ ဈာန်စိတ်က ဈာန်အင်္ဂါတို့၏ ယှဉ်ပုံကို လိုက်ပြီးတော့ ငါးမျိုးရှိတယ်၊ ဘယ်လိုလည်းဆိုရင် ဈာန်အင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့ (ယှဉ်တဲ့) စိတ်ကို ပထမဈာန်လို့ ခေါ်တယ်၊ နောက် ဝိတက်မပါဘဲ ဝိစာရကစပြီး ဈာန်အင်္ဂါလေးပါးရှိတဲ့စိတ်ကို ဒုတိယဈာန်စိတ်၊ နောက် ပီတိကစပြီး သုံးပါးရှိတဲ့စိတ်ကို တတိယဈာန်စိတ်၊ သုခမှစပြီး နှစ်ပါးရှိတဲ့စိတ်ကို စတုတ္ထဈာန်စိတ်၊ သုခမပါဘဲ ဥပေက္ခာနဲ့ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးရှိတဲ့စိတ်ကို ပဉ္စမဈာန်စိတ်လို့ ခေါ်ပါတယ်။ ဈာန်ရတယ်, ဈာန်ရတယ်ဆိုတာဟာ ဒီဝိတက် စသည်တွေ ထူးထူးကဲကဲ ဖြစ်နေတာကို ခေါ်တာပါပဲ၊ ကဲ ဒါကိုလည်း ဆိုကြဦးစို့ရဲ့။

(တတိယအကြိမ်)

"ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ၊
ဈာနင်ငါးပါး" (၃-ခေါက်ဆို)

"အဲဒီ ဈာန်အင်္ဂါတွေ ထူးထူးကဲကဲ ဖြစ်နေတဲ့ပုဂ္ဂိုလ်ကို ဈာန်ရတဲ့ပုဂ္ဂိုလ်လို့ ဆိုရတယ်" တဲ့၊ ဈာန်ရတဲ့ ပုဂ္ဂိုလ်ဖြစ်ချင်လို့ရှိရင် ဒီဈာန်အင်္ဂါတွေ ထူးတူးကဲကဲဖြစ်လာအောင် အားထုတ်ရတယ်၊ အားထုတ်တဲ့အခါမှာ တရားတော်လာတဲ့ နည်းလမ်းအတိုင်း ကျကျနန လိုက်နာအားထုတ်ရတယ်။

ဈာန်အင်္ဂါငါးပါးထဲမှာ ဧကဂ္ဂတာ ဆိုတာကတော့ စိတ်တိုင်းစိတ်တိုင်းမှာပါတယ်၊ ဘာစိတ်မှာပဲဖြစ်ဖြစ် ဧကဂ္ဂတာကတော့ ပါဝင်နေတာပဲ၊ သမာဓိဆိုတာဒီ ဧကဂ္ဂတာကို ခေါ်တယ်။ အားကောင်းတာနဲ့ အားမကောင်းတာလောက်ဘဲ ထူးခြားပါတယ်၊ စက္ခုဝိညာဉ်၊ သောတဝိညာဉ် အစရှိတဲ့ ဝိပါက်စိတ်တွေဆိုတာ ရှိတယ်၊ အဲဒီ စိတ်တွေမှာတော့ မြင်ရုံမျှ၊ ကြားရုံမျှ စသည်ဖြစ်လို့ ဧကဂ္ဂတာက သိပ်ပြီး အားမကောင်းလှပါဘူး၊ သုခဆိုတာလေးကို ဘုန်းကြီးက ပြထားတဲ့ ဒီဆောင်ပုဒ်စာမျက်နှာထဲမှာ လက်သည်းကွင်းလေးနဲ့ ပြထားတယ်။ အောက်မှာ အမှာလည်းပါသေးတယ်၊ (မှတ်ချက်)တဲ့၊ လက်သည်းကွင်းဖြင့် ရှေနှင့်ယပ်တူဖြစ်ကြောင်းများကိုပြသည်။ အဲဒီသုခက ရှေ့ကပါခဲ့ပြီးနဲ့ ထပ်တူဖြစ်နေပြီး တရားအသစ် မဟုတ်ဘူးလို့ ဆိုလိုတယ်၊ ရှေ့က ဘာနဲ့ထပ်တူဖြစ်နေသလဲဆိုရင် ဝေဒနာဆိုတာနဲ့ ထပ်နေတယ်၊ သုခဆိုတာလည်း ဝေဒနာပဲ၊ ဒီစိတ်မှာတော့ ဝေဒနာကို သုခလို့ဆိုထားတယ်၊ ဒုက္ခဝေဒနာလည်းမဟုတ်၊ ဥပေက္ခာဝေဒနာလည်း မဟုတ်ဘူး၊ သောမနဿ ဝေဒနာကိုပဲ ဒီနေရာမှာ သုခလို့ ဆိုထားတယ်၊ အကိုးအပွားမရှိပါဘူး။ ဒါကြောင့် ဒါလေးကို လက်သည်းကွင်းကလေးနဲ့ ပြထားတယ်၊ တရားကိုယ် တိတိကျကျ ရေတွက်ချင်လို့ရှိရင်ဖြင့် အဲဒီ လက်သည်းကွင်းထဲကဟာလေးကို နုတ်ပြီးတော့ ကျန်တဲ့ဟာတွေကိုပေါင်းပြီး ရေတွက်ရုံပါပဲ။

ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်တွေမှာ ဝိတက် ထင်ရှားနေတာလည်းရှိတယ်၊ ဝိစာရ ထင်ရှားနေတာလည်းရှိတယ်၊ ဒီလို တစ်ခုခု ထင်ရှားနေတတ်တယ်၊ ဥဒယဗ္ဗယဉာဏ်တွေကျတော့ ပီတိတွေ အလှိုင်းတကြီး ဖြစ်နေတာတွေလည်း

ရှိတာပဲ၊ စိတ်ချမ်းသာမှု သုခဆိုတာလည်း ထင်ရှားရှိနေတာပဲ၊ ဧကဂ္ဂတာဆိုတာ ကတော့ သမာဓိရလာကတည်းက မှတ်တိုင်းမှတ်တိုင်း အာရုံတွေမှာ ကပ်ခနဲ ကပ်ခနဲ ဖြစ်နေတဲ့သဘောဟာ ထင်ရှားတယ်၊ အဲဒါဟာ သမာဓိပါပဲ၊ ဝိပဿနာဈာန်ဆိုတာ ဒါတွေပဲဖြစ်တယ်၊ ဒီဈာန်တရားတွေလည်း ကုသိုလ်စိတ် ဖြစ်တဲ့အခါမှာ ပါဝင်ကြတယ်တဲ့။

## ဣန္ဒြေတရားစု

နောက်ပြီးတော့ ဣန္ဒြေတွေကို ဟောပြန်ပါတယ်၊ ပါဠိဆိုရင်–

"သဒ္ဓိန္ဒြိယံ ဟောတိ၊ ဝီရိယိန္ဒြိယံ ဟောတိ၊ သတိန္ဒြိယံ ဟောတိ၊ သမာဓိန္ဒြိယံ ဟောတိ၊ ပညိန္ဒြိယံ ဟောတိ၊ မနိန္ဒြိယံ ဟောတိ သောမနဿိန္ဒြိယံ ဟောတိ၊ ဇီဝိတိန္ဒြိယံ ဟောတိ"

ဒီလို ဟောကြားထားတယ်၊ ဣန္ဒြေရှစ်ပါး၊ ဒီအထဲမှာလည်း သမာဓိန္ဒြေဆိုတာ ဖော်ပြခဲ့တဲ့ ဧကဂ္ဂတာနဲ့ အတူတူပဲ၊ ဒါကြောင့် လက်သည်းကွင်းမှာ "ဒါဟာ အသစ်မဟုတ်ဘူး၊ အဟောင်းပဲ" လို့ ပြောထားတာ။

မနိန္ဒြေ ဆိုတာ မန စိတ်ပဲ၊ ဖဿပဉ္စမကတရားထဲက စိတ်ဆိုတာနဲ့ အတူတူပဲ၊ သောမနဿိန္ဒြေဆိုတာ သုခဝေဒနာနဲ့ အတူတူပဲ၊ သုခ ဆိုတာဟာလည်း ဒီနေရာမှာ သောမနဿလို့ ဆိုလိုတာပဲ၊ အဲဒီလို ထပ်နေကြတယ်၊ ဒီတော့ ဣန္ဒြေရှစ်ပါးထဲမှာ သုံးပါးထပ်နေတယ်၊ ဒါကြောင့် တရားသစ်အနေနဲ့ ၅–ပါးပဲ ရှိတယ်။

"သဒ္ဓါ, သတိ, ဝီရိယ, ပညာ, ဇီဝိတ တဲ့၊ [illegible]ားကိုယ်အားဖြင့်တော့ ဒီငါးပါးပဲ ကောက်ယူရတယ်၊ ဣန္ဒြေရှစ်ပါးလုံး[illegible] လိုက်ကြဦးစို့–

"သဒ္ဓါ, ဝီရိယ, သတိ, သမာ[illegible], [illegible] မန, သောမနဿ, ဇီဝိတ [illegible] ဣန္ဒြေရှစ်ပါး" [illegible]

[illegible]ဆိုရင် "သဒ္ဓိန္ဒြိယံ, ဝီရိယိန္ဒြိယံ, သ[illegible]န္ဒြိယံ, သမာဓိန္ဒြိယံ, ပညိန္ဒြိယံ, မနိန္ဒြိယံ, သောမနဿိန္ဒြိယံ, ဇီဝိတိန္ဒြိယံ" လို့ ဒီလိုခေါ်ရပါတယ်။ ဒီမှာတော့ မှတ်မိအောင်လို့ တရားကိုယ်အမည်လောက်ပဲရေးထားတယ်၊ သဒ္ဓိန္ဒြိယံ စသည်ဖြင့်ဆိုနေရင် စာကြောင်းတွေရှည်ဆဲမှာ မဟုတ်ဘူး။

(ဇီဝိတအကြောင်း)

အဲဒီအထဲမှာ သဒ္ဓါ ဆိုတာပါတယ်၊ အဲဒါက ဝိတက်, ဝိစာရ, ပီတိတို့ လိုပဲ၊ စိတ်တိုင်း, စိတ်တိုင်းမှာ ရှိတာမဟုတ်ဘူး၊ တချို့စိတ်မှာသာ ပါဝင်ပြီး တချို့စိတ်မှာ မပါဝင်ဘူး။ ဝိတက်ဆိုတာ မြင်ကာမျှ, ကြားကာမျှဆိုတဲ့ ဒွေပဥ္စဝိညာဉ်စိတ်တွေမှာ မပါဘူး၊ ဝိစာရဆိုတာလည်း အတူတူပဲ၊ ပြီးတော့ ဝိတက်ဟာ ဒုတိယဈာန်စိတ် စသည် အထက်အထက်စိတ်တွေမှာ မပါဘူး၊ ဝိစာရက တတိယဈာန်စိတ် စသည် အထက်အထက်စိတ်တွေမှာ မပါဘူး၊ ပီတိက စတုတ္ထဈာန်, ပဥ္စမဈာန်စိတ်တွေမှာ မပါမရှိဘူး၊ နောက်ပြီးတော့ ဥပေက္ခာသဟဂုတ်တို့ ဒေါသမူဒွေတို့မှာ မရှိဘူး၊ သောမနဿ ဝမ်းမြောက် ဝမ်းသာဖြစ်မှသာ ပီတိဆိုတာဖြစ်တာပဲ၊ အဲဒါတွေက စိတ်တိုင်းစိတ်တိုင်းမှာ မယှဉ်ဘူး၊ တချို့ တချို့စိတ်မှာသာယှဉ်တယ်၊ သဒ္ဓါဆိုတာကလည်း ဒီ ကုသိုလ်စိတ်မှာတော့ ယှဉ်ပါတယ်၊ အကုသိုလ်စိတ်မှာကျတော့ မယှဉ်ဘူး။

ဝီရိယဆိုတာကတော့ ကုသိုလ်မှာလည်းယှဉ်၊ အကုသိုလ်မှာလည်း ယှဉ်တာပဲ၊ ကုသိုလ်ကိုပဲလုပ်လုပ်၊ အကုသိုလ်ကိုပဲလုပ်လုပ် ဝီရိယနဲ့ ပြုလုပ်တာတွေ ရှိပါတယ်၊ သတိ အမှတ်ရမှုကတော့ ကုသိုလ်သက်သက်ပဲ၊ အကုသိုလ်စိတ်မှာ မရှိဘူး၊ သမာဓိဆိုတာ ဧကဂ္ဂတာပဲ၊ သူကတော့ စိတ်အားလုံးမှာ ရှိပါတယ်၊ ပညာဆိုတာက ကုသိုလ်မှာသာရှိတယ်၊ အကုသိုလ်မှာမရှိဘူး၊ မန နဲ့ သောမနဿတွေက ထပ်နေပြီ၊ ဇီဝိတဆိုတာကတော့ စိတ်တိုင်းစိတ်တိုင်းမှာ ရှိတယ်၊ ဇီဝိတ မရှိဘဲနဲ့ စိတ်,စေတသိက် သဘောတရားတွေ မဖြစ်နိုင်ဘူး။ သူက နာမ်တရားတို့ရဲ့ သက်စောင့်တရားပဲ။

## ၅င်နာဂသိန်က ချီးကျူးတယ်

ဖဿပဉ္စမက တရားငါးပါးရယ်၊ စိတ်တိုင်းမှာပါတဲ့ ဧကဂ္ဂတာရယ် ပေါင်းလိုက်တော့ ၆-ပါး၊ဇီဝိတပါထည့်လိုက်ရင် ၇-ပါး၊ အဲဒီ ၇-ပါးကတော့ ဘယ်စိတ်ဖြစ်ဖြစ် ပါနေတာချည်းပဲ၊ ပြီးတော့ ယေဝါပနာက တရားထဲမှာ ဟောထားတာရှိသေးတယ်။ အဲဒါကတော့ မနသိကာရပဲ၊ မနသိကာရပါ ထည့်လိုက်ရင် ရှစ်ပါး၊ အဲဒီရှစ်ပါးဟာ ဘယ်စိတ်ဖြစ်ဖြစ် ပါဝင်တာချည်းပဲ၊ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ အကုန်ပါတာချည်းပဲ။

(တတိယအကြိမ်)

ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်, ဧကဂ္ဂတာ, ဇီဝိတ, မနသိကာရ တဲ့။

အဘိဓမ္မတ္ထ သင်္ဂဟကျမ်းမှာတော့ မှတ်လို့လွယ်ကူအောင် "သဗ္ဗစိတ္တသာဓာရဏစေတသိက်" ဆိုတဲ့ နာမည်နဲ့ရေးထားတယ်၊ "ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယ, မနသိကာရ" ဆိုတဲ့ ဒီခုနစ်ပါးကို စိတ်အားလုံးနဲ့ ဆက်ဆံတဲ့စေတသိက်လို့ အမည်ပေးထားတယ်၊ မှတ်လို့လွယ်အောင် ပါပဲ။

ဒီမှာတော့ မြတ်စွာဘုရား ဟောတော်မူထားတဲ့ ဒေသနာ အစဉ်အတိုင်းဆိုတော့ ဖဿပဉ္စမကတရားက တစ်စု၊ ဈာနင်က တစ်စု၊ ဣန္ဒြေကတစ်စု စသည်ဖြင့် ဟောထားတယ်၊ မနသိကာရကို ဘယ်အစုထဲမှ ထည့်မရတာနဲ့ ဒီမှာအလွတ်ဖြစ်နေကတယ်။ ဒါကြောင့် "ယေဝါပနက" အဖြစ်နဲ့ ဟောကြားထားတယ်၊ ဒီတော့ သီးခြားယေဝါပနက တရားစုထဲမှာတည့်ပြီး ဟောကြားခဲ့ပါတယ်။ ဒီတော့ ဖဿပဉ္စမကတရားက ၅-ခု၊ ဒုတိယပိုဒ်ထဲက ဧကဂ္ဂတာတစ်ခု၊ တတိယပိုဒ်က ဇီဝိတတစ်ခု၊ ခုနစ်ခုရသွားပြီ၊ ပြီးတော့ ယေဝါပနကထဲက မနသိကာရပါ ပေါင်းလိုက်တော့ ရှစ်ခု၊ အဲဒီ ရှစ်ခုသောတရားတွေဟာ စိတ်တိုင်း စိတ်တိုင်း စိတ်နဲ့အတူ တစ်ပေါင်းတည်း ဖြစ်ကြတယ်။ ကုသိုလ်ဖြစ်လည်း တစ်ပေါင်းတည်း၊ အကုသိုလ်ဖြစ်လည်း တစ်ပေါင်းတည်းတဲ့၊ အရှင်နာဂသိန်က ဒီလို ဟောကြားနိုင်တဲ့ မြတ်စွာဘုရားကို ဒီလိုချီးကျူးထားတယ်။

> "အာရုံတစ်ခုတည်းမှာ စိတ်,စေတသိက်တွေ တစ်ပြိုင်တည်းဖြစ်နေတာကို မြတ်စွာဘုရားက ဒါဖဿ၊ ဒါဝေဒနာ၊ ဒါသညာ စသည်ဖြင့် တသီးတခြားစီခွဲခြားပြီး ဟောနိုင်တာဟာ တော်တော်တာဝန်ကြီးတာပဲ၊ သဗ္ဗညုတဉာဏ်တော်ရှင်မို့သာ ဟောနိုင်တာပဲ" လို့ ချီးကျူးပါတယ်။

ဒီလောက်သာမကသေးဘူး၊ ဒါက အမြဲတမ်း တစ်ပေါင်းတည်း ယှဉ်ရာကိုသာ ပြောတာပဲ၊ စိတ်တစ်ခုတစ်ခုမှ သဆောတရားတွေ ၃၀-တောင်မှ တစ်ပေါင်းတည်း ဖြစ်တယ်ဆိုတာက သာပြီးများပါသေးတယ်။

အဲဒါတွေကို မြတ်စွာဘုရားက ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်အား သဘာဝဓမ္မတွေ သိပါစေဆိုတဲ့အနေနဲ့ ဟောစဉ်အတိုင်း ဟောကြားထားပါတယ်။

## မဂ္ဂင်အစု

ဣန္ဒြေအစုပြီးတော့ မဂ္ဂင်အစုကို ဟောကြားတော်မူပါတယ်၊ မဂ္ဂင်အစုကို ဟောကြားတော်မူတဲ့နေရာမှာ–

"သမ္မာဒိဋ္ဌိ ဟောတိ၊ သမ္မာသင်္ကပ္ပေါ ဟောတိ၊ သမ္မာဝါယာမော ဟောတိ၊ သမ္မာသတိ ဟောတိ၊ သမ္မာသမာဓိ ဟောတိ" တဲ့။

သမ္မာဆိုတဲ့ ပါဠိကိုတော့ ထည့်ပြီးဆိုကြရမယ်၊ စာရွက်ထဲမှာ စာတွေများသွားမှာ စိုးလို့တစ်ကြောင်း၊ သိလည်းသိနိုင်လောက်လို့ တစ်ကြောင်းထည့်ပြီး မရေးတာဘဲ၊ စာရွက်ထဲမှာ ထည့်မရေးပေမယ့် ဆိုတဲ့အခါ ထည့်ဆိုရမယ်၊ ကဲ ဆိုကြ–

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ (သုံးခေါက်ဆို)

အဲဒီ မဂ္ဂင်ရှစ်ပါးကတော့ လက်သည်းကွင်းနဲ့ အကုန်လုံးသွင်းပြီး ထားပါတယ်။ အကုန်လုံးပဲ ရှေ့ကနဲ့တူနေပြီလို့ ဆိုလိုတယ်။ သမ္မာဒိဋ္ဌိဆိုတာနဲ့ ရှေ့ဣန္ဒြေထဲမှာ ပညိန္ဒြေဆိုတာနဲ့ အတူတူပဲ၊ သမ္မာသင်္ကပ္ပဆိုတာနဲ့ ဝိတက်ဆိုတာလည်း အတူတူပဲ၊ သမ္မာဝါယာမဆိုတာနဲ့ ဝီရိယဆိုတာလည်း အတူတူပဲ၊ သမ္မာသတိနဲ့ သတိန္ဒြေဆိုတာလည်း အတူတူပဲ၊ သမ္မာသမာဓိဆိုတာနဲ့ ရှေ့က ဧကဂ္ဂတာရယ် သမာဓိန္ဒြေဆိုတာရယ် အတူတူပဲ၊ ဒီမှာ တရားကိုယ်အနေနဲ့ ထူးတာမပါတော့ဘူး၊ မဂ္ဂင်အဖြစ်နဲ့သာ ဒီမှာ ငါးပါးစုပြီး ဟောတော်မူထားတယ်။ ဒါကြောင့် တရားကိုယ် အတိအကျတွက်တဲ့အခါမှာ ဒီငါးပါးထဲက တစ်ပါးမှ ထည့်စရာ မလိုတော့ဘူး။ အဲ ဘယ်လောက်ရသွားသလဲဆိုတော့ ဖဿပဉ္စမကထဲက ၅–ခု၊ ဈာနင်ထဲက ၄–ခု၊ ဣန္ဒြေထဲက ၅–ခုဆိုတော့ ၁၄–ခု ရသွားပါပြီ။ မဂ္ဂင် ၅–ခုကတော့ တူနေလို့ မတိုးတော့ဘူး။

မဂ္ဂင်ဆိုတာ အမှန်ကတော့ ရှစ်ပါးရှိတာပဲ။ ဒါပေမယ့်လို့ ဒီမှာ ကုသိုလ်ဖြစ်ကိုင်းဖြစ်တိုင်း အမြဲတမ်းပါဝင်တဲ့ မဂ္ဂင် ၅–ပါးကိုသာ ထုတ်ပြထားတယ်၊ [illegible]ဖြစ်တဲ့ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဆိုတဲ့ ဝိရတီ

၃–ပါးလည်းရှိသေးတယ်။ အဲဒါ ယေဝါပနက တရားအစုထဲမှာပါတယ်။ ယေဝါပနကဆိုတာ ဒီပြင်အပိုဒ်တွေလည်း ရှိပါသေးတယ်လို့ဆိုတဲ့ အပိုဒ်ဖြစ်တာကို လွယ်လွယ်မှတ်ထားဖို့ပါပဲ။ ဝိရတီ ၃–ပါးကလည်း ရှိသေးတယ်။ အဲဒါ ရံခါမှသာ ယှဉ်ပါတယ်။ ဘယ်လိုရံခါမှသာလဲဆိုရင် မိစ္ဆာဝါစာကို ကြဉ်ရှောင်တဲ့အခါမှာ သမ္မာဝါစာဖြစ်တယ်။ မိစ္ဆာကမ္မန္တ မကောင်းတဲ့အမှုတွေကို ကြဉ်ရှောင်တဲ့အခါမှာ သမ္မာကမ္မန္တဖြစ်တယ်။ မတရားသဖြင့် အသက်မွေးဝမ်းကျောင်းမှု ကြဉ်ရှောင်ပြီး တရားသဖြင့် အသက်မွေးဝမ်းကျောင်းပြုတဲ့အခါမှာသာ သမ္မာအာဇီဝ ဖြစ်တယ်။ ဒီတော့ ရံခါမှသာယှဉ်လို့ အမြဲတမ်းတော့ ဒါတွေက မပါဝင်ဘူး။

ဘုရားရှိခိုးနေတဲ့အခါမှာ အဲဒီ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်တွေ မပါဘူး။ အခုလို တရားနာနေတဲ့အခါမှာလည်း မပါဘူး၊ ဒါနပြုတဲ့အခါမှာလည်း မပါဘူး၊ အဲဒီလိုအခါမှာ မယှဉ်လို့မို့ ဒါတွေကို ချန်ထားတာ၊ နောက်ပိုင်းကျတော့မှ ယေဝါပနကတရားထဲမှာ ထည့်ထားရတယ်၊ အဲ မဂ္ဂင်အကုန်လုံးပေါင်းရင်တော့ ၈ပါးရှိတယ်၊ ကုသိုလ်စိတ်တိုင်းမှာ ပါဝင်တာကတော့ ၅–ပါးသာ ပါတယ်၊ အဲဒါကို မှတ်ထားကြရမယ်။

## ဗိုလ်အစု

နောက်ပြီးတော့ ဗလဆိုတဲ့ ဗိုလ်တရားလည်း ဟောထားသေးတယ်။ ဗလဆိုတာ ခွန်အားပါပဲ၊ အဲဒါကိုလည်း ဝေဖန်ဟောကြားထားပါတယ်။ စိတ်စေတသိက်ဆိုတဲ့ နာမ်တရားတွေရဲ့ ခွန်အားတွေပါပဲ၊ အဲဒါက ၇–ပါး ရှိတယ်။

"သဒ္ဓါဗလံ ဟောတိ၊ ဝီရိယဗလံ ဟောတိ၊ သတိဗလံ ဟောတိ၊ သမာဓိဗလံ ဟောတိ၊ ပညာဗလံ ဟောတိ၊ ဟိရီဗလံ ဟောတိ၊ ဩတ္တပ္ပဗလံ ဟောတိ" တဲ့။

သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်, ဟိရီဗိုလ်, ဩတ္တပ္ပဗိုလ်လို့ လွယ်လွယ်ကူကူပဲ ဒီလိုမှတ်ထားပေါ့၊ ပါဠိလိုကတော့ အခုရွတ်ပြခဲ့တဲ့အတိုင်းပဲ၊ အဲဒီမှာ လက်သည်းကွင်းပြထားတာက ရှေ့ပိုင်း ၅–ပါးရှိတယ်။

(တတိယအကြိမ်)

အဲဒါတွေက ပြီးခဲ့တာတွေနဲ့ထပ်နေပြီ၊ ဣန္ဒြေ ၅-ပါးနဲ့ အားလုံးအတူတူပဲ။ ဒီမှာ ထူးတာက ဟိရီနဲ့ ဩတ္တပ္ပတဲ့။

ဟိရီဆိုတာ မကောင်းမှုမှရှက်တာတဲ့၊ မကောင်းမှုကို မပြုလိုဘူး၊ မကောင်းမှု ပြုရမှာကို ရွံရှာစက်ဆုပ်တယ်၊ သန့်ရှင်းစင်ကြယ်နေတဲ့ ပုဂ္ဂိုလ်က အညစ်အကြေး လူးပေမှာကို ရွံရှာစက်ဆုပ်သလိုပဲ၊ မိမိသန္တာန်မှာ မကောင်းမှု အကုသိုလ်တွေဖြစ်မှာကို ရွံရှာစက်ဆုပ်တယ်၊ အဲဒါဟာ ဟိရီရဲ့ သဘောပါပဲ၊ ဒါဟာ အရေးကြီးပါတယ်၊ အဲဒီခွန်အား အားကောင်းနေလို့ရှိရင် အကုသိုလ်တရားတွေ မဖြစ်နိုင်ပါဘူး။

ဩတ္တပ္ပ ဆိုတာက ကြောက်လန့်တယ်တဲ့၊ မိမိသန္တာန်မှာ အကုသိုလ်တွေရောက်လာမှာကို ကြောက်တယ်၊ အဲဒီ အကုသိုလ်တွေက မကောင်းကျိုးပေးမှာကို ကြောက်တယ်၊ အဲဒါလည်း အရေးကြီးတာပဲ၊ ဟိရီရော ဩတ္တပ္ပရော ခွန်အားကြီးတရားတွေ အားကောင်းနေလို့ရှိရင် အကုသိုလ်တရားတွေ မဖြစ်နိုင်ပါဘူး၊ အင်မတန်ကောင်းတဲ့ တရားတွေပဲ၊ ဒီမှာ ထူးတာကတော့ ဟိရီနဲ့ ဩတ္တပ္ပ ၂-ခုပဲ ထူးပါတယ်၊ ဒီ ၂-ခုနဲ့ အရင်ရခဲ့တဲ့ ၁၄-ပါးကို ပေါင်းလိုက်ရင် ၁၆-ပါးရသွားပြီ။

## မူလတရားစု

နောက် မူလတရားကို ဝေဖန်ဟောကြားပါတယ်၊ ဘယ်လိုလဲဆိုရင်-

> "အလောဘော ဟောတိ၊ အဒေါသော ဟောတိ၊ အမောဟော ဟောတိ" တဲ့။

မူလဆိုတာ ကုသိုလ်မူလလည်းရှိတယ်၊ အကုသိုလ်မူလလည်းရှိတယ်၊ အဗျာကတမူလလည်းရှိတယ်၊ အကုသိုလ်မူလက "လောဘ, ဒေါသ, မောဟ" ဆိုတဲ့ တရား ၃-ပါး ၊ အခုဒီမှာ ဟောတဲ့မူလကတော့ ကုသိုလ်မူလတွေပဲ၊ အဗျာကတမူလ ဆိုတာလည်း ဒီအကုသိုလ်မူလလို "အလောဘ, အဒေါသ, အမောဟ"ပါပဲ၊ ၃-ပါးရှိတယ်။

လောဘဆိုတာက လိုချင်တာ၊ မက်မောတာ၊ တပ်မက်တာ၊ အဲဒါရဲ့ ဆန့်ကျင်ဘက်ဟာ အလောဘပဲ၊ မလိုချင်တာ မမက်မောတာ၊ မတပ်မက်တာလို့

ဆိုတာပေါ့၊ ကုသိုလ်ဖြစ်တဲ့အခါမှာ လောဘမပါဘူး။ လောဘနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတယ်၊ အထူးအားဖြင့် စွန့်ကြဲပေးကမ်းတဲ့အခါမှာ မိမိပိုင်ပစ္စည်းဥစ္စာကို တပ်မက်တွယ်တာမှုမရှိတော့ဘူး၊ မတွယ်တာမမက်မောလို့ မိမိပစ္စည်းဥစ္စာကို စွန့်ကြဲပေးကမ်းနိုင်တာပေါ့၊ အဲဒါဟာ လောဘနဲ့ ဆန့်ကျင်ဘက် အလောဘ ဖြစ်နေတာပါပဲ။

ဒေါသဆိုတာကတော့ စိတ်ဆိုးတာ၊ ပြစ်မှားတာ၊ စိတ်ပျက်တာတွေပါပဲ၊ ကုသိုလ်ဖြစ်တဲ့အခါမှာတော့ စိတ်ဆိုး, စိတ်ပျက်တွေ မရှိဘူး၊ အထူးအားဖြင့်တော့ သတ္တဝါတွေကို မေတ္တာပို့တဲ့အခါမှာ ချမ်းသာစေလိုတဲ့ မေတ္တာနဲ့မို့ သာပြီး ထင်ရှားပါတယ်၊ မေတ္တာနဲ့ အဒေါသဆိုတာဟာ အတူတူပါပဲ။

မောဟဆိုတာ မသိမလိမ္မာတာ၊ မိုက်မဲတာဖြစ်တယ်။ အရင်းခံကတော့ ကုသိုလ်, အကုသိုလ်တွေ ဒီကံတွေရဲ့အကျိုးတွေကို မယုံကြည်နိုင်ဘဲ တွေဝေဖုံးလွှမ်း နေတာဟာ မောဟပါပဲ၊ အဲဒီမောဟရဲ့ ဆန့်ကျင်ဘက်ပြောင်းပြန်ကို အမောဟလို့ ခေါ်ပါတယ်။ အဲဒါထက်မြင့်တာကျတော့ ရုပ်, နာမ်အနိစ္စ, ဒုက္ခ, အနတ္တတို့ သစ္စာလေးပါးတို့၊ ပဋိစ္စသမုပ္ပါဒ်တို့ကို မသိတာဟာ မောဟတဲ့၊ အဲဒါနဲ့ ဆန့်ကျင်ဘက်ဟာ အမောဟပါပဲ၊ အမောဟက ကံ,ကံ၏ အကျိုးတွေကိုလည်း သိတယ်၊ ရုပ်, နာမ်အနိစ္စ, ဒုက္ခ, အနတ္တဆိုတာတွေကိုလည်း သိတယ်၊ သစ္စာလေးပါး အမှန်တရားတွေဆိုတာကိုလည်း သိတယ်၊ အမောဟကို ပညာ, ဉာဏ်လို့လည်း ခေါ်သေးတယ်၊ ဝိဇ္ဇာလို့လည်း ခေါ်တာပဲ။ ဒါကြောင့် ဒီအမောဟ မူလတရားတစ်ပါးက ရှေ့က တ္တမြွေမိုလ်တွေထဲက ပညာနဲ့ ထပ်နေတယ်၊ အဲဒါကြောင့် သူ့ကို လက်သည်းကွင်းပြထားတယ်၊ ဒီတော့ ထူးတာက အလောဘနဲ့ အဒေါသ ဒီနှစ်ပါးပဲ ထူးတော့တယ်၊ ဆိုခဲ့ပြီးတဲ့ ၁၆-ပါးနဲ့ ပေါင်းလိုက်ရင် ၁၈-ပါးရှိသွားပြီ၊ ဒီမူလတရားဆောင်ပုဒ်ကို ဆိုကြအုံးစို့။

"အလောဘ, အဒေါသ, အမောဟ, မူလ, တရားသုံးပါး"
(၃-ခေါက်ဆို)

မူလဆိုတာ အမြစ်တဲ့၊ သစ်ပင်ရဲ့အမြစ်လိုပဲ၊ စိတ်,စေတသိက် တရားတွေရဲ့ အရင်းအမြစ်တရားပဲ၊ အကုသိုလ်ထဲမှာ လောဘအရင်းအမြစ်ကောင်းရင် လိုချင်

တပ်မက်တဲ့စိတ်တွေများနေတယ်၊ အားကြီးနေတယ်၊ ဒီလိုပဲ ဒေါသ အရင်းအမြစ် အားကောင်းရင် ဒေါသစိတ်တွေ အားကြီးနေတာပဲ၊ စိတ်ပျက် စိတ်ဆိုးတွေ ဖြေဖျောက်လို့ မရနိုင်လောက်အောင်များနေတာပဲ၊ မောဟအရင်းအမြစ် အားကောင်းနေရင် မောဟနဲ့ယှဉ်တဲ့ အကုသိုလ်စိတ်တွေ အကုန်လုံး ထိုက်သည့် အားလျော်စွာ ဖြစ်နေကြတော့တာပဲ၊ ဒီမောဟက လောဘထဲမှာလည်း တွဲဖက်ပြီး ပါတာပဲ၊ ဒေါသထဲမှာလည်းပါတာပဲ။

အဲဒီလောဘ, ဒေါသ, မောဟ အမြစ်သုံးပါးလိုပဲ ကုသိုလ်ဘက်ကလည်း အလောဘ, အဒေါသ, အမောဟလို့ အမြစ်အရင်းအားကောင်းရင် ကုသိုလ်တွေ ထက်သန်ကြကယ်၊ ဒါကြောင့် သူတို့ကို မူလတရား၊ အရင်းခံတရား၊ အခြေအမြစ်တရားလို့ နာမည်ပေးထားတာဖြစ်တယ်။

## ကမ္မပထတရား

နောက်ပြီးတော့ ကမ္မပထတရားတဲ့၊ ကမ္မပထတရားဆိုတာ ကံမြောက် ကြောင်းဖြစ်တဲ့တရားပါပဲ၊ အဲဒီ ကမ္မပထဆိုတာလည်း နှစ်မျိုးရှိတယ်၊ အကုသလ ကမ္မပထ ကုသလကမ္မပထတဲ့၊ အကုသလကမ္မပထဆိုတာက ဒုစရိုက် ၁၀–ပါးပါပဲ၊ အဲဒါကို သုံးပိုင်းခွဲမှတ်ရတယ်။

(၁) ကာယကံ ၃–ပါး၊ (၂) ဝစီကံ ၄–ပါး၊ (၃) မနောကံ ၃–ပါး၊ ဒီလိုသုံးပိုင်း ခွဲမှတ်ရတယ်၊ ကာယကံ ၃–ပါးဆိုတာက–

(၁) ပါဏာတိပါတ = သူတစ်ပါးအသက်ကိုသတ်ခြင်း၊
(၂) အဒိန္နာဒါန = သူတစ်ပါးဥစ္စာကို ခိုးယူလုယက်ခြင်း၊
(၃) ကာမေသုမိစ္ဆာစာရ = မပိုင်မဆိုင်သော သူတစ်ပါး ကာမဂုဏ်တို့၌ မှားယွင်းခြင်း။

ဝစီကံ ၄–ပါးဆိုတာက–

(၁) မုသာဝါဒ = လိမ်ပြောခြင်း၊
(၂) ပိသုဏာဝါစာ = ကုန်းတိုက်ခြင်း၊

(တတိယအကြိမ်)

(၃) ဖရုသဝါစာ = ကြမ်းတမ်းတဲ့စကားကို ပြောဆိုခြင်း၊
(၄) သမ္ဖပ္ပလာပ = အနှစ်မဲ့သောစကားကို ပြောဆိုခြင်းလို့ ၄-ပါး။

မနောကံ ၃-ပါးဆိုတာက-

(၁) အဘိဇ္ဈာ = သူတစ်ပါးစည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်အောင် ကြံစည်ခြင်း၊
(၂) ဗျာပါဒ = သူတစ်ပါး အသက်စည်းစိမ်ကိုသေပါစေ၊ ပျက်စီးပါစေဆိုတဲ့ သဘောနဲ့ သေရာသေကြောင်း ပျက်စီးရာ ပျက်စီးကြောင်းကို ကြံစည်ခြင်း၊
(၃) မိစ္ဆာဒိဋ္ဌိ = ကံနဲ့ ကံ၏အကျိုးမရှိ စသည် ယူဆခြင်းတဲ့။

အဲဒါတွေအားလုံးကို အကုသလကမ္မပထ ၁၀-ပါးလို့ခေါ်တယ်။

ကုသလကမ္မပထ ၁၀-ပါးဆိုတာလည်းရှိသေးတယ်၊ အဲဒါကတော့ အကုသလကမ္မပထတရား ၁၀-ပါးကို ပြောင်းပြန်ပြန်လိုက်ရုံပါပဲ၊ ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း အပါဏာတိပါတ၊ အဒိန္နာဒါနမှ ရှောင်ကြဉ်ခြင်း အနာဒိန္နာဒါန။ မပိုင်မဆိုင်သော သူတစ်ပါး ကာမဂုဏ်တို့မှ မှားယွင်းခြင်းမှ ရှောင်ကြဉ်ခြင်း အကာမေသုမိစ္ဆာစာရဆိုတဲ့ ကာယသုစရိုက် ၃-ပါး။ မုသာဝါဒမှ ရှောင်ကြဉ်ခြင်း အမုသာဝါဒ၊ ပိသုဏာဝါစာမှ ရှောင်ကြဉ်ခြင်း အပိသုဏာဝါစာ၊ ဖရုသဝါစာမှ ရှောင်ကြဉ်ခြင်း အဖရုသဝါစာ၊ သမ္ဖပ္ပလာပမှ ရှောင်ကြဉ်ခြင်း အသမ္ဖပ္ပလာပ၊ ဝစီသုစရိုက် ၄-ပါး။ အဘိဇ္ဈာမှ ရှောင်ကြဉ်ခြင်း အနဘိဇ္ဈာ၊ ဗျာပါဒမှ ရှောင်ကြဉ်ခြင်း အဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိမှ ရှောင်ကြဉ်ခြင်း သမ္မာဒိဋ္ဌိ မနောသုစရိုက် ၃-ပါး။ ဒါတွေကတော့ ကုသိုလ်ဘက်က ကုသလကမ္မပထတရား ၁၀-ပါးတဲ့၊ သုစရိုက် ၁၀-ပါးလို့လည်းခေါ်တယ်။

အခြေခံဖြစ်တဲ့ သမ္မာဒိဋ္ဌိကတော့ ကံနဲ့ကံ၏အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိပါပဲ၊ အဲဒီ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဖြစ်လာပြီဆိုရင် ဈာနသမ္မာဒိဋ္ဌိတို့ ဝိပဿနာ သမ္မာဒိဋ္ဌိတို့ မဂ္ဂသမ္မာဒိဋ္ဌိတို့ ဖလသမ္မာဒိဋ္ဌိတို့ဆိုတဲ့ အဆင့်ဆင့် သမ္မာဒိဋ္ဌိတွေ ရှိလာနိုင်ပါတယ်၊ အဲဒီယုံကြည်မှု သမ္မာဒိဋ္ဌိတွေဟာ အကုန်လုံးပဲ သမ္မာဒိဋ္ဌိတွေမည်ပါတယ်။

(တတိယအကြိမ်)

ကုသိုလ် ဒီစိတ်ဖြစ်တဲ့အခါ ဘရားကိုယ်အားဖြင့် ရတာကတော့ မနောက် တရားကိုပဲရတယ်၊ ပါဏာတိပါတ စသည်မှ ကြဉ်ရှောင်မှုတွေကို တရားကိုယ် ကောက်ရင် ဝိရတီ ၃–ပါးကို ကောက်ယူရတယ်၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတာတွေကို ဒီကုသိုလ်စိတ်ဖြစ်တဲ့နေရာမှာမယူရဘူး၊ ဒါကြောင့် ဒီမှာထည့်မဟောတာဘဲ၊ "အနဘိဇ္ဈာ ဟောတိ၊ အဗျာပါဒေါ ဟောတိ၊ သမ္မာဒိဋ္ဌိ ဟောတိ"လို့ ဒီလိုသာဟောထားတယ်။ ဒါကြောင့် တရားကိုယ်ကောက် ရင် ဒီလိုသုံးပါးကို ကောက်ရမယ်၊ ကဲ လိုက်ဆိုကြရမယ်။

အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိ ကမ္မပထတရား ၃–ပါး၊ ဒီ ၃–ပါးကလည်း ရှေးကဆိုခဲ့ပြီးတာတွေနဲ့ ထပ်တူဖြစ်နေတယ်၊ အလောဘဆိုတာနဲ့ အနဘိဇ္ဈာဆိုတာ အတူတူပဲ၊ အဗျာပါဒဆိုတာနဲ့ အဒေါသဆိုတာ အတူတူပဲ၊ သမ္မာဒိဋ္ဌိဆိုတာနဲ့ အမောဟဆိုတာလည်း အတူတူပဲ။ ဒါတွေဟာထပ်နေပြီ၊ ဒါကြောင့် လက်သည်း ကွင်းနဲ့ ဒါတွေကို ကွင်းပြထားတယ်၊ အဲဒါ တရားကိုယ်အထူး မရတော့ဘူးတဲ့၊ ဒီနောက်မှာ လောကပါလတရား ၂–ပါးကို ဟောပြန်ပါတယ်၊ "ဟိရိဩတ္တပ္ပံ ဟောတိ" တဲ့၊ ကုသိုလ် ပထမစိတ်ဖြစ်တဲ့အခါမှာ ဟိရိလည်းဖြစ်တယ်၊ ဩတ္တပ္ပလည်းဖြစ်တယ်၊ ဒီ ၂–ပါးလုံး ပြီးခဲ့တဲ့ ဗိုလ်ခုနစ်ပါးထဲမှာ ပါပြီးသွားပါပြီ၊ ဒါကြောင့် ဒီမှာလည်း လက်သည်းကွင်းပြထားတယ်၊ တရားကိုယ် အထူးမရှိ တော့ဘူး၊ အဲဒါ လောကပါလ လောကကိုစောင့်ရှောက်တဲ့ တရား ၂–ပါးတဲ့။

ဒီတရား ၂–ပါးကတော့ လူတွေရဲ့ ယဉ်ကျေးဖို့ တရားများပါပဲ၊ ဒီတရားတွေရှိလို့ လူတွေဟာ လူနဲ့တူတူ ယဉ်ကျေးနေကြတာပါပဲ၊ တကယ်လို့သာ ဒီတရားတွေ မရှိရင်တော့ လူတွေဟာ လူနဲ့မတူတော့ဘဲ တိရစ္ဆာန်တွေနဲ့ တူနေပေလိမ့်မယ်၊ လူကြီးမိဘစတဲ့ သူတွေကို ရိုသေရမှန်းလည်း သိကြတော့မှာ မဟုတ်ဘူး။ အရှက်အကြောက် မရှိဘူးဆိုရင် ဘယ်လို အကုသိုလ်မှ မပြုမလုပ်ဝံ့တာရယ်လို့ ရှိကြမှာ မဟုတ်ဘူး၊ မသင့်မတော်တာတွေကို ပြုချင်ရာပြု ပြောချင်ရာပြော ဖြစ်ချင်သလိုဖြစ်နေကြတော့မှာပဲ၊ အခုတော့ ဒီလောကပါလတရား ၂–ပါး ရှိနေကြလို့သာ ဆရာသမား လူကြီးမိဘတွေကို ရိုသေရမှန်း သိနေကြတာ ဖြစ်တယ်၊ ရှက်ရမှန်း ကြောက်ရမှန်း သိနေကြတာဖြစ်တယ်၊ အကုသိုလ် တွေကို မပြုဝံ့ဘဲ ရှက်ကြောက်နေကြတာပဲ။

(တတိယအကြိမ်)

အခုဆိုရင် လူတွေဟာ ဒီလောကပါလတရား ၂-ပါး တော်တော်ဆိတ်သုဉ်းနေကြပြီ၊ ဗုဒ္ဓယဉ်ကျေးမှုတွေ တော်တော်နည်းကုန်ကြပြီ၊ အရှက်အကြောက်ကင်းမဲ့သူတွေက ကြာလေများလေ များများလာကြပြီ၊ အဲဒါတွေကို သတိပြုပြီး မိမိကိုယ်ကို မိမိစောင့်ရှောက်ကြဖို့ လိုပါတယ်၊ အရှက်အကြောက်ရှိကြရမယ်တဲ့၊ မှတ်မိအောင် လိုက်ဆိုကြရမယ်-

"ဟိရိ၊ဩတ္တပ္ပ လောကပါလတရား ၂-ပါး"
(၃-ခေါက်ဆို)

## ကာယပဿဒ္ဓိစသည်

ဒီဟာပြီးတဲ့နောက် ပဿဒ္ဓိစသည် ကာယစိတ္တ ၂-ပါးတဲ့၊ ပဿဒ္ဓိက ငြိမ်းအေးတာ၊ လဟုတာက ပေါ့ပါးတာ၊ မုဒုတာက နူးညံ့တာ၊ ကမ္မညတာက အမှုဉ္စ ခံ့တာ၊ လျော်တာ၊ ပါဂုညတာက အလေ့အလာ ရနေတာပါပဲ၊ ဥဇုဂတာဆိုတာက ဖြောင့်မတ်တာတဲ့၊ ဒီတရားတွေဟာ ကုသိုလ်စိတ်တိုင်းပါတော့ပါဝင်နေကြတာပါပဲ၊ ဒါပေမယ့် သိပ်ပြီးတော့မထင်ရှားလှဘူး၊ ဘယ်ကျမှ ထင်ရှားတုန်းဆိုတော့ တရားအားထုတ်လို့ အမှတ်ကောင်းတဲ့အခါကျမှ ဒါတွေဟာ ထင်ရှားတယ်၊ အထူးအားဖြင့် ဥဒယဗ္ဗယဉာဏ်များကျမှ သိပ်ပြီးထင်ရှားတယ်၊ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ကိုယ်ရော‌စိတ်ရော ငြိမ်းအေးနေပုံဟာ ထင်ရှားတယ်၊ ကာယပဿဒ္ဓိ ကိုယ်ငြိမ်းအေးတယ်ဆိုတာမှာ ရုပ်ကိုယ်မျှသာ မကပါဘူး၊ နာမ်ကိုလည်းပဲ ငြိမ်းအေးတာပါပဲ၊ နာမ်ကိုယ်မျှသာမက ရုပ်ကိုယ်လည်းပဲ ငြိမ်းအေးတာပါပဲလို့ ၂-မျိုးစလုံးငြိမ်းအေးတာကိုပဲ ကာယပဿဒ္ဓိလို့ အမည်ပေးထားခြင်းဖြစ်တယ်၊ နာမပဿဒ္ဓိလို့တော့ အမည်ပေးမထားဘူး၊ ကာယပဿဒ္ဓိ ရုပ်အပေါင်း စေတသိက်, နာမ်အပေါင်း ငြိမ်းအေးခြင်းတဲ့၊ စေတသိက်နာမ်တရားတွေလည်း ငြိမ်းအေး ခြင်းသဘောရှိတယ်၊ ရုပ်တရားတွေလည်း ငြိမ်းအေးခြင်းသဘောရှိတယ်၊ စိတ္တပဿဒ္ဓိစိတ်လည်းပဲ အဲဒီအခါမှာ ငြိမ်းအေးနေတယ်၊ အပူအပင်တွေ ဘာမှမရှိဘူး၊ တရားအားထုတ်လို့ ကောင်းနေတဲ့အခါမှာ ဒီသဘောတွေ ထင် ရှားတယ်၊ ဒီပြင်အခါမှာတော့ တယ်ပြီးမထင်ရှားလှဘူး။

(တတိယအကြိမ်)

ကုသိုလ်ပြုတဲ့အခါမှာလည်း ဒီတရားတွေပါနေတာပဲ၊ ဘုရားရှိခိုးတဲ့အခါမှာလည်း ဒီတရားတွေ ပါနေကြတာပဲ၊ လှူဒါန်းပေးကမ်းရာမှာလည်း ပါနေကြတာပဲ၊ ဒါပေမယ့် မထင်ရှားဘူး၊ တရားအားထုတ်လို့ တရားကောင်းနေတဲ့အခါမှာသာ ထင်ရှားကြတယ်၊ ကိုယ်ရောစိတ်ရော ငြိမ်းအေးနေတဲ့ သဘောဟာ ထင်ထင်ရှားရှားပဲ။

## လဟုတာ

ကာယလဟုတာ, စိတ္တလဟုတာ ဆိုတာ ကိုယ်ရော, စိတ်ရော ပေါ့ပါးတာပါပဲ၊ အဲဒါလည်း တရားအားထုတ်လို့ အထူးကောင်းနေတဲ့အခါမှာ ထင်ရှားပေါ့ပါးနေပါတယ်၊ အထက်ကိုများ ကြွတက်သွားတော့မှာလေလားလို့တောင် ထင်ရပါတယ်၊ အဲဒါဟာ ဒီကာယလဟုတာ စိတ္တလဟုတာတို့ရဲ့ သဘောပါပဲ။

## မုဒုတာ

ကာယမုဒုတာ၊ စိတ္တမုဒုတာ ကိုယ်ရောစိတ်ရော နူးညံ့နေတယ်တဲ့၊ နူးညံ့တယ်ဆိုတာ ရွှေများနူးညံ့နေသလိုပါပဲ၊ နူးညံ့တဲ့ရွှေကို ပန်းထိမ်ဆရာဟာ အလိုရှိတဲ့ အရာဝတ္ထုဖြစ်လာအောင် ပြုလုပ်နိုင်ပါတယ်၊ ရွှေက မာကျောကြမ်းတမ်းနေမယ်ဆိုရင် ပန်းထိမ်ဆရာအလိုရှိသလို ပြုလုပ်လို့မရပါဘူး။ တူနဲ့ထုလိုက်ရိုက်လိုက်ရင် ကွဲအက်ရင်လည်း ကွဲအက်သွားမယ်၊ ပြတ်ရင်လည်း ပြတ်သွားမယ်၊ ဆွဲကြိုးလို သေးသေးသွယ်သွယ် အရာဝတ္ထုတစ်ခုဖြစ်အောင် ပြုလုပ်လို့မရပါဘူး။၊

ဒီလိုပါပဲ၊ စိတ်နူးညံ့နေတဲ့အခါမှာ ကိုယ်အလိုရှိသလို နှလုံးသွင်းလို့ရပါတယ်၊ တရားအားထုတ်တဲ့ ယောဂီတွေဟာ ပထမစပြီး အားထုတ်တဲ့အခါမှာ စိတ်ကမနူးညံ့သေးဘူး၊ ဒီတော့ ဖောင်းတာ, ပိန်တာကို မှတ်ပါလို့ ညွှန်ပြပေမယ့် ညွှန်ပြတဲ့အတိုင်း ရှုမှတ်လို့မလွယ်ဘဲ ဖြစ်နေတယ်၊ စိတ်က ဟိုအာရုံရောက် ဒီအာရုံရောက်ဖြစ်ပြီး မကြာခဏကူးပြောင်း ပြေးသွားနေတယ်၊ အဲဒါဟာ စိတ်ကမနူးမညံ့ ကြမ်းတမ်းနေလို့ပါပဲ၊ စိတ္တမုဒုတာ မဖြစ်သေးဘူးပေါ့၊ အဲ စိတ္တမုဒုတာဖြစ်တဲ့အခါကျတော့ ဟိုအာရုံရောက် ဒီအာရုံရောက် ဒီလိုမဟုတ်တော့ဘူး၊ ကိုယ်အလိုရှိရာကို နှလုံးသွင်းနိုင်တော့တာပါပဲ၊ ရှေးတုန်းက မတော်မသင့်တာတွေကို

ဥဇုဂတာ

ပြုလုပ်လိုတဲ့ စိတ်တွေဟာ နူးညံ့လာတဲ့အခါမှာတော့ မရှိတော့ပါဘူး၊ သိမ်သိမ်မွေ့မွေ့ ဖြစ်လာတော့တယ်။

## ကမ္မညတာ

ကာယ ကမ္မညတာ၊ စိတ္တကမ္မညတာ ကိုယ်ရောစိတ်ပါ ခံ့ကျန်းခြင်းတဲ့၊ အလိုရှိရာကို နှလုံးသွင်းနိုင်လောက်အောင် ခံ့ကျန်းတယ်ပေါ့၊ သန်သန်စွမ်းစွမ်းရှိနေတယ်၊ တရားအားထုတ်နေတဲ့ ယောဂီဆိုရင်လည်း တရားရှုမှတ်ရာမှာ ကိုယ်ရောစိတ်ရော အားရှိသန်စွမ်းပြီး မတွန့်မဆုတ် အားထုတ်ရှုမှတ်နိုင်တယ်ပေါ့။

## ပါဂုညတာ

ကာယပါဂုညတာ စိတ္တပါဂုညတာ ကိုယ်ရော စိတ်ရော အလေ့အလာရနေတယ်တဲ့၊ အရှိန်ရနေတယ်၊ အလေ့အလာများလို့ အရှိန်ရလာပြီဆိုတော့ အပင်ပန်း မရှိတော့ဘူး၊ သတိထားပြီး ပြုလုပ်တဲ့ အလုပ်တွေဟာ အစအရှိန်မရခင်တော့ ပြုလုပ်ရတာခက်ခဲတယ်လို့ ထင်ရတယ်၊ ပြုလုပ်နေကျလိုဖြစ်ပြီး အလေ့အလာအရှိန်ရလာတဲ့အခါတော့ သူ့အရှိန်နဲ့သူ မခက်တော့ဘူး၊ အထူးအားထုတ်မနေရတော့ဘဲ သူ့ဘာသာသူ မှန်မှန်အားထုတ်နိုင်သွားသလိုပေါ့၊ တရားအားထုတ်တဲ့ယောဂီမှာလည်း ဒီလိုပါပဲ၊ အလေ့အလာ အရှိန်မရမီတော့ ရှုမှတ်ရာမှာ ခက်နေတတ်တယ်၊ အလေ့အလာများလို့ အရှိန်ရလာပြီဆိုတော့ နှလုံးသွင်းပြီး ရှုမှတ်လိုက်တယ်ဆိုရင် မပင်ပန်းတော့ဘူး၊ သူ့ဘာသာသူရှုမှတ်သွားသလို အာရုံပေါ် အလိုလို ကပ်ခနဲ ကပ်ခနဲ ဖြစ်လာတယ်၊ ဒါဟာ အလေ့အလာ အရှိန်လာရတာပါပဲ။

## ဥဇုဂတာ

ကာယုဇုဂတာ၊ စိတ္တုဇုဂတာ ကိုယ်ရော၊ စိတ်ရော ဖြောင့်မတ်နေတယ်တဲ့၊ ရှေးက မဖြောင့်မမတ် ကောက်ကျစ်နေခဲ့ပေမယ့် ကာယုဇုဂတာ၊ စိတ္တုဇုဂတာ ဖြစ်လာတဲ့အခါမှာတော့ မကောက်မကျစ်တော့ဘူး။ ရှေးကလိမ်လည်တဲ့ စိတ်တွေရှိပေမယ်လို့ ဒီအချိန်မှာ အဲဒါတွေ မရှိတော့ဘူး၊ အမှန်အကန်ဖြောင့်မတ်တဲ့သဘော ရှိလာတယ်။ ရှေးကသူတစ်ပါးအပေါ် မတော်မတရား မဖြောင့်မမှန် ပြုလုပ်

ကြံစည်လာခဲ့တာတွေ ရှိခဲ့ရင်လည်း နောက်ကို ဒါမျိုးတွေ မဖြစ်စေရတော့ဘူးလို့ ဆိုတဲ့ စိတ်တွေဖြစ်လာတယ်။ အဲဒါ ဥဒယဗ္ဗယဉာဏ်ရောက်တဲ့အခါ ဒီကာယုဇုကတာ စိတ္တုဇုကတာ သဘောတွေထင်ရှားလာတယ်။ အဲဒါတွေကို(ပဿဒ္ဓိ-စသည် ၁၂) လို့ နာမည်ပေးထားတယ်၊ စသည်ဆိုတာ အများကြီးဖြစ်နေလို့ အစကိုသာ ဖော်ပြပြီး ကျန်တာတွေကို သိမ်းဆိုထားတာ၊ တစ်စုံစီ တစ်စုံစီ ၆-စုံရှိတယ်၊ အဲဒါကို ဆိုကြရအောင်-

ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ=ကိုယ်, စိတ်ငြိမ်းအေးခြင်း။
ကာယလဟုတာ, စိတ္တလဟုတာ=ကိုယ်, စိတ်ပေါ့ပါးခြင်း။
ကာယမုဒုတာ, စိတ္တမုဒုတာ=ကိုယ်, စိတ်နူးညံ့ခြင်း။
ကာယကမ္မညတာ, စိတ္တကမ္မညတာ=ကိုယ်, စိတ်ခံ့ကျန်းခြင်း။
ကာယပါဂုညတာ, စိတ္တပါဂုညတာ=ကိုယ်, စိတ်အလေ့အလာရခြင်း။
ကာယုဇုကတာ, စိတ္တုဇုကတာ=ကိုယ်, စိတ်ဖြောင့်မတ်ခြင်း။

အဲဒါတွေဟာ ပဿဒ္ဓိ စသည် ၁၂-တဲ့၊ အဲဒါတွေ အားလုံးအသစ်တွေချည်းပဲ၊ အဟောင်းရယ်လို့ မပါဘူး၊ အရင်က ၁၈-ပါးရခဲ့ပြီ၊ အခု ဒီဟာနဲ့ပေါင်းလိုက်ရင် ၃၀-ဖြစ်လာတယ်၊ နောက်ထပ်တော့ အသစ်မရှိတော့ပါဘူး။ ဒါပြီးတော့ ဥပကာရ ၂-ပါးကို ဆက်ဟောတယ်။

## ဥပကာရ တရား ၂-ပါး

ဥပကာရတရား ၂-ပါးဆိုတာ သတိနဲ့ သမ္ပဇဉ်တဲ့၊ ကျေးဇူးရှိတဲ့တရားလို့ ဆိုလိုတယ်။ ကုသိုလ်ကောင်းမှုပြုရာမှာလည်း၊ ကျေးဇူးများတာပဲ၊ ကုသိုလ်ကောင်းမှု ပြုတယ်ဆိုတာ သတိရလာမှပြုတာပဲ၊ ဒီနေ့တော့ ဥပုသ်နေ့ဖြစ်တယ်၊ ဥပုသ် ဆောက်တည် စောင့်သုံးရမယ် စသည်ဖြင့် သတိရလာတယ်။ ပြီးတော့ အသက်အရွယ်အားဖြင့်လည်း သတိရလာတတ်တယ်၊ ငါဟာအသက်အရွယ် ကြီးရင့်လာပြီ၊ ကုသိုလ်ကောင်းမှုနဲ့မွေလျော်ဖို့ ကုသိုလ်ကောင်းမှုပြုဖို့ သင့်လျော်နေပြီလို့ ကုသိုလ်ကောင်းမှုဖြစ်အောင် ကျေးဇူးပြုပေးတာပဲဖြစ်တယ်၊ ဒါကြောင့် သတိဟာ ဥပကာရတရားလို့ ဆိုရတယ်။

(တတိယအကြိမ်)

# သမ္ပဇဉ်တရား

သမ္ပဇဉ်ဆိုတာက ဆင်ခြင်တဲ့ဉာဏ်ပဲ၊ အဲဒီ သမ္ပဇဉ်ဆိုတာ ၄-ပါးရှိတယ်။

၁။ သာတ္ထက သမ္ပဇဉ်=အကျိုးရှိ မရှိ ဆင်ခြင်ခြင်း။
၂။ သပ္ပါယ သမ္ပဇဉ်=သင့် မသင့် ဆင်ခြင်ခြင်း၊
၃။ ဂေါစရ သမ္ပဇဉ်=ကမ္မဋ္ဌာန်းအာရုံ၌မပြတ် နှလုံးသွင်းခြင်း။
၄။ အသမ္မောဟ သမ္ပဇဉ်=ရှေ့သို့သွားခြင်း စသည်တို့၌ မတွေမဝေ သိခြင်း

သာတ္ထက သမ္ပဇဉ်ဆိုတာ အကျိုးရှိမရှိ ဆင်ခြင်ပြီးမှ ပြုလုပ်ရတယ်၊ အလုပ်တစ်ခုခုကို လုပ်တော့မယ်ဆိုရင် အကျိုးရှိမရှိ ဆင်ခြင်ရဦးမယ်တဲ့၊ အကျိုးရှိမှသာလုပ်ပါတဲ့။ ဒါဟာနေရာတိုင်းမှာ အသုံးကျပါတယ်၊ တရားအားထုတ်ရာမှာသာ မဟုတ်သေးပါဘူး၊ လောကီ လူမှုရေးတွေမှာပဲဖြစ်ဖြစ် ဆင်ခြင်တိုင်းထွာမှု ရှိဖို့ရာဟာလည်း အရေးကြီးပါတယ်။ စကားပဲပြောဦးတော့ ဒီစကားကိုပြောလိုက်လို့ အကျိုးဖြစ်နိုင်ရဲ့လားဆိုတာ ဆင်ခြင်ပြီးမှပြောလို့ အကျိုးရှိရင် ပြောသင့်တယ်၊ အဲဒါဟာ သာတ္ထက သမ္ပဇဉ်ပါပဲ။

သပ္ပါယ သမ္ပဇဉ်ဆိုတာ အကျိုးရှိဦးတော့ လျောက်ပတ် မလျောက်ပတ် ဆင်ခြင်ရဦးမယ်တဲ့၊ သင့်တော်လျောက်ပတ်မှ ရမယ်ပေါ့၊ ဘုရားဖူးသွားတယ် ဆိုပါတော့၊ ဘုရားဖူးသွားရင် ကုသိုလ်ရတဲ့ အကျိုးကျေးဇူးရှိပါတယ်။ ဒါပေမယ့် ယောဂီပုဂ္ဂိုလ်တွေအတွက်ကတော့ မသင့်တော်တာရှိတတ်တယ်။ ဘုရားဌာနမှာ ပွဲတွေလမ်းတွေရှိနေရင်၊ သွားလာဝင်ထွက်နေကြတဲ့ လူတွေရှိနေရင်ပေါ့၊ အဲဒီလိုဆိုရင် အာရုံတွေပြားပြီး သမာဓိပျက်မယ်၊ ရဟန်းတော်တွေဆိုရင် သာပြီးတော့ ဆင်ခြင်သင့်တာပေါ့၊ ဘုရားဖူးသွားကောင်းပါတယ်၊ ဒါပေမယ့် ပွဲလမ်းသဘင်တွေ ဘုရားဌာနမှာ ရှိနေတယ်ဆိုရင် လူတွေက ဒီကိုယ်တော် ပွဲကြည့်လာတယ်လို့ ထင်ကြမှာပဲ၊ ကုသိုလ်ရတယ်ဆိုပေမယ့် သင့်မသင့် ဒီလို ဆင်ခြင်ရသေးတယ်တဲ့၊ ဒါဟာ သပ္ပါယ သမ္ပဇဉ် တဲ့။

(တတိယအကြိမ်)

## ဂေါစရ သမ္မဇဉ်

ဂေါစရ ဆိုတာကတော့ သမထဘာဝနာဆိုရင် သမထအာရုံပဲ၊ ဝိပဿနာဘာဝနာဆိုရင် ဝိပဿနာအာရုံပဲ၊ အဲဒီအာရုံတွေကို ရှုနေတာဟာ ဂေါစရ သမ္မဇဉ်ပါပဲ၊ အခု ဒီမှာ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ မြင်တယ်၊ ကြားတယ် စသည်ဖြင့် ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်အာရုံတွေကို ရှုနေတာဟာ ဂေါစရ သမ္မဇဉ်ပါပဲ။

## အသမ္မောဟ သမ္မဇဉ်

ဒီဂေါစရ သမ္မဇဉ် အားကောင်းလာတဲ့အခါကျတော့ ရုပ်နာမ် အာရုံတွေဟာ အင်မတန် ထင်ရှားလာကြတယ်။ ရုပ်နဲ့နာမ်ကို ပိုင်းပိုင်းခြားခြား သိသိလာတယ်။ ဖောင်းတဲ့အခါမှာ ဖောင်းတာကတခြား၊ မှတ်သိတာကတခြား၊ ပိန်တဲ့အခါမှာလည်း ပိန်တာကတခြား၊ မှတ်သိတာကတခြားလို့ ဒ်လိုခွဲခြားပြီးသိတယ်။ စင်္ကြံသွားရာမှာလည်း ကြွတာကတခြား၊ မှတ်သိတာကတခြား စသည်ဖြင့် မှတ်ရတဲ့အာရုံနဲ့ စိတ်နဲ့ ခွဲခြားပြီးသိနေတယ်၊ အဲဒါဟာ နာမရူပ ပရိစ္ဆေဒဉာဏ်ပဲ၊ ရုပ်နာမ်သဘာဝတွေကို အမှန်အတိုင်းသိရင်တော့ အဲဒါကို အသမ္မောဟ သမ္မဇဉ်လို့ခေါ်တယ်။

အဲဒီ သမ္မဇဉ်လေးပါးနဲ့ပြောခဲ့ပြီး သတိတရားတို့ကို ဥပကာရတရားလို့ မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။ အင်မတန် ကျေးဇူးများတဲ့တရားတွေပါပဲ၊ လောကမှာလည်း သတိတရားဆိုတာ ရှိဖို့လိုတာပဲ၊ သမ္မဇဉ်တရားလည်း လိုတာပဲ၊ တရားအားထုတ်နေကြတဲ့ ယောဂီတွေအနေနဲ့ဆိုတာကတော့ အထူး ပြောစရာမလိုပါဘူး။ ဒီဥပကာရတရား ၂-ပါးရှိဖို့ အင်မတန်လိုပါတယ်။

သတိက အမှတ်ရရာမှာ ဂေါစရသမ္မဇဉ်ကလည်း မှတ်မိတဲ့အာရုံကို ပိုင်းခြားပြီး သိရမှာပဲ၊ အသမ္မောဟသမ္မဇဉ်ဆိုတာကလည်း ရုပ်နာမ် အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို ပိုင်းခြားပြီးတော့သိရမှာပဲ၊ ဒါဟာ ကျေးဇူးများတဲ့ ဥပကာရတရား ၂-ပါးဖြစ်တယ်။ ဒါကြောင့် "သတိ ဟောတိ-သတိလည်းဖြစ်တယ်၊ သမ္မဇဉ် ဟောတိ သမ္မဇဉ်လည်းဖြစ်တယ်" လို့ မြတ်စွာဘုရားက အဘိဓမ္မာတရားတော်မှာ ထည့်ပြီး ဟောကြားတော်မူပါတယ်။ ဒါပေမယ့်လို့ ကုသိုလ်စိတ်တိုင်းမှာကော့ ဒါတွေဟာ ပြး မထင်ရှားပေဘူး။ အကျိုးရှိသလား၊ မရှိဘူးလားလို့

ဆင်ခြင်တဲ့အခါမှာတော့ သမ္ပဇဉ်တရားထင်ရှားပါတယ်။ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်မှာတော့ မှတ်တိုင်းမှတ်တိုင်းမှာ သတိလည်းထင်ရှားတယ်၊ သမ္ပဇဉ်လည်း ထင်ရှားတယ်၊ ဒါကို ဆိုကြဦးစို့-

"သတိ, သမ္ပဇဉ်-ဥပကာရတရား ၂-ပါး"

အဲဒီ ၂-ပါးကလည်း ရှေ့မှာပါခဲ့ပြီးဖြစ်လို့ လက်သည်းကွင်းပြထားတယ်၊ ရှေ့မှာ ဣန္ဒြေကစပြီးပါခဲ့တယ်၊ သတိန္ဒြေတဲ့၊ နောက် မဂ္ဂင်ထဲမှာ သမ္မာသတိတဲ့၊ ဗိုလ်ကျတော့ သတိဗိုလ် တဲ့၊ အဲဒီလို သုံးနေရာမှာပင် ပါဝင်ခဲ့ပါတယ်။ ဒါကြောင့် တရားကိုယ်အသစ် မပါတော့ပါဘူး၊ သမ္ပဇဉ်ဆိုတဲ့ပညာကလည်း ဒီလိုပါပဲ၊ ဣန္ဒြေထဲမှာ ပညိန္ဒြေ၊ မဂ္ဂင်ထဲမှာ သမ္မာဒိဋ္ဌိ၊ ဗိုလ်ထဲမှာ ပညာဗိုလ်၊ မူလထဲမှာ အမောဟ၊ ကမ္မပထထဲမှာ သမ္မာဒိဋ္ဌိ၊ ဒါက ငါးနေရာတောင်မှ ပါခဲ့ပါတယ်။ ဒါကြောင့် ဒီအတွက်လည်းပဲ တရားကိုယ်အသစ် တိုးစရာမရှိတော့ဘူး၊ ၂-ပါးလုံး လက်သည်းကွင်းထားတယ်။

## ယုဂနဒ္ဓတရား ၂-ပါး

နောက်တစ်ခါဟောတာက ယုဂနဒ္ဓတရား ၂-ပါးတဲ့၊ အစုံဖွဲ့သောတရားလို့ ဆိုလိုတယ်၊ "သမထထော ဟောတိ၊ ဝိပဿနာ ဟောတိ" တဲ့၊ သမထဆိုတာ သမာဓိပါပဲ၊ ဝိပဿနာဆိုတာက ဉာဏ်ပညာပါပဲ၊ ကုသိုလ်စိတ်တိုင်းမှာ သမထဆိုတဲ့ ဧကဂ္ဂတာ သမာဓိပါတာချည်းပဲ၊ ဒါပေမယ့် အချို့ကုသိုလ်စိတ်များမှာ တော့ မထင်ရှားလှဘူး။ စူးစူးစိုက်စိုက် အာရုံပြုနေတဲ့အခါများမှသာ ထင်ရှားပါတယ်၊ ဝိပဿနာဆိုတာ ဉာဏ် ပညာပဲ၊ ဒါလည်း ကုသိုလ်စိတ်တိုင်းမှာ ပါဝင်တယ် ဆိုပေမယ့် မထင်ရှားဘူး၊ ဝိပဿနာရှုမှတ်တဲ့အခါများမှာတော့ ထင်ရှားပါတယ်။ ၂-ပါးလုံး ထင်ရှားပါတယ်၊ ရှုမှတ်တဲ့အာရုံတိုင်းမှာပင် ရှုမှတ်တဲ့အာရုံထဲမှာ ကပ်ကပ်ပြီး ပါသွားတာဟာ သမထခေါ်တဲ့ ဧကဂ္ဂတာပါပဲ၊ မှတ်တိုင်း မှတ်တိုင်း မှတ်ရတဲ့အာရုံနဲ့ မှတ်စိတ်ကလေးများဟာ ကပ်ခနဲ ကပ်ခနဲ ကျကျနေတာယ်။ အဲဒါဟာ သမာဓိပဲ၊ ဝိပဿနာဆိုတာကလည်း အဲဒီ မှတ်ရကဲ့အာရုံလေးတွေကို ပိုင်းပိုင်းခြားခြားသိသိသွားတာကိုခေါ်တာပဲ။ အစမှာ ဆိုရင်တော့ သဘောမျှလောက်သာသိသေးတယ်၊ နောက်တော့ ရုပ်နာမ်ကို

ပိုင်းခြားပြီးသိတယ်၊ အဲဒီလိုသိပြီးတဲ့နောက်မှာ အကြောင်းရော အကျိုးပါသိပါတယ်၊ အဲဒီရဲ့နောက်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ အဖြစ်အပျက်တွေကို သိသိလာတယ်၊ ဒါတွေဟာပညာတွေပဲ။

အဲဒီလို ရှုမှတ်တိုင်းမှာပင် သမထဝိပဿနာတွေဟာ ထင်ရှားပါတယ်၊ များသောအားဖြင့် ဝိပဿနာရှုမှတ်နေတဲ့ ပုဂ္ဂိုလ်တွေမှာ အခုဟောခဲ့တဲ့တရားတွေ အားလုံးပင် ထင်ရှားပါဝင်နေကြတာပါပဲ၊ ကိုင်း ဆိုလိုက်ကြပါဦးစို့ . . .

သမထ, ဝိပဿနာ ယုဂနဒ္ဓ ၂-ပါး။

သမထနဲ့ဝိပဿနာအစုံတရားတဲ့, စုံတွဲတရား၊ ကုသိုလ်တရားတွေမှာ ဒီ ၂-ခုတွဲနေမှ၊ အထူးအားဖြင့် ဝိပဿနာမှာ ဒီ ၂-ခုတွဲနေမှ ကောင်းတယ်၊ မဂ်ရောက်လို့ရှိရင် ဒီ ၂-ခုဟာ တစ်စုံလုံး ညီတူညာတူ အင်တိုက်အားတိုက် ပြိုင်တူတက်လာမှ မဂ်တရား အလွယ်တကူဖြစ်တယ်။ ဒါကြောင့် ဒီတရား ၂-ပါးကလည်း အရေးကြီးပါတယ်။

## မှတ်သားဖွယ်

အဲဒီမှာ မှတ်သားစရာလေးရှိတယ်၊ ဒါလေးကိုပြောဦးမှပဲ၊ ဝိသုဒ္ဓိမဂ် မဟာဋီကာ အသုဘခန်းတွင် ဥပဓာရေတဗ္ဗ ဥပပရိက္ခိတဗ္ဗ ဆိုပြီးတော့ ပြထားတယ်။ အသုဘအာရုံကို ဥပဓာရေတဗ္ဗ မှတ်သားရမယ်တဲ့၊ ဥပပရိက္ခိတဗ္ဗ စူးစမ်းရမယ်တဲ့၊ အဲဒါ ၂-ခုကို ဋီကာမှာ ဖွင့်ပြထားပါတယ်၊ သတိက ဥပဓာရဏသဘောရှိတယ်တဲ့၊ မှတ်ခြင်းသဘောရှိတယ်လို့ ဆိုလိုပါတယ်၊ သတိကို ဓာရဏတာလို့ပြထားပြန်ပါတယ်၊ ဒီအဘိဓမ္မာ ဓမ္မသင်္ဂဏီပါဠိတော်မှာ-

ကတမာ တသ္မိံ သတိ ဟောတိတဲ့၊ တသ္မိံ သမယေ၊ ထိုကုသိုလ်စိတ်ဖြစ်သော အချိန်အခါ၌။ ကတမာ၊ အဘယ်သို့သော။ သတိ၊ သတိသည်။ ဟောတိ၊ ဖြစ်ပါသနည်းတဲ့။

ဒီလိုမေးပြီးတော့ သတိကို ဝေဖန်ထားပါတယ်။ အဖြေက-

ယာ သတိ၊ အကြင်အမှတ်ရခြင်းသဘောသည်။ ယာ အနုဿတိ၊ အကြင်တစ်ဖန် အမှတ်ရသောသဘောသည်။ ယာ ပဋိဿတိ၊ အကြင် ရှေးရှု အမှတ်ရသောသဘောသည်။ ယာ ဓာရဏတာ၊ အကြင်

(တတိယအကြိမ်)

ဆောင်တတ် မှတ်တတ်သည်၏အဖြစ်သည်။ ယာ ဥပဓာရဏတာ၊ အကြောင်းကပ်၍ ဆောင်တတ် မှတ်တတ်သည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသဘောသည်။ သမ္မာသတိ၊ သမ္မာသတိ မည်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ သတိ၊ သတိသည်။ ဟောတိ၊ ဖြစ်၏ လို့ဆိုပြီး ဟောပြထားပါတယ်။

အဲဒါ ဝိသုဒ္ဓိမဂ်မဟာဋီကာက ဖွင့်ပြထားတဲ့ အဖွင့်အတိုင်းပါပဲ၊ သတိဆိုတာဟာ အမှတ်ရတဲ့သဘောပဲတဲ့၊ နောက်ဝိပဿနာကိုလည်း သံလက္ခဏာမှတ်ခြင်းသဘော ဆိုပြီး ပါဠိတော်မှာပဲ ပြထားတယ်၊ "ကတမာ တသ္မိံ သမယေ ဝိပဿနာ" တသ္မိံ သမယေ၊ ထိုအခါ၌၊ ကတမာ၊ အဘယ်သို့သော။ ဝိပဿနာ၊ ဝိပဿနာသည်။ ဟောတိ၊ ဖြစ်သနည်းဆိုပြီးတော့ မေးတယ်။ အဖြေက–

ယာ ပညာ၊ အကြင် ပညာသည်။ ယာ ပဇာနနာ၊ အကြင်အပြားအားဖြင့် သိခြင်းသည်၊ ယော ဝိစယော၊ အကြင် စူးစမ်းဆင်ခြင်တတ်သော သဘောသည်။ ယော ပဝိစယော၊ အကြင်အပြားအားဖြင့် စူးစမ်းဆင်ခြင်တတ်သောသဘောသည်။ ယာ သံလက္ခဏာ၊ အကြင် ကောင်းစွာမှတ်ခြင်းသဘောသည်။ ယာ ဥပလက္ခဏာ၊ အကြင်ကပ်၍ မှတ်ခြင်းသဘောသည် စသည်ဖြင့် အရှည်ကြီးဖြေထားပါတယ်၊ ပညာအရာမှာ ပုဒ်တွေ အများကြီးထုတ်ပြထားတယ်။ အဲဒီ ထုတ်ပြထားတဲ့သဘောသည်။ အတ္ထိ၊ ရှိ၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ အယံ ဝိပဿနာ၊ ဤသို့သော ဝိပဿနာသည်။ ဟောတိ ဖြစ်၏။ ဝိပဿနာကိုလည်း သံလက္ခဏာ မှတ်ခြင်းသဘောဆိုပြီး ဟောထားတာရှိပါတယ်။ အဲဒါဟာ မှတ်သားထားရမယ့် အချက်ပါပဲ။

## ဝဂ္ဂဟာနဲ့ အဝိဂတပ

အဆုံးအနေနဲ့ ဟောထားတာကတော့ ပဋ္ဌာန်း အဝိဂတပ ညီမျှစေအပ်တဲ့ တရား ၂–ပါးတဲ့၊ ဒီတရား ၂–ပါးကတော့ ညီမှုဖြစ်တယ်တဲ့၊ တစ်ခုခုက လွန်ကဲနေရင် မဖြစ်ဘူးတဲ့၊ ပဋ္ဌာန်းဆိုတာ ချီးမြှောက်အားပေးတဲ့သဘောပဲ၊ တရားကိုယ်အနေနဲ့ကောက်ရင် ဝီရိယပါပဲ၊ အဲဒါကြောင့် သူ့ကို လက်သည်းကွင်း ပြထားတယ်၊ အထူးမဟုတ်တော့ဘူး၊ အဝိဂတပဆိုတာက ဧကဂ္ဂတာ သမာဓိပဲ၊

(တတိယအကြိမ်)

ပြန့်မလွင့်တဲ့သဘော တဲ့။ ဒါအတွက်လည်း တရားကိုအထူး မဟုတ်တော့ဘူး၊ ရှုကပါခဲ့ပြီးပြီ။

အဲဒီတရား ၂-ပါးဟာ တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်များအတွက် ၁င်မတန် ညီမျှဖို့လိုအပ်ပါတယ်။ တစ်ခါတည်း ဝီရိယတွေ သိပ်များပြီးတော့ ား‌ထုတ်လွန်းနေရင်လည်း စိတ်ပြန့်လွင့်မှုတွေများလာတယ်။ အဲဒီအခါမှ ာ်လို့မကောင်းတော့ဘူး။ တစ်ခါတစ်ခါကျတော့လည်း စိတ်တွေပြန့်လွင့်ပြီးနေတယ်၊ ဒီအခါမှာ သမာဓိမဖြစ်ပြန်ဘူး။ သမာဓိမဖြစ်တော့လည်း မှတ်ရတာ မငြိမ် သက်ဖြစ်ပြီး မကောင်းဘဲဖြစ်လာတော့တယ်။ ဒါကြောင့် ဝီရိယနဲ့ သမာဓိ မျှစေရမယ်တဲ့၊ သမာဓိလွန်ကဲနေပြန်တော့လည်း အာရုံတစ်ခုထဲမှာ စူးစိုက်လွန်းနေ ကာ့ ထိန မိဒ္ဓ ဝင်လာတတ်ပြန်ပါတယ်၊ ဒါကြောင့် ဝီရိယနဲ့ သမာဓိ မျှဖို့လိုတယ်တဲ့၊ သမာဓိအားများနေတဲ့အခါမှာ မှတ်စရာ အာရုံလေးတွေကို ဲ့ပြီးတော့ မှတ်ရတယ်။ ကြောင့်ကြ ဗျာပါဒများနေတဲ့ အခါမှာတော့လည်း ာ်စရာအာရုံကို နည်းနည်းပဲထားရတယ်၊ ဖောင်းတယ်၊ ပိန်တယ်လို့ နည်းနည်းပဲ ားပြီးမှတ်ရတယ်၊ သတိပြုပြီး သမာဓိအားများနေတဲ့အခါ အာရုံကို ချဲ့ချဲ့ပြီးတော့ :များမှတ်ပေး၊ ဝီရိယအားများနေတဲ့အခါမှာ အာရုံကို နည်းနည်းလျှော့ပြီးတော့ ာ်ပေးပါ၊ ကမ္မဋ္ဌာန်းဆရာတွေက ဒါတွေကိုကြည့်ပြီး ပြင်ပေးရတယ်။ ဒီ ၃ ညီမျှမှ တရားက ရှေ့ကိုတက်တယ်၊ မညီမျှရင် တရားက မတိုးတက်ဘူး။

## စောင်းဥဝဓာ

ဘုရားရှင်လက်ထက်တော် အခါတုန်းက သောဏသဋ္ဌေးသားဘဝမှ ရဟန်း ာခဲ့တဲ့ သောဏမထေရ်ဆိုတာရှိတယ်၊ သူက အင်မတန်ချမ်းသာခဲ့တာကလား၊ ၁၀တုန်းက သဋ္ဌေးသားဆိုတော့ ကလေးဘဝကစပြီးတော့ မြေကြီးပေါ်မှာ ျမနင်းဖူးဘူးတဲ့၊ အဲဒါကြောင့် သူ့ခြေဖဝါးတွေဟာ အင်မတန်မှ နူးညံ့နေတယ်၊ ဝါးမှာ မွေးညှင်းလေးတွေတောင် ပေါက်နေတယ်လို့ ဆိုပါတယ်။ နောက်တော့ က မြတ်စွာဘုရားတရားတော်ကို နာကြားရလို့ သာသနာတော်မှာ ဝင်ရောက်ပြီး န်းပြုတဲ့ ပုဂ္ဂိုလ်ထူးတစ်ဦးပါပဲ။

(တတိယအကြိမ်)

သာသနာတော်မှာ ဝင်ရောက်ပြီး ရဟန်းပြုလို့ တရားအားထုတ်တဲ့အခါမှာ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်တော့မယ်ဆိုတာ အင်မတန်ယုံကြည်တဲ့ သဒ္ဓါတရားတွေ ဖြစ်လာတယ်၊ ဒီလို သဒ္ဓါတရားတွေ အားကောင်းလွန်းလို့လည်း လောကချမ်းသာတွေကို အကုန်လုံးစွန့်ပြီး သာသနာတော်မှာ ဝင်ရောက်ရဟန်းပြုခဲ့တယ်၊ အံ့ဩစရာကောင်းတဲ့ ပုဂ္ဂိုလ်ပါပဲ၊ ခုနေအခါမှာတော့ ဒီလိုပုဂ္ဂိုလ်ဟာ ရှားပါးတယ်၊ သာသနာမှာ ဝင်ရောက်ပြီးတော့လည်း ပေါ့ပေါ့ဆဆ မနေဘူးတဲ့၊ သုသာန်သင်္ချိုင်းမှာသွားပြီး တရားအားထုတ်ရင်း စင်္ကြံလျှောက်နေတယ်၊ ဒီလို စင်္ကြံလျှောက်ပြီး တရားအားထုတ်နေရင်း သူ့ခြေထောက်က သွေးတွေ ယိုကျလာတော့သတဲ့၊ ဒီတော့ သူ့ခြေထောက်ဟာ အနာတရဖြစ်သွားခဲ့တယ်၊ ဒီလို အားထုတ်ပေမယ့် တရားက မတိုးတက်တော့ဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ ဝီရိယတွေ လွန်နေလို့တဲ့၊ ပင်လည်းပင်ပန်း တရားကလည်း မတက်တော့ စိတ်ဓာတ်တွေကျဆင်းသွားတယ်တဲ့။

"ငါ့မှာ တရားလည်း မတိုးတက်ဘူး၊ တရားထူး တရားမြတ်ကို ရနိုင်မယ့်ပုဂ္ဂိုလ် မဟုတ်တော့ဘူးနဲ့တူတယ်၊ တရားထူး မရတဲ့အတူတူ လူ့ဘောင်မှာ ပြန်ပြီးလူဝတ်ကြောင်နဲ့ပဲ တတ်နိုင်သမျှ ကုသိုလ်ကောင်းမှုပြုမှာပါပဲ"လို့ အကြံအစည်ဖြစ်လာတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက သူ့အကြံအစည်ကို သိတော်မူလို့ သူ့ဆီ ကြွလာပြီး အကြောင်းခြင်းရာတွေကို မေးမြန်းစစ်ဆေး ပြုပြင်ပေးတော်မူတယ်တဲ့၊ ပြုပြင်ပေးပုံက စောင်းတီးတဲ့ဥပမာပြပြီး ပြုပြင်ပေးတော်မူတယ်။ စောင်းကိုတီးတဲ့ အခါမှာ စောင်းကြိုးတင်းနေရင်လည်း တီးလို့အသံမကောင်း၊ လျော့လွန်းနေရင်လည်း အလိုရှိတဲ့အသံမထွက်လာလို့ မကောင်းဘူး တဲ့၊ မလျော့မတင်း အလယ်အလတ် ညီမျှအောင် ပြုပြင်တီးမှ စောင်းသံဟာ ကောင်းတယ်လို့ ဥပမာပြပြီးတော့ ပြုပြင်ပေးတော်မူပါတယ်။

အရှင်သောဏမှာ ဝီရိယတွေ လွန်ကဲနေပါတယ်၊ ဒါကြောင့် သမာဓိမဖြစ်နိုင်ဘဲ ပျံ့လွင့်နေတယ်၊ ဒါနဲ့ မြတ်စွာဘုရားက ဒီဥပမာပြပြီး ညွှန်ကြားတော်မူပါတယ်၊ မြတ်စွာဘုရား ညွှန်ကြားတော်မူတဲ့အတိုင်း ဝီရိယနဲ့ သမာဓိ ညီမျှအောင် ပြုပြင်ပြီး အားထုတ်လိုက်မှ မကြာမီအတွင်း ရှင်သောဏဟာ ရဟန္တာဖြစ်သွားခဲ့ပါတယ်။

(တတိယအကြိမ်)

အခု အားထုတ်ကြတဲ့ ယောဂီတွေလည်း ဒီလိုပဲ၊ ဝီရိယလွန်ကဲအား ကြီးနေတဲ့အခါမှာ နည်းနည်းပါးပါးလျှော့ပေးရတယ်၊ ဝီရိယကို သိပ်ကြီး အားမစိုက်ရဘဲ မှန်မှန်ရှုမှတ်နေလို့ရှိရင် သက်သာလွယ်ကူပါတယ်။ ပြီးတော့ ထိတယ် သိတယ်လို့ မှတ်နေရင်လည်း လွယ်ကူပါတယ်၊ ဘာမှသိပ်ပြီး ကြောင့်ကြမစိုက်ရတော့ဘူး၊ ဝီရိယနည်းပြီး သမာဓိအား ကောင်းနေပြန်ရင်လည်း ဉာဏ်မဖြစ်ပြန်ဘူး၊ ဒီတော့လည်း အာရုံလေးတွေကို များများပြောင်းပြီး ရှုမှတ်ရပြန်တယ်၊ ဖြန့်နိုင်သမျှဖြန့်ပြီးတော့ ရှုမှတ်ရတယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် စသည်ဖြင့် သင့်တန်အောင်ကြည့်ပြီး မှတ်ရတယ်၊ အဲဒီလိုမှတ်ပြီးသွားရင် ဝီရိယနဲ့ သမာဓိ ညီမျှသွားပြီး တရားတက်တယ်တဲ့။ လိုက်ဆိုကြရမယ်–

ပဂ္ဂဟ, အဝိက္ခေပ–ညီမျှရမည့် တရား ၂–ပါး၊၊

ပဂ္ဂဟ=ကြောင့်ကြစိုက်ခြင်း၊ အားထုတ်ခြင်း၊

အဝိက္ခေပ=မပြန့်လွင့်ခြင်း၊ စိတ်တည်ကြည်ခြင်း၊

ဒီတရား ၂–ပါးဟာ တရားအားထုတ်တဲ့အခါ ညီမျှစေရေးအတွက် အရေး ကြီးပါတယ်။ အခုပြောခဲ့တဲ့နည်းလမ်းအတိုင်း ညီမျှသွားအောင် ဆောင်ရွက်ဖို့ လိုပါတယ်။ အခုထိတောင် ပေါင်းလိုက်လို့ရှိရင် ဘယ်လောက်ရှိသွားပြီလဲ ဆိုတော့ ၅၆–ပါးရှိတယ်တဲ့၊ အရေအတွက်အနေနဲ့ကတော့ ၅၆–ပါးပဲ၊ အဲဒီမှာ တူရာတူရာတွေကို ထပ်ပြီးမပေါင်းတော့ဘဲ တရားကိုယ်မျှ သက်သက်ဆိုရင်တော့ လည်း ဒီလောက်မရှိပါဘူး၊ ပေထားတဲ့စာရွက်ထဲမှာတော့ ဒီ ၅၆–ပါးပဲ ဖြစ်တယ်။

ရှေ့ကစကားကို ဒီမှာလာဆက်ရမယ်၊ “သောမနဿ သဟဂုတ် ဉာဏ သမ္ပယုတ် ကုသိုလ်”တဲ့၊ သောမနဿဆိုတာ ဝမ်းမြောက်ဝမ်းသာဖြစ်တာ၊ ဝမ်းမြောက်ဝမ်းသာဆိုတာ ဝေဒနာပါပဲ၊ ဖဿဝေဒနာဆိုတဲ့ အထဲမှာပါတဲ့ ဝေဒနာပေါ့၊ နောက်ပြီးတော့ ပီတိ သုခလို့ ဆိုရာမှာလည်း သုခရယ်၊ ဣန္ဒြေထဲမှာပါတဲ့ သောမဿိန္ဒြေရယ် အဲဒါတွေဟာ ဝေဒနာပါပဲ၊ အဲဒီ သောမနဿ ဝေဒနာတွေနဲ့တကွ ဖြစ်တဲ့ ဉာဏသမ္ပယုတ်ဉာဏ်နှင့် ယှဉ်တဲ့စိတ်တဲ့၊ ဒီမှာယှဉ်တဲ့ဉာဏ်ဆိုတာဟာလည်း ဣန္ဒြေထဲက ပညိန္ဒြေ၊ မဂ္ဂင်ထဲက သမ္မာဒိဋ္ဌိ၊

ဗိုလ်ထဲက ပညာဗိုလ်၊ မူလသုံးပါးထဲက အမောဟ၊ ကမ္မပထထဲက သမ္မာဒိဋ္ဌိ၊ သတိသမ္ဗောဇ္ဈင်ထဲက သမ္ဗောဇ္ဈင်၊ သမထ, ဝိပဿနာထဲက ဝိပဿနာ အဲဒီတရားတွေ ဟာ ဉာဏ်ပါပဲ။

အဲဒါတွေကို ထုတ်ပြီးတော့ ဟောထားတယ်၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ကုသိုလ်စိတ်ဖြစ်ပုံတဲ့၊ အဲဒီမှာ မတိုက်တွန်းဘဲဖြစ်တဲ့ ကုသိုလ် စိတ်ကိုတော့ အသင်္ခါရိကကုသိုလ်စိတ်လို့ခေါ်တယ်။ တိုက်တွန်းမှုဖြစ်တဲ့ ကုသိုလ်စိတ် ကိုတော့ သသင်္ခါရိကကုသိုလ်စိတ်လို့ခေါ်တယ်။ အဲဒီစိတ် နှစ်ပါးလုံးနဲ့ယှဉ်တဲ့ ယှဉ်ဖက် စေတသိက်တွေဟာ အတူတူတွေပါပဲ၊ မတိုက်တွန်းဘဲဖြစ်တာနဲ့ တိုက်တွန်းမှုဖြစ်တာ ဒီမျှလောက်သာကွာပါတယ်။ ဒါကြောင့် ဒီမှာ ဒီနှစ်ပါးကို တပေါင်းတည်းပြုပြီးတော့ ပြထားတယ်၊ အသင်္ခါရိက သသင်္ခါရိကဖြစ်ခိုက်၌ ပါဝင်သောတရားတို့မှာဆိုပြီးတော့ အခုဟောထားခဲ့တာကုန်ပါပြီ၊ ဤ ၅၆-ပါးပင် ဖြစ်သည်ဆိုပြီး ချုပ်လိုက်ပါတယ်။

## နည်းနည်းပြောရဦးမယ်

သင်္ခါရနဲ့ပတ်သက်ပြီးတော့ နည်းနည်းပြောရဦးမယ်၊ ဒီမှာ တပေါင်းတည်းပြထား ပေမယ်လို့ အကျိုးပေကြတဲ့အခါမှာတော့ မတူပေဘူး။ သူများတိုက်တွန်းမနေရဘဲနဲ့ မိမိ အလိုလိုပြုတဲ့ အသင်္ခါရိကကုသိုလ်စိတ်က အကျိုးပေးတဲ့နေရာမှာ ပိုပြီးတော့ ထက်သန်တယ်၊ သူများကတိုက်တွန်းလို့ စေတနာဖြစ်ပြီးမှ လှူတာမျိုးကျတော့ သသင်္ခါရိက ကုသိုလ်တဲ့၊ ဒါက အကျိုးပေးအသင်္ခါရိက ကုသိုလ်လောက် မထက်သန်ဘူး၊ ဘုရားရှိခိုးမှာလည်း ဒီအတိုင်းပဲ၊ ကိုယ့်ဟာကိုယ် စေတနာ ထက်သန်ပြီး အသင်္ခါရိကဖြစ်တာပဲ၊ သူများတိုက်တွန်းလို့ ရှိခိုးရတာကျတော့ သသင်္ခါရိကကုသိုလ်ဖြစ်တယ်၊ တရားနာရာမှာလည်း ဒီအတိုင်းပဲ၊ ကိုယ့်ဟာကိုယ် စေတနာထက်သန်ပြီးနာရင် အသင်္ခါရိကဖြစ်တယ်၊ သူများတိုက်တွန်းလို့ မလွှဲသာ မကင်းသာလို့ နာရတယ်ဆိုရင် သသင်္ခါရိကကုသိုလ်ဖြစ်တယ်၊ ကုသိုလ်တော့ ကုသိုလ်ချည်းပဲ၊ ဒါပေမယ့်လို့ အကျိုးပေးတဲ့နေရာကျတော့ ထက်သန်ရင် ထက်သန်သလို အကျိုးပေးလည်း ထက်သန်တာပဲ၊ မထက်သန်ရင် မထက်သန်သလို အကျိုးပေးလည်းညံ့တာပဲ။

(တတိယအကြိမ်)

အဲဒီ ကုသိုလ်စိတ်တွေဖြစ်ခိုက်မှာ အမည်ထုတ်၍ မြတ်စွာဘုရား ဟောကြားထားသော တရားတော်တို့မှာ ဤ ၅၆-ပါးဖြစ်သည်တဲ့၊ အဲဒီမှာ လက်သည်းကွင်းထဲ က တရားတွေကိုမနုတ်ဘဲ ရေတွက်ရင် ၅၆-ပါးဖြစ်တယ်၊ သေချာအောင်ပြန်ပြီးတော့ ပေါင်းကြည့်ကြဦးစို့။

ဖဿပဉ္စမက ၅-ပါး၊ ဈာနင် ၅-ပါး၊ ဣန္ဒြေ ၈-ပါး၊ မဂ္ဂင် ၅-ပါး၊ ဗိုလ် ၇-ပါး၊ မူလ ၃-ပါး၊ ကမ္မပထ ၃-ပါး၊ လောကပါလ ၂-ပါး၊ ပဿဒ္ဓိ စသည် ၁၂-ပါး၊ ဥပကာရ ၂-ပါး၊ ယုဂနဒ္ဓ ၂-ပါး၊ ညီမျှရမည့်တရား ၂-ပါး။

အဲဒါတွေကို ပေါင်းလိုက်လို့ရှိရင် "ဆပညာသဓမ္မာ" ၅၆-ပါးသောတရားတွေတဲ့၊ သဘောတူတာတွေကို ထပ်ပြီးမပေါင်းတော့ဘဲဆိုရင်တော့ တရားကိုယ် ၃၀-ရှိတယ်၊ အဲဒါတွေဟာ ကုသိုလ်စိတ်ဖြစ်တဲ့အခါမှာ တပေါင်းတည်းဖြစ်ကြတဲ့ တရားတွေတဲ့၊ မြတ်စွာဘုရားက အဲဒီလိုကို အစိတ်စိတ်ခွဲခြားပြီးတော့ သဗ္ဗညုတဉာဏ်တော်မြတ်ရဲ့ အစွမ်းနဲ့ ဟောကြားတော်မူခဲ့ပါတယ်။ ဒီလို ခွဲခြားနိုင်ဖို့ရာဟာ အင်မတန်မှကိုပဲ မလွယ်ကူတဲ့အလုပ်ပဲ၊ မြတ်စွာဘုရားရှင်တို့သာလျှင်ဖြစ်နိုင်တာ၊ သာမန်ပုဂ္ဂိုလ်တို့ရဲ့အရာ မဟုတ်ဘူး။

## ပတိပူဇိကာ နတ်သမီးဝတ္ထု

၅၆-ပါးသော တရားတွေဖြစ်တယ်ဆိုတာနဲ့စပ်ပြီးတော့ မှတ်သားစရာလေး တစ်ခုရှိတယ်၊ အဲဒါကို ဓမ္မပဒအဋ္ဌကထာမှာထုတ်ပြထားတဲ့ ပတိပူဇိကာဝတ္ထုလေး ပါပဲ၊ ဗဟုသုတအဖြစ် မှတ်သားရအောင်၊ ဒီမှာလည်းပြောရဦးမယ်၊ တာဝတိံသာ နတ်ပြည်မှာ ဖြစ်ခဲ့တဲ့ အကြောင်းအရာ ဝတ္ထုလေးတစ်ခုပါပဲ။

တာဝတိံသာနတ်ပြည်မှာ မာလာဘာရီဆိုတဲ့တန်ခိုးကြီးနတ်သားကြီးတစ်ဦးရှိတယ်၊ အထက်တန်းနတ်သားကြီးလို့ ဆိုရမှာပေါ့၊ နတ်မင်းကြီးတော့လည်း မဟုတ်ပါဘူး၊ အဲဒီနတ်သားကြီးမှာ နတ်သမီးအလုပ်အကျွေးတွေ တစ်ထောင်တောင်ရှိသတဲ့၊ အခြံအရံတွေ အင်မတန်များတာပဲ၊ တစ်နေ့တော့ သူတို့တစ်တွေ ဥယျာဉ်ထဲမှာ သွားကြပြီးတော့ ကပွဲပြုလုပ်ကြတယ်၊ ပျော်ရွှင်ပွဲပေါ့လေ၊ နတ်သမီးငါးရာက ပန်းပင်တွေပေါ်တက်ပြီးတော့ ပန်းခူးကြ ချွေချကြတယ်၊ ကျန်တဲ့ နတ်သမီးငါးရာက

(တတိယအကြိမ်)

တော့ အောက်ကနေပြီးတော့ ကျလာတဲ့ပန်းတွေကို သိကြကုံးကြတယ်ပေါ့၊ ပန်းကုံးတွေပြုလုပ်ပြီးတော့ သူတို့ရဲ့နတ်သားကြီးကို တန်ဆာဆင်ပြင်ပေးကြသတဲ့။ ပျော်ပွဲ ပြိုင်ပွဲအနေနဲ့ နတ်သမီးတွေအချင်းချင်း ပန်းပင်အောက်က ပန်းကောက်တဲ့ နတ်သမီးတွေကလည်း အပြိုင်အဆိုင်ကောက်ကြတယ်၊ ပန်းပင်ပေါ်ကနတ်သမီး တွေကလည်း အပြိုင်အဆိုင်ခူးပြီးချွေချကြတယ်၊ အောက်ကနေပြီး ခူးမယ်ဆိုရင်လည်း နတ်တန်ခိုးနဲ့ပဲ ရနိုင်လောက်ပါတယ်၊ ဒါပေမယ့် ပျော်လိုပါးလိုလို့ တက်ကြ တာဖြစ်မှာပါပဲ၊ နတ်သားကြီးကိုလည်း အပြိုင်အဆိုင် မလှလှအောင် တန်ဆာဆင် ပြင်ပေးကြတယ်။

လူတွေအနေနဲ့ဆိုရင်တော့ ခဏလေးနဲ့ပန်းကုံးတွေ အများကြီးရမှာပဲ၊ ဒါပေမယ့် သူတို့မှာ တေးသီချင်းတွေဆိုလိုက်ကြ၊ ကလိုက်ကြနဲ့ဆိုတော့ မပြီးနိုင်ကြဘူး၊ အကြာကြီးပဲ ပျော်ရွှင်နေကြတယ်၊ အလုပ်ကလည်း ဒီပြင်လုပ်စရာမရှိတော့ တားလေး တအေးအေးနဲ့ ပျော်ချင်တိုင်းပျော်နေကြပုံရပါတယ်၊ လူ့လောကမှာတော့ အလုပ်က အားလပ်ချိန် သိပ်ပြီးရကြတာမဟုတ်ဘူး၊ ပြေးရင်းလွှားရင်းနဲ့ပဲ ပြီးလိုက်ကြရတာပဲ၊ သူတို့လို အားလပ်ကြတာမဟုတ်ဘဲ စားဝတ်နေရေးတွေနဲ့ လူမှုရေးတွေက ရှိနေကြရသေးတာကိုး။

နတ်ပြည်မှာတော့ ဒီလိုအလုပ်တွေက မရှိပါဘူး၊ ဒီတော့ ပျော်ချင်တိုင်းပျော်ပြီး နေနိုင်ကြတာပေါ့၊ ဒီလို ပျော်ပျော်ရွှင်ရွှင် ကခုန်သီဆိုနေကြရင်းမှာပဲ၊ နတ်သမီးလေး တစ်ယောက်ဟာ ပန်းပင်ပေါ်မှာပဲပန်းခူးနေရင်း စုတိပျက်ကြွေ သေလွန်သွားတယ်တဲ့။

နတ်တွေသေတယ်ဆိုတာ လူတွေလို ရောဂါဘယတွေဖြစ်နေတာမဟုတ်ဘူး၊ ဒီလိုပဲ ဖြုတ်ခနဲဆို သေသွားကြတာပဲ၊ အသေမြန်တာလည်း ကြောက်စရာကောင်း တာပဲ၊ ကုသိုလ်ကောင်းမှုလေးကိုမှ နှလုံးသွင်းချိန်ရဖို့ ခဲယဉ်းတယ်၊ နှလုံးသွင်း မကောင်းဘဲ မကောင်းတဲ့ အကုသိုလ်စိတ်နဲ့များ သေသွားရင် အပါယ်ငရဲကို ရောက်သွားနိုင်တယ်၊ အခု နတ်သမီးလေးမှာတော့ ကုသိုလ်စိတ်နဲ့သေသွားတာဖြစ်လို့ တော်ပါသေးရဲ့၊ လူ့ပြည်လောကမှာလာပြီး လူဖြစ်တယ်တဲ့။

## ခင်ပွန်းဟောင်းကိုစွဲနေတယ်

စုတိသွားတဲ့ နတ်သမီးလေးဟာ သာဝတ္ထိပြည်က အမျိုးသမီးတစ်ဦးဝမ်းမှာလာ ပြီးတော့ လူဖြစ်တယ်၊ မွေးဖွားပြီး သိနားလည်တဲ့အရွယ် ရောက်တယ်ဆိုရင်ပဲ

ရှေးကဖြစ်ခဲ့တဲ့ဘဝကို ပြန်ပြီးသတိရသတဲ့၊ တာဝတိံသာမှာ မာလာဘာရီနတ်သား ကြီးနဲ့ ပျော်ပျော်ရွှင်ရွှင် နေခဲ့ရပုံတွေ နတ်စည်းစိမ်တွေ ခံစားစံစားခဲ့ရပုံတွေကို ပြန်ပြီး တအောက်မေ့မေ့ ဖြစ်နေတယ်ပေါ့၊ လူ့ပြည်က အခြေအနေတွေနဲ့ နတ်ပြည်ကအခြေအနေတွေကို နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါ အပုံကြီးကွာခြားနေတာကို တွေ့ရတယ်။ ဒါကြောင့် ရှေးဘဝက သူနေခဲ့ဖူးတဲ့နတ်ပြည်ကို ပြန်ရောက်လိုစိတ်တွေ ဖြစ်နေတယ်။

အဲဒါနဲ့ သိတတ်တဲ့အရွယ်ကစပြီး ကုသိုလ်ကောင်းမှုတွေ ပြုတော့တာပါပဲ၊ ကုသိုလ်ကောင်းမှုကို ပြုတိုင်းပြုတိုင်းလည်း နတ်ပြည်သူ့ခင်ပွန်းထံ ပြန်ဖြစ်ဖို့ဆုတောင်း ဆုတောင်းပြီး ကောင်းမှုတွေကိုပြုသတဲ့၊ အဲဒါတွေကို ဘယ်သူကမှ သင်ပေးနေရတာ မဟုတ်ပါဘူး၊ သူ့ဘာသာသူ ကြားဖူးနားဝ ဗဟုသုတအခြေခံနဲ့ပဲ ကုသိုလ်ကောင်းမှု တွေကို ပြုပြီးတော့ ဒီလိုပဲ ဆုတောင်းနေတာပါပဲ။

## အိမ်ထောင်ပြုတော့လည်း ဒီလိုပဲ

အရွယ်ရောက်လာလို့ ၁၆–နှစ်မြောက်တဲ့အခါမှာ အဲဒီ ကလေးမလေးဟာ အိမ်ထောင်ပြုလိုက်တယ်။ အိမ်ထောင်ကျတယ်ဆိုရင်ပဲ သူ့ခင်ပွန်းအိမ်မှာ လိုက်နေရတော့တယ်။ ဒီတော့လည်း သူဟာ ရှေးကလိုပဲ ကုသိုလ်ကောင်းမှုတွေကို စွမ်းနိုင်သမျှပြုပြီး အရင်ကတောင်းတဲ့ဆုကို ဆက်တောင်းတယ်၊ တစ်ခါတစ်ခါ တော့လည်း ကုသိုလ်ကောင်းမှုတွေကို ထူးထူးခြားခြား ပြုသေးတယ်။

သီဟိုဠ်မှာ (သီရိလင်္ကာမှာ) ရှေးတုန်းက ရဟန်းတော်တွေ ဆွမ်းစားဖို့ရာ ရပ်ထဲ ရွာထဲမှာ ဆွမ်းစားကျောင်းကလေးတွေဆိုတာရှိတယ်၊ ဆွမ်းခံပြီးရင် အဲဒီမှာပဲ ယာဂုတို့ ဆွမ်းတို့ ဘုဉ်းပေးသုံးဆောင်ကြတယ်။ အဲဒီနေရာမှာ သူက သာယာသန့်ရှင်းအောင် အမှိုက်တလင်း လှည်းကျင်းတယ်တဲ့၊ သောက်ရေအိုး တွေကိုလည်း ရေထည့်တယ်၊ ဆွမ်းနဲ့ ဆွမ်းဟင်း စသည်ကိုလည်း လောင်းလှူတယ်၊ အခြားရဟန်းတော်တို့ ဝေယျာဝစ္စတွေကိုလည်း ဆောင်ရွက်တယ်၊ ဒီလိုကောင်းမှုတွေ ကို ပြုတိုင်းပြုတိုင်း သူဆုတောင်းတာကတော့–

"အယ်၊ ဤကောင်းမှုသည်။ သာမိကဿ၊ မာလာဘာရီခင်ပွန်းသည်၏။ သန္တိကေ၊ အထံ၌။ နိဗ္ဗတ္တနတ္ထာယ၊ ဖြစ်ခြင်းအကျိုးငှာ။ ဟောတု၊ ဖြစ်ပါစေသား"တဲ့။

(တတိယအကြိမ်)

ဒီလိုဆုတောင်းတယ်၊ သူပြုတိုင်းပြုတိုင်း ကောင်းးမှုတွေဟာ သူ့ခင်ပွန်းထံ ပြန်ရောက်ဖို့ရာ ဖြစ်ပါစေတဲ့၊ ဒါနဲ့ သူဆုတောင်းတာတွေကို ရဟန်းတော်တွေက သိသိနေတော့ "ဒီ ဒကာမလေးဟာ သူ့ခင်ပွန်းအတွက်ချည်းပဲ ဆုတောင်းတယ်" လို့ဆိုပြီး သူ့နာမည်ကို "ပတိပူဇိကာ" ဆိုတဲ့ အမည်ကို မှည့်ပေးတော်မူလိုက်ကြသတဲ့။ လင်ကို ပူဇော်တယ်၊ လင့်အတွက် ပူဇော်တယ်လို့ ဒီလို အဓိပ္ပါယ်ရပါတယ်။

သူများတွေကတော့ ကုသိုလ်ပြုလို့ရှိရင် နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏လို့ ဆုတောင်းကြတယ်၊ အာသဝေါကင်းမဲ့ရပါလို၏၊ သံသရာဝဋ်ဆင်းရဲမှထွက်မြောက်ရပါလို၏ စသည်ဖြင့် ဆုတောင်းကြတယ်၊ သူကတော့ ဒီလိုမဟုတ်ပါဘူး၊ သူ့ခင်ပွန်းထံကိုပဲ ရောက်ရပါလို၏လို့ ဆုတောင်းတယ်တဲ့။

သဒ္ဓါတရားကလည်းကောင်းတယ်၊ ကုသိုလ်ကောင်းမှုတွေလည်း အများအပြားပြုတယ်၊ သူကိုယ်တိုင် ဒီလိုပြုရုံသာမကသေးဘူး၊ ဒီပြင်လူကတွေက အလုပ်များနေတဲ့ အတွက် ပန်းတို့ ဆွမ်းတို့ လှူစရာရှိနေတာကို မလှူအားရင် သူ့ကိုလှူဒါန်းပေးဖို့ အပ်နှံကြတယ်၊ အဲဒီလိုအခါမှာ သူက ယူသွားပြီး လှူဒါန်းပေးလိုက်သေးတယ်တဲ့၊ "ငါ့လှူဖွယ်လေးကိုလည်း ရဟန်းသံဃာတော်တွေ ကြွလာရင် လှူပေးစမ်းပါ" လို့ဆိုပြီး သူ့ကို အပ်နှံလေ့ရှိကြတယ်၊ သူကတော့ တာဝန်မလေးပါဘူးတဲ့၊ ကုသိုလ်ပြုဖို့ဆိုရင်တော့ သူက သဘောကျနေတာပဲ၊ သူတတ်နိုင်သမျှကိုလည်း လှူလိုက်သေးတယ်၊ အဲဒီလိုနဲ့ တဖြည်းဖြည်း အသက်ကြီးလာလိုက်တာ သားလေးယောက်တောင် ရသွားပြီတဲ့။

## သူ့ဆုတောင်း ပြည့်သွားတယ်

ဒီလိုနဲ့ တစ်နေ့တော့ ရုတ်တရက် ရောဂါရပြီး သားလေးယောက်မိခင်ဟာ ကွယ်လွန်သွားရှာရောတဲ့၊ အသက်အရွယ် ဘယ်လောက်မှာ သေသွားတယ်လို့တော့ အတိအကျမသိရဘူး။ သားလေးယောက်ရသွားပြီးဆိုတော့ အသက်နှစ်ဆယ်ကျော် အစိတ်အတွင်းလောက် ဖြစ်နိုင်ပါတယ်။ ၁၆-နှစ်လောက်က အိမ်ထောင်ကျခဲ့တာဆိုတော့ ဒီလောက်ရှိမှာပါပဲ၊ ဒါပေမယ့်လည်း ဒီလောက်ဟုတ်ချင်မှဟုတ်မှာပါ၊ ဘာကြောင့်လဲဆိုတော့ အဲဒီ ရပြီးသားလေးယောက်ဆိုတာက ဘယ်အသက်

အရွယ်လောက်အရမှာ သူက မွေးမှန်းမသိရပါဘူး၊ အသက် ၄-၅ ဆယ်ကျော်လို့ ဆိုရင်လည်း ဖြစ်နိုင်တာပါပဲ၊ အဲဒါတွေကိုတော့ ထားပါတော့လေ။

သူ သေသွားတဲ့အခါမှာ တာဝတိံသာနတ်ပြည် မာလာဘာရီနတ်သားကြီးထံမှာပဲ နတ်သမီးပြန်ဖြစ်တယ်တဲ့၊ သူ့ဆုတောင်းပြည့်သွားတယ်ပေါ့၊ အဲဒီအချိန်ထိအောင် နတ်ပြည်မှာ သူ့နဲ့အတူပန်းခူးခဲ့တဲ့ နတ်သမီးတွေက ပန်းခူးကြ၊ သီကုံးကြနဲ့ ပျော်ရွှင်နေကြတုန်း ရှိကြသေးတယ်တဲ့၊ လူ့ပြည်မှာဆိုရင် သူတို့တွေဘယ်ရှိတော့မှာလဲ၊ ကြာလှပြီဟာကိုး၊ အနှစ်လေးဆယ်၊ ငါးဆယ် လောက်တောင် ကြာချင်ကြာလောက်နေမှာပါပဲ၊ အဲဒီလောက် ကြာတာတောင် နတ်ပြည်ကနတ်တွေဟာ ပျော်ပွဲရွှင်ပွဲမပြီးကြသေးဘူး၊ ပန်းခူးနေကြတုန်း၊ သီကုံးနေကြတုန်းရှိသေးသတဲ့။

## အရိယာနတ်သားကြီးနဲ့ တူပါတယ်

သူ့ထံ ပြန်ရောက်လာတဲ့နတ်သမီးကို မာလာဘာရီနတ်သားကြီးက မေးတယ်တဲ့၊ ဟဲ့ နင် နံနက်ပိုင်းတုန်းက ဘယ်သွားနေတာတုန်း မမြင်ပါပဲကလားလို့ ဒီလိုမေးတယ်၊ ဒီတော့ သူက အကြောင်းစုံကို ပြန်ပြောပြတယ်၊ သူဟာ နတ်ပြည်ကစုတေပြီး လူ့ပြည်မှာ သွားဖြစ်ခဲ့ရတာတွေ၊ သား ၄-ယောက်ရခဲ့တာတွေ၊ နတ်သားကြီးရဲ့ထံမှာ ပြန်ဖြစ်ဖို့ ကုသိုလ်ကောင်းမှုတွေပြုပြီး ဆုတောင်းခဲ့ရပုံတွေပါ ပြောပြတယ်တဲ့။

ဒီတော့ နတ်သားကြီးက "လူ့ပြည်မှာ လူတို့အသက်တမ်း ဘယ်လောက်ရှိသလဲ" လို့ မေးပြန်တယ်၊ အနှစ်တစ်ရာလောက်သာရှိပါတယ်လို့ သူက ပြောတယ်၊ အင်း လူ့ပြည်က အနှစ်တစ်ရာဆိုတာ သူတို့တာဝတိံသာ နတ်သက်နဲ့ဆိုရင်တော့ တစ်ရက်တာပဲရှိတာကိုး၊ တစ်ရက်တာဆိုတော့ နတ်ပြည်ကနေ ကြည့်လိုက်ရင် လူတို့သက်တမ်းဟာ အင်မတန်တိုနေတာပေါ့။

အဲဒီလို အင်မတန်တိုတောင်းနေတာဖြစ်တော့ နတ်သားကြီးက ပြန်ပြောတယ်၊ "လူတွေဟာ ဒီလောက်တောင်အသက်တိုတောင်းမှတော့ မေ့မေ့လျော့လျော့ နေကြဖို့ အချိန်များ ရှိကြသေးရဲ့လား၊ မနေမနား ကုသိုလ်တွေကိုချည်း ပြုမနေကြဘူးလား" လို့ မေးတယ်၊ ဒီတော့ နတ်သမီးက "ဒီလိုမဟုတ်ပါဘူး၊

လူတွေဟာ သူတို့ကိုယ်သူတို့ မသေကြတော့မလို ထင်နေကြပါတယ်၊ မေ့မေ့လျော့လျော့ နေကြတာကသာ များပါတယ်”လို့ပြောတယ်၊ ဒီလိုကြားနေရတော့ နတ်သားကြီးမှာ သံဝေဂဖြစ်သွားတယ်တဲ့၊ ဒီလောက်အသက်တိုနေကြတဲ့အထဲမှာ မေ့မေ့လျော့လျော့ နေနိုင်ကြပါပေတယ်၊ ဒီလိုသာနေကြရင် သံသရာဝဋ်ဆင်းရဲက ဘယ်မှာလွတ်နိုင်ကြမလဲလို့ သံဝေဂဖြစ်သတဲ့၊ ဒီနတ်သားက အရိယာနတ်သားနဲ့ တူပါတယ်။ ဒါကြောင့် ဒီလိုသံဝေဂတွေကို ဆင်ခြင်သုံးသပ်နိုင်တာ ဖြစ်ပါလိမ့်မယ်။

## ဋီကာဖွင့်ပြတဲ့အတိုင်း မဖြစ်နိုင်ဘူး

အဲဒီဝတ္ထုမှာ ပြောလိုတဲ့မှတ်သားစရာဆိုတာက ပတိပူဇိကာဟာ ကုသိုလ်ကောင်းမှုတွေကို မပြတ်ပြုနေလေတော့ ဓမ္မပဒအဋ္ဌကထာဆရာက ပြောထားတယ်၊ ဘယ်လိုလဲဆိုရင်–

သာ‌ပိ၊ ထိုပတိပူဇိကာ အမျိုးသမီးသည်လည်း။ ဣမိနာ နိယမေန၊ ဤပုံဤနည်းဖြင့်ပင်လျှင်။ အာဂန္တုကံ စ၊ လာသော်လည်းကောင်း၊ ဂမိကံ စ၊ သွားသော်လည်းကောင်း၊ ဧကေသံ ပဒဝါရေ။ တစ်ခုတစ်ခုသော ခြေလှမ်းတိုင်း၌။ ဆပညာသကုလသဓမ္မေ၊ ၅၆ပါးသော ကုသိုလ်တရားတို့ကို။ ပတိ လဗ္ဘတိ၊ ရလေ၏ တဲ့။

ဒီလိုပြောထားတယ်၊ ပတိပူဇိကာ အမျိုးသမီးဟာ ကုသိုလ်ကောင်းမှုတွေကို သူကိုယ်တိုင်လည်းပြုတယ်၊ သူများတွေရဲ့ ကုသိုလ်တွေကိုလည်း ဝေယျာဝစ္စအနေနဲ့ ဆောင်ရွက်ပေးသေးတယ်၊ အဲဒီလိုနည်းဖြင့် ကုသိုလ်တွေပြုတော့ ခြေတစ်လှမ်းတစ်လှမ်း အတွင်းမှာ (၅၆)ပါးသော ကုသိုလ်တွေရတယ်လို့ အဋ္ဌကထာဆရာက ဖွင့်ပြထားတယ်။

အဲဒါကို ဓမ္မပဒဋီကာဆရာကြီးက သူ့စိတ်ကူးနဲ့သူဖွင့်လိုက်တယ်၊ မြန်မာပြည်က ရေးတဲ့ ဋီကာပါပဲ၊ မကြာသေးပါဘူး၊ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်၊ ခြောက်ဆယ် လောက်ပဲ ရှိပါလိမ့်ဦးမယ်၊ အဲဒီတုန်းကဖွင့်ပြခဲ့တာ၊ ၅၆–ပါး ဖြစ်ပုံကို ဖွင့်ပြတာက ဘယ်လိုလဲဆိုတော့ တဝိထိ တဝိထိမှာ ဇောက(၇)ကြိမ် (၇) ကြိမ်ဖြစ်တယ်၊ ကုသိုလ်စိတ်ကလည်း (၈)ပါးရှိတယ်၊ ဒီတော့ (၇)နှစ်ကို (၈)နဲ့မြှောက် (၅၆)ပါး ရှိတယ်လို့ ဖွင့်ပြလိုက်ပါတယ်။

(တတိယအကြိမ်)

အဲဒါဟာ ယုတ္တိမရှိဘူး၊ အဋ္ဌကထာအလိုကျလည်း မရောက်ဘူး၊ ဘာပြုလို့လဲ ဆိုတော့ ဒါက ဖြစ်မှမဖြစ်နိုင်ပဲဘဲ၊ ကုသိုလ်စိတ်(၈)ခုထဲမှာ သောမနဿဉပေက္ခာ ၄-ပါးစီပါနေတယ်၊ သမ္ပယုတ် ဝိပ္ပယုတ်လည်း ၄-ပါးစီပါနေတယ်၊ အသင်္ခါရိက သသင်္ခါရိကလည်း ၄-ပါးစီ ပါနေတယ်၊ အဲဒီလို စိတ်အမျိုးမျိုးပါနေတော့ ခြေတစ်လှမ်းအတွင်းမှာ သောမနဿလည်းဖြစ်တယ်၊ ဉပေက္ခာလည်း ဖြစ်တယ်လို့ ဆိုရာရောက်နေမှာပေါ့၊ ခြေတစ်လှမ်းအတွင်းမှာ ဒီလိုမဖြစ်နိုင်ဘူး၊ သဘာဝတူတဲ့ စိတ်နှစ်မျိုးဟာ တစ်ပြိုင်နက် အစုံအတူတူမဖြစ်နိုင်ဘူး၊ သောမနဿဆိုရင် သောမနဿသာဖြစ်နိုင်တာပဲ၊ ဉပေက္ခာဆိုရင်လည်း ဉပေက္ခာသာဖြစ်နိုင်တယ်၊ သမ္ပယုတ် ဝိပ္ပယုတ်၊ အသင်္ခါရိက သသင်္ခါရိကစိတ်တွေလည်း အတူတူပဲ၊ ဖြစ်ခြင်းဖြစ်ရင် တစ်မျိုးမျိုးသာဖြစ်နိုင်တယ်၊ အစုံအစုံကတော့ ဘယ်နည်းနဲ့မှမဖြစ် နိုင်ဘူး၊ အဲဒါကြောင့် ခုနက လိုက်မြှောက်တဲ့ (၅၆)ပါး ဖြစ်ပုံနည်းကတော့ ယုတ္တိမရှိပါဘူး၊ ဓမ္မပဒဋ္ဌကထာဆရာကြီး ဖွင့်ပြတဲ့အတိုင်း မဖြစ်နိုင်ဘူးလို့ မှတ်ထားကြရမယ်။

အဋ္ဌကထာဆရာကလဲ ဒီလို မြှောက်ပုံမြှောက်နည်းလေးလောက်ကို မရည်ညွှန်း ပါဘူး၊ အခု ဒီ ပါဠိတော်မှာလာတဲ့(၅၆)ပါးသော ကုသိုလ်တွေဖြစ်တာကိုသာ ရည်ညွှန်းတာဖြစ်ကြောင်း မှတ်သားကြဖို့ပါပဲ၊ ဒါဟာ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေ ပိုပြီးတော့ အရေးကြီးတာပေါ့လေ၊ မှတ်သားထားစရာလေးဆိုတာ ဒါပါပဲ။

အခု ၅၆-ပါးသော တရားတွေ ပြည့်စုံသွားပါပြီ၊ တရားကိုယ်အနေနဲ့ကတော့ ၃၀-မျှသာရှိပါတယ်၊ အဲဒီ တရားတွေရဲ့အပြင် ကုသိုလ်စိတ်ဖြစ်တဲ့အခါမှာ ပါဝင်တဲ့ တရားတွေလည်း အထိုက်အလျောက်ရှိသေးတယ်တဲ့၊ အဲဒါတွေကို "ယေ ဝါပနကတရား" အနေနဲ့ ဟောတော်မူထားပါသေးတယ်။

> ယေဝါပန တသ္မိံ သမယေ အညေပိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ၊ ဣမေ ဓမ္မာ ကုသလာ။

ဝါပန၊ တစ်နည်းသော်ကား၊ တသ္မိံ သမယေ၊ ထိုအခါ၌။ အညေပိ၊ တစ်ပါးလည်း ဖြစ်ကုန်သော။ ပဋိစ္စသမုပ္ပန္နာ၊ အကြောင်းအာရုံကိုစွဲ၍ ဖြစ်ကုန်သော။ အရူပိနော၊ စေတသိက်နာမ်ဖြစ်ကုန်သော။ ယေဓမ္မာ၊ အကြင်တရားတို့သည်။

(တတိယအကြိမ်)

အတ္ထိ၊ ရှိကုန်၏။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ တသ္မိံ သမယေ၊ ထိုအခါ၌။ ကုသလော၊ ကုသိုလ်တို့ပင်တည်း။

ပထမ ကုသိုလ်စိတ်ဖြစ်တဲ့ အခါကာလမှာ အခုပြောပြတဲ့ ၅၆-ပါးလည်း ဖြစ်နိုင်တယ်၊ နောက်ပြီးတော့ ယေဝါပနကဆိုတဲ့ တစ်ပါးသော တရားတွေဆိုတာလည်း ရှိသေးတယ်တဲ့၊ အဲဒီ ယေဝါပနက တရားတွေဟာ ဖဿ ပဉ္စမက တရားထဲလည်း ထည့်သွင်းလို့မရ၊ ဈာန် ဂုဏ်စုသည်တွေထဲမှာလည်း ထည့်သွင်းလို့မရတာနဲ့ ချန်ထားတဲ့ တရားတွေပါပဲ၊ အဲဒါတွေကို ယေဝါပနကတရားလို့ နာမည်ပေးထားတယ်၊ အဲဒီတွေက ဘာတွေတုန်းဆိုတော့ အဋ္ဌကထာမှာ ဒီလို ထုတ်ပြထားပါတယ်။

ယေဝါပနကတရားဆိုတာ ဆန္ဒ အဓိမောက္ခ မနသိကာရ တတြမဇ္ဈတ္တတာ၊ အဲဒါ ကုသိုလ်စိတ်ဖြစ်တိုင်း အမြဲယှဉ်တဲ့ တရားလေးပါးတဲ့၊ အကုသိုလ်စိတ်၊ အဟိတ်စိတ်တို့မှာတော့ ဒီတရားတွေဟာ အချို့ပါတယ်၊ အချို့မပါဘူး၊ ဆန္ဒဆိုတာက လိုလားခြင်းသဘော၊ အဓိမောက္ခဆိုတာက ဆုံးဖြတ်ခြင်းသဘော၊ အဲဒါတွေက အချို့စိတ်တွေမှာမယှဉ်ကြဘူး၊ မနသိကာရဆိုတာကတော့ နှလုံးသွင်းခြင်းသဘော၊ အဲဒါကတော့ စိတ်တိုင်းစိတ်တိုင်းမှာ ပါရတယ်၊ တတြမဇ္ဈတ္တတာဆိုတာ လျစ်လျူရှုခြင်းသဘော၊ ဒါကတော့ ကုသိုလ်စိတ်မှာ အမြဲပါတယ်၊ အဗျာကတဖြစ်တဲ့ ဝိပါက်၊ ကြိယာစိတ်တွေမှာ အချို့ပါတယ်၊ အချို့မပါဘူး၊ အကုသိုလ်စိတ်တွေမှာကတော့ လုံးဝကိုမပါဘူး၊ အခု ကုသိုလ် စိတ်မှာတော့ ဒီလေးပါးလုံးက အမြဲယှဉ် အမြဲပါကြတယ်တဲ့။

## သူတို့ပါပုံက ဒီလိုပါတယ်

ကုသိုလ်ပြုတိုင်း ပြုလိုတဲ့ဆန္ဒဆိုတာဟာ ပါတယ်၊ "မဂ် ဖိုလ် နိဗ္ဗာန်ကို ရရပါလို၏။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရပါလို၏" ဆိုတဲ့ ဆုတောင်းတာတွေဟာ ကုသိုလ်ဆန္ဒတွေပဲ၊ လောဘမဟုတ်ဘူး၊ တချို့က အလိုရှိတာမှန်ရင် လောဘချည်းပဲလို့ တစ်သမတ်တည်း မှတ်ထားတတ်ကြတယ်၊ အခုဒီမှာ ကုသိုလ် ပြုချင်တာ၊ ကုသိုလ်ပြုဖို့ အလိုရှိတာ၊ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ချင်တာ

တရားအားထုတ်ချင်တာတွေဟာ လောဘမဟုတ်ဘူး၊ ဆန္ဒသဘောတွေပဲ၊ ကုသိုလ်ပြုရာမှာ ဖြစ်ပေါ်တဲ့ဆန္ဒ၊ အဲဒါကို ကုသလစ္ဆန္ဒလို့ခေါ်တယ်။

အဓိမောက္ခဆိုတာက ရောက်လာတဲ့အာရုံကို ဆုံးဖြတ်တာပဲ၊ မနသိကာရကတော့ နှလုံးသွင်းခြင်းပဲ၊ တတြမဇ္ဈတ္တတာ ဆိုတာက ထိုထိုအရာမှာ ညီမျှစေတဲ့သဘောရှိတာပဲ၊ ယှဉ်ဖော်ယှဉ်ဖက်တရားတွေကို ညီမျှစေတာပေါ့၊ ဒါဟာ ကုသိုလ်စိတ်တိုင်းမှာ ပါတယ်၊ ဒါပေမယ့် သာမန်ကုသိုလ်စိတ်တွေမှာ ဒီတတြမဇ္ဈတ္တတာက မထင်ရှားဘူး၊ စာပေကျမ်းဂန်တတ်သူတွေလည်း ပေါလို့သာပေါနေကြတယ်၊ ဒီတတြမဇ္ဈတ္တတာကို ကိုယ်တိုင်တွေ့ခဲ့တယ်၊ မတွေ့သူတွေဘဲ များကြတယ်၊ တရားအားမထုတ်လို့ရှိရင်တော့ ဒီသဘောကိုမတွေ့ပါဘူး၊ တရားကိုအားထုတ်မှဒီ တတြမဇ္ဈတ္တတာရဲ့ သဘောမှန်ကို တွေ့တာ၊ တတြမဇ္ဈတ္တတာဟာ သမဝါဟိတ လက္ခဏာရှိတယ်တဲ့၊ သဒ္ဓါနဲ့ပညာ တစ်ခုကိုတစ်ခုက မလွန်ရအောင် ဝီရိယနဲ့သမာဓိ တစ်ခုကိုတစ်ခုက မလွန်ရအောင် ညီမျှရေးအတွက် ဒီတတြမဇ္ဈတ္တတာက ဆောင်ရွက်ပေးတယ်တဲ့။

## ဒီလိုဥပမာပြထားတယ်

ဝိပဿနာရှုမှတ်တဲ့ ပုဂ္ဂိုလ်များမှာဆိုရင် ဥဒယဗ္ဗယဉာဏ်တို့၊ သင်္ခါရုပေက္ခာဉာဏ်တို့ရောက်တဲ့အခါမှာ ဒီသဘောက အင်မတန်ထင်ရှားတယ်၊ ကြောင့်ကြမစိုက်ရဘဲနဲ့ အမှတ်အသိလေးတွေဟာ သူ့အရှိန်နဲ့သူ သွားနေကြတယ်။ စာပေကျမ်းဂန်များမှာ ဥပမာပေးထားတယ်၊ အာဇာနည်မြင်းလိမ္မာကတဲ့ ရထားကို မောင်းနှင်ရသလိုပဲတဲ့။

ရှေးတုန်းကတော့ မြင်းရထားပဲရှိတာကို၊ ယခုခေတ်လို မော်တော်ကားတို့ ဘာတို့က ရှိတာမဟုတ်ဘူး၊ ဒါကြောင့် မြင်းရထားနဲ့ ဥပမာပြထားတာပဲ၊ အာဇာနည် မြင်းလိမ္မာတွေဆိုတော့ နှစ်ကောင်က မြင်းရထားမှာ ခြေမှန်သွားနေကြတယ်၊ တစ်ကောင်က တစ်ကောင်ကိုမလွန်ဘဲ ခြေမှန်သွားနေကြတာဖြစ်တော့ မောင်းရတဲ့ရထားထိန်းမှာ ဘာမှကြောင့်ကြမစိုက်ရဘဲနဲ့ အသာလေးစီနင်းလိုက်ပါသွားရုံပဲ၊ အဲဒီဥပမာလိုပဲတဲ့၊ တတြမဇ္ဈတ္တတာရဲ့ သဘောတရားဟာ တစ်ပါးနဲ့ တစ်ပါးကို ညီမျှစေတယ်။

(တတိယအကြိမ်)

အဲဒါကို ဥပေက္ခာသမ္ဗောဇ္ဈင်လို့လည်းခေါ်သေးတယ်၊ အဲဒါပြည့်စုံတဲ့အခါမှာ ကြောင်ကြမကိုက်ရတော့တဲ့ အမှတ်အသိလေးတွေဟာ သူ့အမှတ်နဲ့သူ အညီအညွတ်သွားနေကြတယ်၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေမှာတော့ သူ့ဉာဏ်အဆင့်ရောက်ရင် ဒီသဘောဟာ အင်မတန် ထင်ရှားပါတယ်၊ အမြဲယှဉ်တဲ့စေတသိက်က ၄-ပါးတဲ့၊ ကိုင်းလိုက်ဆိုကြ-

ဆန္ဒ၊ အဓိမောက္ခ၊ မနသိကာရ၊ တတြမဇ္ဈတ္တတာ အမြဲယှဉ် ၄-ပါး။

ပြီးခဲ့တဲ့ ၃၀-ထဲမှာ ဒီလေးပါးထည့်လိုက်ရင် ၃၄-ပါးဖြစ်သွားပြီ၊ စိတ်ကိုနုတ်လိုက်ရင် ၃၃-ပါးပဲ၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာတော့ စိတ်စေတသိက်တွေကို အသီးအသန့် သူ့အပိုင်းနဲ့သူ ပိုင်းပြီးပြထားတယ်၊ စိတ်ရောဆိုရင် ၃၄-ပါး၊ စေတသိက်ချည်းဆိုရင် ၃၃-ပါး၊ ဝိသုဒ္ဓိမဂ်မှာတော့ သင်္ခါရက္ခန္ဓာအနေနဲ့ ရေတွက်ပြီးတော့ ပြထားတယ်၊ အဲဒီမှာ ဝေဒနာနဲ့သညာက္ခန္ဓာ ၂-ပါးကို နုတ်ပြီးတော့ပြထားတယ်၊ ဒါကြောင့် ဒီမှာ ၂-ပါးလျော့နေတယ်၊ သဘောသွားချင်းကတော့ အတူတူပါပဲ၊ မြန်မာပြန် ဝိသုဒ္ဓိမဂ် ကျမ်းစာနဲ့ကိုက်ကြည့်ကြရင်လည်း အတူတူပဲဆိုတာ သတိပြုကြရမယ်။

## ဗြဟ္မဝိဟာရတရား

ဒီလေးပါးအပြင် နောက် ဘာတရားတွေပါသေးသလဲဆိုရင် အပ္ပမညာ ၂-ပါးလည်း ပါသေးတယ်တဲ့၊ ကရုဏာနဲ့ မုဒိတာ သနားစရာကောင်းတဲ့ သတ္တဝါတွေကိုတွေ့ရတဲ့အခါ သနားတာဟာ ကရုဏာပါပဲ၊ ကရုဏာပွားများတဲ့အခါမှာ ဆင်းရဲဒုက္ခရောက်နေတဲ့ သတ္တဝါတွေကို အာရုံပြုပြီးတော့ "ဒုက္ခာမုစ္စန္တု"လို့ နှလုံးသွင်းပွားများရတယ်၊ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေလို့ နှလုံးသွင်းပွားများရင် ကရုဏာဘာဝနာဖြစ်တယ်။

မုဒိတာ ဆိုတာကတော့ သူတစ်ပါးတို့ရဲ့ စည်းစိမ်းချမ်းသာတွေကို အာရုံပြုပြီး ဝမ်းမြောက်ဝမ်းသာဖြစ်တာကို ဆိုလိုပါတယ်။ ကြီးပွားမြဲ ကြီးပွားကြပါစေ၊ ချမ်းသာကြပါစေ၊ မဆုတ်ယုတ် မပျက်စီးကြပါစေနဲ့လို့ နှလုံးသွင်း ပွားများရတယ်၊ "ယထာ လဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု"တဲ့၊ အဲဒါမုဒိတာပွားများပုံပဲ၊ တချို့ ပုဂ္ဂိုလ်တွေကတော့ မုဒိတာမဖြစ်ဘဲ သူများချမ်းသာတာကို ကောင်းစားတာကို

မနာလိုဝန်တိုတတ်ကြတယ်၊ သူများကောင်းစားတာကို မမြင်ချင်၊ မကြားချင်ကြဘူး၊ အဲဒါဟာ ဣဿာပဲ၊ အကုသိုလ်ဖြစ်နေတာပဲ၊ ဒီအကုသိုလ် ဣဿာနဲ့ ပြောင်းပြန်ဟာ မုဒိတာပဲ၊ ဝမ်းမြောက်နိုင်ရမယ်တဲ့၊ ချမ်းသာတာကိုမြင်ရင် ကြားရင်လည်း ကြီးပွားကြပါစေလို့၊ တိုးတက်တာမြင်ရင် ကြားရင်လည်း တိုးတက်ကြပါစေလို့ နှလုံးသွင်းကြရမယ်၊ ဒီကရုဏာနဲ့မုဒိတာဟာ ဗြဟ္မ ဝိဟာရ တရား ပွားတဲ့ အထဲမှာပါတယ်၊ ပွားများနိုင်အောင် အားထုတ်ကြရမယ်။

## ဝိရတီ ၃–ပါး

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတဲ့၊ ဒါကဝိရတီ ၃–ပါးလို့ ခေါ်တယ်။ ဒီ ၃–ပါးကလည်း ရံခါမှသာယှဉ်တယ်၊ ကုသိုလ်စိတ် ဖြစ်တိုင်း မယှဉ်ဘူး၊ ယှဉ်ပြန်တော့လည်းပဲ တစ်ခုစီ တစ်ခုစီခွဲပြီးယှဉ်ကြတယ်၊ ခုနက ကရုဏာ၊ မုဒိတာတို့လဲ အတူတူပဲ၊ အတူတူပြိုင် မယှဉ်ကြဘူး၊ မိစ္ဆာ ဝါစာ၊ မုသာဝါဒမှ ရှောင်ကြဉ်တဲ့အခါကာလမှာ သမ္မာဝါစာဖြစ်တယ်၊ ဒီပြင်အခါမှာ ရှောင်ကြဉ်တဲ့အခါမဖြစ်ဘူး၊ မိစ္ဆာကမ္မန္တများဖြစ်ကြတဲ့ ပါဏာတိပါတကံတို့ အဒိန္နာဒါနတို့ မိစ္ဆာစာရတို့မှ ရှောင်ကြဉ်တဲ့အခါမှသာ သမ္မာကမ္မာန္တဖြစ်တယ်၊ မတရားတဲ့ အသက်မွေးမှုတွေကို ရှောင်ကြဉ်မှသာ သမ္မာအာဇီဝဖြစ်တယ်၊ ဒီပြင်အခါမှာသာဆိုရင် ဒါတွေမဖြစ်ကြဘူး၊ ဘုရားရှိခိုးတဲ့အခါတို့၊ တရားနာနေတဲ့ အခါတို့၊ တရားအားထုတ်နေတဲ့ အခါတို့၊ လှူဒါန်းပေကမ်းဂနေတဲ့အခါတို့မှာဆိုရင် မဖြစ်ကြဘူး၊ ရံခါရံခါမှသာ ဖြစ်ကြတယ်၊ ဖြစ်တဲ့အခါတောင်မှ သီးသန့်စီဖြစ်ကြတယ်၊ ယှဉ်ကြတယ်။

ယေဝါ ပန တသ္မိံ သမယေ အညေပိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ၊ ကုသလာ ဓမ္မာ ကုသလာဆိုပြီးတော့–

ယခင်ထုတ်ပြတဲ့ ၅၆–ပါး အပြင် အကြောင်းကို စွဲမှီပြီးဖြစ်တဲ့ အခြားသော တရားတွေလည်းပဲ အဲဒီအခါကာလမှာ ဖြစ်သေးတယ်တဲ့၊ အဲဒါတွေဟာ ကုသိုလ်တရားတွေပဲဆိုပြီး မြတ်စွာဘုရားက ဟောတော်မူထားပါတယ်၊ အဲဒါတွေကို အဋ္ဌကထာက သရုပ်ထုတ်ပြတယ်။

(တတိယအကြိမ်)

ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ၊ ဒီက ၄-ပါး။
ကရုဏာ, မုဒိတာ ဆိုတဲ့ အပ္ပမညာက ၂-ပါး။
သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဆိုတဲ့ ဝိရတိက ၃-ပါး။

အလုံး(၉) ပါးရှိတယ်၊ ယေဝါပန အရ၊ ဒီ (၉)ပါးတဲ့၊ ရှေးက ၃၀-နဲ့ပေါင်းလိုက်ရင် တရားကိုယ်ပေါင်း ၃၉-ပါးရှိတယ်၊ ကုသိုလ်စိတ်ဖြစ်တဲ့အခါမှာ ၃၉-ပါးသော တရားတွေပါဝင်တယ်တဲ့၊ တစ်ပြိုင်တည်းတော့ မဟုတ်ပေဘူး၊ တစ်ပြိုင်တည်းဆိုရင်တော့ ၃၄-ပါးပဲ ဖြစ်တယ်၊ အဲဒီထဲကမှ ကရုဏာဖြစ်ခိုက်ဆိုရင် ကရုဏာကိုထည့်လိုက် ၃၅-ပါးဖြစ်တယ်၊ မုဒိတာဖြစ်ခိုက်မှာဆိုရင် မုဒိတာထည့်လိုက် ၃၅-ပါးပဲဖြစ်တယ်၊ မုသာဝါဒမှာ ရှောင်ကြဉ်ခိုက် သမ္မာဝါစာကိုထည့် ၃၅-ပါးပဲ၊ မတရားတဲ့ အသက်မွေးမှုမှ ရှောင်ကြဉ်ခိုက် သမ္မာအာဇီဝကို ထည့်လိုက် ၃၅-ပါးပဲ၊ တစ်ပြိုင်တည်း အများဆုံးဆိုရင် အဲဒီ ၃၅-ပါးဖြစ်တယ်၊ အမြဲတမ်းဆိုရင်တော့ ၃၄-ပါးဖြစ်တယ်၊ ကုသိုလ်စိတ်နဲ့အတူ ဖြစ်နိုင်ခွင့်ရှိတဲ့ တရားတွေဆိုရင် အဲဒါ ပြီးသွားပြီ။

## ရူပါဝစရကုသိုလ် ၅-ပါး

ကာမာဝစရကုသိုလ် ၈-ပါး ပြီးတော့ ဒီနေ့ဟောဖို့ရာက ရူပါဝစရကုသိုလ် ၅-ပါးကို ဟောဖို့ပဲ၊ ဒီ ၅-ပါးကလည်း အကျယ်ကြီးပဲ၊ အဘိဓမ္မာဆိုတဲ့အတိုင်း အင်မတန်ကျယ်တယ်၊ ခေါင်းစဉ်တွေကို မှတ်ဖို့ရာတောင်မှ မလွယ်ကူတဲ့တရားပါပဲ၊ ဒါပေမယ့်လည်း ဗဟုသုတရှိရုံ ကြားဖူးရုံလောက်တော့ ဟောရမှာပေါ့၊ ပင်လယ် သမုဒ္ဒရာကြီးများ ကျယ်ဝန်းတယ်ဆိုတာကို ကမ်းခြေကိုသွားကြည့်လိုက်တော့မှ သိရသလိုပါပဲ၊ ကျယ်ဝန်းတာကို အကုန်လုံးမမြင်ရပေမယ့် ကမ်းခြေကို ကြည့်ရုံမြင်ရုံနဲ့ သိပ်ပြီး ကျယ်ဝန်းတယ်ဆိုတာကို မှန်းဆသိကြသလိုပေါ့။

အဘိဓမ္မာဆိုတဲ့တရားအတိုင်း ဝေဖန်ဟောကြားထားလိုက်တာ အင်မပ႑န်ကို ကျယ်ဝန်းပါတယ်။ အဲဒီလို ကျယ်ဝန်းတာတွေကို ကြည့်ပြီးတော့ မြတ်စွာဘုရားရဲ့ ဉာဏ်တော်တွေကို သဒ္ဓါတရားရှေ့ထားပြီး ကြည်ညိုဖို့ရာအတွက် အခု ဟောနေတာပါပဲ၊ ကျင့်ဖို့ရာတော့ ဒီလောက်ပါတာ မဟုတ်ပါဘူး။

ကတမေ ဓမ္မာ ကုသလာတဲ့၊ ကုသလာ၊ ကုသိုလ်မည်ကုန်သော။
ဓမ္မာ၊ တရားတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ဒီလိုမေးထားပါတယ်။

ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာလို့ ခေါင်းစဉ်လေး ၃-ပုဒ် စဉ်ထားပါတယ်၊ အဲဒီအထဲက ကုသလာ ဓမ္မာအရ ကုသိုလ်တရားဆိုတာ ဘာလဲလို့မေးပြီး ကာမာဝစရကုသိုလ်ကို ဖြေပြီးသွားပါပြီ။ အခု ရူပါဝစရ ကုသိုလ်ဆိုတာကို ပြရမယ်၊ ကုသိုလ်က ကာမ, ရူပ, အရူပ, လောကုတ္တရာလို့ ၃-မျိုးရှိတယ်၊ ကာမကုသိုလ်ပြပြီးလို့ အခု ရူပကုသိုလ်ကိုပြရမယ်။

ကတမေ ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ။ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ သဝိတက္ကံသဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပ သမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ။ တသ္မိံ သမယေ ဖဿော ဟောတိ။ ပ။ အဝိက္ခေပေါ ဟောတိ။ ပ။ ဣမေ ဓမ္မာ ကုသလာ။

အဲဒါ ဓမ္မသင်္ဂဏီရတဲ့၊ ၅၆-ပါးသောတရားတွေကို ဒီမှာလည်း အကုန်လုံး ထုတ်ပြတာပါပဲ၊ အကျဉ်းချုပ်ထုတ်ပြတာဖြစ်လို့ ဥဒ္ဒေသတဲ့၊ ဓမ္မုဒ္ဒေသတရားတွေကို အကျဉ်းချုပ် ထုတ်ပြတယ်၊ အဲဒီရဲ့နောက်မှာ အကျယ်ဝေဖန်ပြပါတယ်။

ယသ္မိံ သမယေ၊ အကြင်အခါ၌။ ရူပူပပတ္တိယာ၊ ရူပဘဝ၌ဖြစ်ခြင်း၏။ မဂ္ဂံ၊ အကြောင်းမှန်လမ်းမှန်ဖြစ်သော။ ပဌမံ ဈာနံ၊ ပဌမဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ဝါ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။

ဒီလို တစ်ပိုင်းဖြတ်ပြီး အနက်ပေးမှပဲ၊ ဒီပါဠိတော်မှာက ဝိသေသနအထူးပြုတဲ့ ပုဒ်တွေကများတယ်၊ တစ်လျှောက်ကြီး အနက်ပေးလိုက်ရင် စကားအဆက်အစပ်တွေ ဘယ်ရောက်နေတယ်ဆိုတာ သိဖို့မလွယ်ဘူး၊ ဒါကြောင့် ဒီလို လွယ်လွယ်ပဲ အနက်ကို ဖြတ်ပေးမှုဖြစ်မယ်၊ ရူပဘဝမှာဖြစ်ခြင်းရဲ့အကြောင်းတဲ့၊ မဂ္ဂ ဆိုတာက လမ်းပဲ၊ လမ်းဆိုတာ အလိုရှိရာအရပ်ကို ရောက်စေနိုင်တယ်၊ အဲဒီလိုပဲ ရူပဘဝကိုရောက်စေနိုင်တဲ့ လမ်းကြောင်းတဲ့၊ အဲဒါက ဘာတုန်းဆိုတော့ ပထမဈာန်ကိုဟောနေတယ်၊ ပထမဈာန်ဖြစ်လို့ရှိရင် ရူပဘဝကို ရောက်စေနိုင်တာပဲတဲ့။

ပြီးခဲ့တဲ့ ကာမာဝစရကုသိုလ်မှာကတော့ "ယသ္မိံ သမယေ ကာမာဝစရံကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ" အကြင်အခါကာလမှာ ကာမာဝစရကုသိုလ်စိတ်ဖြစ်တယ်လို့

လွယ်လွယ်လေးပဲပြတယ်၊ ဒီမှာကျတော့ "ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ" စသည်ဖြင့် နုနကဲ့တဲ့ ပါဠိတော်အတိုင်း ရူပါဝစရကုသိုလ်စိတ် ဖြစ်ပုံကို လွယ်လွယ်လေးနဲ့မဟောဘဲ ရူပပထမဈာန်ဖြစ်ခြင်းရဲ့ကြောင်းဖြစ်သော ပထမဈာန်သို့ရောက်နေ၏လို့ အခြံအရံ အဖွဲ့အနွဲ့တွေနဲ့ ဟောတော်မူထားတယ်၊ အဲဒါတင်မကသေးဘူး၊ ဝိသေသနပုဒ်တွေလည်း ပါသေးတယ်၊ ဘယ်လိုလဲ ဆိုရင်တော့-

> "ဝိဝိစ္စေဝ ကာမေဟိ၊ ကိလေသာကာမ, ဝတ္ထုကာမတို့မှ ကင်းဆိတ်၍သာလျှင်။ ဝိဝိစ္စ အကုသလေဟိ၊ အကုသိုလ်တရားတို့မှကင်းဆိတ်၍သာလျှင်။ ပဌမံ ဈာနံ၊ ပထမဈာန်သို့၊ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝါ၊ ပြည့်စုံစေ၍၊ ဝိဟရတိ၊ နေ၏"

ပထမဈာန်ရောက်တဲ့အခါမှာ ကိလေသာကာမ, ဝတ္ထုကာမတို့မှလည်း ကင်းဆိတ်တယ်တဲ့၊ ဝတ္ထုကာမဆိုတာ လိုချင်နှစ်သက်စရာ အာရုံဝတ္ထုတွေကိုခေါ်တယ်၊ ပကတိ ပုဂ္ဂိုလ်တွေကတော့ အဲဒီဝတ္ထုကာမတွေကို သွားပြီးတော့ အာရုံပြုနေတာပဲ၊ ဝတ္ထုကာမတွေမရှိလည်းပဲ အဲဒါတွေကိုအာရုံပြုမှန်းဆပြီးတော့ ခံစားနေတာဟာ တွဲနေတာပါပဲ၊ အဆင်း, အသံ, အနံ့ အတွေ့, အထိဆိုတဲ့ အာရုံ ၅-ပါး ကာမဂုဏ်တရားတွေဟာ ဝတ္ထုကာမတွေပဲ၊ မိန်းမ ယောက်ျားတွေရဲ့ သန္တာန်မှာရှိတဲ့ အဲဒီအာရုံ ၅-ပါး၊ ကာမဂုဏ်တရားတွေကို တစ်သက်လုံးတောင် ခံစားပြီးတော့ နေတာတွေလည်းရှိတယ်၊ စိတ်နဲ့ရောက်ပြီးတော့ စိတ်ကူးခံစားနေတာလည်း ရှိတယ်၊ ကိုယ့်ပတ်ဝန်းကျင်မှာ ကာမဂုဏ်အာရုံတွေ မရှိပေမယ့်လို့ စိတ်ကူးကတော့ အဲဒီ အာရုံတွေရှိရာကို ရောက်နေတတ်တယ်၊ အဲဒါတွေဟာ အကုသိုလ် စိတ်တွေပဲ။

မိမိအနီးအနားမှာ အာရုံဝတ္ထုတွေအနေနဲ့တော့ ထင်ထင်ရှားရှား မရှိဘူး၊ ဒါပေမယ့် အဲဒီ အာရုံဝတ္ထုတွေကို မှန်းဆပြီးတော့ လိုချင်နှစ်သက်ပြီး သာယာတဲ့စိတ်လေးတွေ ဖြစ်နေတယ်၊ အဲဒီစိတ်ကိုတော့ ကိလေသာကာမလို့ ခေါ်တယ်၊ အဲဒီလိုပဲ ကိလေသာကာမ ဝတ္ထုကာမတို့နဲ့သာလျှင် ပကတိပုဂ္ဂိုလ် တွေဟာ အမြဲလိုလိုပဲ နေနေကြတယ်တဲ့။

(တတိယအကြိမ်)

ကုသိုလ်စိတ်လေး ဖြစ်တဲ့အခါလောက်မှာသာ အဲဒီကာမကင်းတယ်၊ ခဏမျှလေး လောက်သာ ကင်းနေကြတာပဲ၊ အခုလို တရားနာယူနေတဲ့အခါမှာ တရားကို အာရုံပြုနေတော့ ကင်းပါတယ်၊ ဒါတောင်မှ တရားနာနေရင်းနဲ့လည်း မဖြစ်တော့ဘူး လို့ မပြောနိုင်ဘူး၊ မတော်မသင့်တာကို သွားပြီးတော့ စိတ်ကူးတာလည်းရှိသေး တယ်၊ ဘုရားရှိခိုးလို့ ဘုရားကို တကယ်အာရုံပြုနေတဲ့အခါများမှာ ဒီကာမနှစ်မျိုးလုံး ကင်းပါတယ်၊ အဲဒီအတွင်းမှာ တစ်ခါတစ်ခါ စိတ်က ဟိုရောက် သည်ရောက်နဲ့ ကာမအာရုံတွေဆီကို စိတ်ကူးကြံစည်တာတွေ ရှိတတ်သေးတယ်၊ ဒါနပြုပေးလှူနေတဲ့ အခါမျိုးမှာ ကုသိုလ်စိတ် သန့်သန့်ရှင်းရှင်း ဖြစ်နေတယ်ဆိုရင်တော့ အဲဒီ ကိလေသာကာမတွေ ကင်းနေပါတယ်၊ ဒီအတွင်းမှာလည်း ရံခါရံခါ ဖြစ်နိုင် သေးတာပဲ။

တချို့ ပုဂ္ဂိုလ်တွေကတော့ တမင်တကာကိုပဲ ကိလေသာတွေ ဖြစ်ဖို့အတွက် ပြုလုပ်နေကြတယ်၊ အလှူအတန်းကြီး ပေးတယ်ဆိုတာတောင်မှ ဒီသဘောလေးတွေ မကင်းကြဘဲ ဖြစ်နေကြသေးတယ်၊ ဘယ်လိုဖြစ်နေကြသလဲဆိုတော့ အတီးအမှုတ် တွေ, ပွဲလမ်းသဘင်တွေ အဲဒါလေးတွေ ပါဦးမှဆိုပြီး အပြိုင်အဆိုင် သူ့ထက်ငါ သာစေချင်တဲ့ သဘောလေးနဲ့ မကင်းကြဘဲဖြစ်နေကြတယ်၊ ဒါတွေ မကင်း ကြလေတော့ လှူဒါန်းကြတာက ကုသိုလ် ရပါရဲ့၊ ဒါပေမယ့် အဲဒီကြားထဲ က အတီးအမှုတ်၊ အဆိုအက ပွဲလမ်းတွေကို အာရုံပြုပြီး သာယာလိုက်မယ် ဆိုရင် ကိလေသာကာမတွေ ဝင်နေတာပဲ၊ အဲဒါ သတိပြုဖို့ကောင်းတယ်။

## ဈာန်အာရုံထဲမှာပဲ ရောက်နေတယ်

အခု ဈာန်စိတ်ဖြစ်နေတဲ့ အခါကာလမှာတော့ အဲဒီကိလေသာကာမ, ဝတ္ထုကာမတွေ အာလုံးကင်းနေကြတယ်တဲ့၊ ကာမအာရုံဆီကို စိတ်မရောက်ဘူး၊ ကာမအာရုံကို သာယာနှစ်သက်တဲ့စိတ်, တောင့်တတဲ့စိတ် မရှိဘူး၊ အဲဒီလို အခါခပ်သိမ်း ကင်းရမှာတဲ့။

ဝိပဿနာရှုမှတ်နေကြတဲ့ ယောဂီတွေမှာလည်း ဒီအတိုင်းပဲ၊ ရှုခါစမှာတော့ ဖောင်းတာ, ပိန်တာ, ထိုင်တာ, ထိတာ မှတ်နေရင်းကိုပင် နှစ်သက်စရာ အာရုံတွေဆီကို စိတ်က မကြာခဏ ရောက်ရောက်နေတတ်ပါတယ်၊ တစ်ခါတစ်ရံ

မမှတ်မိဘဲနဲ့ အကြာကြီးနေတာတောင် ရှိတတ်သေးတယ်၊ ရှုမှတ်မှုအင်အား များလာတော့ စိတ်က ဟိုဟိုဒီဒီ မသွားတော့ဘူး၊ ကမ္မဋ္ဌာန်းအာရုံထဲမှာသာ ကပ်ကနဲ ကပ်ကနဲ ကျကျနေတယ်၊ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာ စသည်ဖြင့် ပေါ်ရာပေါ်ရာ အာရုံကို စူးစူးစိုက်စိုက် ကျရောက်ကျရောက် နေတယ်။

စင်္ကြံလျှောက်တဲ့အခါမှာ ကြွတယ်၊ လှမ်းတယ်လို့ မှတ်နေရင် ကြွတာလေးကို လည်းသိတယ်၊ လှမ်းတာလေးကိုလည်းသိတယ်၊ ချလိုက်တာကိုလည်းသိတယ်၊ အဲဒီ စင်္ကြံလျှောက်ရာမှာလည်း စိတ်ကလေးဟာ တည်နေတယ်၊ တကယ်လို့ ဒီကြားမှာ စိတ်ကူးတစ်ခုခု ဖြစ်ပေါ်လာလို့ရှိရင်လည်းပဲ အဲဒီ စိတ်ကူးကို မှတ်လိုက်နိုင်တယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ် စသည်ဖြင့် အဲဒီလိုလည်းပဲ မှတ်စရာအာရုံနဲ့ မှတ်သိတဲ့စိတ်ဟာ အံကိုက် အံကိုက်ပြီး ကျနေတယ်။

ထမင်းစားတဲ့အခါ သာပြီးတော့ အရေးကြီးပါသေးတယ်၊ ဥပမာ–ထမင်းစားတယ် ဆိုပါတော့၊ ထမင်းပွဲကိုကြည့်တာ မြင်တာတွေက စပြီးတော့မှတ်ရတယ်၊ လက်လှမ်းချင်တာတွေ၊ လှမ်းတာတွေ၊ ဇွန်းကိုင်ချင်တာတွေ၊ ကိုင်တာတွေကို တစ်ခုစီ တစ်ခုစီ မှတ်ရတယ်၊ ပါးစပ်ကိုဖွင့်ချင်တာ၊ ဖွင့်တာ၊ ထမင်းလုတ်ခွံ့တာ၊ မျိုတာ အရသာကို သိတာ စသည်ဖြင့် ထမင်းတစ်လုပ်စားရာမှာ မှတ်စရာတွေ အများကြီးရှိပါတယ်၊ အဲဒါတွေကို မှတ်နိုင်သမျှမှတ်ပြီးတော့ စားသောက်သွား ရတယ်၊ အဲဒီလို အစစအရာရာ မှတ်သိမှုမရှိတဲ့ပုဂ္ဂိုလ်ဆိုရင် ကိလေသာတွေဟာ ဖြစ်နေတယ်၊ အခုပြောခဲ့တဲ့ ကိလေသာကာမ၊ ဝတ္ထုကာမတွေဟာ တိုက်ရိုက် တွေ့နေတာပါပဲ၊ ဝတ္ထုကာမဆိုရာမှာ အစားအသောက်တွေလည်းပါတာပဲ၊ ထမင်း၊ ဟင်း၊ မုန့်တွေ၊ အရသာကောင်းမွန်တာတွေ အားလုံးပါဝင်တယ်၊ အဲဒါတွေကို သာယာနှစ်သက်ပြီးတော့ မြိန်မြိန်ရှက်ရှက်ကြီး စားသောက်နေတဲ့ အခါကာလမှာ ကိလေသာတွေဟာ ဖြစ်နေကြတာပဲ၊ ကောင်းလိုက်တာ ကောင်းလိုက်တာနဲ့ စိတ်ကသာယာပြီးတော့ ကိလေသာကာမတွေနဲ့ ဝတ္ထုကာမတွေဟာ တွဲနေကြ တယ်။

ဝိပဿနာရှုမှတ်နေတဲ့သူက အခုပြောခဲ့တဲ့အတိုင်း ကြည့်တာ၊ မြင်တာ၊ ကိုင်တာ၊ ယူတာ၊ ထမင်းလုတ်ခွံ့တာ၊ ဝါးတာ၊ စားတာ၊ အရသာပေါ်ရင်

အရသာကိုမှတ်သိတာ အဲဒီလို တောက်လျှောက် မှတ်သိနေတော့ ကိလေသာကာမ ဝတ္ထုကာမတွေလည်း ရှိချင်ရှိတတ်ပါတယ်၊ ဒီလိုရှိပေမယ့် အဲဒီမှာ သာယာနှစ်သက်မှုဟာ မဖြစ်ဘူး၊ သာယာနှစ်သက်မှု ကိလေသာကာမတွေဟာ ကင်းနေကြတယ်၊ အဲဒီသဘောမျိုးပါပဲတဲ့၊ ဈာန်ရောက်နေတဲ့ ပုဂ္ဂိုလ်တွေလည်း ဒီလိုပါပဲ၊ ဈာန်အာရုံမှာပဲ ရောက်နေပါတယ်၊ ကိလေသာကာမ၊ ဝတ္ထုကာမတွေကင်းနေတာပဲ၊ ဒါကြောင့်-

> ကာမေဟိ၊ ဝတ္ထုကာမ ကိလေသာကာမတို့မှ။ ကာမေဟိ၊ နှစ်သက်စရာ ဝတ္ထုကာမနှင့် နှစ်သက်မှု ကိလေသာကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်း၍သာလျှင်။ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ။ ဝိဝိစ္စေဝ၊ ကင်း၍ သာလျှင်လို့-

ဆိုခြင်းဖြစ်တယ်၊ အဲဒီမှာ အကုသိုလ်တရားဆိုတာ ဒီဟာတင်ပဲလား ဆိုတော့ မကသေးဘူး၊ ဒီပြင်အကုသိုလ် တရားတွေမှလည်း ကင်းပါသေးတယ်၊ အဲဒါတွေက ဘာတွေလဲဆိုတော့ သာယာနှစ်သက်တဲ့ ကာမစ္ဆန္ဒ, စိတ်ဆိုး စိတ်ပျက်မှုဆိုတဲ့ ဗျာပါဒ, ထိုင်းမှိုင်းပျင်းရိတဲ့ ထိနမိဒ္ဓ, ပျံ့လွင့်မှု, ဥဒ္ဓစ္စ, စိတ်ပူပန်မှုကုက္ကုစ္စ, ယုံမှားမှု၊ ဝိစိကိစ္ဆာ အဲဒီလိုအကုသိုလ် နီဝရဏတွေမှလည်း ကင်းပါသေးတယ်။

ဈာန်စိတ်တွေဖြစ်နေတဲ့ အခါကာလမှာ အဲဒီလိုပဲ အကုသိုလ်တွေကင်းနေကြတယ်၊ အဲဒါကြောင့် ရှေ့ဆက်ပြီး၊ ဝိသေသနပြုထားတာက ဘယ်လိုလဲဆိုတော့-

> ဝိဝေကဇံ၊ နီဝရဏကင်းဆိတ်ခြင်းကြောင့် ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခရှိသော။ ပထမံဈာနံ၊ ပထမဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။

အဲဒီပထမဈာန်မှာ ဝိဝေကကြောင့်ဖြစ်တဲ့ ပီတိ၊ သုခနဲ့တွဲပြီးတော့ဖြစ်တယ်၊ ပီတိ ဆိုတာ ဝမ်းမြောက်ခြင်းပဲ၊ သုခဆိုတာ စိတ်ချမ်းသာခြင်း၊ ရွှင်လန်းခြင်းပဲ၊ ပီတိနဲ့သုခဆိုတာ များသောအားဖြင့် တွဲပြီးတော့ဖြစ်တယ်၊ ပီတိရဲ့သဘောကတော့ အမြဲတမ်း သုခနဲ့ တွဲဖြစ်တယ်၊ သုခကတော့ ပီတိနဲ့မတွဲတဲ့အခါတွေလည်း ရှိတယ်၊ ဒါပေမယ့် ဈာန်စိတ်ချည်းပါပဲ၊ အဲဒီစိတ်ဖြစ်တဲ့အခါမှာ ပီတိသုခလည်း ဖြစ်တယ်၊ သုခနဲ့က စိတ်ချမ်းသာမှု စိတ်ရွှင်လန်းမှုတွေ ဖြစ်တယ်။

(တတိယအကြိမ်)

အဲဒီသဘောတွေဟာ ဝိပဿနာရှုမှတ်နေတဲ့ ယောဂီများမှာဆိုရင် ဥဒယဗ္ဗယ ဉာဏ်ပိုင်းမှာ အမှတ်တွေကောင်းပြီးတော့ ဝမ်းမြောက်ဝမ်းသာ တက်တက်ကြွကြွတွေ ဖြစ်နေတာကို တွေ့ရတယ်၊ အဲဒီအခါမျိုးမှာဆိုရင် ဘယ်လိုကောင်းမှန်း မသိလောက်အောင်ကိုပဲ ကောင်းနေတယ်၊ ဈာန်စိတ်ဖြစ်တဲ့ အခါကာလ ဥဒယဗ္ဗယဉာဏ် ဖြစ်တဲ့အခါနဲ့ တူတယ်လို့၊ ဆိုလိုပါတယ်၊ ပီတိသုခတွေဖြစ်ပုံ ဖြစ်ဟန်ချင်းက တူနေတယ်၊ အဲဒီလို ပီတိသုခတွေဖြစ်တာကို ဘယ်လောက်အထိ ကောင်းသလဲဆိုရင် "အမာနုသီ ရတိ ဟောတိ"လို့ မြတ်စွာဘုရားက ဟောကြားထားပါတယ်၊ အမာနုသီ၊ လူတို့၏ပျော်ရွှင်မှုနှင့် မတူသော။ ရတိ၊ ပျော်ရွှင်မှုသည်။ ဟောတိ၊ ဖြစ်တော့၏ တဲ့။

လောကမှာ ပျော်ရွှင်မှုတွေ အမျိုးမျိုးရှိနေတာပဲ၊ ကာမအာရုံတွေနဲ့လည်း ပျော်ကြတယ်၊ စီးပွားရေးတွေနဲ့လည်း ပျော်ကြတယ်၊ လုပ်ငန်းဆောင်တာတွေနဲ့လည်း ပျော်ကြတယ်၊ သားရေးသမီးရေးတွေနဲ့လည်း ပျော်ကြတယ်၊ အိမ်ထောင်ရေးကိစ္စတွေနဲ့လည်း ပျော်ကြတယ်၊ ပွဲလမ်းသဘင်တွေကို ကြည့်ရှုနားထောင်ပြီးတော့လည်း ပျော်ကြတယ်၊ ကိုယ်အလိုရှိတဲ့ အာရုံတွေနဲ့ ပျော်ကြတာပါပဲ၊ အင်မတန်ကောင်းတယ်၊ ချမ်းသာတယ် ဆိုပြီးတော့ ပျော်နေကြတယ်၊ အဲဒါတွေဟာ ကာမဂုဏ်နဲ့ စပ်ပြီးတော့ ဖြစ်ပေါ်လာတဲ့ ပျော်ရွှင်မှုတွေပါပဲ၊ လူတွေရဲ့ ပျော်ရွှင်မှုဆိုတာ လက်လှမ်းမှီသလောက် ကြည့်လိုက်ရင် ဒါလောက်ပါပဲ။

ဈာန်နဲ့ယှဉ်ပြီးဖြစ်တဲ့ ပျော်ရွှင်မှုကို သာမန်ပုဂ္ဂိုလ်တွေက မရောက်နိုင်ကြ၊ မရနိုင်ကြဘူး၊ ဥဒယဗ္ဗယဉာဏ် ဖြစ်တဲ့အခါကာလမှာတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးတော့ ရောက်နိုင် ရနိုင်တယ်၊ ဝိပဿနာ မရှုမှတ်ကြတဲ့ ပုဂ္ဂိုလ်တွေဆိုရင် အဲဒီချမ်းသာမျိုးကို မရောက်နိုင် မရနိုင်ကြဘူး၊ ရှုမှတ်သူတွေတောင်မှပဲ သမာဓိကောင်းကောင်းမရင့်သေးရင် ဒါတွေကို မတွေ့ရသေးဘူး။

## ပြစ်မှားမိတတ်ကြတယ်

တချို့က ကမ္မဋ္ဌာန်းကျောင်းဟိုလာပြီး အားလုတ်ကြတယ်၊ အားယုတ်ပုံက အဆင်မပြေလို့ရှိရင်လည်း ဖြစ်ပါလိမ့်မယ်၊ သူ့မှာ ဆွေကပ်ပွင်းချက်တစ်ခုခုရှိလို့ရင် လည်း ဖြစ်ပါလိမ့်မယ်၊ အဲဒါ ကမ္မဋ္ဌာန်းကျောင်းက ထွက်သွားသည့်တိုင်အောင်

(တတိယအကြိမ်)

ဒီချမ်းသာမျိုးကို မတွေ့ရဘူး၊ အဲဒီပုဂ္ဂိုလ်တွေ ထွက်သွားတဲ့အခါကျတော့ သဒ္ဓါတရားလည်း မဖြစ်တတ်ဘူး၊ တရားနည်းလမ်းနဲ့ စပ်ပြီးတော့ ကြည်ညိုမှု မဖြစ်တတ်ကြဘူး။

ပီတိ၊ ပါမောဇ္ဇတွေ ဖြစ်သွားကြတဲ့ ပုဂ္ဂိုလ်တွေ၊ကျတော့ တရားနဲ့စပ်ပြီး အများကြီး ကြည်ညိုမှုတွေ ဖြစ်လာကြတယ်၊ အစက တစ်ရက်၊ နှစ်ရက်လောက် အစမ်းသဘောအနေနဲ့ ခဏလောက်လာပြီး အားထုတ်ကြတယ်၊ အဲဒီမှာ သဘောကျပြီး. ဆက်လက်အားထုတ်ကြတယ်၊ ဒီလို တရားပြည့်စုံသွားကြတာလည်း ရှိတယ်၊ တချို့လည်း တစ်လလောက်ကြာတယ်၊ တချို့ နှစ်လလောက်ကြာ တယ်။

တရားမတွေ့တဲ့ ပုဂ္ဂိုလ်ကတော့ ဒီလိုနဲ့ပဲ ကမ္မဋ္ဌာန်းက ထွက်သွားတယ်၊ ဘာမှ ထူးထူးခြားခြား မတွေ့ရတော့ဘူး၊ ဒီတော့ တရားဟောလို့နာရတဲ့အခါမှ ဒါတွေ ဖြစ်တယ်လို့ ဆိုတာဟာ ဟုတ်မှ ဟုတ်ပါ့မလားလို့တောင်မှ ယုံမှားသံသယ ဖြစ်တတ်ကြသေးတယ်၊ သူများက ဟောပြောတော့ "ဟုတ်မယ်မထင်ပါဘူး" လို့တောင် ပြောမှားဆိုမှား ဖြစ်တတ်ကြသေးတယ်၊ အဲဒီပုဂ္ဂိုလ်တွေအတွက် တရားရဲ့ အကျိုးကျေးဇူး မခံစားရဘဲ အပြစ်ပင် ဖြစ်တတ်ကြရသေးတယ်၊ တရားတော်ရဲ့အပေါ်မှာရော ဟောပြောတဲ့ ပုဂ္ဂိုလ်အပေါ်မှာရော ပြစ်မှားမှုတွေ အမျိုးမျိုး ဖြစ်တတ်ကြတယ်၊ စိတ်ထဲက ပြစ်မှားတာလည်းရှိတယ်၊ နှုတ်က ပြစ်မှားတာတွေလည်းရှိတယ်။

တို့လည်း အားထုတ်ဖူးပါတယ်၊ ဘာမှ ထူးထူးထွေထွေမတွေ့ပါဘူး၊ ဒီလို ပြောတတ်ကြတယ်၊ ဒီလိုအတွေ့ဆိုတာက တရားခွင်မှာ ရက်လတွေ အကြာကြီး ရှိနေရုံမျှနဲ့လည်း တွေ့ချင်မှ တွေ့ရတာ၊ သဒ္ဓါတရား ထက်ထက်သန်သန်နဲ့ စိတ်ပါလက်ပါ လုံ့လဝီရိယရှိရှိနဲ့ အားထုတ်ပါမှ တွေ့လာတတ်တဲ့ သဘောတရား တွေပဲ။

ပြီးတော့ မတွေ့ခြင်းရဲ့ အကြောင်းတွေကလည်း ရှိသေးတယ်၊ တရားထူး မရထိုက်တဲ့ ပုဂ္ဂိုလ်တွေဆိုတာလည်း ရှိကြသေးတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေမှာလည်း တရားထူးမတွေ့နိုင်ဘူး၊ မူလက တိဟိတ်ပုဂ္ဂိုလ် မဟုတ်ဘဲ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်နေတဲ့

([illegible])

ပုဂ္ဂိုလ်ဆိုတာလည်း ရှိသေးတယ်၊ အဲဒါလည်း မဖြစ်နိုင်ဘူး၊ နောက်ပြီးတော့ မပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်တွေကို ပြစ်မှားထားတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိသေးတယ် အရိယာပုဂ္ဂိုလ်တွေကို စွပ်စွဲထားမိတာမျိုးလည်း ရှိသေးတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ အားထုတ်လို့မဖြစ်ဘူး၊ အဲဒီပြစ်မှားထားတဲ့ ပုဂ္ဂိုလ်တွေဟာ အပြစ်ကင်းပျောက် အောင်မက တရားအားထုတ်သေမယ့်လို့ တရားထူးကို မတွေ့ရဘူး၊ နည်းလမ်းတကျ အပြစ်မှလွတ်အောင် ပြစ်မှားမိတဲ့ပုဂ္ဂိုလ်တွေကို ကန်တော့ရတယ်၊ အဲဒီတော့မှ ရှေ့ဆက်ပြီး အားထုတ်ရင် တရားထူးတွေ့နိုင်တတ်ပါတယ်။

ရဟန်းတော်များဆိုရင် သီလပြည့်စုံဖို့လိုတယ်၊ သီလပျက်ရင် တရားမတက်ဘူး၊ ဒီလိုအကြောင်းတွေရှိတယ်၊ ဒါကိုလည်း သတိပြုရသေးတယ်၊ တရားအားထုတ် တဲ့အခါ အဖက်ဖက်က ပြည့်စုံရတယ်၊ အဲဒီလို ပြည့်စုံပြီဆိုရင် ဥဒယဗ္ဗယ ဉာဏ်လောက်ရောက်ရင်ကို ပီတိ, ပဿဒ္ဓိတွေ ဖြစ်လာတတ်ပါတယ်၊ ဝမ်းသာစရာ တွေ တွေ့လာတတ်ကြပါတယ်၊ အဲဒီလို ပီတိ, ပဿဒ္ဓိတွေနဲ့ ပျော်မွေ့ရတာဟာ "အမာနုသီ ရတိ" လူတို့၏ ပျော်မွေ့မှုနဲ့ မတူဘူးတဲ့၊ လူတို့၏ ပျော်မွေ့မှုဟာ ဒီပျော်မွေ့မှုကို မမီဘူး၊ နတ်ပြည်က နတ်တွေ ပျော်မွေ့မှုကလည်း မမီပါဘူးတဲ့၊ အင်မတန်မှ ကောင်းမွန် သာလွန်မြင့်မြတ်တဲ့ ပျော်မွေ့မှုတစ်မျိုးပါပဲတဲ့၊ အဲဒီလို ပီတိသုခမျိုးနဲ့ယှဉ်တဲ့ ဈာန်စိတ်တဲ့။

## ဗြဟ္မာ့ပြည်ကို ရောက်နိုင်တယ်

ဒီ ပီတိ, သုခကလည်း ဘာကြောင့်ဖြစ်သလဲဆိုတော့ "ဝိဝေကဇံ၊ ဝိဝေက ကြောင့်ဖြစ်တယ်" တဲ့၊ ဝိဝေကဆိုတာက ကာယဝိဝေက, စိတ္တဝိဝေကလို့ နှစ်မျိုးရှိတယ်၊ ဒီနေရာမှာတော့ စိတ္တဝိဝေကပဲ၊ နီဝရဏတို့မှ ကင်းဆိတ်ခြင်းဆိုတဲ့ စိတ္တဝိဝေကကြောင့် ဖြစ်လာတဲ့ဈာန်၊ အဲဒီဈာန်ဟာ ပီတိ,သုခနဲ့ ပြည့်စုံတယ်၊ ဈာန်အာရုံတွေ ရှုနေရတော့ စိတ်တွေက တခြားကို မသွားဘဲနဲ့ ရှုမှတ်တဲ့အာရုံ ထဲမှာ ကပ်ကနဲ ကပ်ခနဲ တည်နေတယ်၊ ဒီတော့ ပီတိ,သုခတွေ, စိတ်ရွှင်လန်းမှု အားရမှုတွေ၊ ဝမ်းမြောက်ဝမ်းသာမှုတွေ ဖြစ်လာတယ်၊ အဲဒီ ပီတိ,သုခနဲ့ တကွ ဖြစ်တဲ့ "ပဌမံ ဈာနံ၊ ပဌမဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏"တဲ့။

(တတိယအကြိမ်)

အဲဒီ ပဋ္ဌမစျာန်ဟာ ရူပဗြဟ္မာလောကဥ် ဖြစ်ခြင်းရဲ့အကြောင်းတဲ့၊ စျာန်မလျှော မကျဘဲ အဲဒီစျာန်နဲ့သာ သေသွားရင် ဗြဟ္မာပြည်ကို ရောက်တော့တာပါပဲ၊ အဲဒီစျာန်ကို အခြေခံပြီး ဝိပဿနာရှုမှတ်လိုက်လို့ရှိရင်တော့ ဝိပဿနာ ဉာဏ်တွေ အဆင့်ဆင့်တက်ပြီး သောတာပတ္တိမဂ်ဖိုလ် စသည်ဖြစ်နိုင်တယ်၊ အရိယသောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တွေ ဖြစ်နိုင်တယ်ပေါ့၊ ဒီလိုမရှုမှတ်ဘဲ စျာန်သမာဓိရရုံလောက်နဲ့သာ သေသွားတယ်ဆိုရင် ဗြဟ္မာပြည် ရောက်ရုံလောက်ပဲရှိမယ်၊ ဒါကြောင့် "ရူပူပပတ္တိယာ၊ ဗြဟ္မာဘဝ ဖြစ်ခြင်း၏။ မဂ္ဂံ၊ အကြောင်းလမ်းဖြစ်သော။ ပဌမံ ဈာနံ၊ ပဌမစျာန်ကို။ ဘာဝေတိ၊ ပွားများ၏။ ဝိဝိစ္စေဝကာမေဟိ၊ နှစ်သက်စရာအာရုံ-ကာမဝတ္ထု, နှစ်သက်မှု ကာမကိလေသာတို့မှ ကင်းဆိတ်၍သာလျှင်။ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင်။ ဝိဝေကဇံ၊ ဝိဝေကကြောင့်ဖြစ်သော။ ပီတိ သုခံ၊ ပီတိသုခရှိသော။ ပဌမံ ဈာနံ၊ ပဌမစျာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏"လို့ ဟောတော်မူပါတယ်။

## ဒီမှာ အာရုံက ပထဝီကသိုဏ်း

ပဌမစျာန်ကလည်း အာရုံအားဖြင့် ကသိုဏ်းကို အာရုံပြုတဲ့ ပဌမစျာန်လည်း ရှိတယ်၊ အသုဘကိုအာရုံပြုတဲ့ ပဌမစျာန်လည်းရှိတယ်၊ အာနာပါနကို အာရုံပြုတဲ့ ပဌမစျာန်လည်းရှိတယ်၊ မေတ္တာစသည်ဖြင့် သတ္တဝါတွေကို အာရုံပြုတဲ့ ပဌမစျာန် လည်းရှိတယ်၊ အဲဒီ စျာန်ထဲက ဘာစျာန်တုန်းဆိုတော့ ကသိုဏ်းကိုအာရုံပြုတဲ့ ကသိုဏ်းစျာန်တဲ့၊ ကသိုဏ်းစျာန်ကို စပြီးတော့ မြတ်စွာဘုရားကဟောကြားပါတယ်၊ "ပထဝီကသိဏံ၊ ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ ပဌမံ ဈာနံ၊ ပဌမစျာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏"တဲ့။ ပထဝီကသိုဏ်းကို အာရုံပြုပြီးဖြစ်တဲ့စျာန်လို့ ဆိုလိုပါတယ်။

အဲဒီစျာန်ကို အလိုရှိရင် ဒီအဘိဓမ္မာထဲမှာတော့ အားထုတ်ပုံမပါပါဘူး၊ သုတ္တန်တရားတော်တွေထဲမှာ အသင့်အတင့်ပါပြီး ဝိသုဒ္ဓိမဂ်မှာတော့ ကျကျနန အပြည့်အစုံပါပါတယ်၊ အဲဒီ စျာန်တွေရအောင် အားထုတ်ပုံတွေဟာ ဝိသုဒ္ဓိမဂ်

ပဌမတွဲ ပထဝီကသိုဏ်း အကျယ်သွန်ပြချက်ဆိုတဲ့ နေရာမှာ ပါပါတယ်၊ အခု ဒီမှာတော့ အကျဉ်းချုပ်ပဲ ပြောရမယ်။

ပထဝီကသိုဏ်းဆိုတာ မြေကသိုဏ်းပါပဲ၊ အဲဒီ မြေကသိုဏ်းကိုကြည့်ပြီး ရှုရုံနဲ့ ဈာန်ရတဲ့ ပုဂ္ဂိုလ်တွေလည်းရှိတယ်၊ ရှေးရှေးဘဝတွေက ပထဝီကသိုဏ်း ဈာန်တွေကို အလေ့အလာရတဲ့ ပုဂ္ဂိုလ်တွေ, ဘဝမခြားဘဲနဲ့ အနီးကပ်ဘဝတုန်းက ဈာန်တွေရလာခဲ့လို့ နိုင်နင်းနေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်နေကြတယ် ဆိုရင်တော့ မေ့နေတဲ့ လူနာမည်တို့ မေ့နေတဲ့ စာတို့ကို စဉ်းစားလိုက်တဲ့အခါ ပေါ်လာသလိုပဲ၊ ပကတိမြေကြီးကိုကြည့်ပြီး ပထဝီ ပထဝီလို့ ပါဠိလိုပဲဖြစ်ဖြစ်, မြေမြေလို့ မြန်မာလိုပဲဖြစ်ဖြစ် ရှုလိုက်ရုံနဲ့ နီဝရဏတွေ ကင်းပြီးတော့ ဈာန်စိတ်ဖြစ်တယ်၊ အဲဒီ ဖြစ်လာတဲ့ဈာန်စိတ်ဟာ "သဝိတက္ကံ သဝိစာရံ၊ ဝိတက်, ဝိစာရနဲ့တကွ ဖြစ်လာတယ်"တဲ့၊ အာရုံပေါ်အောင်လို့ ကြံစီမှုလေးလည်းရှိတယ်၊ နောက်ရရှိပြီးတဲ့ အာရုံတွေကို ထပ်ခါထပ်ခါ သုံးသပ်ဆင်ခြင်တဲ့သဘောလေးလည်း ပါတယ်တဲ့။

တရားဆိုတာ ဒီလိုပဲ၊ ရခါစ ဖြစ်ခါစတို့မှာ အာရုံပေါ်အောင်ကြံစည်ရတယ်၊ အာရုံကို ညီညွတ်ပြီးတော့ ကြံစည်မှုပဲ ပေါ်လာတယ်၊ အဲဒီလို ကြံစည်တာဟာ ဝိတက်ပါပဲ၊ ထပ်ခါထပ်ခါ နှလုံးသွင်းဆင်ခြင်တဲ့ သဘောလေးလည်းရှိတယ်၊ အဲဒါကို ဝိစာရလို့ ခေါ်တယ်၊ ကြံစည်တာက ဝိတက်, သုံးသပ်ဆင်ခြင်တာက ဝိစာရ, ဝမ်းမြောက်တာက ပီတိ, ချမ်းသာတာက သုခ, တည်ကြည်ငြိမ် သက်တာက ဧကဂ္ဂတာ ဆိုတဲ့သမာဓိ၊ အဲဒါ အားလုံးဟာ ဈာန်အင်္ဂါ ၅–ပါးတဲ့၊ အဲဒီ ဈာန်အင်္ဂါ ၅–ပါးပေါင်းဖြစ်တဲ့ ဈာန်ဟာ ပဌမဈာန်တဲ့၊ အဲဒီပဌမဈာန်သို့ ရောက်နေပြီလို့ ဆိုပါတယ်။

## မလ္လကမထေရ်ကြီးဝတ္ထု

မလ္လကမထေရ်ကြီးဆိုတာ ရှေးကရှိဖူးတယ်၊ မြတ်စွာဘုရားလက်ထက်တော် ကပါပဲ၊ အဲဒီမထေရ်မြတ်ကြီးဟာ ထွန်ယက်ထားတဲ့ မြေကွက်နားကို ရောက် သွားတယ်၊ ထွန်ယက်ထားတဲ့မြေဆိုတော့ မြက်တွေ သစ်ပင်လေးတွေ ဖုံးမနေဘူး၊ မြေသားတွေ ပေါ်နေတယ်၊ အဲဒီမြေသားတွေပေါ်နေတဲ့မြေကွက်ကြီးတစ်ကွက်လုံးကို နှလုံးသွင်းပြီး အဲဒီမထေရ်ကြီးက ရှုလိုက်တယ်၊ ဒီတော့ အဲဒီ မြေကွက်ကြီး

ခလောက် ကသိုဏ်ဝန်းနိမိတ်ကြီး ထင်လာတယ်၊ ဒီကသိုဏ်းဝန်းနိမိတ်ကြီးကို ရှုရင်းနဲ့ပဲ သူ့မှာ ဈာန်ရလာတယ်၊ အဲဒီဈာန်ကိုဆက်ပြီး ဝိပဿနာရှုလိုက်တော့ ရဟန္တာဖြစ်သွားသတဲ့၊ ရှေးကအလေ့အကျင့်များခဲ့တဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ ဒီလိုပဲ ပကတိ မြေကိုရှုရုံနဲ့လည်း ဈာန်ရနိုင်ပါတယ်တဲ့။

## တသိုဏ်းဝန်းလုပ်ရတယ်

ရှေးက အလေ့အလာနည်းတဲ့ ပုဂ္ဂိုလ်တွေအတွက်ဆိုရင်တော့ ကသိုဏ်းဝန်းပြုပြီး ရှုရတယ်၊ "ဝိဒတ္ထိ စတုရင်္ဂုလ" ဆိုတဲ့အတိုင်း တစ်ထွာနဲ့ လက်လေးသစ် (တစ်ပေခန့်) အဝိုင်းလေးလုပ်ရတယ်၊ ရွှေ့ပြောင်းနိုင်တဲ့ အဝိုင်းလည်း ပြုလုပ်နိုင်တယ်၊ မရွှေ့ပြောင်းရတဲ့ အဝိုင်းကိုလည်း လုပ်လို့ရတယ်၊ ရွှေ့ပြောင်းနိုင်တဲ့ အဝိုင်းဆိုလို့ရှိရင် အဝတ်အထည်တို့၊ သားရေတို့အပေါ်မှာ မြေနဲ့ကပ်ပြီးတော့ ဘေးပတ်လည်က အသားဘောင်လေး ဘာလေးနဲ့တားပေါ့၊ အပေါ်မှာမြေနဲ့ အဲဒီလိုပြုလုပ်ရတယ်၊ မရွှေ့နိုင်တဲ့ အဝိုင်းဆိုရင်တော့ တစ်နေရာရာမှာ ကြည့်လို့ရှုလို့ရအောင် တုတ်စိုက်ပြီး ရွံ့နဲ့သုတ်ရတယ်၊ မြေမျက်နှာပြင် အဝိုင်းကလေးဖြစ်အောင် လုပ်ဖို့ပဲ၊ မြေမျက်နှာပြင်က ဘေးမှာကျယ်ချင်လည်း ကျယ်နေတတ်တယ်၊ ပကတိ မြေအရောင်မဟုတ်ဘဲနဲ့ အခြားအမည်းရောင်ပဲ ဖြစ်ဖြစ်, တခြားအရောင်ပဲဖြစ်ဖြစ် ဘေးကကန့်သတ်ပြီး အဝိုင်းလေးပြုလုပ်ရမယ်တဲ့။

အဲဒီမှာလည်း ပကတိမြေသားဟာ တခြားအရောင်အဆင်းနဲ့ မရောနှောစေရဘူး၊ တခြားအညိုရောင်, အမည်းရောင်တွေနဲ့ ရောနှောသွားရင် နီလကသိုဏ်း ဖြစ်သွားမယ်၊ အဝါရောင်နဲ့ရောရင်လည်း ပီတကသိုဏ်းဖြစ်သွားမယ်၊ အနီရောင်နဲ့ ရောရင် လောဟိတကသိုဏ်းဖြစ်သွားမယ်၊ အဖြူရောင်တွေနဲ့ရောရင် ဩဒါတ ကသိုဏ်းဖြစ်သွားမယ်၊ အဲဒီတော့ အညို, အဝါ, အနီ, အဖြူ ဆိုတဲ့ အရောင်အဆင်းတွေနဲ့ မရောစေရဘူးတဲ့၊ မြေကြီးရဲ့ ပထဝီသဘာဝအတိုင်း မြေရောင်ဖြစ်စေရမယ်တဲ့၊ အရုဏ်တက်လာကာစ အရောင်လေးလို ဖြစ်ရမှာတဲ့၊ နံနက် အရုဏ်တက်လာတဲ့ အခါကာလမှာ စဉ်းငယ် နီသယောင်ယောင်ပေါ့၊ အနီလည်းမဟုတ်ဘူး။

(တတိယအကြိမ်)

ယခုပြုလုပ်ထားတဲ့ အရဏ်တက်ဇယားတွေမှာ နေမထွက်ခင် တစ်နာ ဆိုပြီးတော့ အရဏ်တက်ဇယား လုပ်ထားကြတယ်၊ တစ်နာရီအလိုလောက်နဲ့တေ အရဏ်ရောင် မထင်ရှားသေးဘူး၊ အိန္ဒိယကျမ်းအားဖြင့်တော့ နေမထွက် ၄၈–မိနစ်မှာ အရဏ်တက်ကြောင်း ပြထားပါတယ်၊ သာပြီးထင်ရှားတာကတေ နေမထွက်ခင် မိနစ်လေးဆယ်လောက်မှာ ဒီအရောင်မျိုးကိုတွေ့ရတာ သာပြ ထင်ရှားပါတယ်၊ အဲဒီအခါမှာ အရောင်ကတော့ နေရောင်ခြည်ပါပဲ၊ နေထွက်ခါ ကျပြန်တော့လည်း နီလွန်းနေတယ်၊ အဲဒီလောက်လည်း နီလို့မဖြစ်ဘူး၊ တော်တော်ပို အရဏ်တက်လာခါစ အရောင်လေးမျိုးတဲ့၊ "ကိဉ္စိရတ္တော" စဉ်းငယ်အနီရောင် ဆိုတယ်၊ တကယ်အနီကြီးမဟုတ်ဘူး၊ အနီရောင်လေး နည်းနည်းပါရုံလောက်ဖ အဲဒါအရဏ်အရောင်ပဲ၊ အဲဒီလို အရဏ်ရောင်အဆင်းရှိတဲ့ မြေမျက်နှာပြင်ဖေ ပြုလုပ်ရမယ်တဲ့၊ အဲဒါဟာ လုပ်ရမယ့် မြေဝန်း၊ ပထဝီကသိုဏ်းဝန်းပါပဲ

လက်လေးသစ်လောက်မြင့်တဲ့ ခုံလေးနဲ့ထိုင်ပြီး ရှုလို့ကောင်းလောက်ရုံပြုလ ထားရမယ်၊ ကသိုဏ်းဝန်းကိုလည်း အတော်မြင့်တဲ့နေရာမှာတင်ပြီး အဝိုင်းဖေ လုပ်ထားရမယ်၊ ပြီးတော့ နှစ်တောင့်ထွာလောက် ဝေးတဲ့နေရာကနေပြီးဝေ ကြည့်ရမယ်တဲ့၊ သိပ်ပြီးတော့ ကပ်ကြည့်ရင်လည်း မကောင်းဘူး၊ ဝေးလွန်းရင်လ မှုန်နေမှာဖြစ်လို့ မကောင်းဘူးတဲ့၊ ဒါကြောင့် နှစ်တောင့်ထွာလောက် ကြည့်မှ အနေတော်တယ်၊ "အမှ တေယ ပမာဏံ" နှစ်တောင့်ထွာလော ပမာဏရှိတဲ့ နေရာမှနေပြီးကြည့်ရမယ်လို့ ညွှန်ပြထားတယ်၊ မျက်စိကိုလ သိပ်ပြီးမဖွင့်ရဘူး၊ သိပ်ဖွင့်တော့ ထင်လွန်းအားကြီးတယ်၊ သိပ်ပြီးတော့လ မျက်စိကို မမှေးရဘူး၊ မှေးလွန်းရင်လည်း မပီမသဘဲ ဖြစ်နေတတ်တယ်၊ မဖွင့်လွန်း၊ မမှေးလွန်းတဲ့ အနေတော်မျက်စိနဲ့ ကြည့်နေကျ မျက်စိမျိုးအတ ကြည့်ရမယ်လို့ ဆိုလိုတယ်၊ မှန်ထဲတွင် ကိုယ့်အရိပ်ကိုကြည့်တဲ့အခါ သိပ်မဖွင့်ရ မမှေးလွန်းတဲ့ အကြည့်မျိုးနဲ့ ကြည့်သလို ကြည့်ဖို့ပါပဲ။

## ရှုတော့ ဒီလိုရှုရတယ်

အဆိုပါအတိုင်း ကသိုဏ်းဝန်းပရိကမ်အားလုံး ပြင်ဆင်ပြီးတဲ့အခါ "ပ ပထဝီ"လို့ နှလုံးသွင်းရမယ်၊ ဗမာလိုမြေ၊ မြေနဲ့ နှလုံးသွင်းရင်လည်းရပါတ

ဒီပြင်ဘာသာတွေနဲ့လည်း ကိုယ့်ဘာသာအလိုက် နှလုံးသွင်းနိုင်ပါတယ်၊ လိုရင်းကတော့ စိတ်လေးက ကသိုဏ်းဝန်းပေါ်မှာ တည်နေဖို့ပါပဲ၊ ဒီလိုရှုဖန်များလာတဲ့အခါကျတော့ သမာဓိရလာတယ်၊ သမာဓိမရသေးခင်တော့ ရောက်လိုရာရောက်နေတဲ့စိတ်တွေ ဖြစ်နေဦးမှာပဲ၊ ဖောင်းတာ, ပိန်တာကို ရှုမှတ်ရသလိုပေါ့၊ စိတ်က သမာဓိမရခင်တော့ မတည်ငြိမ်ဘူး။

ဘုန်းကြီးတို့ တရားအားထုတ်တုန်းကဆိုရင် ပထမတစ်လလောက်တော့ ဆွမ်းခံသွားရသေးတယ်၊ နောက်တစ်လလောက်ကျတော့မှ သက်ဆိုင်ရာ ဒကာဒကာမတွေက ဆွမ်းကပ်ကြလို့ ဆွမ်းခံမသွားရတော့ပါဘူး၊ ပထမတစ်လအတွင်းကဆိုရင် ဆွမ်းခံသွားရင်းနဲ့ ဆွမ်းခံပြန်လာတဲ့အခါမှာ မြို့ကထွက်ပြီး ပြန်လာတော့ ဒီလိုပဲ ဘယ်လှမ်းတယ်, ညာလှမ်းတယ်,ကြွတယ်, လှမ်းတယ်၊ ချတယ်လို့ တဖြည်းဖြည်းချင်း သွားနေခဲ့တယ်၊ ဒီလိုမှတ်ပြီးသွားနေတဲ့အထဲက တခြားကို စိတ်က ထွက်ထွက်သွားသေးတယ်၊ တစ်ခါတစ်ခါ စိတ်ကူးတွေနဲ့ သွားနေလိုက်တာ ခြေလှမ်းတွေတောင်မှ တော်တော်များနေပြီထင်ပါရဲ့၊ ပြီးတော့မှ အောင်မယ် စိတ်တွေ ဟိုရောက်,ဒီရောက် ရောက်နေပါပေါ့ကလားလို့ ပြန်ပြီးသတိရတော့တယ်၊ ဒီတော့မှ ပြန်ပြီးမှတ်ရတယ်။

အခု ပထဝီ–ပထဝီလို့ရှုနေရာမှာလည်း အဲဒီကနေပြီး စိတ်ကူးတွေ တခြားကို ထွက်ထွက်သွားတတ်သေးတာပဲ၊ ထွက်သွားတာကို သတိပြန်ရတဲ့အခါ ဒီပထဝီကသိုဏ်းကိုပဲ ပထဝီ, ပထဝီလို့ ပြန်ရှုရတယ်၊ ဒီပြင်အာရုံကို လိုက်ပြီးရှုစရာမလိုဘူး၊ ဒီကသိုဏ်းအာရုံ တစ်ခုကိုပဲ ထပ်ခါထပ်ခါ ရှုနေရမှ၊ ဝိပဿနာရှုမှတ် ရာမှာကတော့ ဒီလိုမဟုတ်ပါဘူး၊ ဖြစ်တိုင်း, ဖြစ်တိုင်းသော ရုပ်,နာမ်တရားတွေကိုလိုက်ပြီး ရှုမှတ်ရတာပါပဲ၊ ဒွါရခြောက်ပါးမှ ပေါ်လာသမျှ အကုန်လုံးလိုက်ပြီး ရှုမှတ်ရတာပါပဲ၊ မရှုကောင်းတာရယ်လို့ မရှိဘူး။

## နောက်တော့ နွါလို့ရလာတယ်

သမထကတော့ သမာဓိ အတော်အတန်မရမချင်း ဒီ ပထဝီကသိုဏ်းအာရုံ တစ်ခုထဲကို [illegible] ရှုနေရတယ်၊ တဖြည်းဖြည်းတော့ ဒီရှုနေတဲ့ ကသိုဏ်[illegible]ဘဲ မျက်စိမှိတ် နှလုံးသွင်းလိုက်ရင် မျက်စိနဲ့

(တတိယအကြိမ်)

မြင်ရသလို ပီပီသသမြင်လာတယ်၊ အဲဒီလိုခွာလို့ရလာတဲ့ အာရုံနိမိတ်ကို ဥဂ္ဂဟနိမိတ်လို့ခေါ်တယ်။

ကသိုဏ်းအာရုံကခွာလို့ ရလာစမှာတော့ ကသိုဏ်းဝန်းဟာ တသားတည်း ချောမွတ်မနေဘဲ မညီညွတ်တဲ့လက်ရာလေးတွေ ဘာလေးတွေနဲ့ ကြမ်းနေတတ်သေးတယ်၊ အဲဒီလို မညီမညွတ် ကြမ်းနေသေးတယ်ဆိုရင် ဥဂ္ဂဟနိမိတ်အတွင်းမှာပဲ ရှိနေသေးတယ်၊ ဒီလောက်နဲ့ဆိုရင်ပဲ ခွာလို့ရလာတဲ့ ဒီ ဥဂ္ဂဟနိမိတ်အာရုံကို သွားရင်းလာရင်းလည်း ရှုနိုင်ပြီ၊ စားရင်းသောက်ရင်းလည်း ရှုလို့ရပြီ၊ ကသိုဏ်းဝန်းကို ကြည့်ဖို့မလိုတော့ဘူး၊ ခွာရှုလို့ရနေပါပြီ။

နောက် ရလာတဲ့ ဒီအာရုံကို ထပ်ခါထပ်ခါ ရှုဖန်များလာတော့ အရင်က ကြမ်းနေတဲ့ လက်ရာလေးတွေ ဘာတွေပျောက်ပြီး ကသိုဏ်းအာရုံဟာ တသားတည်း ကြည်လင်ပြတ်သားလာတယ်၊ လဝန်းကြီးကို ကြည့်ရသလို အရောင်အလင်းတွေနဲ့ ကွက်ကွက်ကွင်းကွင်း မြင်လာတယ်၊ အဲဒါကို ပဋိဘာဂနိမိတ်လို့ ခေါ်တယ်..

ဒီအတွင်းမှာ တကယ်လို့ မျက်စိမှိတ်ရှုလို့ မထင်လာတဲ့အခါဆိုရင် အရင်က ပြုလုပ်ထားတဲ့ ကသိုဏ်းဝန်းနားပြန်ပြီး အရင်ကလိုပဲ မျက်စိနဲ့ကြည့်ရှုရတယ်၊ ခွာလို့ရပြန်တော့ ခွာပြီးရှုဖို့ပဲ၊ အရင်ကစိတ်ကလေးတွေ တစ်ခါတစ်ရံ ကသိုဏ်းဝန်း အာရုံက တခြားထွက်ထွက်သွားတတ်ပေမယ့် ပဋိဘာဂနိမိတ် ရင့်သန်လာတဲ့အခါမှာ ထွက်မသွားတော့ဘူး၊ ကသိုဏ်းဝန်းအာရုံပေါ်မှာပဲ ငြိမ်ငြိမ်သက်သက် တည်နေတော့တယ်၊ အဲဒီအခါမှာဆိုရင် နီဝရဏတွေကင်းနေပြီတဲ့၊ ဗျာပါဒဆိုတဲ့ စိတ်ပျက်မှုတွေလည်း မရှိတော့ဘူး၊ ထိန, မိဒ္ဓဆိုတဲ့ ထိုင်းမှိုင်းမှုတွေလည်း ကင်းနေပြီ၊ ဥဒ္ဓစ္စဆိုတဲ့ ပျံ့လွင့်မှုလည်း မရှိတော့ဘူး၊ ကုက္ကုစ္စဆိုတဲ့ စိတ်ပူပန်မှုလည်း မရှိတော့ဘူး၊ ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားခြင်းလည်း ကင်းသွားတယ်။

သမထနဲ့စပ်ပြီး ယုံမှားတယ်ဆိုတာကတော့ ဈာန်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား မှန်မှ မှန်ပါ့မလားလို့ ယုံမှားတာပါပဲ၊ ပထဝီ–ပထဝီ၊ မြေကြီး–မြေကြီးလို့ ဆိုနေရုံနဲ့ ဒီလို မဖြစ်နိုင်ပါဘူး စသည်ဖြင့် ဟုတ်လေလော,မဟုတ်လေလောလို့ သို့လော သို့လော ဖြစ်နေမှုမျိုးပါပဲ၊ မဂ်,ဖိုလ်နဲ့စပ်ပြီး ယုံမှားတာ မဟုတ်ပါဘူး၊ အဲဒီလို ယုံမှားခြင်း ဝိစိကိစ္ဆာလည်း မရှိတော့ဘူး၊ အားထုတ်တဲ့အတိုင်း ထူးထူးခြားခြားဖြစ်လာတော့ ယုံမှားကင်းသွားတော့တယ်၊ ဒီတော့ ကသိုဏ်းဝန်းက

လည်း အရောင်လင်းလေးတွေနဲ့ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းဖြစ်နေပြီ၊ ကြယ်ရောင်လိုလို၊ လရောင်လိုလို အရောင်တဖိတ်ဖိတ်နဲ့ ထင်လာတယ်။

ကောင်းကင်မှာ မိုးသားတွေမှိုင်းပြီးနေတဲ့အခါမှာ ဗျိုင်းကလေးများပျံနေတဲ့ အခါ ထင်ရှားသလိုပဲ၊ ညှိုမှိုင်းနေတဲ့ မိုးသားထဲမှာ ဗျိုင်းဖြူကလေး ပျံနေတာကို ကြည့်ရတော့ ပိုပြီးထင်ရှားတာပေါ့၊ အဲဒီလိုပဲ အနိမ့်အမြင့် လက်ရာလေးတွေ ထင်နေသေးတဲ့ ဥဂ္ဂဟနိမိတ် အာရုံတုန်းကထက် ပိုပြီး သန့်သန့်ရှင်းရှင်း ကြည်လင်ထင်ရှားလာတယ်၊ အဲဒါကို ထပ်ခါထပ်ခါ နှလုံးသွင်းပြီး ရှုရမယ်၊ သမာဓိအနေနဲ့ဆိုရင် အဲဒီအခါမျိုးမှာ ဥပစာရသမာဓိလို့ ခေါ်တယ်၊ နီဝရဏတွေ ကင်းနေပြီတဲ့။

အဲဒီနေရာမှာ ဖြစ်ခိုက် ရုပ်၊ နာမ်တွေကို ဝိပဿနာရှုပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး တစ်ပါးပါးကို သိပြီးသွားမယ်ဆိုရင်လည်း မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရနိုင် ရောက်နိုင်ပါတယ်၊ ကသိုဏ်းအာရုံကိုပဲ ဆက်ပြီး ရှုမယ်ဆိုရင်လည်း ဈာန်အင်္ဂါငါးပါးနဲ့ပြည့်စုံတဲ့ ပဌမဈာန်ကိုရမယ်တဲ့၊ အစအဆုံး ရတဲ့ဈာန်ဖြစ်လို့ သူ့ကို ပဌမဈာန်လို့ ခေါ်တယ်တဲ့၊ အဲဒီဈာန် ဖြစ်ခိုက်ကလေးကို မြတ်စွာဘုရားက—

> ယသ္မိံ သမယေ၊ အကြင်အခါကာလ၌။ ရူပူပပတ္တိယာ၊ ရူပဘဝ၌ ဖြစ်ခြင်း၏။ မဂ္ဂံ၊ အကြောင်းဖြစ်သော။ ပထဝီ ကသိဏံ၊ ပထဝီ ကသိုဏ်းလျှင် အာရုံရှိသော။ ပဌမံဈာနံ၊ ပဌမဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏ တဲ့။

ဒီလို ဟောတော်မူပါတယ်၊ ပဌမဈာန်ရနေပြီတဲ့။

## နိုင်နေတော့ လွယ်ကူပါတယ်

ဈာန်အကြောင်းကို နားလည်အောင်လို့ ဈာန်ရဲ့ဂုဏ်ပုဒ်တွေကို ထည့်ပြီးတော့ ပြောရတယ်၊ ဟောတော်မူတဲ့ ဒီအထဲမှာ အားထုတ်ပုံတွေပါ မပါပေမယ့် ဘုန်းကြီးက အားထုတ်ပုံကိုပါ ထည့်ဟောပါတယ်၊ ဈာန်ဆိုလို့ လွယ်လွယ်လေးတော့ မဟုတ်ဘူး။ ဒီလို အားထုတ်မှသာ ဖြစ်တာ၊ အားမထုတ်ဘဲနဲ့ ဖြစ်တာမျိုးမဟုတ်ဘူး၊ ဈာန်ရပြီးသား ပုဂ္ဂိုလ်မှာတော့ အာရုံပြုလိုက်တယ်ဆိုရင် ဒီဈာန်ဟာ ချက်ချင်း

ဖြစ်လာတာပဲ၊ အခု ဝိပဿနာရှုနေကြတဲ့ ပုဂ္ဂိုလ်တွေလည်း ရှုမှတ်ပါများလို့ နိုင်နေပြီဆိုရင် ဒီလိုပါပဲ၊ တရားကို နှလုံးသွင်းလိုက်တာနဲ့တစ်ပြိုင်နက် ရှုမှတ်နေကျအတိုင်း လွယ်လွယ်နဲ့ရှုမှတ်ပြီးသား ဖြစ်နေတာပါပဲ။

ဈာန်မှာလည်း ဒီလိုပါပဲ၊ ကိုယ်ရောက်နေကျ အာရုံထဲကို စိတ်ကလေးညွှတ်လိုက်ရုံနဲ့ ဈာန်ရောက်နေကျ အာရုံဆီသို့ လွယ်လွယ်နဲ့ရောက်သွားပါတယ်၊ အလေ့အလာများပြီး နိုင်နေလို့ရှိရင်ပေါ့၊ ပြောခဲ့တဲ့အတိုင်း အဲဒီဈာန်စိတ်နဲ့အတူ ဝိတက်ဆိုတဲ့အာရုံကို ကြံစည်မှုသဘောလေးလည်းပါတယ်၊ ဝိစာရဆိုတဲ့ အာရုံကို ဆင်ခြင်သုံးသပ်မှု သဘောလေးလည်းပါတယ်၊ ပီတိဆိုတဲ့ နှစ်သိမ့်အားရမှု၊ ဝမ်းသာမှု၊ တက်ကြွမှု၊ တစ်ကိုယ်လုံးပျံ့နှံ့ပြီး အင်မတန်ကောင်းတဲ့ သဘောလေးလည်းပါတယ်၊ သုခဆိုတဲ့ စိတ်ချမ်းသာမှု၊ စိတ်ရွှင်လန်းမှုလေးလည်းပါတယ်၊ ဧကဂ္ဂတာဆိုတဲ့ စိတ်နဲ့အာရုံကပ်နေတဲ့ သဘောလေးလည်းပါတယ်၊ အာရုံထဲမှာ စိတ်ဝင်စားနေသလို အာရုံထဲမှာ စိတ်ကရောက်ပြီး အာရုံနဲ့စိတ်ဟာ တပူးတပေါင်းတည်းကပ်နေတဲ့ သဘောလည်းပါတယ်၊ သမာဓိပါပဲ၊ အဲဒီလို ဈာန်အင်္ဂါ ၅–ပါးနဲ့ ပြည့်စုံတဲ့ ပဌမဈာန်သို့ ရောက်နေတယ်တဲ့။

> တသ္မိံ သမယေ၊ ထို ပဌမဈာန်သို့ ရောက်သောအခါ၌။ ဖဿော ဟောတိ၊ ဖဿဖြစ်၏။

ဒါဟာ ဖဿပဉ္စမက တရားပါပဲ၊ ကာမာဝစရ ကုသိုလ်စိတ် ဖြစ်စဉ်က ပါဝင်ခဲ့တဲ့ တရားတွေ ၅၆–ပါးဟာ ယခု ရူပါဝစရဈာန် ကုသိုလ်စိတ်ဖြစ်တော့လည်း ပါဝင်တာပဲ၊ ဒီ ၅၆–ပါးပင် ဖြစ်တယ်၊ ဝေဒနာ ဟောတိ၊ ဝေဒနာဖြစ်၏။ သညာ ဟောတိ၊ သညာဖြစ်၏။ စေတနာ ဟောတိ၊ စေတနာဖြစ်၏။ စိတ္တံ ဟောတိ၊ စိတ်ဖြစ်၏ စသည်ဖြင့် ကာမာဝစရကုသိုလ်မှာ ဝေဖန်သလို ဒီမှာလည်း ၅၆–ပါးလုံး ဝေဖန်ပါတယ်။

> ယေ ဝါ ပန အညေပိ အတ္ထိ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ။

တသ္မိံ သမယေ၊ ထိုအခါ၌။ အညေပိ၊ ၅၆–ပါးမှတစ်ပါး အခြားလည်း ဖြစ်ကုန်သော။ ပဋိစ္စသမုပ္ပန္နာ၊ အကြောင်းကို စွဲ၍ဖြစ်ကုန်သော။ ယေဝါပန အရူပိနော၊ အကြင်နာမ်တရားတို့သည်။ အတ္ထိ၊ ရှိကုန်၏။ တေမေဓမ္မာ၊

ဤတရားတို့သည်။ ကုသလာ၊ ကုသိုလ်တရားတို့ပေတည်းလို့ ဝေဖန်ပြထားတယ်၊ ကာမာဝစရ ကုသိုလ်စိတ်တုန်းကနဲ့ ဒီမှာက ၅၆-ပါး တရားရော၊ ယေဝါပနက တရားရော အတူတူပါပဲ၊ ကရုဏာကတော့ ကရုဏာချာန်ကျကာမှ ပါတယ်၊ ဒီမှာမပါဘူး၊ ဒီပြင်ဈာန်တွေမှာလည်းမပါဘူး၊ ချမ်းသာတဲ့ ပုဂ္ဂိုလ်တွေကို အာရုံပြုတဲ့ မုဒိတာဈာန်ဆိုရင် မုဒိတာပါဝင်တယ်၊ အခြားကသိုဏ်းဈာန်တွေမှာ မပါဝင်ဘူး၊ သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝဆိုတဲ့ ဝိရတီ ၃-ပါးကတော့ ဈာန်စိတ်တွေမှာ မပါဘူး၊ ဒီတော့ တရားကိုယ်ကို ပေါင်းလိုက်ရင် ပထမက ၃၀-ရယ်,ယေဝါပနကမှာက ၄-ပါးရယ်၊ အားလုံး ၃၄-ပါး၊ အဲဒီတရားတွေဟာ ရူပါဝစရကုသိုလ်စိတ်မှာ ပထဝီကသိုဏ်းအာရုံကို အာရုံပြုဖြစ်တဲ့ ဈာန်စိတ်နဲ့ တကွဖြစ်တဲ့ တရားတွေတဲ့။

## မိုတယ်လို့ ထင်ကြမယ်

အဲဒါလို ဓမ္မုဒ္ဒေသ ၅၆-ပါးသောတရားတွေကို သရုပ်ထုတ်ပြီးတော့ ထပ်ဝေဖန်ပြပါတယ်၊ ကတမေ တသ္မိံ သမယေ ဖဿော ဟောတိ၊ တသ္မိံ သမယေ၊ ထိုပဌမဈာန်စိတ် ဖြစ်သောအခါ၌၊ ကတမော ဖဿော၊ အဘယ်သို့သော ဖဿသည်။ ဟောတိ၊ ဖြစ်ပါသနည်း။ ဖဿဆိုတာ ဘယ်လိုဖဿလဲတဲ့၊ ကာမာဝစရကုသိုလ်စိတ်တုန်းကလည်း ဒီလိုဝေဖန်ပြီးသားပဲ၊ ဒါပေမယ့်လို့ ရှေးက ဝေဖန်ပြီးပြီဆိုပြီး ချန်မထားဘူး၊ အကုန်လုံးလျှောက်ပြီးတော့ ဝေဖန်ပြန်တယ်၊ ယခုကာလ လူတွေအနေနဲ့ဆိုရင်တော့"ဒါတွေဟာ ထပ်တူဖြစ်နေတယ် မိုတာပဲ" လို့ ထင်ကြပေလိမ့်မယ်၊ ယောနိသော မနသိကာရ သဘောနဲ့ဆိုရင်တော့လည်း တရားတွေ ထပ်ခါထပ်ခါနာကြားနေရတာ ဗဟုသုတလည်းပွား, ကုသိုလ်လည်းရ တယ်လို့ နှလုံးသွင်းနိုင်မှာပါပဲ၊ ပြီးတော့ မြတ်စွာဘုရားအသံတော်က ကြည်ညိုဖွယ်ကောင်းတာဖြစ်လို့ နာယူတဲ့ပုဂ္ဂိုလ်တွေဟာ ပျင်းရိငြီးငွေ့မှာလည်း မဟုတ်ပါဘူး၊ ပြီးစလွယ်ကြိုက်တဲ့ ယခုခေတ်လူတွေကတော့ ပျင်းရိငြီးငွေ့ ကြမှာပဲ၊ စာဖတ်ရတာတောင် ပျင်းစရာအင်မတန်ကောင်းတယ်၊ မြတ်စွာဘုရားက တော့ အဘိဓမ္မာတရားကို ဟောတော်မူတုန်းက ဒီလို ထပ်ခါထပ်ခါဝေဖန်ပြီး ဟောတော်မူတာပါပဲ။

## သူ့ထက် ကြီးကျယ်တဲ့တရား မရှိဘူး

နောက်ပြီးတော့ ကောဋ္ဌသဝါရတဲ့ "တသ္မိံ သမယေ စတ္တာရော ခန္ဓာ ဟောန္တိ၊ ဒွါဒသာယတနာနိ ဟောန္တိ၊ ဒွေ ဓာတုယော ဟောန္တိ" စသည်ဖြင့် ခန္ဓာ အာယတန, ဓာတ် စသည်ကို ဝေဖန်ဟောကြားပြန်ပါတယ်၊ ထိုအခါ ကာလမှာ နာမ်ခန္ဓာလေးပါး ပါဝင်တယ်တဲ့၊ အဲဒီ နာမ်ခန္ဓာလေးပါးကို ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာလို့ ဝေဖန်ပါသေးတယ်၊ အဲဒီမှာလည်း တစ်ခါ ဝေဒနာက္ခန္ဓာဆိုတာ ဘာလဲလို့ ဝေဖန်ပြန်ပါသေးတယ်၊ ဒါ အဘိဓမ္မာအကျယ်ဝေဖန်ပြီး ဟောတော်မူပုံပါပဲ၊ အင်မတန်ကို ကျယ်ဝန်းပါတယ်၊ ဒါကြောင့် အဘိဓမ္မာဆိုတာ လွန်ကဲတဲ့တရားတဲ့၊ သုတ္တန်မှာဆိုရင် ဒီလိုမဟောဘူး၊ သိသာရုံလေး ဟောပြီးရင်ပြီးတာပဲ၊ အဘိဓမ္မာမှာတော့ ဒီလိုပဲ ထပ်ခါထပ်ခါ ဟောတယ်၊ အသေးစိတ်ဝေဖန်ပြီး မခြွင်းမချန်ဟောတယ်၊ ဒါကြောင့်လည်း အဘိဓမ္မာကို လွန်ကဲသောတရား, ထူးသောတရားလို့ ဆိုတာပါပဲ၊ ဧရာမတရားကြီး၊ အင်မတန်ကြီးကျယ်တဲ့တရားကြီး၊ သူ့ထက် ကြီးကျယ်တာမရှိဘူး။

ကောဋ္ဌာသဝါရကို ဟောပြီးတော့ တစ်ခါ သုညတဝါရကို ဟောပြန်တယ်၊ "တသ္မိံ ခေါ ပန သမယေ ဓမ္မာ ဟောန္တိ၊ ခန္ဓာ ဟောန္တိ၊ အာယတနာနိ ဟောန္တိ၊ ဓာတုယော ဟောန္တိ စသည်ဖြင့် ဟောကြားထားတယ်၊ အဲဒီအခါမှာ သဘောတရားတွေ ဖြစ်တယ်၊ ခန္ဓာတွေဖြစ်တယ်၊ အာယတနတွေ ဖြစ်တယ်၊ ဓာတ်တွေ ဖြစ်တယ်တဲ့၊ ပုဂ္ဂိုလ်သတ္တဝါတွေဆိုတာ မရှိဘူးတဲ့၊ ဓမ္မဆိုတာ ဘာတွေတုန်းဆိုပြန်တော့၊ နာမ်ခန္ဓာ လေးပါးတွေတဲ့၊ ဓမ္မဆိုတာလည်း ခန္ဓာလေးပါပဲ ကိုး၊ ခန္ဓာအရ နာမ်ခန္ဓာလေးပါး၊ အာယတနအရ မနာယ တန, ဓမ္မာယတန နှစ်ပါး၊ ဓာတုအရ မနောဝိညာဏဓာတ်နဲ့ ဓမ္မဓာတ်နှစ်ပါး အဲဒီလို ဝေဖန်ပြီး အာဟာရတွေ, ဖဿတွေ, ဝေဒနာတွေ ဒီလိုပဲ အကျယ်ကြီးကို လျှောက်ဝေဖန်တယ်၊ ပဌမဈာန်စိတ်တစ်ခုကို ဒီလိုဝေဖန်ပြီးတော့ နောက်မှ ဒုတိယဈာန်စိတ်တစ်ခုကို ဝေဖန်တယ်၊ ပဌမဈာန်စိတ်ဖြစ်ပုံကိုပဲ ဝေဖန်လို့မပြီးနိုင်ခဲ့ပါဘူး၊ ဒုတိယဈာန်ကိုလည်း ဒီလို အကျယ်ကြီးဝေဖန်တာပါပဲ၊ ဘုန်းကြီးကတော့ ဒုတိယဈာန်စိတ်ကို

## ဒုတိယဈာန်စိတ်

ယသ္မိံ သမယေ ရူပူပပတ္တိယာ ကတမေ ဓမ္မာ ကုသလာ။ ကုသလာ၊ ကုသိုလ်မည်ကုန်သော။ ဓမ္မာ၊ တရားတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ ရူပူပပတ္တိယာ၊ ရူပဘဝဖြစ်ခြင်း၏၊ မဂ္ဂံ၊ အကြောင်းမှန်ဖြစ်သော ဈာန်ကို။ ဘာဝေတိ၊ ဖြစ်စေ၏။ ဝိတက္ကဝိစာရာနံ၊ ဝိတက်,ဝိစာရတို့၏။ ဝူပသမော၊ မဖြစ်ခြင်းကြောင့်။ ဝါ၊ ငြိမ်းခြင်းကြောင့်။ အဝိတက္ကံ၊ ဝိတက်လည်းမရှိသော။ အဝိစာရံ၊ ဝိစာရလည်းမရှိသော။ သမာဓိဇံ၊ သမာဓိကြောင့်ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခလည်းရှိသော။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ ဒုတိယံ ဈာနံ၊ ဒုတိယဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ဖဿော ဟောတိ၊ ဖဿဖြစ်၏။ ဝေဒနာ ဟောတိ၊ ဝေဒနာဖြစ်၏။ သညာ ဟောတိ၊ သညာဖြစ်၏ စသည်ဖြင့် ဝေဖန်သွားတယ်။

ပဌမဈာန်ကို ရပြီးသားဖြစ်တဲ့ပုဂ္ဂိုလ်က ပဌမဈာန်ကို ထပ်ခါထပ်ခါ နှလုံးသွင်းတဲ့အခါ အပြစ်မြင်လာတာရှိတယ်တဲ့၊ ဘာကို အပြစ်မြင်လာသလဲဆိုတော့ ဝိတက်နဲ့ ဝိစာရကို အပြစ်မြင်လာတယ်။ ဝိတက်က အာရုံပေါ်လာအောင် ကြံစည်ပေးမှ အာရုံပေါ်တယ်။ ပေါ်လာတဲ့အာရုံကို ထပ်ခါထပ်ခါ နှလုံးသွင်းမှ ဝိစာရဖြစ်လာတယ်။ ဒီတရားတွေဟာ မကောင်းဘူး။ အာရုံကို မကြံစည်ရဘဲနဲ့ သူ့အလိုလိုပေါ်နေရင် ကောင်းတယ်။ ရလာတဲ့အာရုံကို ထပ်ခါထပ်ခါ သုံးသပ်ဆင်ခြင်နေရတာလည်း နူးညံ့သိမ်မွေ့မှုမရှိဘူး။ ဘာနဲ့တူသလဲဆိုရင် မရဖူးတဲ့ ပစ္စည်းလေးတစ်ခု ရလာတဲ့အခါ ခဏခဏထုတ်ပြီး ကြည့်နေတာနဲ့တူတယ်၊ အဲဒါ စိတ်သဘော သေးနုပ်ရာရောက်တယ်။

ရလာတဲ့အာရုံကို ဂရုမစိုက်ဘဲနေနိုင်မှ ကောင်းတယ်လို့ အပြစ်မြင်လာတယ်။ ပြီးတော့ ပီတိ, သုခ, ဧကဂ္ဂတာ ဒီသုံးခုက ကောင်းတယ်ဆိုပြီး မူလက နှလုံးသွင်းလာခဲ့တဲ့ ပထဝီကသိုဏ်းကို ထပ်ခါထပ်ခါ နှလုံးသွင်းတယ်။ ဒီလိုနဲ့ နှလုံးသွင်းဖန်များလာတော့ ကြံစည်သုံးသပ်ဆင်ခြင်မှုဆိုတဲ့ ဝိတက်, ဝိစာရတွေကင်းပြီး ဒုတိယဈာန်အဆင့် ရောက်လာတော့တာပါပဲ။ ရထားတဲ့

အာရုံကို မကြံစည်၊ မသုံးသပ်၊ မဆင်ခြင်ဘဲ ပီတိ သုခ၊ ဧကဂ္ဂတာ သမာဓိတွေ ဖြစ်နေတယ်။ အဲဒါ ဒုတိယဈာန်ပဲ၊ ဒီဒုတိယဈာန်ဖြစ်တဲ့ အခါမှာလည်း-

တသ္မိံ သမယေဖဿော ဟောတိ စသည်ဖြင့် ဝေဖန်တယ်။ ဒီမှာတော့ ၅၆-ပါး တရားထဲက လျော့တာရှိတယ်။ ဘာတွေလျော့သွားသလဲဆိုတော့ ဝိတက်နဲ့ ဝိစာရပါပဲ၊ သူတို့နှစ်ပါး မပါတော့ဘူး။ ဒီတော့ "ဝိတက္ကော ဟောတိ,ဝိစာရော ဟောတိ" ဆိုတာကို ထည့်ပြီး မဟောရတော့ဘူး၊ ဖဿပဉ္စမက ၅-ပါးကတော့ မလျော့ဘူး။ ဈာန်အင်္ဂါမှာ ဝိတက်, ဝိစာရလျော့တယ် မပါတော့ဘူး။ မဂ္ဂင်ကျတော့ သမ္မာသင်္ကပ္ပလျော့တယ် မပါဘူး၊ ဒီလောက်ပါပဲ၊ ကျန်တာတွေ ကတော့ အားလုံးဖြစ်ကြ၊ ပါကြပါတယ်။ ၅၆-ပါးထဲက ၃-ပါးလျော့သွားတော့ ၅၃-ပါးပဲ ကျန်တော့တယ်။

ဒီမှာလည်း ပဌမဈာန်တုန်းကလို ဓမ္မဒ္ဒေသရော,သုညတဝါရရော အသီးသီး အသေးစိတ် ဟောကြားတာပါပဲ။ အဲဒါဟာ ပထဝီကသိုဏ်းကို အာရုံပြုဖြစ်တဲ့ ဒုတိယဈာန်တဲ့။

## တတိယဈာန်

တတိယဈာန်ကျတော့လည်း ဒီအတိုင်းပါပဲ။ ဒုတိယဈာန်ရပြီးတဲ့ ပုဂ္ဂိုလ်က ဒုတိယဈာန်အပေါ်မှာ အပြစ်မြင်လာပြန်တယ်။ ဘယ်လို အပြစ်မြင်သလဲဆိုတော့ နှစ်သိမ့်အားရဝမ်းသာမှုဆိုတဲ့ ပီတိဟာ သဘောသေးသိမ်တယ်၊ သူရှိနေတာ သဘောထားနဲ့ရာရောက်တယ်လို့ ဆိုရမှာပေါ့၊ ကလေးငယ်တွေမှာ တစ်မုန့် ဆယ်ပြားလောက်ရရင် အင်မတန် ဝမ်းသာကြတယ်၊ လူကြီးကျတော့ ကလေးလို တစ်မုန့် ဆယ်ပြားရရုံလောက်နဲ့ ဝမ်းမသာဘူး၊ ကလေးများလို ရသမျှနဲ့ အားရဝမ်းသာနေရတာဟာ သေးသိမ်တယ်ပေါ့၊ ဝမ်းသာအားရ ဖြစ်နေရတာ နေရာမကျဘူး၊ အားရဝမ်းမြောက်ခြင်းမရှိဘဲ စိတ်ချမ်းသာရုံနေရတာက ပိုကောင်း တယ်လို့ နှလုံးသွင်းပြီး ပီတိကင်းအောင် ပထဝီကသိုဏ်းကို တစ်ဖန်ဆက်ပြီး အားထုတ်ပြန်တယ်။ ဒီလိုနဲ့ သမာဓိတွေ အတော်အားကောင်းလာတဲ့အခါ သူအလိုမရှိတဲ့ ပီတိဟာ ကင်းသွားတယ်တဲ့၊ ချမ်းသာမှုလောက်နဲ့ပဲ တည် ကြည်ငြိမ်သက်နေတော့တယ်၊ ဒီသဘောကို ကွဲကွဲပြားပြား သိနိုင်ခဲ့ပါတယ်။

(တတိယအကြိမ်)

## ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းရောက်ခ စ္ဥင်းတယ်

ဥဒယဗ္ဗယဉာဏ်ရောက်စ ယောဂီတွေမှာ ပီတိနဲ့ သုခ သဘောချင်း ရောသလိုလို ရှိနေတတ်တယ်၊ ပီတိအနေနဲ့ စိတ်တွေ နှစ်သိမ့်တတ်ကြပြီး အားရနေတာပဲ၊ သုခအနေနဲ့လည်း ချမ်းသာနေတာပဲ၊ ဘယ်လို ချမ်းသာမှန်းတောင်မှ မသိဘူး၊ နောက်ပြီးတော့ ပေါ်လာသမျှအာရုံတွေကို ဆက်လက်ရှုမှတ်လိုက်တဲ့ အခါကျတော့မှ အရောင်အလင်းတွေနဲ့ နှစ်သိမ့်အားရမှု ပီတိတွေ ပျောက်သွားပြီး ချမ်းသာတဲ့ သဘောသက်သက်သာ ကျန်တော့တယ်၊ ချမ်းသာလွန်းပြီး တစ်ခါတည်းမှတ်လို့ ကောင်းနေတော့တယ်၊ အဲဒီအခါမှာ ပီတိမပါဘဲ သုခ ဖြစ်နေတာပါပဲ၊ အထက်သင်္ခါရုပေက္ခာဉာဏ် ရောက်တဲ့အခါမှာလည်း ပီတိမပါဘဲ သုခသက်သက်ဖြစ်နေတာကို တွေ့နိုင်ပါတယ်။ အဲဒါကျတော့ ပိုပြီးတော့ ကောင်းပါတယ်။

အဲဒီလိုပါပဲ၊ ယခုဈာန်မှာလည်း ပီတိကင်းတယ်တဲ့၊ ပီတိမပါဘဲ သုခနဲ့ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနဲ့ တတိယဈာန်ရောက်ပြီးနေတယ်၊ ဒီမှာလည်း "တသ္မိံ သမယေ ဖဿော ဟောတိ၊ ထိုအခါမှာလည်း ဖဿဖြစ်တယ်၊ ဝေဒနာဖြစ်တယ်" စသည်ဖြင့် ဝေဖန် ဟောကြားတာပါပဲ၊ ဒီမှာလည်း ဈာန်အင်္ဂါ ၅-ပါးထဲက ၃-ပါးလျော့သွားတယ်၊ ၂-ပါးပဲ ကျန်တော့တယ်၊ ဝိတက်, ဝိစာရ, ပီတိ ဒီသုံးပါးလျော့သွားတယ်၊ နောက်ဟာတွေကျတော့ သိပ်မထူးဘူး၊ ခုနက ဈာန်မှာ ၅၃-ပါး၊ အခု ပီတိထပ်ပြီးလျော့သွားတော့ ၅၂-ပါး ရှိတော့တယ်၊ ဒီဈာန်ဖြစ်တဲ့အခါမှာ ခန္ဓာလေးပါးဖြစ်တယ်၊ အာယတနနှစ်ပါး ဖြစ်တယ်၊ ဓာတ်နှစ်ပါးဖြစ်တယ် စသည်ဖြင့် ဖြစ်သင့်တဲ့တရားတွေကို ဝေဖန် ပြောကြားတယ်၊ အဲဒါဟာ ပထဝီကသိုဏ်းကို အာရုံပြုဖြစ်တဲ့ တတိယဈာန်တဲ့။

## စတုတ္ထဈာန်

တတိယဈာန်ရနေတဲ့ ပုဂ္ဂိုလ်မှာလည်း ရရှိနေတဲ့ တတိယဈာန်ကို အပြစ် မြင်လာပြန်ပါတယ်၊ ဘယ်လိုမြင်လာသလဲဆိုရင် ချမ်းသာမှု သုခဟာ မငြိမ်သက်ဘူး၊ ယုတ်ရင်းကြမ်းတမ်းတယ်၊ ဥပေက္ခာဝေဒနာနဲ့ ဧကဂ္ဂတာသာလျှင် ငြိမ်သက်တယ်လို့

တတိယဈာန်အပေါ်မှာ အပြစ်မြင်လာတယ်၊ ဒီတော့ တတိယဈာန်သုခကို မလိုလားဘဲ ငြိမ်းချေရန် ရှိပြီးဖြစ်တဲ့ ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်အာရုံကိုပင် ပထဝီ,ပထဝီ၊ မြေ,မြေနဲ့ ဆက်လက်ပြီး ပွားများတယ်၊ ပွားများဖန်များတော့ အလိုရှိတဲ့အတိုင်း ဥပေက္ခာ,ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနဲ့ ပြည့်စုံတဲ့ စတုတ္ထဈာန် ဖြစ်ပေါ်လာတော့တယ်။

ဒီမှာလည်း ဟောစဉ် မထူးလှပါဘူး၊ ထူးတာက တတိယဈာန်မှ စတုတ္ထဈာန်သို့ ရောက်လာတာလောက်သာ အနည်းငယ်ထူးတယ်၊ ဒီနေရာမှာ မြတ်စွာဘုရားက "ကတမေ ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ ပုဗ္ဗေဝ သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ" လို့ ဟောကြားထားတယ်။

ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့ နည်း။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ ရူပူပပတ္တိယာ၊ ရူပဘဝ၌ဖြစ်ခြင်း၏။ မဂ္ဂံ၊အကြောင်းဖြစ်သော။ စတုတ္ထံ ဈာနံ၊ စတုတ္ထဈာန်ကို။ ဘာဝေတိ၊ ပွားများသောအားဖြင့် ဖြစ်စေ၏။ သုခဿစ ပဟာနာ၊ သုခ၏လည်း ကင်းခြင်းကြောင့်။ ဒုက္ခဿစ ပဟာနာ၊ ဒုက္ခ၏လည်း ကင်းခြင်းကြောင့်။ ပုဗ္ဗေဝ၊ ရှေးမဆွကပင်လျှင်။ သောမနဿ ဒေါမနဿာနံ၊ စေတသိကသုခ,စေတသိက ဒုက္ခတို့၏။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်။ အဒုက္ခမသုခံ၊ ဒုက္ခလည်းမဟုတ်၊ သုခလည်းမဟုတ်သော။ ဥပေက္ခာသတိ ပါရိသုဒ္ဓိံ၊ ဥပေက္ခာကြောင့် သတိ၏စင်ကြယ်ခြင်းရှိသော။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ စတုတ္ထံ ဈာနံ၊ စတုတ္ထဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏တဲ့။

ဒီစတုတ္ထဈာန်ကျတော့ သုခ ဒုက္ခတွေ ကင်းငြိမ်းသွားပြီးတဲ့၊ အင်မတန် သိမ်မွေ့တဲ့ ဥပေက္ခာနဲ့ ဧကဂ္ဂတာဈာန်အင်္ဂါ ၂-ပါးနဲ့ပဲ ပြည့်စုံတော့တယ်၊ နောက်ပြီးတော့၊ တသ္မိံ သမယေ၊ ထိုအခါ၌။ ဖဿော ဟောတိ၊ ဖဿဖြစ်၏။ ဆသကာ ဧကာတိ၊ သေနာဖြစ်၏ တသည့်ဖြင့် ဤနည်းကာပဲ ဟောတော်မူတယ်၊

ဒီဈာန်မှာ ဈာန်အင်္ဂါ ၅–ပါးထဲက တတိယဈာန်တုန်းကအတိုင်း ဝိတက်, ဝိစာရ,ပီတိ ဒီ ၃–ပါးထဲပဲ လျော့တယ်၊ သုခဝေဒနာနဲ့ ဥပေက္ခာ ဝေဒနာ အပြောင်းအလဲကြောင့် အင်္ဂါလျော့မသွားပါဘူး။

ရူပဈာန်နေရာမှာ စတုက္ကနည်း,ပဉ္စကနည်းလို့ နှစ်မျိုးရှိတယ်၊ အခုပြခဲ့တာက စတုက္ကနည်းတဲ့၊ စတုက္ကနည်းဆိုတာ ရူပဈာန်သရုပ်ကို ၄–မျိုးခွဲပြီး ရေတွက်တဲ့ နည်းပါပဲ၊ အဲဒီနည်းမှာ ရေတွက်တဲ့အခါ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် ဒီလို ၃–မျိုးခွဲပြီး ရေတွက်ရတယ်၊ ဒီလိုရေတွက်ရာမှာ ဒုတိယဈာန်နဲ့ တတိယဈာန်ကို ပေါင်းပြီး ရေတွက်တယ်၊ ဘာကြောင့်လဲဆိုတော့ ဘုံအလိုက် အကျိုးပေးတဲ့အခါမှာ ဒီကုသိုလ်နှစ်မျိုးက အကျိုးဟာ ဒုတိယဈာန် ဖြဟ္မာဘုံမှာချည်း ပဋိသန္ဓေကျိုးသွားပေးတယ်၊ ဒါကြောင့် ရောပြီး ရေတွက်ထားတယ်၊ ဒီတော့ စတုတ္ထဈာန်က တတိယနေရာမှာ ရောက်လာပြီး ပဉ္စမဈာန်က စတုတ္ထဈာန်နေရာမှာ အရေအတွက်အားဖြင့် ရောက်လာတယ်၊ အဘိဓမ္မတ္ထ သင်္ဂဟကျမ်းမှာတော့ ပုံမှန်အတိုင်း ဒုတိယဈာန်ကို ခွဲပြီးရေတွက်ထားတာဖြစ်လို့ ပဉ္စကနည်းအားဖြင့် ၅–ပါး ရေတွက်ပြထားတယ်။

ဒီမှာတော့ မြတ်စွာဘုရားက စတုက္ကနည်းရော၊ ပဉ္စကနည်းရော နှစ်နည်းလုံး ဟောထားပါတယ်၊ ဟောကြားတဲ့အခါမှာလည်း အသေးစိတ် ဟောကြားထား တာဖြစ်လို့ အကျယ်ကြီးပါပဲ၊ သိလောက်နေရပြီဖြစ်တဲ့ ပဉ္စကနည်းကို ဒီမှာ မပြောတော့ဘဲ ချုံးလိုက်ကြရအောင်။

## ပဋိပဒါ ၄–မျိုး

ရူပကုသိုလ် ပဉ္စကနည်းကို ဟောကြားပြီးတော့ ပဋိပဒါ ၄–မျိုးကို ဟော ကြားပါတယ်၊ အကျင့် ပဋိပတ်နဲ့ စပ်နေတာဖြစ်တော့ တစ်မျိုးနဲ့တစ်မျိုး ခြားနားနေတဲ့ ပဋိပတ်ကိုလည်း ထည့်သွင်းဟောကြားထားပါတယ်။

> ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ ဝိဝိစ္စေဝ ကာမေဟိ။ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ ပထဝီကသိဏံ၊ တသ္မိံ သမယေ ဖဿော ဟောတိ ။ပ။ အဝိက္ခေပေါ ဟောတိ ။ပ။ ဣမေ ဓမ္မာ ကုသလာတဲ့။
>
> (တတိယအကြိမ်)

ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ကာ႒မေ၊ အဘယ်သည်တို့နည်း။ ယသ္မိံ သမယေ၊ ၌။ ရူပူပပတ္တိယာ၊ ရူပဈာန်သို့ရောက်ခြင်း၏။ မဂ္ဂံ၊ အကြောင်းမှန်ဖြစ်သော။ ဈာနံ၊ ဈာန်ကို။ ဘာဝေတိ၊ ဖြစ်ပွားစေ၏။ ကာမေဟိ၊ ဝတ္ထုကာမ ကိလေသာကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ ပ။ ဒုက္ခပဋိပဒံ၊ ဆင်းရဲစွာကျင့်ရသော။ ဒန္ဓာဘိညံ၊ အသိဉာဏ်နှံ့နှေးသော။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ ပဌမံဈာနံ၊ ပဌမဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟာရတိ၊ နေ၏။ တသ္မိံ သမယေ၊ ၌။ ဖဿော ဟောတိ၊ ဖဿဖြစ်၏။ပ။ အဝိက္ခေပေါ ဟောတိ၊ မပျံ့လွင့်သော သမာဓိဖြစ်၏။ ပ။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်၏။

ဒီမှာထူးခြားတာက ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ–အားထုတ်တဲ့အခါ ဆင်းရဲစွာ အားထုတ်ရတယ်, အပ္ပနာဈာန်သို့ ရောက်တဲ့အခါမှာလည်း အဘိဉာဏ်နှံ့နှေးလို့ တော်တော်ကြာမြင့်မှ ရောက်ရှိတယ်ဆိုတာပါပဲ၊ ဒီပြင် အထူးအခြားမရှိလှပါဘူး၊ ရှေးက ပဌမဈာန်အတိုင်းပါပဲ၊ ပရိကမ္မဘာဝနာ,ဥပစာရ ဘာဝနာအနိုက်မှာ အားထုတ်နေရတာ မသက်သာဘဲ ဆင်းဆင်းရဲရဲ အားထုတ်ရတယ်ဆိုရင် အဲဒါ ဒုက္ခပဋိပဒါတဲ့၊ ပရိကမ္မဘာဝနာဆိုတာ ဥပစာရဘာဝနာ အဆင့်မရောက်မီ ပြုလုပ်အားထုတ်နေရတဲ့ ဘာဝနာပါပဲ၊ ဥပစာရဘာဝနာကတော့ အပ္ပနာဈာန် အနီးရောက်ပြီးနေတဲ့ ဘာဝနာကိုဆိုတယ်၊ အဲဒီမှာ ဥပစာရဘာဝနာအဆင့် ရောက်နေပါလျက် အပ္ပနာဈာန် အရောက်နှေးနေပြီဆိုရင် အဲဒါ ဒန္ဓာဘိညာ–အသိဉာဏ် နှံ့နေတယ်လို့ ဆိုရတယ်တဲ့၊ ဒီပဋိပဒါကဈာန်လေးပါး၊ ဒါမှမဟုတ် ဈာန်ငါးပါးလုံးမှာ တစ်ပါးတစ်ပါးလျှင် ၄–ပါး၊ ၄–ပါး ပြားသွားတယ်၊ ပြားပုံက–

| | | | |
|---|---|---|---|
| ၁။ | ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ | = | ဆင်းရဲစွာ ကျင့်ရပြီး အသိဉာဏ် နှံ့နှေးခြင်း။ |
| ၂။ | ဒုက္ခပဋိပဒါခိပ္ပာဘိညာ | = | ဆင်းရဲစွာကျင့်ရပြီး အသိဉာဏ် ကျတော့ လျင်မြန်ခြင်း။ |

(တတိယအကြိမ်)

၃။ သုခပဋိပဒါ ခိပ္ပာဘိညာ = ချမ်းသာစွာကျင့်ရပြီး အသိဉာဏ် ကျတော့နှေးခြင်း။

၄။ သုခပဋိပဒါ ခိပ္ပါဘိညာ = ချမ်းသာစွာလည်း ကျင့်ရ အသိ ဉာဏ်လည်း လျှင်မြန်ခြင်းတဲ့။

ဒီလေးမျိုးပါပဲ။

ဒီလေးမျိုးက သမထချည်းအရေး၌သာမှသာ မကဘူး၊ အခု ဒီမှာ အားထုတ်နေကြတဲ့ ယောဂီတွေမှာလည်း ဝိပဿနာရှုမှတ်ရာတွင် ဒီလေးမျိုး တစ်မျိုးမျိုးနဲ့ တွေ့နိုင်တာပဲ၊ ဥဒယဗ္ဗယဉာဏ် သေသေချာချာရောက်ဖို့ရာက အင်မတန် အားထုတ်ရတယ်၊ တော်တော်နဲ့ မရောက်နိုင်ဘူး၊ အဲဒါ ဒုက္ခပဋိပဒါပဲ၊ ဆင်းဆင်းရဲရဲ အားထုတ် နေရတာပဲ။

ပဋိဘာဂနိမိတ်ထင်လာပြီးမှ နီဝရဏကင်းနေပြီဖြစ်လျက် ဥပစာရဘာဝနာ အနိုက်တွင် အချို့ပုဂ္ဂိုလ်တွေမှာ ကြာနေတယ်၊ တော်တော်နဲ့ ဈာန်မရနိုင်ဘူးတဲ့၊ သမာဓိကတော့ ကောင်းနေပြီ၊ ဈာန်အင်္ဂါတွေကျတော့ ထင်ထင်ရှားရှား သန်သန်စွမ်းစွမ်း မဖြစ်လာဘူးတဲ့၊ အဲဒါ ဒန္ဓာဘိညာ-နှေးသော အသိဉာဏ် ရှိတာတဲ့၊ စိတ်နဲ့အာရုံတပေါင်းတည်း ကပ်ကပ်မနေဘူးပေါ့။

ယခုချည်နက ဒုက္ခပဋိပဒါဒန္ဓာဘိညာတဲ့၊ အောက် အခြေခံပိုင်းကလည်းပဲ ဆင်းဆင်းရဲရဲ အားထုတ်ခဲ့ရပြီးမှ ပဋိဘာဂနိမိတ် ထင်လာတယ်၊ ဥပစာရသမာဓိကို ရောက်တယ်၊ အဲဒါ ဒုက္ခပဋိပဒါပဲ၊ တစ်ခါ အပ္ပနာသမာဓိ ရောက်ဖို့ကျတော့ ရုတ်တရက်မရောက်ဘူး၊ ကြာနေတယ်၊ အဲဒါ ဒန္ဓာဘိညာတဲ့ နှေးသော အသိဉာဏ်ရှိတယ်။

## အဲဒီလိုဇုဂ္ဂိုလ် ရှိသေးတယ်

ဝိပဿနာ ယောဂီပုဂ္ဂိုလ်တွေမှာလည်း ဒီအတိုင်းပဲ၊ တချို့ အပင်တပန်းအားထုတ် ကြရတယ်၊ တချို့ဆိုပေမယ့် ပင်ပင်ပန်းပန်း အားထုတ်ကြရတာက များပါတယ်၊ ဘုန်းကြီးတို့ ရွှေဘိုဆိတ်ခွန်မှာ လူတစ်ယောက်ရှိတယ်၊ ဘုန်းကြီးနဲ့တောင် ဆွေမျိုးနီးစပ် တော်ပါသေးတယ်၊ သူ့မှာ ဘယ်လိုဖြစ်တယ်လို့ကို မသိဘူး၊ ဝိပဿနာတရားကို လာပြီးအားထုတ်တယ်၊ ပင်ပန်းလိုက်တာတဲ့၊ သူကပြောတယ်၊

လယ်ထွန်ရတာ၊ အိမ်မှုကိစ္စတွေ လုပ်ရတာထက် ရှုမှတ်ရတာက ပိုပြီးပင်ပန်းတယ်တဲ့၊ ပေပြီးအားထုတ်ရတယ်၊ သမာဓိလည်း ကောင်းကောင်းမထောင်ဘူးလို့ ပြောတယ်၊ အဲဒါ ဒုက္ခပဋိပဒါပဲ၊ ဒီပုဂ္ဂိုလ်ဟာ ပါရမီမရှိလို့နဲ့ တူပါတယ်၊ နိကာပ်နေတာလည်း မဟုတ်ရှာပါဘူး၊ အဲဒီလို အားထုတ်ပေမယ့် အားထုတ်လို့ မဖြစ်တဲ့ ပုဂ္ဂိုလ်တွေကလည်း ရှိသေးတယ်။

## ဟဲ့ဆို ငြိမ်သွားတဲ့ကလေးလိုပဲကွဲ့

တချို့ စိတ္တဝိသုဒ္ဓိဖြစ်ပြီး စိတ်စင်ကြယ်ပြီဆိုတော့ မှတ်စိတ်နဲ့ အာရုံဟာ ကပ်ကနဲ ကပ်ခနဲတည်နေတယ်၊ စိတ်ဟာ အာရုံက ဘယ်မှ ထွက်မသွားဘူး၊ ထွက်လို့ရှိရင်လည်း တစ်ချက်နှစ်ချက်လောက် မှတ်လိုက်ရုံနဲ့ မှတ်နေတဲ့အာရုံဆီ ပြန်ရောက်လာတာပဲ၊ တချို့ ပြောကြတယ်၊ ဘာနဲ့တူသလဲဆိုရင် ဆော့နေတဲ့ ကလေးငယ်ကို "ဟဲ့လို့ လူကြီးကခေါ်လိုက်ရင် ငြိမ်ကျသွားသလိုပဲ" တဲ့၊ တစ်ချက်လောက်မှတ်လိုက်ရုံနဲ့ လှုပ်ရှားနေတဲ့ စိတ်ကလေးဟာ ငြိမ်ကျသွားတာပဲတဲ့၊ ဒီလို အမှတ်ကောင်းတဲ့ ယောဂီတွေလည်း ရှိတာပဲ။

အမှတ်ကောင်းလာပြီဆိုတော့ စိတ်ကလေးဟာ သူ့အာရုံနဲ့သူ တည်နေတော့တယ်၊ ဒီလိုတည်နေတဲ့ စိတ်ကလေးဟာ စင်ကြယ်တဲ့ စိတ္တဝိသုဒ္ဓိ ဖြစ်လာပြီလို့ ဆိုတယ်၊ တချို့တော့လည်း အဲဒီ စိတ္တဝိသုဒ္ဓိလောက်ကိုပဲ မရောက်နိုင်ကြဘူး၊ ဒီတော့ တရားအရသာ မပေါ်ကြဘူးပေါ့၊ စိတ်စင်ကြယ်တဲ့အခါကျတော့ ဒီလိုပဲ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အာရုံနဲ့မှတ်စိတ်ဟာ တစ်ခုစီ တစ်ခုစီ ကွဲကွဲပြားပြား သိသိနေတာပဲ၊ အာရုံကတခြား မှတ်သိစိတ်ကတခြား ဒီလို သိသိနေတယ်၊ အဲဒါ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်နေတာပဲ၊ ဖြစ်ပေါ်လာတဲ့ ရှေ့ကအာရုံနဲ့ စိတ်ကလေးတွေ မပျောက်ဘဲ နောက်အာရုံနဲ့ စိတ်ကလေးဟာ မဖြစ်ကြဘူး၊ တစ်ခုတစ်ခု ပျောက်ပျောက်ပြီးမှ နောက်ထပ် အာရုံနဲ့စိတ်ဟာ ဖြစ်ပေါ် ဖြစ်ပေါ်လာတာပဲ စသည်ဖြင့်လည်း အကြောင်းအကျိုးလေးတွေကို ပိုင်းခြား ပိုင်းခြားပြီးတော့ အဲဒီလိုလည်း သိလာတာပဲ၊ နောက် ဒီလို အဖြစ်အပျက်လေးတွေကို သိတာဟာ ဥဒယဗ္ဗယဉာဏ်ပဲ၊ ဒီနေရာရောက်ရင် အလင်းရောင်တို့, ပီတိ, ပဿဒ္ဓိတို့ ဖြစ်ပေါ်လာတတ်တယ်၊ တချို့ ဒီနေရာ

(တတိယအကြိမ်)

ရောက်အောင် မလွယ်ကြဘူး၊ အတော် ခဲခဲယဉ်းယဉ်း အားထုတ်ကြရတယ်၊ အဲဒါ ဒုက္ခပဋိပဒါ ခေါ်ပါတယ်။

ဥဒယဗ္ဗယဉာဏ် စသည်မှာ ကြာရင်လည်း ကြာနေတတ်ပြန်တယ်၊ တချို့များ သင်္ခါရုပေက္ခာဉာဏ် ရောက်နေတာတောင်မှ အရိယမဂ်ဉာဏ်ကို မတက်နိုင်ဘဲ ကြာချင်ကြာနေပြန်တာပဲ၊ တစ်ရက်၊ နှစ်ရက်လောက်လည်း ကြာချင် ကြာနေတယ်၊ ခုနှစ်ရက်လောက်လည်း ကြာချင်ကြာနေတတ်တယ်၊ အဲဒီလို ဝိပဿနာ ဉာဏ် အတက်နှေးတာက ဒန္ဓာဘိညာတဲ့၊ နှေးသော အသိဉာဏ်ရှိတာတဲ့၊ အဲဒါ ဒုက္ခပဋိပဒါနဲ့ ဒန္ဓာဘိညာပဲ။

## သထေဈာန်မှာလည်း ဒီလိုပဲ

အခု ဈာန်နေရာမှာလည်း ဥပစာရသမာဓိ ဖြစ်လောက်အောင် အားထုတ်နေရတာ ကိုက တပင်တပန်း အားထုတ်ကြရတာတွေရှိတယ်၊ အဲဒါ ဒုက္ခပဋိပဒါပဲ၊ ဥပစာရသမာဓိဖြစ်တဲ့ နောက်မှာလည်း ဈာန်ကို ရုတ်တရက်မရနိုင်ဘဲ ကြာ နေတတ်ပြန်တယ်၊ အဲဒါ ဒန္ဓာဘိညာတဲ့၊ နှေးသော အသိဉာဏ်ရှိတာတဲ့၊ အဲဒီလို အားထုတ်ပြီးတော့ အပ္ပနာဈာန်ကို ရောက်လာတယ်၊ အဲဒါ ပထဝီ ကသိုဏ်းလျှင် အာရုံရှိတဲ့ဈာန်တဲ့၊ အဲဒီ ဈာန်စိတ်ဖြစ်တဲ့အခါမှာလည်း ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ စသည်ဖြင့် ဒီတရားတွေကို ထပ်ခါထပ်ခါ မြတ်စွာဘုရားက ဝေဖန်ဟောကြားတော်မူပါတယ်၊ ဘာမှ ချန်မထားပါဘူး၊ နာယူတဲ့ ပုဂ္ဂိုလ်တွေကလည်း ဒီလိုပဲ နာယူနေကြပါတယ်၊ အဲဒါ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ၊ ဆင်းဆင်းရဲရဲကျင့်ရပြီး နှေးသောအသိဉာဏ် ရှိတယ် တဲ့။

နောက်ပြီးတော့ ဒုက္ခပဋိပဒါ ခိပ္ပာဘိညာ၊ ဒုက္ခပဋိပဒါ ဆိုတာ ဥပစာရ သမာဓိရအောင် ခဲခဲယဉ်းယဉ်း အားထုတ်ရတာကို ဆိုတယ်၊ ဒီလို ခဲခဲယဉ်းယဉ်း အားထုတ်လို့ ဥပစာရသမာဓိကို ရပြီးတဲ့နောက်တော့ မကြာဘူး၊ အပ္ပနာဈာန်ကို လျှင်လျှင်မြန်မြန်ရသွားတယ်၊ တစ်ခဏအတွင်း မိနစ်ပိုင်းလောက်နဲ့လည်း ရချင် ရသွားမယ်၊ နာရီပိုင်းအတွင်း ရချင်လည်းရသွားမယ်၊ အဲဒီလို မြန်မြန်ရလွယ်တာဟာ ခိပ္ပာဘိညာ လျှင်မြန်သော အသိဉာဏ်ရှိတာတဲ့။

(တတိယအကြိမ်)

သမထရျာန်မှာသာ မဟုတ်ဘူး၊ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာလည်း ဒီလိုပဲ ဥဒယဗ္ဗယဉာဏ်ရောက်အောင် အင်မတန် ပင်ပင်ပန်းပန်း အားထုတ်ကြရတာလည်း ရှိတယ်၊ အဲဒီ ဥဒယဗ္ဗယဉာဏ်လည်းရောက်ရော မကြာလိုက်ဘူး ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်သွားပြီး တရားပြီးဆုံးသွားတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတာပဲ၊ အဲဒါ ဒုက္ခပဋိပဒါ ခိပ္ပာဘိညာတဲ့၊ အဲဒီလို ရှိတာပဲ။

အဲဒီအခါမှာ ဖြစ်တဲ့တရားတွေကိုလည်း ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ စသည်ဖြင့် ၅၆–ပါးသော တရားတွေကိုပဲ ဟောကြားထားပါတယ်၊ ပဌမရျာန်ဆိုရင် ၅၆–ပါး၊ ဒုတိယရျာန်ဆိုရင် ဝိတက်, ဝိစာရ မပါလို့ ၅၃–ပါး၊ တတိယရျာန်ဆိုရင် ဝိတက်, ဝိစာရ, ပီတိ မပါလို့ ၅၂–ပါး၊ စတုတ္ထရျာန်မှာလည်း ၅၂–ပါးပါပဲ၊ မလျော့ပါဘူး။

ပြီးတော့ တချို့ပုဂ္ဂိုလ်တွေမှာ သမထရျာန်ကို အားထုတ်တဲ့အခါမှာ ဥပစာရသမာဓိရအောင် မခဲယဉ်းကြဘူး၊ လွယ်လွယ်လေးနဲ့ အားထုတ်လို့ရတယ်၊ ပထဝီ,ပထဝီလို့ နှလုံးသွင်းလိုက်ရင် မကြာမီအတွင်းမှာဘဲ စိတ်တွေငြိမ်သက်တည်ကြည်သွားတယ်၊ ပီတိ, သုခတွေနဲ့ ရှုမှတ်လို့ ကောင်းသွားတယ်၊ ဥပစာရသမာဓိကို ဒီလို လွယ်လွယ်လေးနဲ့ရောက်သွားတယ်၊ ဒါပေမယ့် အပ္ပနာရျာန်ကျတော့ ရတ်တရက် မရောက်ပြန်ဘူး၊ ကြာနေတတ်တယ်၊ အဲဒါ သုခပဋိပဒါ ဒန္ဓာဘိညာ ချမ်းချမ်းသာသာကျင့်ရပြီး နှေးသော အဘိညာရှိတာတဲ့၊ အဲဒီရျာန်မျိုးလည်းရှိတယ်။

အဲဒီရျာန်ဖြစ်တဲ့အခါမှာလည်း ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ စသည်ဖြင့် ၅၆–ပါးသော တရားတွေကို ဝေဖန်ပြီး ဟောကြားတော်မူတာပါပဲ။

တချို့ပုဂ္ဂိုလ်တွေကျတော့ ပထဝီ,ပထဝီလို့ နှလုံးသွင်းလိုက်ရင် လွယ်လွယ်ကူကူနဲ့ပဲ ဥပစာရသမာဓိဖြစ်လာတယ်၊ မခဲယဉ်းဘူး၊ စောစောက ပြောခဲ့တဲ့ မလ္လကမထေရ်မျိုးလို့ပေါ့၊ မလ္လကမထေရ်ဟာ ထွန်ယက်ထားတဲ့ လယ်ကွက်ကြီးကိုကြည့်ပြီး နှလုံးသွင်းလိုက်တာနဲ့ ရျာန်ရသွားတယ်၊ ဘာမှ မခက်ခဲလှဘူး၊ ဥပစာရသမာဓိကိုလည်း လွယ်လွယ်ကူကူနဲ့ပဲ ရောက်သွားတယ်၊ အပ္ပနာသမာဓိကိုလည်း လွယ်လွယ်ကူကူနဲ့ပဲ တဆက်တည်းရောက်သွားတယ်၊ အဲဒါ သုခပဋိပဒါခိပ္ပာဘိညာတဲ့၊ အခြေခံအကျင့်မှာလည်း လွယ်လွယ်ကူကူနဲ့ ချမ်းသာစွာ

ကျင့်ခဲ့ရတယ်၊ အပွားများရှာန် အဘိညာဏ်ရောက်တော့လည်း လျှင်လျှင်မြန်မြန်နဲ့ပဲ ရောက်သွားတယ်၊ အဲဒါအကောင်းဆုံးပါပဲ။

## တယ်တော်တဲ့ အရေးဗိုင်ဆာတော်

တချို့ ဝိပဿနာရှုမှတ်တဲ့ပုဂ္ဂိုလ်တွေလည်း လွယ်လွယ်ကူကူနဲ့ဥဒယဗ္ဗယ၊ ဉာဏ်စသည်ကို ရောက်သွားကြပုံတွေ ရှိပါတယ်၊ သုခပဋိပဒါလို့ ဆိုရမှာပေါ့၊ တချို့များ ရှုမှတ်ရတာကို မညည်းမညူဘဲ လွယ်လွယ်နဲ့ပဲ ရှုမှတ်သွားနိုင်တာကို တွေ့ရတယ်၊ အဲဒါ ရွှေဘိုက အရေးပိုင်ကတော် အမျိုးသမီးတစ်ဦးပါပဲ၊ ဂျပန်တွေ ဆုတ်ခွာသွားပြီး အင်္ဂလိပ်တွေ ပြန်လည်တက်ရောက်လာစကဖြစ်တယ်၊ အဲဒီ အမျိုးသမီးဟာ တရားနဲ့ပတ်သက်တဲ့ စာပေဗဟုသုတဆိုရင် အဖော ဘာမှမလေ့လာဖူးတဲ့၊ ခေတ်ပညာတတ်ဖြစ်နေတော့ အင်္ဂလိပ်စာပေတွေကိုသာ ကြည့်ရှုလေ့လာခဲ့တယ်တဲ့၊ သူဟာ ကျောင်းဆရာမလည်းလုပ်တယ်။

အဲဒီ အမျိုးသမီးဟာ အခွင့်ရသလောက်နဲ့ပဲ တရားလာအားထုတ်တယ်၊ နေရာမှ ကျပါ့မလားလို့ ဘုန်းကြီးအောက်မေ့မိတယ်၊ ခေတ်အင်္ဂလိပ်စာပေ တတ်ဆိုတော့ တရားနဲ့ပတ်သက်တဲ့ ဗဟုသုတကလည်း သူ့မှာမရှိဘဲကိုး၊ ဒီတော့ တရားကို လေးလေးနက်နက် အားထုတ်နိုင်ပါ့မလားလို့ ဒီလို အောက်မေ့မိတာပဲ၊ ဒါနဲ့ သူ့ကိုမေးကြည့်တယ်၊ သူဟာ ဘုန်းကြီးထင်သလို မဟုတ်ဘူး၊ ကြိုးကြိုးစားစား အားထုတ်တာကို တွေ့ရတယ်၊ အားထုတ်လို့ နောက်တစ်ရက်လောက်မှာပဲ နာမ်,ရုပ်တွေကို ပိုင်းပိုင်းခြားခြား၊ ကွဲကွဲပြားပြား သိလာတယ်၊ ပီပီသသကြီးသိလာတယ်၊ မှတ်တဲ့အာရုံနဲ့ မှတ်စိတ်ဟာ သူ့လျှောက်ထားပုံ အင်မတန်ရှင်းလင်းတာပဲ၊ ဥပမာလေးကိုတောင် သူက လျှောက်ထားလိုက်သေးတယ်။

ဆောင်ပို့ထဲကထွက်လာတဲ့ မြွေလေးကို ထွက်လာလိုက် တုတ်နဲ့ရိုက်ချလိုက်, ထွက်လာလိုက် တုတ်နဲ့ရိုက်ချလိုက်သလိုပဲ ဘုရားတဲ့၊ ပေါ်လာလိုက် သိလိုက်, ပေါ်လာလိုက် သိလိုက်နဲ့ သူ့အာရုံနဲ့ သူ့မှတ်စိတ်, သူ့အာရုံနဲ့ သူ့မှတ်စိတ်ဟာ

နစ်ရှုနိ ... တ်နေရတာ သိပ်ပြီးကောင်းပါတယ်၊ အဖြစ်မှန်ကို

ကလေး ... ယ် ဘုရားတဲ့၊ "တခြားတစ်ပါးကို ထွက်သွားတဲ့

(...)

စိတ်တွေကို မှတ်ရတာများကော မရှိဘူးလား”လို့ သူ့ကိုမေးတော့ မထွက်ဘူးတဲ့၊ ကမ္မဋ္ဌာန်းကျောင်းကို ရောက်လာပြီဆိုကတည်းက အိမ်ကိုရောက်တဲ့ စိတ်ရယ်လို့ မရှိပါဘူးတဲ့၊ အံ့ဩစရာကောင်းပါတယ်၊ ပါရမီထူးရှိတဲ့ ပုဂ္ဂိုလ်ပါပဲ၊ တကယ်ဆိုတော့ လူတို့ လောကစည်းစိမ် ချမ်းသာပေါ်မှာ ချမ်းချမ်းသာသာ နေလာရတဲ့ သူလိုပုဂ္ဂိုလ်ဟာ ကိုယ့်အိမ်စည်းစိမ်ချမ်းသာတွေကို ပြန်ပြီး သတိရစရာ သိပ်ကောင်းတယ်၊ ဒါပေမယ့် အဲဒီစိတ်ဟာ သူ့မှာ တစ်ခုမျှမဖြစ်ဖူးတဲ့၊ မှတ်စိတ်တွေချည်း ဖြစ်နေတာပဲတဲ့၊ဥဒယဗ္ဗယဆိုတဲ့ အဖြစ်အပျက်တွေကိုလည်း သူဟာ နှစ်ရက် သုံးရက်အတွင်းမှာပဲ ရှင်းရှင်းလင်းလင်း သိလာတယ်၊ သူ့မှာ ခဲခဲယဉ်းယဉ်း မှတ်စရာရယ်လို့ မရှိဘူး၊ လွယ်လွယ်ကူကူချည်းပဲတဲ့။

အထက်ဉာဏ်တွေကို တက်ရောက်သွားတာဟာလည်း တော်တော်ကို ကောင်းပါတယ်၊ သူ့မှာ သင်္ခါရုပေက္ခာဉာဏ်အထိ တက်ရောက်သွားတာလည်း ပီပီသသ ဖြစ်ပုံတွေ ထင်ရှားပါတယ်၊ ဒါပေမယ့် မညီမညွတ်တဲ့အကြောင်းက သူ့မှာ ဖြစ်ပေါ်လာခဲ့တယ်၊ သူ့ခင်ပွန်းက အစိုးရအမှုထမ်းဆိုတော့ တာဝန်အရ ဌာနပြောင်းရွှေ့ရလို့ တရားအပြီးမသတ်ခင်မှာဘဲ ကမ္မဋ္ဌာန်းကျောင်းမှ ထွက်သွားရ ရှာတယ်၊ အားထုတ်ရက်က ခြောက်ရက်မျှပဲ ရရှာတယ်၊ ဒီရက်လောက်နဲ့ သင်္ခါရုပေက္ခာဉာဏ်အထိ ရောက်သွားတယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိရတယ်၊ သူ့လောက် အမှတ်ကောင်းတာ ဘုန်းကြီးတော့ မတွေ့ဖူးသေးဘူး၊ အခု ဒီမှာ အချို့အချို့ ယောဂီပုဂ္ဂိုလ် အမှတ်ကောင်းတဲ့အကြောင်းကိုတော့ ပြော ကြတာ ရှိပါတယ်၊ ဒါပေမယ့် ဘုန်းကြီးကိုယ်တိုင် စစ်ရတဲ့ ယောဂီတွေတော့ မဟုတ်ဘူး၊ ဒါကြောင့် သူတို့တွေ အမှတ် ဘယ်လောက်ကောင်းတယ်ဆိုတာကိုတော့ မသိရဘူး၊ ဒီလို ဝိပဿနာအစပိုင်းမှာ ချမ်းချမ်းသာသာ အားထုတ်ရတာ သုခပဋိပဒါပဲ၊ ဒီသုခပဋိပဒါက ခေတ်အလျောက်ဆိုရတဲ့ ပဋိပဒါပေါ့၊ နောက်ပိုင်းမှာ လျင်လျင်မြန်မြန် ဉာဏ်တွေရသွားတယ်ဆိုရင်လည်း ခိပ္ပာဘိညာပေါ့၊ ဒါကတော့ ခေတ်အားလျော်စွာ ခေါ်ရတဲ့ သုခပဋိပဒါ ခိပ္ပာဘိညာပဲ၊ ကျမ်းဂန်ထဲက သုခပဋိပဒါခိပ္ပာဘိညာလို အင်မတန် အထက်တန်းမကျတတ်ပါဘူး၊ ကျမ်းဂန်ထဲက သုခပဋိပဒါခိပ္ပာဘိညာဆိုတာကတော့ အင်မတန် အထက်တန်းကျတယ်၊ ပေါ်လာတဲ့ ကိလေသာကို တစ်ခါလောက်ရှုမှတ်လိုက်ရုံနဲ့ ပျောက်သွားရမယ်တဲ့၊ အထက်တန်း

ကျတယ်၊ ပေါ်လာတဲ့ကိလေသာကို တစ်ခါလောက်ရှုမှတ်လိုက်ရုံနဲ့ ပျောက်သွားရမယ်တဲ့၊ အထက်တန်းကျတယ်၊ ပေါ်လာတဲ့ ကိလေသာကို တစ်ခါလောက် ရှုမှတ်လိုက်ရုံနဲ့ ပျောက်သွားရမယ်၊ မပျောက်လို့ရှိရင် ဒါဟာ ဒုက္ခပဋိပဒါတဲ့၊ နောက်ပြီးတော့ အဲဒီလိုမှတ်လို့ မကြာခင် နာရီပိုင်းအတွင်း အရိယာမဂ်ကို မြန်မြန်ရောက်သွားရမယ်တဲ့၊ အဲဒါမှ ခိပ္ပာဘိညာတဲ့၊ စာပေထဲမှာလာတဲ့ အဲဒီလို သုခပဋိပဒါ ခိပ္ပာဘိညာမျိုးဆိုတာကတော့ တယ်ပြီး ဖြစ်ဖို့မလွယ်လှပါဘူး၊ ခေတ်အားလျော်စွာ အရှုပ်အထွေးအခက်အခဲမရှိဘဲ ဥဒယဗ္ဗယဉာဏ်ကိုရောက်မယ်၊ ဒီလိုရောက်ပြီး သင်္ခါရုပေက္ခာဉာဏ်အထိ အဆင့်ဆင့် လွယ်ကူစွာနဲ့ဖြစ်ပြီး ပြည့်စုံတဲ့အခါ သင်္ခါရုပေက္ခာ ချုပ်ငြိမ်းတဲ့သဘောကို ရောက်သွားတယ်ဆိုရင် ဒါဟာ သုခပဋိပဒါခိပ္ပာဘိညာလို့ခေါ်ရမှာပဲ၊ ဘုန်းကြီးကတော့ ဒီအတိုင်းပဲ အသိအမှတ်ပြုထားပါတယ်၊ စာပေထဲမှာလာတဲ့အတိုင်း ဖြစ်တဲ့ပုဂ္ဂိုလ်ကတော့ တစ်ရာမှတစ်ယောက် ရှိခဲပါလိမ့်မယ်၊ ရှားပါတယ်။

အခုဈာန်နေရာမှာလည်း ဒီအတိုင်းပဲ၊ ဥပစာရသမာဓိဖြစ်အောင် အားထုတ်ရတာ ခက်ခဲနေရင် ဒုက္ခပဋိပဒါပဲ၊ လွယ်လွယ်နဲ့ဖြစ်ရင် သုခပဋိပဒါပဲ၊ အဲဒီ ဥပစာရသမာဓိ ဖြစ်ပြီးတဲ့နောက်မှာ အပ္ပနာဈာန်ဖြစ်ဖို့ရာ မလွယ်ဘဲနဲ့ကြာနေရင် ဒန္ဓာဘိညာ–နှေးတဲ့ အဘိညာဉ်ရှိတယ်၊ ဥပစာရ သမာဓိဖြစ်လို့ မကြာခင် အတွင်းမှာဘဲ အပ္ပနာဈာန်သမာဓိသို့ ရောက်သွားတယ်ဆိုရင် ခိပ္ပါဘိညာပဲ၊ လျင်သော အဘိညာဉ်ရှိတာတဲ့၊ အဲဒီ ပဋိပဒါအဘိညာ လေးပါးနဲ့ ပဉ္စမဈာန်ကို ဝေဖန်ပြီး မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။ ဟောကြားတော်မူတဲ့ ဈာန်တိုင်း ဈာန်တိုင်းမှာလည်း ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ စသည်ဖြင့် အသေးစိတ် ဝေဖန်ဟောကြားတော်မူပါတယ်။ ပဋိပဒါဝေဖန်ပုံပြီးပါပြီ။

## ဈာန်နဲ့ ဈာန်အာရုံ

ပဋိပဒါကို ဝေဖန်ဟောကြားပြီးတော့ ပရိတ္တ၊ ပရိတ္တာရမ္မဏကိုလည်း ဝေဖန်ဟောကြားတော်မူပါတယ်။ ပရိတ္တဆိုတာ သေးငယ်တဲ့ဈာန်စိတ်တဲ့၊ အား အစွမ်း နည်းတယ်ပေါ့၊ အထက်ဈာန်တွေကို ရောက်နိုင်အောင် ကျေးဇူးပြုတဲ့ အားစွမ်းက သေးငယ်လို့၊ နည်းလို့ ပရိတ္တတဲ့၊ ပြီးတော့ ပရိတ္တာရမ္မဏဆိုတဲ့

သူ့အာရုံကလည်း သေးငယ်တာပဲတဲ့၊ မူလထင်ပေါ်တဲ့ ပဋိဘာဂ နိမိတ်ကသိဏ်း အာရုံကို အကျယ်မချဲ့ပြီး၊ ရှုလို့ရှိရင် အပ္ပမာဏာရမ္မဏ–အပ္ပမာဏ အာရုံလို့ခေါ်တယ်၊ စောစောကပြောခဲ့တဲ့ တစ်ထွာ လက်လေးသစ်လောက်ရှိတဲ့ ကသိဏ်းအာရုံကလေးနဲ့ပဲ အကျယ်မချဲ့ မပြုရဘဲ ဈာန်ရသွားလို့ရှိရင် ပရိတ္တ၊ ပရိတ္တာရမ္မဏဈာန်တဲ့၊ ကသိဏ်းအာရုံတွေကို ပြန့်အောင် ပွားထားတယ်ဆိုရင်ပရိတ္တ–အပ္ပမာဏာရမ္မဏတဲ့၊ အပ္ပမာဏအတိုင်း အရှည်မရှိ ကျယ်ပြန့်တဲ့အာရုံလို့ဆိုတယ်၊ ဒါက ဆယ်တောင်ပတ်လည်တို့၊ အတောင်နှစ်ဆယ်ပတ်လည်တို့၊ ပေတစ်ရာပတ်လည်တို့ စသည်ဖြင့်ပေါ့လေ၊ ကျောင်းဝိုင်းကြီးတစ်ခုလောက်၊ ရပ်ကွက်ကြီးတစ်ခုလောက်၊ မြို့ကြီးတစ်ခုလောက် စသည် ကျယ်ကျယ်ပြန့်ပြန့်ကြီး ဖြန့်လို့ရတယ်၊ သမာဓိရလာတဲ့အခါမှ ဒီလိုဖြန့်လို့ရပါတယ်၊ သမာဓိရလာတဲ့အခါ မဟုတ်သေမယ့်လည်း ထင်ချင်ထင်နေတာပဲ။

အခု ဝိပဿနာရှုမှတ်တဲ့ ပုဂ္ဂိုလ်တွေလည်း သမာဓိရလာတဲ့အခါတော့ စိတ်ကူးတိုင်း စိတ်ကူးတိုင်း လျှောက်ပြီးထင်နေတတ်ကြတာပဲ၊ အဲဒီ စိတ်ကူးတွေက တချို့က အဟုတ်မှတ်နေကြတယ်၊ နတ်ကပဲလာပြီးတော့ ပြောသလိုလို ဒီလိုရင်လည်း မှတ်ထင်နေတတ်ကြတယ်၊ ဆရာသမားကပဲ လာပြီး ပြောသလိုလို ဒီလိုလျှောက်ပြီး ထင်နေတတ်ကြတယ်၊ သမာဓိရလာတဲ့အခါမှာ စိတ်ကူးတိုင်း စိတ်ကူးတိုင်း ဟုတ်သလိုလို ထင်နေရတာပဲ၊ တကယ်တော့ မဟုတ်ပါဘူး။

အဲဒီလို သမာဓိအာရုံကို ပွားများထားလို့ရှိရင် "အပ္ပမာဏာရမ္မဏ" အတိုင်း မသိအာရုံရှိတဲ့ဈာန်ပဲ၊ အဲဒီလိုဈာန်လည်းရှိတယ်တဲ့၊ ဈာန်စိတ်ကိုက အားကောင်းပြီး ထက်သန်နေတယ်၊ ဒုတိယဈာန်ရောက်ဖို့ အားပြည့်နေတယ်၊ အဲဒီလို ဈာန်ကို အပ္ပမာဏဈာန်ခေါ်တယ်၊ အာရုံကလည်း ပွားများထားတဲ့ အာရုံဖြစ်မယ်ဆိုရင်ပေါ့၊ အဲဒါ အပ္ပမာဏာရမ္မဏပါပဲ။

၁–ပရိတ္တ ပရိတ္တာရမ္မဏဈာန်။ ၂–ပရိတ္တ အပ္ပမာဏာရမ္မဏဈာန်။ ၃–အပ္ပမာဏ ပရိတ္တာရမ္မဏဈာန်။ ၄–အပ္ပမာဏ အပ္ပမာဏာရမ္မဏဈာန်လို့ ဒီလို ၄–မျိုးခွဲပြီးတော့ ပဥ္စမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပရိတ္တံ ပရိတ္တာရမ္မဏံ ပထဝီကသိဏံ၊ ပရိတ္တံ အပ္ပမာဏာရမ္မဏံ ပထဝီကသိဏံ စသည်ဖြင့် ဟောတော်မူတယ်။ လေးမျိုးစလုံးပါပဲ၊ ဒီလေးမျိုးဖြစ်တဲ့အခါမှာလည်း ဖဿော ဟောတိ၊ ဝေဒနာ

ဟောတိစသည်ဖြင့် ၅၆-ပါးသော တရားတွေကို ဒီအတိုင်းပဲ ဝေဖန်ဟော ကြားတော်မူပါတယ်၊ အကျယ်ရော အသေးစိတ်ရော ဝေဖန်ဟောကြားတော်မူ တာပါပဲ၊ အဲဒါ ပရိတ္တ ပရိတ္တာရမ္မဏစျာန်တဲ့။

အများကြီးပါပဲ

အဲဒီ ပရိတ္တ ပရိတ္တာရမ္မဏစျာန်တွေနဲ့ ဒုက္ခပဋိပဒါဒန္ဓာဘိညာ စသည်တွေကို ယှဉ်ပြီးတော့ အသီးသီး ဝေဖန်ဟောကြားလိုက်တော့ ၁၆-မျိုးတောင် ရှိသွားတယ်၊ အဲဒီက ဆယ့်ခြောက်မျိုးလုံးကိုလည်း မြတ်စွာဘုရားဟောတာပဲ၊ ဒီပြင်လည်း အများကြီးပါပဲ၊ ဝေဖန်စရာရှိတဲ့တရားတွေကို မခြွင်းမချန် ဝေဖန်ဟောကြား ထားပါတယ်၊ အဘိဘာယတနတွေနဲ့ ဝေဖန်တာလည်းရှိတယ်၊ ဝိမောက္ခနဲ့ ဝေဖန်တာတွေလည်းရှိတယ်၊ အဲဒါ ပထဝီကသိုဏ်းတင် ရှိသေးတယ်၊ အာပေါ ကသိုဏ်းစသည်ကိုလည်း ဒီအတိုင်း ဟောကြားသွားတာပါပဲ။

ပကတိရေကို ကြည့်ပြီးတော့လည်း စျာန်ရနိုင်တယ်တဲ့၊ ရှေးက ပင်လယ်ကမ်း ခြေက ရေကိုကြည့်ပြီးတော့ စျာန်ရဘူးတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ ဒီလိုမဟုတ်ရင်လည်း ခွက်တို့၊ အင်တုံတို့၊ ဇလုံတို့နဲ့ ရေကို သန့်သန့်ရှင်းရှင်းထည့်ပြီး ကြည့်ရမယ်တဲ့၊ ပြီးတော့ အာပေါ-အာပေါ ရေ-ရေလို့ နှလုံးသွင်းပြီး ရှုရတယ်။

တေဇော-မီးကသိုဏ်းကျတော့ ထင်းတွေကို မီးရှို့ပြီး အဲဒီမီးကို ကြည့်ရ တယ်၊ ဒါကတော့ တာဝန်လေးပါတယ်၊ ထင်းလည်းရှိမှဖြစ်မယ်၊ ထင်းတွေ သိပ်ကုန်မှာပဲ၊ ထင်းတွေကို မီးရှို့ရုံလည်း မကသေးဘူး၊ အဲဒီမီးကို ကန့်လန့်ကာတို့ ထရံတို့ တစ်ခုခုနဲ့ ကာရဦးမယ်၊ ကာပြီးတော့ အဲဒီ ကန့်လန့်ကာဖြစ်ဖြစ် ထရံဖြစ်ဖြစ် တစ်ထွာ လက်လေးသစ်လောက် အပေါက်ကလေး ဖောက်ရတယ်၊ အဲဒီ အပေါက်ကလေးက မြင်နေရတဲ့ အလင်းရောင်ကိုကြည့်ပြီး တေဇော-တေဇော မီးမီးလို့ ရှုရတယ်၊ အထက်တက်သွားတဲ့ မီးခိုးတွေ အောက်ခြေက ထင်းစတွေကို မမြင်စေရဘူး၊ အဲဒီအပေါက်ကလေးက မီးတောက်ကလေးနဲ့ တည့်နေရမှာ၊ အဲဒါကိုကြည့်ပြီး ရှုနေရမယ်တဲ့၊ အခုခေတ် ဓာတ်မီးရောင်ကို အဲဒီလိုလုပ်ပြီး ရှုနေရင် ဖြစ်လောက်စရာရှိပါတယ်။

ဝါယောကသိုဏ်းကျတော့ လေကိုအာရုံပြုနေရတယ်၊ အဲဒါကပိုပြီးတော့ ခက်သေးတယ်၊ သစ်ခက်သစ်ကိုင်းတွေ လှုပ်ယိမ်းတာကိုကြည့်ပြီး လေ လေလို့ နှလုံးသွင်းရှုနေရတယ်၊ အခက်သားပဲ၊ ဗြဟ္မာများတောင်လည်း အဲဒီဝါယောကသိုဏ်းက သူတို့မှာထင်ရှားတယ်တဲ့၊ နတ်များလည်း ဝါယောကသိုဏ်းကို ရှုပြီးတော့ ဈာန်ရကြတယ်၊ လူတွေမှာတော့ ဝါယော–လေကို မမြင်ကြရဘူး၊ ရှိတော့ရှိတာပဲ၊ မမြင်ရတိုင်းလည်း မရှိဘူးလို့မဆိုရဘူး၊ ကိုယ်မှာတိုက်ခတ်နေတဲ့ လေရှိတာဟာ ထင်ရှားနေတာပဲ၊ သို့သော်လည်း မမြင်ရဘူး၊ ဒါပေမယ့် နတ်တွေကျတော့ လေကို သူတို့ မြင်ကြရတယ်၊ သူတို့စက္ခုစတဲ့ ပသာဒရုပ်တွေက အင်မတန် ကြည်လင်တော့ မြင်ရတာပဲ၊ ဒါကြောင့် လေကို ရှုလို့ရကြတယ်၊ သူတို့ရှုရတာ သာပြီးတော့တောင် ဈာန်ရလွယ်တယ်တဲ့။

အဲဒါ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ မဟာဘုတ်ကသိုဏ်း ၄–ပါးတဲ့၊ ဒါပြီးတော့ အဆင်းကသိုဏ်းကလည်း ရှိသေးတယ်၊ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ ၄–ပါးပါပဲ၊ နီလကသိုဏ်းဆိုတာ အညို၊ အပြာ၊ အစိမ်းရောင်တွေ၊ သစ်ပင်သစ်ရွက်တွေ၊ စိမ်းစိမ်းစိုစိုမြင်နေရတာတွေဟာ နီလပဲ၊ ကြာညိုပန်းတို့၊ ခွာညိုပန်းတို့၊ ညိုပြာပြာအရောင်တွေလည်း နီလကသိုဏ်းရောင်တွေပဲ၊ အဲဒါ အမျိုးမျိုးကြည့်ပြီးတော့ ညိုသည်–ညိုသည်၊ ပြာသည်–ပြာသည်၊ စိမ်းသည်–စိမ်းသည် စသည်ဖြင့် နှလုံးသွင်းနေရမှာတဲ့၊ ကြည့်လောက်အောင် အဲဒီပန်း စသည်ကို စုပုံပြီးကြည့်ရမယ်တဲ့၊ အခုခေတ်တော့ လွယ်ပါတယ်၊ နံရံစသည်မှာ ဆေးရောင်နဲ့ ရေးပြီး ကြည့်ရင်ရပါတယ်၊ ဆေးရောင်တွေကလည်း အမျိုးမျိုး ရှိနေတော့ လိုတာရနိုင်ပါတယ်။

ပီတ–ဆိုတာ အဝါရောင်ကသိုဏ်းတဲ့၊ ဒါက ဆေးသုတ်ပြီး ကြည့်ရင်လွယ်ပါတယ်၊ လောဟိတ–ကသိုဏ်းလည်း ဆေးရောင်တွေရှိနေတော့ လွယ်တာပဲ၊ ဩဒါတကသိုဏ်းကလည်း လွယ်တာပဲ၊ သူကသာပြီး လွယ်သေးတယ်၊ အင်္ဂတေလိမ်းကျံထားတဲ့ တံတိုင်းတို့၊ နံရံတို့၊ ပိတ်ဖြူတို့ စသည် အဖြူတွေကတော့ ပေါပါတယ်၊ ကသိုဏ်းဝိုင်းလေး ပြုလုပ်ပြီးရှုနေရင် ဩဒါတကသိုဏ်းဖြစ်တာပဲ၊ အဲဒီကသိုဏ်းတွေကို နေရာတကျပြုလုပ်ပြီး ရှုနေရင် ဥပစာရသမာဓိ ဖြစ်လာတယ်၊ အဲဒီအခါမှာ နီဝရဏတွေကင်းပြီး ကသိုဏ်းအာရုံဟာ ကြည်ကြည်လင်လင်

ဖြစ်လာတယ်၊ ပကတိတုန်းက ကသိုဏ်းအာရုံလို မဟုတ်တော့ဘူး၊ ညက်ညောပြီး အရောင်အလင်းနဲ့တကွ ဖြစ်လာတယ်၊ အဲဒါ ဥပစာရသမာဓိပဲ၊ ဒီ သမာဓိ အားကောင်းလာတဲ့အခါ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ငါးပါးရှိတဲ့ ပဉ္စမဈာန်ကို ရောက်တော့တာပဲတဲ့။

ဒုတိယဈာန်စသည်မှာလည်း ဒီအတိုင်းပဲ၊ ဈာန်အင်္ဂါ ၄–ပါးရှိတဲ့ ဒုတိယဈာန်၊ ဈာန်အင်္ဂါ ၃–ပါးရှိတဲ့ တတိယဈာန်၊ ဈာန်အင်္ဂါ ၂–ပါးရှိတဲ့ စတုတ္ထဈာန် ရောက်တယ်တဲ့၊ အဲဒါတွေလည်း ပထဝီကသိုဏ်းလိုပဲ၊ ဒီအကုန်လုံး ဝေဖန်ဟော ကြားတော်မူတယ်၊ မြတ်ဘုရား အပြည့်အစုံ ဝေဖန်ဟောကြားပါတယ်၊ အကျယ် ကြီးပါပဲ။

ပြီးတော့ ပရိတ္တ ပရိတ္တာရမ္မဏ–သုဝဏ္ဏ ဒုဗ္ဗဏ္ဏစသည်ဖြင့်လည်း ဝေဖန်ဟော ကြားတော်မူသေးတယ်၊ အဲဒီလို ဝေဖန်ဟောကြားပြီး အဲဒီဈာန်တွေ ဖြစ်တိုင်း ဖြစ်တိုင်းမှာ ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ စသည်ဖြင့် အသေးစိတ် တရားတွေကို ဝေဖန်ပြပါသေးတယ်၊ အဲဒါ ကသိုဏ်းဝေဖန်ပုံပဲ၊ ပြီးသွားပါပြီ။

## ဗြဟ္မဝိဟာရဈာန်

ကသိုဏ်းဈာန်တွေပြီးတော့ ဗြဟ္မဝိဟာရတဲ့၊ ဗြဟ္မဝိဟာရဆိုတာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဒီလေးပါးပါပဲ၊ အဲဒါတွေကို ဝေဖန်ဟော ကြားတော်မူပါတယ်။

ကတမေ ဓမ္မာ ကုသလာ။ ။ ကုသလာ၊ ကုသိုလ်မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ ရူပူပပတ္တိယာ၊ ရူပဘဝဖြစ်ခြင်း၏။ မဂ္ဂံ၊ အကြောင်းဖြစ်သော။ ဈာနံ၊ ဈာန်ကို။ ဘာဝေတိ၊ ဖြစ်စေ၏။ ဝိဝိစ္စေဝကာမေဟိ၊ ဝတ္ထုကာမ ကိလေသာကာမတို့မှ ကင်းဆိတ်၍သာလျှင်။ ဝိဝေကဇံ၊ ဝိဝေကကြောင့်ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခကြောင့်ဖြစ်သော။ မေတ္တံ၊ ချမ်းသာစေလိုသော မေတ္တာစိတ်နှင့် ယှဉ်သော ပထမဈာနံ၊ ပထမဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ဖဿော ဟောတိ၊ ဖဿဖြစ်၏ စသည်ဖြင့် ဝေဖန်ဟောကြားပါတယ်။

တတိယအကြိမ်

အဲဒါဟာ မေတ္တာကမ္မဋ္ဌာန်းပါပဲ၊ ဒီမေတ္တာ ကမ္မဋ္ဌာန်းဟာ ကောင်းပါတယ် ဈာန်ရတာ မရတာ ထားလိုက်ဦးပေါ့၊ ဈာန်ရရ မရရ မေတ္တာကမ္မဋ္ဌာန် ပွားများနေတယ်ဆိုရင်၊ မေတ္တာပို့နေတယ်ဆိုရင်ကို ကုသိုလ်တွေ အများကြီ ဖြစ်နေတာပဲ။ အများသူငါ ပို့နေကြတယ်၊ ဘုန်းကြီးကျောင်းတွေမှာဆိုရ "သဗ္ဗေသတ္တာ သဗ္ဗေပါဏာ"စသည်ဖြင့် ပါဠိလို ရွတ်ပြီးတော့ ဝတ်တက်ဝတ်က ပရိရွတ်တဲ့အခါတိုင်း ထည့်ပြီး ရွတ်ဖတ်နေကြတာပဲ၊ အဲဒီမှာ စိတ်ပါဖို့ကတေ အရေးကြီးတယ်၊ တချို့က ရွတ်သာ ရွတ်နေကြတာ၊ စိတ်ကပါတာမဟုတ်ဘူ အဝေရာဟောန္တု-ရန်ကင်းကြပါစေလို့ ပါးစပ်က ဆိုနေပေမယ်လို့ စိတ်င တခြားမှာရောက်နေရင် မေတ္တာစိတ်ဓာတ် မပါတော့ဘူး၊ ဒီတော့ သမာဓိကုသိုင ကောင်းကောင်း မဖြစ်ဘူးပေါ့။

တခြား ရောက်နေတဲ့စိတ်က လောဘဖြစ်စရာ အာရုံတွေဆီ ရောက်နေတင ဆိုရင် လောဘစိတ်တွေဖြစ်နေမယ်၊ ဒေါသဖြစ်စရာ အာရုံတွေဆီ ရောက်င ရင်လည်း ဒေါသစိတ်တွေ ဖြစ်နေမယ်၊ မေတ္တာစိတ် မဖြစ်တော့ဘူး၊ မေတ္တာ နေတယ်ဆိုရင် မေတ္တာစိတ်ဖြစ်ဖို့က အရေးကြီးတယ်၊ ပါဠိလိုရွတ်ဆိုတတ်င ပါဠိလို ရွတ်ဆိုနေရင် "ချမ်းသာကြပါစေ" ဆိုတဲ့ မေတ္တာစိတ်ဓာတ်ပါ အရေးကြီးပါတယ်၊ "အဝေရာ ဟောန္တု၊ ဘေးရန်ကင်းကြပါစေ။ အနီဃ ဟောန္တု၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ။ အဗျာပဇ္ဇာ ဟောန္တု၊ စိတ်ဆင်းရဲက ကြပါစေ။ သုခီအတ္တာနံ ပရိဟရန္တု၊ ချမ်းသာနှင့်ပြည့်စုံသည်ဖြစ်၍ မိမိခန္ဓာကိုယ် ကောင်းစွာ ရွက်ဆောင်နိုင်ကြပါစေ"လို့ စိတ်ပါလက်ပါ တကယ်ချမ်းသာစေလို မေတ္တာဓာတ်နဲ့ ပို့ဖို့လိုပါတယ်၊ အဲဒီလို မေတ္တာပွားရမယ်၊ အချိန်တော်ဝေ ကြာသွားပြီ၊ တစ်နာရီခွဲကစပြီး ဟောလာခဲ့တာ အခု သုံးနာရီခွဲတောင်ရှိသွား အဲဒီတော့ နှစ်နာရီကြာသွားပြီ။

## တိုက်ရိုက်လာတဲ့ ကသိုဏ်းရှစ်ပါး

ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓာတ် ၄-ပါး ကသိုဏ် နီလ, ပီတ, လောဟိတ, ဩဒါတဆိုတဲ့ ဝဏ္ဏကသိုဏ်း ၄-ပါး၊ ပေ ၈-ပါး၊ ဒီအဘိဓမ္မာပါဠိတော်မှာ ဟောထားတာကတော့ ဒီကသိုဏ်း ၈-ပါးင

ဟောထားတယ်၊ ဝိသုဒ္ဓိမဂ်တို့ အဘိဓမ္မတ္ထသင်္ဂဟတို့မှာ ကသိုဏ်း ၁၀-ပါး ပြထားတယ်၊ ဒါပေမယ့်လို့ ၁၀-ပါးထဲက အာကာသကသိုဏ်းဆိုရင် အရူပ ဈာန်နဲ့ဆိုင်တယ်၊ ဝိညာဏကသိုဏ်းဆိုတာလည်း အရူပဈာန်ရဲ့အာရုံ၊ အရူပ ဈာန်နဲ့ပဲဆိုင်တယ်၊ အဲဒီတော့ ၈-ပါးပဲ၊ ပါဠိတော်မှာ တိုက်ရိုက်လာတယ်၊ အဲဒီကသိုဏ်းတွေကတော့ အခု တရားနာနေရင်း နှလုံးသွင်းဖို့ မဖြစ်ဘူးဆိုလို့ ရွတ်လို့လည်း ဘာမှမထူးဘူး၊ ဒီတော့ အဲဒါတွေကို အဆိုခိုင်းနေလို့မဖြစ်ဘူး။

အဲ မေတ္တာကမ္မဋ္ဌာန်းကတော့ ပွားလို့ရတယ်၊ သွားရင်း၊ လာရင်း၊ နေရင်း၊ ထိုင်ရင်းလည်း ပွားလို့ရတယ်၊ လွယ်လွယ်ကူကူ ပွားများနိုင်တာဖြစ်လို့ အင်မတန်ပွားများဖို့ ကောင်းတယ်၊ မေတ္တာပွားများနေတဲ့ ပုဂ္ဂိုလ်မှာ အကျိုး ၁၁-ပါး ရနိုင်တယ်တဲ့။

"အိပ်, နိုး ချမ်းသာ၊ ကောင်းစွာအိပ်မက်"တဲ့၊ အိပ်ရင်လည်း ချမ်းချမ်းသာသာနဲ့ အိပ်ရတယ်၊ နိုးရင်လည်း ချမ်းချမ်းသာသာနဲ့ နိုးရတယ်၊ အိပ်ပျော်နေတဲ့ အခါမှာလည်း မကောင်းတဲ့ အိပ်မက်တွေ မမက်ဘူးတဲ့၊ ပြီးတော့ "ချစ်လျက် လူနတ်"တဲ့၊ လူတွေကလည်း ချစ်တယ်၊ နတ်တွေကလည်း ချစ်တယ်။ "စောင့်လတ်နတ်များ"တဲ့၊ နတ်တွေကလည်း စောင့်ရှောက်ကြတယ်၊ "မီး, ဆိပ်, ဓါးတို့၊ ရှောင်ရှားကိုယ်မှာ" တဲ့၊ မီးတို့, အဆိပ်တို့ ဓါးလက်နက် တစ်စုံတစ်ရာတို့ မထိမခိုက်နိုင်ဘူး၊ "လျင်စွာစိတ်တည်"တဲ့ ချမ်းသာပါစေလို့ မေတ္တာပွားနေရင် စိတ်လည်းတည်ကြည်လွယ်တယ်၊ ပထဝီ ပတာဝီလို့ ပွားများ ရတာထက် စိတ်တည်လွယ်တယ်၊ မခက်ဘူး၊ "ရွှင်ကြည်မျက်နှာ"တဲ့၊ မေတ္တာပွား များနေတဲ့ ပုဂ္ဂိုလ်ရဲ့မျက်နှာဟာ ကြည်ကြည်လင်လင်လည်းရှိတယ်၊ အင်မတန် ကောင်းတာပဲ၊ လူတစ်ဦးတစ်ယောက်နဲ့ တွေ့တဲ့အခါ ချမ်းသာပါစေ၊ ချမ်းသာပါစေ လို့ ဒီလို မေတ္တာပွားများနေရင် မျက်နှာရွှင်ရွှင်ပျပျထားနိုင်တယ်၊ ပြောတဲ့စကားဟာ လည်း နားချမ်းသာတဲ့ စကားလုံးကောင်းကောင်းကို ပြောလို့ရတယ်၊ မေတ္တာကို မပွားဘဲ ပြောရင်တော့ ပြောမိပြောရာတွေကို လျှောက်ပြောမိတတ်တယ်၊ "သေခါမတွေ" တဲ့၊ သေခါနီးမှာလည်း မတွေမဝေဘဲ ကြည်ကြည်သာသာ သေရတယ်၊ "လားလေဗြဟ္မာ့ပြည်"တဲ့၊ သေရင်လည်း ဗြဟ္မာ့ပြည်ကို ရောက် နိုင်တယ်တဲ့၊ အဲဒါ မေတ္တာအကျိုး ၁၁-ပါးပါပဲ။

တတိယအကြိမ်

ဒါကြောင့် မေတ္တာပွားရတာဟာ အင်မတန် ကျေးဇူးများတယ်၊ ဒီတော့ တရားနာရင်လည်းပဲ၊ မေတ္တာချာန်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မေတ္တာတော့ ပွားကြမှဖြစ်မယ်။ ကဲ လိုက်ဆိုကြ–

အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အဲဒါ မေတ္တာပွားတာပဲ၊ ချမ်းသာပါစေ ချမ်းသာပါစေလို့ နှလုံးသွင်းလိုက်တိုင်း နှလုံးသွင်းလိုက်တိုင်း ချမ်းသာစေလိုတဲ့ မေတ္တာစိတ်လေးတွေဟာ အသစ်အသစ် ဖြစ်နေတာပဲ၊ အဲဒါလေးကို ဝိပဿနာရှုရတယ်၊ ချမ်းသာပါစေလို့ စိတ်က နှလုံးသွင်းလိုက်တာနဲ့ အဲဒီ ချမ်းသာပါစေဆိုတဲ့ မေတ္တာစိတ်ကလေးကို နောက်ကလိုက်ပြီး ရှုမှတ်ရတယ်၊ စိတ်အသိကလေးနဲ့ ရှုမှတ်ဖို့ပါပဲ၊ နာမည်မတပ်ဘဲ ဖြစ်ပါတယ်၊ အခု အားလုံးသတ္တဝါတွေလို့ ဆိုလိုက်တယ်၊ နှလုံးသွင်းလိုက်တယ်၊ အဲဒီ နှလုံးသွင်းလိုက်တဲ့ စိတ်ကလေးဟာ ပျောက်သွားတယ်၊ ဘေးရန်ကင်းပါစေလို့ နှလုံးသွင်းလိုက်ရင် အဲဒီနှလုံးသွင်းလိုက်တဲ့ စိတ်ကလေးလည်း ပျောက်သွားတယ်၊ မရှိတော့ဘူး၊ ဆင်းရဲကင်းပါစေလို့ နှလုံးသွင်းလိုက်ရင်လည်း ဒီလိုပဲ အဲဒီ စိတ်ကလေးဟာ မရှိတော့ဘူး၊ ပျောက်သွားတယ်၊ နောက် နှလုံးသွင်းသမျှ စိတ်ကလေးတွေလည်း ဒီအတိုင်းပဲ နှလုံးသွင်းပြီး တစ်ခါတည်း မရှိတော့ဘူး၊ ပျောက်ပျောက်သွားကြတယ်၊ အဲဒီလို နှလုံးသွင်းတဲ့ စိတ်ကလေးရယ် ရွတ်ဆို ပွားများတဲ့ စကားလေးတွေရယ် အားလုံး ပျောက်ပျောက်သွားတာချည်းပဲ၊ အဲဒါကို နောက်ကနေပြီးတော့ ရှုလိုက်လို့ရှိရင် ဒါဟာ ဝိပဿနာ ဖြစ်တော့တာပဲ၊ ဒါဟာ သမာဓိခေါ်တဲ့ သမထနဲ့ ဝိပဿနာ အစုံအစုံ ရှုတာပါပဲ၊ ဒီလို ဝိပဿနာ တစ်ခါတည်း ပါသွားအောင်ရှုရင် ပိုပြီးကောင်းတယ်။

မေတ္တာပို့နေရင်း ရန်သူ စဉ်းစားမိရင်လည်း ဒေါသစိတ် ဖြစ်လာတတ်တယ်၊ အဲဒီလို မဖြစ်ရအောင်လို့ အရပ်ဆယ်မျက်နှာမှ ရန်သူမရှိအောင် နှလုံးသွင်းထား ရတယ်၊ ဒေါသဖြစ်နေလို့ အလကားပဲ၊ သူလည်း သူ့ကံနဲ့သူ ဖြစ်နေတာပဲ၊

ကိုယ်လည်း ကိုယ့်ကံနဲ့ ကိုယ်ပဲ၊ ဒေါသဖြစ်နေရင် ဘာမှအကြောင်းမထူးဘူး၊ ဒေါသဖြစ်တာဟာ ဖြစ်တာရှိမှာပဲဆိုပြီး ဒေါသကို ဖျောက်ပစ်ရတယ်၊ ရန်သူရယ်လို့ မထားဘဲနဲ့ အားလုံးချမ်းသာပါစေလို့ မေတ္တာစိတ်ဖြစ်အောင် ပွားနေဖို့လိုပါတယ်၊ တစ်ဦးတည်းဆိုရင်တော့ ပွားလို့လွယ်ပါတယ်၊ ကိုယ်ပို့လိုတဲ့ ပုဂ္ဂိုလ်ကို အာရုံပြုပြီး ချမ်းသာပါစေ ချမ်းသာပါစေလို့ ပွားများရုံပါပဲ၊ ကိုယ်ပွားများလိုတဲ့ ပုဂ္ဂိုလ်ကို ရွေးပြီး မေတ္တာပွားများတာဖြစ်လို့ ဒေါသစိတ်ဖြစ်မယ် မဟုတ်ပါဘူး၊ ဈာန်မရတောင် ကုသိုလ်စိတ်တွေကတော့ ဖြစ်နေတာပဲ၊ ဈာန်ရရင်တော့ ဗြဟ္မာပြည် ဗြဟ္မာ့ဘဝကို ရနိုင်ရောက်နိုင်သေးတယ်။

## ရွာလူကြီး ခနုဍာနိဝတ္ထု

ဘုရားလက်ထက်တော် ကာလတုန်းက ခနုဍာနိပုဏ္ဏားကြီးဆိုတာ ရှိတယ်၊ သူဟာ အစိုးရအမှုထမ်း ရွာလူကြီးတစ်ယောက်ပါပဲ၊ အခွန်တော်ကောက်ရတဲ့ လူကြီးတဲ့၊ သူက အခွန်တော်ကောက်တဲ့အခါ အစိုးရဘဏ္ဍာတိုက်ကို သွင်းတဲ့အခါ ကျတော့ မိုးလေဝသမမှန်လို့ဆိုပြီး နည်းနည်းပဲသွင်းတယ်၊ ပြီးတော့ ပိုတာတွေကို သူကယူတယ်၊ သူဟာ ဒီလိုပဲ၊ မတရားအလုပ်တွေကို လုပ်နေတယ်၊ ဒီလိုနဲ့ တစ်နေ့တော့ သူဟာ မကျန်းမမာ ရောဂါဖိစီးနှိပ်စက်လာလို့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို ပင့်ရတော့တယ်၊ လူ့ဘဝတုန်းကတည်းက သူနဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးဟာ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေဖြစ်ခဲ့သတဲ့၊ သေခါနီး အားနည်းနေတဲ့အခါ ရောက်နေပြီဆိုတာသိတော့ ရင်းနှီးခဲ့ဖူးတဲ့ မိတ်ဆွေကို အမှတ်ရပြီး တွေ့သွားချင်လေ့ရှိကြတယ်၊ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက သူ့ထံရောက်လာတဲ့အခါကျတော့ သူ့ကို တရားဟောကြားတယ်၊ ဘယ်လို ဟောကြားသလဲဆိုရင်–

အပါယ်လေးဘုံမှာ အပါယ်ဘဝဖြစ်ရတာထက် လူ့ဘုံလူ့ဘဝ ဖြစ်ရတာက ကောင်းတယ်၊ အဲဒါကို နှလုံးသွင်းရမယ်၊ လူ့ဘဝထက် စာတုမဟာရာဇ်နတ်ဘဝက ပိုကောင်းပြန်တယ်၊ ဒီထက် တာဝတိံသာနတ်ဘဝ၊ ဒီထက် ယာမာနတ်ဘဝ၊ ဒီထက် တုသိတာနတ်ဘဝ၊ ဒီထက် နိမ္မာနရတိနတ်ဘဝ၊ ဒီထက် ပရနိမ္မိတဝသဝတ္တိနတ်ဘဝ ဒီလို တဆင့်ထက်တဆင့် ပိုပိုကောင်းတယ်လို့ ဟော

ကြားတော်မူတယ်၊ ဒီတော့ ပုဏ္ဏားကြီးက ဗြဟ္မာဘဝကိုကော ဟောပါသလားလို့ အရှင်သာရိပုတ္တရာကိုမေးတယ်၊ ဟုတ်တယ်-ဗြဟ္မာဘဝကို ဟောတယ်၊ အဲဒီ ဗြဟ္မာဘဝကို မရောက်ချင်ဘူးလားလို့ ပုဏ္ဏားကြီးကို အရှင်သာရိပုတ္တ ရာက မေးတော့ ပုဏ္ဏားကြီးက ရောက်ချင်ပါတယ်လို့ လျှောက်တယ်၊ ဒီလိုဆိုရင် ဗြဟ္မာဘဝရောက်နိုင်တဲ့ နည်းကိုဟောမယ်လို့ဆိုပြီး ဗြဟ္မာဘဝရောက်နိုင်တဲ့ နည်းလမ်းကို မထေရ်မြတ်က ဟောကြားတော်မူပါတယ်။

ဗြဟ္မာဘဝကို ရောက်လိုရင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရတရားကို ပွားရတယ်ဆိုပြီး ပွားပုံပွားနည်းကိုပါ ဟောကြားတော်မူတယ်၊ ဒီလို ဟောပြောပြီးတော့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးလည်း ကျောင်းကို ပြန်ကြွတော်မူတယ်၊ ပြန်ကြွသွားလို့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက ကျောင်းတောင် ပြန်မရောက်သေးဘူး ပုဏ္ဏားကြီးသေဆုံးသွားတယ်၊ သေဆုံးပြီး ဗြဟ္မာ့ဘုံမှာ ဗြဟ္မာကြီး ဖြစ်သွားသတဲ့၊ သေခါနီး ကပ်ကပ်ကလေးမှာပဲ ဈာန်ရသွားတယ်၊ ဒါကြောင့် ဗြဟ္မာ့ဘုံ ရောက်သွားတာပေါ့၊ ဈာန်ဆိုတာ လွယ်လွယ်လေးပဲ၊ ခက်တာမဟုတ်ဘူး၊ တခြားကုသိုလ်အကြောင်းက ထင်ထင် ရှားရှား မရှိဘူးဆိုရင် မကျန်းမမာဖြစ်တဲ့အခါမျိုးမှာ မေတ္တာပွားနေတာပဲ ကောင်းတယ်၊ အဲဒီ မေတ္တာစိတ်နဲ့ သေသွားရင် နေရာကျတာပဲ၊ အင်မတန် ကောင်းတယ်။

ဝိပဿနာယောဂီတွေမှာတော့ ဂိုယ့်ဝိပဿနာကို ကိုယ်ရှုနေရင် ဒါကတော့ အကောင်းဆုံးပါပဲ၊ အင်မတန်မှ ကျေးဇူးများပါတယ်၊ အရင်က အားထုတ် လေ့လာပြီးသားဆိုတော့ မကျန်းမမာဖြစ်တဲ့အခါ ရှုမှတ်လို့ လွယ်ပါတယ်၊ [illegible] ယောဂီဆိုရင်တော့ [illegible] ကိုယ့်ရှုပွားနေကျတရားကို [illegible] ရှုပါပဲ။

[illegible] မေတ္တာစိတ်နဲ့ [illegible] ကာပို [illegible] ကပ်ပြီး [illegible] ဖြစ်သွားပြီဆိုရင် ဈာန်ကိုရောက်ရှိသွားတော့တာပါပဲ၊ မြတ်စွာဘုရားက ဈာန်တရားတွေကို ပဋ္ဌမဒါဝသည်တို့ဖြင့် အကျယ်ကြီး

ဝေဖန်ဟောကြားတော်မူပါတယ်၊ ဈာန်မှာပါဝင်တဲ့ တရားတွေကိုလည်း ဖဿော ဟောတိ စသည်ဖြင့် ဟောကြားတော်မူတာပါတယ်၊ မေတ္တာဈာန်မှာတော့ အထူးမပါပါဘူး၊ ဒီ ၅၆-ပါးပါပဲ၊ ကရုဏာဈာန်မှာ ကရုဏာပိုပြီး ပါလာတယ်၊ မုဒိတာဈာန်ကျတော့လည်း မုဒိတာပိုပါလာတာပဲ ရှိပါတယ်၊ ဥပေက္ခာဈာန်ကျတော့ စတုတ္ထဈာန်, ပဥ္စမဈာန်မှသာပါတယ်၊ စတုတ္ထဈာန်, ပဥ္စမဈာန် အရာဌာနရောက်မှ ဥပေက္ခာကို ပွားများရတယ်တဲ့၊ အဲဒီလို ဝေဖန်ဟောကြားပါတယ်။

## ပြီးတော့ အသုဘကမ္မဋ္ဌာန်း

နောက်ပြီးတော့ အသုဘကမ္မဋ္ဌာန်းတွေကိုလည်း ဝေဖန်ဟောကြားတော်မူပါတယ်၊ အသုဘ ၁၀-ပါးထဲက ဥဒ္ဓုမာတကတဲ့၊ ဒါကတော့ ပဌမဈာန် တစ်မျိုးတည်း အတွက်ပါပဲ၊ ဥဒ္ဓုမာတက ဖူးဖူးရောင်နေတဲ့ သူသေကောင်ကို အာရုံပြုပြီးတော့ ရှုရင်လည်း ဈာန်ရနိုင်တယ်၊ ဝိနီလက, ဝိပုဗ္ဗက စသည်ဖြင့်လည်း အသုဘကမ္မဋ္ဌာန်းအနေနဲ့ ဝေဖန်ပြီး ဟောကြားပါတယ်၊ ဒီမှာလည်း ပဋိပဒါ လေးပါး စသည်ဖြင့်လည်း အရင်ဈာန်တွေမှာလိုပဲ ဝေဖန်ဟောကြားထားတာပါပဲ၊ အဲဒီ ဈာန်တိုင်း ဈာန်တိုင်းမှာလည်း **ဖဿော** ဟောတိ၊ ဝေဒနာ ဟောတိ စသည်ဖြင့် ဝေဖန်ဟောကြားပါတယ်ဝါရအားဖြင့် ကောဋ္ဌာသဝါရ,သုညတဝါရဆိုပြီး ဒီလိုပဲ ဟောကြားပါတယ်။

## အင်မတန်ခြောက်သွေ့တဲ့တရား

မြတ်စွာဘုရားက အဘိဓမ္မာတရားကို သုတ္တန်တရားတွေထက် ကျယ်ကျယ်ပြန့်ပြန့် ဟောကြားတယ်၊ ဒီလိုတရားမျိုးက နာယူရခဲပါတယ်၊ ဘုန်းကြီးက ခုဝါစဉ်အတိုင်းမို့သာ ဒီတရားကိုဟောဖြစ်တာ၊ အဘိဓမ္မာတရားသက်သက်ဆိုရင်ဖြင့် ဒီတရားက အင်မတန်ခြောက်သွေ့တာဖြစ်လို့ ပျင်းရိဖွယ် အလွန်ကောင်းတဲ့တရားပဲ၊ ဟောဖို့မလွယ်ဘူး၊ အခုဟောတာကတော့ ဝါတော်စဉ်နဲ့ကပ်ပြီး ဟောလာတာဖြစ်လို့ ဝါတော်စဉ်အလိုက် ဟောတရားအတိုင်း ဟောရတာပဲ၊ မြတ်စွာဘုရား ဝါတော်စဉ် အလိုက်ဆိုတော့ မြတ်စွာဘုရားရဲ့ ကြည်ညိုဖွယ်ဂုဏ်တွေကို အာရုံပြုပြီး ကြည်ညိုစရာ အင်မတန်ကောင်းပါတယ်၊ ပြီးတော့ မြတ်စွာဘုရားကိုယ်တော်တိုင်

တာဝတိံသာနတ်ပြည်မှာ ကြွရောက်ပြီး ဟောကြားတဲ့ အဘိဓမ္မာတရားဝေ ကြီးပဲလို့ အာရုံပြုပြီး ကြည်ညိုရမယ်၊ အဲဒီမှာ နတ်တွေက ဒီတရား နာယူနေကြတယ်၊ ငါတို့လည်း နတ်တွေနာယူကြသလို ဒီအဘိဓမ္မာတရားဝေ ကြီးကို နာယူရပေတယ်လို့ နှလုံးသွင်းပြီး ဝမ်းမြောက်ကြရမယ်၊ အခုဟောလာ အချိန်က နှစ်နာရီခွဲ သုံးနာရီလောက် ရှိသွားပြီ၊ တရားသိမ်းမှပဲ။

နောက်တရားပွဲမှာ ဘာဟောရမလဲဆိုတော့ အရူပဈာန်တွေကို ဆက်ဟေ ရမယ်၊ အရူပဈာန်တွေ ကျန်နေသေးတယ်၊ ပြီးတော့မှ လောကုတ္တရာဇ ဖိုလ်တရားတွေကို ဟောရမယ်၊ အဲဒါတွေဟောပြီးတော့မှ ကုသလာ ဓမ္မာဆို တရားဝေဖန်ချက်ပြီးပါလိမ့်မယ်၊ နောက်ပြီးတော့ "အကုသလာ ဓမ္မ အဲဒီ အကုသိုလ်တရားတွေကိုလည်း ဟောဖို့ရာရှိသေးတယ်၊ ပြီးဝေ ခေါင်းစဉ်အတိုင်း "အဗျာကတာ ဓမ္မာ" အဲဒီ အဗျာကတ တရားတွေကလ ရှိသေးတယ်၊ ကုသိုလ်, အကုသိုလ်တရားတို့ရဲ့ အကျိုးဖြစ်တဲ့ ဝိပါက်တရားဝေ ရဟန္တာတို့ သန္တာန်မှာဖြစ်တဲ့ ကြိယာတရားတွေ၊ အဲဒီ အဗျာကတ တရားတွေ ဟောရဦးမယ်၊ ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာဆို ဒီသုံးပုဒ်က အကျယ်ကြီးပဲ၊ အင်မတန် ကျယ်တယ်၊ အဲဒါတွေကို ဗဟုသုတလ ဖြစ်, မိမိတို့ အားထုတ်ထားတဲ့ တရားနဲ့လည်း နှိုင်းယှဉ်ပြီး ကြည့်နိုင်တာဖြ မှတ်သားစရာတွေပါ ပါတယ်၊ အဲဒါ တာဝတိံသာနတ်ပြည်မှာ ဟော တရားတဲ့။

## တရားသိမ်း

ဒီနေ့တော့ တရားသိမ်းကြစို့၊ နောက်တရားပွဲအတွက် နည်းနည်း အလှမ်း သွားလိမ့်ဦးမယ်၊ ဘာပြုလို့လည်းဆိုတော့ မကြာခင် ခရီးသွားစရာ ရှိနေသေးလို့ အခု တပို့တွဲလဆုတ် ၃-ရက်နေ့မှာ မန္တလေးကိုသွားပြီး တပေါင်းလဆ ၃-ရက်နေ့မှ ပြန်ရောက်မှာ၊ ဒီတော့ တပေါင်းလပြည့်နေ့မှာ မဟောနိုင်တော့ အဲဒီနေ့တော့ ဒီမှာ သင့်လျော်တဲ့ ပုဂ္ဂိုလ်တွေ ဟောပါလိမ့်မယ်၊ တန်ခူးလဆ ဆက်ဟောရမယ်၊ သင်္ကြန်တွင်းလည်း ဟောမယ်ဆိုရင် ဟောလို့ဖြစ်တာဝ သင်္ကြန်တွင်းရယ်၊ တန်ခူးလပြည့်နေ့ရယ် အဲဒီရက်တွေမှာ တော်တော်များ

ရပါတယ်၊ အဲဒီတော့လည်း တရားနာလာတဲ့အခါ ပေးထားတဲ့ စာရွက်ကလေးတွေ ယူခဲ့ကြရမယ်၊ စာရွက်မရသေးတဲ့ ပုဂ္ဂိုလ်ရှိရင်လည်း လာတောင်းနိုင်ပါတယ်၊ ဒီစာရွက်ပါမှလည်း ဒီတရားက နာလို့ဖြစ်တာ၊ စာရွက်မပါရင် ဘာတွေ ဟောနေတယ်ဆိုတာတောင် သိဖို့ခက်တယ်၊ ဒီစာရွက်ထဲမှာ အခြေခံအရေး ကြီးတဲ့ တရားတွေ အစုံပါတန်သလောက်ပါတယ်၊ အဲဒါ ယူခဲ့ကြ၊ ကဲ တရားသိမ်းကြမယ်။

ယနေ့အဖို့၌ ကျွန်ုပ်တို့ ပြုစုပွားများ အားထုတ်အပ်သော ကုသိုလ်ကောင်းမှုအပေါင်း၏ အဖို့ဘာဂကို အမိအဘတို့မှစ၍ အလုံးစုံသော သတ္တဝါအပေါင်းတို့အား ပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါ အပေါင်းတို့သည် ကုသိုလ်အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြပါစေ။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့၊

သာဓု . . . သာဓု . . . သာဓု

# အဘိဓမ္မာတရားတော်ကြီး

ဒီနေ့ ၁၃၃၆–ခုနှစ်၊ တပေါင်းလကွယ်နေ့ဖြစ်တယ်၊ လကွယ်နေ့ဆိုတော့ အခါတိုင်း ဦးသုဓာတ ဟောနေကျတရားပွဲနေ့ပါပဲ၊ ဒါပေမယ့် ဦးသုဓာတက နေမကောင်းလို့ အနားယူနေတာဖြစ်တော့ ဘုန်းကြီးကပဲ ဟောရမယ်၊ အခုအချိန်က ၂–နာရီ မတ်တင်းရှိသွားပြီ၊ ၁–နာရီခွဲလောက်တော့ ဟောရမယ်၊ ဟောရမယ့်တရား ကတော့ ဝါတော်စဉ်အရ တာဝတိံသာမှာ ဟောခဲ့တဲ့ အဘိဓမ္မာတရားကိုပဲ ဆက်ပြီးဟောရဦးမှာပဲ။

## သိပ္ပံဆရာတွေ တွေ့တဲ့ တာဝတိံသာ

တာဝတိံသာဆိုတာ အခုနေအခါမှာတော့ သိပ္ပံပညာတွေနဲ့ လိုက်ရှာလို့ မတွေ့ဘဲ ဖြစ်နေတယ်၊ နတ်တို့နေရာဆိုတာ လူတွေရဲ့ မျက်စိနဲ့ ကြည့်လို့ ရှာလို့တော့ မမြင်မတွေ့ပေဘူး၊ ရှိတော့ရှိမှာပဲ၊ လူတို့မျက်စိနဲ့ မမြင်နိုင်တာ ဖြစ်နေတယ်၊ ဒီတော့ ကောင်းကင်ကို ရောက်ရုံနဲ့ မမြင်နိုင်ဘူး၊ အဲဒီ တာဝတိံသာ ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်မှာ မြတ်စွာဘုရားရှင် သီတင်း သုံးပြီးတော့ အဘိဓမ္မာတရားကို ဟောတော်မူပါတယ်၊ မြတ်စွာဘုရား ဆွမ်းခံ ကြွပြီး ဆွမ်းဘုဉ်းပေးတဲ့အခါမှာ ဖန်ဆင်းထားခဲ့တဲ့ နိမ္မိတကိုယ်စား ဘုရားရှင်က ဟောရစ်ခဲ့တယ်၊ အဆက်မပြတ်ဘူး၊ အင်မတန် အံ့ဩစရာကောင်းပါတယ်။

ဒါပေမယ့်လို့ အခုနေအခါမှာ သိပ္ပံပညာတွေ အံ့ဩစရာကောင်းတာနဲ့ စာလိုက်ရင်တော့ ဟိုတုန်းက ဘုရားရှင်တန်ခိုးတော်နဲ့ ဖန်ဆင်းတာကို အံ့ ဩစရာကောင်းတယ်ဆိုတာ၊ အင်း သိပ်ပြီး အံ့ဩစရာမဟုတ်သေးလို့ ဆိုရမှာပဲ၊ အခု သာမန်ပုဂ္ဂိုလ်တွေ တီထွင်တဲ့ သိပ္ပံပညာနဲ့ ဒီကမ္ဘာကို သတင်းပို့တာတွေ၊ လ, ကမ္ဘာကနေပြီး သတင်းပို့တာတွေ၊ ကောင်းကင်ကနေပြီး သတင်းပေးပို့တာတွေ

အဲဒါတွေကို လူတွေ စိမ်ထားတာတောင်မှ အင်မတန် ဆန်းကြယ်နေတာပဲ၊ မြတ်စွာဘုရားက အနန္တတန်ခိုးနဲ့ ဖန်ဆင်းပြီး ဖြစ်နေတာဆိုတော့ သိပ်ပြီး အံ့သြစရာ မဟုတ်တော့ဘူး၊ သို့ပေမယ့်လို့ မဖြစ်ဖူးမြဲ ဖြစ်တာတွေဆိုတော့ ချီးကျူးစရာတွေပါပဲ။

## ကာနေ့ အရူပါဝစရအာလှည့်

တပို့တွဲလပြည့်နေ့ ရူပါဝစရကုသိုလ်တရားတွေ ဖြစ်ပုံကို ဟောလို့ ပြီးခဲ့ပြီ၊ ကနေ့ အရူပါဝစရစျာန်အကြောင်းကို ဟောဖို့ရာ အလှည့်ကျတယ်၊ ဟောပုံကို ကြည်ညိုရအောင် ရှေးဦးစွာ ဘုန်းကြီး၁ ပါဠိတော်ကို ရွတ်ပြမယ်၊ နောက်နဲ့တဲ့ ဒီအဘိဓမ္မာတရားတော်ကို အာရုံပြုလျက် ကြည်ညိုပြီး နာကြရမယ်။

ကတမေ ဓမ္မာ ကုသလော။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း . . တဲ့။ ကုသိုလ်တရားတွေဆိုတာ အဘယ်တရားတွေလဲ . . လို့ မေးတယ်။

အဖြေက–

ယသ္မိံ သမယေ အရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ သဗ္ဗသော ရူပသညာနံ သမတိက္ကမာ ပဋိဃသညာနံ အတ္ထင်္ဂမာနာနတ္တသညာနံ အမနသိကာရာ အာကာသာနဉ္စာယတနသညာသဟဂတံ သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာ သတိပါရိသုဒ္ဓိံ စတုတ္ထံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟာရတိ ဥပေက္ခာသဟဂတံ။ တသ္မိံ သမယေ ဖဿော ဟောတိ ဝေဒနာ ဟောတိ။ပ။ အဝိက္ခေပေါ ဟောတိ။ ပ။ ဣမေ ဓမ္မာ ကုသလာတဲ့။

ယသ္မိံ သမယေ၊ အကြင်အခါ၌။ အရူပူပ ပတ္တိယာ၊ အရူပဘဝ၌ ဖြစ်ရန်အလို့ငှါ။ မဂ္ဂံ၊ အကြောင်းဖြစ်သော ကုသိုလ်တရားကို။ ဘာဝေတိ၊ ဖြစ်စေ၏။ အရူပဘုံ၌ ဖြစ်ခြင်း၏ အကြောင်းဖြစ်တဲ့ ကုသိုလ်တရားတဲ့၊ ရူပစျာန်တုန်းကတော့ ရူပူပပတ္တိယာ၊ ရူပဘဝ၌ဖြစ်ခြင်း၏။ မဂ္ဂံ၊ အကြောင်းဖြစ်သော။ ဝါ–ရူပဘဝ၌

ဖြစ်ရန်အလို့ငှာ။ မဂ္ဂံ ဘာဝေတိ၊ ဖြစ်ကြောင်း ကုသိုလ်တရားတွေကို ဖြစ်စေ၏တဲ့၊ ဒီလိုဆိုပါတယ်။

အဲဒါကလည်း ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်လို့ စတုက္ကနည်းနဲ့၊ တစ်နည်း ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်လို့ ပဉ္စကနည်းနဲ့၊ တစ်နည်း–အဲဒီနည်း ၂–နည်းစလုံးနဲ့ အဘိဓမ္မာမှာ ဟောကြားတော်မူထားတယ်၊ သုတ္တန်မှာတော့ကာ စတုက္ကနည်းနဲ့သာပါပဲ၊ စတုတ္ထဈာန်အထိဆိုရင် ဈာန်ကုန်သွားပါတယ်၊ အခု အရူပဈာန်ကျတော့ အရူပူပပတ္တိယာ၊ အရူပဘဝ၌ ဖြစ်ရန်အလို့ငှာ။ အရူပဘဝ၌ဖြစ်ဖို့ရန်။ မဂ္ဂံ၊ အကြောင်းဖြစ်သော ကုသိုလ်ကို၊ ဘာဝေတိ၊ ဖြစ်စေ၏လို့ ဆိုတယ်၊ အဲဒါ ပဌမစလျှင်စခြင်း အရူပဈာန်ကိုရမလို့ မဖြစ်ဘူး၊ ရူပဈာန်တွေကို ရပြီးတဲ့ ပုဂ္ဂိုလ်မှသာ ရနိုင်တာ။

အရူပဘုံဆိုတာ ၄–ဆင့်ရှိတယ်၊ အာကာသာနဉ္စာ ယတနဘုံက တစ်ဆင့်၊ ဝိညာဏဉ္စာယတနဘုံကတစ်ဆင့်၊ အာကိဉ္စညာယတနဘုံကတစ်ဆင့်၊ နေဝသညာနာသညာ ယတနဘုံကတစ်ဆင့်၊ အဲဒီ ၄–ဆင့်ကို ရောက်စေနိုင်တဲ့အကြောင်း ဈာန်ကလည်း ၄–ခု၊ ၄–ဆင့်ရှိတာပဲ၊ အခုအဆင့်ကတော့ ပဌမဆုံး အာကာသာနဉ္စာယတန ဆိုတဲ့ အောက်ဆုံးအဆင့်ပါပဲ၊ အရူပဘဝဆိုတာ အ–ရူပတဲ့၊ ရူပဆိုတာကရုပ်၊ အ–ဆိုတာက မရှိတာ၊ ဒါကြောင့် အရူပ–ဆိုတာ ရုပ်မရှိတဲ့ ဘုံ တဲ့။ အဲဒီဘုံတွေမှာ ရုပ်မရှိဘူး၊ နာမ်သက်သက်ပဲရှိတယ်၊ ဘုံ ၃၁–ထဲမှာ ရုပ် နာမ် ၂–ပါးလုံး အစုံရှိတဲ့ဘုံက ၂၆–ဘုံပဲရှိတယ်၊ ရုပ်သက်သက်သာရှိတဲ့ ဘုံက ၁–ဘုံပဲရှိတယ်၊ နာမ်သက်သက်ဘုံက ၄–ဘုံဆိုတော့ ၃၁–ဘုံတဲ့။

ရုပ်သက်သက်ရှိတဲ့ဘုံကို အသညသတ်ဘုံလို့ ခေါ်တယ်၊ ရူပါဝစရ စတုတ္ထဈာန် တိုင်အောင် အားထုတ်ပြီးတော့ အဲဒီ စတုတ္ထဈာန်ရတဲ့ ပုဂ္ဂိုလ်နာမ်ကို ရွံမုန်းစက်ဆုပ်ပြီး ပွားများလို့ရှိရင် အဲဒီဘုံကိုရောက်တာပဲ၊ အဲဒီဘုံမှာ အဆင့်ကတော့ တစ်ဆင့်ထဲရှိတယ်၊ ဒါပေမယ့် ၂–မျိုးခွဲထားတယ်၊ ဝေဟပ္ဖိုလ်ဗြဟ္မာနဲ့ အသညသတ် ဗြဟ္မာတဲ့၊ အဆင့်ကတော့ အတူတူပါပဲ၊ ဥပမာ ရွာတစ်ရွာထဲမှာ လူအမျိုးမျိုး နေထိုင်သလိုပေါ့။

ဝေဟပ္ဖိုလ်ဘုံကတော့ အသညသတ်ဘုံလို ရုပ်တစ်မျိုးသာ ရှိတာမဟုတ်ဘူး၊ နှာမ်ရော ရုပ်ရော အစုံရှိတယ်၊ မျက်စိလည်းရှိတယ်၊ နားလည်းရှိတယ်၊ စိတ်ကူးစဉ်းစားကြံစည်မှုလည်းရှိတယ်၊ ပြီးတော့ နှာခေါင်းပုံသဏ္ဍာန်လည်း ရှိတာပဲ၊ အနံ့တွေကို နံတဲ့ မွှေးတဲ့ ဃာနပသာဒရုပ်ကတော့ မရှိဘူး၊ နှာခေါင်းလောက်သာရှိတယ်၊ လျှာဆိုတာလည်း ရှိတော့ရှိတာပဲ၊ ဒါပေမယ့် စကားပြောလိုတဲ့အခါ ပြောနိုင်ရုံလောက်သာရှိတယ်၊ အရသာကိုခံစားတဲ့ ဇိဝှါပသာဒတော့ မရှိဘူး၊ ခန္ဓာကိုယ်ထည်ကြီးလည်း ရှိတာပဲ၊ ဒါပေမယ့် အတွေ့အထိ ထိနိုင်တဲ့ ကာယပသာဒရုပ်ကတော့လည်း မရှိဘူး၊ ဒါကြောင့် ရူပဗြဟ္မာတွေဟာ အနံ့အဆိုးအကောင်းတွေကိုလည်း မခံစားကြဘူး၊ အရသာတွေကိုလည်း မစားကြဘူး၊ စားလိုတဲ့စိတ်လည်း မရှိကြဘူး၊ တချို့က အဲဒီ အစာမစားရတာကို ဒုက္ခရောက်နေမှာပဲလို့ ထင်ကြတယ်၊ ဘယ်ဟုတ်ပါ့မလဲ၊ သူတို့မသိကြလို့ ဒီလိုထင်နေကြတာပဲ၊ မစားချင်လို့ စားစရာမရှာဖွေရဘဲ အလိုလိုချမ်းသာနေကြတယ်၊ စားမှုသောက်မှုဒုက္ခတွေငြိမ်းအေးပြီး ချမ်းသာနေကြတယ်၊ စားရသောက်ရတာဆိုတာ မလွှဲသာလို့ မနေနိုင်လို့ စားသောက်နေကြရတာ၊ စားတတ်တာရှိပြီး မစားရရင် အဲဒီပုဂ္ဂိုလ်တွေမှာ စားမှု, သောက်မှုအတွက် ဘယ်လောက်ဒုက္ခရောက်ကြရသလဲ၊ ဒါဟာ အင်မတန်ကြီးကျယ်တဲ့ ဒုက္ခကြီးတစ်ခုပဲ၊ စားတတ်တာမရှိတဲ့သူမှာတော့ မစားရပေမယ့် ဒီစားရမှု သောက်ရမှု ဒုက္ခကြီးဟာ ငြိမ်းအေးပြီး အင်မတန်ချမ်းသာတဲ့ ချမ်းသာကြီး တစ်ခုပဲ၊ တစ်ထပ်စားရတယ်ဆိုရင် တစ်ထပ်ဒုက္ခရောက်ရတယ်၊ နှစ်ထပ်စားရတယ် ဆိုရင် နှစ်ထပ်ဒုက္ခရောက်ရတယ်၊ အရသာကိုကြိုက်လို့ စားရတာကောင်းတယ်, မြိန်တယ်ဆိုပြီး စားနေရပေမယ့်လို့ စားရဖို့ အားထုတ်ရတာတွေ, ရှာဖွေရ အားထုတ်ရတာတွေ, ချက်ပြုတ် လုပ်ကိုင်ဆောင်ရွက်ရတာတွေ, စားနေရ, သောက်နေရတာတွေ အဲဒါဟာ ဒုက္ခတွေချည်းပဲ၊ အဲဒီဒုက္ခတွေမရှိဘူး၊ ကင်းငြိမ်းသွားတယ်ဆိုရင် အဲဒီဒုက္ခတွေအတွက် ချမ်းသာသွားတယ်။

ဗြဟ္မာတွေမှာ အစာအာဟာရ စားသောက်မှုတွေ မရှိကြဘူး၊ မစားဘဲနေနိုင်ကြတယ်၊ ဆာလည်း မဆာဘူး၊ စားချင်တဲ့စိတ် မရှိဘူး၊ ဒီတော့ သူတို့မှာ

စားမှု သောက်မှု ဒုက္ခတွေငြိမ်းပြီး ချမ်းသာနေကြတယ်၊ အတွေ့အထိတွေနဲ့ ပတ်သက်ပြီးတော့ ခံစားခြင်း မရှိကြဘူး၊ ဒါကြောင့် လူတို့လောကမှာလို ယောကျ်ား, မိန်းမတို့ရဲ့ အတွေ့အထိတွေကို အလိုမရှိကြဘူး၊ တွေ့ထိခံစားလိုမှုတွေ ငြိမ်းအေးပြီး အင်မတန် ချမ်းသာနေကြတယ်။

သူတို့မှာ မျက်စိရှိတဲ့အတိုင်း မျက်စိကမြင်ရတယ်၊ နားရှိတဲ့အတိုင်း နားက ကြားရတယ်၊ မြင်ရ, ကြားရတာက သူတို့မှာ အသုံးကျတယ်၊ ဘုရားတို့, သံဃာတို့ကို မြင်နိုင်တယ်၊ ကြည်ညိုနိုင်တယ်၊ ဒီလိုမြင်ရတော့ ဒဿနာနုတ္တရိယကုသိုလ်တွေ ဖြစ်နိုင်တယ်၊ နားက တရားသံတွေကို ကြား နိုင်နာနိုင်လို့ သဝနာယနုတ္တရိယ ကုသိုလ်တွေဖြစ်နိုင်တယ်၊ အဲဒီလို ကုသိုလ်တွေ ရနိုင်ခြင်းရဲ့ အကြောင်းဖြစ်လို့ မျက်စိနဲ့ နားကတော့ မြင်နိုင် ကြားနိုင်ရတာတဲ့၊ ပြီးတော့ စဉ်းစားကြံစည်မှုတွေလည်း ရှိကြတယ်တဲ့၊ အဲဒါဟာ ဝေဟပ္ဖိုလ် ဗြဟ္မာတွေပဲ။

## အသညသတ် ဗြဟ္မာ

အသညသတ်ဗြဟ္မာတွေကျတော့ သူတို့မှာ ရုပ်သက်သက်သာ ရှိကြတယ်၊ စိတ် မရှိကြဘူး၊ ဗြဟ္မာပုံသဏ္ဌာန်ချင်းကတော့ အတူတူပါပဲ၊ မထူးခြားပါဘူး၊ စိတ်မရှိတာဖြစ်တော့ မလှုပ်မရှားဘဲ အရုပ်ကြီးတွေလို နေကြမှာပဲ၊ ဒီရုပ်တွေက ကံကြောင့်ဖြစ်တဲ့ ရုပ်တွေဆိုတော့ ဗြဟ္မာဘုံသွားပြီးတော့ ဗြဟ္မာတို့ ပုံသဏ္ဌာန်အတိုင်း ဖြစ်နေကြရတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်၊ စိတ်မရှိတာဖြစ်လို့ သိတာကတော့ မရှိဘူး၊ ဘာမှမသိကြဘူး၊ သစ်သားတို့, အင်္ဂတေတို့, ပလတ်စတစ်တို့ကို ထုထားတဲ့ အရုပ်တွေလိုပေါ့၊ ဒီ သစ်သားရုပ် စသည်တို့ကတော့ ကံ ကြောင့်ဖြစ်တာ မဟုတ်ဘူး၊ ဥတုဇရုပ်တွေ၊ ဥတုကြောင့် ဖြစ်နေတဲ့ ရုပ်တွေကို လူတွေက ထုလုပ်ထားကြတာဖြစ်တယ်၊ အသညသတ် ဗြ[illegible]ကတော့ လူတွေလိုပဲ၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်တွေ၊ ဒါပေမယ့် လှုပ်[illegible] မြင်လည်းမမြင် ကြဘူး၊ ကြားလည်းမကြားကြဘူး, စိတ်ကူးကြံစည်မှု[illegible]ကြဘူး၊ စိတ်မှ မရှိကြပဲကိုး။

တတိယအကြိမ်

စတုတ္ထစျာန်ကို ရပြီးတဲ့အခါကျတော့ သူတို့က စိတ်ကို ရွံမုန်းစက်ဆုပ်ကြတယ်၊ စိတ်ရှိလို့သာ ဒုက္ခတွေကို ခံစားနေရတယ်၊ စိတ်မရှိရင် အေးတယ်, ချမ်းသာတယ်လို့ သူတို့က ဒီလို အယူရှိကြတာကိုး၊ အဲဒါ ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ်၊ စိတ်ရှိလို့သာ အကောင်းအဆိုးတွေကို ခံစားနေကြတာ၊ စိတ်မရှိဘူးဆိုရင် တုံးတိုင် ကျောက်ခဲ စသည်တို့လိုပင် ကောင်းတဲ့ဟာ, ဆိုးတဲ့ဟာ ဘာကိုမှ ခံစားနေစရာမလိုဘူး၊ တုံးတိုင် ကျောက်ခဲတွေဆိုရင် လူတွေက ဓားနဲ့ခုတ်လိုက်, တူနဲ့ထုလိုက်, ဒီလိုပြုလုပ်နေကြပေမယ့် ဘာမှ ခံစားမှုမရှိဘူး၊ ဒါဟာ စိတ်မရှိလို့ပဲ၊ လူတွေမှာတော့ ဒီလိုမဟုတ်ကြဘူး၊ ရုပ်ရော စိတ်အသိရော ရှိနေကြတာဖြစ်လို့ အကောင်းအဆိုး ခံစားနေကြရတယ်၊ ဒါကြောင့် ဒီအကောင်းအဆိုးတွေအတွက် ဒုက္ခရောက်နေကြရတာပဲ၊ ဒီလို စိတ်ကူးကြံစည်ပြီး စိတ်ရော သညာရော ရွံမုန်းစက်ဆုပ်ပြီး ဈာန်ကို ပွားများတယ်၊ ဒီလို ပွားများပြီး လူအဖြစ်က သေလွန်သွားတဲ့အခါ နာမ်မရှိတဲ့ အသညသတ်ဘုံမှာ ရုပ်သက်သက်နဲ့ ဖြစ်တော့တာပဲ၊ အဲ သွားဖြစ်တဲ့အခါမှာလည်း ဒီလို လူ့ပြည်ကသေတဲ့အတိုင်း သွားဖြစ်ကြရတယ်၊ ပက်လက်သေရင် ဟိုမှာ ပက်လက်သွားဖြစ်တယ်၊ ထိုင်လျက်သေရင် ဟိုမှာ ထိုင်လျက်သွားဖြစ်တယ်၊ ရပ်လျက်သေရင် ရပ်လျက်ပဲ သွားဖြစ်တယ်၊ ဒီတော့ အဲဒီ အသညသတ်ဘုံက အသညသတ်ဗြဟ္မာကြီးတွေဟာ ပုံစံအမျိုးမျိုး ဖြစ်နေကြမှာပေါ့၊ အဲဒါ စိတ်နဲ့ သညာမရှိတဲ့ အသညသတ်ဘုံတဲ့၊ အသညသတ် ဗြဟ္မာကြီးတွေပါပဲ။

## ရုပ်ရောနာမ်ရောရှိတဲ့ဘုံ

ကျန်တဲ့ ရူပဗြဟ္မာတွေကတော့ ရုပ်, နာမ် အစုံရှိကြတယ်၊ ကာမဘုံဆိုတာလည်း ဒီအတိုင်းပါပဲ၊ ရုပ်ရော နာမ်ရော အစုံရှိကြတယ်၊ ကာမဘုံထဲက ကာမသုဂတိဘုံဆိုတာ ၇-ဘုံရှိတယ်၊ လူ့ဘုံနဲ့ နတ်ပြည်ခြောက်ထပ်ဆိုတဲ့ နတ်ဘုံတွေပေါ့၊ အဲဒါ ကာမသုဂတိ ၇-ဘုံခေါ်တယ်၊ နောက်ပြီးတော့ အပါယ်လေးဘုံကိုပါ ပေါင်းလိုက်တော့ ကာမ ၁၁-ဘုံတဲ့၊ သူတို့တွေက ရုပ်, နာမ် အစုံရှိကြတယ်၊ လူတွေမှာရော, နတ်တွေမှာရော, တိရစ္ဆာန်တွေမှာရော

ရုပ်တွေ၊ နာမ်တွေ အစုံရှိကြတာချည်းပဲ၊ မမြင်ရတဲ့ ပြိတ္တာတွေ၊ အသူရကာယ်တွေ အားလုံးမှာ ရုပ်, နာမ် ရှိကြတာချည်းပဲ။

## အရူပဘုံနဲ့ အရူပဈာန်

အခု အရူပဘုံဆိုတာကတော့ ရုပ်မရှိဘူး၊ စိတ်နာမ်သက်သက်သာရှိတယ်၊ အံ့ဩစရာပဲ၊ အခုကာလ သိပ္ပံပညာနဲ့တော့ စမ်းသပ်ရှာဖွေလို့ မရနိုင်ဘူးပေါ့၊ ဘာကြောင့်လဲဆိုတာ သိပ္ပံပညာဆိုတာ ရုပ်ဝတ္ထုရှိနေမှ စမ်းသပ်လို့ ဖြစ်နိုင်တာကိုး၊ အခု ရုပ်မရှိတဲ့စိတ်တွေကို ဘယ်နည်းနဲ့မှ သိပ္ပံပညာနဲ့ စမ်းသပ်မရပါဘူး၊ စမ်းသပ်ဖို့ဝေးလို့ ရှိမှန်းတောင်မှ မသိနိုင်ဘူး၊ အင်မတန် သိမ်မွေ့ပြီး ကံကြောင့် ထူးထူးခြားခြား ဖြစ်ရှိနေတာဆိုတော့ သိပ်အံ့ဩစရာကောင်းပါတယ်။

ဗုဒ္ဓတရားတော်မှာ အဲဒီလို နက်နဲသိမ်မွေ့တဲ့ တရားတွေရှိနေပါတယ်၊ ဒါက ဗုဒ္ဓလက်ထက်တော်မှာသာ ရှိနေတာမဟုတ်ပါဘူး၊ သာသနာတော် အပြင်ဘက်က ရသေ့တွေလည်းပဲ ဒီအရူပဈာန်တရားတွေ ကျင့်ကြံအားထုတ်နေတာ ရှိကြပါတယ်၊ ဒီဈာန်တွေထဲက အာကိဉ္စညာယတနဈာန်ကို ရသေ့တွေက သိပ်ပြီးသဘောကျကြတယ်၊ အာကိဉ္စည ဘာမှ ကြောင့်ကြစရာမရှိဘူး ဆိုပြီးတော့ ဒီဈာန်ကို သူတို့က ရအောင်အားထုတ်ကြတယ်၊ အာဠာရ ရသေ့ကြီးဆိုရင် ဒီဈာန်ကိုရအောင် အားထုတ်ထားတာပဲ၊ ဥဒကရသေ့ ဆိုတာကတော့ နေဝသညာနာသညာယတနဈာန်တိုင်အောင် ဈာန်တွေအကုန်လုံး အားထုတ်ထားတယ်၊ အဲဒါ အရူပဘုံမှာဖြစ်ဖို့ရာ အကြောင်းတရားတွေတဲ့၊ အရူပဘုံမှာ အာကာသာနဉ္စာယတန ဈာန်ဆိုတာ အစပထမအဆင့်ပဲ။

အရူပူပပတ္တိယာ၊ အရူပဘုံ၌ ဖြစ်ရန်အလို့ငှာ။ မဂ္ဂံ၊ အကြောင်းဖြစ်သော ကုသိုလ်တရားကို။ ဘာဝေတိ၊ ဖြစ်ပွားစေ၏တဲ့။ အဲဒီ အရူပဈာန်ရဖို့ရာ ရူပဈာန်တွေ အားလုံးရအောင် ပွားများပြီး အခြေခံခဲ့ရတယ်။ ရူပဈာန် အားထုတ်ပုံတွေကိုတော့ စောစောက ပြောခဲ့ပြီးပါပြီ၊ သမထကမ္မဋ္ဌာန်းဆိုတာ ထူးထူးခြားခြားမဟုတ်ပါဘူး၊ သမထကမ္မဋ္ဌာန်းက သမာဓိဖြစ်ဖို့ရာသာ အရေးကြီးပါတယ်၊ ယူထားတဲ့အာရုံပေါ်မှာ စိတ်ကလေး တည်တံ့နေဖို့ရာကိုပဲ

ပြုလုပ်နေရတယ်၊ စိတ်ကလေးကို ဒီလိုတည်နေလို့ရှိရင် နီဝရဏတွေ ကင်းရှင်းသွားတယ်တဲ့၊ ဒီတော့လည်း စိတ်ကလေးဟာ အထူးတလည် သန့်သန့်စွမ်းစွမ်းဖြစ်လာတယ်၊ အဲဒီလို သန့်သန့်စွမ်းစွမ်း ဖြစ်လာတဲ့စိတ်ကိုပဲ ဈာန်လို့ခေါ်ပါတယ်၊ သူ့အာရုံထဲမှာသာသူ စွဲစွဲမြဲမြဲဖြစ်ပြီး တည်နေတဲ့စိတ် တဲ့။

## မှောင်ရိပ်ထဲကလူ

အာနာပါန ကမ္မဋ္ဌာန်းနေရာမှာ အသိဉာဏ်တွေ ရှုပ်ရှုပ်ထွေးထွေးလေး ဖြစ်နေတတ်ကြတာတွေရှိတယ်၊ ပရိက်မ်တွေဘာတွေ သိပ်မများဘဲ လွယ်လွယ်ကူကူ အားထုတ်ရတာဖြစ်တော့ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်သူတွေ တော်တော်များတယ်လို့ သိရတယ်၊ အာနာပါနကမ္မဋ္ဌာန်းဆိုတာ ထွက်လေဝင်လေကို ရှုရတာပဲ၊ မြတ်စွာဘုရား ဟောကြားတာကလည်း ထွက်လေဝင်လေကိုရှုဖို့ ဟောကြားတော်မူတာပါပဲ၊ ဒါပေမယ့် မကြာမီကလေးကမှ ထိသိကို ရှုမယ်ဆိုပြီး ဝိပဿနာရှုပုံ ပေါ်လာပါတယ်၊ ဒီအတိုင်းလည်း ရှုတတ်လို့ရှိရင် ဝိပဿနာ ဖြစ်နိုင်စရာအကြောင်းတော့ ရှိပါတယ်၊ ဒါပေမယ့် မြတ်စွာဘုရား မူလဟောတော်မူရင်းကတော့ လေကိုရှုဖို့ပါပဲ၊ ထိသိကိုရှုဖို့ မဟုတ်ပါဘူး။

တချိန်က ဘုန်းကြီး စစ်တွေကိုသွား တရားဟောတယ်၊ အဲဒီမှာ လူတစ်ယောက်က သူ[illegible]ဘာကျတဲ့ အချက်တွေကို စာနဲ့ရေးပြီး လျှောက်တယ်၊ သူလျှောက်တာ [illegible] အကုန်လုံး အမှားချည်းပါပဲ၊ သူကတော့ သူ့ဟာသူ မှန်တယ်လို့ထင်ပြီး ဘုန်းကြီးကိုပဲ မှားတဲ့အနေနဲ့ သူက စောဒကတွေတက်ပြီး သူ့စာမှာ ရေးလိုက်သေးတယ်၊ ဒါပေမယ့် သူ့နာမည်နဲ့ သူ့လိပ်စာကိုတော့ ထည့်ပြီးမရေးဘူး၊ ဒီတော့ အမှန်ရောက်အောင် ပြန်ပြီးဖြေရှင်းခွင့်မရဘဲ ဖြစ်သွားတယ်၊ ခက်တာပဲ၊ သူ့လိ[illegible] အပြည့်စုံပါရင်လည်း ဖြေရှင်းပေးရလေရဲ့၊ သူ့နာမည်နဲ့ လိပ်စာ[illegible] မ[illegible]ပြဝံ့ဘဲ မှောင်ရိပ်ထဲကနေ ရေးတာဖြစ်တော့ အမှန်အကန် သိသွား[illegible]င် [illegible]ရှင်းခွင့် မရတော့ဘူးပေါ့၊ မှောင်ရိပ်ထဲကနေပြီး ဆန့်ကျင်တဲ့သဘောဖြ[illegible]နေ[illegible]ယ်၊ သူ့စာထဲမှာက "ကိုယ်တော်ကြီး တစ်ပါးကတော့တဲ့၊ ထိသိကိုရှုဖို့ ပြောတယ်တဲ့၊ ထိသိရှုတာကမှ သဘာဝကျတယ်၊ အရှင်ဘုရားက လေ[illegible]ကို ရှုဖို့ရာပြောတယ်၊ အရှင်ဘုရားပြောတာမှားတယ်တဲ့၊ အင်း အခက်သားလူပါပဲ၊

ဘုန်းကြီးက ဘုရားဟောတော်မူတဲ့အတိုင်း ဟောနေတာပဲ၊ ဘုရားကိုတောင် မှားတယ်ဆိုရင်တော့ ဖြေရှင်းဖို့ မတတ်နိုင်တော့ပါဘူး။"

အာနာပါန ထွက်လေ, ဝင်လေဆိုတာက ဈာန်ရအောင်လို့ရှုတာ၊ ဈာန်ရပြီးတော့မှ ဝိပဿနာရှုပုံကို ပါဠိအဋ္ဌကထာတွေကပြထားတယ်၊ ရှေးဦးစွာ ဈာန်ရအောင် ဝင်တိုင်း ထွက်တိုင်း ဝင်လေထွက်လေကို နှာသီးဖျားကနေပြီး ရှုရတယ်၊ တချို့ နှာခေါင်းတိုတဲ့ ပုဂ္ဂိုလ်ရှိတယ်၊ တချို့ နှာခေါင်းရှည်တဲ့ ပုဂ္ဂိုလ်ရှိတယ်၊ နှာခေါင်းရှည်တဲ့ပုဂ္ဂိုလ်တွေကျတော့ နှာသီးဖျားမှာ ရှုရတယ်တဲ့၊ နှာခေါင်းတိုတဲ့ ပုဂ္ဂိုလ်တွေကျတော့ အထက်နှုတ်ခမ်းမှာ လေလာပြီး တိုက်တယ်၊ ထိတယ် အဲဒါကို ရှုရတယ်တဲ့။

## ပါဠိအဋ္ဌကထာ ဋီကာတွေကို မကြိုက်လို့လား

ပါဠိတွေနဲ့ တခမ်းတနား ဟောနေတဲ့ ပုဂ္ဂိုလ်တစ်ဦးကတော့ မုခနိမိတ္တ ပါးစပ်ကနေပြီး ရှုတယ်လို့ ရေးသားထားပြန်သေးတယ်၊ အဋ္ဌကထာ, ဋီကာတွေကို မကြိုက်လို့ဘဲ ဒီလိုရေးတာလားတော့ မသိပါဘူး၊ သူကတော့ မုခနိမိတ္တသဘောကို မသိလို့ ဟုတ်ပုံမရပါဘူး၊ အဋ္ဌကထာ, ဋီကာတွေမှာက မုခနိမိတ္တဆိုတာကို အထက်နှုတ်ခမ်းလို့ရေးတယ်။

ပါးစပ်ကိုရှုရင် တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ ဈာန်ရဖို့မလွယ်ပါဘူး၊ သမာဓိ အင်မတန်ကောင်းတဲ့ ပုဂ္ဂိုလ်များမှာသာ ဈာန်တရားဆိုတာ ရနိုင်တာပဲ၊ အင်မတန်မှ လည်း ပြင်းပြင်းထန်ထန် အားထုတ်ရပါတယ်၊ လွယ်လင့်တကူလေးနဲ့ မဖြစ်ပါဘူး၊ နှာသီးဖျား အထက်နှုတ်ခမ်းတွင် လေလာပြီး တိုက်ခိုက်ရာမှာ ရှုရတယ်၊ ဝင်လေ, ထွက်လေကိုရှုလို့ သမာဓိကောင်းလာတဲ့အခါမှာ ရှုရတယ်၊ ဝင်လေ. ထွက်လေက အရောင်အလင်းတွေ ဝင်လိုက်, ထွက်လိုက် ဖြစ်လာတယ်၊ အဲဒီ အရောင်အလင်းနဲ့တကွသော လေကို အာရုံပြုပြီးတော့ တည်ကြည်တဲ့ စိတ်ရောက်နေပြီဆိုရင် အဲဒီစိတ်ကို ဈာန်စိတ်, ဈာန်ရပြီလို့ ဆိုရတယ်၊ အဲဒါဟာ အာနာပါနဈာန်တဲ့၊ ပဌမဈာန်လည်းရှိတယ်၊ ဒုတိယဈာန်လည်းရှိတယ်၊ တတိယဈာန်လည်းရှိတယ်၊ စတုတ္ထဈာန်လည်းရှိတယ်၊ အဲဒီ စတုတ္ထဈာန်အထိ ရပြီးတဲ့အခါမှာ အရူပဈာန်ကိုရအောင် အားထုတ်ရတယ်။

အားထုတ်တော့ ဘယ်လိုအားထုတ်ရသလဲဆိုရင် ကသိုဏ်း ၈–ပါး၊ ပြောခဲ့ပြီးတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓာတ်ကြီး ၄–ပါး ကသိုဏ်းရယ်၊ ပြီးတော့ နီလ, ပီတ, လောဟိတ, ဩဒါတဆိုတဲ့ အညို, အဝါ, အနီ, အဖြူ, အဆင်း, ကသိုဏ်း ၄–ခုရယ်၊ အဲဒီ(၈)ခုသော ကသိုဏ်းတွေကို နှလုံးသွင်းရတယ်၊ အာရုံပြုပွားများရမယ်တဲ့၊ ပဋ္ဌမက ပွားများထားပြီးသားဆိုတော့ ကသိုဏ်းတွေက ထင်လွယ်ပါတယ်၊ အစမှာ တစ်ထွာတစ်မိုက်လောက်ကနေပြီး နောက်တော့ ကျယ်ကျယ်ပြန့်ပြန့်လည်း ထင်နိုင်တာပဲ၊ ကိုယ်အလိုရှိသလောက် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပွားများရင်လည်းရပါတယ်၊ မျက်စိတဆုံး အရပ်တိုင်အောင် ပွားများလို့လည်းရတာပါပဲ၊ အဲဒီ နိမိတ်ကိုပွားပြီး နိမိတ်ထဲမှာမှ အာကာသ ဟင်းလင်းပြင်ပဲလို့ ဒီလိုရှုရမယ်။

ဘာပြုလို့ ဒီလို ရှုသလည်းဆိုရင် သူက ရုပ်ကို ရွံမုန်းစက်ဆုပ်ပြီး ရုပ်မရှိတာကို ကြိုက်လို့ပဲ၊ ရုပ်လို့ ရှုတဲ့ဈာန်ကိုသူက အလိုမရှိတော့ဘူး၊ ဒါကြောင့် ရုပ်မရှိတဲ့ အာရုံကို အာရုံပြုနိုင်အောင် ကြိုးစားတာဖြစ်တယ်၊ ပထဝီစတဲ့ ကသိုဏ်း(၈)ပါးနဲ့ အခု အာကာသကသိုဏ်းကို ပေါင်းရင် (၉)ပါး၊ အဲဒီ ကသိုဏ်း(၈)ပါး၊ (၉)ပါးကို ပွားများနှလုံးသွင်းလိုက်တဲ့အခါ ဘယ်လိုပဲကြည့်ကြည့် ဒီကသိုဏ်းရုပ်တွေက ရှိနေတာပဲ၊ ပထဝီကသိုဏ်းကို နှလုံးသွင်းနေရင် ဒီပထဝီမြေကြီးတွေဟာ ဘေးကြည့်ရင်လည်း ဘေးမှာ၊ ငုံ့ကြည့်ရင်လည်း အောက်မှာ၊ မော်ကြည့်ရင်လည်း အထက်မှာ နိမိတ်အဖြစ်နဲ့ ထင်နေတာပဲ၊ အဲဒါ ပဋိဘာဂနိမိတ်လို့ ခေါ်တယ်၊ မြေနဲ့ အလားတူဖြစ်ပြီး ထင်နေတဲ့ နိမိတ်တဲ့၊ အမှန်ရှိတာကတော့ မဟုတ်ပါဘူး၊ သူနှလုံးသွင်းထားတဲ့ သညာကြောင့်သာ ထင်နေတာပဲ၊ အာပေါ ကသိုဏ်းဆိုရင်လည်း ရေတွေ, တေဇော ကသိုဏ်းဆိုရင်လည်း မီးတွေ, ဝါယော ကသိုဏ်းဆိုရင်လည်း လေတွေ, နီလ, ပီတ, လောဟိတ, ဩဒါတတွေဆိုရင်လည်း ဆိုင်ရာအရောင်တွေ ဘယ်မှာကြည့်ကြည့် ထင်နေတာပဲ၊ ဒီလိုထင်နေရာမှာ တကယ်စင်စစ်တော့ ပထဝီဆိုတဲ့ မြေ စသည်တွေဟာ ရှိနေတာ မဟုတ်ဘူး၊ ဘာဝနာအဟုန် ကြောင့်ဖြစ်တဲ့ သညာ၊ အဲဒီသညာ၏အစွမ်းကြောင့် ထင်နေတာပဲ၊ နှလုံးသွင်း များတဲ့အခါမှာ "အာကာသော, အာကာသော–ကောင်းကင်, ကောင်းကင်–

ဟင်းလင်းပြင်, ဟင်းလင်းပြင်လို့”ဒီလိုနှလုံးသွင်းရတယ်၊ ဒီလို နှလုံးသွင်းတော့ အရင်က မြေကြီးအသွင်စသည်ဖြင့် ထင်နေတဲ့ ကသိုဏ်းရုပ်တွေဟာ ဟိုနားက အပေါက်အကြား ဒီနားက အပေါက်အကြား ဒီလို အပေါက်အကြားလေးတွေ ဖြစ်ဖြစ်လာတယ်၊ ဒီလို ဖြစ်လာရာက နောက်တော့ အပေါက်အကြားတွေအားလုံး ပျောက်ပြီး ပထဝီ မြေအသွင်စသည်တွေက မရှိတော့ဘူး၊ အပေါက်ကသိုဏ်း စသည်တွေလည်း မရှိတော့ဘူး၊ အဆုံးမရှိတဲ့ ဟင်းလင်းပြင်ကြီးပဲဖြစ်သွားတော့တယ်။

အဲဒီအခါမှာ “အနန္တော အာကာသော, အနန္တော အာကာသော-အဆုံးမရှိတဲ့ ဟင်းလင်းပြင် ကောင်းကင်, အဆုံးမရှိတဲ့ ဟင်းလင်းပြင်ကောင်းကင်” လို့ နှလုံးသွင်းပြီးတော့မှ အာကာသာနဉ္စာယတနစျာန် ရတာကိုး၊ အဲဒါဟာ ပထမဆုံး အရူပါဝစရ အာကာသာနဉ္စာယတနစျာန်ပဲ၊ အဲဒီစျာန်ကို မြတ်စွာဘုရားက ရှေးဦးစွာ ဟောတော်မူပါတယ်။

## ရူပသညာ စသည်ဖြစ်လာတယ်

“အရူပူပပတ္တိယာ၊ အရူပဘုံ၌ဖြစ်ရန်အလို့ငှာ။ မဂ္ဂံ။ အကြောင်းဖြစ်သော ကုသိုလ်ကို။ ဘာဝေတိ၊ ဖြစ်စေ၏” တဲ့၊ ဖြစ်ဆိုတာ ဘယ်လိုဖြစ်တုန်းဆိုတော့ “ရူပသညာနံ၊ ရုပ်အမှတ်သညာတို့၏။ ဝါ၊ ရုပ်အမှတ်သညာတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်ခြင်းကြောင့်လည်းကောင်း” ရုပ်အမှတ်သညာတွေ အကုန်လုံး လွန်မြောက်သွားတယ်တဲ့၊ အစက ရုပ်အမှတ်သညာတွေရှိတယ်၊ ပထဝီ-မြေ၊ အာပေါ-ရေ စသည်ဖြင့် ရုပ်သွင်သဏ္ဌာန် ပဋိဘာဂနိမိတ်တွေရှိတယ်၊ အဲဒါတွေဟာ ရုပ်အစစ် မဟုတ်ဘူး၊ ဒါပေမယ့်လို့ ရုပ်အသွင်သဏ္ဌာန်အနေနဲ့ တွေ့နေရလို့ ရုပ်အမှတ် သညာတွေလို့ ပြောရတယ်၊ အဲဒါတွေကို အကုန်လုံး လွန်သွားပြီ မရှိတော့ဘူးတဲ့၊ ကသိုဏ်းရုပ်တွေ မရှိတော့ဘူး၊ အဲဒါကြောင့် “ရူပသညာနံ၊ ရုပ်အမှတ်သညာတို့၏။ ဝါ၊ ရုပ်အမှတ်သညာတို့ကို။ သမတိက္ကမာယ လွန်မြောက်ခြင်းကြောင့်လည်းကောင်း၊ ပဋိဃသညာနံ၊ ထိပါး၍ဖြစ်သော ရုပ်အမှတ်သညာတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ခြင်း မဖြစ်ခြင်းကြောင့်လည်းကောင်း။”အဲဒီမှာ ထိပါးပြီးတော့ဖြစ်တဲ့ အမှတ်သညာတွေဆိုတာ အာရုံနဲ့ ဒွါရထိခိုက်ပြီးတော့ ဖြစ်လာတဲ့ အမှတ်သညာတွေပါပဲ၊ မျက်စိမရှိရင် မမြင်နိုင်ဘူး၊ မျက်စိနဲ့အဆင်း ဆုံမိတဲ့အခါမှာသာ မြင်မှုဖြစ်နိုင်တယ်၊ မျက်စိနဲ့အဆင်း ထိခိုက်တာကို ပဋိဃလို့

ဆိုတယ်၊ အဲဒီ ပဉ္စ ထိပါးတိုက်ခိုက်မှုကြောင့် မြင်ရတဲ့အဆင်းမှာ မှတ်သားမှုသညာ ဖြစ်လာတယ်၊ အဲဒါကို ရူပသညာတဲ့၊ ဒီလိုဆိုတယ်။

ထို့အတူ နားနဲ့အသံ ထိလို့ကြားပြီးတော့ အသံကို မှတ်သားတဲ့ သဒ္ဒသညာ ဖြစ်လာတယ်၊ နှာခေါင်းနဲ့ အနံ့ ထိခိုက်လို့ အနံ့ကို မှတ်သားထားတဲ့ ဂန္ဓသညာဖြစ်လာတယ်၊ ထမင်းစားတဲ့အခါတို့, မုန့်ပဲသရေစာစားတဲ့အခါတို့မှာ လျှာပေါ်ကို အရသာရောက်လာရင် ချိုတယ်, ချဉ်တယ်, ခါးတယ်, ငန်တယ်, စပ်တယ်, ဖန်တယ်ဆိုတဲ့ အရသာတွေကို မှတ်သားတဲ့ ရသ သညာတွေ ဖြစ်လာတယ်၊ ပြီးတော့ ကိုယ်နဲ့ အတွေ့အထိတို့ ထိခိုက်လို့ အတွေ့အထိကို မှတ်သားတဲ့ ဖောဋ္ဌဗ္ဗသညာတွေ ဖြစ်လာတယ်၊ ဒါကတော့ တစ်ကိုယ်လုံးမှာ အများကြီးပါပဲ၊ ကာယပသာဒတွေ မှန်သမျှ အတွေ့အထိတွေ ဖြစ်နိုင်တာချည်းပဲ၊ အသား, အသွေးကောင်းလို့ ကာယပသာဒရှိတဲ့ နေရာတိုင်းမှာပဲ ဆိုပါတော့၊ အဲဒီလို နေရာဟိုင်းမှာ အပ်ဖျားကလေး တစ်နေရာလောက်ပဲဖြစ်ဖြစ် အတွေ့ အထိ ဖြစ်နိုင်ပါတယ်၊ အဲဒါတွေ ထိစရာနဲ့ ကိုယ်နဲ့ ထိခိုက်ပြီဆိုရင် ထိသိမှုသညာတွေ ဖြစ်တယ်တဲ့၊ ပါဠိလိုဆိုရင်တော့ ဖောဋ္ဌဗ္ဗသညာ တဲ့၊ အတွေ့သဘောပါပဲ။

အဲဒီ ၅-ပါးဟာ ပဋိဃသညာတွေ တဲ့၊ အာရုံနဲ့ ဒွါရ ထိခိုက်ပြီးတော့မှ ဖြစ်လာတာ၊ မထိခိုက်ဘဲနဲ့တော့ မဖြစ်ဘူး၊ သက်သက်စိတ်ကူးရုံနဲ့တော့ မဖြစ်ဘူး၊ စိတ်ကူးရုံနဲ့ အဆင်းတွေ, အသံတွေကို မြင်ရ, ကြားရတာ စသည်ဖြင့် ဆိုနေကြပေမယ်လို့ အဲဒါဟာ စိတ်ကူးနဲ့ မြင်ရတာ, ကြား ရတာ စသည်မျှပဲ၊ ပကတိမျက်စိနဲ့ မြင်ရတာ, ပကတိနားနဲ့ ကြားရတာ မဟုတ်ပါဘူး၊ အခု ဒီမှာ သညာ ၅-ပါး ဆိုတာကတော့ မျက်စိနဲ့အဆင်း ထိခိုက်ပြီးတော့မှ ဖြစ်တာ၊ နားနဲ့အသံ, နှာခေါင်းနဲ့ အနံ့, လျှာနဲ့ အရသာ, ကိုယ်နဲ့ တွေ့ထိစရာ အသီးအသီး တိုက်ခိုက်ပြီးတော့မှ ဖြစ်တာပဲ၊ အဲဒီ သညာတွေ မရှိတော့ဘူးတဲ့၊ ဒါတွေကတော့ ရူပဈာန်မှာကတည်းက မရှိ ကြတာပါပဲ၊ ဒါပေမယ့်လို့ ဒီအရူပဈာန်မှာ အထူး ဝိသေသနအနေနဲ့ ပြထားတယ်၊ ရုပ်နဲ့သက်ဆိုင်တာတွေကို ပယ်ဖို့အတွက်ကြောင့်မို့ ပဋိဃသညာတွေ မရှိတော့ဘူးတဲ့၊ ဒီနေရာမှာ ဒီလိုအထူးပြဆိုထားပါတယ်။

တတိယအကြိမ်

# အင်မတန်သိမ်မွေ့တယ်

"နာနတ္တသညာနံ၊ အထူးထူးသော သဘောရှိသော သညာတို့၏။ ဝါ၊ တို့ကို။ ဝါ၊ အမျိုးမျိုးသော သညာတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း။"အမျိုးမျိုးသော သညာတွေတဲ့။ အခုပြောခဲ့တဲ့ ရုပ်အမှတ်သညာ, ကသိုဏ်းနဲ့ စပ်ပြီးဖြစ်တဲ့ သညာတွေမှတစ်ပါး၊ ပြီးတော့ မျက်စိနဲ့အဆင်းတိုက်နိုက်ဖြစ်ပေါ်လာတဲ့ သညာစသည်မှတစ်ပါး အခြားသညာတွေဆိုတာရှိသေးတယ်တဲ့၊ စိတ်ကူးစဉ်းစားပြီးတဲ့ သညာ အမျိုးမျိုးတွေပေါ့၊ အဲဒီလိုသညာတွေအများကြီးရှိသေးတယ်၊ ဒါတွေဟာ အင်မတန် နက်နဲခက်ခဲတယ်၊ အခုတော့စာလာ, ပေလာ ဒီလောက်သာ ပြောဦးမှဖြစ်မယ်။

စိတ်ကူးစဉ်းစား ကြံစည်ပြီးဖြစ်ပေါ်လာတဲ့ သညာတွေအားလုံး နာနတ္တသညာတွေတဲ့၊ အဲဒီသညာတွေ မရှိကြတော့ဘူး၊ အဲဒီသညာတွေ အားလုံးကုန်နေပြီတဲ့၊ အင်မတန် နက်နဲခက်ခဲပါတယ်၊ ဒါတွေကိုတော့ စာပေသင်ကြားထားကြတဲ့ ပုဂ္ဂိုလ်တွေမှာပဲ နားလည်လွယ်တဲ့ သဘောအနက်အဓိပ္ပာယ်သညာတွေ ဖြစ်နေလို့ တော်ရုံတန်ရုံ ဟောပြောရုံနဲ့ နားလည်နိုင်မယ်မဟုတ်ဘူး။

ရှုပစျာန်တုန်းကတော့ ပထဝီ, ပထဝီမြေမြေနဲ့ နှလုံးသွင်းလိုက်လို့ရှိရင် ကသိုဏ်းဝန်းတွေကို အာရုံပြုပြီးတော့ ဖြစ်တာပဲ၊ အဲဒါတွေကိုတော့ ပြောလို့ပြလို့ လွယ်တယ်၊ အခုဟာ အခက်ကြီးပဲ၊ အဲဒီကသိုဏ်းစျာန် ကသိုဏ်းအာရုံတွေကိုလည်း အာရုံပြုတာ မဟုတ်ဘူး၊ အဲဒါတွေမရှိဘူး၊ အကုန်လုံးကုန်နေပြီတဲ့ ဘာရှိတော့တုန်းဆိုတော့ "အနန္တော အာကာသော" အဆုံးမရှိတဲ့ ဟင်းလင်းပြင် ကောင်းကင်ထဲမှာ စိတ်ရောက်ပြီးတော့ အဲဒီစိတ်တစ်ခုထဲပဲ ရှိတော့တာပဲတဲ့၊ အဲဒါကို "အာကာသာနဉ္စာယတန သဟဂတံ၊ အာကာသာနဉ္စာယတန သညာနှင့်တကွဖြစ်သော။ စတုတ္ထံဈာနံ၊ စတုတ္ထဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ကပ်၍။ ဝိဟရတိ၊ နေ၏။ တဲ့။" အဆုံး အပိုင်းအခြားမရှိတဲ့ ကောင်းကင်ထဲမှာ ရောက်ပြီးတော့ တည်နေတယ်တဲ့။

အခု ဒီမှာ ယောဂီတွေဆိုရင်လည်း သင်္ခါရုပေက္ခာဉာဏ် အရောက်မှာ ဒါနဲ့ ခပ်တူတူဖြစ်တတ်ပါတယ်။ အဲဒီမှာ ဟင်းလင်းပြင်ထဲရောက်ပြီး အစအဆုံးမရှိတဲ့ မြင်စရာ ကြားစရာတွေလည်း မရှိဘူး၊ အထည်ဒြပ်ဝတ္ထုတွေလည်းမရှိဘူး။

ပင်းလင်းပြင်ကောင်းကင်ထဲမှာ ကြည်လင်တဲ့ စိတ်ကလေးတစ်ခုတည်း တစ်ခါ တစ်ခါ ရောက်နေတတ်ကြပါတယ်။ တချို့ ယောဂီတွေက ပြောတာနဲ့ ခပ်ဆင်ဆင်တူနေတာကို တွေ့ရပါတယ်။ "ဟင်းလင်းပြင် ကောင်းကင်ထဲမှာ ရောက်နေတယ်၊ အစအဆုံးမရှိတဲ့ ကောင်းကင်ထဲမှာ စိတ်ကလေးရောက်နေတယ်" တဲ့။ အဲဒီလို ပြောတတ်ကြပါတယ်။ အဲဒီလိုဖြစ်တော့လည်းပဲ စိတ်ကလေးကတော့ ရှိသေးတယ်။

"သုခဿစ ပဟာနာ၊ သုခကိုပယ်ခြင်းကြောင့် သုခကင်းခြင်းကြောင့် လည်းကောင်း။ ဒုက္ခဿစ ပဟာနာ၊ ဒုက္ခကိုပယ်ခြင်းကြောင့် ဒုက္ခကင်းခြင်း ကြောင့်လည်းကောင်း" သုခ,ဒုက္ခတွေ မရှိဘူးတဲ့၊ ပကတိပုဂ္ဂိုလ်တွေဆိုရင် ကိုယ်နဲ့ အတွေ့အထိ ကောင်းတဲ့အခါကျတော့ သုခဖြစ်ကြတယ်။ အတွေ့အထိ မကောင်းတဲ့အခါကျတော့ ဒုက္ခဖြစ်ကြတယ်။ နာမှု, ကျင်မှု,ကိုက်ခဲမှုတွေလည်း ဖြစ်ကြတယ်။ ဒီဈာန်ရောက်တဲ့အခါမှာ ဒါမျိုးတွေလည်း မရှိဘူးတဲ့။ ဒါတွေ အကုန်ငြိမ်းနေတယ်တဲ့။ အကောင်းလည်း မရှိတော့ဘူး၊ အဆိုးလည်းမရှိ တော့ဘူး၊ ကိုယ်နဲ့ အတွေ့အထိတွေမှန်သမျှ အကုန်လုံး ငြိမ်းနေတယ်လို့ ဆိုပါတယ်၊ ဒါလည်းပဲ ရူပဈာန်မှာကတည်းက ငြိမ်းနေတာပါပဲ၊ ဒါပေမယ့်လို့ ဒီဈာန်ဖြစ်ပုံကို အထူးပြုပြီးတော့ ချီးမွမ်းထားပါတယ်၊ ဒီဈာန်က ရုပ်ကို စက်ဆုပ်ပြီး ပွားများတဲ့ ဈာန်ဖြစ်တာမို့ ဒီဈာန်ရဲ့ဂုဏ်ကို အထူးဖော်ပြထားတာ ဖြစ်ပါတယ်။

## ရွှင်လန်းဝမ်းသာမှုတွေလည်း ငြိမ်းသွားတယ်

"ပုဗ္ဗေဝ၊ ရှေးအဖို့ကပင်လျှင်။ သောမနဿ ဒေါမနဿာနံ၊ စိတ်ရွှင်လန်းခြင်း, စိတ်နှလုံး မသာယာခြင်းတို့၏။ အတ္ထင်္ဂမာ၊ ချုပ်ငြိမ်းခြင်းကြောင့်" သောမနဿ စိတ်ရွှင်လန်းမှု ဒေါမနဿ စိတ်နှလုံးမသာယာမှုဆိုတာတွေဟာ စောစောကတည်းက ကင်းခဲ့ပြီတဲ့၊ အခုဈာန်ကိုရောက်ခါမှ ကင်းတာရယ်တော့မဟုတ်ပါဘူး၊ ဒီဈာန် မရောက်ခင် ဥပစာရသမာဓိမှာ ဖြစ်လာတဲ့ သမာဓိပါပဲ၊ အဲဒီသမာဓိ ဖြစ်လာပြီဆိုကတည်းက စိတ်ရွှင်လန်းဝမ်းသာမှုဆိုတာလည်း မရှိဘူး၊ စိတ်ပင်ပန်းပြီး နှလုံးမသာယာမှုဆိုတာလည်း မရှိတော့ဘူးတဲ့။

တတိယအကြိမ်

စိတ်ပင်ပန်းမှုဆိုတာကတော့ စောစောပိုင်းမှာကတည်းက ကင်းခဲ့ပါတယ်၊ စိတ်ရွှင်လန်းဝမ်းသာမှုကတော့ ဒီဈာန်ကျကာမှ စပြီးတော့ ကင်းသွားပါတယ်၊ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်တို့မှာတုန်းက စိတ်ရွှင်လန်းမှု မကင်းသေးပါဘူး၊ စိတ်ရွှင်လန်းမှုနဲ့ပဲ ဆက်ပြီးတော့ ဈာန်ရတယ်၊ ဈာန်ရတော့ အဲဒီဈာန်ထဲမှာ သုခတွေပါနေတယ်၊ အဲဒါ စိတ်ရွှင်လန်းမှုတွေပါပဲ၊ အခု အရှုပဈာန်မှာတော့ စိတ်ရွှင်လန်းဝမ်းသာမှုလည်း မရှိဘူး၊ စောစောကတည်းက ကင်းခဲ့ပြီတဲ့၊ ဒီဈာန်ကိုရောက်တော့ ပြောစရာမရှိတော့ဘူးပေါ့၊ ဈာန်မရခင် အနည်းဆုံး သုံးလေးကြိမ်လောက်ကတည်းက ကင်းခဲ့တယ်။ ကျမ်းဂန်ထဲမှာ အသေအချာဆိုထားပါတယ်၊ သုံးလေးကြိမ် အနည်းဆုံးတဲ့၊ အများဆုံးဆိုရင်တော့ တစ်ဆယ်၊ နှစ်ဆယ်၊ သုံးဆယ်ရှိနိုင်တာပေါ့၊ အဲဒီလောက်ကတည်းက ကင်းခဲ့တာတဲ့၊ ဒီဈာန်စိတ်ဖြစ်တဲ့အခါမှာ သောမနဿဆိုတဲ့ စိတ်ရွှင်လန်းမှု၊ ဒေါမနဿဆိုတဲ့ နှလုံးမသာမှုတွေ မရှိတော့ဘူးတဲ့၊ ဒါကြောင့်–

“အဒုက္ခမသုခံ၊ ဆင်းရဲချမ်းသာ မရှိသော ဆင်းရဲ ချမ်းသာကင်းသောဈာန်တဲ့၊ ပကတိချမ်းသာတွေ ပကတိဆင်းရဲတွေ ကင်းတယ်တဲ့၊ ဒါပေမယ့် တရားသဘော အနေနဲ့ကတော့ ဒီဆင်းရဲချမ်းသာတွေ ငြိမ်းနေတာဟာ ချမ်းသာနေတာပါပဲ၊ ငြိမ်းပြီး ချမ်းသာတဲ့ ချမ်းသာမျိုးပေါ့။

## တကယ်ဖြစ်တဲ့ တရားတွေ

“ဥပေက္ခာသဟဂတံ၊ ဥပေက္ခာနှင့်တကွဖြစ်သော” တဲ့၊ ဥပေက္ခာဆိုတာဟာ လျစ်လျူရှုတာပါပဲ၊ ကောင်းတယ်လို့လည်း မဆိုရဘူး၊ မကောင်းဘူးလို့လည်း မဆိုရဘူး၊ အလယ်အလတ်တဲ့၊ အညီအမျှရှုတယ်လို့လည်း ဆိုရတယ်၊ ဆင်းရဲလို့လည်း မရှုဘူး၊ ချမ်းသာလို့လည်း မရှုဘူး၊ ဆင်းရဲ ချမ်းသာ နှစ်မျိုးတို့ အလယ်မှာ အညီအမျှနှလုံးသွင်းပြီး ရှုနိုင်တယ်တဲ့၊ အဲဒီ ဥပေက္ခာ ဝေဒနာနှင့်တကွဖြစ်သော စတုတ္ထံဈာနံ၊ စတုတ္ထဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏”တဲ့၊ အဲဒီ စတုတ္ထဈာန်ဟာ အင်မတန် ကြည်ညိုစရာ ကောင်းပါတယ်၊ အင်မတန်မှလည်း နက်နဲတဲ့ တရားတော်တွေပါပဲ၊ သေသေ

ချာချာ ကောင်းကောင်းမွန်မွန် လေ့လာကြည့်မယ်ဆိုရင် ဟောတော်မူတဲ့အတိုင်း ဖြစ်နိုင်တယ်ဆိုတာ ကိုယ်တွေ့ဖြစ်နိုင်စရာ ရှိပါတယ်၊ ဒါတွေဟာ မြတ်စွာဘုရားက တကယ်ဖြစ်လို့ တကယ်ဟောကြားထားတာတွေပဲ၊ မဖြစ်ဘဲနဲ့ နားထောင်ကောင်းရုံမျှ သက်သက် ကြံစည်ပြီးဟောထားတာ မဟုတ်ပါဘူး၊ တကယ်သိလို့ တကယ်ဖြစ်တာတွေကိုသာ ဟောတာပဲ၊ ကိုယ်တိုင်သိပြီး ကိုယ်တွေ့ဖြစ်အောင် ဒေသနာတော်လာတဲ့အတိုင်း အားထုတ်ကြည့်မယ်ဆိုရင် ပိုပြီးကောင်းပါတယ်။

## ဒီဈာန်နဲ့အလားတူတယ်

အခု ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်တွေလည်း သင်္ခါရုပေက္ခာဉာဏ်ရောက်တဲ့ အခါမှာ ဒီဈာန်နဲ့အလားတူတွေဖြစ်နေတတ်ကြပါတယ်၊ ဟင်းလင်းအပြင် ကောင်းကင်ထဲမှာ စိတ်ကလေးရောက်နေသလိုပဲ၊ စိတ်ကလေးဟာ ရွှင်လန်းဝမ်းသာတာမျိုးလည်း မဟုတ်ဘဲနဲ့ သိမ်မွေ့နေတယ်၊ အကောင်းအဆိုးတွေကင်းပြီး ဥပေက္ခာသဘောနဲ့ အင်မတန် ငြိမ်သက်နေတယ်၊ ဒီလို အကောင်းအဆိုးတွေကင်းပြီး ငြိမ်သက်နေတာဟာ တစ်မျိုးချမ်းသာတဲ့ ချမ်းသာမျိုးလို့ ဆိုရမှာပါပဲ၊ ဒါက တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေ တော်တော်များများမှာ တွေ့ရတတ်ပါတယ်၊ ဒီဈာန်တရားကလည်း ဒီလိုပါပဲ၊ ဒီဈာန်တရားတွေ အဲဒီလိုဖြစ်နေတဲ့အခါမှာ တရားပေါင်း ဘယ်လောက် ပါဝင်သလဲဆိုရင်–

"တသ္မိံ သမယေ၊ ထိုအခါ၌။ ဖဿော ဟောတိ၊ ဖဿလည်းဖြစ်တယ်။ ဝေဒနာ ဟောတိ၊ ဝေဒနာလည်းဖြစ်တယ်"စသည်ဖြင့် ဝေဖန်ဟောကြားထားပါတယ်၊ အဲဒါတွေကိုတော့ ဘုန်းကြီးက ပါဠိရွတ်မနေတော့ပါဘူး၊ ဖဿ ဝေဒနာ သညာ စေတနာ စိတ်ဆိုတဲ့ ဖဿပဉ္စမကတရား ၅–ပါးလည်းပါတယ်၊ ဖဿဆိုတာ အာရုံနဲ့စိတ် တွေ့ကြတာပဲ၊ ဝေဒနာဆိုတာက ခုနက ဥပေက္ခာ ဝေဒနာပဲ၊ အကောင်းအဆိုးတို့၏ အလယ်ဖြစ်တဲ့အာရုံကို ခံစားတယ်၊ သူ့အာရုံကတော့ ဒီနေရာမှာ ဟင်းလင်းပြင်ကောင်းကင် ပညတ်အာရုံပါပဲ၊ သညာဆိုတာက အမှတ်စွဲပြီးတော့ နေတဲ့သဘောပါပဲ၊ စေတနာဆိုတာက အဲဒီလို သိမှုပြီးအောင်လို့ ကြောင့်ကြစိုက်ပြီး နှလုံးသွင်းနေတာပါပဲ၊ စိတ်ဆိုတာကိုတော့ အသိများကြပါတယ်၊ အာရုံကသိတဲ့ သဘောဟာ စိတ်တဲ့။

(တတိယအကြိမ်)

နောက် ဝိတက် ဝိစာရ ပီတိတွေမပါဘူး၊ သုခဆိုတာလည်း မပါဘူး၊ ဥပေက္ခာနဲ့ ဧကဂ္ဂတာပဲပါတယ်၊ သုခနေရာမှာ ဥပေက္ခာဝင်လာတယ်၊ ဈာန်အင်္ဂါကတော့ ဥပေက္ခာနဲ့ ဧကဂ္ဂတာ ဒီ ၂-ပါးပဲရှိတယ်၊ နောက် သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ၊ မန၊ သောမနဿ၊ ဇီဝိတိန္ဒြေလို့ ဣန္ဒြေက ၈-ပါး၊ နောက်ပြီးတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိလို့ ၅-ပါး၊ ပြီးတော့ ဗိုလ်ကလည်း သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဟိရိဗိုလ်၊ ဩတ္တပ္ပဗိုလ် ၇-ပါး၊ မူလတရားကလည်း အလောဘ၊ အဒေါသ၊ အမောဟလို့ ၃-ပါး၊ ကမ္မပထကလည်း အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိလို့ ၃-ပါး၊ လောကပါလက ဟိရိ၊ ဩတ္တပ္ပလို့ ၂-ပါး၊ ကာယပဿဒ္ဓိ စသည် ခြောက်စုံက ၁၂-ပါး၊ သတိ၊ သမ္ပဇဉ်ဆိုတဲ့ ဥပကာရတရားက ၂-ပါး၊ သမထနဲ့ ဝိပဿနာလို့ ယုဂနဒ္ဓက ၂-ပါး၊ ပဂ္ဂဟနဲ့အဝိက္ခေပလို့ အညီအမျှ ရှုအပ်တဲ့တရားက ၂-ပါး၊ ဒါတွေအားလုံး အတူတူပါပဲ၊ အားလုံးပေါင်းလိုက်ရင် ဝိတက်၊ ဝိစာရ၊ ပီတိ ဒီသုံးပါး လျော့သွားတာဖြစ်လို့ ၅၆-ပါးထဲမှာ ဒီသုံးခုကိုပဲ လျှော့ရပြန်လို့ နဂိုမူရင်းဖြစ်တဲ့ (၃၀)မရှိနိုင်တော့ဘူး၊ ၂၇-ပါးလောက်ပဲ ရှိတော့တယ်တဲ့။

ယေဝါပနက တရားအနေနဲ့ကတော့ ဆန္ဒ၊ အဓိမောက္ခ၊ မနသိကာရ၊ တတြမဇ္ဈတ္တတာ ဒီ ၄-ပါးက အမြဲယှဉ်မှာမို့ ပါရဦးမယ်၊ ခုနက ၂၇-ပါးထဲမှာ အဲဒီ ၄-ပါး ထည့်လိုက်ရင် တရားကိုယ် ၃၁-ပါးရှိတယ်၊ ကရုဏာနဲ့ မုဒိတာတို့က ဒီအရူပဈာန်မှာ မယှဉ်နိုင်ကြဘူး၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝတို့လည်း မပါကြဘူး၊ အဲဒါကြောင့် ဒီ ၃၁-ပါးပဲ ရှိတော့တယ်၊ အဲဒါတွေ အကုန်လုံးဝေဖန်ပြီးတော့ ဟောတော်မူပါတယ်၊ ဒါဟာ အရူပါဝစရ အာကာသာနဉ္စာယတနစျာန်ကို ရောက်ပုံတဲ့။

## ဝိညာဏဉ္စာယတနစျာန်

နောက် ဝိညာဏဉ္စာယတနစျာန်ကိုဟောပုံဟာလည်း ခပ်တူတူပါပဲ၊ အာကာသာနဉ္စာယတနစျာန်က အာရုံပြုတဲ့ ကောင်းကင်ပညတ်ကို စွန့်လွှတ်ပြီးတော့

ဝိညာဏဉ္စာယတနစျာန်ဟာ အနန္တဝိညာဉ်ကို အာရုံပြုပြီးဖြစ်လာတယ်တဲ့၊ အနန္တဝိညာဆိုတာ အာကာသာနဉ္စာယတနစျာန်စိတ်ကို ဆိုတာပါပဲ၊ အဲဒီစိတ်က အဆုံးမရှိတဲ့ အာကာသာနန္တကို အာရုံပြုဖြစ်လို့မို့ သူ့ကို အာကာသာနန္တဝိညဉ်တဲ့၊ ဝါ-အနန္တာကာသဝိညာဉ်လို့ ဆိုပါတယ်၊ အဆုံး အပိုင်းအခြားမရှိတဲ့ ကောင်းကင်ကို အာရုံပြုဖြစ်တဲ့ ဝိညာဉ်ပေါ့၊ အဲဒီ အာကာသာနဉ္စာယတန စျာန်စိတ်ဆိုတဲ့ ဝိညာဉ်ကို ဒီဝိညာဏဉ္စာယတနစျာန်စိတ်က အာရုံပြုပြီး ဖြစ်လာပါတယ်၊ အဲဒါ ဝိညာဏဉ္စာယတနစျာန်ဖြစ်ပုံပါပဲ။

## တျန်အရူဝစျာန်နှစ်ချိုး

အဲဒီနောက် အာကာသာနဉ္စာယတနစိတ် မရှိခြင်းကို အာရုံပြုပြီးဖြစ်တာကိုတော့ အာကိဉ္စညာယတနစျာန်လို့ခေါ်ပါတယ်၊ နောက် အဲဒီ အာကိဉ္စညာယတနစျာန်ကိုပဲ၊ အင်မတန်သိမ်မွေ့တဲ့တရား ကောင်းတဲ့တရားလို့ အာရုံပြုပြီးဖြစ်တာကို နေဝသညာနာ သညာယတနစျာန်လို့ခေါ်ပါတယ်၊ အဲဒီစျာန်ကျတော့ အမှတ်သညာ မရှိတော့ဘူးလို့တောင်မှ ဆိုရတော့မလောက်ပါပဲ၊ ဒါပေမယ့် အမှတ်သညာဟာ ရှိတော့ရှိပါသေးတယ်၊ မရှိတရှိလေးလို့ ဆိုရမှာပေါ့လေ၊ ဥပမာ-အိပ်ပျော်ကာနီး ဖြစ်နေတဲ့စိတ်ဟာ စိတ်မရှိသလိုလိုပါပဲ၊ မထင်ရှားလှဘူး၊ လုံးလုံးမရှိတာတော့လည်း မဟုတ်သေးဘူး၊ ရှိနေသေးတာပဲ၊ အဲဒါမျိုးနဲ့ ယှဉ်ပြီးသိရမယ်၊ အဲဒါမျိုးလို သိမ်မွေ့တဲ့စိတ်တွေဖြစ်နေတယ်၊ စိတ်သာမရှိတရှိနေတာ မဟုတ်သေးဘူး၊ ဖဿလည်းပဲ မရှိတရှိ၊ ဝေဒနာလည်းပဲ မရှိတရှိ၊ သညာလည်းပဲ မရှိတရှိ၊ အားလုံး မရှိတရှိချည်းပါပဲ၊ ဒီပြင် ယှဉ်ဖော်ယှဉ်ဖက် နာမ်တရားတွေဆိုတာလည်း မထင်ရှားဘူး၊ အဲဒီလိုပဲ အင်မတန်သိမ်မွေ့တဲ့ စိတ်စေတသိက်တွေ ဖြစ်နေတယ်တဲ့၊ အဲဒါဟာ နေဝသညာနာသညာယတနစျာန်တဲ့။

## အားထုတ်ရာရှာအချိုးချိုး

အဲဒါတွေဟာ အရူပစျာန်တွေပဲ၊ ဒါတွေကိုလည်း အဘိဓမ္မာဒေသနာတော်မှာ အကျယ်ကြီးဝေဖန်ဟောကြားထားပါတယ်၊ ပြီးတော့ စျာန်တစ်ခုတစ်ခုမှာလည်း

(တတိယအကြိမ်)

ပဋိပဒါလေးပါးနဲ့ ဝေဖန်ဟောကြားထားပြန်ပါသေးတယ်၊ ဆင်းဆင်းရဲရဲ အားထုတ်မှရတဲ့ ဈာန်ဆိုရင် အဲဒါ ဒုက္ခပဋိပဒါတဲ့၊ အားထုတ်ရာမှာ ဆင်းရဲရုံသာမကသေးဘဲ အသိဉာဏ်နဲ့နှေးလို့ သမာဓိဖြစ်ပြီးတဲ့နောက် ကြာကြာကြီး အားထုတ်ယူရရင်လည်း အဲဒါ ဒန္ဓာဘိညာတဲ့၊ အားထုတ်ရာမှာလည်း ဆင်းရဲမယ်၊ အသိဉာဏ်ကျတော့လည်း နှေးကွေးနေမယ်ဆိုရင် အဲဒါ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာလို့ဆိုတယ်၊ အခြေခံအကျင့်မှာလည်း ဆင်းရဲပြီးတော့ ဈာန်ရအောင်လည်း အချိန်ကြာကြာကြီး အားထုတ်ရတဲ့အတွက် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာတဲ့။

အခြေခံအကျင့်တုန်းက ဆင်းရဲပြီးတော့ သမာဓိရပြီး မကြာမီအတွင်းမှာ ဈာန်ကိုရသွားရင် အဲဒါ ဒုက္ခပဋိပဒါ ခိပ္ပာဘိညာလို့ခေါ်ပါတယ်။

အခြေခံအကျင့်မှာ လွယ်လွယ်ကူကူနဲ့ကျင့်ပြီး သမာဓိဖြစ်တဲ့နောက် ဈာန်ကျတော့ တော်တော်နဲ့ မရောက်နိုင်ဘူးဆိုရင် အဲဒါ သုခပဋိပဒါ ဒန္ဓာဘိညာလို့ခေါ်ပါတယ်။

အခြေခံကျင့်ရာမှာလည်း လွယ်ကူတယ်၊ ဈာန်ကိုရောက်တော့လည်း လွယ်လွယ်ကူကူ ရောက်သွားတယ်ဆိုရင် အဲဒါ သုခပဋိပဒါ ခိပ္ပာဘိညာလို့ ခေါ်ပါတယ်၊ အဲဒီလို ဈာန်စိတ်တစ်ခုတစ်ခုကို လေးမျိုးလေးမျိုး ဝေဖန်ပြီးတော့ ဟောကြားပါတယ်။

ပြီးတော့ ရှိသေးတယ်၊ ပရိတ္တ ပရိတ္တာရမ္မဏာတဲ့၊ ပရိတ္တဆိုတာ မထက်သန်ဘဲ အားနည်းတဲ့စိတ်တဲ့၊ ပရိတ္တာရမ္မဏဆိုတာ ကသိုဏ်းရုပ်အာရုံကို ခွာဖျက်တဲ့နေရာတွင် သိပ်မကျယ်ပြန့်ပါက အဲဒါ ပရိတ္တာရမ္မဏာတဲ့၊ ဈာန်စိတ်ကလည်း အားနည်းမယ်၊ အာရုံကလည်း မကျယ်ပြန့်ဘူးဆိုရင် အဲဒါ ပရိတ္တ ပရိတ္တာရမ္မဏာတဲ့၊ ဈာန်စိတ်က အားနည်းပေမယ်လို့ အာရုံက ကျယ်ပြန့်လို့ရှိရင် အဲဒါ ပရိတ္တ အပ္ပမာဏာရမ္မဏဈာန်တဲ့၊ ဈာန်စိတ်ကလည်း ထက်သန်အားကောင်းနေမယ် အာရုံကလည်း ကျယ်ပြန့်မယ်ဆိုရင် အဲဒါ အပ္ပမာဏ အပ္ပမာဏာရမ္မဏဈာန်တဲ့၊ အဲဒီလိုလည်း လေးမျိုးရှိသေးတယ်။

ဒီလေးမျိုးနဲ့ ပဋိပဒါလေးမျိုးကို အဆင့်ဆင့်ပွားလို့ရှိရင် (၁၆)မျိုးဖြစ်ပါတယ်၊ ဒီလောက်သာမကသေးဘူး၊ ဟီန မဇ္ဈိမ ပဏီတ တဲ့၊ စိတ်တစ်ခုတစ်ခုမှာ

အဆင့်သုံးဆင့်ခွဲပြီးတော့ ဒီလိုလည်း ဝေဖန်ပြန်သေးတယ်၊ အဲဒီလိုဆိုရင် ခုနက (၁၆)မျိုးကို ၃-နဲ့မြှောက်လိုက်ရင် ၄၈-ပါးရတယ်၊ အများကြီးပါပဲ၊ အဲဒီမှာကိုတစ်ခါ အဓိပတိ ၄-ပါးနဲ့ ဝေဖန်ပြန်ပါသေးတယ်၊ ဆန္ဒထူးကဲပြီးတော့ ရတဲ့ဈာန် ဝီရိယထူးကဲပြီးတော့ ရတဲ့ဈာန် စိတ်ထူးကဲပြီးတော့ ရတဲ့ဈာန် ဝီမံသဆိုတဲ့ ပညာထူးကဲပြီးရတဲ့ဈာန်လို့ အကြီးအကဲ အဓိပတိ ၄-မျိုးနဲ့ မြှောက်ပွားလိုက်ရင် (၄၈)လေးလီဆိုတော့ ၁၉၂-ရှိတယ်၊ အဲဒီလို စိတ်တစ်ခုတစ်ခုမှာ ၁၉၂-ပါးစီ ဝေဖန်ပြီးတော့ ဟောကြားတော်မူထားတယ်၊ ဒါကြောင့် အဘိဓမ္မာ ဒေသနာတော်ဟာ ကျယ်ဝန်းတယ်လို့ဆိုတာပဲ။

## အချိုးချိုး ဝေဖန်ဟောကြားထားတယ်

"တသ္မိံ သမယေ ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ စသည်ဖြင့် ခုနက ၂၈-ပါးသော တရားတွေနဲ့ ဝေဖန်ရုံသာမကသေးဘူး၊ ခန္ဓာ အာယတန ဓာတ်တွေနဲ့လည်း ဝေဖန်ဟာပဲ၊ အင်မတန်မှကို ကျယ်ဝန်းပါတယ်၊ ခုကာလ စာအုပ်တွေထဲမှာ ပုံနှိပ်ထားတာက ပေယျာလတွေ ထိုးထားလို့သာပဲ၊ ဒီလိုမဟုတ်ရင် စက္ကူတောင်မှ လောက်ဖွယ်ရာမရှိဘူး၊ အင်မတန်မှ များပြားပါတယ်၊ ဒါကြောင့် အဘိဓမ္မာလို့ ခေါ်တာတဲ့၊ ဓမ္မဆိုတာက ရိုးရိုးတရားပါပဲ၊ အဘိဓမ္မာ ဆိုတာက လွန်ကဲတယ်တဲ့၊ လွန်ကဲတယ်၊ ထူးမြတ်တယ်၊ အင်မတန်ကျယ်ဝန်းတယ်၊ လွန်ကဲထူးမြတ် ကျယ်ဝန်းတဲ့တရားလို့ ဆိုရတယ်၊ သုတ္တန်တရားတော်များကတော့ နားလည်လွယ်ရုံ ကျဉ်းကျဉ်းနဲ့ လွယ်လွယ်ကူကူပဲ ဟောတယ်၊ ကာမာဝစရကုသိုလ် ဆိုရင် ကုသိုလ်ဆိုရုံမျှပဲ၊ သာမန် ဒါလောက်ပဲ ဟောထားပါတယ်၊ ရူပါဝစရ အရူပါဝစရ ကုသိုလ်တွေဆိုရင်လည်း ဒီလို သာမန်ကုသိုလ်အနေမျှဖြင့်သာ ဟောတာပါပဲ၊ ကျယ်ကျယ်ဝန်းဝန်း ခွဲစိတ်ပြီးတော့ ဟောမနေပါဘူး၊ အခု ဒီမှာကတော့ ဘုန်းကြီးတွက်ပြခဲ့တဲ့အတိုင်း ၁၉၂-ပါး ဝေဖန်ဟောကြားထား တယ်၊ ဒါတောင် အပိုင်းပိုင်းနဲ့ လွယ်အောင်လို့ ပြောတာပဲရှိသေးတယ်၊ အသေးစိတ်ဆိုရင် အများကြီးပဲ ရှိသေးတယ်၊ အင်မတန် ကျယ်ဝန်းတာပဲ၊ အဘိဓမ္မာကို ကျယ်ကျယ်ဝန်းဝန်း ဟောကြားထားပုံပါပဲ၊ အရူပါဝစရဈာန်ကို ဒီလောက်နဲ့ပဲ တော်လောက်ပါပြီ၊ လောကုတ္တရာဈာန်ကို ဆက်ပြောရမယ်။

(တတိယအကြိမ်)

# လောကုတ္တရာစျာန်

လောကုတ္တရာစျာန်ကလည်း အရေးကြီးပါတယ်၊ "ကတမေ ဓမ္မာ ကုသလာ။ ကုသလာ၊ ကုသိုလ်မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ယသ္မိံ သမယေ(ပ)တသ္မိံ သမယေ ဖဿော ဟောတိ" စသည်ဖြင့် ဝေဖန်ပြီးဟောကြားထားတယ်။

ယသ္မိံ သမယေ၊ အကြင်အခါ၌။ လောကုတ္တရံ ဈာနံ၊ လောကုတ္တရာစျာန်ကို။ ဘာဝေတိ၊ ဖြစ်စေ၏"ပြီးခဲ့တာကတော့ ရူပစျာန် အရူပစျာန်ဆိုတဲ့ လောကီစျာန်တွေပဲ၊ အခုဒါကတော့ လောကုတ္တရာစျာန်တဲ့၊ ဒီလောကုတ္တရာစျာန်ကို ဘယ်လိုပွားများရတုန်းဆိုတော့ "နိယျာနိကံ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းဖြစ်သော။ ဝါ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍သွားသော။ "ဒီစျာန်က သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တယ်တဲ့၊ ရူပစျာန် အရူပစျာန်တွေက သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်ဘူး၊ ရူပစျာန်ဆိုရင်ရူပဗြဟ္မာဘုံမှာ ဖြစ်ရတယ်၊ အသက်ရှည်တယ်၊ ချမ်းသာတယ်ဆိုပေမယ့် အဲဒီဘုံက လောကဘဝနယ်ထဲမှာပဲ ရှိသေးတယ်၊ ဝဋ်ဆင်းရဲနဲ့ မကင်းသေးဘူး၊ တစ်နေ့ကျတော့ အဲဒီ ရူပဘုံကသေပြီး လူ့ပြည် နတ်ပြည်ကို ပြန်ရောက်တာပဲ၊ အရူပဘုံကိုရောက်ရင် ဒီလိုပါပဲ၊ အဲဒီကသေရင် လူ့ပြည် နတ်ပြည်ကို ပြန်ရောက်တာပါပဲ၊ သံသရာဝဋ်ထဲက ဘဝဆိုရင် ရူပ၊ အရူပဘုံဘဝထက် ချမ်းသာတဲ့ ဘဝရယ်လို့မရှိပါဘူး၊ ဒါပေမယ့် သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်သေးဘူး။

အဲ အခု လောကုတ္တရာစျာန်ကတော့ ဒီလိုမဟုတ်ဘူး၊ "နိယျာနိကံ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်သွားသော။ ဝါ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းဖြစ်သော"တဲ့၊ ဒီ လောကုတ္တရာစျာန်စိတ်ဖြစ်လို့ရှိရင် သံသရာဝဋ်ဆင်းရဲမှ တကယ်လွတ်မြောက်တယ်တဲ့၊ အောက်ထစ်ဆုံးအားဖြင့် အပါယ်လေးပါးမှ လွတ်မြောက်နိုင်ပါတယ်၊ အပါယ်လေးပါးကို မကျ မရောက်တော့ဘူး၊ ပြီးတော့ ခုနစ်ဘဝထက် ပိုပြီးဖြစ်မယ့် ဆင်းရဲတွေလည်း အကုန်လုံးကင်းရှင်းသွားတယ်၊ ဒါဟာ အောက်ထစ်ဆုံးအားဖြင့် နိယျာနိက ဖြစ်ပုံပါပဲ၊ ဒါဟာ သောတာပန်အဆင့် ဆိုရင်ပေါ့လေ။

(တတိယအကြိမ်)

သကဒါဂါမိမဂ်ဖိုလ်အဆင့်ဆိုရင် နှစ်ဘဝထက်ပိုလွန်ပြီး ဖြစ်မယ့် သံသရာဝဋ်ဆင်းရဲတွေ အကုန်လုံးငြိမ်းတယ်တဲ့၊ အနာဂါမိမဂ်ဆိုရင် ကာမဘဝဆိုင်ရာ သံသရာဝဋ်ဆင်းရဲတွေ ငြိမ်းသွားပြီ၊ ရူပဘဝ အရူပဘဝ တစ်ခုခုမှာ တစ်ဘဝသာ ရှိတော့တယ်၊ နှစ်ခုမြောက်တဲ့ဘဝ မရှိတော့ဘူးတဲ့၊ အရဟတ္တမဂ်ဖိုလ်ဆိုရင်တော့ ဘုံဘဝတွေမှ ထွက်မြောက်သွားပြီဖြစ်လို့ ဘုံဘဝမှာသာ ဖြစ်နိုင်တဲ့ သံသရာဝဋ်ဆင်းရဲတွေ အကုန်လုံးပဲ ငြိမ်းသွားပါတော့တယ်၊ ဒါကြောင့် "နိယျာနိကံ၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်သွားသော။ ဝါ၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော။ အပစယဂါမိ၊ ပဋိသန္ဓေနေခြင်း၊ သေခြင်းတို့ကို ဖျက်ဆီးတတ်ပယ်ရှားတတ်သော"တဲ့၊ ပဋိသန္ဓေနေခြင်း၊ ဘဝဖြစ်ခြင်း၊ သေခြင်းတွေကို ပယ်ရှားဖျက်ဆီးတတ်တဲ့။

## မလုပ်ကောင်းဘူးလို့ ဟောပြောနေကြတယ်

ဒါန, သီလ, ဘာဝနာဆိုတဲ့ ကာမာဝစရကုသိုလ်တွေက မဂ်, ဖိုလ်, နိဗ္ဗာန်ကိုရောက်ကြောင်း ဖြစ်တန်သမျှတော့ ဖြစ်တာပါပဲ၊ ဒါပေမယ့်လို့ မဂ်, ဖိုလ်,နိဗ္ဗာန်ကို မရောက်သေးခင်မှာ လူ့ဘဝ နတ်ဘဝတွေကို အကျိုးပေးပြီးတော့ လူတွေ နတ်တွေ ဖြစ်ရလိမ့်မယ်၊ အဲဒီဘဝတွေဟာ ကောင်းတဲ့ ဘဝဆိုသော်လည်း အိုရ၊ နာရ၊ သေရဦးမှာပဲ၊ ဒါကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်းသို့ ရောက်စေတတ်တဲ့တရားတဲ့၊ ဒါပေမယ့် ဒီ ကာမာဝစရကုသိုလ်တွေဆိုတော့ မဂ်, ဖိုလ်,နိဗ္ဗာန်ရောက်ကြောင်းလည်း ဖြစ်တန်သလောက်တော့ ဖြစ်ပါတယ်၊ အကုသိုလ်တွေဆိုတာကိုတော့ ပြောစရာမလိုပါဘူး၊ အပါယ်လေးပါးမှာ ဘဝသစ်ဖြစ်ပြီး ကြီးလေးလှတဲ့ ဆင်းရဲအမျိုးမျိုးကို ဖြစ်စေတတ်ပါတယ်။

ရူပဈာန်တွေကလည်း ရူပဘဝမှာ ဗြဟ္မာတွေဖြစ်ပြီးတော့ တစ်နေ့ကျ သေရတာပဲ၊ အရူပဈာန်တွေကလည်း အရူပဘဝမှာ ဖြစ်ပြီးတော့ သေရတာပါပဲ၊ ဒါကြောင့် အဲဒီလိုဖြစ်ခြင်း သေခြင်းတွေကို ဖြစ်စေတတ်လို့မို့ "အပစယဂါမိနော ဓမ္မာ"လို့ ဟောထားပါတယ်၊ အပစယဂါမိတရားတွေတဲ့၊ စုတိ ပဋိသန္ဓေဆီကို သွားစေတတ် ဖြစ်စေတတ်တဲ့ တရားတွေလို့ ဆိုလိုပါတယ်၊ ဒါကြောင့်မို့ ဒါတွေကို တချို့ပုဂ္ဂိုလ်တွေက မလုပ်ကောင်းဘူးလို့ ဟောပြောနေကြပါတယ်၊ ဒါန, သီလ, ကုသိုလ်တွေကို မလုပ်ကောင်းဘူးတဲ့၊ အင်း ဒီလိုတော့လည်း

မယောပြောသင့်ပါဘူး၊ တကယ်တော့ ဒီကုသိုလ်ကောင်းမှုတွေဟာ မလုပ်ကောင်းတဲ့ တရားတွေမှ မဟုတ်ဘဲနဲ့ လုပ်ကောင်းတဲ့ တရားတွေပဲ။

## မဂ်,ဖိုလ်,နိဗ္ဗာန်ရနိုင်တဲ့ဘဝ

ဘာကြောင့်တုန်းဆိုတော့ ဒီ ဒါန, သီလ, ကုသိုလ်ကောင်းမှုတွေကို မပြုမလုပ်လို့ရှိရင် သံသရာဝဋ်ဆင်းရဲမှ အမှန်တကယ် ထွက်မြောက်နိုင်တဲ့ လောကုတ္တရာ ကုသိုလ်ဆိုတာလည်း မဖြစ်နိုင်လို့ပါပဲ၊ လောကုတ္တရာကုသိုလ်ကို ဂဃတင်ပြီး အားထုတ်ဖို့က ဖြစ်တာမဟုတ်ဘူး၊ ဒီလို ကာမာဝစရကုသိုလ်တွေကစပြီး အဆင့်ဆင့် အားထုတ်သွားရတာပဲ၊ ကာမာဝစရကုသိုလ်ဖြစ်တဲ့ ဒါန၊ သီလမှုတွေကို ပြုတဲ့အခါမှာတော့ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရည်သန်ပြီးပြုရတယ်၊ အဲဒီကုသိုလ်က အကျိုးပေးတဲ့အခါကျတော့ မဂ်, ဖိုလ်, နိဗ္ဗာန်ရောက်ကြောင်းတရားတွေကို အားထုတ်နိုင်ကြတာဟာ ဒီကာမာဝစရကုသိုလ်တွေကြောင့်ပါပဲ။

ရှေးရှေးသောဘဝတွေက သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရည်ရွယ်ပြီး မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရပါလို၏ဆိုတဲ့ဆုတောင်းနဲ့ ''ဣဒံ မေ ပုညံ အာသဝက္ခယံဝဟံ ဟောတု ဣဒံ မေ ပုညံ နိဗ္ဗာနဿပစ္စယော ဟောတု''စသည်ဖြင့် တောင်းဆိုခဲ့ ကြတဲ့ ကုသိုလ်ကြောင့် ယခု မြတ်စွာဘုရားသာသနာတော်အတွင်းမှာ လူရယ်လို့ လာပြီးဖြစ်ရတာတဲ့၊ ဗုဒ္ဓသာသနာဝင်ဖြစ်တဲ့ မိဘတွေကို အမှီပြုပြီးတော့ မိကောင်းဖခင်ရဲ့ သား၊ သမီးတွေ ဖြစ်လာရတယ်ဆိုတာလည်း ဒီကာမာဝစရ ကုသိုလ်တွေကြောင့်ပါပဲ၊ ငယ်ငယ်ကတည်းက စပြီးတော့ ဘုရား၊ တရား၊ သံဃာတွေကို ဆည်းကပ် ကြည်ညိုခွင့်ရတယ်၊ မှီခိုခွင့်ရတယ်၊ သဒ္ဓါတရားတွေ ထက်သန်စွာ ဖြစ်ခွင့်ရလာတယ်၊ ဘုရားဟော တရားတွေကို ကြားနာရတယ်၊ ဒီလိုကြားနာရတော့ သဒ္ဓါတရားတွေဖြစ်လာတယ်၊ စိတ်ဆန္ဒတွေ ထက်သန်လာတယ်၊ ဒါနဲ့ တရားအားထုတ်လိုက်ရင် ယခုဘဝတွေမှာပဲ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရသွားနိုင်တယ်။ ဒါကြောင့် ဒါန၊ သီလ၊ ကုသိုလ်တွေကလည်း မဂ်,ဖိုလ်, နိဗ္ဗာန်ရောက်ကြောင်း ဖြစ်နိုင်ပါတယ်ဆိုတာ ထင်ရှားပါတယ်။ ဒါပေမယ့်လို့ ဖြစ်ရာဘဝမှာ တရားအားမထုတ်လို့ရှိရင်တော့ အလိုလို ထိုင်နေရုံမျှနဲ့ မဂ်, ဖိုလ်,နိဗ္ဗာန်ကို မရနိုင်ဘူးပေါ့၊ တရားအားထုတ်မှပဲ ရနိုင်ပါတယ်။

(တတိယအကြိမ်)

အခု လောကုတ္တရာ ကုသိုလ်ကတော့ အဲဒီလို ဘဝသစ်ဖြစ်ခြင်း၊ သေခြင်းတွေကို ပယ်ရှားတတ်တယ်တဲ့၊ ဖျက်ဆီးတတ်တယ်တဲ့၊ ခုနကပြောခဲ့တဲ့အတိုင်းပဲ၊ သောတာပတ္တိ မဂ် ကုသိုလ်ကိုရရင် အပါယ်လေးပါးမှာဖြစ်တဲ့ ပဋိသန္ဓေ စုတိဆိုတဲ့ ဝဋ်ဆင်းရဲတွေကို အကုန်လုံး ပယ်ရှားလိုက်တာပဲ၊ သကဒါဂါမိမဂ်ဆိုရင် ကာမဘဝမှာ နှစ်ဘဝထက် အလွန်ဖြစ်ခြင်း သေခြင်းဆိုတဲ့ ဝဋ်ဆင်းရဲတွေကို ပယ်လိုက်တာပဲ၊ အနာဂါမိမဂ်ဆိုရင် ကာမဘဝမှာ ဖြစ်ခြင်း သေခြင်းဆိုတဲ့ ဝဋ်ဆင်းရဲတွေကို လုံးဝ ပယ်လိုက်တာပဲ၊ အရဟတ္တမဂ်ဆိုရင်တော့ ဖြစ်မယ့်ဘဝမှန် သမျှကို အကုန်လုံး ပယ်လိုက်နိုင်ပါတယ်၊ အဲဒါကြောင့် "အပစယဂါမိ၊ ဖြစ်ခြင်း သေခြင်းကို ပယ်ရှားတတ်သော။ လောကုတ္တရံဈာနံ၊ လောကုတ္တရာဈာန်ကို။ ဘာဝေတိ၊ ဖြစ်စေ၏"တဲ့။

## ဂုဏ်ချင်းတူပေမယ့် သတ္တိချင်းကျတော့ ထူးတယ်

လောကုတ္တရာဈာန်ကလည်း လောကီဈာန်နဲ့ အခြင်းအရာချင်းကျတော့ ခပ်တူတူပါပဲ၊ ဒါကြောင့်မို့ "ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ"စသည်ဖြင့် ပဌမဈာန်ရဲ့ ဂုဏ်တွေကို လျှောက်ပြီးတော့ ဟောကြား ထားတယ်။

"ကာမေဟိ၊ ဝတ္ထုကာမ, ကိလေသာကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်းရှင်း၍သာလျှင်။ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ။ ဝိဝိစ္စေဝ၊ ကင်းရှင်း၍သာလျှင်။ သဝိတက္ကံ၊ ကြံစည်ခြင်းလည်းရှိသော။ သဝိစာရံ၊ စဉ်းစားခြင်း သုံးသပ်ခြင်းလည်း ရှိသော။ ဝိဝေကဇံ၊ နီဝရဏ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခလည်းရှိသော။ ပဌမံဈာနံ၊ ပဌမဈာန်သို့။ ဉပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။"

ဒီလောကုတ္တရာ ပဌမဈာန်မှာ ဂုဏ်တွေက ရူပ ပဌမဈာန်ရဲ့ ဂုဏ်တွေနဲ့ လည်း အတူတူပါပဲ၊ ဒါပေမယ့်လို့ ရူပပဌမဈာန်တွေကတော့ အခုနက ပြောခဲ့တဲ့အတိုင်း ဘဝပဋိသန္ဓေတွေကို ဖြစ်စေတတ်တယ်၊ အခု လောကုတ္တရာ ဈာန်ကတော့ အဲဒီ ဘဝပဋိသန္ဓေတွေကို ပျက်စေတတ်တယ်၊ ပယ်ရှားတတ်တယ်တဲ့၊ သတ္တိချင်းကျတော့ အဲဒီလို အများကြီးထူးခြားသွားပါတယ်။

(တတိယအကြိမ်)

ဒီမှာလည်း လောကီစျာန်တုန်းကလို ပဋိပဒါလေးမျိုးခွဲပြီး ဝေဖန်ဟော ကြားထားတာပါပဲ၊ ဒါက ပဌမစျာန်ပဲရှိသေးတယ်၊ ဒီနောက် ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်လို့ စတုက္ကနည်းနဲ့လေးမျိုး၊ ပဉ္စကနည်းနဲ့ဆိုရင် ပဉ္စမစျာန်ရော ၅-မျိုး ဝေဖန်ပြီးတော့လည်း ဟောကြားထားပါသေးတယ်။

## ဘုံအဆင့်လေးခု ဟောထားတယ်

သောတာပတ္တိမဂ်ကို ဘယ်လိုဖော်ပြထားသလဲဆိုတော့ "ပဌမာယ၊ ပဌမဖြစ်သော။ ဘူမိယာ၊ ဘုံအဆင့်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှာတဲ့။ ပဌမဘုံဆင့်ကို ရောက်ဖို့တဲ့၊ ပဌမဘုံအဆင့်ဆိုတာ သောတာပတ္တိဖိုလ်ကို ခေါ်တာပဲ၊ သောတာပန် ပုဂ္ဂိုလ်ပါပဲ၊ သောတာပန်၊ သကဒါဂါမိ၊ အနာဂမ်၊ ရဟန္တာ ဒီအရိယာလေးဦးအဆင့်ကို ဘုံအဆင့်လေးခုအနေနဲ့ ဟောကြားပါတယ်၊ ဒါကြောင့် "ပဌမာယ ဘူမိယာ၊ ပဌမဘုံအဆင့်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှာ။ မဂ္ဂံ၊ အကြောင်းဖြစ်သော။ ဈာနံ။ လောကုတ္တရာစျာန်ကို။ ဘာဝေတိ၊ ဖြစ်ပွားစေ၏"တဲ့။ သောတာပတ္တိမဂ် ကုသိုလ်ကို ဖြစ်ပွားစေတယ်လို့ အဓိပ္ပာယ်ရပါတယ်၊ ပဌမဆုံး သောတာပတ္တိဖိုလ်ကို ရောက်ဖို့ရာ အကြောင်းဖြစ်တဲ့ မဂ်ကုသိုလ်ကို ဖြစ်ပွားစေတယ်တဲ့၊ သောတာပတ္တိ မဂ်ဖြစ်ပြီးရင် ဖိုလ်ကို တစ်ခါတည်းရောက်တော့တာပါပဲ၊ မဂ်စိတ်နဲ့ ဖိုလ်စိတ်ဆိုတာ ကူးပြောင်းသွားတာက ဘာမှမကြာဘူး၊ မဂ်စိတ်တစ်ကြိမ်ဖြစ်ပြီးတော့ ကြားမှာ ခြားနေတဲ့စိတ်ရယ်လို့ ရှိတော့တာမဟုတ်ဘူး၊ မဂ်ပြီးရင် ဖိုလ်စိတ်က တစ်ခါတည်း တန်းဖြစ်တော့တာပဲ၊ ဒါကြောင့် တရားတော်ရဲ့ဂုဏ်မှာ "အကာလိက၊ အခါမလင့် အကျိုးပေးတတ်တယ်" ဆိုတဲ့ ဂုဏ်ပုဒ်တစ်ခုကို ထည့်ဟောထားပါတယ်၊ ဒီမှာ မဂ်စိတ်က အကြောင်း ဖိုလ်စိတ်က အကျိုးပါပဲ၊ အဲဒီ အကာလိကဂုဏ်ဟာ ဒီမဂ်နဲ့ဖိုလ်ကို ရည်ရွယ်ပြီးဟောကြားထားတဲ့ ဂုဏ်ပုဒ်ဖြစ်ပါတယ်၊ အခြားမဲ့ ကာလမှာ အကျိုးကို ပေးတတ်တယ်တဲ့။

## ဆုတောင်းလေ့ရှိကြတယ်

တရားအားထုတ်တဲ့အခါမှာ ဆင်းရဲမှု၊ ချမ်းသာမှု၊ အသိဉာဏ်နှေးမှု၊ လျှင်မြန်မှုဆိုတဲ့ ပဋိပဒါလေးမျိုးကို ဒီမှာလည်း ဟောထားပါတယ်၊ ဒီလိုလေးမျိုး

ရှိနေတာဖြစ်လို့ တရားအားထုတ်တဲ့နေရာမှာ ချမ်းချမ်းသာသာလည်း အားထုတ်ချင်ကြတယ်၊ လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်လည်း မဂ်, ဖိုလ်, နိဗ္ဗာန်ကို မျက်မှောက်ပြုချင်တယ်၊ ဒါကြောင့် "လွယ်လွယ်ကူကူ ချမ်းချမ်းသာသာနဲ့ ကျင့်ပြီး မဂ်, ဖိုလ်, နိဗ္ဗာန်ကိုလည်း လျင်လျင်မြန်မြန် ရောက်ရပါလို၏" လို့ ဆုတောင်း ဆုယူ ပြုလုပ်ကြတယ်၊ တောင်းတဲ့အတိုင်း ရလာမယ်ဆိုရင် ကောင်းတာပေါ့လေ၊ ဒါပေမယ့် ပါရမီ မပြည့်စုံသေးရင်တော့ အစပိုင်းမှာ ခဲခဲယဉ်းယဉ်းကျင့်ရတာပဲ၊ နိဗ္ဗာန်ကိုမရောက်မချင်း ကြိုးကြိုးစားစား အားထုတ်ရတာပဲ။

မြတ်စွာဘုရားမှာတော့ မဂ်လေးခုလုံး သုခပဋိပဒါ ချမ်းချမ်းသာသာချည်းပဲ၊ ဆင်းဆင်းရဲရဲ ကျင့်ရတာရယ်လို့ မရှိဘူးတဲ့၊ မဂ်ဉာဏ်ရောက်တော့လည်း လျင်လျင်မြန်မြန်ပဲတဲ့၊ မဟာသိဝ မထေရ်ကြီးဆိုရင် စာတတ်ပေတတ်ပုဂ္ဂိုလ်ကြီးပဲ၊ သူ့မှာ အင်မတန်ကို ကြိုးကြိုးစားစား အားထုတ်ရတယ်၊ အရှင်သာရိပုတ္တရာ မထေရ်တို့ကျတော့ လွယ်လွယ်ကူကူနဲ့ပဲလျင်မြန်တယ်၊ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" စတဲ့ တစ်ဂါထာကိုအရှင်အဿဇိ မထေရ် ဟောတဲ့တရားကို နာကြားနေစဉ်မှာပင် လွယ်လွယ်ကူကူနဲ့ ပဌမသောတာပတ္တိမဂ်ကို ရောက်ပြီး သောတာပန်ဖြစ်သွားပါတယ်၊ အရှင်မောဂ္ဂလာန်မထေရ်မှာလည်း သောတာပတ္တိ မဂ်ဖိုလ်မှာ လွယ်လွယ်ကူကူနဲ့ပဲတဲ့၊ ဒါပေမယ့်လို့ မြတ်စွာဘုရားထံတော်မှာ ဧဟိဘိက္ခု ရဟန်းဖြစ်ပြီးတဲ့နောက် (၇)ရက် ကျင့်ရသေးတယ်တဲ့၊ အဲဒီ (၇)ရက် ကျင့်ရတဲ့အခါကာလမှာ ဆင်းဆင်းရဲရဲ ကျင့်ရပါသေးသတဲ့၊ တစ်ခါတစ်ရံ ပင်ပန်းပြီးတော့နေလို့ မြတ်စွာဘုရားကကြည့်ပြီး သတိပေးရတာတောင် ရှိသေးသတဲ့။

"မောဂ္ဂလာန်-သင်ငိုက်နေသလား"လို့ မြတ်စွာဘုရားက မေးတော်မူတယ်။

"မှန်ပါ တပည့်တော် ငိုက်နေပါတယ်ဘုရား"လို့ အရှင်မောဂ္ဂလာန်က ပြန်ကြားလျှောက်ထားတာနဲ့ မြတ်စွာဘုရားက အငိုက်ပြေတဲ့တရားကို ဟောပြီးတော့ တိုက်တွန်းတော်မူရသေးသတဲ့။

သူ့မှာ ခက်ခက်ခဲခဲ အားထုတ်နေရသေးတယ်။ အဲဒါကြောင့် အရှင်မဟာမောဂ္ဂလာန်မှာ အထက်မဂ်သုံးခုကို ရအောင်ကတော့ ဒုက္ခပဋိပဒါ ဆင်းဆင်းရဲရဲ အားထုတ်ရတယ်၊ အဘိညာဉ်ကျတော့ လျင်လျင်မြန်မြန် ရောက်သွားပါတယ်၊

(တတိယအကြိမ်)

ဒီလိုလည်း ရှိတာဖြစ်လို့ အဲဒါတွေကို ခွဲခြားပြီး သိဖို့လိုပါတယ်၊ ဒါတွေကို ဘုန်းကြီးက အခု ဟောကြားနေပါတယ်။

အချိန်တွေတောင်မှ အတော်ကုန်သွားပြီ၊ ၃-နာရီ နီးသွားပါပြီ၊ တရားကိုယ်လေးတွေတော့ ကျန်သေးတယ်၊ အဲဒီ ပဋ္ဌမဖြစ်တဲ့ သောတာပတ္တိဘုံအဆင့်ကို ရောက်ဖို့ရာ ရောက်ရာရောက်ကြောင်းဖြစ်တဲ့ အရိယာလောကုတ္တရာမဂ်ကို ဖြစ်စေတဲ့ အခါကာလမှာ "ပဌမံဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ" ပဌမဈာန်စိတ်ပဲတဲ့၊ အဲဒီ စိတ်ဖြစ်တဲ့အခါကာလမှာ-

"တသ္မိံ သမယေ ဖဿော ဟောတိ ဝေဒနာ ဟောတိ"စသည်ဖြင့် စောစောက ပြောခဲ့တဲ့အတိုင်းပဲ၊ ဖဿပဉ္စမက တရား ၅-ပါး၊ ဈာနင်ကလည်း ၅-ပါး၊ နောက်ပြီးတော့ ဣန္ဒြေပိုင်းမှာကျတော့ တစ်ခုပိုလာတယ်၊ နဂိုရှိနေကျဖြစ်တဲ့ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ မနိန္ဒြေလို့ ဣန္ဒြေရှစ်ပါး ရှိနေကြမှာ တစ်ပါးပိုလာတယ်၊ အဲဒါက ဘာလဲဆိုတော့ အနညာတညဿာမိတိန္ဒြေတဲ့၊ မသိသေးသောတရားကို သိအောင် အားထုတ်လို့ ဖြစ်ပေါ်လာတဲ့ပညာကို ခေါ်ပါတယ်၊ ပညိန္ဒြေလို့လည်း ခေါ်ပါတယ်၊ အများအားဖြင့် ပြောလေ့ရှိတာကတော့ ပညိန္ဒြေဆိုတာ လောကီဣန္ဒြေပဲ၊ လောကုတ္တရာဣန္ဒြေကတော့ အနညာတညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေဆိုတဲ့ ဒီသုံးခု သီးသန့်ရှိတာပါပဲ၊ သောတာပတ္တိမဂ်က အနညာတညဿာမိတိန္ဒြေ၊ အရဟတ္တဖိုလ်ပညာက အညိန္ဒြေ၊ အလယ်ပိုင်းမဂ်သုံးခု ဖိုလ်သုံးခု တို့မှာရှိတဲ့ ပညာက အညာတာဝိန္ဒြေတဲ့၊ ဒီလို သရုပ်ကွဲကြတယ်၊ ဒီတော့ ပညိန္ဒြေ ဆိုတာဟာ လောကီပညာပဲလို့ အသိအမှတ်ပြုပြီးတော့ ပြောလေ့ပြောထရှိကြတယ်။

ဒါပေမယ့်လို့ ဒီဓမ္မသင်္ဂဏီပါဠိတော်မှာတော့ သောတာပတ္တိမဂ်ပညာကို ပညိန္ဒြေလို့ ဟောထားတယ်၊ အညိန္ဒြေနဲ့ အနညာတညဿာမိတိန္ဒြေဟာ အတူတူပါပဲ၊ ဒီပညာ တစ်ခုတည်းကိုပင် အမည်နှစ်ခုထပ်ပြီးတော့ ဟောထားပါတယ်၊ အဲဒါလေးကိုပဲ အထူးသတိပြုပြီး မှတ်သားထားရမယ်၊ ဒါက စာပေကျမ်းဂန် လေ့လာသူ ပုဂ္ဂိုလ်တွေရဲ့အတွက် မှတ်ဖွယ်ဗဟုသုတပါပဲ၊ အဲဒီလို ဣန္ဒြေက ကိုးပါး၊ တရားကိုယ်အားဖြင့်တော့ အဲဒီထဲမှာ သမာဓိဆိုတာက ပါပြီးသား

ဖြစ်နေတယ်၊ မနိန္ဒြေဆိုတာကလည်း ရှေ့က ပြောခဲ့တဲ့စိတ်ပါပဲ၊ သောမနဿိန္ဒြေဆိုတာကလည်း ရှေ့ကသုခဆိုတဲ့ဝေဒနာပါပဲ၊ အဲဒီတော့ ထပ်နေပြီ၊ အနညာတညဿာမိတိန္ဒြေဆိုတာကလည်း ပညာပဲ၊ ဒါလည်းပဲ ထပ်နေပြီ၊ အဲဒီတော့ တရားကိုယ် ကောက်လိုက်ရင် သဒ္ဓါ၊ ဝီရိယ၊ သတိ ဒီသုံးခုရယ် ပညာရယ်၊ ဇီဝိတရယ်ဆိုတော့ အားလုံး ၅-ခု ဒါပါပဲ၊ နောက်တရားတွေကတော့ အထူးမရှိတော့ဘူး၊ ဒီအတိုင်းပါပဲ၊ မဂ္ဂင်မှာတော့ နည်းနည်းထူးတာရှိသေးရဲ့၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝလို့ ကာမာဝစရကုသိုလ်စိတ်တုန်းက ၅-ခုပဲ၊ အဲဒီမှာတော့ ရံခါရံခါမှာသာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့က တစ်ပါးစီ တစ်ပါးစီ သီးခြား သီးခြားဖြစ်တယ်၊ မိစ္ဆာဝါစာမှ ကြဉ်ရှောင်တဲ့အခါမှာ သမ္မာဝါစာဖြစ်တယ်၊ မိစ္ဆာကမ္မန္တဖြစ်တဲ့ ကာမေသုမိစ္ဆာစာရစသည်မှ ကြဉ်ရှောင်တဲ့အခါမှာ သမ္မာအာဇီဝ ဖြစ်တယ်၊ အဲဒီလို ရံခါမှာသာဖြစ်တယ်။

အခု လောကုတ္တရာမဂ်စိတ်ကျတော့ အဲဒီသုံးပါးက အမြဲတမ်းဖြစ်ကြ ယှဉ်ကြတယ်၊ ဒီမှာ တိုက်ရိုက်ဟောပြထားပါတယ်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိလို့ မဂ်စိတ်မှာယှဉ်တဲ့ မဂ္ဂင်ရှစ်ပါးလုံး တိုက်ရိုက်ဟောထားတဲ့တရားပဲ၊ အဲဒါပဲ ထူးပါတယ်၊ အဲဒီနောက်တော့ အထူးမရှိပါဘူး။

ဗိုလ်ကလည်း သဒ္ဓါဗိုလ်စသည် ၇-ပါးပဲ၊ အလောဘ၊ အဒေါသ အမောဟလို့ မူလကလည်း ၃-ပါး၊ ဟိရီဩတ္တပ္ပလို့ လောကပါလတရားကလည်း ၂-ပါး၊ ပဿဒ္ဓိ စသည်ကလည်း ၁၂-ပါး၊ ဒါတွေ အတူတူပါပဲ၊ သတိနဲ့ သမ္ပဇဉ်ကလည်း ၂-ပါး၊ သမထနဲ့ ဝိပဿနာကလည်း ၂-ပါး၊ ပဂ္ဂဟနဲ့ အဝိက္ခေပကလည်း ၂-ပါး၊ ဒါတွေ အတူတူတွေပဲ၊ ထူးတာက ဘာတုန်းဆိုရင် ဣန္ဒြေထဲမှာ အနညာတညဿာမိတိန္ဒြေဆိုတာ တစ်ပါးထူးပြီး ပိုလာတာပါပဲ၊ နောက်ပြီးတော့ မဂ္ဂင်ထဲမှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့ မဂ္ဂင်သုံးပါးပိုလာတယ်၊ အဲဒီ ၄-ပါးပဲ ပိုပြီးထူးလာတယ်၊ ဒီတော့ကို ပထမတုန်းက ကာမာဝစရကုသိုလ်စိတ်က ၅၆-ပါး ရှိခဲ့တဲ့အထဲမှာ ဒီ ၄-ပါးထည့်လိုက်ရင် (၆၀)တိတိ ရှိသွားတာပေါ့။

(တတိယအကြိမ်)

လောကုတ္တရာစိတ်မှာ မြတ်စွာဘုရားက အမည်နာမအသီးသီးအားဖြင့် ဟော ကြားသော တရားတို့မှာ ၆၀-ပါဝင်သည်တဲ့၊ တရားကိုယ်အားဖြင့်ဆိုရင်ပဲ ၃-ပါးတိုးပါတယ်၊ အနညာတညဿာမိတိန္ဒြေက ပညာနဲ့အတူတူဆိုတော့ ဣန္ဒြေ အတွက်က မတိုးတော့ဘူး၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ တို့ကတော့ ကာမာဝစရ ကုသိုလ်စိတ်တုန်းက တိုက်ရိုက်ဟောတဲ့အထဲ မပါခဲ့ကြသေးဘူး၊ အဲဒါကြောင့် ဒီ ၃-ပါးတိုးရင် တရားကိုယ်အားဖြင့် ၃၃-ပါးသာရှိတယ်၊ ယေဝါပနကတရားကျတော့ ဆန္ဒ အဓိမောက္ခ မနသိကာရ တတြ မဇ္ဈတ္တတာ ဒီ၄-ပါးပဲရှိတယ်၊ ကရုဏာ မုဒိတာ တို့က လောကုတ္တရာစိတ်မှာမရှိကြဘူး၊ အဲဒါတွေက ကာမာဝစရကုသိုလ်နဲ့ လောကီဈာန်စိတ်များမှာသာ ရှိကြတယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတွေကတော့ တိုက်ရိုက်ဟောထားတဲ့ အထဲမှာ ပါဝင်သွားပြီဖြစ်တဲ့အတွက်ကြောင့် ယေဝါပနကတရား မဟုတ်တော့ဘူး၊ ဒါကြောင့် ယေဝါပနက တရားအနေနဲ့ အမြဲယှဉ် ၄-ပါးပဲရှိတယ်၊ ဒီ ၄-ပါးနဲ့ ခုနက ၃၃-ပါး ပေါင်းလိုက်ရင် ၃၇-ပါးတဲ့၊ လောကုတ္တရာစိတ်မှာ တရားကိုယ်ပေါင်း ၃၇-ပါး တစ်ပေါင်းတည်းပါဝင်ပြီးဖြစ်သည်တဲ့၊ ဒါက လောကုတ္တရာ ပဌမဈာန်စိတ်မှာဖြစ်တဲ့ ၃၇-ပါး တရားပါပဲ။

ဒုတိယဈာန်စိတ်ကျတော့ ဝိတက်မပါတော့ဘူး၊ တတိယဈာန်စိတ်ကျတော့ ဝိစာရလည်းမပါတော့ဘူး၊ (ဒါက ပဥ္စကနည်းအရပဲ) စတုတ္ထဈာန်စိတ်ကျတော့ ပီတိပါ မပါတော့ဘူး၊ အဲဒီလို ဈာန်အင်္ဂါလေးတွေ လျော့လျော့သွားပါတယ်၊ အဲဒါကို မှတ်သားရုံပါပဲ၊ စာရွက်လေးတွေလည်း ဝေငှထားပါတယ်၊ ဒါတွေကို နောက်တစ်ခါကျမှ ဆက်ပြီးတော့ပြောရမယ်၊ အဲဒီစာရွက်လေးတွေကို တရားပွဲလာရင် ယူလာခဲ့ကြ၊ ထပ်ပြီးဝေစရာ စာရွက်က သိပ်ပြီး များများစားစား မရှိလှဘူး၊ သကြင်္ကန်အကျနေ့ကစပြီးတော့ ဒါတွေကိုပင် ဆက်ပြီး ရှင်းလင်း ဟောဦးမယ်၊ အခုတော့ အချိန်ကလည်း နည်းသွားပါပြီ။

## စိတ်စင်ကြယ်ရမယ်

လောကုတ္တရာဈာန်စိတ်ကို ပွားစေတယ်ဆိုရာမှာ ဘယ်လိုပွားစေရတုန်း ဆိုတော့ ဝိသုဒ္ဓိ ၇-ပါးထဲက သီလဝိသုဒ္ဓိကို ရှေးဦးစွာဖြစ်စေရမယ်၊ သီလ

စင်ကြယ်ရမယ်၊ တရားအားထုတ်တဲ့သူဆိုတာ သီလစင်ကြယ်ဖို့ အထူးအရေးကြီးတာပဲ၊ နောက်ပြီးတော့ စိတ္တဝိသုဒ္ဓိတဲ့၊ စိတ်စင်ကြယ်ရမယ်၊ စိတ်က ဘယ်လိုစင်ကြယ်ရမှာတုန်းဆိုရင် တတ်နိုင်ပါက ဈာန်တစ်ပါးပါးကို ရအောင် အားထုတ်ရမယ်၊ ပဋမဈာန်လောက်ကိုပဲဖြစ်ဖြစ် ရအောင်အားထုတ်ရမယ်၊ ဒီထက်တတ်နိုင်ရင် ဒုတိယဈာန်တွေ ရရင်တော့ ရှေးရှေးဈာန်တွေက ရပြီး ရပြီးပါပဲ၊ အဲဒီလို ဈာန်ရအောင် အားထုတ်ရမယ်တဲ့၊ ဈာန် သမာပတ် ၈-ပါး၊ ၉-ပါးရှိတယ်၊ အဲဒါကိုရရင် စိတ်စင်ကြယ်နေတာပါပဲ။

ဈာန်စိတ်တွေဆိုတာ အင်မတန်တည်ငြိမ်တယ်၊ ဈာန်မှထပြီး ရှုမှတ်လိုက်ရင် ရှုမှတ်လို့သိပ်ကောင်းတယ်၊ စိတ်ဟာ ဘယ်ကိုမှ မပျံ့လွင့်ဘူး၊ ဈာန်မရနိုင်ရင်လည်း ဈာန်အနီး ဥပစာရသမာဓိရအောင် အားထုတ်ရမယ်၊ ဥပစာရသမာဓိရတဲ့အခါမှာ အဲဒီကနေပြီးတော့ ဝိပဿနာရှုရင် မဂ် ဖိုလ်ကို ရနိုင်တယ်လို့ အဘိဓမ္မာ အဋ္ဌကထာတွေမှာ ဖွင့်ပြထားပါတယ်။

## တံပူခုတ်သွားကြတဲ့ ရဟန်းနဲ့ကိုရင်

ရဟန်းတော်တစ်ပါးနဲ့ ကိုရင်တစ်ပါး တံပူခုတ်ဖို့ဆိုပြီး တောထဲကိုသွားကြသတဲ့၊ ကိုရင်က အရွယ်ခပ်ကြီးကြီး သိကြားလိမ္မာတဲ့ အရွယ်ပေါ့၊ ကိုရင်က ရှေ့မှ အရင်သွားနှင့်တယ်၊ ဒီလိုသွားရင်းနဲ့ ရှေ့နားရောက်တော့ လမ်းတစ်နေရာမှာ လူသေကောင်ကြီးကို တွေ့နေတယ်၊ စောစောကတည်းက ဆရာသမားရဲ့ သွန်သင်ညွှန်ပြချက် ဥပနိဿယရပြီး ဖြစ်တဲ့ ကိုရင်ကြီးဟာ အဲဒီလူသေကောင်ကို ကြည့်ပြီး ကမ္မဋ္ဌာန်းအနေနဲ့ ရှုတော့တယ်၊ ဖူးဖူးရောင်နေတဲ့ လူသေကောင်ကြီး ဖြစ်ဖွယ်ရှိပါတယ်၊ "ဥဒ္ဓုမာတက ဖူးဖူးရောင်နေတဲ့ သူသေကောင်ကြီး"လို့ ရှုနေရင်းနဲ့ သူသေကောင်မှာ ပဋိဘာဂ နိမိတ်ထင်ပြီးတော့ ဈာန်ရသွားပါတယ်။

ဈာန်ရတယ်ဆိုတာဟာ အဲဒီအာရုံနဲ့စိတ် ကပ်ပြီးတည်နေတာ ခေါ်တာပါပဲ၊ အဲဒီ သူသေကောင်မှာ ၅-မိနစ်လောက် စိတ်ကလေး တည်နေတယ်ဆိုရင် ၅-မိနစ် ဈာန်ရနေတာပါပဲ၊ ဒီအတွင်းမှာ စိတ်ကလေးက တစ်ခြားတစ်ပါးကို မသွားဘူး၊ အာရုံပေါ်မှာ စိတ်ကလေး တည်နေသမျှ ဈာန်ရနေတာပါပဲ၊

ဒီထက် ၁၀–မိနစ်၊ နာရီဝက်၊ တစ်နာရီစသည် တည်နေနိုင်ပါတယ်၊ နိုင်နင်း လာပြီဆိုရင် တချို့ တချို့မှာ တစ်နေ့လုံးလည်း တည်နေနိုင်တယ်၊ အဲဒီလို ဈာန်ရနေတဲ့အခါမှာ အနီးအနား မြင်စရာ ကြားစရာတွေ ရှိနေပေမယ်လို့ မမြင်ဘူး၊ မကြားဘူး၊ ဒီပြင် ဘယ်ကိုမှလည်း စိတ်မကူးဘူး၊ အဲဒီ သူသေကောင် အာရုံနိမိတ်မှာပဲ စိတ်ကလေးကပ်ဝင်ပြီး တည်နေတယ်၊ သူသေကောင် အာရုံနိမိတ်ထင်နေတယ်၊ အဲဒါ ဈာန်စိတ်လို့ ခေါ်ပါတယ်။

ကိုရင်ကြီးမှာ အဲဒီဈာန်ကိုရတယ်၊ အဲဒီဈာန်မှထပြီးတော့ ဝိပဿနာရှုတယ်တဲ့၊ ဈာန်မှထတယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ဈာန်စိတ်ကလေး ဆုံးသွားတာကိုပဲ ခေါ်ပါတယ်၊ အဲဒီ သူသေကောင် အာရုံပြုတဲ့ ဈာန်စိတ်ကလေးကို ဝိပဿနာရှုတယ်၊ စိတ်ကို ပဓာနထားပြီး ပြောတာပေါ့လေ၊ အဲဒီစိတ်ထဲမှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခတွေ အဲဒီဈာန်အင်္ဂါတွေလည်း ပါတာပါပဲ၊ ဖဿ ဝေဒနာ စသည်တွေလည်း ပါတာပဲ၊ အဲဒီမှာ ထင်ရှားတဲ့ ဈာန်စိတ်လေးကို ဝိပဿနာရှုတယ်တဲ့၊ ဒီလိုရှုတော့ ဈာန်စိတ်ကလေးရဲ့ အဖြစ်အပျက်ကို သိမြင်ပြီး ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ကာ သောတာပတ္တိ မဂ်ဖိုလ်တိုင်အောင် ဆိုက်ရောက်သွားတယ်။

အဲဒီကနေ ဆက်ပြီး အားထုတ်ရင်း သကဒါဂါမိမဂ် ဖိုလ်ကို ရောက်တယ်၊ ဆက်အားထုတ်ရင်း အနာဂါမိမဂ်. ဖိုလ်ရောက်တယ်၊ ဒီတော့ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်သွားတာပဲတဲ့၊ အသုဘ အာရုံကနေပြီး ဝိပဿနာပွားနေရင် အနာဂါမ် အထိတောင်မှ ဖြစ်နိုင်တယ်တဲ့၊ အသုဘအာရုံက ကာမရာဂရဲ့ ဆန့်ကျင်ဘက် ဖြစ်တော့ အသုဘအာရုံက ရတဲ့ဈာန်ကို အခြေခံပြီး အားထုတ်လို့ရှိရင် ကာမရာဂကင်းတဲ့ အနာဂါမ်ဖြစ်တယ်။

## ရဟန်းတော်လည်း အနာဂါမ်တည်

အဲဒီအချိန်ဟာ သိပ်တော့ မကြာလှပါဘူး၊ ရေ့ကသွားနှင့်တဲ့ ကိုရင် မမြင်ရဘဲ ပျောက်သွားတော့ ရဟန်းတော်က "ကိုရင် ကိုရင်"လို့ လှမ်းခေါ်တယ်၊ ခေါ်သံကြားတော့ အဝေးကနေပြီး ကိုရင်က ထူးလိုက်တယ်၊ ထူးပြီးတော့ ရဟန်းတော် ခေါ်ရာဆီကို ပြန်လာတယ်၊ ရောက်တော့ "အရှင်ဘုရား

တပည့်တော်လာခဲ့တဲ့ အဲဒီလမ်းအတိုင်း ကြွစမ်းပါဦး၊ ဘယ်နား ဘယ်နားရောက်တဲ့ အခါမှာ ဘယ်နားလေးကို လိုက်ကြည့်စမ်းပါ၊ ရှေ့တည့်တည့် မှန်းကြည့် လိုက်စမ်းပါဘုရား"လို့ လျှောက်ထားတယ်၊ ဒီတော့ ရဟန်းတော်ကလည်း "ဒီကိုရင်ဟာ ဘာများ ထူးထူးခြားခြား တွေ့မြင်လို့ ပြောတာပါလိမ့်မလဲ"လို့ အောက်မေ့ပြီး ကိုရင်ညွှန်ကြားတဲ့ လမ်းအတိုင်း သွားတယ်၊ ကြည့်လိုက်စမ်းပါလို့ ညွှန်ကြားတဲ့ နေရာကိုရောက်တော့ ရပ်ပြီးကြည့်တယ်၊ ခုနက ကိုရင် မြင်ရတဲ့ သူသေကောင်ကြီးကို တွေ့ရတော့တာပေါ့၊ "အင်း ကိုရင်ဟာ ဒီသူသေကောင်ကြီးကို တွေ့လို့ပြောတာပဲ၊ ဒါကို ကမ္မဋ္ဌာန်းရှုစေချင်လို့ ဒီလို ညွှန်ပြတာ ဖြစ်ပေလိမ့်မယ်"လို့ ဆင်ခြင်စဉ်းစားတယ်၊ ရဟန်းတော်ကလည်း စောစောကပဲ ဆရာသမားများထံမှ နိသ္သရည်းရခဲ့ပြီးသားဖြစ်တော့ သူသေကောင်ကို တွေ့တယ် ဆိုရင်ပဲ အသုဘကမ္မဋ္ဌာန်းအဖြစ် ကမ္မဋ္ဌာန်းရှုပွားတော့တယ်။

တကယ်လို့ ဥပနိဿယ မရသေးတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ သူသေကောင်ကို တွေ့မြင်လို့ရှိရင် ရွံလို့ပဲဖြစ်ဖြစ် ကြောက်လို့ပဲဖြစ်ဖြစ် ရှောင်တိမ်းသွားကြမှာပဲ၊ သူသေကောင်ကို အကြောင်းပြုပြီး ဘာတရားမှ ရကြမှာမဟုတ်ဘူး၊ အခု ရဟန်းတော်နဲ့ ကိုရင်တို့ကတော့ ဥပနိဿယ ရခဲ့ပြီးသားဖြစ်တာမို့ သူသေကောင်ကို တွေ့တွေ့ချင်း ဒီသူသေကောင်ကြီးဟာ အချည်းနှီးမဖြစ်ဘဲ ကမ္မဋ္ဌာန်းအာရုံ ဖြစ်သွားတော့တယ်၊ "ဥဒ္ဓုမာတက ဖူးဖူးရောင်နေတဲ့ သူသေကောင် စက်ဆုပ်ရွံရှာဖွယ် သူသေကောင်"လို့ နှလုံးသွင်း ရှုမှတ်လိုက်တာ ရဟန်းတော်လည်းပဲ ပဌမဈာန်ကို ရသွားတယ်၊ အဲဒီ ပဌမဈာန်မှ ထပြီး ဝိပဿနာ ရှုမှတ်တယ်၊ ဝိပဿနာ ဉာဏ်စဉ်တွေ အစဉ်အတိုင်းတက်ပြီး အဆင့်ဆင့် အားဖြင့်လည်း အနာဂါမ်အထိ ရောက်သွားသတဲ့။

## ရှုနည်းကို သိထားရင် ကောင်းတယ်

အဲဒါ ဈာန်ရပြီးမှ ဈာန်မှထကာ ဝိပဿနာရှုလို့ရှိရင် အရိယာမဂ်ဖိုလ်ကို လွယ်လွယ်ကူကူနဲ့ ရောက်နိုင်ပုံပါပဲ၊ အခု ရဟန်းတော်နဲ့ ကိုရင်တို့မှာ ချမ်းချမ်းသာသာနဲ့ လွယ်လွယ်ကူကူ ရောက်သွားကြတယ်ဆိုတော့ သုခပဋိပဒါ ခိပ္ပါဘိညာတွေလို့ဆိုရတယ်၊ အသုဘအာရုံကို ပွားများရင်းနဲ့ နိဝရဏတွေပယ်ပြီး ကာမစိတ်တွေ ကုန်ခန်းသွားတာပဲ။

(တတိယအကြိမ်)

သူသေကောင်ကြီးကို မြင်ရလို့ရှိရင် ဘယ်မှာ နှစ်သက်သာယာဖွယ် ရှိလိမ့်မှာတုန်း၊ အမျိုးသား သူသေကောင်ပဲဖြစ်ဖြစ်၊ အမျိုးသမီး သူသေကောင်ပဲဖြစ်ဖြစ် ပုပ်ယိနေပြီဆိုရင် နှစ်သက်ဖွယ်မရှိတော့ဘူးပေါ့၊ မူလက ကိုယ်နဲ့အင်မတန် ရင်းနှီး ချစ်ခင်နေတဲ့ ပုဂ္ဂိုလ်ရဲ့ အလောင်းကောင်ပင် ဖြစ်စေကာမူ ပုပ်လာရင် အိမ်မှာ မထားနိုင်ကြတော့ဘူး၊ စွန့်ပစ်လိုက်ကြရတော့တာပါပဲ၊ ကမ္မဋ္ဌာန်း မရှုဦးတော့ စက်ဆုပ်ဖွယ်ဟာ စက်ဆုပ်ဖွယ် ဖြစ်နေတော့တာပါပဲ၊ အနားနားမှာ မနေဝံ့ မနေနိုင်ကြတော့ပါဘူး၊ စက်ဆုပ်ရွံရှာကြပါတယ်။

အခု ရဟန်းတော်နဲ့ ကိုရင်ကြီးတို့ ရှုရတဲ့ သူသေကောင်က သူတို့နဲ့ ဘာမျှ တော်စပ်ကြတာမဟုတ်ဘူး၊ ဒီတော့ စက်ဆုပ်ရွံရှာဖွယ်ဟာ ထင်လွယ်မြင်လွယ် ဖြစ်နေမှာပဲ၊ ဒါနဲ့ အသုဘကမ္မဋ္ဌာန်း ရှုလိုက်တယ်ဆိုရင် ကာမရာဂ ကိလေသာတွေ အလျင်အမြန်ကင်းပြီး ချမ်းချမ်းသာသာနဲ့ပဲ ဈာန်ရသွားနိုင်ပါတယ်၊ အဲဒီဈာန်ကို ဝိပဿနာရှုတော့လည်း သူတို့မှာ မြန်မြန်ဆန်ဆန်နဲ့ပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဉာဏ်တွေ ဖြစ်ပေါ်လာနိုင်တယ်၊ ဒီလိုနဲ့ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီး ရုပ်နာမ်ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို ဆိုက်ရောက်သွားတယ်ဆိုတာ ထင်ရှားပါတယ်၊ တရားကို နည်းမှန်လမ်းမှန် စနစ်တကျရရှိသွားလို့ အားထုတ်လိုက်ပြီဆိုရင် အကြောင်းကြောင်းလည်း စုံညီမယ်ဆိုရင် ဘာမှမကြာလှပါဘူး၊ ခဏလေးပဲ မဂ်ဖိုလ်ဆိုတာကို ရောက်နိုင်ပါတယ်။ ဒါကြောင့် ဝိပဿနာရှုနည်းတို့ သမထ ကမ္မဋ္ဌာန်းရှုနည်းတို့ ဒါလေးတွေကို သိထားကြမယ်ဆိုရင် အင်မတန်ကောင်းပါတယ်။

## ဖြစ်တိုင်း ဖြစ်တိုင်းကို ရှုရတယ်

အသုဘအာရုံရှုနည်းကို သိထားရင်လည်း ကောင်းပါတယ်၊ မေတ္တာဘာဝနာနဲ့ သတ္တဝါတွေကို ချမ်းသာပါစေ ချမ်းသာပါစေလို့ နှလုံးသွင်းရင် ဒါလည်း ဈာန်ကို ရနိုင်တာပါပဲ၊ ချမ်းသာပါစေဆိုတဲ့ စိတ်ကလေးနဲ့ ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက်ကို သိနေတယ်ဆိုရင် ဝိပဿနာဉာဏ်ဖြစ်တော့တာပဲ၊ ဒါနဲ့ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်ဖြစ်ပြီးတော့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရနိုင်ပါတယ်၊ ဝိပဿနာရှုနည်း ဆိုတာကလည်း ဖြစ်တိုင်း ဖြစ်တိုင်းတွေကို လိုက်ပြီး ရှုရတယ်ဆိုတာကို သိထားဖို့လိုပါတယ်၊ အခု ဘုန်းကြီးတို့ဆီက သတိပဋ္ဌာန် ဘာဝနာတရားတော်ကို အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေမှာတော့ ဒီလိုအားထုတ်

နည်းတွေ ရှိနေကြ သိနေကြပါတယ်၊ ဒီလိုသိနေကြတော့ အကြောင်းညီညွတ်လို့ရှိရင် ဘယ်အချိန်မှာမဆို ဝိပဿနာဉာဏ်တွေ ဖြစ်ပြီးတော့ မဂ်, ဖိုလ်ဉာဏ်ကို ရောက်နိုင်ပါတယ်။

ကုသိုလ်ကောင်းမှုတွေ ပြုတဲ့အခါမှာဆိုရင် ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်တတ်တယ်၊ ဒါနကုသိုလ်တွေပြုတဲ့အခါ တရားနာတဲ့အခါ အဲဒီလို အခါမျိုးတွေမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်ကြပါတယ်၊ အဲဒီ ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့စိတ်ကလေးကို ဝမ်းမြောက်တယ် ဝမ်းမြောက်တယ်လို့ မှတ်လိုက်လို့ရှိရင် ဖြစ်ပြီးပျက်သွားတဲ့ သဘောလေးတွေကို တွေ့ရတယ်၊ အဲဒါဟာ ဝိပဿနာဉာဏ်ပါပဲ၊ အဲဒီ ဖြစ်ပြီးပျက်သွားတာကို ရှုရင်းနဲ့ အကြောင်းညီညွတ်လို့ရှိရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို တစ်ခဏချင်းမှာပဲ ရောက်သွားနိုင်ပါတယ်။

ကိုင်း ဒီတော့ ၃–နာရီနဲ့ ၅–မိနစ်ကျော်သွားပြီ၊ ဒီမှာပဲနားကြဦးစို့၊ နောက် သကြိန်ကျတော့မှ ဆက်ပြီးဟောရမယ်၊ သကြိန်မကျခင် အတွင်းမှာတော့ မဟောသေးဘူး၊ သကြိန်က လဆန်း ၄–ရက်နေ့မှာကျမယ်၊ အင်္ဂလိပ်လိုက ၁၄–ရက်နေ့ကျမယ်တဲ့၊ အဲဒီတော့ ဘာဆက်ဟောရမလဲဆိုရင် ဒုက္ခပဋိပဒါ= ဆင်းရဲတဲ့ အကျင့်ဖြစ်ပုံ၊ ဒန္ဓာဘိညာ အသိဉာဏ်နှေးပုံ၊ သုခပဋိပဒါ= လွယ်ကူတဲ့အကျင့်ဖြစ်ပုံ၊ ခိပ္ပာဘိညာ လျင်လျင်မြန်မြန်နဲ့ အသိဉာဏ်ဖြစ်ပုံ ဒါတွေကို ဟောရမယ်။

သီလဝိသုဒ္ဓိကစပြီး အခြေခံရတယ်၊ သီလဝိသုဒ္ဓိဖြစ်လို့ သမထကမ္မဋ္ဌာန်း ပွားများရင် ရျာန်ရတယ်၊ စိတ္တဝိသုဒ္ဓိဖြစ်ပြီးတော့လည်း ဈာန်ရတယ်၊ ဥပစာရ သမာဓိ ဖြစ်အောင် အားထုတ်ရင်လည်းပဲ အဲဒီသမာဓိရယ်၊ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းက ဥပစာရသမာဓိနဲ့ အလားတူတဲ့ သမာဓိရယ်၊ ဝိပဿနာ ခဏိကသမာဓိရယ်= အဲဒီသမာဓိတွေနဲ့ စိတ္တဝိသုဒ္ဓိဖြစ်ပြီး ဖြစ်တိုင်း ဖြစ်တိုင်းတွေကို လိုက်ရှုသိနေလို့ရှိရင် ရုပ်၊ နာမ်တွေ အကြောင်းအကျိုးတရားတွေကို ပိုင်းခြားပြီး သိတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာတွေကိုလည်း အလိုလို သိလာတယ်၊ အဲဒီကနေပြီး ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်သွားတယ်၊ ဝိပဿနာ ဉာဏ် ရင့်သန်လာတဲ့အခါ မဂ်,ဖိုလ်ဉာဏ်ကို ရောက်ပုံ လောကုတ္တရာ ဈာန်

ဘာဝေတိ''ဆိုတဲ့ စကားအရ လောကုတ္တရာချာန်ဖြစ်ပုံ၊ လောကုတ္တရာချာန်ကို ရသွားပြီးတော့ ရှေ့ဖြစ်ပုံ အဲဒါတွေကို နောက်တော့ ဟောရမှာပေါ့လေ၊ အခု ဒီမှာ တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ အများကြီး သက်ဆိုင်ပါတယ်၊ ယောဂီတွေလည်း ကမ္မဋ္ဌာန်းရှုမှတ်ကြဦးမှာဆိုတော့ တစ်နေ့တစ်နေ့ တစ်နာရီလောက်ပဲ ဟောရမယ်၊ ဒီကနေ့ တရားသိမ်းကြဦးစို့။

ယနေ့အဖို့၌ အကျွန်ုပ်တို့ ပြုစုပွားများ အားထုတ်အပ်သော ကောင်းမှုအပေါင်း၏ အဖို့ဘာဂကို အမိအဘတို့မှစ၍ အလုံးစုံသော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

အမျှ . . . အမျှ . . . အမျှ . . . ယူတော်မူကြပါကုန်လော့။

သာဓု . . . သာဓု . . . သာဓု . . . ။

(တတိယအကြိမ်)

အဘိဓမ္မာတရားတော်ကြီး

(ဒုတိယအကြိမ်)

# အဘိဓမ္မာ တရားတော်ကြီး

ပြာသိုလပြည့်နေ့က စပြီးတော့ ဝါစဉ်အရ သတ္တမ ၇-ဝါမြောက်မှာ မြတ်စွာဘုရား ဟောထားတဲ့ အဘိဓမ္မာတရားကို အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်၊ တရားထဲမှာတော့ ဒီတရားက ဌာနအားဖြင့် အမြင့်ဆုံးကနေပြီးတော့ ဟောတဲ့ တရားလို့ ဆိုရမှာပေါ့၊ တာဝတိံသာနတ်ပြည်မှာနေ ဟောတဲ့တရားဆိုတော့ မြင့်ပါတယ်၊ ဗြဟ္မာ့ပြည်မှာ ဟောတဲ့တရားလည်း ရှိတော့ရှိပါသေးတယ်၊ ဒီပြင်တရားတွေကတော့ အများအားဖြင့် လူ့ပြည်မှာဟောပါတယ်။

ဝေဖန်ဟောကြားထားတာက ကုသလာဓမ္မာ=ကုသိုလ်တရားကတစ်မျိုး၊ အကုသလာဓမ္မာ=အကုသိုလ်တရားကတစ်မျိုး၊ အဗျာကတာဓမ္မာ=ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်း မဟုတ်တဲ့တရားကတစ်မျိုး=ကုသိုလ် အကုသိုလ်လို့ မဆိုရတဲ့တရားတဲ့၊ ဒီလို သုံးမျိုးခွဲပြီးတော့ ဟောကြားထားပါတယ်၊ ကုသလာဓမ္မာဆိုတာ ဘယ်လိုတရားတွေလဲ ဆိုပြီးတော့ ကုသလ=ဓမ္မ တွေကို ဝေဖန်ဟောကြားတော်မူပါတယ်၊ ကုသလဓမ္မဆိုတာ စိတ်အရေအတွက်အားဖြင့် တစ်ခုယုတ်ကိုးဆယ်ထဲက အကျယ်အားဖြင့် ငါးစ်ရာနှစ်ဆယ့်တစ်ပါးထဲက ကာမာဝစရကုသိုလ်စိတ် ရူပါဝစရကုသိုလ်စိတ် အရူပါဝစရကုသိုလ်စိတ် လောကုတ္တရာကုသိုလ်စိတ်လို့ လေးမျိုးခွဲ ဟောပါတယ်၊ အဲဒီအထဲက ကာမာဝစရကုသိုလ်စိတ်ကို တစ်စိတ်ချင်း တစ်စိတ်ချင်း ထုတ်ယူပြီးတော့ ရှေးဦးစွာ ဝေဖန်တော်မူပါတယ်၊ အဲဒါတွေကိုလည်း လွန်ခဲ့တဲ့ တပေါင်းလကွယ်နေ့က ဟောပြီးခဲ့ပါပြီ၊ ရူပါဝစရ အရူပါဝစရ ကုသိုလ်စိတ်တွေကိုလည်း ဟောပြီးခဲ့ပါပြီ၊ လောကုတ္တရာကုသိုလ်စိတ်ကိုလည်း တစ်နေ့က နည်းနည်းစပြီး ဟောထားခဲ့ပါပြီ၊ အဲဒီ လောကုတ္တရာစိတ်ကို အစုဆက်ပြီးတော့ ဟောရမယ်။

'ယသ္မိံ သမယေ လောကုတ္တရံ ဈာနံ ဘာဝေတိ ။ပ။ တသ္မိံ သမယေ ။ပ။ စိတ္တံ ဟောတိ" စသည်ဖြင့် ကာမာဝစရ ကုသိုလ်စိတ်တွေတုန်းက

ဟောခဲ့တဲ့ ၅၆–ပါး တရားတွေကို ဒီမှာလည်း ဝေဖန်ပြီး ပြထားပါတယ်၊ "ယသ္မိံ သမယေ၊ အကြင်အခါ၌။ လောကုတ္တရံ၊ လောကုတ္တရာဖြစ်သော။ နိယျာနိကံ၊ သံသရာဝဋ်ဆင်းရဲမှ ထွက်သွားတတ် ထွက်သွားကြောင်းဖြစ်သော။ အပစယဂါမိံ၊ ဘဝအသစ်ဖြစ်ခြင်း၊ သေခြင်းကို ပယ်ရှားဖျက်ဆီးတတ်သော။ မဂ္ဂံ ဈာနံ၊ မဂ်ဈာန်ကို။" ဈာန်ဆိုတာ ဒီမှာ မဂ်တရားကို ခေါ်တာပါပဲ၊ မဂ်တရားကို ဈာန်ဆိုတဲ့အမည်နဲ့ ဟောထားတယ်၊ အဲဒါကို "ဘာဝေတိ၊ ဖြစ်ပွားစေ၏" လောကုတ္တရာဈာန်တဲ့၊ လောကီဈာန်မဟုတ်ဘူး၊ အဲဒီ အဓိပ္ပာယ်တွေကို ဟိုအရင်နေ့က ပြောပြီးခဲ့ပါပြီ၊ အခု ကျန်တဲ့အဓိပ္ပာယ်ကို ဆက်ဟောရမယ်။

## မိစ္ဆာအယူတွေ ရှိတော့ဘူး

"ပဌမာယ ဘူမိယာ၊ ပဌမအဆင့်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှာ။ ဘာဝေတိ၊ ဖြစ်စေ၏" ပဌမအဆင့်ရောက်အောင် လောကုတ္တရာဈာန်ကို ပွားရတယ်တဲ့၊ ပဌမအဆင့်ရောက်ရင် ဘာအကျိုးတွေ ရှိသလဲဆိုတော့ "မိစ္ဆာဒိဋ္ဌိ ဂတာနံ၊ မိစ္ဆာအယူတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ ဘာဝေတိ၊ ပွားစေဖြစ်စေ၏" မိစ္ဆာအယူတွေ ကင်းတယ်တဲ့။ မိစ္ဆာအယူတွေကို သေသေချာချာကြည့်ရင် အဲဒါတွေဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ ကမ္ဘာလောကကြီးမှာ လူမျိုးတိုင်း လူမျိုးတိုင်း အယူဝါဒတွေ ရှိနေကြတာချည်းပဲ၊ တောကြို တောင်ကြားမှာပဲနေနေ သူတို့မှာလည်း အယူဝါဒကတော့ ရှိနေကြတာပါပဲ၊ ကျမ်းစာနဲ့ ဘာနဲ့သာ မရှိရင် မရှိဘဲနေမယ်၊ ဒီလို ကျမ်းစာတွေနဲ့ ခိုင်ခိုင်လုံလုံ မဟုတ်ပေမယ့်လဲ အယူဝါဒဆိုတာကတော့ ရှိတာပဲ၊ ယဉ်ကျေးမှု မရှိပါဘူးဆိုတဲ့ အဲဒီလူတွေမှာလည်း သူတို့အယူနဲ့သူတို့ ရှိနေကြပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေရဲ့ အယူဝါဒဆိုတာကတော့ မှန်တယ်လို့ မဟုတ်ဘူးပေါ့၊ သူတို့ရှေ့က ရှေးကျတဲ့ ပုဂ္ဂိုလ်တွေက ပြောခဲ့ကြတဲ့အတိုင်း နောက်နောက် ပုဂ္ဂိုလ်တွေက ယုံကြည်ပြီးတော့ လိုက်နာကျင့်သုံးနေကြရခြင်းသာဖြစ်တယ်၊ မှန်ကန်လှတယ်လို့ ဘယ်ဟုတ်မှာလဲ၊ မိရိုးဖလာ ဆိုသလို သူတို့ ဘိုးဘွား မိဘ လက်ထက်ကတည်းက အစဉ်အဆက် ယူလာခဲ့တာဖြစ်တော့ ဒီအတိုင်းလိုက်ပြီး ယုံကြည် ယူဆလာခဲ့ကြတာပဲ၊ အဲဒါဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ ဟုတ်သလား

မဟုတ်ဘူးလားဆိုတာလည်း မဆင်ခြင်ကြဘူး၊ ဒီလိုပဲ မျက်စိစုံမှိတ်ပြီး ယုံကြည် ကျင့်သုံးနေကြတာပဲ၊ အဲဒါဟာ မယဉ်ကျေးသေးတဲ့ လောကလူတို့ရဲ့ အဆင့်အတန်းပဲ။

ယခုအချိန်ကာလမှာဆိုရင် သိပ္ပံပညာတွေ အင်မတန် တိုးတက်နေတာဖြစ်လို့ ဆင်ခြင်စဉ်းစားတတ်တဲ့ ဉာဏ်တွေလည်း အင်မတန် အဆင့်အတန်း မြင့်နေကြပါတယ်၊ ဒါပေမယ့်လို့ တချို့ မိရိုးဖလာ ဘာသာအယူဝါဒတွေကျတော့ အင်း တယ်ပြီး မစဉ်းစားနိုင်ဘူး၊ စဉ်းစားပြီး မဟုတ်မှန်း သိနေပေမယ့်လည်း အဲဒီ အယူဝါဒကို စွန့်နိုင်ခဲတယ်၊ အသင့် ယုတ္တိမရှိတာတွေကိုလည်း ဒီလိုပဲ လိုက်နာပြီး ကျင့်သုံးနေကြရတာတွေလည်း ရှိတာပဲ၊ အဲဒါတွေလည်း အင်မတန် ကြောက်စရာကောင်းတယ်၊ အဲဒါတွေဟာ မှားတဲ့ မိစ္ဆာအယူဝါဒတွေတဲ့၊ အဲဒီ မိစ္ဆာ အယူဝါဒတွေကို လောကုတ္တရာ ပထမအဆင့်ရောက်ရင် ပယ်နိုင်တဲ့ ကျေးဇူးရှိတယ်တဲ့။

## နိုင်ငံမြဲနေတယ် မမှဘူး

ဝိပဿနာရှုလို့ ဝိပဿနာ ရင့်သန်တဲ့အခါမှာ ပထမအဆင့် သောတာပတ္တိမဂ် ဉာဏ်ကိုရောက်တယ်၊ အခုပြောနေတာဟာ အဲဒီ သောတာပတ္တိမဂ်ဉာဏ်ပါပဲ၊ "ဈာန်၊ လောကုတ္တရာ သောတာပတ္တိမဂ်ဈာန်ကို။ ဘာဝေတိ ဖြစ်စေ၏"တဲ့၊ အဲဒီဈာန်ဖြစ်ထားလို့ရှိရင်တော့ မှားတဲ့ မိစ္ဆာအယူတွေ မရှိတော့ဘူး၊ ယခုဘဝမှာလည်း မှားတဲ့ မိစ္ဆာအယူတွေ လက်မခံတော့ဘူး၊ နောက်ဘဝမှာလည်း လူဖြစ်ဖြစ် နတ်ဖြစ်ဖြစ် အဲဒီ မိစ္ဆာအယူအမှားတွေကို လက်မခံတော့ဘူး၊ ဘယ်လိုမိစ္ဆာအယူရှိတဲ့ အမျိုးတွေထဲမှာပဲဖြစ်ဖြစ် ပထမအဆင့် သောတာပတ္တိမဂ်ဉာဏ်ကို ရပြီးသားဖြစ်တဲ့ ပုဂ္ဂိုလ်ကတော့ အဲဒီမိစ္ဆာအယူကို လက်မခံတော့ဘူးတဲ့၊ မှားတဲ့အယူကို မှားနေမှန်း သိနေတယ်၊ မဟုတ်တာကို မဟုတ်မှန်းသိနေတော့တယ်တဲ့၊ ဘာပြုလို့ ဒီလိုသိနေတုန်းဆိုတော့ ရှေးက လေ့ကျင့်ထားခဲ့၍ အလေ့အကျင့်က သူ့မှာ ရှိနေလို့ပါတဲ့။

ကိုယ့်သန္တာန်မှာ တရားတွေကို ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်ရတယ်၊ အဲဒီလို ရှုမှတ်ပြီးတော့ ဖြစ်မှုပျက်မှု သဘောတွေကို သိနေတာပဲ၊ အဲဒီ သိနေတာလေးကို

မမေ့ဘူး၊ စာကျက်ထားရတာနဲ့ တူတာမဟုတ်ဘူး၊ ကျက်ထားရတဲ့ စာတွေကတော့ မေ့တတ်ပါတယ်၊ ရုပ်တရား၊ နာမ်တရားတွေဆိုတာ ရုပ်က ၂၈-ခု၊ နာမ်က စိတ်တစ်ခု ယုတ်-၈၀၊ စေတသိက်က ၅၂-ပါးရယ်လို့ ဒါတွေကတော့ ကျက်ထားရတယ်၊ ဒီလိုကျက်ထားရတာတွေကတော့ မလေ့လာလို့ ကြာရင် မေ့ပျောက်သွားတာပဲ၊ စာသင်တဲ့ ပုဂ္ဂိုလ်တွေဟာ ငယ်ငယ်ကလေးဘဝ ကျောင်းသား အရွယ်ကစပြီး ဒီလို သင်ယူကျက်မှတ်ထားခဲ့ကြရတာပဲ၊ သဒ္ဒါတို့၊ သင်္ဂြိုဟ်တို့ ဆိုတာတွေကို ကျေညက်အောင် ကျက်မှတ်ထားခဲ့ကြရတယ်၊ ငယ်ငယ်တုန်းက ကျက်မှတ်ထားခဲ့တယ်၊ ကြီးလာပြီဆိုတော့ တခြားကိစ္စတွေက များလာတယ်၊ အဲဒီစာကိုလည်း မလှည့်နိုင်ဘူး၊ ဒီတော့ ကျက်မှတ်ထားတဲ့ ရုပ် ၂၈-ပါးတို့ စိတ်စေတစိက်တို့ ဆိုတာတွေကို စေ့စေ့ငငပြည့်စုံအောင် သိပ်ပြီး မမှတ်မိတော့ဘူး၊ စာအုပ်တွေရှိပေလို့သာပဲ၊ စာအုပ်တွေသာမရှိရင်ခက်မယ်၊ ဒီတော့မှ မေ့နေတာတွေဟာ ပြန်ပြီးသိရတယ်၊ ဒါကြောင့် ကျက်မှတ်ထားရတာတွေက မေ့တတ်တယ်ဆိုတာ အထင်အရှားဖြစ်နေတယ်၊ အခု သင်ကြားနေကြတဲ့ ခေတ်ပညာတွေလိုပါပဲ၊ ခေတ်ပညာတွေလည်း သင်ကြားရင် စာပေလိုပဲ တတ်မြောက်ပါတယ်၊ အဲဒါလည်း ပြန်ပြီး မလေ့လာရင် မေ့တာပါပဲ။

ရုပ် နာမ်တွေကို သိထားတဲ့ အသိဉာဏ်ကတော့ ဒီလိုမဟုတ်ပါဘူး၊ ဒီဘဝမှာသာမက နောက်ဘဝတွေအထိ မမေ့ပါဘူး၊ သူကတော့ ခိုင်မြဲပြီးနေတာပဲ၊ အဲဒီဉာဏ်က ဒီလိုမိစ္ဆာအယူအမှားတွေကို နောက်ကာလမဖြစ်ရအောင် တစ်ခါတည်း ပယ်ရှင်းပြီးသားဖြစ်နေတယ်၊ ဒါကြောင့်"ဒိဋ္ဌိဂတာနံ၊ မိစ္ဆာအယူတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ ဘာဝေတိ ဖြစ်စေ၏"လို့ မြတ်စွာဘုရားက ဟောကြားထားပါတယ်။

## လမ်းရှင်းပေးရသေးတယ်

သောတာပတ္တိမဂ်ကို ရောက်လို့ရှိရင် အလျှင်း ပယ်နိုင်ပါတယ်တဲ့၊ အဲဒါလို ပယ်နိုင်အောင်လို့ သောတာပတ္တိမဂ်ဈာန်ကို ဖြစ်ပွားစေရမယ်တဲ့၊ ဒီဈာန်ကို ဖြစ်ပွားစေရမယ်ဆိုတော့ ဒီမဂ်ဈာန်ကစပြီး ဖြစ်ပွားအောင် အားထုတ်လို့ ဖြစ်သလားဆိုတော့ မဖြစ်ပါဘူး၊ မဂ်ကစပြီး အားထုတ်လို့ဖြစ်တယ်ဆိုရင် လွယ်လွယ်လေးနေမှာပေါ့၊ အဲဒီလိုက မဖြစ်နိုင်ပါဘူး၊ မဂ်ရအောင်လို့ ရှေးဦးစွာ

ဝိပဿနာရှုမှတ်ရတယ်၊ ဝိပဿနာဆိုတာ ပုဗ္ဗဘာဂမဂ်ပါပဲ၊ အရိယာမဂ်ကိုရအောင် အဲဒီဝိပဿနာပုဗ္ဗမဂ်ကို ရှေးဦးစွာ အားထုတ်ရတယ်၊ အရိယာမဂ်ဆိုတာက နောက်ဆုံး ကိစ္စပြီးဆုံးတဲ့ အဆုံးသတ်မဂ်ပါပဲ၊ သူ့ရှေ့က ပုဗ္ဗဘာဂ ဝိပဿနာဆိုတာကို ရှေ့သွား အားထုတ်ရပါတယ်။

ဥပမာ၊ အထက်တန်းအရာရှိပုဂ္ဂိုလ်ကြီးတွေ သွားတော့မယ်ဆိုရင် သူတို့သွားမယ့်လမ်းကို တာဝန်ရှိပုဂ္ဂိုလ်ကြီးတွေ ရှေးဦးစွာ ရှင်းရလင်းရသေးတယ်၊ အဲဒီလိုပါပဲ၊ အရိယမဂ်ဖြစ်ဖို့ရာ ပုဗ္ဗဘာဂမဂ်ဆိုတဲ့ ဝိပဿနာရှုမှတ်မှုက လမ်းရှင်းပေးရသေးတယ်၊ ဒီလို လမ်းရှင်းပေးလို့ ကိလေသာတွေ ငြိမ်းတန်သမျှ ငြိမ်းပြီဆိုမှ အရိယမဂ်က ဖြစ်လာတာ၊ ဖြစ်တော့ တစ်ကြိမ်တည်းဖြစ်တာပဲ တစ်ချက်တည်းပဲ၊ အကြိမ်များစွာ အချက်များစွာ ဖြစ်နေတာရယ်လို့ မဟုတ်ပါဘူး၊ အရိယမဂ်တစ်ကြိမ်တည်း တစ်ချက်တည်း ဖြစ်လိုက်တာနဲ့ပဲ ပြီးရမယ့်ကိစ္စတွေ တစ်ပြိုင်နက် အကုန်လုံးပြီးစီးသွားကြပါတယ်။

ရှေ့ပိုင်းက ဝိပဿနာမဂ်ကိုတော့ အကြာကြီး အားထုတ်ရတတ်ပါတယ်၊ ရက်ပိုင်းအားဖြင့်လည်း ကြာချင် ကြာမယ်၊ လပိုင်းအားဖြင့်လည်း ကြာချင် ကြာမယ်၊ နှစ်ပိုင်းအားဖြင့်လည်း ကြာချင်ကြာမှာပဲ၊ ဒီလိုပါပဲ၊ အကြောင်းခံ အားလျော်စွာ တစ်ချို့ ရက်ပိုင်း၊ လပိုင်းလောက်သာကြာပြီး တစ်ချို့ နှစ်ပိုင်းအထိ ကြာတတ်တာတွေလည်း ရှိပါတယ်၊ တစ်ချို့ကျတော့လည်း ရက်ပိုင်းတောင် ပြည့်အောင် ကြာမနေပါဘူး၊ ခဏလေး နှလုံးသွင်းရှုမှတ်လိုက်ရုံနဲ့ အရိယာမဂ်သို့ ရောက်သွားကြတာတွေလည်း ရှိတာပဲ၊ အဲဒီလို အရိယာမဂ်ဖြစ်အောင် ရှေ့ပိုင်း ပုဗ္ဗဘာဂမဂ်ဆိုတာကတော့ လိုပါတယ်၊ ပြီးတော့ ပုဗ္ဗဘာဂမဂ္ဂင်ရှေ့က မူလ မဂ္ဂင်ဆိုတာလည်း လိုပါသေးတယ်၊ မူလမဂ္ဂင်ဆိုတဲ့ အဲဒီ အမည်ကတော့ လွယ်လွယ်ကူကူနဲ့သိနိုင်အောင်လို့ ဘုန်းကြီးက နာမည်ပေးပြီး ဟောထားတဲ့ မဂ္ဂင်ပါပဲ၊ အဲဒီ မူလမဂ္ဂင်ဆိုတာ ဘာလဲဆိုတော့ ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတသမ္မာဒိဋ္ဌိတဲ့၊ အဲဒီ မူလမဂ္ဂင်မပါဘဲတော့ မဖြစ်ပါဘူး၊ အဲဒီမှာ ကံဆိုတဲ့ အကြောင်းကလေးက ကံတစ်ခုတည်း မဟုတ်သေးဘူး၊ ကံဆိုတာနဲ့ သင်္ခါရဆိုတာ အတူတူပါပဲ၊ ကုသိုလ်ကံ အကုသိုလ်ကံတွေကို

ပြုလုပ်တယ်ဆိုရာမှာ ဥပါဒါန်စွဲလမ်းမှုရှိလို့ ပြုလုပ်တာပဲ၊ စွဲလမ်းမှုမရှိရင် မလုပ်ဘူး၊ စွဲလမ်းတယ်ဆိုတာက တဏှာနဲ့ သာယာမှုလေးရှိလို့ပဲ၊ မသာယာရင် မဖြစ်ဘူး၊ သာယာတာကလည်း မသိတဲ့ အဝိဇ္ဇာရှိလို့ပဲ၊ ဒါကြောင့် အဝိဇ္ဇာ နှင့်တကွ စွဲလမ်းမှု သာယာမှုရှိနေသောကြောင့် အဲဒီ ကုသိုလ်ကံ၊ အကုသိုလ် ကံတွေကိုပြုလုပ်တာပဲ၊ အဝိဇ္ဇာဆိုတာက ရုပ် နာမ်တို့ရဲ့အဖြစ်မှန်ကို သိတာ မဟုတ်ဘူး၊ သူသိတာက တလွဲကိုသိတာ၊ အမှန်က ရုပ်နာမ်တရားတွေဆိုတာ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ ငါကောင်မဟုတ်ဘဲ အလိုသို့ မလိုက်မပါတဲ့ သဘောတွေပဲ၊ ဒါပေမယ့်လို့ အဝိဇ္ဇာက ဒီရုပ်နာမ်တွေဟာ မြဲတယ်၊ ချမ်းသာတယ်၊ ငါကောင် ဟုတ်တယ်၊ ငါ့အလိုကို လိုက်ပါတယ်၊ ငါလုပ်ချင်သလို ဖြစ်တယ်လို့ ဒီလိုအလွဲကို သိနေတယ်၊ သူက အမှန်ကို သိတဲ့ ဝိဇ္ဇာဉာဏ်နဲ့ ဆန့်ကျင်ပြီး သိနေတာဖြစ်ပါတယ်၊ "ဝိဇ္ဇာ အဝိဇ္ဇာ=ဝိဇ္ဇာ၊ အသိဉာဏ်ဆိုတဲ့ ဝိဇ္ဇာနှင့်။ န၊ ဆန့်ကျင်ဘက်တည်း။ အဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်နဲ့ ဆန့်ကျင်ဘက် သိနေတာ"တဲ့၊ ဒီလို မမှန်မကန် ဆန့်ကျင်ဘက်သိပြီး အမှန်အကန်အတိုင်း မသိလို့ ကုသိုလ်ကံ အကုသိုလ်ကံတွေကို ပြုလုပ်တာပါပဲ၊ တကယ်လို့ အမှန်အကန်အတိုင်း သိပြီဆိုရင် တဏှာ ဥပါဒါန်တွေနဲ့ သာယာစွဲလမ်းပြီး မပြုမလုပ်ပါဘူး၊ သံသရာဝဋ်ဆင်းရဲက ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ကုသိုလ်တွေကို ပြုလုပ်မှာပဲ။

ကံဆိုတဲ့ သင်္ခါရဖြစ်ရာမှာ အဲဒီ သင်္ခါရနဲ့အတူ အချင်းချင်း ဆက်စပ်ပြီး တဏှာ ဥပါဒါန် အဝိဇ္ဇာတွေလည်း ပါနေကြပါတယ်၊ ဒါကြောင့် မသာယာသင့် တာတွေကို သာယာတယ်၊ မစွဲလမ်းသင့်တာတွေကို စွဲလမ်းတယ်၊ ဒါတွေကိုတော့ အရဟတ္တမဂ်ဉာဏ်ရောက်မှ သေသေချာချာသိမှာ၊ အဲဒီကျမှ အကုန်လုံးသိမှာ၊ အနာဂါမ်မှာဆိုရင်တောင် အကုန်လုံးကို မသိနိုင်သေးဘူး၊ ကာမရာဂနဲ့ စပ်ပြီးတော့ ဖြစ်တဲ့ အကြောင်းတွေလောက်သာ အနာဂါမ်က သိတာပဲ၊ ရူပရာဂ အရူပရာဂ တွေနဲ့ စပ်ပြီးတော့ဖြစ်တဲ့ သာယာမှုတွေတော့ ရှိသေးတယ်၊ သောတာပန် သကဒါဂါမ်တွေဆိုတာကတော့ ကာမရာဂနဲ့စပ်တဲ့ အရာဌာနတွေကို ပိုင်ပိုင်နိုင်နိုင် မသိသေးဘူး၊ ဒါကြောင့် သူတို့မှာလည်း ကာမရာဂတွေဖြစ်တော့ ဖြစ်သေးတာပဲ၊ ဒါပေမယ့်လို့ ပုထုဇဉ်တွေလောက်တော့ ကြမ်းကြမ်းတမ်းတမ်း မဖြစ်တော့ဘူး၊

ဒီလောက်သာ ထူးခြားပါတယ်၊ ပုထုဇဉ်တွေမှာတော့ အကုန်လုံး အပြည့်အစုံ ကြွမ်းတမ်းလျက်ပဲ ရှိပါသေးတယ်၊ မလျော့သေးပါဘူး။

## ပါဝင်နေတဲ့ တရားတွေ

ဝိပဿနာ ရှုမှတ်နေနိုက်မှာတော့ အဖြစ်အပျက်တွေကို သိနေလို့ ဒုက္ခသဘော ထင်ပါတယ်၊ ဒါပေမယ့်လို့ မရှုမမှတ်ဘဲ နေတဲ့အခါမှာတော့ ဒုက္ခမထင်ပါဘူး၊ သာယာမှုတွေ ဖြစ်နိုင်နေတာပါပဲ၊ ဝိပဿနာမရှုမှတ်တဲ့ ပုဂ္ဂိုလ်တွေအတွက်ကတော့ အထူးပြောစရာ မလိုပါဘူး၊ သာယာမှုတွေအကုန်လုံး အချိန်ပြည့် ဖြစ်နိုင်ပါတယ်၊ အဲဒါကြောင့် ပြုလုပ်တယ်ဆိုတဲ့ သင်္ခါရထဲမှာ အဝိဇ္ဇာက မသိလို့ တဏှာက တပ်မက်တယ်၊ ဥပါဒါန်က စွဲလမ်းတယ်ဆိုတာတွေ ပါဝင်ပြီး ပြုလုပ်ပါတယ်၊ အဲဒီပြုလုပ်တဲ့ကံကြောင့် ဝိညာဉ်, နာမ်,ရုပ်, သဠာယတန, ဖဿ, ဇေဒနာ ဆိုတာတွေဖြစ်တယ်၊ ဒါတွေလည်း တခြားမဟုတ်ပါဘူး၊ မြင်တာ၊ ကြားတာ စသည်တွေပါပဲ၊ မြင်တာ၊ ကြားတာ စသည်တွေထဲမှာ ဒီ ဝိညာဉ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုတာတွေ ပါနေတာပါပဲ။

မြင်တယ်ဆိုတာက စက္ခုဝိညာဉ်က မြင်သိရုံမျှသဘောလေးပဲ၊ အဲဒီ မြင်သိတဲ့ အခိုက်အတန့်မှာ မြင်သိဝိညာဉ်နဲ့ ယှဉ်ပြီးဖြစ်တဲ့ နာမ်သဘောတရားတွေဆိုတာ ရှိသေးတယ်၊ မြင်သိတာက နာမ်ပဲ၊ မြင်သိ စက္ခုဝိညာဉ်ရဲ့ မှီရာဖြစ်တဲ့ စက္ခုပသာဒက ရုပ်ပဲ၊ စက္ခုပသာဒထဲမှာ လာပြီးထင်တဲ့ အဆင်းအာရုံကလည်း ရုပ်ပဲ၊ အဲဒီအဆင်းကို မကြည့်ဘဲနဲ့လည်း မမြင်နိုင်ပါဘူး၊ မျက်စိမရှိဘဲနဲ့လည်း မမြင်နိုင်ပါဘူး၊ မြင်တဲ့အခါမှာ အဲဒီလို ရုပ်နာမ်တွေ ပါနေတယ်၊ ပြီးတော့ အာယတနတဲ့၊ အဲဒါကတော့ သူ့အခိုက်အတန့်နဲ့သူ ခံယူရတယ်၊ မြင်တဲ့ အခိုက်အတန့်မှာဆိုရင် မျက်စိက စက္ခာယတန၊ မြင်ရတဲ့ အဆင်းရုပ်က ရူပါယတန၊ မြင်သိမှုက မနာယတန၊ ဒီမြင်သိမှုနဲ့ ယှဉ်ပြီးဖြစ်လာတဲ့ ဖဿ စသည်တွေက ရှိသေးတယ်၊ အဲဒါတွေက ဓမ္မာယတနပဲ၊ အဲဒီလို မြင်တဲ့အခါမှာ အာယတနလေးပါး ပါနေတယ်၊ ကြားမှု စသည်တွေမှာလည်း ဒီလို ဆိုင်ရာ ဆိုင်ရာ အာယတနတွေ ပါကြတာပါပဲ၊ ဒါကြောင့် မြင်တဲ့အခါမှာလည်း အာယတနတွေ ပါဝင်တယ်လို့ ပြောရတယ်၊ နောက်ပြီးတော့ ဖဿတဲ့၊

မြင်တွေ့တဲ့သဘောမှာ ဖဿပါပဲ၊ မြင်တိုင်း မြင်တိုင်း ဒီ ဝိညာဉ် အစရှိတဲ့ တရားငါးပါးတွေ ဖြစ်နေတာပါပဲ၊ ကံကောင်းလို့ ကောင်းတာတွေ မြင်ရ ကြားရတယ်၊ ကံမကောင်းလို့ မကောင်းတာတွေ မြင်ရ ကြားရတယ်၊ အဲဒီလို မြင်ခိုက် ကြားခိုက် တရားတွေကို ရှုမှတ်နေရင်းနဲ့ပဲ အကြောင်းတရားတွေကိုပါ ပိုင်းခြားပြီး သိသိလာပါတယ်၊ အဲဒါကို ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်လာတယ်လို့ ဆိုပါတယ်၊ အဲဒီဉာဏ်က ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပါမှ ဖြစ်တယ်၊ ဒိဋ္ဌိဝိသုဒ္ဓိ မဖြစ်သေးရင် ဒီဉာဏ်က မဖြစ်ပါဘူး၊ စာပေကျမ်းဂန်သဘောနဲ့ ဟောတာ ပြောတာကို နာယူရုံနဲ့ဖြစ်ဖြစ် ကျက်မှတ်ထားလို့ပဲဖြစ်ဖြစ် ဆင်ခြင်ပြီး သိတာတွေကတော့ ဒီ ပစ္စယပရိဂ္ဂဟဉာဏ်အစစ် မဟုတ်ပါဘူး၊ တချို့ကတော့ ဒါကို ပစ္စယပရိဂ္ဂဟ ဉာဏ်လို့ ထင်မှတ်နေကြတယ်၊ သီလဝိသုဒ္ဓိ စသည် အစဉ်အတိုင်း မဖြစ်ဘဲ မပါဘဲနဲ့တော့ ဆင်ခြင်ကျက်မှတ်ရုံမျှဖြင့် သိနေတာတွေဟာ ဝိပဿနာအစစ် မဟုတ်ပါဘူး၊ အဲဒါတွေကို နားလည်အောင်လို့ ဘုန်းကြီးတို့က ဝိသုဒ္ဓိတွေနဲ့ ယှဉ်ယှဉ်ပြီး ပြနေတာပါပဲ၊ အကြောင်းနဲ့အကျိုးမျှပဲလို့ ရှုမှတ်တဲ့ ဝိပဿနာ ဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင် သိသွားရင် ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်တယ်၊ဒီဝိသုဒ္ဓိဖြစ်ပါမှ၊ ပြည့်စုံပါမှ၊ သမ္မာသနဉာဏ် စသည်တွေလဲ ဖြစ်ပါတယ်၊ အဲဒီ ကင်္ခါဝိတရဏ ဝိသုဒ္ဓိပြည့်စုံပြီးတဲ့နောက်မှာ ဝိပဿနာဆက်ပြီး ရှုမှတ်နေလို့ရှိရင် ဖြစ်ပေါ်ပြီး ပျက်လိုက် ဖြစ်ပေါ်ပြီး ပျက်လိုက်နဲ့ ဒီလို ဖြစ်မှုပျက်မှုတွေကို သိလာပါတယ်၊ ဒီတော့ အနိစ္စ မမြဲဘူး၊ ဖြစ်ချည် ပျက်ချည်နဲ့ ဒုက္ခဆင်းရဲနေတာပဲ၊ သူ့သဘောအတိုင်း သူ ဖြစ်ပျက်နေတာဖြစ်လို့ အနတ္တသဘောတွေပဲဆိုတာကို ကိုယ်ပိုင်ဉာဏ်နဲ့ကို တွေ့မြင်လာပါတယ်၊ အဲဒါဟာ သမ္မသနဉာဏ် ဖြစ်လာတာပါပဲ။

ယောဂီတို့ဉာဏ်ထဲမှာ ဘယ်လို ထင်လာတတ်သလဲဆိုရင် "ရှေးက မရှုမမှတ်ဘဲ နေလို့သာ ဒီသဘောတွေကို မသိရတာဘဲ၊ တကယ်တော့ မမြဲတဲ့ သဘောတွေ ချည်းပဲ၊ ဆင်းရဲတဲ့သဘောတွေချည်းပဲ၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ သဘောမျှတွေ ချည်းပဲ" လို့ ရှုရင်း ရှုရင်းမှာပဲ၊ ယောဂီတို့ဉာဏ်ထဲမှာ သဘောကျပြီး ထင်မြင်လာတတ်ကြပါတယ်၊ ပြီးတော့ "ရှေးတုန်းကလည်း ဒီလို အနိစ္စ ဒုက္ခ တရားပဲ၊ နောင်လည်း ဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားတွေ

နေမှာပဲ"လို့ ဒီလိုလည်း သဘောကျလာတတ်ကြပါတယ်၊ ဒီလောက်သာမက သေးဘူး၊ "ကိုယ့်သန္တာန်မှာသာ မဟုတ်သေးဘူး၊ သူတစ်ပါးသန္တာန်မှာရှိတဲ့ တရားတွေလည်း ဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတွေပဲလို့ ဒီလိုလည်း သဘောပေါက်လာတတ်ကြပါတယ်၊ ဒီလို သဘောပေါက် ဆင်ခြင်သုံးသပ် တာတွေဟာ သမ္မသနဉာဏ် ဖြစ်ပုံတွေပါပဲ၊ အဲဒါဟာ ဝိပဿနာဉာဏ်စဉ်ဖြစ်ပုံ အခြေခံတွေ ဖြစ်ပါတယ်။

## ဉာဏ်စဉ်အတိုင်း ဆက်ဖြစ်လာတယ်

သမ္မာသနဉာဏ်ဖြစ်ပြီး ဆက်မှတ်လို့ရှိရင် ဥဒယဗ္ဗယဉာဏ် ဖြစ်လာပါတယ်၊ အဲဒီကနေ ဉာဏ်စဉ်အတိုင်းဆက်ပြီးတော့ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝ ဉာဏ် စသည် ဉာဏ်စဉ်တွေ အများကြီးပါပဲ၊ ဖြစ်ခိုက် ဖြစ်ခိုက် တရားတွေကို ရှုမှတ်လို့ရှိရင် အဲဒီဉာဏ်တွေဖြစ်လာပါတယ်၊ ဝိသုဒ္ဓိနဲ့ ဉာဏ်စဉ်တရားတော်ဆိုတဲ့ စာအုပ်ထဲမှာ အကျဉ်းချုံးပြီးတော့ ပေါ်ပေါ်လွင်လွင် ရေးထားပါတယ်၊ အဲဒီ ဉာဏ်တွေ အစဉ်အတိုင်းဖြစ်လာမှ ဝိပဿနာဉာဏ်အစစ် ဖြစ်ပါတယ်ဆိုတာကို မှတ်သားထားဖို့ပေါ့လေ၊ ဒီလို အစဉ်အတိုင်းလည်းမဟုတ် သီလတောင်မှလည်း မစင်ကြယ်၊ သီလစင်ကြယ်တယ်ဆိုဦးတော့ နီဝရဏတွေကင်းအောင် သမထ ဘာဝနာကို ရှုမှတ်တာလည်း မဟုတ်ဘဲနဲ့ ဒီအတိုင်း သက်သက်နဲ့ ဆင်ခြင်ရုံမျှ နဲ့တော့ စိတ္တဝိသုဒ္ဓိ=စိတ်စင်ကြယ်မှုဆိုတာလည်း မဖြစ်နိုင်ဘူး၊ ရုပ်, နာမ်ပဲ၊ ကြောင်းကျိုးပဲ စသည်ဖြင့် ခွဲခြားပြီး ဆင်ခြင်တာတွေလည်း နာမရူပပရိစ္ဆေဒ ဉာဏ် စသည် အစစ်မဖြစ်ပါဘူး၊ ဘာကြောင့်လဲဆိုရင် စိတ္တဝိသုဒ္ဓိ၊ သီလဝိသုဒ္ဓိ စသည်မရှိတဲ့ အတွက်ကြောင့်ပါပဲ၊ သီလဝိသုဒ္ဓိမဖြစ်ရင် စိတ္တဝိသုဒ္ဓိ မဖြစ်နိုင်ပါဘူး၊ စိတ္တဝိသုဒ္ဓိ မဖြစ်ရင်လဲ ဒိဋ္ဌိဝိသုဒ္ဓိ မဖြစ်နိုင်ပါဘူး၊ ဒိဋ္ဌိဝိသုဒ္ဓိ မဖြစ်ရင်လဲ ကင်္ခါဝိတရဏဝိသုဒ္ဓိ မဖြစ်နိုင်ပါဘူး၊ အဲဒီ ဝိသုဒ္ဓိတွေ မဖြစ်ရင် သမ္မသန ဉာဏ် မဖြစ်ဘူး၊ ရုပ်, နာမ် ဓမ္မတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ မသုံးသပ်နိုင်ပါဘူး၊ သူ့ဝိသုဒ္ဓိနဲ့ သူ့ဉာဏ်စဉ်အတိုင်း ဆက်ဖြစ်လာမှ ဝိပဿနာ စစ်စစ်ဖြစ်ပါတယ်၊ အဲဒါတွေကို သိထားဖို့ဆိုတာ အင်မတန်လိုတာပါပဲ။

(တတိယအကြိမ်)

## ကိလေသာကို ဒီလိုဝယ်ရတဲ့ထုံးစံရှိဘူး

ဒါတွေဟာ ဒုက္ခပဋိပဒါကိုပြတဲ့ အဋ္ဌကထာစကားနဲ့လည်း ထင်ရှားပါတယ်၊ အထက်နားကပြခဲ့တဲ့ ဒုက္ခပဋိပဒါ ဆိုရာမှာ ရုပ်နာမ်ကို ပိုင်းခြားသိရာ ရုပ်နာမ် ကြောင်းကျိုးတွေကို သိမ်းဆည်းရာ လက္ခဏာရေးသုံးပါးကို သိမြင်ရာ လမ်းမှန်လမ်းမှားကို ဆုံးဖြတ်ရာ အဲဒီလိုနေရာတွေမှာ ကိလေသာကို ဆုံးသည်အထိ ရှုမှတ်ပြီးတော့ ပယ်ခွာရမယ်၊ "ဒုက္ခပဋိပဒါ ဆင်းရဲတဲ့အကျင့်" ဆိုတာဟာ အစဉ်အတိုင်း ရှုမှတ်ပြီးနေမှ ဖြစ်သင့်သမျှ ကိလေသာတွေကို ပယ်နိုင်တာပဲ၊ မရှုမမှတ်ဘဲ စာပေအရနဲ့ဆင်ခြင်ရုံမျှ ဆင်ခြင်လို့ကတော့ ကိလေသာကို အကြွင်းမဲ့ မပယ်နိုင်ပါဘူး၊ အဲဒီ ဆင်ခြင်မှုဟာ ကိလေသာကို ပယ်နိုင်တဲ့ ဘာဝနာအလုပ်လည်း မဟုတ်ဘူး၊ ဆင်ခြင်ရုံမျှ ဆင်ခြင်နေရင် ကိုယ်သိဖူးထားတဲ့ ကိုယ်ကြားဖူးထားတဲ့ အတိုင်းသာ မှတ်မိတာလေးတွေ ပေါ်ပေါ်နေမှာပဲ ရှိတယ်၊ အဲဒီ ဆင်ခြင်မှုမျှနဲ့တော့ ကိလေသာကို ပယ်ရတဲ့ ထုံးစံလည်း မရှိပါဘူး။

ဆင်ခြင်တယ်ဆိုတာ သူထင်မြင်တာတွေ လျှောက်ပြီး တစ်သီကြီး ဆက်လက် ဆင်ခြင်နေမှာပဲ၊ နားချင်လည်း နားနေမှာပဲ၊ နားပြီးတော့ ဒီကြားထဲမှာ ကိုယ်ကြံစည်ချင်တာတွေကို လျှောက်ကြံစည်ပြီး ကာမစ္ဆန္ဒတွေ ဖြစ်ချင်လည်း ဖြစ်နေလိုက်ဦးမှာပဲ၊ ဒါကြောင့် ဆင်ခြင်တယ်ဆိုတာ မူလက သိထားတဲ့ အတိုင်းမှလွဲလို့ ကိုယ်ပိုင်ဉာဏ်နဲ့ မှန်ကန်စွာသိနိုင်တဲ့ အသိမဟုတ်ပါဘူး၊ အဲဒီတော့ ဒီလို လျှောက်ပြီး ဆင်ခြင်နေတာဆိုရင် ဒုက္ခပဋိပဒါ စသည်တွေ ဖြစ်နေစရာလည်း မလိုတော့ဘူး၊ ဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်ဆိုပါက ကျက်မှတ်ပြီး ဆင်ခြင်လိုက်ရင် လွယ်လွယ်လေးဖြစ်နေမှာပေါ့၊ သုခပဋိပဒါဖြစ်နေတော့မှာပဲ၊ ဒါတော့ ဒုက္ခပဋိပဒါရယ်လို့ မရှိနိုင်တော့ဘူး၊ စာတတ်ပေတတ် ပုဂ္ဂိုလ်တွေ ဗဟုသုတများတဲ့ ပုဂ္ဂိုလ်တွေ ဒီလိုပုဂ္ဂိုလ်တွေ အားလုံးပင် အရိယာပုဂ္ဂိုလ်တွေချည်း ဖြစ်ကုန်တော့မှာပဲ၊ ဒီလိုလည်း မဖြစ်နိုင်ပါဘူး၊ ပေါဋ္ဌိလမထေရ်မြတ်ကြီးဆိုရင် ပါဠိ-အဋ္ဌကထာတွေ ပို့ချနေတဲ့ စာတတ်ပေတတ် ပုဂ္ဂိုလ်ကြီးပဲ၊ နောက်ဆုံးတွင် ဝင်သာမဏေကလေးတစ်ပါးထံ ကမ္မဋ္ဌာန်းတောင်း အားထုတ်လိုက်ရတာ တော်တော် ကြာတယ်မဟုတ်လား။

(တတိယအကြိမ်)

## ခိုးနေဘဲ အလွတ်ပြောနေတာ

အခုဟာက ရုပ် နာမ်ကို ပိုင်းခြား သိမ်းဆည်းရာတွေမှာ ကိလေသာကို ရှုမှတ်ပြီး ပယ်ရတယ်၊ တစ်ကြိမ်ရှုမှတ်ရုံနဲ့ မပျောက်ဘူးဆိုရင် နှစ်ကြိမ်မှတ်ရတယ်၊ နှစ်ကြိမ်မှတ်ရုံနဲ့ မပျောက်သေးဘူးဆိုရင် သုံးကြိမ်မှတ်ရတယ်၊ ဒီလို သုံးကြိမ် စသည်ဖြင့် ရှုမှတ်နေရရင် ဒါဟာ ဒုက္ခပဋိပဒါပဲ၊ လေးကြိမ်၊ ငါးကြိမ်၊ ဆယ်ကြိမ် စသည် ရှုမှတ်ရတယ် ဆိုရင်တော့ ဒုက္ခပဋိပဒါ ဖြစ်တယ်ဆိုတာ ပြောစရာမလိုတော့ပါဘူး၊ အဋ္ဌကထာမှာဒီလိုပြထားတာ၊ ဒါကြောင့် အချက်ရေနဲ့ ဒီလိုပြထားတဲ့ အဋ္ဌကထာစကားဖြင့်လည်း ထင်ရှားပါတယ်၊ ဒါကို သိထားဖို့လည်း လိုတာပဲ။

ဒါက ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေပေမယ်လို့ အမှတ်တမဲ့ ဖြစ်နေတတ်တယ်၊ ဆရာကြီးတွေပြုလုပ်ပြီး ဝိပဿနာတွေ ဝိသုဒ္ဓိတွေနဲ့ နိုးနေခြင်းမရှိဘဲ အလွတ်ပြောနေတာတွေရှိတယ်၊ ဒါနဲ့ ဒါတွေကို မှတ်ထားရအောင်လို့ ဘုန်းကြီးက ဆောင်ပုဒ်ကို လင်္ကာနဲ့မရေးဘဲ ဒီမှာ ရိုးရိုးစကား ဝါကျအနေနဲ့ ရေးထားတယ်၊ လင်္ကာနဲ့ဆိုတော့ ကာရန်နဲ့ အက္ခရာလုံးရေနဲ့ ရေးရတယ်၊ ဒီတော့ မသေချာ မထင်ရှားဘဲ နေမှာစိုးလို့ ရိုးရိုးစကားလုံးလေးနဲ့ပဲ ရေးထားပါတယ်၊ အဲဒါကို လိုက်ဆိုကြရမယ်။

"သီလဝိသုဒ္ဓိ ပြည့်စုံမှ စိတ္တဝိသုဒ္ဓိ ဖြစ်နိုင်သည်"
(ဆို ၃-ခေါက်)

## ရဟန်းတော်တွေက ပိုခက်တယ်

သီလဝိသုဒ္ဓိပြည့်စုံမှ စိတ္တဝိသုဒ္ဓိဖြစ်တယ်ဆိုတာကို စာပေကျမ်းဂန် ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ဘယ်သူမှ ငြင်းနိုင်မှာ မဟုတ်ပါဘူး၊ သီလဝိသုဒ္ဓိရှိမှ စိတ္တဝိသုဒ္ဓိဖြစ်မယ်၊ သီလမရှိတဲ့ပုဂ္ဂိုလ် တရားအားထုတ်ရင် စိတ္တဝိသုဒ္ဓိဟာ ဖြစ်ကို မဖြစ်နိုင်ပါဘူး၊ ဈာန်တွေဆိုတာလည်း မရနိုင်ပါဘူး၊ အောက်ထစ်ဆုံးအားဖြင့် တရားအားထုတ်ခါနီးဖြစ်ဖြစ် သီလစင်ကြယ်အောင် သီလဝိသုဒ္ဓိဖြစ်အောင် သီလဆောက်တည်ပြီးမှ တရားအားထုတ်ရတယ်၊ ဒီလို အားထုတ်မှဖြစ်တာ၊

အဲ ဘယ်နည်းနဲ့ စင်ကြယ် စင်ကြယ် သီလစင်ကြယ်မှ တရားအားထုတ်လို့ ဖြစ်ပါတယ်။

ဒီ သီလပြည့်စုံဖို့ဆိုတာ လူတွေထက် ရဟန်းတော်တွေက ပိုပြီးခက်တယ်၊ ရဟန်းတော်တွေမှာ တချို့ အာပတ်က သူ့တစ်ပါးထံ ဒေသနာပြောကြားလိုက်ရုံနဲ့ မပြီးသေးဘူး၊ မအပ်စပ်တဲ့ပစ္စည်းတွေ မိမိမှာ ရှိနေရင် အဲဒါတွေကို ဝိနည်းကံနဲ့အညီ စွန့်ရဦးမယ်၊ ပရိဝတ်မာနတ်ဆောက်တည်မှ ပြီးတဲ့ အာပတ်ဆိုရင်လည်း ပရိဝတ်, မာနတ် ဆောက်တည်ရသေးတယ်၊ ဒါမှသာ သီလစင်ကြယ်နိုင်တယ်၊ အဲဒီတော့ ရဟန်းတော်တို့မှာ အရင်က သီလမစင်ကြယ်ခဲ့ရင်တော့ သီလစင်ကြယ်အောင် ဆောက်တည်ဖို့ဟာ လူတွေထက်ပိုခက်တယ်၊ ပရိဝတ်, မာနတ် ဆောက်တည်မှ ပြီးမယ့် အာပတ်ဆိုရင် ဒီပြင်ကိစ္စတွေက အများကြီးရှိသေးတယ်၊ လွယ်လွယ်နဲ့ပြီးတာ မဟုတ်ဘူး၊ ဒါကြောင့် လူတွေထက် ရဟန်းတော်တွေမှာ သီလစင်ကြယ်အောင်လုပ်ဖို့ ပိုပြီးခက်တယ်လို့ ပြောရတာပဲ၊ အရင်က သီလစင်ကြယ်အောင် စောင့်ရှောက်ခဲ့လို့ သီလစင်ကြယ်နေရင်တော့လည်း လူတွေလို သီလဆောက်တည်နေစရာ မလိုတော့ပါဘူး၊ တရားအားထုတ်လိုက်ရုံပါပဲ။

## နီဝရဏတင်းတဲ့စိတ်

သီလဝိသုဒ္ဓိဖြစ်ပြီးမှ ဈာန်ရအောင် အားထုတ်ရင်လည်း ဈာန်ရနိုင်ပါတယ်၊ ဈာန်မရနိုင်သေးတောင်မှ ဥပစာရသမာဓိကို ရောက်နိုင်ပါတယ်၊ ဝိပဿနာ သက်သက်အားထုတ်ရင်လည်း အခု ဒီမှာ အားထုတ်တဲ့နည်းစနစ်နဲ့ အားထုတ်မှသာ မဟုတ်ပါဘူး၊ ဒီပြင် မှန်ကန်တဲ့နည်းနဲ့ အားထုတ်ရင်လည်း ဖြစ်တာပါပဲ၊ ဣရိယာပုတ်လေးပါးတွင် ဘယ်ကပဲမှတ်မှတ် ဖြစ်ပါတယ်၊ ဓါတ်လေးပါး ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ထင်ရှားရာကနေပြီး မှတ်နိုင်တာချည်းပါပဲ၊ ပေါ်တိုင်း ပေါ်တိုင်းသော တရားတွေကို ရှုမှတ်နိုင်ဖို့သာ လိုပါတယ်၊ ရှုမှတ်ခါစမှာတော့ စိတ်စင်ကြယ်ဖို့ မလွယ်သေးဘူးပေါ့၊ ပြောခဲ့တဲ့အတိုင်း သီလစင်ကြယ်မှ ရှုမှတ်လို့ စိတ်စင်ကြယ်တဲ့ စိတ္တဝိသုဒ္ဓိ ဖြစ်နိုင်ပါတယ်။

စိတ္တဝိသုဒ္ဓိဆိုတာ နီဝရဏတွေ ကင်းရှင်းပြီးတော့ စိတ်သန့်ရှင်း တည်ကြည် ငြိမ်သက်နေတဲ့ သမာဓိကို ခေါ်တာပါပဲ၊ ရှုမှတ်နေတဲ့စိတ်မှတစ်ပါး

လွတ်ပြီး ဟိုသွား ဒီသွားနဲ့ ဖြစ်ချင်တိုင်းဖြစ်နေတဲ့ စိတ်တွေဆိုတာရှိတယ်၊ အဲဒီစိတ်တွေကို နီဝရဏနဲ့တကွ ဖြစ်နေတဲ့စိတ်တွေလို့ခေါ်တယ်၊ အဲဒီ နီဝရဏစိတ်တွေကင်းပြီး ရှုမှတ်နေတဲ့ စိတ်ရှည်း သက်သက် တည်ငြိမ်တဲ့သမာဓိကို စိတ္တဝိသုဒ္ဓိလို့ ခေါ်တာပါပဲ၊ အဲဒါကိုလည်း လိုက်ဆိုကြရမယ်။

"နီဝရဏကင်းတဲ့ စိတ်တည်ကြည်ငြိမ်သက်မှုသမာဓိကို စိတ္တဝိသုဒ္ဓိလို့ခေါ်သည်။" (ဆို ၃-ခေါက်)

နီဝရဏဆိုတာ ဘာလဲဆိုရင် ရှုမှတ်မှုမဟုတ်ဘဲနဲ့ အလွတ်ဖြစ်တဲ့ စိတ်တွေ စိတ်ကူးတွေလို့သာ လွယ်လွယ်မှတ်ထားပေရော့၊ နာမည်သရုပ်နဲ့ဆိုရင်တော့ ကာမစ္ဆန္ဒနီဝရဏ, ဗျာပါဒနီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စ-ကုက္ကုစ္စနီဝရဏ, ဝိစိကိစ္ဆာနီဝရဏ တဲ့၊ ဒီလို ငါးပါးရှိတယ်၊ ဒီမှာ ခဏခဏ ဆိုသလိုပဲ ဒီ နီဝရဏတရားတွေကို ဟောနေတာပါပဲ၊ ရှုမှတ်မှုမှ အလွတ်ဖြစ်နေတဲ့ နီဝရဏတွေက သမာဓိ ဝိပဿနာဉာဏ်တွေကို ထားဆီးပိတ်ပင်တတ်တယ်၊ အဲဒီ နီဝရဏတွေ ကင်းပြီး စိတ်တည်ကြည်ငြိမ်သက်နေတဲ့ သမာဓိကို စိတ္တဝိသုဒ္ဓိလို့ခေါ်တယ်၊ ဒီစိတ္တဝိသုဒ္ဓိဟာ သီလရှိတဲ့သူမှဖြစ်တယ်၊ သီလမရှိရင် မဖြစ်ဘူး။

အဲဒီ စိတ္တဝိသုဒ္ဓိပြည့်စုံမှ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်သည်တဲ့၊ ဒီလိုဆိုထားတယ်၊ ရှင်းနေတာပါပဲ၊ အခု ဒီမှာ တရားရှုမှတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ်တွေဟာ ရှုကာစ, မှတ်ခါစဆိုရင် "ဖောင်းတယ်, ပိန်တယ်" လို့ ဒီနှစ်ခုလောက်ကိုပဲ မှတ်နိုင်ပါသေးတယ်၊ များများမမှတ်နိုင်သေးပါဘူး၊ ဒီလောက်လေး မှတ်နေတဲ့ အထဲကကိုပဲ စိတ်ကူးတွေက အပြင်ကို ထွက်ထွက်သွားတတ်ပါသေးတယ်၊ အဲဒါဟာ နီဝရဏတွေ ဝင်လာတာပဲပေါ့။

နှစ်သက်သာယာစိတ်တွေဖြစ်နေရင် အဲဒါဟာ ကာမစ္ဆန္ဒနီဝရဏတွေပဲ၊ စိတ်ပျက်, စိတ်ဆိုးတွေ ဖြစ်နေလို့ရှိရင် ဗျာပါဒနီဝရဏတွေပဲ၊ အားထုတ်မှုနဲ့စပ်ပြီးတော့ စိတ်ဓာတ်တွေ၊ စိတ်အားတွေကျနေရင် ပျင်းနေရင် ထိနမိဒ္ဓနီဝရဏတွေပဲ၊ စိတ်တွေ ဟိုရောက်ဒီရောက်နဲ့ ဘာရယ်လို့လည်း မယ်မယ်ရရ မဟုတ်ဘဲ ဖြစ်နေရင် အဲဒါတွေဟာ ဥဒ္ဓစ္စနီဝရဏတွေပဲ၊ ဟိုဟာကို ငါပြောမိတာလည်း မှားသွားတယ်၊ ဒီဟာကို ပြောမိတာလည်း မှားသွားတယ် စသည်ဖြင့် ရှေးက မှားခဲ့တာတွေ အခုမှားတာတွေကို ပြန်တွေးမိပြီးတော့ စိတ်ပူပန်မှုတွေ

ဖြစ်နေတာကတော့ ကုက္ကုစ္စနီဝရဏတွေပဲ၊ ဟုတ်မှဟုတ်ပါ့မလား၊ ဖြစ်မှဖြစ်ပါ့မလားလို့ တွေးတောဆင်ခြင်ပြီး မဝေခွဲနိုင်ဖြစ်နေတာကတော့ ဝိစိကိစ္ဆာ၊ နီဝရဏတွေပဲ၊ အဲဒီ နီဝရဏတွေဟာ ရှုမှတ်နေတဲ့ကြားမှာ ဝင်ဝင်ပြီးလာတက်တယ်၊ ဒီနီဝရဏတွေ မဝင်လာဘဲနဲ့ မှတ်စိတ်ချည်း စင်ကြယ်နေမယ်၊ နီဝရဏတွေ ကင်းပြီးတော့ စိတ်လေး တည်ကြည်ငြိမ်သက်နေမယ်ဆိုရင် အဲဒါကို စိတ္တဝိသုဒ္ဓိ စိတ်စင်ကြယ်တယ်လို့ ဆိုရတယ်။

## ဘာဝနာဉာဏ်နဲ့မှ အမှဲတင်းတယ်

ဒီလို စိတ်စင်ကြယ်နေမှ မှတ်ရတဲ့ရုပ်နဲ့ မှတ်သိတဲ့ နာမ်လေးကို ပိုင်းခြားပြီး သိလာမယ်၊ အဲဒါကို နာမရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်တာပဲ၊ ဖောင်းတယ်ဆိုလို့ရှိရင် ဖောင်းတာနဲ့ သိတာ ဒီနှစ်ခုထဲရှိတာပါပဲ၊ ဖောင်းတာကလည်း ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး၊ သိတာကလည်း ပုဂ္ဂိုလ်သတ္တဝါမဟုတ်ပါဘူး၊ သိစရာအာရုံ သိတဲ့စိတ် ဒါပဲရှိနေတာကို ပိုင်းခြားပြီး သိနေတယ်၊ ပိန်တယ်ဆိုရာမှာလည်း ဒီလိုပဲ၊ သိစရာအာရုံနဲ့ သိတဲ့စိတ်နှစ်ခုပဲရှိတယ်၊ ဒါမှလွဲလို့ တခြားပုဂ္ဂိုလ် သတ္တဝါဆိုတာ မရှိဘူးလို့ ဉာဏ်ထဲမှာ ကိုယ်တိုင်သိ ဖြစ်ပြီးတော့ သဘောကျတာပါပဲ၊ အဲဒါ အမှန်အတိုင်း နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်လာတာပါပဲ၊ ဒါဟာ ဘာဝနာမယဉာဏ်နဲ့ ကိုယ်တိုင်သိတဲ့ အသိဖြစ်တယ်။

ဒီပြင် သုတမယဉာဏ်နဲ့ သိတာတွေ၊ စိန္တာမယဉာဏ်နဲ့သိတာတွေလည်း ရှိပါတယ်၊ အဲဒီ အသိတွေကတော့ မှန်းဆပြီးသိတဲ့ အသိတွေပဲ၊ ရှုမှတ်သိတဲ့ ဘာဝနာမယဉာဏ်နဲ့ ကိုယ်တိုင် တိတိကျကျသိတဲ့ အသိတော့ မဟုတ်ပါဘူး၊ ကိုယ်တိုင် အတိအကျသိနိုင်တဲ့ ဘာဝနာမယဉာဏ်ဖြစ်ဖို့ လိုပါတယ်၊ ငါကောင် သတ္တဝါကောင်လို့ ဒီလိုစွဲလမ်းနေတာတွေ၊ အထည်ဒြပ်နဲ့ အမြဲတည်နေတယ်လို့ စွဲလမ်းနေတာတွေ အဲဒီလို စွဲလမ်းမှုတွေဟာ ဘာဝနာဉာဏ်နဲ့ကျမှ အစွဲအလမ်း ကင်းသွားပါတယ်၊ ဝိပဿနာ မရှုမှတ်ခင်ကတော့ ဒီလိုပဲ စွဲလမ်းနေကြ တာပါပဲ။

ဘာကိုပဲလုပ်လုပ် ရုပ်ကိုယ်ထည်ကြီးကိုလည်း ငါပဲ၊ သိနေတဲ့ အသိစိတ်ကိုလည်း ငါပဲလို့ ဒီလို တစ်ယောက်တည်းအနေနဲ့ ထင်မြင်နေကြပါတယ်၊ ဒါတွေဟာ

ပညတ်အနေနဲ့ သိနေကြတာပဲ၊ အမှန်အတိုင်း သိတာမဟုတ်ပါဘူး၊ တချို့ ပုဂ္ဂိုလ်တွေဟာ "ပုဂ္ဂိုလ် သတ္တဝါ၊ ငါ သူတစ်ပါး၊ မယားကျား၊ မိန်းမဆိုတာ မရှိဘူး၊ ဒါတွေဟာ ပညတ်တွေပဲ"လို့ ဝိပဿနာဉာဏ်သိ မဟုတ်ဘဲ သဘောကျပြီး သိနေကြတာပါပဲ၊ ဒါပေမယ့် ဒီလိုသိတဲ့ အသိဟာ စာသိ ပေသိမျှပါပဲ၊ ကိုယ်တိုင်သိ မဟုတ်ပါဘူး၊ တကယ် စစ်ဆေးကြည့်လိုက်တဲ့ အခါကျတော့ ရုပ်နဲ့နာမ်ကို ခွဲသိတာမဟုတ်ဘဲ တစ်ပေါင်းတည်းအနေနဲ့ သိနေတာကို တွေ့ရတယ်။

ဥပမာ လက်ကလေးကို လှုပ်လိုက်တယ်ဆိုပါတော့၊ လှုပ်ချင်တဲ့ စိတ်ကလေး ကိုလည်း သူတို့မသိဘူး၊ လှုပ်တဲ့သဘောလေးကိုလည်း သူတို့မသိဘူး၊ လှုပ်ချင်တာနဲ့ လှုပ်တာဟာ တစ်ပေါင်းထဲအနေနဲ့ ဖြစ်နေကြတယ်၊ လှုပ်ချင်တာနဲ့ လှုပ်တာကို ခွဲခြားပြီးမသိဘူး၊ ဒါဟာ ရုပ်, နာမ် မကွဲတာပဲ၊ ဝိပဿနာဉာဏ်က သမာဓိ အားကောင်းလာတဲ့အခါကျတော့ နီဝရဏတွေကင်းသွားတယ်၊ အဲဒီအခါကျတော့ ရုပ်, နာမ်ကို တကယ်ခွဲခြားပြီး အမှန်အတိုင်းသိလာပါတယ်၊ မှတ်လို့လည်း ကောင်းလာတယ်၊ လွယ်လွယ်ကူကူနဲ့ မှတ်နိုင်လာတယ်၊ ဖောင်းတာနဲ့ မှတ်သိတာနဲ့, ပိန်တာနဲ့ မှတ်သိတာနဲ့ အစဉ်လိုက် အစဉ်လိုက်,တစ်စုံစီ တစ်စုံစီ ရှင်းနေတာပဲ၊ ဒါလေးနှစ်ခု နှစ်ခု ရှိတာပဲလို့လည်း ပိုင်ခြားပြီးသိလာပါတယ်၊ စင်္ကြံသွားရာ စသည်မှာလည်း သူ့အစုံနဲ့သူ တစ်စုံစီ, တစ်စုံစီ ရှင်းနေတာပါပဲ၊ ပိုင်းပိုင်းခြားခြားပဲ သိပါတယ်၊ စာပေ၊ ဗဟုသုတနဲ့ မှန်းဆကြံစည်ပြီးသိတဲ့ အသိမျိုး မဟုတ်ပါဘူး။

## မှတ်စရာနဲ့ မှတ်သိတာ နှစ်ခုစီပဲ ရှိတယ်တဲ့

တချို့ ယောဂီများက လျှောက်ကြတယ်၊ စောစောတုန်းက ဒီလိုသိမထားဘူးတဲ့၊ အခုလို ထင်မှတ်နေခဲ့တာပဲ၊ အခုတော့ ဘာကိုပဲမှတ်မှတ် မှတ်စရာနဲ့ မှတ်သိတာ နှစ်ခုစီ, နှစ်ခုစီ ဖြစ်ဖြစ်နေတယ်တဲ့၊ ဖောင်းတယ်လို့ မှတ်လိုက်တယ် ဆိုရင် ဖောင်းတာနဲ့ သိတာဟာ တစ်မျိုးစီပဲ၊ ရောမနေဘူး၊ နှစ်ခု နှစ်ခုစီပဲ ဖြစ်နေတယ်တဲ့၊ သွားတယ်ဆိုရင်လည်း သွားတာနဲ့ သိတာ, ကြွတယ်ဆိုရင်လည်း ကြွတာနဲ့ သိတာ, လှမ်းတယ်ဆိုရင်လည်း လှမ်းတာနဲ့ သိတာ, ချတယ်ဆိုရင်လည်း ချတာနဲ့ သိတာ ဒီလိုပဲ နှစ်ခုစီချည်း ဖြစ်ဖြစ်နေတယ်တဲ့၊ ဒီလို လျှောက်ထား

ကြတယ်၊ အဲဒါဟာ ယောဂီတွေ သူတို့ကိုယ်တိုင် တွေ့သိလာတာတွေပါပဲ၊ ဘုန်းကြီးတို့က သူတို့ကို ကြိုတင်ပြီး ဒီလိုဆိုတာကို သင်ပေးတာ, ကြောင်းပေးထားတာလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ဘုန်းကြီးတို့က သတိပဋ္ဌာန်ဒေသနာတော်အတိုင်း ရှုမှတ်တဲ့နည်းလမ်းကိုတော့ ညွှန်ပြပေးပါတယ်။ ညွှန်ပြပေးတဲ့အတိုင်း သူတို့က ယုံယုံကြည်ကြည် အားထုတ်ကြတာဖြစ်တော့ ဒီလိုအသိထူးတွေကို သူတို့ကိုယ်တိုင် တွေ့လာကြတာပါပဲ။

မှတ်တိုင်းမှတ်တိုင်း မှတ်စရာအာရုံနဲ့ မှတ်သိနာမ် ဒီနာမ်နှစ်ခုပဲ ရှိတယ်ဆိုတာကို ပိုင်းခြားသိတယ်ဆိုရင် အဲဒါကို နာမရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်ပါတယ်။

ဒီဉာဏ်ဖြစ်ပုံကို သုတ္တန်ပါဠိတော်တွေမှာ အထင်အရှား ဟောကြားထားတာတွေ ရှိပါတယ်၊ ဝိဇ္ဇာ(ဉာဏ်)ရှစ်ပါးဖြစ်ပုံ ခွဲခြားပြီးတော့ ပြထားတဲ့အခန်းမှာ ဝိပဿနာခေါ်တဲ့ ဝိဇ္ဇာဉာဏ်ဖြစ်ပုံကို မြတ်စွာဘုရားက ဥပမာ ပြထားပါတယ်၊ အခု ဒီရိပ်သာမှာ ခဏခဏ ဆိုသလိုပါပဲ ဘုန်းကြီးဟောဟောပေးနေတာပါပဲ၊ ဝိသုဒ္ဓိမဂ်မှာ ဒါတွေကို ထည့်ပြမထားဘူး၊ ထည့်ပြီးထားရင်တော့ ပိုကောင်းမှာပဲ၊ ဒါပေမယ့်လို့ ဘုန်းကြီးဟောတဲ့တရားဟာ ပါဠိတော်အတိုင်း ဟောတာဖြစ်လို့ ဒါကပဲ ပိုရှင်းပါတယ်။

## ကျမ်းဝန်တွေမှာ ဒီလို ညွှန်ပြထားတယ်

ဝိပဿနာရှုမှတ်တဲ့ပုဂ္ဂိုလ်ဟာ စပြီး ရှုမှတ်ခါစမှာဆိုရင် ရုပ်ကို ရှုမှတ်ရတာက များပါတယ်၊ နာမ်ကို စပြီးရှုမှတ်ရတာက နည်းနည်းပါးပါးပဲ ရှိပါတယ်၊ ဈာန်ရတဲ့ ပုဂ္ဂိုလ်တွေမှာ ဈာန်ဝင်စားပြီး ဈာန်စိတ်ကစပြီး ရှုရတော့ အဲဒါ နာမ်ကစပြီး ရှုမှတ်ကြရပါတယ်၊ ဈာန်မရတဲ့ ပုဂ္ဂိုလ်တွေကတော့ များသောအားဖြင့် ရုပ်ကိုပဲစပြီး ရှုမှတ်ကြရတယ်၊ စိတ်ကိုစပြီး ရှုမှတ်တာကတော့ နည်းနည်းပါးပါး ရှိတာပါပဲ၊ ဒါပေမယ့်လို့ ယခုနေကာလမှာ တချို့က စိတ္တာနုပဿနာကစပြီး ရှုရတယ်ဆိုပြီးတော့ အားထုတ်နေကြတယ်၊ ကျမ်းဂန်တွေမှာတော့ စိတ္တာနုပဿနာကို စပြီး ရှုမှတ်ဖို့ အားမပေးခဲ့ကြပါဘူး။ ရှုလို့ကတော့ ဖြစ်ပါတယ်။ ဝေဒနာကစပြီး ရှုမှတ်လို့လည်း ဖြစ်တာပါပဲ၊ သဘောတရားကစပြီး ရှုမှတ်လို့လည်း ဖြစ်တာပါပဲ၊ မဖြစ်ဘူး, မရှုရဘူးလို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့်လို့ ပုဂ္ဂိုလ်အများစု

အနေအထားဖြင့်တော့ ရုပ်ကစပြီး ရှုဖို့ မှတ်ဖို့ရာ ကျမ်းဂန်တွေမှာ ညွှန်ပြထားကြပါတယ်။

ရုပ်နာမ်တောင်မှ မဟာဘုတ်ရုပ်နဲ့ ဥပါဒါရုပ်ရယ်လို့ နှစ်မျိုးရှိတယ်၊ အဲဒီမှာ မဟာဘုတ်ဆိုတာက ထင်ရှားပါတယ်၊ ဥပါဒါရုပ်ဆိုတာက အဲဒီမဟာဘုတ်လေးပါးကို မှီပြီးတော့ဖြစ်တဲ့ ရုပ်တွေပဲ၊ ရုပ်သေးရုပ်မွှားလေးပေါ့လို့ ဆိုရမှာပဲ၊ အဲဒီရုပ်တွေက သိပ်ပြီး မထင်ရှားဘူး၊ သိမ်မွေ့တယ်၊ ဒါကြောင့် ထင်ရှားတဲ့ မဟာဘုတ် ဓာတ်ကြီးလေးပါးက စပြီးတော့ ရှုမှတ်ရမယ်လို့ ကျမ်းဂန်တွေမှာ ဒီလို ညွှန်ပြထားကြတယ်၊ သတိပဋ္ဌာန်ဒေသနာ ဓာတုမနသိကာရပဗ္ဗမှာလည်း ဘုရားဟော အထင်အရှားရှိပါတယ်၊ ဘယ်လိုလဲဆိုရင်–

> “ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာ ဌိတံ ယထာ ပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ။ အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု, အာပေါဓာတု, တေဇောဓာတု, ဝါယောဓာတု” တိလို့–

ဟောကြားထားပါတယ်၊ ဣရိယာပုတ်လေးပါး တစ်ပါးပါးကိုရှုဖို့ ဟောကြားထားတဲ့ နေရာမှာလည်း “ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိ”တဲ့၊ သွားနေတဲ့အခါမှာ သွားတယ်လို့ သိရမယ်တဲ့၊ အဲဒါဟာ သွားနိုက်မှာ ထင်ရှားတဲ့ တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ်ကို ရှုမှတ်ဖို့ရာ ညွှန်ကြားထားတာပါပဲ၊ ရပ်နိုက်မှာ ရပ်တာကို ရှုရတာလည်း အတူတူ ဝါယောဓာတ်ပါပဲ၊ ထိုင်နိုက်မှာ ထိုင်တာကို ရှုရတာလည်း ဒီဝါယောဓာတ်ပါပဲ၊ လဲလျောင်းအိပ်နိုက်မှာ တောင့်တင်းတည်နေတာကို ရှုမှတ်ရတာလည်း ဒီဝါယောဓာတ်ပါပဲ၊ တောင့်တင်းတည်နေတဲ့သဘောဟာ ဝါယောဓာတ်ပဲပေါ့၊ ကွေးတယ်, ဆန့်တယ် စသည်ဖြင့် ကိုယ်အမူအရာတွေ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီး ရှုမှတ်နေရတယ်၊ ဓာတု မနသိကာရမှာဆိုရင် တိုက်ရိုက်ပြထားတာပဲ၊ ဓာတ်ကြီးလေးပါးကို ရှုရမယ်ဆိုတာ ရှင်းပါတယ်။

သတိပဋ္ဌာန်ပါဠိတော်မှာ အဲဒီလို ထင်ရှားစွာ ဘုရားဟောရှိတဲ့အတိုင်းပဲ၊ အခု ဘုန်းကြီးတို့က ဓာတ်လေးပါးရှုပုံကို ဟောပါတယ်၊ ဓာတ်လေးပါးထဲမှာလည်း အထင်အရှားဆုံးဖြစ်တဲ့ ဝါယောဓာတ် ရှုမှတ်ပုံက စပြီးတော့ ဟောင်းတယ်,

ပိန်တယ်ဆိုတဲ့ အမှတ်နည်းနဲ့ ဝမ်းဗိုက်ထဲက ဖောင်တင်းတဲ့သဘော၊ တွန်းကန်တဲ့သဘော၊ လှုပ်ရှားတဲ့သဘော၊ ရွေ့လျားတဲ့ သဘောတွေကို သိအောင် ညွှန်ကြားနေပါတယ်၊ ဖောင်းတာ၊ ပိန်တာကို ရှုမှတ်ရတာဟာ အင်မတန်နားလည်လွယ်ပါတယ်၊ ထင်လည်း အင်မတန် ထင်ရှားတာဖြစ်လေတော့ ရှုမှတ်ရတဲ့ ယောဂီတွေမှာ ရှုမှတ်လို့လည်း အင်မတန် လွယ်ကူပါတယ်။ အသိရလွယ်ကူအောင်လို့ပဲ မြတ်စွာဘုရားက သုတ္တန်ပါဠိတော်တွေမှာ ဥပမာပေးပြီး ဟောထားတာ ရှိပါတယ်။

## ကျောက်နီနဲ့ ကြိုးဥပမာ

ဝေဠုရိယဆိုတဲ့ ကျောက်မျက်ရွဲ ရတနာဆိုတာရှိတယ်၊ ပါဠိလိုက ဝေဠုရိယ၊ မြန်မာလိုက ကျောက်မျက်ရွဲလို့ ဘာသာပြန်ထားပါတယ်၊ ဘယ်လိုကျောက်လဲဆိုရင် စိမ်းပြီးပြောင်နေတဲ့ ကျောက်မျိုးပါပဲ။ ကြည်ကြည်လင်လင် စိမ်းစိမ်းပြောင်ပြောင်နဲ့ ဒီကျောက်မျိုးဟာ မြန်မာပြည် မိုးကောင်းအရပ်ဒေသမှာ ထွက်တဲ့ ကျောက်မျိုးပေါ့၊ အဲဒီလို ကျောက်စိမ်းလည်း ဖြစ်နိုင်တယ်ပေါ့လေ၊ ပါဠိတော်တွေမှာ အဲဒီဝေဠုရိယဆိုတဲ့ကျောက်ကို အသားပေးပြီး ဥပမာပြထားပါတယ်၊ စကြာမင်းကြီးရဲ့ စကြာရတနာမှာဆိုထားတဲ့ ကျောက်လည်းပဲ ဒီ ဝေဠုရိယဆိုတဲ့ ကျောက်ရတနာပါပဲ၊ ကျောက်စိမ်းပေါ့၊ ဒါပေမယ့် အဲဒီကျောက်ကို သိတဲ့လူက နည်းပါတယ်၊ လူတွေ အသိများတာကတော့ မိုးကုတ်ကျောက်ကို အသိများတယ်။ အဲဒီ ကျောက်ထဲမှာလည်း ကျောက်နီက ပိုပြီးထင်ရှားပါတယ်၊ အဲဒါကြောင့် ဘုန်းကြီးကတော့ မိုးကုတ်ကျောက်ကို ဥပမာပြုပြီး နားလည်အောင် ပြောရမှာပဲ။

ဥပမာဆိုတာဟာ ဥပမေယျကို သိလွယ်အောင်၊ နားလည်လွယ်အောင် အနီးကပ်ဆုံးဖြစ်တဲ့ ပုံစံတစ်ခုကို ယှဉ်ပြတာပဲ၊ ဥပမာကိုက အသိခက်နေရင် ဆိုလိုတဲ့ ဥပမေယျ အနက်အဓိပ္ပာယ်ကို နားမလည်နိုင်ဘူး၊ ဒါကြောင့် နားလည်လွယ်မယ့် မိုးကုတ်ကျောက်ကို ဥပမာပြပေးရမယ်၊ လူတွေမှာ အများအားဖြင့် လက်စွပ်ကလေးတွေ ကိုယ်စီလောက်နီးနီး ရှိနေကြတာပဲ၊ အဲဒီ လက်စွပ်ကလေးတွေမှာ ကျောက်နီလေးတွေ ထည့်ထားတာတွေကြပါတယ်၊

(တတိယအကြိမ်)

အဲဒီလို ကျောက်နီလေးမှာ အပေါက်သေးတစ်ပေါက် ဖောက်ထားပါတဲ့၊ အဲဒီအပေါက်လေးထဲမှာလည်း ကြိုးလေးလျှိုရဦးမယ်တဲ့၊ ဘယ်လိုကြိုးကို လျှိုရမလဲဆိုရင် ကျောက်ကအနီဖြစ်နေလေတော့ ကြိုးနီကိုလျှိုလို့ အရောင်ချင်း တူနေမယ်၊ ဟန်မကျလှသေးဘူး၊ တခြား အဖြူ၊ အပြာ၊ အဝါ၊ အညို ဒီလို အမျိုးမျိုးနဲ့ လျှိုရသိရမယ်၊ အဲဒီလို ကြိုးလျှိုပြီးပြီ၊ သိကုံးပြီးပြီဆိုရင် လက်ဝါးပြင်ပေါ်မှာတင်ပြီး သေသေချာချာကြည့်ပါတဲ့၊ မျက်စိကြည်လင် ကောင်းမွန်တဲ့ ပုဂ္ဂိုလ်ဆိုရင် ကျောက်ကလေးနဲ့ ကြိုးလေးကို ခွဲခြားပြီး တခြားစီမြင်ရပါလိမ့်မယ်တဲ့၊ ဒါဟာ မျက်စိကောင်းရင် မြင်နိုင်ရမှာပေါ့၊ မျက်စိမကောင်းရင်တော့ ကြိုးနဲ့ ကျောက်နီ ရောနေမှာပဲ၊ ဒါကြောင့် ကြည်လင်ကောင်းမွန်တဲ့ မျက်စိနဲ့ ကြည့်ပါတဲ့။ ဒီလိုကြည့်တဲ့အခါ ကျောက်နီတခြား ကြိုးတခြား ကွဲကွဲပြားပြား မြင်ရမှာပဲ၊ ဒါကကျောက် ဒါကကြိုးပဲလို့ သိမြင်နိုင်ပါတယ်၊ အဲဒီ ဥပမာလိုပါပဲတဲ့၊ ရှုမှတ်နေတဲ့ ယောဂီရဲ့ဉာဏ်ထဲမှာ ရုပ်နဲ့နာမ်ဆိုတာကို ခွဲခြားပြီး သိမြင်နေရတယ်တဲ့၊ အဲဒီမှာ ကျောက်က ရုပ်နဲ့တူတယ်၊ ကြိုးက အသိနာမ်နဲ့တူတယ်၊ ဖောင်းတယ်လို့ ရှုမှတ်လိုက်တဲ့အခါ ဖောင်းတာကရုပ်၊ ကျောက်နီလေးနဲ့တူတယ်၊ မှတ်သိနေတာက နာမ်ကြိုးလေးနဲ့တူတယ်၊ ကြိုးကလေးဟာ ကျောက်နီလျှိုထဲမှာထား သိထွေးလို့ ဝင်နေတာကို ဖောင်းတယ် ပိန်တယ်လို့ မှတ်တိုင်းမှတ်တိုင်း မှတ်သိတဲ့နာမ်လေးက အဲဒီဖောင်းတယ်၊ ပိန်တဲ့ အာရုံထဲမှာ ပြေးပြေးပြီး ဝင်ဝင်သွားသလို၊ ကပ်ကပ်သွား သလိုပဲ၊ ယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်ထဲမှာ အဲဒီအတိုင်းပဲ ထင်ရှားသိမြင်နေပါတယ်၊ ကိုင်း–ဒီဥပမာပြစကားလေးကို ဆိုကြရဦးမယ်။

> "ဖောင်းတယ်ဟု မှတ်ဆဲခဏ၌ တောင့်တင်းလှုပ်ရှားတာက ရုပ်၊ ကျောက်ကလေးနဲ့တူသည်၊ မှတ်သိတာက နာမ်၊ ကြိုးကလေးနဲ့ တူသည်၊ ကြိုးကလေးက ကျောက်ထဲမှာဝင်နေသလို မှတ်သိတဲ့စိတ်က မှတ်စရာ အာရုံဆီကို ပြေး၍ပြေး၍ ကပ်သည်။" (ဆို)
>
> "ပိန်တယ်ဟု မှတ်ဆဲခဏ၌ တောင့်တင်းလှုပ်ရှားတာက ရုပ်၊ ကျောက်ကလေးနဲ့ တူသည်၊ မှတ်သိတာက နာမ်၊ ကြိုးကလေးနဲ့တူသည်၊ ကြိုးကလေးက ကျောက်ထဲမှာဝင်နေသလို မှတ်သိတဲ့စိတ်က မှတ်စရာ အာရုံဆီသို့ ပြေး၍ပြေး၍ ကပ်သည်။"

(တဓာတိယံအတြိမ်)

"သွားတယ်ဟု မှတ်ဆဲခဏ၌ တောင့်တင်းလှုပ်ရှားတာက ရုပ်၊ ကျောက်ကလေးနဲ့ တူသည်၊ မှတ်သိတာကနာမ်၊ ကြိုးကလေးနဲ့ တူသည်၊ ကြိုးကလေးက ကျောက်ထဲမှာ ဝင်နေသလို မှတ်သိတဲ့စိတ်က မှတ်သိစရာ အာရုံဆီသို့ ပြေး၍ပြေး၍ ကပ်သည်။"

"ကွေးတယ်ဟု မှတ်ဆဲခဏ၌ တောင့်တင်းလှုပ်ရှားတာက ရုပ်၊ ကျောက်ကလေးနဲ့တူသည်၊ မှတ်သိတာကနာမ်၊ ကြိုးကလေးနဲ့တူသည်၊ ကြိုးကလေးက ကျောက်ထဲမှာ ဝင်နေသလို မှတ်သိစိတ်က မှတ်စရာ၊ အာရုံဆီသို့ ပြေး၍ပြေး၍ ကပ်သည်။"

ရုပ်အမှုအရာတွေကို မှတ်တိုင်းမှတ်တိုင်း ဒီလိုချည်းပါပဲ၊ ကျောက်နဲ့ကြိုး ဥပမာကို မြတ်စွာဘုရားက ဟောကြားထားပါတယ်၊ အဲဒါဟာ နာမ်နဲ့ရုပ်ကို ပိုင်းခြားပြီးသိတဲ့ ဝိပဿနာဉာဏ်တဲ့၊ ဒီဝိပဿနာဉာဏ်ကစပြီး ဖြစ်ဖို့ရာ အရေးကြီးတယ်၊ နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ ဒီနာမရူပပရိစ္ဆေဒဉာဏ် ပြည့်စုံပါမှ အထက်ဉာဏ်တွေဆိုတာက ဖြစ်တာ၊ ဒီဉာဏ်မပြည့်စုံဘဲ အထက်ဉာဏ်တွေကြောင့် မဖြစ်ဘူး၊ ဒီဉာဏ်ကောင်းကောင်း ရင့်သန်လာပြီဆိုတော့ မှတ်သိစရာအာရုံနဲ့ မှတ်သိတဲ့နာမ် ဒါနှစ်ခုသာရှိတာပဲ၊ ပုဂ္ဂိုလ် သတ္တဝါဆိုတာ မရှိဘူးလို့ ကောင်းကောင်းသိမြင်ပြီး သဘောကျသွားပါတယ်။ ဒီလို သဘောကျသွားတာနဲ့ တစ်ပြိုင်နက်တည်း ဒိဋ္ဌိဝိသုဒ္ဓိဖြစ်တော့တာပါပဲ။ အတ္တစွဲ ကင်းတတ်သရွေ့ ကင်းသွားတာပေါ့၊ လုံးဝကင်းသွားတာတော့လည်း မဟုတ်သေးဘူးပေါ့လေ၊ အဲဒါကို အခု ဒီစာရွက်ထဲမှာ ပြထားတာပဲ၊ အဲဒါကို ဆိုရမယ်။

"ယင်း စိတ္တဝိသုဒ္ဓိပြည့်စုံမှ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်သည်၊ ဒိဋ္ဌိဝိသုဒ္ဓိပြည့်စုံမှ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်သည်"။ (ဆို)

ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပြီဆိုတော့ ဒါ အပြည့်အစုံ ဖြစ်ပြီဆိုရင်ပေါ့လေ၊ ဒါမှ အကြောင်းအကျိုးကိုလည်း သိလာမှာဖြစ်ပါတယ်၊ ကွေးချင်တဲ့စိတ်ကြောင့် ကွေးတဲ့ရုပ်ဖြစ်လာတယ်၊ ဆန့်ချင်တဲ့စိတ်ကြောင့် ဆန့်တဲ့ရုပ်ဖြစ်လာတယ်၊ သွားချင်တဲ့စိတ်ကြောင့် သွားတဲ့ရုပ်ဖြစ်လာတယ်၊ လှုပ်ချင်တဲ့စိတ်ကြောင့်

လှုပ်တဲ့ရုပ်ဖြစ်လာတယ် စသည်ဖြင့် ရုပ်ရဲ့အကြောင်းတွေကိုပါ ပိုင်းခြားပြီး သိတာပါပဲ၊ နာမ်ရဲ့ အကြောင်းသိပုံတွေကတော့ မြင်သိတာဟာ မျက်စိရှိလို့ မြင်သိရတယ်၊ မြင်စရာ အဆင်းရှိလို့လည်း မြင်သိရတယ်၊ ကြားသိတာလည်း နားရှိလို့ ကြားသိရတယ်၊ ကြားစရာအသံရှိလို့ ကြားရတယ်၊ ရုပ်ကိုယ်ကြီး ရှိရှိနေလို့ အသိစိတ်တွေလည်း ဖြစ်ဖြစ်နေရတာပဲ စသည်ဖြင့် သူ့ဆိုင်ရာဆိုင်ရာ အကြောင်းလေးတွေနဲ့ ရှုရင်းရှုရင်း သဘောကျပြီး သိလာပါတယ်၊ အဲဒါဟာ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်လာတာပါပဲ။

ဒိဋ္ဌိဝိသုဒ္ဓိမဖြစ်သေးဘဲနဲ့ ပဋိစ္စသမုပ္ပါဒ်တွေကို စာသဘောအရ သင်ကြားပြီးတော့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ကံ၊သင်္ခါရ ဆိုတဲ့ ဒီအကြောင်းငါးပါး ကြောင့် ဝိညာဉ်၊ နာမ်၊ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ–ဆိုတဲ့ အကျိုး ငါးပါး ဖြစ်ပေါ်သည်လို့ ဒီလိုသဘောကျရုံမျှနဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်တယ်လို့ အထင်မှန် အသိမှန် မဖြစ်ပါဘူး၊ တချို့က ဒီလို စာသဘောမျှနဲ့ သိတာကိုပဲ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပြီလို့ ထင်နေကြတယ်၊ ဒါပေမယ့် အမှန်က ဒီလိုနဲ့ ကိုယ်တိုင်သိ ပစ္စယပရိဂ္ဂဟဉာဏ် မဖြစ်သေးပါဘူး၊ သူတို့က ဒီလိုသိဖို့ရာကို သိပ်ပြီးတော့ အရေးတကြီးထား လုပ်နေကြတယ်၊ ဒီလိုမှ မသိရင် တရားအားထုတ် လို့ မရဘူးဆိုပြီး ထင်မှတ်ပြောဟောနေကြတာကလည်း ရှိသေးတယ်၊ အမှန်ကတော့ ဒီလောက်ကြီးလည်း မဟုတ်ပါဘူး၊ အရေးတကြီး လုပ်လောက်အောင်လည်း အရေးမကြီးပါဘူး၊ အကြောင်းနဲ့ အကျိုးမျှပဲလို့ သာမညလောက် ကြားဖူး၊ သိဖူးထားရင်လည်း ဖြစ်တာပါပဲ၊ ခုနက ပြောခဲ့တာကို အကြောင်းငါးပါး ကြောင့် အကျိုးငါးပါးဖြစ်တယ် စသည်ဖြင့်ပေါ့လေ၊ စာသံပေသံတွေနဲ့ သိနေမှ မဟုတ်ပါဘူး၊ သာမန်သိရင်ကို ပြီးတာပါပဲ၊ အခုတော့ ဒီလိုမဟုတ်ဘူး၊ စာပေတွေနဲ့ပဲ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်တော့တာပါပဲ၊ အတ္တစွဲကင်းတတ်သရွေ့ ကင်းသွားတာပေါ့၊ လုံးဝကင်းသွားတာတော့လည်း မဟုတ်သေးဘူးပေါ့လေ၊ အဲဒါကို အခု ဒီစာရွက်ထဲ မှာ ပြထားတာပဲ၊ အဲဒါကိုဆိုရမယ်။

> "ယင်း စိတ္တဝိသုဒ္ဓိပြည့်စုံမှ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်သည်။"

(တတိယအကြိမ်)

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီဆိုတော့ ဒါအပြည့်အစုံဖြစ်ဖြစ်၊ ဖယားကွက်တွေနဲ့ပဲဖြစ်ဖြစ် မျက်စိထဲမှာကို မြင်နေအောင်သိနေဖို့ရာ အရေးတကြီး ဆောင်ရွက်နေကြတယ်၊ အမှတ်သင်္ကေတကောင်းလို့ ဆရာပြတဲ့အတိုင်း မျက်စိထဲ မြင်နေတာကိုပဲ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပြီလို့ ထင်မှတ်နေကြတာနဲ့ ဒီလိုအရေးတကြီးဆောင်ရွက်နေကြတာပါပဲ၊ ဒါဟာ အရေးမကြီးသင့်ရာမှာ ကြီးနေကြတာ ဖြစ်ပါတယ်၊ အရေးကြီးတာက ရှုရင်းရှုရင်းကို ကိုယ်ပိုင်ဉာဏ်နဲ့ အကြောင်းအကျိုးကို မြင်လာဖို့က အရေးကြီးပါတယ်။

## ဒါတွေဟာ တိန်းသေဝဲ

ခုနက စာပေအရ သိအောင်လို့ ဖယားကွက်တွေချပြီး ကျက်မှတ်ရတယ်ဆိုတာက လွယ်လွယ်လေးပဲ၊ ဘာမှမခက်ပါဘူး၊ "အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ သင်္ခါရ ဟူသော အကြောင်းငါးပါးကြောင့် ဝိညာဉ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူသော အကျိုးငါးပါးဖြစ်ပါသည်" ဆိုတာဟာ စာကြောင်းရေ တစ်ကြောင်းခွဲ နှစ်ကြောင်းနီးနီးပဲ ရှိပါတယ်၊ ဒါလေးကို ကျက်မှတ်ရတာဆိုရင် ခဏလေးကျက်မှတ်ရမှာပဲ၊ ဒီလောက်လေးနဲ့ ဝိပဿနာဉာဏ်အဆင့် ရောက်တယ်ဆိုရင် လွယ်လွန်းနေပါတယ်၊ လူမမယ်ကလေးငယ်များပါ ဒီဉာဏ်အဆင့်ကို ရောက်နိုင်နေပါတယ်၊ ဒီလိုမဖြစ်နိုင်ပါဘူး၊ အမှန်က ဒိဋ္ဌိဝိသုဒ္ဓိ ပြည့်စုံပါမှ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတဲ့ အကြောင်းနဲ့အကျိုးကို ပိုင်းခြားပြီး သိတဲ့ဉာဏ်က ဖြစ်တာပဲ။

ဒီပစ္စယပရိဂ္ဂဟဉာဏ်ကို ရောက်တယ်ဆိုရင် ရှေးကလည်း ဒီအကြောင်းနဲ့ အကျိုးမျှပဲ ရှိနေတယ်၊ အခုလည်း ဒီအကြောင်းနဲ့အကျိုးမျှပဲ၊ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ မရှိဘူးဆိုတာကို သိလာတယ်၊ အဲဒီလိုသိလာမှ ယုံမှားသံသယတွေဟာ ကင်းသွားတော့တယ်၊ ဘယ်လို ယုံမှားသံသယတွေလဲဆိုရင် "ရှေးက ငါဆိုတာဟာ ရှိခဲ့လေသလား၊ မရှိခဲ့လေသလား၊ ရှိခဲ့တယ်ဆိုရင် ဒီငါဟာ ဘယ်လိုငါပါလိမ့်မလဲ၊ ယခုလည်းပဲ ငါဆိုတာဟာ ရှိနေသလား၊ မရှိဘူးလား၊ ရှိရင်ကော ဘယ်လိုပါလိမ့်မလဲ၊ အတ္တကောင်ဆိုတာက ဘယ်လို ပါလိမ့်မလဲ၊ ကြီးကြီးလား၊ ငယ်ငယ်လား၊ နောင်လည်းပဲ ငါဆိုတာ ရှိဦးမှာလေလား၊

(တတိယအကြိမ်)

ရှိဦးမယ်ဆိုရင်ကော ဘယ်လိုဟာမျိုးပါလိမ့်” စသည်ဖြင့် ဒီလိုတွေးတောတဲ့ ယုံမှားသံသယတွေပါပဲ၊ အဲဒီလို ယုံမှားသံသယတွေ ကင်းသွားပါတယ်၊ ဒီလို ယုံမှားသံသယတွေ ကင်းသွားတာကိုပဲ ကင်္ခါဝိတရဏဝိသုဒ္ဓိလို့ ဆိုပါတယ်၊ ယုံမှားသံသယမှ လွန်မြောက်သွားတဲ့ အသိဉာဏ် ဒီလိုဖြစ်လာမှသာ အသိဉာဏ် သန့်ရှင်းတယ်တဲ့၊ အဲဒီအသိဉာဏ်ဖြစ်မှလည်း အထက်သမ္မသနဉာဏ် စသည်တွေက ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ဒီမှာရေးထားတာက “ယင်း ဝိသုဒ္ဓိပြည့်စုံမှ သမ္မသနဉာဏ်စသည်ဖြစ်တယ်”တဲ့၊ ကိုင်း-ဒါကို ဆိုကြရအောင်။

“ယင်း ဝိသုဒ္ဓိပြည့်စုံမှ သမ္မသနဉာဏ် စသည်ဖြစ်တယ်” (ဆို)

ဒီ ကင်္ခါဝိတရဏဝိသုဒ္ဓိပြည့်စုံမှ ခန္ဓာကိုယ် ရုပ်ဓမ္မရဲ့အပေါ်မှာ သမ္မသနသုံးသပ်မှု သိမှုကဖြစ်တာပါပဲ၊ တချို့က တရားစပြီး အားထုတ်ပါပြီ ဆိုကတည်းက “ရုပ်အနိစ္စ, နာမ်အနိစ္စ၊ ရုပ်ဒုက္ခ, နာမ်ဒုက္ခ, ရုပ်အနတ္တ, နာမ်အနတ္တ၊ ရုပ်နာမ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရုပ်နာမ်ဖြစ်ပျက်”လို့ အဲဒီလိုဆင်ခြင်သုံးသပ်နေကြတယ်၊ ဒါကတော့ သမ္မသနဉာဏ်နဲ့ သုံးသပ်တဲ့ အသုံးသပ်မျိုး မဟုတ်ပါဘူး၊ ဝိသုဒ္ဓိလည်း မဖြစ်နိုင်ပါဘူး၊ သီလပြည့်စုံနေတယ် ဆိုရင်တော့ သီလဝိသုဒ္ဓိကတော့ ဖြစ်မှာပေါ့လေ၊ ဒါလည်း သီလသန့်ရှင်းလို့သာ သီလဝိသုဒ္ဓိ ဖြစ်တာပါ၊ အခုလိုသုံးသပ်ဆင်ခြင်လို့ ဝိသုဒ္ဓိဖြစ်တာမဟုတ်ပါဘူး၊ စိတ္တဝိသုဒ္ဓိ လည်း ဖြစ်မလာနိုင်ပါဘူး၊ ဒိဋ္ဌိဝိသုဒ္ဓိလည်း ဖြစ်မလာနိုင်ပါဘူး၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ လည်း ဖြစ်မလာနိုင်ပါဘူး၊ ဒါကြောင့် ဒီလိုသုံးသပ်နေတာကတော့ ဝိပဿနာ ဉာဏ်စစ် မဖြစ်ဘူးဆိုတာကို နားလည်အောင်လို့ “ယင်း ဝိသုဒ္ဓိပြည့်စုံမှ သမ္မသနဉာဏ် စသည်ဖြစ်သည်”ဆိုတာကို ရေးထားတာပါပဲ။

သမ္မသနဉာဏ် စသည် ဆိုတဲ့နေရာမှာ “စသည်” ဆိုတဲ့စကားနဲ့ ဉာဏ် ၁၀-ပါး အကုန်လုံးကို ဒီမှာသိမ်းကျုံးပြီး ဆိုထားတယ်၊ သမ္မသန ဉာဏ်ပြီးရင် အစဉ်အတိုင်း ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာ ဉာဏ်, အနုလောမဉာဏ်ဆိုတဲ့ အဲဒီ ဝိပဿနာဉာဏ် ၁၀-ပါးဖြစ်နိုင်တယ်၊ ပြီးတော့ ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဆိုတာတွေလည်း ဖြစ်နိုင်တယ်၊

ဒီ ဉာဏ်တွေဟာ ကင်္ခါဝိတရဏဝိသုဒ္ဓိပြည့်စုံပါမှ အကုန်လုံး သမ္မသနဉာဏ် စသည် အစဉ်အတိုင်းဖြစ်နိုင်တယ်တဲ့၊ ဒါတွေကို မှတ်ထားကြရမယ်၊ ဒါတွေဟာ ကိန်းသေပဲ၊ ဘယ်သူမှ မငြင်းနိုင်ဘူး၊ ဒါတွေဟာ ဝိသုဒ္ဓိမဂ်မှာ သေသေချာချာ ရှိကိုရှိနေပါတယ်။

တချို့က သီလဝိသုဒ္ဓိတို့, စိတ္တဝိသုဒ္ဓိတို့, ဒိဋ္ဌိဝိသုဒ္ဓိတို့ ဒါတွေကို ဘာမှမလုပ်ဘဲနဲ့ ရုပ်နာမ် သဘောတရားတွေ ဆင်ခြင်, အကြောင်းအကျိုးတွေကို ဆင်ခြင်ရုံမျှနဲ့ စူဠသောတာပန်ဖြစ်ပြီ အပါယ်လေးပါး မကျရောက်နိုင်တော့ဘူး ဆိုပြီး ဆရာတွေက ပြောဟောတာနဲ့ တပည့်တွေက ယုံကြည်ပြီးတော့ သရုပ်ခွဲရုံနဲ့ ကျေနပ်ပြီး တရားအားမထုတ်ဘဲ နေကြတာတွေလည်း ရှိကြသေးတယ်၊ အဲဒီပုဂ္ဂိုလ်တွေအဖို့ အင်မတန် နစ်နာဆုံးရှုံးတာပဲ၊ ဟုတ်လည်းမဟုတ်ဘဲနဲ့ ဒါတွေကို ယုံကြည် နေကြတယ်၊ ဒီတော့ ရသင့်ရထိုက်တဲ့ ဝိပဿနာဉာဏ်တွေ သူတို့သန္တာန်မှာ မဖြစ်တော့ဘူး၊ ဘဝသမ္ပတ္တိကို အရကြီးရပါလျက်နဲ့ အင်မတန် နစ်နာပါတယ်၊ အရိယမဂ်ဉာဏ်, ဖိုလ်ဉာဏ်ဆိုတာကိုတော့ ထားပါဦး၊ ဝိပဿနာဉာဏ် တွေလောက်တောင်မှပဲ သူတို့ခမျာမှာ မသိကြရရှာဘူး၊ ကြုံတောင့်ကြုံခဲ ဒီလိုဘဝမှာ အနည်းဆုံး ဝိပဿနာဉာဏ်လောက်တော့ ရရှိသွားဖို့ ကောင်းပါတယ်။

ဒါတွေကို သဘောပေါက်လောက်အောင်လို့ အခြေခံအနေနဲ့ ဘုန်းကြီးက ဒီမှာ ဟောပေးနေတာပဲ၊ ရုပ်,နာမ်၊ ကြောင်း,ကျိုးတွေကို သရုပ်ခွဲဆင်ခြင်ရုံမျှဖြင့် နာမရူပပရိစ္ဆေဒဉာဏ် စသည် မဖြစ်ပါဘူး၊ ဒါကို သတိထားပြီး မှတ်သားထား ကြရမယ်၊ ဒါကတော့ ဘုန်းကြီးရဲ့ ညွှန်ကြားချက် နောက်ဆက်တွဲစကားပဲ၊ ရှေ့နားကဆိုခဲ့တဲ့ ဟိုဟာတွေကတော့ နိုင်နိုင်မြဲမြဲ ကျမ်းဂန်စကားတွေမို့ ဆိုရတယ်၊ အခုဟာက ဘုန်းကြီးရဲ့ ညွှန်ကြားချက်စကားဖြစ်တော့ လိုက်ပြီးဆိုမနေ ပါနဲ့တော့။

> "ရုပ်,နာမ် ကြောင်း,ကျိုး စသည် သရုပ်ခွဲဆင်ခြင်ရုံမျှဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ် စသည် မဖြစ်ဟု မှတ်ရာ၏"တဲ့။

နာမရူပပရိစ္ဆေဒဉာဏ်စတဲ့ ဝိပဿနာဉာဏ်တွေဟာ ဆင်ခြင်ရုံမျှဖြင့် ဘာမှ မဖြစ်ဘူးလို့သာ ကိန်းသေမှတ်ထားရမယ်၊ ဒါတွေကတော့ ဒုက္ခပဋိပဒါကိုပြတဲ့ အဋ္ဌကထာ စကားဖြင့်လည်း အင်မတန် ထင်ရှားပါတယ်၊ ပြီးတော့—

(တတိယအကြိမ်)

"မူလ, ပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်"
"ဖြစ်ပွားစေလျှင်၊ ထိုမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်စာတ်"လို့-

ချုပ်ပို့ပေးခဲ့တဲ့အတိုင်း အဲဒီ လက္ခဏာအရ မူလမဂ္ဂင်ဆိုတဲ့ ကမ္မဿကတဉာဏ် သမ္မာဒိဋ္ဌိနဲ့လည်း ပြည့်စုံရမယ်၊ ပုဗ္ဗဘာဂမဂ္ဂင်ဆိုတဲ့ ဝိပဿနာဉာဏ်နဲ့လည်း ပြည့်စုံရမယ်၊ အဲဒီ မဂ္ဂင်တွေနဲ့ ပြည့်စုံပြီဆိုရင် အရိယမဂ္ဂင်ဆိုတဲ့ အရိယမဂ်သို့ ရောက်တော့တာပါပဲ၊ အဲဒီ အရိယမဂ္ဂင်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုတော့တာပါပဲ။

မရှုမမှတ်ဖူးတဲ့ ပုဂ္ဂိုလ်တွေက သတိပဋ္ဌာန် ဒေသနာတော် နည်းလမ်းမှန်တွေကို အပြစ်တင်ပြောဆိုနေကြတယ်၊ ဒီလို အပြစ်တင်ပြောဆိုနေကြတာဟာ အင်မတန် အပြစ်ကြီးလေးတာပဲ၊ သူတို့မှာ အကုသိုလ်တွေ ဖြစ်နေကြရှာတယ်၊ ဒီလို အကုသိုလ်တွေဖြစ်နေမှန်း သူတို့ဟာ သူတို့ မသိရှာကြဘူး၊ သနားစရာပါပဲ။

ဟောခဲ့လှပါပြီ

ကမ္မဿကတသမ္မာဒိဋ္ဌိမဂ္ဂင် ဆိုတာကတော့ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေအတွက် ပြောစရာ မလိုသလောက်ပါပဲ၊ မိဘ၊ဘိုးဘွားတွေ အဆက်ဆက်ကတည်းက မိရိုးဖလာအနေနဲ့ ယုံကြည်လာခဲ့ကြတာကများတော့ သူတို့အတွက် အထူးတလည် မဟုတ်တော့ပါဘူး၊ ယုံကြည်သက်ဝင်ပြီးသားတွေ ဖြစ်နေကြပါတယ်၊ ဒါကြောင့် ဒီမဂ္ဂင်ကို သိရန်အတွက်က လွယ်နေပါတယ်၊ ပုဗ္ဗဘာဂမဂ္ဂင်ဆိုတဲ့ ဝိပဿနာအတွက်တော့ ဒီလောက်မလွယ်ဘူး၊ ခက်တယ်၊ လူမှုရေးရာတွေက များလှတာ တစ်ကြောင်း၊ ဒါန, သီလလောက်နဲ့သာ မွေ့လျော်နေတတ်ကြတာက တစ်ကြောင်း, စိတ်ပါဝင်စားမှုနည်းပါးနေတတ်ကြတာကတစ်ကြောင်း ဒီလို အကြောင်းကြောင်းတွေကြောင့် ပုဗ္ဗဘာဂမဂ္ဂင်အဆင့်ထိအောင် တက်လှမ်းနိုင်ဖို့ မလွယ်ဘဲ ဖြစ်နေတတ်ကြပါတယ်၊ ဒါကြောင့် ဒီမဂ္ဂင်ကမလွယ်ဘူး ခက်တယ်။

ပုဗ္ဗဘာဂမဂ္ဂင်ဆိုတာက အရိယမဂ္ဂင်မရောက်မီ ရှုမှတ်နေရတဲ့ ဝိပဿနာမဂ္ဂင်တွေပါပဲ၊ စောစောကပြောခဲ့တဲ့ နာမရူပပရိစ္ဆေဒဉာဏ်မှစပြီး မဂ်သို့ မရောက်မီ အဆင့်ဆင့်အားထုတ်ပြီး ရောက်ရှိသွားတဲ့ ဝိပဿနာဉာဏ်တွေကို ပုဗ္ဗဘာဂမဂ္ဂင်လို့ ခေါ်ပါတယ်၊ ဒီဝိပဿနာဉာဏ်ဖြစ်ပုံတွေကို ဘုန်းကြီးက ခဏခဏဆိုသလို

ဟောနေတာပါပဲ။ ဒီမှာ ကမ္မဋ္ဌာန်းပြနေကြတဲ့ ဆရာတော်တွေလည်း အစဉ်မပြတ် ကမ္မဋ္ဌာန်းတရားဟောတိုင်းပဲ ဟောပြောနေကြတာဖြစ်လို့ ဒီမှာတော့ ခဏခဏ နာကြားနေကြရတာပါပဲ။

## အရိယာခွင်

ပုဗ္ဗဘာဂမဂ္ဂင်ပြီးပြီ ပြည့်စုံပြီဆိုတော့ အရိယမဂ္ဂင်သို့ ရောက်သွားနိုင်ပါတယ်၊ အရိယမဂ္ဂင်တဲ့၊ အဲဒီမဂ္ဂင်ကိုတော့ ဝိထိနဲ့ ပြောမယ်ဆိုရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာ အမျိုးမျိုးနဲ့ စိတ်ညွတ်ပြီး ဆင်ခြင်တယ်၊ အဲဒီလို ဆင်ခြင်တာကို အာဝဇ္ဇန်းလို့ခေါ်တယ်။ ရှေးဦးစွာ အဲဒီဆင်ခြင်တဲ့ အာဝဇ္ဇန်း လေးကစတယ်၊ ပြီးတော့ အနိစ္စလို့ ဆင်ခြင်ရင် အနိစ္စအတိုင်း၊ ဒုက္ခလို့ ဆင်ခြင်ရင် ဒုက္ခအတိုင်း၊ အနတ္တလို့ ဆင်ခြင်ရင် အနတ္တအတိုင်းပေါ့လေ၊ အဲဒီလိုဆင်ခြင်တယ် အာရုံက ဘယ်အာရုံလဲဆိုရင် ကိုယ်သန္တာန်အတွင်းက ထင်ရှားဖြစ်ပေါ်တဲ့ အာရုံပါပဲ၊ များသောအားဖြင့်ဆိုရင် အသိစိတ်ကလေးကို ရှုတာဖြစ်တတ်ပါတယ်၊ ဒါမှမဟုတ်ရင် ဝေဒနာကို ရှုတာပေါ့၊ ဒါမှမဟုတ်ရင်လည်း အတွေ့အထိလေးတစ်ခုခုကို ရှုတာပေါ့၊ မြင်တာကြားတာ စသည်ကို ရှုတာလည်း ဖြစ်နိုင်တာပါပဲ၊ မြင်တာကတော့ ဒီအခါမှာ မျက်စိနဲ့ကြည့်နေတာမဟုတ်လို့ ဖြစ်ခဲပါတယ်၊ ကြားတာကတော့ ဖြစ်နိုင်တယ်၊ နံတယ်ဆိုတာလည်း မဖြစ်လွယ်ပါဘူး။ စားနေရင်းဆိုရင်တော့ အရသာတွေလည်း ဖြစ်မယ်ဆို ဖြစ်နိုင်ပါတယ်၊ ပေါ်လာတဲ့ အာရုံတစ်ပါးပါးဟာ ဖြစ်နိုင်တာချည်းပါပဲ၊ အများအားဖြင့်တော့ အဲဒီအခါကာလမှာ စိတ်အသိကလေးဟာ သိမ်သိမ်မွေ့မွေ့ ပေါ်လာတတ်ပါတယ်။

သင်္ခါရုပေက္ခာဉာဏ်အား ပြည့်လာတဲ့အခါကျတော့ ဘင်္ဂဉာဏ်မှာကတည်းက ကိုယ်ထည်ပုံစံက ပျောက်လာခဲ့တယ်၊ ဒီတော့ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်လို့ လေးခုလောက် မှတ်လိုက်တဲ့အချိန်မှာ တစ်ခုခုကစပြီး ပျောက်သွားတယ်၊ ဘယ်ဟာသာကျန်တော့သလဲဆိုတော့ နောက်ဆုံးသိတာဆီကို ရောက်သွားတယ်၊ နောက်ဆုံးအချိန်မှာ မှတ်သိစရာဆိုတာ ဒီသိတာပဲ ကျန်တော့တယ်၊ အဲဒီ သိတဲ့စိတ်ကလေးကိုလည်း သိတယ်၊ သိတယ်လို့ မှတ်နေရတာပဲ၊ အဲဒီလိုမှတ်နေရင်းနဲ့ ခုနကပြောခဲ့တဲ့ မနောဒွါရာဝဇ္ဇန်းက မမြဲတဲ့အနေအားဖြင့်

ဆင်ခြင်ပြီးတော့၊ ပျောက်သွားလိုက်ပြီးတော့ မမြဲတဲ့အနေဖြင့်ပင် ဝိပဿနာဉာဏ်တွေက ဆက်ဖြစ်တော့တာပါပဲ၊ ဒုက္ခ၊ အနတ္တလို့ ရှုသိရာမှလည်း ဒီအတိုင်းပေါ့လေ၊ သူ့အခြင်းအရာနဲ့သူ အတူတူထင်နိုင်တာပါပဲ။

အဲဒီ မနော‌ဒွါရဇောနှန်းက အခြင်းအရာတစ်ခုခုကို ဆင်ခြင်ပြီးညွှတ်ပေးလိုက်တဲ့ အခါကာလမှာ ဝိပဿနာဉာဏ်တွေ ဘယ်လိုဆက်ဖြစ်သလဲဆိုရင် ပရိကမ်၊ ဥပစာ၊ အနုလုံတဲ့၊ ကျမ်းဂန်တွေမှာ အဲဒီသုံးကြိမ်ဖြစ်ပုံကို ပြထားတယ်၊ ဒါပေမယ့် ယောဂီတွေမှာ တစ်ကြိမ်တည်းအနေနဲ့ပဲ ထင်ရှားပါတယ်၊ ဒီသုံးခုကို ပိုင်းခြားပြီး မသိနိုင်ပါဘူး၊ တစိထိထဲက စိတ်တွေကို ခွဲခြားပြီး သိဖို့ မဖြစ်နိုင်ပါဘူး၊ ဒီလို ဝိပဿနာဇောသုံးခုကို တစ်ကြိမ်တည်းအနေနဲ့ သိပြီးတော့ "ဂေါတြဘူ"ဆိုတဲ့ ဒီလို စိတ်တစ်ကြိမ်ဖြစ်လာတယ်၊ ဒါက ပုထုဇဉ် အနွယ်ကို ဖြတ်တဲ့ ဂေါတြဘူဉာဏ်ပါပဲ၊ အဲဒီ စိတ်ကလေးက ရုပ်နာမ် သင်္ခါရငြိမ်းတဲ့ သဘောတွေဆီကို ညွှတ်သွားတယ်၊ "မမြဲတဲ့အခြင်းအရာအနေနဲ့ သင်္ခါရသဘောကို ရှုမှတ်လာခဲ့တယ်"ဆိုရင် အဲဒီရှုမှတ်နေတဲ့ သင်္ခါရသဘောကို လွှတ်ပြီး ရုပ်၊ နာမ် သင်္ခါရငြိမ်းတဲ့ သဘောထဲကို ပြေးဝင်သွားတယ်၊ အဲဒါကို မိလိန္ဒပဥှာမှာ ပြထားပါတယ်၊ ဒါကိုတော့ ထည့်ပြောရဦးမယ်။

## ဒါတွေဘယ်တော့ကုန်မှာတုန်းတဲ့

"တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ တံ စိတ္တံ၊ နှလုံးသွင်း ရှုမှတ်နေသောစိတ်ကလေးသည်။ အပရာပရံ၊ အဆင့်ဆင့်။ မနသိကရောတော၊ နှလုံးသွင်းရှုမှတ်နေစဉ်၊ ယောဂီပုဂ္ဂိုလ်ရဲ့ ရှုမှတ်စိတ်အစဉ်ဟာ ပေါ်တိုင်းမပြတ် အဆင့်ဆင့် ရှုမှတ်နေတုန်းမှာပဲတဲ့၊ "ပဝတ္တံ၊ မပြတ်ဖြစ်နေသော ရုပ်နာမ်အလျဉ်ကို။ သမ္မတက္ကမိတ္ဘာ၊ ကျော်လွန်၍ ယောဂီဟာ အစကတည်းက စပြီးတော့ မြင်တိုင်း ကြားတိုင်း ဒွါရခြောက်ပါးမှာ ပေါ်လာတဲ့ မပြတ်ဖြစ်နေတဲ့တရားတွေ မကုန်ဆုံးနိုင်အောင်ဖြစ်နေတဲ့ တရားတွေကို ရှုနေတယ်၊ အဲဒီ မကုန်ဆုံးအောင်ဖြစ်နေတဲ့ တရားတွေကို ပဝတ္တလို့ ခေါ်တယ်၊ မပြတ်ဖြစ်နေတဲ့ တရားတွေတဲ့၊ တစ်ခုပြီးတစ်ခု တစ်ခုပြီးတစ်ခု ဒီလိုပဲ ဖြစ်နေကြတယ်၊ ဖောင်းတာပြီးရင် ပိန်တာ၊ ပိန်တာပြီးပြန်တော့ ဖောင်းတာ၊ ထိုင်တာ၊ ထိတာ၊ မြင်တာ၊ ကြားတာ၊ နံတာ၊

(တတိယအကြိမ်)

စားတာ၊ သောက်တာ၊ တွေ့ထိတာ၊ စိတ်ကူးစဉ်းစားကြံစည်တာ အဲဒါတွေဟာ ကုန်ကို မကုန်နိုင်ဘူး၊ မပြတ်မစဲဖြစ်နေတယ်။

တချို့ စဉ်းစားဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေက မေးမြန်းကြတယ်၊ "ဒါတွေဘယ်တော့ကုန်မှာတုန်းဘုရား"တဲ့၊ ဒီလိုမေးကြတယ်၊ "အေး-အဲဒါတွေဟာ နိဗ္ဗာန်ရောက်မှပဲကုန်မှာ" လို့ ပြောလိုက်ရတယ်၊ ဒီတော့ သူတို့က "ဒီလိုဆိုရင် ခက်သားပဲဘုရား"တဲ့၊ ဒါတွေကလည်း ကုန်ပဲမကုန်နိုင်ဘူးဘုရားတဲ့၊ နိဗ္ဗာန်ကိုရောက်မှ ရောက်ပါဦးတော့မလား"တဲ့၊ ဒီလိုထပ်ပြီး မေးကြပြန်တာနဲ့ သူတို့နားလည်အောင် ပြောလိုက်ရတယ်၊ "အင်း-ကုန်တဲ့နေရာ နိဗ္ဗာန်ရှိနေတာ အမှန်ပဲ၊ အဲဒီနိဗ္ဗာန်ကို ရောက်ဖို့ဆိုတာကလည်း ဒီမပြတ်ဖြစ်နေတာတွေကို ရှုမှတ်နေမှပဲ"လို့ ပြောလိုက်ရတယ်။

ဝိပဿနာစိတ်အစဉ်ဟာ ဒီမပြတ်ဖြစ်နေတဲ့ အာရုံပေါ်မှာချည်း ကျရောက်နေရမှာပဲ၊ ဥပမာ လမ်းလျှောက်နေတဲ့ပုဂ္ဂိုလ်ဟာ ညာဘက်ခြေကိုကြွပြီး လှမ်းချလိုက်ရင် မြေကြီးပေါ်နင်းမိချမိတာပဲ၊ တစ်ခါ ဘယ်ဘက်ခြေကို ကြွလှမ်းပြီး နင်းချလိုက်တိုင်း မြေကြီးပေါ်မှာပဲ နင်းမိချမိပြန်တာပဲ၊ မြေကြီးကကိုမလွတ်တော့ဘူး၊ ချလိုက်တိုင်း မြေကြီးပေါ်မှာချည်း ဖြစ်နေတယ်၊ ကျကျနေတယ်၊ အဲဒါလိုပါပဲ၊ ဝိပဿနာယောဂီရဲ့ ရှုမှတ်စိတ်လေးဟာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ပေါ်မှာချည်း ကျကျနေတာပဲ၊ အဲဒီလို ရုပ်နာမ်ပေါ်မှာ ကျကျနေတဲ့ ရှုမှတ်မှုစိတ်ကလေးဟာ တစ်ချိန်ကျရင် လွန်မြောက်သွားမယ်တဲ့၊ အဲဒါကို-

"ပဝတ္တံ၊ မပြတ်ဖြစ်နေသော ရုပ်နာမ်အလျဉ်ကို။ သမတိက္ကမိတွာ၊ ကျော်လွန်၍" တဲ့၊ မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်ကို ကျော်လွန်သွားပြီတဲ့၊ အဲဒီအပေါ်မှာ မကျတော့ဘူးတဲ့၊ ခုနက ခြေလှမ်းနေတဲ့ ပုဂ္ဂိုလ်ဟာ မြေကြီးပေါ်မှာ မဟုတ်တော့ဘဲနဲ့ တခြား တစ်နေရာရာပေါ်မှာ လှမ်းပြီး တက်လိုက်သလိုပဲပေါ့လေ၊ လှေကားပေါ်တို့၊ ထိုင်စရာ တစ်နေရာရာပေါ်တို့ လှမ်းတက်လိုက်သလိုပါပဲတဲ့၊ မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်အလျဉ်တွေကို ကျော်လွန်ပြီးတော့တဲ့ "အပဝတ္တံ၊ မပြတ်ဖြစ်နေသော ရုပ်နာမ်၏ပြောင်းပြန် ဆန့်ကျင်ဘက် သဘောထဲသို့။ သြက္ကမတိ၊ ပြေးဝင်၊ သက်ဝင်၍ သွားလေတော့၏"တဲ့။

(တတိယအကြိမ်)

မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ရှုမှတ်နေရင်းထဲကပဲ အဲဒီရုပ်နာမ်တွေရဲ ဆန့်ကျင်ဘက် ပဝတ္တမဟုတ်တဲ့ အပဝတ္တ တဲ့၊ အဲဒါဟာ ပဝတ္တနဲ့မတူဘူးတဲ့၊ မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်မျိုး မဟုတ်ဘူးတဲ့၊ မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ မဟုတ်ရင် ရုပ်နာမ်တွေ လုံးဝဆိတ်သုဉ်းတဲ့ နိဗ္ဗာန်ဆိုတာပဲ ရှိတယ်၊ အဲဒီ နိဗ္ဗာန်ထဲကို ရောက်သွားတာတဲ့၊ အဲဒါဟာ ခုနကပြောခဲ့တဲ့ ဂေါတြဘူက ရုပ်နာမ်တို့ချုပ်ရာ နိဗ္ဗာန်ဆီကို စိတ်ညွတ်ပေးလိုက်တာနဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်က ရုပ်နာမ်တွေ လုံးဝချုပ်ငြိမ်းတဲ့ နိဗ္ဗာန်သို့ ပြေးဝင်သွားပုံတဲ့။ မိလိန္ဒပဉ္စာမှာ ဒီလိုတိုက်ရိုက်ဟောထားတာ ရှိပါတယ်၊ ဘုန်းကြီးတို့ ဉာဏ်စဉ်တရားဟောရာမှာလည်း အဲဒါကို ဟောနေတာပါပဲ၊ အင်မတန်ကောင်းပါ တယ်။

## နိဗ္ဗာန်ဆိုတာ အဝဝတ္တတဲ့

နိဗ္ဗာန်ဆိုတာ ဘာတုန်းလို့မေးရင်အပဝတ္တတဲ့၊ ပဝတ္တနဲ့ဆိုရင် ပြောင်းပြန်ပဲ၊ မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်မှန်သမျှက ဒုက္ခသစ္စာ၊ ဒီဒုက္ခသစ္စာဆိုတဲ့ ရုပ်နာမ်သင်္ခါရတွေ လုံးဝဆိတ်သုဉ်းနေတာက နိရောဓသစ္စာနိဗ္ဗာန်တဲ့။

ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေရဲ့အပေါ်မှာ ယောဂီပုဂ္ဂိုလ်က ဝိပဿနာရှုမှတ်နေ ရမယ်၊ ဒီလိုရှုမှတ်နေရင် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို တွေ့နေရတာပဲ၊ ဝိပဿနာ မရှုမှတ်တဲ့ ပုဂ္ဂိုလ်တွေမှာလည်း ဒီရုပ်နာမ်တွေကတော့ ရှိနေတာပဲ၊ ရှိနေပေမယ့် မရှုမှတ်ကြရင်တော့ မတွေ့ကြဘူး၊ ရှိလျက်နဲ့ မတွေ့ကြတာပါပဲ၊ ယောဂီပုဂ္ဂိုလ်ကတော့ ဒါတွေကို ဝိပဿနာဉာဏ်နဲ့ ကိုယ်တိုင်တွေ့နေရပါတယ်။ ရှုမှတ်စဆိုရင်တော့ ပညတ်ကိုလည်း တွေ့ဦးမှာပေါ့၊ ဒါပေမယ့် နောက်တော့ သမာဓိ၊ ပညာတွေက အားကောင်းလာတယ်၊ ဒီတော့ ပညတ်ကို မတွေ့တော့ဘူး၊ ဖြစ်ပျက်နေတဲ့ သဘောလေးတွေကိုချည်း ရှင်း ရှင်းနဲ့ တွေ့လာတာပါပဲ၊ အဲဒီ တွေ့တဲ့ ဖြစ်ပျက်အာရုံတွေကို စွန့်လွှတ်ကျော်လွန်ပြီး ဖြစ်ပျက်နေတဲ့ အာရုံတွေ လုံးဝဆိတ်သုဉ်းသွားတဲ့ သဘောထဲကို ရောက်သွားတယ်တဲ့၊ ဥပမာ–အသံဆူဆူညံညံထဲကနေပြီး အသံမရှိတဲ့ဆီကို ရောက်သွားသလိုပေါ့၊ အဲဒီလိုပါပဲ၊ ရုပ်နာမ်သင်္ခါရတွေ လုံးဝဆိတ်သုဉ်းတဲ့ နိဗ္ဗာန်ကိုရောက်သွားတယ်

တဲ့၊ အဲဒီ နိဗ္ဗာန်သဘောဟာ အပဝတ္တ သင်္ခါရရုပ်နာမ်တွေ မဖြစ်တာပါပဲ၊ အဲဒီ အပဝတ္တနိဗ္ဗာန်ကို–

"သဗ္ဗသင်္ခါရသမထော၊ အလုံးစုံသော သင်္ခါရတို့၏ ချုပ်ငြိမ်းရာ"လို့ ဟောတော်မူထားပါတယ်။

အလုံးစုံသော သင်္ခါရတရားဆိုတာ ရုပ်နာမ်တွေပေါ့၊ မြင်တိုင်း၊ ကြားတိုင်း နံတိုင်း၊ စသည်မှာ ဖြစ်ပျက်နေတာဟာ သင်္ခါရရုပ်နာမ်တွေချည်းပဲ၊ ဒီရုပ်နာမ်တွေက "သဗ္ဗသင်္ခါရ"တဲ့၊ "သမထ"ဆိုတာက "ငြိမ်းတယ်"တဲ့၊ ဒါကြောင့် သဗ္ဗသင်္ခါရ သမထဆိုတာ အဲဒီသင်္ခါရရုပ်နာမ်တွေ အကုန်ငြိမ်းသွားတာပါပဲ၊ "အေးတယ်"ဆိုတာ ကတော့ ငြိမ်းဆိုတဲ့စကားကိုပဲ ဂုဏ်မြောက်အောင်လို့ စကားတန်ဆာအနေနဲ့ သုံးကြပြောကြတာပါပဲ၊ ငြိမ်းတဲ့အပြင် အေးတာရယ်လို့ သီးခြားဂုဏ်တစ်မျိုး မရှိပါဘူး၊ အဲဒီနိဗ္ဗာန်ဆီကို ပြေးဝင်သွားတာပဲတဲ့။

"ပြေးဝင်သွားတယ်"ဆိုတာကို နားလည်အောင် ဘုန်းကြီးတို့က ဘယ်လိုပြောရ သလဲဆိုရင် "မှတ်သိစရာအာရုံရော, မှတ်သိနေတဲ့ စိတ်တွေရော ချုပ်ငြိမ်းရာကို ရောက်သွားတယ်"လို့ ယောဂီတွေနားလည်အောင် ဒီလို ပြောပေးရတယ်၊ ပြီးတော့ ခါတိုင်းတွေ့နေကျလို ပုံသဏ္ဌာန်အထည်ဝတ္ထုတွေလည်း မဟုတ်၊ ဒီရုပ်နာမ်သင်္ခါရတွေ အားလုံးငြိမ်းတဲ့သဘောထဲ ရောက်သွားတယ်၊ အဲဒါဟာ အရိယမဂ်၊ ဖိုလ်ဉာဏ်ဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြု ဆိုက်ရောက်သွားတာပဲ– လို့လည်း ဘုန်းကြီးတို့က ဟောပေးရတယ်၊ ဒီလိုဟောတဲ့အတိုင်းလည်း ရောက်ဖူးကြတဲ့ ယောဂီတွေက သိနားလည်သွားကြပါတယ်၊ သိတဲ့အတိုင်းလည်း ပြောပြတတ်ကြပါတယ်၊ ဒါပေမယ့်လို့ ဘုန်းကြီးကမှာထားတယ်၊ ဒီ ရုပ်နာမ်ချုပ်ငြိမ်းပုံနဲ့စပ်ပြီးတော့ မပြောကြလေနဲ့လို့ မှာထားရတယ်။ မှာထားပေမယ့် လို့လည်း ကိုယ်တိုင်မြင်ထားတာဆိုတော့ မပြောဘဲ မနေနိုင်ဘူး၊ တွေ့တဲ့လူတိုင်းကို ကိုယ့်လိုပဲ သိမြင်စေလိုတော့ ပြောကြတာပါပဲ။ ပြောတော့ ဘယ်လိုဖြစ်လာသလဲ ဆိုရင် ဒီလိုမယုံတဲ့ ပုဂ္ဂိုလ်တွေက တောပြော၊ တောင်ပြော၊ ပြောမှား ဆိုမှားနဲ့ ကဲ့ရဲ့ကြတယ်၊ ဒီတော့ သူတို့မှာ အကုသိုလ်ဖြစ်တာပေါ့။

(တတိယအကြိမ်)

# ပြောချင်တိုင်း ပြောလို့မရဘူး

"ပဝတ္တံ၊ ထင်ရှားဖြစ်နေသော ရုပ်နာမ်အစဉ်ကို။ သမတိက္ကမိတွာ၊ ကျော်လွန်၍ အပဝတ္တံ၊ မဖြစ်ထင်ရှားဖြစ်နေသော ရုပ်နာမ်၏ပြောင်းပြန် ဆန့်ကျင်ဘက် သဘောထဲသို့။ ဩက္ကမတိ၊ သက်ဝင်၍သွားလေတော့၏။ မဟာရာဇ၊ မြတ်သော မင်းကြီး။ သမ္မာပဋိပ္ပန္နော၊ နည်းလမ်းမှန်စွာ ကျင့်ခဲ့သည်ဖြစ်၍" တဲ့၊ မိလိန္ဒပဉှာမှာ အသေအချာ၊ ပြဆိုထားပါတယ်၊ ဒီလို ငြိမ်းရတာကလည်းပဲ သေသေချာချာ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းကို တက်မှတဲ့။

တချို့က တရားအားထုတ်ခါစ ရှိသေးတယ်၊ သူတို့မှာက ငြိမ်းနေကြပြီ၊ ချုပ်နေကြပြီ၊ ငြိမ်းနေပါတယ်၊ ချုပ်နေပါတယ်လို့ ကမ္မဋ္ဌာန်းဆရာကို လျှောက်ကြတာမျိုးလည်း ရှိသေးတယ်၊ သူတို့ပြောတဲ့အတိုင်း ဘယ်ဟုတ်နိုင်ဦးမလဲ၊ သူတို့ကို စစ်ဆေးကြည့်လိုက်တော့ ရုပ်နာမ်တောင်မှ မကွဲကြသေးဘူး၊ စိတ္တဝိသုဒ္ဓိ တောင်မှ ကောင်းကောင်း မဖြစ်ကြသေးဘူး၊ အဲဒီလို ချုပ်နေပြီလို့ ယူဆတဲ့ သူတွေကလည်း ရှိကြသေးတယ်၊ ကမ္မဋ္ဌာန်းဆရာတွေက သူတို့အခြေအနေတွေကို သိနေကြတာပဲ၊ သူတို့ ပြောချင်တိုင်း ပြောလို့မရပါဘူး၊ ဝိပဿနာဉာဏ်တွေကို အစဉ်အတိုင်းတက်လာမှ ဖြစ်တာတဲ့၊ ဒါကြောင့်–

"သမ္မာပဋိပ္ပန္နော၊ နည်းလမ်းမှန်စွာ ကျင့်ခဲ့သည်ဖြစ်၍။ အပဝတ္တံ အနုပ္ပန္နော၊ မဖြတ်ဖြစ်နေသော ရုပ်နာမ်အစဉ်၏ ပြောင်းပြန် ဆန့်ကျင်ဘက် သဘောထဲသို့ ဆိုက်ရောက်သွားသော ယောဂီပုဂ္ဂိုလ်ကို။ နိဗ္ဗာနံ သစ္ဆိကရောတီတိ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသူဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏" တဲ့။

ပဝတ္တလို့ ခေါ်တဲ့ မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်အလျဉ် ရုပ်နာမ်အစဉ် အတန်းကြီးကို တွေ့နေရာက ရုပ်နာမ်အစဉ်အတန်းကြီး လုံးဝချုပ်ငြိမ်းတဲ့ သဘောထဲကို ရောက်သွားတယ်၊ အဲဒီ ချုပ်ငြိမ်းတဲ့သဘောက နိဗ္ဗာန်ပါပဲ၊ အဲဒါဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုတာတဲ့၊ မျက်စိနဲ့မြင်ရတာမျိုး မဟုတ်ဘူး၊ လူတစ်ယောက်နဲ့တစ်ယောက် လှမ်းမြင်နေရတာမျိုး မဟုတ်ဘူး၊ ဟိုနား တစ်နေရာရာမှာ ရှိနေတဲ့ နိဗ္ဗာန်ကို သူက ဒီနားကနေပြီး လှမ်းမြင်နေရတာမျိုး

မဟုတ်ပါဘူး၊ ရုပ်နာမ်သင်္ခါရငြိမ်းတဲ့ သဘောထဲကို တကယ်ရောက်သွားသလိုဖြစ်ပြီး သိရတာပါပဲ၊ အဲဒီလို ရောက်တာကို မျက်မှောက်ပြုတယ်လို့ ပြောရတာပဲ။

## နည်း နှစ်ဝါး

အဲဒါဟာ အခု ဒီလောကုတ္တရာ ဝေဖန်တဲ့ ပါဠိတော်နဲ့ဆိုင်ပါတယ်။

"ယသ္မိံ သမယေ၊ အကြင်အခါ၌။ ဒိဋ္ဌိဂတာနံ၊ မိစ္ဆာအယူတို့ကို။ ပဟာနာယ၊ ပယ်သတ်ခြင်းငှါ။ ပဌမာယ ဘူမိယာ၊ သောတာပတ္တိဖိုလ်ဟူသော ပဌမအဆင့်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ။ နိယျာနိကံ၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာဖြစ်သော၊ အပစယံ၊ ဖြစ်ခြင်း သေခြင်းကို။ ပဟာနာယ၊ ပယ်ရှား ဖျက်ဆီးခြင်းငှါ။ လောကုတ္တရံ ဈာနံ၊ လောကုတ္တရာဈာန်ကို။ ဘာဝေတိ၊ ဖြစ်ပွားစေ၏" တဲ့။

လောကုတ္တရာဈာန်ကို ဖြစ်ပွားစေတယ်တဲ့၊ အဲဒါဟာ အခုပြောခဲ့တဲ့ ပဝတ္တဖြစ်နေတဲ့ ရုပ်နာမ်သင်္ခါရကို ရှုရင်း ရှုရင်းကနေပြီးတော့ ရုပ်နာမ်သင်္ခါရတွေ လုံးဝငြိမ်းတဲ့ သဘောထဲကို သက်ရောက်သွားတဲ့ သဘောကို ပြောတာပါပဲ၊ ဈာန်ခံ ဈာန်ဆိုတာ ရှုတဲ့သဘော၊ စူးစူးစိုက်စိုက် ရှုတဲ့သဘောကို ခေါ်တာပါပဲ၊ အဲဒါကို ဖြစ်စေရမယ်၊ ပွားစေရမယ်တဲ့၊ ဒါကိုပဲ နောက်တော့ မဂ္ဂ မဂ်လို့လည်း ဟောပါတယ်၊ သတိပဋ္ဌာန်လို့လည်း ဟောပါတယ်၊ သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင် ဒီလိုလည်း ဟောပါတယ်၊ နောက်ပြီးတော့ သစ္စာလို့လည်း ဟောတယ်၊ သမထလို့လည်း ဟောတယ်၊ ဓမ္မလို့လည်း ဟောတယ်၊ ခန္ဓာ အာယတနဓာတ်လို့လည်း ဟောတယ်၊ အာဟာရလို့လည်း ဟောတယ်၊ ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ် အဲဒီအစဉ်တွေနဲ့လည်း ဟောတယ်၊ ရှေးတုန်းကတော့ ကာမာဝစရ ကုသိုလ်စိတ်တို့အနေနဲ့ စိတ်ဆိုတဲ့ အမည်နဲ့ ဟောတယ်၊ အခုတော့ စိတ်ကစပြီး မဟောဘူး၊ ဈာန်ကစပြီး ဟောတယ်၊ စိတ်မှာ အဆုံးသတ်ထားတယ်၊ အားလုံးအမည်ပေါင်း ၂၀–ရှိတယ်၊ အဲဒီ အမည်ပေါင်း ၂၀–နဲ့ ဟောထားတယ်။

အခု ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ကို ရှုရင်း ရှုရင်းနဲ့က ဖြစ်ပျက်နေတဲ့ ရုပ်နာမ် ချုပ်ငြိမ်းရာသဘောထဲကို ပြေးဝင်သွားတယ်၊ အဲဒီလို ပြေးဝင်သွားတာကို ပြောတာပဲ၊ ဒီမှာလည်း ဈာန်အားဖြင့် ပထမဈာန်အဆင့်လည်းရှိတယ်၊ ဒုတိယ

ချာန်အဆင့်၊ တတိယဈာန်အဆင့်၊ စတုတ္ထဈာန်အဆင့်လို့ သုတ္တန်နည်းအရက လေးဆင့်၊ အဘိဓမ္မာနည်းအရကျတော့ ပထမ, ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမဈာန်အဆင့်လို့ အဲဒီလို ငါးဆင့်ရှိတယ်၊ အဲဒီလို ဈာန်လေးပါးက တစ်နည်း၊ ဈာန်ငါးပါးက တစ်နည်း နည်းနှစ်ပါး ရှိပါတယ်၊ စတုက္ကနည်း၊ ပဉ္စကနည်း အဲဒီနည်း နှစ်ပါးနဲ့ ဝေဖန်ပြီးဟောတယ်။ အဲဒီ ဈာန်စိတ်မှာလည်း ပဋိပဒါ အဘိညာဉ် ၄-မျိုးနဲ့ ဝေဖန်ပြီးဟောပါတယ်၊ အဲဒီ အခါကာလမှာဖြစ်တဲ့ ပါဝင်တဲ့တရားတွေကိုလည်း ဟောထားပါတယ်။

"တသ္မိံ သမယေ၊ ထိုအခါကာလ၌။ ဖဿော ဟောတိ၊ ဖဿဆိုတဲ့ တရားလည်းဖြစ်တယ်။ ဝေဒနာ ဟောတိ၊ ဝေဒနာဆိုတဲ့တရားလည်း ဖြစ်တယ်" စသည်ဖြင့် ကာမာဝစရကုသိုလ်တုန်းက ဖြစ်ခဲ့တဲ့တရား ၅၆-ပါးပါပဲ၊ အဲဒါကို ဒီမှာလည်း ဖော်ပြထားပါတယ်၊ ဘာမှမထူးပါဘူး၊ ပိုတာက ဝိရတီ ၃-ပါးနဲ့ အနညာတညဿာမိတိန္ဒြေ ၁-ပါးအားဖြင့် ၆၀-တဲ့။

အနညာတညဿာမိတိန္ဒြေက ဘယ်မှာထည့်ဟောထားသလဲဆိုတော့ ဣန္ဒြေပိုင်းမှာ ထည့်ဟောထားတယ်၊ ကာမကုသိုလ် ဣန္ဒြေပိုင်းထဲမှာ ပါပါတယ်၊ တတိယအပိုင်းမှာ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, မန, သောမနဿ, ဇီဝိတ ဣန္ဒြေ ၈-ပါးလည်း အဲဒီမှာ ရှိပါတယ်၊ အခု ဒီမှာကျတော့ အဲဒီ ၈-ပါးထဲမှာ အနညာတညဿာမိတိန္ဒြေ ၁-ပါး ပိုလာတော့ ၉-ပါး၊ နောက်ပြီး မဂ္ဂင်ကျတော့ ရှေ့ပိုင်းတုန်းက ၅-ပါးလို့ ဟောခဲ့တယ်၊ အဲဒါလည်း သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမာသတိ၊ သမ္မာသမာဓိတဲ့၊ အခုဒီမှာကျတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပလို့ ဒီနှစ်ပါးရဲ့ နောက်မှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ သမ္မာအာဇီဝ ၃-ပါး အသစ်တိုးလာတယ်၊ သမ္မာဝါယာမ စသည်တွေရော အားလုံးပေါင်းလိုက်ရင် ဓမ္မစကြာ ပါဠိတော်မှာလာတဲ့အတိုင်း မဂ္ဂင်ရှစ်ပါး အပြည့်အစုံ ဖြစ်သွားတယ်၊ အဲဒါပဲ ထူးပါတယ်၊ ဒီပြင်ဟာတွေက အတူတူချည်း ပါပဲ၊ ဒီတော့ ၅၆-ပါးထဲမှာ ၄-ပါးထည့်ပြီး ၆၀-ဖြစ်ပါတယ်။ အဲဒါဟာ တိုက်ရိုက်ဟောထားတဲ့ တရားတွေပါပဲ၊ သို့သော် ထပ်ပါနေတဲ့ တရားတွေကို နုတ်လိုက်မယ်ဆိုရင် တရားကိုယ် သက်သက်ကတော့ ၃၃-ပါးပဲ ရှိပါတယ်။

(တတိယအကြိမ်)

"ယေဝါပန အညေပိ အတ္ထိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ ဌပေမေပိ ကုသလာ ဓမ္မာ" တဲ့

အညေပိ၊ တစ်ပါးလည်းဖြစ်ကုန်သော။ ပဋိစ္စသမုပ္ပန္နာ၊ အကြောင်းကို စွဲ၍ဖြစ်ကုန်သော။ ယေဝါပန အရူပိနော ဓမ္မာ၊ အကြင်နာမ်တရားတို့သည်။ အတ္ထိ၊ ရှိကြကုန်သေး၏။ ဌပေမေပိ၊ ဤတရားတို့သည်လည်း။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့ပေတည်း။

ယခုပြောခဲ့တဲ့ တရားအရ ပေါင်း ၅၀–တရားကိုယ်အနေနဲ့ဆိုရင် ၃၃–ပါးမှ အလွတ်ဖြစ်တဲ့ ဒီပြင်တရားတွေလည်း ရှိပါသေးတယ်တဲ့၊ အဲဒါတွေလည်း ကုသိုလ်တရားတွေပါပဲတဲ့၊ အဲဒါတွေက ဘာတွေလဲဆိုရင် အဋ္ဌကထာမှာ ပြထားတာက ဆန္ဒစသည် အမြဲယှဉ်လေးပါးတဲ့၊ အဲဒီလေးပါးကို ကာမာဝစရ ကုသိုလ်ပိုင်းမှာ ရေးထားခဲ့ပါတယ်၊ ဒီဟာလေးက နောက်လည်း အသုံးကျတယ်၊ မှတ်ထားကြရမယ်။

"ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ" တဲ့၊ ဒါဟာ အမြဲယှဉ် လေးပါးပဲ၊ အဲဒီရဲ့အောက်နားက ကရုဏာ, မုဒိတာတို့ဟာ ဒီမှာ မပါဘူး၊ နိဗ္ဗာန်ကို အာရုံပြုတဲ့နေရာမှာ သူတို့မပါနိုင်ဘူး၊ ကရုဏာဆိုတာက သနားစရာ သတ္တဝါပညတ်ကို အာရုံပြုတယ်၊ မုဒိတာဆိုတာက ဝမ်းမြောက်စရာ သတ္တဝါ ပညတ်ကို အာရုံပြုတယ်၊ အဲဒီလို သတ္တဝါပညတ်ကို အာရုံပြုတဲ့ အခါများမှာသာ သူကို့က ပါနိုင်ကြတာပဲ၊ အခု ဒီမှာ နိဗ္ဗာန်ကို အာရုံပြုတာဆိုတော့ အာရုံ မတူလို့ ကရုဏာ, မုဒိတာတွေ မပါနိုင်ဘူး၊ သမ္မာဝါစာ သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ကတော့ ယေဝါပနက တရားမဟုတ်ဘူး၊ တိုက်ရိုက်ယောတဲ့ တရားတွေ၊ ဒါကြောင့် ယေဝါပနထဲမှာ မပါကြတော့ဘူး၊ ယေဝါပနထဲမှာ ပါတာကတော့ ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ ဒီလေးပါးပဲ ပါတယ်၊ ဒီ ၄–ပါးနဲ့ ခုနက တရားကိုယ် ၃၃–ပါးနဲ့ ပေါင်းလိုက်လို့ရှိရင် ၃၇–ပါးတဲ့၊ အဲဒီထဲမှာ စိတ်ကို နုတ်လိုက်ရင် ၃၆–ပါးပဲ၊ အဲဒါဟာ လောကုတ္တရာ ပဌမဈာန်စိတ်နဲ့တကွ ဖြစ်တဲ့တရားတွေတဲ့၊ ဝိသုဒ္ဓိမဂ်ဘာသာပြန် သင်္ခါရက္ခန္ဓာပိုင်းမှာ ပါလိမ့်မယ်၊ သင်္ခါရက္ခန္ဓာ သပ်သပ်ဆိုလို့ရှိရင် ဝေဒနာနဲ့

သညာ ဒီနှစ်ခုကို ထပ်နုတ်ရမယ်၊ ၃၆-ပါးထဲမှာ ဒီ ၂-ခု ထပ်ပြီးနုတ်တော့ ၃၄-ပါးပဲရှိတယ်၊ သင်္ခါရက္ခန္ဓာအနေနဲ့ အဘိဓမ္မာဒေသနာတော်မှာ ဝေဖန်ပြီး ဟောထားတယ်။

## တရားသိမ်းကြစို့

အဲဒီအခါမှာဖြစ်တဲ့ ဖဿက ဘယ်လိုဟာတုန်း စသည်ဖြင့် မေးပြီးတော့ ဒီဖဿ စသည်အနေနဲ့လည်း ဝေဖန်ထားတာတွေ အများကြီးပါပဲ၊ အဘိဓမ္မာ ကျယ်ဝန်းပုံတွေကို နည်းနည်းလည်း ရိပ်မိအောင်လို့လည်း တစ်ကြောင်း၊ မှတ်သားစရာတွေ ပါဝင်နေတာကလည်း တစ်ကြောင်းမို့ ဘုန်းကြီးက ဒီမှာ ပြည့်ပြည့်စုံစုံ ဟောနေတာပဲ၊ ဝိပဿနာရှုမှတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့လည်း ဆိုင်တယ်၊ ဝိပဿနာဉာဏ်တွေ တက်ပုံရော, နိဗ္ဗာန်ကို မျက်မှောက်ပြုပုံရော စုံနေပါပြီ၊ ဒါပေမယ့်လို့ သောတာပတ္တိမဂ်မှာ နည်းပေါင်းတစ်ထောင်နဲ့ တန်ဆာဆင်ထားတယ် ဆိုတာလေးကို ပြောဖို့ရတော့ ရှိသေးတယ်၊ မြတ်စွာဘုရားက နည်းပေါင်း တစ်ထောင်နဲ့ တန်ဆာဆင်ထားပြီးတော့ ဟောထားတယ်တဲ့၊ အဲဒီ နည်းပေါင်း တစ်ထောင်အကြောင်းတွေကိုတော့ နောက်တစ်ခါမှ ပြောရတော့မှာပဲ၊ ဒီနေ့တော့ အချိန်ကလည်း နည်းသွားပြီ၊ နောက်တစ်ခါဆိုလည်း ဝေးဝေးကြီးမဟုတ်ပါဘူး၊ နက်ဖြန်ခါပါပဲ၊ ဒီနေ့ တရားသိမ်းကြဦးစို့၊ တစ်နာရီဟောင်ရှိသွားပြီ။

ယနေ့အဖို့၌ အကျွန်ုပ်တို့ ပြုစုပွားများအားထုတ်အပ်သော . . . (ဆိုနေကျဆို) အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု . . . သာဓု . . . သာဓု . . .။

# အဘိဓမ္မာတရားတော်ကြီး

ဒီကနေ့ ၁၃၃၆–ခုနှစ်၊ တန်ခူးလဆန်း ၆–ရက်နေ့၊ (၁၆–၄–၇၅)သင်္ကြန် ရက်နဲ့ဆိုရင် သင်္ကြန်အတက်နေ့ပါပဲ၊ သင်္ကြန်တက်တဲ့နေ့ကစပြီး နှစ်ဆန်းတော့ တာပါပဲ၊ ဒါပေမယ့်လို့ အများအမှတ်ပြုကြရန် ခေါ်တာကတော့ နက်ဖြန်ကျမှပဲ ၁၃၃၇–ခု၊ နှစ်ဆန်း ၁–ရက်လို့ ခေါ်ပါတယ်၊ အခုအချိန် နာရီအနေနဲ့ဆိုရင် နှစ်ဆန်းထဲ ရောက်လာတာဟာ ၂–နာရီမတင်း ရှိသွားပါပြီ၊ အခု အချိန်က စပြီးတော့ မနေ့က ဟောခဲ့တဲ့ အဘိဓမ္မာတရားတော်ကိုပဲ ဆက်ပြီးဟောရမယ်။

မြတ်စွာဘုရားကိုယ်တော်တိုင် ၇–ဝါမြောက်မှာ တာဝတိံသာနတ်ပြည်တွင် ဟောကြားတော်မူတဲ့ တရားတော်တဲ့၊ အခု ဒီမှာ ဟောနေတာကတော့ မြတ်စွာဘုရား ဟောတော်မူတဲ့ မူရင်းအတိုင်းတော့လည်း မဟုတ်တတ်ပါဘူး၊ အရှင်သာရိပုတ္တရာ အကျဉ်းချုပ်ပြီးတော့ ဟောထားခဲ့တဲ့ တရားပါပဲ၊ အဲဒါကို ဘုန်းကြီးက အင်မတန် အကျဉ်းချုံးပြီးတော့ ဟောနေပါတယ်၊ တစ်နေ့ တစ်နေ့မှာ ၁–နာရီခွဲသာသာလောက်သာ ဟောနေရတော့ ယခုရက်အနေနဲ့ဆိုရင် ၄–၅–၆–ရက်တောင်မှ ရှိသွားပြီ၊ ကုသလာဓမ္မာဆိုတာကို မပြီးတတ်သေးဘူး၊ ဒီကနေ့တော့ ပြီးကောင်း . ပြီးပါလိမ့်မယ်၊ မနေ့က ပြောခဲ့တာတွေ တော်တော် စုံသွားပါပြီ။

### အင်မတန် ခုတ်သားလောက်တဲ့ တရားတွေ

အရိယာ လောကုတ္တရာစျာန်၊ လောကုတ္တရာမဂ်ကို ဖြစ်ပွားစေတယ် ဆိုရာမှာ ဖြစ်ပွားစေပုံတွေကို ဖော်ပြစရာရှိနေလို့ ဘုန်းကြီးတို့က ဖြစ်ပွားစေပုံတွေကိုပါ ထည့်သွင်းပြီးတော့ ဟောရပါတယ်၊ အဲဒါတွေကျတော့ အဘိဓမ္မာဒေသနာတော်မှာ ဒီလောက်ကြီး ပြည့်ပြည့်စုံစုံ မပါတော့ဘူး၊ သုတ္တန်တရားတွေ, ဝိသုဒ္ဓိမဂ်တွေက

(တတိယအကြိမ်)

ယူပြီးတော့ ဝိပဿနာရှုပုံ ရှုနည်းတွေ, ဝိပဿနာဉာဏ်ဖြစ်ပုံတွေ အဲဒါတွေကိုပါ အကျယ်တဝင့် ထည့်သွင်းပြီး ဟောမှသင့်မယ်ဆိုပြီး ထည့်သွင်း ဟောကြား နေတာပါပဲ၊ အဲဒါတွေဟာ ဝိပဿနာတရားတော် အားထုတ်နေကြတဲ့ ယောဂီ တွေအတွက် အင်မတန် အရေးကြီးတဲ့တရားပဲ၊ အင်မတန်လည်း မှတ်လောက်တဲ့ တရားပဲ။

"ဒိဋ္ဌိဂတာနံ၊ မိစ္ဆာအယူတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ လောကုတ္တရံဈာနံ၊ လောကုတ္တရာဈာန်ကို။ ဘာဝေတိ၊ ဖြစ်ပွားစေ၏"တဲ့၊ မိစ္ဆာအယူတွေကို ပယ်ဖို့ရာ လောကုတ္တရာဈာန်ကို ဖြစ်စေတယ်တဲ့၊ အဲဒါဟာ သောတာပတ္တိမဂ်ကို ဈာန်ဆိုတဲ့ အမည်နဲ့ ဒီမှာ ဟောထားခြင်းပါပဲ၊ သောတာပတ္တိမဂ်ဉာဏ်နဲ့ နိဗ္ဗာန်ကို တွေ့မြင်သွားရင် မိစ္ဆာအယူတွေ အကုန်လုံးကင်းတယ်တဲ့၊ မြတ်စွာ ဘုရားတရားတော်တွေကို ကြားနာဖူးတဲ့ ပုဂ္ဂိုလ်တွေ, စိတ်ဝင်စားပြီး ယုံယုံ ကြည်ကြည် မှတ်သားတဲ့ ပုဂ္ဂိုလ်တွေမှာဆိုရင် မိစ္ဆာအယူတွေ ကင်းသင့်သလောက် တော့ ကင်းပါတယ်၊ အဲဒီလို ကင်းတာတွေထက် သာလွန်ပြီးတော့ မိစ္ဆာအယူတွေ မှန်သမျှ ကင်းသွားနိုင်အောင်, အောက်ထစ်ဆုံး သောတာပတ္တိမဂ်ဉာဏ်ကိုရအောင် အားထုတ်ရမယ်တဲ့။

## အကြောင်းနဲ့ အကျိုးချုပ်

အတိုချုပ်အားဖြင့်ဆိုရင် ကိုယ်ထဲမှာ ရုပ်နာမ်နှစ်ပါးမျှသာ ရှိတယ်၊ ဒီရုပ်နာမ် နှစ်ပါးဟာလဲပဲ ကံ အစရှိတဲ့ အကြောင်းတရားတွေကြောင့် ဘဝသစ်တွေ ဖြစ်ဖြစ်ပြီးတော့နေတယ်၊ အကြောင်းတရားနဲ့ အကျိုးတရားပဲ၊ အဲဒီ ကံ အကြောင်းတရားတွေထဲမှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ ဒါတွေ အကုန်ပါတယ်၊ အဲဒီ အကြောင်းတရားတွေကြောင့် ပဋိသန္ဓေက စပြီးတော့ ဝိညာဉ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ အကျိုးတရားတွေ ဖြစ်နေတယ်၊ အခု မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားသိတိုင်း၊ ထိသိတိုင်းတွေ ဖြစ်နေတာဟာ အဲဒီ အကျိုးတရားတွေပဲ။

အဲဒီ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ အကျိုးတရား ၅-ပါးကို မှန်ကန်စွာ သိမြင်အောင် ဝိပဿနာရှုမှတ်မှု မရှိပြီဆိုတော့

ဘာဖြစ်လာသလဲဆိုရင် တဏှာဖြစ်လာတယ်၊ ဝေဒနာပစ္စယာ တဏှာတဲ့၊ မြင်လို့ကောင်းတဲ့ ဝေဒနာကို အကြောင်းပြုပြီးတော့ ဥပါဒါန်ဆိုတဲ့ စွဲလမ်းမှုဖြစ်တယ်၊ စွဲလမ်းပြီးတော့လည်း ကိုယ်အလိုရှိတဲ့အတိုင်း ပြည့်စုံအောင် အားထုတ်တဲ့ ကံဖြစ်လာတယ်၊ သင်္ခါရတွေ ဖြစ်ပေါ်လာတယ်ပေါ့၊ တဖန် ကံ-သင်္ခါရက အကျိုးပေးတော့ ဘဝသစ်မှ ဝိညာဉ်, နာမ်, ရုပ်, သဠာယတန, ဖဿ ဝေဒနာတွေ တစ်ခါတစ်ပတ် ပြန်လည်ဖြစ်တော့တာပဲ၊ အကြောင်းနဲ့ အကျိုးတွေ ဒီလိုပဲ ဆက်သွယ်နေကြပါတယ်။

ဝိပဿနာရှုမှတ်လိုက်တော့ သမာဓိဉာဏ်တွေ အားကောင်းလာတဲ့အခါမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း မြင်ပြီးပျောက်, ကြားပြီးပျောက်, နံပြီးပျောက်, စားပြီးပျောက်, တွေ့ထိပြီးပျောက်, စိတ်ကူးကြံသိတော့လဲ သူ့အခိုက်အတန့်နဲ့သူ သိသိပြီးတော့ ပျောက်ပျောက်နေတာပဲဆိုတာကို တွေ့တွေ့နေရတယ်၊ အဲဒီလို ပုဂ္ဂိုလ်မှာ နှစ်သက်သာယာမှု တဏှာမဖြစ်ဘူး၊ အဲဒါကြောင့် ဝေဒနာမှ ဆက်ပြီးတော့ ဖြစ်မည့်တဏှာဟာ ချုပ်သွားတယ်တဲ့။

“တဿာယေဝ တဏှာယ၊ ထိုတဏှာ၏ပင်လျှင်။ နိရောဓာ၊ ချုပ်ခြင်းကြောင့်။” ပါဠိတော် အပြည့်အစုံဆိုရင်တော့ “အသေသဝိရာဂနိရောဓာ”လို့ ဆိုရမှာပဲ၊ ဒါက ရဟန္တာကျမှ တဏှာက အကုန်ချုပ်မှာဆိုတော့ ရဟန္တာကို ရည်ပြီး ဆိုထားတာပါပဲ၊ အခု ဝိပဿနာရှုနေကြတဲ့ ပုဂ္ဂိုလ်တွေအတွက် ဆိုရင်တော့ “တဒင်္ဂနိရောဓ”လို့ တဒင်္ဂပုဒ်ကလေးနဲ့ ဝိသေသပြုပြီးဆိုရင် ဖြစ်ပါတယ်၊ “ဥပါဒါနနိရောဓော၊ ဥပါဒါန်ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါန နိရောဓာ၊ ဥပါဒါန် ချုပ်ခြင်းကြောင့်။ ဘဝနိရောဓော၊ ဘဝချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိရောဓာ၊ ဘဝချုပ်ခြင်းကြောင့်။ ဇာတိနိရောဓော၊ ဇာတိချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိနိရောဓာ၊ ဇာတိချုပ်ခြင်းကြောင့်။ ဇရာအိုခြင်း, မရဏသေခြင်း, သောကစိုးရိမ်ခြင်း, ပရိဒေဝ ငိုကြွေးခြင်း ဒုက္ခ ကိုယ်ဆင်းရဲခြင်း, ဒေါမနဿ စိတ်ဆင်းရဲခြင်း, ဥပါယာသ ပြင်းထန်စွာ ပူပန်ခြင်းတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏”တဲ့။

သံသရာဝဋ်ဆင်းရဲတွေ ချုပ်ပုံကို ပဋိစ္စသမုပ္ပါဒ် ပဋိလောမမှာ အဲဒီလို ပြထားပါတယ်၊ “တဿာယေဝ တဏှာယ၊ ထိုမြင်ခိုက်, ကြားခိုက်စသည်မှာ

ဝေဒနာကို အကြောင်းပြု၍ ဖြစ်ပေါ်လာမည့် တဏှာ၏သာလျှင်။ နိရောဓာ၊ ပျက်ခြင်း၊ ချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ စွဲလမ်းမှု၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏"တဲ့၊ အဲဒီ မြင်ရာ, ကြားရာ စသည်ကနေပြီးတော့ ဖြစ်လာမယ့် တဏှာလေး မဖြစ်ရတော့ဘူး၊ မြင်တယ်, ကြားတယ်စသည်ဖြင့် ရှုမှတ်လို့ဖြစ်ပြီး ပျောက်သွားတာလေးတွေကို တွေ့နေလေတော့ နှစ်သက်မှု, သာယာမှုပဲဏှာ, တောင့်တမှုတဏှာ မရှိတော့ဘူးကဲ့၊ ငြိမ်းသွားတယ်၊ ရှုမှတ်တဲ့ အာရုံတိုင်းမှာ ဒီလို ငြိမ်းငြိမ်းသွားတာ၊ ဒီလို ငြိမ်းငြိမ်းသွားတော့ စွဲလမ်းမှု မရှိတော့ဘူး၊ နှစ်သက်သာယာမှုက မရှိတော့ စွဲလမ်းမှုဆိုတာလည်း မရှိတော့ ဘူးပေါ့။

"ဥပါဒါနနိရောဓာ၊ စွဲလမ်းမှု ချုပ်ခြင်းကြောင့်။ ဘဝနိရောဓော၊ ဖြစ်ကြောင်းကံ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏"တဲ့ စွဲလမ်းမှု မရှိတော့ ဖြစ်ကြောင်းကံလည်း မဖြစ်တော့ဘူး၊ စွဲလမ်းမှုရှိမှ ကိုယ်စွဲလမ်းတဲ့အတိုင်း ပြည့်စုံအောင်လို့ အားထုတ်လုပ်ကိုင်မှ ကမ္မဘဝဆိုတာက ဖြစ်တာ၊ ခုတော့ အဲဒါတွေဖြစ်အောင် ကြောင့်ကြမရှိဘူး၊ အားမထုတ်ဘူး၊ ရှုမှတ်ပြီးတော့ သိနေတာပဲရှိတယ်၊ အဲဒါကြောင့်မို့ ကမ္မဘဝလည်း မဖြစ်တော့ဘူးတဲ့၊ သို့သော်လည်း ဝိပဿနာယောဂီမှာက သူ့မှာ အမြဲတမ်း ငြိမ်းနေတာတော့ မဟုတ်ဘူး၊ နားနေတဲ့အခါတွေ, မရှုမိတဲ့အခါတွေမှာ ဖြစ်ဦးမှာပဲ၊ ရှုမိတဲ့ အာရုံလေး စပ်ပြီးတော့သာ ပြောရတာပဲ၊ ရှုမိတဲ့ အာရုံတွေအပေါ်မှာ ဝိပဿနာဉာဏ် တွေက အားကောင်းပြီး အရှိန်ရနေမယ်ဆိုရင်လည်း မရှုရသေးတဲ့ အာရုံတွေနဲ့ စပ်ပြီးတော့လည်း အတော်အတန် ငြိမ်းနိုင်ပါသေးတယ်။

"ဘဝနိရောဓာ၊ ဘဝ၏ ချုပ်ခြင်းကြောင့်။ ဇာတိနိရောဓော၊ ဘဝသစ်ဖြစ်ခြင်း၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။"ဘဝကံချုပ်ပြီး မရှိတော့ဘူးဆိုတာ အဲဒီအာရုံ တအာရုံထဲနဲ့ စပ်ပြီး မရှိတာမဟုတ်ဘူး၊ အပြီးချုပ်သွားပြီဆိုရင် ဒီပြင်အာရုံတွေနဲ့ စပ်ပြီးတော့လည်း ဘဝကံအကြောင်းဟာ မရှိတော့ဘူး၊ ဘဝကံအကြောင်း မရှိတော့ဘူးဆိုရင် ဘဝသစ်ဖြစ်ခြင်းဆိုတာလည်း မရှိတော့ဘူးပေါ့။

"ဇာတိနိရောဓာ၊ ဇာတိချုပ်ခြင်းကြောင့်။ ဇရာ မရဏံ၊ အိုခြင်း သေခြင်းသည်။ နိရောဓာ ချုပ်၏။"အိုခြင်း, သေခြင်းလည်း မရှိတော့ဘူး၊ ဖြစ်မှု မဖြစ်တော့တဲ့ကိုး

အိုတယ်, သေတယ်ဆိုတာ ဘယ်မှာရှိတော့မှာလဲ၊ အဲဒီတော့ မသေခင်အတွင်းမှာ ဖြစ်မည့် ချုပ်မည့် တရားတွေရှိသေးတယ်၊ အဲဒါတွေ ချုပ်ဖို့ကလည်း အရေးကြီးတာပဲ၊ အဲဒါတွေက ဘယ်ဟာတွေလဲဆိုရင် "သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း, စိတ်၏ ပြင်းစွာပူပန်ခြင်းတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။" အဲဒါတွေလဲ ဘဝအသစ်မှ မဖြစ်တော့၊ တစ်ဘဝလုံးအတွင်းမှာ ပါဂင်လေတော့ အဲဒါတွေ ချုပ်ကုန်တော့တာပဲတဲ့။

"ဧဝံ၊ ဤချုပ်ခဲ့ပြီးသောနည်းဖြင့်။ ကေဝလဿ၊ ချမ်းသာစသည် မရောမယှက် သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဆင်းရဲအစု၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ထင်ရှားပြီးစီးလေတော့၏" တဲ့ ဒီပုံစံ ဒီနည်းဖြင့် ဝိပဿနာရှုလို့ အနိစ္စ, ဒုက္ခ, အနတ္တလို့ အမှန်အတိုင်းသိနေရင် ဒီအာရုံနဲ့စပ်ပြီးတော့ တဏှာမဖြစ်, ဥပါဒါန်မဖြစ်, ကံမဖြစ်ဘူး၊ ကံမဖြစ်တော့ ဘဝအသစ်မဖြစ်, ဘဝအသစ်မဖြစ်တော့ အိုခြင်း သေခြင်းလည်းမရှိ၊ မသေခင်မှာလည်း စိုးရိမ်ပူဆွေး ငိုကြွေးခြင်း စသည်တွေ မဖြစ်တော့ဘူးတဲ့။

## စဉ်းစားစရာရှိတယ်

ဒါတွေဟာ ချမ်းသာတွေ ပျောက်ဆုံးသွားတာများ ဖြစ်လေမလားလို့ စဉ်းစားစရာရှိပါတယ်၊ ဒါမှမဟုတ်လဲ ပုဂ္ဂိုလ်အနေနဲ့များ ပျောက်သွားတာလားလို့ ဒီလိုလဲ စဉ်းစားစရာရှိပါတယ်၊ အဲဒီလို ချမ်းသာတွေ ပျောက်ဆုံးသွားတာလည်း မဟုတ်ပါဘူး၊ ပုဂ္ဂိုလ်ပျောက်ဆုံးသွားတာလည်း မဟုတ်ပါဘူး၊ "ကေဝလဿ၊ ချမ်းသာသုခ မဖက်ချမ်းသာနဲ့ မရောမယှက် သက်သက်သော"တဲ့၊ ဘာသက်သက် တုန်းဆိုတော့ "ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဆင်းရဲခြင်းအစု၏"တဲ့၊ ဆင်းရဲအစု သက်သက်တွေပါတဲ့၊ မြင်တိုင်းကြားတိုင်း စသည်မှာ ဖြစ်နေတဲ့ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ဆင်းရဲတရားတွေပါတဲ့။

ဒီဆင်းရဲစုတွေကို မှန်ကန်စွာ မသိကြလို့သာ သဘောကျပြီး သာယာနေကြတာပဲ။ အမှန်ကတော့ ဖြစ်ပေါ်ပြီး ပျက်စီးနေတဲ့ တရားတွေ သက်သက်ပဲ၊ ဘာမှ ကောင်းတာရယ်လို့ မရှိဘူး၊ ဆင်းရဲတရားတွေ သက်သက်ကုန်ဆုံးသွားတာ

ပါတဲ့၊ ချမ်းသာတွေ ပျောက်ဆုံးသွားတာ မဟုတ်ဘူးတဲ့၊ နောက်ဆုံး ပရိနိဗ္ဗာန် ပြုတဲ့အခါမှာလည်း ဒီအတိုင်းပဲ၊ ဓာတ်နိရောဓ-ဘဝသစ် ရုပ်နာမ်တွေမဖြစ်တော့ ဘဝသစ် ရုပ်နာမ်နဲ့စပ်ပြီး ဇရာ, မရဏ စသည်တွေလည်း အကုန်လုံးချုပ်တယ်၊ ဘယ်တော့မှ မဖြစ်လာတော့ဘူး၊ တစ်ခါတည်း အပြီးသတ် ငြိမ်းသွားတယ်၊ အဲဒါလည်း ဆင်းရဲတရားတွေ လုံးဝငြိမ်းသွားခြင်းပါပဲတဲ့။

ရဟန္တာဆိုတာက ပုဂ္ဂိုလ်အနေနဲ့ အစကတည်းက ရှိဟာမဟုတ်ဘူး၊ လောက ဝေါဟာရအနေနဲ့သာ ပြောဆိုနေကြရတာပဲ၊ တကယ်တော့ အကြောင်းအကျိုးဆက်စပ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေမျှသာ ရှိတာပဲ၊ အဲဒီ ရုပ်နာမ်တွေသာ ချုပ်ငြိမ်း သွားတာပါ၊ ပုဂ္ဂိုလ်အနေနဲ့ ပျောက်သွားတာ မဟုတ်ပါဘူးတဲ့။ အစကတည်းက ပုဂ္ဂိုလ်ရယ်လို့ မရှိတာကိုး။

## စိတ်စွဲ သညာစွဲတော့ ရှိသေးတယ်

အခု ဒီမှာတော့ သောတာပတ္တိမဂ်ကို ဖြစ်ပွားစေတယ်၊ ဘာအတွက် ဖြစ်ပွားစေတုန်းဆိုရင် "ဒိဋ္ဌိဂတာနံ၊ မိစ္ဆာအယူတို့ကို။ ပဟာနာယ၊ ပယ်ခြင်းအကျိုး ငှါ"တဲ့၊ သောတာပတ္တိမဂ်ဖြင့် နိဗ္ဗာန်ကိုဝင်ရင် မိစ္ဆာအယူတွေကင်းတယ်တဲ့၊ မိစ္ဆာအယူဆိုတာ အကျဉ်းချုပ်အားဖြင့် အတ္တဒိဋ္ဌိပါပဲ၊ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ စွဲတဲ့အစွဲပေါ့၊ အဲဒီအစွဲဟာ စောစောက ပြောခဲ့တဲ့အတိုင်း ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ရှုရင်းရှုရင်းနဲ့ ဖြစ်မှုပျက်မှုရုပ်နာမ်တွေကို သိနေပြီး ဒါတွေဆိတ်သုဉ်းတဲ့ နိဗ္ဗာန်သဘောထဲကို အရိယမဂ်ဉာဏ်နဲ့ သက်ဝင်သွားပါမှ အတ္တဒိဋ္ဌိက ကင်းတယ်၊ အပူထဲကနေပြီး အအေးထဲ ရောက်သွားသလို, အမှောင်ထဲကနေပြီး အလင်းထဲကို ရောက်သွားသလို ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေထဲကနေပြီးတော့ ဒီသင်္ခါရ ဆင်းရဲတွေ ငြိမ်းရာဖြစ်တဲ့ အငြိမ်းသဘော, အငြိမ်းဓာတ်ထဲကို ရောက်သွားလို့ရှိရင် ဝိပဿနာရှုမှတ်စဉ်က သိလာခဲ့တဲ့ ရုပ်နာမ်မျှသာ ရှိတာပဲဆိုတဲ့ အသိဟာ ခိုင်မြဲသွားပြီ၊ မပျက်တော့ဘူး။

သာမန်ပုဂ္ဂိုလ်တွေဆိုရင် ငါ-ငါကောင်-ပုဂ္ဂိုလ်-သတ္တဝါအနေနဲ့ အင်မတန် အစွဲသန်တယ်၊ သောတာပန် အရိယာပုဂ္ဂိုလ်မှာတော့ ဒီလို အစွဲအလမ်းက ခိုင်မြဲစွာ ဖြစ်မနေတော့ဘူး၊ စဉ်းစားလိုက်တာနဲ့ တစ်ပြိုင်နက်, ရှုမှတ်လိုက်တာနဲ့

တစ်ပြိုင်နက် ရုပ်နာမ်သဘောတွေ, အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေဆိုတာကို ဉာဏ်ထဲမှာ ထင်ထင်ရှားရှား မြင်သိလာတယ်၊ ငါကောင်, သူကောင်, ပုဂ္ဂိုလ်သတ္တဝါကောင် မရှိဘူးဆိုတာ သိမြင်ပြီး အတ္တကင်းပါတယ်၊ ဒါပေမယ့် သုခနဲ့ သုဘစွဲဆိုတာကတော့ ကျန်သေးတယ်၊ ဒါကတော့ ဒိဋ္ဌိစွဲ မဟုတ်ဘဲနဲ့ စိတ်စွဲ, သညာစွဲအနေနဲ့ ကျန်နေသေးတာပါ၊ မြဲတယ်ဆိုတဲ့ အနေအားဖြင့် နိစ္စဒိဋ္ဌိစွဲ, ချမ်းသာတယ်ဆိုတဲ့ အနေအားဖြင့် သုခဒိဋ္ဌိစွဲ, တင့်တယ်တယ်ဆိုတဲ့ အနေအားဖြင့် သုဘဒိဋ္ဌိစွဲ, ငါသူတစ်ပါး ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် စွဲတဲ့ အတ္တဒိဋ္ဌိဆိုတဲ့ ဒီလို ဒိဋ္ဌိစွဲ လေးမျိုးကတော့ ကင်းပါတယ်၊ ဘာကျန်တော့တုန်းဆိုတော့ သုခ, သုဘအနေနဲ့ စိတ်စွဲ, သညာစွဲလေးကတော့ ကျန်နေသေးတယ်၊ ချမ်းသာတယ်လို့ ထင်နေတဲ့ အသိစိတ်စွဲနဲ့ အမှတ်စိတ်စွဲလေး၊ တင့်တယ်လှပတယ်လို့ ထင်နေတဲ့ အသိစိတ်စွဲနဲ့ အမှတ်သညာစွဲလေး အဲဒါလေးတွေတော့ ကျန်နေပါသေးတယ်၊ ဒါကြောင့် သောတာပန်တွေဟာ ကာမအာရုံတွေနဲ့ သာယာနေကြသေးတာပဲ၊ သူတို့မှာ ဒါတွေမကင်းကြသေးဘူး၊ စိတ္တဝိပလ္လာသနဲ့, သညာဝိပလ္လာသတဲ့၊ အဲဒါတွေ ကျန်နေပေမယ်လို့ ဒိဋ္ဌိဝိပလ္လာသဆိုတဲ့ အယူအမြင် အလွဲမှားမှုတွေတော့ ကင်းနေပါတယ်၊ အမူမဲ့အမှတ်မဲ့ နေတဲ့အခါများမှာတော့ သူများလိုပဲ သွားလိုက် လာလိုက် စားလိုက် သောက်လိုက်နေတဲ့အခါများမှာ တယ်ပြီး မထူးခြားလှပါဘူး၊ အများလိုပါပဲ၊ ဘေးလူကနေကြည့်ရင် ထူးထူးခြားခြား မသိနိုင်ပါဘူး၊ ဒါပေမယ့်လို့ ထူးတာကတော့ ထူးပါတယ်၊ တရားကို နှလုံးသွင်း ရှုမှတ်လိုက်တယ်ဆိုရင် သောတာပန်မှာ အတ္တဒိဋ္ဌိ မရှိပါဘူး၊ ထူးပါတယ်၊ တရားကို နှလုံးသွင်း ရှုမှတ်လိုက်တယ်ဆိုရင် သောတာပန်မှာ အတ္တဒိဋ္ဌိ မရှိပါဘူး၊ ဒါကြောင့် "ဒိဋ္ဌိဂတာနံ၊ မိစ္ဆာအယူတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ လောကုတ္တရံ ဈာနံ၊ လောကုတ္တရာဈာန်ကို။ ဘာဝေတိ၊ ဖြစ်စေ၏"တဲ့။ (ဓမ္မသင်္ဂဏီ၊ နှာ-၈၃)။ လောကုတ္တရာဈာန်ကို ဖြစ်စေတာဟာ အဲဒီ အစွဲတွေ ကင်းစေဖို့၊ မိစ္ဆာအယူတွေ ကင်းနိုင်ဖို့ ဖြစ်စေရတာပဲတဲ့။

## အတ္တဒိဋ္ဌိက ပေါက်ပွါးလာတယ်

အစွဲတွေထဲမှာ အရင်းအကျဆုံးကတော့ အတ္တဒိဋ္ဌိဆိုတဲ့ အတ္တစွဲက အရင်းအကျဆုံးပေါ့၊ ဒီအတ္တဒိဋ္ဌိကနေပြီးတော့မှ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ-ဆိုတဲ့

ဒိဋ္ဌိနှစ်မျိုး ပေါက်ပွါးလာတယ်၊ အသက်ရှင်နေတဲ့ အကောင်လေးဆိုတာ တကယ်ရှိနေတယ်၊ ဒါလေးဟာ မပျက်မစီးဘူး၊ ဒီဘဝက သတ္တဝါရဲ့ခန္ဓာကိုယ်ကြီး ပျက်စီးသွားပေမယ့်လို့ ဒီအသက်လေးကတော့ မပျက်စီးဘူး၊ ဘဝတွေ ဆက်ဆက် ခန္ဓာကိုယ်ကသာ ပြောင်းပြောင်းနေတာပဲ၊ သူကတော့ ခိုင်မြဲတယ်၊ သူ့ကို ဘယ်လိုလုပ်လို့မှ ပျက်စီးအောင် လုပ်မရဘူး၊ အမြဲထာဝရ ခိုင်မြဲနေတယ်လို့ ဒီလို စွဲလမ်းတာဟာ သဿတဒိဋ္ဌိပါပဲ။

ဥစ္ဆေဒဒိဋ္ဌိဆိုတာကတော့ သဿတဒိဋ္ဌိနဲ့ ပြောင်းပြန်ပဲလို့ လွယ်လွယ်ပြောပါတော့လေ၊ ဒီအသက်ကောင်လေး ဆိုတာဟာ မသေခင်အတွင်းမှာတော့ ဟုတ်တယ်၊ မပျက်မစီး အမြဲတည်နေတာပဲ၊ ဒါပေမယ့်လို့ သေပြီးတယ်ဆိုရင် ဒီအသက်ကောင်လေးဟာ ဘာမှ မရှိတော့ဘူး၊ ပျောက်သွားတာပဲ၊ ဒီတစ်ဘဝ ဒီတစ်ခါပဲ ရှိတာ၊ နောက်နောက်မှာ ဆက်ပြီး မရှိတော့ဘူးလို့ စွဲလမ်းတာပါပဲ၊ အဲဒီလို သဿတစွဲနဲ့ ဥစ္ဆေဒစွဲ နှစ်ခုရှိတယ်။

အခုခေတ် ရုပ်ဝါဒဘက်ကနေပြီး သဘောကျနေကြတဲ့ သိပ္ပံပညာ ဦးစားပေး ပုဂ္ဂိုလ်တွေက သဿတစွဲတော့ ရှိခဲပါတယ်၊ ဥစ္ဆေဒစွဲကတော့ သူတို့မှာ ရှိနေတတ်ကြတယ်၊ သေပြီးရင် ပြီးသွားတာပဲ၊ နောက်ဘဝတွေဆိုတာဟာ ရှိတာမဟုတ်ဘူးလို့ ဒီလို သဘောကျနေကြတာက များတယ်၊ မသေခင်မှာလည်း သူတို့မှာ အတ္တစွဲ မရှိဘူးလို့ ပြောတတ်ကြတယ်၊ ဒါပေမယ့်လို့ သူတို့စကားနဲ့ သူတို့စဉ်းစား ကြည့်ရမယ်၊ "သေပြီးရင် ပြီးသွားတာပါပဲ၊ နောက်ဘဝဆိုတာ မရှိပါဘူး"လို့ ဆိုတော့ မသေခင်မှာဖြစ်နေတဲ့ အတ္တရှိတယ်လို့ ဆိုရာရောက်နေတယ်၊ ဒီလို ဆင့်ပွား ဒိဋ္ဌိတွေမဖြစ်ရအောင် အတ္တဒိဋ္ဌိ မရှိဖို့ လိုပါတယ်၊ မြင်မှု, ကြားမှု အစရှိတဲ့ ရုပ်နာမ်အပေါင်းကို အသက်ရှင်နေတဲ့ အတ္တကောင်, ငါကောင်လို့ ထင်မြင်စွဲလမ်းနေတာဟာ အတ္တဒိဋ္ဌိတဲ့၊ ကိုင်း-ဒါလေးကို ဆိုကြရမယ်-

"မြင်မှု, ကြားမှုစသော ရုပ်နာမ်အပေါင်းကို အတ္တကောင်, ငါကောင် ဟု ထင်တာက အတ္တဒိဋ္ဌိ"

(ကတိယအကြိမ်)

ဒီလောက်ဆိုရင် ပေါ်လွင်ပါပြီ၊ အတ္တဒိဋ္ဌိအရင်းခံကနေပြီး ဒီလိုပဲ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ နှစ်မျိုး ပေါက်ပွါးလာပါတယ်၊ ဒါကြောင့် အရင်းခံဖြစ်တဲ့ အတ္တဒိဋ္ဌိ မရှိဖို့က အင်မတန်အရေးကြီးပါတယ်၊

ဗုဒ္ဓဘာသာပြင်ဘက်က ဟိန္ဒူတွေဆိုရင် များသောအားဖြင့် အဲဒီ အယူဝါဒတွေ များတာပဲ၊ ဟိုဘဝ ဒီဘဝ မြဲတယ်, တည်နေတယ်လို့ ယူတဲ့ အယူဝါဒတွေ အဲဒါတွေ များတာပဲ၊ ဘုရားသခင် ဖန်ဆင်းထားတယ်ဆိုတာတွေလည်း ဒီ အယူဝါဒတွေပါပဲ၊ သူတို့က တိတိကျကျသာ မဆိုတာပါ၊ ဘုရားသခင်က အမိန့်ပေးတယ်ဆိုရင် ပြန်ပြီး အသက်ရှင်ရတာနဲ့၊ ကောင်းကင်ဘုံမှာ ကယ်တင်ထားရတာနဲ့၊ ကောင်းကင်ဘုံရောက်ရင် အမြဲတမ်း ချမ်းသာရတာနဲ့၊ ဘုရားသခင်ကို မရှိမသေပြုတဲ့ ပုဂ္ဂိုလ်များဆိုရင် ထာဝရ ငရဲကြီးထဲမှာ ပစ်ချရတာနဲ့ အဲဒါတွေဟာ ဒီသဿတဒိဋ္ဌိအစွဲတွေပါပဲ၊ အမြဲတမ်းရှိနေတယ်ဆိုတဲ့ သဘောတွေပဲ၊ အဲဒီလို အသက်ရှင်နေတဲ့ အတ္တကောင်, ငါကောင်ဟာ ဘယ်အခါကာလမှာမှ မပျက်စီးဘူး၊ အမြဲတမ်း တည်နေတယ်လို့ ထင်မြင်စွဲလမ်းတာဟာ သဿတဒိဋ္ဌိတဲ့၊ ကိုင်း ဆိုကြရမယ်–

> "အသက်ရှင်နေသော အတ္တကောင်, ငါကောင်သည် ဘယ်အခါကာလမှ မပျက်မစီး အမြဲတည်ရှိနေသည်ဟု ထင်မှတ်တာက သဿတဒိဋ္ဌိ"

အဲဒါ သဿတဒိဋ္ဌိတဲ့၊ ပြီးသွားပြီ။

ဥစ္ဆေဒဒိဋ္ဌိဆိုတာကတော့ သေပြီးရင် ဘာမှမရှိတော့ဘူး၊ သေပြီး ပြီးတာပဲလို့ ယူဆစွဲလမ်းတာပါပဲ၊ မြတ်စွာဘုရား လက်ထက်တော်တုန်းက အဇိတဆိုတဲ့ ဆရာကြီးဟာ အဲဒီဝါဒကို သူကိုယ်တိုင်လည်း စွဲလမ်းယူဆတယ်၊ သူ့တပည့်တွေကိုလည်း ဒီအတိုင်း ဟောပြောတယ်၊ "ကုသိုလ်ရယ်, အကုသိုလ်ရယ် လုပ်နေကြတယ်၊ ဒါတွေဟာ ရှိတာမဟုတ်ပါဘူး၊ ကောင်းကျိုး, ဆိုးကျိုးဆိုတာလည်း မပေးနိုင်ပါဘူး၊ သေပြီးရင် ဘာမျှမရှိတော့တာပဲ၊ အကုန်လုံး ပျောက်သွားတာ ချည်းပါပဲ"လို့ ပြောဟောနေတယ်၊ အဲဒါဟာ ဥစ္ဆေဒဒိဋ္ဌိတဲ့၊ ကိုင်းဆို–

> "သေပြီးရင် ဘာမှမရှိတော့ဘူး၊ လုံးဝပျောက်သွားသည် ဟု ထင်မှတ်တာက ဥစ္ဆေဒဒိဋ္ဌိ"

(တတိယအကြိမ်)

အခုပြောခဲ့တဲ့ ဒိဋ္ဌိနှစ်မျိုးဟာ အချင်းချင်းပြောင်းပြန်ပဲ၊ အဲဒီ ဒိဋ္ဌိတွေကို ပယ်ပစ်ရမှာတဲ့။

## ငြိးတော့ ရှိသေးတယ်

ဒီ ဒိဋ္ဌိ သာလားဆိုတော့ ဒါတွင်မကသေးပါဘူး၊ ဘာသာရေး အကျင့်လမ်းစဉ် အရအားဖြင့်လည်း အကျင့်မှားတွေကို ကျင့်နေကြတာ ရှိပါသေးတယ်၊ အဲဒီလို အကျင့်မှားတွေကို အမှန်ထင်ပြီး စွဲလမ်းကျင့်ကြံနေတာတွေကို "သီလဗ္ဗတ ပရာမာသ"လို့ ခေါ်တယ်၊ ဒါလည်း ဒိဋ္ဌိတစ်မျိုးပါပဲ၊ အတ္တဒိဋ္ဌိနဲ့ သက်ဆိုင်နေ ပါတယ်၊ အမှန်ထင်ပြီး ကျင့်နေတာဟာ အတ္တကောင်းစားရေးအတွက် ကျင့်နေတာ ဖြစ်လို့ပါပဲ၊ ကျင့်ပေမယ့် အကျင့်မှန်မဟုတ်ဘူး၊ မှားမှားယွင်းယွင်း ကျင့်နေတာ ဖြစ်တယ်၊ "သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊ ယုံကြည်စွဲမှတ်၊ ယူဆလတ်၊ သီလဗ္ဗတပင်"တဲ့၊ သစ္စာမမြင်-မဂ္ဂင်မပါတဲ့၊ သစ္စာလေးပါးကို သိရအောင် ကျင့်တာလည်းမဟုတ်၊ မဂ္ဂင်ရှစ်ပါး ပွားများစေဖို့လည်း မဟုတ်ဘဲ နည်းလမ်းမကျတဲ့ အကျင့်တစ်ခုခုကို ကျင့်ရုံမျှဖြင့် သံသရာဝဋ်ဆင်းရဲက လွတ်မယ်, ချမ်းသာသွားမယ်လို့ အဲဒီလို ယုံကြည်ယူဆပြီး ကျင့်ကြံနေတာဟာ သီလဗ္ဗတပရာမာသဒိဋ္ဌိတဲ့။ ကိုင်း ဆိုကြရမယ်-

> "သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊
> ယုံကြည်စွဲမှတ်၊ ယူဆလတ်-သီလဗ္ဗတပင်"

သစ္စာမမြင်, မဂ္ဂင်မပါ၊ ဆိုတဲ့ ဒီစကားနှစ်မျိုးက အတူတူပါပဲ၊ မဂ္ဂင်ရှစ်ပါးကို ပွားတယ်ဆိုရင် သစ္စာလေးပါးကို သိလာနိုင်ပါတယ်၊ ဘယ်လိုလဲဆိုရင် မဂ္ဂင် ရှစ်ပါးဖြစ်အောင် အားထုတ်တယ်ဆိုရင် ဒုက္ခသစ္စာဆိုတဲ့ ရုပ်နာမ်တရားတွေကို ရှုမှတ်ရပါတယ်၊ ဒွါရခြောက်ပါးက ထင်ရှားဖြစ်ပေါ်သမျှ ရုပ်နာမ်တရားတွေကို ဒုက္ခသစ္စာလို့ ဆိုပါတယ်၊ အဲဒါတွေဟာ ဒုက္ခသစ္စာတရားတွေပါပဲ၊ အဲဒီ ဒုက္ခသစ္စာတရားတွေကို ရှုမှတ်ရပါတယ်၊ ရှုမှတ်ရတဲ့ ဒီဒုက္ခသစ္စာတရားတွေဟာ ပိုင်းခြားသိရမဲ့ ပရိညေယျ တရားတွေပါပဲ၊ ဘယ်လိုပိုင်းခြားသိရမလဲဆိုရင် ရုပ်နာမ်မျှပဲလို့ ပိုင်းခြားသိရမယ်။ အကြောင်းအကျိုးတရားတွေပဲဆိုတာကို

လည်း သိရမယ်၊ အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေလို့လည်း သိရမယ်၊ ကိုယ်ပိုင်ဉာဏ်နဲ့ကို သိရမှာ၊ ကြားနာမှတ်သားပြီး သိရမှာမဟုတ်ဘူး၊ အဲဒီလိုသိအောင် မြင်တိုင်း ကြားတိုင်းစသည်မှ ရှုမှတ်နေရမယ်၊ အဲဒါဟာ ဒုက္ခသစ္စာကို ပိုင်းခြားပြီးသိတဲ့ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်အောင် အားထုတ်နေတာပါပဲ။

ဒုက္ခသစ္စာကို သိတဲ့တရားက သမ္မာဒိဋ္ဌိအမှူးရှိလျက် ခေါင်းဆောင်တဲ့မဂ္ဂင်ရှစ်ပါးတရားတွေပါပဲ၊ သစ္စာလေးပါးတရားကို ကိုယ်တိုင်သိမြင်အောင် အားထုတ်ရင် မဂ္ဂင်ရှစ်ပါးတရားကို ပွားရာရောက်တော့တာပဲ၊ ဒီလို မဂ္ဂင်ရှစ်ပါးတွေကို ပွားနေစေရင်လည်း သစ္စာလေးပါးတရားကို သိအောင် အားထုတ်နေတယ်လို့ ဆိုရတာပါပဲ၊ အခု သီလဗ္ဗတပရာမာသဒိဋ္ဌိဆိုတာက အဲဒီလို သစ္စာလေးပါးကို သိအောင် မြင်အောင် အားထုတ်တာလည်းမဟုတ်၊ မဂ္ဂင်ရှစ်ပါးတရားကို ပွားစေတာလည်း မဟုတ်ဘဲနဲ့ အလေ့အကျင့် တစ်စုံတစ်ခုမျှဖြင့် သံသရာဝဋ်ဆင်းရဲတွေမှ လွတ်မြောက်ပြီး အမြဲတမ်း ချမ်းသာသွားလိမ့်မယ်လို့ ယုံကြည်ယူဆတဲ့ အယူဝါဒပဲ။

## နွားခွေးလိုကျင့်တဲ့အကျင့်တွေလည်းရှိတယ်

မြတ်စွာဘုရား လက်ထက်တော်တုန်းက ဒီလိုအကျင့်ကို ကျင့်သူတွေအများကြီးပဲ၊ သာသနာ့အပြင်ဘက်မှာ ရှိနေကြတယ်၊ နွားလိုသွား, နွားလိုစား, နွားလိုအိပ်၊ ခွေးလိုသွား, ခွေးလိုစား, ခွေးလိုအိပ်၊ နွားကျင့်၊ ခွေးကျင့်တွေကို ကျင့်ရုံနဲ့ပဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တယ်လို့ သူတို့ယူဆကြပြီး ကျင့်ကြတယ်၊ လူစင်စစ်က နွားလို စိတ်မွေးပြီး နွားလိုနေရတာယ်၊ သဏ္ဍာန်လုပ်သရုပ်နဲ့တူအောင် နွားလို အမြီးတွေ ဘာတွေတောင် တပ်ထားလိုက်သေးတယ်ဆိုပဲ၊ လက်ခြေတွေ လေးဘက်ထောက်ပြီးတော့ နွားလိုပဲ သွားလာကြတယ်၊ ဦးချိုတွေ ပေါက်နေသလိုလည်း တပ်ထားကြသတဲ့၊ နွားလို ဘို့တွေလည်း ပြုလုပ်ထားသေးကယ်လို့ ဆိုပါတယ်၊ ဒီလို နွားနဲ့တူအောင် လုပ်ပြီးတော့ တစ်ကောင်နဲ့တစ်ကောင် အချင်းချင်းတွေကြတဲ့အခါ နွားဧောင်သလိုလည်း ဧောင်ကြသေးသတဲ့၊ ခွာတွေနဲ့ မြေကိုယက်ပြီး ဦးချိုများတောင် သွေးလိုက်ကြသေးသတဲ့၊ အိပ်လျက်နေတော့လည်း

နွားလိုပဲ အိပ်နေရတယ်၊ ကျင်ကြီး၊ ကျင်ငယ်တွေထဲမှာ ပေပေကျံကျံနဲ့ အိပ်ရ နေရတယ်၊ အဲဒီလိုကျင့်နေရင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တယ်လို့ သူတို့က ယူဆပြီး ကျင့်နေကြတယ်တဲ့။

ခွေးလိုကျင့်ရာမှာလည်း ဒီအတိုင်းပါပဲ၊ ခွေးကျင့် ကျင့်နေကြတယ်၊ ခွေးတွေလိုပဲ အမြီးတွေ ဘာတွေနဲ့ပေါ့လေ၊ တစ်ကောင်နဲ့တစ်ကောင် တွေ့ပြီလားဆိုရင် ခွေးတွေလို တစ်ကောင်နှင့်တစ်ကောင် သွားတွေ့ပြီး ဟိန်းကြ ဟောက်ကြတယ်ဆိုပဲ။ အစာစားလို့ရှိရင်လည်း လေးဘက်ထောက်ပြီး ဟပ်စားတယ်ဆိုပဲ၊ ပန်းကန်တို့ဘာတို့နဲ့ စားရတာမဟုတ်ဘူး၊ ခွေးလိုပဲ မြေကြီးပေါ်ပုံထားတာကို စားကြရတာပဲ၊ ကျင်ကြီး၊ ကျင်ငယ်စွန့်တော့လည်း ခွေးလို စွန့်ကြရတာပဲတဲ့၊ အိပ်တော့လည်း ခွေးလိုပြာပုံလေး ဘာလေးတွေမှာ ဝပ်ကြရတယ်တဲ့၊ အဲဒီလို ခွေးကျင့်တွေကို လိုက်ကျင့်နေလို့ရှိရင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တယ်လို့ သူတို့ယူဆပြီး ကျင့်ကြတာပဲ၊ အဲဒါတွေဟာ သီလဗ္ဗတပရာမာသအကျင့်တွေပါပဲ။

## ပုဏ္ဏနဲ့ သေနိယတို့ အကြောင်း

တစ်နေ့မှာတော့ အဲဒီလိုအကျင့်ကို ကျင့်ကြတဲ့ ပုဂ္ဂိုလ်နှစ်ယောက်ဟာ မြတ်စွာဘုရားထံကို ရောက်လာကြတယ်၊ သူတို့အမည်က ပုဏ္ဏပရိဗိုဇ်နဲ့ သေနိယပရိဗိုဇ်တဲ့၊ အဲဒီတုန်းက မြတ်စွာဘုရားဟာ ဟလိဒ္ဒသန နိဂုံးရွာကို ဆွမ်းခံရွာပြုပြီး သီတင်းသုံးတော်မူခိုက်ဖြစ်တယ်တဲ့၊ သူတို့နှစ်ဦးဟာ တစ်ဦးက နွားတို့အကျင့်ကိုကျင့်တယ်၊ တစ်ဦးက ခွေးတို့အကျင့်ကိုကျင့်တယ်၊ သူတို့နှစ်ဦး ဘုရားထံရောက်လာပြီးတော့ မြတ်စွာဘုရားကို သူတို့က လျှောက်ထားကြတယ်၊ ဘယ်လို လျှောက်ထားကြသလဲဆိုတော့ "မြတ်စွာဘုရားတဲ့၊ နွားလိုကျင့်ရင် ဘယ်လိုအကျိုး ရပါသလဲ၊ ခွေးလိုကျင့်ရင် ဘယ်လိုအကျိုး ရပါသလဲဘုရား"လို့ ဒီလို လျှောက်ထားကြသတဲ့။

သူတို့လျှောက်ထားတာကို ဖြေကြားရမှာက သူတို့မနှစ်သက်စရာ ဖြစ်နေပါတယ်၊ ဒီတော့ မြတ်စွာဘုရားက ဒီအမေးကို မလျှောက်ထားကြဖို့ သုံးကြိမ်ကျအောင် တားမြစ်ပါတယ်၊ ဒါပေမယ့် သူတို့က တားမြစ်တာကို မရဘူး၊ သူတို့အကျင့်ကို သူတို့ ဟုတ်လှပြီထင်ပြီး အင်မတန် သိချင်နေကြတာကိုး၊ (တတိယအကြိမ်)

ထပ်ပြီး လျှောက်ထားကြတယ်၊ ဒီလောက်တောင် သိချင်နေကြတာဖြစ်တော့ မြတ်စွာဘုရားက ဖြေကြားတော်မူလိုက်ရတယ်။

"ခွေးအကျင့်ကို စွဲမြဲစွာကျင့်သူဟာ သေရင် ခွေးဖြစ်မယ်၊ နွားအကျင့်ကို ကျင့်သူဟာ စွဲမြဲစွာကျင့်လို့ရှိရင် သေတော့ နွားဖြစ်မယ်၊ နတ်မင်းတို့, နတ်အမတ်ကြီးတို့ ဖြစ်လိမ့်မယ်လို့ မိစ္ဆာအယူနဲ့ ကျင့်ရင် မိစ္ဆာအယူကြောင့် ငရဲ, တိရစ္ဆာန် တစ်မျိုးမျိုးမှာ ဖြစ်လိမ့်မယ်" ဒီလို မိန့်ကြားတော်မူပါတယ်။

ဒီတော့ သူတို့အကျင့်ကိုသူတို့ ယူကျုံးမရဖြစ်ပြီး ငိုကြွေးကြသတဲ့၊ ဒီတော့ မြတ်စွာဘုရားက သင်တို့ မငိုကြွေးကြနဲ့၊ အစက ငါဘုရားမပြောဘူးလား၊ သင်တို့ မလျှောက်ထားကြပါနဲ့လို့၊ ဒီလို မြတ်စွာဘုရားက မိန့်ကြားတော့ သူတို့ငိုကြွေးတာက မြတ်စွာဘုရား ဒီလိုမိန့်ကြားလို့ ငိုကြွေးတာ မဟုတ်ပါဘူး ဘုရားတဲ့၊ သူတို့ ငိုကြွေးတာက–

"ဆရာ့ဆရာတွေက အဆင့်ဆင့် ဒီလိုကျင့်ရင် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်တယ်လို့ လိမ်ညာထားခဲ့တာတွေကို ယုံစားပြီးတော့ လိုက်နာမိတဲ့အတွက် အမှားကြီးမှားပြီဆိုပြီး ဝမ်းနည်းမိတဲ့အတွက် ငိုတာပါ ဘုရား"လို့ ဒီလိုလျှောက်ထားကြသတဲ့။

ပြီးတော့ မြတ်စွာဘုရားထံမှောက်မှာပဲ သူတို့ယူလာခဲ့တဲ့ သီလဗ္ဗတပရာမာသ အကျင့်တွေကို စွန့်လိုက်ကြတယ်၊ အဲဒီမှာ မြတ်စွာဘုရားဟောကြားတဲ့ တရားတော်ကို နာကြားရပြီး ·ပုဏ္ဏပရိဗိုဇ်မှာ သရဏဂုံတည်သွားတယ်၊ သေနိယပရိဗိုဇ်ကတော့ ရဟန်းပြုပြီး ရဟန္တာအဖြစ်ရောက်အောင် ကျင့်သွားသတဲ့။

## ဒီပြင်လည်း အများကြီးပါပဲ

မြတ်စွာဘုရားလက်ထက်တော်က သာသနာအပြင်ဘက်မှာ ဒီလိုပုဂ္ဂိုလ်တွေရဲ့ အယူဝါဒတွေကို လိုက်နာပြီးတော့ အဲဒီလို ကျင့်နေကြတာတွေရှိတယ်၊ နွားတို့အကျင့်ကို ကျင့်ကြ, ခွေးတို့အကျင့်တွေကို ကျင့်ကြ၊ ဒီလို မှားမှားယွင်းယွင်း အကျင့်တွေဟာ သစ္စာလေးပါးကိုသိအောင် ကျင့်တာမဟုတ်ဘူး၊ မဂ္ဂင်ရှစ်ပါးကို ပွားများရာလည်း မရောက်ဘူး၊ သစ္စာမမြင် မဂ္ဂင်မပါတဲ့၊ သီလဗ္ဗတပရာမာသ ဒိဋ္ဌိအကျင့်တွေပဲ။

(တတိယအကြိမ်)

ဒါတွင်တောင် ဘယ်မှာကလိမ့်မတုန်း၊ မှားမှားယွင်းယွင်းကျင့်တဲ့ ဒီပြင်အကျင့်တွေဆိုတာလည်း ရှိသေးတယ်၊ အိန္ဒိယမှာဆိုလို့ရှိရင် ဂင်္ဂါမြစ်ရေကိုချိုးတာနဲ့ပဲ အကုသိုလ်တွေ ကင်းတယ်လို့ ဒီလိုယူတာတွေ ရှိသေးတယ်၊ မကောင်းတဲ့ အကုသိုလ်တွေ, ကိလေသာအညစ်အကြေးတွေ ပပျောက်ကင်းစင်သွားတယ်လို့ ဒီလိုယုံကြည်နေကြတယ်၊ ဒါလဲပဲ သစ္စာလေးပါးကို သိအောင် အားထုတ်တာ မဟုတ်ပါဘူး၊ မဂ္ဂင်ရှစ်ပါးကို ပွားများအောင် အားထုတ်တာလည်း မဟုတ်ပါဘူး၊ အလေ့အကျင့်တစ်မျိုးသာ ဖြစ်ပါတယ်၊ ဂင်္ဂါမြစ်ရေကိုချိုးတဲ့ အလေ့အကျင့်လောက် ရှိတာပဲပေါ့၊ ဒါလည်းပဲ သီလဗ္ဗတပရာမာသအကျင့်ထဲမှာ ပါဝင်ပါတယ်။ ဒီအတိုင်း ကျင့်နေလို့ရှိရင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ မဟုတ်ဘဲ လွတ်မြောက်ရာဆိုပြီး မမှန်မကန်အကျင့်မျိုးကို ကျင့်နေတာဖြစ်လို့မို့ ဒိဋ္ဌိတွေ ဖြစ်နေတာပဲ။

ဒီပြင် နွားတို့, သိုးတို့, ဆိတ်တို့ စသည် သတ္တဝါတွေကို သတ်ပြီးတော့ ယဇ်နတ်ပူဇော်ရင်, ကျွေးမွေးရင် နောင်သံသရာ ဘဝတွေမှာ ကောင်းစားချမ်းသာတယ်လို့ ယုံကြည်ယူဆပြီး လုပ်နေကြတာတွေလည်း ရှိသေးတယ်၊ အဲဒါတွေကတော့ မကောင်းမှု အကုသိုလ်တွေဆိုတာ ပြုလုပ်ကတည်းကိုက ဖြစ်နေတာပါပဲ၊ မသိလောက်စရာ မရှိပါဘူး၊ အင်မတန် ထင်ရှားနေတာပဲ၊ သူတစ်ပါးရဲ့အသက်ကို သတ်ဖြတ်ပြီး ပြုလုပ်တာဟာ ကိုယ်ချမ်းသာမှု ဖြစ်နိုင်ပါ့မလား၊ မဖြစ်စေနိုင်ပါဘူး၊ ဒါကို အလွယ်နဲ့ စဉ်းစားလိုက်ရင်ကို သိနိုင်ပါတယ်၊ သစ္စာလေးပါးကိုသိအောင် မဂ္ဂင်ရှစ်ပါးပွားစေအောင် လုပ်တာမဟုတ်ဘူးဆိုတာ ပြောစရာတောင် မလိုတော့ပါဘူး၊ ဒါကြောင့် ဒီလို ယူဆကျင့်နေတဲ့ အကျင့်ဟာလည်း သီလဗ္ဗတပရာမာသထဲ ပါဝင်တာပါပဲ၊ တော်တော်ကြောက်စရာကောင်းတဲ့ မကောင်းမှုတွေပေါ့၊ ဘာသာရေးနဲ့ စပ်ဆိုင်နေတဲ့ မကောင်းမှုတွေပေါ့လေ။

ပြီးတော့ အစာမစားဘဲနဲ့ နေလို့ရှိရင် ကိလေသာတွေ ကင်းတယ်လို့ ယူဆပြီးတော့ မစားမသောက်ဘဲနေတဲ့အကျင့်ကို ကျင့်တာမျိုးကလည်း ရှိသေးတယ်၊ နိဂဏ္ဌတို့၊ ဂျိန်းတို့ဆိုတာတွေဟာ အခုထက်ထိပဲ၊ ဒီအယူတွေရှိသေးတယ်၊ အဝတ်မဝတ်ဘဲနေတာတွေ ကောင်းတယ်မှတ်ပြီးတော့ ဒီအတိုင်း ကျင့်နေတာတွေ

(တတိယအကြိမ်)

လည်း ရှိသေးတယ်၊ အင်း သူတို့ဟာနဲ့ သူတို့ကတော့ ကောင်းတယ်ဆိုတဲ့ အနေ ကျင့်နေကြတာပဲ၊ တော်တော်ကို နေရာမကျတာဘဲ၊ အစဉ်းစားအသိ ဉာဏ် တော်တော်နည်းပါးတယ်လို့ ဆိုရမှာပေါ့လေ၊ ဒါလဲ သီလဗ္ဗတပရာမာသ ပါပဲ။

ဘုန်းကြီးတို့ ဗုဒ္ဓသာသနာတော်ရဲ့ ပြင်ဘက်မှာ ဆင်းရဲငြိမ်းကြောင်း ကောင်းစားချမ်းသာကြောင်းရယ်လို့ ထင်မှတ်ပြီးတော့ လိုက်နာကျင့်ကြံနေကြတာတွေဟာ သီလဗ္ဗတပရာမာသ အကျင့်တွေကပဲ များပါတယ်။ နတ်ကကယ်တင်လိမ့်မယ်ထင်ပြီး နတ်ကိုးကွယ်တာတို့, သိကြားက ကယ်တင်လိမ့်မယ်ထင်ပြီး သိကြားကို ကိုးကွယ်တာတို့, ဗြဟ္မာက ကယ်တင်လိမ့်မယ်ဆိုပြီး ဗြဟ္မာကိုကိုးကွယ်တာတို့, ဂိုဏ်းဆရာကြီးတွေက ကယ်တင်လိမ့်မယ်ထင်ပြီး ဂိုဏ်းဆရာကြီးတွေကို ကိုးကွယ်တာတို့ ဒီလိုယုံကြည်ပြီး ကိုးကွယ်နေကြတာတွေရှိတယ်၊ ဒါတွေလည်း သီလဗ္ဗတပရာမာသတွေပါပဲ၊ အဟုတ်တကယ်လည်းပဲ ကယ်တင်နိုင်မှာ မဟုတ်ပါဘူး၊ မျက်စိစုံမှိတ်ပြီး ယုံသာယုံနေကြတာပဲ၊ သူတို့ရဲ့ ကယ်တင်တဲ့ အရှင်ဟာ ကောင်းကင်ဘုံက ဘုရားသခင်ပဲ၊ သူတို့ ဘာတွေ ပြုလုပ်နေနေ ကုသိုလ်ပဲပြုပြု အကုသိုလ်ပဲပြုပြု ဘုရားသခင်က ကယ်တင်မှာပဲဆိုပြီး ကိုးကွယ်နေကြတာတွေလည်း ရှိတာပဲ၊ ကိုးကွယ်ရုံမျှနဲ့ သူတို့ကို ကယ်တင်တယ်, သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေနိုင်တယ်လို့ ပြောဟောပြီး ဘုရားအမည်ခံနေတဲ့ ဘုရားတွေကလည်း ရှိသေးတာပဲ၊ အင်း အကိုးကွယ်ခံသူတွေကလည်း အများကြီး, ကိုးကွယ်သူတွေကလည်း အများကြီးပါပဲ၊ ဆင်ကို ကိုးကွယ်တာတို့, မြင်းကို ကိုးကွယ်တာတို့, သစ်ပင်ကို ကိုးကွယ်တာတို့, တောကို ကိုးကွယ်တာတို့, တောင်ကို ကိုးကွယ်တာတို့, ကောင်းကင်က နက္ခတ်တာရာတွေကို ကိုးကွယ်တာတို့, ဂြိုဟ်တွေကို ကိုးကွယ်တာတို့, နေ လကို ကိုးကွယ်တာတို့ အဲဒီလို ကိုးကွယ်နေကြတာတွေ အများကြီးရှိတယ်၊ အိန္ဒိယမှာလည်းရှိတာပဲ၊ ဥရောပမှာလည်း ရှိတာပဲ၊ ရောမမှာလည်း ရှိတာပဲ၊ အများကြီးပါပဲ၊ အဲဒါတွေဟာ သီလဗ္ဗတပရာမာသထဲမှာချည်း ပါဝင်နေကြတယ်၊ ဒီအယူမှား မိစ္ဆာဒိဋ္ဌိတွေကင်းအောင် လောကုတ္တရာဈာန်ကို ဖြစ်စေရမယ်တဲ့။

(တတိယအကြိမ်)

## ဒီအဆင့်လောက်တော့ ဖြစ်ထားဖို့ ကောင်းတယ်

သောတာပတ္တိမဂ်ဖိုလ်ရောက်လို့ သောတာပန် ဖြစ်သွားတယ်ဆိုရင်တော့ ဒါတွေ ကင်းသွားပြီ၊ အင်မတန် ဟန်ကျတာပဲ၊ သောတာပန် မဖြစ်သေးရင် ဒီရှုပ်ထွေးတဲ့ မိစ္ဆာအယူတွေကို လက်ခံနေရဦးမှာပဲ၊ ဒီ မိစ္ဆာအယူရှိတဲ့ မိဘဆွေမျိုးတွေအကြား ရောက်သွားရင်ပေါ့လေ၊ သောတာပန် မဖြစ်သေးသမျှ စိတ်ချရတာ မဟုတ်ဘူး၊ ဒီအယူမှားတွေကို ယူနိုင်သေးတယ်၊ ဘဝဆိုတာကလည်း မမြဲသေးတော့ ဘယ်လိုဘဝမှာ ဘယ်လိုဘဝတွေ ရောက်မယ်ဆိုတာ ရေရာတာ မဟုတ်ဘူး၊ ဒီတော့ မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ မိဘတွေအကြားထဲ ရောက်ချင်လည်း ရောက်သွားမှာပဲ၊ အခန့်တော်ရင်လည်း ဒါန,သီလ ကုသိုလ်လေးလောက်နဲ့ ပြီးနေဖို့ရှိတော့တယ်၊ ဒီလောက်နဲ့ဆိုရင်တော့ လူ့ဘဝ, နတ်ဘဝ, လူ့စည်းစိမ်, နတ်စည်းစိမ်လေးလောက်နဲ့ ပြီးနေကြရမှာပဲ၊ ဒီအကုသိုလ်လေးတွေလောက်နဲ့တော့ အားရစရာ မကောင်းဘူး။

ဒီစည်းစိမ်လေးလောက်နဲ့ ဒီသီလဗ္ဗတပရာမာသ မိစ္ဆာအယူတွေက မကင်းသေးဘူး၊ ဒီစည်းစိမ်တွေကို ရတဲ့ဘဝမှာလည်း ဒီအယူတွေက ဖြစ်နိုင်သေးတာပဲ၊ ဒီတော့ ဒီအယူတွေက ကင်းရှင်းသွားအောင် သောတာပန် အဆင့်လောက်တော့ ဖြစ်ထားဖို့ အင်မတန်ကောင်းပါတယ်၊ ဒါလဲပဲ ဒီလို အခန့်သင့်တဲ့ ဘဝ မျိုးကနေပြီး အားထုတ်ထားမှ ဖြစ်နိုင်တာ၊ မရေရာတဲ့ ဘဝတွေမှာ အားထုတ်စရာ အခွင့်ရှိတာ မဟုတ်ဘူး။

## ဝါသနာလေး ဝါသွားရင်လည်း တော်သေးရဲ့

တချို့ တချို့ ကလေးတွေဆိုရင် ရှေ့ဘဝက အကြောင်းအရာတွေကို သူတို့ပြန်ပြီး ပြောပြတတ်ကြတယ်၊ အဲဒီလို ပြောပြတဲ့အခါ အနောက်နိုင်ငံ သူတို့ မိဘတွေက ဒီလိုပြောလို့ တားမြစ်ကြတယ်တဲ့၊ "ဟဲ့ အဲဒီ စကားတွေ မပြောနဲ့၊ ရှေ့ဘဝဆိုတာ ရှိတာမဟုတ်ဘူး၊ အခု ဘဝမှစပြီး ဖြစ်တာပဲ၊ ဒီဘဝပြီးရင်လည်း ပြီးတာပဲ၊ ဒီစကားတွေကို မပြောနဲ့၊ အဲဒါ မိစ္ဆာစကားတွေ"လို့ ဆိုပြီး တားမြစ်ကြသတဲ့၊ ကလေးကတော့ သူ့ရဲ့ရှေးဘဝ အကြောင်းအရာတွေကို

ပြန်ပြီး မှတ်မိနေလို့ တကယ်ပြောရှာတာပဲ၊ အဲဒါကို မိဘတွေက မိစ္ဆာစကားတွေ ဆိုပြီး တားမြစ်ကြတယ်၊ မိစ္ဆာအယူဖြစ်နေတာက မိဘမှာဖြစ်နေတာ၊ အင်မတန် ကြောက်စရာကောင်းတယ်၊ ဒီတော့ သားသမီးတွေက မပြောဝံ့ကြတော့ဘူး၊ ဒီလိုနဲ့ ကလေးတွေဟာ မိဘတွေရဲ့အယူကို လိုက်ပြီးတော့ မိစ္ဆာ ဖြစ်သွားရှာတယ်။

အဲဒါဟာ သောတာပန်အဖြစ်ကို ရောက်မသွားကြလို့ပါပဲ၊ ဒါနကုသိုလ်, သီလကုသိုလ် အကျိုးပေးအားလျော်စွာတော့ ချမ်းသာတဲ့ လူ့ဂုဏ်တန်အဆင့်ကို ရောက်ကြပါရဲ့၊ ဒါပေမယ့်လို့ သောတာပန်ဖြစ်ပြီးမသွားတော့ မိစ္ဆာအယူရှိတဲ့ မိဘတွေရဲ့ အယူအတိုင်းပဲ လိုက်ပါသွားကြရတယ်၊ တချို့ ကလေးတွေကျတော့ လည်း ရှေးဘဝက ဝါသနာပါလာကြတာဖြစ်လို့ အယူမှန်တွေကို ပြန်ပြီးရလာတာ တွေလည်း နည်းနည်းပါးပါး ရှိပါတယ်၊ ဒီလို ဝါသနာလေးပါသွားကြရင်လည်း တော်ပါသေးရဲ့၊ ဒါဟာလည်း အင်မတန် နည်းပါတယ်၊ လူဦးရေနဲ့စာရင် မပြောပလောက်ပါဘူး။

## အကူအညီ ပေးကြရတယ်

အခုနေအခါမှာဆိုရင် အနောက်နိုင်ငံသားတွေဟာ တရားတွေကို လိုက်ပြီး ရှာကြံနေကြပါတယ်၊ သူတို့ မိရိုးဖလာ ဘာသာဝါဒလောက်နဲ့ အားရကျေနပ်မှုမရှိဘဲ ဖြစ်လာကြတယ်၊ ဘာသာရေး အမှန်တရားရအောင်ဆိုပြီး လိုက်ရှာနေသူတွေလည်း ရှိပါတယ်၊ သူတို့တွေဟာ ဘာသာရေးစာပေတွေကို ကြည့်ရှုလေ့လာကြတယ်၊ ပြီးတော့ ဗုဒ္ဓတရားတော်တွေကို တကယ်ဟုတ်လောက်တယ်ဆိုပြီး တကယ်ရှုမှတ် အားထုတ်ကြတာတွေလည်း ရှိတယ်၊ တချို့ကလည်း စမ်းသပ်ကြည့်အနေနဲ့ စမ်းသပ်ပြီး အားထုတ်ကြတာလည်း ရှိကောင်းရှိပါလိမ့်မယ်၊ ဒီလိုနဲ့ တရားတော်ရဲ့ ထူးခြားချက်တွေကို သူတို့ သဘောကျလောက်အောင် တွေ့သွားကြတာဖြစ်လို့ စမ်းသပ်ရာကနေ တကယ်ယုံကြည်သွားတာတွေလည်း ရှိတာပဲ၊ အဲဒီကနေ တရားတော်ကို ဆက်လက် အားထုတ်နေကြတာတွေ ဆိုတာလည်း မနည်းလှပါဘူး၊ တော်တော်များများရှိကြပါတယ်၊ ဘုန်းကြီးတို့ ဒီသာသနာ့ရိပ်သာမှာဆိုရင် တရားအားထုတ်ဖို့ မကြာမကြာ ရောက်လာကြပါတယ်။

(တတိယအကြိမ်)

တချို့ကလည်း သူတို့နိုင်ငံဓလေ့တွေလို အောက်မေ့ပြီး မလာမီက နေရေးထိုင်ရေးတွေကို စာနဲ့လှမ်းမေးတာတွေလည်း ရှိပါတယ်၊ "သူတို့ လာပြီး တရားအားထုတ်တဲ့အခါမှာ နေထိုင်စရာအခန်းအတွက် အခကြေးငွေက ဘယ်လောက်ကုန်ကျပါသလဲ၊ စားသောက်ရေးအတွက်ကကော ဘယ်လောက် ကုန်ကျပါသလဲ" စသည်ဖြင့် သူတို့ သိလိုတာတွေကို စာရေးပြီး လှမ်းမေးကြပါတယ်၊ ဗုဒ္ဓတရားတော်ကို တကယ်အားထုတ်ချင်လို့ လာတယ်ဆိုရင် စွမ်းနိုင်သော အကူအညီများကို ပေးနေပါတယ်၊ အခကြေးငွေ ဘယ်ရွေ့ ဘယ်မျှ ပေးပြီးမှ ဗုဒ္ဓတရားတော်ကို အားထုတ်ခွင့်ရတယ်လို့ မရှိပါဘူးဆိုတာ မကြာမကြာဘဲ ဖြေကြားပေးရပါတယ်။

ပြည်ဝင်ခွင့် ဗီဇာရက်ကလည်း များများရကြာတာမဟုတ်ဘူး၊ ၇-ရက်လောက်ပဲ ရကြတာဖြစ်တော့ သူတို့ရတဲ့ အခွင့်ရက်ကလေးအတွင်းမှာ ပြည်တွင်းလေ့လာရေး အနေနဲ့ လှည့်ပတ်သွားလာပြီး မနေတော့ဘဲ တရားအားထုတ်တဲ့ရက်နဲ့သာ ကုန်လွန်စေကြတယ်၊ ခရီးဝေးကြီးက တကူးတကလာပြီး လေ့လာအားထုတ်ကြတာဟာ အင်မတန် အံ့စရာကောင်းတာပဲ၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကူးသန်းသွားလာရတဲ့ စရိတ်စကဆိုတာလည်း နည်းနည်းကုန်ကျတာ မဟုတ်ပါဘူး၊ အဲဒါ သူတို့လာပြီး အားထုတ်ကြတယ်၊ ဝမ်းသာစရာပါပဲ။

(၁၃၄၀-ခုနှစ်လောက်ကစပြီး နိုင်ငံခြားသားတွေမှာ တရားအားထုတ်ရန် အချိန်ကာလ လိုသလောက် ရနေပါပြီ။)

## သာမန်ပုဂ္ဂိုလ်တွေ ဟုတ်ပုံရဘူး

အဲဒီပုဂ္ဂိုလ်တွေဟာ သာမန်ပုဂ္ဂိုလ်တွေတော့ ဟုတ်ပုံမရပါဘူး၊ သူတို့ဟာ ရှေးဘဝတွေတုန်းက ဗုဒ္ဓတရားတော်တွေကို တော်တော် လေးလေးနက်နက် စိတ်ပါဝင်စားလာခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေလို့ ယူဆရပါတယ်၊ အခု ဒီမှာလာ အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ တချို့ဆိုရင် တော်တော်တရားကောင်းသွားကြတာပဲ၊ သူတို့ယူလာခဲ့တဲ့ မိရိုးဖလာ ဘာသာအယူဝါဒတွေကိုစွန့်ပြီး ရဟန်းအဖြစ်ထိ တက်ရောက်ကြပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ အခုထိ ဆက်လက်ပြီး တရားအားထုတ်နေကြတာတွေ ရှိပါတယ်။

(တတိယအကြိမ်)

## သာမန်ပုဂ္ဂိုလ်တွေ ဟုတ်ပုံမရဘူး

တချို့များ ဗုဒ္ဓတရားတော်ကို သဘောကျပြီးတော့ နေခွင့်ရတဲ့ရက်က နည်းနေကြတဲ့အတွက် နောက်မှပြန်ပြီး လာကြတာတွေလည်း ရှိတာပဲ၊ အဲဒီလို ပုဂ္ဂိုလ်တွေရဲ့ အတွက်ကိုတော့ သူတို့ နေထိုင်ရေး လွယ်ကူရအောင် ဒီက သတိပဋ္ဌာန်နည်းအတိုင်း ပြသနေတဲ့ ကမ္မဋ္ဌာန်းဌာနရှိရာ သူတို့နဲ့လည်း နီးစပ်ရာ ဌာနကို ညွှန်ပြပေးရပါတယ်၊ အဲဒီမှာလဲ သူတို့သွားပြီး အားထုတ်ကြတာပါပဲ၊ အဲဒီပုဂ္ဂိုလ်တွေဟာ သာမန်ပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ ဗုဒ္ဓတရားတော်နဲ့ အင်မတန် နီးစပ်တဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုရမှာပဲ၊ အခြားသော အယူဝါဒရှိကြသူတွေထဲ ရောက်သွားကြပေမယ်လို့ ဗုဒ္ဓအယူဝါဒကို သက်ဝင်ယုံကြည်လာကြတာဟာ သာမန်ပုဂ္ဂိုလ်တွေ မဟုတ်နိုင်ပါဘူး။

ဒါကြောင့် ယခုဘဝမှာ တရားထူးမရရင်တောင် ဒီလို ဗုဒ္ဓသာသနာနဲ့ စပ်တဲ့ ဝါသနာလေး ပါသွားတယ်ဆိုရင်တောင် တော်သေးတာပေါ့၊ ဒီလို ဝါသနာလေးပါသွားရင် မိစ္ဆာအယူတွေကို သဘာဝမကျမှန်းသိပြီး မိရိုးဖလာပေမယ်လို့ စွဲစွဲလမ်းလမ်း ယုံကြည်သက်ဝင်မယ် မဟုတ်ပါဘူး။

ဆင်းရဲတယ်, ချမ်းသာတယ်ဆိုတာကတော့ ဒါန, သီလ ကုသိုလ်ကံအလျောက် ပါပဲ၊ အယူမှားတဲ့ မိရိုးဖလာမိသားစုထဲ ရောက်သွားပြီး အဲဒီမိသားစုရိုးရာ မိသားစုတို့ရဲ့ မိစ္ဆာအယူမှားထဲ ရောက်သွားတဲ့အခါ မိစ္ဆာအယူဆိုတာ ဖြစ်နိုင်သေးတယ်၊ အဲဒီလိုဖြစ်မှာကို စိုးရိမ်ရတယ်တဲ့၊ ဒီလိုမစိုးရိမ်ရအောင် "ဒိဋ္ဌိဂတာနံ၊ ဒိဋ္ဌိအယူတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ လောကုတ္တရံရတနံ၊ လောကုတ္တရာရတနာကို။ ဘာဝေတိ၊ ပွါးစေ၏" အဲဒီ မိစ္ဆာအယူတွေ ဘယ်တော့မှ မဖြစ်ရအောင် လောကုတ္တရာရတနာကို ဖြစ်ပွါးစေရမယ်၊ ဖြစ်ပွါးအောင် အားထုတ်ရမယ်တဲ့။

ဒီလောကုတ္တရာရတနာကို ရထားလို့ရှိရင် ဘယ်တော့မှ မိစ္ဆာအယူကို မယူတော့ဘူး၊ ဘာပြုလို့တုန်းဆိုတော့ ကိုယ်ပိုင်ဉာဏ်နဲ့ သိထားတဲ့ အယူမှန်က ခိုင်မြဲပြီးသား ဖြစ်လို့တဲ့၊ ဒါကြောင့် ဘယ်ဘဝမှာပဲရောက်ရောက် ဒီအယူမှန်ဟာ မပျေမပျောက်တော့ဘူး၊ ပျောက်သွားလိမ့်မယ်လို့ မစိုးရိမ်ရတော့ဘူးတဲ့၊ လူ့လောက, နတ်လောက ဒီလို သာမန်လောကတွေကို မဆိုထားနဲ့ ရုပ်မရှိဘဲ နာမ်ချည်းရှိတဲ့ အရူပဘဝကို ရောက်သွားဦးတော့ ဒီအသိဉာဏ်က စိတ်ချရတယ်၊ အဲဒီ အရူပဘဝမှာ တရားနာနိုင်တဲ့ နား စသည်ရှိတာ မဟုတ်ဘူး၊ ဒီတော့ သူတို့ကို တရားဟောလို့

တရားတော်ကို ဘယ်လို အားထုတ်ရတယ်ဆိုတာ ညွှန်ပြလို့ ဖြစ်တာမဟုတ်ဘူး၊ ဒီတော့ သောတာပန်မဖြစ်သေးဘဲနဲ့ အဲဒီဘုံဘဝကို ရောက်သွားရင် တရားအားထုတ်နိုင်တဲ့ နည်းလမ်းမရှိလို့ သူတို့ဘာသာသူတို့ အားထုတ်ခွင့်မရဘူး။ သောတာပန်အဖြစ်နဲ့ ရောက်သွားရင်တော့ ဒီခိုင်မြဲနေတဲ့အယူမှန်ဉာဏ်က ပျောက်သွားတာမဟုတ်လို့မို့ ဖြစ်နေတဲ့ စိတ်အစဉ်လေးကို ရှုမှတ်ပြီးတော့ သောတာပန်ကနေပြီး သကဒါဂါမ်, အနာဂါမ်, ရဟန္တာအထိ ဖြစ်သွားရတယ်၊ ဘယ်ဘုံဘယ်ဘဝကိုမှ ပြန်မရောက်တော့ဘူး၊ အဲဒီဘုံမှာပဲ ပရိနိဗ္ဗာန် ပြုသွားတော့တာပါပဲ၊ ဒါကြောင့် လောကုတ္တရာစျာန်ကိုပွားရင် မိစ္ဆာအယူကို ပယ်နိုင်တယ်တဲ့၊ ဘယ်လို မိစ္ဆာအယူကိုမှ လက်မခံတော့ဘူးတဲ့။

## နည်းတွေက အများကြီး

လောကုတ္တရာစိတ်အတွက် တော်ဦးမှပဲ၊ အခု အချိန်က ၃–နာရီ ၄၅–မိနစ်ဟောင် ရှိသွားပြီ၊ အားထုတ်ရပုံတွေကိုချည်း ပြောနေလို့ မပြီးသေးဘူး၊ ဒီလောကုတ္တရာစိတ်ကို မြတ်စွာဘုရား ဘယ်လိုဝေဖန်ပြီး ဟောထားတယ်ဆိုတာကို ပြောဦးမှဖြစ်မယ်၊ မြတ်စွာဘုရားက လောကုတ္တရာစိတ်ကို ပဋိပဒါလေးမျိုးနဲ့လည်း ဝေဖန်ဟောကြားထားတယ်၊ ပြီးတော့ ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်လို့ စတုက္ကနည်းနဲ့ စျာန်လေးပါးခွဲထားတယ်၊ ဒီတော့ ပဋိပဒါလေးပါးကို စျာန်လေးပါးနဲ့ မြှောက်လိုက်တော့ ၁၆–ပါး ရှိသွားတယ်၊ အဋ္ဌကထာမှာ စတုက္ကနည်းနဲ့ရော ပဉ္စကနည်းနဲ့ရော နည်းနှစ်ပါးစလုံး ပြထားတယ်၊ ဒီတော့ ပဉ္စကနည်းနဲ့ဆိုရင် ပဋိပဒါလေးပါးကို စျာန်ငါးပါးနဲ့ မြှောက် ၂၀–တဲ့၊ အဲဒီလို နှစ်နည်းလုံးပဲ မှတ်ထားပေါ့၊ ပဋိပဒါနဲ့ ဟောကြားဝေဖန်ထားတာ နှစ်နည်းတဲ့၊ စာမျက်နှာနဲ့ဆိုရင် အများကြီးပဲ၊ အခုနက ပြောခဲ့တဲ့ ၁၆–ပါးလည်း မကဘူး၊ ၂၀–လည်းမကဘူး၊ ၃၀–ကျော် ၄၀–ကျော် ရှိပါတယ်၊ စာမျက်နှာတွေ အများကြီးပဲ၊ အပြည့်အစုံသာ ရေးမယ်ဆိုရင် အင်မတန်များမှာပဲ၊ အခုတော့ ချုံ့ပြီးရေးထားကြလို့ ဒီလောက်မများပါဘူး၊ နောက်ပြီးတော့ "ဖဿော ဟောတိ" စသည်ဖြင့် ဝေဖန်ထားတယ်၊ အဲဒါက စာမျက်နှာ ၁၀–မျက်နှာလောက်ရှိတယ်၊ တစ်ခု တစ်ခုတွင်ပဲ မနည်းလှပါဘူး၊ အားလုံးပေါင်းလိုက်ရင် စာမျက်နှာ

နှစ်ရာကျော်လောက်ရှိပါတယ်၊ အခု အဲဒါက နှစ်နည်းသာ ရှိသေးတယ်၊ အပြည့်အစုံဆိုရင် ဒီသောတာပတ္တိမဂ်မှာ နည်းပေါင်းတစ်ထောင်တို့ဖြင့် မြတ်စွာဘုရားက တန်ဆာဆင်ပြီး ဟောကြားထားပါတယ်။

ပဋိပဒါပြီးတော့ သုညတဆိုတဲ့အမည်နဲ့ ဝေဖန်တော်မူပြန်ပါတယ်၊ အဲဒီမှာ ပဋိပဒါမပါဘူး၊ ဒီလိုပဲ ဈာန်လေးပါးနဲ့ တစ်နည်း၊ ဈာန်ငါးပါးနဲ့ တစ်နည်း၊ ဒီတော့ ၉–ပါး၊ ဒါလောက်ပါပဲ၊ အကျယ်မပွားပါဘူး၊ ၉–ပါးမှာလည်း ဒီလို အသေးစိတ်အနေနဲ့ မယူပါဘူး၊ နှစ်နည်းပဲ ယူပါတယ်၊ ပဋိပဒါနဲ့ဆိုရင်လည်း ဒုက္ခပဋိပဒါ ဒန္ဓာဘိညာသုညတ၊ သုခပဋိပဒါ ခိပ္ပာဘိညာသုညတလို့ ၄–ပါး ဖြစ်ပါတယ်။ ဒါကိုမှ စတုက္ကနည်းနဲ့ပွားလိုက်ရင် ၄ x ၄ လီ ၁၆၊ တစ်ခါ ပဉ္စကနည်းနဲ့ပွားတော့ ၄ x ၅ လီ ၂၀–ဖြစ်တယ်၊ အသေးစိတ်ဆိုရင် အဲဒီလိုပဲ၊ ဒါပေမယ့် ဒီမှာလဲ နှစ်နည်းဆိုပြီး အကျဉ်းပဲယူထားပါတယ်။ အသေးစိတ်မဟုတ်ဘဲ စတုက္ကနည်း, ပဉ္စကနည်းဆိုတဲ့အနေနဲ့ အခုထပ်ပြီး နည်းတွေကို ပေါင်းပြဦးမယ်၊ စတုက္ကနည်း တစ်နည်း၊ ပဉ္စကနည်း တစ်နည်းလို့ ခေါင်းစဉ်အနေနဲ့ အဲဒီလို မှတ်သားခဲ့ပါ၊ အဲဒါကိုမှ ပဋိပဒါသုညတတွေနဲ့ ဒီလိုတွဲရမယ်။

| | စတုက္ကနည်းတစ်နည်း | ၊ ပဉ္စကနည်းတစ်နည်း |
|---|---|---|
| ပဋိပဒါသက်သက်က | ။ | ။ ၂–နည်း |
| သုညတသက်သက်နဲ့က | ။ | ။ ၂–နည်း |
| ပဋိပဒါနဲ့ သုညတတွဲဟောတာက | ။ | ။ ၂–နည်း |
| အပ္ပဏိဟိတသက်သက်နဲ့က | ။ | ။ ၂–နည်း |
| အပ္ပဏိဟိတနဲ့ ပဋိပဒါက | ။ | ။ ၂–နည်း |

ပေါင်းလိုက်တော့ ၁၀–နည်း ရသွားတယ်၊ မှတ်မိဖို့ရာကတော့ တယ်ပြီး မလွယ်လှဘူး၊ ဘုန်းကြီးတောင်မှပဲ တော်တော်မှတ်ပြီး ပြောနေရတယ်၊ အသေးစိတ်တွေ အနေနဲ့ဆိုရင် သာပြီးခက်တာပေါ့၊ အဲဒါဟာ "လောကုတ္တရာ ဈာန် ဘာဝေတိ"ဆိုတဲ့ နေရာမှာ ဈာန်ဆိုတဲ့အမည်နဲ့ ဟောတော်မူတဲ့နည်း ၁၀–နည်းတဲ့၊ ဒီဈာနဆိုတဲ့ အမည်နဲ့ ဟောတော်မူသလိုပဲ၊ နောက်နားကျတော့ ပါဠိတော်

မှာ ဝိသတိမဟာနယဆိုပြီးတော့ နည်းပေါင်း ၂၀-ဟောထားတာရှိသေးတယ်၊ နောက် ဘယ်လိုအမည်တွေနဲ့ ဆက်ပြီးတော့ ဟောသေးသလဲဆိုရင် "လောကုတ္တရံ မဂ္ဂံ ဘာဝေတိ" စသည်ဖြင့်-

မဂ်ဆိုတဲ့ အမည်နဲ့က (၁၀) နည်း။
သတိပဋ္ဌာန်ဆိုတဲ့ အမည်နဲ့က (၁၀) နည်း။
သမ္မပ္ပဓာန်နဲ့က (၁၀) နည်း။
ဣဒ္ဓိပါဒ်နဲ့က (၁၀) နည်း။
ဣန္ဒြေနဲ့က (၁၀) နည်း။
ဗိုလ်နဲ့က (၁၀) နည်း။
ဗောဇ္ဈင်နဲ့က (၁၀) နည်း။
သစ္စာနဲ့က (၁၀) နည်း။
သမထဆိုတဲ့ အမည်နဲ့က (၁၀) နည်း။

အဲဒီလို အမည်အမျိုးမျိုးနဲ့ ဟောထားပါတယ်။ "ဒီတော့ ဈာနဆိုတဲ့ အမည်ကနေပြီး အခု နောက်ဆုံး သမထဆိုတဲ့ အမည်အထိ အမည်ပေါင်း ဆယ်မျိုးစီဆိုတော့ ၁၀ x ၁၀လီ ၁၀၀ ဖြစ်သွားတယ်၊ နောက်မှာလည်း ရှိသေးတာပဲ "လောကုတ္တရံ ဓမ္မံ ဘာဝေတိ"စသည်ဖြင့်-

ဓမ္မဆိုတဲ့ အမည်နဲ့က (၁၀) နည်း။
ခန္ဓာဆိုတဲ့ အမည်နဲ့က (၁၀) နည်း။
အာယတနဆိုတဲ့ အမည်နဲ့က (၁၀) နည်း။
ဓာတ်ဆိုတဲ့ အမည်နဲ့က (၁၀) နည်း။
အာဟာရဆိုတဲ့ အမည်နဲ့က (၁၀) နည်း။

ဒီလိုလဲ အမည် ၅-မျိုးနဲ့ဆိုတော့ နည်းပေါင်း ၅၀-ပဲ၊ အခုနက ၁၀၀၊ အခု ၅၀-ဆိုတော့ ၁၅၀-ရှိသွားပြီ၊ ပြီးတော့ "လောကုတ္တရံ ဖဿံ ဘာဝေတိ" လောကုတ္တရာ ဖဿကို ပွားစေတယ် ပွားစေရမယ် ဆိုပြီးတော့-

ဖဿ အမည်နဲ့က (၁၀) နည်း။
ဝေဒနာ အမည်နဲ့က (၁၀) နည်း။

(တတိယအကြိမ်)

သညာ အမည်နဲ့က (၁၀) နည်း။
စေတနာ အမည်နဲ့က (၁၀) နည်း။
စိတ် အမည်နဲ့က (၁၀) နည်း။

ဒါနဲ့ နည်းပေါင်း ၅၀၊ အခုနက ၁၅၀–နဲ့ ပေါင်းလိုက်တော့ ၂၀၀–ရှိသွားပြီ၊ အဲဒီနည်းပေါင်း ၂၀၀–ကိုမှ တဖန် အဓိပတိ ၄–ပါးနဲ့ အသီးအသီး ယှဉ်ပြီးတော့ ဝေဖန်ဟောကြားပြန်ပါတယ်၊ ဘယ်လိုလဲဆိုရင်–

ဆန္ဒာဓိပတိနဲ့ နည်းပေါင်း (၂၀၀)
ဝီရိယာဓိပတိနဲ့ နည်းပေါင်း (၂၀၀)
စိတ္တာဓိပတိနဲ့ နည်းပေါင်း (၂၀၀)
ဝီမံသာဓိပတိနဲ့ နည်းပေါင်း (၂၀၀)

ဆိုပြီး အားလုံး နည်းပေါင်း ၈၀၀၊ အဲဒါက အဓိပတိနဲ့တွဲပြီး ဟောတဲ့နည်းပေါင်း ၈၀၀၊ အခုတင်က အဓိပတိနဲ့ မတွဲဘဲ ဟောတဲ့နည်းက ၂၀၀၊ နှစ်ရပ်ပေါင်းလိုက်တော့ နည်းပေါင်း ၁၀၀၀ ဖြစ်သွားတယ်၊ အဲဒီလို မြတ်စွာဘုရားက သောတာပတ္တိမဂ်ကို နည်းပေါင်း ၁၀၀၀ ဖြင့် တန်ဆာဆင်ပြီးတော့ ဝေဖန်ဟောကြားတော်မူပါတယ်။

အင်း ဒါတွေကို မြတ်စွာဘုရားမို့ ဟောနိုင်တာပဲ၊ နည်းတာတွေမဟုတ်ဘူး၊ စိတ်အသီးသီးနဲ့များ တွက်ကြည့်မယ်ဆိုရင် အင်မတန်ကို အများကြီးပဲ၊ ဒါကြောင့် အဘိဓမ္မာဒေသနာတော်ဟာ အလွန်ကျယ်ဝန်းတဲ့ ဒေသနာတော်လို့ ဆိုတာဖြစ်ပါတယ်၊ သင်္ဂါယနာတင်စဉ်တုန်းက အချို့ဒကာတွေက လျှောက်ထားကြတယ်၊ "ပေယျာလ မထိုးကြပါနဲ့ဘုရား၊ စက္ကူတွေ အလုံအလောက်ရှိပါတယ်၊ ဘယ်လောက်ပဲများများ စာအုပ်ဖြစ်အောင် ရိုက်နှိပ်ပါ့မယ်"တဲ့၊ ဒီလိုလျှောက်ထားကြတယ်၊ အင်း သူတို့ကတော့ မြတ်စွာဘုရားတရားတော်ကို ကြည်ညိုလွန်းလို့ လျှောက်ထားကြတာ နေမှာပဲ၊ ဘယ်လောက်တောင် ကျယ်ဝန်းတယ်ဆိုတာကို သူတို့သိရင် ဒီလိုလျှောက်ဝံ့ကြမယ် မဟုတ်ပါဘူး၊ ဒီ ဓမ္မသင်္ဂဏီတကျမ်းထဲနဲ့ကို ပြီးနိုင်ဖို့မလွယ်ဘူး၊ စာအုပ်တွေ အများကြီးရိုက်နှိပ်ရမှာ၊ အခု ပေယျာလထိုးပြီး ချုံးထားတာကိုပဲ စာမျက်နှာ ၂၀၀–ကျော် ၃၀၀–လောက် ရှိနေတယ်၊

ဒီလောက်နဲ့ပဲ လုံလောက်နေပါပြီ၊ နည်းပေါင်းက တစ်ထောင်ထဲ၊ စိတ်ပေါင်းဆိုရင် တစ်ထောင်မကပေဘူး၊ အင်မတန်မှ အများကြီးပါပဲ၊ တချို့ တချို့ ကျမ်းစာအုပ်တွေမှာ တွေ့ရတတ်ပါတယ်၊ "မြတ်စွာဘုရားသည် နည်းပေါင်းတစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိမဂ်ဉာဏ်ကို ရတော်မူ၏၊ ရပြီး၍"လို့ ရေးသားထားကြတာ တွေ့ရတတ်ပါတယ်။

## စိတ်တလေးတတော့ တစ်ကြိမ်တည်းပါပဲ

"နည်းပေါင်းတစ်ထောင်တို့ဖြင့် တန်ဆာဆင်ထားတဲ့ သောတာပတ္တိမဂ်ဉာဏ်ကို ရတော်မူ၏"လို့ ဆိုတော့ သောတာပတ္တိမဂ်ဉာဏ်ဟာ ရောမခမ်းနားကြီးကျယ်တဲ့ စိတ်ကြီးလို့ထင်ရတယ်၊ စင်စစ်တော့ မြတ်စွာဘုရားဟောကြားထားတဲ့ ဒေသနာတော်နည်းတွေကသာ ခမ်းနားကြီးကျယ်တာပါ၊ ပရမတ္ထသဘောအရ မဂ်စိတ်ကလေးကတော့ တစ်စိတ်တည်းပါပဲ၊ ဘာမှ မကျယ်ဝန်းပါဘူး၊ ဒေသနာတော်မှာက အမည်တွေအမျိုးမျိုး များနေတာဖြစ်လို့ ဒီလောက်များပြီး နေတာပါ။

ဈာန်ဆိုတဲ့ အမည်နဲ့လည်း ထင်ရှားတာရှိတယ်၊ မဂ်ဆိုတဲ့ အမည်နဲ့လည်း ထင်ရှားတာရှိတယ်၊ သတိပဋ္ဌာန်အမည်နဲ့ ထင်ရှားတာလည်းရှိတယ်၊ အဲဒီအမည်တွေကိုက ဒီမှာ နှစ်ဆယ်ရှိတာကိုး၊ ပဋိပဒါ အာရမ္မဏ်စသည်ဖြင့် ဆိုင်ရာဆိုင်ရာ ခွဲခွဲပြီး ဟောရတော့ ဒီလောက်ကြီးများသွားတာပေါ့၊ ဟောကြားထားတဲ့အနေနဲ့ ရေးထားတဲ့ စာအနေနဲ့ဆိုရင်တော့ အင်မတန်ကြီးကျယ်ပါတယ်၊ ဒါပေမယ့်လို့ ဒီသောတာပတ္တိမဂ်ကို တရားအားထုတ်လို့ ရသွားတဲ့ ပုဂ္ဂိုလ်တွေမှာတော့ စိတ်ကလေးက တစ်ချက်တည်း, တစ်ကြိမ်တည်းရယ် ဘာမှမကြာပါဘူး၊ ခုမှသာ မဟုတ်ပါဘူး၊ မြတ်စွာဘုရားလက်ထက်တော်ကလည်း ဒီသောတာပတ္တိမဂ်ကို ရတာဟာ တစ်စိတ်တည်းပါပဲ၊ စိတ်တွေအများကြီးရတာမျိုး မဟုတ်ပါဘူး။

မြတ်စွာဘုရားကိုယ်တော်တိုင်လည်း ဗောဓိပင်ရဲ့အောက်မှာ ရှေးဦးစွာ ဥပါဒါနက္ခန္ဓာ ငါးပါးတွေရဲ့ အဖြစ်,အပျက်တွေကို ရှုရင်းရှုရင်းနဲ့ ဝိပဿနာဉာဏ်စဉ်တွေ အစဉ်အတိုင်းတက်ပြီးတော့ သောတာပတ္တိမဂ်စိတ်ကို ရောက်ခဲ့တာပါပဲ၊

အဲဒီစိတ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပါတယ်၊ အဲဒီအချိန်မှာ မြတ်စွာဘုရားလည်းပဲ ဒီ သောတာပတ္တိမဂ်စိတ်ဟာ တစ်ကြိမ်တည်းပဲဖြစ်ပါတယ်၊ အများကြီးဖြစ်နေတာ မဟုတ်ပါဘူး။

ဒီလိုပဲ သောတာပတ္တိမဂ်စိတ်လည်း တစ်ကြိမ်, သကဒါဂါမိမဂ်စိတ်လည်း တစ်ကြိမ်, အနာဂါမိမဂ်စိတ်လည်း တစ်ကြိမ်, အရဟတ္တမဂ်စိတ်လည်း တစ်ကြိမ်စီသာ ဖြစ်ကြပါတယ်၊ ဖိုလ်စိတ်ကသာ မဂ်ရဲ့အကျိုးဖြစ်လို့မို့ အကြိမ်ပေါင်းများစွာ ဖြစ်နိုင်ပါတယ်၊ မဂ်စိတ်ဖြစ်ပြီးတာနဲ့ တစ်ပြိုင်နက် ဆက်ပြီး နှစ်ကြိမ်သုံးကြိမ် ဖြစ်ပါတယ်၊ ဒါတွေကို ပြန်ပြီး နှလုံးသွင်းတဲ့အခါကျတော့မှ ဖိုလ်စိတ်တွေ အများကြီး ဖြစ်နိုင်တယ်၊ ငါးမိနစ်ဆိုရင် ငါးမိနစ်, ဆယ်မိနစ်ဆိုရင် ဆယ်မိနစ်၊ အဲဒီအတွင်းမှာ ဝင်စားနေသလောက် ဖိုလ်စိတ်တွေ ဖြစ်နိုင်ပါတယ်၊ နိုင်နင်းနေတဲ့ ပုဂ္ဂိုလ်တွေဆိုရင် တစ်နေ့လုံးတောင်မှ ဖလသမာပတ်နဲ့ နိဗ္ဗာန်ကို အာရုံပြုပြီး နေနိုင်ကြပါသေးတယ်၊ ဒီလိုပဲ ဖိုလ်စိတ်ကတော့ အများကြီး ဖြစ်နိုင်ပါတယ်။

## ကုသလာဓမ္မာအရ ပြည့်စုံသွားပြီ

သောတာပတ္တိမဂ်ကို နည်းပေါင်းတစ်ထောင်တို့ဖြင့် တန်ဆာဆင်တယ်ဆိုတာကို ဗဟုသုတအဖြစ် ကြားဖူးအောင်လို့ ဟောရတာ၊ အခုပြီးသွားပြီ၊ ပြီးတော့ ကုသလာဓမ္မာအရ မြတ်စွာဘုရား ဟောကြားခဲ့တာတွေလည်း ပြည့်စုံသွားပါပြီ၊ ပထမက ကာမာဝစရကုသိုလ်စိတ် ၈–ပါးရှိတယ်ဆိုတာကို ဟောခဲ့တယ်၊ အဲဒါကို ပြာသိုလပြည့်နဲ့ ပြာသိုလဆုတ် ၈–ရက် အဲဒီ ၂–ရက်မှာ ဟောခဲ့တယ်၊ ပြီးတော့ ရူပါဝစရ ၅–ခုကိုလည်း ဟောခဲ့တယ်၊ အဲဒီမှာလည်း ကသိုဏ်းတွေရော စုံစုံလင်လင် ဟောခဲ့ပါတယ်၊ မှတ်သားစရာတွေ အများကြီးပါပဲ၊ ဈာန်တရားတွေနဲ့ပတ်သက်ပြီး အားထုတ်ပုံတွေကိုပါ အတော်ပြည့်ပြည့်စုံစုံ ဟောခဲ့ပါတယ်၊ အဲဒါဟာ တပို့တွဲလပြည့်ကပါပဲ၊ တစ်ရက်ဟောခဲ့ရတယ်။

အရူပါဝစရကုသိုလ်နဲ့ အခုဟောတဲ့ လောကုတ္တရာ ကုသိုလ်ကို အစဉ်အတိုင်းပဲ ဟောခဲ့ပါတယ်၊ တပို့တွဲလကွယ်နေ့တုန်းက တစ်ရက်နဲ့ အခု သင်္ကြန်တွင်းမှာတော့ နေ့စဉ်ဆက်ပြီး ဟောနေတာ ဒီနေ့ရောဆိုရင် ၃–ရက်ရှိပါပြီ၊ ဒီတော့

ကုသလာဓမ္မာအရ ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, လောကုတ္တရာကုသိုလ်လို့ လေးမျိုးရှိတာကို ဘုန်းကြီးဟောလာခဲ့တာ ၇-ရက် ရှိသွားပြီ၊ ဒီနေ့တော့ ကုသလာဓမ္မာအရ ပြီးသွားပြီ။

ကုသလာဓမ္မာအရ ပြီးတော့ အကုသလာဓမ္မာတဲ့၊ အဲဒါကို ဒီကနေ့တော့ စရုံပဲ စပြီးတော့ ဟောထားဦးမှပဲ၊ ဒီအကုသလာဓမ္မာအရတွေကလည်း ဟောစရာတွေ အများကြီး ရှိပါသေးတယ်၊ ဒီကနေ့ တစ်ရက်နဲ့ ဟောလို့ မပြီးနိုင်ဘူး၊ သိစရာအချက်တွေ အများကြီးရှိနေတယ်၊ ဒီနေ့တော့ အဲဒါ စပြီးဟောရမယ်။

## အကုသိုလ်ပိုင်း

"ကတမေ ဓမ္မာ အကုသလာ-အကုသလာ၊ အကုသိုလ် မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်၊ ကတမေ၊ အဘယ်သည်တို့နည်း"တဲ့၊ ကုသလာ ဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာလို့ ခေါင်းစဉ်သုံးခုကို စပြီး ဟောတော်မူခဲ့တယ်၊ အဲဒီ ခေါင်းစဉ်တွေက ကုသိုလ်ဆိုတာ ဘယ်ဟာတွေလဲလို့ မေးပြီးတော့ အကျယ်တဝင့် ဖြေဆိုဟောကြားတာဟာ အခု ပြီးခဲ့ပြီ၊ အခု ဒုတိယခေါင်းစဉ်ဖြစ်တဲ့ အကုသလာဓမ္မာအရ အကုသိုလ်တွေဆိုတာ ဘယ်ဟာ တွေလည်းလို့ မေးရပါတယ်၊ အမေးထုတ်လိုက်ပါတယ်။

အကုသိုလ်ဆိုတာ ကုသိုလ်ရဲ့ ပြောင်းပြန်ပါပဲ၊ ကုသိုလ်ရဲ့ သဘောကို နားလည်ခဲ့ရင် ဒီမှာလည်း နားလည်ဖို့ လွယ်သွားပါတယ်၊ ကုသလဓမ္မ ကုသိုလ်တရားဆိုတာ အပြစ်ကင်းခြင်း, ကောင်းသောအကျိုးကိုပေးခြင်း သဘော ရှိတယ်တဲ့၊ ကုသိုလ်တရားတွေဆိုတာဟာ အပြစ်ရယ်လို့ မရှိဘူး၊ သူတို့ဖြစ်နေတာ လည်း ကောင်းတာပဲ၊ အကျိုးပေးရင်လည်း ကောင်းတဲ့အကျိုးကိုပဲ ပေးကြ တယ်၊ သူတို့ဖြစ်နေတာလည်း ကောင်း, ပေးတဲ့အကျိုးကျတော့လည်း ကောင်း တယ်ပေါ့။

အကုသလဓမ္မတွေကျတော့ အပြစ်နဲ့တကွ ဖြစ်ခြင်း, မကောင်းတဲ့အကျိုးကို ပေးခြင်း၊ သဘောလက္ခဏာရှိကြတယ်တဲ့၊ အပြစ်ရှိတဲ့တရားတွေတဲ့၊ ဒါတွေဖြစ်နေတာ ကိုက အပြစ်ရှိနေတယ်၊ အကျိုးပေးရင်လည်း မကောင်းတဲ့ အကျိုးတွေကိုသာ

ပေးကြတယ်တဲ့၊ ဘာနဲ့တူသလည်းဆိုရင် အရသာအနေနဲ့လည်း မကောင်းတဲ့အပြင် လူကိုလည်း ဘေးဥပါဒ် ရောဂါအန္တရာယ် ဖြစ်စေတတ်တဲ့ အဆိပ်အတောက်ရှိတဲ့ အစာအာဟာရနဲ့ တူတယ်တဲ့၊ အဲဒီ အစာအာဟာရဟာ စားလို့လည်း မကောင်းဘူး၊ စားမိပြန်တော့လည်း သေသည့်တိုင်အောင် ဥပါဒ် ရောဂါအန္တရာယ် ဖြစ်နိုင်တယ်။

တချို့ အစာအာဟာရတွေဟာ အင်မတန်ခါးပါတယ်၊ တချို့ ကျတော့လည် အင်မတန်စပ်လွန်းတယ်၊ အဲဒီလို အစာအာဟာရတွေဟာ စားလို့မကောင်းပါဘူး၊ ဒါပေမယ့်လဲ တချို့က အဲဒါကိုကြိုက်ကြသေးတယ်၊ ကလေးတွေဆိုရင် သူတို့နဲ့ မသင့်မြတ်တဲ့ အစာမို့လို့ လူကြီးတွေက မစားရဘူးဆိုပေမယ့် မနေနိုင်ကြဘူး၊ လူကြီးတွေမသိအောင် ခိုးဝှက်ပြီးတော့တောင် စားတတ်ကြသေးတယ်၊ ဒီလို စားလိုက်တယ်ဆိုရင် ဗိုက်နာရတာနဲ့, ဝမ်းပျက်ရတာနဲ့ မကောင်းတဲ့အကျိုးတွေ ဖြစ်ကုန်ကြတာပဲ မဟုတ်လား၊ အခုမျက်မှောက်ခေတ်မှာ မူးယစ်စေတတ်တဲ့ အရက်သေစာတွေ, ဘိန်းတွေ ဒါတွေဟာ သောက်စားလို့ရှိရင် လူကို အန္တရာယ်ဖြစ်စေတတ်တယ်ဆိုတာ သိနေကြတာပဲ၊ ဒါလဲ သူတို့က ကြိုက်နေတာဖြစ်တော့ သုံးစွဲစားသောက်နေကြပါတယ်၊ အဲဒါ သူတို့ကို မေးကြည့်တော့ ကြိုက်လို့သာ စားသောက်နေကြတာပါတဲ့၊ ကောင်းလို့ရယ် မဟုတ်ပါဘူးတဲ့၊ တချို့များ ဒါတွေကို သုံးစွဲစားသောက်ပြီး ပင်ပန်းဆင်းရဲနေကြတာပဲ။

တချို့ကျတော့လည်း အဲဒါကို မသုံးစွဲရလို့ဆိုပြီး ပင်ပန်းဆင်းရဲနေတာတွေ လည်း ရှိသေးသတဲ့၊ ဒါတွေဟာ ကောင်းတာ မဟုတ်ပါဘူး၊ ဒါပေမယ့်လို့ ဒီလို မကောင်းတာကိုမှ ကြိုက်နေကြတယ်ဆိုတာတွေရှိတာလည်း ရှိနေကြတာပဲ၊ အရသာအနေနဲ့လည်း မကောင်း, သုံးစွဲပြီးတော့လည်း ထုံထုံထိုင်းထိုင်းဖြစ်ပြီး ပင်ကိုယ်စိတ် မဟုတ်တော့ဘဲ၊ မလျော်တာတွေကို ရမ်းရမ်းကားကား ပြောကြတယ်၊ ရမ်းရမ်းကားကား ပြုလုပ်ကြတယ်၊ အဲဒါကြောင့်ပဲ မဖြစ်သင့်တဲ့ အန္တရာယ်တွေ ဖြစ်ကြရော၊ အဲဒီလို အကျိုးပေးအနေနဲ့လည်း မကောင်းကျိုးတွေကို ပေးကာပဲ၊ လောကမှာ စီးပွားရေးတွေလည်း ကျဆင်းသေးရဲ၊ ဝဏ္ဏသိက္ခာလည်း ကျဆင်းသေးရဲ၊ ကျန်းမာရေးတွေလည်း ပျက်စီးပြီးတော့ နောက်ဆုံး သေရင်

အပါယ်ငရဲသို့လည်း ကျရောက်ရသေးတယ်၊ မသင့်တဲ့ အစာအာဟာရကို စားတယ်ဆိုရင်လည်း ဒီအတိုင်းပဲ၊ အသက်သေအောင် အန္တရာယ်ပေးနိုင်တာပဲ။

အကုသိုလ်ဆိုတာလည်း အဲဒီလိုပါပဲ၊ ကောင်းလည်း မကောင်းဘူး အပြစ်လည်း ရှိတယ်တဲ့၊ လောဘအားကြီးပြီးတော့လည်း မသင့်မလျော်တာတွေကို ပြုလုပ်တယ်၊ ဒေါသဖြစ်ပြီးတော့လည်း ဒီလိုပဲ မသင့်မလျော်တာတွေကို ပြုလုပ်တယ်၊ မောဟနဲ့လည်း မသိမလိမ္မာလို့ မသင့်မလျော်တာတွေကို ပြုလုပ်တယ်၊ ကိုယ့်ဟာကိုယ် အထင်ကြီးတဲ့ မာနနဲ့လည်း မသင့်မလျော်တာတွေကို ပြုလုပ်တယ်၊ အစစအရာရာ ဒီလို မပြုလုပ်သင့်ဘဲ ပြုလုပ်တဲ့ မကောင်းမှုတွေဆိုတာ အများကြီးပေါ့လေ၊ အဲဒါတွေဟာ ဖြစ်နေခိုက်မှာလည်း အပြစ်ရှိတာပဲ၊ အကျိုးပေးရာမှာလည်း အပြစ်နဲ့တကွ မကောင်းကျိုးကို ပေးတာပဲ။

ဒီလို မကောင်းမှုတွေကို ပြုလုပ်တဲ့ ပုဂ္ဂိုလ်ကိုယ်တိုင်ကတော့ သိချင်မှ သိမယ်ပေါ့၊ ဒါပေမယ့် ဘေးကလူတွေကတော့ သူပြုလုပ်တဲ့ အမူအရာတွေကို ကြည့်ပြီး ဘယ်လို မကောင်းမှုတွေကို သူပြုလုပ်နေတာပဲဆိုတာ သိကြပါတယ်၊ လောဘနဲ့ဆိုလည်း လောဘအမူအရာတွေပါပဲ၊ ဒေါသနဲ့ဆိုလည်း ဒေါသ အမူအရာတွေပါပဲ၊ မောဟတို့၊ မာနတို့နဲ့ဆိုလည်း သူ့အမူအရာနဲ့သူ ပါနေတာချည်းပဲ၊ အဲဒီအမူအရာတွေကို ကြည့်ပြီး ဘေးကလူတွေက သိနေကြတာပဲ၊ ကျွန်ုပ် ဘယ်လို မကောင်းမှုတွေ ပြုလုပ်နေပါတယ်လို့ ဘေးလူတွေကို အဲဒီအမူအရာတွေက မသိ သိအောင် ဖော်ပြနေကြသလိုပါပဲ။

ဒီအထဲ ဒေါသအမူအရာက ဒီပြင် အမူအရာတွေထက် ပိုပြီးထင်ရှား ပိုပြီးသိလွယ်ပါတယ်၊ သူဖြစ်လာပြီဆိုရင် ကိုယ်အမူအရာတွေဟာ ဖောက်ပြန်လာတယ်၊ မျက်စိမျက်နှာတွေ မကြည်မသာဖြစ်လာပြီးတော့ အရင်ကလို ကြည့်မကောင်းတော့ဘူး၊ နှုတ်က ထွက်လာတာလည်း သူတစ်ပါး မနှစ်သက်တဲ့စကားအပြောအဆိုတွေ ထွက်လာတော့တယ်၊ အဲဒီတော့ "အင်း ဒီလူက စိတ်ဆိုးနေမှ ကိုး" လို့ ဘေးလူတွေက ထင်ထင်ရှားရှား သိကြတော့တာပါပဲ၊ အဲဒါ ကြောင့်မို့ အကုသိုလ်ဆိုတာ ဖြစ်နေတုန်းကလည်း မကောင်းဘူး၊ ဖြစ်ပြီးနောက် အကျိုးပေးပြန်တော့လည်း မကောင်းဘူးပဲ၊ မကောင်းကျိုးကိုသာ ပေးပါတယ်။

(တတိယအကြိမ်)

လောကမှာ ရာဇဝတ်အပြစ်ဒဏ်တွေနဲ့ ဆိုင်ရာတွေကို ပြုလုပ်တယ်ဆိုတာ လောဘ, ဒေါသ, မောဟတွေကြောင့်မို့ ပြုလုပ်တာပဲ၊ လုပ်ပြီးတော့ အဲဒါတွေဟာ လက်ငင်းချက်ချင်းလည်း အကျိုးပေးတတ်တာပဲ၊ အဖမ်းအဆီး အချုပ်အနှောင် ခံရတယ်၊ အပြစ်အားလျော်စွာ ထောင်ကျခြင်း, ဒဏ်တပ်ခြင်း စသည် အပြစ်ဒဏ်လည်း ခံရတယ်၊ မျက်မှောက်မှာလည်း ဒီလို အကျိုးပေးတတ်သေးတယ်၊ နောင် သံသရာဘဝမှာလည်း အပါယ်လေးပါး ကျရောက်ပြီး ဆင်းရဲဒုက္ခတွေ ရောက်တတ်သေးတယ်၊ ဒါကြောင့် အကုသိုလ်တရားဆိုတာဟာ အပြစ်ရှိတဲ့တရား, မကောင်းတဲ့အကျိုးကို ပေးတတ်တဲ့တရားတဲ့။

အဲဒီ တရားတွေက ဘယ်လိုတရားတွေတုန်းဆိုတော့ စိတ်အနေအားဖြင့်တော့ ၁၂–ပါးရှိတယ်၊ မများပါဘူး၊ လောဘအရင်းခံဖြစ်တဲ့စိတ်က ၈–ခု၊ ဒေါသ အရင်းခံဖြစ်တဲ့စိတ်က ၂–ခု၊ မောဟအရင်းခံဖြစ်တဲ့စိတ်က ၂–ခု အားလုံး အဲဒီ ၁၂–ခုပါပဲ၊ ဒါကို လယ်တီဆရာတော်ဘုရားကြီးက–

"လောရှစ်, ဒေါနှစ်၊ မောလည်း နှစ်၊ ဆယ့်နှစ် အတူယှု"လို့ သံခိပ်လေး ရေးထားတယ်၊ အကောင်းသားပဲ၊ တိုတိုလေးနဲ့ ပေါ်ပေါ်လွင်လွင် သိလွယ်တယ်၊ အရေအတွက်အနေနဲ့ အကုသိုလ်စိတ် ၁၂–ပါးတဲ့၊ အခု အဲဒါကို ဝေဖန်မယ်လို့ပါပဲ။

"အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ကတမေ၊ အဘယ်သည်တို့ နည်း"တဲ့။ ပြည့်စုံအောင် အနက်ပေးလို့ရှိရင် "အကုသလာ ဓမ္မာ၊ ဖြစ်ဆဲမှာလည်း အပြစ်ရှိ,နောင်အခါမှာလည်း မကောင်းကျိုးကိုသာ ပေးတတ်ကုန်သော တရား တို့သည်။ ကတမေ၊ အဘယ်သည်တို့ပါနည်း။"လို့ အနက်ပေးရမယ်၊ ဖြစ်ဆဲ မှာလည်း အပြစ်ရှိ, နောင်လည်း မကောင်းကျိုးကို ပေးတတ်တဲ့ တရားတွေဆိုတာ ဘယ်တရားတွေပါလဲလို့ မေးပြီးတော့ အဖြေက–

> "ယသ္မိံ သမယေ အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကံ ရူပါရမ္မဏံ ဝါ, သဒ္ဒါရမ္မဏံ ဝါ, ဂန္ဓာရမ္မဏံ ဝါ, ရသာရမ္မဏံ ဝါ, ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ,ဓမ္မာရမ္မဏံ ဝါ, ယံယံ ဝါ ပန အာရဗ္ဘ ဖဿော ဟောတိ ဝေဒနာ ဟောတိ"

စသည်ဖြင့် အကုသိုလ်စိတ်ဖြစ်ခိုက်မှာ ပါဝင်တဲ့တရားတွေကို ပထမဆုံး ထုတ်ပြထားပါတယ်။

(တတိယအကြိမ်)

"ယသ္မိံ သမယေ၊ အကြင်အခါ၌။ သောမနဿသဟဂတံ၊ ရွှင်လန်းဝမ်းသာမှုနှင့် တကွဖြစ်သော။ ဒိဋ္ဌိဂတသမ္ပယုတ္တံ၊ မိစ္ဆာအယူနှင့်ယှဉ်သော။ အသင်္ခါရိကံ၊ အသင်္ခါရိကဖြစ်သော။ အကုသလံ စိတ္တံ၊ အကုသိုလ်စိတ်သည်။ ဉပ္ပန္နံ ဟောတိ၊ ဖြစ်ပေါ်၏"တဲ့။

ရွှင်ရွှင်ပျပျနဲ့ မိစ္ဆာအယူကိုယူတဲ့ အကုသိုလ်စိတ် ဖြစ်တယ်တဲ့၊ ညှိုးနွမ်းတဲ့ စိတ်မဟုတ်ဘူး၊ ရွှင်ရွှင်လန်းလန်း သန်သန်စွမ်းစွမ်းပဲ–တဲ့၊ အဲဒီစိတ်ဟာ မိစ္ဆာအယူနဲ့ ယှဉ်ဖြစ်တဲ့စိတ်တဲ့၊ မိစ္ဆာအယူဆိုတာက ဘာလဲဆိုရင် နောက်နားတုန်းက ပြောခဲ့တဲ့ ငါကောင် သတ္တဝါကောင်ပဲလို့ အယူစွဲတွေစွဲပြီး ဝမ်းမြောက်ဝမ်းသာတဲ့စိတ် ဖြစ်နေတဲ့ သဘောပါပဲ၊ အသက်ရှင်နေတဲ့ အကောင်ဟာ ဘယ်တော့မှ မသေမပျက်ဘူးလို့ နှလုံးသွင်းပြီး ရွှင်ရွှင်လန်းလန်း ဖြစ်နေတယ်၊ နောက်ပြီးတော့ သေပြီးရင် ဘာမျှမရှိတော့ဘဲ မသေခင်အတွင်းမှာ သုံးဆောင်စရာရှိသမျှတွေကို သုံးဆောင်ခံစားရင် ကောင်းစားချမ်းသာတာပဲလို့ ဝမ်းမြောက်ဝမ်းသာနဲ့ ရရသမျှ သုံးဆောင်စရာရှိတာတွေကို ရှာဖွေသုံးဆောင်ခံစားနေတာတွေတဲ့၊ အဲဒါ မိစ္ဆာအယူတွေပဲ၊ အဲဒီမိစ္ဆာအယူတွေကိုယူပြီး သူတို့အယူနဲ့သူတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတဲ့စိတ်တဲ့၊ အဲဒါ သောမနဿသဟဂတလည်းဖြစ်၊ ဒိဋ္ဌိဂတသမ္ပယုတ်လည်း ဖြစ်နေတဲ့ အကုသိုလ်စိတ်တွေတဲ့၊ အခုကာလ ယစ်ပူဇော်ပွဲ (နတ်ပွဲ)တွေမှာဆိုရင် သာပြီးတော့တောင် ထင်ရှားသေးတယ်၊ သူတို့အယူနဲ့သူတို့ ပျော်လိုက်ပါးလိုက် ကြတာ, အင်မတန်ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတာပဲ၊ သူတို့ကို ဘယ်သူကမှ တိုက်တွန်းမနေရဘူး၊ ကောင်းရာကောင်းကြောင်း လုပ်နေကြတာပဲဆိုပြီး ဝမ်းသာနေကြတယ်၊ အဲဒါကိုပဲ "သောမနဿသဟဂတံ၊ ရွှင်လန်းဝမ်းမြောက်မှုနှင့်တကွ ဖြစ်သော။ ဒိဋ္ဌိဂတသမ္ပယုတ္တံ၊ မိစ္ဆာအယူနှင့် ယှဉ်သော။ အသင်္ခါရိကံ၊ ဘယ်သူကမှ မတိုက်တွန်းရသော။ အကုသလံ စိတ္တံ၊ အကုသိုလ်စိတ်သည်။ ဉပ္ပန္နံ ဟောတိ၊ ဖြစ်ပေါ်၏"တဲ့။

အာရုံခြောက်ပါးထဲက တစ်ခုခုကို အာရုံပြုပြီးတော့ ဖြစ်တယ်–တဲ့၊ ဒီ အကုသိုလ်ဖြစ်တဲ့အခါမှာ လောဘနဲ့ မောဟနဲ့ယှဉ်ပြီးတော့ ဖြစ်တာတဲ့။ နောင်ဘဝသံသရာမှာ မကောင်းကျိုးကိုပေးမည့် အရင်းခံ အကုသိုလ်တွေပါပဲ၊ အာရုံအားဖြင့် ဘယ်လိုအာရုံတွေတုန်းဆိုတော့–

(တတိယအကြိမ်)

"ရူပါရမ္မဏံ ဝါ၊ အဆင်းတွင် အာရုံရှိသည်မူလည်းဖြစ်သော။ သဒ္ဒါရမ္မဏံ ဝါ၊ အသံလျှင် အာရုံရှိသည်မူလည်းဖြစ်သော။ ဂန္ဓာရမ္မဏံ ဝါ၊ အနံ့လျှင် အာရုံရှိသည်မူလည်းဖြစ်သော။ ရသာရမ္မဏံ ဝါ၊ ရသာလျှင် အာရုံရှိသည်မူလည်း ဖြစ်သော။ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ၊ အတွေ့အထိလျှင် အာရုံရှိသည် မူလည်းဖြစ်သော။ ဓမ္မာရမ္မဏံ ဝါ၊ သဘောတရားလျှင် အာရုံရှိသည်မူလည်းဖြစ်သော။ အကုသလံ စိတ္တံ၊ အကုသိုလ်စိတ်သည်။ ဥပ္ပန္နံ ဟောတိ ဖြစ်ပေါ်၏"တဲ့။

အာရုံခြောက်ပါးထဲက တစ်ခုခုကို အာရုံပြုပြီးတော့ ဖြစ်တယ်တဲ့ "ဝါ ပန၊ တစ်နည်းအားဖြင့်လည်း။ ယံယံ အကြင်အကြင်မှတ်မိသော တစ်စုံတစ်ခု သောအာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍၊ ဥပ္ပန္နံ ဖြစ်ပေါ်၏။"

အာရုံခြောက်ပါးထဲက ဘယ်အာရုံရယ်လို့ ကိန်းသေ သတ်မှတ်ချက်မရှိပါဘူး တဲ့၊ တစ်ခါတစ်ရံ အဆင်းကိုလည်း အာရုံပြုဖြစ်တာရှိတယ်၊ တစ်ခါတစ်ရံ အသံကို အာရုံပြုပြီးတော့ ဖြစ်တာလည်းရှိတာပဲ၊ အနံ့, အရသာ, အတွေ့အထိ ဆိုတဲ့ အာရုံတစ်ခုခုကို အာရုံပြုပြီး ဖြစ်တာလည်း ရှိတာပဲ၊ တစ်ခါတစ်ရံကျတော့ သဘောအာရုံနဲ့ စိတ်ကူးကြံစည်ပြီးတော့လည်း ဖြစ်နိုင်တာပဲပါပဲတဲ့၊ အဲဒီလို ဖြစ်တဲ့ အချိန်ကာလမှာ–

တသ္မိံ သမယေ ဖဿော ဟောတိ=တသ္မိံ သမယေ၊ ထိုအခါကာလ၌။ ဖဿော၊ အာရုံကို တွေ့ထိတဲ့ အတွေ့သဘောသည်။ ဟောတိ၊ ဖြစ်၏" စသည်ဖြင့် ဟိုတုန်းကလိုပဲ ဝေဖန်ထားပါတယ်။ ဒါလေးကို ဒီမှာ မှတ်သား ရအောင်လို့ နည်းနည်းရိပ်မိအောင်ဆိုပြီးတော့ ရေးထားပါတယ်။ ဓမ္မသင်္ဂဏီ ပါဠိတော်မှာ အကုသိုလ်ကို ဝေဖန်ပုံ အကျဉ်းချုပ်လို့ဆိုပြီး ရေးထားတယ်။

၁–နံပါတ်။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက ပထမလောဘမူစိတ် ဖြစ်ခိုက်၌–တဲ့။

ပါဠိတော်မှာတော့ ဒီနေရာမှာ အသင်္ခါရိကလို့ တိုက်ရိုက်မလာပါဘူး၊ ဒါပေမယ့်လို့ နောက်နားမှာကျတော့ အသင်္ခါရေန–လို့ တိုက်ရိုက်ပါပါတယ်၊ ဒါကြောင့် ဒီမှာ အသင်္ခါရိကလို့ ထည့်ရေးထားပါတယ်၊ လောဘမူစိတ်ဆိုတာလည်း ပါဠိအနေနဲ့ မပါပေမယ့်လို့ ဒီစိတ်က ပထမဆုံးသော လောဘမူစိတ်ဆိုတာ ထင်ရှားနေတာနဲ့ လောဘမူစိတ်ဆိုတဲ့ စကားလုံးကိုလည်း ဒီမှာ ထည့်ရေးထား

ပါတယ်၊ အဲဒီစိတ်ဖြစ်ခိုက်၌ "အမည်ထုတ်၍ ဟောထားသောတရားတို့မှာ"တဲ့၊ ဒါတွေ စာရွက်ပါလာမှ ဖြစ်မှာပဲ၊ စာရွက်ပါမလာရင် ဘာမှ နားလည်နိုင်မှာ မဟုတ်ဘူး၊ အဲဒါ ဓမ္မဒါနဝေထားတဲ့ စာရွက်လေးတွေကို ကြည့်ကြ၊ ဒါမှ ဒီက ပြောတာကို နားလည်မှာ။ စာရွက်လေးထဲမှာ–

"ဖဿပဉ္စမက ၅–ပါး၊ ဈာနင် ၅–ပါး ကုသိုလ်စိတ်ကဲ့သို့ပင်"တဲ့။

အဲဒါ ကာမာဝစရကုသိုလ်စိတ်တုန်းက ပြခဲ့တဲ့အတိုင်းပါတဲ့၊ စာရွက်လေးတွေကိုသာ ကြည့်ကြပေတော့၊ ရှေ့ဆက်ပြီး ဝေဖန်ထားတာက ဘာတုန်းဆိုတော့ ဣန္ဒြေတဲ့၊ အဲဒီမှာ–

ဝီရိယိန္ဒြေ, သမာဓိန္ဒြေ, မနိန္ဒြေ, သောမနဿိန္ဒြေ, ဇီဝိတိန္ဒြေ–လို့ ၅–ပါး၊ ကုသိုလ်တုန်းကတော့ ဣန္ဒြေ ၈–ပါး ရှိခဲ့တယ်၊ အခု ဒီမှာက အကုသိုလ်စိတ်ဆိုတော့ ကုသိုလ်သက်သက်မှာသာ ပါဝင်တဲ့ ဣန္ဒြေတွေ မပါကြတော့ဘူး၊ အဲဒါတွေက သဒ္ဓိန္ဒြေရယ်၊ သဒ္ဓိန္ဒြေဆိုတာက ရတနာသုံးပါးကို ယုံကြည်တာတဲ့၊ အခု အကုသိုလ်နေရာမှာ အဲဒီ ဣန္ဒြေ မပါဘူး၊ ရတနာသုံးပါးကို အဟုတ်တကယ် ယုံကြည်နေရင် ဘယ်မှာ ဒီအကုသိုလ် ဖြစ်မလဲ၊ မဖြစ်ပါဘူး၊ ဒါကလဲ တကယ်စစ်မှန်တဲ့ ဘာသာသာသနာရေးအရ ယုံကြည်တာကို ပြောတာ၊ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် မဟုတ်မမှန်တာတွေကို ယုံကြည်နေကြတာတွေလည်း ရှိတယ်၊ အဲဒါတွေဟာ သဒ္ဓါမဟုတ်ပါဘူး၊ မှားမှားယွင်းယွင်း ဆုံးဖြတ် ယုံကြည်နေကြတဲ့ "မိစ္ဆာဓိမောက္ခ" တဲ့။

ပြီးတော့ သတိန္ဒြေရယ်၊ အကုသိုလ်နေရာမှာ သတိန္ဒြေလည်း မပါဘူး၊ သတိရယ်လို့ အကုသိုလ်မှာ မရှိဘူး၊ သုတ္တန်ဒေသနာတော်အနေနဲ့တော့ မိစ္ဆာသတိဆိုတာ ရှိပါတယ်၊ ဒါလဲ တရားကိုယ်ကောက်တော့ သတိ မဟုတ်ပါဘူး၊ ရှေးက မကောင်းတာတွေကို ပြန်လည်အောက်မေ့ပြီးနေတဲ့ အကုသိုလ် စိတ္တုပ္ပါဒ်တွေ, အကုသိုလ်စိတ်, စေတသိက်တွေတဲ့၊ တရားကိုယ်အနေနဲ့ သီးခြား မရှိပါဘူး၊ ဒီအကုသိုလ်မှာ သဒ္ဓါလည်း မရှိဘူး၊ သတိလည်း မရှိဘူး။

ပြီးတော့ ပညိန္ဒြေရယ်၊ အကုသိုလ်အရာမှာ ပညာဆိုတာလည်း မရှိဘူး၊ သတ္တဝါတွေကို သတ်ရ, ဖြတ်ရအောင်လို့ လက်နက်တွေ ဆန်းဆန်းပြားပြား

တိထွင်ကြပြီးတော့ လုပ်ကိုင်တာတွေ ရှိတယ်၊ အဲဒါတွေကို လောကမှာတော့ ပညာလို့ ခေါ်နေကြတာပဲ၊ လောကအနေနဲ့တော့ ဒီလို ပြောဆို ခေါ်ဝေါ် ကြရမှာပါပဲ၊ သာမန်ပုဂ္ဂိုလ်တွေ မပြုလုပ်နိုင်တာတွေကို လုပ်ကိုင်နိုင်ကြတယ်၊ အထူးအဆန်းတွေကို သူတို့မှ လုပ်ကိုင်နိုင်ကြတာပဲ၊ ကြံလည်း ကြံစည်နိုင် ကြတာပဲ၊ ချီးမွမ်းစရာကောင်းပါတယ်၊ ဒါပေမယ့်လို့ အဲဒီလို အကုသိုလ်ဖြစ် ကြောင်း အသိစိတ်အတွေးအခေါ်တွေကိုတော့ ပညာလို့ မခေါ်နိုင်ပါဘူး၊ အဲဒါတွေဟာ ဝိတက်တို့, မောဟတို့ရဲ့ စွမ်းရည်တွေပဲ၊ ဝိတက်တို့, မောဟတို့က ပညာအရာ ရောက်နေကြတယ်လို့ ဆိုရမှာပေါ့လေ၊ ဒါကြောင့် ဒီအကုသိုလ်မှာ ပညိန္ဒြေလည်း မရှိဘူးတဲ့။

အဲဒီတော့ ဣန္ဒြေ ၃–ပါး လျော့သွားတယ်၊ သဒ္ဓိန္ဒြေရယ်, သတိန္ဒြေရယ်, ပညိန္ဒြေရယ်–ဒီသုံးပါး လျော့သွားတယ်၊ ဝီရိယိန္ဒြေ, သမာဓိန္ဒြေ, မနိန္ဒြေ သောမနဿိန္ဒြေ, ဇီဝိတိန္ဒြေ ၅–ပါးပဲ အကုသိုလ်မှာ ရှိတယ်တဲ့၊ မဂ္ဂင်ကျတော့လည်း ကာမာဝစရကုသိုလ်တုန်းက မဂ္ဂင် ၅–ပါးရှိတယ်၊ အဲဒီမှာ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ရှိပေမယ်လို့ ဒီမှာတော့ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပလို့ ပြောင်းပြန်ဖြစ်ပြီး ပါရှိပါတယ်၊ ပြီးတော့ ဟိုမှာ သမ္မာဝါယာမနဲ့ သမ္မာသမာဓိလို့ ပါရှိတဲ့နေရာမှာ ဒီမှာတော့ မိစ္ဆာဝါယာမနဲ့ မိစ္ဆာသမာဓိလို့ ပြောင်းပြန်ပါရှိပါတယ်၊ အဲဒီတော့ ဒီ ၄–ပါးပဲရတယ်။ ဘာကျန်ခဲ့သလဲဆိုတော့ မိစ္ဆာသတိမဂ္ဂင် ကျန်နေခဲ့တယ်၊ ဣန္ဒြေတုန်းကလိုပေါ့၊ သုတ္တန်မှာသာ မိစ္ဆာသတိရှိတယ်၊ အခု ဒီမှာတော့ မိစ္ဆာသတိမပါမရှိပါဘူး၊ ဒါကြောင့် ဒီမှာ မဂ္ဂင် ၄–ပါးတဲ့။

မိုလ်တရားလည်း ၄–ပါးပဲ၊ ဟိုမှာတုန်းကတော့ မိုလ်တရား ၇–ပါးပဲ၊ ဟိုမှာ သဒ္ဓိန္ဒြေရှိသလို ဒီမှာ သဒ္ဓါမိုလ် မရှိဘူး၊ ဟိုမှာ သတိန္ဒြေရှိသလို ဒီမှာ သတိမိုလ်မရှိဘူး၊ ဟိုမှာ ပညိန္ဒြေရှိသလို ဒီမှာ ပညာမိုလ် မရှိဘူး၊ အဲဒီ ၃–ပါးလျော့သွားတယ်၊ ဝီရိယမိုလ်, သမာဓိမိုလ်, အဟိရိကမိုလ်, အနောတ္တပ္ပမိုလ်လို့ ဒီမှာ မိုလ် ၄–ပါးပဲ ရှိတော့တယ်။

မိုလ်ပြီးတော့ မူလ ၂–ပါးတဲ့၊ အခု ဒီအကုသိုလ်ကျတော့ လောဘနဲ့ မောဟ ၂–ပါးပဲ၊ လောဘမူစိတ်ဖြစ်နေလေတော့ ဒေါသနဲ့က တွဲမဖြစ်ဘူး၊ ဒါကြောင့် ဒီလောဘမူစိတ်မှာ လောဘနဲ့ မောဟလို့ မူလ ၂–ပါးတဲ့။

ကမ္မပထကျတော့ အဘိဇ္ဈာနဲ့ မိစ္ဆာဒိဋ္ဌိ ၂–ပါး၊ ဟိုတုန်းကတော့ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိလို့ ရှိခဲ့တယ်၊ အခုဒီမှာ လောဘမူစိတ်ဆိုတော့ ဗျာပါဒဆိုတဲ့ ဒေါသမပါနိုင်တော့ဘူး၊ ဒါကြောင့် ဒီမှာ အဘိဇ္ဈာနဲ့ မိစ္ဆာဒိဋ္ဌိလို့ ၂–ပါးပဲ။

ကုသိုလ်မှာတုန်းကတော့ လောကကို စောင့်ရှောက်သည့် တရား ၂–ပါး ရှိခဲ့တယ်၊ ဒီမှာတော့ လောကကို ဖျက်ဆီးတတ်တဲ့ လောကနာသက တရား ၂–ပါးတဲ့၊ သတိပြုကြဖို့ အင်မတန်ကောင်းတယ်၊ ဟိရီ–ရှက်တတ်ရမယ်၊ ဩတ္တပ္ပ–ကြောက်တတ်ရမယ်၊ အရှက်နဲ့အကြောက်ဆိုတာ ရှိရမယ်–တဲ့၊ နေရာမရွေး ရှက်ရမယ် ကြောက်ရမယ်လို့ ဒီလိုမဟုတ်ပါဘူး၊ မကောင်းတဲ့ ဒုစရိုက် တရားတွေမှာသာ ရှက်ရ ကြောက်ရမှာပါ၊ ဒီတရား နှစ်ပါးရှိနေလို့ လောကလူတွေ ဟာ သူတို့ရဲ့ ယဉ်ကျေးမှုတွေ ရှိနေကြတာပဲ၊ ဒီတရားနှစ်ပါးသာ တကယ်လို့ မရှိဘူးဆိုရင် ယဉ်ကျေးမှုတွေလည်း ရှိမှာမဟုတ်တော့ဘူး၊ လူနဲ့ တိရစ္ဆာန်တွေ ထူးခြားမှုမရှိဘဲ အတူတူဖြစ်နေကြမှာပဲ၊ ကိုယ်ပုံသဏ္ဍာန်လောက်သာ ထူးခြားပြီး ယဉ်ကျေးမှုမရှိတာချင်းကတော့ အတူတူနေမှာပဲ၊ တိရစ္ဆာန်တွေကို ကြည့်ပါလား၊ မိဘရယ်၊ သားသမီးရယ်၊ အစ်ကို အစ်မရယ်၊ အသက်ကြီးသူ အသက်ငယ်သူရယ် လို့ မရှိကြတော့ဘူး၊ တစ်ကောင်နဲ့တစ်ကောင် ရိုသေကိုင်းရှိုင်းမှုရယ်လို့ ဘယ်မှာရှိကြလို့တုန်း၊ တိရစ္ဆာန်တွေမှာ အဲဒီလိုပဲ ယဉ်ကျေးမှုတွေဟာ ဖောက် ဖောက်ပြန်ပြန် ပျက်စီးနေကြတယ်။

ဒါကြောင့် ဒီနေရာမှာပါဝင်နေတဲ့ လောကနာသက–လောကကိုဖျက်စီးတတ်တဲ့ ဒီတရားနှစ်ပါးကင်းကြဖို့ သတိပြုရမယ်၊ အကုသိုလ်တွေဆိုတာ ဒါတွေ မကင်းကြလို့ ဖြစ်နေကြတာပဲ၊ အကုသိုလ်တွေဖြစ်ပေါ်ဖို့ရာ ဒီတရားနှစ်ပါးက အရင်းခံ ဖြစ်နေလို့မို့ ဒီတရားနှစ်ပါးကို ကင်းအောင်နေကြဖို့ အထူးလိုအပ်ပါတယ်၊ တိရစ္ဆာန်တွေမှာတော့ ဒီတရားနှစ်ပါး မရှိတာဖြစ်လို့ အကုသိုလ်မှုတွေပြုရမှာကို ရှက်ရ, ကြောက်ရမှန်း မသိကြဘူး၊ ရှက်မယ်, ကြောက်မယ်ဆိုရင် ဘယ်မှာ အကုသိုလ်တရားတွေကို ပြုကြလိမ့်မှာလဲ မပြုကြဘူးပေါ့၊ ဒါကြောင့် အကုသိုလ် မဖြစ်ကြရလေအောင် လောကနာသက တရားနှစ်ပါးကင်းပြီးတော့ လောကပါလ တရားနှစ်ပါးနှင့်ပြည့်စုံအောင် နေကြ, ထိုင်ကြဖို့ပါပဲ။ နောက်ပြီးတော့–

(တတိယအကြိမ်)

"ယုဂနဒ္ဓ စသည် ၃–ပါး" တဲ့။

ကုသိုလ်မှာတုန်းကတော့ သမထနဲ့ဝိပဿနာလို့ အစုံရှိတယ်၊ ဒီမှာတော့ သမထပဲရှိတယ်၊ ဝိပဿနာဆိုတာမရှိဘူး၊ ယုဂ–ဆိုတာ အစုံအစုံကို ဆိုတာပဲ စသည်လို့ ဆိုတာက ပဂ္ဂဟနဲ့ အဝိက္ခေပ–ကျန်သေးတာဖြစ်လို့ အတိုကောက်သိမ်းပြီး ဆိုထားလိုက်တာ၊ ပဂ္ဂဟဆိုတာ လုံ့လဝီရိယတဲ့၊ အဝိက္ခေပဆိုတာက သမာဓိပါပဲ၊ ကုသိုလ်ပဲဖြစ်ဖြစ်, အကုသိုလ်ပဲဖြစ်ဖြစ် ဒီတရားတွေ အင်အားချင်းညီမျှမှ ဖြစ်ပါတယ်၊ ဒီတရားနှစ်ပါးညီမျှမှ သန်သန်စွမ်းစွမ်း အောင်မြင်တယ်၊ အဲဒါညီမျှ နေရမယ့် တရားနှစ်ပါးတဲ့၊ ဒီတရား နှစ်ပါးနဲ့ အခုနက သမထပေါင်းလိုက်တော့ ၃–ပါး၊ အဲဒီ ၃–ပါးကို စုပြီး "ယုဂနဒ္ဓ စသည် ၃–ပါး"လို့ ရေးထားတယ်၊ အဲ နောက်ဆုံးစာတမ်းက–

"ဤ ၃၂–ပါးပင် ဖြစ်သည်" တဲ့။

အခုပြောခဲ့တာတွေကို ပြန်ကြည့်ပြီး ပေါင်းလိုက်ရင် ၃၂–ပါးပဲ ရှိတယ်တဲ့၊ အဲဒီမှာ လက်သည်းကွင်းလေးနဲ့ ပြထားတာတွေကို ထည့်ပြီးပေါင်းစရာ မလိုတော့ဘူးတဲ့၊ တရားကိုယ်သက်သက်မှာသာ ပေါင်းတဲ့အခါပေါ့လေ၊ အဲဒီ ကွင်းလေးတွေကို ချန်ပြီးပေါင်းရင်–

"တရားကိုယ်အားဖြင့် ၁၆–ပါးမျှသာရှိသည်"တဲ့။

ကိုင်း–အဲဒါကို ပေါင်းကြည့်ရအောင်–

| | | |
|---|---|---|
| ဖဿပဉ္စမကတရား | (၅) ပါး။ | |
| ဈာနင်ထဲက သုခမှတစ်ပါး | (၄) ပါး။ | |
| ဣန္ဒြေ ၅–ပါးထဲက | (၂) ပါး။ | ဝိရိယနဲ့ ဇီဝိတိန္ဒြေ |
| မဂ္ဂင် ၄–ပါးထဲက | (၁) ပါး။ | မိစ္ဆာဒိဋ္ဌိ |
| ဗိုလ် ၄–ပါးထဲက | (၂) ပါး။ | အဟိရိကနဲ့အနောတ္တပ္ပ |
| မူလက | (၂) ပါး။ | လောဘမောဟ |

အဲဒါတရားကိုယ်တွေပါပဲ၊ အားလုံးပေါင်း ၁၆–ပါးပဲ၊ ကမ္မပထ–စသည်တွေကတော့ ဒီ ၁၆–ပါးထဲမှာ တူနေတာဖြစ်လို့ အပါအဝင် ဖြစ်သွားပြီ၊ "တရားကိုယ်အားဖြင့် ၁၆–ပါး ရှိသည်"ဆိုတာ အဲဒါပါပဲ၊ နောက်ပြီးတော့–

"ယေဝါပနကအရ အဋ္ဌကထာ၌ ပြထားသော တရားတို့မှာ ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စ ဤ ၄-ပါး နှစ်ရပ်ပေါင်းတွင် တရားကိုယ် ၂၀-မျှသာ ဖြစ်သည်"တဲ့

၁၆-ပါးနဲ့ ၄-ပါး ပေါင်းရင် တရားကိုယ် ၂၀-တဲ့၊ ယေဝါပနကထဲမှာ ကုသိုလ်တုန်းကတော့ တတြမဇ္ဈတ္တတာပါတယ်၊ အခု ဒီအကုသိုလ်ကျတော့ အဲဒါမပါဘူး။ အဲဒီနေရာမှာ ဥဒ္ဓစ္စဆိုတာ ပါလာတယ်၊ ဒါပဲ ထူးပါတယ်၊ ဒီပြင် အကုသိုလ်စိတ် အနေနဲ့ဆိုရင်တော့ ယေဝါပနကတရားတွေ ရှိသေးတာပေါ့၊ မာန, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ ရှိသေးတယ်၊ အခုစိတ်က လောဘမူ ပထမအသင်္ခါရိက အကုသိုလ်စိတ်ဆိုတော့ အဲဒီ ယေဝါပနက တရားတွေနဲ့က မဆိုင်ဘူး။ ဒါကြောင့်-

"လောဘမူပထမအသင်္ခါရိက၌ ပါဝင်သောတရားတို့သည် ၃၂-ပါး ဖြစ်၏။ တရားကိုယ်အားဖြင့် ၂၀-မျှသာ ဖြစ်သည်"တဲ့။

အဲဒါဟာ လောဘမူပထမအသင်္ခါရိကစိတ်နဲ့ အတူတကွဖြစ်တဲ့ တရားတွေပဲတဲ့၊ အင်း ၃-နာရီလောက်တောင် ရှိသွားပြီ၊ တရားက အခုမှ ခေါင်းစဉ်ပြီးကာ ရှိသေးတယ်၊ အချိန်က မရှိဘူး၊ မနက်ဖြန်မှ ဆက်ဟောရမှာပဲ၊ ကျန်ရှိသေးတဲ့ အချိန်လေးနဲ့ သိသင့်တာလေးကို ဆက်ပြောရဦးမယ်။

"သမထော ဟောတိ"လို့ ဒီမှာ မြတ်စွာဘုရားက ဟောကြားထားပါတယ်၊ သမထ-ဆိုတာ သမာဓိတဲ့၊ သမာဓိဆိုတာကလည်း ခိုင်မာတဲ့သဘောရှိတယ်၊ ဒါကြောင့် "သမထော ဟောတိ"လို့ ဟောထားတာ၊ တချို့ စိတ်တွေကျတော့ သမာဓိပါပေမယ်လို့ အင်အားမကောင်းတော့ "သမထော ဟောတိ"လို့ ထည့်မဟောဘူး၊ ကုသိုလ်စိတ်တွေမှာတော့ သမထော ဟောတိ"လို့ အကုန်လုံးမှာ ပါတယ်၊ ကာမကုသိုလ်မှာလည်း ပါတယ်၊ ရူပ, အရူပကုသိုလ်တွေမှာလည်း ပါတယ်၊ လောကုတ္တရာကုသိုလ်မှာဆိုတော့ ပြောစရာကိုမလိုတော့ဘူး၊ သေသေချာချာကို ပါတာပေါ့၊ အဲဒီလိုကုသိုလ်တိုင်းမှာ သမထပါတာချည်းပဲ။

အကုသိုလ်စိတ် ၁၂-ပါးရှိရာမှာ ဝိစိကိစ္ဆာစိတ်ကျတော့ သမာဓိက အား မကောင်းဘူး၊ အားမကောင်းတော့ အဲဒီမှာ ထည့်မဟောဘူး၊ ကျန်တဲ့စိတ် ၁၁-မှာတော့ "သမထော ဟောတိ"လို့ ဟောတာချည်းပဲ၊ အဲဒါကို

အကြောင်းပြုပြီးတော့ ဂိုဏ်းဆရာကြီးတစ်ယောက်လို့ ဆိုရမှာပေါ့လေ၊ သူ့နာမည်ကို ထုတ်ဖော်ပြီး မပြောလိုပါဘူး၊ အဲ–သူက ဒီအကုသိုလ်နေရာမှာ "သမထော ဟောတိ"လို့ ဟောတာနဲ့ သမထဟူသမျှကို မခွဲမခြားဘဲ သမထဟာ အကုသိုလ် ဖြစ်တယ်လို့ ဆုံးဖြတ်ထားပါတယ်၊ အဲဒါကို စာရွက်စာတမ်းတွေ ရိုက်နှိပ်ပြီး ဖြန့်ဝေတယ်၊ တော်တော်နေရာမကျတာပဲ၊ ဒီလိုပုဂ္ဂိုလ်တွေအတွက် ခက်ပါတယ်။

ဒီ "သမထော ဟောတိ"ဆိုတာက သဘာဝတွေကို ဝေဖန်ဟောကြားထားတာပဲ၊ သဘာဝအတိုင်း သမာဓိကို သမထလို့ပြောတာ၊ သမာဓိကို သမထလို့ ပြောတဲ့ အတွက် သူက သမထကို အကုသိုလ်လို့ဆုံးဖြတ်တယ်၊ တရားကိုယ်အားဖြင့်တော့ သမထဆိုတာ ဧကဂ္ဂတာ စေတသိက်ပဲ၊ အဲဒီ ဧကဂ္ဂတာသမာဓိကို သမထလို့လည်း ဟောကြားထားတယ်၊ ဒီတော့ အကုသိုလ်မှာရှိတဲ့ သမထဟာ အကုသိုလ်သမထပေါ့၊ ကုသိုလ်မှာရှိတဲ့ သမထဟာ ကုသိုလ်သမထပေါ့၊ သမထဆိုတိုင်း အကုသိုလ်ဆိုရင် မခက်ဘူးလား၊ သမာဓိတို့, သမထတို့ဆိုတာအမှန်က ဧကဂ္ဂတာစေတသိက်ပဲ၊ အဲဒီ ဧကဂ္ဂတာစေတသိက်ဟာ စိတ် ၈၉–အားလုံးမှာ ယှဉ်ဖြစ်တာချည်းပဲ၊ ဒါကို သူသိပုံမရပါဘူး၊ ဘယ်စိတ်မဆို အာရုံယူနိုင်တော့ ဧကဂ္ဂတာသမာဓိ ဖြစ်တာချည်းပဲ။

## ဒိဋ္ဌိဂတသမ္မယုတ်တဲ့

သမထကို အကုသိုလ်လို့ ဆုံးဖြတ်တဲ့သူက မြတ်စွာဘုရား ဟောကြားထားတဲ့ သတိပဋ္ဌာန်ကို ထိခိုက်ပြီး ပြောလိုက်သေးတယ်၊ သတိပဋ္ဌာန်ပါဠိတော်မှာလာတဲ့အတိုင်း ဝိပဿနာရှုမှတ်လို့ဖြစ်တဲ့ သမထကို အဲဒါဟာ ဒီမှာ "သမထော ဟောတိ"လို့ ပါခြင်းကြောင့် အကုသိုလ် ဒိဋ္ဌိဂတသမ္မယုတ်တဲ့၊ သူက ဒီလိုဆုံးဖြတ်တယ်၊ ဒါကို သူ့တပည့်တွေကတော့ ယုံချင်ယုံနေကြမှာပဲ၊ အတော်ကို နေရာမကျတဲ့ ဥစ္စာပဲ၊ နေရာမကျတာမှ တော်တော့ကို နေရာမကျတာ။

အကုသိုလ် ဒိဋ္ဌိဂတသမ္မယုတ်ဆိုတာ သတိပဋ္ဌာန်ဝိပဿနာသမထကို ဆိုတာ မဟုတ်ပါဘူး။ စောစောကပြောခဲ့တဲ့ မိစ္ဆာအယူတွေကို ယူတယ်ဆိုရင် အဲဒါဒိဋ္ဌိဂတ သမ္မယုတ်စိတ်တွေ ဖြစ်နေတာပဲ၊ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ စွဲလမ်းနေတဲ့စိတ်၊ ပြီးတော့ အဲဒီပုဂ္ဂိုလ်သတ္တဝါဟာ အမြဲတမ်း တည်ရှိနေတယ်, ဘယ်တော့မှ

မပျက်စီးဘူးလို့ထင်တဲ့ သဿတဒိဋ္ဌိ–အဲဒီလို စွဲလမ်းနေတဲ့စိတ်, နောက်ပြီးတော့ သေပြီးရင် ဘာမှမရှိတော့ဘူး၊ ပျောက်ဆုံးသွားတာပဲ၊ ကုသိုလ် အကုသိုလ်ရယ် လို့လည်း မရှိဘူး၊ အဲဒါတွေရဲ့ ကောင်းကျိုး, ဆိုးကျိုးတွေလည်း မရှိဘူးလို့ ယူတဲ့အယူတွေကို စွဲလမ်းနေတဲ့စိတ်, နောက်ပြီးတော့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းဆိုပြီး မှန်ကန်တဲ့ အလေ့အကျင့် တစ်စုံတစ်ခုကို လေ့ကျင့်နေမှုကို စွဲလမ်းနေတဲ့စိတ် အဲဒါတွေမှ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်တွေပဲ။

ဒီလို မိစ္ဆာအယူဝါဒတွေကို ယူတဲ့ပုဂ္ဂိုလ်တွေမှာလည်း ခိုင်မြဲတဲ့ သမာဓိဆိုတာ သူတို့မှာလည်း ရှိတာပေါ့၊ တကယ်လို့ ဒီသမာဓိမရှိရင် သူတို့တတွေဟာ ဟိုအယူပြောင်း ဒီအယူပြောင်း ပရမ်းပတာ ဖြစ်ချင်သလို ဖြစ်နေကြမှာပေါ့၊ အဲဒီလိုမဖြစ်စေဘဲ သူတို့ယူတဲ့ အယူဝါဒ ခိုင်မြဲတဲ့သမာဓိဆိုတာလည်း ရှိတာပေါ့၊ အဲဒီလို အကုသိုလ်သမာဓိကို ဒီနေရာမှာ သမထလို့ ဆိုပါတယ်၊ အကုသိုလ်မှာ ပါဝင်နေတဲ့ သမထပေါ့၊ ဝိပဿနာ ကုသိုလ်သမထနဲ့ ဘာမှ မဆိုင်ပါဘူး၊ သမထဆိုတိုင်း အကုသိုလ်သမထချည်းဆိုရင် မခက်ပေဘူးလား၊ မြတ်စွာဘုရား ကလည်း အကုသိုလ်မှာချည်း သမထအမည်ကို ဟောကြားထားတာ မဟုတ်ပါဘူး၊ ကုသိုလ်နေရာမှာလည်း ဟောတယ်၊ အကုသိုလ်နေရာမှာလည်း ဟောတယ်၊ ဒီတော့ ကုသိုလ်နေရာမှာဟောတဲ့ သမထကိုတော့ သူဘယ်လိုဆုံးဖြတ်မှာလဲ၊ ကုသိုလ်နေရာမှာဟောတဲ့ သမထကို အကုသိုလ်သမထလို့ ဆုံးဖြတ်တဲ့ အဆုံး အဖြတ်ဟာ ဟုတ်နိုင်တော့ပါမလား၊ မဟုတ်ပါဘူး။

အကုသိုလ်မှာပါတဲ့ သမထကို ကြည့်ပြီး ကုသိုလ်နေရာမှာပါတဲ့ သမထကို တော့ မကြည့်ဘဲ "သမထဆိုတာ အကုသိုလ်"လို့ ဆိုတဲ့သူဟာ "တရားတော်ရဲ့ သဘောမှန်ကို မယူတတ်, မဆတတ်ဘူး"ဆိုတာ ထင်ရှားတာပဲ၊ သမထဆိုတာ သူ့နေရာနဲ့ သူရှိနေတဲ့ဥစ္စာပဲဟာ၊ ဒီအဓိပ္ပာယ်ကို သူကတကယ်မသိလို့လေလား၊ ဒါမှမဟုတ်ရင်လည်း ဝိပဿနာရှုမှတ်နေကြတဲ့ ယောဂီတွေ ထင်ယောင်ထင်မှားဖြစ်ပြီး ပျက်စီးကုန်အောင် တမင်သက်သက် လုပ်ကြံဆုံးဖြတ်တာလား ဆိုတာကိုတော့ မပြောတတ်ပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ဒါကတော့ အင်မတန်နေရာမကျတဲ့ ကိစ္စပါပဲ။

(တတိယအကြိမ်)

## အင္ဂုတ္တိုရာအဖွင့်

ဒီ သမထနေရာမှာ အင္ဂုကထာက ဖွင့်ပြထားပါတယ်။ "အညက်ိခွေသု အဝိက္ခေပဝသေန"တဲ့၊ အညက်ိခွေသု၊ တစ်ပါးသောကိစ္စတို့၌။ အဝိက္ခေပဝသေန၊ မပျံ့လွင့်သည်၏ အစွမ်းအားဖြင့်။ သမထော၊ ပျံ့လွင့်မှုကို ငြိမ်းစေတဲ့သမထသည်။ ယောဝတိ၊ ဖြစ်၏။ အကုသိုလ်မှာလည်း အကုသိုလ်အလိုက် သူ့ကိစ္စကိုသူ တည်ကြည်စွဲမြဲနေလို့ရှိရင် ဒီပြင်နေရာကို ပျံ့လွင့်မသွားဘူး၊ မပျံ့လွင့်ရင် သူ့ကိစ္စဟာ ထမြောက်အောင်မြင်တော့တာပဲ။

ဥပမာဆိုပါတော့ သတ္တဝါတစ်ကောင်ကို သတ်မယ်လို့ စိတ်ကူးတယ်၊ အဲဒီ စိတ်ကူးအတိုင်း စွဲမြဲနေလို့ရှိရင်တော့ သတ္တဝါကို သတ်ဖြတ်တော့တာပဲ၊ တုတ်နဲ့ ရိုက်မယ်, ဓားနဲ့ခုတ်မယ်စသည်ဖြင့် ဒီလိုစိတ်ကူးနဲ့ တုတ်ကိုသွားယူတယ်၊ ဓားကို သွားယူတယ်၊ ယူပြီးတော့ ရိုက်တယ်, ခုတ်တယ်, သတ္တဝါသေသွားတယ် ဆိုပါတော့၊ အဲဒီအတွင်းမှာ သတ္တဝါသေသည်အထိ သတ်လိုတဲ့စိတ်ဟာ တည်မြဲနေတယ်၊ ဒါကြောင့် သတ္တဝါကို သတ်မှု ထမြောက်အောင်မြင်သွားတယ်၊ သတ်လိုတဲ့စိတ်တွေ မတည်မြဲဘဲ ပြောင်းလဲသွားမယ်ဆိုရင် သတ္တဝါကိုသတ်ဖို့ရာ ထမြောက်အောင်မြင်မယ် မဟုတ်ဘူးပေါ့၊ အကုသိုလ် မဖြစ်တော့ဘူး၊ ခိုးမှု, လိမ်ညာမှု စသည်တို့မှာလည်း အတူတူပါပဲ။

သေနတ်တွေ ဘာတွေနဲ့ ပစ်တဲ့နေရာမှာ သာပြီးထင်ရှားသေးတယ်၊ သမာဓိ မရှိရင် မှန်အောင်မပစ်နိုင်ဘူး၊ စိတ်တည်ငြိမ်မှုရှိမှ မှန်အောင် ပစ်နိုင်တယ်တဲ့၊ အဲဒါကြောင့် အကုသိုလ်ပြုရာမှာလည်း စိတ်တည်ငြိမ်မှုကို သမာဓိလို့ ခေါ်ပါတယ် အဲဒီ သမာဓိကို မြတ်စွာဘုရားက သမထလို့ ဟောတော်မူတာပါပဲ။

ဒီအကုသိုလ်နေရာမှာ နိဝရဏတွေကင်းစင်လို့ သမထဆိုတာလားလို့ မေးစရာ ရှိပါတယ်၊ ဒီလိုမဟုတ်ပါဘူး၊ ဒါဖြင့် ဘယ်လိုကြောင့် သမထခေါ်သလဲဆိုတော့ တခြားတစ်ပါး အာရုံကိစ္စတွေထဲ မကူးမရောက်တဲ့ သူ့အကုသိုလ် အာရုံကိစ္စထဲမှာသာ တည်ငြိမ်စွဲမြဲနေတာဖြစ်လို့မို့ သမထခေါ်ပါတယ်တဲ့၊ အင္ဂုကထာက အဲဒီလို ဖွင့်ပြထားပါတယ်။

(တတိယအကြိမ်)

## ပြောဖို့ရာ ဆိုက်ရောက်လာလို့ ပြောတာပါ

အဲဒီ ဝိပဿနာရှုမှတ်နေကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဘာမှမဆိုင်ပါဘူး၊ ဒီပါဠိတော်ထဲမှာလည်း ဒီလိုအဓိပ္ပာယ်မျိုး မပါပါဘူး၊ အခုလိုပြောရတာလည်း ပါဠိတော်လာ အဓိပ္ပါယ်ပြောဖို့ဆိုက်ရောက်လာတာနဲ့ ဘုန်းကြီးကပြောတာပါ၊ ဘုရားဟောပါဠိတော်ကို တိကျစွာ နားလည်ဖို့ လိုပါတယ်၊ ကိုယ့်အတ္တနောမတိနဲ့ ကိုယ့်ဟာကိုယ် သဘောငချပြီး ထင်ရာမြင်ရာတွေ လျှောက်ပြီးတော့ အဓိပ္ပါယ် ကောက်ယူလို့ ဖြစ်တာမဟုတ်ဘူး၊ အဲဒါတွေကို သိအောင်လို့ ဘုန်းကြီးတို့က ပြောရတာပဲ၊ သူတို့ နစ်နာထိခိုက်စေလိုလို့ ပြောတာတော့ မဟုတ်ပါဘူး၊ ကိုင်း–ဒီလောက်နဲ့ပဲ ထားလိုက်ကြဦးစို့၊ ဒီအကုသိုလ်နေရာမှာလည်း မှတ်သားစရာတွေ အများကြီးရှိတာပဲ၊ ရှောင်ကြဉ်ရမယ့် အကုသိုလ်တရားတွေဆိုတော့ နားလည်ထားဖို့ရာ အင်မတန်မှ သင့်လျော်ပါတယ်။ ဒီလိုမဟုတ်ရင် ကိုယ့်မှာ အကုသိုလ်ဖြစ်နေတာကို ဖြစ်မှန်းမသိပဲဘာ ရှိနေတတ်ကြတယ်၊ အကုသိုလ်ဖြစ်နေပါလျက်လည်း ကုသိုလ်တွေလို့ ထင်မှတ်နေတာလည်း ရှိတတ်သေးတယ်၊ ဒါတွေက အရေးကြီးပါတယ်၊ အဲဒါတွေကို နက်ဖြန်ကျမှ ဆက်ပြီးဟောရဦးမယ်၊ ကိုင်း အမျှဝေပြီး တရားသိမ်းကြရအောင်။

ယနေ့အဖို့ အကျွန်ုပ်တို့ပြုစုအားထုတ်အပ်သော . . . . ချမ်းသာကြပါစေ။

အမျှ . . . အမျှ . . . အမျှ . . . ယူတော်မူကြပါကုန်လော့။

သာဓု . . . သာဓု . . . သာဓု . . . ။

(တတိယအကြိမ်)

# အဘိဓမ္မာတရားတော်ကြီး

ဒီကနေ့ဆိုရင် (၁၇-၄-၇၅) ၁၃၃၇-ခုနှစ် ဖြစ်သွားပြီ၊ တန်ခူးလဆန်း ၇-ရက်၊ နှစ်ဆန်း ၁-ရက်နေ့ဆိုတော့ နှစ်သစ်မင်္ဂလာနေ့ပေါ့၊ နှစ်သစ်မင်္ဂလာ တရားပွဲနဲ့ တရားဟော, တရားနာပြီးတော့ နှစ်ဆန်းလိုက်ကြရမှာပေါ့၊ ဟောတဲ့တရား ကလည်း အဘိဓမ္မာတရားတော်တဲ့၊ အဲဒီ အဘိဓမ္မာတရားမှာ ကုသလာဓမ္မာ ပြီးလို့ အကုသလာ ဓမ္မာကို မနေ့ကစပြီး ဟောခဲ့တယ်၊ ကနေ့ အဲဒါကိုပဲ ဆက်ပြီး ဟောရမယ်။

အကုသလာ ဓမ္မ ဆိုတာ ပဟာတဗ္ဗတရားတဲ့၊ ပယ်သင့်ပယ်ထိုက်တဲ့ တရား, ပယ်ရမည့်တရားဆိုတာ သိထားဖို့ရာ အရေးကြီးပါတယ်၊ ကျန်းမာရေး လိုလားတဲ့ ပုဂ္ဂိုလ်တွေဟာ ရောဂါဖြစ်ပွားစေတတ်တဲ့ အကြောင်းအရာတွေကို သိထားပါမှ အဲဒါတွေကို ရှောင်နိုင်တယ်၊ ရှောင်မှလည်း လိုလားတဲ့အတိုင်း ကျန်းမာမယ်၊ အဲဒါလိုပါပဲ၊ ပယ်ရမယ့် အကုသိုလ်တရားတွေကို သိထားမှ အဲဒီ အကုသိုလ်တရားတွေ ပယ်နိုင်မယ်၊ ပယ်နိုင်မှ အဲဒီ အကုသိုလ်တရားတွေ မဖြစ်ပွားမှာ၊ ဒီတော့မှ ကုသိုလ်တွေဖြစ်ပြီး သီလ, သမာဓိ, ပညာတွေ ပြည့်စုံသွားနိုင်တာပေါ့၊ မနေ့က ပထမ, အစဆုံးမှာ လောဘမူ အကုသိုလ်စိတ် ကို ပြောခဲ့တယ်။

"ယသ္မိံ သမယေ၊ အကြင်အခါ၌။ သောမနဿသဟဂတံ၊ ရွှင်လန်း ဝမ်းသာမှုနှင့်တကွဖြစ်သော။ ဒိဋ္ဌိဂတသမ္ပယုတ္တံ၊ မိစ္ဆာအယူနှင့်ယှဉ်သော။ အကုသလံ စိတ္တံ၊ အကုသိုလ်စိတ်သည်။ ဥပ္ပန္နံ ဟောတိဖြစ်၏" လိုချင်နှစ်သက်မှုဖြစ်ရာမှာ ရွှင်ရွှင် လန်းလန်းနဲ့တကွ မိစ္ဆာအယူကို ယူပြီးဖြစ်တဲ့ အကုသိုလ်စိတ် တဲ့၊ မနေ့က မိစ္ဆာအယူတွေကို ပြောခဲ့တာ တော်တော်စုံသွားပါပြီ၊ ပရိသတ်အသစ်တွေလည်း ပါနေတော့ အကျဉ်းချုပ်လောက်တော့ ထပ်ပြီးပြောဦးမှဖြစ်မယ်။

(တတိယအကြိမ်)

အတ္တဒိဋ္ဌိ-အတ္တအနေနဲ့ စွဲတဲ့အယူ၊ ငါကောင် သတ္တဝါကောင် ရှိတယ်လို့ ယူတဲ့အယူ၊ သဿတဒိဋ္ဌိ-ငါကောင် သတ္တဝါကောင်ဟာ အမြဲတမ်း တည်နေတယ်လို့ ယူတဲ့အယူ၊ ဥစ္ဆေဒဒိဋ္ဌိ-သေပြီးရင် ဘာမျှ မရှိဘူးလို့ ယူတဲ့အယူ၊ ကုသိုလ်ကံ၊ အကုသိုလ်ကံ မရှိ၊ အဲဒီကံတွေရဲ့ အကျိုးအပြစ်ဆိုတာလည်း မရှိလို့ယူတာ၊ ဒီအယူကတော့ အကြီးဆုံးနဲ့ အကြီးစားအယူပါပဲ။

ပြီတော့ သီလဗ္ဗတပရာမာသဒိဋ္ဌိ၊ တစ်စုံတစ်ခုသော အလေ့အကျင့်ဖြင့် သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ပြီးတော့ အမြဲတမ်း ချမ်းသာသွားတယ်လို့ ယုံကြည်ယူဆတဲ့ ဘာသာရေးအယူအဆတွေ၊ ဗုဒ္ဓသာသနာတော်ရဲ့အပြင်ဘက်မှာ နွား၊ ခွေးတို့ရဲ့ အလေ့အကျင့်တွေကို ကျင့်တာတွေ၊ အဲဒါတွေကို မနေ့က နည်းနည်းပြောခဲ့ ပြီးပါပြီ၊ ဒီပြင်လဲ သစ်ပင်၊ တော၊ တောင် စသည်တွေကို ကိုးကွယ်ရာလုပ်ပြီး ကိုးကွယ်နေကြတာတွေ၊ ကောင်းကင်ဘုံက သိကြား၊ ဗြဟ္မာ၊ ဗိဿနိုး၊ နတ်၊ တာရာ နက္ခတ်ဂြိုလ်တွေကို ကိုးကွယ်နေကြတာတွေ၊ အဲဒါတွေကို ကိုးကွယ်တာနဲ့ပဲ နောင်သံသရာဘဝမှာ ချမ်းသာမြဲတယ်လို့ ယုံကြည်ပြီး ကျင့်နေကြတာတွေ၊ အဲဒါတွေဟာ သီလဗ္ဗတပရာမာသဒိဋ္ဌိတွေပါပဲ၊ အဲဒါတွေကို မမှားကြဖို့ အရေးကြီးပါတယ်။

သောတာပတ္တိမဂ်ကိုရအောင် အားထုတ်လို့ သောတာပတ္တိမဂ်ကို ရမှသာ အဲဒီ အယူမှားတွေမှ စိတ်ချလက်ချ လွတ်ကင်းသွားမယ်၊ သောတာပတ္တိမဂ်ကို ရောက်သွားမှ မိစ္ဆာဒိဋ္ဌိရယ်၊ ဝိစိကိစ္ဆာရယ်၊ သီလဗ္ဗတပရာမာသရယ် အဲဒီသုံးမျိုးက ကင်းသွားတာပဲ၊ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ စွဲလမ်းတဲ့ အတ္တဒိဋ္ဌိလည်း ကင်းသွားတယ်၊ အတ္တဒိဋ္ဌိကင်းသွားမှတော့ သဿတဒိဋ္ဌိလည်း ကင်းသွားတော့တာပဲ၊ ဘုရား၊ တရား၊ သံဃာ အကျင့်သီလသိက္ခာနဲ့ စပ်ပြီးတော့လည်း ဟုတ်မှ ဟုတ်ပါ့မလားလို့ ယုံမှားတဲ့ ဝိစိကိစ္ဆာဆိုတာလည်း ကင်းသွားတယ်၊ ဒါတွေ ဘာကြောင့် ကင်းသွားသလဲဆိုရင် အမှန်တရားကို လက်ကိုင်ရရှိသွားလို့ပါပဲ တဲ့။

အမှန်တရားကို ကိုယ်တိုင် သိပြီးသားဖြစ်နေတော့ ဘယ်သူကပဲ ဘယ်လို လှုပ်ချောက်ချား၊ လှုပ်ချောက်ချား မတုန်လှုပ်ဘူးပေါ့။

"ယထိန္ဒခိလော ပထဝိသိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။
(တတိယအကြိမ်)

တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စပဿတိ။
ဣန္ဒခီလော ယထာ ... ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

အဲဒါ ပရိတ်ကြီး ပါဠိရတဲ့ လူတွေများပါတယ်၊ ရတနာသုတ်ထဲက ဂါထာတစ်ပုဒ်ပါပဲ၊ "ပထဝိဿိတော၊ မြေ၌စိုက်တည် ကောင်းစွာမှီသော။ ဣန္ဒခီလော၊ တံခါးတိုင်ကြီးသည်။ စတုဗ္ဘိ ဝါတေဟိ၊ အရှေ့အနောက် တောင်မြောက်ဒိသာ လေးမျက်နှာတို့မှ လာလာသမျှသော လေတို့သည်။ ဝါ၊ လာလာသမျှသော လေတို့ကြောင့်။ အသမ္ပကမ္ပိယော၊ မလှုပ်ရှားစေနိုင်သည်။ သိယာ ယထာ၊ ဖြစ်ရာသကဲ့သို့" တဲ့။

ရှေးက အိန္ဒိယပြည် မြို့အဝင်ပေါက်မှာ အလှစိုက်ထားတဲ့ တံခါးတိုင်ကြီးတွေဆိုတာရှိတယ်၊ မြေပေါ်မှာ ရှစ်တောင်လောက်မြင့်တယ်ဆိုရင် မြေကြီးထဲမှာလည်း ရှစ်တောင်လောက်ပဲ မြှုပ်ထားဘတ်ကြတယ်၊ အနုစ်အသားတွေကို ချောချောမောမော လှလှပပ ပြုလုပ်ထားလေ့ရှိကြတယ်၊ အရပ်လေးမျက်နှာမှ လာတဲ့ လေတွေ ဘယ်လိုပဲတိုက်တိုက် ဒီတိုင်ကြီးက မလှုပ်ဘူးတဲ့။ အဲဒီလိုပါပဲတဲ့။

"ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အရိယသစ္စာနိ၊ လေးပါးသော အရိယသစ္စာတို့ကို။ အဝေစ္စ၊ သောတာပတ္တိမဂ် ကိုယ်ပိုင်ဉာဏ်ဖြင့် သက်ဝင်၍။ ပဿတိ၊ မြင်၏။ ဣန္ဒခီလော သပ္ပုရိသံ၊ ဤသို့သော အရိယာ သူတော်ကောင်းကိုလည်း။ တထူပမံ၊ ထိုတံခါးတိုင်ကြီးနှင့်တူ၏ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏" တဲ့။

ဝိပဿနာတရားတွေကို ကိုယ်တိုင်အားထုတ်လို့ အဆင့်ဆင့်တက်လာတဲ့ ကိုယ်ပိုင် သောတာပတ္တိမဂ်ဉာဏ်နဲ့ သိမြင်ထားတဲ့ အရိယာပုဂ္ဂိုလ်ဟာ တံခါးတိုင်ကြီးလို့ပဲတဲ့၊ တံခါးတိုင်ကြီးဟာ အရပ်လေးမျက်နှာမှ တိုက်ခတ်တဲ့ လေတွေ ဘယ်လိုတိုက်ခတ် မလှုပ်သလိုပဲတဲ့၊ အရိယာပုဂ္ဂိုလ်ဆိုတာလည်း ဒီလိုပဲ၊ ဘယ်လိုဝါဒတွေနဲ့ လှုပ်ချောက်ချား လှုပ်ချောက်ချား မတုန်လှုပ်တော့ဘူးတဲ့၊ ခိုင်မြဲနေပြီတဲ့၊ တံခါးတိုင်ကြီးနဲ့ ဥပမာပြုပြီး ဟောကြားထားပါတယ်၊ အရိယပုဂ္ဂိုလ်တို့

သစ္စာလေးပါး သိမြင်ပုံကိုတော့ ဘုန်းကြီးတို့က ဉာဏ်စဉ် တရားထဲမှာထည့်ပြီး ဟောထားပါတယ်၊ အဲဒါကို အမေးလေးက–

"သစ္စာလေးချက်၊ တစ်ပြိုင်နက်၊ သိချက် ဘယ်သို့နည်း" တဲ့။

အဖြေက "နိဗ္ဗာန်မြင်တာ၊ ကြွင်းသစ္စာ၊ မှန်စွာ သိမှုပြီး" တဲ့။

နိဗ္ဗာန်တစ်ခုကို မြင်လိုက်တာနဲ့တစ်ပြိုင်နက် ကြွင်းတဲ့သစ္စာတွေကို သိခြင်းကိစ္စ ပြီးပါတယ်တဲ့၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ် ဒုက္ခသစ္စာတွေကို ရှုမှတ်နေရာက ဖြစ်ပျက်ရုပ်နာမ် ဆင်းရဲတွေ လုံးဝဆိတ်သုဉ်းသွားတဲ့ နိဗ္ဗာန်ကို တွေ့သွားတယ်။ နိဗ္ဗာန်ကိုတွေ့သွားတော့ နိဗ္ဗာန်ဟာ အကောင်းဆုံးအငြိမ်းဓာတ်ပဲ၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေဟာ ဆင်းရဲတွေပဲ၊ မငြိမ်းတဲ့တရားတွေပဲလို့လည်း တစ်ပြိုင်နက် သိသွားတယ်၊ အဲဒီဆင်းရဲတွေကို သာယာနှစ်သက်မှု သမုဒယဆိုတာလည်း မရှိတော့ဘူး၊ သမုဒယကို ပယ်ခြင်းကိစ္စ ပြီးသွားတာပါပဲ၊ နိဗ္ဗာန်ကို မြင်တယ်ဆိုတာ နိရောဓသစ္စာကို မျက်မှောက်ပြုတာပါပဲ၊ နိရောဓသစ္စာကို မျက်မှောက်ပြုတာက မဂ်စိတ်ဖြစ်ပြီး အဲဒီမဂ်စိတ်က မျက်မှောက်ပြု သိလိုက်တာပါပဲ၊ အဲဒီမဂ်စိတ် ဖြစ်ပွားလာတာကိုပဲ မဂ္ဂသစ္စာ ပွားခြင်းကိစ္စ ပြီးတယ်လို့ ဆိုတာဖြစ်ပါတယ်။

အဲဒီလို သစ္စာလေးပါးတို့တွင် ပိုင်းခြားသိသင့်တဲ့ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းကိစ္စ၊ ပယ်သင့်တဲ့ သမုဒသစ္စာကို ပယ်ခြင်းကိစ္စ၊ မျက်မှောက်ပြုသင့်တဲ့ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ၊ ဖြစ်ပွားသင့်တဲ့ မဂ္ဂသစ္စာကို ဖြစ်ပွားစေခြင်းကိစ္စ အဲဒီကိစ္စ လေးချက်ကို တစ်ပြိုင်နက်တည်း ပြီးစီး ပြည့်စုံသွားပြီဆိုရင် သောတာပန် အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်သွားတော့တာပဲ၊ အဲဒီသောတာပန်ပုဂ္ဂိုလ် ဖြစ်သွားပြီဆိုရင် မြေမှာစိုက်ထားတဲ့ တံခါးတိုင်ကြီးဟာ ဘယ်ကလေလာလာ မတုန်မလှုပ်တော့သလို ဘယ်လိုမိစ္ဆာအယူဝါဒတွေနဲ့ပဲတွေ့တွေ့ မတုန်လှုပ်တော့ဘူးတဲ့၊ ကိုယ်တိုင်သိမြင်ပြီးဖြစ်တဲ့ အယူဝါဒမှန်ကိုသာ ခိုင်ခိုင်မြဲမြဲယူပြီး အရဟတ္တမဂ်ဖိုလ် အဆင့်တိုင်အောင် တက်ရောက်သွားပါတယ်–တဲ့။

"သံဃေ၊ သံဃာတော်၏။ ဝုဒ္ဓိ ရတနံ၊ ဤရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ၊ မြတ်လှပါပေ၏။ ဧတေန သစ္စေန၊ ဤသစ္စာစကားကြောင့်။ သုဝတ္ထိ၊ ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေ" တဲ့။

(တတိယအကြိမ်)

ဒါကတော့ ပရိတ်ကြီးမှာလာတဲ့အတိုင်း နောက်ပိုင်း သစ္စာပြုတဲ့ စကားပါပဲ။

ဒွါရခြောက်ပါးက ဖြစ်ပျက်နေတဲ့ ဒုက္ခသစ္စာကို ရှုပြီးတော့ ပွားများတဲ့ ဝိပဿနာမဂ်ဖြင့် အားထုတ်ပွားများလာတဲ့အခါ အဲဒီဝိပဿနာမဂ်ဆုံးရင် ဆင်းရဲခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်တွေ့သိတယ်ဆိုတာဟာ အရိယမဂ် ဖြစ်သွားတာပါပဲ။

"မူလ ပုဗ္ဗ၊ အရိယ၊ သုံး၀ မဂ္ဂင်မြတ်" တဲ့။

အဲဒီလင်္ကာလေးအတိုင်း မဂ်တွေ အဆင့်ဆင့်ပွားသွားရင် နောက်ဆုံး၊ အရိယမဂ်နဲ့ နိဗ္ဗာန်ကို ကိုယ်တိုင်မျက်မှောက်ပြု ဆိုက်ရောက်သွားတာတဲ့၊ အစဉ်အတိုင်းကျင့်ရင် ဒီလိုဖြစ်သွားတာပါပဲ၊ ဘယ်ကဘယ်လိုနည်းတွေနဲ့လာပြီး ဟောဟော ပြောင်းလဲခြင်းမရှိတော့ဘူး၊ ပြောင်းလဲသေးတယ်ဆိုရင် အဲဒါဟာ အရိယမဂ်နဲ့ နိဗ္ဗာန်ကို မမြင်ရသေးလို့ပဲ၊ ဟုတ်မှ ဟုတ်ပါ့မလားလို့ သို့လော သို့လော ယုံမှားမှု ရှိနေသေးကြရင်လည်း နိဗ္ဗာန်ကို ကိုယ်တိုင်မမြင်ရသေးလို့ပဲ၊ နိဗ္ဗာန်ကို တကယ်မြင်သွားတဲ့ ပုဂ္ဂိုလ်ကတော့ ဘာသာ၀ါဒ မပြောင်းတော့ဘူး၊ ဒီဘ၀မှာသာ မဟုတ်သေးဘူး၊ နောက်ဘ၀ရောက်သွားလည်း မပြောင်းတော့ဘူး၊ ဒီလို သီလဗ္ဗတ ပရာမာသ ဆိုတဲ့ ဘာသာရေးကျင့်နည်း နိဿရည်းတွေ၊ အယူဝါဒများတွေ ကင်းသွားပြီ၊ အဲဒါတွေကို သောတာပတ္တိမဂ်က ပယ်တယ် တဲ့။

## မပြောလို့က မဖြစ်ဘူး

အဲဒီလို အကျင့်များတွေကို ဗုဒ္ဓသာသနာတော်ရဲ့ အပြင်ဘက်က အကျင့်တွေ လို့တော့ ပြောရတာပဲ၊ ဒါပေမယ့်လို့ ဗုဒ္ဓသာသနာ၀င်လို့ အမည်ခံပြီး ဗုဒ္ဓ တရားတော်တွေနဲ့ ပြောင်းပြန်ဖြစ်နေတဲ့ အယူဝါဒတွေက ရှိကြသေးတယ်၊ အင်း အဲဒါတွေက ပြောရရင် သိပ်မကောင်းဘူး၊ မပြောလို့ကလည်းမဖြစ်ဘူး၊ ပြောရပြန်လို့ရှိရင်လည်း သူတို့ကို မလိုမုန်းတီးလို့ ပြောသလိုလို ဘာလိုလိုထင်ရတတ် ပါတယ်၊ မပြောဘဲနဲ့ နေပြန်ရင်လည်း အကြားအမြင်နည်းပါးတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီမဟုတ်တဲ့ အယူဝါဒတွေကို အဟုတ်ကြီးမှတ်ပြီးတော့ လိုက်နာကျင့်ကြံကြ ရင် မှားယွင်းကုန်ကြမှာပဲ။

(တတိယအကြိမ်)

ဒီတော့ ဗုဒ္ဓသာသနာဝင် လူအများစုတွေကို ကြည့်ပြီးတော့ မမှားတန်တာ မမှားကြရအောင်တော့ ပြောမှဖြစ်တော့မှာပဲ၊ ပြောသင့်ပြောထိုက်တာကို မပြောတဲ့နေလို့ မဖြစ်ဘူး၊ ပြောရမှာပဲ၊ အခုဒိဋ္ဌိအယူဝါဒတွေနဲ့ စကားစပ်ပြီး ပြောနေတဲ့ အပိုင်းကို ရောက်နေတာဖြစ်တော့ ဒါက ပြောမှပြီးတော့မယ်၊ တစ်ဖက်ကလူတွေကို ပြောချင်လို့ တမင်သက်သက်ပြောတာမျိုးလည်း မဟုတ်ပါဘူး၊ အဘိဓမ္မာတရားတော် အရ ဓမ္မလမ်းကြောင်းအတိုင်း အခု အကုသလာဓမ္မာ ဆိုင်ရာမှ ဒိဋ္ဌိဆိုတဲ့ အယူတွေနဲ့စပ်ပြီး ဆိုက်ရောက်လာပါတယ်၊ ဒီတော့ ဒါတွေကို ပြောမှပဲဖြစ်မှာ၊ မပြောလို့ မဖြစ်ဘူး။

## ဟုတ်နိုးနိုးဖြစ်နိုင်တယ်

မိမိတို့ထင်ရာ ကျင့်ပုံကျင့်နည်း နိဿရည်းတွေက သူတစ်မျိုး ငါတစ်ဖုံ ဆိုသလို အင်မတန်များတာပဲ၊ ဒီတော့ မမှန်မကန်တဲ့ ကျင့်နည်းတွေကိုသော်လည်း ဟုတ်နိုးနိုး ဖြစ်နိုင်ပါတယ်၊ ဒီတော့ မဟုတ်မမှန်တာတွေကို သဘောကျပြီး လိုက်နာကျင့်သုံးမှုလည်း ရှိနေကြတာပါပဲ၊ အမှန်အကန်အတိုင်းသိဖို့ ဘုန်းကြီးက–

"သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊
ယုံကြည်ဆုံးဖြတ်၊ ယူဆမှတ်–သီလဗ္ဗတပင်" လို့–

ရေးထားပါတယ်၊ သစ္စာလေးပါးတရားတွေကို မှန်ကန်စွာ မသိမမြင်သေးဘူး ဆိုရင် မဂ္ဂင်မပါတဲ့ အကျင့်တွေကို ကျင့်ပြီးတော့ ချမ်းသာမယ်လို့ ယုံကြည်စွဲလမ်းမှု ရှိနေတဲ့ အကျင့်မျိုးဟာ အဲဒါ သီလဗ္ဗတပရာမာသ ဒိဋ္ဌိတဲ့၊ ဒါကိုဆို ကြရမယ်–

"သစ္စာမမြင်၊ မဂ္ဂင်မပါ၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်၊
ယုံကြည်ဆုံးဖြတ်၊ ယူဆမှတ်–သီလဗ္ဗတပင်"

ဒါက နည်းနည်းရှည်တယ်၊ မြန်မာခနဲတော့ ရမှာမဟုတ်ဘူး၊ ဒီက ယောဂီတွေကတော့ အရများကြမှာပဲ၊ သတိပဋ္ဌာန် သံယောဇဉ်ပိုင်းမှာ ဆောင်ပုဒ် လုပ်ပြီးတော့ ရေးထားပါတယ်၊ ဘုန်းကြီးကလည်း မကြာမကြာ ဟောနေတာဖြစ်လို့ ဒီကယောဂီတွေက အရများနေကြပါတယ်။

(တတိယအကြိမ်)

သစ္စာလေးပါးကို မြင်အောင်ကျင့်တာလည်းမဟုတ်၊ မဂ္ဂင်ရှစ်ပါးလည်းမပါဘူးတဲ့၊ အလေ့ပေါက် အကျင့်တွေပေါ့လေ၊ အဲဒါဟာ သီလဗ္ဗတပရာမာသဒိဋ္ဌိပဲတဲ့၊ သစ္စာလေးပါးကို မြင်အောင်ကျင့်တာနဲ့ မဂ္ဂင်ရှစ်ပါး ပွားများတယ်ဆိုတာဟာ အတူတူပါပဲ၊ မဂ္ဂင်ရှစ်ပါးကို ပွားများလို့ရှိရင် ဒုက္ခသစ္စာတရားတွေကိုသိအောင် ရှုနေရာ ရောက်ပါတယ်၊ ဒုက္ခသစ္စာတရားတွေကို (အမှန်အတိုင်း) သိရင်လည်း သမုဒယသစ္စာကို ပယ်ရာရောက်တာပါပဲ၊ နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုရာ ရောက်ပါတယ်၊ ဒါတွေကို နောက်နားက ပြောပြီးခဲ့ပါပြီ။

လောကီ မဂ္ဂသစ္စာအနေနဲ့လည်း မိမိသန္တာန်မှာ ရှုတိုင်း ရှုတိုင်း ဖြစ်ပွားနေရာ ရောက်တာပါပဲ၊ အဲဒီကမှတစ်ဆင့် အရိယမဂ္ဂသစ္စာသို့ တက်သွားရပါတယ်၊ အဲဒီတော့ သစ္စာကို မြင်အောင်ကျင့်တယ်ဆိုတာဟာ မဂ္ဂင်တရားတွေကို ပွားများပြီး မြင်အောင်ကျင့်နေတာပါပဲ၊ ဒီအတိုင်း အလွဟ်သက်သက် ပွားများလို့ ဖြစ်တာ မဟုတ်ပါဘူး၊ အဲဒီ မဂ္ဂင်ထဲမှာ သမ္မာသတိမဂ္ဂင်ဆိုတာကို မြတ်စွာ ဘုရားက ဝေဖန်ဟောကြားထားပါတယ်။

"ဣဓ . ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ၊ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ၊ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသတိ။"

အဲဒီ သတိပဋ္ဌာန်အကျဉ်းချုပ်ကတော့ သတိပဋ္ဌာန်လေးပါး ပွားများနေတာကို သမ္မာသတိခေါ်တယ်တဲ့၊ ဒီတော့ သမ္မာသတိမဂ္ဂင်ကို ပွားများချင်လို့ရှိရင် အခုပြောခဲ့တဲ့ သတိပဋ္ဌာန် ပါဠိတော်အတိုင်း ပွားများမှ ဖြစ်မှာပဲ၊ ကာယာနုပဿနာ သတိပဋ္ဌာန်ဆိုရင်လည်း ပွားရမယ်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန် ဆိုရင်လည်း ပွားရမယ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်ဆိုရင်လည်း ပွားရမယ်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဆိုရင်လည်း ပွားရမယ်၊ အဲဒီ လေးခုထဲက တစ်ခုခုကိုမှ မပွားမရှုဘဲနဲ့

ကတော့ သမ္မာသတိမဂ္ဂင် မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် သတိပဋ္ဌာန် တစ်ပါးတစ်ပါးကို ပွားရမယ်။

သမ္မာသတိမဂ္ဂင်ကို ပွားများတယ်ဆိုကတည်းက ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိတော့တာပါပဲ၊ ဝေဒနာ, စိတ္တ, ဓမ္မဆိုတာလည်း ဒီဒုက္ခသစ္စာထဲမှာ အကျုံးဝင်နေကြပါတယ်၊ တသီးတခြားမဟုတ်ပါဘူး၊ ဘယ်သတိပဋ္ဌာန်ပဲဖြစ်ဖြစ် သတိပဋ္ဌာန်လေးပါးစလုံး ဒုက္ခသစ္စာကို ရှုပွားရတာချည်း ဖြစ်လို့မို့ ဒုက္ခသစ္စာကို သိနေတယ်လို့ ဆိုရတာပဲ၊ သမ္မာသမာဓိ စတဲ့ ကျန်မဂ္ဂင်တွေ ဖြစ်ဖို့ဆိုတာလည်း ဒီအတိုင်းပါပဲ၊ ဒီမှာ မြတ်စွာဘုရားက ဈာန်လေးပါးနဲ့ ဝေဖန်ပြီးဟောကြားထားပါတယ်၊ အဲဒီဈာန်လေးပါ မဖြစ်ရင်တောင်မှပဲ ဥပစာရ သမာဓိလောက်တော့ ပြည့်စုံရမယ်၊ ဥပစာရသမာဓိဆိုတာကလည်း အားမထုတ်ဘဲနဲ့ မရပါဘူး၊ အားထုတ်မှရတာပါပဲ၊ ဒီဈာန်လေးပါးလည်း မဖြစ်ဘူး၊ ဥပစာရ သမာဓိလည်း မဖြစ်ဘူးဆိုရင် အနည်းဆုံး ဝိပဿနာ ခဏိကသမာဓိလောက်တော့ရှိရမယ်၊ ဒါကို ဥပစာရကမ္မဋ္ဌာန်းလို့လည်း ခေါ်ပါတယ်၊ ဥပစာရသမာဓိနဲ့ ညီမျှတယ်လို့လည်း ဆိုနိုင်ပါတယ်၊ မဂ္ဂင်ရှစ်ပါးကို ပွားများတယ်ဆိုတာဟာ နာမည်လွဲပေမယ်လို့ သဘောချင်းကတော့ အတူတူပါပဲ၊ အဲဒါ အားထုတ်မှဖြစ်တာချည်းပဲ၊ အားမထုတ်ဘဲနဲ့တော့ ဘယ်လိုမှ မဖြစ်ဘူး၊ အားမထုတ်ဘဲနဲ့ အလေ့အကျင့် တစ်ခုခုကိုကျင့်ပြီး ချမ်းသာတယ်လို့ ယူဆနေရင် အဲဒါဟာ သီလဗ္ဗတပရာမာသဒိဋ္ဌိ ပဲ။

## စာပေသိနဲ့တော့ မဖြစ်သေးဘူး

သစ္စာမြင်အောင် မဂ္ဂင်တွေ ပွားနေတယ်ဆိုတာက ဒွါရခြောက်ပါးက ဖြစ်ခိုက် တရားတွေကို မြင်တိုင်း ကြားတိုင်း ရှုမှတ်နေမှ ဖြစ်တာပါပဲ၊ တချို့တချို့ကလည်း ရုပ်နာမ်ကြောင်းကျိုး အဖြစ်အပျက်တွေကို ကလေးစာသင်သလို သင်ပေးတယ်၊ ပြီးတော့ ပြောပေးတဲ့အတိုင်း သဘောကျမှတ်မိပြီဆိုတော့ တရားအားထုတ်စရာမလိုတော့ဘူးလို့ ထင်မှတ်နေကြတယ်၊ အဲဒါမျိုးတွေလည်းရှိတာပဲ၊ တချို့က ဒီလောက်သာ မကသေးဘူး၊ တရားအားထုတ်လို့ရှိရင် ညောင်းရုံပဲ၊ အတ္တကိလမထာနုယောဂ ဖြစ်တယ်လို့ ဒီလိုထိအောင် စွပ်စွဲလိုက်ကြသေးတယ်၊ "သစ္စာမမြင် မဂ္ဂင်မပါ"ဆိုတာ အဲဒီလို အပြောသမားတွေရဲ့ လမ်းစဉ်ပဲ။

(တတိယအကြိမ်)

"လောကီစိတ် ကောသီတိ ၈၁-ပါး၊ လောဘကြဉ်သော စေတသိက် ကေပညာသ ၅၁၊ ရုပ်အဋ္ဌဝီသ ၂၈-ပါးသည် ဒုက္ခသစ္စာမည်၏" လို့ ကျက်မှတ်ထားတတ်ကာမျှဖြင့် ရှုမှတ်စရာမလိုတော့ဘူး၊ ကိစ္စပြီးပြီလို့ ဒီလို သင်နေတာတွေကလည်း ရှိသေးတယ်၊ တကယ်သာ ဒီလိုအယူရှိပြီး ဒီလို ထင်မှတ်စွဲလမ်းနေတယ် ဆိုရင် "သစ္စာမမြင်၊ မဂ္ဂင်မပါ"ဆိုတဲ့ အယူဝါဒဖြစ်လို့၊ အဲဒါလည်း သီလဗ္ဗတပရာမာသဒိဋ္ဌိပါပဲ၊ ဗုဒ္ဓသာသနာဝင်ဆိုပြီး ဒီလို ဒိဋ္ဌိဖြစ်မှန်းမသိ ဖြစ်နေကြတာတွေပါပဲ။ ဗုဒ္ဓသာသနာ့အပြင်ဘက်သို့ ရောက်မှန်းမသိ ရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေတဲ့၊ ဗုဒ္ဓသာသနာတော်နဲ့ အင်မတန် ဆန့်ကျင်တာပဲ၊ မြတ်စွာဘုရားက သုဘဒ္ဒသုတ်မှာ အထင်အရှား ဟောကြားထားတာရှိပါတယ်။

> "ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ န ဥပလဗ္ဘတိ၊ သမဏောပိ တတ္ထ န ဥပလဗ္ဘတိ၊ ဒုတိယောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ၊ တတိယောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ စတုတ္ထောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ" (သုတ်မဟာဝါ)

သုဘဒ္ဒ၊ သုဘဒ်ပရိဗိုဇ်။ ယသ္မိံ ခေါ ဓမ္မဝိနယေ၊ ဓမ္မဝိနယဟု ဆိုအပ်သော အကြင် ဘာသာရေး သာသနာရေး၌။ ဓမ္မ ဆိုတာက ကောင်းစားချမ်းသာရေး အတွက် ညွှန်ပြထားထဲ သုတ္တန်တရားနဲ့ အဘိဓမ္မာတရားတွေပါပဲ၊ ဝိနယဆိုတာက တော့ နေထိုင် သွားလာ ဝတ်ဆင် စားသောက်ရေးစသည်တွေမှာ ကြည်ညို ဖွယ်ဖြစ်အောင်၊ စနစ်တကျရှိအောင် စည်းကမ်းသတ်မှတ်ချက်ချထားတဲ့ ဝိနည်း ဥပဒေတရားပါပဲ၊ အဲဒီဓမ္မာနဲ့ဝိနယဆိုတာ ဘာသာတိုင်း ဘာသာတိုင်းမှာ ထိုက်သည့်အားလျော်စွာ ရှိနေကြပါတယ်။

ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာ ဟောတော်မူထားတဲ့ ဓမ္မဝိနယက ဘုန်းကြီး တို့ရဲ့ ဗုဒ္ဓသာသနာတော်ပါပဲ၊ အခြားအခြားသောပုဂ္ဂိုလ်တွေ ဟောထားတဲ့ ဓမ္မဝိနယတွေဆိုတာလည်း သူတို့ရဲ့ ဘာသာရေး သာသနာရေးပဲပေါ့၊ အဲဒီလို အသီးအသီး ကိုယ့်ဘာသာရေးနဲ့ကိုယ် ရှိနေရာမှာတဲ့။ ။ ယသ္မိံ ဓမ္မဝိနယေ၊ အကြင် ဘာသာရေး သာသနာရေး၌။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂေါ၊ အရိယမဂ်ကို၊ န ဥပလဗ္ဘတိ၊ မရအပ်။ မရအပ်ဆိုတာက မရှိဘူးလို့

ဆိုတဲ့ စကားပါပဲ၊ ဘယ်ဘာသာရေး သာသနာရေးမှာ ဖြစ်ဖြစ် အင်္ဂါရှစ်ပါးရှိတဲ့ အရိယမဂ် (မဂ္ဂင်ရှစ်ပါး) မရှိဘူးဆိုရင်တဲ့။ တတ္ထ၊ ထိုမဂ္ဂင်ရှစ်ပါးမရှိသော ဘာသာရေး သာသနာရေး၌။ သမဏောပိ၊ ကိလေသာငြိမ်းသော ပထမရဟန်း သောတာပန်ကိုလည်း။ န ဥပလဗ္ဘတိ၊ မရအပ် မရနိုင်ချေ။ မဂ္ဂင်ရှစ်ပါး ပွားများဖို့ မဟောကြားဘူး၊ ပွားလည်း မပွားများဘူး၊ ကျင့်လည်း မကျင့်ဘူးဆိုတဲ့ မဂ္ဂင်ရှစ်ပါး ကင်းမဲ့နေတဲ့ ဘာသာရေး သာသနာရေးမှာ ကိလေသာငြိမ်းတဲ့ သောတာပန်ရဟန်းဆိုတာ မရှိဘူးတဲ့၊ ကိလေသာငြိမ်းကြတဲ့ ရဟန်းတွေကို အဆင့်အားဖြင့်ခွဲခြားလိုက်ရင် လေးဆင့်ရှိတာဖြစ်လို့ အဲဒီလေးဆင့်ထဲက ပထမဆုံးအဆင့်ဖြစ်တဲ့ ကိလေသာငြိမ်းတဲ့ရဟန်း မရှိဘူးတဲ့၊ ပထမအဆင့်တောင်မှ မရှိဘူးဆိုရင် ဒုတိယ စသည် အဆင့်တွေဆိုတာလည်း ဘယ်မှာ ရှိနိုင်ပါ တော့မလဲ။

ဘုန်းကြီးတို့ ဗုဒ္ဓသာသနာမှတစ်ပါး အခြားသော ဘာသာရေး သာသနာရေးတွေ ထဲမှာ ဒီလို မဂ္ဂင်ရှစ်ပါး အပြည့်အစုံပွားများဖို့ ဟောကြားတာ မရှိဘူး၊ ဒါကြောင့် အဲဒီ ဘာသာရေး သာသနာရေးတွေထဲမှာ ကိလေသာငြိမ်းတဲ့ သောတာပန်ရဟန်းရယ်လို့လည်း မရှိခြင်းဖြစ်တယ်၊ တခြား ဘာသာရေး သာသနာရေးတွေကို ထားလိုက်ပါဦးတော့၊ "ဗုဒ္ဓတရားတော်တွေပါ" ဆိုပြီး ဟောပြောနေကြတဲ့ ဗုဒ္ဓသာသနာဝင် အမည်ခံ သက်သက်တွေကိုကြည့်ပါ၊ သူတို့က မဂ္ဂင်ရှစ်ပါးကို ပွားများအားထုတ်နေဖို့ မလိုဘူးတဲ့၊ တရားအားမထုတ်ဘဲ သိရုံနဲ့လည်းပြီးတာပဲ-တဲ့၊ အဲဒီလိုဝါဒတွေဟာ သာသနာ့အပြင်ဘက်က ဝါဒတွေနဲ့ ဘာမှမထူးဘူး၊ အတူတူပါပဲ၊ မဂ္ဂင်ရှစ်ပါး ပွားများမှုကင်းမဲ့နေတဲ့ အဲဒီ ဝါဒတွေကို လက်ကိုင်ထားပြောဟောနေတဲ့ ပုဂ္ဂိုလ်တွေနဲ့ သူတို့ အသိုင်းအဝိုင်း အုပ်စုထဲမှာ သောတာပန်ရယ်လို့ ဘယ်မှာရှိတော့မှာလဲ၊ ဘယ်တော့မှရှိမှာ မဟုတ်တော့ဘူး။

သောတာပန်ရဟန်းဆိုတာ ရှေးဦးစွာ သီလစင်ကြယ်ခြင်း အစရှိတဲ့ မူလမဂ္ဂင်တွေ ပြည့်စုံလို့ အဲဒီနောက် ဝိပဿနာရှုမှန်ပွားများအားထုတ်တဲ့ ပုဗ္ဗဘာဂမဂ္ဂင်တွေလည်း ပြည့်စုံလို့ ရင့်ကျက်လာတဲ့အခါကျတော့မှ အရိယာမဂ္ဂင်ဖြစ်ပေါ်ပြီး သောတာပန်ရဟန်း ဆိုတာ ဖြစ်လာတာပဲ၊ ဒီလို ပြည့်စုံအောင်ပွားများရမယ့် မဂ္ဂင်တွေမရှိတဲ့

ဘာသာရေးမှာ အစအဆုံးသော သောတာပန်ရဟန်းရယ်လို့ ဘယ်ရှိတော့မှာလဲ၊ မရှိတော့ဘူး၊ အဲဒါ ကိန်းသေမှတ်ထားရမယ်။

တတ္ထ၊ ထိုမဂ္ဂင်ရှစ်ပါးမရှိသော ဘာသာရေး သာသနာရေး၌။ ဒုတိယောပိ သမဏော၊ ကိလေသာငြိမ်းသော ဒုတိယသကဒါဂါမ် ရဟန်းကိုလည်း။ န ဥပလဗ္ဘတိ၊ မရအပ်။ တတ္ထ၊ ထိုမဂ္ဂင်ရှစ်ပါး မရှိသော ဘာသာရေး သာသနာရေး၌။ တတိယောပိ သမဏော၊ ကိလေသာငြိမ်းသော တတိယ အနာဂါမ်ရဟန်းကိုလည်း။ န ဥပလဗ္ဘတိ၊ မရအပ်။ တတ္ထ၊ ထိုမဂ္ဂင်ရှစ်ပါးမရှိသော ဘာသာရေး သာသနာရေး၌။ စတုတ္ထောပိ သမဏော ကိလေသာငြိမ်းသော စတုတ္ထရဟန္တာ ရဟန်းကိုလည်း၊ န ဥပလဗ္ဘတိ၊ မရအပ်-တဲ့။

သမဏ ဆိုတာ မြန်မာလိုတော့ ရဟန်းလို့ ဘာသာပြန်ရပါတယ်၊ သူ့ ပါဠိအရ တိတိကျကျပြန်ရင်တော့ ကိလေသာငြိမ်းသူလို့ အဓိပ္ပါယ်ရပါတယ်၊ အဲဒီ ကိလေသာငြိမ်းတဲ့သူဆိုတာ အရိယဖိုလ်လေးပါးသို့ အဆင့်ဆင့် အသီးအသီး ရောက်တဲ့ ပုဂ္ဂိုလ်ကို ခေါ်တာပါပဲ၊ အဲ မဂ္ဂင်ရှစ်ပါးမရှိရင် မပွားများရင် ကိလေသာငြိမ်းသူ မရှိဘူးတဲ့၊ ကျဉ်းကျဉ်းမှတ်ရအောင် ဆောင်ပုဒ်လေး ရေးထားပါတယ်၊ အဲဒါကိုဆိုကြရမယ်။

"မဂ္ဂင်ရှစ်ဖြာ၊ မရှိရာ၊ ကိလေသာငြိမ်းသူ မရှိချေ"

မဂ္ဂင်ရှစ်ပါးမရှိတဲ့ ဘာသာရေး သာသနာရေးမှာ ကိလေသာငြိမ်းတဲ့ သောတာပန် စသည် မရှိဘူးဆိုရင် မဂ္ဂင်ရှစ်ဖြာရှိတဲ့ ဘာသာရေး သာသနာရေးမှာတော့ ကိလေသာငြိမ်းတဲ့ သောတာပန်စသည် ရှိတယ်ဆိုတာ အလိုလိုပေါ်နေတာပဲ၊ အဲဒါကိုလည်း မြတ်စွာဘုရားကိုယ်တိုင်က သုဘဒ္ဒသုတ်မှာပဲ အခုန ပါဠိတော်နဲ့ ပြောင်းပြန် သုက္ကပက္ခ အနေနဲ့ ဟောတော်မူထားပါတယ်။

"ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ၊ သမဏောပိ တတ္ထ ဥပလဗ္ဘတိ၊ ဒုတိယောပိ တတ္ထ သမဏော ဥပလဗ္ဘတိ၊ တတိယောပိ တတ္ထ သမဏော ဥပလဗ္ဘတိ၊ စတုတ္ထောပိ တတ္ထ သမဏော ဥပလဗ္ဘတိ" တဲ့။

ဒီ ပါဠိတော်ရဲ့ ဆိုလိုရင်းကတော့ ထင်ရှားပါတယ်၊ မဂ္ဂင်ရှစ်ဖြာရှိတဲ့ ဘာသာရေး သာသနာရေး အယူဝါဒ အဖွဲ့အစည်းထဲမှာဆိုရင် ကိလေသာငြိမ်းတဲ့

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ သမဏ အစစ်တွေရှိတယ်လို့ ဆိုတာပါပဲ၊ ဒါကိုလဲ ဘုန်းကြီးက နားလည်လွယ်အောင် ဆောင်ပုဒ်ရေးထားပါတယ်၊ အဲဒါကို ဆိုကြရအောင်–

"မဂ္ဂင်ရှစ်ဖြာ၊ ရှိရာမှာ၊ ကိလေသာငြိမ်းသူ ရှိနိုင်ပေ"

အဲ မဂ္ဂင်ရှစ်ဖြာပါတဲ့ အကျင့်သာ ကိလေသာငြိမ်းနိုင်တယ်၊ မဂ္ဂင်ရှစ်ဖြာမပါတဲ့ အကျင့်ဆိုရင် ကိလေသာငြိမ်းတဲ့ အကျင့်မဟုတ်ဘူး၊ အကျင့်မှား အယူမှား ဝါဒမှားတွေ၊ အဲဒါ မိစ္ဆာဒိဋ္ဌိအယူမှားတွေပါပဲ၊ အဲဒီ အယူမှားမိစ္ဆာဒိဋ္ဌိတွေနဲ့ ယှဉ်နေတဲ့စိတ်ကို "ဒိဋ္ဌိဂတသမ္ပယုတ်"လို့ ခေါ်ပါတယ်၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်တဲ့။

ပြီးတော့ မိမိတို့မိစ္ဆာဒိဋ္ဌိ အယူဝါဒအလိုက် ဟောတဲ့ပြောတဲ့အခါတို့၊ ညွှန်ကြားတဲ့အခါတို့၊ နားထောင်တဲ့အခါတို့၊ လိုက်နာ လုပ်ကိုင်ဆောင်ရွက်တဲ့အခါတို့မှာ တက်တက်ကြွကြွ ထက်ထက်သန်သန်နဲ့ ရွှင်လန်းဝမ်းမြောက်စွာ ရှိနေတာမျိုးဟာ သောမနဿလည်းဖြစ်၊ အသင်္ခါရိကလည်းဖြစ်တယ်တဲ့။

အဲဒီမှာ အသင်္ခါရိက, သသင်္ခါရိကစိတ်လို့ နှစ်မျိုးရှိတယ်၊ ပထမစိတ်မှာတော့ သင်္ခါရအနေနဲ့ ဘာမှထူးခြားပြီး မပါဘူး၊ ဒုတိယ စိတ်ကျတော့ သသင်္ခါရေနလို့ ပါဠိတော်မှာ ပါတဲ့အတွက်ကြောင့် ပထမစိတ်ကို အသင်္ခါရိကလို့ သိရတယ်၊ အဲဒါအာရုံအားဖြင့် "ရူပါရမ္မဏံဝါ၊ အဆင်းအာရုံကိုလည်း အာရုံပြုတယ်၊ သဒ္ဒါရမ္မဏံဝါ၊ အသံအာရုံကိုလည်း အာရုံပြုပြီးဖြစ်တယ်" စသည်ဖြင့် အာရုံခြောက်ပါးတွင် တစ်ပါးပါးကို အာရုံပြုပြီးတော့ဖြစ်ပါတယ်၊ "ယံယံဝါပနာရဗ္ဘ"တဲ့၊ တစ်စုံတစ်ခုသောအာရုံကို အာရုံပြုပြီးတော့ ဖြစ်ပါတယ်လို့ ဒီလိုဆိုထားပါတယ်၊ "တသ္မိံ သမယေ၊ ထိုအခါ၌။ ဖဿော ဟောတိ၊ ဖဿသည်ဖြစ်၏" စသည်ဖြင့် ဝေဖန်ဟောကြားထားပါတယ်၊ ဒါတွေကို မနေ့ကပြောပြီး ခဲ့ပါပြီ။

## ၃–နံပါတ်စိတ်ကို ကြည့်ရမယ်

လောဘမူ ပထမဆုံးစိတ်ပြီးတော့ ဒုတိယ သသင်္ခါရိကစိတ် တဲ့၊ အဲဒီ သသင်္ခါရိကစိတ်ကတော့ တိုက်တွန်းနှိုးဆော်ပေးမှဖြစ်တယ်၊ သသင်္ခါရိကစိတ်များရဲ့ အတွက်ကိုတော့ တစ်ပေါင်းတည်းပြရအောင်ဆိုတဲ့အနေနဲ့ နောက်နားမှာ ချန်ထား

ပါတယ်၊ အခု ၁-နံပါတ်ကို ပြပြီးတော့ အစဉ်အတိုင်းဖြစ်တဲ့ ၂-နံပါတ်ကို မပြသေးဘူး၊ အဲဒီစိတ်က သသင်္ခါရိကဖြစ်လို့ ချန်ထားခဲ့ဦးတဲ့၊ ကိုင်း ၃-နံပါတ်ကို ကြည့်ရမယ်။

"သောမနဿ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူ စိတ်၌ မိစ္ဆာဒိဋ္ဌိမပါ ယေဝါပန အရ မာနနှင့်တကွ တရားကိုယ် ၂၀-ပင် ဖြစ်သည်" တဲ့။

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်ဆိုတော့ ဒိဋ္ဌိက မပါတော့ဘူး၊ ခုနက ၁၆-ပါးထဲမှာ ဒိဋ္ဌိလျော့သွားတယ်၊ ဒီတော့ ၁၅-ပါးပဲကျန်တယ်၊ ယေဝါပန အရ ခုနက ၄-ပါးရှိခဲ့တယ်၊ အခုဒီမှာ မာနတိုးလာတယ်၊ ဒီတော့ ဆန္ဒ အဓိမောက္ခ မနသိကာရ ဥဒ္ဓစ္စ မာန လို့ ယေဝါပန အရက ၅-ပါး၊ ပထမ ၁၅-ပါးနဲ့ ၅-ပါး ပေါင်းလိုက်ရင် ၂၀-တဲ့၊ နောက်ပိုင်းကလည်း ပြောခဲ့ပြီးတွေ ရှိနေလေတော့ ဒါလောက်ဆိုရင်ပဲ သဘောပေါက်ပါပြီ ၄-နံပါတ်စိတ်က သသင်္ခါရိကဆိုတော့ ထားခဲ့ဦး။

"၅-နံပါတ်တဲ့။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါကရိကလောဘမူ ပဉ္စမစိတ်၌ ပထမ ၂၀-မှ ပီတိမပါ ၁၉-ပါးဖြစ်သည်" တဲ့။

ဥပေက္ခာသဟဂုတ်ဆိုတော့ ဝမ်းမြောက်ခြင်း၊ တက်ကြွခြင်း၊ ရွှင်လန်းခြင်း မရှိဘူး၊ ဒီတော့ ပီတိမယှဉ်ဘူးပေါ့၊ ပီတိဆိုတာက ဝမ်းမြောက်ဝမ်းသာနဲ့ သောမနဿဖြစ်မှ ယှဉ်တာမျိုးပဲ၊ အခုဒီမှာက ဥပေက္ခာဆိုတော့ ပီတိမယှဉ်နိုင်လို့ မပါတော့ဘူး၊ ဒါကြောင့် "ပီတိမပါ ၁၉-ပါး"တဲ့၊ အဲဒီ ၁၉-ပါးဆိုတာက ဒီအကုသိုလ်မှာ ပထမဆုံးစိတ်မှာယှဉ်တဲ့ ၁၉-ပါးပါပဲ၊ အဲဒီတုန်းက ၂၀-ရှိခဲ့ရာမှာ အခုဒီကျတော့ ပီတိမပါတာဘဲထူးတယ်တဲ့၊ ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်တဲ့အတွက် ဒိဋ္ဌိနဲ့ယှဉ်တယ်၊ မိစ္ဆာအယူတစ်ခုခုကို စွဲလမ်းပြီးတော့ပဲဖြစ်ဖြစ်၊ အတ္တစွဲ သဿတစွဲ ကံ ကံ၏အကျိုး မရှိဆိုတဲ့ အစွဲနဲ့ပဲဖြစ်ဖြစ်၊ ဘာသာရေး အကျင့် အစွဲနဲ့ပဲဖြစ်ဖြစ်၊ အစွဲအလမ်းတစ်ခုခုကို စွဲလမ်းပြီးတော့ဖြစ်တဲ့ လိုချင်စိတ်တဲ့၊ အဲဒီမှာ အခုပြောခဲ့တဲ့ ၁၉-ပါးဖြစ်သည်တဲ့၊ ကဲ ရှေ့သွားကြဦးစို့ရဲ့၊ ၆-နံပါတ်ကို ခုနကလိုပဲ ကျော်ခဲ့ဦး၊ သသင်္ခါရိကတွေ ဆိုင်ရာကျမှတစ်ပေါင်းတည်းပြရမယ်။

(တတိယအကြိမ်)

"၇–နံပါတ်စိတ် တဲ့၊ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ်၊ အသင်္ခါရိက လောဘမူသတ္တမစိတ်၌ တတိယစိတ် ၂၀–မှ ပီတိမပါ ၁၉–ပါးဖြစ်သည်"တဲ့။

ဒါလဲလွယ်ပြီး၊ နောက်က တတိယစိတ်ကိုကြည့်ပေါ့၊ ဒိဋ္ဌိဂတဝိပ္ပယုတ်ဆိုတော့ ဒိဋ္ဌိမပါဘူး၊ ဥပေက္ခာဖြစ်နေလို့လည်း ပီတိကမပါဘူး၊ ဒီတော့ တတိယစိတ်တုန်းက အတိုင်းပဲ၊ မာနနဲ့တကွ ၁၉–ပါးဖြစ်သည်တဲ့၊ အခု ဒီမှာထူးတာက ဥပေက္ခာ ဖြစ်လို့ တတိယစိတ် ၂၀–တွင် ပီတိမပါတာဘဲထူးတယ်၊ ဒါကြောင့် "တတိယစိတ် ၂၀–မှ ပီတိမပါ ၁၉–ပါးဖြစ်သည်" တဲ့၊ အခု ဒီအထိ အသင်္ခါရိက ၄–ပါးအတွက် ပြီးသွားပြီ။ သသင်္ခါရိကအတွက်ကတော့ လွယ်ပါတယ်၊ အခုပြီးခဲ့တဲ့ အသင်္ခါကရိက ၄–ပါးကို အစဉ်အတိုင်းသတိပြု မှတ်လို့ရှိရင် လွယ်လွယ်လေးပါပဲ၊ ဒါကြောင့်–

"၂–၄–၆–၈ လောဘမူ ဒုတိယစသော သသင်္ခါရိက ၄–ပါးတို့၌ ၁–၃–၅–၇ စိတ်တို့ဆိုင်ရာ တရားကိုယ် ၂၀–၂၀–၁၉–၁၉ တို့တွင် ထေဝါပန အရ ထိနမိဒ္ဓနဲ့တကွ ၂၂–၂၂–၂၁–၂၁ ဖြစ်သည်" တဲ့။

ပထမဆုံး ၁–နံပါတ်စိတ်က သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကတဲ့၊ အခုဒီ ၂–နံပါတ်ကျတော့ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်တဲ့၊ အသင်္ခါရိကဆိုတာနဲ့ သသင်္ခါရိကဆိုတာလောက်ပဲ ထူးသွားပါတယ်၊ အဲ–ကျန်တာတွေလည်း အဲဒီလိုပဲ အစဉ်အတိုင်း တစ်စုံစီ နာမည်ပြုသွားရုံပါပဲ၊ တရားကိုယ်ကောက်တော့လည်း မခက်တော့ပါဘူး၊ အရင် တရားကိုယ်ထဲမှာ ထိန, မိဒ္ဓ ၂–မျိုး ထည့်သွားရုံပေါ့၊ ဒီတော့ ကြည့်ရှု မှတ်သားလို့လွယ်အောင် ဒီလိုဇယားကွက် ချလိုက်ရင်ရှင်းသွားပါတယ်။

| | |
|---|---|
| အသင်္ခါရိက ၄–ပါး နံပါတ်စဉ် | ၁၊ ၃၊ ၅၊ ၇ |
| ယှဉ်ဖက်တရားကိုယ်ပေါင်း | ၂၀၊ ၂၀၊ ၁၉၊ ၁၉ |
| သသင်္ခါရိက ၄–ပါး နံပါတ်စဉ် | ၂၊ ၄၊ ၆၊ ၈ |
| ယှဉ်ဖက်တရားကိုယ်ပေါင်း | ၂၂၊ ၂၂၊ ၂၁၊ ၂၁ |

အဘိဓမ္မာကို လေ့လာပြီးသော ပုဂ္ဂိုလ်တွေ ဆိုရင်တော့ ဒါလောက် ပြောလိုက်တယ်ဆိုရင် နားလည်ပါတယ်၊ အခုဒီမှာ ပါဠိတော်၌ ဟောထားပုံနဲ့တကွ

နားလည်အောင်လို့ အများကိုငဲ့ပြီးတော့ စာရွက်နဲ့ရေးပြီး ဖော်ပြပေးရပါတယ်၊ အဲဒါ လောဘမူစိတ်အတွက်ပြီးသွားပြီ၊ ဒေါသမူစိတ်နှစ်ပါးကို ဆက်ပြောရမယ်။

## ဒေါသမူစိတ် ၂-ပါး

"ကတမေ ဓမ္မာ အကုသလာ" အကုသလာ ဓမ္မာ၊ အကုသိုလ် တရားတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်းတဲ့၊ "ယသ္မိံ သမယေ အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ ဒေါမနဿသဟဂတံ ပဋိဃသမ္ပယုတ္တံ" ပါဠိတော်မှာ တော့ ပဋိဃသမ္ပယုတ္တံလို့ ပါတယ်၊ ဒါပေမယ့်လို့ ဘုန်းကြီးက စာလုံးနည်းအောင်လို့ အဲဒါကို စာရွက်ထဲမှာထည့်မရေးဘူး၊ ဒေါသဖြစ်တယ်ဆိုရင် ထိပါးတိုက်ခိုက်မှုသဘောနဲ့ ယှဉ်တယ်ဆိုတာလည်း ထင်ရှားနေလို့ပါပဲ၊ ဒါကြောင့် အဲဒါကို ထည့်မရေးတော့ဘူး၊ ယသ္မိံ သမယေ၊ အကြင်အခါ၌။ အကုသလံစိတ္တံ အကုသိုလ်စိတ်သည်။ ဥပ္ပန္နံ ဟောတိ၊ ဖြစ်၏တဲ့။ အဲဒီဖြစ်တဲ့စိတ်က ဘာစိတ်လဲဆိုရင် ဒေါမနဿသဟဂတံ၊ ဒေါမနဿသဟဂုတ်ဖြစ်သော။ ပဋိဃသမ္ပယုတ္တံ၊ ထိပါးတိုက်ခိုက်တတ်သော ဒေါသနှင့်ယှဉ်သော။ အသင်္ခါရိကံ၊ မတိုက်တွန်းရဘဲ သန်သန်စွမ်းစွမ်းဖြစ်သော။ အကုသလံစိတ္တံ၊ အကုသိုလ်စိတ်သည်။ ဥပ္ပန္နံ ဟောတိ၊ ဖြစ်၏တဲ့၊ ဖြစ်တဲ့အခါမှာလည်းပဲ ရူပါရမ္မဏံဝါ၊ အဆင်းလျှင် အာရုံ ရှိသည်မူလည်းဖြစ်သော-တဲ့၊ တသ္မိံ သမယေ၊ ထိုအခါ၌။ ဖဿော ဟောတိ၊ ဖဿသည်ဖြစ်၏ စသည်ဖြင့် ရေးကအတိုင်းပဲ ဝေဖန်ဟော ကြားတော်မူထားပါတယ်၊ မထူးပါဘူး၊ သတိပြုစရာ ထူးခြားတာလေးတွေကတော့ အနည်းအကျဉ်းပါတယ်၊ ဘာလဲဆိုရင် ဒေါသမူစိတ်ဆိုတော့ လောဘ၊ ဒိဋ္ဌိ၊ ပီတိ ဒီသုံးခုမပါဘူး၊ ဒါကြောင့် ဈာနင်နေရာမှာ ဈာနင်နဲ့ဝေဖန်တော့ ပီတိ မပါဘူးလို့ သိရမယ်၊ ပြီးတော့ ဝေဒနာကလည်း ဒုက္ခဝေဒနာပဲ၊ အဲဒါပဲထူးပါတယ်၊ ဒါကြောင့်မို့-

> "ဒေါမနဿသဟဂုတ် ဒေါသမူ အသင်္ခါရိကစိတ်၌၊ (လောဘမူ) ပဌမစိတ်ဆိုင်ရာ (၂၀)မှ ပီတိ, ဒိဋ္ဌိ, လောဘမပါ ဒေါသနှင့်တကွ ၁၈-ပါး ဖြစ်သည်" တဲ့။

(တတိယအကြိမ်)

လောဘမူ ပထမစိတ်မှာ ၂၀–ရှိခဲ့တယ်၊ အဲဒီထဲမှာ ပီတိ၊ ဒိဋ္ဌိ၊ လောဘကို နုတ်လိုက်ရင် ၁၇–ပါးကျန်တယ်၊ အဲဒီ ကျန် ၁၇–ပါးတွင် ဒေါသမူစိတ်ဖြစ်တဲ့အလျောက် ဒေါသကိုထည့်လိုက်ရင် ၁၈–ပါးတဲ့၊ ဒါဟာ စိတ်ဆိုးတဲ့အခါသက်သက်မှာဖြစ်တဲ့ ၁၈–ပါးပဲ၊ ဒီ ၁၈–ပါးနှင့်တကွ မနာလို စိတ်ဖြစ်တဲ့အခါ ဣဿာပါ ပါပြီး ၁၉–ပါး ဖြစ်တယ်၊ ကိုယ့်ပစ္စည်းကို မပေးလိုရုံသာမက ကိုင်တာ သုံးဆောင်တာကို မလိုလားဘူး၊ ကိုယ့်အသိမိတ်ဆွေတွေကို သူများနဲ့ မဆက်ဆံစေချင်ဘူးဆိုတဲ့ မစ္ဆရိယစိတ်ဖြစ်တဲ့အခါမှာ ခုနက ၁၈–ပါးနှင့်တကွ မစ္ဆရိယထည့်ပြီး ၁၉–ပါးဖြစ်တယ်၊ ရှေးက ပြုမိ၊ ပြောမိတာတွေကို ပြန်လည်စဉ်းစားပြီးတော့ ပူပန်တဲ့အခါမှာ ခုနက ၁၈–ပါးနှင့်တကွ ကုက္ကုစ္စပါ ၁၉–ပါးဖြစ်တယ်၊ ဒီ ၁၉–ပါးဖြစ်တာတွေကတော့ တစ်ခါတစ်ရံမှဖြစ်ပါတယ်၊ ဖြစ်ပြန်တော့လည်း ဆိုင်ရာအကြောင်းအားလျော်စွာပဲ တသီးတခြားစီ ဖြစ်ပါတယ်၊ အဲဒါကြောင့်မို့ "ယေဝါပနအရ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့တွင် တစ်ပါး တစ်ပါးနှင့်တကွ ရံခါ ၁၉–ပါးဖြစ်သည်" လို့ အဲဒီစာရွက်ထဲမှာ ရေးထားတာပဲ၊ နောက်ပြီး "အမည်ကိုထုတ်၍ ဟောရာတွင် သုခ၊ သောမနဿ အရာတို့၌ ဒုက္ခ၊ ဒေါမနဿဟု ဟောသည်"တဲ့၊ ဈာနင်နဲ့ ဝေဖန်တဲ့နေရာမှာ သုခဈာနင် နေရာတွင် ဒုက္ခလို့ ပြောင်းပြီးမှတ်ရမယ်၊ ဣန္ဒြေနဲ့ဝေဖန်ရာမှာလည်း မနိန္ဒြေနေရာမှာ ဒေါမနဿိန္ဒြေလို့ မှတ်ရမယ်၊ ဒါတွေကတော့ အဘိဓမ္မာ ဗဟုသုတရှိထားရင် နားလည်လွယ်ပါတယ်၊ ဒီလို ထူးခြားတာလေးတွေကိုတော့ မှတ်ထားရမယ်၊ ဒေါသမူ အသင်္ခါရိက စိတ်အတွက် ပြီးသွားပါပြီ၊ နည်းကိုလည်း လိုတာလေးက စိတ်ဆိုးရုံသက်သက် ၁၈–ပါးထဲမှာ ထိန၊ မိဒ္ဓ ၂–ပါးထဲ ထည့်လိုက်ရင် ၂၀၊ ဣဿာ စသည် တစ်ခုခုနှင့်ယှဉ်တဲ့ ၁၉–ပါးထဲမှာ ထိန၊ မိဒ္ဓ ၂–ပါး ထည့်လိုက်ရင် ၂၁–ပါးစီ ဖြစ်သွားတယ်။

ဒါကြောင့်–

"ယင်း ဒေါသမူ အသင်္ခါရိကစိတ်၌ ယေဝါပနအရ ထိန၊ မိဒ္ဓနှင့်တကွ ၂၀–၂၁ ဖြစ်သည်" လို့ စာရွက်ထဲမှာ ရေးထားပါတယ်။

(တတိယအကြိမ်)

ဒီဒေါသမူစိတ်မှာလည်း သမထနေရာရောက်တော့ "သမထော ဟောတိ" လို့ ဝေဖန်ထားတာပါပဲ၊ စောစောကပြောခဲ့တဲ့ ပုဂ္ဂိုလ် အယူအဆနဲ့ဆိုရင် ဒေသဖြစ်ရာမှာလည်း သမထ ဘာဝနာ ဖြစ်တယ်လို့ ဆိုရမှာပဲ၊ တကယ်ကတော့ ဘယ်နည်းနဲ့မှမဖြစ်ပါဘူး၊ လောဘနဲ့ သမထဆိုတာလည်း မရှိပါဘူး၊ ဒေါသနဲ့ သမထဆိုတာလည်းမရှိပါဘူး၊ သူထင်မြင်ယူဆထားတာက ပုဂ္ဂိုလ်အတ္တစွဲပါတယ်လို့ ဒီလိုထင်မြင်ယူဆပြီး ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်တယ်လို့ စွပ်စွဲနေတာပဲ၊ ဒါဟာ သူနားမလည်လို့ပါပဲ၊ ဒါဟာ အင်မတန်ထင်ရှားပါတယ်၊ သတ္တဝါအနေနဲ့ အာရုံပြုဖြစ်တိုင်းလည်း ပုဂ္ဂိုလ်အတ္တစွဲမကင်းဘူး၊ ဒိဋ္ဌိရှိနေတယ်လို့ ဒီလိုမယူဆရပါဘူး၊ ထင်ရှားအောင်ပြောရရင် မေတ္တာပို့တဲ့အခါမှာ ကြည့်ပါလား၊ သတ္တဝါတွေကို အာရုံပြုပြီးတော့ မေတ္တာပို့ရတာပဲ၊ ကုသိုလ်ဖြစ်နေတာပဲ မဟုတ်လား၊ အကုသိုလ် မဖြစ်ပါဘူး၊ သူ့အယူနဲ့သာကြည့်ရင်တော့ သတ္တဝါတွေကို အာရုံပြုနေလို့ ဒိဋ္ဌိဂတသမ္ပယုတ် အကုသိုလ်ဖြစ်နေတယ်လို့ဆိုရတော့မှာပေါ့၊ မေတ္တာပို့တာဟာ ဘယ်မှာ အကုသိုလ်ဖြစ်ပါ့မတုန်း၊ အကုသိုလ်ဖြစ်တဲ့ အလုပ်ဆိုရင် မြတ်စွာဘုရားက မေတ္တာပို့ဖို့ တိုက်တွန်း ဟောကြားတော်မူမှာ မဟုတ်ပါဘူး၊ "သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု။" သဗ္ဗေသတ္တာ၊ သတ္တဝါအားလုံးတို့သည်။ အဝေရာ ရန်ကင်းကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေလို့ ဆိုတာဟာ သတ္တဝါတွေကို အာရုံပြုပြီးတော့ မေတ္တာကုသိုလ်တွေ ဖြစ်နေတာပဲ၊ ဒါကြောင့် ပုဂ္ဂိုလ်သတ္တဝါကို အာရုံပြုတိုင်းလည်း ဒိဋ္ဌိမကင်းဘူးလို့ မဆိုရပါဘူး။

ကရုဏာ, မုဒိတာတို့ ဆိုတာတွေလည်း သတ္တဝါတွေကို ဒီလိုအာရုံပြုပြီး ပွားများရတဲ့ ဘာဝနာတွေပါပဲ၊ အဲဒါတွေကိုလည်း ဒိဋ္ဌိမကင်းဘူးလို့ မယူဆရဘူး။ ဒိဋ္ဌိလုံးဝမပါပါဘူး၊ ကုသိုလ်ဘာဝနာတွေ သက်သက်ပါပဲ၊ ဒီကုသိုလ်ဘာဝနာ သမာဓိတွေ ရင့်သန်လာတဲ့အခါမှာ ဈာန်ရတာပဲ၊ ရူပါဝစရ ဈာန်တွေ သူ့ အဆင့်နဲ့သူ အဆင့်အားလျော်စွာ ရလာရတာဖြစ်ပါတယ်၊ ဥပေက္ခာ ဘာဝနာ ဆိုလို့ရှိရင် စတုတ္ထဈာန်အထိ ရနိုင်ပါတယ်၊ အဲဒီ ဈာန်တွေဟာ သတ္တဝါကို အာရုံပြုကြတာပါပဲ၊ ဒါပေမယ့် ဒိဋ္ဌိဂတသမ္ပယုတ် မဟုတ်ကြပါဘူး၊ ဈာန်ကုသိုလ် တွေဆိုတာဟာ အင်မတန်ထင်ရှားပါတယ်၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကို တော်တော်တန် တန်လောက် နားလည်တယ်ဆိုရင်ကိုပဲ ဒါလောက်တော့ နားလည်ဖို့ရှိပါတယ်၊

(တတိယအကြိမ်)

မေတ္တာစတဲ့ ဘာဝနာတွေဟာ ကုသိုလ်လား၊ အကုသိုလ်လား၊ ရုပ်ဝစရာန်တွေ ဆိုတာလည်း ကုသိုလ်လား၊ အကုသိုလ်လားဆိုတာ ရှင်းလင်းစွာ သိနိုင်ပါတယ်။

နောက်ပြီးတော့ မိခင်၊ ဖခင်၊ ဆရာသမား စသည်တွေကို အရိုအသေပြု နေကြတဲ့ဟာတွေမှာလည်း ကျေးဇူးရှင် မိခင်၊ ဖခင်၊ ဆရာသမားတွေပဲလို့ အာရုံပြုပြီးတော့ ရိုသေသမှုပြုကြရတာပါပဲ၊ ဒီရိုသေမှုတွေဟာလည်း ကုသိုလ်တွေပဲ ဖြစ်ပါတယ်၊ ခုနက ပုဂ္ဂိုလ်အယူအဆနဲ့ဆိုရင် ကိုယ့်မိခင်၊ ဖခင်၊ ဆရာသမား ဆိုတဲ့အနေနဲ့ အာရုံပြုတဲ့အတွက်ကြောင့် ဒိဋ္ဌိနဲ့ယှဉ်တဲ့ ရိုသေမှုလို့ ဆိုရလိမ့်မယ်၊ အဲဒီလိုဆိုရင် ရိုသေမှုဟာ ကုသိုလ်မဟုတ်နိုင်တော့ဘူး၊ ဒိဋ္ဌိနဲ့ယှဉ်တယ်ဆိုပြီး အကုသိုလ်ဖြစ်နေပြီပေါ့၊ အဲဒီလိုမဟုတ်ပါဘူး၊ ရိုသေခြင်းဆိုတာလည်း ကုသိုလ်ပဲ ဖြစ်ပါတယ်၊ သူ့အယူအတိုင်းသာဆိုရင် တရားတော်တွေဟာ တော်တော် မှားယွင်း ပျက်စီးကုန်ပြီ၊ ကုသိုလ်က အကုသိုလ်ဖြစ်၊ အကုသိုလ်က ကုသိုလ်ဖြစ်နဲ့ ပြောင်းပြန်တွေဖြစ်ကုန်တော့မှာပဲ၊ အဲဒီအယူဝါဒတွေကို သတိထားကြရမယ်၊ အင်မတန်မှ ကြောက်စရာကောင်းတဲ့ သာသနာ့အန္တရာယ်တွေပဲ၊ ဘာသာရေးနုနယ်တဲ့ ပုဂ္ဂိုလ်တွေကတော့ ဘုရားဟောပါဠိတွေက ဘယ်လို အဋ္ဌကထာဋီကာဖွင့်က ဘယ်လိုဆိုပြီး ကျမ်းဂန်တွေကို ကိုးကားပြောလိုက်ရင် အဟုတ်အောက်မေ့ပြီး ယုံကြည်သွားတတ်ကြပါတယ်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေကတော့ မမှားပါဘူး၊ အမှန်တွေကို ဟောကြားဖွင့်ဆိုထားကြတာပါပဲ၊ ကျမ်းဂန်တွေကိုကြည့်ပြီး ဆိုလိုရင်းကိုမသိဘဲနဲ့ ကိုယ်ထင်ရာရမ်းပြီး ယူဆပြောဆိုတာကသာ မှားတာပါပဲ။

အဲဒီမှာပဋိပတ္တိလုပ်ငန်းကို ဘုရားဟောနဲ့အညီ ကိုယ်တိုင်စနစ်တကျ ခရီး ရောက်အောင် အားထုတ်ထားမှု ဘာမှမရှိဘဲနဲ့ စာပေသဘောမျှနဲ့ ယူဆပြီး မှားနေတာလည်း ရှိတတ်ပါတယ်၊ ဒါကတော့ နည်းပါတယ်၊ တချို့ကတော့ စာပေလည်းမရှိ၊ အကျင့်အသိလည်းမရှိဘဲနဲ့ ကိုယ်ထင်ရာကိုယ်စိုင်းပြီး မှားနေ ကြတာလည်းရှိတယ်၊ ကိုယ်မှားရုံတင်သာ မကသေးဘူး၊ သူတစ်ပါးတွေကိုပါ အမှားလမ်းကြောင်းပေါ်ကို ဆွဲတင်လိုက်ကြသေးတယ်၊ ဒါကြောင့် ဒါတွေကို သတိပြုပြီး အန္တရာယ်မဖြစ်ကြရအောင် နေတတ်ကြဖို့ရာ သတိပေးစကား ဟောကြားလိုက်ရတာပါပဲ၊ ကဲ ကျန်တဲ့ အကုသိုလ်စိတ်ကို ဝေဖန်ထားပုံ ဟောကြဦးစို့။

(တတိယအကြိမ်)

## မောဟမူစိတ် ၂-ပါး

ပြီးတော့ မောဟမူစိတ် ၂-ပါးကို ဆက်ဟောပါတယ်၊ အဲဒီမှာ ပထမတစ်ပါး ဖြစ်ပုံလို ဒီလို ဟောကြားထားတယ်၊ "ယသ္မိံ သမယေ၊ အကြင်အခါ၌။ ဥပေက္ခာသဟဂတံ၊ ဥပေက္ခာနှင့်တကွ ဖြစ်သော။ ဝိစိကိစ္ဆာ သမ္ပယုတ္တံ၊ ဝိစိကိစ္ဆာနှင့်ယှဉ်သော။ အကုသလံ စိတ္တံ၊ အကုသိုလ်စိတ်သည်။ ဥပ္ပန္နံ ဟောတိ၊ ဖြစ်၏"တဲ့။ "တသ္မိံ သမယေ၊ ထိုအခါ၌။ ဖဿော ဟောတိ၊ ဖဿဖြစ်၏" စသည်ဖြင့် ရှေးကအတိုင်းပဲ ဝေဖန်သွားပါတယ်၊ တရားကိုယ်ကောက်ပုံလောက်သာ ပြောမှုဖြစ်တော့မယ်၊ အသေးစိတ်တွေပြောနေဖို့ မချိန်မရတော့ဘူး၊ ကျယ်ဝန်း လည်းသွားလိမ့်မယ်၊ ဒါကြောင့် တရားကိုယ်မျှလောက်ပဲ ပြောရမယ်။

"ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ် ဖြစ်ခိုက်၌ ပါဝင်သောတရားများမှာ လောဘမူပထမစိတ်၌ ပြခဲ့သော ၁၆-ပါးမှ ပီတိ, ဒိဋ္ဌိ, လောဘမပါဝိစိကိစ္ဆာနှင့်တကွ တိုက်ရိုက်ပြ ၁၄-ပါး၊ ယေဝါပနကအရ မနသိကာရ၊ ဥဒ္ဓစ္စတို့နှင့်တကွ ၁၆-ပါးဖြစ်သည်"တဲ့။

လောဘမူစိတ်မှာပါဝင်တဲ့ တရားပေါင်းက ၃၂-ပါးရှိတယ်၊ တရားကိုယ်ကတော့ ၁၆-ပါးရှိတာပဲ၊ ထပ်တူဖြစ်နေတဲ့ တရားတွေကို မကောက်တော့ဘဲ သီးသန့် တရားကိုယ်ကို ကောက်ယူရတယ်။ အဲဒါ ရှင်းသွားအောင် ဒီလိုကြည့်မှပဲ-

လောဘမူပထမစိတ်၌ တရားပေါင်း ၃၂-ပါး၊ တရားကိုယ် ၁၆-ပါးဟူသည်မှာ-

| | | |
|---|---|---|
| ဖဿပဉ္စမကတရားပေါင်း | ၅-ပါး၊ | တရားကိုယ် ၅-ပါး၊ |
| ဈာနင်တရားပေါင်း | ၅-ပါး၊ | တရားကိုယ် ၄-ပါး၊ |
| ဣန္ဒြေတရားပေါင်း | ၅-ပါး၊ | တရားကိုယ် ၂-ပါး၊ |
| မိစ္ဆာမဂ္ဂင်တရားပေါင်း | ၅-ပါး၊ | တရားကိုယ် ၁-ပါး၊ |
| ဗိုလ်တရားပေါင်း | ၄-ပါး၊ | တရားကိုယ် ၂-ပါး၊ |
| မူလတရားပေါင်း | ၂-ပါး၊ | တရားကိုယ် ၂-ပါး၊ |
| ကမ္မပထတရားပေါင်း | ၂-ပါး၊ | တရားကိုယ် x |
| လောကနာသကတရားပေါင်း | ၂-ပါး၊ | တရားကိုယ် x |

(တတိယအကြိမ်)

မေတ္တာစတဲ့ ဘာဝနာတွေဟာ ကုသိုလ်လား၊ အကုသိုလ်လား၊ ရူပါဝစရျာန်တွေဆိုတာလည်း ကုသိုလ်လား၊ အကုသိုလ်လားဆိုတာ ရှင်းလင်းစွာ သိနိုင်ပါတယ်။

နောက်ပြီးတော့ မိခင်၊ ဖခင်၊ ဆရာသမား စသည်တွေကို အရှိအသေပြုနေကြတဲ့ဟာတွေမှာလည်း ကျေးဇူးရှင် မိခင်၊ ဖခင်၊ ဆရာသမားတွေပဲလို့ အာရုံပြုပြီးတော့ ရိုသေသမှုပြုကြရတာပါပဲ၊ ဒီရိုသေမှုတွေဟာလည်း ကုသိုလ်တွေပဲ ဖြစ်ပါတယ်၊ ခုနက ပုဂ္ဂိုလ်အယူအဆနဲ့ဆိုရင် ကိုယ့်မိခင်၊ ဖခင်၊ ဆရာသမားဆိုတဲ့အနေနဲ့ အာရုံပြုတဲ့အတွက်ကြောင့် ဒိဋ္ဌိနဲ့ယှဉ်တဲ့ ရိုသေမှုလို့ ဆိုရလိမ့်မယ်၊ အဲဒီလိုဆိုရင် ရိုသေမှုဟာ ကုသိုလ်မဟုတ်နိုင်တော့ဘူး၊ ဒိဋ္ဌိနဲ့ယှဉ်တယ်ဆိုပြီး အကုသိုလ်ဖြစ်နေပြီပေါ့၊ အဲဒီလိုမဟုတ်ပါဘူး၊ ရိုသေခြင်းဆိုတာလည်း ကုသိုလ်ပဲ ဖြစ်ပါတယ်၊ သူ့အယူအတိုင်းသာဆိုရင် တရားတော်တွေဟာ တော်တော်မှားယွင်း ပျက်စီးကုန်ပြီ၊ ကုသိုလ်က အကုသိုလ်ဖြစ်၊ အကုသိုလ်က ကုသိုလ်ဖြစ်နဲ့ ပြောင်းပြန်တွေဖြစ်ကုန်တော့မှာပဲ၊ အဲဒီအယူဝါဒတွေကို သတိထားကြရမယ်၊ အင်မတန်မှ ကြောက်စရာကောင်းတဲ့ သာသနာ့အန္တရာယ်တွေပဲ၊ ဘာသာရေးနုနယ်တဲ့ ပုဂ္ဂိုလ်တွေကတော့ ဘုရားဟောပါဠိတွေက ဘယ်လို အဋ္ဌကထာဋီကာဖွင့်က ဘယ်လိုဆိုပြီး ကျမ်းဂန်တွေကို ကိုးကားပြောလိုက်ရင် အဟုတ်အောက်မေ့ပြီး ယုံကြည်သွားတတ်ကြပါတယ်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေကတော့ မမှားပါဘူး၊ အမှန်တွေကို ဟောကြားဖွင့်ဆိုထားကြတာပါပဲ၊ ကျမ်းဂန်တွေကိုကြည့်ပြီး ဆိုလိုရင်းကိုမသိဘဲနဲ့ ကိုယ်ထင်ရာရမ်းပြီး ယူဆပြောဆိုတာကသာ မှားတာပါပဲ။

အဲဒီမှာပဋိပတ္တိလုပ်ငန်းကို ဘုရားဟောနဲ့အညီ ကိုယ်တိုင်စနစ်တကျ ခရီးရောက်အောင် အားထုတ်ထားမှု ဘာမှမရှိဘဲနဲ့ စာပေသဘောမျှနဲ့ ယူဆပြီး မှားနေတာလည်း ရှိတတ်ပါတယ်၊ ဒါကတော့ နည်းပါတယ်၊ တချို့ကတော့ စာပေလည်းမရှိ၊ အကျင့်အသိလည်းမရှိဘဲနဲ့ ကိုယ်ထင်ရာကိုယ်စိုင်းပြီး မှားနေကြတာလည်းရှိတယ်၊ ကိုယ်မှားရုံတင်သာ မကသေးဘူး၊ သူတစ်ပါးတွေကိုပါ အမှားလမ်းကြောင်းပေါ်ကို ဆွဲတင်လိုက်ကြသေးတယ်၊ ဒါကြောင့် ဒါတွေကို သတိပြုပြီး အန္တရာယ်မဖြစ်ကြရအောင် နေတတ်ကြဖို့ရာ သတိပေးစကား ဟောကြားလိုက်ရတာပါပဲ၊ ကဲ ကျန်တဲ့ အကုသိုလ်စိတ်ကို ဝေဖန်ထားပုံ ဟောကြဦးစို့။

(တတိယအကြိမ်)

"ဥပေက္ခာသဟဂုတ် ဉာဏ်သမ္ပယုတ် မောဟမူစိတ်၌လည်း ထိုအတူပင် ဝိစိကိစ္ဆာမပါ ဥဒ္ဓစ္စနှင့်တကွ တိုက်ရိုက်ပြ ၁၄-ပါး၊ ယေဝါပနအရ အဓိမောက္ခ, မနသိကာရတို့နှင့် ၁၆-ပါးပင် ဖြစ်သည်" တဲ့။

အဲဒီမှာ ထိုအတူဆိုတာက မောဟမူ ဝိစိကိစ္ဆာမှာလိုပါပဲတဲ့၊ ၁၄-ပါး၊ ၁၆-ပါး ဖြစ်တယ်တဲ့။ ဒါပေမယ့် အပြောင်းအလဲလေးတော့ရှိတယ်။ အရင်က ဝိစိကိစ္ဆာနေရာမှာ ဥဒ္ဓစ္စကို ပြောင်းထည့်လိုက်ရတဲ့ အပြောင်းအလဲလေးပါပဲ။ ဒါပဲထူးပါတယ်။ အခု ဒီမှာ ယေဝါပနအရ အဓိမောက္ခ ပါဝင်လာတယ်။ ဟိုတုန်းကတော့ ဥဒ္ဓစ္စက ယေဝါပနထဲမှာပဲ၊ ဟိုတုန်းက အဓိမောက္ခ မပါခဲ့ပါဘူး၊ အဓိမောက္ခဆိုတာ ဆုံးဖြတ်တဲ့သဘောပဲ။ ဝိစိကိစ္ဆာက ယုံမှားတွေးတောတဲ့ စိတ်ဆိုတော့ ဘယ်မှာဆုံးဖြတ်လို့ဖြစ်နိုင်မှာလဲ။ မဆုံးဖြတ်နိုင်ဘူး။ ဒါကြောင့် အဲဒီတုန်းက အဓိမောက္ခမပါခဲ့တာပဲ။ အခုလဲ ဒီဥဒ္ဓစ္စကျတော့ ပျံ့လွင့်တယ် ဆိုပေမယ့် အာရုံကိုဆုံးဖြတ်တဲ့ သဘောလေးတော့ ရှိသေးတယ်။ ဒါကြောင့် ဒီကျတော့ အဓိမောက္ခပါလာရတယ်။ နောက်ပြီး အဲဒီစာရွက်ထဲမှာ နောက်ပိုင်း လက်သည်းကွင်းကလေးနဲ့ စာပိုဒ်လေးရှိတယ်။ ဘာလဲဆိုရင်-(အထူးသတိပြုရန်မှာ တရားကိုယ် အရေအတွက်တို့၌ စိတ်ပါထည့်တွက်ထားသည်ကို အထူးသတိပြုပါ)တဲ့။

သတိမပြုရင် ဝိစိကိစ္ဆာစိတ်မှာ စေတသိက် ၁၅-ပါးပဲ ယှဉ်တာ၊ ဒီမှာ ဘာကြောင့် ၁၆-ပါး ဖြစ်နေပါလိမ့်မလဲလို့ အမှတ်တမဲ့ ဖြစ်သွားတတ်တယ်၊ စေတသိက်ချည်းဆိုရင်တော့ ၁၅-ပါး ဟုတ်ပါတယ်၊ ၁၆-ပါး ဖြစ်ရတာကတော့ စိတ်ပါထည့်ထားပြီး ပေါင်းယူလိုက်လို့ပါပဲ၊ လောဘမူပထမစိတ်တုန်းကလည်း ဒီလိုပဲ၊ စိတ်ပါထည့်ပေါင်းထားလိုက်တာပါပဲ၊ ကျန်တဲ့စိတ်တွေမှာလည်း ဒီအတိုင်းပင် သတိထားကြရမယ်၊ အဘိဓမ္မာအကုသိုလ်စိတ်အတွက် ဒီလောက်ဆိုရင် ရိပ်မိလောက်ပါပြီ၊ ခရေစေ့တွင်းကျ ဟောနေလို့တော့မဖြစ်ဘူး၊ အင်မတန် ရှည်လျားသွားပါလိမ့်မယ်၊ အကုသိုလ်စိတ် ဝေဖန်ပုံ အပြီးသတ်လိုက်ကြပါစို့။

## ယုံမှားမှုတွေက ဖြစ်တတ်တယ်

လောကုတ္တရာပထမမဂ်စိတ်က ဒိဋ္ဌိကိုပယ်တယ်၊ ဝိစိကိစ္ဆာကိုပယ်တယ်၊ ဒီတော့ သောတာပတ္တိပထမမဂ်သို့ ရောက်ရှိပြီး သွားပြီဆိုရင် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ

ကင်းသွားပြီ၊ အရင်ကပြောခဲ့တဲ့ ဒိဋ္ဌိအယူဝါဒ အမျိုးမျိုးတွေကို လက်မခံတော့ဘူး၊ ပြီးတော့ ဝိစိကိစ္ဆာကင်းသွားပြီ ဖြစ်လို့လည်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အပေါ်မှာလည်း ယုံမှားမှုတွေ မရှိတော့ဘူး ကင်းသွားပြီ။

သီလ၊ သမာဓိ၊ ပညာနဲ့ စပ်ရာမှာလည်း ယုံမှား သံသယမရှိတော့ဘူး ကင်းသွားပြီ၊ အဲ တချို့ ပုဂ္ဂိုလ်တွေဟာ မိမိတို့ရဲ့ အကျင့်သီလ၊ သိက္ခာနဲ့ စပ်ပြီးတော့ ယုံမှားသံသယမှုတွေ ဖြစ်တတ်ကြတယ်၊ ဒီလို အကျင့်သီလတွေကို ဆောက်တည် ကျင့်သုံးနေတာဟာ ဟုတ်မှဟုတ်ပါ့မလားလို့ ယုံမှားသံသယတွေ ဖြစ်တတ်တယ်၊ သမာဓိ အကျင့်တွေမှာလည်း ဒီလိုပဲ၊ ပထဝီ၊ ပထဝီ စသည်ဖြင့် ရှုနေတော့ ဈာန်ရတယ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လား၊ နှာသီးဖျားမှာ တိုက်ခိုက်ပြီး ဝင်ထွက်နေတဲ့ ဝင်လေ၊ ထွက်လေကို ရှုနေရုံနဲ့ ဈာန်ရတယ်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား၊ ချမ်းသာပါစေ၊ ချမ်းသာပါစေလို့ ဒီလို နှလုံးသွင်း မေတ္တာပို့နေရုံနဲ့ ဈာန်ရတယ်ဆိုတာကော ဟုတ်မှ ဟုတ်ပါ့မလား စသည်ဖြင့် သမာဓိနဲ့ စပ်ပြီးတော့လည်း ယုံမှားမှုတွေ ဖြစ်နေတတ်ကြတယ်။

ပညာနဲ့စပ်ပြီးတော့လည်း ဒီလိုပဲ ဖြစ်တတ်တာပဲ၊ ဒွါရခြောက်ပါးက ဖြစ်တိုင်း ပျက်တိုင်း မြင်တယ်၊ ကြားတယ်လို့ ရှုမှတ်နေရုံနဲ့ ရုပ်နာမ်တွေကို ပိုင်းခြားပြီးတော့သိတဲ့ ဝိပဿနာဉာဏ်တွေဖြစ်တယ်၊ ဒီလို ဝိပဿနာဉာဏ် တွေ အဆင့်ဆင့် ရင့်သန်ပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ဖြစ်တယ်ဆိုတာတွေ ကော ဟုတ်မှ ဟုတ်ပါ့မလားလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို မရသေးဘူးတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီလိုပညာနဲ့စပ်ပြီးတော့လည်း ယုံမှား သံသယတွေ ဖြစ်တတ် ကြတာပဲ၊ လောကုတ္တရာ ပထမမဂ်ရပြီဆိုရင်တော့ ဒီလိုယုံမှားသံသယတွေ ကင်းသွားပြီ၊ ဘာဖြစ်လို့ ကင်းသွားသလဲဆိုတော့ ကိုယ်တိုင်ကိုယ်ကျ အမှန်တရားကို ပိုင်ပိုင်နိုင်နိုင် ရရှိထားလို့ပါတဲ့။

ဥပမာ–မစားဖူးသေးတဲ့ အစားအာဟာရဆိုရင် ဘယ်လို အရသာရှိမှာပါလိမ့်လို့ ယုံမှားနေပေလိမ့်မယ်၊ တွေးတောနေပေလိမ့်မယ်၊ ကိုယ်တိုင်စားဖူးပြီလို့ သိထားတဲ့အရသာ ဆိုရင် ဘယ်အချိန် ဘယ်အခါမှာပဲဖြစ်ဖြစ် ဒီအစာအာဟာရနဲ့ ပတ်သက်လာရင် အဲဒီ အဟာအာဟာရအတွက် ဘယ်လို အရသာဆိုတာ ယုံမှား တွေးတောနေစရာ အကြောင်းမရှိတော့ဘူး၊ အဲဒီလိုပါပဲ တရားသဘောတွေကို

ကိုယ်တိုင်က တွေ့သိပြီးဖြစ်နေတော့ ဘာမှ ယုံမှားမှုမရှိတော့ဘူး၊ ရုပ်နာမ် သင်္ခါရတွေကို လမ်းဆုံးတိုင်အောင် ရှုမှတ်တဲ့ ပုဂ္ဂိုလ်တွေဆိုရင် နိဗ္ဗာန်ကို ကိုယ်တိုင်တွေ့ကြရတော့တာပါပဲ။

နိဗ္ဗာန်ဆိုတာ ရုပ်နာမ်သင်္ခါရတွေ ချုပ်ငြိမ်းသွားတာ ဖြစ်ပါတယ်၊ အဲဒီ သင်္ခါရငြိမ်းတဲ့သဘောထဲကို ရောက်သွားတာပဲ၊ တစ်ခါရောက်ရုံမျှ မဟုတ်သေးပါဘူး၊ သင်္ခါရုပေက္ခာဉာဏ်အားကြီးလို့ ခဏခဏ နှလုံးသွင်းနေလို့ရှိရင် အဲဒီ နိဗ္ဗာန် အာရုံထဲကို မကြာမကြာ ပြန်ရောက်ရောက်နေတာပါပဲ၊ အဲဒါကို ဖလသမာပတ်လို့ ခေါ်ပါတယ်၊ တချို့ ငါးမိနစ်၊ တချို့ ဆယ်မိနစ်၊ တချို့နာရီဝက်၊ တချို့ တစ်နာရီ စသည် တချို့ တစ်ရက်လုံးကြာတာတွေတောင် ရှိပါတယ်၊ အဲဒါ ဟာ တရားကို ကိုယ်တိုင်တွေ့ သိနေကြတာတွေတဲ့၊ သူတို့အဖို့ရာမှာ ယုံမှားမှုဆိုတာ မရှိတော့ဘူးပေါ့၊ ဒါကြောင့်မို့ သောတာပတ္တိမဂ်ကို ရောက်လို့ရှိရင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု ကင်းတော့တာပဲ တဲ့။

အဲဒါတွေ အဲဒီစာရွက်ထဲမှာ ဖော်ပြထားတဲ့အတိုင်းပါပဲ၊ ၁-နံပါတ်နဲ့ ၅-နံပါတ် စိတ်များမှာ ၁-နံပါတ်နဲ့ ၂-နံပါတ်တွဲ၍ သသင်္ခါရိကစိတ်၊ ၅-နံပါတ်နဲ့တွဲ၍ ၆-နံပါတ် ဖြစ်တဲ့ သသင်္ခါရိကစိတ်၊ အဲဒီလို ၁၊ ၂၊ ၅၊ ၆ အမှတ်စဉ်စိတ်များကင်းတယ်တဲ့၊ ပြည့်ပြည့်စုံစုံ သရုပ်ဖော်ပြမယ်ဆိုရင်တော့ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကနဲ့ သသင်္ခါရိက ဒီက ၂-ပါး၊ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကနဲ့ သသင်္ခါရိက ဒီက ၂-ပါး၊ အားလုံး အဲဒီ ၄-ပါးပဲ၊ အဲဒါတွေကင်းတဲ့ အတွက်ကြောင့်မို့ မှားတဲ့အယူ၊ မှားတဲ့အယူနဲ့ တွဲဖြစ်တဲ့စိတ်တွေ မရှိတော့ဘူးတဲ့။

## အပါယ်မကျနိုင်တော့ဘူး

ပြီးတော့ အပါယဂမနီယဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ အပါယ်လားကြောင်း အကြမ်းစား ကိလေသာတွေဟာ သောတာပတ္တိမဂ်ကို ရောက်ရင် မရှိတော့ဘူး၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်တွေ မကင်းသေးပေမယ်လို့လည်း အပါယ်ကို ကျရောက်စေတတ်တဲ့ ကိလေသာတွေဆိုတာကတော့ မဟုတ်ဘူးပေါ့၊ အပါယ်ကို ကျစေနိုင်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေကတော့ စိတ်ချလက်ချကို

ကင်းသွားတော့တာပဲ၊ အဲဒါတွေက ဘာတွေလဲဆိုရင် သူတစ်ပါးအသက်ကို သတ်ခြင်း၊ သူတစ်ပါးဥစ္စာကိုခိုးခြင်း၊ သူတစ်ပါး သားမယားကို ကျူးလွန်ပြစ်မှားခြင်း၊ မဟုတ်မမှန် လိမ်ညာပြောဆိုခြင်း၊ မူးယစ်စေတတ်တာတွေကို သုံးဆောင်ခြင်းတဲ့၊ ဒီဒုစရိုက်တွေကို ထမြောက်အောင်မြင်အောင် မပြုမလုပ်တော့ဘူးတဲ့၊ သောတာပန်မှာ အဲဒါတွေ ကင်းငြိမ်းသွားပြီ တဲ့။

## အထက်အထက်ဆင့်တွေ

လောကုတ္တရာစိတ်တုန်းက "ဒိဋ္ဌိဂတာနံ ပဟာနာယ၊ ဒိဋ္ဌိအယူတွေကို ပယ်ရန်အလို့ငှါ။ လောကုတ္တရာ ဈာနံ ဘာဝေတိ၊ လောကုတ္တရာဈာန်ကို ဖြစ်ပွားစေသည်" စသည်ဖြင့် ပြောခဲ့တယ်၊ အဲဒီတုန်းက ပထမမဂ်အဆင့်မှာ ကင်းသင့် ကင်းထိုက်တာတွေလောက်သာ ပြောခဲ့ပါတယ်၊ ဒုတိယအဆင့် စသည်တွေအတွက် မပြောခဲ့ရသေးဘူး၊ အခုဆက်ပြီး ပြောရဦးမယ်။

ဒုတိယအဆင့်ကျတော့ "ကာမရာဂဗျာပါဒါနံ တနုဘာဝါယ" တဲ့၊ ကာမရာဂ ဗျာပါဒတွေ နည်းပါးသွားတယ်တဲ့၊ အတိုင်းအတာ ပမာဏနဲ့ အတိအကျ ပြလို့ကတော့ မဖြစ်ဘူး၊ သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်မှာ ကာမအာရုံတွေကို နှစ်သက်သာယာမှုဆိုတာတော့ ရှိတာပါပဲ၊ ပုထုဇဉ် ပုဂ္ဂိုလ်များလောက်သာ လွန်လွန်ကဲကဲ မကြမ်းတမ်းတာ၊ အထိုက်အလျောက်ကတော့ ရှိသေးတာပဲ၊ စိတ်ဆိုးတဲ့ ဒေါသဆိုတာလည်းရှိတာပဲ၊ အဲဒါတွေ နည်းပါးသည်အထိ နည်းပါး သွားအောင် ရုပ်နာမ်ဓမ္မတွေကို ဝိပဿနာရှုမှတ် ပွားများရတယ်၊ အဲဒီမှာ ဝိပဿနာဉာဏ်တွေ ရင့်သန်လို့ ဒုတိယအဆင့်ကိုရောက်ပြီဆိုရင်ဒီကာမရာဂဗျာပါဒ တွေဟာ နည်းပါးသွားတာပဲတဲ့။

နောက် တတိယအဆင့်သို့ရောက်အောင် ပွားများအားထုတ်တော့ အနာဂါမိ ဖိုလ်ကိုရောက်တယ်၊ အဲဒီ တတိယအဆင့်ကိုရောက်ရင် "ကာမရာဂ ဗျာဒါနံ အနဝသေသပဟာနာယ" တဲ့၊ ကာမရာဂဗျာပါဒတွေ ထိုအကြွင်းမဲ့ပယ်နိုင်အောင် အားထုတ်တဲ့အတွက်ကြောင့် အဲဒါတွေကင်းသွားတယ်တဲ့၊ အနာဂါမ်ဖြစ်သွားရင် ကာမရာဂဗျာပါဒတွေ အကုန်လုံးကင်းသွားပြီတဲ့၊ ကာမအာရုံတွေနဲ့ စပ်ပြီးတော့

နှစ်သက်သာယာမှု မရှိတော့ဘူး၊ မလွှဲမကင်းသာတဲ့ သုံးဆောင်မှုဆိုတာကတော့ ရှိပါသေးတယ်၊ သို့ပေမယ့်လို့ အဲဒီမှာ သာယာမှုကတော့ မရှိတော့ဘူး။

ဥပမာ–အစားအသောက်တို့ဆိုရင် သဘာဝအလျောက် လွှဲကင်းမဖြစ်လို့သာ စားသောက်သုံးဆောင်နေရတာပဲ၊ အဲဒီ အစာအာဟာရတွေနဲ့ စပ်ပြီးတော့ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ သာယာမှုတော့မရှိတော့ဘူး၊ အာဟာရ ဖြစ်ရင် ပြီးတာပဲဆိုတဲ့ အနေနဲ့ သုံးဆောင်ကြတော့တယ်၊ သင့်လျော်တဲ့ အာဟာရကိုတော့ မသုံးဆောင်လို့ မဖြစ်ဘူးပေါ့၊ ရရှိထားပြီးဖြစ်တဲ့ ခန္ဓာကိုယ်အတွက် သင့်လျော်သလို မှီဝဲသုံးဆောင်ပေးရပါသေးတယ်၊ ကာမဂုဏ်နဲ့စပ်တဲ့ အတွေ့အထိတွေ ဆိုရင် သာယာမှုတွေ လုံးဝမရှိတော့ဘူး၊ အကြွင်းအကျန်မရှိအောင် ပယ်သတ်နိုင်ပြီတဲ့၊ စိတ်ဆိုးမှုဆိုတဲ့ ဗျာပါဒတွေလည်း အားလုံးကင်းသွားပြီပဲ။

နောက် စတုတ္ထဆင့် အရဟတ္တမဂ်ကျတော့ ရူပရာဂ၊ အရူပရာဂ၊ ဥဒ္ဓစ္စ၊ မာန၊ အဝိဇ္ဇာ ဆိုတဲ့ ကိလေသာတွေကို "အနဝသေသပဟာနာယ"တဲ့၊ အကြွင်းအကျန် မရှိရအောင် ပယ်နိုင်တယ်တဲ့၊ အနာဂါမ်တုန်းက မပယ်နိုင်ခဲ့သေးတဲ့ ရူပဘုံ ရူပဘဝ၊ အရူပဘုံ–အရူပဘဝတွေကိုပါ မသာယာတော့ဘဲ အားလုံးပယ်နိုင် သွားပြီ၊ အဲဒီဘုံဘဝတွေမှာ ဖြစ်လိုတဲ့ဆန္ဒကို မရှိတော့ဘူးတဲ့၊ ဥဒ္ဓစ္စစိတ်ပျံ့လွင့်မှုဆိုတာ လည်း မရှိတော့ဘူး၊ မာန–ဝင့်ဝါမြင့်မားမှုဆိုတဲ့ စိတ်ထားမျိုးလည်း မရှိတော့ဘူး။

မာနဆိုတာ နှစ်မျိုးရှိပါတယ်၊ ယာထာဝမာန၊ အယာထာဝမာန တဲ့၊ ယာထာဝမာနဆိုတာ မိမိရဲ့သန္တာန်မှာ တကယ်ဟုတ်မှန်စွာရှိတဲ့ သီလအစရှိတဲ့ ဂုဏ်တစ်ခုခုကို အကြောင်းပြုပြီးတော့ စိတ်နေသဘောထား မြင့်မားနေတာကို ခေါ်ပါတယ်၊ အဲဒီ မာနကတော့ အနာဂါမ်အထိ မပယ်နိုင်သေးဘူး၊ အဲဒီမှန်ကန်တဲ့ မာနမျိုးကတော့ အနာဂါမ်မှာရှိသေးတယ်၊ ကိုယ်က အမျိုးအနွယ်အနေနဲ့ မြင့်မြင့်နေမယ်၊ ကိုယ်က သူများထက် သီလ အစရှိတဲ့ ဂုဏ်တွေပြည့်စုံနေမယ် ဆိုရင် အဲဒီ မှန်ကန်တဲ့အတိုင်း စိတ်နေမြင့်နေတာပဲ၊ အယာထာဝမာန ဆိုတာကတော့ ကိုယ့်မှာ ထိုက်တန်တဲ့ဂုဏ်ဆိုလို့ ဘာမျှမရှိပါဘဲနဲ့ ရှိနေသယောင် ယောင် ဝင့်ဝါမြင့်မားနေတာကိုခေါ်ပါတယ်၊ အဲဒီမာနမျိုးကိုတော့ အရိယာဖြစ်လာရင် ဘယ်အရိယာသန္တာန်မှာမှ မရှိတော့ဘဲ ပယ်ပြီးသားချည်းပါပဲ။

(တတိယအကြိမ်)

အဝိဇ္ဇာ–ဆိုတာ သစ္စာအမှန်အကန်ကို ဖုံးလွှမ်းကာကွယ်မှုပဲ၊ အဲဒါကို အနာဂါမ်ပုဂ္ဂိုလ်အထိ မပယ်နိုင်သေးဘူး၊ အနာဂါမ်မှာ အဲဒီအဝိဇ္ဇာကို အကြွင်းမဲ့ မပယ်နိုင်သေးတဲ့ အတွက်ကြောင့်မို့ သုခသညာ၊ သုခစိတ္တ ဆိုတဲ့ ဝိပလ္လာသတွေ ကျန်နေသေးတယ်၊ ချမ်းသာတယ် ကောင်းတယ်လို့ ထင်မှတ် စွဲလမ်းနေတာဟာ အဝိဇ္ဇာ မကင်းသေးလို့ပါပဲ၊ အနာဂါမ်မှာ ရူပ၊ အရူပ ဘုံဘဝတွေကို ချမ်းသာတယ်၊ ကောင်းတယ်လို့ စွဲလမ်းမှုရှိသေးတယ်၊ အရဟတ္တမဂ်ရောက်ရင် အဲဒါတွေ အကုန်ပယ်လိုက်လို့ ကင်းသွားပြီ–တဲ့။

အဲဒါတွေကို လောကုတ္တရာစိတ်တွန်းက ဟောခဲ့ပါတယ်၊ ဒါကြောင့် အဘိဓမ္မာမှာ ကုသိုလ်တရားဖြစ်တဲ့ ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်၊ လောကုတ္တရာကုသိုလ်လို့ ကုသိုလ်လေးမျိုးဝေဖန်တာကို ဟောလို့ ပြီးသွားပါပြီ၊ အကုသလာဓမ္မာအရ အကုသိုလ် စိတ်ကတော့ ၁၂–ခုပဲ၊ ဒီမှာ အပြည့်အစုံပါတယ်၊ အဲဒါပဲ၊ ဒီပြင်မရှိဘူး၊ အဲဒီ အကုသိုလ်စိတ်လည်း အရေးကြီးတာပဲ၊ ကိုယ့်သန္တာန်မှာ ဖြစ်နေလို့ရှိရင် ဘယ်လို အကုသိုလ်စိတ် ဖြစ်နေတယ်ဆိုတာ သိဖို့ခဲယဉ်းတယ်၊ အကြမ်းစားဖြစ်တဲ့ လောဘ၊ ဒေါသတွေ ဖြစ်နေရင်တော့ သိနိုင်စရာရှိပါတယ်၊ အနုစားဖြစ်နေတဲ့ လောဘ၊ ဒေါသတွေကိုတော့ အင်မတန် သိနိုင်ခဲတာပါပဲ။

## လယ်တီဆရာတော်ဘုရားကြီး အဆုံးအဖြတ်

လယ်တီဆရာတော်ဘုရားကြီးရဲ့ အဆုံးအဖြတ်တစ်ခုကို တစ်နေရာမှာ တွေ့ရဖူးတယ်၊ အရိယာပုဂ္ဂိုလ်များမှာတော့ မစဉ်းစားရင် သူများလိုပဲတဲ့၊ စိတ်တွေဟာ သာမန် ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေတာပါပဲ တဲ့၊ စဉ်းစားဆင်ခြင်လိုက်လို့ ရှိရင်သာ အတ္တကောင်လေး မရှိဘူးဆိုတာ သိနိုင်တယ်တဲ့၊ အဲဒါဟာ ဟုတ်ပါတယ်၊ ဘုန်းကြီးတို့ ဒီကနည်းလမ်းအတိုင်း ပြည့်ပြည့်စုံစုံ တရားအားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေမှာ အတ္တကောင်လေးဟာ ပျောက်နေတတ်ပါတယ်၊ တစ်ခါက ယောဂီဒကာကြီး တစ်ယောက်က လျှောက်ထားဖူးတယ်၊ အခုတော့ အဲဒီ ဒကာကြီး မရှိရှာတော့ပါဘူး၊ တပည့်တော်တို့မှာ ဘုရားတဲ့၊ အရင်တုန်းကတော့ စဉ်းစားကြည့်လိုက်ရင် ကိုယ်ထဲမှာ အတ္တကောင်လေး ရှိနေသလိုပဲတဲ့၊ အသက် ရှင်နေတဲ့ အတ္တကောင်လေးဟာ ရှိနေတာပဲတဲ့၊ အခုတရားအားထုတ်ပြီတော့

အဲဒီ အတ္တကောင်လေးဟာ မရှိတော့ဘူး ဘုရားတဲ့၊ စဉ်းစားတိုင်း စဉ်းစားတိုင်း ဒီကောင်လေးမရှိတော့ဘူးတဲ့၊ ဝိပဿနာရှုတုန်းက အတိုင်းပဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်မျှပဲ ရှိတော့တယ်တဲ့၊ အဲဒီလိုလျှောက်ထားဖူးပါတယ်၊ ဟုတ်တယ် လယ်တီဆရာတော်ဘုရားကြီး အဆုံးအဖြတ်အတိုင်း မှန်နေတာပဲ၊ တရားအားထုတ်လို့ အတ္တပယ်နိုင်တဲ့ အရိယဉာဏ်ထိအောင် ရောက်သွားရင် အဲဒီအတိုင်းပဲ၊ စဉ်းစား ဆင်ခြင်ကြည့်လိုက်ရင် အတ္တလေးဟာ ရှာလို့မရတော့ဘူး၊ ပျောက်နေပြီ ရုပ်နာမ်မျှ ရှိတော့တာပဲ။

ပုထုဇဉ်အနေနဲ့ကတော့ မစဉ်းစားဘဲနဲ့နေရင် သိပ်ပြီးတော့ မထင်ရှားဘူးတဲ့၊ ကိုယ်ထဲမှာ အတ္တဆိုတာ ဟုတ်လေသလား၊ မဟုတ်လေသလားလို့ စဉ်းစား ကြည့်ခါမှ အတ္တဟုတ်နေတာတဲ့၊ လယ်တီဆရာတော်ဘုရားကြီးက အဲဒီလိုဆိုထားတယ်၊ ဟုတ်တယ်၊ အတ္တမရှိဘူးလို့သာဆိုတာ၊ စဉ်းစားနေတာဟာ ငါပဲ လို့ ငါမရှိဘဲနဲ့ ဘယ့်နှယ်လုပ်ပြီး စဉ်းစားလို့ ဖြစ်ပါ့မလဲ၊ ငါရှိလို့ ငါကပဲ အရင်စဉ်းစားထားတာတွေကို အခု ထပ်ပြီးတော့ စဉ်းစားတာပဲကိုး၊ အရင်က ဖွဲ့လမ်းလာခဲ့တဲ့ အတ္တဟာ အခု ထပ်စဉ်းစားတော့ အရင်ကအတိုင်းပဲ ပြန်ရောက်လာတာပေါ့၊ ဒီတော့ လယ်တီဆရာတော်ဘုရားကြီး ပြောတာဟုတ်တယ်။

ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ မစဉ်းစားဘဲ အမှတ်မဲ့နေရင် အတ္တစွဲက သိပ်မထင်ရှားဘူး၊ စဉ်းစားလိုက်မှ ငါဆိုတဲ့ အတ္တစွဲလေးက ပေါ်လာတာကိုး၊ ဝိပဿနာ ရှုမှတ်ထားတဲ့ ပုဂ္ဂိုလ်တွေဆိုရင်တော့ ရှုမှတ်စဉ်က ရုပ်နာမ်တွေပေါ်လာတာဖြစ်လို့ အဲဒီ အတ္တစွဲက ပျောက်တန်သလောက် ပျောက်နေတယ်၊ ဝိပဿနာမရှုမှတ်ဖူးတဲ့ ပုဂ္ဂိုလ်တွေမှာတော့ ရုပ်နာမ်ရယ်လို့ ပေါ်လာဖူးတာမဟုတ်လို့ အတ္တစွဲဟာ အတ္တစွဲအတိုင်း စဉ်းစားရင် အရင်ကလို ပေါ်မြဲပေါ်လာမှာပေါ့၊ ဝိပဿနာရှုမှတ်ဖူးလို့ ရုပ်နာမ်ပေါ်လာဖူးတယ်ဆိုရင် အရိယာအဖြစ်သို့ မရောက်နိုင်သေးတော့ စဉ်းစားလိုက်လို့ရှိရင် အတ္တကောင် ပျောက်သွား တာကို တွေ့နိုင်ပါတယ်၊ အရိယာအဖြစ်ရောက်သွားလို့ရှိရင်တော့ ဒီအတ္တစွဲဟာ လုံးလုံးပျောက်သွားပါတယ်။

"သဗ္ဗသင်္ခါရသမထော" တဲ့၊ သိစရာအာရုံရော၊ သိတဲ့စိတ်ရော ရုပ်နာမ် သင်္ခါရအပေါင်းစုံ အကုန်ချုပ်ငြိမ်းကာမှ နိဗ္ဗာန်တဲ့၊ သောတာပတ္တိမဂ်ကလည်း အဲဒီနိဗ္ဗာန်ကို အာရုံပြုတာပဲ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်လို့ခေါ်တယ်၊ ပယ်တာ

(တတိယအကြိမ်)

မဟုတ်ဘူး၊ မျက်မှောက်ပြုတာကိုပြောတာပဲ၊ ပယ်တာကတော့ ခုနကပြောခဲ့တဲ့ စိတ်ငါးခုကိုပယ်တာ၊ ဒီစိတ်ငါးခုနဲ့အတူ အပါယ်ကျရောက်စေတတ်တဲ့ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်တွေလည်းပါတယ်၊ ဒေါသစိတ်တွေကလည်းပါတယ်၊ အပါယ်ကို ကျရောက်နိုင်တဲ့ အကြမ်းစား အကုသိုလ်တွေ အကုန်လုံး ပယ်တဲ့အထဲပါသွားတာပဲ၊ သကဒါဂါမိမဂ်ကျတော့ ကာမရာဂဗျာပါဒ အကြမ်းစားတွေနဲ့ ယှဉ်ဘက် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၊ ဒေါသမူစိတ် ၂–ခု၊ အဲဒါတွေ အကုန်လုံး တနုကရအနေနဲ့ ပါသွားတယ်၊ နည်းပါးသွားတယ်၊ ဒိဋ္ဌိနဲ့မယှဉ်ဘဲ ကာမရာဂစိတ် ဖြစ်တော့ ဖြစ်သေးတာပဲ၊ ဖြစ်ပေမယ်လို့ ကြမ်းကြမ်းတမ်းတမ်း မဖြစ်တော့ဘူးတဲ့၊ ဒေါသစိတ်လည်း လုံးဝတော့မကင်းသေးဘူး၊ ဒါပေမယ့် ဖြစ်ခဲတယ်၊ ဖြစ်တော့ လည်းပဲ တစ်ခါတစ်ရံပဲ၊ ကြမ်းကြမ်းတမ်းတမ်း မဖြစ်ဘူး၊ နူးညံ့သွားတယ်။

အနာဂါမိမဂ်ကို ရောက်တဲ့အခါကျတော့ အဲဒီ ကာမရာဂဆိုင်ရာဖြစ်တဲ့ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၊ ဒေါသမူစိတ် ၂–ခု၊ အဲဒါအားလုံး အကုန် ကင်းသွားတယ်၊ အဲ ဒေါသကတော့ အကုန်ကင်းသွားတယ်၊ ဝိပ္ပယုတ် ၄–ခုကတော့ ကာမရာဂနဲ့ဆိုင်ရာ ဝိပ္ပယုတ် ၄–ခုပဲကင်းတယ်၊ ရူပရာဂ၊ အရူပရာဂနဲ့ဆိုင်ရာ ပြီးတော့ ဘဝရာဂနဲ့ဆိုင်ရာ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄–ခုကတော့ မကင်းသေးဘူး။

အရဟတ္တမဂ်ရောက်တဲ့အခါကျတော့ ကျန်တဲ့ အကုသိုလ်တွေ အကုန် ကင်းသွားတော့တယ်၊ အဲဒါတွေကို နားလည်ဖို့ပါပဲ၊ အခု အချိန် ၃–နာရီကျော်သွား ပြီ၊ တရားသိမ်းကြဦးမှပဲ၊ နောက် တန်ခူးလပြည့်နေ့ကျတော့ အဘိဓမ္မာတရားက ကျန်တာတွေရှိသေးတယ်၊ ကုသလာ ဓမ္မာ၊ အကုသလာဓမ္မာတွေ၊ ပြီးတော့ အဗျာကတာ ဓမ္မာ ကျန်သေးတယ်၊ အဗျာကတာက များတယ်၊ အဲဒီမှာတော့ နည်းနည်းပဲပြောရမှာပဲ၊ မတတ်နိုင်ဘူး၊ အဗျာကတတရားတွေက ဝိပါကအဗျာကတ၊ ကြိယာအဗျာကတ ၂–မျိုးရှိတယ်၊ ဝိပါကအဗျာကတကလည်း ကုသလဝိပါက် အဗျာကတ၊ အကုသလဝိပါက် အဗျာကတ ၂–မျိုး၊ ကုသလဝိပါက် အဗျာကတ ကလည်း ကာမာဝစရဝိပါက် အဗျာကတ၊ ရူပါဝစရဝိပါက်အဗျာကတ၊ အရူပါဝစရဝိပါက် အဗျာကတ၊ လောကုတ္တရာဝိပါက်အဗျာကတရယ်လို့ ၄–မျိုး၊ ကြိယာ အဗျာကတကလည်း အဟိတ်ကြိယာ အဗျာကတ၊ သဟိတ်ကာမာဝစရ

ကြိယာ အဗျာကတ၊ ရူပကြိယာအဗျာကတ၊ အရူပကြိယာအဗျာကတရယ်လို့ သူကလည်း ၄-မျိုး၊ ပြီးတော့ ရုပ် အဗျာကတကလည်း ရှိသေးတယ်၊ အများကြီးပဲ၊ အဲဒီကျတော့ နည်းနည်းပဲပြောရမယ်၊ ဗဟုသုတရှိရုံပေါ့၊ ကျဉ်းကျဉ်းပဲ ဟောရမယ်။

နောက် ဓမ္မသင်္ဂဏီပြီးရင် ဝိဘင်းပါဠိတော် ဟောပုံကိုလည်း နည်းနည်းပဲ ဖြစ်ဖြစ် ဟောရဦးမယ်၊ ဓါတုကထာတို့, ပုဂ္ဂလပညတ်တို့, ကထာဝတ္ထုတို့ ဆိုတာလည်း ရှိသေးတယ်၊ ကထာဝတ္ထုကတော့ ခက်လည်းခက်၊ နက်လည်း နက်နဲတယ်၊ ဒါလဲ နည်းနည်းတော့ ဟောရဦးမှာပဲ၊ ယမိုက်တို့၊ ပဋ္ဌာန်းတို့ ဆိုတာတွေလည်း နည်းနည်းစီ ဗဟုသုတဖြစ်ရုံ ဟောရမှာပဲ၊ အဲဒါ ခုနစ်ဝါမြောက်က ဟောခဲ့တဲ့ အဘိဓမ္မာတရားတွေတဲ့၊ ဒါတွေကို အခုလာမယ့် တန်ခူးလပြည့်နေ့မှာ ဟောဖို့ရာရှိတယ်၊ နောက်လဲပဲ ကျန်တဲ့ လပြည့်နေ့တွေမှာ ဒီလိုပဲ ဟောသွားရမှာပဲ၊ ဦးသုဇာတ မဟောနိုင်ရင် လကွယ်နေ့လည်း ဘုန်းကြီးက ဟောရမှာပေါ့လေ၊ ဒီနေ့တော့ တရားသိမ်းကြဆို့ရဲ့။

ယနေ့အဖို့၌ အကျွန်ုပ်တို့ ပြုစုပွားများ အားထုတ်အပ်သော ကောင်းမှုအပေါင်း၏။ ပ။ သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ချမ်းသာကြပါစေ။

အမျှ . . . အမျှ . . . အမျှ . . . ယူတော်မူကြပါကုန်လော့။

သာဓု . . . သာဓု . . . သာဓု။

(တတိယအကြိမ်)

# အဘိဓမ္မာတရားတော်ကြီး

ဒီနေ့ ၁၃၃၇-ခုနှစ် ဦးတန်ခူးလပြည့်နေ့(၂၅-၄-၇၅)တဲ့ အချိန်နာရီကတော့ ဘုန်းကြီးနာရီနဲ့ ၂-နာရီ ထိုးလုပြီ၊ ခုနစ်မိနစ်၊ ရှစ်မိနစ်လောက်ပဲ လိုတော့တယ်၊ ဒီဓမ္မာရုံကြီးပေါ်က နာရီမှာ ၁၀-မိနစ်လောက်တောင် နောက်ကျနေတယ်။

ဒီနေ့ အဘိဓမ္မာတရားဟောဖို့ အလှည့်ကျနေတာကတော့ အဗျာကတ တရားတွေတဲ့၊ အဲဒီ တရားတွေ ဝေဖန်ထားတဲ့အပိုင်းကို ဟောရမယ်၊ ကုသလာဓမ္မာအရ ကုသိုလ်တရားတွေကို ဟောလို့ပြီးသွားပြီ၊ ကာမာဝစရကုသိုလ်က ၈-ခု၊ ရူပါဝစရကုသိုလ်က ၅-ခု၊ အရူပါဝစရကုသိုလ်က ၄-ခု၊ လောကုတ္တရာ မဂ်ကုသိုလ်က ၄-ခု၊ အဲဒီ ကုသိုလ် ၄-မျိုးကို ဟောပြီးသွားပြီ၊ အကုသလာ ဓမ္မာအရ အကုသိုလ်ဆိုတာကတော့ သူက အမျိုးပကွဲဘူး၊ အကုသိုလ်ဆိုတဲ့ အနေနဲ့ တစ်မျိုးတည်းပဲ၊ အရေအတွက်အားဖြင့် ၁၂-ခုတဲ့။

## အဗျာကတပိုင်း

ကတမေ ဓမ္မာ အဗျာကတာ။ အဗျာကတာ၊ အဗျာကတမည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ဒီလို အမေးထုတ်ပြီးတော့ အဗျာကတတရားတွေကို ဝေဖန်ဟောကြားထားပါတယ်၊ အဗျာကတ တရားဆိုတာ တွေကို ဝေဖန်ဟောကြားပုံ ဘယ်လိုဆိုတာ ပြီးတော့မှ ရှင်းပြရမယ်၊ အခုတော့ နားလည်အောင် ဝိထိစဉ်လေးနဲ့ကပ်ပြီး ရှင်းပြဦးမှပဲ၊ ဒါမှ နားလည်မှာ။

အခု ဒီမှာ တရားအားထုတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ်တွေဟာ မဟာသတိပဋ္ဌာန် အတိုင်း မြင်ရင် မြင်တယ်၊ ကြားရင် ကြားတယ်လို့ မြင်တာ၊ ကြားတာ စသည်ကို မြင်တိုင်း ကြားတိုင်း မလွတ်ဘဲ သိအောင်ရှုမှတ်ကြရတယ်၊ ဒီလိုရှုမှတ်လို့ သမာဓိရင့်သန်လာတဲ့အခါ ရှုမှတ်ရတဲ့ အဆင်း အာရုံလေးကိုလည်း

သိတယ်၊ မြင်စိတ်ကလေးကိုလည်း သိလိုက်ရတယ်၊ အဲဒီမှာ အဆင်း အာရုံက ရုပ်၊ မြင်သိစိတ်လေးက နာမ်၊ အဲဒီလို သိတာဟာ ရုပ်နာမ် နှစ်ပါးကို သိနေတာပဲ၊ အဲဒါဟာ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်နေတာတဲ့။

အဲဒီအထဲမှာ အဆင်းအာရုံက ရုပ် အဗျာကတပဲ၊ မြင်သိစိတ်က နာမ် အဗျာကတပဲ၊ အဆင်း အာရုံထင်လာတဲ့ စက္ခုဒွါရ စက္ခုပသာဒ ဆိုတာကလည်း ရှိသေးတယ်၊ အဲ အဆင်းအာရုံရယ်၊ စက္ခုပသာဒရယ်၊ မြင်သိစိတ်ရယ် ဒီသုံးမျိုးဟာ အချင်းချင်း မကင်းဘဲ ဖြစ်လာကြရတယ်၊ ဝီထိစိတ်အစဉ်ကို ချပြတဲ့နေရာမှာ ဒီသုံးခုကိုသိဖို့က အရေးကြီးတယ်၊ အဲဒီမှာ စက္ခုပသာဒဆိုတာ ကလည်း ရုပ်အဗျာကတပါပဲ။

မြင်သိစိတ်ကလေး ဖြစ်တဲ့အခါမှာ အဆင်းအာရုံက စက္ခုဒွါရခေါ်တဲ့ စက္ခုပသာဒရုပ်မှာလာပြီးထင်တယ်၊ အဲဒီ ထင်လာတဲ့ အဆင်းအာရုံကို အာရုံပြုပြီး မြင်သိစိတ်ကလေးဖြစ်ပေါ်လာတယ်၊ အဆင်းအာရုံထင်လာလျှင် ထင်လာချင်းတော့ မြင်သိစိတ်ကလေးက မဖြစ်သေးဘူး၊ သူ့ရှေ့က ဘဝင်စိတ် နှစ်ကြိမ် သုံး ကြိမ် လွန်သွားသေးတယ်၊ ပြီးတော့မှ အဆင်းအာရုံကို ဆင်ခြင်တဲ့ ပဉ္စဒွါရာဝဇ္ဇန်း စိတ်တစ်ကြိမ် ဖြစ်လိုက်သေးတယ်၊ အဲဒါ ပြီးတော့မှ မြင်သိစိတ်လေးက ဖြစ်ပေါ်လာပါတယ်၊ အဲဒီလို မြင်တဲ့မြင်သိစိတ်ကိုပဲ ယောဂီပုဂ္ဂိုလ်က မြင်တယ်၊ မြင်တယ်လို့ ရှုမှတ်ရပါတယ်၊ အဲဒီ မြင်သိစိတ်လေးဟာ အကြာကြီး တလျှောက်ထဲ မြင်နေတာ မဟုတ်ပါဘူး၊ မြင်ပြီးပျောက်သွားတာပါပဲ၊ သူက ကောင်းတယ် ဆိုးတယ်လို့ မသိပါဘူး၊ မြင်ရုံမျှမြင်တာပါ၊ သူက အကောင်း အဆိုးရယ်လို့ မဝေဖန်ဘဲ မြင်ပြီးပျောက်သွားတာပါပဲ။

မြင်တဲ့ စိတ်ကလေး ပျောက်သွားတော့ မြင့်တဲ့စိတ်ကလေး မြင်သွားတဲ့အာရုံကို မပျောက်အောင် လက်ခံထားတယ်၊ အမွေထိန်းသဘောလိုပေါ့၊ အဲဒါလဲ အဟိတ် ကုသလဝိပါတ် မနောဓာတ်ပဲ၊ အဲဒီလက်ခံထားတဲ့ စိတ်ကလေးဟာလည်း လက်ခံပြီး မကြာဘူး ခဏလေးနဲ့ ချက်ချင်းပဲ ပျောက်သွားပြန်တယ်၊ သူ ပျောက်သွားတော့ ဆက်ပြီ နောက်စိတ်ကလေးတစ်ခု ဖြစ်ပေါ်လာပြန်တယ်၊ နောက်ဖြစ်ပေါ်လာတဲ့ အဲဒီစိတ်က ရှေ့စိတ်က လက်ခံသွားတဲ့အာရုံကို ဆက်လက်ပြီး

စုံစမ်းစဉ်းစားတယ်၊ သူလည်း အဟိတ်ကုသလဝိပါက် မနောဝိညာဏဓာတ်ပါပဲ၊ သူကတော့ နည်းနည်း အားရှိလာတယ်၊ သူ့ကို အဘိဓမ္မတ္ထ သင်္ဂဟာကျမ်းက သန္တီရဏစိတ်လို့ အမည်ပေးထားတယ်၊ သူပြုရတဲ့ ကိစ္စအလိုက် အမည်ပေးထားတာပါပဲ၊ အဲဒီ သန္တီရဏစိတ်က စုံစမ်းတတ်တဲ့ သဘောရှိတယ်၊ "မြင်ရတဲ့အဆင်းကလေးက ဘယ်လိုဟာလေးလဲ၊ ချစ်စရာလား၊ မုန်းစရာလား၊ ကောင်းသလား၊ ဆိုးသလား" စသည်ဖြင့် စုံစမ်းတယ်။

အဲဒီစိတ် ပျောက်သွားပြီးတော့ ဆုံးဖြတ်တဲ့စိတ် ဖြစ်ပေါ်လာပြန်တယ်၊ ကောင်းရင် ကောင်းတယ်၊ ဆိုးရင် ဆိုးတယ် စသည်ဖြင့် သူက ဆုံးဖြတ်တယ်၊ သူကတော့ အဟိတ်ကြိယာစိတ်ပဲ၊ ကောင်း မကောင်း ပိုင်းခြားဆုံးဖြတ်တတ်တာဖြစ်လို့ သူ့ကို ဝုဋ္ဌောစိတ်လို့ခေါ်တယ်၊ တရားကိုယ်ကတော့ မနောဒွါရာဝဇ္ဇန်းစိတ်ပါပဲ၊ ဝိပါက်မျိုးတော့ မဟုတ်ဘူး။

ပြီးတော့ အဟုန်နဲ့တကွ ကျရောက်လာတဲ့ ဇောဆိုတဲ့ စိတ်တွေဖြစ်ပေါ်လာတယ်၊ သူတို့က စိတ်တစ်မျိုးထဲ ၇-ကြိမ်တောင် ဖြစ်ပေါ်လာလေ့ရှိတယ်၊ အဟုန်ကြီးစွာနဲ့ ပြေးလာတဲ့ ယောကျ်ားဟာ ရပ်တော့မယ်ဆိုတော့ ချက်ချင်းရပ်လို့မရဘဲ ၇-လှမ်းလောက်လွန်ပြီးမှ ရပ်လိုက်ရသလိုပေါ့၊ အခုလည်း ဒီလိုပဲ အဟုန်နဲ့ ဖြစ်ပေါ်လာတဲ့စိတ်ဆိုတော့ တစ်ကြိမ်တည်းနဲ့ ဖြစ်ပေါ်မလာဘူး၊ ၇-ကြိမ်လောက် ဆက်တိုက်ဖြစ်ပေါ်လာတယ်၊ ဒါက ဖြစ်ပေါ်ရိုး အခါမျိုးမှာသာ ၇-ကြိမ်ကျရိုး ဖြစ်တယ်၊ ၅-ကြိမ်၊ ၆-ကြိမ် ဖြစ်ပေါ်လာတာမျိုးလည်း အထူးကာလများမှာ ဖြစ်ပေါ်တာရှိသေးတယ်၊ သူ့ရှေ့က ဝုဋ္ဌောစိတ် ဆုံးဖြတ်လိုက်တဲ့အတိုင်း ဝုဋ္ဌောစိတ်က ကောင်းတယ်လို့ ဆုံးဖြတ်လိုက်ရင် သူက ကောင်းတယ်လို့ပဲ၊ မကောင်းဘူးလို့ ဆုံးဖြတ်လိုက်ရင် သူကလည်း မကောင်းဘူးလို့ပဲ၊ ချစ်စရာလို့ ဆုံးဖြတ်လိုက်ရင် သူကလည်း ချစ်စရာလို့ပဲ အာရုံပြုပြီး ချစ်တဲ့စိတ်ဇောတွေ ဖြစ်မယ်၊ ချစ်စရာဆိုရင် လောဘဇောစိတ်တွေ ဖြစ်လာမယ်ပေါ့၊ မုန်းစရာဆိုရင် ဒေါသဇောစိတ်တွေ ဖြစ်လာမယ်ပေါ့၊ မနေ့က ပြောခဲ့တဲ့အကုသိုလ်စိတ်တွေလိုပဲ ကြည်ညိုစရာကောင်းတယ်လို့ ဆုံးဖြတ်လိုက်ရင် ကုသိုလ်ဇောစိတ်တွေ ဖြစ်မှာပေါ့။

(တတိယအကြိမ်)

အဲ့ဒီ ဇောစိတ်တွေ ၇–ကြိမ်ဖြစ်ပြီးတော့ ဇောရဲအာရုံကိုလိုက်ပြီး အာရုံပြုတဲ့ စိတ်ကို တဒါရုံစိတ်လို့ အဋ္ဌကထာတွေက အမည်ပေးထားကြတယ်၊ ပါဠိတော်မှာတော့ သဟိတ်ကုသလဝိပါက် မနောဝိညာဏဓာတ်လို့ဆိုတယ်၊ သဟိတ်ကုသလဝိပါက်ဆိုတာက ၈–ပါးရှိတယ်၊ အဟိတ်လည်း ပါတော့ ပါသေးတယ်၊ ခုနက လက်ခံတဲ့ စိတ်ဆိုတာ အဟိတ်ကုသလဝိပါက် မနောဓာတ်ပါပဲ၊ စုံစမ်းတဲ့စိတ်ဆိုတာ အဟိတ်ကုသလဝိပါက် မနောဝိညာဏဓာတ်ပါပဲ၊ အဲ သူတို့လည်း ရှိသေးတယ်၊ သူတို့လည်း ပါတယ်။

ကောင်းတဲ့အာရုံကို အာရုံပြုဖြစ်တာက တစ်မျိုး၊ ကောင်းတဲ့ အာရုံဆိုရင် သောမနဿ ဝမ်းမြောက်ဝမ်းသာ ရွှင်ရွှင်လန်းလန်းနဲ့ဖြစ်တယ်၊ သာမန်ကောင်းတဲ့ အာရုံဆိုရင်တော့ စိတ်က ရွှင်ရွှင်လန်းလန်း မဖြစ်ဘူး၊ သောမနဿမဖြစ်ဘူး၊ ဥပေက္ခာဆိုတာဖြစ်တယ်၊ အဲဒီ အာရုံတွေကို အတိဣဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံလို့ ကျမ်းဂန်တွေက အမည်ပေးထားကြတယ်၊ အလွန်ကောင်းတဲ့ အာရုံနဲ့ ရိုးရိုးကောင်းတဲ့ အာရုံတဲ့၊ အလွန်ကောင်းတဲ့ အာရုံဆိုရင် သောမနဿ ဝမ်းမြောက်ဝမ်းသာနဲ့ ဖြစ်တယ်၊ ရိုးရိုးကောင်းတဲ့ အာရုံကျတော့ ဥပေက္ခာ လျစ်လျူရှုတဲ့ သဘောနဲ့ အာရုံပြုပြီးဖြစ်တယ်၊ အဲဒါနှစ်ခုနဲ့ ကုသလဝိပါက် တဒါရုံတွေ အားလုံးဆယ်ခုရှိတယ်၊ အဲဒါတွေကို ယောဂီပုဂ္ဂိုလ်တွေလည်း ကြားဖူးပြီး သိထားကြဖို့လိုပါတယ်၊ သိနိုင်သမျှ သိထားလို့ရှိရင် တရားတော် ကြည်ညိုတဲ့ပုဂ္ဂိုလ်တွေ ဖြစ်နိုင်တာပေါ့၊ ဒီနေရာက ဝီထိတွေချပြမှ နားလည်နိုင်မှာ၊ အခု ပထမအစဆုံးကတော့ စက္ခုဝိညာဏ်စိတ်ဆိုတဲ့ မြင်သိတဲ့ စိတ်ကလေးကို ရှေးဦးစွာ ဝေဖန်တယ်။

> ကတမေ ဓမ္မာ အဗျာကတာ။ အဗျာကတာ၊ အဗျာကတ မည်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ဒါက ဖြေဖို့လိုလို့ မေးတဲ့ မေးခွန်းပါ၊ အဗျာကတ တရားဆိုတာ အဘယ်သည်တို့လဲတဲ့၊ ဒီလို မေးပါတယ်။
>
> ယသ္မိံ သမယေ ကာမာဝစရဿ ကုသလဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပါကံ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတိ ဥပေက္ခာသဟဂတံ ရူပါရမ္မဏံ။

(တတိယအကြိမ်)

ယသ္မိံ သမယေ၊ အကြင်အခါ၌။ ကာမာဝစရသ္မ ကုသလသ္မ၊ ကာမာဝစရ ကုသိုလ်ကံကို။ ကတတ္တာ၊ ပြုခဲ့ပြီးဖြစ်သောကြောင့်။ ဥပစိတတ္တာ၊ ပွားစေခဲ့ပြီး ဖြစ်သောကြောင့်။ အဲဒါဟာ အကြင်အခါ၌ ပြုကာမျှသာ မဟုတ်ဘူး၊ အရင် ရှေးအခါကာလက ပြုကိုပြုခဲ့ပြီးပြီ၊ ကာမာဝစရကုသိုလ်ကံကို ပြုလို့ပြီးခဲ့ပြီ၊ ကာမာဝစရကုသိုလ်ကံဆိုတာ ဟိုတစ်နေ့က ကုသလာဓမ္မာဆိုတဲ့ ပုဒ်ကိုဝေဖန်တဲ့ အထဲမှာ ပါပါတယ်၊ သောမနဿနှင့်ယှဉ်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ ပြုခဲ့တဲ့ကုသိုလ်၊ ဥပေက္ခာနှင့်ယှဉ်ပြီး လျစ်လျူရှုတဲ့သဘောနဲ့ ပြုခဲ့တဲ့ ကုသိုလ်တဲ့။ ဒီလိုလည်း ကုသိုလ်နှစ်မျိုးရှိတယ်။

## ဉာဏ်နဲ့ယှဉ် မယှဉ် ကုသိုလ်

ပြီးတော့ ဉာဏ်နဲ့ယှဉ် ဖြစ်တဲ့ကုသိုလ်၊ ဉာဏ်နဲ့မယှဉ်ဘဲ ဖြစ်တဲ့ကုသိုလ်၊ ဒီလိုလဲ ရှိသေးတယ်၊ ဒါန သီလစတဲ့ ကုသိုလ်တွေကို ပြုတဲ့အခါမှာ ဝမ်းမြောက်ဝမ်းသာနဲ့ ကံ ကံ၏အကျိုးကို ယုံကြည်ပြီး ကုသိုလ်ပြုလို့ရှိရင် သောမနဿဉာဏသမ္ပယုတ် ကုသိုလ်ပဲ၊ ဝမ်းမြောက်ဝမ်းသာတော့ရှိပါရဲ့၊ ဒါပေမယ့် ကံ ကံ၏အကျိုးကိုတော့ မယုံကြည်ဘဲပြုတဲ့ ကုသိုလ်ဆိုရင် အဲဒါ သောမနဿ ဉာဏဝိပ္ပယုတ် ကုသိုလ်တဲ့။

ဥပေက္ခာယှဉ်ဖြစ်ရာမှာလည်း ဒီလိုပဲ၊ လျစ်လျူရှုပြီး ကံ ကံ၏အကျိုးကို ယုံကြည်စွာနဲ့ပြုတဲ့ ကုသိုလ်ဆိုရင် ဥပေက္ခာဉာဏသမ္ပယုတ်ကုသိုလ်၊ ကံ ကံ၏အကျိုးကို မယုံကြည်ဘဲပြုတဲ့ ကုသိုလ်ဆိုရင် ဥပေက္ခာဉာဏဝိပ္ပယုတ် ကုသိုလ်တဲ့၊ ကုသိုလ်ဆိုတာ ပြုပုံနဲ့စပ်ပြီး ကုသိုလ်အမျိုးမျိုးရှိတယ်၊ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် ဒီလို ကုသိုလ်တွေလည်း ရှိတာပဲ၊ သူကကို ဝိုင်းဝန်းကူညီဆောင်ရွက်တဲ့ ကုသိုလ်,သနားလို့ ပြုစုစောင့်ရှောက်တဲ့ ကုသိုလ်၊ ဒီလိုကုသိုလ်တွေလည်း ရှိတာပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ကောင်းစေလိုတဲ့ စေတနာနဲ့ ပြုတာတွေကို ကုသိုလ်လို့ခေါ်တယ်၊ ကောင်းစေလိုတဲ့ စေတနာနဲ့ပြောဆိုတာတို့ ကောင်းတဲ့စေတနာနဲ့ ကြံစည်စိတ်ကူးတာတို့ ဆိုတာတွေလည်း ကုသိုလ်တွေပဲ။

ဒါပေမယ့်လို့ ဒီနေရာက အကျိုးပေးရမယ့်နေရာဖြစ်လို့ ထက်ထက်သန်သန် ကာယကံမြောက်ဖြစ်လာတဲ့ကုသိုလ်၊ ဝစီကံမြောက် ဖြစ်လာတဲ့ကုသိုလ်၊ မနောကံ

မြောက် ဖြစ်လာတဲ့ ကုသိုလ်၊ အဲဒီကုသိုလ်တွေ ရှေးကဖြစ်ခဲ့ပြီတဲ့၊ ဖြစ်ခဲ့တာမှတစ်ကြိမ် တစ်ခါသာ မဟုတ်ဘူး၊ အကြိမ်ကြိမ်ဖြစ်ခဲ့ပြီးပြီ၊ အဲဒီ ကုသိုလ်တွေကြောင့် ဝိပါကံ၊ အကျိုးဝိပါက်ဖြစ်သော။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ် ခေါ်သော မြင်သိစိတ်သည်။ ဥပ္ပန္နံ ဟောတိ၊ ဖြစ်ပေါ်လာ၏တဲ့။ ကုသိုလ်ကြောင့် ဖြစ်တဲ့အကျိုးဆိုတော့ ကောင်းတာလေးတွေကို မြင်ရတယ်၊ ကောင်းတဲ့ စက္ခုဝိညာဏ်စိတ်ကလေးတွေ ဖြစ်တယ်၊ ကုသိုလ်များများ ပြုခဲ့တဲ့ ပုဂ္ဂိုလ်တွေဆိုရင် ကောင်းတဲ့အကျိုး ဝိပါက်ဖြစ်လို့ ကောင်းတာလေးတွေကို များများမြင်ရတယ်၊ မြင်နိုင်တယ်၊ အကုသိုလ်ကံကြောင့်ဆိုရင်တော့ မကောင်းတာတွေ ကြောက်စရာ လန့်စရာတွေ စက်ဆုပ်ဖွယ်တွေကို မြင်ရတယ်ပေါ့၊ အကုသိုလ်ကံက အပါယ် လေးပါးထဲက ငရဲမှာ အကျိုးပေးလိုက်မယ်ဆိုရင် အဲဒီမှာ ကောင်းတာကို မြင်စရာ မရှိတော့ဘူး၊ အမြဲတမ်း မကောင်းတာတွေချည်း မြင်နေရမှာပဲ၊ တိရစ္ဆာန်စတဲ့ အပါယ်သတ္တဝါတွေဆိုရင်လည်း ပဝတ္တိအခါမှာတောင် မကောင်းတာတွေကို များများမြင်နေရမှာပဲ၊ ကောင်းတာကို မြင်ဖို့ဆိုတာ အင်မတန် နည်းပါလိမ့်မယ်၊ ကြောက်စရာတွေ ထိန့်လန့်ဖွယ်တွေ ဒီလို မကောင်းတာတွေ မြင်နေကြရမှာပဲ။

## စက္ခုဝိညာဥ်က မြင်ရုံချပဲ

စက္ခုဝိညာဉ်မြင်တဲ့အခါမှာ ဝမ်းသာပြီး မြင်သလား၊ စိတ်နှလုံးမသာမယာနဲ့ မြင်သလား၊ အလယ်အလတ်လျစ်လျူရှုပြီး မြင်သလားဆိုတော့ "ဥပေက္ခာသဟဂတံ၊ ဥပေက္ခာနှင့်တကွဖြစ်သည်"တဲ့။ မြင်တာဟာ ဥပေက္ခာနဲ့မြင်တာပဲ၊ ဝမ်းမြောက် ဝမ်းသာ မြင်တာမဟုတ်ဘူး၊ နှလုံးမသာမယာမြင်တာလည်း မဟုတ်ဘူးတဲ့၊ ဥပေက္ခာသဟဂုတ်နဲ့ မြင်တာတဲ့။ အဘိဓမ္မာမှာ ဒီလိုဟောကြားတော်မူပါတယ်။

သုတ္တန်မှာတော့ မြင်တာတွေကို သောမနဿ, သုခသဟဂုတ်လို့လည်း ဟောပါတယ်၊ မကောင်းတာမြင်ရတဲ့အခါ ဒုက္ခသဟဂုတ်လို့လည်း ဟောပါတယ်၊ ဒီသုတ္တန်လာ ဒေသနာတော် အတိုင်းကိုတော့ တရားအားထုတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ်တွေ ညှိနှိုင်းစိစစ်လို့ရပါတယ်၊ အဘိဓမ္မာ ဒေသနာတော်ကတော့

သဘာဝကို တိတိကျကျ ဝေဖန်ဟောကြားထားတာဆိုတော့ ယောဂီပုဂ္ဂိုလ်တို့ အတွေနဲ့ အချိုနေရာတွေမှာ စိစစ်လို့မရနိုင်ပါဘူး၊ မညှိနိုင်းနိုင်ပါဘူး၊ ဒီလိုဖြစ်နေတယ်၊ သုတ္တန်လာအတိုင်းဆိုရင် ကောင်းတာမြင်ရင် ကြည့်လို့ မြင်လို့ ကောင်းတယ်၊ ကြည့်ရမြင်ရတာ အရသာရှိတယ်လို့ထင်တယ်၊ အဲဒါ သုခသဟဂုတ် သဘော ရှိတာပဲ၊ မကောင်းတာမြင်ရရင်လည်း ကြည့်လို့ မြင်လို့မကောင်းဘူး၊ ကြည့်ရ မြင်ရတာကိုက အမြင်ကတ်စရာလို့ ထင်ကြတယ်၊ အဲဒါ ဒုက္ခသဟဂုတ် သဘောရှိတာပဲ၊ အလယ်အလတ်အာရုံတွေကို မြင်ရရင်လည်း ကောင်း,မကောင်း မထင်ရှားဘူး၊ အဲဒါ ဥပေက္ခာသဘောရှိတာပဲ၊ အဲဒီ ဝေဒနာသုံးမျိုးလုံး ထင်ရှားပါတယ်၊ ဒါက သုတ္တန်ဒေသနာတော်လာ သဘောဖြစ်တယ်။

ဒါပေမယ့် အဘိဓမ္မာ ဒေသနာတော်မှာက ဒီလိုမဟုတ်ဘူး၊ ကောင်းတာကို မြင်လည်း ဥပေက္ခာသဟဂုတ်၊ မကောင်းတာမြင်ရင်လည်း ဥပေက္ခာသဟဂုတ်ပဲ၊ အဲဒီလို ဝေဖန်ဟောကြားထားတယ်၊ ဘာကြောင့်တုန်းဆိုတာ မြင်ရတာဟာ "မြင်ကာမျှလေး"ပဲတဲ့၊ တခြားစိတ်တွေလို ကောင်းမကောင်း ဘာမျှမသိလိုက်နိုင်ဘူး တဲ့၊ ချမ်းသာတယ်၊ ဆင်းရဲတယ်လို့လည်း ဘာမျှမသိလိုက်နိုင်ဘူးတဲ့၊ ဒါ ကြောင့် မြင်တာဟာ ဥပေက္ခာသဟဂုတ်ပဲတဲ့၊ ဒီလို ဝေဖန်ဟောကြားတော်မူပါတယ်၊ ဒါပေမယ့် ဥပေက္ခာဟာ ကုသိုလ်ကျိုးဆိုရင် ကောင်းတဲ့သဘောရှိပါတယ်၊ အကုသိုလ်ကျိုးဆိုရင် မကောင်းတဲ့သဘော ရှိပါတယ်တဲ့၊ ဒါပေမယ့် သူ့အာရုံကတော့ အလယ်အလတ်မြင်ရတဲ့ အာရုံလည်းရှိတယ်၊ အလွန်ကောင်းတဲ့အာရုံကို မြင်ရတာ လည်းရှိတယ်၊ ဘယ်အာရုံပဲဖြစ်ဖြစ်ပေါ့လေ၊ သူကတော့ အာရုံနောက်ကိုမလိုက်ဘဲ ဥပေက္ခာသဘောနဲ့ပဲမြင်တယ်၊ ဒီသဘောကိုလည်း သိထားဖို့လိုပါတယ်။

ရူပါရမ္မဏံ၊ အဆင်းလျှင် အာရုံရှိသော။ စက္ခုဝိညာဏံ၊ မြင်သိစိတ် စက္ခုဝိညာဏ်သည်။ ဥပ္ပန္နံ ဟောတိ၊ ဖြစ်ပေါ်လာ၏တဲ့။ အဲဒါ မြင်တာလေးတွေကို ပြောနေတာပဲ၊ မြင်တဲ့ဝိညာဉ်ဆိုတာ အကျိုးဝိပါက်ဖြစ်လို့ ကောင်းမှုကုသိုလ်ရဲ့ အကျိုးဆိုရင် ကုသလဝိပါက် စက္ခုဝိညာဏ်ဖြစ်မယ်၊ ကုသိုလ်များများရှိတဲ့ ပုဂ္ဂိုလ်တွေမှာ ကောင်းတာတွေ များများမြင်ရတယ်၊ မကောင်းမှု အကုသိုလ်တွေ များများရှိတဲ့ ပုဂ္ဂိုလ်တွေမှာတော့ မကောင်းတာတွေကို များများမြင်ရတယ်။

(တတိယအကြိမ်)

## အဆင်းကိုပဲ မြင်တယ်

ရူပါရမ္မဏ်ဝါ သဒ္ဒါရမ္မဏ်ဝါ စသည်ဖြင့် အာရုံခြောက်ပါးစလုံး ဟောထားတာ ရှိပါတယ်၊ ဒါပေမယ့် ဒီနေရာမှာတော့ စက္ခုဝိညာဉ်က ရူပါရုံအဆင်းကို မြင်တာအတွက် ဟောကြားတယ်၊ မြင်တယ်ဆိုတာ ရူပါရုံအဆင်းကိုပဲ မြင်တာ၊ ဒီပြင် ဘယ်အာရုံကိုမှ မြင်တာမဟုတ်ဘူး၊ အသံကိုလည်း မြင်တာမဟုတ်ဘူး၊ အနံ့ကိုလည်း မြင်တာမဟုတ်ဘူး၊ အရသာကိုလည်း မြင်တာမဟုတ်ဘူး၊ အတွေ့အထိကိုလည်း မြင်တာမဟုတ်ဘူး၊ အဆင်းကိုပဲမြင်တာ၊ ရှေးကမှတ်သား ထားဖူးလို့ သိတယ်လို့တော့ ထင်ရတယ်၊ ဒါပေမယ့် တကယ်စင်စစ်တော့ သိတာမဟုတ်ဘူး၊ ဥပမာ–သကြားကို ချိုတယ်လို့ အရသာကို သိထားဖူးတယ်၊ သကြားကိုမြင်တဲ့အခါ ချိုတယ်လို့ သိတယ်ထင်ရတယ်၊ ဒါပေမယ့် သကြား နဲ့ဆားက ခပ်တူတူဖြစ်နေတယ်၊ ဒီတော့ ဆားတွေကိုသကြားမှတ်ပြီး ချိုတယ်လို့ ဆားကိုမြင်မြင်ခြင်း ထင်မှာပဲ၊ အဲဒါ အလွဲကိုထင်မှတ်ပြီး သိတာ၊ စက္ခုဝိညာဉ်က အဆင်းရူပါရုံကို အမှန်မြင်သိသလို သိတာမဟုတ်ဘူး၊ ဒါဟာ စက္ခုဝိညာဉ်က အရသာကို မမြင်ဘူးဆိုတာ ထင်ရှားတာပဲ၊ ဒီပြင်အာရုံတွေကိုလည်း ဒီလိုပဲ စက္ခုဝိညာဉ်က အဆင်းရူပါရုံကလွဲလို့ ဘယ်အာရုံကိုမှ မမြင်မသိပါဘူး။

စက္ခုဝိညာဉ် သိတဲ့အဆင်းဆိုတာကတော့ အမျိုးမျိုးရှိတယ်၊ ဖြူတာလည်းရှိ၊ မည်းတာလည်းရှိ၊ ဝါတာလည်းရှိ၊ ပြာတာလည်းရှိ၊ နီတာလည်းရှိ၊ ညိုတာလည်းရှိ၊ ဒီလိုအမျိုးမျိုးရှိတယ်၊ အဲဒီလို အဆင်းအာရုံတွေကို အာရုံပြုပြီး စက္ခုဝိညာဉ်က သိတယ်၊ အဘိဓမ္မာပါဠိတော်က အဲဒီ စက္ခုဝိညာဉ်စိတ်ဟာ ဥပေက္ခာလို့ ဟောကြားထားတယ်၊ သုခ တို့ သောမနဿတို့လို့ ဟောကြားတော်မမူဘူး။

## မြင်ဆဲခဏမှာ ဖြစ်တဲ့တရားတွေ

တသ္မိံ သမယေ၊ ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ၊
သညာ ဟောတိ၊ စေတနာ ဟောတိ၊ စိတ္တံ ဟောတိ။

စသည်ဖြင့် မြင်ဆဲခဏမှာဖြစ်တဲ့ သဘောတရားတွေကို ဒီလိုဝေဖန် ဟောကြားထားပါတယ်။

(တတိယအကြိမ်)

တသ္မိံ သမယေ၊ ထိုမြင်ဆဲခဏ၌။ ဖဿော ဟောတိ၊ ဖဿလည်းဖြစ်တယ်၊ ဖဿဆိုတာ အဆင်းရုပ်ရယ်၊ စက္ခုပသာဒ မျက်စိအကြည်ရယ်၊ စက္ခုဝိညာဉ်ရယ် အဲဒီသုံးမျိုး ပေါင်းဆုံမိကြတဲ့သဘောတဲ့၊ ဝေဒနာ ဟောတိ၊ ဝေဒနာလည်း ဖြစ်တယ်၊ ဒီနေရာမှာ ဝေဒနာကတော့ ဥပေက္ခာဝေဒနာတဲ့၊ သညာ ဟောတိ၊ မှတ်သားမှုသညာလည်း ဖြစ်တယ်၊ မြင်မှုကိစ္စပြီးအောင် တိုက်တွန်းနှိုးဆော်တဲ့ သဘောပေါ့၊ စိတ္တံ ဟောတိ၊ မြင်သိစိတ်လည်း ဖြစ်တယ်၊ စိတ်နဲ့ဝိညာဉ်ဟာ အတူတူပဲ၊ စိတ်တိုင်းစိတ်တိုင်းမှာ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာဆိုတာကတော့ ပါတာချည်းပဲ။

ကျန်အပိုင်းကျတော့ ဝိတက်, ဝိစာရ, ပီတိ ဆိုတာတွေပါတယ်၊ ဒီမှာမပါဘူး၊ ဥပေက္ခာ ဟောတိ ဥပေက္ခာလည်းပါတယ်၊ စိတ္တဿဧကဂ္ဂတာ ဟောတိ၊ ဧကဂ္ဂတာ သမာဓိလည်းပါတယ်၊ ဥပေက္ခာက ဝေဒနာနဲ့အတူတူပဲ၊ တရားသီးခြား မရဘူး၊ စိတ္တဿ ဧကဂ္ဂတာ ဟောတိ ဧကဂ္ဂတာသမာဓိလည်းပါတယ်၊ ဒါတွေကတော့ အရင်ငါးခုထဲ မပါသေးဘူး၊ သူတစ်ခုကိုထည့်လိုက်ရင် ခြောက်ခု ဖြစ်သွားတယ်၊ ဣန္ဒြေကျတော့ ကုသိုလ်တုန်းက ဣန္ဒြေရှစ်ပါးရှိတယ်၊ ဒီမှာတော့ ဣန္ဒြေသုံးပါးပဲရတယ်၊ မနိန္ဒြိယံ ဟောတိ မနိန္ဒြေပါတယ်၊ မနိန္ဒြေဆိုတာစိတ်ပဲ၊ စိတ္တံ ဟောတိနဲ့ အတူတူပဲ၊ ဥပေက္ခိန္ဒြိယံ ဟောတိ ဥပေက္ခိန္ဒြေလည်းပါတယ်၊ ဥပေက္ခာတို့ ဝေဒနာတို့နှင့်အတူတူပဲ၊ ဒီတရား သီးခြားထူးပြီး မရဘူး၊ ဇီဝိတိန္ဒြိယံ ဟောတိ ဇီဝိတိန္ဒြေလည်းပါတယ်၊ ဒါကတော့ ခုနကခြောက်ပါးထဲ မပါသေးဘူး၊ သူကအထူးပဲ၊ သူ့ကိုပါ ထည့်လိုက်ရင် ခုနစ်ပါးရှိသွားပြီ ပါဠိတော်မှာ တိုက်ရိုက်ဝေဖန်တဲ့ တရားကတော့ ခုနစ်ပါးပါပဲ၊ ပုဒ်အားဖြင့် ဆယ်ပုဒ်ရှိတယ်၊ တရားကိုယ်အားဖြင့်တော့ ခုနစ်ပါးပဲ။

ယေဝါပန တသ္မိံ သမယေ အညေပိ အတ္ထိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ အဲဒီအခါကာလမှာ အကြောင်းကို စွဲမှီဖြစ်တဲ့ တစ်ပါးတခြားသော နာမ်တရားတွေလည်း ရှိသေးတယ်တဲ့၊ အဲဒီ ရှိသေးတဲ့တရားတွေလည်း အဗျာကတ တရားတွေပဲ၊ တစ်ပါးတခြားသော တရားတွေက ဘယ်နှစ်ပါးလဲဆိုတော့ တစ်ပါးတည်းပါပဲ၊ အဲဒါ မနသိကာရပါပဲ၊ မနသိကာရဆိုတာ နှလုံးသွင်းမှုပါပဲ၊ သူတစ်ခုကျန်နေတယ်၊ ဗဟုဝုစ်နဲ့ ဟောနေကျဖြစ်လို့သာ ဗဟုဝုစ်နဲ့ဟောတာ၊

တရားကတော့ တစ်ပါးတည်းပဲ၊ အဲဒါကို ခုနက ခုနစ်ပါးထဲထည့်လိုက်ရင် ရှစ်ပါးဖြစ်သွားတယ်၊ မြင်တဲ့စိတ်ကလေး တစ်ကြိမ်ဖြစ်လိုက်ရင် အဲဒီမှာ တရားကိုယ်ရှစ်ခု ပါဝင်တယ်တဲ့။

ဖဿပဉ္စမကတရားက ငါးခု၊ ဝိတ္တန္ဓေထဲက ဓိဝိတိန္ဓြေတစ်ခု၊ ဈာနင်ထဲက ဧကဂ္ဂတာတစ်ခု၊ ယေဝါပနနဲ့ ဟောထားတာက မနသိကာရတစ်ခု၊ အားလုံးရှစ်ခုပဲ၊ အဲဒီရှစ်ခု ရှစ်ခုသော တရားတွေဟာ စိတ်တိုင်းစိတ်တိုင်း အနည်းဆုံးပါနေတာချည်းပဲ၊ အဲဒါ မြင်သိစိတ်ကလေးဖြစ်တဲ့အခါမှာ ပါဝင်တဲ့တရားတွေ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ တွေ့ထိသိစိတ် အဲဒီ စိတ်ငါးမျိုးစလုံးဖြစ်တဲ့ အခါမှာလည်း အတူတူပဲ၊ ရှစ်ခု ရှစ်ခုသော တရားတွေ ပါဝင်ကြတာချည်းပဲ၊ ကုသိုလ်အကျိုးက ငါးမျိုး၊ အကုသိုလ်အကျိုးက ငါးမျိုး အားလုံး တစ်ဆယ်ရှိတယ်၊ သူတို့ကို ဒွေပဉ္စဝိညာဉ် တစ်ဆယ်လို့ခေါ်တယ်၊ ဒွေကနှစ်လီ ပဉ္စဝိညာဉ် ၅–ခု၊ ဝိညာဉ် ၅–ခုနှစ်လီ တစ်ဆယ်ပေါ့၊ ဒါက ပါဠိလိုဆိုထားတာပဲ၊ မြန်မာလိုဆိုရင် လွယ်လွယ်ကလေးပဲ၊ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ တွေ့ထိသိစိတ် ငါးခုပဲ၊ မျက်စိက မြင်သိစိတ်ဖြစ်တယ်၊ နားက ကြားသိစိတ် ဖြစ်တယ်၊ နှာခေါင်းက နံသိစိတ်ဖြစ်တယ်၊ လျှာက စားသိစိတ်ဖြစ်တယ်၊ ကိုယ်က ထိသိစိတ်ဖြစ်တယ်၊ အဲဒါ မြန်မာလိုငါးခု၊ ကောင်းတဲ့အာရုံကိုသိတဲ့ ကုသိုလ်ကျိုးက ငါးခု၊ မကောင်းတဲ့အာရုံကိုသိတဲ့ အကုသိုလ်ကျိုးက ငါးခု၊ ပေါင်း ဝိညာဉ်ငါးပါးနှစ်လီ အဲဒါကို ဒွေပဉ္စဝိညာဉ်တစ်ဆယ်လို့ဆိုပြီး ခေါ်ထားတယ်။

## စက္ခုဝိညာဉ်တစ်ခုသိလျှင် အားလုံးအတူတူ

အဲဒီ စက္ခုဝိညာဉ်တစ်ခုကိုသိလျှင် ဒီပြင် ဝိညာဉ်တွေအားလုံး အတူတူပဲ၊ မထူးပါဘူး၊ စက္ခုဝိညာဉ်ကို ဟောသလို ဟိုကျတော့ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊ ကာယဝိညာဉ်လို့ ဒီအမည်လေးလောက် ပြောင်းသွားတာ လောက် ထူးတာပါပဲ၊ နောက်ပြီးတော့ အကုသလသဿကမ္မဿ ကတတ္တာ– အကုသိုလ်ကံ ပြုထားခြင်းကြောင့် ပွားများထားခြင်းကြောင့် အဲဒီစက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊ ကာယဝိညာဉ်အကျိုး ဝိပါက်ဖြစ်တယ် ဆိုပြီး ဟောကြားပါတယ်၊ ဒါလေးလောက်ပဲ ထူးပါတယ်၊ မှတ်လို့အလွယ်ပါပဲ၊ ဒီတစ်ခုကို နားလည်ရင် ဒီပြင်ဟာတွေကိုလည်း နားလည်နိုင်ပါတယ်။

(တတိယအကြိမ်)

အဘိဓမ္မတ္ထသင်္ဂဟကျမ်းက နောက်မှ ရေးထားတာဖြစ်လို့ သူကပိုပြီး မှတ်လို့လွယ်တယ်၊ အဲဒီကျမ်းက စိတ်နဲ့စေတသိက်ကို တစ်ခုစီပြထားတော့ လွယ်တာပေါ့၊ ဒါပေမယ့် ဒီမှာလည်း စိတ်ကိုနှုတ်လိုက်ရင် ကျန်တာတွေက စေတသိက်တွေပါပဲ၊ ဖဿ, ဝေဒနာ,သညာ,စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယ မနသိကာရ အားလုံး ခုနစ်ခုရှိတယ်၊ အဲဒီခုနစ်ခုကို သဗ္ဗစိတ္တသာဓာရဏ စေတသိက်လို့ အမည်ပေးထားတယ်၊ သဗ္ဗစိတ္တ အလုံးစုံသော စိတ်တွေနှင့် သာဓာရဏ ဆက်ဆံတဲ့ စေတသိက်တွေတဲ့၊ စိတ်တစ်ခု ဖြစ်တိုင်းဖြစ်တိုင်း ဒီစေတသိက်ခုနစ်ခု ပါတာချည်းပဲ၊ တစ်နေ့က ဟောခဲ့တဲ့ ကုသိုလ်စိတ်တွေမှာတော့ ဒီခုနစ်ပါးအပြင် အများကြီးပေါ့၊ နှစ်ဆယ်ကျော်၊ သုံးဆယ်ကျော်တောင်ပဲ၊ အခု စက္ခုဝိညာဉ်စတဲ့ စိတ်တွေမှာ ယှဉ်ဖော်ယှဉ်ဖက် စေတသိက်တွေဟာ အနည်းဆုံးပဲ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခုနစ်ခုပဲ ရှိတယ်၊ စိတ်ရောဆိုရင် အားလုံး ရှစ်ခု တစ်ပြိုင်နက်ဖြစ်ကြတယ်။

## ရုပ်ကျတော့ ကလာဝ်တဲ့

စိတ် စေတသိက်တွေမှာ ထိုက်သင့်သလို တစ်ပေါင်းတည်း တစ်ပြိုင်နက် ဖြစ်ကြသလို ရုပ်တွေကျတော့လည်း တစ်ပေါင်းတည်းဖြစ်ကြတယ်၊ ရုပ်မှုန့်ကလေး တစ်ခုဆိုရင် ဘယ်လောက်သေးသေး ဘယ်လောက်ငယ်ငယ် အနည်းဆုံးရုပ်ရှစ်ခု တပေါင်းတည်းဖြစ်တယ်၊ ရှစ်ခုပေါင်းဖြစ်ရင် အဋ္ဌက ကလာပ်လို့ခေါ်တယ်၊ ကိုးခုပေါင်း နဝက ကလာပ်၊ ဆယ်ခုပေါင်း ဒသက ကလာပ်၊ ဆယ့်တစ်ခုပေါင်း ဧကာဒသက ကလာပ်၊ ဆယ့်နှစ်ခုပေါင်း ဒွါဒသက ကလာပ်၊ ဆယ့်သုံးခုပေါင်း ဆတရသက ကလာပ်လို့ခေါ်တယ်၊ ဒီတော့ ရုပ်ကလာပ်တွေဟာ ရှစ်ခုပေါင်းလည်း ရှိတယ်၊ ကိုးခုပေါင်း၊ ဆယ်ခုပေါင်း၊ ဆယ့်တစ်ခုပေါင်း၊ ဆယ့်နှစ်ခုပေါင်း၊ ဆယ့်သုံးခုပေါင်းအထိ ရှိတယ်၊ ဒါထက်တော့ ပိုမများဘူး။

## စိတ်စေတသိက်တွေမှာ အနည်းဆုံးရှစ်ပါး

ရုပ်ကတစ်မျိုး နာမ်ကတစ်မျိုး သူတို့ချင်းသဘောမတူကြဘူး၊ သဘော တစ်မျိုးစီပဲ၊ ရုပ်သက်ကရှည်တယ်၊ နာမ်သက်ကတိုတယ်၊ တစ်ပေါင်းတည်းဖြစ်တဲ့

ရုပ်တွေဟာ ပြောခဲ့တဲ့အတိုင်းရှစ်ခုကနေ တစ်ဆယ့်သုံးခုအထိရှိတယ်၊ စိတ်စေတသိက်ဆိုတဲ့ နာမ်တရားတွေကျတော့ အနည်းဆုံးရှစ်ခု၊ အများဆုံး သုံးဆယ့်ရှစ်ခုအထိ ဖြစ်နိုင်တယ်၊ အနည်းဆုံးရှစ်ခု တစ်ပြိုင်နက်ဖြစ်နိုင်တာက စက္ခုဝိညာဉ်စတဲ့ ပဉ္စဝိညာဉ်စိတ်တွေပဲ၊ သူတို့ကတော့ စိတ်တစ်ခု စေတသိက်က ခုနစ်ခု ဒီရှစ်ပါးပဲ ဖြစ်နိုင်တယ်၊ အများဆုံး တစ်ပေါင်းတည်း ဖြစ်နိုင်တာကတော့ ကာမာဝစရ ကုသိုလ်စိတ်တွေပဲ၊ သူတို့ကို သုံးဆယ့်ရှစ်ခု ယှဉ်ဖြစ်တယ်လို့ဆိုရတယ်၊ ဒါပေမယ့် တကယ်ဖြစ်နိုင်တာကတော့ တစ်ပြိုင်နက်တည်းဆိုရင် ဝိရတီစေတသိက်နဲ့ အပ္ပမညာစေတသိက်နှစ်ခုက တစ်ခါတလေ ယှဉ်ဖြစ်တာ၊ တစ်ခါတလေ မယှဉ်ဘူး၊ ယှဉ်ဖြစ်ပြန်တော့လည်း တစ်ခုစီသာ ယှဉ်လို့သာပဲ၊ ဘယ်လိုလဲဆိုရင် ဝိရတီကလည်း တစ်ခါတလေ တစ်ခုမှမယှဉ်ဘူး၊ ယှဉ်ဖြစ်ပြန်တော့လည်း သူတို့သုံးခုစလုံး မဖြစ်နိုင်ဘူး၊ တစ်ခုတစ်ခုသာ ယှဉ်ဖြစ်တာ အပ္ပမညာနှစ်ခုကလည်း ဒီအတိုင်းပဲ၊ မယှဉ်တဲ့အခါမယှဉ်ဘူး၊ ယှဉ်ပြန်တော့လည်း တစ်ခုစီသာ ယှဉ်တယ်၊ ဒါကြောင့် တကယ် တစ်ပြိုင်နက် ဖြစ်နိုင်တာက သုံးဆယ့်လေးခုပဲ။

အခုဒီမှာ တစ်ပေါင်းတည်း ရှစ်ခုဖြစ်တဲ့ စက္ခုဝိညာဉ်ကို ဝေဖန်ဟော ကြားပါတယ်၊ ကတမော တသ္မိံ သမယေ ဖဿော ဟောတိ အဲဒီအခါကာလ ဖြစ်တဲ့ ဖဿဆိုတာ ဘယ်လိုဟာလဲတဲ့၊ ဒါတွေကတော့ မထူးပါဘူး၊ ရှေးကအတိုင်းပါပဲ၊ ထပ်ခါထပ်ခါ ဝေဖန်ဟောကြားထားပါတယ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်စသည်ဖြင့် လျှောက်ပြီးဟောကြားထားတာ အများကြီးပါပဲ၊ ဒါကြောင့် အဘိဓမ္မာဆိုတာ အင်မတန်ထူးကဲ ကျယ်ဝန်းတဲ့ တရားလို့ဆိုတယ်၊

## လက္ခဏစသည်နှင့်သိရပေ

အခုဟာတွေက ယောဂီတွေသိဖို့ မလွယ်လှဘူး၊ ဘုန်းကြီးက အခုယောဂီတွေ သိဖို့ ဟောရမယ်၊ အဘိဓမ္မာတရားဆိုပြီး အဘိဓမ္မာကို မဟောလို့က မဖြစ်ဘူး၊ ဒါကြောင့် အဘိဓမ္မာကို အခြေခံဖြစ်အောင် ဟောရသေးတယ်၊ အဘိဓမ္မာအတိုင်း လျှောက်ဟောဦးမှ အဘိဓမ္မာတရားဆိုတဲ့ အရှိန်အဝါ အစဉ်မပျောက်ဘဲ ရှိမယ်ပေါ့။

ဝိပဿနာရှုမှတ်တဲ့ ယောဂီပုဂ္ဂိုလ်မှာ မြင်သိစိတ်ကို လက္ခဏ ရသ ပစ္စု ပဋ္ဌာန် ပဒဋ္ဌာန်အားဖြင့် သိရမယ်တဲ့၊ ဒီတော့ ဒီမြင်သိစိတ်ကို လက္ခဏာအားဖြင့်

ဘယ်လိုသိသလဲ၊ ရသအားဖြင့် ဘယ်လိုသိသလဲ၊ ပစ္စုပဋ္ဌာန်အားဖြင့် ဘယ်လို သိသလဲ၊ အဲဒီ အထဲက လက္ခဏာကို ဘယ်လိုသိသလဲဆိုရင်-

စက္ခုသန္နိဿိတံ ရူပဝိဇာနနလက္ခဏံ စက္ခုဝိညာဏံ။

စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်စိတ်သည်။ ဝါ၊ မြင်သိစိတ်သည်တဲ့၊ မြင်သိစိတ် ကလေးဟာ ဘယ်လိုလက္ခဏာရှိသလဲဆိုတော့ စက္ခုသန္နိဿိတံ၊ မျက်စိကိုမှီလျက်။ ရူပဝိဇာ နနလက္ခဏံ၊ အဆင်းကိုမြင်ခြင်း သိခြင်းလက္ခဏာရှိတယ်တဲ့၊ မျက်စိကိုမှီပြီး မျက်စိကနေပြီးတော့ အဆင်းကို မြင်သိသွားတာလေးဟာ စက္ခုဝိညာဉ်စိတ်ရဲ့ လက္ခဏာပါပဲတဲ့၊ ဒီတော့ မြင်တယ်, မြင်တယ် မှတ်လို့ရှိရင် မျက်စိကနေပြီး မြင်တာပဲ၊ အဆင်းကိုမြင်ထားတာပဲဆိုတာ ယောဂီပုဂ္ဂိုလ်က သိနိုင်တာပေါ့၊ စာနဲ့ပေနဲ့ မပြောတတ်တာကတော့ ရှိတာပဲ၊ အလိုလိုတော့ သိနေတယ်၊ မျက်စိကမြင်ပြီး အဆင်းကိုသိတယ်တဲ့၊ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်ကလေး စီထားတယ်၊ "မျက်စိမှီရင်း၊ အဆင်းမြင်သည်"ဒါ သူ့လက္ခဏာပဲ၊ မြင်တယ်, မြင်တယ် မှတ်လိုက်ရင် ခြော်-မျက်စိကနေပြီးတော့ အဆင်းကို မြင်သွားတာပါ ကလားလို့ သိလိုက်ရတယ်၊ အဲဒါ လက္ခဏာနဲ့သိတာပဲ၊ ကိုင်း-ဆောင်ပုဒ်ဆိုရမယ်၊ လိုက်ဆို-

မျက်စိမှီရင်း၊ အဆင်းမြင်သည်။

မျက်စိမှီရင်း၊ အဆင်းမြင်သည်။ (သုံးခေါက်)

လက္ခဏာအားဖြင့် မြင်သိရတယ်ဆိုတဲ့အတိုင်း ယောဂီတွေ မြင်တာကိုမှတ်ရင် ဒီလို လက္ခဏာအားဖြင့် သိနိုင်ပါတယ်၊ ဒါက ဒေသနာအစဉ်အားဖြင့်သာ ပြောရတာ၊ မြင်ရတာကို ပိုင်ပိုင်နိုင်နိုင်သိဖို့ဆိုတာက မလွယ်ဘူး၊ ဝိပဿနာ ဉာဏ် တော်တော်ရင့်သန်ပါမှာ မြင်တာကို ပိုင်ပိုင်နိုင်နိုင်သိနိုင်တယ်၊ ကြား တာကိုတော့ ကြားတယ် ကြားတယ်လို့ မှတ်ရင် နားထဲက အသံလေးကို ကြားသွားတာပဲဆိုတာ ထင်ရှားတယ်၊ အင်မတန် ထင်ရှားတာပဲ၊ တစ်ခါတစ်ရံ နားထဲကို ဝင်တိုက်လိုက်တယ်လို့တောင် ထင်ရတယ်၊ ကြမ်းတမ်းတဲ့ အသံဆိုရင် နားထဲ တိုးတိုက်သွားသလိုပဲ၊ အင်မတန်ကို ထင်ရှားပါတယ်၊ သူ့ကျတော့ "နားကိုမှီရင်း၊ အသံကြားသည်"လို့ စပ်ဆိုရမှာပေါ့လေ၊ ကာရန်တော့ မကိုက် တော့ဘူး၊ "မျက်စိမှီရင်း အဆင်းမြင်သည်"ဆိုတာနဲ့ ကာရန်ကိုက်အောင်

စပ်လို့မရတော့ဘူး၊ ဒီအတိုင်းပဲ အစိပ္ပာယ် ကောက်ယူမှ ဖြစ်တော့မှာပဲ၊ ကာရန်လုပ်ကြည့်ပါသေးတယ်၊ တယ်ပြီး နေရာမကျလှဘူး၊ တစ်မျိုးစပ်ရင်တော့ ဖြစ်မှာပေါ့၊ ဒါပေမယ့် ရှေ့လင်္ကာနဲ့တစ်ပါတည်းပါသွားအောင် စပ်လို့မရဘူး၊ ဒီတော့ ဒီလင်္ကာ ကာရန်မကိုက်တဲ့ လင်္ကာတစ်မျိုးလို့ မှတ်ထားရုံပါပဲ။

အနံ့နံတဲ့အခါ နံတယ် နံတယ်လို့ မှတ်ရင် "နှာခေါင်းမှီရင်း၊ အနံ့နံသည်"ပေါ့၊ နှာခေါင်းမှီပြီး အနံ့ကလေး နံသွားတာကို သိတယ်၊ သူကထင်ရှားပါတယ်။

အရသာရှိတာကိုစားလို့ စားတယ် စားတယ်လို့ မှတ်တဲ့အခါမှာလည်း "လျှာကိုမှီရင်း၊ အရသာသိသည်"ပေါ့၊ လျှာကိုမှီပြီး အရသာကို သိသိသွားတာ ထင်ရှားပါတယ်။

ကိုယ်မှာတွေ့ထိတဲ့ အတွေ့အထိတွေကတော့ ပြည့်လို့အများကြီးပဲ၊ အသား အသွေးကောင်းတဲ့ နေရာဆိုရင် ဘယ်နေရာမဆိုဘဲ တစ်ကိုယ်လုံး အနှံ့တွေ့ထိပြီး သိနိုင်တာချည်းပဲ၊ အပ်ဖျားကလေးနဲ့ တို့ကြည့် ဘယ်နေရာဖြစ်ဖြစ်သိတယ်၊ ကောင်းတာထိလည်း သိတာပဲ၊ မကောင်းတာထိလည်း သိတာပဲ၊ ဒီတော့ "ကိုယ်ကိုမှီရင်း အတွေ့သိသည်" လို့ ဆိုပေါ့၊ ဒီနေရာမှာတော့ ကာရန်ပြင်ရင် ရတော့ရပါတယ်၊ "ကိုယ်ကိုမှီ၍၊ အတွေ့သိသည်"လို့ပြင်ရုံပဲ၊ ဒါပေမယ့် မပြင်ပါနဲ့တော့ မူရင်းအတိုင်း တစ်မူတည်းထားတာမှကောင်းပါတယ်၊ ထိတယ် ထိတယ်လို့ မှတ်တဲ့အခါမှာ "ကိုယ်ကိုမှီပြီး ထိထိသွားတာပါကလား၊ တွေ့စရာ တွေကို တွေ့ထိသွားတာပဲလို့ သိတာဟာ လက္ခဏာနဲ့ သိတာတဲ့။

စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်သည်။ ဝါ၊ မြင်သိစိတ်သည်။ ရူပါရမ္မဏရသံ၊ အဆင်းမျှလျှင် အာရုံပြုခြင်းကိစ္စရှိ၏။ စက္ခုဝိညာဉ်စိတ်ဟာ အဆင်းမျှကိုသာသိတယ်၊ ကြီးတယ်,ငယ်တယ်,လှတယ်, မလှဘူး စသည်ကို သူက ဘာမျှသိတာမဟုတ်ဘူး၊ မြင်ရုံမျှ သဘောလေးပဲ၊ သူ့ကိစ္စက အဆင်းကို မြင်ရုံမျှပဲ ကိစ္စရှိတယ်၊ မြင်ရုံမြင်ပြီးတဲ့ နောက်မှ ဆက်လက်ပြီး စဉ်းစားတော့မှ ဒါဟာ လူကြီးပဲ, လူငယ်ပဲ, ယောကျ်ားပဲ, မိန်းမပဲ စသည်ဖြင့် ဒါတွေကို သိတာ၊ ဒီလို သိတာဟာ နောက်စိတ်တွေက သိတာပဲ။

ဝိပဿနာရှုတဲ့အခါ မြင်လျှင်မြင်ခြင်း ရှုလိုက်ရင် မြင်ရုံမျှတွင်ရပ်သွားတယ်၊ ကြားလျှင်ကြားခြင်း ရှုလိုက်ရင် ကြားရုံမျှတွင် ရပ်သွားတယ်၊ ဒီလို ရပ်သွားအောင်

မြင်လျှင်မြင်ခြင်း ကြားလျှင်ကြားခြင်း ရှုရတာပဲ၊ ဒီလို မရှုနိုင်လို့ ရှိရင်တော့ ပညတ်တွေကျအောင် ရောက်ကုန်တယ်၊ ပညတ်ကျအောင် ရောက်သွားပြီဆိုရင် လောဘ, ဒေါသစတဲ့ အကုသိုလ်ဇောတွေဖြစ်ကုန်တတ်တယ်၊ အဲဒီလို အကုသိုလ်ဇောတွေ မကျရအောင် မဖြစ်ရအောင်လို့ မြင်လျှင်မြင်ခြင်း ကြားလျှင်ကြားခြင်း ရှုမှတ်ရန် ဟောကြားထားတာပဲ၊ စက္ခုဝိညာဉ်ကတော့ မြင်သိရုံမျှပဲ ကိစ္စရှိသည်တဲ့၊ ဆိုရမယ်။

"မျက်စိမှီရင်း၊ အဆင်းမြင်သည်၊ မြင်သိရုံမျှ ကိစ္စရှိသည်" ဆို-
"မျက်စိမှီရင်း၊ အဆင်းမြင်သည်၊ မြင်သိရုံမျှ ကိစ္စရှိသည်"
(သုံးခေါက်ဆို)

ရူပါဘိမုခဘာဝ ပစ္စုပဋ္ဌာန်၊ အဆင်းဆီသို့ ရှေးရှုပြုသည်၏ အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်တို့ ဉာဏ်အား ရှေးရှုထင်၏တဲ့၊ အဆင်းဆီသို့ ရှေးရှုပြုနေတယ်တဲ့၊ ဒီလိုထင်တယ် ရှေးရှုပြုနေတယ်ဆိုတာ မျက်နှာပြုနေတဲ့သဘောပါပဲ၊ မိတ်ဆွေတစ်ယောက် လာရောက်စရာရှိတယ်ဆိုရင် လာမယ့်လမ်းဆီကို ရှေးရှုပြီးတော့ မျှော်ကြည့်နေတဲ့ သဘောတွေပါပဲ၊ အဆင်းဆီသို့ ရှေ့ရှုပြုနေတာပဲတဲ့၊ မြင်တယ် မြင်တယ်လို့ရှုနေရင် အဆင်းဆီကိုသာ ရှေ့ရှုပြုနေတယ်၊ မြင်တဲ့စိတ်ကလေးက အဆင်းဆီကိုသာ ရှေးရှုပြီးသိတယ်၊ တခြားတော့ ဘယ်ကိုမှမလှည့်ဘူး၊ ဒါကြောင့် "အဆင်းရှေ့ရှု သူပြုနေသည်"လို့ ဘုန်းကြီးက လင်္ကာစီထားပါတယ်၊ ကြားတယ် ကြားတယ်လို့ ရှုရင်လည်း "အသံဆီရှေ့ရှု၊ သူပြုနေသည်" နံတာကို ရှုရင်လည်း "အနံ့ဆီရှေးရှု၊ သူပြုနေသည်" စသည်ပေါ့၊ အကုန်လုံး အတူတူပဲ၊ ဒီတစ်ပုဒ်ရရင် အကုန်လုံးရပါတယ်။

"မျက်စိမှီရင်း၊ အဆင်းမြင်သည်"ဆိုတဲ့ ဒီတစ်ပုဒ်ပဲ ပြင်လို့မရတာ၊ ဒီပြင်အပိုဒ်တွေကိုတော့ "မြင်သိရုံမျှ ကိစ္စရှိသည်၊ ကြားသိရုံမျှ ကိစ္စရှိသည်၊ နံသိရုံမျှ ကိစ္စရှိသည်၊ စားသိရုံမျှ ကိစ္စရှိသည်၊ ထိသိရုံမျှ ကိစ္စရှိသည်" လို့ ဒါတွေ အကုန်လုံးပြင်လို့ရပါတယ်၊ ဒီတစ်ပုဒ်ရရင် အကုန်လုံးရတော့တာပဲ၊ အသံကို ကြားတယ်ဆိုရင် သည်စိတ်ကလေးက အသံဆီကို ရှေ့ရှုပြီး အသံဘက်ကို လှည့်နေသလိုပဲ၊ အနံ့ကိုနံတယ်ဆိုရင် သည်စိတ်ကလေးက အနံ့ဆီကို ရှေးရှုပြီး အနံ့ဘက်ကို လှည့်နေသလိုပဲ၊ အရသာကို စားတယ်ဆိုရင်လည်း

အရသာဆီကို ရှေးရှုနေသလိုပဲ၊ အတွေ့အထိကို ထိတယ်ဆိုရင်လည်းဒီလိုပဲ၊ အတွေ့အထိဆီကို ရှေးရှုပြီး အတွေ့အထိဘက်ကိုလှည့်နေသလိုပဲ၊ သူ့ဟာသူ သိနေတယ်၊ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ဆိုရင် ဉာဏ်ထက်တဲ့အလျှောက် သေသေချာချာ ရှုမှတ်တဲ့အခါ ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား၊ ပိုင်းပိုင်းခြားခြား သိသိနေတယ်၊ ဒါပေမယ့် ပြောတာဟောတာကတော့ လေ့ကျင့်ထားပါမှ ကျက်ထားပါမှ ပြောတတ်ဟောတတ်တယ်၊ လေ့ကျင့်မထားလို့ရှိရင် နေရာကျအောင် မပြောတတ်၊ မဟောတတ်ဘူး၊ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဆိုတာ လွယ်တာမဟုတ်တော့ ကျက်ထားရတယ်၊ ဓမ္မာစရိယ စာမေးပွဲတွေမှာ ဒါတွေကို မေးခွန်းထုတ်ထားတယ်ဆိုရင် ကျက်မထားဘဲနဲ့ စနစ်တကျမှန်ကန်အောင် မဖြေနိုင်ဘူး၊ ဖြေနိုင်အောင် ကျက်ထားရတယ်၊ ဒါမှ စာထဲမှာပါတဲ့အတိုင်း ဖြေနိုင်တယ်။

## ယောဂီပုဂ္ဂိုလ်တွေမှာသိတော့သိတယ်

ယောဂီပုဂ္ဂိုလ်တွေမှာ ရှုမှတ်နေရင် ဒါတွေကို အမှန်အတိုင်းတော့ သိနေတာပဲ၊ ဒါပေမယ့် ပြောပါဦးဆိုတော့ မပြောနိုင်ဘူး၊ နားလည်တဲ့ ပုဂ္ဂိုလ်က ပြောရင်တော့ သဘောပေါက်နိုင်ပါတယ်၊ ဒါလဲ နားလည်တဲ့စကားနဲ့ ပြောမှသာ နားလည်မှာပဲ၊ နားမလည်တဲ့ စာသံပေသံတွေနဲ့ပြောရင် သိပ်နားလည်မှာမဟုတ်ဘူး၊ ဘုန်းကြီးကတော့ ယောဂီပုဂ္ဂိုလ်တွေ နားလည်အောင်လို့ စာသံပေသံတွေနဲ့မဟုတ်ဘဲ မြန်မာလို နားလည်နိုင်တဲ့ ဆောင်ပုဒ်ကလေးတွေ ရေးပေးထားတယ်။

မျက်စိမှီရင်း၊ အဆင်းမြင်သည်၊ မြင်သိရုံမျှ၊ ကိစ္စရှိသည်။
အဆင်းဆီရှေးရှု၊ သူပြုနေသည်၊ မြင်သိဌ–သိထိုက် ဉာ်သုံးမည်–တဲ့။

မြင်သိတဲ့ စက္ခုဝိညာဏ်စိတ်ဟာ ဉာ်သုံးပါးကို မြင်သိခိုက်အခါမှာ ရှုမှတ်တဲ့ ယောဂီပုဂ္ဂိုလ်အား သိသင့်သိထိုက်သည်လို့ဆိုလိုတယ်၊ ကိုင်း–ပေါင်းပြီးဆိုကြရမယ်။

မျက်စိမှီရင်း၊ အဆင်းမြင်သည်၊ မြင်သိရုံမျှ၊ ကိစ္စရှိသည်။
အဆင်းဆီရှေးရှု၊ သူပြုနေသည်၊ မြင်သိဌ–သိထိုက် ဉာ်သုံးမည်။(ဆို)
(တတိယအကြိမ်)

မျက်စိမှီရင်း၊ အဆင်းမြင်သည်၊ မြင်သိရုံမျှ၊ ကိစ္စရှိသည်။
အဆင်းဆီရှေးရှု၊ သူပြုနေသည်၊ မြင်သိ၌-သိထိုက် ဉာဏ်သုံးမည်။
(သုံးခေါက်)

ဆိုရမယ့် အပုဒ်တွေကများတယ်၊ အကုန်လုံး ဆိုမနေပါနဲ့တော့၊ ရေးပေးထားတဲ့ လူတွေမှာတော့ ရှိပြီး ရပြီးသားပဲ၊ အဲဒါ မြင်သိတဲ့စိတ်ကလေးကို ဝိပဿနာ ရှုတဲ့အခါမှာ သိဖို့ပါပဲ၊ ကြားသိစိတ်ကို ရှုတဲ့အခါမှာလည်း အတူတူပါပဲ၊ ကြားတယ်ကြားတယ်လို့ ရှုသိတဲ့အခါမှာ နားထဲကနေပြီး ကြားနေရတယ်၊ အချို့ ထူးထူးခြားခြားသိတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ညာဘက်နားကကြားတယ်၊ ဘယ်ဘက်နားက ကြားတယ်ဆိုတာကိုတောင် သိတယ်လို့ဆိုတယ်၊ အံ့သြစရာပါပဲ၊ ကြားသိရုံမျှပဲ၊ ဘယ်လိုစကားကိုဆိုတယ် ဘာအဓိပ္ပါယ်ရှိတယ်ဆိုတာ ဘာမျှမသိဘူး၊ ဘာပဲ ညာပဲလို့ ဘာမျှမဆုံးဖြတ်နိုင်သေးဘူး၊ ဒီစိတ်ကလေးက ကြားရုံမျှလေးပဲ၊ အဲဒီစိတ်ကလေးဟာ အသံဆီကို ဦးတည်ပြီးတော့လည်းနေတယ်၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန် အဲဒီသုံးခုကို ယောဂီပုဂ္ဂိုလ် သိရတယ်တဲ့။

အနံ့ကျတော့လည်း ဒီအတိုင်းပဲ၊ နှာခေါင်းကို မှီပြီးတော့ အနံ့ကိုသိတယ်၊ နှာခေါင်းထဲကပဲ အနံ့ကိုသိနေတယ်၊ ဒီပြင်နေရာက အနံ့ကိုမသိနိုင်ဘူး၊ သိတာကလည်း အနံ့ကိုသိရုံမျှပဲ၊ ဒီဟာ ဘာနံ့ပဲလို့မသိဘူး၊ ကောင်းတဲ့အနံ့ မကောင်းတဲ့အနံ့ကိုလည်း မသိဘူး၊ အဲဒီလို ထင်ရှားတွေ့ရတယ်၊ အဲဒါ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်ပဲ။

အတွေ့အထိကျတော့လည်း ဒီအတိုင်းပဲ၊ ကိုယ်ရုပ်မှီ၍၊ အတွေ့သိသည်တဲ့၊ ကိုယ်ရုပ်ကိုမှီပြီး အတွေ့အထိကိုသိသွားတယ်၊ ဒီလိုသိတော့လည်း ထိသိရုံမျှပဲသိတယ်၊ သူ့ကိစ္စဟာ ထိသိရုံမျှပဲ ကိစ္စရှိတယ်၊ ဒီပြင် အကောင်းအဆိုး ဘာကိုမျှ မဆုံးဖြတ်နိုင်သေးဘူး၊ ပြီးတော့ အတွေ့ဆီသို့ ရှေးရှုနေသည်တဲ့၊ အတွေ့ဆီကို မျက်နှာပြုနေသလိုပဲတဲ့၊ အဲဒါ ထိသိ၌ သိထိုက် ဉာဏ်သုံးမည်တဲ့၊ ထိသိမှု ကာယဝိညာဉ်မှာ ဒီသုံးပါးသော အခြင်းအရာတို့ဖြင့် သိရမယ်လို့ ဆိုလိုတယ်၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်ကို သိရမယ်ဆိုတာ ဒီလိုသိရတာပဲ၊ ဒါဟာ ဝိညာဉ်ငါးပါး၊ အဲဒီ ဝိညာဉ်ငါးပါးအတွက် အကုန်လုံးစုပြီး မှတ်ထားရမယ်။

(တတိယအကြိမ်)

## ဒီနေရာမှာ ဝိထိချုပြဖို့လိုတယ်

စိတ်ကလေးတွေဖြစ်ပုံကို ဝီထိချုပြမှ ပိုပြီးတော့နားလည်မယ်၊ ဒါကြောင့် ဒီနေရာမှာ ဝီထိချုပြမှဖြစ်မယ်၊ သတ္တဝါဆိုတာ ကောင်း, မကောင်းဖြစ်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေကို ပြုခဲ့ကြတယ်၊ အဲဒီကံတွေဟာ သေခါနီး ကာလကျရင် ထင်လာတတ်တယ်၊ ထင်လာတတ်တယ်ဆိုတာ စိတ်ထဲမှာ အာရုံအဖြစ်နဲ့လာပြီး ပေါ်တာကိုဆိုတယ်၊ ဒီလို အရင်က ပြုခဲ့တဲ့ကံတွေလာပြီးပေါ်တာကို ကမ္မနိမိတ်လို့ခေါ်တယ်၊ သေခါနီး ကာလကျတော့ ကောင်းတဲ့ ကုသိုလ်ကံ ပြန်ပြီး သတိရပေါ်လာရင် ကုသိုလ်ကျိုးပေးတယ်၊ ဘယ်လိုသတိရပြီး ပေါ်လာတတ်သလဲဆိုရင် ဒါန, ကုသိုလ်ပြုခဲ့ဖူးသူမှာ လှူဒါန်းတဲ့ ဝတ္ထုပစ္စည်းတွေ, လှူရာဌာနတွေ၊ အလှူခံပုဂ္ဂိုလ်တွေနဲ့ အတူတကွ ပေးလှူနေပုံတွေဟာ လောလောဆယ် စိတ်ထဲမှာ လာပြီးပေါ်နေတတ်တယ်၊ အဲဒါ ကမ္မနိမိတ်တွေ ပေါ်နေတာတဲ့၊ သေခါနီးမှာ အသစ်ထပ်ပြီး ဒီလို ကုသိုလ်တွေပြုနေရသလို ထင်နေတယ်ပေါ့၊ ပြီးတော့ ရောက်ရမယ့်ဘဝမှာရှိတဲ့ အဝတ္ထုတွေကလည်း ထင်ချင်ထင်လာတတ်ပြန်တယ်၊ ဘယ်လိုလဲဆိုရင် လူပြည်ဖြစ်မည့်သူဟာ အမိအဘတို့ နေရာထိုင်ခင်းတို့ စသည့် လူပြည်က အသုံးအဆောင် အရာဝတ္ထုတွေကို ထင်မြင်လာတတ်သေးတယ်၊ နတ်ပြည်ကိုဖြစ်မည့်သူဆိုရင်လည်း နတ်သား, နတ်သမီး, နတ်ဗိမာန်စသည်ပေါ့၊ ဒီလိုဖြစ်ရာ ဘဝအခြေအနေတွေ ထင်လာတတ်သေးတယ်၊ အဲဒီလိုထင်လာတာကို ဂတိနိမိတ်လို့ခေါ်တယ်၊ ပြုနေတဲ့ ဒါနအဆောင်အယောင်တွေပေါ်လာရင် ကမ္မနိမိတ်လို့ခေါ်တယ်၊ ဖြစ်ရမယ့် ဘဝအဆောင်အယောင်တွေ ပေါ်လာရင် ဂတိနိမိတ်လို့ခေါ်တယ်။

တချို့သူဆိုရင် တော်တော် စောစောကတောင် နိမိတ်ထင်လာတာတွေ ရှိသေးတယ်၊ နေမကောင်း ထိုင်မကောင်းဖြစ်ရုံရှိသေး နိမိတ်က ထင်ချင်ထင် လာတတ်သေးတယ်၊ ပြီးတော့ ပြန်ပြီး နေလို့ကောင်းလာတယ်၊ ကျန်းမာလာတယ်၊ ဒီလိုပုဂ္ဂိုလ်တွေလည်း ရှိတာပဲ၊ နောက် ဒီလိုနဲ့ ပြောခဲ့တဲ့ နိမိတ်သုံးမျိုးထဲက တစ်မျိုးမျိုး ထင်လာပြီး သေသွားတယ်၊ သေသွားတယ်ဆိုတာ နောက်ဆုံး စိတ်ကလေး ချုပ်သွားတာပါပဲ၊ အဲဒီ နောက်ဆုံး စိတ်ကလေးဆိုတာဟာလည်း

(တတိယအကြိမ်)

အခုဘဝမှာ အစကဖြစ်ခဲ့တဲ့ ပဋိသန္ဓေစိတ်ကလေးအတိုင်းပါပဲ၊ သူတို့ချင်း တူပါတယ်၊ ပြီးတော့ ဘဝင်စိတ်ဆိုတာလည်း ရှိသေးတယ်၊ အဲဒီဘဝင်စိတ်နဲ့ သေတယ်ဆိုတဲ့ စုတိစိတ်ဟာ ပဋိသန္ဓေစိတ်ဆိုတဲ့ အစဆုံး ဘဝင်စိတ်မျိုးပါပဲ၊ အဲဒီစိတ်သုံးမျိုးက တူကြတယ်၊ သိတယ်လို့ မထင်ရဘဲ အိပ်ပျော်နေတဲ့ စိတ်မျိုးဟာ ဘဝင်စိတ်ပါပဲ၊ အခါမပြတ်ဖြစ်နေပေမယ့် ဘာကို အာရုံပြုနေတယ် ဆိုတာ မသိရဘူး၊ သိတဲ့ ဝိထိစိတ်တွေ မဖြစ်ဘူးဆိုရင် အဲဒီ ဘဝင်ဆိုတဲ့ စိတ်တွေဟာ ဘဝပြတ်မသွားအောင် သူတို့ချည်းဖြစ်နေတာပဲ၊ စက္ခုဝိညာဉ်စတဲ့ စိတ်တွေ ဖြစ်ခွင့်ရလို့ဖြစ်လာပြီဆိုရင်တော့ အဲဒီ ဘဝင်စိတ်တွေဟာ ချုပ်သွားပြီး စက္ခုဝိညာဉ် စတဲ့ စိတ်တွေကို ဖြစ်ခွင့်ပေးလိုက်တယ်၊ အနောက်နိုင်ငံ စိတ်ပညာ ဆရာတွေကတော့ ဒီဘဝင်စိတ်ကို မသိစိတ်တွေလို့ဆိုထားကြတယ်၊ မသိစိတ်နဲ့ သိတဲ့စိတ်လို့ခွဲပြီး ဘဝင်စိတ်ကို မသိစိတ်၊ ဝိထိ(သိတဲ့)စိတ်တွေကို အသိစိတ်တဲ့၊ ဒီလိုဆိုထားကြတယ်၊ ဒါပေမယ့် ဝိထိစိတ်တွေလို သိတာမထင်ရှား ပေမယ့် သူ့အာရုံကိုတော့ သူပြုလျက် ပြုပြီးသိနေတာပါပဲ၊ စိတ်ဆိုတာ အာရုံတစ်ခုခုကို မပြုဘဲမဖြစ်ဘူး၊ ဒါကြောင့် ဒီမသိဘူးဆိုတဲ့ ဘဝင်စိတ်ဟာ ပြောခဲ့တဲ့ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးမျိုးတို့တွင် တစ်မျိုးမျိုးကို အာရုံပြုပြီး ဖြစ်နေတာပါပဲ၊ ဒီနေရာလေးက သိမ်မွေ့တယ်၊ ဒီတော့ အသိခက်တယ်၊ အဲဒီဘဝင်စိတ်ဟာ ပစ္စုပ္ပန်အာရုံကိုသာ မသိတာ၊ သူ့အာရုံနဲ့သူတော့ သိနေတာပဲ။

သေတယ်ဆိုတာ အဲဒီနောက်ဆုံး ဘဝင်စိတ်ကလေး ချုပ်သွား ပျောက်သွား ပြီးတဲ့နောက် ဘယ်စိတ်မှ မဖြစ်တော့တာကို သေတယ်လို့ခေါ်တာပဲ၊ နောက်ထပ် စိတ်ဖြစ်နေသေးတယ်ဆိုရင် မသေသေးဘူး၊ မဖြစ်တော့ရင်သေတာပဲ၊ ဒီလိုသေသွားရင် ဘဝဆုံးရောလားဆိုတော့ မဆုံးသေးဘူး၊ ဘုရားရဟန္တာဖြစ်ပြီး နိဗ္ဗာန် မဝင်မစံရ သေးတဲ့ ပုဂ္ဂိုလ်မှန်သမျှ ဘယ်တော့မှ ဘဝမဆုံးသေးဘူး၊ နောက်ဘဝတွေမှာ ဆက်ဆက်ပြီး ဖြစ်နေရသေးတယ်၊ အခုကာလ လူဝင်စားတွေဆိုတာကို ကြည့်ပါလား၊ ဘဝဆုံးသွားရင် ဒီလူဝင်စားတွေဆိုတာ မရှိနိုင်ဘူးပေါ့၊ အဲဒီ လူဝင်စားတွေဟာ ပြီးခဲ့တဲ့ဘဝကို ပြန်ပြီးသိနိုင်တဲ့ ဇာတိဿရပုဂ္ဂိုလ်မျိုးတွေပဲ၊ သေသွားပြီး ဘဝမဆုံးသေးတဲ့ သာဓကတစ်ခုအနေနဲ့ ဒီလူဝင်စားတွေကို ထောက်ပြရင်လည်း ဖြစ်နိုင်စရာအကြောင်းရှိပါတယ်။

(တတိယအကြိမ်)

## ဘဝသစ်ဖြစ်ရပြန်ပါတယ်

ဘဝသစ်တစ်ခုက နောက်ဆုံးစိတ်ကလေး ချုပ်ပျောက်သွားတဲ့အခါ သေခါနီးတုန်းက စွဲလမ်းခဲ့တဲ့ အာရုံကို အာရုံပြုပြီး ဘဝတစ်ခုမှာ စိတ်အသစ်ကလေး ဖြစ်လာတယ်၊ အိပ်ရာက နိုးလာသလိုပေါ့၊ အိပ်ရာကနိုးလာတော့ အိပ်မက်ကို ပြန်ပြီးသိတဲ့ စိတ်ကလေးကို စွဲလမ်းခဲ့တဲ့ ဘဝတစ်ဘက်က အာရုံကလေးကို သိပြီး အသစ်စိတ်ကလေး ဖြစ်လာတယ်၊ အဲဒီစိတ်အသစ်ကလေးကို ပဋိသန္ဓေစိတ်လို့ခေါ်တယ်၊ ပဋိသန္ဓေစိတ်ဆိုတာ ဟိုဘက်ဘဝနဲ့ဒီဘက်ဘဝကို ပြတ်မသွားရအောင် စပ်ပေးတဲ့စိတ်ပါပဲ၊ သူက ဘဝနှစ်ခုကို ဆက်စပ်ပေးလိုက်တယ်၊ သူဖြစ်ပြီးတော့ သူနဲ့တူတဲ့ စိတ်ကလေးတွေ ဆက်ဖြစ်တယ်၊ အဲဒါကို ဘဝင်စိတ်လို့ခေါ်တယ်၊ အဲဒီဘဝင်စိတ်ကလေးတွေ အတန်ငယ် ဖြစ်ပြီးတော့ လောလောဆယ်မှာပင် အာရုံကိုသိတဲ့ သန့်သန့်စွမ်းစွမ်းစိတ်တွေ ဖြစ်လာတော့တယ်၊ အဲဒီလိုသိလာတဲ့စိတ်တွေဟာ ဝီထိစိတ်တွေပါပဲ၊ ဝီထိစိတ်တွေ ဆုံးသွားပြန်ရင်လည်း ဘဝင်စိတ်တွေက ဘဝမပြတ်အောင် ဖြစ်နေပါတယ်။ အိပ်ပျော်နေတဲ့စိတ်မျိုးပေါ့၊ နောက်တော့ ဘဝင်စိတ်တွေဖြစ်လိုက်၊ ဝီထိစိတ်တွေ ဖြစ်လိုက်၊ ဒီလိုပဲ ထိုက်သင့်သလို အဆက်မပြတ်ဖြစ်ပြီး ဒီဘဝမှာ အသက်ရှင်နေတော့တယ်၊ အသက်ရှင်နေတုန်းမှာ ဘဝင်စိတ်နဲ့ ဝီထိစိတ်တွေဟာ ပြောခဲ့သလို တစ်လှည့်စီဖြစ်နေတယ်၊ ဘဝင်စိတ်ဖြစ်တဲ့အခါ အိပ်ပျော်နေသလို မသိစိတ်ဖြစ်နေတယ်၊ ဝီထိစိတ်ဖြစ်တဲ့အခါ နိုးလာသလို သိတဲ့စိတ်ဖြစ်နေတယ်ပေါ့၊ ဒါပေမယ့်လို့ နိုးနေတဲ့အခါ သိတဲ့စိတ်တွေက အားကောင်းနေတာဖြစ်တော့ မသိတဲ့ ဘဝင်စိတ်တွေကို ဖြစ်မှန်းမသိဘူး၊ ဘယ်ကျမှ သိတုန်းဆိုတော့ ဝိပဿနာရှုတော့မှ သိလာရတယ်။

## မသိစိတ်ထဲမှာ အာရုံတွေအောင်းနေ

ဝိပဿနာရှုတဲ့ ယောဂီပုဂ္ဂိုလ်တွေထဲက ဉာဏ်ထက်တဲ့ ယောဂီဆိုရင် ဘင်္ဂဉာဏ်ရောက်တဲ့အခါ ဘဝင်စိတ်ကိုသိနိုင်တယ်၊ သူက ရှေ့စိတ် နောက်စိတ် အကြား အကြား ခပ်ဝေးဝေး ခပ်လှမ်းလှမ်းလေး ဖြစ်လာတာကိုသိတယ်၊ ဝိပဿနာဉာဏ်နဲ့ မဟုတ်ဘဲ ပကတိစိတ်နဲ့ဆိုရင် ရှေ့စိတ် နောက်စိတ်

ပိုင်းခြားလို့ကိုမရဘူး၊ တစ်စိတ်တည်းလို ဆက်နေတာပဲ၊ သမ္ပဋိစ္ဆနဉာဏ် ဥဒယဗ္ဗယဉာဏ်၊ အဲဒီဉာဏ်တွေလောက်ရောက်တော့ စိတ်ကလေးတွေကို တစ်စိတ်စီ တစ်ပိုင်းစီ ခြားပြီး သိလာတယ်၊ ဒါပေမယ့် ဆက်ဖြစ်တယ်၊ ကြားထဲက အခြားရယ်လို့ မထင်ရှားဘူး၊ ဘင်္ဂဉာဏ်ဆီရောက်တဲ့အခါမှ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်က ရှေ့စိတ်နဲ့ နောက်စိတ်ကြားထဲတွင် ကွက်လပ်ကလေးတွေလို ထင်ရတယ်၊ အခြားအခြားလေးတွေထင်လာတယ်၊ အဲဒါ အကြား အကြားထဲမှာ ဘဝင်စိတ်တွေ ခြားနေတာကို တွေ့တွေ့သွားတာ၊ ဝိထိစိတ်ပြုတဲ့ အာရုံကို ဘဝင်စိတ်က အာရုံမပြုတာဖြစ်တော့ သူက အဲဒီ အာရုံကိုမသိဘူး၊ ဒီတော့ ဝိထိစိတ် အကြား အကြားမှာ ကွက်လပ်ကလေးတွေလို ဖြစ်ဖြစ်ကျန်ရစ်တယ်၊ အဲဒီလို ကွက်လပ်ကလေးတွေကို ဘင်္ဂဉာဏ်ရောက်တဲ့အခါမှာ ယောဂီကသိဘယ်။

အနောက်နိုင်ငံ စိတ်ပညာရှင်တွေဟာ အဲဒီ ဘဝင်စိတ်ကို မသိစိတ်ဆိုပြီး အဲဒီ မသိစိတ်ထဲမှာ အာရုံတွေ အောင်းနေတယ်တဲ့၊ ဒီလိုဆိုကြတယ် ဘယ် အာရုံတွေလဲဆိုတော့ ရှေးရှေးက ရယူခဲ့တဲ့ အာရုံတွေတဲ့၊ သူတို့အမြင်က လည်း သိပ်တော့မဆိုးလှဘူး၊ ယုတ္တိတန်သလောက်တော့ အတန်သားပဲ၊ ဘာပြုလို့တုန်းဆိုတော့ ရှေ့သညာက နောက်သညာ ဆက်ဆက်ပြီး မှတ်သားလာခဲ့ တာဖြစ်တော့ ဘဝင်တွေခြားနေပေမယ့် ပြန်ပြီး စဉ်းစားဆင်ခြင်တဲ့အခါ ပြန်ပြီးပေါ်လာတယ်၊ အဲဒါဟာ ဘဝင်တွေခြားနေတုန်း မေ့လျော့နေခဲ့တဲ့ အာရုံတွေဟာ ဘဝင်ထဲမှာ အောင်းနေသကဲ့သို့ ဖြစ်နေတယ်၊ ဒါပေမယ့် သူတို့ထင်သလို ဘဝင်ထဲမှာတော့ ဒီအာရုံတွေ အောင်းမနေပါဘူး၊ ဘာကြောင့်လဲ ဆိုတော့ ဝိထိစိတ်သညာ မှတ်သားလာခဲ့တဲ့ အာရုံကို ဘဝင်စိတ်က အာရုံမပြု မမှတ်သားခဲ့တာ ဖြစ်လို့ပါပဲ၊ ဘဝင်စိတ်အာရုံပြုတာက ပြုနေကျ သူ့အာရုံသာ သူပြုတာပဲ၊ ဒီပြင် ဖြစ်ပေါ်လာတဲ့ အာရုံတွေကို သူကမပြုဘူး၊ မသိဘူး၊ ဒါကြောင့် သူ့အထဲမှာ ဒီပြင်အာရုံတွေ အောင်းမနေပါဘူး၊ ဒါပေမယ့် ဒီလိုခက်ခက်ခဲခဲ အသိခက်နေတဲ့ နေရာမှာ ဒီလောက်ထုတ်ဖော်နိုင်တာကိုတော့ အနောက်နိုင်ငံ စိတ်ပညာရှင်တွေကို ချီးကျူးထိုက်ပါတယ်၊ ဟောကြားထားခဲ့တဲ့ ဒီဝိထိအစဉ်ကိုသာ မသိရဘူးဆိုရင် သူတို့အဆိုကို လက်ခံရလောက်အောင် သူ့သတ္တိရှိနေပါတယ်။

(တတိယအကြိမ်)

## သိစိတ်ကလေးတွေကလည်း သူ့အာရုံနဲ့သူ

စက္ခုဝိညာဉ်စတဲ့ သိစိတ်ကလေးတွေကလည်း သူ့အာရုံနဲ့သူပဲ၊ မသိစိတ်ဆိုတဲ့ ဘဝင်စိတ်တွေပြုတဲ့ အာရုံတွေနဲ့ မတူဘူး၊ ဘဝင်စိတ်တွေက သူပြုခဲ့ဖူးတဲ့ ကံနိမိတ် ကမ္မနိမိတ် ဂတိနိမိတ်ဆိုတဲ့ ဒီသုံးမျိုးတို့တွင် တစ်ခုခုပဲ အာရုံပြုတယ်၊ ဒီပြင် ဘယ်အာရုံကိုမှ အာရုံမပြုတော့ဘူး၊ စက္ခုဝိညာဉ်စတဲ့ သိစိတ်တွေပြုတဲ့ တခြားအာရုံလောက်ကို လိုက်မပြုတော့ဘူး၊ စက္ခုဝိညာဉ်စတဲ့ သိစိတ်ကလေးတွေ ကတော့ ထိုက်သလို ကျရောက်လာတဲ့အာရုံကို အာရုံပြုပြုပြီး ဖြစ်ပေါ်လာရ ကြတယ်၊ မြင်သိတဲ့ စက္ခုဝိညာဉ်စိတ်ဆိုရင် မျက်စိထဲကျရောက်လာတဲ့ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုပြီး ဖြစ်ပေါ်လာတယ်၊ မြင်သိရုံ သိလိုက်တာပဲ၊ အကောင်းအဆိုး စသည် သူက ဘာမှမဆုံးဖြတ်နိုင်ဘူး၊ ကြားသိတဲ့ သောတ ဝိညာဉ်စိတ်ဆိုရင်လည်း နားထဲမှာ ကြားလာတဲ့အသံကိုသာ အာရုံပြုပြီး ဖြစ်ပေါ်လာတာပဲ၊ ကြားသိရုံသာ ကြားသိလိုက်တာပဲ၊ ဒီပြင် ဘာမှ မဆုံးဖြတ်နိုင်ဘူး၊ နံသိတဲ့ ဃာနဝိညာဉ်စသည်တို့လည်း ဒီအတိုင်းပါပဲ၊ နံသိရုံစသည်မျှပဲ ဘာမှ မဆုံးဖြတ်နိုင်ဘူး၊

ဘဝင်စိတ်ဆိုတာ စက္ခုဝိညာဉ်စိတ်တို့လို မဟုတ်ဘူး၊ မသိစိတ်ဘဲ၊ မသိစိတ်တွေ က နေပြီး သိစိတ်သို့ ပြောင်းလာတာ၊ မသိစိတ်တွေလည်း တစ်ခုပြီးတစ်ခု ပျက်နေတာပဲ၊ ပျက်ပြီး အသစ်သစ်ဖြစ်နေကြတယ်၊ တစ်စိတ်တည်း တည်နေတာ မဟုတ်ဘူး၊ ဖြစ်လိုက် ပျက်လိုက်ပဲ၊ ပါဠိလိုတော့ ဥပါဒ် ဌီ ဘင်လို့ခေါ်တယ်၊ ယမိုက်ပါဠိတော်မှာတော့ ဥပါဒ်နဲ့ ဘင်ကိုပဲ မြတ်စွာဘုရားက ဟောတယ်၊ ဌီကိုမဟောဘူး၊ အဖြစ်နဲ့အပျက်က မြန်လွန်းတာဖြစ်တော့ တည်နေတဲ့ ဌီရယ်လို့ မသိလိုက်ရဘဲ ဖြစ်ပြီးပျက်တာကိုသာ သိသိနေရတာဖြစ်လို့ ဌီကိုမဟောတာတဲ့၊ ဒါပေမယ့် အဖြစ်နဲ့အပျက်ကြားမှာ အဖြစ်ကလေးမပျက်ခင် တည်နေတဲ့ ဌီကလေး ရှိသင့်သေးတယ်ဆိုပြီး ဆရာတို့က တည်မှုဆိုတဲ့ဌီကို ထည့်ဟော ထားတယ်။

အဲဒါကို လယ်တီဆရာတော်ဘုရားကြီးက ပရမတ္ထဒီပနီကျမ်းမှာ ဥပမာပေးထား တယ်၊ ဘယ်လိုလဲဆိုရင် ကျောက်ခဲလေးတစ်လုံးကို အထက်သို့မြှောက်လိုက်ပါတဲ့၊

(တတိယအကြိမ်)

အဲဒီကျောက်ခဲလေးဟာ တက်ပြီး အားကုန်လို့ အောက်ကျတော့မယ်ဆိုတော့ အတက်နဲ့အကျကြားမှာ ကျတော့မယ်လို့ ရေးရှုတုန်း ရပ်တည်မှုလေး ရှိတယ်၊ ဒါပေမယ့် အဲဒီ ရပ်တည်မှုလေးဟာ မြန်လွန်းလို့ မမြင်ရဘူးတဲ့၊ ဒီလိုပဲ ဖြစ်ပြီးပျက်မလို့ ရေးရှုတဲ့အဖြစ်နဲ့ အပျက်ကြားမှာ တည်မှုဆိုတဲ့ ဌီကလေး ရှိကောင်းပါတယ်တဲ့၊ ဒီလို ဥပမာပေးထားတယ်၊ စိတ်ဆိုတာ အဖြစ်အပျက်က အင်မတန်မြန်တယ်၊ ဖြစ်ပြီးတည်နေတယ်လို့ကို မသိလိုက်နိုင်ဘူး၊ ဒီလောက်တောင် မြန်တယ်။

အဲဒီလိုပဲ စိတ်ဆိုတာ အဖြစ်အပျက်တွေက အင်မတန်မြန်တယ်၊ ဖြစ်လိုက်ပျက် လိုက်နဲ့ အသစ်အဟောင်းတပြောင်းထဲ ပြောင်းလဲနေတာပဲ၊ ရေစီးချောင်းထဲမှာ ရေတွေ အသစ်အဟောင်း အမြဲပြောင်းလဲနေသလိုပဲ၊ ပြီးတော့ ရုပ်ရှင်ကားထဲက အရုပ်ကလေးတွေ တစ်ခုပြီးတစ်ခု အမြဲပြောင်းလဲနေသလိုပဲ၊ အရုပ်ကားလေးတွေ တစ်ခုပြီးတစ်ခု ဒီလို ပြောင်းလဲနေပေမယ်လို့ ကြည့်နေတဲ့ ပရိသတ်မျက်စိထဲမှာတော့ ဒီလိုပြောင်းလဲနေတာကို မသိဘူး၊ တစ်ပေါ်ထဲ တဆက်တည်းလို့ပဲ မြင်နေ ကြရတယ်၊ အဲဒီလိုပဲ တစ်ခုပြီးတစ်ခု ဖြစ်ပျက်ပြောင်းလဲနေတဲ့ စိတ်ကိုလည်း မသိနိုင်ကြဘူး၊ တစ်စိတ်တည်းဆက်နေတယ်လို့ ထင်ရတယ်။

မျက်စိထဲမှာ အဆင်းအာရုံ ကျရောက်လာတယ်ဆိုရင် ဒါဟာ ဘာလဲလို့ စဉ်းစားတဲ့ စိတ်ကလေး ဖြစ်ပေါ်လာတယ်၊ အဲဒါကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းက ပဉ္စဒွါရာဝဇ္ဇန်းစိတ်လို့ နာမည်ပေးထားတယ်၊ အာဝဇ္ဇန်းစိတ်ဆိုတာ ဆင်ခြင်တဲ့ စိတ်ပါပဲ၊ ပါဠိတော်ကတော့ အဟိတ်မနောဓါတ်စိတ်လို့ဆိုတယ်၊ မနောဓါတ်စိတ်က အဟိတ်ကြိယာနဲ့ အဟိတ် ဝိပါက်နှစ်မျိုးရှိတယ်၊ အခုဒီနေရာမှာတော့ အဟိတ် ကြိယာ မနောဓါတ်တဲ့၊ ကြိယာဆိုတာက ကုသိုလ်လည်း မဟုတ်ဘူး၊ အကုသိုလ်လည်း မဟုတ်ဘူးတဲ့၊ အကျိုးပေးတဲ့စိတ် မဟုတ်ဘဲ. ပြုလုပ်ရင် ပြုကာမတ္တသာဖြစ်တဲ့ စိတ်ပဲ၊ ဒီကြိယာစိတ်က ဘုရားရဟန္တာတို့ ကုသိုလ်ပြုလုပ်ရင် အကျိုးမပေးတော့လို့ "ကရဏမတ္တ"ပြုတာဟာ ပြုကာမတ္တပဲ၊ အကျိုးမပေးတော့ ဘူးတဲ့၊ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့မှာတော့ ကုသိုလ်လုပ်ရင် ကုသိုလ်ကျိုး ပေးနိုင်ပါတယ်၊ အကုသိုလ်ပြုလုပ်ရင် အကုသိုလ်ကျိုးပေးနိုင်တယ်၊ ဒါကြောင့် သူတို့ပြုတာကို ကြိယာလို့မဆိုရဘူး၊ အခုပြောတဲ့ ပဉ္စဒွါရာဝဇ္ဇန်း ကြိယာစိတ်ကတော့

(တတိယအကြိမ်)

ပုဂ္ဂိုလ်အားလုံးမှာ ဖြစ်နိုင်တဲ့ ကြိယာစိတ်ပဲ၊ သူက ဆင်ခြင်စဉ်းစားကာမတ္တပဲ၊ ကုသိုလ် အကုသိုလ်မဟုတ်ဘူး၊ ဒါကြောင့် သူ့ကို ကြိယာထဲသွင်းပြီး ဟော ကြားထားတယ်၊ စိတ်ချင်းတော့ အတူတူပါပဲ၊ အမည်ဝေါဟာရတွေသာ ကွဲပြားနေတာပါ၊ ကာမာဝစရကုသိုလ်စိတ် ၈–ခုဖြစ်သလို ရဟန္တာတို့မှာလည်း ဒီစိတ်တွေဖြစ်ရင် ကြိယာစိတ် ၈–ခုလို့ အမည်ပေးထားတယ်။

ရူပါဝစရ၊ အရူပါဝစရ ဌာနတွေမှာလည်း ဒီလိုပါပဲ၊ ပုထုဇဉ်သေက္ခပုဂ္ဂိုလ် တွေပြုတဲ့ ကုသိုလ်ကို ရူပကုသိုလ်၊ အရူပကုသိုလ်လို့ဆိုတယ်၊ ဘုရား၊ရဟန္တာတို့ပြုတဲ့ ကုသိုလ်စိတ်မျိုးကို ရူပကြိယာ၊ အရူပကြိယာလို့ဆိုတယ်၊ အတူတူပဲ၊ ကြိယာ ဆိုတာ ပြောခဲ့တဲ့အတိုင်း ဘုရားရဟန္တာတို့ပြုရင် ကရဏမတ္တ ပြုကာမျှပဲ၊ အကျိုးရယ်လို့ မဖြစ်ပေါ်လာတော့ဘူး၊ ဒါကြောင့် ကြိယာတဲ့၊ ဘာပြုလို့ အကျိုးမဖြစ်လာတော့သလဲဆိုရင် "ကုသလာကုသလံ ဇဟံ" ကုသိုလ် အကုသိုလ် တွေကို စွန့်ထားပြီ၊ ကုသိုလ် အကုသိုလ်တို့ အကျိုးကို လိုလားနှစ်သက်တွယ်တာ ခြင်း မရှိတော့လို့တဲ့။

ဒီနေရာမှာ ဆင်ခြင်စဉ်းစားတဲ့ အာဝဇ္ဇန်းကြိယာကလည်း နှစ်မျိုးရှိတယ်၊ ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရာဝဇ္ဇန်း ဒီလိုနှစ်မျိုးရှိတယ်၊ ပဉ္စဝိညာဉ် ပဉ္စဒွါရဝီထိအရာမှာ ဆင်ခြင်စဉ်းစားတဲ့ အာဝဇ္ဇန်းစိတ်ကို ပဉ္စဒွါရာဝဇ္ဇန်း စိတ်လို့ခေါ်ကယ်၊ မနောဝိညာဉ်– မနောဒွါရဝီထိအရာမှာ ဆင်ခြင်စဉ်းစားတဲ့ အာဝဇ္ဇန်းစိတ်ကို မနောဒွါရာဝဇ္ဇန်းစိတ်လို့ ခေါ်တယ်၊ ဒီ အာဝဇ္ဇန်းစိတ်တွေက ထူးထူးဆန်းဆန်း ဘာမှသိတာမဟုတ်ဘူး၊ ဥပမာ–အခန်းထဲက လူရှိနေတာကို အပြင်လူကသိလို့ အကြောင်းတစ်ခုခု ပြုစရာရှိတာနဲ့ တံခါးကို တောက်တောက်နဲ့ ခေါက်လိုက်တယ်၊ တံခါးခေါက်သံကို အထဲလူကကြားတော့ ဘယ်သူပါလိမ့်လို့ ဆင်ခြင်စဉ်းစားတယ်၊ စဉ်းစားရုံ စဉ်းစားတာပဲ၊ ဘယ်သူရယ်လို့ မသိသေးဘူး၊ ဒါပေမယ့် အပြင်ကလူကို အာရုံတော့ပြုတယ်၊ အဲဒီလိုပဲ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဆိုတာ ထင်ပေါ်လာတဲ့ အာရုံကို အာရုံပြုပြီး ဆင်ခြင်စဉ်းစားရုံပဲ ရှိသေးတယ်၊ ဘာရယ်လို့ သူက မသိသေးဘူး၊ အာရုံပြုပြီး ဆင်ခြင်စဉ်းစားကာမျှပဲ၊ အဲဒီလို ဆင်ခြင်စဉ်းစားပြီးတော့ မြင်သိစိတ်ဆိုတဲ့ စက္ခုဝိညာဉ်စိတ်ကလေး ဖြစ်ပေါ်လာတယ်၊ စဉ်းစားလိုက်တာနဲ့ မြင်သွားတာကိုး။

(တတိယအကြိမ်)

မြင်သိပြီးတော့ အဲဒီမြင်သိတဲ့ အဆင်းအာရုံကို လက်ခံယူထားလိုက်တဲ့ စိတ်ကလေး ဖြစ်ပေါ်လာပြန်တယ်၊ သူက မှတ်ယူလက်ခံပြီး မှတ်တမ်းတင်လိုက်တဲ့သဘောပါပဲ၊ သူ့ကို သမ္ပဋိစ္ဆိုင်းလို့ ပါဠိလို အမည်ပေးထားတယ်၊ ပါဠိတော်မှာတော့ အဟိတ်ဝိပါက် မနောဓာတ်လို့ ဟောတော်မူထားတယ်၊ လက်ခံပြီး မှတ်တမ်းတင်ထားရုံသာ ရှိသေးတယ်၊ သူလည်း ဘာရယ်လို့ ထူးထူးခြားခြား မသိသေးပါဘူး၊ သူက မနောဓါတ်ပဲ၊ မနောဓါတ်ဆိုတာ ဘာမှ ထူးထူးခြားခြား သိသေးတာ မဟုတ်ဘူး၊ ဝိညာဏ-မနောဝိညာဏဓါတ်ကမှ ထူးထူးခြားခြားသိတယ်၊ ဒီနေရာမှာတော့ ကုသိုလ် အရာဌာနမှာ ပြောနေတာဖြစ်လို့ ကုသလဝိပါက် မနောဓါတ်လို့ ဆိုပါတယ်၊ သူက အာရုံကို လက်ခံထားရုံမျှပဲ၊ ထူးထူးခြားခြား မသိသေးပါဘူး၊ ဘာနဲ့တူသလဲဆိုရင် စာရင်းအင်းကို ကိုင်ရတဲ့ စာရေးက သူကိုင်ပြီးတဲ့ စာရင်းအင်းကို ဆိုင်ရင်ထံ အပ်လိုက်တဲ့အခါ ဆိုင်ရင်က လက်ခံထားလိုက်ရုံပေါ့၊ စာရင်းအင်းကို လက်ခံရုံခံထားပြီး သေသေချာချာ ဖွင့်မကြည့်ရသေးလို့ ထူးထူးခြားခြား မသိရသေးသလိုပေါ့၊ စာရင်းရှင်းတမ်းကို သူ ဘာမှနားမလည်သေးဘူး၊ ဒါပေမယ့် နားလည်တဲ့သူကိုပြဖို့ရာ သူက လက်ခံထားလိုက်တယ်၊ ဒီသဘောမျိုးပါပဲ၊ အဲ သူ့ကို သမ္ပဋိစ္ဆိုင်းစိတ်လို့ခေါ်တယ်၊ သူဟာ ထူးထူးခြားခြား ဘာမှမသိသေးဘူး၊ လက်ခံရုံ လက်ခံထားလိုက်တယ်။

သမ္ပဋိစ္ဆိုင်းစိတ်က လက်ခံပြီးတော့ စုံစမ်းတဲ့စိတ်ကလေး ဖြစ်ပေါ်လာပြန်တယ်၊ အဲဒါကို ပါဠိတော်မှာ အဟိတ်ဝိပါက် မနောဝိညာဏဓါတ်လို့ ဟောထားတယ်၊ သူကတော့ ဝိညာဏဓါတ်ဆိုတဲ့အတိုင်း ထူးထူးခြားခြား သိလာတယ်၊ ကောင်းတာလား မကောင်းတာလားလို့ စုံစမ်းစစ်ဆေးတယ်၊ စစ်ဆေးတယ်ဆိုပေမယ့် ကြာကြာ စစ်ဆေးနေတာတော့ မဟုတ်ဘူး၊ ခဏကလေးပဲ၊ သူကလည်း ချုပ်ပျောက်သွားပြန်တယ်၊ ပြီးတော့မှ ဒါကောင်းတယ် မကောင်းဘူးစသည်ဖြင့် ဆုံးဖြတ်တဲ့စိတ်ကလေး တစ်ကြိမ် ဖြစ်ပေါ်လာပြန်တယ်၊ အဲဒါ ပါဠိလို ဝုဋ္ဌောလို့ အမည်ပေးထားတယ်၊ ပါဠိတော်မှာတော့ အဟိတ်ကြိယာ မနောဝိညာဏ ဓါတ်လို့ ဟောကြားထားတယ်၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ ဝုဋ္ဌောလို့ဆိုတယ်၊ မနောဒွါရာဝဇ္ဇန်းလို့လည်းခေါ်တယ်၊ အဲ သူကတော့ ဆုံးဖြတ်တဲ့စိတ်ပဲ၊ စောစောပိုင်း စုံစမ်းစဉ်တုန်းက လာခေါက်တယ်ဆိုရင် ဘယ်သူ ထင်တာပဲဆိုတဲ့ သံသယကလေးနဲ့

(တတိယအကြိမ်)

မဆုံးဖြတ်နိုင်သေးဘူး၊ ဒီလိုစုံစမ်းတဲ့စိတ်ကို ပါဠိလို သန္တီရဏစိတ်လို့ခေါ်တယ်၊ အဲ သန္တီရဏစိတ်က စုံစမ်းပြီးတော့ ဝုဋ္ဌောစိတ်က ကောင်းတယ်၊ မကောင်းဘူး စသည်ဖြင့် ဆုံးဖြတ်နိုင်လာတယ်။

ဒီအထဲမှာ အရင်းခံ ယောနိသောမနသိကာရ အာယောနိသော မနသိကာရ ဆိုတာကပါသေးတယ်၊ မနသိကာရဆိုတာ စိတ်တိုင်းမှာ သူပါတာချည်းပဲ၊ မြန်မာလိုဆိုရင် အသင့်အတင့် နှလုံးသွင်းမှုနဲ့ မသင့်မတင့် နှလုံးသွင်းမှုတဲ့၊ သန္တီရဏ စုံစမ်းစဉ်တုန်းက ယောနိသော မနိသကာရနဲ့ အသင့်အတင့် နှလုံးသွင်းမှု အရှိန်အဝါလေးပါလာရင် ဆုံးဖြတ်တဲ့ ဝုဋ္ဌောစိတ်ကလည်း ကောင်းတယ်စသည်ဖြင့် ကုသိုလ်ကောင်းမှုဘက်ကနေပြီး ဆုံးဖြတ်လိုက်မှာပဲ၊ မသင့်မတင့် နှလုံးသွင်းမှု အရှိန်အဝါလေးပါလာရင် မကောင်းဘူးလို့ ဆုံးဖြတ်တဲ့ ဝုဋ္ဌောက ဆုံးဖြတ်လိုက်မှာပဲ၊ အသင့်အတင့် နှလုံးသွင်းမှုဆိုတာ ကောင်းတဲ့ နှလုံးသွင်းမှုဖြစ်လို့ ကောင်းမှုလို့ဆိုရတယ်၊ လောကသဘာဝအားဖြင့် မကောင်းတဲ့ လောဘ, ဒေါသဖြစ်ဖွယ်နှင့် တွေ့လာရင်တောင် "ဒါကတော့ လောကမှာ ဖြစ်တတ်တဲ့ လောကဓံသဘောပဲ"စသည်ဖြင့် အသင့်အတင့်နှလုံးသွင်းလိုက်တယ်ဆိုရင် မကောင်းတဲ့ လောဘ, ဒေါသတွေ မဖြစ်လာတော့ဘဲ ငြိမ်းအေးသွားတယ်၊ အဲဒါ နှလုံးသွင်းကောင်းလို့ ကုသိုလ်ဖြစ်သွားတာပဲ၊ နှလုံးသွင်းမကောင်းရင် မသင့်မတင့် နှလုံးသွင်းမိပြန်ရင် ကောင်းတဲ့ကုသိုလ် ဖြစ်ဖွယ်နဲ့ တွေ့ရဦးတော့ ကုသိုလ်မဖြစ်ဘဲ မလျော်တဲ့ လောဘ, ဒေါသတွေ ဖြစ်သွားတတ်တယ်၊ ဒါကြောင့် မနသိကာရ အရှိန်အဝါကလေးဟာ ကောင်း, မကောင်းဆုံးဖြတ်ရာ၌ သူက အရေးပါတယ်၊ စာရင်းကိုင်က ကောင်းကောင်းကိုင်ပြီး ပေးလို့ရှိရင် ဆုံးဖြတ်တဲ့ စာရင်းစစ်က ကောင်းကောင်းဆုံးဖြတ်နိုင်သလို စာရင်းကိုင်က မကောင်းတကောင်း ကိုင်ပေးရင် ဆုံးဖြတ်တဲ့စာရင်းစစ်က မကောင်းဘူးလို့ ဆုံးဖြတ်နိုင်သလိုပေါ့။

ဝုဋ္ဌောက ဆုံးဖြတ်ပြီးပြီဆိုရင် ဝုဋ္ဌောဆုံးဖြတ်လိုက်သလို ဇောတွေက လျော်စွာ ကျလာတော့တယ်၊ လျော်စွာဆိုတာက ကောင်းတယ်လို့ ဝုဋ္ဌော ဆုံးဖြတ်လိုက်ရင် ကောင်းတဲ့ဇောတွေကျလာတယ်၊ ဖြစ်လာတယ်၊ မကောင်းဘူးလို့ ဆုံးဖြတ်လိုက်ရင် မကောင်းတဲ့ဇောတွေ ကျရောက်ဖြစ်ပေါ်လာတယ်ပေါ့၊ ကောင်း

မကောင်းဆိုရာမှာလည်း ကုသိုလ်ဇော အကုသိုလ်ဇောတွေကို ဆိုလိုပါတယ်၊ ဒါကြည်ညိုစရာပဲ၊ ဝမ်းမြောက်စရာပဲ၊ သနားစရာပဲ စသည်ဖြင့် ဆုံးဖြတ်ပေးလိုက်ရင် ကုသိုလ်ဇောတွေ ကျရောက် ဖြစ်ပေါ်လာမယ်၊ ဒါက လှတယ်၊ ချောတယ်၊ နှစ်သက်လိုချင်စရာပဲ၊ ဒါကတော့ ဒေါသဖြစ်စရာ ပြစ်မှားစရာပဲလို့ ဆုံးဖြတ်ပေးလိုက်ရင် မကောင်းတဲ့ အကုသိုလ် လောဘဇော၊ ဒေါသဇောတွေ ဖြစ်ထိုက်သလို ကျရောက်ဖြစ်ပေါ်လာမယ်၊ ဖြစ်ပေါ်လာတော့လည်း ဇောက တစ်ကြိမ်မကဘူး၊ ၇–ကြိမ်ဖြစ်လေ့ရှိတယ်၊ ပြီးတော့ ဇောပြုတဲ့ အာရုံကို အာရုံပြုပြီး တဒါရုံ ၂–ကြိမ်ကျရောက် ဖြစ်ပေါ်လာတယ်၊ "စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ၊ အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ်သိပါကုန်"တဲ့။ အဆင်းမြင်ရင် သူ့အစဉ်က ဒီအတိုင်းဖြစ်တာပဲ၊ အဲဒါတွေပြီးတော့ ဘဝင်ကျရောက် ဖြစ်ပေါ်လာတယ်၊ အဲဒါတော့ လင်္ကာထဲ ထည့်မထားဘူး။

ဒါလေးက အရေးကြီးတယ်၊ လိုက်ဆိုကြ–

ဘဝင်ဆင်ခြင်၊ မြင်သိလျှင်၊ ထိုပြင်လက်ခံတုံ။

ဘဝင်ဆင်ခြင်၊ မြင်သိလျှင်၊ ထိုပြင်လက်ခံတုံ။ (သုံးခေါက်ဆို)

ဘဝင်တွေဖြစ်နေတယ်၊ ဘဝင်ဆိုတာ ပြောခဲ့တဲ့အတိုင်း မျက်မှောက်ရောက်လာတဲ့ အာရုံကို မသိတဲ့စိတ်ဘဲ၊ သူ့အာရုံနဲ့သူ အရင်က သူပြုနေကျ အာရုံကိုသာ သူက အာရုံပြုနေတာ၊ အခု တခြားရောက်လာတဲ့အာရုံကို သူကမပြုဘူး၊ အဲ–သူ(ဘဝင်)ဖြစ်နေတဲ့အခါ အိပ်ပျော်နေသလိုပဲ၊ ဒါကို မသိစိတ်လို့ ပြောခဲ့ပြီးပြီ၊ အဲဒီဘဝင်စိတ်တွေ ဖြစ်နေရာကနေပြီး မျက်စိထဲ အဆင်းအာရုံ ကျရောက်တဲ့အခါ အိပ်ရာကနိုးသလို "ဘာများပါလိမ့်"ဆိုတဲ့ စဉ်းစားဆင်ခြင် စိတ်ကလေး ဖြစ်ပေါ်လာတယ်၊ ဆင်ခြင်ပြီးတယ်ဆိုရင် မြင်တော့တာပါပဲ၊ မြင်တယ်ဆိုတာ မြင်သိစိတ်ဆိုတဲ့ စက္ခုဝိညာဉ်စိတ် ဖြစ်လာတာကို ဆိုတာပဲ၊ နောက်ပြီးတော့ "ထိုပြင်လက်ခံတုံ"ဆိုတဲ့အတိုင်း မြင်သိတဲ့စိတ်ကလေး ချုပ်ပျောက်တဲ့အခါ မြင်သိတဲ့အာရုံကို ခါတ်ပုံရိုက်ယူလိုက်သလို လက်ခံမှတ်သားထားတဲ့ စိတ်ကလေး ဖြစ်ပေါ်လာတယ်၊ ဒါက လင်္ကာ အဓိပ္ပာယ်ကလေးကို ပြောတာပါ၊ ဒါတွေကို အရင်က ပြောခဲ့ပြီးသားပဲ၊ နောက်တော့ ပြောခဲ့တဲ့အတိုင်း လက်ခံပြီးတော့ စုံစမ်းတဲ့စိတ်၊ ဆုံးဖြတ်တဲ့စိတ်၊ အဟုန်နဲ့တကွ ကျရောက်တဲ့ဇောစိတ်၊ ဇောပြုတဲ့

အာရုံကိုလိုက်ပြီး အာရုံပြုဖြစ်တဲ့ တဒါရုံစိတ်၊ အဲဒီစိတ်တွေ အစဉ်အတိုင်းဖြစ်ပြီးတော့ မသိစိတ်ဆိုတဲ့ ဘဝင်စိတ်တွေ ထိုက်သလို ကျရောက် ဖြစ်ပေါ်လာတော့တယ်၊ ကိုင်း ကျန်တဲ့အဓိပ္ပာယ်နဲ့ သိမ်းရုံးဆိုထားတဲ့ လင်္ကာကို လိုက်ဆိုကြရမယ်။

စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ။
စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ။ (သုံးခေါက်ဆို)

## ဖြစ်ရိုးဖြစ်စဉ်က ဒီအတိုင်းပဲ

မြင်သိစိတ်ကလေး ဖြစ်လာပြီဆိုရင် စိတ်အစဉ်တွေဟာ ဒီလိုဖြစ်လာတာပဲ၊ ဒါဟာ ဖြစ်ရိုးဖြစ်စဉ်တဲ့၊ ဒီအထဲ ဖြစ်တဲ့စိတ်ကလေးတွေကို ရေတွက်ကြည့်ရင် ဆင်ခြင်တာက တစ်ခု၊ မြင်သိတာက တစ်ခု၊ လက်ခံတာက တစ်ခု၊ စုံစမ်းတာက တစ်ခု၊ ဆုံးဖြတ်တာက တစ်ခု၊ ဇောက ၇-ခု၊ တဒါရုံက နှစ်ခု၊ ပေါင်း ၁၄-ခုရှိတယ်၊ မြင်သိစိတ်ဖြစ်တဲ့အခါမှာ ဒီလိုပဲ အပြည့်အစုံ ဖြစ်လာတယ်၊ တစ်ခါတစ်ရံ တဒါရုံမပါဘဲ ဇောတွင် ရပ်ချင်ရပ်သွားတာလည်း ရှိတတ်ပါသေးတယ်၊ ဒါကတော့ မထင်ရှားတဲ့အာရုံ စသည်နဲ့ တွေ့လာတဲ့အခါ ဖြစ်တတ်တဲ့ သဘောတွေပဲ၊ ဒါပေမယ့် ထင်ရှားမြင်သိတဲ့ အခါမှာတော့ အခုပြောခဲ့တဲ့ စိတ်တွေ အပြည့်အစုံ ဖြစ်လာတတ်ပါတယ်၊ အဲ-အပြည့်အစုံဖြစ်ပြီဆိုရင်တော့ အဲဒီ ၁၄-ခုသော စိတ်အစဉ်ဟာ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။

## ကြားသိစိတ်စသည်လည်း အတူတူပဲ

မြင်တဲ့အခါ စိတ်အစဉ်ဖြစ်သလို ကြားသိတဲ့အခါမှာလည်း မြင်သိဆိုတဲ့ နေရာမှာ ကြားသိဆိုတာကို ထည့်ပေးရုံပဲထူးတယ်၊ ဒီပြင်တော့ အတူတူပါပဲ၊ လင်္ကာကိုတော့ "ဘဝင်ဆင်ခြင်၊ ကြားပြီးလျှင်၊ ထိုပြင်လက်ခံကုံ"လို့ စသည်ဖြင့် ပြင်လိုက်ရုံပဲရှိတယ်၊ လင်္ကာလေးတွေကို ပြင်ရတာကတော့ လွယ်ပါတယ်၊ သူ့နေရာလေးနဲ့သူ ပြင်ထည့်လိုက်ရုံ ဖြစ်လို့လည်းလွယ်တယ်၊ သိဖို့လည်းလွယ်တယ်၊

ဘဝင် ဆင်ခြင်၊ မြင်သိလျှင်-
ဘဝင် ဆင်ခြင်၊ ကြားသိလျှင်-
(တတိယအကြိမ်)

ဘဝင် ဆင်ခြင်၊ နံသိလျှင်–
ဘဝင် ဆင်ခြင်၊ စားသိလျှင်–

ဘဝင်ဆင်ခြင်၊ တွေ့သိလျှင်–ထို့ပြင် လက်ခံတဲ့လို့ ပြင်ပြီး ရေလက်ာကိုတော့ ပြင်စရာမလိုပါဘူး။

စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ် တဒါရုံလို့ သူ့အတိုင်းဆိုလိုက်ရုံပါပဲ၊ အင်မတန်နေရာကျတယ်၊ ဆိုလို့လည်းလွယ်၊ မှတ်လို့လည်းလွယ်၊ အင်မတန်နေရာကျတယ်၊ ပြီးတော့–

မြင်သိစိတ်စဉ်၊ ဖြစ်ရိုးပင်၊ စိတ်စဉ် မှတ်ပါကုန်။
ကြားသိစိတ်စဉ်၊ ဖြစ်ရိုးပင်၊ စိတ်စဉ် မှတ်ပါကုန်။
နံသိစိတ်စဉ်၊ ဖြစ်ရိုးပင်၊ စိတ်စဉ် မှတ်ပါကုန်။
စားသိစိတ်စဉ်၊ ဖြစ်ရိုးပင်၊ စိတ်စဉ် မှတ်ပါကုန်။
တွေ့သိစိတ်စဉ်၊ ဖြစ်ရိုးပင်၊ စိတ်စဉ် မှတ်ပါကုန်။

ဒီလက်ာကိုလည်း ဒီလိုပြင်လိုက်ရုံပဲ၊ အင်မတန်လွယ်ပါတယ်၊ မြင်သိစိတ်ဆိုတာက မြန်မာလိုပဲ၊ ပါဠိလိုဆိုရင်တော့ စက္ခုဝိညာဉ်တဲ့၊ ကြားသိစိတ်က သောတဝိညာဉ်၊ နံသိစိတ်က ဃာနဝိညာဉ်၊ စားသိစိတ်က ဇိဝှာဝိညာဉ်၊ တွေ့သိစိတ်က ကာယဝိညာဉ်တဲ့၊ မြန်မာနဲ့ ပါဠိအခေါ်လေးတွေကို မှတ်လိုလို့ရှိရင် ခွဲပြီးမှတ်ပေါ့၊ ဒီလို အခေါ်တွေကို ပါဠိလိုသင်ဖူးမှသာ သာပြီးလွယ်ပါတယ်၊ မသင်ဖူးရင်တော့ ခက်ချင်ခက်နေတတ်ပါတယ်။

## ဒီလို ဥပမာပေးထားတယ်

ဒီနေရာမှာ အဋ္ဌကထာက ဥပမာနဲ့တကွပြထားတယ်၊ လူတစ်ယောက်ဟာ သရက်ပင်အောက်မှာ အိပ်မောကျနေတယ်တဲ့၊ ဒီတော့ သရက်သီးတစ်လုံးက သူ့အနားမှာ ဖုတ်ခနဲ ကြွေကျတယ်၊ သရက်သီးကြွေကျတဲ့ အသံကြောင့် အိပ်နေသူဟာ အိပ်ရာကနိုးလာတော့၊ "ဘာများပါလိမ့်"လို့ စဉ်းစားဆင်ခြင်တယ်၊ စဉ်းစားပြီး ပတ်ဝန်းကျင်ကို ကြည့်တဲ့အခါ ကြွေကျနေတဲ့ သရက်သီးကိုမြင်တယ်၊ ဒါနဲ့ မြင်တဲ့သရက်သီးကို ကောက်ယူပြီး မှည့်လား မမှည့်လားဆိုတာ သိရ

အောင် လက်နဲ့နှိပ်စမ်းတယ်၊ နမ်းကြည့်တယ်ပေါ့၊ ဒီလိုစုံစမ်းပြီး စားလို့ဖြစ်လောက်အောင် မှည့်မှန်းသိတော့ အဲဒီသရက်သီးကို စားတယ်တဲ့၊ စားရတဲ့အရသာကိုလည်း ဘယ်လိုအရသာပဲဆိုပြီး ပြန်စဉ်းစားတယ်၊ ပြီးတော့ အိပ်ရေးကလည်း မဝသေးတာနဲ့ ပြန်အိပ်လိုက်တာ အိပ်ပျော်သွားပြန်တယ်တဲ့၊ ဝီထိစိတ်ဖြစ်ပုံကို ထင်ရှားစေရန် အဋ္ဌကထာက ဒီလို ဥပမာပေးထားတယ်။

အဲဒီမှာ အာရုံထူးမထင်မီ ဘဝင်စိတ်တွေဖြစ်နေတာဟာ အိပ်မောကျနေသလိုပဲတဲ့၊ ဘဝင်စိတ်ဆိုတာ ဒီလိုပဲ၊ အာရုံအထူးနဲ့မတွေ့မီ ဘဝင်ဆိုတဲ့ မသိစိတ်တွေက တသိတတန်းကြီး ဖြစ်နေတာပဲ၊ အိပ်မောကျနေတာနဲ့တူတယ်၊ မျက်စိနဲ့ အဆင်းအာရုံ တွေ့လာပြီဆိုရင်တော့ အိပ်ရာကနိုးလာသလို စဉ်းစားဆင်ခြင်တဲ့ စိတ်ကလေးဖြစ်ပေါ်လာတယ်၊ သရက်သီးကြွေကျသံကို ကြားတော့ ပတ်ဝန်းကျင် ဘာပါလိမ့်လို့ စဉ်းစားဆင်ခြင် ကြည့်သလိုပေါ့၊ အဲဒီလို စဉ်းစားဆင်ခြင်တဲ့ စိတ်ကလေး ဖြစ်ပေါ်လာတယ်၊ ပြီးတော့ သရက်သီးကို မြင်သလို မြင်သိ စိတ်ကလေး ဖြစ်ပေါ်လာတယ်၊ တစ်ဖန် သရက်သီးကို ကောက်ယူထားလိုက်သလို လက်ခံမှတ်သားတဲ့ စိတ်ကလေး ဖြစ်ပေါ်လာပြန်တယ်၊ ပြီးတော့ သရက်သီး ကလေးကို စမ်းကြည့်၊နမ်းကြည့်နဲ့ စမ်းသလို အာရုံကို စုံစမ်းတဲ့ စိတ်ကလေး ဖြစ်ပေါ်လာပြန်တယ်၊ ဒီလိုစုံစမ်းပြီး မှည့်ပြီ၊ စားလို့ဖြစ်ပြီလို့ ဆုံးဖြတ်ပြီးအခါ စားလိုက်သလို အဟုန်နဲ့တကွ ကျရောက်ခံစားတဲ့ ဇောစိတ်တွေ ၇–ကြိမ် ဖြစ်ပေါ်လာကြတယ်၊ တစ်ဖန် ဘယ်လိုအရသာပဲလို့ ပြန်မြုံ့သလို ပြန်မြုံ့တဲ့ စိတ်ကလေးက နှစ်ကြိမ်လောက် ဖြစ်လာပြန်ပါတယ်၊ အဲဒါကတော့ တဒါရုံ ဆိုတာပေါ့၊ သူကတော့ ဇောရဲ့အာရုံကို အာရုံလိုက်ပြုတဲ့ စိတ်ပါပဲ၊ ဒီလို ဝီထိစိတ်အစဉ်တွေဖြစ်ပြီး ပြန်အိပ်ပျော်သွားသလို ပဋိသန္ဓေစိတ်နဲ့အတူ ဖြစ်နေကျ ဘဝင်စိတ်တွေ ပြန်ဖြစ်သွားပါတယ်တဲ့၊ ဒီလို ဥပမာ, ဥပမေယျ ညှိပြထားပါတယ်။

## ရုပ်သတ်နဲ့ နာမ်သတ်ဓာတ္တဘူး

မြင်ရတဲ့အဆင်းတို့၊ ကြားရတဲ့အသံ စသည်တို့ဟာ ရုပ်တွေပဲ၊ အဆင်းရုပ်, အသံရုပ် စသည်ပေါ့၊ အဲဒီရုပ်တွေနဲ့ မြင်သိစိတ်, ကြားသိစိတ်စတဲ့ နာမ်တွေဆိုတာ အသက်ချင်း မတူကြဘူး၊ ရုပ်တွေက စိတ်အကြိမ်ပေါင်း ၁၇–ချက်ခန့်

အသက်ရှည်တယ်၊ စိတ်အကြိမ်ပေါင်း ၁၇–ချက်လောက် ဖြစ်သည့်တိုင်အောင် ရုပ်သက်ကတည်နေတယ်၊ စိတ်ဆိုတဲ့ နာမ်သက်ကတော့ ဖြစ်, တည်, ပျက် ဆိုတဲ့ ဥပါဒ်, ဌီ, ဘင် ခဏငယ် သုံးချက်လောက်သာ အသက်ရှည်တယ်၊ အဲဒါ ရုပ်သက်ကို နာမ်သက်နဲ့နှိုင်းယှဉ်ပြီး တိုင်းတာကြရတာပဲ၊ ရုပ်သက်က အတော်အတန်ရှည်ပြီး နာမ်သက်က အင်မတန်တိုပါတယ်၊ ဒီလို လျင်မြန်လွန်းလို့ စိတ်ကို အထိန်းရခက်တာပေါ့၊ သူဖြစ်တာကို ဖြစ်လျှင်ဖြစ်ချင်း သိနိုင်ဖို့ အင်မတန်ခဲယဉ်းတယ်၊ သိရင်တောင် သူဖြစ်ပြီးလို့ အတော်ကြာမှသာ သိတာက များတယ်၊ "ဒုန္နိဂ္ဂဟဿ လဟုနော" ဒုန္နိဂ္ဂဟဿ စိတ္တဿ–စိတ်ဆိုတာ အင်မတန် နှိမ်နင်းလို့ခက်တယ်၊ လဟုနော စိတ္တဿ–ပြီးတော့ အလွန်လည်း လျင်မြန်တဲ့စိတ်တဲ့၊ ဓမ္မပဒပါဠိတော်မှာ ဟောထားတယ်။

## စိတ်ဆိုတာ ရိုင်းတယ်

စိတ်ကို ယဉ်ကျေးအောင် သတိထားပြီး နှိမ်နင်းဆုံးမလေ့မရှိကြဘဲ လွှတ်ထားတာတွေကများတယ်၊ ဘဝများစွာကခဲ့ပါတော့၊ ဒီလို သူ့အလိုအတိုင်း လွှတ်ထားခဲ့တာကြာတော့ သူက ရိုင်းချင်တိုင်းရိုင်းနေတာ၊ မကောင်းမှန်းသိလျက် လည်း သူက လုပ်ချင်တတ်တယ်၊ သူပြုလုပ်ချင်တဲ့အလုပ်ကို တားလို့, နှိမ်နင်းလို့ အင်မတန်ရခဲတာပဲ၊ သူ့ အသက်သတ်တာကို မကောင်းမှန်းသိလျက်လည်း သူသတ်ချင်သတ်တာပဲ၊ သူတစ်ပါးပစ္စည်းကို ခိုးယူတာတို့၊ သူ့သားအိမ်ယာကို ကျူးလွန်တာတို့၊ မမှန်မကန် လိမ်လည်ပြောကြားတာတို့၊ သေအရက်သောက်စား မူးယစ်တာတို့ စသည် ဒီလို မကောင်းမှုတွေဟာ မကောင်းပါဘူးလို့ တဖွဖွ ပြောနေပါလျက်လည်း မရဘူး၊ ဒီအထဲကနေ ပြုလုပ်ကြတာပဲ၊ ဒီလို မကောင်းမှန်း သိလျက်နဲ့ ပြုလုပ်တာတွေဟာ စိတ်ကိုနိုင်နင်းအောင် မဆုံးမနိုင်တာ အင်မတန် ထင်ရှားတယ်။

ကိုယ်တိုင်နားမလည်လို့ မသိရင်တောင် သိကြား လိမ္မာတဲ့လူတွေက ဒါ မကောင်းဘူးလို့ပြောလဲ သူက ရချင်မှရတယ်၊ အတင်းဇွတ်တိုးပြီး လုပ်ချင်လုပ်တာပဲ၊ ကောင်းတဲ့လူတွေနဲ့ မကောင်းတဲ့လူတွေကို နှိုင်းယှဉ်ကြည့်လိုက်ရင် မကောင်းတဲ့ လူတွေက များနေတာဟာ ဒီစိတ်ကို မနိုင်နင်းနိုင်ဘဲ ဖြစ်နေသူတွေကများနေ

လို့ပေါ့၊ စစ်ဖြစ်ရတယ်ဆိုတာ မကောင်းဘူးလို့ နိုင်ငံတိုင်းက သိနေကြတယ်၊ သိတဲ့အတိုင်းလည်း သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတွေကနေပြီး ကြေညာနေကြတာပဲမဟုတ်လား၊ မကောင်းမှန်း သူတို့သိပါတယ်၊ စစ်ဖြစ်ရတာကို ဒီလို မကောင်းမှန်းသိလျက်လည်း လောဘ,ဒေါသဆိုတဲ့ စိတ်ရိုင်းတွေကို မနှိမ်နင်းနိုင်လို့ အဲဒီမကောင်းဘူးလို့ ကြေညာနေတဲ့ ပုဂ္ဂိုလ်တွေကိုယ်တိုင် အချင်းချင်း တိုက်ခိုက်နေကြတာပါပဲ၊ စစ်ဖြစ်တယ်ဆိုရင် သူတို့မျက်မှောက်တွင် လူတွေသေ၊ ပစ္စည်းတွေ ပျက်စီးနေတာကို မြင်တွေ့နေတာပဲ၊ ဒါတွေမကောင်းဘူးဆိုတာ သူတို့မသိဘဲရှိပါ့မလား၊ သိပါတယ်၊ ဒါပေမယ့်လည်းပဲ စစ်တွေတိုက်ခိုက်နေကြတာပဲ၊ စိတ်ဆိုတာ ဒီလောက်ထိအောင်ရိုင်းတယ်၊ မယဉ်ကျေးဘူး၊ ဒုန္နိဂ္ဂဟဿ စိတ္တဿ–စိတ်ဆိုတာ ရိုင်းတယ်၊ နှိမ်နင်းလို့ရနိုင်ခဲတယ်တဲ့။

## အင်မတန်လည်း လျင်မြန်တယ်

စိတ်တွေဟာ အင်မတန်လည်းမြန်တယ်၊ "လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက်အတွင်း ကုဋေတစ်သိန်းလောက်ဖြစ်နိုင်တယ်"လို့တောင် အဆိုရှိတယ်၊ အဲဒီလောက်ထိအောင် အဖြစ်အပျက်ကမြန်တာ၊ ဒါကြောင့်လည်း စိတ်ကို နှိမ်နင်းနိုင်ခဲတာပဲ၊ ထိန်းလို့သိမ်းလို့လည်း အင်မတန်ခက်တယ်၊ စိတ်သွားတိုင်း စိတ်ဖြစ်တိုင်း ကိုယ်ကမပါလို့သာဘဲ၊ ကိုယ်က မန္တလေးမှာ ထိုင်နေပေမယ့်လည်း စိတ်က ရန်ကုန်ရောက်ချင်ရောက်နေတာ၊ ဒီလိုရောက်ဖူးတဲ့နေရာကိုမပြောနဲ့ တစ်ခါမှ ကိုယ်က မရောက်ဘူးလို့ မသိဖူးတဲ့ အရပ်ဒေသတွေကိုတောင်မှန်းပြီး ရောက်ချင်ရောက်နေတတ်သေးတယ်၊ ပြောသံကြားနဲ့လည်း အာရှကနေ ဥရောပတို့၊ အာဖရိကတို့ ဒီလို နေရာတွေကိုလည်း ရောက်ချင်ရောက်သွားတာပဲ၊ ဘယ်လောက်ဝေးဝေး တစ်ခါတည်း ရောက်သွားတာပဲ၊ "လဟုနော စိတ္တဿ–အင်မတန် လျင်မြန်တဲ့စိတ်တဲ့၊ လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက်အတွင်း ကုဋေတစ်သိန်းလောက်တောင် ဖြစ်နိုင်ပျက်နိုင်တဲ့ စိတ်တဲ့၊ ဒီလို အဖြစ်မြန်တာကြောင့် စိတ်ကို ထိန်းသိမ်းမလွယ်ဘဲ ဖြစ်နေတာပေါ့။

## အာရုံပြုတော့လည်း ဝေါက်တတ်တရ

အာရုံကျတော့လည်း ကြုံရာအာရုံကို အာရုံပြုလိုက်တာပဲ၊ အဆင်းနဲ့ကြုံရင် အဆင်းကိုအာရုံပြုလိုက်တာပဲ၊ အသံနဲ့ကြုံရင် အသံကို၊ အနံ့နဲ့ကြုံရင် အနံ့ကို၊

(တတိယအကြိမ်)

အရသာနဲ့ကြုံရင် အရသာကို၊ အတွေ့အထိနဲ့ကြုံရင် အတွေ့အထိကို၊ သဘောနဲ့ ကြုံရင် သဘောကို အာရုံပြုလိုက်တာပဲ၊ ဒီလို ကြုံရာကြုံရာ တွေ့ရာပေါ်ရာ အာရုံတွေကို စိတ်က အာရုံပြုတတ်တယ်၊ ဒါကြောင့် "ယတ္ထ ကာမနိပါတိနော" ကြုံရာများပြား အကြင်အာရုံတရား၌ အလိုအတိုင်း ကျရောက်တတ်တဲ့စိတ်တဲ့၊ ဒီလို ဆက်ပြီး ဟောကြားထားတယ်၊ ကြုံရာအာရုံတွေကို စိတ်ကအာရုံပြုတယ်၊ သူအလိုရှိရာ အာရုံတွေကို အာရုံပြုတယ်၊ ပြီးတော့ အဲဒီ အာရုံတွေပေါ်မှာ လောဘ, ဒေါသ, မောဟ, မာနစတဲ့ ကိလေသာတွေဖြစ်တယ်၊ ရိုင်းစိုင်းတယ် မယဉ်ကျေးဘူးဆိုတာ အဲဒီ ကိလေသာတွေက ရိုင်းစိုင်းနေတာပဲ။

## ဆုံးမပေးရမယ်

"စိတ္တဿ ဒမထော သာဓု" အဲဒီ ရိုင်းစိုင်းတဲ့စိတ်ကို ဆုံးမပေးရင် ကောင်းတယ်တဲ့၊ သူ့ကို ဒီအတိုင်း လွှတ်ထားလို့မရဘူးတဲ့၊ ယဉ်ကျေးအောင် ဆုံးမပေးရမယ်၊ ဒီလို ဆုံးမပေးမှ ကောင်းမှာ၊ မဆုံးမဘဲထားလို့ ရိုင်းစိုင်းနေရင် မကောင်းဘူးတဲ့၊ ဒါကြောင့် ယဉ်ကျေးအောင် ဆုံးမပေးဖို့လိုပါတယ်၊ ဆုံးမတော့ ဘယ်လိုဆုံးမရမလဲဆိုရင် အင်မတန် ထူပြောများပြားပြီး ရိုင်းစိုင်းနေတဲ့ လောဘ, ဒေါသ, မာနစတဲ့ ကိလေသာတွေကို တစ်စတစ်စ နည်းပါးသွားအောင် နည်းလမ်းတကျ အားထုတ်ဆုံးမပစ်ရတယ်၊ ဘယ်လောက်အထိ အားထုတ် ဆုံးမပစ်ရမလဲဆိုရင် အဲဒီ ရိုင်းစိုင်းတဲ့ ကိလေသာတွေ ကုန်ခန်းသွားသည်အထိ အားထုတ်ဆုံးမပစ်ရမယ်တဲ့၊ နည်းလမ်းတကျ အားထုတ်ဆုံးမပစ်ရမယ်၊ အဲဒီ နည်းလမ်းတကျဆိုတာကတော့ မြတ်စွာဘုရား ဟောကြားထားတဲ့ သတိပဋ္ဌာန် ဒေသနာနည်းအတိုင်း အားထုတ်ဆုံးမပစ်ဖို့ပါပဲ၊ အခု ဒီမှာ အားထုတ်နေကြတဲ့ ယောဂီတွေ သတိပဋ္ဌာန်ဒေသနာတော်နည်းအတိုင်း နည်းလမ်းတကျ အားထုတ်နေကြပါတယ်၊ ဒါဟာ စိတ်ယဉ်ကျေးအောင် နည်းလမ်းတကျ ကျင့်ကြံအားထုတ်နေကြတာပါပဲ။

စိတ်ကို အလွှတ်မထားဘူး၊ ဖောင်းရင် ဖောင်းတယ်၊ ပိန်ရင် ပိန်တယ်လို့ ဖောင်းမှု ပိန်မှုအပေါ်မှာ ရှုမှတ်နေကြတယ်၊ မြင်ရင်လည်း မြင်တယ်၊ ကြားရင်လည်း ကြားတယ် စသည်ဖြင့် မြင်မှုကြားမှုအပေါ် စသည်မှာ ရိုင်းစိုင်းတဲ့ ကိလေသာတွေ မဝင်ရအောင် သတိနဲ့ကပ်ပြီး ရှုမှတ်နေကြတယ်၊ ဒါဟာ

မဟာသတိပဋ္ဌာန် ဒေသနာတော်လာအတိုင်း အားထုတ်နေကြတာပါပဲ၊ ကျရောက်လာတဲ့ အာရုံတိုင်း အာရုံတိုင်းမှာ မလွတ်အောင် ဒီလို ရှုမှတ်သွားပြီဆိုရင် ရှိင်းစိုင်းတဲ့ ကိလေသာတွေ ဝင်ရောက်ခွင့်မရတော့ဘူး၊ ဖြစ်ခွင့်မရတော့ဘူး၊ ဒီ ကိလေသာတွေ ဝင်ရောက်ခွင့်မရလို့ ကင်းစင်သွားပြီဆိုရင် စိတ်ဟာ ယဉ်ကျေးသွားတော့တာပဲ။

## ယဉ်ကျေးရင် ချမ်းသာတယ်

ရိုင်းစိုင်းတဲ့ ကိလေသာမရှိလို့ စိတ်ဟာ ယဉ်ကျေးတော့ ဘာအကျိုးရှိသလဲဆိုရင် "စိတ္တံ ဒန္တံ သုခါဝဟံ"တဲ့၊ စိတ်ကိုဆုံးမထားလို့ ယဉ်ကျေးပြီဆိုရင် အဲဒီ ယဉ်ကျေးတဲ့စိတ်က မဂ် ဖိုလ် နိဗ္ဗာန်အထိ ချမ်းသာကို ရွက်ဆောင်နိုင်ပါတယ်တဲ့၊ သားငယ် သမီးငယ်လေးတွေကို မိဘ၊ ဆရာသမားများက နည်းလမ်းတကျ ဆုံးမသွန်သင်ပေးလို့ရှိရင် ဒီသားငယ် သမီးငယ်လေးတွေဟာ ယဉ်ကျေးလိမ္မာတာပဲ၊ နည်းလမ်းတကျ မဆုံးမတတ်ကြဘူးဆိုရင် သားငယ် သမီးငယ်လေးတွေဟာ မယဉ်ကျေးဘူး၊ အဲဒီလိုပဲ စိတ်ကိုယဉ်ကျေးစေတတ်တဲ့ နည်းလမ်းနဲ့ စနစ်တကျ ဆုံးမပေးမှ ယဉ်ကျေးတယ်၊ စနစ်တကျ ဆုံးမ မပေးတတ်ရင် မယဉ်ကျေးဘူး၊ ဒါကြောင့် "သတ္ထာ ဒေဝ မနုဿာနံ"ဂုဏ်နဲ့ပြည့်စုံတဲ့ မြတ်စွာဘုရားသခင်က မဟာသတိပဋ္ဌာန်ဒေသနာတော်စတဲ့ ဒေသနာနည်းတွေနဲ့ စိတ်ကို ယဉ်ကျေးအောင် ဆုံးမတဲ့နည်းတွေကို စနစ်တကျ ဟောပြထားပါတယ်၊ ညွှန်ပြတော်မူထားပါတယ်၊ အခု ဒီမှာ အားထုတ်နေကြတဲ့ ယောဂီတွေဟာ ဘုရားဟောတဲ့နည်းအတိုင်း ရှိသေစွာ လိုက်နာပြီး စိတ်ကို ယဉ်ကျေးအောင် စနစ်တကျ အားထုတ်နေကြတာပါပဲ၊ ဒီနည်းကို အားထုတ်ကြလို့ အခုလည်း ယဉ်ကျေးသူတွေ ရှိတန်သလောက် ရှိနေကြပါတယ်။ အရင်တုန်းကလည်း ယဉ်ကျေးသူတွေ ရှိခဲ့ကြပါတယ်၊ ဒီနည်းအတိုင်း အားထုတ်လို့ရှိရင် နောက်လည်း ယဉ်ကျေးသူတွေ ရှိကြဦးမှာပါပဲ၊ စိတ်ယဉ်ကျေးတာနဲ့အမျှ နိဗ္ဗာန်ချမ်းသာအထိ ရကြပါတယ်။

## စိတ်နဲ့အာရုံတွေတော့ ဒီလိုဖြစ်တယ်

ပြီးတော့ စိတ်ဆိုတာ သူဖြစ်တဲ့အခါ အာရုံတစ်ခုခုကို စွဲမှီပြီးမှ ဖြစ်တယ်၊ အာရုံတစ်ခုခုကို မစွဲမမှီရဘဲ သူချည်းသက်သက် ဖြစ်လေ့တော့ မရှိဘူး၊

စိတ်ဖြစ်တဲ့အခါမှာလည်း စိတ်ကိုမှီပြီး စေတသိက်ထွေဆိုတာက စိတ်နဲ့အတူ တစ်အာရုံထဲယူပြီး ဖြစ်ကြသေးတယ်၊ အဲဒီ စိတ် စေတသိက်တွေ အာရုံတွေကို တွေ့လို့ အာရုံကိုမှီဖြစ်တော့ ဘယ်ပုံ မှီဖြစ်တယ်ဆိုတာကို ဖော်ပြဖို့လိုသေးတယ်။

မျက်စိထဲမှာ အကြည်ဓာတ်ကလေးရှိတယ်၊ အဲဒီ အကြည်ဓာတ်ကလေးက မှန်နဲ့တူတယ်၊ မှန်ဟာ သူနဲ့တည့်တည့်ရောက်လာသမျှ အရာဝတ္ထုတွေ၊ အဆင်းရုပ်တွေ သူ့အထဲမှာ ထင်လာကြတယ်၊ အဲဒါ အရိပ်ထင်နိုင်လောက်အောင် ကြည်လင်နေလို့ပဲ၊ မျက်စိမှာလည်း မှန်လို အရိပ်ထင်နိုင်တဲ့ အကြည်ဓာတ်ကလေးရှိတယ်၊ မျက်စိရှေ့မှောက်ရောက်လာတဲ့ အဆင်းရုပ်ကလေးဟာ အဲဒီ မျက်စိထဲရှိတဲ့ အကြည်တွင် လာလာပြီးထင်တယ်၊ ဒီလို ထင်လာတဲ့အခါ ထင်လျှင်ထင်ချင်း မြင်သိစိတ်ကလေးက မဖြစ်သေးဘူး၊ ဘဝင်လို့ခေါ်တဲ့ မသိစိတ်ကလေး သုံးကြိမ်လောက် လွန်သွားသေးတယ်၊ အဲဒါ ပထမဘဝင် လွန်သွားတဲ့ စိတ်ကလေးကို အတီတဘဝင်(လွန်သွားတဲ့ဘဝင်စိတ်)လို့ ခေါ်တယ်၊ နောက် ဒုတိယဘဝင်စိတ်ကိုတော့ ထင်လာတဲ့ အာရုံကြောင့် လှုပ်သလို ဖြစ်သွားလို့ ဘဝင်္ဂစလန (လှုပ်သွားတဲ့ဘဝင်)လို့ ဆိုတယ်၊ တတိယဘဝင်ကျတော့ သူ့နောက်မှာ ဘဝင်စိတ်မဖြစ်တော့ဘဲ ဘဝင်စိတ်တွေကို ဖြတ်ပစ်လိုက်သလိုဖြစ်လို့ သူ့ကို ဘဝင်္ဂုပစ္ဆေဒ (ဖြတ်ပစ်တဲ့ဘဝင်)လို့ ခေါ်တယ်၊ မျက်စိထဲ အဆင်းအာရုံ ထင်လာပြီးတဲ့နောက် အဲဒီလို ဘဝင်သုံးကြိမ် ဖြစ်သွားတယ်၊ ဒီလို ဘဝင်သုံးကြိမ်လောက် လွန်သွားတာလည်းရှိတယ်၊ ဒါက အာရုံအားကောင်းတဲ့အခါမျိုးပဲ၊ အာရုံက အားသေးရင်သော်လည်းကောင်း၊ မျက်စိအကြည်ဓါတ် အားသေးလျှင်သော်လည်းကောင်း၊ ဒီထက်ပိုပြီး ဘဝင် ၄-ကြိမ်၊ ၅-ကြိမ်မှစပြီး ဘဝင်တွေ တော်တော်များများ လွန်သွားတာမျိုးလည်းရှိတယ်။

## ပြီးတော့မှ ဝိထိစိတ်တွေ

ပြီးတော့မှ အိပ်ရာကနိုးလာသလို နိုးလာပြီး ဒါဘာလဲလို့ ဝိုးဝါး ဆင်ခြင်တဲ့ ဆင်ခြင်စိတ်ကလေး ဖြစ်လာတယ်၊ အဲဒါကို ပဉ္စဒွါရာဝဇ္ဇန်း (၅-ဒွါရ၌ ဖြစ်လာတဲ့အာရုံကို ဆင်ခြင်တဲ့) စိတ်လို့ခေါ်တယ်၊ ဒါဟာ အဆင်းအာရုံလား၊

(တတိယအကြိမ်)

အသံအာရုံလား၊ အနံ့အာရုံလား စသည်ပေါ့၊ ငါးဒွါရမှာ ထင်လာသမျှကို ဆင်ခြင်ကြည့်တဲ့ စိတ်ကလေးတဲ့၊ အဲဒါဟာ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကလေးတဲ့။

အဆင်းဆိုရင် ဒါဟာ ကောင်းတဲ့အဆင်းအာရုံပဲ၊ ဒါမှမဟုတ်ရင်လည်း ဒါဟာ မကောင်းတဲ့အဆင်းအာရုံပဲ၊ အသံအာရုံဆိုရင်လည်း ဒါဟာ ကောင်းတဲ့ အသံအာရုံပဲ၊ ဒါမှမဟုတ်ရင်လည်း ဒါဟာ မကောင်းတဲ့ အသံအာရုံပဲ စသည်ဖြင့် ငါးဒွါရမှာထင်လာတဲ့ အာရုံကို ပဉ္စဒွါရာဝဇ္ဇန်းစိတ်က ဒီလိုဆင်ခြင်တယ်။

အဲဒီလို ဆင်ခြင်တဲ့စိတ်ကစပြီး တဒါရုံတိုင်အောင် ၁၄-ကြိမ်အထိဖြစ်လာတယ်၊ အဲဒါ အများဆုံးဖြစ်တဲ့ ဝီထိစိတ်တွေပါပဲ၊ ငါးဒွါရမှာဖြစ်တဲ့ ဝီထိစိတ်အစဉ်ဟာ အများဆုံး ဒီလို ၁၄-ကြိမ်အထိ ဖြစ်တာလည်းရှိတယ်၊ အနည်းဆုံး ဝီထိစိတ်တောင် မဖြစ်ဘဲလည်း ရှိတယ်။

## အာရုံပြုတော့လည်း ဒီလိုပြုတယ်

ဆင်ခြင်တဲ့ ပဉ္စဒွါရာဝဇ္ဇန်းကစပြီး အဲဒီ ပဉ္စဒွါရဝီထိစိတ်တွေဟာ ပစ္စုပ္ပန်ကာလမှ ဖြစ်တဲ့ အဆင်းတို့ အသံတို့စတဲ့ အာရုံတွေကို သက်ဆိုင်သလို အာရုံပြုတယ်၊ အတိတ်, အနာဂတ်မှာဖြစ်တဲ့ အာရုံတွေကို အာရုံမပြုဘူး၊ ပရမတ်, ပညတ် ၂-မျိုးတွင်လည်း ပရမတ်ဖြစ်တဲ့ အဆင်း, အသံ စသည်ကို အာရုံပြုတယ်၊ ပညတ်ကို အာရုံမပြုဘူး၊ ဒါကြောင့် မြင်တယ်, ကြားတယ်, နံတယ်, လျက်တယ်, တွေ့ထိတယ်ဆိုတဲ့ ပထမဝီထိဖြစ်တယ်ဆိုရင် ထင်ဆဲ အဆင်း, အသံ, အနံ့, အရသာ, အတွေ့, ရုပ်ပရမတ်ကို မြင်တာ, ကြားတာ, နံတာ, လျက်တာ, တွေ့သိတာပဲ။

မြင်တာကို ပမာနထား ပြောရရင် တချို့က ပုံဟန်သဏ္ဌာန် အထည်ဒြပ် ကြီးတွေနဲ့ဆိုတော့ ပညတ်ကို အာရုံပြုတာပဲလို့ ထင်စရာရှိတယ်၊ ပညတ်ကို အာရုံပြုတာ မဟုတ်ပါဘူး၊ ပရမတ်ကို အာရုံပြုတာပါပဲ၊ ပြီးတော့ မြင်တဲ့အခါ ရုပ်ကလေးတစ်ခုထဲကို မြင်တာမဟုတ်ဘူး၊ ရုပ်ကလေးတစ်ခုဆိုတာက အင်မတန် သေးမွှားရင်တော့ မမြင်ဘူး၊ အဆင်းရုပ်တွေ များများကိုမှ မြင်တာပဲ၊ ဒါကြောင့်-

"စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" လို့ ပါဠိတော်မှာ ဟောထားတယ်။

စက္ခုံ စ၊ မျက်စိရုပ်ကိုလည်းကောင်း၊ မျက်စိအကြည်ရုပ်ကိုလည်း မှီပြီးတော့ ဖြစ်တယ်၊ ရူပေစ၊ အဆင်းရုပ်တို့ကိုလည်းကောင်း။ အဆင်းကျတော့ "ရူပဉ္စ အဆင်းရုပ်ကိုလည်းကောင်း" လို့ ဧကဝုစ်နဲ့မဆိုဘူး၊ အဆင်းတွေလို့ အများကြီးဆိုထားတယ်။ စက္ခု မျက်စိရုပ်ကိုတော့ ဧကဝုစ်နဲ့ပဲဆိုထားတယ်၊ ပြီးတော့ အဆင်းဆိုတာကလည်း အဖြူ၊ အနီ၊ အကြောင်၊ အကျား စသည် အများကြီးကို၊ ရူပေစ၊ အဆင်းရုပ်တို့ကိုလည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ မြင်သိတဲ့ စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ ရုပ်အဆင်းကို ဒီလို ဗဟုဝုစ်နဲ့ဟောတာဟာ တစ်ခုတည်း မြင်ရတာမဟုတ်လို့တဲ့၊ အများကြီးကိုမှ မြင်ရလို့တဲ့။ အဲဒါကို ဥပမာပေးထားတယ်၊ ကောင်းကင်က ပျားကောင်ကလေး တစ်ကောင် ပျံလာတယ်တဲ့၊ အဲဒါကို ၁ ယ်လို မျက်စိကောင်းတဲ့ ပုဂ္ဂိုလ်ပဲ ကြည့်ကြည့် မမြင်ဘူး၊ တစ်ကောင်တည်းဆိုတော့ အာရုံကသေးငယ်နေတယ်၊ အုပ်လိုက် အများကြီးပျံလာတဲ့ ပျားကောင်တွေကျတော့ မြင်ရတယ်၊ ဒီကျတော့ အစုလိုက်အပြုလိုက် ပျားကောင်တွေက အများကိုး၊ မြင်ရတာပေါ့၊ အဲဒီလိုပဲ အဆင်းကို မြင်တဲ့အခါ ရုပ်ကလာပ်တစ်ခုတည်းကို မြင်ရတာ မဟုတ်ဘူးတဲ့၊ ရုပ်ကလာပ်အများကြီးကို မြင်ရတာတဲ့၊ ဒါပေမယ့် အပေါင်းအစုကို မြင်ရတာဆိုပြီး ပညတ်အနေနဲ့ အာရုံပြုတာတော့ မဟုတ်ဘူး၊ ပရမတ်အနေနဲ့ အာရုံပြုတာပါပဲ။

အကြီးကြီးကြည့်ရင် အကြီးကြီးအလိုက်မြင်တာပဲ၊ အငယ်လေးကိုကြည့်ရင် ငယ်ငယ်လေး မြင်တာပဲလို့ ဆင်ခြင်နိုင်တာပေါ့လေ၊ ဥပမာ–လကိုကြည့်တယ်ဆိုရင် လကြီး အကြီးကြီးကိုမြင်တယ်၊ နေကိုကြည့်တယ်ဆိုရင် နေကြီး အကြီးကြီးကိုမြင်တယ်၊ တစ်စိတ်တစ်ပိုင်းထဲကို တစ်ခါတည်း မြင်နေရသလို မြင်တာဟာ ပရမတ်ကို မြင်တာမဟုတ်ဘူး၊ ပညတ်ကို အာရုံပြုပြီးမြင်နေတာ၊ ပရမတ်ဆိုတာ မြင်တာက အဝိုင်းကြီးရယ်၊ အရှည်ကြီးရယ်လို့ မြင်တာမဟုတ်ဘူး၊ အဆင်းရုပ်ကို မြင်ရုံမျှမြင်တာပဲ၊ ပြီးတော့ ထင်ဆဲ ပစ္စုပ္ပန်အခိုက်မှာသာ မြင်တယ်၊ အဲဒါ လေးကိုလည်း ဆိုရမယ်။

(တတိယအကြိမ်)

"ထင်ဆဲ စဉ်းစား၊ မြင်ငြား စစ္စာ" (၃-ခေါက်ဆို)

ထင်ပေါ်နေဆဲ ရှိနေဆဲအဆင်းကို စက္ခုဝိညာဉ်စိတ်က မြင်တာ၊ ပြီးတော့ တဒါရုံတိုင်အောင် ဝီထိစိတ်တွေ ဖြစ်သွားတယ်ဆိုတာ ပြောခဲ့ပြီးပြီ၊ ပဉ္စဒွါရဝီထိစိတ်အစဉ် ဖြစ်ပြီးတော့ ဘဝင်ဆိုတဲ့ မသိစိတ်တွေခြားပြီး အိပ်ရာက နိုးလာသလို နောက်က ဝီထိစိတ်စဉ်တစ်မျိုး ဖြစ်လာပြန်တယ်၊ အဲဒါကတော့ ရှေ့က မြင်သွားတဲ့ဟာကို ပြန့်စဉ်းစားတဲ့ ဆင်ခြင်ပြန်တဲ့ ဝီထိပဲ၊ ဒီဝီထိကို တဒါနုဝတ္တက မနောဒွါရဝီထိလို့ခေါ်တယ်၊ ဒါကတော့ ပစ္စုပ္ပန်အာရုံ မဟုတ်တော့ဘူး၊ လွန်ပြီး အာရုံကို အာရုံပြုတာဖြစ်လို့ အတိတ်အာရုံဖြစ်သွားပြီး၊ ဒါကိုလည်း လိုက်ဆိုရမယ်-

"တရပ်မြင်ငြား၊ စဉ်းစားပြန်ရာ" (၃-ခေါက်ဆို)

ထင်ဆဲ ပစ္စုပ္ပန်ကို မြင်တာက တဝီထိ၊ ဒါက မြင်ပြီး ဝီထိခေါ်တယ်၊ မြင်ပြီးတော့ တစ်ဖန် ပြန်ဆင်ခြင်စဉ်းစားတယ်၊ ဒါက တဝီထိ၊ အဲဒါကတော့ စက္ခုဝိညာဉ်နဲ့ မြင်တာ မဟုတ်တော့ဘူး၊ မနောဝိညာဉ်နဲ့ ပြန်ဆင်ခြင်တာ၊ ဒါကြောင့် သူ့ကို မနောဒွါရဝီထိလို့ခေါ်တယ်၊ ဒီ မနောဒွါရဝီထိမှာလည်း "ဘဝင်ဆင်ခြင်၊ မြင်ပြီးလျှင်" ဆိုသလို ဘဝင်ဖြစ်ပြီးတော့ ဆင်ခြင်တယ်၊ ဆင်ခြင်ပြီးတော့ စက္ခုဝိညာဉ် မဟုတ်တော့ဘူး၊ မနောဝိညာဉ် ဖြစ်လာတယ်၊ ပြီးတော့ ဇော ၇-ကြိမ်ဖြစ်တယ်၊ တဒါရုံ ၂-ကြိမ်လည်းဖြစ်တယ်၊ အဲဒါကို "ဆင်ခြင်ပြီးကာ၊ ဇော တဒါ၊ သိလာ စိတ်ဖြစ်ပုံ" တဲ့၊ အဲဒါကို လိုက်ဆိုရမယ်-

"ဆင်ခြင်ပြီးကာ၊ ဇော တဒါ၊ သိလာစိတ်ဖြစ်ပုံ" (ဆို ၃-ခေါက်)

အတိတ်အာရုံကို ပြန်ပြီး ဆင်ခြင်တဲ့အခါ ထုံးစံအတိုင်း အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဖြစ်ပြီးတော့ မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်ဖြစ်တယ်၊ အဲဒီ ဒုတိယဝီထိစိတ်တွေကလည်း ပရမတ်ကိုပဲ အာရုံပြုတာဖြစ်လို့ အရင်ဆိုခဲ့တဲ့ မြင်သိတို့, ကြားသိတို့, နံ့သိ, စားသိ, တွေ့သိတို့လို အတူတူသိတာပဲ၊ အဲဒါ ပြီးသွားပြီ။

အခု ကြံသိတာလေး ကျန်နေသေးတယ်၊ စိတ်ကူး စဉ်းစားတဲ့အခါ ဝီထိစိတ် ဘယ်လိုဖြစ်တုန်းဆိုတော့ ဝီထိစိတ်အစဉ်ကတော့ ဒုတိယမနောဒွါရ

ဝိထိစိတ် အစဉ်အတိုင်းပါပဲ၊ ဒါပေမယ့် ဒီ တတိယဝိထိမှာတော့ အာရုံက အတိတ်ဖြစ်သွားတဲ့အပြင် ဒီအာရုံက ဘယ်အချိန်မှ စပြီးဖြစ်တယ်၊ ဘယ်အချိန်မှာ ချုပ်ပျောက်သွားတယ်ဆိုတာ ပြောလို့မဖြစ်ဘူး၊ သတ်မှတ်လို့မဖြစ်ဘူး၊ ဖြစ်ပြီးသား မရှိတော့တဲ့ အာရုံကို ပြန်စဉ်းစားတာဆိုတော့ သူစချင်တဲ့နေရာက ပြန်စဉ်းစားမှာပဲ၊ မနေ့ကမြင်ထားတဲ့ အာရုံတစ်ခုခုကို ယနေ့စဉ်းစားချင်လည်း စဉ်းစားသလို နက်ဖြန်ခါမှ ပြန်စဉ်းစားရင်လည်း စဉ်းစားသလိုပေါ့၊ အဲဒီ တတိယဝိထိ ဖြစ်တဲ့အခါမှာတော့ တစ်ကြိမ်တည်း ဟုတ်မှာမဟုတ်ဘူး၊ အကြိမ်ကြိမ်ဖြစ်ဖို့ ရှိပါတယ်၊ သူကတော့ ပရမတ်အာရုံမဟုတ်တော့ဘူး၊ ပညတ်အာရုံဖြစ်သွားပြီ၊ ဘယ်လိုပညတ်အာရုံလဲဆိုတော့ သူစဉ်းစားမိတဲ့အတိုင်း ထိုက်သင့်သလို သဏ္ဍာန် ဒြပ်စတဲ့ ပညတ်အာရုံတွေဖြစ်ပေါ်လာတော့တယ်၊ လူ့သဏ္ဍာန်, ယောက်ျားသဏ္ဍာန်, မိန်းမသဏ္ဍာန် စတဲ့ သဏ္ဍာန်ဒြပ် ပညတ်ပုံဟန်တွေတဲ့၊ အဲဒီလို သဏ္ဍာန်ဒြပ် ပညတ်ပုံဟန်တွေကို အာရုံပြုလာတော့တယ်တဲ့။

အဲဒီ ဝိထိကလည်း မနောဒွါရဝိထိပဲ၊ သူက ကြံသိတဲ့ ဝိထိ၊ အဲဒီဝိထိမှာ ဝိထိစိတ်အမျိုးတူ ပေါင်းလိုက်ရင် ဆင်ခြင်တဲ့ မနောဒွါရာဝဇ္ဇန်းရယ်၊ အာရုံအရသာကို ခံစားရင်း အဟုန်နဲ့တကွ ကျရောက်တဲ့ဇောရယ်၊ ဇောရဲ့အာရုံကို ထပ်ပြီးအာရုံပြုတဲ့ တဒါရုံရယ် ပေါင်း အဲဒီသုံးမျိုးပဲဖြစ်တယ်၊ ဝိထိစိတ်ဖြစ်တဲ့ အကြိမ်အားဖြင့်ဆိုရင် မနောဒွါရာဝဇ္ဇန်းကတစ်ကြိမ်၊ ဇောက ၇-ကြိမ်၊ တဒါရုံက နှစ်ကြိမ် ပေါင်း ၁၀-ကြိမ်၊ အဲဒါက ဝိထိစိတ်ကို ခွဲဝေရေတွက်ပြတာပဲ။

## ဝိပဿနာရှုတော့ ဖြစ်ခိုက်မှာရှုရတယ်

ဝိပဿနာရှုတဲ့အခါမှာတော့ ဖြစ်ပေါ်ခိုက် ပစ္စုပ္ပန်ကာလ ပရမတ်ကိုရှုရတယ်၊ ပညတ်ကိုလည်းမရှုရဘူး၊ အတိတ်ကာလ၊ အနာဂတ်ကာလမှာဖြစ်တဲ့ အာရုံတွေကို လည်း မရှုရဘူး၊ ဖြစ်ခဲ့ပြီးသား အတိတ်ရုပ်နာမ်တို့၊ မဖြစ်သေးတဲ့ အနာဂတ်ရုပ်နာမ် တို့ဆိုတာ ဖြစ်ခိုက်မဟုတ်လို့ ဝိပဿနာရှုမှတ်လို့မဖြစ်သေးဘူး၊ ဒါကြောင့် ပစ္စုပ္ပန်ရုပ်နာမ်ကို အာရုံမပြုတဲ့(ပဉ္စဒွါရဝိထိရဲ့ နောက်လိုက်) တဒနုဝတ္တကမနောဒွါရ ဝိထိစိတ်တွေက အာရုံပြုတဲ့(ရုပ်,နာမ်မဟုတ်တဲ့) ပညတ်အာရုံတွေကို မရှုမှတ်ရဘူး၊ အဲဒီဝိထိစိတ်တွေက အမည်ပညတ်တို့ ယောက်ျား, မိန်းမစတဲ့ ပုဂ္ဂလပညတ်တို့ကို

အာရုံပြုဖြစ်တာ၊ ပရမတ်ကို အာရုံပြုကြတာမဟုတ်ဘူး၊ ဒါကြောင့် နာမပညတ်၊ အတ္ထပညတ်တွေ မပေါ်မီ မြင်ခိုက်၊ ကြားခိုက်စသည်တွင် မြင်ရင်မြင်တယ်၊ ကြားရင် ကြားတယ်လို့ ရုပ်နာမ်ပရမတ်အနေမှာ ရှုမှတ်ရတယ်။

တဒနုဝတ္တက ဝီထိစိတ်တွေကျတော့ "သဒ္ဒံ ပထမစိတ္တေန၊ တီတံ ဒုတိယ စေတသာ"ဆိုတဲ့အတိုင်း ဒုတိယတဒနုဝတ္တက ဝီထိက အတိတ်ကို အာရုံပြုလို့ သူမြင်တဲ့အာရုံက ပရမတ်ပဲရှိသေးတယ်၊ တတိယ တဒနုဝတ္တကဝီထိ စသည်တို့က တော့ ပညတ်တွေကို အာရုံပြုကြတာဖြစ်လို့ သူတို့ပြုတဲ့ အာရုံတွေကို မရှုမှတ်ရဘူး၊ ဝီထိစိတ်အစဉ်တွေကတော့ မထူးပါဘူး၊ အတူတူပါပဲ၊ တဝီထိနဲ့ တဝီထိအကြားမှာတော့ ဘဝင်တွေကျကျပြီး ဘဝင်တွေ ခြားခြားသွားတယ်။ ကိုင်းဆိုရမယ်–

"သဏ္ဌာန်ဒြပ်၊ ပညတ်ပေါ်တာ" (၃–ခေါက်ဆို)

ဘဝင်တွေ ခြားခြားပြီး တဒနုဝတ္တကဝီထိတွေဟာ ဒီလိုပဲ ဆက်ဆက်ဖြစ်တယ်၊ အဲဒီထဲမှာ ပထမတဒနုဝတ္တကဝီထိက ကွန်လွန်ပြီးတဲ့ အတိတ်အဆင်း အသံစတဲ့ အာရုံကို အာရုံပြုတယ်၊ ဒုတိယ တဒနုဝတ္တကဝီထိက ပုံသဏ္ဌာန်ပညတ်ကို အာရုံပြုတယ်၊ လူကိုမြင်တယ်ဆိုပါတော့ အဲဒီလူပုံသဏ္ဌာန်ကြီး ပေါ်လာတယ်၊ ပြီးတော့မှ တတိယတဒနုဝတ္တက မနောဒွါရ ဝီထိကျလာပြန်တယ်၊ သူကတော့ "ဒါလူပါလား"လို့ လူဆိုတဲ့ အမည်ပညတ်ပေါ်လာတယ်၊ ဒါကြောင့် လင်္ကာကို "မည်နာမ၊ သိရ နောက်ဆုံးပါ"တဲ့။ ဆိုရမယ်–

"မည်နာမ၊ သိရ နောက်ဆုံးပါ" (၃–ခေါက်ဆို)

အဲဒီဝီထိတွေကို တတ်နိုင်တဲ့ပုဂ္ဂိုလ်တွေက လေ့လာထားရင် ကောင်းတယ်၊ ဝိပဿနာရှုတယ်ဆိုတာ ဒီဝီထိတွေပဲ၊ ဘယ်ဂ နေ ရှုရတုန်းဆိုရင် မြင်သိပြီး ပြီးချင်း မြင်တယ်လို့၊ ကြားသိပြီးပြီးချင်း ကြားတယ်လို့ ပညတ်တွေမပေါ်ခင် ရှုမိအောင်ရှုရတယ်၊ ဒီတော့မှ မြင်ရင် မြင်ကာမျှ၊ ကြားရင် ကြားကာမျှတွင် ရပ်တယ်၊ ဒီတွင် မရှုမှတ်နိုင်သေးလို့ရှိရင်လည်း ပြန်စဉ်းစားတဲ့ဝီထိ ဆင်ခြင်တဲ့ ဝီထိရှိတယ်၊ ဒုတိယဝီထိပေါ် အဲဒီ ဆင်ခြင်ဝီထိကနေပြီး ရှုမှတ်ရတယ်၊ အဲဒီ ဆင်ခြင်ဝီထိက မြင်ပြီးတဲ့တရားကို ဆင်ခြင်စဉ်းစားနေတာပဲ၊ မြင်ပြီးတရားကို

စဉ်းစားရုံပဲရှိသေးတယ်၊ သူ့မှာလည်း ပုံသဏ္ဌာန် အထည်ဒြပ်တွေအထိ မရောက်သေးဘူး၊ အဲဒီမှာလည်း ယောကျ်ား, မိန်းမ စသည်ဖြင့် ကိလေသာဖြစ်စရာ အာရုံအထိ မရောက်သေးဘူး၊ အဲဒီမှာလည်း ပရမတ်ပဲရှိသေးတယ်၊ ပညတ် မရောက်သေးဘူး၊ အဲဒီမှာ ပထမဝီထိ၊ ဒုတိယဝီထိ နှစ်ဝီထိဖြစ်တယ်၊ ပထမဝီထိ နောက် အခြားမဲ့မှာဖြစ်စေ၊ ဒုတိယဝီထိကျမှဖြစ်စေ၊ ဒီနေရာမှာ မှတ်ရှုလို့ရှိရင် စင်ကြယ်တာပဲ၊ ကိလေသာတွေ မဝင်နိုင်ဘူး၊ အဲဒီလို မဝင်ရအောင်လို့ ဝိပဿနာရှုရတာပဲ။

မြင်ရင် မြင်တယ်၊ ကြားရင် ကြားတယ်၊ နံရင် နံတယ် စသည်ဖြင့် ရှုမှတ်ရတယ်ဆိုတာ မြင်ကာမျှတွင် ရပ်အောင်, ကြားကာမျှတွင် ရပ်အောင်၊ နံကာမျှ စသည်တွင် ရပ်အောင်၊ ဒါမှမဟုတ်ရင်လည်း မြင်ပြီးတော့ စဉ်းစားကာမျှတွင် ရပ်အောင်, ကြားပြီးတော့ စဉ်းစားကာမျှ, နံပြီးတော့ စဉ်းစားကာမျှ စသည်တွင် ရပ်အောင်လို့ ပုံသဏ္ဌာန် အထည်ဒြပ်တွေကို မရောက်ခင် ပရမတ်အသိကလေးတွင် တည်နေအောင်လို့ ဝိပဿနာရှုရတာတဲ့။

အဲဒါတွေ နားလည်အောင်လို့ ဘုန်းကြီးက ဆောင်ပုဒ်ကလေးတွေ ရေးထားပါတယ်၊ အခြေခံဝိသနာ စာအုပ်ထဲမှာလည်း အဲဒီ ဆောင်ပုဒ်လေးတွေ ပါပါတယ်၊ ထပ်ပြီး ကြည့်ချင်လို့ရှိရင် ကြည့်နိုင်တယ်၊ အဲဒီ ဝိပဿနာအခြေခံဆိုတဲ့ စာအုပ်ထဲမှာ တတိယဝီထိရောက်သွားပြီဆိုတော့ ပုံသဏ္ဌာန်အထည်ဒြပ်တွေ ပေါ်လာပြီဆိုတာ ဖော်ပြထားပါတယ်၊ ယောကျ်ားပဲ, မိန်းမပဲ, မျက်နှာပဲ, လက်ပဲ, ခြေထောက်ပဲ၊ ခေါင်းပဲ စသည်ဖြင့် အဲဒီ ပုံသဏ္ဌာန်အထည်ဒြပ်တွေဆီကို ရောက်သွားပြီ၊ ဒီလို ရောက်သွားတဲ့အခါ ပြန်ပြီးစဉ်းစားတော့မှာကိုး၊ စဉ်းစားတိုင်း, စဉ်းစားတိုင်း ယောကျ်ား, မိန်းမ-စတဲ့ ပုံသဏ္ဌာန်တွေက ဓါတ်ပုံရိုက်ထားသလို ပေါ်နေမှာပဲ၊ ဒါကြောင့် အဲဒီမရောက်ခင် မြင်ကာမျှ, ကြားကာမျှ, နံကာမျှ စသည်တွင် ရပ်အောင် ရှုမှတ်ရတာပဲ။

အဲဒီတွင်မရပ်ဘဲ တစ်ခါ စတုတ္ထဝီထိရောက်ပြန်မယ်ဆိုရင်တော့ အဲဒီပုံသဏ္ဌာန် အထည်ဝတ္ထုရဲ့ အမည်ပညတ်တွေ ပေါ်လာမယ်၊ ဒါက အရင်က အရင် သိဖူး, မြင်ဖူးတဲ့ အရာဝတ္ထုအတွက် ပုံသဏ္ဌာန်အထည်ဝတ္ထု ပညတ်က

(တတိယအကြိမ်)

အရင်ပေါ်ပြီး အမည်ပညတ်က နောက်မှပေါ်တဲ့ ဝီထိကိုဆိုတယ်၊ ကိုယ်တိုင် မြင်တာမဟုတ်ဘဲ သူတစ်ပါးပြောတာကို ကြားရတဲ့အခါမှာဆိုရင် အမည်နာမ ပညတ်က အရင်ပေါ်ပြီး ပုံသဏ္ဌာန်အထည်ဝတ္ထုအနက် ဒြပ်က နောက်မှပေါ်လာ တယ်၊ ပြီးတော့ အရင်က မသိမမြင်သေးတဲ့ ပုံသဏ္ဌာန်အထည်ဝတ္ထုအနက် ဒြပ်ကို မြင်ရင်လည်း အထည်ဝတ္ထု အနက်ဒြပ် ပညတ်က အရင်ပေါ်လာမယ်၊ အမည်နာမပညတ်က နောက်ကျမှ ပေါ်လာမယ်ပေါ့၊ ဥပမာ နိုင်ငံခြားက ပစ္စည်းအထူးအဆန်းတွေ ရောက်လာလို့ တွေ့မြင်တယ်ဆိုရင် တွေ့မြင်တော့ တွေ့မြင်တာပဲ၊ ဒါပေမယ့် အမည်နာမကိုတော့ မကြားမသိဖူးသေးလို့ မသိသေးဘူး၊ အဝိုင်းပဲ, အလုံးပဲ, လှတယ်, မလှဘူး ဒီလိုတော့ သိတယ်၊ ဘာခေါ်တယ်ဆိုတဲ့ အမည်ပညတ်ကိုတော့ မသိဘူး၊ သိတဲ့လူကပြောမှ "ဒါကို ဘာခေါ်တယ်"လို့ အမည်ပညတ်ကို နောက်မှ သိရသလိုပေါ့။

## တရားသိမ်းရအောင်

ဒီကနေ့ ၃-နာရီခွဲတော့မယ်၊ ဟောလာတာ တစ်နာရီခွဲ ကျော်သွားပြီး၊ လပြည့်ကျော် ၄-ရက်နေ့ဆို မော်လမြိုင်သွားဖို့ အစီအစဉ်ရှိတယ်၊ ကနေ့ တရားကို သိမ်းကြဦးစို့၊ အင်မတန်သိနိုင်ခဲတဲ့တရားပဲ၊ အခု ယောဂီတို့ ကိုယ်တွေနဲ့ ဝေဖန်ပြီးဟောပြောတော့ မှတ်စရာသားစရာကောင်းပါတယ်၊ အင်မတန် ကောင်းတဲ့ တရားတွေပဲ။ ကုသိုလ်အမျှဝေရအောင်-

ယနေ့အဖို့၌ အကျွန်ုပ်တို့ ပြုစုပွားများ အားထုတ်အပ်သော ကောင်းမှုကုသိုလ် အပေါင်း၏ အဖို့ဘာဂကို အမိအဖတို့မှစ၍ အလုံးစုံသော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏။ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

အမျှ . . . အမျှ . . . အမျှ . . . ယူတော်မူကြပါကုန်လော့။

သာဓု . . . သာဓု . . . သာဓု . . .။

(တတိယအကြိမ်)

# အဘိဓမ္မာတရားတော်ကြီး

ဒီကနေ့ ပြီးခဲ့တဲ့တန်ခူးလပြည့်နေ့က ဟောတဲ့ အဘိဓမ္မာတရားကို ဆက်ဟော ရမယ်၊ ဒီတရားကို မြတ်စွာဘုရားက နတ်တွေ, ဗြဟ္မာတွေကို တာဝတိံသာ နတ်ပြည်မှာ သုံးလပတ်လုံး ဟောတော်မူတယ်၊ နေ့ရောညရော မပြတ် ဆက်တိုက်ဟောတာပဲ၊ အဲဒီကို အရှင်သာရိပုတ္တရာမထေရ်က လင်းနို့သား ငါးရာဘဝမှာ ဖြစ်ခဲ့ဖူးတဲ့ သူ့တပည့်ပရိသတ် ရဟန်းတော်တွေကို အကျဉ်းဆုံး ချုံးပြီးဟောကြားထားတဲ့ အဘိဓမ္မာတရားတဲ့၊ ပြောခဲ့ပြီး ဖြစ်တဲ့အတိုင်း အဲဒီရဟန်းတော် တပည့်ငါးရာတို့ဟာ အရင်ဘဝက လိုဏ်ဂူတစ်ခုထဲမှာ လင်းနို့သားတွေ ဖြစ်ခဲ့စဉ်က ရဟန်းတော်နှစ်ပါး သရဇ္ဈာယ်တဲ့ အဘိဓမ္မာတရားကို နာကြားခဲ့ဖူးတယ်တဲ့၊ ဒါကြောင့် ယခုဘဝ ရဟန်းအဖြစ်ရောက်နေကြတဲ့ သူ့ တပည့်တွေဟာ အဘိဓမ္မာဟောဖို့ အသင့်လျော်ဆုံးဖြစ်နေတယ်၊ အဘိဓမ္မာတရား ဟောကြားရင် အသိလွယ်ဆုံး ပုဂ္ဂိုလ်တွေတဲ့၊ နားလည်လွယ်မယ့် ပုဂ္ဂိုလ်ထဲမှာ သူတို့က အကောင်းဆုံးတဲ့။

အခုဘုန်းကြီးတို့ဟောမယ့် အဘိဓမ္မာတရားကိုတော့ နားလည်မှာပါပဲ၊ ဒီမှာ နာကြားနေတာက လူတွေပဲ၊ လင်းနို့တွေထက်တော့ အပုံသာပါတယ်၊ အများ ကြီးသာပါတယ်၊ စိတ်ဝင်စားစရာ အင်မတန်ကောင်းတာပဲ၊ ဟောခဲ့တာဟာ အစဉ်အားဖြင့် ဘယ်ရောက်နေတုန်းဆိုတော့ ကုသိုလ်, အကုသိုလ်, အဗျာကတ သုံးပုဒ်တွင် ကုသလာဓမ္မာဆိုတဲ့ ကုသိုလ်တရားတွေ ပြီးသွားပြီ၊ အကုသလာ ဓမ္မာဆိုတဲ့ အကုသိုလ်တရားတွေလည်း ပြီးသွားပြီ၊ အဗျာကတာဓမ္မာ ဆိုတဲ့ပုဒ်၊ အဲဒီ အဗျာကတာ ဓမ္မာ ဆိုတာ ရောက်နေပြီ။

## ကုသိုလ် အကုသိုလ်လို့ မဆိုအပ်တဲ့တရား

အဗျာကတဆိုတာ ကုသိုလ်, အကုသိုလ်လို့ မဆိုအပ်တဲ့ တရား၊ ဒီတရားကို ကုသိုလ်လို့လည်း မဟောဘူး၊ အကုသိုလ်လို့လည်း မဟောဘူး၊ ကုသိုလ်,

အကုသိုလ် မဟုတ်တဲ့တရားကို အဗျာကတလို့ခေါ်တယ်၊ အဲဒီ အဗျာကတတရားက ၄–မျိုးရှိတယ်။

၁။ ဝိပါက် အဗျာကတက တစ်မျိုး၊ အဲဒါ ကုသိုလ်, အကုသိုလ်တို့ရဲ့ အကျိုးတွေ၊ အဲဒီ အကျိုးတွေကို ဝိပါက အဗျာကတလို့ ခေါ်တယ်။

၂။ ကြိယာအဗျာကတက တစ်မျိုး၊ အဲဒါက ကုသိုလ်, အကုသိုလ်လည်း မဟုတ်၊ အကျိုးဝိပါက်လည်း မဟုတ်၊ များသောအားဖြင့် ရဟန္တာ ပုဂ္ဂိုလ်တို့ သန္တာန်မှာ ဖြစ်တဲ့စိတ်, စေတသိက်တွေပဲ၊ အဲဒါကို ကြိယာအဗျာကတလို့ ခေါ်တယ်။

၃။ ရုပ်အဗျာကတက တစ်မျိုး၊ အဲဒါက ရုပ်တရားတွေပဲ၊ ရုပ်တွေကို ရုပ်အဗျာကတလို့ ခေါ်တယ်။

၄။ နိဗ္ဗာန်အဗျာကတက တစ်မျိုး၊ နိဗ္ဗာန်ကို နိဗ္ဗာန် အဗျာကတလို့ ခေါ်တယ်။

အဲဒီလို အဗျာကတ ၄–မျိုးရှိတယ်၊ အဲဒီ အဗျာကတ ၄–မျိုးထဲက ဝိပါက်အဗျာကတကို မော်လမြိုင်မသွားခင် တန်ခူးလပြည့်နေ့ကစပြီး ဟောခဲ့တယ်၊ ကတမေ ဓမ္မာ အဗျာကတာ–အဗျာကတာ၊ အဗျာကတ ဝါရားတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ဒီလို မေးပြီးတော့–

"ယသ္မိံ သမယေ၊ အကြင်အခါ၌၊ ကာမာဝစရဿ ကုသလဿ ကမ္မဿ၊ ကာမာဝစရကုသိုလ်ကံကို။ ကတတ္တာ၊ ပြုအပ်ပြီးသည် အဖြစ်ကြောင့်။ ဥပစိတတ္တာ၊ ဆည်းပူးအပ်ပြီးသည်၏အဖြစ်အကြောင့်။ ဝိပါကံ၊ ဝိပါက်ဖြစ်သော။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ဥပ္ပန္နံ ဟောတိ၊ ဖြစ်ပေါ်လာ၏"တဲ့၊ ဒီလို ဖြေကြား ထားတယ်။

ကုသိုလ်တရားတွေ ပြုထားခဲ့သလို ကုသိုလ်အကျိုးဖြစ်တဲ့ စက္ခုဝိညာဏ်ဖြစ်တယ် တဲ့၊ အကုသိုလ်ပြုထားတော့ အကုသိုလ်အကျိုးဖြစ်ရာ စက္ခုဝိညာဏ်ဖြစ်တယ်၊ စက္ခုဝိညာဏ်ချင်းတော့ အတူတူပါပဲ၊ ကုသိုလ်ကျိုးနဲ့ အကုသိုလ်ကျိုးသာထူးခြား တယ်၊ အာရုံက ဘာအာရုံလည်းဆိုတော့ "ရူပါရမ္မဏံ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတိ၊ ရူပါရမ္မဏံ၊ အဆင်းလျှင် အာရုံရှိသော။ စက္ခုဝိညာဏံ စက္ခုဝိညာဏ်

သည်။ ဥပ္ပန္နံ ဟောတိ၊ ဖြစ်ပေါ်လာ၏–တဲ့။ နှစ်မျိုးစလုံး ရှုပါရုံအဆင်းကို အာရုံပြုကြတယ်၊ ပြီးတော့ စက္ခုဝိညာဏ်ဖြစ်ပေါ်တဲ့အခါ ပါဝင်တဲ့ တရားတွေကို–

> တသ္မိံ သမယေ၊ ထိုအခါ၌။ ဖဿော ဟောတိ၊ ဖဿဖြစ်တယ်။ ဝေဒနာဟောတိ၊ ဝေဒနာဖြစ်တယ်။ သညာဟောတိ၊ သညာဖြစ်တယ်။ စေတနာ ဟောတိ၊ စေတနာဖြစ်တယ်။ စိတ္တံဟောတိ၊ စိတ်ဖြစ်တယ်–တဲ့။ ဒီလိုထုတ်ပြထားတယ်။

အဲဒါ ဖဿပဉ္စမတရားငါးပါး၊ သူတို့ကတော့ စိတ်ဖြစ်တိုင်းပါတာချည်းပဲ၊ ဒါကို ဒီနေရာမှာ ဆောင်ပုဒ်ဆိုရမှာပေါ့၊ ဆောင်ပုဒ်ကတိုတိုမဟုတ်ဘူး၊ ရှည်တယ်၊ ဒါက စက္ခုဝိညာဏ်စိတ်ဖြစ်ခိုက် ပါဝင်တဲ့တရားတွေကို အမည်ထုတ်ပြထားတာပဲ၊ အဲဒီတရားတွေက ဆယ်ပါးတဲ့၊ ဒီတရားဆယ်ပါးကို ကာမာဝစရကုသိုလ်စိတ် ဝေဖန်တုန်းက ပါခဲ့ပြီးသားတွေပဲ၊ ဖဿပဉ္စမတရားက ငါးပါးပဲ၊ ပြီးတော့ ဥပေက္ခာ, ဧကဂ္ဂတာ–တဲ့၊ ဥပေက္ခာကတော့ ဝေဒနာပါပဲ၊ ဝေဒနာသုံးမျိုးထဲက ဥပေက္ခာဝေဒနာတစ်မျိုးပေါ့၊ ရှေ့နားက ဝေဒနာဆိုတာ ဥပေက္ခာပဲ၊ အဲဒါဟာ ထပ်နေလို့ လက်သည်းကွင်းကလေးနဲ့ ကွင်းပြထားတယ်၊ ဧကဂ္ဂတာဆိုတာကလည်း သမာဓိပဲ၊ အဲဒါ ဈာနင်မျိုးထဲက တရားနှစ်ပါးဖြစ်တယ်၊ တရားကိုယ်အားဖြင့်တော့ တစ်ပါးတည်းရတယ်၊ ထပ်နေတယ်၊ ပြီးတော့ မန, ဥပေက္ခာဇီဝိတ–အဲဒီထဲက မန–ဆိုတာ စိတ်ပါပဲ၊ ဥပေက္ခာနဲ့အတူတူပဲ၊ ဣန္ဒြေထဲက မနိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ ဒီမှာ ဇီဝိတိန္ဒြေကတော့ အသက်ပဲ၊ အဲဒါ တစ်ပါး၊ ဣန္ဒြေသုံးပါးမှာ ထပ်နေတယ်၊ မနိန္ဒြေနဲ့ ဥပေက္ခိန္ဒြေနှစ်ပါးနှုတ်လိုက်တော့ ဇီဝိတတစ်ပါး ကျန်တော့တယ်၊ ဒီဆယ်ပါးပဲ၊ တရားကိုယ်အားဖြင့်တော့ ၇–ပါးပဲရှိတယ်။

ယေဝါပနအရ ယောထားတာရှိသေးတယ်၊ ဒီပြင်လည်းပဲ အဲဒီအခါမှာ နာမ်တရားတွေဆိုတာ ရှိသေးတယ်၊ အကြောင်းကို့စွဲပြီးဖြစ်တဲ့ ပစ္စုပ္ပန်နာမ်တရားတွေ ဆိုတာပါပဲ၊ အဲဒါက ဘာတုန်းဆိုတော့ မနသိကာရ တစ်ပါးတဲ့၊ ဒါကြောင့် ယေဝါပနအရ မနသိကာရနဲ့တကွ ၈–ပါး၊ ဖြစ်တယ်တဲ့၊ ဒီ ၇–ပါး ၈–ပါး ပါပဲ၊ တရားကိုယ်အားဖြင့် ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်, ဧကဂ္ဂတာ, ဇီဝိတ, မနသိကာရ–ဆိုတဲ့ ဒီ ၈–ပါးပဲ ဖြစ်တယ်။

(တတိယအကြိမ်)

## ရှိရှိသေသေ သိမ်းထားရမယ်

မြင်သိတဲ့အခါမြင်တိုင်း မြင်တိုင်း ဒီစက္ခုဝိညာဏ်နဲ့ မြင်တာပဲ၊ အဲဒီ မြင်တယ်ဆိုတာဟာ အာရုံကိုသိလာပါပဲ၊ အဲဒီမြင်သိတာက စိတ်ပဲ၊ ကျန်တာတွေ ကိုတော့ စေတသိက်တွေလို့ခေါ်တယ်၊ စိတ်ကို နုတ်လိုက်ရင် ကျန်တာတွေအားလုံးက စေတသိက် ၇-ပါးပဲ၊ စိတ်ရောမှ ၈-ပါး ဖြစ်တယ်၊ အဲဒီ စေတသိက် ၇-ပါးကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ "သဗ္ဗစိတ္တသာဓာရဏ စေတသိက်"လို့ နာမည်ပေးထားတယ်၊ စိတ်တိုင်း စိတ်တိုင်းမှာ ပါဝင်တဲ့ စေတသိက်တွေတဲ့၊ ဘယ်စိတ်ပဲဖြစ်ဖြစ် ဒီ စေတသိက် ၇-ပါးက ပါဝင်တာချည်းပဲ၊ အခု စက္ခုဝိညာဏ်စိတ်က မြင်သိတယ်ဆိုတာလည်း သူတို့ပါဝင်တာပဲ၊ စေတသိက်ပါဝင်ရာမှာ ဒီစက္ခုဝိညာဏ်စိတ်ဟာ အနည်းဆုံးဖြစ်တယ်၊ သမ္ပဋိစ္ဆိုင်း သန္တီရဏစတဲ့ ဒီပြင်စိတ်တွေမှာ စေတသိက်တွေက ဒီထက် အားကောင်းတယ်၊ များတယ်၊ အဲဒါတွေကို တစ်နေ့က ဟောခဲ့ပြီးသားပဲ၊ အဲဒီတုန်းက စာရွက်လေးတွေ မရိုက်ရသေးဘူး၊ အခုတော့ စာရွက်ရိုက်ပြီးပြီ၊ အဲဒီ စာရွက်လေးတွေမပျောက်စေကြနဲ့၊ နောက်ထပ်လည်း ပေးစရာမရှိဘူး၊ စာရွက်လေးတွေကို ရှိရှိသေသေထားရမယ်၊ ဒီကနေ့ဟောရုံနဲ့ ဒီတရားက ပြီးမှာမဟုတ်သေးဘူး။

နောက်လကွယ်နေ့မှာ ဦးသုဓာတက ဟောမလား မဟောဘူးလား၊ မသိသေးဘူး သူမဟောရင် ဘုန်းကြီးက ဆက်ပြီးဟောရမယ်၊ သူဟောလို့ရှိရင်လည်း နယုန်လပြည့်နေ့ကျမှ ဘုန်းကြီးက တစ်ခါဆက်ပြီးဟောရမယ်၊ အဲဒီအခါကျတော့ လည်းစာရွက်လေးတွေ ပါဖို့လိုတယ်။

အခုပြောခဲ့တာဟာ ကတမေ ဓမ္မာအဗျာကတာအရ ဝိပါက် အဗျာကတ တရားတွေပဲ၊ စက္ခုဝိညာဏ်မြင်သိစိတ်ဆိုတာ ကုသိုလ်အကျိုးလည်းရှိတယ်၊ အကုသိုလ်အကျိုးလည်းရှိတယ်၊ အကုသိုလ်ပြုထားလို့ အကုသိုလ်က အကျိုးပေးတော့လည်း မြင်သိစိတ် ဖြစ်တာပဲ၊ အဲဒီမြင်သိစိတ်ကတော့ မကောင်းတာတွေကို မြင်ရတယ်၊ ကုသိုလ်ပြုထားလို့ မြင်သိစိတ်ဖြစ်တော့ ကောင်းတာတွေကို မြင်ရတယ်၊ ဒီအဓိပ္ပာယ်လောက်ကတော့ ပြောလို့ လွယ်ပါတယ်၊ မြင်သိစိတ် ဖြစ်တဲ့အခါ ဝီထိစိတ်ဖြစ်ပေါ်ပုံကိုတော့ တစ်နေ့က ဆောင်ပုဒ်တွေနဲ့အတူ

ပြောခဲ့ပြီးပါပြီ၊ အင်မတန် အသုံးကျတယ်၊ မှတ်သားထားဖို့ အင်မတန်ကောင်းတာပဲ၊ အဘိဓမ္မာသင်ကြားတဲ့ ပုဂ္ဂိုလ်တွေဟာ ဒါတွေကို သင်ရတယ်၊ ဒါပေမယ့်လို့ ပုဂ္ဂိုလ်တိုင်းတော့ နားမလည်ဘူး၊ လင်္ကာဆောင်ပုဒ်လေးနဲ့ဆိုရင် လွယ်ပါတယ်။

"ဘဝင်ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထို့ပြင် လက်ခံတုံ၊
စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ် တဒါရုံ၊
အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ်မှတ်ပါကုန်"တဲ့။

အဆင်းမြင်တဲ့အခါကာလ ဖြစ်တဲ့စိတ်အစဉ်ဟာ ဒါတွေပဲတဲ့၊ ဘဝင်စိတ်ဆိုတာ အိပ်ပျော်နေတဲ့ စိတ်မျိုးပဲ၊ သူက ပဋိသန္ဓေစိတ်နဲ့အတူတူပဲ၊ နိုးနေတဲ့ ဝီထိစိတ်ကလွဲရင် ဒီဘဝင်စိတ်ကတော့ တစ်ဘဝလုံးဖြစ်နေတယ်၊ ထပ်ခါထပ်ခါ ဖြစ်နေတယ်၊ အသက်မကုန်မချင်း ဖြစ်နေတာပဲ၊ အသက်တစ်ရာ ရှည်တယ်ဆိုရင် အသက်တစ်ရာ ကာလပတ်လုံး ထပ်ခါထပ်ခါဖြစ်နေတယ်၊ အဲ မြင်သိစိတ်လို ဝီထိစိတ်ဖြစ်တဲ့အခါမျိုးလောက်သာ သူက တန့်ရပ်ပေးတယ်၊ သူက ဘယ်အာရုံကို အာရုံပြုဖြစ်သလဲဆိုရင် ရှေးဘဝက သေခါနီးကာလမှာ စွဲလမ်းခဲ့တဲ့ အာရုံလေး ရှိတယ်၊ သေခါနီးကျရင် ဒီလိုပဲ အာရုံတစ်ခုခုကို စွဲလမ်းတယ်၊ ပြုထားတဲ့ ကုသိုလ်ရင်လည်း အာရုံပြုမိပြီး စွဲလမ်းတတ်တယ်၊ အဲဒါက ကံနိမိတ်လို့ခေါ်တယ်၊ ဒါမှမဟုတ် ကုသိုလ်ပြုခဲ့စဉ်က ကုသိုလ်ပြုပုံ အခြင်းအရာတွေ ဆင်ခြင်မိပြီး စွဲလမ်းတာမျိုးလည်းရှိတတ်တယ်၊ အဲဒါက ကမ္မနိမိတ်လို့ခေါ်တယ်၊ ဘယ်လိုလဲဆိုရင် အလှူပေးခဲ့ဖူးတယ်ဆိုပါတော့၊ အလှူခံပုဂ္ဂိုလ်တွေ၊ လှူဖွယ် ဝတ္ထုပစ္စည်းတွေ၊ လှူနေပုံ အခြင်းအရာနဲ့ လှူရာဌာနတွေကိုမြင်ပြီး စွဲလမ်းခြင်းမျိုးပေါ့၊ ပြီးတော့ အဲဒီကံကြောင့် ဖြစ်ရမယ့် ဘဝအခြေအနေတွေကိုလည်း မြင်လာပြီး စွဲလမ်းမိတာ မျိုးလည်း ရှိတယ်၊ အဲဒါကိုတော့ ဂတိနိမိတ်လို့ ခေါ်တယ်၊ အဲဒီသုံးမျိုးတို့တွင် တစ်မျိုးမျိုးကို ဒီဘက်ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေစိတ်ကလည်း အာရုံပြုတယ်၊ ဘဝင်စိတ်ကလည်း အာရုံပြုတယ်၊ ဓမ္မိကဥပါသကာကြီးဆိုရင် သေခါနီးကာလမှာ နတ်ပြည်ခြောက်ထပ်ရှိ နတ်တွေက နတ်ရထားတွေနဲ့လာကြိုပြီး ခေါ်ကြတာကို အဲဒီ ဥပါသကာကြီးက မြင်နေရသတဲ့၊ ဒီ ဝတ္ထုသာဓကကို ထင်ရှားအောင် ထုတ်ပြောရဦးမယ်။

(တတိယအကြိမ်)

## ဓမ္မိက ဥပါသကာဝတ္ထု

ဒီဝတ္ထုဟာ မြတ်စွာဘုရားလက်ထက်တော်က ဝတ္ထုပဲ၊ ဓမ္မပဒ ယမကဝဂ် မဟာဓမ္မိက ဥပါသကာဝတ္ထုမှာ ဖော်ပြထားပါတယ်၊ အဲဒီ မြတ်စွာဘုရား၏ လက်ထက်တော်တုန်းက သာဝတ္ထိပြည်မှာ ဓမ္မိက ဥပါသကာအမည်နဲ့ ဥပါသကာတွေ ငါးရာတောင် ရှိသတဲ့၊ အခြံအရံတွေကလည်း ဥပါသကာတစ်ယောက် တစ်ယောက်တွင် ငါးရာစီရှိတယ်လို့ဆိုတယ်၊ အဲဒီငါးရာတွင် အကြီးအမှူး ဦးစီးနာယကဖြစ်တဲ့ ဥပါသကာကြီးအမည်ကတော့ မဟာဓမ္မိက ဥပါသကာတဲ့၊ သူ့မှာ သား ၇-ယောက်၊ သမီး ၇-ယောက်၊ ပေါင်း သားသမီးတွေ ၁၄-ယောက်တောင် ရှိသတဲ့။

သူတို့ တစ်ဦးးတစ်ဦးမှာ ဆိုရင်လည်း ပြုတဲ့ဝတ်တွေ အသီးသီးရှိနေကြတယ်၊ အဲဒီ ဝတ်တွေက နံနက်အခါမှာ စာရေးတံ ယာဂုဝတ်၊ နေ့ဆွမ်းအတွက် စာရေးတံ ဆွမ်းဝတ်၊ လဆန်းပက္ခ လဆုတ်ပက္ခတို့၌ လှူဒါန်းတဲ့ ပက္ခိက ဆွမ်းဝတ်၊ လိုသလို ပင့်ဖိတ်လှူဒါန်းတဲ့ နိမန္တနဆွမ်းဝတ်၊ ဥပုသ်နေ့များ၌ လှူတဲ့ ဥပေါသထဆွမ်းဝတ်၊ အာဂန္တုတွေရောက်လာတဲ့အခါ လှူတဲ့ အာဂန္တုက ဆွမ်းဝတ်၊ သံဃာအားလှူတဲ့ သံဃိက ဆွမ်းဝတ်၊ ဒီလို ပြုစုလှူဒါန်းနေတဲ့ ဝတ်တွေ ရှိကြသတဲ့၊ ဒီပြင် လိုသလိုပြုတဲ့ အခြားကောင်းမှုတွေဆိုတာလည်း ပြုကြမှာပဲ။

ဥပါသကာဆိုတာ ရတနာသုံးပါးကို ဆည်းကပ်တဲ့ ပုဂ္ဂိုလ်တဲ့၊ ရတနာသုံးပါးကို ဆည်းကပ်ရင်လည်း ရတနာသုံးပါးကို မယုံကြည်ဘဲ မဆည်းကပ်ဘူးပေါ့၊ ရတနာသုံးပါး ဂုဏ်တွေကို ယုံကြည်သက်ဝင်လို့လည်း ဒီဂုဏ်တွေကို သိတန်သလောက်သိလို့ ဆည်းကပ်တာပဲ၊ ဒီတော့ ရတနာသုံးပါးနဲ့ ထိုက်တန်တဲ့ ကောင်းမှုကုသိုလ်တွေကို မပြုဘဲ မနေနိုင်ဘူး၊ မပြုဘဲ မနေနိုင်ဘူး၊ ဒီလိုပြုတဲ့ အခါမှာလည်း မိမိပြုသလောက် မိမိအတွက် ထိုက်တန်တဲ့ အကျိုးတွေကို ရလိမ့်မယ်ဆိုတာလည်း ယုံကြည်ကြတယ်၊ ဒါကြောင့်လည်း ပစ္စည်းရောလူပါ အကုန်အကျ အဆင်းအရဲခံပြီး ဆည်းကပ်ကြတယ်၊ ကိုးကွယ်အားထားကြတယ်၊ အခု ဒီမှာ အဲဒီ ဥပါသကာ ငါးရာတွေလည်း ရတနာသုံးပါး

ဂုဏ်ကျေးဇူးနဲ့ ဒီလိုအကျိုးတွေကိုသိလို့ ရတနာသုံးပါးကို ဆည်းကပ်တဲ့ ဥပါသကာတွေ ဖြစ်နေကြတာပါပဲ။

အဋ္ဌကထာက သူတို့တစ်တွေဟာ ဇနီး၊ သားသမီးတွေ အားလုံး သီလနဲ့ ပြည့်စုံကြပြီး ကလျာဏဓမ္မ-ကောင်းတဲ့သဘောလည်း ရှိကြတယ်၊ သံဝိဘာဂရတာ-ခွဲခြမ်း လှူဒါန်းခြင်း၌လည်း အလေ့ရှိကြတယ်တဲ့၊ သူတို့ ပြုနိုင်သမျှ ကောင်းမှုကုသိုလ်မှန်သမျှကို ပြုလုပ်အားထုတ်ကြတယ်ပေါ့။

## နတ်ရထားခြောက်စီး ဆိုက်လာတယ်

တစ်နေ့တော့ မဟာဓမ္မိက ဥပါသကာကြီးမှာ ရောဂါကပ်ရောက်လာသတဲ့၊ ဒါနဲ့ မြတ်စွာဘုရား ဟောကြားထားတဲ့ တရားတော်ကို နာကြားလိုတဲ့ စိတ် ဖြစ်လာလို့ မြတ်စွာဘုရားထံ ရဟန်းတော် ၈-ပါးပဲ ဖြစ်ဖြစ်၊ တစ်ဆယ့် ခြောက်ပါးပဲဖြစ်ဖြစ် တပည့်တော် ဖူးမြော်လိုပါတယ်၊ ပို့လွှတ်တော်မူပါဘုရားလို့ လျှောက်ထားခိုင်းလိုက်တယ်၊ ဒီတော့ မြတ်စွာဘုရားက ဥပါသကာကြီးအလိုအတိုင်း သင့်လျော်တဲ့ ရဟန်းတော်များကို ဥပါသကာကြီးဆီ ပို့လွှတ်တော်မူပါတယ်၊ ဒီတော့ ရဟန်းတော်တွေ ကြွရောက်လာပြီး ရောဂါသည် ဥပါသကာကြီးကို ဝိုင်းထိုင်တော်မူကြတယ်၊ ရဟန်းတော်တွေက သူတို့က ဒီလိုဝိုင်းပြီး နေရာတွေ ခင်းထားနှင့်ကြတာကိုး၊ ဒါနဲ့ ရဟန်းတော်တွေက သူတို့ခင်းထားတဲ့ နေရာမှာ ထိုင်တော်မူကြတာဖြစ်တယ်၊ ဒီတော့ ဥပါသကာကြီးက-

"အရှင်ဘုရားတို့အား ဖူးမြော်ရန် နောက်ကာလမှာ ခဲယဉ်းပါလိမ့်မယ်၊ တပည့်တော် အင်မတန် အားနည်းနေပါပြီ၊ သုတ်တစ်သုတ်ကို ရွတ်ဆိုဟော ကြားတော်မူကြပါဘုရား၊ တပည့်တော် နာလိုပါတယ်" လို့ ရဟန်းတော်များကို လျှောက်ထားတယ်၊ ဒီတော့ ရဟန်းတော်တို့က-

"အဘယ်မည်တဲ့သုတ်ကို နာလိုပါသလဲ ဥပါသကာ"လို့ မေးကြတယ်။

"မြတ်စွာဘုရားတိုင်း စွန့်လွှတ်တော် မမူကြတဲ့ သတိပဋ္ဌာန် သုတ္တန်ကို ဟောကြားတော်မူကြပါဘုရား"လို့ လျှောက်ထားပြန်ကြားကြတယ်။

ဒီတော့မှ ရဟန်းတော်တွေက "ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တါနံ ဝိသုဒ္ဓိယာ အစရှိတဲ့ သတိပဋ္ဌာန်သုတ္တန်ဒေသနာတော်ကို ရွတ်ဆိုဟော

ကြားတော်မူကြပါတယ်၊ အဲဒီလို မဟာသတိပဋ္ဌာန် သုတ္တန်ဒေသနာတော်ကို ဟောကြားနေတော်မူ ကြစဉ်မှာပင် နတ်ပြည်ခြောက်ထပ်က နတ်ရထားခြောက်စီး ဆိုက်ရောက်လာသတဲ့၊ အဲဒါဟာ ဥပါသကာကြီးပြုခဲ့တဲ့ ကောင်းမှုကုသိုလ်ရဲ့ စွမ်းအင်ပါပဲ၊ ဒီစွမ်းအင်တွေကြောင့် ဒီလိုရောက်လာကြရတာ၊ အင်မတန် အံ့ဖွယ်ကောင်းပါတယ်၊ အဲဒီ နတ်ရထားတွေမှာ လှပတင့်တယ်နေအောင် အပြိုင်အဆိုင် တန်ဆာဆင်ထားပြီး သိန္ဓောမြင်းတစ်ထောင် ကလာကြတာတဲ့၊ နတ်သားလောင်း ဥပါသကာကြီး လိုက်ပါလာချင်လောက်အောင်ပေါ့၊ သူတို့က လှတယ်ထင်သလို အစွမ်းကုန် တန်ဆာဆင်လာကြမှာပဲ။

## လုပြီး ခေါ်ကြတယ်

သူတို့နတ်ပြည်တွင် နတ်သားတစ်ယောက် တိုးလာမယ်ဆိုရင် နတ်တွေက ဝမ်းသာကြသတဲ့၊ ဒီ မဟာဓမ္မိက ဥပါသကာကြီးကတော့ နတ်ပြည်မှာ ဖြစ်တော့မှာပဲဆိုတာ သူပြုလာခဲ့တဲ့ ကောင်းမှုတွေကို မြင်နေကြရလို့ နတ်ပြည် ခြောက်ထပ်ရှိ နတ်တွေကသိနေကြလို့ မသေခင် စောစောစီးစီး သေတော့ သူတို့နတ်ပြည်မှာဖြစ်အောင် မဲဆွယ်သလို မဲဆွယ်နေကြတာပါပဲ၊ နတ်အသီးသီးကပဲ သူတို့နတ်ပြည်ကို ဖြစ်စေလိုကြတယ်၊ ဒါကြောင့် နတ်ရထားခြောက်စီးပေါ်မှာ ရှိနေတဲ့ နတ်တွေက–

"ငါတို့နတ်ပြည်ကို ဆောင်ယူမယ်၊ ငါတို့ နတ်ပြည်ကို ဆောင်ယူမယ်" ဆိုပြီး အလုအယက် ပြောဆိုနေကြတယ်၊ ပြီးတော့လည်း–

"အို ဥပါသကာကြီး၊ ကျွန်ုပ်တို့နတ်ပြည်က အင်မတန်မွေ့လျော် ပျော်စရာ ကောင်းပါတယ်၊ အခု ဒီရထားပေါ် တက်တော်မူပါ။ အို–ဥပါသကာကြီး၊ ကျွန်ုပ်တို့နတ်ပြည်က အင်မတန်မွေ့လျော် ပျော်စရာကောင်းလှပါတယ်၊ ဒီရထားပေါ် တက်တော်မူပါ"လို့ သူ့ရထားပေါ်တက်ဖို့ ငါ့ရထားပေါ်တက်ဖို့ အတင်းလုယက်ပြီး ခေါ်နေကြသတဲ့။

သူတို့က ဒီလိုအလုအယက် ခေါ်နေကြတာဖြစ်တော့ တရားနာပျက်တော့မှာပဲ ဆိုပြီး "ဆိုင်းငံ့ကြပါဦး–ဆိုင်းငံ့ကြပါဦး"လို့ ဥပါသကာကြီးက တောင်းပန်တယ်၊

ဒီတော့ ရဟန်းတော်တွေက သူတို့ရွတ်ဆိုဟောကြားနေတာကို ပြောတယ်ထင်ပြီး ရွတ်ဆိုနေကြရာက ရပ်လိုက်ကြသတဲ့၊ ဒီတော့ ဥပါသကာကြီးရဲ့သားတွေ သမီးတွေက "တို့ဖခင်ဟာ အရင်တုန်းကဆိုရင် တရားနာရာမှာ တင်းတိမ်ရောင့်ရဲတယ်လို့မရှိဘူး၊ အခုတော့ ရဟန်းတော်တွေကိုပင့်ပြီး ရွတ်ဖတ်တဲ့တရားကို နာကြားနေရာက ကိုယ်တိုင်တားမြစ်တယ်၊ သေရမှာမကြောက်တဲ့ သတ္တဝါရယ်လို့ မရှိဘူး"ဆိုပြီး သူတို့ဖခင် သေတော့မယ်ထင်လို့ ငိုကြွေးကြတော့တယ်၊ ရဟန်းတော်တွေကလည်း "အခုငါတို့ အခွင့်မရှိတော့ဘူး" ဆိုပြီး ထပြန်သွားကြရောတဲ့၊ ခဏကြာတော့ ဥပါသကာကြီးက သူ့သားသမီးတွေကို ဘာပြုလို့ငိုကြွေးကြတာလဲ"လို့ မေးတယ်၊ ဒီတော့ သားတွေသမီးတွေက "သေမှာကို ဘယ်သူမဆို ကြောက်ကြတယ်ဆိုပြီး ငိုကြွေးကြပါတယ်လို့ ပြောကြတယ်၊ ပြီးတော့ "ဖခင်ကိုယ်တိုင် တရားရွတ်ဆိုနေကြတဲ့ ရဟန်းတော်တွေကို မတားမြစ်စဖူး တားမြစ်တာကိုး"လို့ပြောတော့ "ဟဲ့,ငါက ရဟန်းတော်တွေကို ပြောတာ မဟုတ်ဘူး"လို့ ပြောတယ်၊ ဒါဖြင့် "ဖခင်က ဘယ်သူ့နဲ့ ဘယ်သူ့ကိုပြောတာပါလဲ"လို့ မေးတော့ ငါက နတ်ပြည်က နတ်ရထားတွေနဲ့လာနေတဲ့ နတ်တွေကိုပြောတာ၊ သူတို့က သူ့ရထားလိုက်ပါ၊ ငါ့ရထားလိုက်ပါနဲ့ လုယက်ခေါ်ငင်နေကြလို့ တရားနာယူမှာနှိုးသောကြောင့် သူတို့ကို နေကြပါဦးလို့ တားမြစ်တာပဲ"လို့ ပြောတော့ "နတ်ရထားတွေဆိုတာ ဘယ်မှာလဲ ကျွန်ုပ်တို့ မမြင်ရပါကလား"လို့ မေးကြတယ်၊ ဒီတော့ ဖခင်ဖြစ်သူက "ပန်းကုံးရှိရင် ငါ့ကိုပေးကြပါ"လို့ ဆိုတာနဲ့ သားသမီးတွေက ပန်းကုံးတစ်ကုံးကို ဥပါသကာ ကြီးလက်ထဲကို ထည့်ပေးလိုက်တယ်၊ ပန်းကုံးကလေးကိုရတော့ "နတ်ပြည် ခြောက်ထပ်ရှိတာ ဘယ်နတ်ပြည်အကောင်းဆုံးလဲ"လို့ မေးပါတယ်၊ အနီးမှာရှိနေတဲ့ လူတွေက "တုသိတာနတ်ပြည်ဟာ ကောင်းတယ်လို့ ကြားဖူးတာပဲ"လို့ပြောတော့ "အေး ဒါဖြင့်ရင် အဲဒီ တုသိတာနတ်ပြည်က နတ်ရထားကို ချိတ်ပါစေ"လို့ အဓိဋ္ဌာန်ပြီး ပန်းကုံးလေးကို မြှောက်လိုက်သတဲ့၊ ဒီတော့ ပန်းကုံးလေးဟာ တုသိတာနတ်ပြည်က နတ်ရထားစွန်းမှာ တန်းလန်းလေးချိတ်နေသတဲ့၊ ဒီပြင်လူတွေဟာ တွဲလောင်းဖြစ်နေတဲ့ ပန်းကုံးလေးကို မြင်နေကြရတယ်၊ ဒါပေမယ့်လို့ နတ်ရထားကိုတော့ မမြင်ကြရဘူးတဲ့။

(တတိယအကြိမ်)

အဲဒီပန်းကုံးကိုမြင်ကြရဲ့လား၊ အဲဒါ တုသိတာနတ်ပြည်က နတ်ရထားမှာ ချိတ်နေတာ၊ အဲဒါပဲ၊ ငါသွားမယ်၊ နင်တို့လည်းပဲ နတ်ပြည်ရောက်ချင်လို့ရှိရင် ငါ့လိုပဲ ကုသိုလ်ကောင်းမှုတွေပြုရစ်ကြ”လို့ မှာထားပြီးတော့ သူဟာ ဘဝတစ်ပါး ပြောင်းသွားရောတဲ့၊ ပြောင်းသွားတဲ့အခါမှာ တုသိတာ နတ်ပြည်ကို ရောက်သွားတာပဲ၊ အဲဒါ သေခါနီးမှာ ဂတိနိမိတ်ထင်တာ၊ လားရာဘဝက နတ်ရထားတွေ သူ့မှာထင်လာ မြင်လာရတယ်။

## ချက်ခြောက်ကာလမှာလည်း ရှိတာပဲ

အခုပြောခဲ့တာတွေက ဓမ္မပဒ မဟာဓမ္မိက ဥပါသကာဝတ္ထုမှာလာတဲ့ သာဓကပဲ၊ အခုမျက်မှောက်ကာလမှာ ကြားသိရတဲ့ သာဓကဝတ္ထုတစ်ခုလည်း ရှိသေးတယ်၊ အဲဒါကတော့ တစ်ဆင့်ကြားပေါ့လေ၊ ဦးတိဿက ပြောဖူးတယ်၊ သူတို့ ဝက်လက်တောင်ဘက်နားက ခေါဘောရွာမှာတဲ့၊ ဘိုးအောင်ကျော်ဆိုတဲ့ ဒကာကြီးက မဟာဓမ္မိက ဥပါသကာလိုပဲ သူသေခါနီးမှာ နတ်ရထားတွေ ဆိုက်ရောက်လာသတဲ့၊ သူဟာ သူ့လယ်ကွက်ထဲ သူများနွားက ဝင်စားလည်း တရားစွဲခြင်း ဘာခြင်းမရှိဘဲ စားနေတဲ့နွားကို ဒီလိုကြည့်နေတာပဲလို့ဆိုတယ်၊ စားလွန်းမကစားရင်သာ “ကိုင်း မင်းတို့ ဒီလောက်စားရရင် တော်ကြဦး၊ တို့စားဖို့ကလည်း ရှိသေးတယ်”ဆိုပြီး အဲဒီတော့မှ မောင်းပြီး နွားတွေကို ထုတ်လိုက်သတဲ့၊ ပင်ကိုပဋိသန္ဓေစိတ်ကိုယ်က ကောင်းပုံပေါ်ပါတယ်၊ သူ့ဇနီး စုန်းအတတ် တတ်နေမှန်းသိလို့လည်း “မင်းအတတ်ဟာ မကောင်းပါဘူး၊ ဘုရားကိုလှူလိုက်ပါ”လို့ ပြောသတဲ့၊ အဲ သူ့ဇနီးက အဖွားမိန်းတဲ့၊ သူကလည်း သူ့ခင်ပွန်းရဲ့ တိုက်တွန်းတဲ့အတိုင်း “ငါဟာ စုန်းအတတ်ကို တတ်ပါတယ်၊ ဒါပေမယ့် ဘယ်သူ့ကိုမှ မပြုစားဖူးပါဘူး၊ ဒီအတတ်ကို ဘုရားအားလှူပါတယ်၊ နောက်လည်း ဘယ်သူ့ကိုမှ မပြုစားပါဘူးလို့ ရွာရှိလူတွေကို ဖိတ်မန္တက ပြုပြီး. သူတို့မျက်မှောက်မှာပဲ သူ့အတတ်ကိုသူ ဘုရားအား လှူလိုက်သတဲ့၊ သူတို့နှစ်ဦးစလုံး အဲဒီလောက် စိတ်ကောင်းရှိကြတယ်တဲ့၊ ဦးတိဿက ချီးကျူး လိုက်သေးတယ်၊ အဲ အဲဒီ ဘိုးအောင်ကျော် သေခါနီးမှာလည်း ဂတိနိမိတ်အနေနဲ့ နတ်ရထားတွေ ဆိုက်ရောက်လာတာကို သူတွေ့မြင်နေရသတဲ့၊ နတ်ရထားတွေ

ဆိုက်ရောက်နေတယ်လို့ သူကပြောတော့ အနားကလူတွေက ဂယောင်ချောက်ချား ပြောတာပဲဆိုပြီး မယုံကြည်ဘူးပေါ့လေ၊ ဒီတော့ သူက "မင်းတို့မယုံရင် ငါစိပ်တဲ့ စိပ်ပုတီးပေးပါ" လို့ တောင်းပြီး အမိဋ္ဌာန်နဲ့လှမ်းပြီး ပုတီးကုံးလေးကို နတ်ရထားမှာ ချိတ်လိုက်တာ တန်းလန်းလေး နတ်ရထားမှာ ချိတ်နေတာကို မြင်ကြရသတဲ့၊ ရထားကိုတော့ ဘေးလူတွေက မမြင်ကြဘူးတဲ့၊ အဲဒါကတော့ မျက်မှောက်ကာလ မကြာမီကမှ ဖြစ်ဖူးတဲ့ သာဓကပဲ။

အဲဒီလို ဖြစ်ရမယ့် ဘဝအခြေအနေ နိမိတ်တွေဟာ ဂတိနိမိတ်တွေပါပဲ၊ ကံရယ်, ကမ္မနိမိတ်ရယ်, ဂတိနိမိတ်ရယ် ဒီသုံးခုထဲက တစ်ခုခုထင်လာပြီး သေတော့ ကုသိုလ်ကံအစွမ်းနဲ့ဆိုရင် လူ့ဘဝ, နတ်ဘဝတွေမှာ လူရယ်, နတ်ရယ်လို့ ဖြစ်လာကြရတာပဲ။

## ဖြစ်ရိုးဖြစ်စဉ်

ဒီလို ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ် တစ်ခုခုစွဲပြီးတော့ ရှေးဦးစွာ ပဋိသန္ဓေ ဆိုတဲ့ စိတ်လေးဖြစ်တယ်၊ ပြီးတော့ အဲဒီပဋိသန္ဓေစိတ်လေးနဲ့တူတဲ့ ဘဝင်စိတ်ဆိုတာတွေ ဆက်လက်ပြီးဖြစ်နေတယ်၊ အဲဒါကတော့ ဝီထိစိတ် မဖြစ်ဘူးဆိုရင် တစ်ဘဝလုံး မသေမချင်း သူကဖြစ်နေတာ၊ နောက်ဆုံးစိတ်ကျတော့ လည်း သူပဲ၊ ဒါပေမယ့် အဲဒီနောက်ဆုံးဖြစ်တဲ့ ဘဝင်စိတ်ကို စုတိလို့ခေါ်တယ်၊ အလယ်ပိုင်းဖြစ်သမျှ ဘဝင်ဆိုတာ ဘဝရဲ့ အစိတ်အပိုင်းတဲ့၊ အဲဒီ ပဋိသန္ဓေ, ဘဝင်, စုတိ သုံးမျိုးဟာ အခေါ်သာကွဲပြီး စိတ်ချင်းကတော့ အတူတူ၊ ဒီစိတ် ဒီစိတ်ချည်းပဲ၊ အဲဒီလိုဖြစ်နေရာက မြင်သိစိတ်လေး ဖြစ်တော့မယ်ဆိုတော့ စောစောကပြောခဲ့တဲ့အတိုင်း ရူပါရုံအဆင်းရုပ်က စက္ခုပသာဒမှာ ထင်လာတာဖြစ်လို့ အဲဒါကို အာရုံပြုပြီး ဆင်ခြင်တဲ့စိတ်နဲ့ မြင်သိစိတ်လေးဖြစ်လာတယ်၊ ပြီးတော့ လက်ခံတဲ့စိတ်၊ စုံစမ်းတဲ့စိတ်၊ ဆုံးဖြတ်တဲ့စိတ်၊ အဲဒါက တစ်ကြိမ်စီဖြစ်တယ်၊ ပြီးတော့ လောဘ, ဒေါသ, မောဟ စောတွေက ထိုက်သင့်သလို ၇-ကြိမ်တဲ့၊ ပြီးတော့ တဒါရုံ ၂-ကြိမ်ဖြစ်လာတယ်၊ အဲဒီလောက်ကျတော့မှ မြင်သိစိတ်အစဉ်လေးတစ်ခု ပြီးသွားပါတယ်၊ အဲဒီ

စိတ်အစဉ်လေးကို တစ်ခုစီပေါင်းကြည့်လိုက်ရင် ၁၄–ကြိမ်ရှိတဲ့ မြင်သိစိတ်အစဉ်လေးတဲ့။ အဲဒါ ဖြစ်ရိုးဖြစ်စဉ်ပါပဲတဲ့။

"အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ် မှတ်ပါကုန်"

အဆင်းကို မြင်တဲ့အခါကာလမှာ ဒီစိတ်တွေဟာ ဖြစ်ရိုးပဲတဲ့၊ လူတိုင်းလူတိုင်း၊ နတ်တိုင်း နတ်တိုင်း ဖြစ်ရိုးဖြစ်စဉ်ပဲ၊ တိရစ္ဆာန်တွေလည်း ဒီအတိုင်းပဲ၊ မျက်စိရှိတဲ့ ပုဂ္ဂိုလ်တိုင်း မြင်တဲ့အခါကာလမှာ ဒီအတိုင်းချည်းပဲ၊ ပုထုဇဉ်ပဲဖြစ်ဖြစ်၊ အရိယာ ဘုရားရဟန္တာပဲဖြစ်ဖြစ် ဒီအတိုင်းဖြစ်တာပဲတဲ့၊ ဘယ်သူမှမထူးဘူး၊ အတူတူ ဒီလို မြင်တာချည်းပဲ။

ဇောကျတော့ ကွဲသွားတယ်၊ အချို့ လောဘဇောတွေ ဖြစ်တာလည်းရှိတယ်၊ အချို့ ဒေါသဇောတွေ၊ အချို့မောဟဇောတွေ ဖြစ်တယ်၊ ဘုရား,ရဟန္တာများမှာ ကုသိုလ်, အကုသိုလ်ဇောတွေ မဖြစ်ဘူး၊ ကြိယာဇောတွေသာ ဖြစ်တယ်၊ အနာဂါမ်တွေမှာ ကာမဂုဏ်နဲ့စပ်တဲ့ ဇောတို့၊ ဒေါသဇောတို့ ဆိုတာတွေ မဖြစ်ဘူး၊ သကဒါဂါမ်နဲ့ သောတာပန် များမှာတော့ အပါယ်လေးပါးကျလောက်တဲ့ အကြမ်းစား လောဘ, ဒေါသ, မောဟဇောတွေမဖြစ်ဘူး၊ အဲဒါတွေ သက်သာတယ်၊ ဇောမှာ ဒီလောက်သာကွာတယ်၊ ဒီပြင် မြင်သိစိတ်စဉ်တွေမှာ အကုန်လုံးအတူတူပါပဲ၊ "နှစ်ရပ် တဒါရုံ" ဆိုတာတွေလည်း အတူတူပဲ၊ ဒါလေးတွေကို ဟိုတစ်နေ့က ဆိုပြီးသားပါပဲ၊ စာရွက်ကလေးနဲ့ဆိုတော့ လွယ်ပါတယ်၊ ထပ်ဆိုကြဦးစို့။

"ဘဝင် ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထိုပြင် လက်ခံတုံ"
"စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ် တဒါရုံ"
(ဆို ၃–ခေါက်)

ဒါတွေ စောစောက ပြောခဲ့ပြီးပြီ။

အသံကြားတဲ့အခါ, အနံ့ နံတဲ့အခါ, အရသာ စားတဲ့အခါ, အတွေ့အထိတွေ့ထိတဲ့အခါဟွေမှာလည်း စိတ်စဉ်အရေအတွက်ကတော့ ဒီ ၁၄–ခုပဲ၊ ဒါက အပြည့်အစုံဖြစ်တဲ့ အခါသာ ပြောတာ၊ အာရုံက အားနည်းတဲ့အခါကျတော့ တဒါရုံတိုင်အောင်မရောက်ဘဲ တဒါရုံမပါတော့ဘူး၊ ဒီထက် အားနည်းသွားပြန်တော့

ဇောတောင် မကျတော့ဘူး၊ ဆုံးဖြတ်တဲ့စိတ်က မဆုံးဖြတ်နိုင်ဘဲနဲ့ အဲဒီတင်ပဲ ဝေ့လည်လည်ဖြစ်ပြီး ၂-ကြိမ်၊ ၃-ကြိမ်နဲ့ပဲ ဘဝင်စိတ်တွေ ဖြစ်သွားတယ်၊ ဒီတော့ ဝီထိစိတ်အစဉ်ဟာ ၇-ကြိမ်ပဲ ဖြစ်တော့တယ်၊ ၁၄-ကြိမ်အထိ မဖြစ်တော့ဘူး၊ ဒီလောက်သာဖြစ်တဲ့ စိတ်အစဉ်တွေလည်း ရှိသေးတာပဲ။

**ဝီထိစိတ်တွေနဲ့စပ်ပြီး လင်္ကာလေးတွေကိုတော့ မြင်ရင် မြင်တာအလိုက်, ကြားရင် ကြားတာအလိုက် ပြင်ဆိုရတယ်၊ ကိုင်း ဆိုကြဦးစို့။**

"ဘဝင်ဆင်ခြင်၊ ကြားပြီးလျှင်၊ ထို့ပြင် လက်ခံတုံ"
ဘဝင်ဆင်ခြင်၊ နံ့ပြီးလျှင်၊ ထို့ပြင် လက်ခံတုံ။
ဘဝင်ဆင်ခြင်၊ စားပြီးလျှင်၊ ထို့ပြင် လက်ခံတုံ။
ဘဝင်ဆင်ခြင်၊ တွေ့ပြီးလျှင်၊ ထို့ပြင် လက်ခံတုံ။
စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ် တဒါရုံ။ (ဆို)
ကြား၊ နံ့၊ စား၊ သိ၊ မြင်တူ၏၊ မှတ်သိ စိတ်ဖြစ်ပုံ။ (ဆို)

အခိပ္ပါယ် ပြောခဲ့ပြီးသားဆိုတော့ လင်္ကာလေးတွေအတွက် သိလွယ်ပါတယ်၊ အဲဒါ ပဉ္စဒွါရငါးဝီထိ စုံသွားပြီ၊ ဒီစိတ်အစဉ်လေးတွေကို ငါးဒွါရမှာဖြစ်တဲ့ ဝီထိတွေမို့လို့ ပဉ္စဒွါရဝီထိလို့လည်းခေါ်တယ်၊ ဝိညာဏ်ငါးပါးကို စွဲပြီးတော့ ပဉ္စဝိညာဏ်ဝီထိလို့လည်း ခေါ်ပါတယ်၊ ဒီစိတ်အစဉ်တွေဟာ ဖြစ်ရိုးဖြစ်စဉ်တွေကို မကျော်မလွန်ဘဲ ဖြစ်နေကြတာကြောင့် ဝီထိ(လမ်းခရီးနဲ့) တူတယ်တဲ့၊ ဝီထိဆိုတာ ခရီးလမ်းကိုဆိုတဲ့ ပါဠိစကားပဲ၊ ခရီးဆိုတာဟာလည်း ဟိုရွာကဒီရွာ, ဟိုမြို့ကဒီမြို့ သူ့အစဉ်အတိုင်းရှိနေတယ်၊ အဲဒီ ခရီးလမ်းကြီးဟာ ဘယ်ကိုမှ မကျော်မလွန်ဘဲ အစဉ်အတိုင်း ရှိနေဖြစ်နေတယ်၊ အဲဒီလိုပဲတဲ့၊ စိတ်တွေဆိုတာလည်း ဖြစ်ရိုးဖြစ်စဉ် သူ့အစဉ်အတိုင်း ဖြစ်နေကြတယ်တဲ့၊ ဒါကြောင့်မို့လို့ "ဝိယန္တိ ဂစ္ဆန္တိ ဧတာယာတိ ဝီထိ"ဧတာယ၊ ဤလမ်းခရီးဖြင့်။ ဂတဗ္ဗကာ၊ ခရီးသွားတို့သည်။ ဝိယန္တိ-ဂစ္ဆန္တိ၊ အစဉ်ကိုမလွန်ဘဲ သွားကြကုန်၏။ ဣတိ၊ ထို့ကြောင့်။ သာ၊ ထိုခရီးလမ်းသည်။ ဝီထိ၊ ဝီထိမည်၏တဲ့၊ အစဉ်အတိုင်း သွားကြောင်းဖြစ်လို့ ခရီးလမ်းလို့ဆိုထားတယ်၊ အဲဒါ ပါဠိလို ဝီထိတဲ့၊ ပြီးတော့မှ တစ်ဖန် "ဝီထိ ဝိယာတိ ဝီထိ" လို့ ဥပမာ ထဒ္ဓိတ်ထပ်ဆင့်ထားတယ်၊ ခရီးလမ်းနဲ့တူတဲ့စိတ်အစဉ်တဲ့၊ ဒါကြောင့် စိတ်အစဉ်ကိုလည်း ဝီထိလို့ ဆိုထားတာပါပဲ။

## မြင်ကာမျှ စသည်ဖြစ်ပုံ

ဝိပဿနာရှုမှတ်တဲ့အခါ ဝိပဿနာဉာဏ် အင်မတန်ကောင်းနေတဲ့အခါမျိုး ဘင်္ဂဉာဏ်တို့၊ သင်္ခါရုပေက္ခာဉာဏ်တို့ ရောက်နေတဲ့အခါမျိုးမှာဆိုရင် ဆုံးဖြတ်တဲ့ ဝုဋ္ဌောဆိုတာ မဆုံးဖြတ်နိုင်ဘဲနဲ့ ဝေ့လည်ဝေ့လည်ဖြစ်ပြီး ဒီတင်ပဲ ရပ်သွားတယ်၊ ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်ရယ်လို့ မပေါ်လာတော့ဘူး၊ ချစ်စရာ မုန်းစရာ ရယ်လို့လည်း မပေါ်လာတော့ဘူး၊ သဘောတရားလေးမျှပဲ ပေါ်လာတော့တယ်၊ မြင်ရင် မြင်ကာမျှ, ကြားရင် ကြားကာမျှ, နံရင် နံကာမျှ, စားသိရင် စားသိကာမျှ, တွေ့ထိရင် တွေ့ထိကာမျှပဲ၊ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ"ဆိုတာ အဲဒီမှာဖြစ်တာပဲ၊ ဒီလိုဖြစ်အောင် မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, တွေ့ထိတိုင်း အကုန်လိုက်ပြီး ရှုနေရတာ။

အခု စပြီးရှုကာစမှာတော့ မြင်ရင် မြင်တယ်လို့ ရှုပေမယ့် မြင်ကာမျှတင် မရပ်သေးဘူး၊ အကုန်လုံးလျှောက်ပြီး သိနေသေးတာပဲ၊ ပုဂ္ဂိုလ်ပဲ၊ သတ္တဝါပဲ၊ ယောက်ျားပဲ၊ မိန်းမပဲ ဒီလိုလျှောက်ပြီး သိနေသေးတာပဲ၊ အဲ-ဘင်္ဂဉာဏ်တို့ သင်္ခါရုပေက္ခာဉာဏ်တို့ ရောက်ပြီဆိုတော့ ဒီလိုလျှောက်ပြီး မသိသေးဘူး၊ မြင်ရင် မြင်ကာမျှ စသည်လောက်သာ သိတော့တယ်၊ ဇောစိတ် ထိအောင် မရောက်တော့ဘူး၊ အဲဒီလို ဖြစ်အောင်လို့ ဝိပဿနာရှုတာတဲ့၊ ဒါလေးတွေ သဘောပေါက်ထားဖို့လိုပါတယ်။

"ဆင်ခြင်ပြီးကာ၊ ဇောတဒါ၊ ကြရာစိတ်ဖြစ်ပုံ"တဲ့။

ပဉ္စဒွါရဝီထိမှာ ပဉ္စဒွါရာဝဇ္ဇန်းစိတ်က ဆင်ခြင်သလို ဒီမနောဒွါရဝီထိမှာတော့ ဆင်ခြင်တဲ့နေရာမှာ မနောဒွါရာဝဇ္ဇန်းစိတ်က ဆင်ခြင်ပါတယ်၊ သူက နည်းနည်းပိုပြီး အားကောင်းတယ်၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်တုန်းက စိတ်ရော စေတသိက်ရောပေါင်းမှ တရားကိုယ် ၁၁-ပါးပဲရှိတယ်၊ အခု ဒီ မနောဒွါရာဝဇ္ဇန်းကျတော့ တစ်ပါးပိုလာပြီး ၁၂-ပါးရှိတယ်၊ ဒါကြောင့် သူကနည်းနည်းပိုပြီး အားကောင်းတယ်။

ဒီမှာ ဆင်ခြင်တဲ့စိတ် ဖြစ်ပြီးတယ်ဆိုရင် လက်ခံတဲ့စိတ် စုံစမ်းတဲ့စိတ်တွေ ဖြစ်မနေတော့ဘူး၊ တစ်ခါတည်း ဇောစိတ်တွေ ဖြစ်လာတယ်၊ အပြည့်အစုံဆိုရင် မနောဒွါရာဝဇ္ဇန်း ၁-ကြိမ်၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ် ဖြစ်ပါတယ်၊

(တတိယအကြိမ်)

အာရုံက အားနည်းလို့ရှိရင် အရင်ကလိုပဲ တဒါရုံရော ဇောရော မဖြစ်တဲ့အခါလည်း ရှိတာပဲ၊ ဒီတော့ ဆုံးဖြတ်တဲ့စိတ်ဟာ ၂-ကြိမ် ၃-ကြိမ်မှ ၇-ကြိမ်ထိအောင် ဖြစ်နိုင်ပါတယ်၊ ပြီးတော့ တဒါရုံဆိုတာ ကာမအာရုံဖြစ်ပါမှလည်း အာရုံပြုနိုင်တာ၊ ဝိပဿနာ ရင့်သန်လာတော့လည်း တဒါရုံဟာ မပါတော့ဘူး၊ ဇောကတော့ ၆-ကြိမ် ဖြစ်တဲ့အခါလည်းဖြစ်တာပဲ၊ သေခါနီးကာလမှာ ဆိုရင်တော့ ဇောက အားသေးတယ်၊ အဲဒီအခါကာလမှာ ဇောဟာ ၅-ကြိမ်ပဲ ဖြစ်လေ့ရှိတယ်။

အခုဒီမှာ ဆင်ခြင်တာက ၁-ကြိမ်၊ ဇောက ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ အားလုံး ဝီထိစိတ်အကြိမ်ပေါင်း ၁၀-ကြိမ်တဲ့၊ အဲဒါဝီထိစိတ်ဖြစ်ပုံပါပဲ၊ ဒါတွေကိုလည်း ဗဟုသုတဖြစ်အောင် မှတ်ထားဖို့ပေါ့လေ၊ လင်္ကာလေးတွေကို ကျက်ထားရင်ရပါတယ်၊ သင်္ဂြိုဟ်လင်္ကာလည်း ဒီလောက်ရှည်တာပါပဲ၊ ဒီထက်ပိုမရှည်ပါဘူး။

"ဆင်ခြင်ပြီးကာ၊ ဇောတဒါ၊ ကြွရာစိတ်ဖြစ်ပုံ" (ဆို ၃-ခါက်)

အမိပ္ပာယ်ပြောပြီးသားဆိုတော့ လွယ်ပါတယ်၊ လင်္ကာကလည်း ပေါ်လွင်တာဖြစ်တော့ အသိမခက်ပါဘူး၊ လင်္ကာလေးနဲ့ကပ်ပြီး မှတ်သားရတာဟာ အင်မတန်မှတ်သားလို့ကောင်းတယ်၊ လင်္ကာလေးတွေကို ရအောင်ကျက်ထားဖို့ပါပဲ။

## ဝီထိစိတ်ဖြင့် သိပုံ

"ထင်ဆဲဆင်းခါတ်၊ မြင်လတ်ဦးစွာ၊ မြင်ပြီးတရား၊ စဉ်းစားပြန်ရာ၊
သဏ္ဍာန်ဒြပ်၊ ပညတ်ပေါ်လာ၊ မည်နာမ သိရနောက်ဆုံးမှာ" တဲ့။

ဒီလင်္ကာသဘောတွေကို တော်တော် စောစောကလည်း ပြောတန်သလောက် ပြောခဲ့ပါတယ်၊ ထင်ဆဲဆင်းခါတ် မြင်လတ်ဦးစွာ တဲ့၊ မျက်စိက မြင်တယ်ဆိုလို့ရှိရင် ထင်ဆဲဖြစ်တဲ့ အဆင်းရုပ်ကို အဦးအစဆုံးမြင်လိုက်ရတဲ့ ဝီထိက တစ်ဝီထိ၊ နောက် စဉ်းစားဆင်ခြင်တဲ့ ဝီထိက တစ်ဝီထိ၊ သဏ္ဍာန်ဒြပ် ပညတ်ပေါ်လာတာက တစ်ဝီထိ၊ နောက်ပြီးတော့ အမည်နာမ ပညတ်ပေါ်လာတာက တစ်ဝီထိ၊ အဲဒီလို ၄-ဝီထိရောက်အောင် ဖြစ်ပြီးတော့မှ အကောင်အထည်နဲ့တကွ အမည်နာမပါ ပေါ်လာတယ်တဲ့။

(တတိယအကြိမ်)

ရှေးဦးစွာ မျက်စိနဲ့မြင်တဲ့အခါ ထင်ဆဲဖြစ်တဲ့ အဆင်းရုပ်ကို မြင်တာပဲ၊ အဲဒါ စက္ခုဒွါရမှာဖြစ်တဲ့ စက္ခုဝိညာဉ်စိတ်က မြင်လိုက်တယ်၊ မြင်ရုံမြင်တာပဲ၊ မြင်ရတဲ့အရာဟာ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား,မိန်းမရယ်လို့လည်း မသိဘူး၊ ကောင်းတယ်၊ ဆိုးတယ်၊ လှတယ်၊ အကြည့်တန်တယ်လို့လည်း မသိပါဘူး၊ မြင်ရုံ မြင်လိုက်ပြီး အဲဒီစိတ်စဉ်ဟာ ပြီးသွားတာပဲ၊ အဲဒါကို "ထင်ဆဲဆင်းဓါတ်၊ မြင်လတ်ဦးစွာ"လို့ ဆိုထားတယ်၊ နောက်ပြီးတော့ မြင်လို့လည်းပြီးရော ပြန်စဉ်းစားတယ်၊ ပြန်စဉ်းစားတဲ့အခါကျတော့ အဲဒီအဆင်းလေးက မရှိတော့ဘူး၊ မြင်ပြီးကတည်းက သူကပျောက်သွားပြီ၊ ဒီလိုမရှိပေမယ့် မြင်ပြီးသားကို ပြန်စဉ်းစားတော့ ထစ်ခနဲပြန်ပေါ်လာတယ်တဲ့၊ ဒီလိုပြန်စဉ်းစားတာက မျက်စိနဲ့ မြင်တာမဟုတ်တော့ဘူး၊ မြင်ပြီးသား အတိတ်အဆင်းရုပ်ကို ပြန်ပြီးဆင်ခြင် စဉ်စားတာပဲ၊ သူက မနောဒွါရာဝဇ္ဇန်းနဲ့ ပြန်ပြီး ဆင်ခြင်စဉ်းစားတာဖြစ်တော့ ပဥ္စဒွါရဝီထိ မဟုတ်ဘူး၊ နောက်လိုက် မနောဒွါရဝီထိတဲ့၊ အဲဒါကို လင်္ကာလေးက "မြင်ပြီးတရား၊ စဉ်းစားပြန်ရာ"လို့ ဆိုထားပါတယ်၊ အဲဒီမှာ တဒါရုံပါ ဝီထိစိတ် အပြည့်အစုံမို့လို့ "ဆင်ခြင်ပြီးကာ၊ ဇောတဒါ၊ ကြံရာ စိတ်ဖြစ်ပုံ"ဆိုတဲ့ အတိုင်း ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ် ပါပါတယ်၊ ဒီ ဒုတိယဆင်ခြင်တဲ့ ဝီထိပြီးတော့ ဘဝင်စိတ်တွေဖြစ်ပြီး တတိယတစ်ဖန် ဆင်ခြင်စဉ်းစားတဲ့ ဝီထိဆက်ဖြစ်ပြန်ပါတယ်၊ အဲဒီတစ်ဖန် ပြန်ဆင်ခြင်တဲ့ ဝီထိကျတော့ ပုံသဏ္ဌာန် ပေါ်လာတယ်တဲ့၊ လူ့သဏ္ဌာန်၊ ယောကျ်ားသဏ္ဌာန်၊ မိန်းမသဏ္ဌာန်၊ အထည် ဝတ္ထုသဏ္ဌာန်ဒြပ်ပေါ်လာတယ်တဲ့၊ အဲဒါကို လင်္ကာလေးက "သဏ္ဌာန်ဒြပ်၊ ပညတ်ပေါ်လာ"လို့ ဆိုထားပါတယ်၊ သူလည်း မနောဒွါရဝီထိပဲ၊ ဘဝင်ခြားပြီး နောက် စတုတ္ထဆင်ခြင်တဲ့ ဝီထိကျတော့ ဘာပေါ်လာတုန်းဆိုတော့ အမည်နာမ ပညတ်ပေါ်လာတယ်၊ ဒီလူက မောင်ဖြူပဲ၊ ဒီမိန်းမက မညိုပဲ စတဲ့ အရင်က မှည့်ထားလို့ သိနေတဲ့ အမည်တစ်ခုခုပေါ့၊ "မည်နာမ သိရနောက်ဆုံးမှာ"တဲ့၊ အဲဒါ နောက်ဆုံးအမည်နာမပေါ်လာတဲ့ နောက်ဆုံးဝီထိပါပဲ၊ အဲဒါလည်း မနောဒွါရဝီထိပါပဲ၊ "ဆင်ခြင်ပြီးကာ၊ ဇောတဒါ၊ ကြံရာစိတ်ဖြစ်ပုံ" ဒီလင်္ကာလေးက မနောဒွါရ ၃-ဝီထိစလုံး နောက်က အကုန်လိုက်ပြီးပါရမယ်၊ အဲဒါ ဝီထိစိတ်တွေနဲ့ သိရိုးသိစဉ် သိနေတာတဲ့၊ လင်္ကာကို ဆိုရမယ်။

(တတိယအကြိမ်)

"ထင်ဆဲဆင်းခါတ်, မြင်လတ်ဦးစွာ၊
မြင်ပြီးတရား, စဉ်းစားပြန်ရာ၊
သဏ္ဌာန်ဒြပ်, ပညတ်ပေါ်လာ၊
မည်နာမ သိရ နောက်ဆုံးမှာ။" (ဆို ၃-ခေါက်၊)

အဲဒါဟာ မြင်ဝိထိအတွက်ပါပဲ၊ မြင်ဝိထိပြီးရင် နောက်က မနောဒွါရဝိထိ သုံးဝိထိရောက်လာတယ်၊ မြင်ပြီးတရားကို ပြန်စဉ်းစားတာက တစ်ဝိထိ၊ သဏ္ဌာန်ဒြပ် ပေါ်လာတာက တစ်ဝိထိ၊ အမည်နာမ ပေါ်လာတာက တစ်ဝိထိ၊ အဲဒီ သုံးဝိထိပါပဲ၊ မြင်ပြီးပြီးချင်း မြင်တယ် မြင်တယ်လို့ ရှုမှတ်နိုင်ရင် "ထင်ဆဲဆင်းခါတ်၊ မြင်လတ်စစွာ" ဆိုတဲ့အတိုင်း မြင်ဝိထိဆုံးတာနဲ့ မြင်တယ် ရှုမှတ်လိုက်တော့ နောက်ထပ် စဉ်းစားတဲ့ ဝိထိတွေ မပေါ်လာတော့ဘူး၊ ပုံသဏ္ဌာန်ဒြပ်လည်း မပေါ်လာတော့ဘူး၊ အမည်နာမလည်း မပေါ်လာတော့ဘူး၊ မြင်ရုံမျှနဲ့ပဲ ပြီးသွားတယ်။

အဲဒီလို အသိစိတ် စင်ကြယ်အောင်လို့ လေ့ကျင့်နေရတာပဲ၊ မြင်ရင် မြင်တယ်၊ ကြားရင် ကြားတယ်၊ နံရင် နံတယ် စသည် ဒါလေးတွေကို ဒီလိုလေ့ကျင့်နေရတာ၊ ချက်ချင်း ချက်ချင်းသိပြီး ရှုမှတ်မိအောင် အားထုတ်ရတယ်၊ မြင်ပြီးပြီးချင်း မရှုမှတ်နိုင်ရင် မြင်ပြီးတဲ့တရားကို ပြန်စဉ်းစားတဲ့ ဝိထိတွေ ဖြစ်ပေါ်လာနိုင်တယ်တဲ့၊ မြင်ပြီးတရားကို စဉ်းစားတဲ့စိတ် ဆုံးတာနဲ့ တစ်ပြိုင်နက် မြင်တယ် မြင်တယ်လို့ ရှုမှတ်နိုင်လို့ရှိရင် ဒါဟာ ပရမတ်တွေကို ရှုမှတ်မိနေတာပါပဲ။

အဲဒီလို ၂-ဝိထိ ပြီးပြီးခြင်း ရှုမှတ်နိုင်ရင်တော့ သဏ္ဌာန်ဒြပ် စသည် မပေါ်လာတော့ဘူး၊ ဒီလိုမှ မရှုမှတ်နိုင်ရင်တော့ သဏ္ဌာန်ဒြပ် ပေါ်လာပြီတဲ့၊ ယောကျ်ားပုံသဏ္ဌာန်၊ မိန်းမပုံသဏ္ဌာန်၊ လှတယ်၊ မလှဘူး စသည်ပေါ့၊ ဒီလို ပေါ်လာရင် အဲဒီအခါမှာ ကိလေသာတွေ ဖြစ်တော့မှာပဲ၊ နှစ်သက်စရာ အာရုံဆိုရင် နှစ်သက်သာယာတဲ့ တဏှာဖြစ်မယ်၊ မုန်းစရာအာရုံဆိုရင် စိတ်ဆိုးတဲ့ ဒေါသတွေ ပေါ်လာမယ်၊ မဖြစ် မပေါ်အောင် မတတ်နိုင်တော့ဘူး၊ အဲဒီ မရောက်ဘဲ စိတ်အစဉ်ပြတ်သွားအောင် ရှုမှတ်ရတာပဲ။

မြင်ပြီးရင် မြင်တယ်မှတ်၊ ကြားပြီးရင် ကြားတယ်မှတ်၊ "မြင်လျှင်မြင်ချင်း၊ လက်ငင်းမှတ်ရင်၊ မြင်ရုံတွင်ပဲ၊ ပြတ်စဲစိတ်စဉ်"တဲ့၊ မြင်ပြီးတာနဲ့ မြင်တယ်လို့

မှတ်လိုက်ရတယ်၊ ကြားပြီးတာနဲ့ ကြားတယ်လို့ မှတ်လိုက်ရတယ်၊ အဲဒီလို မှတ်လိုက်ရင် စိတ်စဉ် ပြတ်စဲသွားတယ်တဲ့၊ ရုပ်နာမ်က သူ့ဟာသူ ဖြစ်ပျက်သွားတာပဲ၊ ဒါတွေက ဘာတွေလဲဆိုတာ ဝိပဿနာဉာဏ်က ချက်ချင်းသိသွားပါတယ်၊ ဒါတွေကို နားလည်ထားဖို့ လိုပါတယ်၊ ဒီလောက် နားလည်ထားတယ်ဆိုရင် တော်လောက်ပါပြီ။

ကြားရင်လည်း ဒီအတိုင်းပဲ "ကြားဆဲအသံခါတ်၊ ကြားလတ်ဦးစွာ၊ ကြားပြီး တရား၊ စဉ်းစားပြန်ရာ"တဲ့၊ ရှေးဦးစွာ ကြားတာဟာ ကြားဆဲအသံပဲ၊ နားထဲကို ရောက်ရုံပဲရှိသေးတယ်၊ ကြားပြီးတယ်ဆိုရင် ပြန်ပြီးတော့ စဉ်းစားတယ်၊ ဒါပေမယ့်လို့ အသံခါတ်ပဲရှိသေးတယ်၊ ပုံသဏ္ဌာန်ဒြပ်နဲ့ အမည်မာန မပေါ်သေးဘူး၊ အဲဒီလောက်နဲ့ ရပ်သွားလို့ရှိရင် ဟိုတွေး ဒီတွေး မဖြစ်တော့ဘူး၊ ကြားရုံနဲ့ ပြီးသွားတာပဲ၊ ဒီလို မရပ်ဘဲနဲ့ ဆက်လက်စဉ်းစားလို့ရှိရင်တော့ ပုံသဏ္ဌာန် ဒြပ်ပေါ်လာပြီး ပုံသဏ္ဌာန်ဒြပ်ဆိုတာ ကျီးက အ,ခနဲမြည်လို့ ကျီးသံကို ကြားတဲ့အခါမှာ အသံတင်မရပ်ဘဲ ကျီးအကောင်ကြီးပေါ်လာတယ်၊ ဒီလောက်တင် မကသေးဘူး၊ သစ်ပင်ပေါ်ကဆိုပြီး ကျီးနားနေတဲ့ သစ်ပင်ကြီးပါ ပေါ်လာနိုင်တယ်၊ အဲဒါ ကျီကိုမမြင်ဘဲနဲ့ ဆက်လက်စဉ်းစားလို့ ပုံသဏ္ဌာန်ဒြပ်တွေ ပေါ်လာတာပဲ၊ ကျီဆိုတဲ့အမည်၊ သစ်ပင်ဆိုတဲ့အမည်တွေကလည်း ပေါ်လာတာပဲ၊ အဲဒီလို ပုံသဏ္ဌာန်တွေမပေါ်ဘဲ၊ ကြားရင် ကြားတာလောက်နဲ့ ရပ်သွားအောင် ရှုမှတ်ရတယ်။

အသံကြားရာကနေ ဘင်္ဂဉာဏ်ရောက်သွားတယ်ဆိုရင် အဲဒီလို ပုံသဏ္ဌာန် ဒြပ်တွေ မပေါ်လာတော့ဘူး၊ ကြားပြီးရင် ကြားတာဟာ ပျောက်သွားတာပဲ၊ ကျီးဆိုတဲ့အမည်၊ သစ်ပင်ဆိုတဲ့အမည်တွေလည်း မပေါ်လာတော့ဘူး၊ အဲဒီလို ပုံသဏ္ဌာန်တွေမပေါ်ဘဲ ကြားရင် ကြားတာလောက်နဲ့ ရပ်သွားအောင် ရှုမှတ် ရတယ်။

အသံကြားရာကနေ ဘင်္ဂဉာဏ်ရောက်သွားတယ်ဆိုရင် အဲဒီလို ပုံသဏ္ဌာန် ဒြပ်တွေ မပေါ်လာတော့ဘူး၊ ကြားပြီးရင် ကြားတာဟာ ပျောက်သွားတာပဲ၊ အဲဒီလို ရပ်ရပ်သွားအောင်လို့ မြင်တိုင်း, ကြားတိုင်း ရှုရတယ်တဲ့၊ နံ့သိတဲ့အခါ စသည်မှာလည်း ဒီအတိုင်းပါပဲ။

(တတိယအကြိမ်)

## နှစ်မျိုးစလုံး ဖြစ်တာချည်းပဲ

ကုသိုလ်၏အကျိုး ကုသလဝိပါက်လည်း ဒီလိုပဲ၊ အကုသိုလ်၏အကျိုး အကုသလဝိပါက်လည်း ဒီလိုပဲ၊ စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊ ကာယဝိညာဉ်တွေဟာ ဖြစ်တာချည်းပဲ၊ ဘာမှမထူးဘူး၊ ဒီဝိညာဉ်တွေကတော့ အတူတူ ဖြစ်တာချည်းပဲ၊ ကောင်းတဲ့အဆင်း မြင်ရတဲ့အခါ ကုသလဝိပါက် ကုသိုလ်၏အကျိုး မကောင်းတဲ့အဆင်းကို မြင်ရတဲ့အခါ အကုသလဝိပါက် အကုသိုလ်၏အကျိုး ဒီလောက်သာထူးတယ်၊ ကြားတာ စသည်မှာလည်း ဒီအတိုင်းချည်းပါပဲ၊ ကောင်း၊ မကောင်းကိုလိုက်ပြီး ကုသိုလ်၊ အကုသိုလ်အကျိုးပဲ ထူးတယ်၊ ကောင်းတာကိုလည်း မျက်စိထဲကမြင်တာပဲ၊ မကောင်းတာကိုလည်း မျက်စိထဲကမြင်တာပဲ၊ ကြားရာစသည်မှာလည်း ဒီအတိုင်း ကောင်း၊မကောင်းလောက်သာထူးတယ်၊ မြင်တာကတော့ မြင်တာပဲ၊ ကြားတာကတော့ ကြားတာပဲ။

"ကောင်းတာကို မြင်လို့ရှိရင် ကုသိုလ်အကျိုးလား၊ အကုသိုလ်အကျိုးလား"

"ကုသိုလ်အကျိုးပါဘုရား"

"မကောင်းတာကို မြင်လို့ရှိရင်ကော"

"အကုသိုလ်၏ အကျိုးပါဘုရား"

အဲ ကြားတာ၊ နံတာ၊ စားတာ၊ တွေ့ထိတာတွေလည်း ဒီအတိုင်းပါပဲ၊ ဒါတွေမြင်ဖို့၊ သိဖို့ပေါ့လေ၊ ကုသိုလ်အားကောင်းတဲ့ ပုဂ္ဂိုလ်တွေ ကံကောင်းကြတာဖြစ်တော့ ကောင်းတာတွေကို မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ တွေ့ထိရတယ်၊ အကုသိုလ်အားကောင်းတဲ့ ပုဂ္ဂိုလ်တွေ ဆိုရင်တော့လည်း မကောင်းတာတွေကို မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ တွေ့ထိရမှာပေါ့လေ၊ စက္ခုဆိုတာက မျက်စိ၊ ဝိညာဉ်ဆိုတာက သိတာ၊ မျက်စိက မြင်သိနေတယ်၊ သောတဆိုတာက နား၊ ဝိညာဏ်တိုတာက သိတာ၊ နား ကြားသိနေတယ်၊ ဃာနဆိုတာက နှာခေါင်း၊ ဝိညာဉ်ဆိုတာက သိတာ၊ ဇိဝှာဆိုတာက လျှာ၊ ဝိညာဏ်ဆိုတာက သိတာ၊ လျှာက စားသိနေတယ်၊ ကာယဆိုတာက ကိုယ်၊ ဝိညာဉ်ဆိုတာက သိတာ၊ ကိုယ် တွေ့သိနေတယ်၊ အဲဒါတွေ ငါးခုရှိနေတယ်၊ အဲဒီငါးခုကို ပဉ္စဝိညာဉ်ခေါ်တယ်၊ ပဉ္စဆိုတာက ငါးခု၊ ဝိညာဉ်ဆိုတာ သိတာပါပဲ၊

ကုသိုလ်၏အကျိုး ပဋ္ဌဝိညာဉ်က ငါးခု၊ အကုသိုလ်၏အကျိုး ပဋ္ဌဝိညာဉ်က ငါးခု၊ အဲဒီငါးနှစ်ငါးကို ပေါင်းပြီးတော့ ဒွေပဋ္ဌဝိညာဉ်လို့ ခေါ်တယ်၊ ဒွေပဋ္ဌဝိညာဉ် ၁၀-တဲ့။

ဒီ ပဋ္ဌဝိညာဉ် ဝိထိစိတ်စဉ်နဲ့စပ်ပြီးတော့ စာစောကပဲ အဠကထာလာ ဥပမာ အတိုင်း တော်တော်ကျယ်ကျယ်ပြန့်ပြန့် ပြောပြီးခဲ့ပါပြီ၊ သရက်သီးကို ကောက်ယူစားတဲ့ ဥပမာနဲ့ပေါ့လေ၊ အဲဒါတွေကို ပြောပြီးခဲ့ပါပြီ၊ အခုဒီမှာတော့ ယောဂီပုဂ္ဂိုလ်တွေမှတ်ဖို့ မှတ်သင့် မှတ်ထိုက်တာတွေကို ပြောရမယ်။

## ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဒါပါပဲ

ပုဂ္ဂိုလ်သတ္တဝါတို့ သန္တာန်မှာ တကယ်ရှိတာက ရုပ်နဲ့နာမ် ၂-ပါးရှိတယ်၊ အဲဒီ ရုပ်နာမ်တွေဟာ အကြောင်းအကျိုးတွေ ဆက်စပ်ပြီး ဖြစ်နေကြတာပဲ၊ ရုပ်တရားဆိုတာ အာရုံမပြုတတ်တဲ့ အနာရမ္မဏိကတရားတွေ၊ နာမ်တရားတွေ ဆိုတာကတော့ အာရုံပြုတတ်တဲ့ အာရမ္မဏိကတရားတွေ၊ အဲဒါ စိတ်၊စေတသိက်တွေပဲ၊ အခုပြောနေတဲ့ "ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ"ဆိုတဲ့ ကုသိုလ်, အကုသိုလ်, အဗျာကတ တရားတွေပါပဲ၊ အဲဒါတွေဟာ အကြောင်းမဲ့ ဖြစ်နေကြတာမဟုတ်ဘူး၊ သူ့အကြောင်းနဲ့သူ အကြောင်းအကျိုးစပ်ပြီး တော့ ဖြစ်နေကြတာ။

ယောဂီပုဂ္ဂိုလ်တွေ မြင်တိုင်း မြင်တိုင်း ရှုမှတ်နေကြရာမှာ မြင်တယ်ဆိုတာဟာ "မျက်စိ, အဆင်း, အလင်း, နှလုံးသွင်းမှု ဤလေးခုရှိမှ မြင်မှုဖြစ်တယ်"တဲ့၊ မြင်တယ်ဆိုလို့ရှိရင် မျက်စိမရှိဘဲနဲ့မြင်ပါ့မလား။

"မမြင်ပါဘုရား"

"အဆင်းမရှိဘဲနဲ့လဲ မြင်နိုင်ပါ့မလား"

"မမြင်နိုင်ပါဘုရား"

"အလင်းမရှိဘဲနဲ့လဲ အမှောင်ထဲမှာ မြင်နိုင်ပါ့မလား"

"မမြင်နိုင်ပါဘုရား"

"နှလုံးမသွင်း ဂရုမပြုဘဲကော မြင်နိုင်ပါ့မလား"

"မမြင်နိုင်ပါ ဘုရား"။

(တတိယအကြိမ်)

အဲဒီအကြောင်းလေးခုဆုံတော့မှ မြင်မှုဖြစ်တာတဲ့၊ အကြောင်းလေးခုဆုံလို့ မြင်မှုဖြစ်တော့ စက္ခုဝိညာဉ်စိတ်ရယ် နောက်ပြီးတော့ မြင်သိစိတ်စဉ်တွေ အကုန်လုံးပါပဲ၊ ဘဝင်ကတော့ ဖြစ်ရိုးဖြစ်စဉ်အတိုင်း သူက ဒါနဲ့မဆိုင်ပါဘူး၊ အဲ–ဆင်ခြင်တဲ့စိတ်၊ မြင်တဲ့စိတ်၊ လက်ခံတဲ့စိတ်၊ စုံစမ်းတဲ့စိတ်၊ ဆုံးဖြတ်တဲ့စိတ်၊ ဇောစိတ်၊ တဒါရုံစိတ်၊ အဲဒီမြင်စိတ်တွေပေါ့လေ၊ အဲဒီ မြင်ဝိထိစိတ်တွေဖြစ်ဖို့ရာ မျက်စိရှိရမယ်၊ မြင်စရာ အာရုံဆင်းရှိရမယ်၊ အလင်းရောင်ရှိရမယ်၊ အလင်းဆီကို နှလုံးသွင်းတဲ့ သဘောလေးလည်းရှိရမယ်၊ အဲဒီလေးခုရှိမှ မြင်သိမှုဖြစ်တယ်တဲ့။

မြင်တိုင်း မြင်တိုင်း မြင်တယ် မြင်တယ်မှတ်လို့ရှိရင် သမာဓိဉာဏ်ရင့်လာတဲ့အခါ ကျတော့ မျက်စိရှိလို့လည်း မြင်တယ်၊ အဆင်းရှိလို့လည်း မြင်တယ်၊ အလင်းရောင်ရှိလို့လည်း မြင်တယ်၊ နှလုံးသွင်းမှုရှိလို့လည်း မြင်တယ်၊ ဒီ အကြောင်းလေးပါးကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားသိတာဟာ ဉာတပရိညာဏ်တဲ့၊ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတာ ဒါပါပဲ၊ "စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" မျက်စိနဲ့အဆင်းကို စွဲမှီအကြောင်းပြုပြီးတော့ စက္ခုဝိညာဉ်ဆိုတဲ့ အကျိုးဖြစ်ပေါ်လာ ရတယ်၊ ဒါဟာ ပဋိစ္စသမုပ္ပါဒ်ပါပဲ၊ တချို့က ပဋိစ္စသမုပ္ပါဒ်ကို စက်ဝိုင်း ကြီးနဲ့ ချပြလို့ နားလည်မှ ပဋိစ္စသမုပ္ပါဒ်လို့ ထင်နေကြတယ်၊ ဒီလိုမဟုတ်ပါဘူး၊ အကြောင်းနဲ့အကျိုးဆက်သိရင် ဒါဟာ ပဋိစ္စသမုပ္ပါဒ်ကို သိတာပါပဲ၊ အဲဒါတွေ အလွဲသိပြီးတော့ ကိုယ့်ဂုဏ်ကိုမြှောက် သူတစ်ပါးတွေကို နှိမ့်ချပြီး ပြောတတ်ကြတယ်၊ အကုသိုလ်ဖြစ်တာပဲ၊ ပြီးတော့ တချို့က ပဋိစ္စသမုပ္ပါဒ်ကို မသိဘဲ တရားအားထုတ်ရင် မှားတယ်လို့ပြောလိုပြော၊ သူတို့သိတာမှ ပဋိစ္စသမုပ္ပါဒ် ထင်မှတ်နေတယ်၊ ဘယ် ဒီလိုဟုတ်ပါ့မလဲ၊ ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်လို့ အကြောင်းနဲ့အကျိုးကိုသိမှ ပဋိစ္စသမုပ္ပါဒ်ကိုသိတာ၊ စက်ဝိုင်းကြီးချပြလို့သိတာက ကိုယ်ပိုင်သိ မဟုတ်ဘူး၊ သုတသိ သိတာ၊ အဲဒါက သုတမယဉာဏ်နဲ့သိတဲ့ သုတိသိခေါ်တယ်၊ အဲဒါလောက်နဲ့ ကိစ္စမပြီးဘူး။

## ရှုမှတ်လို့သိမှ ကိုယ်ပိုင်သိ

ဘာဝနာမယဉာဏ်ဖြင့် ကိုယ်ပိုင်သိအောင် ဖြစ်တိုင်းဖြစ်တိုင်း သိအောင် ရှုမှတ်ရတယ်၊ ရှုတိုင်းရှုတိုင်း အကြောင်းအကျိုးတွေဆက်သိမှ ပဋိစ္စသမုပ္ပါဒ်

အစစ်ကိုသိတာ၊ ပဋိစ္စသမုပ္ပာဒ်သိရင် တရားကိုသိတယ်၊ တရားကိုသိရင် ပဋိစ္စသမုပ္ပာဒ်သိတယ်ဆိုတာ ဒါကိုပြောတာပဲ၊ "ယော ဓမ္မံ ပဿတိ၊ သော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ ယော ပဋိစ္စသမုပ္ပာဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ" တရားကို သိမြင်တဲ့ပုဂ္ဂိုလ်ဟာ ပဋိစ္စသမုပ္ပာဒ် အကြောင်းအကျိုးကိုလည်း သိတယ်၊ အကြောင်းအကျိုးကို သိမြင်တဲ့ပုဂ္ဂိုလ်ဟာ တရားကိုလည်းသိတယ်တဲ့။

ရှုမှတ်ပြီးတော့ တကယ်ဖြစ်ပေါ်နေတဲ့ တရားတွေကို အကြောင်းအကျိုး ဆက်ပြီးတော့ သဘောကျ သိသွားလို့ရှိရင် ဒါဟာ ပဋိစ္စသမုပ္ပာဒ်ကို ကိုယ်ပိုင် ဉာဏ်နဲ့ အစစ်အမှန်အတိုင်း သိမြင်တာပါပဲ၊ ကွေးချင်တဲ့စိတ်ကြောင့် ကွေးရုပ်တွေ ဖြစ်ရတယ်၊ ဆန့်ချင်တဲ့စိတ်ကြောင့် ဆန့်ရုပ်တွေဖြစ်ရတယ်၊ ကွေးအောင် ဆန့်အောင် ဘယ်သူကမှလုပ်မပေးဘူး၊ လုပ်ပေးတဲ့ပုဂ္ဂိုလ်မရှိဘူး၊ အကြောင်းနဲ့ အကျိုးပဲရှိတယ်၊ ဒီလို သဘောကျပြီးတော့ သိနေတာဟာ ပဋိစ္စသမုပ္ပာဒ်ကို သိနေတာပါပဲ၊ ဆောင်ပုဒ်လေးကို ဆိုကြဦးစို့-

"မျက်စိ, အဆင်း, အလင်း, နှလုံးသွင်းမှု၊ ဤလေးခုရှိမှ မြင်သိမှု ဖြစ်သည်" (ဆို ၃-ခေါက်)

"မြင်သိမှုဖြစ်ရန် အကြောင်းဘယ်နှစ်ခုရှိတုန်း။

"လေးခုပါဘုရား"

လေးခုရှိတယ်နော်၊ အဲဒီလေးခု ညီညွတ်မှ မြင်သိမှုဖြစ်တယ်၊ ဒီအထဲက တစ်ခုခုမရှိဘူးဆိုရင် မြင်သိမှု မဖြစ်တော့ဘူး၊ မျက်စိမရှိရင်လည်း မမြင်နိုင်ဘူး၊ အဆင်းမရှိရင်လည်း မမြင်နိုင်ဘူး၊ မျက်စိနဲ့အဆင်းရှိနေပေမယ့် အလင်းမရှိရင်လည်း မမြင်နိုင်ဘူး၊ အဲဒါတွေအားလုံးရှိပေမယ့် အဆင်းဆီကို ကိုယ်ကနှလုံးမသွင်းဘဲ ဒီပြင်ဟာတွေကို နှလုံးသွင်းပြီးတော့ စဉ်းစားတွေးတောနေမယ်ဆိုရင်လည်း မမြင်နိုင်ဘူး၊ အဲဒါ မျက်စိ, အဆင်း, အလင်း, နှလုံးသွင်းမှု ဤလေးခု ရှိမှ မြင်သိမှုဖြစ်တယ်၊ ဒါက ယောဂီပုဂ္ဂိုလ်တွေ ရှုရင်း ရှုရင်းနဲ့ သိနေတာပဲ။

ပြီးတော့ နားရယ်၊ အသံရယ်၊ အာကာသ တဲ့၊ နားနဲ့အသံကတော့ မျက်စိနဲ့ အဆင်းလိုပဲ၊ အလင်းနေရာမှာတော့ ဒီမှာ အာကာသဝင်လာတယ်၊ အာကာသဆိုတာ ဟိုအထက်ကောင်းကင်ကြီးကို ပြောတာမဟုတ်ဘူး၊ ဟင်းလင်းပြင် ကိုပြောတာ၊ နားနဲ့အသံရှိနေပေမယ့် နားနဲ့အသံအကြားမှာ ဟင်းလင်းပြင်

အကြားအပေါက်မရှိရင် မကြားရဘူး၊ နားနဲ့အသံကြားမှာ ဟင်းလင်းပြင် အာကာသဆိုတာ ရှိပါမှ နားကအသံကို ကြားနိုင်တယ်၊ ဒီမှာ နားအသံ ဟင်းလင်းလို့ ရှိနေတယ်၊ တယ်နေရာမကျတာနဲ့ အာကာသအမည်နဲ့ သုံးလိုက် ရတယ်၊ အာကာသဆိုလည်းပဲ နားလည်သဘောပေါက်မှာပါပဲ၊ နှလုံးသွင်းရှိဖို့လည်း လိုပါတယ်၊ နှလုံးသွင်းမှု မရှိရင်လည်း အသံကိုမကြားဘူး၊ တစ်ခါခါ စာပါရေးနေတဲ့အခါဆိုရင် ဘေးနားကလာပြောတာတောင် မကြားဘူး၊တစ်ခါတစ်ခါ နာရီတီးတာလည်း မကြားလိုက်ဘူး၊ တရားမှတ်လို့ ကောင်းလို့တရားကို နှလုံးသွင်းနေတဲ့အခါ အသံကို နှလုံးမသွင်းလို့ ဘေးက အသံတွေရှိနေပေမယ့် မကြားဘူး၊ အဲဒီလိုပဲ နှလုံးသွင်းမှုကလည်း အရေးကြီးတယ်၊ အဲဒါ ဆိုရမယ်။

"နား၊ အသံ၊ အာကာသ၊ နှလုံးသွင်းမှု–ဤလေးခုရှိမှ ကြားသိမှုဖြစ်သည်" (၃ခေါက်ဆို)

"ကြားသိမှုဖြစ်ရာမှာ အကြောင်းဘယ်နှစ်ခုရှိတုံး"

"လေးခု ရှိပါတယ်ဘုရား"

အဲဒီ အကြောင်းလေးခုစလုံး ပြည့်စုံမှ နားက အသံကိုကြားသိတယ်၊ အဲဒီ အကြောင်းလေးခုထဲက တစ်ခုခုလိုနေရင် ကြားသိမှု မဖြစ်နိုင်တော့ဘူး၊ နားလေးနေတဲ့ ပုဂ္ဂိုလ်တွေ၊ နားလုံးလုံးပျက်နေတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ဘာမှ မကြားရဘူး၊ အသံမရှိရင်ကြားလို့မဖြစ်ဘူး၊ နည်းနည်းလောက်မှအပေါက် အကြား အာကာသမရှိရင်လည်း မကြားရဘူး၊ ဂရုစိုက်ပြီး နှလုံးသွင်းမှုမရှိရင်လည်း မကြားရဘူး။

အနံ့နံရာမှာလည်း အကြောင်းအင်္ဂါတွေ ရှိတာပါပဲ၊ "နှာခေါင်းအနံ့ ဆောင်လေ နှလုံးသွင်းမှု–ဤလေးခုရှိမှ နံသိမှု ဖြစ်သည်"တဲ့၊ နှာခေါင်းလည်းရှိမှ အနံ့လည်းရှိမှ အနံ့မရှိရင်လည်း မနံနိုင်ဘူး၊ နှာခေါင်းမရှိရင်လည်း မနံနိုင်ဘူး၊ နှာခေါင်းမရှိတဲ့ ပုဂ္ဂိုလ်ကတော့ ရှားပါတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ အနှစ် ၃၀–ကျော် ၄၀ လောက်တုန်းက ကိုယ်တော်တစ်ပါး တွေ့ရဖူးတယ်၊ အရင်ကလည်း ပြောခဲ့ဖူးပါပြီ၊ ရွှေဘိုနယ်ပါပဲ၊ ဆိပ်ခွန်ကတော့ မဟုတ်ဘူး၊ ဘုန်းကြီးတို့နေတဲ့ ဆိပ်ခွန်ကျောင်းမှာပဲ လာပြီးတော့ နေပါတယ်၊ ဦးပဥ္စင်းပါပဲ၊ ဘုန်းကြီးတို့ထက် အများကြီးငယ်ပါတယ်၊ အဲဒီကိုယ်တော်တစ်ပါးဟာ သူ့မှာ အနံ့မနံဘဲဖြစ်နေတယ်၊ သူ့အစ်ကိုတွေက

သူအနံ့နံအောင်ဆိုပြီးတော့ သူ့ခေါင်းအုံးနားမှာ ရေမွှေးတွေ ဆွတ်ဖျန်းထားတာတောင် ဘာမှုမနံဘူး၊ မွှေးလည်းမမွှေး ဘာနံ့မှလည်း မနံဘူးတဲ့၊ နှာခေါင်းပုံသဏ္ဌာန်ရှိပေမယ့် နံနိုင်တဲ့ နှာခေါင်းမရှိလို့ မနံတာပဲ၊ သိက္ခာဝါ လေးငါးဝါလောက်ပဲ ရှိပါသေးတယ်၊ သူ့မှာနံနိုင်တဲ့ နှာခေါင်းမရှိတော့ ဘယ်လိုအနံ့ရှိတဲ့ နေရာကိုပဲ သွားသွား မနံတော့ဘူးပေါ့လေ။

နံသိဖို့နေရာမှာ သယ်ဆောင်တဲ့လေလည်း လိုပါတယ်၊ နှာခေါင်းထဲရောက်အောင် သယ်ဆောင်ပေးတဲ့ လေလဲရှိရဦးမယ်၊ လေက သယ်ဆောင်မပေးလို့ရှိရင် အနံ့ဟာ နှာခေါင်းထဲကို မရောက်နိုင်ဘူး၊ အနံ့ရှိနေပေမယ့် နှာခေါင်းထဲ ရောက်မှသာ နှာခေါင်းက အနံ့ကို နံသိနိုင်တယ်၊ ပြီးတော့ နှလုံးသွင်းလည်း ရှိပါမှပဲ၊ နှလုံးသွင်းမှု မရှိရင် မနံနိုင်ပါဘူး၊ ဒီပြင်အာရုံတစ်ခုခုကို စူးစိုက်နေလို့ နှလုံးမသွင်းမိရင် အနံ့နံတယ်လို့ မသိပါဘူး၊ ဒါကိုလည်း ဆိုကြမယ်။

> "နှာခေါင်း, အနံ့, သယ်ဆောင်လေ, နှလုံးသွင်းမှု၊ ဤလေးခုရှိမှ နံသိမှု ဖြစ်သည်" (ဆို ၃-ခေါက်)

ဒါက နံသိမှုဖြစ်တဲ့အခါ ဒီလို အကြောင်းတွေရှိတယ်ဆိုတာ သိဖို့ပါပဲ၊ ဒီနံသိမှုက ဃာနဝိညာဉ်တဲ့၊ သူ့အကြောင်းနဲ့သူ ရှိရတယ်။

"ဃာနဝိညာဉ်ဟာ အကြောင်းဘယ်နှစ်ပါးရှိမှ ဖြစ်သလဲ"

"လေးပါးရှိမှ ဖြစ်ပါတယ်ဘုရား"

ဆောင်ပုဒ်ကလေးအတိုင်း လေးပါးရှိတယ်ဆိုတာ မှတ်ထားကြရမယ်၊ အကြောင်းမဲ့ဖြစ်တာ မဟုတ်ဘူး၊ အကျိုးရယ်လို့ ဖြစ်ပေါ်လာရင် အကြောင်းဆိုတာ ရှိတာချည်းပဲ။

စားသိမှုဆိုတာကလည်း လျှာမကောင်းရင် အရသာကို မသိနိုင်ဘူး၊ လျှာမကောင်းတဲ့ ပုဂ္ဂိုလ်ကတော့ အင်မတန် ရှားပါတယ်၊ တစ်ခါတစ်ရံ လျှာပျက်နေတာကတော့ ရှိပါတယ်။ လုံးလုံးမကောင်းတာကတော့ မရှိသလောက်ပါပဲ၊ အရသာလည်းရှိမှ အဲဒီ အရသာကလည်း လျှာပေါ်ကိုရောက်လာပါမှ ပြီးတော့ အစိုရည်လေးလည်းရှိမှ လျှာက အစိုရည်နဲ့ရောသွားရမယ်၊ အစိုရည်မရှိဘဲ ခြောက်နေတဲ့ဟာ ဆိုရင်တော့ အရသာမပေါ်ဘူး၊ အရသာကလည်း

အစိုရှည်ရှိလို့ လျှာကအစိုရှည်နဲ့ရောမိပြီဆိုရင် အဲဒါ အရသာ ပေါ်လာနိုင်ပါတယ်၊ နှလုံးသွင်းကတော့ ရှိရမှာပဲ၊ မရှိလို့ မဖြစ်ဘူး၊ ဒါကိုလည်း ဆိုကြမယ်။

"လျှာ၊ အရသာ၊ အစိုအရည်၊ နှလုံးသွင်းမှု၊ ဤလေးခုရှိမှ အရသာသိမှု ဖြစ်သည်" (ဆို ၃–ခေါက်)

နောက်ပြီးတော့ ကိုယ်က အတွေ့အထိတဲ့၊ သူကလည်းပဲ အကြောင်းလေးပါးဆုံမှ ဖြစ်တယ်၊ ဒါက ကိုယ်အကြည်တဲ့၊ ကိုယ်ဆိုရင် အကောင်အထည်ကြီးမှတ်နေမှာစိုးလို့ အကြည်လေးထည့်လိုက်ရသေးတယ်၊ ဒီပြင် ဆိုခဲ့တာတွေလည်း အကြည်တွေချည်းပါပဲ၊ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည် အဲဒါတွေလည်း အကြည်တွေချည်းပါပဲ၊ အဲဒါတွေကတော့ မျက်စိစသည် ဆိုလိုက်ရင် သဘောပေါက်တယ်၊ နားလည်တယ်၊ ကိုယ်ကျတော့ အကောင်ကြီးလိုက်မှတ်နေမှာစိုးလို့ ကိုယ်အကြည်လို့ ထည့်ပြောလိုက်ရတယ်၊ ကာယပသာဒရုပ် အကြည်လေးတွေဆိုတာ နေရာတကာမှာရှိတယ်၊ အဲဒါကို မျက်စိနဲ့ မမြင်ကောင်းပါဘူး၊ အင်မတန်သိမ်မွေ့တဲ့ သဘောလေးတွေပါပဲ၊ တစ်ကိုယ်လုံး အနှံ့အပြား နေရာတိုင်းမှာရှိတယ်၊ အတွင်းရော၊ အပြင်ရော၊ အကြောရော၊ အသားရော၊ တစ်ကိုယ်လုံးပါပဲ၊ ဆေးဘက်က ဆရာဝန်တွေကတော့ အတွေ့အထိကိုသိတဲ့ အာရုံကြောလေးဆိုတာ ရှိတယ်၊ အဲဒီအာရုံကြောတလျှောက်မှာ ကိုယ်ရုပ် အကြည်တွေ ပျံ့နှံ့ပြီးတော့ တည်နေတယ်လို့ ဒီလိုဆိုရမှာပဲ၊ ထိစရာလည်း ရှိမှတဲ့၊ ထိစရာမရှိရင်လည်း မသိနိုင်ဘူး၊ အမာခံလေးလည်းရှိမယ်၊ အဲဒါ ပထဝီဓာတ်ခေါ်တယ်၊ ပထဝီဓာတ် အမာခံကလေးက ကိုယ်အကြည်ရဲ့ တည်ရာ ဖြစ်တဲ့ အမာခံကလေးပေါ့လေ၊ ပြီးတော့ နှလုံးသွင်းမှုလည်းရှိရမှာပဲ၊ ကိုယ် အကြည်ရုပ်မရှိတဲ့ နေရာတွေဆိုတာလည်း ရှိသေးတယ်၊ အဲဒါကတော့ အသားအရေ ခြောက်နေတဲ့နေရာတွေ လက်သည်းဖျား ခြေသည်းဖျားတွေ ထုံကျဉ်နေတဲ့ နေရာတွေ၊ အဲဒီ နေရာတွေမှာ ထိပေမယ်လို့ မသိနိုင်ဘူး၊ နှလုံးသွင်းမှုဆိုတာကတော့ ရှိရမှာချည်းပဲ၊ ထိပေမယ်လို့ နှလုံးသွင်းမှုမရှိရင်လည်း မသိနိုင်ပါဘူး၊ မြင်တာ ကြားတာတွေကို အာရုံစူးစိုက်နေလို့ နှလုံးမသွင်းမိရင် ထိပေမယ်လို့လည်း မသိနိုင်ဘူး၊ အဲဒါကြောင့် ကိုယ်အကြည်ထိစရာ အမာခံ နှလုံးသွင်းမှု ဤလေးခုရှိမှ ထိသိမှုဖြစ်တယ်၊ ကိုင်း–ဆိုကြရမယ်။

(တတိယအကြိမ်)

"ကိုယ်အကြည်, ထိစရာ, အမာခံ, နှလုံးသွင်းမှု၊ ဤလေးခုရှိမှ ထိသိမှုဖြစ်သည်" (ဆို ၃-ခေါက်)

အဲဒီမှာ ထိစရာဆိုတာက သုံးမျိုးရှိတယ်၊ ပထဝီဓာတ်ကတစ်မျိုး၊ တေဇောဓာတ်ကတစ်မျိုး၊ ဝါယောဓာတ်ကတစ်မျိုး၊ အဲဒီသုံးမျိုးပါပဲ၊ ပထဝီဖောဋ္ဌဗ္ဗ တေဇောဖောဋ္ဌဗ္ဗ ဝါယောဖောဋ္ဌဗ္ဗ-လို့လည်းခေါ်တယ်၊ ပထဝီဓာတ်ဆိုတာကိုလည်း နှစ်မျိုးခွဲခြားထားသေးတယ်၊ ခက်မာပထဝီ နူးညံ့ပထဝီတဲ့၊ ဒီလိုနှစ်မျိုးခွဲခြားထားတယ်၊ နူးညံ့တာကိုထောက်ရင် သူ့ထက်ကြမ်းတမ်းတာကို ခက်မာပထဝီလို့ဆိုရတယ်၊ ကြမ်းတမ်းတာကို ထောက်ပြီးတော့လည်း သူ့ထက်နူးညံ့တာကို နူးညံ့ပထဝီလို့ ဆိုရတယ်၊ သူတို့နှစ်မျိုးကတော့ အရင်းပိုင်းအဖျားပိုင်းလိုပါပဲ၊ ဒါကြောင့် နူးညံ့တာလည်း ပထဝီဓာတ်၊ ကြမ်းတမ်းတာလည်း ပထဝီဓာတ်ပဲ။

ခုတင်ကို စမ်းကြည့်ရင် တွေ့ရတာဟာ ကြမ်းတမ်းတဲ့သဘော အမာခံသဘောတွေပဲများတယ်၊ ဒါကြောင့် သူ့ကိုခက်မာပထဝီလို့ ခေါ်တယ်၊ ကောဋ္ဌာသထဲက ဆံပင် မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အပြင်၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်တိုင်အောင် အားလုံး ၂၀-ရှိပါတယ်၊ အဲဒါ ပထဝီကောဋ္ဌာသတွေတဲ့၊ အဲဒီထဲမှာ ခက်မာကြမ်းတမ်းတဲ့သဘောတွေရှိတာပဲ၊ နူးညံ့တာတွေလည်း ရှိတာပဲ။

ကတ္တီပါတို့၊ ဝါဂွမ်းတို့ အဲဒါတွေကတော့ နူးညံ့ပထဝီတွေ၊ ဒါလည်းပဲ နူးညံ့တယ် ဆိုပေမယ်လို့ မျက်လုံးထဲသွားထိလိုက်မယ်ဆိုရင်တော့ သူလည်း ကြမ်းတမ်းတာပဲ၊ ဒါကြောင့် ပထဝီဓာတ်ဆိုတာ ခက်မာကြမ်းတမ်းတဲ့သဘော နူးညံ့တဲ့သဘော-တဲ့။

တေဇောဓာတ်ဆိုတာကတော့ ပူမှု အေးမှုပါပဲ၊ ပူလောင်တာလည်းသူပဲ၊ အေးတာလည်း သူပဲ၊ အေးတာကိုထောက်ဆပြီး သူ့ထက်ပူတာကို ပူတယ်၊ ပူတာကို ထောက်ဆပြီး သူ့ထက်အေးတာကို အေးတယ်လို့ဆိုရတာပဲ၊ အဲဒါ ဘယ်နေရာမှာ ထင်ရှားတုန်းဆိုတော့ ရေမှာထင်ရှားပါတယ်၊ ပကတိရေဆိုရင် အေးတယ်၊ သောက်ရေအိုးထဲကရေဆိုရင် ပိုပြီးတော်အေးသေးတယ်၊ သောက်ရေအိုး

ထဲကရေနဲ့ အပြင်ကရေကို နှိုင်းစာကြည့်ရင် အပြင်ရေက နည်းနည်းနွေးတယ်၊ မနှိုင်းမစာဘဲ သူ့ချည်းဆိုရင်တော့ အေးတယ်လို့ဆိုရမှာပဲ၊ သောက်ရေအိုးထဲကရေနဲ့ နှိုင်းစာလိုက်တော့ အပြင်ရေကပူတယ်၊ ဒါကြောင့် ပူတယ်၊ အေးတယ်ဆိုတာ သဘောအားဖြင့်တော့ အတူတူပဲတဲ့၊ နောက်ပြီးတော့ သောက်ရေအိုးထဲကရေ အေးတယ်ဆိုပေမယ်လို့ ရေခဲရေနဲ့ စာလိုက်ပြန်တော့ ရေခဲရေက ပိုအေးတယ်၊ သောက်ရေထဲကရေက နွေးပြန်တယ်၊ ရေခဲရေကို ကိုင်မိလို့ လက်အေးနေရင် ပကတိရေတစ်ခုနဲ့ အမြန်ဆေးချလိုက်တဲ့အခါ ချက်ချင်းနွေးသွားတာပဲ၊ ဒါကြောင့် အပူအအေးဟူသမျှ တေဇောဓာတ်ချည်းပါပဲ။

ဝါယောဓာတ်ဆိုတာကတော့ ထောက်ကန်ခြင်း၊ တွန်းကန်ခြင်း၊ တောင့်တင်းခြင်း၊ လှုပ်ရှားခြင်းသဘောရှိတယ်တဲ့၊ ကိုယ်ထဲမှာ တောင့်တာတင်းတာ လှုပ်ရှားတာတွေကို တွေ့ရတယ်၊ အဲဒါ ဝါယောဓါတ် အတွေ့အထိပါပဲ၊ ဖောင်းတယ် ပိန်တယ် ဒီလိုမှတ်တဲ့ အခါမှာ ဗိုက်ထဲက တောင့်တာ တင်းတာ တွန်းကန် လှုပ်ရှားတာတွေ အဲဒါ အားလုံးဝါယောဓာတ်တွေပါပဲ၊ ထိုင်တယ် ထိုင်တယ်လို့ မှတ်တဲ့အခါမှာလည်း ကိုယ်ကြီးကော့ပြီးတော့နေတာ အဲဒါဟာလည်း ဝါယောဓာတ်ပါပဲ၊ ဘောလုံးတို့မှ လေခေါင်းအုံးတို့ ဒီလိုတောင့်တင်းနေတာတွေ တော်တော်ရှိပါတယ်၊ အဲဒါတွေအားလုံး ဝါယောဓာတ်ချည်းပါပဲ၊ ဒီတော့ တွေ့ထိစရာဆိုတာ ခက်မာတဲ့သဘော၊ ကြမ်းတမ်းတဲ့သဘော၊ နူးညံ့တဲ့သဘော ပထဝီဓာတ်တစ်မျိုး၊ နွေးတာ အေးတာ ဒီလိုသဘောရှိတဲ့ တေဇောဓာတ်က တစ်မျိုး၊ တောင့်တင်းတာ တွန်းကန်တာ လှုပ်ရှားတာ ဒီလိုသဘောရှိတဲ့ ဝါယောဓာတ်ကတစ်မျိုး၊ ကိုယ်ထဲမှာပဲဖြစ်ဖြစ် အပြင်ဘက်မှာပဲဖြစ်ဖြစ် အဲဒီတွေ့ထိစရာတွေကို သိရမယ်တဲ့၊ အမာခံဆိုတာကတော့ ကိုယ်အကြည်ရုပ်ရဲ့ တည်ရာအမာခံပထဝီဓာတ်ပဲ၊ ဒါကတော့ မရှိဘဲမနေဘူး၊ ရှိတာပဲ "ကိုယ်အကြည်, ထိစရာ, အမာခံ, နှလုံးသွင်းမှု ဤလေးခုရှိမှ ထိသိမှုဖြစ်သည်"တဲ့၊ ထိသိမှုနေရာမှာလည်း ဒီလေးခုရှိမှ ထိသိမှုဖြစ်နိုင်ပါတယ်။

## ကြံသိမှုဖြစ်ပုံ

နောက်ပြီးတော့ စိတ်ကူးကြံစည်မှုတဲ့၊ စိတ်ကူး ကြံစည်မှုကျတော့လည်းပဲ အကြောင်းလေးပါးပဲတဲ့၊ ဘာတွေတုန်းဆိုလို့ရှိရင်၊ "ဘဝင်စိတ်, ထင်ပေါ်သည့်အာရုံ,
(တတိယအကြိမ်)

မိုရာရုပ်, နှလုံးသွင်းမှု ဤလေးခုရှိမှ ကြံသိမှုဖြစ်တယ်”တဲ့၊ အဲဒီလေးခုပါပဲ၊ အဲ ဘဝင်စိတ်ဆိုတော့ မန–လို့ ခေါ်တယ်၊ ဝီထိစိတ်ဖြစ်ရာမို့လို့ မနောဒွါရလို့လည်း ခေါ်တယ်၊ ဘဝင်စိတ်ဆိုတာ ရှိတာချည်းပဲ၊ ပုဂ္ဂိုလ်တိုင်းမှာပဲ ဒီဘဝင်စိတ်က ရှိရတယ်၊ သူမရှိလို့မဖြစ်ဘူး၊ ဒါပေမယ့် သူ့ဟာသူ အိပ်မောကျသလို အစဉ်မပြတ်ဖြစ်နေတဲ့ ဘဝင်ဆိုရင် ကြံသိမှုဖြစ်ခြင်းရဲ့အကြောင်းမဟုတ်ဘူး၊ သူကတော့ အားနည်းနေတယ်လို့ ဆိုတယ်၊ ပဋိသန္ဓေစိတ်က အာရုံပြုတဲ့ကံ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံတစ်ခုခုကို အာရုံပြုပြီးတော့ ငြိမ်သက်နေတာပဲ၊ အဲ သူက အားနည်းတယ်တဲ့၊ ယခု လောလောဆယ်ဖြစ်နေတဲ့ အာရုံတွေကို ယူနိုင်လောက်အောင် အားမရှိဘူး၊ အားမပေးနိုင်ဘူးတဲ့၊ အခုဘဝင်စိတ်ကတော့ အခုပေါ်လာတဲ့အာရုံကို ဆင်ခြင်နိုင် လောက်အောင် အားရှိလာတဲ့ ဘဝင်စိတ်တဲ့၊ အဲဒါ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဆိုတဲ့ ဘဝင်တွေပါပဲ၊ ကြံသိစိတ် ဖြစ်တော့ မယ်ဆိုရင် လှုပ်သလိုလိုဖြစ်လာတဲ့ ဘဝင်ရယ်၊ နောက်ဘဝင်တစ်ခုက နောက်ထပ် ဘဝင်အစဉ်ဖြစ်ခွင့်မပေးဘဲ ဘဝင်အစဉ်ကိုဖြတ်ပစ်တဲ့ ဘဝင်ရယ်၊ အဲဒီဘဝင်တွေကမှ ကြံသိစိတ်ဖြစ်ခြင်းရဲ့ အကြောင်းတဲ့၊ အဲဒီ ဘဝင်တွေကနေပြီးတော့ ကြံသိ စိတ်တွေဖြစ်လာတယ်၊ ဒီမှာ ဘဝင်စိတ်ဆိုတာဟာ အဲဒီ ဘဝင်စိတ်တွေကိုဆိုတာပဲ၊ ထင်ပေါ်သည့် အာရုံဆိုတာကတော့ မြင်ပြီးသားအာရုံလည်းပေါ်နိုင်တယ်၊ ကြားပြီးသားအာရုံလည်း ပေါ်နိုင်တယ်၊ နံပြီးသား, စားပြီးသား, တွေ့ထိပြီးသား အာရုံ၊ အဲဒီအာရုံတွေလည်း ပေါ်နိုင်တာပဲ၊ ဒီပြင် အလွတ်လည်းပဲ စိတ်ကူး ကံစည်ပြီး ရလာတဲ့အာရုံတွေ အမျိုးမျိုးပေါ့၊ ပရမတ်ရော၊ ပညတ်ရောစုံလို့ပေါ့၊ စိတ်ကူးကြံစည်တာထဲပေါ်လာတဲ့ အာရုံတွေကတော့ ပြည့်လို့ပါပဲ၊ ပြီးတော့ မှီရာရုပ်တဲ့၊ စိတ်ကူးစဉ်းစား ကြံစည်တဲ့စိတ်ကလည်းပဲ ရုပ်ကိုမှီပြီးတော့ဖြစ်တယ်တဲ့၊ အဋ္ဌကထာ ဆရာများက ဟဒယဝတ္ထုရုပ်ကို မှီတယ်လို့ဆိုပါတယ်၊ ဘာပဲဖြစ်ဖြစ် ပေါ့လေ၊ သူက မှီရာရုပ်ပဲ၊ ဒီမှာ သာမညပဲထားလိုက်ပါတော့၊ ငြင်းစရာမရှိအောင် ဘုန်းကြီးက ဒီလောက်ပဲ ထားလိုက်ပါတယ်၊ မှီရာရုပ်ရှိမှလည်း စိတ်ကူး ကြံစည်မှုဖြစ်တယ်၊ ရုပ်မရှိရင် စိတ်ကူးကြံစည်မှုမဖြစ်နိုင်ဘူး၊ ပြီးတော့ နှလုံးသွင်းမှုတဲ့၊ နှလုံးသွင်းမှုက ဆင်ခြင်မှုလေးပါပဲ၊ “နှလုံးသွင်းမှု ဤလေးခုရှိမှ ကြံသိမှုဖြစ်တယ်”ကိုင်းဆိုရမယ်။

(တတိယအကြိမ်)

"ဘဝင်စိတ် ထင်ပေါ်သည့်အာရုံ၊ မှီရာရုပ်. နှလုံးသွင်းမှု၊ ဤလေးခုရှိမှ ကြံသိမှု ဖြစ်သည်"(ဆို ၃-ခေါက်)

စဉ်းစားကြံစည်မှုဖြစ်တဲ့အခါ အကြောင်းဘယ်နှစ်ခုရှိတုန်းဆိုရင် လေးခုရှိတယ်၊ ဘာတွေတုန်းဆိုရင် ဘဝင်စိတ်က တစ်ခု၊ ဘဝင်စိတ်ဆိုတာ လှုပ်ရှားလာတဲ့ဘဝင်ကို ပြောတာ၊ ရိုးရိုးအိပ်မောကျနေတဲ့ ဘဝင်ကိုပြောတာမဟုတ်ဘူး၊ အိပ်မောကျနေတဲ့အခါ အာရုံမပေါ်ဘူး၊ နိုးတဲ့အခါမှသာ အာရုံ ထင်ပေါ်တယ်လို့ဆိုတယ်၊ ဒါလည်း နားလည်ဖို့ မလွယ်လှပါဘူး၊ စာထဲပေထဲပါလို့ ေအဲဒီအတိုင်း ထင်ပေါ်တယ်လို့ ပြောရတာပဲ၊ မျက်စိထဲ အဆင်း ထင်ပေါ်တာတို့၊ နားထဲ အသံထင်ပေါ်တာတို့ ဒါတွေကတော့ ထင်ရှားတယ်၊ ဘဝင်စိတ်ပေါ်မှာ အာရုံ ထင်ပေါ်လာတယ် ဆိုတာကတော့ ကျမ်းဂန် အနေအားဖြင့်သာ မှတ်ထားရတယ်၊ ဒါကိုသိဖို့ရာ မလွယ်ပါဘူး၊ အာရုံဟာ စိတ်ကူးလိုက်ရင် ပေါ်လာတာချည်းပဲ၊ စိတ်မကူးရင် မပေါ်ဘူး၊ ဒါကတော့ ထင်ရှားပါတယ်၊ ပြီးတော့ မှီရာရုပ်တဲ့၊ အခု ကြံသိတဲ့စိတ်ရဲ့ မှီရာရုပ်ကို အဋ္ဌကထာဆရာက နှလုံးသွင်းရုပ်လို့ ဆိုတယ်၊ နှလုံးသွေးထဲမှာ တည်နေတဲ့ရုပ်ဟာ မှီရာရုပ်တဲ့၊ မှီရာရုပ် နှလုံးသွင်းမှု ဤလေးခုရှိမှ ကြံသိမှု ဖြစ်တယ်။

## အာရုံနဲ့ဝိပါက်

ကုသိုလ်ကံကြောင့် အာရုံကောင်းတွေပြီးတော့ အကျိုးဝိပါက် ဖြစ်ပေါ်လာရတယ်၊ အကုသိုလ်ကံကြောင့် မကောင်းတဲ့အာရုံနဲ့ တွေ့ပြီးတော့ အကျိုးဝိပါက်စိတ် ဖြစ်ပေါ်လာရတယ်၊ ကောင်းရင် ကောင်းတဲ့အလိုက် မကောင်းရင် မကောင်းတဲ့ အလိုက် အကျိုးဝိပါက်ကတော့ ဖြစ်ပေါ်လာရတာချည်းပါပဲ၊ အဲဒါကို ဆိုကြရမယ်။

"အာရုံ ကောင်း၍ ကုသိုလ်ကံကြောင့် ဝိပါက်စိတ် ဖြစ်သည်
အာရုံဆိုး၍ အကုသိုလ်ကံကြောင့် ဝိပါက်စိတ် ဖြစ်သည်"
(ဆို ၃-ခေါက်)

အာရုံကောင်းတာကို မြင်ရတိုင်း၊ ကြားရတိုင်း၊ တွေ့ရတိုင်း ကုသိုလ်ကံ ကြောင့် ဖြစ်တယ်၊ ကုသိုလ်ကံရဲ့ အကျိုးပဲ၊ ဒါတွေ တွေ့ရတာ ကံကောင်းလို့ပဲလို့

လူတွေက သိကြတယ်၊ အာရုံကောင်းတွေကို တွေ့တိုင်း တွေ့တိုင်း ကုသိုလ်ကံကြောင့် ဒီလို အာရုံကောင်းတွေကို တွေ့ရတာပဲလို့ သဘောပေါက်သွားရင် ဒါလည်း ပဋိစ္စသမုပ္ပာဒ်ပါပဲ၊ အကြောင်းနဲ့ အကျိုးကို သိတယ်ဆိုရင် အဲဒါ ပဋိစ္စသမုပ္ပာဒ်ကို သိတာပဲ၊ ဘယ်သူကမှ ဖန်ဆင်းတာမဟုတ်ဘူး၊ ဘယ်သူကမှ လုပ်ပေးတာမဟုတ်ဘူး၊ ရှေးကုသိုလ်ကံကြောင့် အာရုံကောင်းတွေ တွေ့သိပြီးတော့ ခံစားနေရတာပဲ၊ အဲဒါ ကုသလဝိပါက်စိတ်လို့ ခေါ်တယ်၊ ကုသိုလ်၏ အကျိုးဝိပါက်စိတ်တွေတဲ့၊ အာရုံဆိုးတွေ တွေ့ပြီးတော့ ခံစားနေရတာလည်း ရှေးအကုသိုလ်ကံကြောင့်ပဲ၊ ဘယ်သူကမှ လုပ်ပေးတာမဟုတ်ဘူး၊ ရှေးအကုသိုလ်ကံကြောင့် အာရုံဆိုးတွေ တွေ့သိပြီးတော့ ခံစားနေရတာပဲ၊ အဲဒါ အကုသလဝိပါက်စိတ်လို့ ခေါ်တယ်၊ အကုသိုလ်၏ အကျိုးဝိပါက်စိတ်တွေတဲ့။

အကုသိုလ်ကံဆိုရင် ကံချည်းသက်သက် ဖြစ်တာမဟုတ်ဘူး၊ အဝိဇ္ဇာတဏှာ ဥပါဒါန်တွေ၊ သင်္ခါရတွေ အကုန်လုံး ပါလာကြတာ၊ မသိတဲ့အဝိဇ္ဇာရှိမှ တဏှာက အကောင်းထင်ပြီးတော့ သာယာနှစ်သက်တယ်၊ သာယာနှစ်သက်တော့ သာယာနှစ်သက်ရာကနေ စွဲလမ်းတဲ့ ဥပါဒါန် ဖြစ်လာတာပဲ၊ စွဲလမ်းတော့ မရရအောင် အားထုတ်တယ်၊ အားထုတ်တော့ အမှုအောင်မြင်သွားတယ်၊ အဲဒါ ကံဖြစ်တော့တာပဲ၊ အဲဒီလို ကံကြောင့် ကောင်းကျိုးဆိုးကျိုးတွေ ဖြစ်နေတာပဲလို့ ဒီလိုသိတာဟာ ပဋိစ္စသမုပ္ပါဒ်ကို သိတာပဲ၊ အဲဒါတွေကို နားလည်ထားဖို့လိုပါတယ်၊ ကနေ့အချိန်က တစ်နာရီခွဲကျော်လို့ ၂–နာရီတောင် နီးသွားပြီ၊ ဒီလောက်နဲ့ပဲ ရပ်ကြဦးစို့ရဲ့၊ နောက်တရားပွဲကျရင် ၈–နံပါတ် ၉–နံပါတ်နဲ့ ကြိယာအဗျာကတတွေ၊ အဲဒီ စာရွက်တွေ မပျောက်စေကြနဲ့၊ နောက်ထပ် မပေးနိုင်ဘူး၊ စာရွက်က တစ်ထောင်တည်း ရိုက်ထားတာ၊ ပေးစရာ မရှိတော့ဘူး၊ တရားသိမ်းကြစို့။

ယနေ့အဖို့ အကျွန်ုပ်တို့ ပြုစု အားထုတ်အပ်သော။ ပ။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

သာဓု . . . သာဓု . . . သာဓု . . .။

(တတိယအကြိမ်)

# အဘိဓမ္မာတရားတော်ကြီး

တိတိကျကျ ဟောနေရင် မပြီးနိုင်

ဒီကနေ့ ၁၃၃၇-ခု၊ ကဆုန်လကွယ်နေ့ဖြစ်တယ်၊ ဟောရမယ့်တရားကတော့ ပြာသိုလပြည့်ကစပြီး ဟောခဲ့တဲ့ အဘိဓမ္မာတရားတော်ကြီးပါပဲ၊ ဝါစဉ်အားဖြင့် ၇-ဝါမြောက်မှာ မြတ်စွာဘုရားက တာဝတိံသာနတ်ပြည်မှာ ဟောခဲ့တဲ့တရားတဲ့၊ အဋ္ဌသာလိနီ အဋ္ဌကထာစသည်တို့မှာ ဖွင့်ပြထားပါတယ်၊ အခု ဘုန်းကြီး ဟောလာတာဟာ ၁၃၃၆-ခု၊ ပြာသိုလ်လပြည့်နေ့ကစပြီး ဟောလာတာပဲ၊ တိတိကျကျတော့ မဟောနိုင်ပါဘူး၊ တိတိကျကျ ဟောနေရင်လည်း မပြီးနိုင် မဆုံးနိုင်ဖြစ်နေမှာပဲ၊ နာကြားရတဲ့ ပုဂ္ဂိုလ်တွေလည်း စိတ်ဝင်စားမှု သိပ်ရှိမှာမဟုတ်ပါဘူး၊ ဒီတော့ နာကြားရတဲ့ပုဂ္ဂိုလ်တွေလည်း နာကြားနိုင်အောင် အဘိဓမ္မာဟောပုံကိုလည်း အတော်အတန်ရိပ်မိလေအောင် အဘိဓမ္မာနဲ့စပ်ပြီးတော့လည်း ရုပ်တရား နာမ်တရားတွေခွဲခြားပြီး သိနိုင်သမျှသိအောင်လို့ ဘုန်းကြီးက ဟောနေပါတယ်၊ ဟောရာမှာလည်း အတိုချုံးနိုင်သမျှချုံးပြီးတော့ ဟောပါတယ်၊ အင်မတန်ရှည်လျားတဲ့ အဘိဓမ္မာတရားတော်ကြီးကို ရှိတဲ့အတိုင်း ဟောနေမယ်ဆိုရင် ဟောတဲ့ပုဂ္ဂိုလ်ကလည်း မဟောနိုင်ပါဘူး၊ နာတဲ့ပုဂ္ဂိုလ်တွေကလည်း နာနိုင်မှာမဟုတ်ပါဘူး။

အတိုချုံးပြီးတော့ ဟောလာခဲ့တာ အခုဆိုရင် “ကတမေ ဓမ္မာ ကုသလာ” အရ ကာမာဝစရကုသိုလ်စိတ် ၈-ခု၊ ရူပါဝစရကုသိုလ်စိတ် ၅-ခု၊ အရူပါဝစရ ကုသိုလ်စိတ်၄-ခုတော့ ပြီးခဲ့ပြီ၊ လောကုတ္တရာမဂ်ကုသိုလ် ၄-ခုလည်း ဟောခဲ့ပြီ၊ အဲဒါ ကုသလာဓမ္မာအရ ပြီးသွားပြီ၊ အကုသလာဓမ္မာအရလည်း အကုသိုလ်စိတ် ၁၂-ခု ဟောခဲ့ပြီ၊ အဗျာကတာ ဓမ္မာအရ အဗျာကတတရား ဝိပါက်အဗျာကတ လည်းရှိတယ်၊ ကြိယာအဗျာကတလည်းရှိတယ်၊ ရုပ်အဗျာကတလည်းရှိတယ်၊ နိဗ္ဗာန်အဗျာကတလည်းရှိတယ်။

(တတိယအကြိမ်)

အဲဒီ လေးမျိုးထဲက ဝိပါက်အဗျာကတကို ဟောခဲ့တာဟာ အတော်စုံသွားပြီ၊ အရင်လပြည့်နေ့ကဝေတဲ့ တရားဆောင်ပုဒ် စာရွက်ကလေးတွေပါမှဖြစ်မယ်၊ ဆောင်ပုဒ် စာရွက်မပါလို့ရှိရင်တော့ ဒီအတိုင်းအလွတ်မှတ်နိုင်ဖို့ မလွယ်ဘူး၊ အဲဒီမှာ စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှာဝိညာဉ်, ကာယဝိညာဉ်ဆိုတဲ့ ဝိညာဉ်ငါးပါး၊ အဲဒါကို ပဉ္စဝိညာဉ်လို့ခေါ်တယ်၊ ကုသလဝိပါက် ကုသိုလ်၏ အကျိုးက ငါးပါး၊ အကုသလဝိပါက် အကုသိုလ်၏အကျိုးက ငါးပါးဆိုတော့ ၁၀-ပါး ပေါ့လေ၊ ဒွေပဉ္စဝိညာဉ်လို့ ခေါ်တယ်၊ အဲဒါက စပြီးဟောလာခဲ့တာ ပြီးသွားပြီ၊ ဒွေပဉ္စဝိညာဉ် ၁၀-နဲ့ယှဉ်တဲ့ စေတသိက် နာမ်တရားတွေက ၇-ပါးရှိတယ်၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာတော့ သူ့ဟာ ရှင်းရှင်းလေးပါပဲ၊ ရှင်းအောင်လည်း အတိုချုပ်ပြီးတော့ ရေးထားတယ်၊ ပါဠိတော်ကတော့ ဒီလို မဟုတ်ပါဘူး၊ ပါဠိတော်အသွားအတိုင်း သူ့နည်းနဲ့သူ ဟောရတာဆိုတော့ ကျယ်ဝန်းပါတယ်၊ အဲဒီမှာ စေတသိက် ၇-ပါးနဲ့ စိတ်ပေါင်းပါဆိုရင်တော့ ၈-ပါးတဲ့၊ ဒီလိုတွဲပြီးတော့ ဟောထားတယ်၊ နောက်ပြီးတော့ မနောဓါတ်ခေါ်တဲ့ သမ္ပဋိစ္ဆိုန်း ကုသလဝိပါက် ကုသိုလ်အကျိုးကတစ်ခု၊ အကုသလဝိပါက် အကုသိုလ်အကျိုးကတစ်ခု၊ အဲဒါလည်းဟောခဲ့ပြီ၊ မနောဝိညာဏဓါတ်ခေါ်တဲ့ သန္တိရဏစိတ်ကတော့ သုံးခုရှိတယ်၊ အကုသလဝိပါက် အကုသိုလ်ကျိုးကတစ်ခု၊ သူကတော့ ဥပေက္ခာသဟဂုတ်တစ်ခုပဲ၊ ကုသလဝိပါက် ကုသိုလ်အကျိုးကတော့ ဥပေက္ခာသဟဂုတ် ဥပေက္ခာနဲ့ယှဉ်တာကတစ်ခု၊ သောမနဿ သဟဂုတ် သောမနဿနဲ့ယှဉ်တာကတစ်ခု၊ အဲဒီလို ၂-ခုရှိတယ်၊ အဲဒါ သန္တိရဏစိတ် ၃-ခုတဲ့၊ အဟေတုက ဟိတ်မရှိတဲ့ မနောဝိညာဏဓါတ်တွေပါပဲ၊ အဲဒါတွေ အကုန်လုံး ပြီးခဲ့ပြီ၊ ကုသလဝိပါက်က ပဉ္စဝိညာဉ်ငါးခု၊ သမ္ပဋိစ္ဆိုန်း တစ်ခု၊ သောမနဿသဟဂုတ်နဲ့ ဥပေက္ခာသဟဂုတ် သန္တိရဏက ၂-ခုဆိုတော့ ၈-ခု ရှိပါတယ်၊ အကုသလဝိပါက်ကတော့ ပဉ္စဝိညာဉ်ငါးခု၊ သမ္ပဋိစ္ဆိုန်းတစ်ခု၊ သန္တိရဏတစ်ခု ၇-ခုပဲရှိတယ်၊ အဲဒါတွေအကုန်လုံးပြီးသွားပြီ၊ အဲဒီ ပဉ္စဝိညာဉ်ဆိုတဲ့ စက္ခုဝိညာဉ်စတဲ့ ဝိညာဉ်တွေဖြစ်ပုံကို နားလည်အောင်လို့ ဘုန်းကြီးက ဆောင်ပုဒ် ကလေးတွေလည်း တစ်နေ့က ပေးထားခဲ့ပါတယ်၊ စာရွက်ပါတဲ့ပုဂ္ဂိုလ်တွေဆိုတော့ လွယ်လွယ်ပါပဲ၊ စာရွက်မပါရင်တော့ ဒါက မလွယ်ဘူး။

(တတိယအကြိမ်)

## ဝိထိစိတ်ဖြစ်ပုံ

ဝိထိစိတ်ဖြစ်တော့ ဒီစိတ်တွေ ဘယ်လိုဖြစ်သလဲဆိုရင် ရှေးဦးစွာက ဘဝင်စိတ်တွေ ဖြစ်နေတယ်တဲ့၊ အိပ်ပျော်နေသလိုပဲ၊ ဒီဘဝင်စိတ်ဟာ ဘာမှမသိဘူး၊ ဘဝင်စိတ်ဆိုတာ အခုဖြစ်ဆဲအာရုံကို မသိတဲ့ မသိစိတ်တွေဘဲ၊ အဲဒီကနေပြီးတော့ မျက်စိထဲ အဆင်းထင်လာလို့ရှိရင် ဆင်ခြင်တဲ့ ပဥ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်လာတယ်၊ ငါးဒွါရ၌ ထင်လာတဲ့အာရုံကို ဆင်ခြင်တာဖြစ်လို့ ပဥ္စဒွါရာဝဇ္ဇန်းစိတ်တဲ့၊ အဲဒီစိတ်ကို တိုက်ရိုက်တော့ မဟောရသေးဘူး၊ သူက ကြိယာစိတ်ဆိုတော့ ကုသိုလ်, အကုသိုလ်လည်း မဟုတ်ဘူး၊ ကုသိုလ်ကျိုး, အကုသိုလ်ကျိုးလည်း မဟုတ်ဘူး၊ သူက အကျိုးမပေးနိုင်ဘူး၊ ငါးဒွါရ၌ ထင်လာတဲ့အာရုံကို "ဘာလဲ" လို့ ဆင်ခြင်ကာမျှပဲ၊ သူဖြစ်ပြီးတော့ စက္ခုဝိညာဉ်စိတ်ဖြစ်တယ်၊ ပြီးတော့ သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံ အဲဒီလို အစဉ်အတိုင်းဖြစ်ပြီးတော့ ကျနေကြဘဝင်ပြွေကျလာတယ်၊ အဲဒါတွေနားလည်အောင်လို့ "ဘဝင်, ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထိုပြင်လက်ခံတုံ။ စုံစမ်း,ဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ" ဆိုတဲ့ ဆောင်ပုဒ်ကိုရေးထားပါတယ်၊ ဒါတွေကို ဟောလာတာ ၂-သီတင်း ရှိသွားပါပြီ၊ ခုတစ်ခါ ထပ်ဟောရတာကတော့ ပေါ်လာအောင်လို့ ထပ်ဟောရတာပဲ၊ ထပ်ပြီးတော့ မဟောရင် သဘောပေါက်မှာ မဟုတ်ဘူး။

အဘိဓမ္မာကို လေ့လာမထားတဲ့ပုဂ္ဂိုလ်ဆိုရင် ဒါတွေကိုမှတ်ထားဖို့ရာ တယ်ပြီးတော့ မလွယ်လှဘူး၊ ဘုန်းကြီးရေးပေးထားတဲ့ အခုဆောင်ပုဒ်ကလေးတွေကို ရထားရင်တော့ နားလည်းမှာပါပဲ၊ နားလည်ရင်လည်း ပြီးတာပါပဲ၊ ဆောင်ပုဒ်ရပြီးသား ယောဂီပုဂ္ဂိုလ်တွေလည်း တရားမှတ်နေရတာဆိုတော့ မေ့ကုန်မှာပဲ၊ ဒါလေးတွေက အသုံးကျတယ်၊ ဆိုကြဦးစို့။

"ဘဝင်, ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထိုပြင် လက်ခံတုံ။
စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ် တဒါရုံ။" (ဆို ၃-ခေါက်)

မျက်စိထဲ အဆင်းကျလာတဲ့အခါ၊ နားထဲအသံကျလာတဲ့အခါ၊ နှာခေါင်း, လျှာ, ကိုယ်ထဲအနံ့, အရသာ, အတွေ့ အဲဒီအာရုံတွေကျလာတဲ့အခါ ဘဝင်စိတ်, ဆင်ခြင်တဲ့ ပဥ္စဒွါရာဝဇ္ဇန်းစိတ်, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော,

(တတိယအကြိမ်)

ဖော, တဒါရုံ-ပြီးတော့ ဘဝင်ပဲပြန်ကျသွားတယ်တဲ့၊ အဲဒီမှာ စက္ခုဝိညာဉ်, သောတဝိညာဉ်စတဲ့ အမည်တွေကတော့ ပါဠိပျက်အမည်တွေပဲ၊ မြန်မာလိုပြန်တဲ့အခါ မြင်သိ, ကြားသိ, နံသိ, စားသိ, တွေ့သိလို့ ပြန်ရတာပဲ၊ မြင်တယ်, ကြားတယ် ဆိုတာကတော့ လူတိုင်းသိနေကြတာပဲ၊ မျက်စိကမြင်လိုက်၊ နားကကြားလိုက်၊ နှာခေါင်းကနံလိုက်၊ လျှာက အရသာစားလိုက်၊ ကိုယ်က တွေ့ထိလိုက် ဒီငါးပါးကတော့ စာကျက်နေစရာမလိုပါဘူး၊ ကိုယ့်ကိုယ်မှာပဲ ရှိနေတာ ဘာမှမခက်ပါဘူး။

မျက်စိကသိတော့ မြင်တယ်လို့ခေါ်တယ်၊ အဲဒါ မြင်သိပဲ၊ နားကသိတော့ ကြားတယ်လို့ ခေါ်တယ်၊ အဲဒါကြားသိပဲ၊ နှာခေါင်းကသိတော့ နံတယ်လို့ ခေါ်တယ်၊ အဲဒါနံသိပဲ၊ လျှာကသိတော့ အရသာကိုသိတယ်၊ လျှာကတော့ ဝေါဟာရသီးသန့်မရှိဘူး၊ အရသာသိတယ်လို့ ပြောရတာပဲ၊ ကိုယ်ကသိတော့ တွေ့သိလို့ခေါ်တယ်၊ အဲဒီငါးခုဟာ စာကျက်နေစရာမလိုပါဘူး၊ ကိုယ့်ကိုယ်ထဲမှာ ဖြစ်နေတာတွေပဲ၊ အဲဒါ ပဉ္စဝိညာဉ် စိတ်ငါးခုတဲ့။

ပဉ္စဝိညာဉ်ပြီးတော့ သမ္ပဋိစ္ဆိုန်းပဲ၊ သမ္ပဋိစ္ဆိုင်းဆိုတာ ပါဠိပျက်ပဲ၊ သမ္ပဋိစ္ဆနဆိုတဲ့ ပါဠိအတိုင်း သမ္ပဋိစ္ဆိုန်းလို့ ခေါ်နေတာပဲ၊ မြန်မာလို သက်သက်ဆိုရင် လက်ခံစိတ် ထင်လာတဲ့အာရုံ၊ ဒါမှမဟုတ်ရင်လည်း ရူပါရုံ, သဒ္ဒါရုံစတဲ့ မြင်ရတဲ့အာရုံ ကြားရတဲ့အာရုံ စသည်တွေကို သူကလက်ခံတဲ့စိတ်တဲ့၊ မြင်ရင် မြင်တဲ့အာရုံကို လက်ခံတယ်၊ ကြားရင် ကြားတဲ့အာရုံကို သူကလက်ခံတယ်၊ အဲဒီလို ပဉ္စဝိညာဉ်စိတ်တွေထဲက စိတ်တစ်ခုခု ဖြစ်တိုင်း ဖြစ်တိုင်း သူတို့ရလာတဲ့ အာရုံကို သမ္ပဋိစ္ဆိုန်းက လက်ခံထားတယ်တဲ့၊ ဒါကြောင့် "ဘဝင် ဆင်ခြင် မြင်ပြီးလျှင်၊ ထိုပြင် လက်ခံတုံ"လို့ ဆိုထားတာပဲ၊ အဲ သူက လက်ခံတဲ့စိတ်တဲ့၊ ကြားပြီးလျှင်, နံပြီးလျှင်, စားပြီးလျှင်, တွေ့ပြီးလျှင်, တွေ့ထိပြီးလျှင်၊ အဲဒါ တွေ့မှာလည်း အတူတူပါပဲ။

လက်ခံပြီးတော့ စုံစမ်းတဲ့စိတ်တဲ့၊ ပါဠိလို သန္တီရဏ မြန်မာလိုစုံစမ်းတဲ့စိတ်ပါပဲ၊ ဘယ်လိုအာရုံလဲ၊ ကောင်းသလား ဆိုးသလား စသည်ဖြင့်ပေါ့လေ၊ သူက စုံစမ်းတယ်၊ စုံစမ်းပြီးတော့ နောက်စိတ်ကဆုံးဖြတ်တယ်၊ ကောင်းရင်ကောင်းတယ်၊

မကောင်းရင် မကောင်းဘူးလို့ သူက ဆုံးဖြတ်လိုက်တယ်၊ အဲဒါ ဝုဋ္ဌောစိတ်တဲ့၊ ဝုဋ္ဌောဆိုတာလည်း ပါဠိပျက်ပါပဲ၊ ဝေါဋ္ဌဗ္ဗန ပါဠိကို ဘာသာပြန်ထားတာ၊ မြန်မာလိုဆိုရင် တည်စေတာတဲ့၊ ကောင်းရင်ကောင်းတဲ့အတိုင်း မကောင်းရင် မကောင်းတဲ့အတိုင်း တည်စေတယ်ပေါ့၊ အဓိပ္ပာယ်ကတော့ ဆုံးဖြတ်တာပါပဲ၊ ဒါကြောင့် အဓိပ္ပါယ်နက်အတိုင်း သိလွယ်အောင်လို့ ဆုံးဖြတ်တဲ့ စိတ်လို့ ဆိုထားတယ်။

ဝုဋ္ဌောက ဆုံးဖြတ်ပြီးတယ်ဆိုရင် ဇောစိတ်တွေဖြစ်လာတယ်၊ ဇဝနပါဠိက လာတာ၊ မြန်မာလိုကတော့ လျင်မြန်တဲ့စိတ်တဲ့၊ လျင်မြန်တာဖြစ်လို့ သူဖြစ်ရင်တော့ တစ်ကြိမ်၊ နှစ်ကြိမ်ထဲ ဘယ်တော့မှ ဖြစ်လေ့မရှိဘူး၊ အနည်းဆုံး ငါးကြိမ် အများဆုံး ၇–ကြိမ် ဖြစ်လေ့ရှိတယ်၊ ဒါက ကာမဇောရိုးရိုးနဲ့ မရဏာသန္နဇောလို ဇောတွေကိုပြောရတာပဲ၊ ရူပကုသိုလ်,အရူပကုသိုလ်၊ လောကုတ္တရာမဂ် ကုသိုလ် တွေမှာတော့ ကာမဇော ရိုးရိုးနေရာမှာလို မဟုတ်ဘူး၊ သူတို့က သီးခြားဖြစ်တော့ ဒီနေရာနဲ့လည်းမဆိုင်ဘူး၊ ဒီမှာ မဖြစ်ဘူး၊ ဇောပြီးတော့ တဒါရုံတဲ့၊ သူကတော့ တဒါရမ္မဏ ဇော၏ အာရုံလျှင် အာရုံရှိတဲ့စိတ်ပါပဲ၊ သူက နှစ်ကြိမ်ဖြစ်လေ့ ရှိတယ်၊ အဲဒါ မျက်စိက အဆင်းကိုမြင်တဲ့အခါ စိတ်စဉ်ဖြစ်ပုံပါပဲ။

"အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ်မှတ်ပါကုန်"။ တဲ့

အဆင်းကိုမြင်ရင်တော့ အဲဒါ ဖြစ်ရိုးဖြစ်စဉ်စိတ်တွေတဲ့၊ လူတိုင်း လူတိုင်း နတ်တိုင်း နတ်တိုင်း ဖြစ်ရိုးဖြစ်စဉ်ပဲ၊ မျက်စိရှိတဲ့ပုဂ္ဂိုလ်ဆိုရင် ဒီအတိုင်းချည်းပဲ၊ ဒီစိတ်တွေဟာ ဒီလို အစဉ်အတိုင်းဖြစ်လေ့ရှိတယ်၊ အခု မြင်သိစတဲ့ ပဉ္စဒွါရဝိထိ တွေမှာ တဒါရုံ အဆုံးရှိတဲ့ ဝိထိစိတ်တွေ အပြည့်အစုံဆိုရင် စိတ် အကြိမ် ၁၄–ကြိမ်ကျတယ်၊ အာရုံက ဝေးလို့ပဲဖြစ်ဖြစ်၊ သေးငယ်လို့ပဲဖြစ်ဖြစ်၊ အဲဒီလို အာရုံအားနည်းတဲ့အခါမျိုး၊ မျက်စိ, နား စတဲ့ အကြည့်တွေက မှုန်ဝါးဝါး ဖြစ်ပြီးတော့ အားသေးတဲ့ မျက်စိ, နား, နှာမျိုးဆိုရင် တဒါရုံ မကျတာလည်း ရှိတယ်၊ ဇောမကျတာလည်းရှိတယ်၊ ဝုဋ္ဌောမကျတာလည်းရှိတယ်၊ ဝုဋ္ဌော ကျခွင့်မရလို့ မကျဘူးဆိုရင်တော့ ဝိထိစိတ်မဖြစ်ဘဲ အဲဒါမှာ ဘဝင်လှုပ်ရုံသာ လှုပ်တော့တာပါပဲ၊ အာရုံက ဘဝင်မှာလာပြီးထင်လိုက်တော့ ဘဝင်လှုပ်ရုံသာ လှုပ်သွားတယ်၊ အာရုံတို့ အကြည်ဓါတ်တို့ အဲဒါတွေ တစ်ခုခုက အားသေးနေတာ

ဖြစ်တော့ အာဝဇ္ဇန်းစတဲ့ ဝီထိစိတ်တွေ မကျနိုင်တော့ဘူး၊ အဲဒီလိုအခါမှာဆိုရင် မြင်သိမှု ကြားသိမှုစသည် မဖြစ်နိုင်တော့ဘူးပေါ့၊ တဒါရုံတို့ ဇောတို့မကျဘဲ ဝုဋ္ဌောတင် ရပ်သွားတယ်ဆိုတာကို တချို့ ကျမ်းဆရာတွေက သဘောမကျကြဘူး၊ ဒါပေမယ့် ယုတ္တိရှိပါတယ်၊ ဝိပဿနာရှုတဲ့ ယောဂီပုဂ္ဂိုလ်တွေမှာ ဒီအတိုင်း ဖြစ်နိုင်ပါတယ်၊ ဝိပဿနာဉာဏ် ရင့်သန်တဲ့အခါကျတော့ မြင်တာ ကြားတာတွေဟာ ပီပီသသမထင်ဘူး၊ သိရဖို့လောက်သာ မဲ့ပြီးရှုမှတ်နေတာဖြစ်တော့ မြင်တာ ကြားတာတွေကို ဂရုမစိုက်ဘဲဟာကိုး၊ အဆင်းအာရုံ ကျရောက်လာရင်လည်း ပီပီသသ မဟုတ်တော့ ဝုဋ္ဌောကလည်း ကောင်း, မကောင်း ပိုင်ပိုင်နိုင်နိုင် မဆုံးဖြတ်နိုင်ဘူး၊ အဲဒါနဲ့ ဝုဋ္ဌောတင် ရပ်သွားပြီးတော့ ဘဝင်ဆက်ကျသွားတယ်၊ မှတ်စိတ်က ဒီတင်ပဲ မြင်တယ် ကြားတယ်လို့ ဆက်ပြီးတော့ ရှုမှတ်တယ်၊ မြင်ရုံသာမြင်၊ ကြားရုံသာကြားပြီးတော့ ကောင်း, မကောင်း ဘာမှမထင်ရှားတော့ဘူး၊ မြင်ရင်မြင်တယ်၊ သိတယ်၊ ကြားရင်ကြားတယ်၊ သိတယ် စသည်ဖြင့် ရှုမှတ်လိုက်တာဖြစ်တော့ ဒီတင်ပဲ ရပ်သွားတာ။ ဇောမကျတော့ဘူး၊ ပဉ္စဒွါရမှာရော မနောဒွါရမှာရော ဇောမကျတော့ဘူး၊ အာရုံနဲ့ အသိနှစ်ခုရှိနေတာဖြစ်တော့ အာရုံရုပ်ထင်ရှားရင် ရုပ်၊ အသိနာမ်ထင်ရှားရင် နာမ်၊ ထင်ရှားရာဖြစ်ပြီးတော့ ပျက်နေတာကို မြင်ရတယ်၊ ဒီလိုမြင်နေတာဖြစ်လို့မို့ ရုပ်နာမ် အနိစ္စ, ဒုက္ခ, အနတ္တပဲဆိုတာ ဝိပဿနာဉာဏ်က သိသွားပါတယ်၊ အဲဒီလိုအသိမျိုးရောက်အောင် အားထုတ်ရတာပဲ၊ ဘင်္ဂဉာဏ် စပြီးတော့ ဒီလိုဖြစ်သွားတာ၊ သင်္ခါရုပေက္ခာဉာဏ် ရောက်ပြီဆိုတော့ အထူးပဲထင်ရှားပါတယ်၊ ဒီလိုစိတ် ဖြစ်ပုံပျက်ပုံတွေကို သိရအောင်ဆိုပြီးတော့ ဒီမှာညွှန်းထားတယ်၊ ဘယ်လိုတုန်းဆိုရင်–

"ကြား နံ့, စား, ထိ၊ မြင်တူ၏၊ မှတ်သိစိတ်ဖြစ်ပုံ" တဲ့။

ကြားတာရယ်၊ နံ့တာရယ်၊ စားတာရယ်၊ တွေ့ထိတာရယ်၊ ဒီလေးခုဟာ မြင်တာနဲ့ ဖြစ်ပုံချင်း ရှုမှတ်ရတာချင်း အတူတူပါပဲလို့ ညွှန်းပြထားပါတယ်။ ပြီးတော့ "ဘဝင်, ဆင်ခြင်၊ မြင်ပြီးလျှင်" ဆိုတဲ့နေရာမှာ "ဘဝင်ဆင်ခြင် ကြားပြီးလျှင်၊ ဘဝင်ဆင်ခြင် နံ့ပြီးလျှင်၊ ဘဝင်ဆင်ခြင် စားပြီးလျှင်၊ ဘဝင်ဆင်ခြင် ထိပြီးလျှင်" ဒီလိုလည်း သူ့အရာဌာနနဲ့သူ စိတ်ဖြစ်ပုံလေးတွေကို လွယ်လွယ်ကူကူ သိနိုင်အောင် လင်္ကာဆောင်ပုဒ်တွေ ဖော်ပြထားပါတယ်၊ လဲထည့်ရမယ့်နေရာမှာ

ဒီလို လဲ,လှယ် ထည့်သွားရုံပါပဲ၊ ဝိညာဉ်ဆိုရင်လည်း ဒီလို လဲလှယ်ပြီးတော့ ထည့်သွားရမယ်ဆိုတာ နားလည်လောက်ပါပြီ။

ပဉ္စဒွါရစိတ် ဖြစ်ပုံပြီးတော့ မနောဒွါရ၌ ကြံသိစိတ်ဖြစ်ပုံကို အရင်နေ့က တရားထဲမှာ တော်တော်ပြောခဲ့ပြီးပါပြီ၊ သူ့ဆောင်ပုဒ်က–

"ဆင်ခြင်ပြီးရာ၊ ဇော တဒါ၊ ကြံရာစိတ်ဖြစ်ပုံ" တဲ့။

အဲဒါကို အရင်နေ့က တရားပွဲမှာ အကျယ်ဟောပြီးခဲ့လို့ နားလည်လောက်ပါပြီ။

## တစ်ကြိမ်တည်းပဲ ထင်ရတယ်

အခုဟောလို့ သဘောပေါက်သွားပြီ၊ နားလည်ပြီ၊ မှတ်မိသွားပြီဆိုရင် အဲဒါ သညာသိပဲ၊ အဲဒီသညာသိလည်း အသုံးကျပါတယ်၊ စာပေနဲ့ လေ့လာသလို တရားနာပြီးတော့လည်း လေ့လာရတယ်၊ မှတ်သားရတယ်၊ ဒါမှ ဗဟုသုတရှိပြီး တရားအားထုတ်လိုတဲ့ သဒ္ဓါတရား ဖြစ်လာနိုင်တယ်၊ တရားအားထုတ်လို့ သမာဓိဖြစ်လာပြီဆိုရင် အဲဒီအခါကျတော့ ကိုယ်ထဲကအတွေ့အထိကိုပါ သိလာနိုင်တာပဲ၊ အတွေ့အထိက များများရှုမှတ်ရပါတယ်။ ရှုမှတ်တဲ့အာရုံကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း သိသိလာပြီဆိုတော့ သိမှတ်မှု တစ်ခုခုမှာ စိတ်အကြိမ် ဘယ်နှစ်ကြိမ်ဖြစ်သလဲဆိုရင် ဆင်ခြင်တဲ့ မနောဒွါရာဝဇ္ဇန်းက တစ်ကြိမ်၊ ကာမာဝစရ ဉာဏသမ္ပယုတ်လေးခုတို့တွင် တစ်ခုခုက ဝိပဿနာဇော ၇–ကြိမ်၊ တဒါရုံ ၂–ကြိမ်၊ အဲဒီလို ၁၀–ကြိမ်ဖြစ်လာတယ်၊ သို့သော်မယ့်လို့ ရှုမှတ်တဲ့ ပုဂ္ဂိုလ်မှာတော့ စိတ်တစ်ခုတည်း တစ်ကြိမ်တည်းလို့သိတယ်၊ ဒီထက်ပိုပြီးတော့လည်း မသိနိုင်ဘူး၊ မြင်သိစသည်ကနေ ရေတွက်မယ်ဆိုရင် စိတ်အကြိမ်တွေဟာ ဒီလောက်တောင် မကပါဘူး၊ မြင်သိဆိုရင် ပဉ္စဒွါရဝီထိက စိတ်စဉ် ၁၄–ကြိမ်၊ နောက်လိုက်မနောဒွါရ ဝီထိက ၁၀–ကြိမ်၊ အဲဒါစိတ်အကြိမ် အနည်းဆုံးပဲ၊ ဒါပေမယ့်လို့ ရှုမှတ်တဲ့ ယောဂီပုဂ္ဂိုလ်ကတော့ မြင်သိစိတ်ဟာ တစ်ကြိမ်တည်းပဲလို့သိတယ်၊ ကြားသိတာ၊ နံသိတာ၊ စားသိတာ၊ တွေ့သိတာတွေကိုလည်း မြင်သိတာလိုပဲ တစ်ကြိမ်တည်းအနေနဲ့သိတယ်၊ ဖောင်းတယ်၊ ပိန်တယ် မှတ်ရာမှာလည်း ဒီလိုပဲ၊ ဖောင်းတာကို သိတာလည်း တစ်ကြိမ်၊ ပိန်တာကိုသိတာလည်း တစ်ကြိမ်၊ ဒီလိုအောက်မေ့တာပဲ။

(တတိယအကြိမ်)

အဘိဓမ္မာနည်းနဲ့ဆိုရင်တော့ ဆင်ခြင်တဲ့စိတ်ကလေး တစ်ခုလည်းပါတယ်၊ ဇော ၇–ကြိမ်လည်းပါတယ်၊ ဆင်ခြင်တဲ့စိတ်ကတော့ ဆင်ခြင်ရုံပဲ၊ ဇော ၇–ကြိမ်ကျမှသာ ဖောင်းတက်လာတဲ့အခါ တောင့်တာတို့ ,တင်းတာတို့ ,တွန်းကန်တာတို့ ,လှုပ်ရှားတာတို့ကို သိလာပါတယ်၊ နောက်ပိုင်းကျတော့ ဖြစ်တာကိုလည်း သိတယ်၊ ပျောက်သွားတာကိုလည်း သိတယ်၊ အဲဒီလို ဖြစ်ပြီးပျောက်သွားတာကို သိလို့လည်း အနိစ္စ မမြဲဘူး၊ ဖြစ်မှုပျက်မှုတွေက နှိပ်စက်နေလို့ ဆင်းရဲတယ်၊ သူ့သဘောအတိုင်း ဖြစ်ပျက်နေလို့ အစိုးမရတဲ့ အနတ္တသဘောတရားပဲလို့ ဒီလိုလည်းသိတယ်၊ အဲဒီအသိတွေဟူသမျှဟာ "ဆင်ခြင်ပြီးရော၊ ဇောတဒါ" ဆိုတဲ့အတိုင်း ဆင်ခြင်တဲ့စိတ်လည်းပါတယ်၊ သူကတော့ မထင်ရှားသေးဘူး၊ ဇောကျတော့မှ ထင်ရှားလာတယ်၊ နောက် တဒါရုံကတော့ ဝိပဿနာအားနည်းတုန်းမှာသာ ပါတယ်။ ဝိပဿနာအားကောင်းလာပြီဆိုတော့ တဒါရုံမပါတော့ဘူး၊ ဘင်္ဂဉာဏ်တို့, သင်္ခါရုပေက္ခာဉာဏ်တို့ အဲဒီဉာဏ်တွေ ရောက်လာပြီဆိုတော့ ဝိပဿနာက အားကောင်းလာပြီ၊ အဲဒီကျတော့ တဒါရုံမပါတော့ဘူး၊ ဆင်ခြင်တာ တစ်ကြိမ်နဲ့ ဇော ၇–ကြိမ်၊ ဒီ ၈–ကြိမ်ပဲ၊ ဒါပေမယ့်လို့ တစ်ကြိမ်တည်းလို့ပဲ ထင်ရတယ်၊ ရှစ်ခုပဲ၊ ဆယ်ခုပဲ ဒီလိုခွဲပြီးတော့ မသိဘူး၊ အဲ မြင်တာဟာ စိတ်အကြိမ် ၁၄–ခုရှိနေပေမယ့်လို့ မြင်စိတ်တစ်စိတ်ပဲလို့ သိနေပါတယ်၊ ဒီထက်ပိုပြီးတော့ မသိနိုင်ဘူး။

အခုလို အသေးစိတ်အနေနဲ့ ဟောတာကတော့ အဘိဓမ္မာနည်းအတိုင်း ဟောတာပါ။ ဒါကတော့ ဒေသနာနည်းအရ မှတ်သားပြီးသိရတာပဲ၊ ကိုယ်ပိုင်ဉာဏ်နဲ့တော့ ဒီလိုအသေးစိတ်ခွဲပြီး မသိနိုင်ပါဘူး။ ခွဲပြီးတော့ သိဖို့ရာလည်း မဟောပါဘူး။ "ရူပါရမ္မဏံ စိတ္တံ ဥပ္ပဇ္ဇိတွာ၊ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ" တဲ့။ ပဋိသမ္ဘိဒါမဂ်မှာ အသေးစိတ် ဝေဖန်ဟောကြားထားပါတယ်၊ အဲဒီမှာ အင်မတန်ကို အသေးစိတ်ပြီးတော့ ဝေဖန်ဟောကြားထားပါတယ်။

ရူပါရမ္မဏံ၊ ရုပ်လျှင် အာရုံရှိသော။ စိတ္တံ၊ စိတ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပေါ်ပြီး၍၊ ဘိဇ္ဇတိ၊ ပျက်သွားလေပြီတဲ့၊ ရုပ်ကို အာရုံပြုဖြစ်တဲ့စိတ်ဟာ ဖြစ်ပြီးတော့ ပျက်သွားတယ်တဲ့၊ ရုပ်ကို အာရုံပြုတဲ့စိတ်ဟာ ဖြစ်ပြီးတော့ ပျက်သွားတယ်၊ ထိတယ်ဆိုပါတော့ ထိတဲ့ရုပ် ထင်ရှားတဲ့အခါ

လည်းရှိတယ်၊ မထင်ရှားတဲ့အခါလည်းရှိတယ်။ အဲဒီ သိရတဲ့ရုပ်ကို အာရုံပြုပြီးတော့ သိစိတ်ကလေးဟာ ဖြစ်ပေါ်လာတယ်၊ ဖြစ်ပေါ်လာတဲ့ အဲဒီသိစိတ်ကလေးဟာ ဒီအတိုင်းမနေဘူး၊ ဖြစ်ပြီး ပျက်သွားတာပဲ၊ အဲဒီ ထိသိစိတ်ကလေးကို နောက်စိတ်ကနေပြီး ရှုမှတ်တာလည်း ရှိတာလည်းရှိတယ်၊ ထိတယ်လို့ရှုမှတ်လိုက်တယ်ဆိုရင် ခုနကဆင်ခြင်တဲ့စိတ်က တစ်ကြိမ်၊ ဇောစိတ် ၇-ကြိမ်၊ ပြီးတော့ တဒါရုံကျရင်ကျ မကျလို့ရှိရင် ၈-ကြိမ်ပေါ့လေ၊ အဲဒါဟာ မှတ်သိတဲ့စိတ်ပါပဲ၊ အဲဒီလို မှတ်သိတဲ့အခါကာလမှာ တံအာရမ္မဏပဋိသဉ်္ခါတော၊ ထိုအာရုံကို ရှုသိပြီး၍။ တဿစိတ္တဿ၊ ထိုရှုသိသောစိတ်၏။ ဘင်္ဂ၊ အပျက်ကို။ အနုပဿတိ၊ အစဉ်ရှုမြင်ပြန်၏တဲ့၊ အဲဒီလိုရှုသိပြီး ပျက်သွားတဲ့ စိတ်ကလေးကို နောက်ကလိုက်ပြီးတော့ ရှုနိုင်ပါတယ်၊ အဲဒါဟာ စိတ်အကြိမ်ကတော့ တစ်ကြိမ်တည်းမဟုတ်ဘူး၊ "ဘဝင်, ဆင်ခြင်၊ တွေ့ပြီးလျှင်" စသည့် ဆောင်ပုဒ်အတိုင်း စိတ်အစဉ်အရ ၁၄-ကြိမ်၊ တဒါရုံ ၂-ခု မကျရင် ၁၂-ကြိမ်ဖြစ်တယ်၊ အဲဒါကို တစ်စိတ်တည်းအနေနဲ့ ဟောတယ်၊ စိတ်တွေ ၁၄-ကြိမ်ဖြစ်သွားတယ်လို့ ဒီလိုမဟောဘူး။

ဒီလိုဟောလို့လည်း မဖြစ်ဘူး၊ ရှုလို့လည်း မဖြစ်ဘူး၊ ဒါက ဘယ်သူမှလည်း မရှုနိုင်ဘူး၊ ရဟန္တာပုဂ္ဂိုလ်တွေလည်း မရှုနိုင်ဘူး၊ ဘုရားတောင်မှလည်း မရှုနိုင်ပါဘူး၊ ဘုရားသိတယ်ဆိုတာက သဗ္ဗညုတဉာဏ်နဲ့သာ သိတာပဲ၊ ဝိပဿနာဉာဏ်နဲ့ကတော့ အဲဒီလိုရှုလို့ မဖြစ်ပါဘူး၊ ထိသိပြီးတဲ့အခါ ထိသိတဲ့စိတ်ကလေး၊ တစ်စိတ်တည်းအနေနဲ့သိတယ်၊ ထိသိပြီးပျောက်သွားတာကို တံအာရမ္မဏံ၊ ထိုရုပ်အာရုံကို။ ပဋိသဉ်္ခါ၊ ပျက်သွားသည်ဟုသိပြီး၍။ ထိသိပျောက်သွားတာလေးကို သိတယ်။ အဲဒီလိုသိပြီး တဿ၊ ထိုရှုသိသောစိတ်၏။ ဘင်္ဂ၊ ပျက်သွားသည်ကို၊ အနုပဿတိ၊ တစ်ဖန်ရှုပြန်၏၊ သိပြီးတော့ ပျက်သွားတဲ့ စိတ်ကလေး အဲဒီ စိတ်ကလေးကို တစ်ဆင့်ထပ်ပြီးတော့ ရှုနိုင်တယ်တဲ့၊ အဲဒါ ဘင်္ဂဉာဏ်မှာ ဒီလိုရှုနိုင်တယ်။

မြင်တဲ့အခါမှာလည်း ဒီအတိုင်းပဲ၊ မြင်တာလေးသိပြီးတော့ ပျက်သွားတယ်လို့ ဒီလိုသိပါတယ်၊ ရှေ့စိတ်က ပျက်သွားတာရော၊ နောက်စိတ်က လိုက်မှတ်တာရော ဒီလို နှစ်ဆင့်နှစ်ဆင့် နှစ်ခုနှစ်ခုတွဲလျက် ဒီလိုပဲ သိတယ်၊ အာရုံပေါ်လာပြီးတော့ ပျက်သွားတာရယ်၊ နောက်ကသိတာလေး ပျက်သွားတာရယ် ဒီလို နှစ်ဆင့်နှစ်ဆင့်

နှစ်ခုနှစ်ခုတွဲလျက် ဒီလိုပဲ သိတယ်၊ အာရုံပေါ်လာပြီးတော့ ပျက်သွားတာရယ်၊ နောက်ကသိတာလေး ပျက်သွားတာရယ်၊ ဒီလို နှစ်ဆင့်နှစ်ဆင့် ပျက်သွားတာတွေကို တွေ့တယ်တဲ့၊ အဲဒါ ဘင်္ဂဉာဏ် ရောက်လို့ရှိရင် သိတဲ့ အသိဉာဏ်ပါပဲ၊ အခု ယောဂီပုဂ္ဂိုလ်တွေလည်း ဖောင်းတယ်လို့မှတ်လို့ရှိရင် ဒီအတိုင်း တွေ့ကြုံရတာပါပဲ၊ အစတော့ ဖောင်းတာလေးတစ်ခုကို မှတ်နိုင်အောင် အတော်ကြိုးစားရတယ်၊ နောက်တော့ ဖောင်းတာလေး ပျောက်သွားတာကိုလည်း သိတယ်၊ ဒါတင်မကဘူး၊ မှတ်သိတဲ့စိတ်ကလေး ပျောက်သွားတာကိုလည်းသိတယ်၊ ဖောင်းတယ်ဆိုတာနဲ့ ဖောင်းတာလည်းပျောက်၊ သိတာလည်းပျောက်၊ ပိန်တယ်ဆိုတာနဲ့ ပိန်တာလည်းပျောက်၊ သိတာလည်းပျောက်၊ ကွေးတယ်ဆိုတာနဲ့ ကွေးတာလည်းပျောက်၊ သိတာလည်းပျောက်၊ အဲဒီလို မှတ်တိုင်း မှတ်တိုင်း ပေါ်လာတဲ့အာရုံလည်း မှတ်ရင်းပျောက်၊ သိတာလေးလည်းသိပြီးပျောက်၊ ဒီလိုပဲ ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ ဆက်မှတ်နေမယ်ဆိုရင် အဲဒါတွေ အကြိမ်များများကြီး ဖြစ်နိုင်ပါတယ်၊ အဲဒီလို ရှေ့စိတ်ကလေး ပျောက်သွားတာကို နောက်စိတ်ကလိုက်သိတယ်လို့ အဲဒီလို ဟောထားပါတယ်။

ဒီတော့ တစ်ဝီထိလုံးကို တစ်စိတ်အနေနဲ့ပဲ သိနိုင်ပါတယ်၊ ဝီထိထဲမှာပါတဲ့ စိတ်တွေကို အသေးစိတ် အနေအားဖြင့်တော့ မသိနိုင်ပါဘူးတဲ့၊ အဲဒါတွေကို နားလည်ထားဖို့ပါပဲ၊ အဲဒါတွေ နားလည်ရအောင်လို့ ဘုန်းကြီးက ဝီထိစိတ်ဖြစ်ပုံတွေကို ပြောနေရပါတယ်၊ အဲဒီ မှတ်သင့်တာလေးတွေကို ကျက်မှတ်ထားရမယ်။

## ဉာဏ်နှင့် ယှဉ်, မယှဉ် အကျိုးများ

ဝိညာဉ်ခြောက်ပါးဖြစ်ပုံကို တစ်နေ့က အကြောင်းနှင့်တကွ သိရအောင်လို့ ဝိညာဉ်ဖြစ်ကြောင်းတွေကို တော်တော်ပဲ ကျယ်ကျယ်ပြန့်ပြန့် ပြောပြီးခဲ့ပါပြီ၊ နောက်ပြီးတော့ ပဋိသန္ဓေကစပြီး အကျိုးပေးပုံကိုလည်း မှတ်ရအောင်လို့–

> “ထက်သန်သောဉာဏ်ယှဉ် ကုသိုလ်ကြောင့် ဉာဏ်ယှဉ်ကုသလဝိပါက်စိတ်တွေဖြစ်သည်၊ မထက်သန်သော ဉာဏ်ယှဉ်ကုသိုလ်နှင့် ထက်သန်သော ဉာဏ်မယှဉ်ကုသိုလ်တို့ကြောင့် ဉာဏ်မယှဉ်ဟိတ်ရှိ ကုသလဝိပါက် ၄–ခု ဖြစ်သည်”

(တတိယအကြိမ်)

ဒါက နည်းနည်းလေးတော့ခက်တယ်၊ ကျမ်းဂန်တွေမှာ တိုက်ရိုက်ဆိုတာကတော့ တိဟိတ် ဥက္ကဋ္ဌတဲ့၊ ဒီလို တိုက်ရိုက်နာမည်ပေးထားတယ်၊ တိဟိတ် ဥက္ကဋ္ဌ ကံကြောင့် တိဟိတ် ပဋိသန္ဓေဖြစ်တယ်တဲ့၊ တိဟိတ်ဩမကနှင့် ဒွိဟိတ် ဥက္ကဋ္ဌ ကံကြောင့် ဒွိဟိတ် ပဋိသန္ဓေဖြစ်တယ်တဲ့၊ အဲဒါ စာပေကျမ်းဂန် ဝေါဟာရတွေပါပဲ၊ ဒါတွေအတိုင်း လူတွေကိုပြောရင် နားလည်မှာ မဟုတ်ဘူး ဆိုပြီးတော့ နားလည်လောက်တဲ့ ဝေါဟာရနဲ့ သုံးထားပါတယ်၊ တိဟိတ်တို့၊ ဒွိဟိတ်တို့ပေါ်အောင်လို့ ဒီမှာ ဉာဏ်ယှဉ်တယ်ဆိုရင် တိဟိတ်ပဲ၊ ဉာဏ်မယှဉ်ဘူးဆိုရင် ဒွိဟိတ်ပဲ၊ အရင်က ကုသိုလ်စိတ်မှာ ပြထားခဲ့တဲ့အတိုင်း ကုသိုလ်စိတ်မှာ ၃၀-သော တရားတွေဖြစ်တယ်၊ အဲဒီမှာ အလောဘ, အဒေါသ, အမောဟဆိုတဲ့ ဟိတ် ၃-ပါးပါပါတယ်၊ အဲဒီဟိတ် ၃-ပါးနဲ့ ယှဉ်တဲ့စိတ်ဟာ တိဟိတ်စိတ်ပဲ၊ အမောဟဆိုတဲ့ ဉာဏ်နဲ့မယှဉ်ယင်တော့ အလောဘ, အဒေါသ ၂-ပါးနဲ့သာ ယှဉ်တော့တယ်၊ အဲဒါ ဟိတ် ၂-ပါးနဲ့သာယှဉ်တဲ့ ဒွိဟိတ်စိတ်ပဲ၊ အဲဒီကုသိုလ်စိတ်က ဟိတ် ၂-ပါးနဲ့ ယှဉ်တဲ့စိတ်၊ ဟိတ် ၃-ပါးနဲ့ ယှဉ်တဲ့စိတ်၊ အဲဒီလိုနှစ်မျိုးရှိတယ်၊ အဲဒီနှစ်မျိုးကို ဒီမှာ ဉာဏ်နဲ့ယှဉ်တဲ့စိတ်၊ ဉာဏ်နဲ့မယှဉ်တဲ့စိတ်လို့ ဒီက နာမည်ပေးထားတယ်။

ဉာဏ်နဲ့ယှဉ်တဲ့ ကုသိုလ်စိတ်ကလည်း ထက်သန်တာလည်းရှိတယ်၊ မထက်သန် တာလည်းရှိတယ်၊ အလှူအတန်းပြုတယ်ဆိုပါတော့၊ စိတ်ပါလက်ပါ ထက်ထက် သန်သန်နဲ့ ပြုတယ်ဆိုရင် အဲဒါ ထက်သန်တဲ့ ကုသိုလ်စိတ်ပဲ၊ တရားရှုမှတ်တဲ့ အခါမှာဆိုရင် ဒါ အရေးကြီးတယ်၊ ထက်ထက်သန်သန်နဲ့ ရှုမှတ်ဖို့လိုပါတယ်၊ ထက်ထက်သန်သန်နဲ့ ရှုမှတ်ရင် ထက်သန်တဲ့ကုသိုလ်တွေ ဖြစ်မှာပဲ၊ ရှော့ရှော့ရဲရဲနဲ့ ရှုမှတ်ရင်တော့ အဲဒါ အထက်မသန် ရှော့ရဲတဲ့ ကုသိုလ်ပဲဖြစ်မယ်ပေါ့၊ ဉာဏ်ယှဉ်ကုသိုလ်ချင်းတူပေမယ့် ထက်ထက်သန်သန်နဲ့ ဉာဏ်ယှဉ်၊ မထက်မသန်နဲ့ ဉာဏ်ယှဉ်ဆိုပြီး ဒီလို နှစ်မျိုးခွဲသေးတယ်၊ ထက်သန်တဲ့ ဉာဏ်ယှဉ် ကုသိုလ်စိတ် ဆိုရင် သူက ဉာဏ်အားသန်တယ်၊ အဲဒါကို တိဟိတ်ဥက္ကဋ္ဌတဲ့၊ မထက်မသန်တဲ့ ဉာဏ်ယှဉ်တဲ့ ကုသိုလ်ကိုတော့ တိဟိတ်ဩမကကုသိုလ်တဲ့၊ ကျမ်းဂန်တွေက ဒီလိုဆိုထားတယ်၊ ဒါကလည်း ပါဠိတွေနဲ့ဆိုတော့ စာပေမသင်ဘူးရင် နားလည်ဖို့

တယ်ပြီးမလွယ်လှဘူး၊ စာပေကျွမ်းဂန် သင်ကြားလေ့လာဖူးတဲ့ ယောဂီဆိုရင်တော့ အခုပြောတာကို နားလည်ဖို့ရှိပါတယ်။

အကျိုးဖြစ်တဲ့ ဝိပါက်ကျတော့ ဉာဏ်ယှဉ်တဲ့ ကုသိုလ်ကြောင့် ဉာဏ်ယှဉ်ကုသလဝိပါက် ၄-ခုတို့တွင် တစ်ခုခုဖြစ်တယ်၊ ကုသိုလ်ကျိုးဖြစ်တဲ့ ကုသလဝိပါက်ဆိုတာကတော့ ၈-ခုရှိတယ်၊ ဉာဏ်ယှဉ်တဲ့ ကုသလဝိပါက်က ၄-ခု၊ ဉာဏ်မယှဉ်တဲ့ ကုသလဝိပါက်က ၄-ခု၊ အဲဒီလို ၈-ခုရှိတယ်၊ ကုသိုလ်ကလည်း ၈-ခုဆိုတော့ အကျိုးဝိပါက်ကျတော့လည်း ၈-ခုပဲပေါ့၊ စိတ်ရွှင်ရွှင်လန်းလန်းနဲ့ဖြစ်တဲ့ သောမနဿကုသိုလ်, ဝိပါက်တို့, ရွှင်လန်းတာလည်းမဟုတ်၊ မရွှင်လန်းတာလည်း မဟုတ်တဲ့ ဥပေက္ခာ ကုသိုလ်, ဝိပါက်တို့၊ မတိုက်တွန်းဘဲဖြစ်တဲ့ ကုသိုလ်ဝိပါက်တို့၊ တိုက်တွန်းမှုဖြစ်တဲ့ ကုသိုလ်ဝိပါက်တို့ဆိုတာတွေလည်း ရှိသေးတယ်၊ အဲဒါတွေကို အရင်က ခွဲခြားပြီးပြောခဲ့ပြီးပါပြီ။

"ဤကုသိုလ်ကြောင့် တိဟိတ်ပဋိသန္ဓေနှင့် တိဟိတ်ဥက္ကဋ္ဌဖြစ်ရပါလို၏" လို့ ဆုတောင်းလေ့ရှိကြတယ်၊ ဆုတောင်းတာကလွယ်တယ်၊ အဲဒါ အရေးမကြီးဘူး၊ အရေးကြီးတာက ဉာဏ်ယှဉ်တဲ့ကုသိုလ်ဖြစ်ဖို့က အရေးကြီးတယ်၊ ဉာဏ်မယှဉ်ရင် ဆုတောင်းပေမယ့် တိဟိတ်အကျိုးမပေးနိုင်ဘူး၊ ပြီးတော့ ဉာဏ်ယှဉ်ရုံနဲ့လည်း မပြီးသေးဘူး၊ ဉာဏ်ယှဉ်ပြီး ထက်ထက်သန်သန် စိတ်ပါလက်ပါပြုတဲ့ ကုသိုလ်လည်းဖြစ်ဖို့လိုပါတယ်၊ အဲဒါမှ ဆုတောင်းတဲ့အတိုင်း တိဟိတ် ပဋိသန္ဓေနေတဲ့ တိဟိတ်ဥက္ကဋ္ဌလည်းဖြစ်မယ်၊ တိဟိတ်ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်ဆိုရင် ဘဝင်စိတ်တွေဖြစ်တော့လည်း ပဋိသန္ဓေနဲ့တူတဲ့ တိဟိတ်ဘဝင်စိတ်တွေပဲဖြစ်တယ်၊ အဆုံးဖြစ်တဲ့ စုတိစိတ်ကျတော့လည်း တိဟိတ်စုတိစိတ်ပဲ ဖြစ်ရတယ်တဲ့။

အခု တရားအားထုတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ်တွေဟာ တိဟိတ်ပဋိသန္ဓေနဲ့ တိဟိတ်ဥက္ကဋ္ဌပုဂ္ဂိုလ်ဖြစ်မယ်ဆိုရင် ရုပ်နာမ်, အနိစ္စ, ဒုက္ခ, အနတ္တတွေသိပြီး ဥဒယဗ္ဗယဉာဏ် ရောက်နိုင်တယ်၊ အဲဒီအခါမှာ အလင်းရောင်တွေလည်း ထင်လာတတ်တယ်၊ အဲဒီလိုဆိုရင် သေချာပြီ၊ အဲဒါ တိဟိတ်ပုဂ္ဂိုလ်ပဲ၊ ဘယ်လိုပုဂ္ဂိုလ်လည်းလို့ တွေးတောစဉ်းစားနေစရာ မလိုပါဘူး၊ ဆက်ပြီးအားထုတ်ရင် အဲဒီပုဂ္ဂိုလ်ဟာ တရားတက်သွားနိုင်တဲ့ ဉာဏ်ရှိနေပြီ။

(တတိယအကြိမ်)

နောက်ပြီးတော့ မထက်သန်တဲ့ ဉာဏ်ယှဉ်ကုသိုလ်ကလည်း ရှိသေးတယ်၊ သူလည်း ဉာဏသမ္ပယုတ်ပဲ၊ ဒါပေမယ့်လို့ ကုသိုလ်ကောင်းမှုကို ပြုလုပ်တဲ့အခါ ထက်ထက်သန်သန် မဟုတ်ဘူး၊ ရော့ရဲတယ်၊ နောက်ပြီးတော့ ဉာဏ်မယှဉ် ကုသိုလ်တဲ့၊ အဲဒီဉာဏ်မယှဉ်ကုသိုလ်ကလည်း ဒီလိုပဲ ထက်သန်တဲ့ ဉာဏ် မယှဉ်၊ ရော့ရဲတဲ့ ဉာဏ်မယှဉ်ဆိုပြီး နှစ်မျိုးရှိတာပဲ၊ အဲဒီကုသိုလ် ၄-ခု ကြောင့် ဉာဏ်မယှဉ်ဝိပါက် ၄-ခုတို့တွင် တစ်ခုခုဟာ အကျိုးအဖြစ်နဲ့ဖြစ်လာ ရတယ်၊ သူကတော့ အမောဟဆိုတဲ့ ဉာဏ်ဟိတ်မပါဘူး၊ အလောဘ၊ အဒေါသ ဟိတ်နှစ်ပါးပဲ ပါတော့တယ်၊ ဒါကြောင့် သူ့ကို ဒွိဟိတ် ဟိတ်နှစ်ပါးသာရှိတဲ့ ကုသိုလ်ဝိပါက်တဲ့၊ ဒီလိုခေါ်တယ်၊ ဟိတ်ရှိတာဖြစ်လို့ သူလည်းပဲ သဟိတ်ကုသလဝိပါက်ပါပဲ၊ မထက်သန်တဲ့ ဉာဏ်ယှဉ်ကုသိုလ်နဲ့ ထက်သန်တဲ့ ဉာဏ်မယှဉ်ကုသိုလ်တို့ကြောင့် ဉာဏ်မယှဉ်ဟိတ်ရှိ ကုသလဝိပါက် ၄-ခုဖြစ်တယ်၊ ဒါလေးကိုလည်း ဆိုကြဦးစို့။

> "မထက်သန်သော ဉာဏ်ယှဉ်ကုသိုလ်နှင့် ထက်သန်သော ဉာဏ် မယှဉ် ကုသိုလ်တို့ကြောင့် ဉာဏ်မယှဉ်ဟိတ်ရှိ ကုသလဝိပါက် ၄-ခု ဖြစ်သည်" (ဆို ၃-ခေါက်)

ဉာဏ်တော့ယှဉ်ပါရဲ့၊ ဒါပေမယ့်လို့ မထက်သန်တဲ့ကုသိုလ်ရယ်၊ ဉာဏ်တော့ မယှဉ်ဘူး၊ ဒါပေမယ့်လို့ အဲဒီကုသိုလ်ကတော့ ထက်သန်တယ်၊ အဲဒီကုသိုလ်ရယ်၊ ဒီကုသိုလ်နှစ်မျိုးဟာ အကျိုးဝိပါက်ကျတော့ ဟိတ်နှစ်ပါးသာရှိတဲ့ ဒွိဟိတ် ကုသလဝိပါက် ၄-ပါးပဲဖြစ်တယ်၊ ပဋိသန္ဓေအရာမှာလည်း ဒီကုသိုလ်နှစ်မျိုး၏ အကျိုးပဋိသန္ဓေဆိုလို့ရှိရင် ဉာဏ်မယှဉ်တဲ့ ဒွိဟိတ်ပဋိသန္ဓေပဲ ဖြစ်တယ်တဲ့။ အဲဒီ ဒွိဟိတ်ကုသလဝိပါက်နဲ့ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်ဆိုရင် ဉာဏ်မပါတာဖြစ်လို့မို့ တရားအားထုတ်ပေမယ့် တရားထူးတော့ မရဘူး၊ ဒါပေမယ့် တရားတော့ အားထုတ်ရပါတယ်၊ ဒီလိုပုဂ္ဂိုလ်လည်း တရားအားထုတ်ရင် ပါရမီကုသိုလ် ဖြစ်နိုင်ပါတယ်။

မထက်သန်တဲ့ ဉာဏ်မယှဉ်ကုသိုလ်က ဘာအကျိုးကို ပေးတုန်းဆိုရင် ဥပေက္ခာ သဟဂုတ် အဟိတ်ကုသလဝိပါက် သန္တီရဏဆိုတဲ့ ပဋိသန္ဓေကျိုးကို ပေးတယ်တဲ့၊ အဲဒီ အဟိတ်ကုသလဝိပါက်နဲ့ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်ဆိုတာကတော့

(တစ်ဒိယအကြိမ်)

ခြေလက်အင်္ဂါတွေမစုံတဲ့ ဖြစ်လာတတ်တယ်တဲ့။ ပဋိသန္ဓေကတည်းက လူချင်းမတူတဲ့ ဖြစ်လာတတ်တယ်ပေါ့လေ၊ ခြေလက်အင်္ဂါ မချွတ်ယွင်းရင်တောင် စိတ်ချွတ်ယွင်း လာတတ်သတဲ့၊ ဒါက အင်မတန်အားနည်းတဲ့ ကုသိုလ်တွေကြောင့်ပါပဲ။

ဉာဏ်ယှဉ်တယ် ဉာဏ်မယှဉ်ဘူးဆိုတာဟာလည်း ကုသိုလ်ပြုစဉ်က လိုလာခဲ့လို့ပါပဲ၊ ဘယ်လိုတုန်းဆိုလို့ရှိရင် ကုသိုလ်ပြုစဉ်ကတည်းက ကုသိုလ်ပြုရင် ကုသိုလ်ဖြစ်တယ်၊ အကုသိုလ်ပြုရင် အကုသိုလ်ဖြစ်တယ်၊ ကုသိုလ်က ကောင်းကျိုးပေးတယ်၊ အကုသိုလ်က မကောင်းကျိုးပေးတယ်၊ ဒီလိုသိပြီးတော့ ဉာဏ်နဲ့ယှဉ်ပြီး ကုသိုလ်ပြုခဲ့လို့ရှိရင် ဉာဏသမ္ပယုတ် ဉာဏ်နဲ့ယှဉ်ဖြစ်တဲ့ကုသိုလ်တဲ့၊ ဒီလိုမသိဘဲ စေတနာအလျှောက် ကောင်းတဲ့အမှုကိုပြုလာခဲ့ရင် ကုသိုလ်တော့ဖြစ်တာပဲ၊ ဒါပေမယ့်လို့ အဲဒါဟာ ဉာဏဝိပ္ပယုတ် ဉာဏ်နဲ့မယှဉ်တဲ့ ကုသိုလ်လို့ခေါ်တယ်၊ ထက်သန်လို့ရှိရင်တော့ အဲဒီကုသိုလ်က ဒွိဟိတ်ပဋိသန္ဓေကျိုးကိုပေးတယ်၊ မထက်သန်ရင်တော့ ခုပြောတဲ့ အဟိတ်ဝိပါက် ပဋိသန္ဓေကျိုးပေါ့လေ၊ ဟိတ်မရှိတဲ့ ပဋိသန္ဓေမျိုး၊ ခြေ,လက် အင်္ဂါချွတ်ယွင်းတဲ့ ပဋိသန္ဓေမျိုးတဲ့၊ အဲဒါကိုဆိုကြရမယ်။

"မထက်သန်သော ဉာဏ်မယှဉ်ကုသိုလ်ကြောင့် ဥပေက္ခာသဟဂုတ်
သန္တီရဏခေါ် အဟိတ်ကုသလဝိပါက်ဖြစ်သည်" (ဆို ၃-ခေါက်)

ကုသိုလ်ပြုတဲ့အခါ ကံနဲ့ကံ၏အကျိုးကိုမသိဘူး၊ မသိဘဲနဲ့ စေတနာကောင်းနဲ့ ကုသိုလ်ကိုတော့ ပြုတာပဲ၊ ကံက အကျိုးပေးတယ်ဆိုတာကိုတော့ မယုံကြည်ဘူး၊ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ အခြားဘာသာဝင် ပုဂ္ဂိုလ်တွေလည်း စေတနာကောင်းနဲ့ ကုသိုလ်တွေကိုပြုကြတာပါပဲ၊ ဘေးအန္တရာယ်ဖြစ်တဲ့အခါ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကူညီထောက်ပံ့ကြပါတယ်၊ အနောက်နိုင်ငံက ပုဂ္ဂိုလ်တွေဆိုရင် အများအပြားပဲ၊ စေတနာကောင်းတွေ ရှိကြတာကိုတွေ့ရတယ်၊ အဲဒါဟာ ကံနဲ့ ကံ၏အကျိုးကိုယုံကြည်လို့ ဒီလိုထောက်ပံ့ကြတာမဟုတ်ဘူး၊ ဒီလိုမဟုတ်ပေမယ့်လို့ သူတို့ပြုကြတဲ့အလုပ်တွေဟာ ကောင်းမှုကုသိုလ်တွေပါပဲ၊ အဲဒီကုသိုလ်တွေဟာ ဉာဏဝိပ္ပယုတ်ကုသိုလ်တွေပေါ့၊ ထက်ထက်သန်သန်ပြုရင်တော့ အဲဒါက ဒွိဟိတ်ပဋိသန္ဓေကျိုးကို ပေးနိုင်ပါတယ်၊ မထက်မသန် ရှော့ရှော့ရဲရဲ ပြုတယ် ဆိုဦးတော့ ကုသိုလ်ပဋိသန္ဓေကျိုးတော့ ဖြစ်သေးတာပဲ၊ ဒါပေမယ့်လို့ ဟိတ်ပါတဲ့

သဟိတ်ဝိပါက်တော့ မဟုတ်ဘူး၊ အဟိတ်ကုသလဝိပါက် သန္တီရဏ ပဋိသန္ဓေ ကျိုးကိုပေးမှာပဲ၊ အဲဒီသန္တီရဏကလည်း နှစ်မျိုးရှိပြန်ပါတယ်၊ သောမနဿသန္တီရဏ၊ ဥပေက္ခာသန္တီရဏတဲ့ ကုသိုလ်၏အကျိုးမှာ ဒီလိုနှစ်မျိုးရှိတယ်၊ ဒါတွေကိုတော့ စောစောက ပြောခဲ့ပါပြီ။

သန္တီရဏနှစ်မျိုးတွင် ပဋိသန္ဓေကျိုးပေးရာမှာတော့ ဥပေက္ခာသဟဂုတ် သန္တီရဏ ဖြစ်တယ်၊ အဲဒါက သုဂတိအဟိတ်ဖြစ်လို့မို့ သုဂတိဘုံမှာ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စနဲ့ဖြစ်တယ်၊ ကာမသုဂတိဘုံမှာ ဖြစ်နိုင်တဲ့ ပဋိသန္ဓေဟာ ၉–ခုရှိပါတယ်၊ အဲဒီ ၉–ခုဆိုတာက အဟိတ်ကုသလဝိပါက် ဥပေက္ခာ သန္တီရဏကတစ်ခု၊ သဟိတ်ဉာဏ်ယှဉ်တဲ့ဝိပါက်က ၄–ခု၊ သဟိတ်ဉာဏ်မယှဉ်တဲ့ ဝိပါက်က ၄–ခု၊ ပေါင်း ၉–ခု၊ အဲဒီ ၉–ခုပါပဲ၊ အဲဒီ ၉–ခုဟာ သုဂတိဘုံမှာ ဖြစ်နိုင်တဲ့ ပဋိသန္ဓေစိတ် ၉–ခုတဲ့၊ သုဂတိဘုံဆိုတာ ဒီမှာတော့ လူ့ဘုံ၊ နတ်ဘုံပေါ့၊ အပါယ်ဘုံကိုတော့ ဒုဂ္ဂတိဘုံလို့ ခေါ်တယ်။

## ပဋိသန္ဓေ၊ ဘဝင်၊ စုတိ စိတ်ဖြစ်ပုံ

ပဋိသန္ဓေစိတ်ဆိုတာ ဘဝတစ်ခုမှာ ရှေးဦးစွာဖြစ်တဲ့ စိတ်ပါပဲ၊ ဘဝတစ်ခုနဲ့ တစ်ခုစပ်ပေးတဲ့စိတ်တဲ့၊ ဘဝတစ်ခုမှာ အစဆုံးဖြစ်တဲ့ စိတ်ကလေးကို ပဋိသန္ဓေ စိတ်လို့ ခေါ်တယ်၊ သူပြီးတော့ ဆက်ဖြစ်နေတဲ့ စိတ်တွေကို ဘဝင်စိတ်လို့ ခေါ်တယ်၊ ဝီထိစိတ်တွေရဲ့ အကြားအကြားမှာ ဘဝင်စိတ်တွေကတော့ တစ်ဘဝလုံး ဆက်ပြီးဖြစ်နေကြတာပဲ၊ "ဘဝဿအင်္ဂ–အဘရဲ့အစိတ်အကြောင်း" ဘဝပြတ်မသွား ရအောင် သူက အကြောင်းခံထားတယ်၊ မြင်စိတ်တို့၊ ကြားစိတ်တို့ဆိုတာ အဲဒီ ဘဝင်စိတ်တွေအကြားက ဝင်ဝင်ဖြစ်နေကြရတာပဲ၊ နောက်ပြီးတော့ သူပဲဆက်လက်ပြီးဖြစ်နေတယ်၊ ဘဝတစ်ခုလုံး ဒီလိုပဲ ဘဝင်တွေဖြစ်လိုက် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျှာစိတ်၊ တွေ့ထိစိတ်၊ စိတ်ကူးကြံစည်တဲ့စိတ်တွေ ဖြစ်လိုက်ဖြစ်နေကြတာပဲ။

တချို့ဝိပဿနာဉာဏ် အမြင်သန်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘင်္ဂဉာဏ်ကျတော့ ပြောတတ်တယ်၊ ဘယ်လိုလဲဆိုရင် ရှေ့အသိလေးက နောက်အသိလေးနဲ့ ခပ်ကွဲကွဲဖြစ်နေတယ်၊ တစ်စပ်တည်းလို့မထင်ဘူး၊ ကြားထဲမှာ ကျဲနေတယ်လို့

ဒီလိုပြောတတ်ကြတယ်၊ အဲဒီလိုကျဲနေတာ တခြားမဟုတ်ဘူး၊ ဘဝင်တွေ ခံခံသွားလို့ပါပဲ၊ ဘဝင်တွေခံခံသွားလို့မို့ ဒီလိုကျဲကျဲနေတာ၊ တချို့က ခန်းမှန်းခြေနဲ့ လက်တစ်လုံးလောက်၊ လက်နှစ်လုံးလောက် ခြားခြားနေတယ်လို့ ဒီလိုတောင် ပြောကြသေးတယ်၊ အဲဒါ ဝိပဿနာဉာဏ် ထက်သန်ပြီးတော့ အသိဉာဏ် ရှင်းနေတဲ့ ပုဂ္ဂိုလ်တွေက ပြောကြတာပဲ၊ ဘဝင်နဲ့ ဝီထိစိတ်တွေ ဒီလို အစဉ်မပြတ် ဆက်ဖြစ်နေပြီးတော့ နောက်ဆုံးမှာ ဒီဘဝင်တွေနဲ့တူတဲ့ ဘဝင်စိတ် လေးဟာ စုတိကိစ္စနဲ့ ချုပ်ငြိမ်းသွားတယ်၊ အဲဒါ တစ်ဘဝ ဆုံးသွားတာပဲ၊ တစ်ဘဝအတွင်းမှာဖြစ်တဲ့ ပဋိသန္ဓေစိတ်ရယ်၊ ဘဝင်စိတ်ရယ်၊ စုတိစိတ်ရယ် အဲဒီသုံးခုဟာ တူကြတယ်။

ထက်သန်တဲ့ ဉာဏ်ယှဉ်ကုသိုလ်ကြောင့် ဉာဏ်ယှဉ်ကုသလဝိပါက်စိတ် လေးခုဖြစ်တယ်၊ အဲဒီအထဲ သောမနဿပဋိသန္ဓေနဲ့ဖြစ်တဲ့ ပုဂ္ဂိုလ်ဆိုရင် စိတ်ရွှင်ရွှင်လန်းလန်းနဲ့ ဖြစ်လာတတ်တယ်၊ ဥပေက္ခာပဋိသန္ဓေနဲ့ဖြစ်လာတဲ့ ပုဂ္ဂိုလ်ကျတော့ သိပ်မရွှင်လန်းဘူး၊ တ္တန့်ခြွေရတယ်၊ တည်ကြည်တယ်၊ သတိထား ကြည့်ရင် တချို့က ရွှင်ရွှင်လန်းလန်းနေတတ်ကြတယ်၊ စကားပြောတဲ့ အခါမှာလည်း ရယ်ကာမောကာနဲ့ ပြုံးပြုံးရွှင်ရွှင်ပဲ ပြောတတ်ကြတာကို တွေ့ရတယ်၊ အဲဒါ သောမနဿနဲ့ ပဋိသန္ဓေနေတဲ့ပုဂ္ဂိုလ်တဲ့၊ သောမနဿပဋိသန္ဓေနဲ့ ဥပေက္ခာ ပဋိသန္ဓေ ၂-မျိုးဟာ တစ်မျိုးနဲ့တစ်မျိုး မတူဘူး၊ အဲဒီလို ခြားနားကွဲပြားတယ်၊ ကိုင်းဆိုကြရမယ်။

"ယင်း ကုသလဝိပါက် ၈-ပါးသည် သုဂတိဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စဖြင့် ဖြစ်သည်" (ဆို ၃-ခေါက်)

စာရွက်ကလေး ရထားမှ နေရာကျမှာ၊ စာရွက်ကလေးကို ထပ်ကာထပ်ကာ ကြည့်ပြီးတော့ နားမလည်ရင် နည်းလည်တဲ့ပုဂ္ဂိုလ်ကိုမေးရတယ်၊ ဒါမှ နားလည်မှာ၊ အင်မတန်သိသင့်သိထိုက်တဲ့ နေရာပဲ၊ နောက်ပြီးတော့ ဒီစိတ်တွေဟာ ကာမ ၁၁-ဘုံမှာ တဒါရုံကိစ္စဖြင့်လည်း ဖြစ်သေးတယ်၊ "စုံစမ်း၊ ဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ" လို့ ဆိုတဲ့အတိုင်း ဇောနောက်မှာ ကျတတ်တဲ့ တဒါရုံဆိုတာလည်း ဒီစိတ်တွေပဲ၊ သန္တီရဏ ၃-ခုရယ်ပေါ့လေ၊ သန္တီရဏတစ်ခုက

ဒီအထဲမှာပါသွားပြီ၊ အဲဒါ တဒါရုံကိစ္စဖြင့်ဖြစ်တာ ၁၁–ခုတဲ့၊ ဒီတဒါရုံဆိုတာကတော့ ကာမဘုံမှာသာဖြစ်တယ်၊ ရူပဘုံ, အရူပဘုံတွေမှာ မဖြစ်ဘူး၊ နတ်ပြည်ခြောက်ထပ်ရယ်၊ လူ့ဘုံနဲ့အပါယ်လေးဘုံရယ်၊ အဲဒါ ကာမဘုံဘဲ၊ ကာမဘုံက ၁၁–ဘုံတဲ့၊ ဝီထိစိတ်တွေကို သဘောပေါက်နည်းလည်စေချင်တာနဲ့ ဘုန်းကြီးက အတိုချုပ်ဆောင်ပုဒ်ကလေးတွေပေးထားပါတယ်၊ "အကုသိုလ်စိတ်, ဆယ့်နှစ်ပါးကြောင့် အကုသလဝိပါက်စိတ် ခုနစ်ပါးဖြစ်သည်" တဲ့။

မကောင်းမှု အကုသိုလ်ကြောင့်ဖြစ်တဲ့ အကုသိုလ်အကျိုး ဝိပါက်တွေဆိုတာ ခုနစ်ပါးဖြစ်လာတယ်၊ ဘယ်လိုဖြစ်သလဲဆိုလို့ရှိရင် မကောင်းတာကိုမြင်ရတယ်၊ မကောင်းတာကိုကြားရတယ်၊ မကောင်းတဲ့အနံ့ကို နံ့ရတယ်၊ မကောင်းတဲ့ အစားအသောက်ကို စားရသောက်ရတယ်၊ မကောင်းတဲ့ အတွေ့အထိကို တွေ့ရထိရတယ်၊ အဲဒီလိုမကောင်းတဲ့ ပဉ္စဝိညာဉ်ဆိုတဲ့ အကျိုးငါးပါးဖြစ်လာတယ်၊ ပြီးတော့ လက်ခံတဲ့ သမ္ပဋိစ္ဆိုန်းစိတ်၊ စုံစမ်းတဲ့ သန္တီရဏစိတ်၊ ဒါတွေလည်း အကုသိုလ်အကျိုးပဲ ဖြစ်ရတယ်၊ ဒီတော့ ပဉ္စဝိညာဉ်ကငါးခု၊ သမ္ပဋိစ္ဆိုန်းနဲ့ သန္တီရဏက နှစ်ခု၊ မကောင်းမှုအကုသိုလ်ရဲ့အကျိုးဟာ ဒီခုနစ်ပါးပဲရှိတယ်၊ ဒီပြင် မရှိဘူး၊ "အာရုံဆိုးနဲ့ အကုသိုလ်ကံကြောင့် ဝိပါက်စိတ်ဖြစ်" ဆိုတာ အဲဒါတွေကိုပြောတာ၊ အကုသိုလ်စိတ် တစ်ဆယ့်နှစ်ပါးကြောင့် အကုသလဝိပါက်စိတ် ခုနစ်ပါးဖြစ်တယ်၊ ကိုင်း–ဒါကိုလည်းဆိုရမယ်။

> "အကုသိုလ်စိတ် ၁၂–ပါးကြောင့် အကုသလဝိပါက်စိတ် ၇–ပါးဖြစ်သည်" (ဆို)

အဲဒီအထဲမှာ သန္တီရဏဆိုတဲ့ နောက်ဆုံးစိတ်ကလေးပါတယ်၊ သူက အပါယ်လေးဘုံမှာ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စဖြင့်ဖြစ်တယ်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ အဲဒီလေးဘုံမှာပေါ့၊ ဒီသန္တီရဏစိတ်ကလေးနဲ့ချည်း ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စဖြင့် ဖြစ်ရတယ်၊ အဲဒါလည်း မှတ်သားဖို့ရာပါပဲ၊ ဒါကိုလည်းဆိုရမယ်။

> "ထိုတွင် သန္တီရဏစိတ်သည် အပါယ်လေးဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စဖြင့်လည်း ဖြစ်သည်" (ဆို ၃–ခေါက်)

(တတိယအကြိမ်)

အဲဒီ သန္တီရဏဆိုတဲ့ အကုသလဝိပါက်စိတ်ကလေးက အပါယ်ဘုံတွေမှာ ပဋိသန္ဓေဆိုလည်း သူပဲ၊ ဘဝင်ဆိုလည်း သူပဲ၊ စုတိဆိုလည်း သူပဲတဲ့၊ ဒါတင်မကသေးဘူး၊ ဒီပြင်လည်း ဖြစ်စရာရှိသေးတယ်၊ အဲဒါကတော့ သန္တီရဏကိစ္စနဲ့ တဒါရုံကိစ္စနှစ်ခုပါပဲ၊ သန္တီရဏစိတ်က သုံးခုရှိတယ်၊ အကုသလဝိပါက်က ဥပေက္ခာသန္တီရဏတစ်ခု၊ ကုသလဝိပါက်က သောမနဿနဲ့ ဥပေက္ခာသန္တီရဏနှစ်ခု၊ အဲဒီသုံးခုက စုံစမ်းတယ်ဆိုတဲ့၊ သန္တီရဏကိစ္စလည်းဖြစ်တယ်၊ ဇော နောင် တဒါရုံ ကိစ္စနဲ့လည်းဖြစ်သေးတယ်၊ ဝီထိချတဲ့အခါမှာ ဒီစိတ်တွေပါပဲ၊ သန္တီရဏ စုံစမ်းတယ်ဆိုတာလဲ ဒီစိတ်၊ တဒါရုံဆိုတာလည်း ဒီစိတ်ဆိုတာ ပေါ်လွင် အောင်လို့ ဒီမှာ ဆောင်ပုဒ်ကလေး လုပ်ထားရတယ်၊ အဲဒါလဲ ဆိုရမယ်။

"သန္တီရဏ စိတ်သုံးခုသည် သန္တီရဏကိစ္စ, တဒါရုံကိစ္စဖြင့်လည်း ဖြစ်သည်" (ဆို ၃-ခေါက်)

သန္တီရဏ စုံစမ်းတယ်ဆိုတာ ပေါ်လာတဲ့အာရုံကို ဒါ ဘာလဲလို့ စုံစမ်းတာပါပဲ၊ မကောင်းတဲ့အာရုံကို စုံစမ်းရတဲ့အခါ အကုသလဝိပါက်ပဲ၊ အကုသလဝိပါက် သန္တီရဏနဲ့ စုံစမ်းတယ်၊ အဲဒါကတော့ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် တစ်ခုတည်းရှိတယ်၊ မကောင်းတဲ့အဆင်း၊ မကောင်းတဲ့အသံကို မြင်ရ၊ ကြားရတဲ့ အခါ စသည်ပေါ့၊ ပြီးတော့ "ဆုံးဖြတ်, ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ" ဆိုတဲ့အတိုင်း ဆုံးဖြတ်တဲ့ဝုဋ္ဌောစိတ်၊ အဲ သူကတော့ ဝိပါက်စိတ်လို့ မဆိုရဘူး၊ ကြိယာစိတ်တဲ့၊ ပြီးတော့ ဇော၊ အဲဒီဇောက ရိုးရိုးဆိုတော့ ခုနစ်ကြိမ်၊ အဲဒီကနောက်မှာ တဒါရုံတဲ့၊ သန္တီရဏသုံးခုက တဒါရုံလည်းဖြစ်တယ်။

ကောင်းတဲ့အာရုံကို စုံစမ်းဆုံးဖြတ်တဲ့အခါမှာတော့ ကုသလဝိပါက် သန္တီရဏတဲ့၊ ဒီ ကုသလဝိပါက် သန္တီရဏကတော့ နှစ်မျိုးရှိတယ်၊ သောမနဿ သန္တီရဏနဲ့ ဥပေက္ခာ သန္တီရဏ၊ အလွန်ကောင်းတဲ့အာရုံဆိုရင် သောမနဿ သန္တီရဏနဲ့ စုံစမ်းတယ်၊ ရိုးရိုး သာမန်ကောင်းတဲ့အာရုံကျတော့ ဥပေက္ခာသန္တီရဏနဲ့ စုံစမ်းတယ်၊ ဒီလို အသေးစိတ်ပြီးတော့လည်း ခွဲခြားထားသေးတယ်၊ အဲဒီလို သန္တီရဏကိစ္စရယ်၊ ပြီးတော့ ဇောနောင် တဒါရုံကိစ္စရယ်ပေါ့လေ၊ သန္တီရဏဆိုလည်း သူပဲ၊ တဒါရုံဆိုလည်းသူပဲ၊ တဒါရုံကျတော့ မဟာဝိပါက်စိတ်ရှစ်ခုရောဆိုရင် တဒါရုံတစ်ဆယ့်တစ်ပါး ဖြစ်သွားတယ်၊ ဝီထိစိတ် ဖြစ်ပုံတွေကတော့ စုံသွားပါပြီ၊

(တတိယအကြိမ်)

နာရီကလည်း ၉-နာရီတောင်ထိုးသွားပြီ၊ ပြောဖို့ရာလေးတွေက ကျန်နေသေးတယ်၊ အရေးကြီးတာက ဝိပဿနာရှုတဲ့ကာလမှာ ဘယ်ပုံ ဘယ်နည်းဆိုတာ ဒါကို ပြောဖို့ရာပါပဲ၊ အခြေခံကို ပြောနေရတာနဲ့ အချိန်ကုန်သွားပြီ၊ ဒါပေမယ့် နည်းနည်းတော့ဆက်ပြောဦးမှပဲ၊ သူက အရေးကြီးတယ်။

## မရောက်သင့်ရာကို မရောက်ဖို့ ဝိပဿနာကိုရှုမှတ်ရတယ်

တစ်နေ့တုန်းကလည်း အရေးကြီးတဲ့နေရာဖြစ်လို့မို့ ဒီဆောင်ပုဒ်ကို ဆိုပေးခဲ့သေးတယ်၊ အဲဒါက ဘယ်ဆောင်ပုဒ်လဲဆိုရင်-

"ထင်ဆဲဆင်းဓာတ်၊ မြင်လတ်ဦးစွာ၊
မြင်ပြီးတရား၊ စဉ်းစားပြန်ရာ၊
သဏ္ဌာန်ဒြပ်၊ ပညတ်ပေါ်လာ၊
မည်နာမ-သိရ နောက်ဆုံးပါ"တဲ့။

အဲဒီ ဆောင်ပုဒ်ကလေးပါပဲ။

ပထမမျက်စိထဲမှာ ထင်ပေါ်လာတဲ့ အဆင်းကိုမြင်ရတယ်၊ ဒါက တစ်ဝီထိပြီးတော့-

၁။ ဘဝင်ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထိုပြင် လက်ခံတဲ့။
၂။ စုံစမ်း၊ ပုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ် တဒါရုံ။
၃။ အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ် မှတ်ပါကုန်။

ဆိုတဲ့ ဆောင်ပုဒ်အရနဲ့ အဓိပ္ပာယ်ကိုဆက်စပ်ပြီးတော့ သိဖို့ပါပဲ၊ "ထင်ဆဲဆင်းဓာတ်၊ မြင်လတ်ဦးစွာ"တဲ့၊ စက္ခုဒွါရဝီထိနဲ့ ရှေးဦးစွာ အဆင်းကိုမြင်တယ်၊ မြင်ရုံမျှပဲ၊ ဘာရယ်လို့ သိသေးတာမဟုတ်သေးဘူး၊ "မြင်ပြီးတရား၊ စဉ်းစားပြန်ရာ" တဲ့၊ မြင်ပြီးတော့ တချို့က ပြန်ပြီးစဉ်းစားတယ်၊ "ဆင်ခြင်တယ်" "ဆင်ခြင်ပြီးခါ၊ ဇော, တဒါ၊ ကြံရာစိတ်ဖြစ်ပုံ" တဲ့၊ တဒနုဝတ္တကမနောဒွါရ မြင်တဲ့ ဝီထိနောက်ကလိုက်ပြီးတော့ ဇောတို့, တဒါရုံတို့ အပြည့်အစုံနဲ့ စဉ်းစားဆင်ခြင်တဲ့ ဝီထိ၊ အဲဒီ ဝီထိကလည်း ဝီထိစိတ်အနေနဲ့ ဆိုလို့ရှိရင် ၁၀-ဆယ်ကြိမ်ပဲ၊ ဒါကလည်း အကောင်အထည်ကို သိသေးတာမဟုတ်ဘူး။ သူက ပရမတ်ကိုပဲ အာရုံပြုပြီးတော့ ဖြစ်သေးတာ၊ ပညတ်ကို အာရုံပြုပြီးတော့ ဖြစ်တာမဟုတ်သေးဘူး၊

ဒီလို မနော္ဒါရဝီထိမျိုးနဲ့ ဆက်ပြီး စဉ်းစားဆင်ခြင်တော့မှ သဏ္ဌာန်ဒြပ် ပညတ်ပေါ်လာတယ်၊ မိန်းမ, ယောကျ်ား စသည်ပေါ့လေ၊ ဒါတွေပေါ်လာတယ်၊ ပြီးတော့ နောက် ဝီထိကတစ်ခါ စဉ်းစားဆင်ခြင်ပြန်လို့ ဘယ်သူ, ဘယ့်ဒါဆိုတဲ့ အမည်နာမတွေ ပေါ်လာတယ်၊ နောက်ဆုံး လေးဝီထိကျမှ အမည်နာမအထိ အကောင်အထည် ပညတ်တွေ အပြည့်အစုံပေါ်လာပါတယ်၊ ဒါ အကြမ်းပြင်းပဲ၊ ဒီအထဲမှာ အသေးစိတ်ပြီး ဝီထိစိတ်တွေ အကြိမ်များစွာ ဖြစ်နိုင်တယ်။

အဲဒါက တရားမရှုမှတ်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်ရိုးဖြစ်စဉ် ဝီထိစိတ်ဖြစ်ပုံပါပဲ၊ အဲဒီ ဖြစ်ရိုးဖြစ်စဉ်မှာ သဏ္ဌာန်ဒြပ် အမည်နာမတွေပေါ်လာတယ်၊ ဒီလို သဏ္ဌာန်ဒြပ် အမည်နာမတွေ ပေါ်လာပြီ ဆိုကတည်းက လောဘ၊ ဒေါသတွေ ဖြစ်တော့မှာပေါ့၊ လိုချင်စရာလို့ထင်ရင် လိုချင်လာမယ်၊ စိတ်ဆိုးစရာလို့ထင်ရင် ဒေါသတွေဖြစ်လာမယ်၊ မောဟဆိုတာကတော့ ခပ်တိုင်းငန်ဆိုတော့ သူပါရမှာပဲ၊ အဲဒီ လောဘ, ဒေါသ, မောဟစိတ်တွေအထိ မရောက်ရအောင်လို့ မြင်ပြီးပြီးချင်း မြင်ရင် မြင်တယ်–လို့ ရှုမှတ်လိုက်ရတယ်၊ ဒါမဟုတ် ဒုတိယ ဝီထိတင်ပဲ ရပ်သွားအောင်,ပညတ်တွေ ပေါ်မလာအောင်လို့ မြင်ရင် မြင်တယ်,ကြားရင် ကြားတယ် စသည်ဖြင့် ရှုမှတ်ပစ်လိုက်ရတယ်၊ အဲဒါလေးတွေကို နားလည်အောင် ဘုန်းကြီးက ပြောချင်လို့ ဒီမှာ ဝီထိတွေ ချပြနေတာပဲ၊ အဲဒါ "မြင်ရင် မြင်ချင်း, လက်ငင်းမှတ်လျှင်၊ မြင်ရုံတွင်ပဲ ပြတ်စဲစိတ်စဉ်" တဲ့၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ မြင်လျှင် မြင်ရုံပဲဖြစ်မယ်–ဆိုတာ အဲဒါကို ပြောတာပဲ။

ဝိပဿနာဉာဏ် ရင့်သန်လာတဲ့အခါကျတော့ မြင်ရုံ, ကြားရုံလောက်တင်သာ မကဘူး၊ ရုပ်နာမ်တွဲပြီးတော့ တခြားစီသိနိုင်ပါတယ်၊ ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်တွေကိုလည်း သိမြင်လာတယ်၊ အနိစ္စအားဖြင့် မမြဲဘူးလို့လည်း သိမြင်လာပါတယ်၊ ဒုက္ခအားဖြင့် ဆင်းရဲတယ်လို့လည်း သိမြင်လာပါတယ်၊ ဒါတွေကို သိလာတဲ့အခါ အနတ္တသဘောအားဖြင့်လည်း ငါကောင်, သတ္တဝါကောင် မဟုတ်ဘူးဆိုတာ သိမြင်တော့တာပါပဲ၊ အဲဒီလို သိလာအောင်လို့ပဲ မြင်တိုင်း,ကြားတိုင်း မြင်တာ, ကြားတာတွေကို ရှုမှတ်နေရတယ်၊ ဒီအတွက် ဆောင်ပုဒ်ကလေးတွေ ဒီအထဲ မထည့်မိဘဲ မေ့နေလို့ ဒါတွေကို ပြောဖြစ်အောင် ပြောနေပါတယ်၊ ဆိုလိုက် ကြဦးစို့။

(တတိယအကြိမ်)

"မြင်လျှင် မြင်ချင်း, လက်ငင်းမှတ်လျှင်၊
မြင်ရုံတွင်ပဲ, ပြတ်စဲစိတ်စဉ်၊
ရုပ်နာမ်ကွဲလျက်, ဖြစ်ပျက်သိမြင်၊
အနိစ္စ-ဒုက္ခ သဘောထင်။" (ဆို ၃-ခေါက်)

မြင်လျှင်မြင်ချင်း ချက်ချင်းလက်ငင်း ရှုမှတ်ရမယ်၊ ပထမဝီထိ ဆုံးလျှင်ဆုံးချင်း မှတ်နိုင်ရင် ကောင်းတယ်၊ ဒါမှမဟုတ်လည်း ဒုတိယဝီထိအဆုံးမှာ ရှုမှတ်နိုင်ရင်လည်း ပညတ်အထိ မရောက်သေးလို့ မြင်ရုံ, ကြားရုံမျှ ရှုမှတ်သည် မည်တာပါပဲ၊ ဒီလိုရှုမှတ်နိုင်ပြီဆိုလို့ရှိရင် မြင်ရုံ, ကြားရုံတင်ပဲ ပြတ်စဲသွားမယ်တဲ့၊ ရုပ်နာမ်ကွဲပြီးတော့ အဖြစ်အပျက်ကို ကိုယ်တိုင်သိမြင်ပြီး ရုပ်နာမ်တွေရဲ့ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောတွေကိုပါ ထင်မြင်မယ်၊ ဒီလို ဆိုလိုတာပါပဲ၊ မြင်လျှင်မြင်ကာမျှ, ကြားလျှင် ကြားကာမျှ အခါကာလမှာ ကိလေသာမဝင်မရောက်သေးဘူး၊ စက္ခုဝိညာဉ်, သောတဝိညာဉ် ဝီထိတွေဖြစ်ခိုက်မှာဆိုရင် ပညတ်ကို အာရုံ မပြုသေးဘူး၊ အလုံးလိုက် အခဲလိုက်ကြီးတော့ထင်တာပဲ၊ ဒါပေမယ့်လို့ ပညတ် အထည်ဒြပ်တွေတော့ မထင်ပေါ်သေးဘူး၊ အဲဒီလို အထည်ဒြပ်တွေ မထင်ပေါ်မီ မြင်လျှင်မြင်ချင်း၊ ကြားလျှင်ကြားချင်း၊ နံလျှင်နံချင်း၊ လျက်လျှင်လျက်ချင်း၊ တွေ့ထိလျှင် တွေ့ထိချင်း၊ စိတ်ကူးစဉ်းစားလျှင် စိတ်ကူးစဉ်းစားချင်း ရှုမှတ်ပါတဲ့၊ ဒီတော့မှ "မြင်ရုံတွင်ပဲ, ပြတ်စဲစိတ်စဉ်" မြင်ရုံတွင်မြင်ပြီး ရှေ့မဆက်ဘဲ စိတ်အစဉ်ပြတ်သွားမယ်တဲ့၊ ဒီလိုပြတ်သွားပြီဆိုလို့ရှိလျှင် မရောက်သင့်တဲ့ ပညတ်အာရုံသို့လည်း မရောက်တော့ဘူး၊ မဖြစ်သင့်တဲ့ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေလည်း မဖြစ်တော့ဘူးပေါ့၊ ဒီလို ရှုမှတ်ရင်း ဝိပဿနာ ဉာဏ်တွေ ရင့်သန်လာပြီးတော့ ရုပ်နာမ်တွေကို ကွဲကွဲပြားပြား သိလာမယ်၊ ရုပ်နာမ်တွေရဲ့ ဖြစ်မှု, ပျက်မှုတွေကိုလည်း ပိုင်းခြားပြီး သိမြင်လာမယ်၊ အဲဒါကို ဆောင်ပုဒ်ထဲမှာ "ရုပ်နာမ်ကွဲလျက်, ဖြစ်ပျက်သိမြင်၊ အနိစ္စ ဒုက္ခ သဘောထင်"တဲ့၊ ဒီလို ဆိုထားပါတယ်၊ ဒါကိုပဲ မြတ်စွာဘုရားက-

"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ"လို့-

ဒီလို လေးပိုင်းခွဲပြီးတော့ ဟောကြားထားပါတယ်၊ အဓိပ္ပါယ်က အတူတူပါပဲ၊

(တတိယအကြိမ်)

ဒါလည်းပဲ ဝိပဿနာရင့်သန်တော့မှ မြင်ရုံ စသည့်တွင် ရုပ်သွားအောင် ရှုမှတ်နိုင်ပါတယ်၊ ဒီလို မဟုတ်လျှင်တော့ မြင်ရာ, ကြားရာမှာ ဘယ်သူ, ဘယ်ဝါ ယောကျာ်း, မိန်းမ အကုန်လျှောက်ပြီးတော့ သိသွားတာပဲ၊ ဒါတွေက အရင်ရောက်ရောက်နေတယ်၊ အဲဒါဟာ အဝိဇ္ဇာသဘောတွေပဲ၊ အဲဒီ အဝိဇ္ဇာအထိ မရောက်ခင် မြင်ပြီးပြီးချင်း ဝိပဿနာဝိဇ္ဇာဉာဏ် ထည့်ပေးနေရတာပါပဲ၊ ထည့်ပေးလို့ ဝိဇ္ဇာဉာဏ်က အရင်ဦးသွားပြီဆိုလို့ရှိရင်တော့ အဝိဇ္ဇာ မဝင်နိုင်တော့ ဘူးပေါ့။

သမာဓိအားကောင်းလာတဲ့အခါ အဲဒီလို ရှုမှတ်နေရင်းနဲ့ပဲ မှတ်စရာ အာရုံဖြစ်တဲ့ ရုပ်ကတခြား၊ မှတ်သိနေတဲ့ စိတ်ကလေးကတခြား သိစရာနဲ့ သိတာ, ဒါပဲ ရှိတယ်ဆိုတာ သိလာပါတယ်၊ အဲဒါဟာ ရုပ်နာမ်ကွဲပြီးတော့ ရုပ်တခြား နာမ်တခြား ရှင်းရှင်းလေးမြင်လာပါတယ်၊ စာပေတွေ ကျက်မှတ်ပြီး သိတဲ့အသိမျိုး မဟုတ်ဘူး၊ မှတ်ရင်းမှတ်ရင်းနဲ့ ကိုယ်မှာ ကိုယ်တိုင်သိတဲ့အသိပါပဲ၊ တကယ် အမှန်ရှိနေတဲ့သဘောကို အမှန်အတိုင်း ဒီလိုသိအောင်လို့ ဒီလိုနည်းလမ်းတကျ ရှုမှတ်နေရတာပါပဲ၊ ဝိပဿနာရှုမှတ်ရတာဟာ ဘာလို့ ရှုမှတ်ရတယ်ဆိုတာ သိအောင် နားလည်အောင်ဆိုပြီး ဝိထိတွေချ၊ အဓိပ္ပါယ်တွေ ပြောနဲ့ ပြုလုပ်ရတာပဲ၊ အဲဒါ နားလည်သဘောပေါက်လောက်ပါပြီ၊ ဆောင်ပုဒ်ကလေးတွေကို ရအောင် ကျက်မှတ်ထားဖို့ ကောင်းတယ်၊ ကျက်ထားပြီးတော့ နားမလည်သေးလို့ရှိရင်လည်း နားလည်တဲ့သူကို မေးရတယ်။ တရားသိမ်းရအောင်၊ ဒါလေး တစ်ခေါက် ဆိုလိုက်ကြဦးစို့။

"မြင်လျှင်မြင်ချင်း လက်ငင်းမှတ်လျှင်၊
မြင်ရုံပင်ပဲ ပြတ်စဲစိတ်စဉ်၊
ရုပ်နာမ်ကွဲလျက် ဖြစ်ပျက်သိမြင်၊
အနိစ္စ ဒုက္ခ သဘောထင်" ။

ယနေ့အဖို့ အကျွန်ုပ်တို့ ပြုစုအားထုတ်အပ်သော . . . . . ချမ်းသာကြပါစေ။ အမျှ . . . အမျှ . . . အမျှ . . . ယူတော်မူကြကုန်လော့။

သာဓု . . . သာဓု . . . သာဓု . . .။

(တတိယအကြိမ်)

# အဘိဓမ္မာတရားတော်ကြီး

## ကြိယာအဗျာကတ တရား

"ကတမေ ဓမ္မာ အဗျာကတာ" အဗျာကတ တရားဆိုတာ ဘယ်ဟာလဲလို့ မေးပြီးတော့–

"ယသ္မိံ သမယေ မနောဓာတု ဥပ္ပန္နာ ဟောတိ ကြိယာ နေဝ ကုသလာ နာကုသလာ န စ ကမ္မဝိပါကာ ဥပေက္ခာ သဟဂတာ ရူပါရမ္မဏာ ဝါ သဒ္ဒါရမ္မဏာ ဝါ ဂန္ဓာရမ္မဏာ ဝါ ရသာရမ္မဏာ ဝါ ဖောဋ္ဌဗ္ဗာရမ္မဏာ ဝါ"

ဒီလို ဆိုပြီးတော့ မနောဓာတ် ကြိယာစိတ်ကို ဝေဖန်ပါတယ်၊ "ယသ္မိံ သမယေ၊ အကြင်အခါကာလ၌။ ကြိယာ၊ ကြိယာဖြစ်သော။" အဲဒီကြိယာဆိုတာ ဘယ်လိုဟာတုန်းလို့ဆိုရင် နေဝကုသလာ၊ ကုသိုလ်လည်း မဟုတ်ဘူး။ နာကုသလာ၊ အကုသိုလ်လည်း မဟုတ်ဘူး၊ ကောင်းကျိုးပေးတတ်တဲ့ကုသိုလ်တရားမျိုးလည်း မဟုတ်ဘူးတဲ့၊ မကောင်းကျိုးပေးတတ်တဲ့ အကုသိုလ်တရားမျိုးလည်း မဟုတ်ဘူးတဲ့၊ ဒါဖြင့် ကုသိုလ်၊ ကုသိုလ်တို့ရဲ့ အကျိုးလားဆိုတော့ "နကမ္မဝိပါကာ" တဲ့၊ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးလည်း မဟုတ်ပါဘူးတဲ့၊ အရင် ဟောကြားခဲ့တဲ့ "ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ"ဆိုတဲ့ အဲဒီ တရားတွေ တုန်းကတော့ ကုသလာ ဓမ္မာက ကောင်းသောအကျိုးကို ပေးတတ်တယ်၊ အကုသလာ ဓမ္မာ မကောင်းသောအကျိုးကို ပေးတတ်တယ်၊ ပြီးတော့ ဝိပါကာ ဓမ္မာ ဝိပါက်တရားဆိုတာက ကုသိုလ်အကျိုး၊ အကုသိုလ် အကျိုး တရားတွေလို့ဆိုပြီးတော့ ဟောကြားခဲ့ပါတယ်၊ အခု ဒီ ကြိယာ ဆိုတာကတော့ ကုသိုလ်လည်း မဟုတ်ဘူး၊ အကုသိုလ်လည်း မဟုတ်ဘူး၊ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးလည်း မဟုတ်ဘူးတဲ့။

(တတိယအကြိမ်)

ဝေဒနာကတော့ "ဥပေက္ခာသဟဂတံ-ဥပေက္ခာဝေဒနာနဲ့တကွ ဖြစ်တယ်" တဲ့၊ အာရုံကတော့ "ရူပါရမ္မဏာ ဝါ၊ သဒ္ဒါရမ္မဏာ ဝါ၊ ဂန္ဓာရမ္မဏာ ဝါ၊ ရသာရမ္မဏာ ဝါ၊ ဖောဋ္ဌဗ္ဗာရမ္မဏာ ဝါ" ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ၊ အဲဒီ အာရုံငါးပါးကို အာရုံပြုတယ်တဲ့၊ ဓမ္မာရုံကို အာရုံမပြုဘူး၊ ပြီးတော့ "မနောဓာတု ဥပ္ပန္နာ ဟောတိ" မနောဓာတ်ကြိယာ ဖြစ်ပေါ်လာတဲ့အခါမှာ အဲဒီလို ဖြစ်ပေါ်လာပါတယ်တဲ့၊ မနောဓာတ်ဆိုတာဟာ ဝိပါက်ထဲမှာလည်း မနောဓာတ်ရှိပါတယ်၊ ဝိပါက်မနောဓာတ်ကိုတော့ အဘိဓမ္မတ္ထသင်္ဂဟကျမ်းက သမ္ပဋိစ္ဆန်းလို့ ကိစ္စအမည်နဲ့ အမည်မှည့်ထားပါတယ်၊ အဲဒီ သမ္ပဋိစ္ဆန်းကလည်းပဲ ကုသိုလ်အကျိုးကတစ်ခု၊ အကုသိုလ်အကျိုးကတစ်ခု၊ ဒီလို နှစ်ခုရှိတယ်၊ သူတို့လည်း ဒီအာရုံငါးပါးကိုပဲ အာရုံပြုပြီးတော့ ဖြစ်တာပဲ၊ သူတို့ကိစ္စက ထင်ပေါ်လာတဲ့ အာရုံငါးပါးကို လက်ခံသိမ်းပိုက်ရတဲ့ ကိစ္စတဲ့၊ စက္ခုဝိညာဉ်က ရူပါရုံကို မြင်တယ်ဆိုရင် သူကမြင်ပြီးတော့ ချုပ်ပျောက်သွားတယ်၊ အဲ-သမ္ပဋိစ္ဆန်းက စက္ခုဝိညာဉ် မြင်တဲ့ အဆင်းရူပါရုံကို ဆက်လက်ပြီးတော့ လက်ခံသိမ်းပိုက်ထားလိုက်တယ်၊ သူ့ကိစ္စက ဒါပါပဲ၊ ကြားရာ စသည်မှာလည်း ဒီအတိုင်းပါပဲ၊ ဒါကို မနောဓာတ်ခေါ်တယ်၊ အဲဒီ မနောဓာတ်တွေကတော့ ဝိပါက်မနောဓာတ်တွေပဲ၊ မနောဓာတ်ဆိုတာလည်း ထူးထူးခြားခြား ဘာမှမသိပါဘူး၊ အခု ကြိယာမနောဓာတ်ဆိုတာလည်း အတူတူပါပဲ၊ ဘာမှ ထူးထူးခြားခြား မသိပါဘူး၊ သူ့ကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းက ပဉ္စဒွါရာဝဇ္ဇန်းလို့ ကိစ္စအမည်နဲ့ပဲ အမည်ပေးထားတယ်၊ ငါးဒွါရမှာ ထင်လာတဲ့အာရုံကို "ဒါဘာလဲ" လို့ ဆင်ခြင်တဲ့အလုပ်၊ ဆင်ခြင်တဲ့ကိစ္စကို ဆောင်ရွက်တယ်၊ ဒါကြောင့် သူ့ကို ပဉ္စဒွါရာဝဇ္ဇန်းစိတ်လို့ အမည်ပေးထားပါတယ်၊ အဘိဓမ္မာပါဠိတော်မှာတော့ သူ့ကို ဒီနေရာမှာ မနောဓာတ်လို့ ဟောကြားထားပါတယ်၊ အခု ပြောခဲ့တဲ့အတိုင်း မနောဓာတ်ဟာ သုံးခုရှိတယ်၊ ဒီသုံးခုထဲက ဒီနေရာမှာတော့ ကြိယာ မနောဓာတ်အရာဖြစ်လို့မို့ ပဉ္စဒွါရာဝဇ္ဇန်း မနောဓာတ်ကို ဟောကြားတာဖြစ်တယ်ဆိုတာ သိရတယ်၊ ကြိယာပဉ္စဒွါရာဝဇ္ဇန်း မနောဓာတ်ဆိုတော့ ကုသိုလ်ကျိုးလည်း မဟုတ်ဘူး၊ အကုသိုလ်ကျိုးလည်း မဟုတ်ဘူး၊ ဒါကြောင့် ကောင်းတဲ့အာရုံပဲဖြစ်ဖြစ်၊ မကောင်းတဲ့ အာရုံပဲဖြစ်ဖြစ် သူကတော့ ဆင်ခြင်မှာချည်းပဲ။

(တတိယအကြိမ်)

## လေဝန်းနဲ့ တူတယ်

အဋ္ဌကထာဆရာက ကြိယာဆိုတာ ဝါတပုပ္ဖနဲ့တူတယ်တဲ့၊ ဝါတပုပ္ဖဆိုတာ မြန်မာလိုတော့ ဝါတက–လေ၊ ပုပ္ဖက–ပန်း၊ ဝါတပုပ္ဖ လေပန်းပေါ့၊ အပင်အနေနဲ့တော့ လေပန်းပင်ရယ်လို့ မကြားဖူးပါဘူး၊ ဒါပေမယ့်လို့ ဆိုလိုတာက လေပန်းဟာ အပွင့်သာပွင့်ပြီး အသီးမသီးတာကို ဆိုလိုပါတယ်၊ သဘော်ပင်တို့ စသည်မှာ အပွင့်သာပွင့်ပြီးတော့ အသီးမသီးတဲ့အပင်ကို အဖိုပင် ခေါ်သလို ဒီမှာလည်း အဖိုပွင့်လို့ဆိုရမှာပါပဲ၊ အဲ အသီးမသီးတဲ့ လေပွင့်နဲ့တူတယ်–တဲ့၊ ကုသိုလ်ကိုပဲပြုပြု၊ အကုသိုလ်ပဲပြုပြု ပြုတာပဲရှိတယ်၊ အကျိုးတည်းဟူသော အသီးကို မသီးလာတော့ဘူး၊ အကျိုးမပေးတော့ဘူးပေါ့လေ။

ဋီကာဆရာက ဒါကို မောဃပုပ္ဖလို့ ထပ်ပြီး ဖွင့်ပါတယ်၊ မောဃဆိုတာက အချည်းနှီး၊ ပုပ္ဖဆိုတာက–ပန်း၊ မောဃပုပ္ဖ အချည်းနှီးပွင့်တဲ့ပန်း၊ အသီးမသီးဘဲ အချည်းနှီးပွင့်ရုံသာ ပွင့်တဲ့ပန်းတဲ့၊ ကြိယာဆိုတာ အဲဒီ အချည်းနှီးပွင့်တဲ့ပန်းနဲ့တူတယ် တဲ့၊ သီးနိုင်လောက်အောင် အင်အားမရှိတဲ့ ပန်းဆိုတော့ အသီးမသီးနိုင်သလို ကြိယာဆိုတာကလည်း အကျိုးပေးနိုင်လောက်အောင် အင်အားမရှိလို့ အကျိုး မပေးတဲ့ကံလို့ ဆိုရမှာပဲ၊ အကျိုးကို ဖြစ်စေတဲ့သဘော မရှိဘူးပေါ့။

## အတူတကွ ဖြစ်တဲ့တရားတွေ

ပဥ္စဒွါရာဝဇ္ဇန်း၊ မနောဓာတ်ဖြစ်တဲ့အခါကျတော့ ပါဝင်တဲ့တရားများမှာ ဘယ်လောက်တုန်းဆိုရင် အဲဒါကိုတော့ ဇယားကွက်ထဲမှာ ရေးထားပါတယ်၊ ပဥ္စဒွါရာဝဇ္ဇန်းစိတ်တဲ့၊ မြင်တဲ့အခါကာလမြင်စရာအဆင်း ပေါ်လာကတည်းက သူကဆင်ခြင်တာ၊ ဆင်ခြင်ပြီးတော့ စက္ခုဝိညာဉ်က မြင်တာ၊ မမြင်ခင် သူက အရင်မြင်တယ်၊ အဲဒါတွေကို အရင်နေ့က သရက်သီးဥပမာနဲ့ ပြောပြီးခဲ့ပါပြီ၊ ပဥ္စဒွါရာဝဇ္ဇန်းဆိုတာ ကြိယာမနောဓာတ်ပါပဲ၊ အဲဒါ ဥပေက္ခာသဟဂုတ်တဲ့၊ သူနဲ့အတူတွဲဖြစ်တာကတော့ ၁၀–ပါး၊ သူနဲ့ပါဆိုရင် ၁၁–ပါးပေါ့လေ၊ အားလုံး သဘောတရား ၁၁–ပါးဖြစ်သည်တဲ့၊ ဒီလောက်ဆိုရင် တော်ပါပြီ၊ ဒါတွေက မှတ်မိမှာတော့မဟုတ်ဘူး၊ သူ့ကို သေသေချာချာ လေ့လာထားမှ မှတ်မိမှာပဲ၊

(တတိယအကြိမ်)

ဒါပေမယ့်လို့ ကြားဖူးတယ်ဆိုရင် တော်ပါပြီ၊ အဘိဓမ္မာတရားကို ဒီလောက် ကြားရဖူးတဲ့အတွက် အဆက်ဆက် ကုသိုလ်တွေကို ကျေးဇူးပြုမယ်ဆိုရင် အင်မတန် ကျေးဇူးများပါတယ်။

## ကြိယာမနောဝိညာဏဓာတ်

နောက်ပြီးတော့ ကြိယာမနောဝိညာဏဓာတ်တဲ့။

"ယသ္မိံ သမယေ မနောဝိညာဏဓာတု ဥပ္ပန္နာ ဟောတိ ကြိယာ နေဝကုသလာ နာကုသလာ န စ ကမ္မဝိပါကာ"ဆိုခဲ့တဲ့အတိုင်းပါပဲ။

ယသ္မိံ သမယေ၊ အကြင်အခါ၌။ ကြိယာ၊ ပြုလုပ်ခြင်းသဘောမျှသာဖြစ်သော။ ပြုလုပ်ကာမျှပဲတဲ့၊ လေပန်း ဥပမာအတိုင်း အကျိုးသဘော မပေါ်လာဘူးတဲ့။ နေဝကုသလာ၊ ကုသိုလ်လည်း မဟုတ်ဘူး၊ နာကုသလာ၊ အကုသိုလ်လည်း မဟုတ်ဘူး၊ န စ ကမ္မဝိပါကာ၊ ကံ၏အကျိုးလည်းမဟုတ်ဘူးတဲ့၊ ခုနက အတိုင်းပါပဲ၊ ဥပေက္ခာသဟဂုတ်ပဲ၊ သောမနဿလည်းရှိသေးတယ်၊ အဲဒါကို နောက်မှ ပြောရမယ်၊ သူ့အာရုံကတော့ ရူပါရမ္မဏာ ဝါ။ ပ။ ဓမ္မာရမ္မဏာ ဝါ–ဒီမှာတော့ ဓမ္မာရုံပါ အာရုံခြောက်ပါးစလုံး အာရုံပြုပြီးတော့ ဖြစ်တယ်၊ သူမပြုနိုင်တဲ့ အာရုံရယ်လို့မရှိဘူး၊ သူ့ကို မနောဒွါရာဝဇ္ဇန်းလို့ နာမည်ပေးထားတယ်၊ စိတ်ကူးစဉ်းစားကြံစည်တဲ့ အခါကာလမှာ သူက ရှေးဦးစွာ ဆင်ခြင်တာပဲ၊ ဝီထိမှာဆိုလို့ရှိရင်တော့ ဘဝင်ဆိုတဲ့ မနောဒွါရမှာ အာရုံထင်လာပြီဆိုလို့ ရှိရင် "ဘာပါလိမ့်"လို့ ဆင်ခြင်တဲ့ သဘောပေါ့၊ ဆင်ခြင်တယ်ဆိုတာဟာလည်း နားလည်အောင်လို့သာ ပြောရတာပါ၊ စိတ်ကူး ဦးတန်းလိုက်တာလေးပါပဲ၊ ဒီလို သူကဆင်ခြင်လို့ ပြီးသွားပြီဆိုတော့ "ဆင်ခြင်ပြီးခါ၊ ဇောတဒါ၊ ကြံရာစိတ်ဖြစ်ပုံ"တဲ့၊ တစ်နေ့က ဆောင်ပုဒ်အတိုင်းပါပဲ၊ ဇော ခုနစ်ကြိမ်၊ နောက် တဒါရုံ ဖြစ်တယ်၊ ဝေဒနာကတော့ ဥပေက္ခာ ဝေဒနာပါပဲ၊ တရားကိုယ်တွေက ဘယ်လောက်တုန်းဆိုတော့ ခုနက ဆယ့်တစ်ပါးရယ်၊ ဝီရိယတိုးလာတယ်၊ ဝီရိယနှင့်တကွ ၁၂–ပါး ဖြစ်တယ်၊ ပဉ္စဒွါရာဝဇ္ဇန်း ရယ်၊ ဒီ မနောဒွါရာဝဇ္ဇန်းရယ် ဒီကြိယာစိတ်နှစ်ခုကတော့ ဘယ်ပုဂ္ဂိုလ်မဆို ပုဂ္ဂိုလ်အားလုံးဖြစ်နိုင်တာချည်းပဲ၊ ပုထုဇဉ်တွေမှာ ဖြစ်နိုင်တယ်၊ သောတာပန်

စတဲ့ အရိယာပုဂ္ဂိုလ်တွေရော မြတ်စွာဘုရားရော အားလုံးပဲ၊ မြတ်စွာဘုရားများ သဗ္ဗညုတဉာဏ်ဖြင့် ဆင်ခြင်တော်မူတဲ့ အခါကာလမှာ ဒီ မနောဒွါရာဝဇ္ဇန်းကစပြီး စိတ်ဦးတန်းလိုက်တော့ သိလိုတဲ့ အာရုံကို တန်းခနဲ သိနေရတာပဲ၊ သဗ္ဗညုတဉာဏ်ဆိုတော့ သူ့မှာ အဆီးအတားမရှိဘူး၊ နှလုံးသွင်းလိုက်လို့ရှိရင် ဘာမဆို အကုန်လုံး သိသွားတာပဲ၊ မျက်စိကောင်းတဲ့ပုဂ္ဂိုလ်ဟာ မြင်လောက်တဲ့အရာကို ကြည့်လိုက်ရင် မြင်တာပဲ၊ မကြည့်ရင်မမြင်ဘူး၊ အရှေ့ဘက်လှည့်နေတဲ့အခါ အနောက်ဘက်ကဟာတွေကို မမြင်ဘူး၊ နောက်ကျောဘက်ကို မကြည့်လို့ မမြင်ဘူး၊ ဒီလိုပဲ အခါခပ်သိမ်း ဘာမဆို သိနေတာမဟုတ်ဘူး၊ အလိုရှိလို့ ဆင်ခြင်တော့မှသိတာ၊ အာဝဇ္ဇနပဋိဗဒ္ဓ–ဆင်ခြင်မှုနဲ့စပ်တယ်တဲ့၊ ဒီလိုဆင်ခြင်တဲ့အခါမှာ သိလို့မို့ သဗ္ဗညုတဉာဏ်ဟာ အလုံးစုံသိတယ်လို့ဆိုရတယ်၊ သိလိုတဲ့အရာကိုဒီလို ဆင်ခြင်တဲ့အခါကာလမှာ ရှေးဦးစွာ မနောဒွါရာဝဇ္ဇန်းစိတ်ဖြင့် ဆင်ခြင်ရတယ်၊ ဒါကြောင့် မနောဒွါရာဝဇ္ဇန်းစိတ်လည်း သဗ္ဗညုတဉာဏ် အာရုံပြုသမျှကိုအကုန်လုံး အာရုံပြုနိုင်တာဖြစ်လို့မို့ သဗ္ဗညုတဉာဏ်နဲ့အာရုံပြုနိုင်တာချင်း အတူတူပါပဲ၊ ဒါပေမယ့်လို့ သူကသိတာတော့ မဟုတ်ဘူး၊ ဦးတန်းပေးလိုက်တဲ့ သဘောလေးပဲ၊ သိတာက နောက်ဇောကမှ နေပြီးတော့သိတယ်။

ဇောဆိုတော့ ထိုက်သင့်သလိုပဲ၊ မနောဒွါရာဝဇ္ဇန်းကနေပြီးတော့ ဦးတန်းပေးလိုက်တဲ့အတိုင်း ထိုက်သင့်သလို ဖြစ်နိုင်ပါတယ်၊ လောဘဆီကို ဦးတန်းပေးလိုက်တယ်ဆိုလို့ရှိရင် လောဘဇောပဲပေါ့၊ ဒေါသဆီကို ဦးတန်းပေးရင်လည်း ဒေါသဇော၊ အဲ ဟုတ်မှ ဟုတ်ပါ့မလားလို့ ယုံမှား သံသယဆီကို ဦးတန်းပေးလိုက်ရင်လည်း ဝိစိကိစ္ဆာဇော စသည်ပေါ့လေ၊ သဒ္ဓါတရား စသည်ဆီကို ဦးတန်းသွားပြန်ရင်လည်း သဒ္ဓါတရားပြဋ္ဌာန်းတဲ့ ကုသိုလ်ဇော စသည် ဖြစ်တော့တာပါပဲ။

ပဉ္စဒွါရာဝဇ္ဇန်းနဲ့ မနောဒွါရာဝဇ္ဇန်း စိတ်နှစ်ခုစလုံး ကြိယာအဗျာကတတွေချည်းပါပဲ၊ ဒီစိတ်နှစ်ခုက ပဉ္စဒွါရဝီထိနဲ့ မနောဒွါရ၏ ဝီထိစိတ်တွေကို သူတို့ဦးတန်းပေး လိုက်ကြတာဖြစ်ပါတယ်၊ အဲဒီ ကြိယာစိတ်နှစ်ခုက ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းမှာ ဖြစ်တယ်၊ အဲဒါလေး နှစ်ခုကိုတော့ သိအောင် မှတ်သားထားဖို့ လိုပါတယ်။

(တတိယအကြိမ်)

ဒီ ကြိယာနှစ်ခုအပြင် တခြား ကြိယာတွေဆိုတာလည်း ရှိသေးတယ်၊ အဲဒီ ကြိယာတွေကတော့ ရဟန္တာပုဂ္ဂိုလ်များမှာသာဖြစ်တဲ့ ကြိယာတွေ၊ ရဟန္တာဆိုရင် မြတ်စွာဘုရားလည်း အပါအဝင်ပေါ့လေ၊ တခြား ပုဂ္ဂိုလ်တွေမှာဖြစ်တဲ့ ကုသိုလ်၊ အကုသိုလ် ဇောနေရာတွေမှာဆိုရင် ဘုရားရဟန္တာတို့ကျတော့ ကြိယာဇောတွေ ဖြစ်လာရတယ်၊ အဲဒါကို သဘောကျခဲ့တယ်၊ ဓာတုကထာညဝါ အကောက် ကျမ်းမှာ ဆိုလို့ရှိရင် (စာသင်သားများ သိခဲ့စွာ) လို့တောင် မှာထားပါတယ်။

## ကြိယာမနောဝိညာဏဓာတ် ဟသိတုပ္ပါဒ

ဟသိတုပ္ပါဒ မနောဝိညာဏဓာတ်ကိုလည်း ဝေဖန်ဟောကြားထားပါတယ်၊ ဘယ်လိုတုန်းဆိုလို့ရှိရင်–

"မနောဝိညာဏဓာတု ဥပ္ပန္နာ ဟောတိ ကြိယာနေဝကုသလာ နာကုသလာ န စ ကမ္မဝိပါကာ သောမနဿသဟဂတာ" တဲ့။

ဒါလည်း အရင်အတိုင်း ဝေဖန်ဟောကြားထားတာပါပဲ၊ သောမနဿသဟဂုတ် တဲ့၊ အာရုံလည်းပဲ "ရူပါရမ္မဏာ ဝါ သဒ္ဒါရမ္မဏာ ဝါ" စသည်ဖြင့် ဒီလိုပဲ ဟောကြားပါတယ်၊ အာရုံခြောက်ပါးလုံးကိုပဲ အာရုံပြုပါတယ်၊ ပါဠိတော် အမည်ကတော့ သောမနဿသဟဂုတ် ကြိယာ မနောဝိညာဏဓာတ်တဲ့၊ နောက်လည်း ကာမကြိယာတွေရှိသေးတယ်၊ အဲဒီကျတော့ ဉာဏသမ္ပယုတ်တို့ ဉာဏဝိပ္ပယုတ်တို့ဆိုတဲ့ အမည်တွေလည်းပါလာမယ်၊ ဒီမှာတော့ ကြိယာ မနောဝိညာဏဓာတ်တဲ့၊ ဒီလောက်ပါပဲ၊ ဒီပြင် အမည်ထူးတွေ မပါပါဘူး။

ဟသိတုပ္ပါဒ်ဆိုတာ ဘုရားရဟန္တာတို့ ပြုံးရွှင်တဲ့ စိတ်တဲ့၊ သူနဲ့အတူတကွ ဖြစ်တဲ့ တရားတွေကတော့ ဝီရိယ, ပီတိတို့နှင့်တကွ တစ်ဆယ့်သုံးပါးဖြစ်တယ်၊ ဝေဒနာမှာ သောမနဿဝေဒနာတဲ့၊ ဘုရား ရဟန္တာတို့ ပြုံးရယ်တယ်ဆိုရင် ဒီ ဟသိတုပ္ပါဒ် သောမနဿစိတ်နဲ့လည်း ပြုံးရယ်တော်မူကြတယ်၊ တခြားသော မနဿစိတ်နဲ့လည်း ပြုံးရယ်တော်မူကြပါတယ်၊ ဒါပေမယ့်လို့ ဒီဟသိတုပ္ပါဒ်စိတ်နဲ့ ပြုံးရယ်တာကို အထူးအားဖြင့် ဖော်ပြလေ့ရှိကြပါတယ်၊ ဘုရား ရဟန္တာ ပုဂ္ဂိုလ်တွေဆိုတာ ပြုံးရုံမျှပြုံးကြတယ်၊ အသံထွက်အောင် ကျယ်ကျယ်လောင်လောင် တခြားပုဂ္ဂိုလ်တွေလို ရယ်မောလေ့မရှိကြဘူး။

(တတိယအကြိမ်)

သာမန်ပုထုဇဉ်ပုဂ္ဂိုလ်တွေဆိုတာကတော့ နှစ်သက်သဘောကျရင် ပြုံးကြတာပဲ၊ များသောအားဖြင့် သူတို့ပြုံးတာဟာ ကာမအာရုံနဲ့စပ်ပြီး ပြုံးလေ့ ရယ်လေ့ရှိကြတယ်၊ ဒီတော့ သူတို့ပြုံးတဲ့အာရုံတွေက သြဠာရိက ကြမ်းတမ်းတဲ့အာရုံတွေပဲ၊ ဘုရား ရဟန္တာတို့ ပြုံးတဲ့အာရုံကတော့ ဒီလိုမဟုတ်ဘူး၊ အနောဠာရိက သိမ်မွေ့တဲ့အာရုံတွေတဲ့။

## ဃဋိကာရသုတ်

ကုသိုလ်ကောင်းမှုနဲ့စပ်ပြီး ထူးခြားတဲ့ ဖြစ်ရပ်မျိုးလေးတွေ၊ ပြီးတော့ အလောင်းတော်တို့ ဖြစ်ခဲ့စဉ်အခါကာလက ထူးခြားတဲ့ကောင်းမှုပြုခဲ့ရာ နေရာမျိုးလေးတွေ စသည်ပေါ့လေ၊ အဲဒီလို နေရာမျိုးလေးတွေနဲ့ စပ်ပြီးတော့ ပြုံးတော်မူလေ့ရှိကြတယ်၊ ဒီလိုပြုံးတော်မူပြီဆိုလျှင် နောက်တော်ပါ အလုပ်အကျွေးဖြစ်တဲ့ အရှင်အာနန္ဒာက သိတော်မူပါတယ်၊ ဘာပြုလို့သိသလဲဆိုတော့ မြတ်စွာဘုရား ပြုံးတော်မူတဲ့ အခါကာလမျိုးမှာ ဖြူသောသွားတော်တို့မှ ဖြူတဲ့ရောင်ခြည်တော်တွေ ထွက်ကြွကွန့်မြူးသွားတယ်၊ ဒီလို ဖြူတဲ့ရောင်ခြည်တော်တွေကို အရှင်အာနန္ဒာက နောက်တော်ကနေပြီးတော့ မြင်ရတယ်၊ ဒါကြောင့် အရှင်အာနန္ဒာက ဘုရားရှင် ပြုံးတော်မူပြီဆိုရင်တော့ ဘုရားရှင် ပြုံးတော်မူတယ်ဆိုတာ သိတာပဲ။

ဒီလိုသိတဲ့အခါ အရှင်အာနန္ဒာက "ဘယ်အကြောင်းကြောင့် ပြုံးတော်မူပါသလဲ ဘုရား"လို့ မေးလျှောက်လေ့ရှိတယ်၊ ဒီတော့ မြတ်စွာဘုရားက ပြုံးတဲ့အကြောင်းကို အရှင်အာနန္ဒာအား မိန့်ကြားတော်မူလေ့ရှိပါတယ်၊ အဲဒီလို မြတ်စွာဘုရား ပြုံးတော်မူပုံကို ဃဋိကာရသုတ်မှာလာတဲ့ အကြောင်းအရာလေးကို ဒီနေရာတွင် ထည့်ပြောရမှာပဲ။

## ဃဋိကာရနှင့် ဇောတိပါလ

ကဿပမြတ်စွာဘုရား လက်ထက်တော်တုန်းက ဃဋိကာရဆိုတဲ့ အိုးထိန်းသည်တစ်ဦးရှိခဲ့တယ်၊ ဘုရားအလောင်းတော်ကတော့ အဲဒီတုန်းက ဇောတိပါလဆိုတဲ့ အမည်နဲ့ ပုဏ္ဏားမျိုးမှာ ဖြစ်နေပါတယ်၊ သူတို့နှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦး ခင်မင်ရင်းနှီးတဲ့ အဆွေခင်ပွန်းများ ဖြစ်ကြသတဲ့၊ ဒါပေမယ့်လို့ ဇာတ်ချင်းတော့ မတူကြဘူး၊ ဃဋိကာရလုလင်က အိုးထိန်းသည်မျိုးဆိုတော့ အမျိုးဇာတ်အားဖြင့်

နိမ့်တယ်၊ အလောင်းတော် ဇောတိပါလကတော့ ဗြာဟ္မဏပုဏ္ဏားမျိုးတဲ့၊ အဲဒီလို ဇာတ်မတူတဲ့ပုဂ္ဂိုလ်ချင်း ရင်းနှီးတဲ့မိတ်ဆွေအဖြစ်နဲ့ နေလာခဲ့ကြတယ်၊ အဲဒီတုန်းက ဇာတ်မြင့်တဲ့ဗြာဟ္မဏတွေဟာ ဇာတိမာန်နဲ့ အင်မတန် ဘဝင်မြင့်ကြတယ်၊ ဘုရားကိုတောင် အထင်မကြီးကြဘူး၊ ကတုံးရဟန်းကြီး ဆိုပြီးတော့ အထင်သေးကြသတဲ့၊ ဃဋိကာရလုလင်ကတော့ အိုးလုပ်ပြီးတော့ အိုးတွေကို ရောင်းချစားသောက်နေရတဲ့ အိုးထိန်းသည်မျိုးဆိုတော့ ဇာတ်နိမ့်နေတယ်။

အိန္ဒိယပြည်က ဇာတ်ကို အင်မတန်အရေးထားပြီး ဆက်ဆံကြတယ်၊ ဇာတ်နိမ့်တဲ့လူက ဇာတ်မြင့်တဲ့လူကို ကိုင်မိဖို့ဆိုတာဝေးရော၊ ထိတောင်မထိရဘူးတဲ့၊ ဒီလိုထိလို့ရှိရင် အမျိုးမြတ်တွေမှာ ဂုဏ်ယုတ်သွားတယ်လို့ အယူရှိနေကြတယ်၊ ကျက်သရေယုတ်တယ်တဲ့၊ ဒါပေမယ့်လို့ ဇာတ်အားဖြင့် နိမ့်နေတဲ့ ဃဋိကာရဟာ အရိယာ ပုဂ္ဂိုလ်တို့တွင် အနာဂါမ်အဆင့်သို့ရောက်ပြီးတော့ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်နေပြီ၊ ဒီတော့ မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတွေကိုရော၊ မြတ်စွာဘုရားရဲ့ တရားတော်တွေရော သိနေတယ်၊ သောတာပန် အဆင့်လောက်ကတည်းက ဒီလို ဂုဏ်ကျေးဇူးတွေကို သိနေကြသေးတာပဲ၊ အနာဂါမ်ပုဂ္ဂိုလ်ကြီးဆိုတော့ ပြောစရာမလိုတော့ဘူးပေါ့။

## ဆံဝင်ကိုတောင် ကိုင်ချင်ရင် ကိုင်မယ့်လူပဲ

တစ်နေ့တော့ ဃဋိကာရက သူ့မိတ်ဆွေ ဇောတိပါလကို ဘုရားထံလိုက်ခဲ့ဖို့ ခေါ်တယ်၊ ဇောတိပါလက မလိုက်ဘူး၊ ဒီလို ဘုရားထံလိုက်ဖို့သာ ခေါ်တယ်၊ သူသိတဲ့တရားကို သူကိုယ်တိုင်တော့မဟောဘူး၊ ဘာပြုလို့လည်းဆိုတော့ ဇောတိပါလဟာ ဘုရားကိုတောင် အထင်သေးနေသေးတာ၊ ဇာတ်နိမ့်တဲ့ ဃဋိကာရက ဟောလို့ရမယ် မဟုတ်ဘူးပေါ့၊ တစ်ကြိမ်ကျတော့ ဘုရား သီတင်းသုံးတော်မူတဲ့နေရာနဲ့နီးတဲ့ ရေဆိပ်ကို ရေချိုးဖို့ရာ ဃဋိကာရက ဇောတိပါလကို ခေါ်လာတယ်၊ ရေမိုးချိုးပြီးတဲ့အခါကျတော့ ခါးဝတ်သာ ဝတ်ရသေးတယ်၊ အပေါ်ရုံကိုတောင် မဝတ်ရုံရသေးခင်မှာ ဃဋိကာရက ဇောတိပါလကို ပြောပြန်ပါတယ်။

"အဆွေ ဇောတိပါလ၊ ကဿပသမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဟာ ဒီ အနီးအနားကျောင်းမှာပဲ သီတင်းသုံးတော်မူလျက်ရှိတယ်၊ မဝေးပါဘူး၊ အဲဒီကို သွားကြဦးစို့ရဲ့" လို့ ခေါ်တယ်၊ ဒါပေမယ့်လို့ ဇောတိပါလက မလိုက်ဘူးငြင်းတယ်။

ဒီတော့ ဃဋိကာရက ဇောတိပါလရဲ့ခါးကို ကိုင်ပြီးတော့ "လာပါ သွားကြရအောင်"လို့ ခေါ်ပြန်ပါတယ်၊ ဒါနဲ့လည်း ဇောတိပါလက မလိုက်ဘူး၊ ဒီလိုနဲ့ခေါ်လို့ မရပြန်တော့ ဇောတိပါလရဲ့ ပခုံးကို ကိုင်ပြီးတော့ "လာပါမိတ်ဆွေ ဘုရားထံသွားကြရအောင်ပါ"လို့ ခေါ်ပြန်တယ်၊ ဒီတော့မှ ဇောတိပါလက စဉ်းစားတယ်၊ "ဃဋိကာရဟာ အမျိုးညံ့ပဲ၊ အမှန်အားဖြင့် တို့ကို မထိကောင်းဘူး၊ အစက ခါးဝတ်ကိုကိုင်တယ်၊ အခု ပခုံးကိုရောက်လာပြီ၊ တော်တော်ကြာ ငါမလိုက်ဘူးပြောရင် ခေါင်းကဆံပင်ကိုတောင် ကိုင်ချင်ကိုင်မယ်၊ သူ ဒီလောက်ရဲတင်းတာကိုထောက်ရင် အချည်းနှီးတော့ ဟုတ်မှာမဟုတ်ဘူး၊ သူ့ဆရာကိုအားကိုးပြီးတော့ အကျိုးရှိမှာကို မြင်လို့ရှိမှာ, ဒီလို စဉ်းစားပြီးတော့ ဃဋိကာရခေါ်ရာ မြတ်စွာဘုရားထံကို လိုက်သွားတယ်။

ဒါနဲ့ မြတ်စွာဘုရားထံ ရောက်သွားကြတဲ့အခါ မြတ်စွာဘုရားတရားကို နာကြားရတော့ ဇောတိပါလဟာ တရားတော်ကို တစ်ခါတည်း သဘောကျသွားပါတယ်၊ ဒီတော့ ဇောတိပါလက ဃဋိကာရကို ဘယ်လို ပြောသလဲဆိုတော့ "ဃဋိကာရ၊ မင့်မှာ ဒီလို တရားကောင်းတွေကို နာကြားနေရပါလျက် မင်းသင်္ကန်းဝတ်ဖော်မရဘူး၊ သာသနာတော်ဝင်ပြီး ရဟန်းအဖြစ်နဲ့ တရားအားထုတ်ရောပေါ့၊ အင်မတန်ကောင်းတဲ့တရားတွေပဲ"လို့ ဒီလိုပြောတယ်၊ ဒီတော့ ဃဋိကာရက "ဟုတ်တယ် တရားတွေက အင်မတန်ကောင်းပါတယ်၊ ဒါပေမယ့်လို့ ငါ့အဖေအမေတွေက မျက်မမြင်တွေ ဖြစ်နေတယ်၊ သူတို့ကို လုပ်ကျွေးနေရတာဖြစ်တော့ ရဟန်းပြုလို့ မဖြစ်သေးဘူး"လို့ ဒီလို ပြောပြန်တယ်။

## ကောင်း ဘုရားဖြစ်မည့်ပုဂ္ဂိုလ်

မြတ်စွာဘုရား တရားတော်ကို နာကြားရတဲ့ ဇောတိပါလဟာ "ငါတော့ ရဟန်းပြုတော့မယ်"လို့ ပြောပြီး တစ်ခါတည်း ရဟန်းပြုသွားရောတဲ့၊ ရဟန်းပြုပြီးတော့ ရဟန်းတရားကို ကောင်းစွာ ကျင့်သုံးတယ်၊ ဘုရားအလောင်းတော်ဆိုတော့ သဒ္ဓါတရားက ပြည့်စုံပြီးသား ဖြစ်တဲ့အတိုင်း သာသနဓမ္မတွေကို ပြည့်ပြည့်စုံစုံ ကျင့်တော့တာပါပဲ၊ ဘုရားဖြစ်ဖို့ရာက မဝေးတော့ဘူး၊ နီးနီးလေးရှိတော့တယ်၊ ယခု ပွင့်တော်မူနေတဲ့ ကဿပမြတ်စွာဘုရား ပြီးတဲ့နောက်မှာ ဘုရားအဖြစ်

နိမ့်တယ်၊ အလောင်းတော် ဇောတိပါလကတော့ ဗြာဟ္မဏပုဏ္ဏားမျိုးတဲ့၊ အဲဒီလို ဇာတ်မတူတဲ့ပုဂ္ဂိုလ်ချင်း ရင်းနှီးတဲ့မိတ်ဆွေအဖြစ်နဲ့ နေလာခဲ့ကြတယ်၊ အဲဒီတုန်းက ဇာတ်မြင့်တဲ့ဗြာဟ္မဏတွေဟာ ဇာတိမာန်နဲ့ အင်မတန် ဘဝင်မြင့်ကြတယ်၊ ဘုရားကိုတောင် အထင်မကြီးကြဘူး၊ ကတုံးရဟန်းကြီး ဆိုပြီးတော့ အထင်သေးကြသတဲ့၊ ဃဋီကာရလုလင်ကတော့ အိုးလုပ်ပြီးတော့ အိုးတွေကို ရောင်းချစားသောက်နေရတဲ့ အိုးထိန်းသည်မျိုးဆိုတော့ ဇာတ်နိမ့်နေတယ်။

အိန္ဒိယပြည်က ဇာတ်ကို အင်မတန်အရေးထားပြီး ဆက်ဆံကြတယ်၊ ဇာတ်နိမ့်တဲ့လူက ဇာတ်မြင့်တဲ့လူကို ကိုင်ဖို့ပြုဖို့ဆိုတာဆေးရော၊ ထိတောင်မထိရဘူးတဲ့၊ ဒီလိုထိလို့ရှိရင် အမျိုးမြတ်တွေမှာ ဂုဏ်ယုတ်သွားတယ်လို့ အယူရှိနေကြတယ်၊ ကျက်သရေယုတ်တယ်တဲ့၊ ဒါပေမယ့်လို့ ဇာတ်အားဖြင့် နိမ့်နေတဲ့ ဃဋီကာရဟာ အရိယာ ပုဂ္ဂိုလ်တို့တွင် အနာဂါမ်အဆင့်သို့ရောက်ပြီးတော့ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်နေပြီ၊ ဒီတော့ မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတွေကိုရော၊ မြတ်စွာဘုရားရဲ့ တရားတော်တွေရော သိနေတယ်၊ သောတာပန် အဆင့်လောက်ကတည်းက ဒီလို ဂုဏ်ကျေးဇူးတွေကို သိနေကြသေးတာပဲ၊ အနာဂါမ်ပုဂ္ဂိုလ်ကြီးဆိုတော့ ပြောစရာမလိုတော့ဘူးပေါ့။

## ဆံဝင်ကိုတောင် ကိုင်ချင်ရင် ကိုင်မယ့်လူပဲ

တစ်နေ့တော့ ဃဋီကာရက သူ့မိတ်ဆွေ ဇောတိပါလကို ဘုရားထံလိုက်ခဲ့ဖို့ ခေါ်တယ်၊ ဇောတိပါလက မလိုက်ဘူး၊ ဒီလို ဘုရားထံလိုက်ဖို့သာ ခေါ်တယ်၊ သူသိတဲ့တရားကို သူကိုယ်တိုင်တော့မဟောဘူး၊ ဘာပြုလို့လည်းဆိုတော့ ဇောတိပါလ ဟာ ဘုရားကိုတောင် အထင်သေးနေသေးတာ၊ ဇာတ်နိမ့်တဲ့ ဃဋီကာရက ဟောလို့ရမယ် မဟုတ်ဘူးပေါ့၊ တစ်ကြိမ်ကျတော့ ဘုရား သီတင်းသုံးတော်မူတဲ့နေရာ နဲ့နီးတဲ့ ရေဆိပ်ကို ရေချိုးဖို့ရာ ဃဋီကာရက ဇောတိပါလကို ခေါ်လာတယ်၊ ရေမိုးချိုးပြီးတဲ့အခါကျတော့ ခါးဝတ်သာ ဝတ်ရသေးတယ်၊ အပေါ်ရုံကိုတောင် မဝတ်ရုံရသေးခင်မှာ ဃဋီကာရက ဇောတိပါလကို ပြောပြန်ပါတယ်။

"အဆွေ ဇောတိပါလ၊ ကဿပသမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားဟာ ဒီ အနီးအနားကျောင်းမှာပဲ သီတင်းသုံးတော်မူလျက်ရှိတယ်၊ မဝေးပါဘူး၊ အဲဒီကို သွားကြဦးစို့ရဲ့" လို့ ခေါ်တယ်၊ ဒါပေမယ့်လို့ ဇောတိပါလက မလိုက်ဘူးငြင်းတယ်။

(တတိယအကြိမ်)

ဒီတော့ ဃဋိကာရက ဇောတိပါလရဲ့ခါးကို ကိုင်ပြီးတော့ "လာပါ သွားကြရအောင်"လို့ ခေါ်ပြန်ပါတယ်၊ ဒါနဲ့လည်း ဇောတိပါလက မလိုက်ဘူး၊ ဒီလိုနဲ့ခေါ်လို့ မရပြန်တော့ ဇောတိပါလရဲ့ ပခုံးကို ကိုင်ပြီးတော့ "လာပါမိတ်ဆွေ ဘုရားထံသွားကြရအောင်ပါ"လို့ ခေါ်ပြန်တယ်၊ ဒီတော့မှ ဇောတိပါလက စဉ်းစားတယ်၊ "ဃဋိကာရဟာ အမျိုးညံ့ပဲ၊ အမှန်အားဖြင့် တို့ကို မထိကောင်းဘူး၊ အစက ခါးဝတ်ကိုကိုင်တယ်၊ အခု ပခုံးကိုရောက်လာပြီ၊ တော်တော်ကြာ ငါမလိုက်ဘူးပြောရင် ခေါင်းကဆံပင်ကိုတောင် ကိုင်ချင်ကိုင်မယ်၊ သူ ဒီလောက်ရဲတင်းတာကိုထောက်ရင် အရျည်းနှီးတော့ ဟုတ်မှာမဟုတ်ဘူး၊ သူ့ဆရာကို အားကိုးပြီးတော့ အကျိုးရှိမှာကို မြင်လို့ရှိမှာ, ဒီလို စဉ်းစားပြီးတော့ ဃဋိကာရခေါ်ရာ မြတ်စွာဘုရားထံကို လိုက်သွားတယ်။

ဒါနဲ့ မြတ်စွာဘုရားထံ ရောက်သွားကြတဲ့အခါ မြတ်စွာဘုရားတရားကို နာကြားရတော့ ဇောတိပါလဟာ တရားတော်ကို တစ်ခါတည်း သဘောကျသွားပါတယ်၊ ဒီတော့ ဇောတိပါလက ဃဋိကာရကို ဘယ်လို ပြောသလဲဆိုတော့ "ဃဋိကာရ၊ မင့်မှာ ဒီလို တရားကောင်းတွေကို နာကြားနေရပါလျက် မင်းသင်္ကန်းဝတ်ဖော်မရဘူး၊ သာသနာတော်ဝင်ပြီး ရဟန်းအဖြစ်နဲ့ တရားအားထုတ်ရောပေါ့၊ အင်မတန်ကောင်းတဲ့တရားတွေပဲ"လို့ ဒီလိုပြောတယ်၊ ဒီတော့ ဃဋိကာရက "ဟုတ်တယ် တရားတွေက အင်မတန်ကောင်းပါတယ်၊ ဒါပေမယ့်လို့ ငါ့အဖေအမေတွေက မျက်မမြင်တွေ ဖြစ်နေတယ်၊ သူတို့ကို လုပ်ကျွေးနေရတာဖြစ်တော့ ရဟန်းပြုလို့ မဖြစ်သေးဘူး"လို့ ဒီလို ပြောပြန်တယ်။

## ကောန် ဘုရားဖြစ်မည့်ပုဂ္ဂိုလ်

မြတ်စွာဘုရား တရားတော်ကို နာကြားရတဲ့ ဇောတိပါလဟာ "ငါတော့ ရဟန်းပြုတော့မယ်"လို့ ပြောပြီး တစ်ခါတည်း ရဟန်းပြုသွားရောတဲ့၊ ရဟန်းပြုပြီးတော့ ရဟန်းတရားကို ကောင်းစွာ ကျင့်သုံးတယ်၊ ဘုရားအလောင်းတော်ဆိုတော့ သဒ္ဓါတရားက ပြည့်စုံပြီးသား ဖြစ်တဲ့အတိုင်း သာသနဓမ္မတွေကို ပြည့်ပြည့်စုံစုံ ကျင့်တော့တာပါပဲ၊ ဘုရားဖြစ်ဖို့ရာက မဝေးတော့ဘူး၊ နီးနီးလေးရှိတော့တယ်၊ ယခု ပွင့်တော်မူနေတဲ့ ကဿပမြတ်စွာဘုရား ပြီးတဲ့နောက်မှာ ဘုရားအဖြစ်

ဆောက်တည်ကျင့်ပါတယ်၊ ကောဘတ္တိက ဆင်္ကုတ္တိသိလဆိုတာ ဝိကာလဘောဇနေသိက္ခာ ပုဒ်ကို ခုနကသီလထဲမှာ တိုးပြီးတော့ ဆောက်တည်ရတာပါပဲ၊ အဲဒါဟာ နေလွဲညစာ မစားရဘဲ နံနက်တစ်ထပ်တည်းသာ စားပြီးတော့ ကျင့်သုံးရတဲ့ ခြောက်ပါးသီလပေါ့၊ ဒါလည်း တပည့်တွေက ဆရာကြီးလိုပဲ လိုက်ပြီးတော့ ဆင်္ကုတ္တိသီလကို ဆောက်တည်ကျင့်သုံးကြပြန်ပါတယ်၊ ဒီတော့ ဆရာကြီးက ငါ ရဟန်းပြုမှုဆိုပြီးတော့ ရဟန်းပြုလိုက်တယ်။

ဆရာကြီးရဟန်းပြုသလိုပဲ တပည့်တွေကလည်း ရဟန်းပြုကြပြန်ပါတယ်၊ ဆရာနဲ့တပည့်တွေ အကုန်လုံးရဟန်းအဖြစ်နဲ့ တရားအားထုတ်လိုက်ကြတာ တရားထူးတွေ ရသွားကြပါတယ်၊ အဲဒါကိုလည်း မြတ်စွာဘုရားက မြင်တော်မူတော့ ပြုံးတော်မူပါတယ်၊ မြတ်စွာဘုရား ပြုံးတော်မူတာဟာ အဲဒီလို သိမ်မွေ့တဲ့ အကြောင်းအရာတွေကို မြင်တဲ့အခါမှာ ပြုံးတော်မူတာပါပဲ၊ ကြမ်းကြမ်းတမ်းတမ်းတွေ မြင်တော်မူလို့ ပြုံးတာမဟုတ်ပါဘူး။

## အရှင်မောဂ္ဂလာန် ပြုံးတော်မူစဉ်က ဝမ်းမြောက်လို့ ပြုံးတယ်

တစ်ခါက အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီး ဂိဇ္ဈကုဋ်တောင်ပေါ်က ဆွမ်းခံကြွဖို့ ဆင်းလာတဲ့အခါ အတိဒုက္ခရောက်နေတဲ့ ပြိတ္တာကို မြင်တော်မူတယ်။ ဒီတော့ မထေရ်မြတ်ကဆင်ခြင်တယ်၊ ဘယ်လိုလဲဆိုရင် ဒီပြိတ္တာဟာ မကောင်းမှု အကုသိုလ်တွေပြုလုပ်လို့ ငရဲကျတယ်၊ ငရဲက လွတ်ပြန်တော့ ပြိတ္တာဖြစ်ရပြန်တယ်၊ ငါတို့မှာ ဒီလိုပြိတ္တာဘုံရောက်ခြင်းရဲ့ အကြောင်းဖြစ်တဲ့ အကုသိုလ်ကံတွေ မရှိတော့ဘူးဆိုပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတယ်၊ ဒီလိုဆင်ခြင်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်လို့မို့ ပြုံးတော်မူပါတယ်။ ဒီတော့ အတူပါတဲ့ အရှင်လက္ခဏ မထေရ်မြတ်က အရှင်မဟာမောဂ္ဂလာန် ပြုံးတော်မူတာကို မြင်တယ်၊ ဒီတော့ အရှင်လက္ခဏက "အရှင်ဘုရား ဘာပြုလို့ပြုံးပါသလဲ"လို့မေးတယ်။ မေးတာက လည်း ဂိဇ္ဈကုဋ်တောင်ပေါ်က ဆင်းလာရာမှာ ပြုံးစရာရယ်လို့ အရှင်လက္ခဏက ဘာမှမမြင်လို့ မေးတာပဲ၊ တောထဲမှာ သစ်ပင်လောက်သာ မြင်နေရတာဖြစ်တော့ ဘာကြောင့်ပြုံးတယ်ဆိုတာ မသိဘူးပေါ့၊ ဒီတော့ အရှင်မဟာမောဂ္ဂလာန်က

(တတိယအကြိမ်)

"အခု မမေးပါနဲ့ဦး၊ မြတ်စွာဘုရား ရှေ့တော်ရောက်တဲ့အခါကျမှ မေးပါ"လို့ ပြောပြီးတော့ အဖြေမပေးသေးဘဲ ဆက်ပြီး ဆွမ်းခံကြွကြတယ်။

အဖြေမပေးသေးတာကလည်း အကြောင်းရှိတယ်၊ အရှင်မဟာမောဂ္ဂလာန် မြင်တာက အင်မတန်ထူးဆန်းနေတယ်၊ သက်သေသာခေ မြင်တဲ့ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မျှ မရှိသေးဘဲပြောလို့ ယုံနိုင်စရာမရှိလောက်အောင် ဖြစ်နေတယ်၊ မြတ်စွာဘုရားထံရောက်ရင်တော့ မြတ်စွာဘုရားကလည်း သိတာဖြစ်လို့မို့ ဒါ ဟုတ်တယ်ဆိုတာ သက်သေအထောက်အထားရနိုင်တယ်၊ ဒါကြောင့် အရှင် လက္ခဏရဲ့အမေးကို အခု အဖြေမပေးသေးဘဲ မြတ်စွာဘုရားထံ ရောက်မှ မေးပါလို့ အရှင်မဟာမောဂ္ဂလာန်က ပြောတာတဲ့။

အရှင်မဟာမောဂ္ဂလာန် မြင်တယ်ဆိုတာကလည်း ပကတိမျက်စိနဲ့မြင်တာမဟုတ် ဘူး၊ ဒိဗ္ဗစက္ခုအဘိညာဏ်နဲ့ကြည့်လို့ မြင်တာဖြစ်နေတော့ တခြားပုဂ္ဂိုလ်တွေအတွက် သာမန်မျက်စိနဲ့ကြည့်လို့ မမြင်နိုင်ဘူးပေါ့၊ မြင်ရတဲ့ပြိတ္တာကြီးကလည်း အရိုးစုပြိတ္တာ ကြီးတဲ့၊ အသားမပါဘဲ အရိုးချည်းဆိုတော့ ထူးနေတယ်၊ အဲဒီ ပြိတ္တာ ကြီးကို ကျီးတွေ,လင်းတတွေက လိုက်ပြီးတော့ ထိုးကြ,ဆိတ်ကြလို့ အင်မတန် နာကျင်တဲ့အသံနဲ့ အခံခက်နေတာကို တွေ့မြင်ရသတဲ့၊ သူဟာ ကောင်းကင်မှာ နာကျင်လွန်းလို့ အော်ပြေးနေရင်း ကျီးတွေ, လင်းတတွေက လိုက်ပြီးတော့ ထိုးဆိတ်နေကြတာကို မြင်ရတာဖြစ်လို့မို့ ငါတို့တော့ ဒီဝဋ်ဆင်းရဲမှ လွတ်မြောက်ခဲ့ပြီ ဆိုပြီးတော့ ဝမ်းသာသွားတယ်၊ ဒါကြောင့် အရှင်မဟာမောဂ္ဂလာန်က ပြုံးတာပါတဲ့၊ မြတ်စွာဘုရားထံ ရောက်တဲ့အခါ အရှင်လက္ခဏကမေးသော့ အရှင်မဟာမောဂ္ဂလာန် က အဲဒီအတိုင်း ဖြေကြားပါတယ်၊ အဲဒီမှာ အဋ္ဌကထာဆရာက လင်းတတွေ, ကျီးတွေကို ဘီလူးတွေလို့ဒီလိုဆိုပါတယ်၊ သူ့ကဲ့ အားလျော်စွာဖြစ်နေကြတဲ့ ကျီးတွေ, လင်းတတွေလို့ ဒီလိုလည်း ဆိုနိုင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ တချို့ ပြိတ္တာတွေဆိုလို့ရှိရင် ခါးတို့, လုံတို့, မြားတို့ ဒီလို လက်နက်တွေ သူတို့ကိုယ်ထဲ ထိုးဖောက်စူးဝင် ခံနေကြရတာတောင် ရှိနေလို့ပါပဲ၊ ဒါတွေဟာ အကြောင်းမဲ့ မဟုတ်ပါဘူး၊ သူတို့ပြုခဲ့ကြတဲ့ မကောင်းမှု အကုသိုလ်ကံအား လျော်စွာ ဖြစ်ကြရတာပဲ၊ အဲဒီလို ဘီလူးတွေဟာ ကျီးတို့, လင်းတတို့ ဖြစ်နိုင်စရာ အကြောင်းတော့လည်း ရှိပါတယ်။

(တတိယအကြိမ်)

ငါတို့တော့ ဒီလိုပြိတ္တာဆင်းရဲမျိုးတို့မှ လွတ်မြောက်ခဲ့ပြီလို့ ဆင်ခြင်ပြီးတော့ ဝမ်းမြောက်တာနဲ့ပြီးတဲ့ အရှင်မဟာမောဂ္ဂလာန်ရဲ့ အပြုံးဟာ သောမနဿဟသိတုပ္ပါဒ် စိတ်တဲ့၊ အဲဒီ စိတ်နဲ့ပြုံးတာပဲ။

## အားပေးရာရောက်တယ်

ဒီမှာလည်း အရှင်မဟာမောဂ္ဂလာန်မှာ မကောင်းမှုကံအကြောင်းမှ လွတ်မြောက်ခဲ့ပြီဖြစ်လို့မို့ ဝမ်းသာလျက် ပြုံးသလိုပါပဲ၊ ကုသိုလ်ကောင်းမှုတွေကို ပြုထားလို့မို့ ကုသိုလ်ကောင်းမှုနဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တို့မှာလည်း မကောင်းမှုအကုသိုလ်တွေ ကင်းတန်သလောက် ကင်းလွတ်နေပြီလို့ ဆင်ခြင်ပြီးတော့ ဝမ်းမြောက်ဖို့ပါပဲ၊ တရားအားထုတ်လို့ သောတာပတ္တိမဂ်ကို ရောက်လို့ရှိရင်တော့ အဲဒီလို ပြိတ္တာ မဖြစ်နိုင်တော့ဘူး၊ စိတ်ချရပြီ၊ သောတာပတ္တိမဂ်ဖိုလ်လောက်နဲ့ ဖြစ်ပြီးသား အကုသိုလ်တွေကုန်ပြီလို့တော့ မပြောနိုင်ဘူးပေါ့လေ၊ သုတ္တန်မှာလာတဲ့ သက္ကာယ ဒိဋ္ဌိရယ်၊ ဝိစိကိစ္ဆာရယ်၊ သီလဗ္ဗတပရာမာသရယ် အဲဒီ သံယောဇဉ် ၃–ပါး ကင်းနေလို့တဲ့၊ အဲဒါကြောင့် အပါယ်လေးပါးကို မကျမရောက်နိုင်တော့ဘူး၊ "စတူဟာပါယေဟိ ဝိပ္ပမုတ္တော အပါယ်လေးပါးမှလွတ်ပြီ"တဲ့၊ အဲဒါ ရှေးက အကုသိုလ်ကံတွေ ရှိနေသေးပေမယ်လို့လည်း အပါယ်လေးပါးကို မကျနိုင်တော့ဘူး၊ အဲဒီ အကုသိုလ်တွေကိုတော့ ပြုကိုမပြုတော့ဘူး။

တချို့ကတော့ သောတာပန်ဖြစ်ပြီးနောက် ဘာပဲလုပ်လုပ် ကိစ္စမရှိဘူး ဆိုပြီးတော့ မတော်တာပြုလုပ်တာတွေရှိတယ်၊ အဲဒါဟာ မတော်မသင့်တာပါပဲ၊ ဘုန်းကြီးတို့ တမူးရောက်သွားတုန်းက ကြားရတယ်၊ ကလေးဝလား ကလေးလား မပြောတတ်ပါဘူး၊ အဲဒီက ဆရာကြီးတစ်ယောက်က သူတို့ ဟောတဲ့တရားတွေကို သဘောပေါက်နေပြီဆိုရင်တော့ အကုသိုလ်တွေပြုလုပ်ပေမယ်လို့ အကျိုးမပေးနိုင် တော့ဘူး၊ အပါယ်မကျနိုင်တော့ဘူး၊ ရုပ်တရား နာမ်တရားမျှပဲ၊ ဓါတ်သဘောမျှသာ ရှိတာ၊ သတ္တဝါရယ်လို့ ကိုယ့်စိတ်ထဲ မထင်လို့ရှိရင် သတ္တဝါရယ်လို့မရှိ၊ သတ္တဝါမရှိတော့ သူ့အသက်သတ်ပေမယ်လို့ ပါဏာတိပါတကံ မထိုက်တော့ဘူးတဲ့၊ ဓါတ်သဘောမျှသိနေတာ ကိစ္စမရှိဘူးတဲ့၊ ဒီလိုဟောနေသတဲ့၊ အဲဒါ တံငါအလုပ်နဲ့ အသက်မွေးနေတဲ့သူက အဲဒီတရားကို သဘောကျပြီးနေတယ်ဆိုကိုး။

(တတိယအကြိမ်)

ဒါဟာ နေရာမကျပါဘူး၊ မကောင်းမှုကို အားပေးရာ ရောက်နေပါတယ်၊ မကောင်းမှု အကုသိုလ်ပြုလုပ်တဲ့သူကို ရဲရဲတင်းတင်း ပြုလုပ်ဝံ့အောင် အားပေးရာ ရောက်နေတာပေါ့လေ၊ အဲဒီတရားကို နာရပြီးတော့ သဘောကျတဲ့သူတွေက ဆရာကြီးကို ကျေးဇူးတင်လို့မို့ ငါးပိတို့၊ ငံပြာရည်တို့တောင် လှူလိုက်သေးတယ်လို့ ဆိုပါတယ်၊ အကုသိုလ်တွေ အကြီးအကျယ်ဖြစ်မှာပဲ၊ ဒီလို တရားကို မနာ မကြားရခင်တုန်းက ကြောက်ကြောက်ရွံ့ရွံ့နဲ့ လုပ်ခဲ့ရတာဖြစ်ပေမယ်လို့ သူ့ဆရာ ကြီးရဲ့ ဒီတရားကိုနာရမှ စိတ်ထဲမှာ အေးသွားပြီးတော့ အကုသိုလ်တွေကို ရဲရဲတင်းတင်း စိတ်ချလက်ချ ပြုလုပ်တော့မှာပဲ၊ ဒီအလုပ်ဟာ အကုသိုလ်အလုပ်ပဲလို့ သိပြီးတော့ လုပ်တယ်ဆိုရင် လျော့လျော့ပေါ့ပေါ့ ပြုလုပ်မှာမို့ အကုသိုလ်အပြစ် သက်သာတာပေါ့၊ အကုသိုလ်မှန်းမသိဘဲ ပြုလုပ်တာဆိုတော့ သူက လျော့လျော့ ပေါ့ပေါ့လုပ်မှာ မဟုတ်ဘူး၊ ဒီတော့ အကုသိုလ်ပြစ်ပိုပြီး ကြီးလေးမှာပဲ၊ ဘယ်လိုတုန်းဆိုရင် မီးကိုကိုင်သလိုပေါ့၊ မီးကိုပူမှန်းသိတဲ့လူဆိုရင် ကိုင်တဲ့အခါ အပူသက်သာအောင်ကြည့်ပြီးတော့ ကိုင်မှာပဲ၊ ပူမှန်းမသိတဲ့လူက မီးကိုကိုင်ရင် လက်နဲ့ဘာနဲ့ ထိထိမိမိ ကိုင်လိုက်မှာပဲ၊ ဒီတော့ ပိုပြီးပူတာပေါ့၊ ဒီလိုပါပဲ၊ မကောင်းမှု အကုသိုလ် ပြုလုပ်ရာမှာလည်း မကောင်းမှု အကုသိုလ်မှန်း မသိရင် ဆင်ခြင်မှာမဟုတ်ဘူး၊ အကောင်းထင်ပြီး ရှေ့ဆက်လုပ်နေမှာပဲ၊ ဒီတော့ အကုသိုလ်တွေ ပိုပြီး အားကြီးတာပေါ့၊ အကုသိုလ်မှန်း သိသူကတော့ မလွှဲသာမရှောင်သာလို့သာ ပြုလုပ်ချင်ပြုလုပ်မိမယ်၊ ရှောင်သာလို့ရှိရင်တော့ ဒီအလုပ်မျိုးကို ပြုလုပ်မှာ မဟုတ်ဘူး၊ ဒီတော့ အကုသိုလ်အပြစ် သက်သာတာပေါ့။

ဆူး ဆိုပါတော့၊ ဆူးဆိုလို့ရှိရင် စူးတတ်တာပဲ၊ ဒီနားဆီမှာ ဆူးရှိတယ်၊ ဆိုရင် ဆူးရှိမှန်းသိတဲ့လူက စမ်းပြီး ဆဆနင်းမယ်၊ တကယ်နင်းမိလို့ စူးတယ်ဆိုရင် စူးမိတဲ့ခြေထောက်ကို နည်းနည်းစူးကတည်းက ကြွလိုက်မှာပဲ၊ သိပ်ပြီး အစူးမခံဘူး၊ ဆူးရှိမှန်း မသိတဲ့လူကတော့ ပြင်းပြင်းထန်ထန် နင်းမြဲအတိုင်း နင်းချလိုက်မှာပဲ၊ ဒီတော့ စူးချက်နာမယ်ပေါ့၊ ဆူးရှိသလောက် စူးသွားမှာပဲ၊ အဲဒီလိုပါပဲ၊ ဆူးကို ဆူးမှန်းမသိရင် စူးချက်နာသလို အကုသိုလ်ကို အကုသိုလ်မှန်းမသိဘဲ ပြုလုပ်တယ်ဆိုရင် အကုသိုလ်အပြစ် ပိုပြီးကြီးပါတယ်၊

အဲဒါ ဟောတဲ့ပုဂ္ဂိုလ်ကလည်းဟော၊ ယုံတဲ့ပုဂ္ဂိုလ်ကလည်း ယုံတာဟာ အင်မတန် ကြောက်စရာပါပဲ။

တရားကိုသိတဲ့ ပုဂ္ဂိုလ်တွေဆိုရင် အကုသိုလ်အမှုတွေကို ရှောင်ကြဉ်နိုင် သလောက် ရှောင်ကြဉ်ကြတာပဲ၊ မလွဲသာလို့ ဖြစ်ရင်လည်း နည်းနည်းပါးပါး ဖြစ်မှာပေါ့၊ ဒါပေမယ့်လို့ အပါယ်လေးပါးကျနိုင်တဲ့ အကုသိုလ်တော့ ကင်းတယ်၊ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ စွဲလမ်းမှု သက္ကာယဒိဋ္ဌိလည်းကင်းတယ်၊ ဘုရား၊ တရား၊ သံဃာနဲ့စပ်ပြီးတော့ ယုံမှားမှုဝိစိကိစ္ဆာမှုလည်းကင်းတယ်၊ ကုသိုလ်က ကောင်းကျိုးပေး တယ်၊ အကုသိုလ်က မကောင်းကျိုး ပေးတယ်ဆိုတာလည်း သူ့မှာ သံသယမရှိဘူး။ ယုံကြည်တဲ့ ကမ္မသကတာဉာဏ်လည်း ရှိတယ်၊ မဂ္ဂင်ရှစ်ပါးကို မပွားများဘဲ အလေ့အကျင့်မှုဖြင့် ဆင်းရဲမှု လွတ်မြောက်တယ်ဆိုတဲ့ အယူဝါဒမျိုး သီလဗ္ဗတ ပရာမာသဒိဋ္ဌိလည်း ကင်းတယ်ဆိုရင် အပါယဂမနီယဖြစ်တဲ့ အကုသိုလ်တွေအထိ မဖြစ်တော့ဘူး။ အဲဒီလို အကုသိုလ်မျိုးကို မပြုမလုပ်တော့ဘူး၊ အဲ မကင်းသေးတဲ့ လောဘအလျှောက် မတော်မသင့်တာကို နည်းနည်းပါးပါး ပြုမိတာမျိုး ရှိချင်လည်း ရှိမယ်၊ စိတ်ဆိုးတဲ့အခါမှာလည်း နည်းနည်းပါးပါး ကြမ်းတမ်းတာကို ပြောမိတာ မျိုးလည်း ရှိချင်ရှိမယ်ပေါ့၊ ဒါပေမယ့်လို့ သူတစ်ပါးဥစ္စာကို ခိုးယူနိုင်လောက် အောင်၊ သူတစ်ပါးအသက်ကို သတ်နိုင်လောက်အောင် အဲဒီလို ပြင်းထန်တဲ့ အကုသိုလ်တွေကတော့ မဖြစ်တော့ဘူးတဲ့၊ အဲဒါ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ အောက်ထစ်ဆုံး သောတာပတ္တိမဂ်ကိုရောက်လို့ သောတာပန်ဖြစ်ပြီဆိုရင် အပါယ်လား ကြောင်းဖြစ်တဲ့ အကုသိုလ်မှုတွေဟာ အဟောင်းလည်းပဲ အကျိုးမပေးနိုင်တော့ဘူး၊ အသစ်တွေလည်း အကျိုးမပေးနိုင်တော့ဘူး၊ အပါယ်လားကြောင်းဖြစ်တဲ့ အကုသိုလ် တွေ ကင်းပြီတဲ့။

ဒီတော့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ ဒီလို အကျိုးကျေးဇူးတွေကို အာရုံပြုပြီးတော့ ဝမ်းသာစရာကောင်းပါတယ်၊ အဲ ရဟန္တာပုဂ္ဂိုလ်တွေဆိုရင်တော့ ကိလေသာအားလုံး ကုန်သွားပြီဖြစ်လို့ အကုသိုလ်ဟူသမျှ ကုန်သွားပြီ၊ အကျိုး မပေးနိုင်တော့ဘူး၊ သိပ်ပြီးဝမ်းသာစရာ ကောင်းပါတယ်၊ ဝမ်းသာစရာကောင်းလို့လည်း ကောင်းမှုကျိုးတွေပေးနေတဲ့ ပြိတ္တာကြီးကို မြင်ရတော့ ငါ့မှာတော့ ဒီလို မကောင်းကျိုးတွေက လွတ်မြောက်ခဲ့ပြီလို့ ဆင်ခြင်ပြီးတော့ ဝမ်းသာသွားတဲ့

အရှင်မဟာမောဂ္ဂလာန်က ပြုံးတော်မူပါတယ်၊ ဒါက ကြိယာမနောဝိညာဏဓါတ်ဆိုတဲ့ ဟသိတုပ္ပါဒ်ပဲ (၁) ပြီးတော့ မနောဓါတ်ဆိုတဲ့ ကြိယာပဉ္စဒွါရာဝဇ္ဇန်းစိတ်က တစ်ခု (၂)၊ မနောဝိညာဏဓါတ်ဆိုတဲ့ ကြိယာမနောဒွါရာဝဇ္ဇန်းစိတ်ကတစ်ခု (၃)၊ အဲဒီလို အဟိတ်ကြိယာက သုံးပါးရှိတယ်၊ ဟိတ်မပါဘူး၊ လောဘ, ဒေါသ, မောဟ ဟိတ်နဲ့လည်းမယှဉ်ဘူး၊ အလောဘ, အဒေါသ, အမောဟ ဟိတ်တွေနဲ့လည်း မယှဉ်ဘူး၊ ဟိတ် ၆-ပါးလုံး မပါတဲ့စိတ်တဲ့။

## သဟိတ်ကာမာဝစရကြိယာ

နောက် ကာမကြိယာစိတ် အဲဒီ ကာမကြိယာစိတ်က ရှစ်ပါးရှိတယ်၊ ကာမကုသိုလ်စိတ် ရှစ်ပါးလိုပါပဲ၊ ဒါက ဟိတ်ရှိတဲ့စိတ်၊ ကာမကုသိုလ်စိတ်တုန်းက ပထမဆုံး စပြီးတော့ စာရွက်တွေ ဝေထားတယ်၊ အဲဒီမှာ ကာမကုသိုလ်စိတ် ၅၆-ပါးသော တရားတွေဆိုတာ တူရာကိုပေါင်းလိုက်လို့ရှိရင် အားလုံး ၃၆-ပါးပဲ ရှိတယ်၊ ဒါတောင် တစ်ပြိုင်နက်ဖြစ်တဲ့ တရားတွေဆိုလို့ရှိရင် ၃၃-ပါးပဲ ရှိပါတယ်။

ဒီ ကြိယာစိတ်မှာလည်းပဲ အဲဒီ အကုသိုလ်စိတ်လိုပဲ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် စသည်ဖြင့် သူလည်းရှစ်ခုပါပဲ၊ ကာမကုသိုလ်စိတ်ရှစ်ခု သရုပ်ကွဲရင် ကာမကြိယာစိတ် ရှစ်ခုလည်း သရုပ်ကွဲပါတယ်၊ အဲဒီ သဟိတ်ကာမကြိယာစိတ် ရှစ်ပါးဖြစ်ခိုက်နဲ့ ကာမကုသိုလ်ရှစ်ပါး ဖြစ်ခိုက်ဟာ တူတယ်၊ ကာမကုသိုလ်ရှစ်ပါး ဖြစ်တုန်းကလိုပါပဲတဲ့။

အများဆုံး တစ်ပြိုင်နက် ဆိုလို့ရှိရင် ၃၄-ပါး၊ အဲဒီ အထဲမှာ စိတ်ပါပေါင်းပြီး တော့ ထည့်ထားပါတယ်၊ ဉာဏဝိပ္ပယုတ်ကျရင် ဉာဏ်မပါတော့လို့ ၃၃-ပါး ဖြစ်သွားပါတယ်၊ ဥပေက္ခာသဟဂုတ်ဆိုတော့ ပီတိ မပါနိုင်တော့ဘူး၊ ဒီတော့ ၃၂-ပါး၊ ဉာဏသမ္ပယုတ်ကျတော့ ဉာဏ်ယှဉ်တာဖြစ်လို့ ၃၃-ပါး၊ ဉာဏ ဝိပ္ပယုတ်လည်းဖြစ်မယ်၊ ဥပေက္ခာသဟဂုတ်လည်း ဖြစ်မယ်ဆိုလို့ရှိရင် ဉာဏ် ရော၊ ပီတိရော ၂-ပါး နုတ်လိုက်မို့ ၃၂-ပါးပေါ့၊ ဟိုတုန်းအတိုင်းပါပဲ၊ ထိုကာမကုသိုလ်စိတ်မှာတုန်းက စာရွက်လေးတွေ ရိုက်ပြီးတော့ ဝေပေးထားပါတယ်၊

သေသေချာချာ သိချင်လို့ရှိရင်လည်း အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို လေ့လာကြည့်ရှုနိုင်ပါတယ်၊ ဝိသုဒ္ဓိမဂ်မြန်မာပြန်တတိယတွဲမှာ အဲဒါတွေ အပြည့်အစုံပါပါတယ်၊ အဲဒီမှာတော့ ပါဠိတော်နည်းအတိုင်း သူက ဖော်ပြထားပါတယ်၊ ပါဠိတော်နည်းအတိုင်း သိချင်လို့ရှိရင် အဲဒီ ဝိသုဒ္ဓိမဂ်မှာကြည့်ပေါ့၊ လွယ်တာကတော့ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ ပြထားတာက လွယ်အောင်ပြထားတာ ဖြစ်တော့ သူကပိုပြီးတော့ လွယ်ပါတယ်၊ လွယ်လွယ်ကြည့်ချင်ရင် အဲဒီမှာ ကြည့်ရုံပါပဲ။

သဟိတ်ကာမကြိယာစိတ် ရှစ်ပါးဖြစ်ခိုက်နဲ့ ကာမကုသိုလ်စိတ် ရှစ်ပါးဖြစ်ခိုက်ဟာ အတူတူပါပဲ၊ ဘာထူးသလဲဆိုလို့ရှိရင် ဝိရတီ ၃–ပါး မပါတာလည်းထူးတယ်၊ အဲဒီ ၃–ပါး မပါဘူးတဲ့၊ မှတ်ထား၊ ကရုဏာနဲ့ မုဒိတာဆိုတာကတော့ ရဟန္တာပုဂ္ဂိုလ်တွေမှာ သနားတဲ့အခါကာလမှာ ဂရုဏာပါတယ်၊ ချမ်းသာတဲ့ပုဂ္ဂိုလ်တွေကို အကြောင်းပြုပြီးတော့ ဝမ်းမြောက်တဲ့အခါကာလမှာတော့ မုဒိတာပါတယ်၊ ဝိရတီစေတသိက် ၃–ပါးကတော့ အထူးကြဉ်ရှောင်နေစရာ မလိုတော့ဘူး၊ သောတာပတ္တိမဂ်ကတည်းက ကြဉ်ရှောင်မှု ကိစ္စတွေက ပြီးနေခဲ့ပြီ၊ ကင်းနေခဲ့ပြီ၊ ဒါကြောင့် ဝိရတီ ၃–ပါး အဲဒီမှာ မပါတော့ဘူး၊ အဲဒါလေးကိုလည်း မှတ်ထားရမယ်။

## ရဟန္တာတို့မှာသာ ဖြစ်တဲ့စိတ်

ကြိယာစိတ်ဆိုတာဟာ ရဟန္တာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့စိတ်တွေ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့မှာ ဖြစ်တဲ့စိတ် မဟုတ်ပါဘူး၊ အဲ ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရာဝဇ္ဇန်းဆိုတဲ့ ကြိယာစိတ် ၂–မျိုးကို ချန်ထားပေါ့၊ သူတို့ကတော့ ပုဂ္ဂိုလ်အားလုံးမှာ ဖြစ်နိုင်တယ်၊ ဒီပြင် ကြိယာစိတ်တွေကတော့ ရဟန္တာပုဂ္ဂိုလ်တို့မှာပဲ ဖြစ်နိုင်တဲ့စိတ်တွေတဲ့၊ ရဟန္တာပုဂ္ဂိုလ်ဆိုရင် သူတို့ပြုသမျှ ကုသိုလ်တွေဟာ အကျိုးမပေးတော့ဘူး၊ ကုသိုလ်ကောင်းမှုကိုပြုရင် ပြုကာမတ္တ ပြုကာမျှပဲ အကျိုးမပေးတော့ဘူး။

ဒီသဟိတ်ကာမ ကြိယာတွေဟာ ကောင်းတဲ့စိတ်တွေပါပဲ၊ ရဟန္တာပုဂ္ဂိုလ်တို့ ပြုတဲ့ ကုသိုလ်စိတ်ပါပဲ၊ ဒါပေမယ့်လို့ ဒီပြင်ပုဂ္ဂိုလ်တွေပြုတဲ့ ကုသိုလ်လို အကျိုးမပေးတော့ဘူး၊ ဒါကြောင့် ကရမတ္တံ ကြိယံဆိုတဲ့အတိုင်း သူ့ကို

ကြိယာလို့ ခေါ်တာပါပဲ။ ဒီကြိယာ စိတ်ဖြစ်ပုံကို စောစောပိုင်းကလည်း အတော်ကျယ်ကျယ် ပြောခဲ့ပါပြီ၊ ဒီနေရာမှာတော့ ဒီလောက်နဲ့ပဲ တော်ပါပြီ။

## တချို့က သရုပ်ခွဲပြီးတော့ အရှုခိုင်းတယ်

စိတ်က တစ်ခု ယုတ် ၉၀-ရှိတယ်၊ ကေ့နနဝုတ် ပါပဲ၊ ကေဆိုတာ တစ်ခု၊ ဦနဆိုတာက ယုတ်တာ၊ ဒါမှမဟုတ် လျော့တာ၊ နဝုတိ ဆိုတာက ၉၀-ပေါင်းလိုက်တော့ ကေ့နနဝုတိ တစ်ခုလျော့နေတဲ့ ၉၀-တဲ့၊ နားရှင်းအောင်ဆိုရင် စိတ် ၈၉-ပါးလို့ ဆိုတာပါပဲ၊ အဲဒီ ၈၉-ပါးထဲမှာ လောကုတ္တရာစိတ် ၈-ပါးနုတ်လိုက်ရင် ၈၁-ပါး ကျန်ပါတယ်၊ အဲဒီ ကျန်တဲ့စိတ် ၈၁-ပါးဟာ လောကီစိတ်တွေပဲ၊ အဲဒါတွေလည်း လောကီနာမ်တရားတွေ၊ ဒီပြင် စေတသိက်တွေက ရှိသေးတယ်၊ လောကီစိတ်နဲ့ယှဉ်တဲ့ စေတသိက်တွေက ၅၂-ပါး၊ ဒါလည်း နာမ်တရားတွေပဲ၊ ပြီးတော့ ရုပ်ဆိုတာက ၂၈-ခု၊ သူက ရုပ်တရား၊ အဲဒီ လောကီ, ရုပ်, နာမ် အားလုံး ဒီလိုသရုပ်ကွဲလို့ရှိရင် နာမရူပပရိစ္ဆေဒ ဉာဏ် ဖြစ်တယ်လို့ တချို့က အယူရှိနေကြတယ်၊ အဲဒီလိုပဲ ဟောလည်း ဟောပြောနေကြပါတယ်။ ဒါပေမယ့် အဲဒါတွေဟာ အဘိဓမ္မာဆိုင်ရာမှာ ပြထားတဲ့ ခေါင်းစဉ်နာမည်တွေပဲ၊ တကယ်ရှုမှတ်လို့ ဖြစ်နေတဲ့စိတ်တွေ မဟုတ်ပါဘူး၊ ကိုယ့်သဏ္ဍာန်မှာ ဖြစ်တာလည်း မဟုတ်ပါဘူး၊ သူ့ဟာက စာထဲကပါတဲ့ နာမည်ပညတ်တွေပဲ၊ အဲဒါတွေကို တချို့က ပရမတ်လို့မှတ်နေ တယ်၊ လောကီစိတ် ကောသိတိ၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ဒါတွေက ကျမ်းဂန်ထဲကနာမည်တွေပဲ၊ ဒါကို ပရမတ်လို့ မှတ်နေကြတယ်၊ ဒါမဟုတ်ပါဘူး၊ ကိုယ့်သန္တာန်မှာ တကယ်ဖြစ်နေတဲ့ တရားတွေကမှ ပရမတ်တွေ ဖြစ်ပါတယ်။

ဒီသဟိတ် ကာမကြိယာစိတ်တွေဟာ ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့ သန္တာန်မှာ ဖြစ်တာမဟုတ်ဘူး၊ ဒီတော့ သူတို့သန္တာန်မှာ ဒီစိတ်တွေရှိတာမဟုတ်ဘူး၊ ဒါတင်မကသေးဘူး၊ သာမန်ပုဂ္ဂိုလ်အချင်းချင်းတို့၏ စိတ်ဆိုတာလည်း တစ်ဦးနဲ့တစ်ဦး တူတာမဟုတ်လို့ တစ်ခြားပုဂ္ဂိုလ်တို့ သန္တာန်မှာရှိတဲ့ စိတ်ဟာ ကိုယ့်သန္တာန်မှာ ရှိချင်မှရှိတာ၊ ဘယ်လိုတုန်းဆိုလို့ရှိရင် ခေါင်းကိုက်တဲ့

ဒုက္ခဝေဒနာ ဆိုပါတော့၊ တချို့မှာ ခေါင်းကိုက်ဝေဒနာ ရှိတယ်၊ တချို့မှာ ကျန်းမာရေးကောင်းသူဖြစ်လို့မို့ ငယ်ငယ်ရွယ်ရွယ်ကတည်းက တစ်ခါမှ ခေါင်း မကိုက်ဖူးဘူး၊ အဲဒီ ပုဂ္ဂိုလ်မှာ ခေါင်းကိုက်တယ်ဆိုတာ ဘယ်လိုဟာမှန်းတောင် သိတာမဟုတ်ဘူး၊ ဒီလိုပဲ သူများသန္တာန်မှာ ဖြစ်နေပေမယ်လို့ ကိုယ့်သန္တာန်မှာ ဖြစ်ချင်မှ ဖြစ်တာ။

အခုကြိယာစိတ်ဆိုတာဟာလည်း ရဟန္တာပုဂ္ဂိုလ်တို့ သန္တာန်မှာသာဖြစ်တာပဲ၊ ဒါတွေကိုရှုလို့ ဘယ်ဖြစ်ပါမလဲ၊ မဖြစ်ပါဘူး၊ သရုပ်ခွဲလို့သာဖြစ်တာ၊ ကိုယ့်သန္တာန်မှာ မဖြစ်ဘူးလို့ ကိုယ်ကမသိတဲ့စိတ်ကို ဘယ်လိုလုပ်ပြီးတော့ ရှုမှတ်မလဲ၊ ဒီလို မသိတာကို ရှုမှတ်လို့မဖြစ်ပါဘူး၊ ဒါပေမယ့်လို့ သရုပ်ခွဲလို့တော့ ဖြစ်ပါတယ်၊ ဒီတော့ "သရုပ်ခွဲတတ်ရုံနဲ့ နာမ်ရုပ်ကွဲတယ်၊ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်တယ်"ဆိုတာ မဟုတ်ပါဘူး။

ပြီးတော့ ရှိသေးတယ်၊ လောကီစိတ်၊ စေတသိက်တွေ၊ ရုပ်တွေဟာ ဖြစ်ပြီးရင် ပျက်သွားတတ်တဲ့ သဘောရှိလို့ မမြဲတဲ့ အနိစ္စသဘောတရားတွေပဲလို့ ဆင်ခြင်ရုံနဲ့ အနိစ္စာနုပဿနာဖြစ်တယ်လို့ ဒီလိုထင်နေတာတွေလည်းရှိတာပဲ၊ ဒါလည်းမဟုတ်ပါ ဘူး၊ တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ကို တွေ့သိတာမှမဟုတ်ဘဲနဲ့ တကယ်ထင်ရှား ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ကို တကယ်မမြင်ဘဲနဲ့ဖြစ်တယ်၊ ပျက်တယ်လုပ်ပြီးတော့ ရှုမှတ်နေတာဟာလည်း အနိစ္စာနုပဿနာဉာဏ် မဖြစ်ပါဘူး။

တကယ်အစစ်ဖြစ်တဲ့ ဝိပဿနာဉာဏ်ဖြစ်ဖို့က သတိပဋ္ဌာန် ဒေသနာတော်နှင့် အညီ ဖြစ်တိုင်းပျက်တိုင်း တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို မြင်အောင်ရှုမှတ်ရပါ တယ်၊ အခုဒီမှာ ရှုမှတ်နေကြတဲ့ ယောဂီတွေဆိုရင် ကိုယ်တိုင်တကယ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ရှုမှတ်နေကြတာပဲ၊ ဖောင်းတာကို ဖောင်းတယ်၊ ပိန်တာကို ပိန်တယ် ဒီလို ထင်ရှားရှိနေတဲ့ ဖောင်းတာ၊ ပိန်တာကို ရှုမှတ် နေကြပါတယ်၊ ဒီလို ရှုမှတ်တဲ့အခါ၌ ဖောင်းတာကတခြား၊ ပိန်တာကတခြား၊ မှတ်သိတာကတခြား ဒီလိုတွေ့တယ်၊ အကြမ်းဖျင်းအားဖြင့်တော့ ဒီလိုပြောရမှာပဲ၊ စာနာမည်နဲ့ ပြောရရင်တော့ ဖောင်းတဲ့အခါတောင့်တယ်၊ တင်းတယ်၊ တွန်းတယ်၊ ကန်တယ်၊ လှုပ်ရှားတယ်၊ အဲဒါကတခြား၊ ပိန်တာကိုရှုရာမှာလည်း တောင့်တာ၊

တင်းတာ၊ လျှော့တာ၊ လှုပ်ရှားတာ ဒါကတခြား၊ မှတ်သိတာကတခြား၊ အဲဒါ သူ့အခိုက်အတန့်နဲ့သူ ဖြစ်နေတဲ့တရားတွေပဲ၊ ဒါ ရုပ်နာမ်နဲ့ ဒါပဲရှိတာပဲ။

ကွေးတယ်ဆိုရင် ကွေးတာနဲ့သိတာ ဒီနှစ်ခုရှိတာပဲ၊ ကျမ်းဂန်နဲ့ညီအောင် ပြောရရင် ကွေးတဲ့အခါကာလ တောင့်တာ၊ တင်းတာ ဒါကိုသိတာပဲ၊ တောင့်တင်း လှုပ်ရှားတာကတခြား၊ မှတ်သိတာကတခြား၊ သွားတဲ့အခါမှာလည်း ကြွတယ်၊ လှမ်းတယ်၊ ချတယ် ရှုမှတ်ရင် ကြွတာ၊ လှမ်းတာ၊ ချတာက တခြား၊ မှတ်သိတာကတခြား၊ အဲဒီလို ရှုတိုင်းမှတ်တိုင်း ရုပ်ကတခြား၊ မှတ်သိနေတဲ့စိတ် နာမ်ကတခြား အဲဒီလို သေသေချာချာကွဲပြီးတော့ ရှုမှတ်မှ ရုပ်,နာမ်ကွဲတဲ့ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်တယ်၊ ကိုယ်ထဲမှာ နာမ်နဲ့ရုပ် နှစ်ခုပဲ ရှိတယ်ဆိုတာကို ကိုယ်တိုင်တွေ့ရတာပါပဲ။

## စာသင်တုန်းကလို မှန်းပြီးတော့ သိတာမျိုးမဟုတ်ဘူး

အရင်ကတော့ အဲဒါကို ပုဂ္ဂိုလ်သတ္တဝါလို့ ထင်နေတာပဲ၊ လက်ကိုကွေးလိုက်တယ်ဆိုရင် ကွေးတာလည်းငါပဲ၊ စဉ်းစားတာလည်း ငါပဲ၊ ကွေးတာနဲ့စဉ်းစားတာဟာ အတူတူပဲအောက်မေ့တယ်၊ ကွေးတဲ့စိတ်ကလေးကိုပါ ထည့်စဉ်းစားလိုက်လို့ရှိရင် ကွေးတာလည်းငါပဲ၊ ကွေးချင်တာလည်း ငါပဲ၊ စိတ်ကူး စဉ်းစားသိတာလည်း ငါပဲ၊ သွားတဲ့အခါကာလမှာလည်းပဲ သွားတာ လှုပ်ရှားတာလည်း ငါပဲ၊ သွားတာ လာတာ လှုပ်ရှားတာကို စဉ်းစားမိလို့ရှိရင်လည်း စဉ်းစားတာလည်း ငါပဲ၊ ဒီလို ငါအနေနဲ့ တစ်ယောက်တည်း ထင်နေတယ်။

ဖြစ်တိုင်း ဖြစ်တိုင်း ရှုမှတ်လို့ သမာဓိအား ကောင်းတဲ့အခါကျတော့ ရှုတိုင်း ရှုတိုင်း မှတ်သိရတဲ့ အာရုံရုပ်နဲ့ မှတ်သိတဲ့နာမ် ဒီနှစ်ခုထဲဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ သိလာပါတယ်၊ စာသင်တုန်းက သဘောကျပြီးတော့ မှန်းသိ သိတာမျိုး မဟုတ်ပါဘူး၊ နှစ်ခု နှစ်ခုကွဲနေတယ်၊ ရောလို့ကိုမရဘူး၊ တစ်ယောက်တည်းအနေနဲ့ ပေါင်းလို့ကိုမရဘူး၊ တခြားစီမြင်နေရတယ်၊ အင်း ၃-နာရီတောင် ထိုးလုနီးပြီ၊ ဘုန်းကြီးက ဒီနေ့ ရုပ်ပိုင်းကို ပြောမယ်လို့ စိတ်ကူးထားတာ၊ ပြောဖို့အချိန်ရှိမှာ မဟုတ်တော့ဘူး၊ ဓမ္မသင်္ဂဏီကျမ်းကို ဒီနေ့ အပြီးသတ်မယ်လို့

စိတ်ကူးထားတာပဲ၊ အဘိဓမ္မာတရားတော်က ကျင့်ဖို့ ဟောကြားထားတဲ့ တရားမဟုတ်ပါဘူး၊ ဒါကို လူတွေက မျက်စိလည်နေကြတယ်။

## စာလေးတစ်စောင်က မြင်းမိုရ်တောင် မရှိဘူးတဲ့

မျက်စိလည်ခြင်းရဲ့အကြောင်းကလည်းပဲ အဘိဓမ္မာကျမ်းဂန်တွေကို လေ့လာပြီးတော့ ဘုရားဟောသုတ္တန်တရားတော်ကို မျက်နှာလွှဲထားသလို ဖြစ်နေလို့ပါပဲ၊ တစ်နည်း ပြောရရင် ပစ်ထားသလိုဖြစ်နေလို့ပါပဲ၊ လူနတ်ဗြဟ္မာတွေ တရားထူးရဖို့ သုတ္တန်တရားတွေကို မြတ်စွာဘုရားက ဟောတော်မူခဲ့တာ အထင်အရှားပဲ မဟုတ်လား၊ မြတ်စွာဘုရား ပွင့်တော်မူလာတယ်ဆိုရင်ပဲ ဓမ္မစကြာသုတ္တန်တရားတော်ကို တရားဦးအဖြစ် ဟောကြားတော်မူပါတယ်၊ အဘိဓမ္မာကို ဟောကြားတာမဟုတ်ပါဘူး၊ နောက် အနတ္တလက္ခဏာသုတ်ကို ဟောတယ်၊ ဒီလိုပဲ သုတ်တွေ သုတ်တွေကို လျှောက်ပြီး ဟောသွားတာပါပဲ၊ သတိပဋ္ဌာနသုတ်ဆိုလို့ ရှိရင်လည်း ဒီအထဲမှာ ပါပါတယ်၊ အဲဒီ သုတ္တန်တရားတွေက တကယ်ကျင့်ရမယ့်တရားတွေ၊ အဲဒါ ဘုရားဟောလည်း အစစ်တွေပဲ၊ ဒါ ဘုရားဟောတာ မဟုတ်ဘူးလို့ ငြင်းစရာမလိုပါဘူး။

အဘိဓမ္မာတရားကိုတော့ တာဝတိံသာမှာ ဟောတယ်ဆိုတာ တချို့က မယုံကြဘူး၊ ဒီလိုမယုံတာ အခုခေတ်ကျမှ မဟုတ်ပါဘူး၊ အရှင်မဟာဗုဒ္ဓဃောသ ရေးကတည်းက အငြင်းအခုန်ရှိလာခဲ့ပါတယ်၊ အဲဒါ ဟိုတုန်းကလည်း ရှိတာပဲ၊ အခုလည်း ရှိတာပဲ၊ တစ်ခါတုန်းက ဘုန်းကြီးဆီ စာတစ်စောင်ရောက်လာတယ်၊ ဘယ်ကရယ်လို့တော့ မပြောတတ်ပါဘူး၊ စာရေးပို့လိုက်တယ်၊ အမည်လိပ်စာ မပါဘူး။

သူ့စာက ဘယ်လိုလဲဆိုတော့ မြင်းမိုရ်တောင်ဆိုတာ မရှိပါဘူးတဲ့၊ ယခုခေတ် အခြေအနေနဲ့ ကြည့်လို့ရှိရင် ကမ္ဘာဟာ အလုံးကြီး ဖြစ်နေပါတယ်၊ ဒီတော့ မြင်းမိုရ်တောင်ဆိုတာ မရှိဘူး၊ မြင်းမိုရ်တောင်မရှိတော့ မြင်းမိုရ်တောင် တာဝတိံသာ သွားပြီးတော့ အဘိဓမ္မာတရား ဟောတယ်ဆိုတာလည်း မဟုတ်ဘူးတဲ့၊ သူက ဒီလို စာရေးပြီးပို့တယ်၊ သူ့ဆီကို စာပြန်ချင်ပေမယ်လို့ အခက်သားပဲ၊ လိပ်စာက မပါလာဘူး၊ မြင်းမိုရ်တောင်ဆိုတာကို လူတွေ အရောက်အမြင်

နည်းပါတယ်၊ တာဝတိံသာနတ်ပြည်ဆိုတာကတော့ လူတွေမြင်တဲ့ နေရာမဟုတ်ဘူး၊ သူတို့က လူတွေမြင်ရတဲ့ နေရာလောက်မှာ စိတ်ကူးနဲ့ကြည့်နေကြတာကိုး၊ ဒီတော့ မြင်းမိုရ်တောင်နဲ့ တာဝတိံသာကို သူတို့က မမြင်နိုင်ဘူးပေါ့၊ ရှိတော့ ရှိနေတာပါပဲ၊ မြတ်စွာဘုရားက မရှိဘဲ မဟောပါဘူး၊ အဲဒီလို သူ့ထံပြန်မေးဖြေဖို့ရာပဲ၊ ဒါပေမယ့်လို့ နာမည်, လိပ်စာ, အပြည့်အစုံ မပါလာတာ ဖြစ်တော့ ပြန်မဖြေရဘူး။

## အကျိုးရေဘဲ ဆုံးရှုံးနေတယ်

အဘိဓမ္မာတရားဟာ ဘုရားဟောတရား ဟုတ်,မဟုတ် အခုလည်း အငြင်းပွားလျက်ပဲ ရှိနေတယ်၊ သုတ္တန်တရားတော်တွေဟာ ရဟန်း ရှင် လူ အကုန်လုံးကျင့်ဖို့ ဟောကြားထားတဲ့ တရားတွေပဲ၊ အဲဒါကို မျက်နှာလွှဲပြီးတော့ ဂရုမစိုက်ကြဘဲနဲ့ အဘိဓမ္မာကျမ်းဂန်တွေကို သရုပ်ခွဲကြ လေ့လာကြတယ်၊ ဒါနဲ့ပဲ အားရကျေနပ်နေကြတယ်၊ ဒီတော့ ဝိပဿနာဉာဏ်တွေ ဖြစ်သင့်သမျှ မဖြစ်ဘူးပေါ့၊ အဲဒါတွေကို သေသေချာချာ တွေးပြီးကော့ စဉ်းစားကြည့်ရင် အကျိုးမဲ့တွေလို ဖြစ်နေပါတယ်၊ အကျိုးမရဘဲနဲ့ ဆုံးရှုံးနေတာတွေပါပဲ၊ အဲဒါတွေကို သတိတရားရဖို့ ကောင်းတယ်၊ ကြုံတိုင်း ကြုံတိုင်း ဘုန်းကြီးက ဒါတွေကို အကျိုးရှိစေချင်လို့ ဟောပြောပေးနေပါတယ်၊ သတိပေးတဲ့အနေနဲ့ ဟောတာပါပဲ၊ တစ်စုံတစ်ယောက်ကို စိတ်မချမ်းသာအောင် ထိခိုက်အောင် ဟောတာတော့ မဟုတ်ပါဘူး။

အခုဆိုရင် ဓမ္မစကြာဆိုင်ရာ တရားတွေကို မူချောမူသန့်ဖြစ်အောင် ပြုလုပ်နေတာ စာမျက်နှာ ၁၀၀–လောက်တော့ ပြီးသွားပါပြီ၊ မကြာခင် ပြီးမှာပါပဲ၊ အဲဒီမှာလည်း ဆိုင်ရာ ဆိုင်ရာတွေ မသိလောက်ဘူးထင်တဲ့ နေရာလေးတွေကို ထည့်သွင်းထားပါတယ်၊ အဲဒါ တော်တော်များများ ပါပါတယ်။

## သဘောမပေါက်ကြဘူး

မြတ်စွာဘုရားက "စက္ခုကရဏီ, ဉာဏကရဏီ"လို့ ဟောကြားထားပါတယ် မဂ္ဂင်ရှစ်ပါးတရားဟာ စက္ခုကရဏီ ပညာမျက်စိကို ဖြစ်စေတတ်တယ်၊ ဉာဏကရဏီ အသိဉာဏ်ကို ဖြစ်စေတတ်တယ်တဲ့၊ မဂ္ဂင်ရှစ်ပါးတရားကို

ပွားများလို့ရှိရင် ထူးခြားတဲ့ ပညာမျက်စိ ဖြစ်လာမယ်၊ ရုပ် နာမ် သရုပ်ခွဲတာတွေကို ဆင်ခြင်နေရုံနဲ့တော့ ထူးခြားတဲ့ ပညာမျက်စိဆိုတာ မဖြစ်ပါဘူး၊ ကိုယ်တိုင်လေ့လာပြီးတော့ ကျက်ထားမှတ်ထားတဲ့အတိုင်း ဒါလောက် ရှိမှာပါပဲ၊ ဒီပြင် ဘာမှ ထူးပြီးတော့ မသိပါဘူး၊ ဒီ သတိပဋ္ဌာန် ဝိပဿနာတရားကတော့ သေသေချာချာ ထူးထူးခြားခြား သိစေပါတယ်၊ အစက ရုပ်နဲ့နာမ် မကွဲဘူး၊ ဝိပဿနာ ရှုမှတ်နေလို့ရှိရင် ရုပ်နဲ့နာမ် ကွဲလာပါတယ်၊ တော်တော်ကြာလို့ရှိရင် အကြောင်းအကျိုးတွေဆိုတာကိုလည်း သူ့ဟာသူ သိလာပါတယ်၊ ပြီးတော့ သူ့အခိုက်အတန့်နဲ့သာ ဖြစ်ပျက်နေတာကို မြင်နေရလို့ အနိစ္စ မမြဲဘူးဆိုတာကို ထူးထူးခြားခြား သိလာပါတယ်၊ ဉဒယဗ္ဗယဉာဏ်ကျတော့ အဖြစ်အပျက်တွေကို လျှင်လျှင်မြန်မြန် ထူးထူးခြားခြားတွေ ကိုယ်တိုင်တွေ့လာပါတယ်၊ စက္ခုကရဏီ ဉာဏကရဏီလို့ ဟောကြားထားတဲ့အတိုင်း ကိုယ်တိုင်တွေ့ရပါလိမ့်မယ်။

အဘိညာယ ဥပသမာယ ထိုးထွင်းသိခြင်း၊ ကိလေသာငြိမ်းခြင်း အလို့ငှာ ဆိုတဲ့အတိုင်း သစ္စာလေးပါးကိုသိဖို့၊ ကိလေသာငြိမ်းဖို့ အားထုတ်ရပါတယ်၊ တရားအားထုတ်တယ်ဆိုရင် သစ္စာလေးပါးကို သိသင့်သလောက် သိပြီးတော့ ကိလေသာတွေ ငြိမ်းတန်သမျှလည်း ငြိမ်းသွားတာပါပဲ၊ ယောဂီဟာ ရှုတိုင်း ရှုတိုင်းသော ဉာဏ်ဖြင့် သူကသိနေပါတယ်၊ ရှုမှတ်ဖို့ အင်မတန် ကောင်းတဲ့တရားပဲ၊ အဲဒါတွေကို ဘုန်းကြီးက သရုပ်ဖော်ပြီးတော့ ပြနေပါတယ်။

ပါဠိအနက်လောက် ရေးထားတဲ့ ဓမ္မစကြာသုတ်ကို ကြည့်ပြီးတော့ လူတွေက တရားအားထုတ်ဖို့နဲ့ ဘာမှမဆိုင်ဘူး ထင်နေကြပါတယ်၊ လေ့လာဖို့ ရွတ်ဖို့ ဖတ်ဖို့ရာ ဒီလောက်သာဖြစ်နေကြပါတယ်၊ ဓမ္မစကြာရဲ့ သဘောကိုပဲ သဘော မပေါက်ကြဘူး၊ အဲဒီလိုဖြစ်နေတယ်၊ အခု ဘုန်းကြီးက သဘောပေါက်အောင် ဆိုပြီးတော့ အားထုတ်ပုံတွေရော၊ အကျိုးတွေရော ဟောပြောနေပါတယ်။

## ရူပ အရူပ ကြိယာ

ကာမာဝစရကြိယာကို အပြီးသတ်လိုက်ကြပါစို့၊ ၃–နာရီနဲ့ ပြီးသေးတာက မဟုတ်တော့ ဆက်ဟောနေရတယ်၊ ရူပကြိယာ အရူပကြိယာ စိတ်ကို ဟောရအောင်လို့ ဒီက ရူပကြိယာ အရူပကြိယာလို့ အမည်တပ်ထားပါတယ်။

(တတိယအကြိမ်)

"ရူပကြိယာ အရူပကြိယာစိတ် ဖြစ်ခိုက်၌ ရူပကုသိုလ် အရူပကုသိုလ်စိတ် ဖြစ်ခိုက်နှင့်တူ၏"တဲ့။

အဲဒါကတော့ အကုန်လုံးတူတာပါပဲ၊ ရူပကုသိုလ်က သုတ္တန်နည်းအားဖြင့် လေးပါး၊ အရူပဈာန်ကုသိုလ်ကလည်း ၄-ပါး၊ အဘိဓမ္မာနည်းအားဖြင့် ရူပကုသိုလ်က ၅-ပါး၊ အရူပကုသိုလ်က ၄-ပါး၊ အရူပကုသိုလ်ကတော့ အပြောင်းအလဲမရှိပါဘူး၊ ၄-ပါး ၄-ပါးပါပဲ၊ ကြိယာကလည်း ကုသိုလ်တွေ တုန်းကလို အတူတူပါပဲ၊ ကုသိုလ်နဲ့ ကြိယာဆိုတာလောက်သာ ထူးပါတယ်၊ ဘာပြုလို့တုန်းဆိုတော့ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ် အဖြစ်တုန်းက ရူပ, အရူပဈာန်တွေကို ရထားလို့ရှိရင် ရဟန္တာ အဖြစ်ရောက်လို့ ဈာန်ဝင်စားတော့လည်း ဒီဈာန်တွေကိုပဲ ဝင်စားရတာ ဖြစ်လို့ပါပဲ၊ အာရုံဆိုရင်လည်း ပထဝီကသိုဏ်းဆို ပထဝီကသိုဏ်းပါပဲ၊ ဟိုတုန်းကလို အတူတူပင် ယောပြတာပါပဲ၊ ဖြစ်ပုံတွေ ဘာမှ မထူးပါဘူး၊ ဈာန်စိတ်အနေနဲ့ တည်ကြည်ပုံ ဆိုရင်လည်း အတူတူပဲ၊ ဒါကြောင့်လည်း အဲဒီမှာ ယှဉ်ဘဲ့ ဖဿ, ဝေဒနာ အစရှိသော သမ္ပယုတ် ယှဉ်ဖက်တရားတွေကလည်း အတူတူပါပဲ၊ ဒါတွေ အတူတူပဲလို့ အတိုချုပ် ညွှန်ပြထားပါတယ်၊ ဟိုတုန်းက ကာမကုသိုလ်စိတ်နဲ့ ကာမ ကြိယာစိတ်ဆိုတာဟာလည်း သဘောအားဖြင့် အတူတူပဲ၊ ခုနက ပြောဖို့ဟာ ကျန်သွားတယ်၊ မပြောမိခဲ့ဘူး၊ အခုမှ ထည့်ပြောလိုက်ရတယ်။

ရဟန္တာပုဂ္ဂိုလ်များမှာ ရလာတဲ့ဆွမ်းတို့၊ လာဘ်လာဘတို့ ပိုလျှံလို့ရှိရင် ပေးလှူတာပါပဲ၊ ဒီလိုပေးလှူရင် အမှန်ကတော့ ဒါနကုသိုလ်ပါပဲ၊ ဒါပေမယ့်လို့ အကျိုးပေးမှာ မဟုတ်ဘဲ ပြုတာလှူတာဟာ ပြုကာမျှ၊ လှူကာမျှသာ ဖြစ်လို့မို့ ကုသိုလ်လို့ မဆိုတဲ့ အဲဒါကို ကြိယာလို့ ဆိုပါတယ်၊ အခြားပုဂ္ဂိုလ်တွေက ဒီလို လှူလို့ရှိရင်တော့ ဒါနကုသိုလ်ပေါ့၊ အဲဒါ အကျိုးပေးမှာပဲ၊ လှူပုံ စေတနာထားပုံချင်းကတော့ အတူတူပါပဲ၊ အခြား ကုသိုလ်ကောင်းမှုတွေ ပြုရာမှာလည်း ရဟန္တာပုဂ္ဂိုလ်တို့က ပြုတယ်ဆိုရင် ဒီအတိုင်းပါပဲ၊ ကြိယာပါတဲ့။

အဲ နေဝကုသလာ, နာကုသလာ တဲ့၊ ကုသိုလ်သဘောလည်း မရှိဘူး၊ ကောင်းကျိုးပေးတဲ့သဘောလည်း မရှိဘူးပေါ့၊ နာကုသလာ အကုသိုလ်သဘောလည်း မရှိဘူး၊ နကမ္မဝိပါကာ, ကုသိုလ်ကံ, အကုသိုလ်ကံကျိုးလည်း မဟုတ်ဘူး၊

ကြိယာပါတဲ့၊ တခြား ပုဂ္ဂိုလ်တွေပြုတာနဲ့ အကျိုးပေးတာ မပေးတာ ဒီလောက်သာ ခြားနားတာပါပဲ၊ ဖြစ်ပုံချင်းကတော့ အတူတူပါပဲ။

ဒါကြောင့် ကုသိုလ်ဖြစ်တဲ့အခါကာလမှာ ပါဝင်တဲ့ သဘောတရားတွေနဲ့ ကြိယာဖြစ်တဲ့ အခါကာလမှာ ပါဝင်တဲ့သဘောတရားတွေ အတူတူဖြစ်နေတာပါပဲ၊ အဲဒါကို ဒီမှာ–

"ရူပကြိယာ အရူပကြိယာတို့ ဖြစ်ခိုက်၌ ရူပကုသိုလ်, အရူပကုသိုလ်ကို ဖြစ်ခိုက်နှင့်တူ၏"လို့ ညွှန်ထားပါတယ်။

ဒီနေရာမှာ စဉ်းစားစရာရှိပါတယ်၊ လောကီစိတ် စေတသိက်တွေကို နှလုံးသွင်းဆင်ခြင်ရုံနဲ့ စိတ်စေတသိက်တရားတွေကို ရှုခြင်းကိစ္စပြီးတယ်လို့ ဒီလိုယူဆပြီးတော့ ပြောဟောနေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ အဲဒီ လောကီတရားထဲမှာ ရူပ အရူပ ကြိယာစိတ်ဆိုတာ ရဟန္တာပုဂ္ဂိုလ်မှာမှ ရှိတာပဲ၊ ပုထုဇဉ်ပုဂ္ဂိုလ်မှာ ရှိကို မရှိဘူး၊ မရှိတဲ့စိတ်တွေကို ရှုလို့မဖြစ်ပါဘူး၊ ရှိတဲ့တရားကိုတောင်မှ သိမ်မွေ့တဲ့ တရားဆိုရင် မရှုနိုင်ဘူးတဲ့၊ နေဝသညာနာသညာယတန ဈာန်စိတ်ဟာ သိမ်မွေ့တာဖြစ်လို့မို့ ဈာန်ရတဲ့ပုဂ္ဂိုလ်လည်း ဒီစိတ်ကို မရှုနိုင်ဘူးတဲ့၊ အရှင်သာရိပုတ္တရာတောင် ဒီနေဝသညာနာသညာယတန ဈာန်စိတ်ကိုတော့ မရှုနိုင်ဘူးတဲ့။

ပထမဈာန်ဝင်စားပြီးတော့ ရှုနိုင်တဲ့ အနိစ္စ, ဒုက္ခ, အနတ္တတရားကဲ့သို့ ဒုတိယဈာန်စိတ်, တတိယဈာန်စိတ်, စတုတ္ထဈာန်စိတ်,ပဥ္စမဈာန်စိတ် အဲဒီဈာန်တွေကို ဝင်စားပြီး အဲဒီ ဈာန်စိတ်တွေကိုတော့ ရှုနိုင်ပါတယ်၊ အာကာသာနဉ္စာယတန ဈာန်စိတ်, ဝိညာဏဉ္စာယတနဈာန်စိတ်, အာကိဉ္စညာယတနဈာန်စိတ် အဲဒီဈာန်တွေကိုလည်း ဝင်စားပြီးတော့ အဲဒီဈာန်စိတ်တွေကိုလည်း ရှုနိုင်ပါတယ်၊ အဖြစ်အပျက်တွေက ထင်ရှားတာဖြစ်လို့ အဲဒါတွေကို အကုန်လုံးရှုနိုင်ပါတယ်၊ နေဝသညာနာသညာယတန ဈာန်စိတ်ကျတော့ သိမ်မွေ့နေတယ်၊ အဖြစ်အပျက်တွေက မထင်ရှားဘူး၊ နေဝသညာနာသညာမရှိဘူးလို့ ဆိုရလောက်အောင် သိမ်မွေ့တယ်၊ ဒါပေမယ့်လို့ လုံးလုံးမရှိတာတော့လည်း မဟုတ်ဘူး၊ ရှိတော့ရှိတယ်၊ မရှိတရှိပေါ့လေ၊ စိတ်မရှိတရှိ၊ ဖဿ မရှိတရှိ၊ ဝေဒနာ မရှိတရှိ၊ အဲဒီ နေဝသညာနာသညာယတန စိတ်မှာ ပါဝင်နေတဲ့ တရားတွေဟာ အကုန်လုံး မရှိတရှိတွေချည်း ဖြစ်နေတာပဲ၊ ဒါကြောင့် အလွန်သိမ်မွေ့နေတယ်၊ အလွန်သိမ်မွေ့နေ

တော့ ဖြစ်ပေါ်တဲ့ သဘောလည်း မထင်ရှားဘူး၊ ပျက်သွားတဲ့ သဘောလည်း မထင်ရှားဘူး။

## ကလာပသမ္မသနနည်းနဲ့ ရှုရတယ်

ပထမဈာန်စတဲ့ တခြားဈာန်တွေမှာတော့ အသေးစိတ်အားဖြင့် ရှုလို့ဖြစ်တယ်၊ ဈာန်မှာပါတဲ့ ဝိတက်ကိုလည်း ရှုလို့ဖြစ်တယ်၊ ဝိစာရကိုလည်း ရှုလို့ဖြစ်တယ်၊ ပီတိကိုလည်း ရှုလို့ဖြစ်တယ်၊ စတုတ္ထဈာန်ဆိုရင် ဥပေက္ခာကိုလည်း ရှုလို့ဖြစ်တယ်၊ အဲဒီ ဈာန်တွေမှာ အာလုံး အသေးစိတ်အားဖြင့် ဒီလိုရှုလို့ဖြစ်တယ်၊ အဲ နေဝသညာနာသညာယတနဈာန်မှာတော့ ဒီလို အသေးစိတ်အားဖြင့် ရှုလို့မဖြစ်ပါဘူး၊ ကလာပသမ္မသနရှုနည်းဆိုတဲ့ အပေါင်းရှုနည်းနဲ့ ရှုမှဖြစ်တယ်။

ဒီပြင် ဈာန်တွေတုန်းက ဖြစ်ပျက်နေသလို ဒီ နေဝသညာနာသညာယတနဈာန်ဟာလည်း ဖြစ်ပျက်နေတာပဲ၊ သူလည်း မြဲတာမဟုတ်ဘူး၊ အနိစ္စသဘောပဲ၊ အဲဒီလို တစ်လုံးတစ်စည်းတည်း လုံးပြီးတော့ ကလာပသမ္မသနနည်းအားဖြင့် ရှုရတယ်၊ အဲဒါကို သတိပြုဖို့ပါပဲ။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးဆိုရင် ဈာန်ရပုဂ္ဂိုလ်ကြီးပဲ၊ သူတောင် ဒီနေဝသညာနာသညာယတနဈာန်ကို ရှုလို့မဖြစ်ဘူးဆိုထားပါတယ်၊ ဘာဈာန်ကိုမျှ မရဘဲနဲ့ စိတ်စေတသိက်ကို သရုပ်ခွဲပြီးတော့ လေ့ကျင့်သွားရုံနဲ့ "ဈာန်စိတ်တွေလည်း ရှုတယ်၊ အရူပဈာန်တွေကိုလည်း ရှုတယ်၊ နေဝသညာနာသညာယတနဈာန်စိတ်ကိုလည်း ရှုတယ် ဒီစိတ်တွေကို ဒီလိုရှုလို့ဖြစ်တယ်"ဆိုရင် ဒါဟာ ဝိပဿနာရှုနည်း အမှန်မဟုတ်လို့ နည်းမှန်ကို မသိလို့နေမှာပေါ့။

အရှင်သာရိပုတ္တရာမထေရ်ကြီးတောင် အောက်အောက်ဈာန်တွေကိုသာ ရှုမှတ်နိုင်တယ်၊ အထက်ဖြစ်တဲ့ နေဝသညာနာသညာယတနဈာန်ကျတော့ ရှုလို့မဖြစ်ဘူးလို့ ကျမ်းဂန်တွေကဆိုထားတယ်၊ စိတ်စေတသိက်တွေကို သရုပ်ခွဲပြီး ဒါက ဘာစိတ်၊ ဒါကဘာစိတ် ယှဉ်ဖက်, စေတသိက်တွေက ဘယ်စေတသိက် ဘယ်စေတသိက်လို့ ဒီလိုတော့ သိနေကြပါတယ်၊ ဒီလောက်နဲ့ ရှုမှတ်မှုပြီးတယ်ဆိုရင် နေဝသညာနာသညာယတနဈာန်ကိုလည်း အဲဒီပုဂ္ဂိုလ်တွေက သရုပ်ခွဲထားကြတာပဲ၊ ဒီ နေဝသညာဈာန်ကိုလည်း သူတို့က ရှုမှတ်နိုင်တယ်လို့ ဆိုရမှာပေါ့၊

(တတိယအကြိမ်)

အဲဒီလိုဆိုရင် အရှင်သာရိပုတ္တရာမထေရ်ကြီး မရှုမှတ်နိုင်တဲ့ ဈာန်စိတ်ကို အဲဒီပုဂ္ဂိုလ်တွေက ရှုမှတ်နိုင်ရာရောက်နေမှာပဲ၊ ပြီးတော့ သရုပ်ခွဲတယ်ဆိုတာ ဘယ်စိတ်ကိုတော့ သရုပ်ခွဲနိုင်တယ်၊ ဘယ်စိတ်ကိုတော့ သရုပ်မခွဲနိုင်ဘူးလို့ ဒီလိုမရှိပါဘူး၊ ဘယ်စိတ်မဆို သရုပ်ခွဲလို့ ဖြစ်တာချည်းပါပဲ၊ နေဝသညာနာသညာ ယတနဈာန်စိတ်ကိုပါ စိတ်၊ နံသမ္ပယုတ်အကုန်လုံး သရုပ်ခွဲနိုင်တာချည်းပါပဲ၊ ဒီတော့ သရုပ်ခွဲလို့ သရုပ်ကွဲနေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်စိတ်မဆို အကုန်လုံး ရှုမှတ်နိုင်တယ်လို့ ဆိုလိုရာ ရောက်နေပါတယ်၊ ဒါကြောင့် သရုပ်ကွဲရုံနဲ့ ဝိပဿနာ ရှုမှတ်မှုကိစ္စ မပြီးနိုင်ဘူးဆိုတာ ထင်ရှားပါတယ်။

ဝိပဿနာ ရှုတယ်ဆိုတာ တကယ်ဖြစ်ပေါ်တဲ့တရားကို ဖြစ်ပေါ်တဲ့အတိုင်း ရှုမှတ်ရပါတယ်၊ ဥပမာ–ဝေဒနာဆိုပါတော့၊ ဒုက္ခဝေဒနာဆိုတာ သူဖြစ်လာရင် အခံခက်တယ်၊ အင်မတန် ထင်ရှားတာပဲ၊ ရှုမှတ်လို့ လွယ်ပါတယ်၊ နာရင် နာတယ်၊ ညောင်းရင် ညောင်းတယ်၊ ပူရင် ပူတယ်၊ နာကျင်ကိုက်ခဲရင် နာကျင်ကိုက်ခဲတယ် စသည်ဖြင့် ထင်ရှားပါတယ်၊ အဲဒီလိုဖြစ်တဲ့အတိုင်း သတိနဲ့ရှုမှတ်ရတာပဲ၊ သုခဝေဒနာဆိုရင်လည်း ထင်ရှားပါတယ်၊ စိတ်ထဲမှာ ချမ်းသာတယ်၊ နေလို့ကောင်းတယ်၊ ချမ်းသာရင် ချမ်းသာတယ်၊ နေလို့ကောင်းရင် နေလို့ကောင်းတယ် စသည်ဖြင့် ဒီလိုပဲ သူဖြစ်တဲ့အတိုင်း ရှုမှတ်ရပါတယ်၊ ဥပေက္ခာဝေဒနာဆိုတာကတော့ သိပ်မထင်ရှားဘူး၊ မဆိုးမကောင်း ရိုးရိုးအာရုံပဲ။

အဘိဓမ္မာနည်းအားဖြင့် သုခရင်လည်း ဖြစ်ရမယ်၊ ဒုက္ခရင်လည်း ဖြစ်ရမယ်၊ ဒီလိုမှ မဟုတ်ရင် ဥပေက္ခာဝေဒနာပဲ၊ သုတ္တန်နည်းအားဖြင့် ရိုးရိုးတွေ့သိတာကို ဥပေက္ခာလို့ ဆိုပါတယ်၊ မြင်တာ ကြားတာတို့ ဆိုလို့ရှိရင် အဘိဓမ္မာနည်းကတော့ ဥပေက္ခာချည်းပဲ၊ သုခ ဒုက္ခရယ်လို့မရှိဘူး၊ ဒါပေမယ့်လို့ သုတ္တန်နည်းကတော့ အခုလူတွေမှာ ထင်ရှားနေတဲ့ အတိုင်းပဲ၊ ကောင်းတဲ့အာရုံကို မြင်ရတဲ့အခါ ကောင်းတဲ့သဘော ထင်ရှားနေပါတယ်၊ မကောင်းတဲ့ဟာတွေကို မြင်ရရင် မကောင်းတဲ့သဘောတွေ ထင်ရှားနေပါတယ်၊ ကြားရာမှာလည်း ဒီအတိုင်းပဲ၊ ကောင်းတာကိုကြားရရင် သာယာချမ်းမြေ့တယ်၊ မကောင်းတာကို ကြားရရင် နားမချမ်းသာဘူး၊ ဆင်းရဲတယ်၊ သာယာတဲ့ သီချင်းသံတို့, ဆဲသံ, ငေါက်သံတို့ စသည် သာယာချမ်းမြေ့ဖွယ်, မချမ်းမြေ့ဖွယ်တွေဆိုတာ တစ်ခုနဲ့တစ်ခု ထင်ရှားတဲ့

(တတိယအကြိမ်)

အာရုံတွေပါပဲ၊ နံရာစသည်မှာလည်း ဒီလိုပဲ အကောင်းအဆိုး ထင်ရှားပါတယ်။

အနံ့နဲ့စပ်လို့ ဘုန်းကြီး မော်လမြိုင်မှာနေတုန်းက ဆရာတော်ကြီး ပျံတော်မူသွားတော့ အနံ့က ထွက်နေတယ်၊ ခေါင်းကိုတော့ သေသေချာချာ ပြုလုပ်ကြတာပါပဲ၊ လုံခြုံလောက်တဲ့ သံဖြူခေါင်းနဲ့ပါနဲ့ လုပ်ထားပါတယ်၊ ဒါပေမယ့်လို့ မလုံတော့ အနံ့ကထွက်နေတယ်၊ ကျောင်းပေါ်တွင်ထားတာဆိုတော့ တစ်ကျောင်းလုံး နံနေတာပဲ၊ ရွံလို့ ကြောက်လို့ မဟုတ်ပေမယ်လို့ မကောင်းတဲ့အနံ့ဆိုတော့ ခေါင်းတွေဘာတွေ ကိုက်လာတော့တယ်၊ အခံခက်ကယ်၊ ကျန်းမာရေးကိုတောင် ထိခိုက်ပြီးတော့ ဖြစ်လာတယ်၊ နောက်တော့ ကျောင်းပေါ်ထားလို့ မကောင်းတာနဲ့ အောက်ချထားရတယ်၊ အားလုံးဒုက္ခရောက်လွန်းလို့ မခံနိုင်ကြတာနဲ့ ရွှေ့လိုက်ကြရတယ်။

ဒီပြင်အနံ့တွေဆိုတာလည်း ဒီလိုပါပဲ၊ ရဟန်းတွေမှာသာ ဒီလိုမဟုတ်သေးဘူး၊ လူတွေမှာလည်း ဒီလိုပဲ၊ ဒီလို နံကြတာပဲ၊ အဆိပ်နံ့ဆိုရင် သေတောင်သေနိုင်တယ်၊ ဒါဟာ မခံနိုင်လောက်အောင် ပြင်းထန်ပွန်းလို့ပဲ။

အရသာကို စားတဲ့အခါမှာလည်း အဘိဓမ္မာနည်းကတော့ ဥပေက္ခာပဲ၊ အဲဒီ တစ်ခုတည်းရှိတယ်၊ ဒါပေမယ့်လို့ သုတ္တန်နည်းကတော့ သုံးခုပဲ၊ စားတဲ့အခါ ကောင်းတာ မကောင်းတာ ထင်ရှားတဲ့အခါလည်း ထင်ရှားတယ်၊ မထင်ရှားတဲ့အခါလည်း မထင်ရှားဘူး၊ မကောင်းတဲ့အရသာက စပ်တာတို့၊ ပူတာတို့ဆိုလို့ရှိရင် အင်မတန် အခံခက်တယ်၊ ဆင်းရဲတယ်၊ ရောဂါပျောက်အောင် သောက်တဲ့ ဆေးခါးကြီးတောင် အင်မတန် အခံခက်တဲ့လူကျတော့ အန်ပစ်သည်အထိ အခံခက်တာပဲ၊ သေစေတတ်တဲ့ အဆိပ်ကို စားမိလို့ရှိရင် သေသွားအောင်တောင် အခံခက်တယ်၊ အဲဒီလောက်ထိအောင် ဆင်းရဲတာပဲ၊ ဒါဟာ ထင်ရှားတဲ့ဆင်းရဲတွေပဲ။

ဒီလို ထင်ရှားတဲ့ ဆင်းရဲ ချမ်းသာတွေဟာ ဥပေက္ခာဆိုပေမယ်လို့ ဋီကာဆရာက အတူတူမဟုတ်ဘူးတဲ့၊ ကုသိုလ်၏ အကျိုးဖြစ်တဲ့ ဥပေက္ခာနဲ့ အကုသိုလ်၏ အကျိုးဖြစ်တဲ့ ဥပေက္ခာရယ်လို့ နှစ်မျိုး ကွဲပြားထူးခြားတယ်တဲ့၊ ဟုတ်တယ် ကုသိုလ်ကျိုး, အကုသိုလ်ကျိုးအနေနဲ့တော့ အဘိဓမ္မာဒေသနာတော်မှာ

လည်း—ဒီအတိုင်းပဲ ဟောထားပါတယ်၊ ဒါပေမယ့်လို့ ဝေဒနာအနေနဲ့တော့ ဥပေက္ခာဝေဒနာတစ်မျိုးတည်း ဟောပါတယ်။

ကုသိုလ်၏အကျိုးဖြစ်တဲ့ ဥပေက္ခာက ကောင်းတဲ့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အာရုံတွေကို အာရုံပြုပြီးတော့ ဖြစ်တယ်၊ အကုသိုလ်၏အကျိုးဖြစ်တဲ့ ဥပေက္ခာက မကောင်းတဲ့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အာရုံတွေကို အာရုံပြုဖြစ်တယ်၊ ဒါကြောင့်မို့ ဥပေက္ခာလည်း ဝေဒနာအားဖြင့် အပြားမရှိပေမယ်လို့ အကောင်းအဆိုး အကျိုးအားဖြင့်တော့ ပြားနေသေးတာပဲ။

ဝေဒနာမှာ သုခနဲ့ ဒုက္ခ ၂–မျိုးထဲမှာ/ဒုက္ခက ပိုပြီးတော့ ထင်ရှားတယ်၊ သုခက ဒုက္ခလောက်မထင်ရှားဘူး၊ ဥပေက္ခာကတော့ ရိုးရိုးတန်းတန်း မြင်နေကျ ကြားနေကျလေးတွေကို မြင်ရလို့, ကြားရလို့ရှိရင် ကောင်းတယ်, ချမ်းသာတယ်၊ မကောင်းဘူး,ဆင်းရဲတယ်ဆိုတာ မထင်ရှားဘူး၊ အသံကို ကြားရာ စသည်မှာလည်း ဒီလိုချည်းပါပဲ၊ အဲ သူကတော့ သုခ, ဒုက္ခတို့လောက် မထင်ရှားဘူး။

## အလွဲတွေ မသိရအောင်လို့ ဝိပဿနာ ရှုရတာ

လောဘ၊ ဒေါသ၊ မောဟရယ်လို့လည်း သုံးခုရှိတယ်၊ သူတို့မှာလည်း လောဘနဲ့ဒေါသက ထင်ရှားတယ်၊ စိတ်ဆိုးပြီဆိုလို့ရှိရင် ဒေါသက သိပ်ပြီးတော့ ထင်ရှားတာပဲ၊ ဘေးက ပုဂ္ဂိုလ်တွေကတောင် သည်လူ စိတ်ဆိုးနေတယ်ဆိုတာ သိကြရတယ်၊ လောဘဖြစ်ရင်လည်း ထင်ရှားတန်သလောက်တော့ ထင်ရှားပါတယ်၊ ဒါပေမယ့်လို့ တော်ရုံ, တန်ရုံ လောဘဖြစ်ရုံတော့ ဘေးကပုဂ္ဂိုလ်တွေက မသိပါဘူး၊ ကိုယ့်ဟာကိုယ်တော့ သိပါတယ်၊ သိမ်မွေ့တဲ့ လောဘဖြစ်ရင်တော့ ကိုယ့်ဟာကိုယ်တောင် မသိပါဘူး၊ လောဘနဲ့ ဒေါသဆိုရင် ထင်ရှားတော့ ထင်ရှားတာက များပါတယ်၊ ဒါပေမယ့်လို့ သိမ်မွေ့တဲ့ လောဘ, ဒေါသများလည်း ရှိတာပါပဲ၊ မောဟကျတော့ ဘယ်လိုဟာတုန်းဆိုတာ မထင်ရှားဘူး၊ လောဘ ဒေါသတွေလို ထင်ရှားအောင် ပြောဖို့ခက်တယ်၊ အဲဒါက အင်မတန် သိမ်မွေ့တာပဲ၊ မြန်မာပြန်ထားတာက တွေဝေတယ်တဲ့။

အာရုံပေါ်မှာ ကောင်းကောင်း မတည်ဘဲ ဒါက ဟုတ်သလိုလို, ဟိုဟာက ဟုတ်သလိုလို ဒီလို တွေးတောယုံမှားမှု ဝိစိကိစ္ဆာဖြစ်တဲ့အခါမှာ မောဟနဲ့

ယှဉ်ဖြစ်တယ်၊ အဲဒီအခါမှာ လောဘလည်း မပါဘူး၊ ဒေါသလည်း မပါဘူး၊ အဲဒီလောက်ကတော့ နည်းနည်း ထင်ရှားတယ်လို့ ဆိုရမှာပေါ့လေ၊ ပြီးတော့ စိတ်တွေ ဟိုရောက်, ဒီရောက် ပျံ့လွင့်နေတဲ့ အခါကာလမှာလည်း (ဥဒ္ဓစ္စဖြစ်နေတဲ့ အခါကာလမှာလည်း) မောဟနဲ့ ယှဉ်ဖြစ်တယ်၊ အဲဒီမှာလည်း လောဘ, ဒေါသ မပါဘူး၊ သို့သော်လည်း အဲဒီ လောဘ, ဒေါသတွေကို အကြောင်းခံပြီးဖြစ်တာလည်း ရှိသေးတယ်၊ လိုချင်နှစ်သက်ပြီးတော့ ဟိုရောက် ဒီရောက် ဒီလိုရောက်နေတာလည်း ရှိတယ်၊ စိတ်ဆိုးပြီးတော့ ဟိုရောက်လိုက်, ဒီရောက်လိုက် ဒီလိုရောက်နေတာလည်း ရှိတာပဲ၊ အဲဒီလို မဟုတ်ဘဲ ရိုးရိုး သူ့ဘာသာသူ စိတ်တွေ ဟိုရောက် ဒီရောက် ဒီလို ရောက်နေတာလည်း ရှိတယ်၊ အဲဒီလို ဟိုရောက် ဒီရောက် ဥဒ္ဓစ္စဖြစ်နေတဲ့အခါ မောဟနဲ့ ယှဉ်ဖြစ်တယ်၊ ဒါပေမယ့်လို့ မထင်ရှားဘူး။

လိုချင်နှစ်သက်တဲ့လောဘ ဖြစ်တိုင်း,ဖြစ်တိုင်း စိတ်ဆိုးတဲ့ဒေါသ ဖြစ်တိုင်းဖြစ်တိုင်း မောဟကတော့ပါတာပဲ၊ ဒါပေမယ့်လို့ ထင်ရှားဘူး၊ သိမ်မွေ့တယ်၊ ဒါကြောင့် မောဟကို ဥပေက္ခာနဲ့ယှဉ်တယ်လို့ ဆိုတာပဲ၊ သဘာဝချင်း၊ အသိခက်တာချင်း တူတယ်၊ စာသဘောနဲ့ပြောရမယ်ဆိုရင်တော့ လောဘက လိုချင်နှစ်သက်တဲ့ သဘောပဲ၊ ဒေါသက စိတ်ဆိုးတဲ့ သဘောပဲ၊ ဒါတွေက ထင်ရှားတယ်၊ မောဟဆိုတာက တွေဝေတာပဲ၊ အမှန်တရားတွေကို မသိတာ၊ အလွဲတွေကိုသိတာ ဒီလိုပြောရင်လည်း နားလည်တော့ နားလည်ပါတယ်၊ ဒါပေမယ့်လို့ ကိုယ်တွေ့အားဖြင့်တော့ ထင်ရှားသိဖို့ရာ သိပ်မလွယ်ဘူး။

ပြီးတော့လည်း မြဲတဲ့အနေအားဖြင့် သိနေတာတွေ, တင့်တယ်တဲ့, ကောင်းတဲ့ အနေအားဖြင့် သိနေတာတွေ, ချမ်းသာတဲ့ အနေအားဖြင့် သိနေတာတွေ, ပုဂ္ဂိုလ် သတ္တဝါအနေအားဖြင့် သိနေတာတွေ, လောကမှာ ပကတိအတိုင်း သိရိုးသိစဉ်အားဖြင့် သိနေတာတွေ၊ အဲဒါတွေဟာ များသောအားဖြင့် မောဟပါပါတယ်။

အဲဒီ မောဟအသိနဲ့ အလွဲတွေ လျှောက်ပြီးတော့ သိနေတာတဲ့၊ အဲဒီလို အလွဲတွေကို မသိရအောင်၊ အမှန်အတိုင်းသိရအောင် ဝိပဿနာ ရှုနေရတာပဲ၊ မြင်ပြီးပြီးချင်း အဲဒီလို အလွဲတွေ မရောက်ခင် အမှန်သိက အရင်ကျအောင်

လက်ဦးသိအောင်လို့ ဝိပဿနာ ရှုမှတ်ရတာပဲ၊ မြင်ပြီးပြီးချင်း မြင်တယ်၊ ကြားပြီးပြီးချင်း ကြားတယ်၊ နံပြီးပြီးချင်း နံတယ်၊ စားပြီးပြီးချင်း စားတယ်၊ တွေ့ထိပြီးပြီးချင်း တွေ့ထိတယ်၊ စိတ်ကူးကြံစည်ပြီးပြီးချင်း စိတ်ကူးကြံစည်တယ်လို့ ရှုမှတ်ရတယ်၊ အဲဒီ ဝိညာဉ်ခြောက်ပါး ဖြစ်ပြီးပြီးချင်း နောက်တဝီထိမကျသေးခင် သိအောင် သတိနဲ့ ရှုမှတ်ရတယ်၊ အကယ်၍ ဒီလို မရှုမှတ်နိုင်သေးလို့ရှိရင် နောက်တဝီထိ ကျကျချင်း သိရင်လည်း မဆိုးသေးဘူး၊ ပညတ်တွေဆီကို မရောက်သေးဘူး။

တစ်နေ့ကပြောခဲ့တဲ့ မြင်ဆဲအဆင်း, ထင်ဆဲအဆင်း၌ မြင်ဆဲလောက်, ထင်ဆဲလောက်ပဲ သိတယ်ဆိုတဲ့အတိုင်း ပထမဝီထိက "မြင်ပြီးတရား, စဉ်းစားလေရာ"မြင်ပြီး စဉ်းစားတယ်တဲ့၊ မြင်ပြီးဖြစ်တဲ့ အတိတ်ကို စဉ်းစားတယ်တဲ့၊ သဘောတရားပဲ၊ ဒါလည်း ပရမတ်ပဲ ရှိသေးတယ်၊ ပညတ် မဟုတ်သေးဘူး၊ "သဏ္ဌာန်ဒြပ်, ပညတ်ပေါ်လာ" အဲဒါ တတိယဝီထိကျပုံပဲ၊ တတိယဝီထိကျတော့ သဏ္ဌာန်ဒြပ်တွေ ပေါ်လာပြီတဲ့၊ "မည်နာမ သိရ နောက်ဆုံးပါ"တဲ့၊ နောက်ဆုံးကျတော့ အမည်နာမတွေ သိလာတယ်၊ "ဘယ်သူပဲ, ဘယ်ဝါပဲ၊ ဘာပဲ ညာပဲ" စသည်ပေါ့၊ နောက် စဉ်းစားတိုင်း စဉ်းစားတိုင်း အမျိုးမျိုးသိသွားတာပါပဲ၊ ချစ်စရာကောင်းတယ်၊ မုန်းစရာကောင်းတယ် စသည် အကောင်းအဆိုး အကုန်လုံး လျှောက်ပြီးတော့ သိကုန်တာပေါ့၊ အဲဒီလို အလွဲအသိတွေဆီကို မရောက်သေးခင် မြင်ပြီးပြီးချင်း, ကြားပြီးပြီးချင်း, နံပြီးပြီးချင်း, စားပြီးပြီးချင်း, တွေ့ထိပြီးပြီးချင်း, ကြံပြီးပြီးချင်း, ချက်ချင်း လိုက်ပြီးရှုမှတ်ရတာပဲ၊ အမှန်သိလေး ဖြစ်အောင်လို့ပေါ့၊ မြင်တုန်း မြင်ဆဲမှာ မြင်တယ်လို့ သိတာက အမှန်သိပဲ၊ အဆင်းရုပ် ပရမတ်တဲ့။

မြင်တုန်း မြင်ဆဲမှာ ရှုမှတ်လိုက်ရင် မြင်ကာမျှပဲထင်တယ်၊ ပုဂ္ဂိုလ် သတ္တဝါတွေ မပါသေးဘူး၊ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပျက်သွားတာကို သိလိုက်ရင် အဲဒါ အမှန်သိရင် ရပ်သွားတာပဲ၊ အမှားသိအောင်မရောက်တော့ဘူး၊ အနိစ္စ, ဒုက္ခ,အနတ္တဆိုတာ အမှန်အတိုင်းသိသွားတာပဲ၊ အဲဒီလို သိအောင်လို့ မြင်တိုင်း, ကြားတိုင်း ဒွါရခြောက်ပါး၌ ပေါ်လာသမျှကို လိုက်ပြီးတော့ ရှုမှတ်ရတယ်တဲ့။

(တတိယအကြိမ်)

ဒီလို မရှုနိုင်တဲ့ ပုဂ္ဂိုလ်တွေမှာတော့ ကြားပြီးတာနဲ့ သိရိုးသိစဉ်တွေကို လျှောက်ပြီးတော့ သိသွားတာပဲ၊ အဲဒါ မောဟာအသိတွေတဲ့၊ ဒီ မောဟာအသိတွေ အဝိဇ္ဇာအသိတွေကို မဖုံးမလွှမ်းရအောင်လို့ ရှုမှတ်ကြရတယ်၊ အမှတ်မသိရင် အဝိဇ္ဇာကဖုံးလွှမ်းတယ်၊ သစ္စာလေးပါးတရားတွေကို မသိအောင် ဖုံးလွှမ်းတယ်၊ ဖုံးလွှမ်းတော့ ရေအိုးများမှာ အဖုံးနဲ့ဖုံးသလို ဖုံးသလား၊ သစ်ရွက်နဲ့ဖုံးသလို ဖုံးသလားဆိုတော့ ဒီလိုမဟုတ်ပါဘူး၊ သူက အလွဲကို သိသောအားဖြင့် ဖုံးတာပဲ၊ သူက မမြဲတာကို မြဲကယ်လို့ ပြောင်းပြန်သိသိပြီးတော့ အမှန်ကို အမှားနဲ့ ဖုံးဖုံးပစ်တယ်၊ နောက်စိတ်တွေကလည်း သူ့အတိုင်း သူညွှန်တဲ့အတိုင်း အမှားတွေကို လိုက်ပြီးတော့ သိနေကြတယ်၊ ဆင်းရဲတာကို ချမ်းသာတယ်လို့ သူက ပြောင်းပြန်သိပြီးတော့ဖုံးတယ်၊ အနတ္တ ငါကောင်မဟုတ်တာ, ပုဂ္ဂိုလ် သတ္တဝါမဟုတ်တာကို ငါကောင်, သတ္တဝါကောင်လို့ ဒီလို မမှန်မကန် သိသိပြီးတော့ ဖုံးတယ်၊ သူညွှန်တဲ့အတိုင်း နောက်စိတ်တွေက လိုက်လိုက်သိနေတာပဲ၊ ဒီတော့ အမှန်မရောက်တော့ဘူး၊ မောဟာဆိုတဲ့ အဝိဇ္ဇာက အဲဒီလို ဖုံးလွှမ်းတာတဲ့။

အဲဒီလို အဝိဇ္ဇာက မဖုံးမလွှမ်းနိုင်အောင် မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, တွေ့ထိတိုင်း, ကြံသိတိုင်း ဒွါရခြောက်ပါးက ဖြစ်ပေါ်သမျှ အာရုံ တွေကို ရှုရ မှတ်ရတာတဲ့၊ အဲဒါလေးတွေကို အားထုတ်ကာစ ပုဂ္ဂိုလ်တွေက သဘောပေါက်ထားမှ နေရာကျမယ်၊ အားထုတ်ပြီးသား ပုဂ္ဂိုလ်တွေကတော့ ကိစ္စမရှိဘူး၊ သူတို့က သိပြီးသားတွေပဲ။

## အသက် ၈၀-ကျော် ဆရာတော်ကြီးတစ်ပါးက ဒီလိုဆိုတယ်

စာပေဗဟုသုတများတဲ့ ပုဂ္ဂိုလ်တွေမှာ သာပြီးတော့ အရေးကြီးပါတယ်၊ သူတို့က ကိုယ်သိ သိထားတာလေးတွေက ခံခံနေတတ်ကြတယ်၊ တစ်ခါက ဆရာတော်ကြီးတစ်ပါး ဒီမှာလာပြီးတော့ နည်းနည်းပါးပါး အားထုတ်ဖူးတယ်၊ စာတတ်ပေတတ် ဆရာတော်ကြီးပါပဲ၊ ကြီးပါပြီ၊ အသက်ရှစ်ဆယ်ကျော်ပြီလို့ သိရပါတယ်၊ သူရေးတဲ့ကျမ်းထဲမှာ ဘယ်လိုရေးထားသလဲဆိုတော့-

> "ပစ္စုပ္ပန်တည့်တည့် ရှုရမယ်လို့ တစ်ချို့ကဆိုကြတယ်၊ ပစ္စုပ္ပန် တည့်တည့် မတည့်တည့် ရှုရင်ပြီးတာပါပဲတဲ့"

(တတိယအကြိမ်)

သူကရေးထားတယ်၊ ဒီဆရာတော်ကြီးကို အများက လေးစားကြပါတယ်၊ ကျမ်းတွေလည်းတော်တော်များများ ရေးထားပါတယ်၊ ဒီမှာလည်း တရားအားထုတ်ဖူးပါတယ်၊ ဒီမှာ အားထုတ်တုန်းက ကောင်းကောင်းအားထုတ်ဟန် မတူပါဘူး၊ ဒါပေမယ့်လို့ တော်တော်တော့ ကြာအောင် အားထုတ်သွားတယ်လို့ ပြောတယ်၊ ဘုန်းကြီးကတော့ မမေးလိုက်ရပါဘူး၊ အသက်ရှစ်ဆယ်ကျော်ဆိုတော့ ဘုန်းကြီးတို့ထက်တောင် ကြီးပါပြီ၊ စာပေကျမ်းဂန် ဗဟုသုတလည်းရှိပါတယ်၊ အနေအထိုင်စသည်လည်း ကောင်းပါတယ်၊ ဒါကြောင့် ကြည်ညိုဖွယ်ဂုဏ်လည်း ရှိပါတယ်၊ ဒါပေမယ့်လို့ ပစ္စုပ္ပန်တည့်တည့် ရှုရတဲ့ အဓိပ္ပာယ်ကိုတော့ သူ့သဘောပေါက်ဟန် မတူပါဘူး၊ ဒီမှာ အားထုတ်သွားတုန်းကလည်း သမာဓိတို့၊ ဉာဏ်တို့ ထိထိရောက်ရောက် ဖြစ်သွားပုံ မရပါဘူး။

ရုပ်တရား နာမ်တရားတွေက ပစ္စုပ္ပန်မှာသာ ထင်ရှားရှိတာပဲ၊ အတိတ်ဆိုတာလည်း လွန်သွားပြီ၊ ချုပ်ဆုံးသွားပြီ ရှိတော့တာမဟုတ်ဘူး၊ အနာဂတ်ဆိုတာကလည်း မရောက်သေးဘူး၊ ရှိသေးတာမဟုတ်ဘူး၊ အဲဒီလို မရှိတာတွေကို သွားရှုလို့ ရုပ်နာမ်ကို ဘယ်လိုလုပ်ပြီးတော့မြင်မှာလည်း၊ မရှိတာကို ရှုလို့ ရုပ်, နာမ်တို့ရဲ့ သဘောကို တကယ်သေသေချာချာ မသိနိုင်ပါဘူး၊ အနိစ္စသဘောကို အမှန်အတိုင်း ကိုယ်တွေ့ဒိဋ္ဌ မသိပါဘူး၊ အဲဒါ အရေးကြီးပါတယ်။

ဒါကြောင့် မြင်တိုင်း ကြားတိုင်း ဒွါရခြောက်ပါးက ပေါ်လာတိုင်း ပေါ်လာတိုင်း မြင်ခိုက် ကြားခိုက်မှာ ရုပ်နာမ်တွေ ထင်ရှားရှိနေတုန်းကို လိုက်ပြီးတော့ ရှုရတာ၊ အဝိဇ္ဇာက မဖုံးသေးခင် အဝိဇ္ဇာ အလွဲသိရဲ့နောက်လိုက် အကုသိုလ်ကဖြစ်စေ၊ ကုသိုလ်ကဖြစ်စေ မသိသေးခင်ပေါ့လေ၊ အဲဒါ လက်ဦးသိအောင် ချက်ချင်း လိုက်ရှုရတယ်၊ အဲဒီလို ရှုပါမှ ရုပ်တရား နာမ်တရားတို့ရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အလိုသို့ မပါပုံတွေကို တကယ်သိတယ်၊ အဲဒီတော့မှ သမာဓိလည်း ဖြစ်လာတယ်၊ ဝိပဿနာဉာဏ်တွေလည်း ထူးထူးခြားခြားဖြစ်လာတယ်၊ အင်မတန် ကောင်းပါတယ်၊ သူက အင်မတန်ကို ရှင်းနေတာပဲ။

အချိန်မရှိတော့ဘူး၊ တရားသိမ်းကြစို့၊ ၃-နာရီ ၁၅-မိနစ်တောင် ကျော်သွားပြီ၊ ဒီနေ့ ရုပ်ပိုင်းကို ဟောမယ်လို့ဟာ အချိန်ကကုန်သွားလို့ မဟောတော့ဘူး၊ ရုပ်ပိုင်းပြီးလို့ရှိရင် ဝိဘင်းကျမ်းကို ဆက်ဟောရမယ်၊ ဝိဘင်းကျမ်းကလည်း

(တတိယအကြိမ်)

ရုပ်ကစပြီးတော့ဟောရမှာပဲ၊ နောက်ရက်ကျမှ ရုပ်ပိုင်းနဲ့ အာယတန ၁၂–ပါး အကြောင်း၊ ဓါတ် ၁၈–ပါးအကြောင်း၊ သစ္စာလေးပါးအကြောင်းကို ဟောရမယ်၊ ဝိပဿနာရှုအပ်တဲ့ တရားတွေချည်းပါပဲ၊ အဲဒီမှာ ပဋိစ္စသမုပ္ပါဒ်တွေလည်းပါတယ်၊ ဟောစရာဟောချက်တွေ အင်မတန် ကောင်းပါတယ်။

ယနေ့အဖို့ အကျွန်ုပ်တို့ ပြုစုပွားများအားထုတ်အပ်သော ကောင်းမှုအပေါင်း၏ အဖို့ဘာဂကို အမျှ . . . အမျှ . . . အမျှ . . . ယူတော်မူကြပါကုန်လော့။

သာဓု . . . သာဓု . . . သာဓု . . .။

(တတိယအကြိမ်)

အဘိဓမ္မာတရားတော်ကြီး

(တတိယအကြိမ်)

# အဘိဓမ္မာတရားတော်ကြီး

ယနေ့ ၁၃၃၇-ခုနှစ်၊ ဝါဆိုလပြည့်နေ့(၂၂-၇-၇၅)ဖြစ်တယ်၊ ၁၃၃၅-ခု၊ ဝါဆိုလပြည့်နေ့ကစပြီတော့ ဝါစဉ်နဲ့ မြတ်စွာဘုရားဟောတဲ့တရား ကျရာကျရာ ဟောလာတာ အခု ၃၇-ခုဆိုတော့ ၂ နှစ်ရှိလာပြီပေါ့လေ၊ မြတ်စွာဘုရားကတော့ ခုနစ်ဝါမြောက်မှာ တာဝတိံသာ၌ အဘိဓမ္မာတရားကို ဟောတော်မူခဲ့တယ်တဲ့၊ (အဘိဓမ္မာကို စဟောတဲ့နှစ်ကတော့ ၁၃၃၆-ခုနှစ်၊ ပြာသိုလပြည့်နေ့ကဖြစ်သည်။) အဘိဓမ္မာအဋ္ဌကထာများက ဒီလိုပြဆိုထားကြပါတယ်၊ အဲဒီလို ပြဆိုထားတဲ့အတိုင်း ခုနစ်ဝါမြောက်မှာ ကျရောက်တဲ့တရားကို ဟောလာတာ တော်တော်ကြာပါပြီ၊ စဟောတာကတော့ (၂၆-၁-၇၅) ပြာသိုလပြည့်နေ့ကစပြီး ဟောလာခဲ့ပါတယ်၊ ဓမ္မသင်္ဂဏီကတော့ အတော်လေးတော့ စုံသွားပါပြီ။

ဒါပေမယ့်လို့ ဓမ္မသင်္ဂဏီမှာ ဟောထားတဲ့တိက်တွေ, ဒုက်တွေကို အကုန်လုံး လျှောက်ပြီး မဟောနိုင်ပါဘူး၊ ဓမ္မသင်္ဂဏီက ကုသလာဓမ္မာ, အကုသလာဓမ္မာ ကိုလည်း ဟောပြီးသွားပါပြီ၊ အဗျာကတာ ဓမ္မာဆိုရင်လည်း ဝိပါက်အဗျာကတ,, ကြိယာအဗျာကတ ပြီးသွားပြီ၊ ရုပ်အဗျာကတ, နိဗ္ဗာန်အဗျာကတ ဒါတွေကိုတော့ မဟောရသေးဘူး၊ နိဗ္ဗာန်ကိုတော့ အကျယ်ဟောဖို့ သိပ်မလိုပါဘူး၊ အခုရုပ် အဗျာကတတွေကို ဟောဖို့ အလှည့်ကျနေပြီ။

ဝိဘင်းကျမ်းမှာ အစဆုံး ဟောတာကခန္ဓာငါးပါးထဲက ရုပ်အဗျာကတကို စပြီး ဟောထားပါတယ်၊ ဒါကြောင့် ဓမ္မသင်္ဂဏီကျမ်းထဲက ရုပ်အဗျာကတကို မဟောတော့ဘဲ ဝိဘင်းကျမ်းက ခန္ဓာငါးပါးကို ဟောမှာပဲလို့ ဒီလိုစဉ်းစားထား ပါတယ်၊ ဒါပေမယ့်လို့ ဓမ္မသင်္ဂဏီကျမ်းထဲမှာ အထူးမှတ်သားစရာ ကောင်းတဲ့ ဒုက်တစ်ခုရှိတယ်၊ အဲဒီဒုက်ကို ဟောဦးမှာပဲ။

"သရဏာ ဓမ္မာ၊ အရဏာ ဓမ္မာ"

(တတိယအကြိမ်)

သာရမ္မဏာ၊ အာရုံရှိကုန်သော။ ဝါ၊ အာရုံကိုသိတတ်ကုန်သော–အာရုံပြုတတ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

အနာရမ္မဏာ၊ အာရုံမရှိကုန်သော။ ဝါ၊ အာရုံမပြုတတ်ကုန်သော–အာရုံကို မသိတတ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏တဲ့၊

လောကမှာ တရားက အာရုံပြုတတ်တဲ့တရား, အာရုံမပြုတတ်တဲ့တရားလို့ နှစ်မျိုးပဲရှိပါတယ်၊ လောကလူတွေ အမြင်ကတော့ ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ား, မိန်းမ စသည်ဖြင့် ဒီလိုခေါ်ဝေါ်ပြီးတော့ နေကြတယ်၊ အစစ်အမှန်ကတော့ သာရမ္မဏနဲ့ အနာရမ္မဏ–အာရုံပြုတတ်တဲ့ တရားနဲ့အာရုံ မပြုတတ်တဲ့တရား–ဒီနှစ်ခု ရှိတာပဲ၊ ပုဂ္ဂိုလ်တဦးတဦး သန္တာန်မှာရှိနေတာက အဲဒီအာရုံပြုတတ်တဲ့ တရားကတမျိုး, အာရုံမပြုတတ်တဲ့ တရားကတမျိုး ဒီနှစ်မျိုး ရှိတာပဲ လူတိုင်းလူတိုင်းမှာ ဒီနှစ်မျိုးပဲရှိတယ်၊ နတ်တွေလဲ နှစ်မျိုးစီရှိတာပဲ ဗြဟ္မာတွေလဲ နှစ်မျိုးစီထက်ပိုပြီး မရှိပါဘူး၊ ဒါပေမယ်လို့ ရုပ်သက်သက် ဗြဟ္မာတွေလဲ ရှိတယ်၊ နာမ်သက်သက် ဗြဟ္မာတွေလဲ ရှိတယ်၊ ရုပ်သက်သက် ဗြဟ္မာတွေမှာတော့ အနာရမ္မဏ–အာရုံ မပြုတတ်တဲ့ ရုပ်တရားသက်သက် တမျိုးသာ ရှိတယ်၊ နာမ်သက်သက် ဗြဟ္မာတွေကတော့ အာရုံပြုတတ်တဲ့ သာရမ္မဏတရား သက်သက် တမျိုးသာ ရှိတာပဲ၊ ရုပ်ရော နာမ်ရောရှိတဲ့ ရူပဗြဟ္မာတွေမှာတော့ အဲဒီနှစ်မျိုးစလုံး ရှိတယ်၊ ဒီနှစ်မျိုးထက်ပိုပြီးတော့ မရှိဘူး။

အခု ကာမဘုံကလူတွေ, နတ်တွေ, အပါယ်လေးဘုံက အပါယ်သတ္တဝါတွေမှာတော့ ရုပ်ရော နာမ်ရော နှစ်မျိုးရှိနေကြတာဖြစ်လို့ သာရမ္မဏရော အနာရမ္မဏရော နှစ်မျိုးစီ ရှိတာပါပဲ၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ သမာဓိလေး အတော်ကောင်းလာလို့ရှိယင် အဲဒီအာရုံပြုတတ်တဲ့ တရားနဲ့ မပြုတတ်တဲ့တရား ဒီနှစ်ခုကစပြီး ကွဲကွဲပြားပြား သိလာကြပါတယ်၊ အဲဒါ နာမရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်ပါတယ်။

နာမ်ဆိုတာအာရုံပြုတတ်တဲ့တရား၊ ရုပ်ဆိုတာအာရုံမပြုတတ်တဲ့တရား ဒီလိုကွဲသွားတယ်၊ နာမ်ဆိုတာနဲ့သာရမ္မဏနဲ့အတူတူပဲ၊ ရုပ်ဆိုတာနဲ့ အနာရမ္မနဲ့ အတူတူပဲ၊ အဲဒီဓမ္မသင်္ဂဏီဒုကမာတိကာ သာရမ္မဏဒုက်ဟာ ယောဂီပုဂ္ဂိုလ်

အခါကျတော့ မှတ်သိစရာရုပ်ကတမျိုး၊ မှတ်သိတဲ့စိတ်နာမ်ကတမျိုး–ဒီနှစ်ခုဟာ ကွဲပြားလာတယ်။

ပထမစပြီး ရှုစမှာတော့ ဒီရုပ်နဲ့နာမ်ဟာ မကွဲသေးဘူး၊ ရုပ်နဲ့နာမ် နှစ်ခုပေါင်းလျက် တပေါင်းတည်း အနေအားဖြင့်လဲ ထင်နေတယ်၊ သမာဓိ အားကောင်းလာတဲ့ အခါကျတော့ စိတ်ဟာ ဘယ်မှမသွားဘူး၊ မပျံ့လွင့်တော့ [illegible] ရှုမှတ်ရာ အာရုံ၌သာ တည်နေတော့တယ်၊ အဲဒီ အခါကာလမှာ မှတ်သိစရာ ရုပ်က တမျိုး၊ မှတ်သိနေတဲ့ စိတ်နာမ်ကတမျိုး–ဒါနှစ်ခုပဲ ရှိတာကို တွေ့ရတယ်၊ မှတ်သိစရာရုပ်က အနာရမ္မဏာဓမ္မာ–အာရုံမပြုတတ်တဲ့တရားပဲ၊ အာရုံမသိ တတ်တဲ့ ရုပ်နဲ့ အာရုံသိတတ်တဲ့နာမ်တရား–ဒီနှစ်ခုပဲ ရှိတယ်ဆိုတာ ရှယင်းရှ ယင်းပိုင်းခြားပြီးတော့ သိလာတယ်၊ နာမရူပပရိစ္ဆေဒဉာဏ်ဆိုတာ ဒီလိုဖြစ်လာ တာပဲ။ ၈.

ဒီလို ကွဲပြားခြားနားမသိခင်က ရုပ်နဲ့နာမ်ရောပြီးတော့ တယောက် တည်း တကိုယ်တည်း ထင်နေတာ၊ ဒါကြောင့်မို့ ပုဂ္ဂိုလ်သတ္တဝါ ငါကောင် အနေနဲ့ အတ္တစွဲ စွဲလမ်းနေတာပဲ၊ မရှုမှတ်တဲ့ ပကတိပုဂ္ဂိုလ်တွေဟာ ဒီလိုပဲ အတ္တစွဲ စွဲနေကြတာ၊ အသက်ရှင်နေတာဟာ ငါကောင်ဘဲလို့ ဒီလိုလဲ ထင်နေကြတာ၊ **စာပေကျမ်းဂန် ဗဟုသုတ ရှိနေတဲ့ ပုဂ္ဂိုလ်တွေလဲ ကာပေ၏ ကျမ်းဂန် အရသာဟောတတ် ပြောတတ်ကြတယ်၊ ဒါပေမယ့်လို့ ဒီလို အတ္တစွဲ** ကတော့ စွဲနေတာပဲ၊ ပြောဟောနေတာလဲ ငါပဲ၊ ငါက ပြောဟောနေတယ်၊ ဒီလို စွဲလမ်းလျက်ပဲ၊ မပျောက်ဘူး အဲ–ဝိပဿနာရှုမှတ်လို့ သမာဓိအားကောင်းလာတဲ့ အခါကျတော့မှ ရုပ်နဲ့နာမ်ကို ပိုင်းခြားပြီးတော့ သိလာတယ်၊ နာမရူပပရိစ္ဆေဒ ဉာဏ် ဖြစ်လာတယ်၊ အဲဒီအခါကျတော့မှ ရုပ်နာမ်ကွဲတာ၊ ရုပ်တခြား နာမ်က တခြားပဲ၊ ဒီနှစ်ခုရှိတာ ရောလို့မရဘူး၊ တခုနဲ့တခုကွဲနေတယ်။

အဲဒါ အရေးကြီးတယ်

ဖောင်းတယ်, ပိန်တယ်မှတ်လို့ရှိယင် ဖောင်းတာနဲ့သိတာ, ပိန်တာနဲ့ သိတာဟာ တခြားစီပဲ၊ ကွေးတယ်, ဆန့်တယ်ဆိုလို့ရှိယင်လဲ ကွေးတာနဲ့ သိတာ, ဆန့်တာနဲ့သိတာ တခြားစီပဲ၊ လမ်းလျှောက်နေတဲ့ အခါမှာလဲ ကြွတယ်, လှမ်းတယ်, ချတယ်ဆိုလို့ရှိယင်ကြွတာကတခြား၊ သိတာကတခြား၊ ~~လှမ်းအခါ~~

လှမ်းတာကတခြား၊ သိတာကတခြား၊ ချတယ်ဆိုလို့ရှိရင် ခြေထောက်ချလိုက်တာက တခြား, သိတာကတခြား၊ ဒီလိုသိစရာ အာရုံရုပ်နဲ့ သိတဲ့စိတ် နာမ်တရားနှစ်ခု ကွဲပြားပြီးတော့ သိတာပဲ၊ စာသိမဟုတ်ဘူး၊ စာသိဆိုတာကတော့ ဒီလိုရှုမှတ်ပြီး အားထုတ်မနေရပါဘူး၊ သင်ကြားပေးလိုက်ရင် လွယ်လွယ်လေးပါ၊ အခုဟာက ဝိပဿနာရှုမှတ်ရင်း သေသေချာချာ တကယ်သိတာပဲ၊ အင်မတန်ကောင်းပါတယ်၊ အဲဒါအခြေခံပဲ၊ ဒီလို သေသေချာချာသိမှ နာမ်, ရုပ်ကို ပိုင်းခြားသိမှာပဲ၊ အဲဒီကနေ နာမ်နဲ့ ရုပ်တို့အကြောင်းကို ပိုင်းခြားပြီးတော့သိလာမယ်၊ အဲဒီလို သိလာတဲ့အခါကျတော့ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်လာတယ်။

အစနဲ့အဆုံး အဖြစ်နဲ့အပျက် သိပြီးတော့ အနိစ္စပဲ, ဒုက္ခပဲ, အနတ္တပဲလို့ သုံးသပ်မိတဲ့အခါ သမ္မသနဉာဏ်ဖြစ်လာတယ်၊ ဒီလိုအသိတွေ မှန်လာတဲ့ အခါကျတော့မှ ဉဒယဗ္ဗယဉာဏ်စသည် ဝိပဿနာဉာဏ်တွေ အကုန်လုံးလျှောက် ပြီးတော့ အစဉ်အတိုင်းဖြစ်လာတယ်။ အဲဒါ အရေးကြီးပါတယ်၊ မှတ်သားထားဖို့ပါပဲ၊ ဓမ္မသင်္ဂဏီကျမ်းက မှတ်သားစရာ ကောင်းလို့မို့ ပြောချင်တာဟာ ဒါလေးပါပဲ။

## ဝိဘင်းကျမ်း၌ ခန္ဓာငါးပါး

ဒီနေ့ ဝိဘင်းကျမ်း-တဲ့၊ အဲဒါကို ဟောရမယ်။

"ပဉ္စက္ခန္ဓာ–ရူပက္ခန္ဓော, ဝေဒနက္ခန္ဓော, သညက္ခန္ဓော, သင်္ခါရက္ခန္ဓော, ဝိညာဏက္ခန္ဓော"

ပဉ္စ၊ ငါးပါးကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ သန္တိ၊ ရှိကုန်၏။ ရူပက္ခန္ဓော၊ ရုပ်အဖို့အစုဟူသော ရူပက္ခန္ဓာလည်းကောင်း။ ဝေဒနာက္ခန္ဓော၊ ဝေဒနာအဖို့အစုဟူသော ဝေဒနာက္ခန္ဓာလည်းကောင်း၊ သညက္ခန္ဓော၊ သညာအဖို့အစု ဟူသော သညက္ခန္ဓာ လည်းကောင်း၊ သင်္ခါရက္ခန္ဓော၊ သင်္ခါရအဖို့အစုဟူသော သင်္ခါရက္ခန္ဓာလည်းကောင်း၊ ဝိညာဏက္ခန္ဓော၊ ဝိညာဏ်အဖို့အစုဟူသော ဝိညာဏက္ခန္ဓာလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးကုန်သော။ ခန္ဓာ၊ အဖို့အစုတရားတို့သည်။ သန္တိ၊ ရှိကုန်၏။

အဲဒီ ဝိဘင်းအဘိဓမ္မာမှာ ခန္ဓာငါးပါးပဲ ဟောပါတယ်၊ ဉပါဒါနက္ခန္ဓာလို့ ဒီလိုမဟောဘူး၊ သုတ္တန်တရားတော်တွေမှာ ဉပါဒါနက္ခန္ဓာလို့ ဟောထားပါတယ်၊

သုတ္တန်တရားတွေကတော့ ဝိပဿနာရှုဖို့ တရားအားထုတ်ပုံကို ပြပါတယ်၊ ဒါကြောင့် "ပဉ္စုပါဒါနက္ခန္ဓာ"တဲ့၊ ဒီလိုလာတယ်၊ "ကတမဉ္စဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊"ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခံ အရိယသစ္စံ၊ အရိယာတို့ သိအပ်သော ဆင်းရဲအစစ် အမှန်တရားသည်။ ကတမဉ္စ၊ အဘယ်ပါနည်း။ ဒုက္ခသစ္စာဆိုတာ ဘာလဲတဲ့၊ မြတ်စွာဘုရားက မေးပါတယ်၊ "ပဉ္စုပါဒါနက္ခန္ဓာ တိဿဝစနီယံ" ပဉ္စပါဒါနက္ခန္ဓာတိ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာဟူ၍။ ဝစနီယံ၊ ဖြေဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ ဥပါဒါနက္ခန္ဓာ ငါးပါးပဲလို့ ဖြေဆိုရမယ်တဲ့။ ဒုက္ခသစ္စာဆိုတာ ဥပါဒါနက္ခန္ဓာ ငါးပါးပါပဲတဲ့။ အဲဒီငါးပါးက ဘယ်ဟာတုန်း ဆိုလို့ရှိရင်-

ရူပုပါဒါနက္ခန္ဓော-ရုပ်ဥပါဒါနက္ခန္ဓာက တစ်ပါး။
ဝေဒနုပါဒါနက္ခန္ဓော-ဝေဒနာဥပါဒါနက္ခန္ဓာက တစ်ပါး။
သညုပါဒါနက္ခန္ဓော-သညာဥပါဒါနက္ခန္ဓာက တစ်ပါး။
သင်္ခါရုပါဒါနက္ခန္ဓော-သင်္ခါရဥပါဒါနက္ခန္ဓာက တစ်ပါး။
ဝိညာဏုပါဒါနက္ခန္ဓော-ဝိညာဏ်ဥပါဒါနက္ခန္ဓာက တစ်ပါး။

အဲဒီ ငါးပါးပါပဲတဲ့၊ ဒါက သုတ္တန်တရားမှာ ဝိပဿနာရှုရမယ့် တရားတွေပဲ၊ ဥပါဒါန်၏အာရုံဖြစ်တဲ့ ခန္ဓာတဲ့၊ ဒီလို ဝိသေသနမ, ပြီးတော့ စေတသိက်ခန္ဓာ ၃-ပါးကိုပြတယ်၊ အဘိဓမ္မာကျ အဲဒီလိုမပြဘူး၊ ခန္ဓာငါးပါးဆိုပြီးတော့ အကုန်လုံး ခြုံပြတယ်၊ ဝိပဿနာရှုရတာလည်းပါတယ်၊ မရှုရတာလည်းပါတယ်၊ သုတ္တန်မှာတော့ ဝိပဿနာရှုရမှာတွေကိုချည်းပြတယ်၊ ပြီးတော့ ဒုက္ခသစ္စာတွေလို့ ဆိုတာပါပဲ၊ ဥပါဒါန်၏ အာရုံမဟုတ်တဲ့ သာမညခန္ဓာတွေဟာ ဒုက္ခသစ္စာထဲမပါဘူး၊ ဥပါဒါန်၏ အာရုံမဟုတ်တဲ့ သာမညခန္ဓာဆိုတာ ဘယ်ဟာတွေတုန်းဆိုတော့ လောကုတ္တရာခန္ဓာတွေပဲ၊ မဂ်စိတ်နဲ့ စေတသိက်၊ ဖိုလ်စိတ်နဲ့ စေတသိက်တွေ၊ အဲဒါတွေဟာ လောကုတ္တရာတရားတွေ၊ ဥပါဒါန်၏အာရုံ မဟုတ်ဘူး၊ ဥပါဒါန်၏ အာရုံမဟုတ်လို့မို့ ဒုက္ခသစ္စာထဲလည်း မဝင်ဘူး၊ ဒါကြောင့် အဲဒီတရားတွေကို ဒုက္ခလို့ မဆိုရဘူး၊ လောကီ၊ ရုပ်နာမ်တွေကိုသာ ဒုက္ခသစ္စာ ဆင်းရဲအမှန်တွေလို့ ဆိုရတယ်၊ လောကီ ရုပ်နာမ်တွေ ဆိုတာလည်း ပုဂ္ဂိုလ်တစ်ဦးတည်းမှာ အပြည့်အစုံ မရှိပါဘူး။

(တတိယအကြိမ်)

အဖို, အမ ဖြစ်ကြောင်းဖြစ်တဲ့ ဘာဝရုပ်ဆိုတာရှိတယ်၊ အဖိုဖြစ်တဲ့ ပုဂ္ဂိုလ်တွေမှာ ပုမ္ဘာဝရုပ်ရှိပြီးတော့ ဣတ္ထိဘာဝရုပ် မရှိဘူး၊ အမဖြစ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဣတ္ထိဘာဝရုပ် ရှိတယ်၊ ပုမ္ဘာဝရုပ် မရှိဘူး၊ ရုပ်တောင် ဒီလိုတစ်ယောက်တည်းမှာ အပြည့်အစုံရှိတာ မဟုတ်ဘူး၊ စိတ်, စေတသိက် ဆိုတာတော့ သာပြီးမပြည့်စုံဘဲ နေမှာပဲ၊ ဈာန်မရတဲ့ ပုဂ္ဂိုလ်တွေမှာ ကာမစိတ်, စေတသိက်လောက်ပဲရှိတယ်၊ မဟာဂ္ဂုတ်စိတ်, စေတသိက်တွေ မရှိဘူး။

ဒုက္ခသစ္စာဆိုတာ မိမိသန္တာန်မှာရှိတဲ့ တရားတွေပဲ၊ အဲဒါတွေကို ဆင်းရဲအနေနဲ့ ရှုပြီးတော့ သိရတာပဲ၊ ကာမစိတ်, စေတသိက်တွေကိုလည်း ဒီလို ရှုမှတ်ရတာပဲ၊ အဲဒီ တရားတွေကို ဝိပဿနာ ရှုမှတ်ရမှာမို့ ဥပါဒါနက္ခန္ဓာလို့ ဥပါဒါနဆိုတဲ့ အမည်နဲ့ ဝိသေသနမပြီး၊ သုတ္တန်ဒေသနာတော်တွေမှာ ပြထားပါတယ်၊ ဖြေကြားထားပါတယ်၊ ဒီ အဘိဓမ္မာမှာတော့ ဝိပဿနာရှုဖို့ ပြထားတာမဟုတ်ဘူး၊ သရုပ်ခွဲတာလည်း မဟုတ်ဘူး၊ ခန္ဓာငါးပါးဟူသမျှ အကုန်လုံးသိမ်းရုံးပြီး "ပဉ္စက္ခန္ဓာ–ခန္ဓာငါးပါး"လို့ဆိုပြီးတော့ သာမညပဲ ပြထားတယ်၊ ဒါကြောင့် ဒီမှာဆိုရင် လောကီရော, လောကုတ္တရာရော အကုန်လုံး ခန္ဓာတွေချည်း ယူရတယ်။

ခန္ဓာဆိုတာ အဖို့အစုပဲ၊ အဖို့အစုဆိုတာ တစ်မျိုးစီ တစ်ပုံစီ စုပုံသလို ပုံပုံပြီး ပြထားတာပါပဲ၊ ရုပ်ကတစ်စု, ဝေဒနာကတစ်စု, သညာကတစ်စု, သင်္ခါရကတစ်စု, ဝိညာဏ်ကတစ်စု၊ အဲဒီလို သူ့အစုနဲ့သူ စုပုံပြထားပါတယ်၊ စိတ်,စေတသိက်,ရုပ်တရားတွေကို တူရာစုပေါင်းလိုက်ရင်လည်း ဒီလို ငါးစု, ငါးပုံရှိတယ်လို့ ဟောပြထားတာပါပဲ။

## ရူပက္ခန္ဓာ ရုပ်အစု

ရူပက္ခန္ဓာဆိုတာ ဘာတုန်းဆိုပြီးတော့ ရူပက္ခန္ဓာကို ဝေဖန်ပြထားတယ်၊ အဘိဓမ္မာ ပါဠိတော်မှာ တိုက်ရိုက်ဟောထားတဲ့ ရူပက္ခန္ဓာကတော့ "စတ္တာရောစ မဟာဘူတာ, စတုန္နဥ္စ မဟာဘူတာနံ ဥပါဒါယရူပံ"တဲ့ မဟာဘုတ်က ၄–ခု၊ ဥပါဒါရုပ်တွေက ၂၃–ခု၊ ဒီလို ၂၇–ခုပဲ တိုက်ရိုက်ဟောထားပါတယ်။

(တတိယအကြိမ်)

ဒါပေမယ့်လို့ အဋ္ဌကထာဆရာက ဟဒယဝတ္ထုရုပ်လို့လည်း ရုပ်တစ်ခုထည့်သွင်း ဖော်ပြထားပါတယ်၊ ဒါ ပါဠိတော်မှာတော့ တိုက်ရိုက်မရှိဘူး၊ ဒါကြောင့် တချို့က သဘောမကျကြဘူး၊ ဒါ ပိုနေတယ်လို့ ဆိုပြီးတော့ ရုပ် ၂၇-ခုလို့ ဒီလိုလည်းပါဠိတော်အတိုင်း သဘောကျကြတယ်။

ပါဠိတော်က ဒီမှာ အသေးစိတ်ပြီးတော့ ဝေဖန်ထားတယ်၊ မပြီးနိုင်ဘူး၊ မဟာဘုတ်တွေကိုလည်းဝေဖန်, ဥပါဒါရုပ်တွေကိုလည်းဝေဖန် တဖြည်းဖြည်း ချင်းလေးဝေဖန်နေတာ မပြီးနိုင်ဘူး၊ ရုပ်တွေကို ဝေဖန်နေတာ အရှည်ကြီးပဲ၊ ဒါကြောင့် ရုပ်ကို လွယ်လွယ်ကူကူမှတ်နိုင်အောင်လို့ ဒီမှာ ဆောင်ပုဒ်ရေးထားပါတယ်၊ အရင်ကလဲ ဟောဖူးပါပြီ၊ ဓာတ်ကြီး ၄-ပါး၊ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်၊ အဲဒါ "စတ္တာရော မဟာဘူတာ" အရ ဓာတ်ကြီး ၄-ပါး၊ မဟာဘုတ် ၄-ပါးပေါ့၊ ဒါကိုတော့ သိနေကြမှာပါပဲ၊ အဲဒါကို လွယ်လွယ်မှတ်ရအောင် အတိုကောက် ဆောင်ပုဒ်ရေးထားတယ်၊ ဒါဆိုရမယ်။

ပ, အာ, တေ, ဝါ၊ ရုပ်လေးဖြာ၊ မှတ်ပါ မဟာဘုတ်။

(ဆို ၃-ခေါက်)

ဓာတ်ကြီး ၄-ပါးရဲ့ အစတစ်လုံးစီကိုယူပြီး အတိုကောက် ရေးထားတဲ့ ဆောင်ပုဒ်တဲ့၊ ပထဝီဓာတ်ဆိုတာ လက္ခဏာအားဖြင့် ကက္ခဠလက္ခဏာရှိတယ်၊ ကက္ခဠဆိုတာ ခက်မာကြမ်းတမ်းတာကိုဆိုပါတယ်၊ ခက်မာကြမ်းတမ်းတဲ့ သဘော မှန်သမျှ အဲဒါ ပထဝီပဲ၊ မြေကြီးဟာ ခက်မာကြမ်းတမ်းသလိုပဲ၊ ဒီပြင်နေရာတွေမှာ လည်း ခက်မာကြမ်းတမ်းတဲ့ သဘောတွေဟာ ပထဝီပဲ၊ ကိုယ်ထဲမှာစမ်းသပ် ကြည့်လို့ ခက်မာကြမ်းတမ်းတာကို တွေ့မယ်ဆိုရင် အဲဒါ ပထဝီဓာတ်တဲ့၊ ကြမ်းတမ်းတာကလည်း များများ ကြမ်းတမ်းတာနဲ့ နည်းနည်း ကြမ်းတမ်းတာ၊ အဲဒီလို နှစ်မျိုးရှိတယ်၊ များများကြမ်းတမ်းတာကို ခက်မာပထဝီ, နည်းနည်း ကြမ်းတမ်းတာကို နူးညံ့ပထဝီ-လို့ ခေါ်ရတယ်၊ ဥပမာ-ဝါဂွမ်းဆိုရင် ပကတိအနေနဲ့ နူးညံ့တယ်လို့ဆိုရမှာပဲ၊ ဒါပေမယ့်လို့ သူ့ထက် နူးညံ့တဲ့ အစိတ်အပိုင်းသာ ဆိုလို့ရှိရင်တော့ သူဟာ ကြမ်းတမ်းတယ်လို့ ဆိုရမှာပါပဲ၊ ဝါဂွမ်းနဲ့ ကိုယ်တို့, မျက်နှာတို့, လက်တို့ကို တို့ကြည့်မယ်ဆိုရင် ဝါဂွမ်းဟာ နူးညံ့တယ်လို့

ဆိုရမှာပေါ့၊ သူ့ထက်နူးညံ့တဲ့ မျက်လုံးကို တို့ကြည့်မယ်ဆိုလို့ ရှိရင်တော့ အတို့မခံနိုင်ဘူး၊ အဲဒီကျတော့ ဝါဂွမ်းဟာ နူးညံ့တယ်ဆိုပေမယ်လို့ သူ့ထက် နူးညံ့တဲ့ မျက်လုံးနဲ့စာလိုက်ရင် သူက မျက်လုံးလောက်မနူးညံ့ပြန်ဘူး၊ မျက်လုံးက ပိုပြီး နူးညံ့ပြန်ပါတယ်၊ ဒီလိုပါပဲ သူ့ထက်နူးညံ့တဲ့ ရုပ်နဲ့ကျတော့ သူက ကြမ်းတမ်းတာပဲ၊ နူးညံ့တယ်ဆိုတာလဲ စင်စစ်တော့ ကြမ်းတမ်းတာပါပဲ၊ အဲ ကြမ်းတမ်းတဲ့ သဘောဟူသမျှ ပထဝီဓာတ်တဲ့၊ ဒီလို ဆိုပါတယ်။

အပြင်ဘက်မှာရှိတဲ့ မြေကြီးတို့, ကျောက်ခဲတို့ အဲဒီလို ခက်မာကြမ်းတမ်းတဲ့ အရာဝတ္ထုတွေဟာ စမ်းကြည့်လိုက်လို့ရင် ခက်မာကြမ်းတမ်းတာကို တွေ့ရမယ်၊ အဲဒါဟာ ပထဝီဓာတ်ပါပဲ၊ ဒါပေမယ့်လို့ အဲဒီ မြေကြီးတို့, ကျောက်ခဲတို့ဆိုတာ ပထဝီဓာတ်ချည်းတော့ မဟုတ်ဘူး၊ ဒီပြင်ဓာတ်တွေလည်း ပါဝင်နေသေးတာပဲ၊ ပထဝီဓာတ်က လွန်ကဲနေလို့ သူ့ကိုပထဝီဓာတ်လို့ ဆိုရတယ်။

အာပေါဓာတ်ဆိုတာကတော့ ယိုစီးဖွဲ့စည်းတဲ့သဘော၊ အရည်သဘော၊ အစို သဘောပဲ၊ ကိုယ်ထဲမှာလည်း အရည်တွေ၊ အစိုတွေရှိတာပဲ၊ အပြင်မှာလည်း ရှိတာပဲ၊ အဲဒါ အာပေါဓာတ်တဲ့။

တေဇောဓာတ်ဆိုတာကတော့ ဥဏှတ္တလက္ခဏာ ပူလောင်ခြင်း လက္ခဏာရှိတယ်၊ ပူတဲ့ အခိုးအငွေ့သဘောပဲ၊ ဒါပေမယ့်လို့ သူ့လောက်မပူဘဲ အပူနည်းတာကိုတော့ အအေးလို့ခေါ်ရတယ်၊ ဥပမာ–သောက်ရေအိုးထဲကရေဟာ အေးတယ်၊ အပြင် ဘက်က တခြားရေတွေနဲ့ ထောက်စာလို့ရှိရင်ပေါ့၊ သူကအေးတယ်၊ တစ်ဖန် ရေခဲရေကျပြန်တော့ ကိုင်လိုက်တယ်ဆိုရင် လက်ကိုကျဉ်သွားတာပဲ၊ သောက်ရေအိုး ထဲကရေထက် အဲဒီ ရေခဲရေက ပိုအေးတယ်၊ သောက်ရေအိုးထဲက ရေက ရေခဲရေထက်ပူတယ်၊ ဒီလိုပါပဲ၊ ပူတာအဆင့်ဆင့်, အေးတာ အဆင့်ဆင့်ဟာ တေဇောဓာတ်ချည်းပဲ၊ ဒါကြောင့် ပူတယ်ဆိုလည်း တေဇောဓာတ်, နွေးတယ် ဆိုလည်း တေဇောဓာတ်, အေးတယ်ဆိုလည်း တေဇောဓာတ်, ဒါတွေဟာ ထင်ထင်ရှားရှားပါတယ်၊ ကိုယ်မှာစမ်းသပ်ပြီးတော့ကြည့်ရင် ပူတာ အေးတာကို တွေ့နိုင်ပါတယ်၊ မစမ်းမသပ်ဘဲလည်း စိတ်က ကိုယ်ထဲမှာ စိုက်ကြည့်ရင်လည်း တွေ့နိုင်တာပါပဲ။

(တတိယအကြိမ်)

ဝါယောဓာတ်ဆိုတာက ဝိတ္ထမ္ဘနလက္ခဏာရှိတယ်၊ တောင့်တင်းခြင်း၊ ထောက်ကန်ခြင်းသဘောဟာ ဝါယောဓာတ်ရဲ့ လက္ခဏာပဲ၊ ကိုယ်ထဲမှာ တောင့်တင်းနေတဲ့ သဘော, အခုလို ထိုင်နေတယ်ဆိုလို့ရှိရင် တောင့်တင်းတဲ့ ဝါယောက ထောက်ကန်ထားလို့ လဲကျမသွားတာပဲ၊ အပေါ်ကရုပ်တွေဟာ ပိုပြီးတော့ အောက်သို့ ကျမလာဘူး၊ အဲဒါ ဝါယောက ထောက်ကန်ထားလို့တဲ့။

ဥပမာ–အုတ်ခဲတွေကို ပုံပြီးတော့ထား၊ အဲဒီ အုတ်ခဲပုံကြီးဟာ ဝါယောဓာတ်က ထောက်ကန်ထားလို့ အထက်ကအုတ်ခဲတွေ အောက်ကိုပြားပြီးတော့ဆင်းမလာတာပဲ၊ အကယ်၍သာ ဝါယောဓာတ် မရှိဘူးဆိုရင်, ဝါယောဓာတ်ကို နုတ်ပယ်ပစ်လိုက်မယ် ဆိုရင် အကုန်လုံး ပြားဆင်းလာမယ်၊ ထောက်ကန်ခြင်းသဘော မရှိဘူးဆိုရင် ဒီလို မဖြစ်နိုင်ဘူး၊ ပြားဆင်းသွားမယ်၊ အဲဒီလိုပါပဲ။

နောက်ပြီးတော့ လှုပ်ရှားတတ်တဲ့သဘော ရှိတယ်၊ ဝါယောဓာတ် အားကောင်းလို့ရှိရင် လှုပ်ရှားတယ်၊ ဝါယောဓာတ်ဆိုတာ လေပါပဲ၊ လေဆိုတာ အားကောင်းလို့ရှိရင် လှုပ်ရှားနေတာပဲ၊ ကိုယ်ထဲမှာ ဝါယောဓာတ်ဟာ အထူးထင်ရှားတာဖြစ်လို့ သတိပဋ္ဌာန် ဒေသနာတော်မှာ ဒီဝါယောဓာတ်ကို ရှုဖို့ရာ မြတ်စွာဘုရားက ဟောထားပါတယ်။

"ဂစ္ဆန္တောဝါ၊ သွားသည်ရှိသော်လည်း။ ဂစ္ဆာမိတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ သိ၏"တဲ့၊ သွားရင် သွားတာကိုသိရမယ်၊ သွားတိုင်း သွားတိုင်း အဲဒါကို သိရမယ်၊ သွားတဲ့အခါ ဘာကို သိတုန်းဆိုတော့ ဝါယောဓာတ်ကိုသိတာတဲ့၊ ဝါယောဓာတ်လွန်ကဲလို့ သွားတာပဲ၊ ဒါပေမယ့်လို့ ဝါယောဓာတ်ချည်း တစ်ခုတည်းတော့ မဟုတ်ပါဘူး၊ ဝါယောဓာတ် ရှေ့ဆောင်နေတဲ့ဓာတ် ၄–ပါးလုံးနဲ့ တခြားရုပ်တွေလည်း ပါပါတယ်၊ ဝါယောဓာတ် လွန်ကဲနေလို့ သွားတဲ့အခါကာလမှာ ခြေထောက်ထဲ, ကိုယ်ထဲက တောင့်တာ, တင်းတာ, တွန်းကန်တာ, လှုပ်ရှားတာ တွေဟာ ဝါယောဓာတ်တွေတဲ့၊ အဲဒါတွေကို သိရမယ်။

ပထမရှုကာစတော့ ကြွတယ်, လှမ်းတယ်, ချတယ်, ဆိုပြီးတော့ သွားနေတဲ့အခါ ကိုယ်ခန္ဓာ အထည်ဝတ္ထုကြီးအနေနဲ့ ဒီလိုသိနေတာပဲ၊ နောက်တဖြည်းဖြည်းနဲ့ သမာဓိအားကောင်းလာပြီဆိုတော့ ဉာဏ်ကလည်း အားကောင်းလာ

တယ်၊ ဒီတော့ ဒါဟာ သဘောတရားလေးတွေပဲ၊ ကိုယ်ထဲ တောင့်တဲ့သဘော၊ တင်းတဲ့သဘော၊ တွန်းကန်တဲ့သဘော၊ လှုပ်ရှားတဲ့သဘော အဆင့်ဆင့်ပဲ၊ ပြီးတော့ မိုက်ကဖောင်းတာ၊ ပိန်တာကို မှတ်တဲ့အခါကာလမှာလည်း ဒီအတိုင်းပဲ၊ အစမှာတော့ ဝမ်းဗိုက်နဲ့ကိုယ် အကောင်အထည်ကြီးကို တွေ့နေတာပဲ၊ နောက် ရှုပါများတဲ့အခါကျတော့ ဖောင်းတယ်ဆိုတဲ့ အမည်တောင်မရှိတော့ဘူး၊ တောင့်တဲ့ သဘော၊ တွန်းတဲ့သဘော၊ လှုပ်ရှားတဲ့ သဘောတွေပဲလို့ ဒီလိုသိလာတယ်။ အဲဒါ ဝါယောဓာတ်တွေတဲ့၊ အဲဒါကို ရှုရတယ်၊ အဲဒါတွေကိုရှုဖို့ မြတ်စွာဘုရားက ကာယာနုပဿနာသတိပဋ္ဌာန် ဣရိယာပထပိုင်းမှာရှုဖို့ ပြထားပါတယ်၊ သမ္ပဇည်ပိုင်း တွေမှာလည်းပြထားတယ်၊ ဓာတုမနသိကာရပိုင်းတွေမှာလည်း ဓာတ် ၄–ပါးရှုပုံတွေကို ပြထားပါတယ်။

"ပ–အာ–တေ–ဝါ၊ ရုပ်လေးဖြာ၊ မှတ်ပါမဟာဘုတ်"တဲ့၊ မဟာဘုတ် လေးပါးကို မှတ်မိလောက်ပါပြီ၊ အဲဒီမှာ–

ပ–က ဘာတုန်း–
ပထဝီဓာတ်ပါဘုရား။
အာ–က ဘာတုန်း–
အာပေါဓာတ်ပါဘုရား။
တေ–က ဘာတုန်း–
တေဇောဓာတ်ပါဘုရား။
ဝါ–က ဘာတုန်း–
ဝါယောဓာတ်ပါဘုရား။

အဲဒါမဟာဘုတ်လေးပါးတဲ့၊ အခု ယောဂီတွေ ရှုမှတ်နေကြတာဟာ ကိုယ်ထဲမှာ စိုက်ပြီးတော့ ရှုမှတ်လို့ရှိရင် ဒီဓာတ်လေးပါး တစ်ခုခုတော့ ထင်ရှားသိနေတာပဲ၊ တရားအားထုတ်တဲ့အခါမှာ စပြီးထိုင်လို့ရှိရင် "ဥဇုံကာယံ ပဏိဓာယ" အထက် ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်ထားပြီး ရှုရမယ်တဲ့၊ အဲဒီတော့ ကိုယ်ထဲစိုက်ရှုလို့ရင် ခါးကနေပြီးတော့ တောင့်တဲ့သဘောဟာ အင်မတန် ထင်ရှားတယ်၊ နည်းနည်းလေး လှုပ်ကြည့်ရင် သာပြီးတော့ထင်ရှားတယ်၊ လှုပ်တဲ့အခါကျတော့ လှုပ်ရှားတဲ့သဘော ထင်ရှားတယ်၊ အဲဒါ ဝါယောဓာတ်ပဲ၊ တချို့အခါမှာ မာတဲ့သဘော၊ နူးညံ့တဲ့

သဘော၊ တချို့အခါမှာ ပူတာတို့, အေးတာတို့ အဲဒါတွေ ထင်ရှားတယ်၊ တောဘောဓာတ်သဘောပဲ၊ အာပေါဓာတ်ကလည်း အစို့,အရည်အားဖြင့် ထင်ရှားတယ်၊ အဲဒါ မဟာဘုတ် ၄-ပါးတဲ့၊ ဝိပဿနာရှုရမယ့် တရားတွေ ရုပ်ဥပါဒါနက္ခန္ဓာ တွေပါပဲ။

အဲဒါတွေကို မရှုမမှတ်လို့ရှိရင် စွဲလမ်းနိုင်တယ်၊ ဓာတ်လေးပါးကိုပဲ တဏှာနဲ့ သာယာနှစ်သက်နိုင်တယ်၊ ဒိဋ္ဌိနဲ့ပုဂ္ဂိုလ် သတ္တဝါအနေအားဖြင့်လည်း စွဲလမ်းနိုင်တယ်၊ ဒီလို စွဲလမ်းနိုင်တာဖြစ်လို့ ဥပါဒါန်၏ အာရုံဖြစ်တဲ့ ဥပါဒါနက္ခန္ဓာ တရားတဲ့၊ ရုပ်မှာတော့ ဥပါဒါန်၏ အာရုံမဟုတ်တဲ့ တရားရယ်လို့ မရှိပါဘူး။ နာမ်တရားတွေကျတော့ မဂ်, ဖိုလ်တရားတွေဟာ ဥပါဒါန်ရဲ့အာရုံထဲမှာ မပါဝင်ဘူး၊ လောကီစိတ်, စေတသိက်တွေသာ ဥပါဒါန်၏ အာရုံဖြစ်တဲ့ နာမ်တရားတွေပဲ၊ အဲဒါတွေဟာ ဥပါဒါန်ရဲ့ အာရုံအဖြစ်နဲ့ ပါဝင်ပါတယ်၊ ဒါကြောင့် ဥပါဒါနက္ခန္ဓာဆိုရင် လောကီရုပ်နာမ် တရားတွေကိုသာ ဥပါဒါနက္ခန္ဓာလို့ ဆိုရတယ်၊ အဲ-ခန္ဓာသာမည ကောက်ယူမယ်ဆိုရင်တော့ လောကီရော, လောကုတ္တရာရော အားလုံးပါဝင်ကောက်ယူရတယ်၊ အားလုံးကို ခန္ဓာလို့ဆိုရတာ ချည်းပဲ။

## မဟာဘုတ်ကိုမှီဖြစ်တဲ့ ဥပါဒါရုပ်

အခြေခံဓာတ်ကြီးလေးပါးကို ပြောပြီးသွားပြီ၊ အဲဒီ ဒုတိယပုဒ်ကို ပြောရမယ်၊ အဲဒီ ဒုတိယပုဒ်က "စတုန္နံမဟာဘူတာနံ ဥပါဒါယ ရူပံ"တဲ့၊ မဟာဘုတ်လေးပါး ကို မှီပြီးတော့ဖြစ်တဲ့ရုပ်၊ အဲဒီရုပ်ကို ဥပါဒါရုပ်လို့ဆိုတယ်၊ ရုပ် ၂၈-ပါးထဲမှာ မဟာဘုတ် ဓာတ်ကြီးလေးပါး နုတ်လိုက်ရင် ၂၄-ပါး ကျန်တယ်၊ အဲဒီ ကျန်တာတွေဟာ ဥပါဒါရုပ်တွေချည်းပဲ။

ပါဠိလိုကတော့ "စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ"လို့ ပသာဒရုပ် ၅-ပါး ရှိတယ်၊ အကြည်ရုပ် ၅-ပါးတဲ့၊ မြန်မာလိုကတော့ မျက်စိ, နား, နှာ, လျှာ, ကိုယ် တဲ့၊ အဲဒါကို အစဉ် အတိုင်းဆိုရင် ကာရန်ကမရဘူး၊ ဒါကြောင့် ကိုယ်နဲ့လျှာကို ရှေ့နောက်ပြောင်း ပြီးတော့ ကာရန်ရအောင် လင်္ကာရေးထားတယ်၊ အဲဒါကိုဆိုရမယ်။

"မျက်စိ, နား, နှာ, ကိုယ်, လျှာ, ငါးဖြာ အကြည်ရုပ်"
(ဆို ၃ ခေါက်)

မြန်မာလိုဆိုတော့ ဒါဟာလွယ်နေတာပဲ၊ စက္ခုပသာဒ လို့ဆိုရင် စက္ခုကဘယ်လို အနက်, ပသာဒက ဘယ်လိုအနက်လို့ အဓိပ္ပာယ်ရှင်းပြနေရဦးမယ်၊ မျက်စိဆိုတော့ မြန်မာလိုခေါ်နေကျအတိုင်း တစ်ခါတည်း သိသွားတာပေါ့၊ စက္ခုနဲ့ မျက်စိဆိုတာ အတူတူပါပဲ၊ အဲ ငါးဖြာ အကြည်ရုပ်တဲ့၊ ကြည်လင်တဲ့ မျက်စိ၊ အဲဒါ ပကတိမျက်လုံးကြီးကို ပြောတာမဟုတ်ဘူး၊ မျက်လုံးထဲမှာ အဆင်းရုပ် ထင်နိုင်လောက်အောင် ကြည်လင်တဲ့ရုပ်၊ အဲဒါကို စက္ခုပသာဒခေါ်တယ်၊ ပါဠိလို စက္ခုပသာဒရုပ်၊ မြန်မာလို မျက်စိအကြည်ရုပ်ပါပဲ၊ မျက်စိဆိုလည်း ဒါပါပဲ။

နား အကြည်ရုပ်၊ နားထဲမှာလည်း အသံကိုဖမ်းယူနိုင်တဲ့ အကြည်ရုပ်တစ်မျိုး ရှိတယ်၊ အသံကလည်း အဲဒီမှာသွားပြီးတော့ ရိုက်ခတ်တာ သိတာပဲ။

နှာခေါင်းထဲမှာလည်း အနံ့ကိုဖမ်းယူနိုင်တဲ့ အကြည်ရုပ်တစ်မျိုးရှိတယ်၊ လျှာပေါ်မှာလည်း အရသာကိုဖမ်းယူနိုင်တဲ့ အကြည်ရုပ်တစ်မျိုးရှိတယ်၊ ကိုယ်တစ်ကိုယ်လုံးမှာလည်း အတွေ့အထိကို ဖမ်းယူနိုင်တဲ့ အကြည်ရုပ်တစ်မျိုးရှိတယ်၊ ဒါကတော့ အများကြီးပဲ၊ ကိုယ်တစ်ကိုယ်လုံး အနှံ့အပြားပါပဲ။

မျက်စိအကြည်ကတော့ မျက်လုံးနှစ်ခုထဲမှာရှိတယ်၊ နား အကြည်ကတော့ နားနှစ်ခုထဲမှာရှိတယ်၊ နှာအကြည်ဆိုတာကလည်း နှာခေါင်း နှစ်ပေါက်ထဲမှာရှိတယ်၊ လျှာအကြည်ကလည်း လျှာအပေါ်ထဲမှာရှိတယ်၊ ဒီပြင်မှာမရှိဘူး၊ ကိုယ်အကြည်ရုပ်ဆိုတာကတော့ တစ်ကိုယ်လုံးမှာပဲ၊ အသား အသွေးကောင်းတဲ့နေရာဆိုလို့ရှိရင် ခြေထောက်ကနေ ဦးခေါင်းအထိ တစ်ကိုယ်လုံးမှာ ရှိတာပဲ၊ မျက်လုံးထဲလည်းရှိတာပဲ၊ နားထဲလည်း ရှိတာပဲ၊ နှာခေါင်းထဲလည်း ရှိတာပဲ၊ လျှာထဲလည်းရှိတာပဲ၊ ကိုယ်အကြည်ကတော့ တွေ့ထိလို့သိတဲ့ နေရာဟူသမျှ အကုန်ရှိတာပဲ၊ အပ်ဖျားတစ်နေရာစာလောက်တောင် လွတ်နေရာရယ်လို့ မရှိဘူး၊ အပ်ဖျားကလေးနဲ့ လိုက်ပြီးတို့ကြည့်၊ တို့တိုင်းတို့တိုင်း သိတဲ့နေရာတွေဟာ ကိုယ်အကြည်ရုပ် ရှိတာချည်းပဲ။

အပ်ဖျားနဲ့ တို့ကြည့်လို့ မသိဘူးဆိုရင်တော့ အဲဒါ ကိုယ်အကြည်ရုပ်မရှိတဲ့ နေရာပဲ၊ အသားတွေခြောက်နေတဲ့ နေရာတွေရယ်, ခြေသည်းဖျား, လက်သည်းဖျား

တွေ့ရယ် အဲဒီလို နေရာတွေဆိုရင် ကိုယ်အကြည်ရုပ်မရှိဘူး၊ အပ်ဖျားလေးနဲ့ တို့ကြည့်ပေမယ်လို့ အဲဒီလိုနေရာတွေက မသိဘူး၊ အဲဒါ ကိုယ်အကြည်ရုပ်မရှိလို့ တဲ့။

"မျက်စိ, နား, နှာ, ကိုယ်, လျှာ၊ ငါးဖြာအကြည်ရုပ်"တဲ့၊ ရုပ်ဘယ်လောက်ရှိသွားပြီတုန်းဆိုရင် အခုနက မဟာဘုတ် ၄-ပါးနဲ့ အခု ၅-ခုပေါင်းရင် ရုပ် ၉-ပါး ရှိသွားပြီ။

"ဆင်း, သံ, နံ့, မှာ၊ အရသာ၊ တွေ့တာအာရုံရုပ်"တဲ့၊ အာရုံရုပ်က သူလည်း ၅-ခုပဲ၊ ဒါပေမယ့်လို့ ဂဏန်းကတော့များလာတယ်၊ အဆင်းမြင်ရတဲ့ အဆင်း၊ အသံ နားကကြားရတဲ့အသံ၊ အနံ့ နှာခေါင်းကနံ့တဲ့အနံ့၊ အရသာ လျှာကသိတဲ့အရသာ၊ တွေ့တာ ကိုယ်ဖြင့်တွေ့ထိရတဲ့ အတွေ့အထိ၊ အဲဒါ အာရုံရုပ်တွေပဲ၊ ပါဠိလိုကတော့ ဝိသယရုပ်လို့ခေါ်တယ်၊ အတွေ့အာရုံက သုံးခုဆိုတော့ ဝိသယရုပ်ခေါ်တဲ့ အာရုံရုပ်က ခုနစ်ခုရှိတယ်၊ အဲဒါဆိုရမယ်။

"ဆင်း, သံ, နံ့မှာ၊ အရသာ၊ တွေ့တာ အာရုံရုပ်"
(ဆို ၃-ခေါက်)

မျက်စိနဲ့ မြင်ရတဲ့အဆင်း အဲဒါ အာရုံရုပ်တစ်ခု၊ မျက်စိနဲ့မြင်ရတဲ့ အဆင်းဆိုတာ မြင်ကောင်းတဲ့ သဘောလေးပဲ၊ ပကတိ ပုဂ္ဂိုလ်တွေအနေနဲ့ ဆိုရင်အကောင်အထည်ကြီးကို မြင်ရတယ်လို့ထင်ရတယ်၊ အကောင်အထည် ကြီးမဟုတ်ဘူး၊ အပေါ်ယံလေးတွင်၊ ကိုယ်တစ်ကိုယ်လုံးမှာ ရှိနေတဲ့ ရုပ်တွေရဲ့ အပေါ်ယံလေး၊ အပေါ်ယံတောင် ဟိုဘက်က မပါဘူး၊ ကိုယ်နဲ့တည့်တည့် ဒီဘက်ကမြင်ရတာလေးတင်ပဲ၊ မြင်ပြီးတော့ ယောကျ်ားပဲ, မိန်းမပဲ စသည်ဖြင့် ဒီလိုစွဲလမ်းနေကြတယ်၊ မြင်ရတာကတော့ အပေါ်ယံ အဆင်းလေးတင်၊ အပေါ်ယံက မှီပြီးတော့ဖြစ်နေတဲ့ အဆင်းလေးပဲ၊ အဲဒါလေးကိုသာ မြင်ရတာ။

အသံရုပ်ဆိုတာက နားထဲမှာကြားရတဲ့အသံပဲ၊ အသံကတော့ အနုကြားနေတာပဲ၊ ဒါပေမယ့် ကြားကောင်းနေတာ [illegible]

အဲဒါကို အစိတ်အစိတ်ခွဲလို့ရှိရင် တွေ့တာက တစ်မျိုးတည်းမဟုတ်ဘူး၊ ခက်မာကြမ်းတမ်းပြီး တွေ့တဲ့အတွေ့ကတစ်မျိုး၊ အဲဒါက ပထဝီဓာတ်၊ ပူနွေး–အေးပြီး တွေ့တာကတစ်မျိုး၊ အဲဒါက တေဇောဓာတ်၊ တောင့်တင်း, တွန်းကန်, လှုပ်ရှားပြီး တွေ့တာကတစ်မျိုး၊ အဲဒါက ဝါယောဓာတ်လို့ အဲဒီ ဓာတ်သုံးပါးဟာ အတွေ့အထိရုပ်ပဲ၊ တွေ့ထိတယ်ဆိုရင် အဲဒီရုပ်သုံးခုပဲ၊ ဒါကြောင့် အတွေ့ရုပ်ဟာ တစ်ခုတည်းမဟုတ်ဘူး သုံးခုရှိတယ်၊ ပြီးတော့ တခြားရုပ်တွေ မဟုတ်ဘူး၊ ပ, အာ, တေ, ဝါ–ဆိုတဲ့ ရုပ်ကြီးလေးပါးထဲမှာပါပြီးသား ရုပ်တွေပဲ၊ အဲဒါကိုသိအောင် လက်သည်းကွင်းလေးနဲ့ ဆောင်ပုဒ်လုပ်ထားတယ်၊ အဲဒါဆိုရမယ်။

"အတွေ့ဆိုတာ၊ ပ, တေ, ဝါ၊ သုံးဖြာမဟာဘုတ်"

(ဆို ၃–ခေါက်)

အတွေ့ရုပ်က ရှေ့က ပါပြီးသားတွေဖြစ်လို့ တစ်ခုတိုးပြီး အထူးမရဘူး၊ အဆင်းရုပ်, အသံရုပ်, အနံ့ရုပ်, အရသာရုပ်–အာရုံရုပ်က ဒီလေးခုပဲ၊ အထူးအားဖြင့် အရေအတွက်ရတယ်၊ ငါးခုရှိပေမယ်လို့ အာရုံရုပ်က ဒီလေးခုပဲ၊ ဒါတွေက ထင်ရှားပါတယ်၊ ဩဠာရိက ရုပ်ဆိုတာတွေပါပဲ၊ အကြမ်းစားရုပ်တွေတဲ့၊ ယောဂီပုဂ္ဂိုလ်တွေ ဒီအကြမ်းစား ဩဠာရိက ရုပ်တွေကိုပဲ အများအားဖြင့် ရှုနေရတာပဲ၊ နူးညံ့တဲ့ သုခုမ ရုပ်တွေကို ရှုရတာနည်းပါတယ်၊ ပြီးတဲ့ရုပ်တွေကို ပေါင်းလိုက်ရင် ဩဠာရိကရုပ် ၁၂–ပါးရှိသွားပြီ၊ ဒီအကြမ်းစား ဩဠာရိက ရုပ်တွေက သိလွယ်ပါတယ်၊ သူတို့က ထင်ရှားပါတယ်။

အဲ သိမ်မွေ့တဲ့ သုခုမရုပ်ဆိုတာ "ဖို,မ ဖြစ်စေ၊ ရုပ်နှစ်ထွေ၊ မှတ်လေဘာဝရုပ်"တဲ့၊ အဖိုဖြစ်ကြောင်း, အမဖြစ်ကြောင်းရုပ်ကို ဘာဝရုပ်လို့ ခေါ်တယ်၊ ဒါတွေဟာ ပဋိသန္ဓေကတည်းက ပါလာတဲ့ရုပ်တွေပဲ၊ အဖိုဖြစ်တဲ့ ပုဂ္ဂိုလ်တွေမှာ ပုမ္ဘာဝရုပ် ပါလာတယ်၊ အမဖြစ်တဲ့ ပုဂ္ဂိုလ်တွေမှာ ဣတ္ထိဘာဝရုပ် ပါလာတယ်၊ ဒီရုပ်တွေပါလာတော့ တဖြည်းဖြည်း ပုံသဏ္ဌာန်တွေဟာ အဖို, အမ ပုံသဏ္ဌာန်တွေ ဖြစ်ပေါ်လာတယ်၊ အဲဒီဘာဝရုပ်နှစ်ခုကို ဆိုရမယ်။

"ဖို, မ ဖြစ်စေ၊ ရုပ်နှစ်ထွေ၊ မှတ်လေဘာဝရုပ်"

(ဆို ၃–ခေါက်)

ပါဠိလိုကတော့ ရုပ်အနေနဲ့ ပုမ္ဘာဝရုပ်, ဣတ္ထိဘာဝရုပ်–တဲ့၊ ဣန္ဒြေအနေနဲ့ဆိုရင် ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ–တဲ့၊ သီလို အမည်ပေးထားတယ်၊ အဲဒီရုပ်က ၂–ခု၊ မှတ်ထားခဲ့။

နောက်ပြီးတော့ ဇီဝိတဆိုတဲ့ အသက်ရုပ်ရယ်, အစားအစာဆိုတဲ့ အာဟာရရုပ်ရယ်, နှလုံးလို့ဆိုတဲ့ ဟဒယရုပ်ရယ်၊ အဲ သူတို့က သုံးခု၊ အဲဒါကျန်နေတယ်၊ အသက်ဆိုတော့ ဇီဝိတရုပ်, ဇီဝိတိန္ဒြေ၊ အစားအစာဆိုတဲ့ အာဟာရရုပ်၊ အဲဒါက သောက်တဲ့အထဲမှာလည်းပါတာပဲ၊ ဟဒယ ဆိုတာကတော့ စိတ်၏တည်ရာ နှလုံးရုပ်တဲ့၊ အဲဒီဟဒယရုပ်ကိုတော့ အဋ္ဌကထာဆရာတွေက ထည့်ထားတာ၊ ပါဠိတော်မှာ တိုက်ရိုက်မရှိဘူး၊ အဲဒီရုပ်သုံးခုက သီခြားရုပ်တွေပဲ၊ ဘယ်အထဲမှမပါဘူး၊ ဒီမဟာဘုတ်ထဲလည်း မပါဘူး၊ အကြည်ရုပ်ထဲလည်း သူတို့မပါဘူး၊ အာရုံရုပ်ထဲလည်း သူတို့မပါဘူး၊ သူတို့က သီးသန့်ပဲ၊ ဓမ္မာရုံထဲ ထည့်မယ်ဆိုရင်တော့ ရတာပေါ့လေ၊ ဒါပေမယ့်လို့ မထင်ရှားဘူး၊ ဒါကိုဆိုရမယ်။

"အသက်, အာဟာရ၊ ဟဒယ၊ သုံးဝသီးခြားရုပ်"

(ဆို ၃–ခေါက်)

အဲ ဝိပဿနာရှုရတဲ့ ရုပ်တွေကတော့ စုံသွားပြီ၊ ပြန်ပေါင်းကြည့်မယ်ဆိုရင် ၁၈–ပါး ဖြစ်သွားပြီ။

ပ, အာ, တေ, ဝါ၊ ရုပ်လေးဖြာ၊ မှတ်ပါမဟာဘုတ်။ (၄–ခု)
မျက်စိ, နား, နှာ၊ ကိုယ်, လျှာ၊ ငါးဖြာ အကြည်ရုပ်၊ (၅–ခု)
ဆင်း, သံ, နံ့မှာ၊ အရသာ၊ တွေ့တာအာရုံရုပ်။ (၄–ခု)
ဖို, မ ဖြစ်စေ၊ ရုပ်နှစ်တွေ၊ မှတ်လေဘာဝရုပ်။ (၂–ခု)
အသက်, အာဟာရ, ဟဒယ၊ သုံးဝသီးခြားရုပ်။ (၃–ခု)

အဲဒါပေါင်းလိုက်ရင် ၁၈–ပါးပဲ၊ သူတို့ကို သဘာဝရုပ်လို့လည်းခေါ်တယ်၊ နိပ္ဖန္နရုပ်လို့လည်း ခေါ်တယ်၊ သူတို့က ပင်ကိုရင်းသဘောအားဖြင့် သဘာဝ လက္ခဏာရှိတဲ့ ရုပ်တွေတဲ့၊ ပရမတ္ထအားဖြင့်လည်း ထင်ရှားရှိတယ်၊ သူတို့ကိုပဲ ဝိပဿနာလည်း ရှုရတယ်၊ အဲဒါတွေကို ဒီမှာပေါင်းပြထားတယ်၊ "ဘုတ်လေး ကြည်ငါး၊ အာရုံငါး၊ နှစ်ပါးဘာဝမည်။ သီးခြားသုံးပါး၊ ဆယ့်ရှစ်ဖြာ၊

သဘာဝရုပ်မည်”တဲ့၊ အဲဒါ ဆိုခဲ့ပြီးသားရုပ် ၁၈–ပါးကို ပေါင်းပြထားတာပဲ၊ ပြီးတော့ “သဘာဝရုပ်ခေတ်၊ ပရမတ်၊ ဝိပဿိရှုရှုသည်” တဲ့ ကဲ–ဆိုရမယ်။

“ဘုတ်လေး, ကြည်ငါး၊ အာရုံငါး၊ နှစ်ပါးဘာဝမည်”

(ဆို ၃–ခေါက်ဆို)

ဘုတ်က လေးခု၊ အကြည်ရုပ်က ငါးခု၊ ကိုးခု၊ အာရုံက ငါးခု၊ ငါးခု ဆိုပေမယ်လို့ တစ်ခုတော့ နုတ်ထားရမယ်ပေါ့၊ အတွေ့အာရုံက ပါပြီးသား ထပ်ပြီးတော့ ပါနေလို့၊ ပြီးတော့ ဘာဝရုပ်က နှစ်ခု၊ ဆယ့်ငါးခုရတယ်၊ ကဲ ဆိုရဦးမယ်။

“သီးခြားသုံးပါး၊ ဆယ့်ရှစ်ဖြာ၊ သဘာဝရုပ်မည်”

(ဆို ၃–ခေါက်)

သီခြားသုံးခုကပြောခဲ့တဲ့ အသက်ရယ်, အာဟာရရယ်၊ ဟဒယရယ် သုံးခု၊ အသက်ဆိုတာ ရုပ်တွေဆက်ဆက်ပြီးတော့ ဖြစ်ခြင်းရဲ့အကြောင်းတဲ့၊ ရုပ်တွေ ဆက်ဆက်ပြီးတော့ ဖြစ်နေအောင်လို့ အားပေးနေတဲ့ အသက်ရုပ်ဆိုတာရှိတယ်၊ သူလည်းပဲ ဖြစ်ပျက်နေတာပါပဲ၊ အမြဲတည်နေတာ မဟုတ်ပါဘူး၊ သူတည်နေတုန်း သာ အားပေးနေတာပဲ၊ ရေဟာ သူရှိတုန်း ကြာကိုအားပေးသလိုပဲ၊ အားပေးတဲ့ ရေဟာ အမြဲတည်ရှိနေတာ မဟုတ်ဘူး၊ ဒါပေမယ့်လို့ သူရှိတုန်းတော့ ကြာတို့, ရေမှော်တို့ကို အားပေးတယ်၊ အဲဒါလိုပဲ၊ ဒီအသက်ရုပ်က သူရှိတုန်း အခိုက်အတန့်မှာ ကျေးဇူးပြုနေတာဖြစ်လို့ ရုပ်တွေ ဆက်ကာဆက်ကာ ဖြစ်နေကြတယ်၊ သတ္တဝါတွေ အသက်ရှည်နေတယ်၊ အာဟာရ ရုပ်ဆိုတာကတော့ သုံးဆောင်စားသောက်တဲ့ အစာအာဟာရထဲမှာပါတဲ့ ဩဇာရုပ်ပါပဲ၊ ဟဒယရုပ် ကတော့ စိတ်၏မှီရာဖြစ်တဲ့ နှလုံးရုပ်တဲ့၊ အဲ အားလုံးသီးခြားရုပ်က သုံးခု၊ အဲဒါ ၁၈–ခုဖြစ်တယ်၊ ဆိုရဦးမယ်။

“သဘာဝရုပ်ခေတ်၊ ပရမတ်၊ ဝိပဿိရှုရမည်”

(ဆို ၃–ခေါက်)

ဒါဟာ အဘိဓမ္မာအကျဉ်းချုပ်ကလေးပဲ၊ အင်မတန်ကောင်းတယ်၊ ဒါတွေကိုရရင်

အဲဒီကျန်တဲ့ ၁၀-ရုပ်က သီးခြားရုပ်တွေ မဟုတ်ဘူး၊ ဒါကြောင့် ဝိပဿနာရှုလို့ မဖြစ်ဘူး၊ မရှုရဘူး၊ အဲ သဘာဝရုပ် ၁၈-ခုကိုတော့ ဝိပဿနာရှုရတယ်၊ သူတို့က တကယ်ရှိတဲ့ ပရမတ်ရုပ်တွေကိုး၊ တကယ်ရှိနေတာကိုမှ ဝိပဿနာရှု ရတယ်။

## အာပေါဓာတ်ကို ရှုမှတ်နည်း

ဝိပဿနာရှုရင် မြင်တဲ့အခါကာလမှာ မြင်တယ်ရှု၊ မျက်စိနဲ့ အဆင်းရုပ် တွေ့တဲ့အခါမှာ မြင်တာပဲ၊ ကြားတဲ့အခါကာလမှာ ကြားတယ်ရှု၊ နားနဲ့ အသံရုပ်တွေ့တဲ့အခါမှာ ကြားရတယ်၊ နံတဲ့အခါကာလမှာ နံတယ်ရှု၊ နှာခေါင်းနဲ့အနံ့ ရုပ်တွေ့တဲ့အခါမှာ နံတာပဲ၊ စားတဲ့အခါကာလမှာ စားရင် စားတယ်လို့မှတ်ရှု၊ လျှာနဲ့အရသာတွေ့တဲ့အခါမှာ ချိုရင်ချိုတယ်, ချဉ်ရင် ချဉ်တယ်စသည်ပေါ့လေ၊ လျှာနဲ့အရသာရုပ်တွေတော့ ဒီလိုသိရတယ်။ ကိုယ်နဲ့အတွေ့ သိတဲ့အခါကာလကျတော့ အဲဒါအများကြီးပဲ၊ တွေ့တယ်, သိတယ်, ကွေးတယ်, ဆန့်တယ်, ဖောင်းတယ်, ပိန်တယ် စသည် အများကြီးပါပဲ၊ ကိုယ်အမူအရာတွေ ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်ရတယ်၊ အဲဒါတွေဟာ အတွေ့အထိတွေပဲ၊ အဲဒီမှာ တွေ့ထိရာဌာနတိုင်း အကြည်ရုပ်နဲ့ တွေ့ထိရတဲ့ အတွေ့ရုပ်တွေပဲ၊ ခက်မာကြမ်းတမ်းတဲ့အတွေ့, နူးညံ့တဲ့အတွေ့၊ ပထဝီဓာတ်၊ ပူနွေးတာတို့, အေးတာတို့ တေဇောဓာတ်၊ တောင့်တင်း, တွန်းကန်, လှုပ်ရှားတဲ့ ဝါယောဓာတ် အတွေ့အထိရုပ် အဲဒါတွေကို ရှုမှတ်ရတယ်။

အဲဒီအထဲမှာ ဘာကျန်နေတုန်းဆိုတော့ အာပေါဓာတ် ကျန်နေတယ်၊ အာပေါဓာတ် မပါသေးဘူး၊ မြင်ရာမှာလည်း မပါဘူး၊ ကြားရာ, နံရာ, စားရာမှာလည်း မပါသေးဘူး၊ အဖို့အမဖြစ်စေတတ်တဲ့ ဘာဝရုပ်လည်း မပါသေးဘူး၊ ဟဒယရုပ် လည်းမပါသေးဘူး၊ အသက်ဆိုတဲ့ ဇီဝိတရုပ်လည်း ရှုမှတ်ဖို့အထဲ မပါသေးဘူး၊ ဒါတွေကိုဘယ်လိုလုပ်ပြီးတော့ သိရမယ်ဆိုတာ ဒါလည်း စဉ်းစားစရာပဲ။

အာပေါဓာတ်ကတော့ အတွေ့အထိကနေပြီး သိနိုင်ပါတယ်၊ တွေ့တာကတော့ သူ့ကို မတွေ့ကောင်းဘူး၊ သို့ပေမယ့်လို့ အာပေါဓာတ်နဲ့ ပူးပေါင်းပြီးနေတဲ့

ပထဝီတို့, တေဇောတို့, ဝါယောတို့ကို တွေ့တိတာနဲ့ပဲ သိပါတယ်၊ အဲဒါကို အဋ္ဌကထာများနဲ့ အဘိဓမ္မသင်္ဂဟကျမ်းမှာ "လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ"လို့ ဆိုတဲ့အတိုင်း လက္ခဏ အလိုအားဖြင့်လည်း နာမ်ရုပ်တွေကို ရှုတယ်၊ ရသကိစ္စနဲ့လည်း ရှုရတယ်၊ ပစ္စုပဋ္ဌာန သူ့ထင်ပုံအခြင်းအရာအားဖြင့်လည်း ရှုရတယ်၊ အဲဒီလို ရှုပြီးတော့ ဒီရုပ်နာမ်တွေကိုသိရတယ်၊ ဒါတင်လားဆိုတော့ ပဒဋ္ဌာန နီးသောအကြောင်း အားဖြင့်လည်း ရှုရတယ်လို့သိရတယ်။

နီးသော အကြောင်းအားဖြင့် ရှုရာမှာ ဒီပြင်ရုပ်တွေအတွက် သိပ်မထင်ရှား ပေမယ်လို့ အာပေါဓာတ်မှာတော့ထင်ရှားတယ်၊ အာပေါဓာတ်ရဲ့နီးသော အကြောင်းကတော့ ပထဝီ, တေဇော, ဝါယောတို့ပါပဲ၊ အဲဒီ ဓာတ်သုံးပါးက သူနဲ့အတူ ယှဉ်တွဲပြီးတော့ဖြစ်တယ်၊ အဲဒီဓာတ်သုံးပါးကိုမှီပြီးတော့ အာပေါဓာတ်က ဖြစ်ရတယ်၊ တွေ့ထိရာမှာ အာပေါ၏နီးသော အကြောင်းဖြစ်တဲ့ ပထဝီ, တေဇော, ဝါယောတို့က တွေ့ထိတာ၊ အာပေါဓာတ်က မတွေ့မထိကောင်းဘူး၊ သူ့ကို မထိသိနိုင်ဘူး၊ သို့သော်လည်း သူနဲ့တွဲပြီးတော့နေတဲ့ ပထဝီဓာတ် မာကြမ်းတဲ့သဘောကို နူးညံ့တဲ့သဘောကို တွေ့ထိနိုင်တယ်၊ ပူနွေးတဲ့ တေဇောဓာတ်ကို တွေ့ထိနိုင်တယ်၊ တောင့်တင်း, တွန်းကန်, လှုပ်ရှားတဲ့သဘောကို တွေ့ထိနိုင်တယ်၊ အဲဒီထူးခြားတဲ့ ပထဝီ, တေဇော, ဝါယောတွေကို တွေ့ထိပြီးတော့ ဒါက စိုနေတာပဲ၊ ဒါက အရည်ပဲဆိုတာ သိရတာပေါ့၊ ဒါဟာပဒဋ္ဌာန်အားဖြင့် အာပေါဓာတ်ကို သိရတာတဲ့၊ ဒီလို တိုက်ရိုက်မတွေ့နိုင်တဲ့ ရုပ်တရား, နာမ် တရားတွေကို ပဒဋ္ဌာန်ကနေပြီးတော့ သိနိုင်တယ်၊ ရှုမှတ်နိုင်တယ်။ ဒီအတိုင်း အဲဒီလို သိနိုင်တာကြောင့် အဋ္ဌကထာတွေက ပဒဋ္ဌာန်အားဖြင့် သိရတယ်လို့ ဒီလိုဆိုထားတယ်။

## ဘာဝရုပ်စသည်ကို ရှုမှတ်နည်း

ပြီတော့ ဣတ္ထိဘာဝ, ပုမ္ဘာဝရုပ်ကိုသိဖို့က ဘယ်လိုတုန်းဆိုလို့ရှိရင် အမျိုးသားနဲ့ အမျိုးသမီးတွေဆိုတာ စိတ်နေသဘောထား, စိတ်ကူး ကြံစည်မှုမှ စပြီးတော့ တစ်ဦးနဲ့တစ်ဦး တူကြတာမဟုတ်ဘူး၊ ထူးခြားတာတွေရှိတယ်၊ အဲဒီလို

ထူးခြားတာတွေကို တွေ့ရလို့ သူတို့ရဲ့ တည်မှီရာ ဘာဝရုပ်ကို သိရတယ်၊ ဒါက ဣတ္ထိဘာဝပဲ, ဒါက ပုမ္ဘာဝပဲဆိုတာ သူတို့အမူအရာ, သူတို့စိတ်နေသဘောထားကို တွေ့တာနဲ့ သိနိုင်တယ်ပေါ့။

ဟဒယရုပ်ဆိုတာကို သိဖို့ကတော့ စိတ်ကူးတိုင်း, ကြံစည်တိုင်း, စဉ်းစားတိုင်း စိတ်ကူးကြံစည်, စဉ်စားတယ်လို့ ရှုမှတ်တဲ့အခါ အဲဒီစိတ်ကူး, ကြံစည်, စဉ်စားမှု၏ တည်ရာ နှလုံးရုပ်ကို သိရတယ်။

အာဟာရရုပ်ကို သိဖို့ကတော့ အစာအာဟာရ စားသောက်တဲ့ အခါကာလ၊ အစာအာဟာရကို အကြောင်းပြုပြီးတော့ ကိုယ်ထဲမှာ ဆာလောင်ခြင်းကင်းမှု, အားအင်ပြည့်ဖြိုးမှု, နေသာထိုင်သာရှိမှုတို့ဖြင့် အာဟာရရုပ်ကို သိရတယ်။

အသက်ရုပ်ကိုသိဖို့ကတော့ မျက်စိ,နား အစရှိတဲ့ ကမ္မဇရုပ်တွေ ဆက်ကာ ဆက်ကာ ဖြစ်နေတာတွေကို တွေ့သောအားဖြင့် အသက်ရှင်စေတတ်တဲ့ ရုပ်ဆိုတာ ရှိကယ်လို့သိရတယ်၊ ဒါဟာ အင်မတန်သိမ်မွေ့ပါတယ်၊ အင်မတန် ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေ, ပညာရှိပုဂ္ဂိုလ်တွေ့သိနိုင်မှာပါ၊ သာမန်ပုဂ္ဂိုလ်တွေသိဖို့ မလွယ်ပါဘူး၊ အဲဒီရုပ်တွေက သူတို့ကို တိုက်ရိုက်ရှုလို့မရတဲ့ ရုပ်တွေတဲ့၊ အဲဒီတစ်ဆယ့်ရှစ်ပါးသော ရုပ်တွေကို သဘာဝရုပ်တွေလို့ ခေါ်တယ်၊ ဒီရုပ်တွေကို ဝိပဿနာရှုရတယ်။

မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, ထိသိတိုင်း, ကွေးတိုင်း, ဆန့်တိုင်း, လှုပ်ရှားတိုင်း, စိတ်ကူးစဉ်းစား ကြံစည်တိုင်း ကိုယ်အမူအရာတွေကို ရှုမှတ်နေတာဟာ မျက်စိနဲ့အဆင်း, နားနဲ့အသံ, နှာခေါင်းနဲ့အနံ့, လျှာနဲ့အရသာ, ကိုယ်နဲ့အတွေ့အထိ အဲဒါတွေကို ရှုမှတ်နေတာပဲ၊ အဲဒီ ရှုမှတ်နေတာတွေထဲမှာ အာပေါဓာတ်လည်း ပါသွားတယ်၊ စိတ်ကူးစဉ်းစားကြံစည်မှုကိုရှုတော့ နှလုံးရုပ် လည်းပါသွားတယ်၊ မြင်မှု, ကြားမှု စသည်ကို ထပ်ခါထပ်ခါ ရှုနေတော့ မျက်စိရုပ်, နားရုပ် စသည်တွေ ထပ်ခါထပ်ခါဖြစ်နေတာကို တွေ့ရသောအားဖြင့် အဲဒီမှာ အသက်ရုပ်လည်း ပါသွားပြီဆိုတာ သိရတယ်၊ အစာအာဟာရ စားမျိုလို့ ကိုယ်ထဲတောင့်တင်းနေတာတွေကို တွေ့ရသောအားဖြင့် ဒီအာဟာရရုပ်လည်း ရှုတဲ့အထဲ ပါသွားတယ်၊ ဒါကြောင့်-

(တတိယအကြိမ်)

"ဘုတ်လေး, ကြည်ငါး၊ အာရုံငါး၊ နှစ်ပါးဘာဝမည်"
"သီးခြားသုံးပါ၊ ဆယ့်ရှစ်ဖြာ၊ သဘာဝရုပ်မည်"
"သဘာဝရုပ်ဓာတ်၊ ပရမတ်၊ ဝိပဿိရှုရသည်"

သဘာဝ ရုပ်ဓာတ်တွေဟာ ပရမတ်တရားတွေပဲ၊ ဝိပဿနာရှုတဲ့တရား၊ ရုပ် တစ်ဆယ့်ရှစ်ပါးပြီးသွားပြီ၊ ရုပ်က ဟဒယရုပ်ပါဆိုရင် နှစ်ဆယ့်ရှစ်ပါးတောင် ရှိတယ်၊ အခု တစ်ဆယ့်ရှစ်ပါးပြီးသွားတော့ ဆယ်ပါး ကျန်နေသေးတယ်၊ အဲဒါကို ဆိုရမယ်။

"ကြွင်းရုပ်ဆယ်ဖြာ၊ ပညတ်သာ၊ ရှုစရာမလိုပြီ"
(ဆို ၃–ခေါက်)

ကျန်တဲ့ရုပ်တွေက ဆယ်ပါးရှိသေးတယ်၊ အဲဒါ ပညတ်ရုပ်တွေပဲ၊ သူတို့ကို ကြောင့်ကြစိုက်ပြီးတော့ ရှုစရာမလိုဘူးတဲ့၊ အဲဒါ ဘယ်ရုပ်တွေလဲဆိုလို့ရှိရင်–

"အာကာသဓာတ်, နှစ်ဝိညတ်၊ ပေါ့လတ်, နု, ခံ့သည်"
"ဖြစ်ပွားရင့်လတ်၊ သေပျက်မှတ်၊ ပညတ်ရုပ်ဆယ်မည်"

ပညတ်ရုပ် ဆယ်ခုဟာ ဒါတွေပဲ၊ အဲဒီထဲ အာကာသဓာတ်ဆိုတာ ဟင်းလင်းပြင်လိုပဲ၊ ဒါပေမယ့်လို့ ဒီမှာတော့ ရုပ်ကလာပ်နှစ်ခုတို့၏ အကြား အကြားကို အာကာသဓာတ်လို့ ဆိုလိုတယ်၊ ရုပ်ကလာပ်တွေဟာ တစ်ခုနဲ့တစ်ခု မရောဘူး၊ သီးခြားစီတည်နေကြတယ်၊ အဲဒီ သီးခြားတည်နေတဲ့ ရုပ်ကလာပ်တွေမှာ ထိသကဲ့သို့ ရောစပ်တည်နေ ကြပေမယ်လို့ အမှန်ကတော့ တစ်ခုနဲ့တစ်ခု မရောမစပ်ဘူး၊ ဥပမာ လက်နှစ်ချောင်းကို ပူးပြီးတော့ လက်မနဲ့လက်ညှိုးနိုပ်ထားလို့ ရှိရင် အကြားရယ်လို့ ဘယ်မြင်ရမလဲ၊ ဒါပေမယ့်လို့ ဒီလက်နှစ်ချောင်းဟာ တစ်ပေါင်းတည်း တစ်ခုတည်း ရောနေတာတော့ မဟုတ်ဘူး၊ တခြားစီပဲ၊ အဲဒီလို တခြားစီကွဲနေတဲ့ အကြားအကြားကို အာကာသဓာတ်လို့ ခေါ်တယ်၊ ဆန်တို့, စပါးတို့, ပြောင်းတို့ကို တောင်းထဲမှာ ထည့်ပြီးတော့ ရေလောင်းရင် အဲဒီအထဲမှာ ရေဝင်သွားတာပဲ၊ အဲဒါခြားနေတဲ့ အာကာသရှိလို့ ရေတွေဝင်သွားတာပဲ၊ ရုပ်ကလာပ်တွေလည်း ဒီလိုပဲ၊ သူတို့အကြား အကြားမှာ အာကာသတွေ ရှိတယ်၊ အဲဒီလိုရှိနေတဲ့ အာကာသဓာတ် အဲဒီအာကာသဓာတ်ဟာ ပညတ်ရုပ်၊

ပရမတ်ရုပ် မဟုတ်ဘူး၊ ကောင်းကင်ပြင်ကြီးကိုလည်း အာကာသလို့ ခေါ်တာပဲ၊ သူလည်း ပညတ်ပါပဲ။

နှစ်ဝိညတ်တဲ့၊ ဝိညတ်ရုပ် နှစ်ခုရှိတယ်၊ ကာယဝိညတ်, ဝစီဝိညတ်တဲ့၊ အဲဒီ ဝိညတ်ကလည်း စာပေကျမ်းဂန်အရ တိတိကျကျ၊ ပြောရရင် အသိခက်တာပဲ၊ အခု ဒီမှာတော့ လွယ်လွယ်ပဲပြောရမယ်၊ ကိုယ်ဖြင့်သိစေတဲ့ အမူအရာကို ကာယဝိညတ်, နှုတ်ဖြင့်သိစေတဲ့ အမူအရာကို ဝစီဝိညတ်လို့ခေါ်တယ်၊ ကိုယ်အမူအရာ, နှုတ်အမူအရာ တွေပေါ့လေ၊ ကိုယ်အမူအရာကိုမြင်ရုံနဲ့ ဒီပုဂ္ဂိုလ် ဘာဖြစ်နေတယ်ဆိုတာ သိနိုင်တာတွေရှိတယ်၊ မျက်နှာပြုံးနေတာကို မြင်လို့ရှိရင် သူ့မှာ စိတ်ချမ်းသာနေတယ် ဆိုတာ သိနိုင်တယ်၊ စိတ်ဆိုးနေပြီဆိုရင် သူ့မျက်နှာဟာ နီးပြီးတော့ မျက်စိမျက်နှာမလှဘဲ ဖြစ်နေတတ်တယ်၊ အဲဒါ သူ စိတ်ဆိုးနေပြီဆိုတာကို သိရတယ်၊ အဲဒီလို သူဖြစ်နေတဲ့ ကိုယ်အမူအရာဖြင့် သိစေတဲ့ ရုပ်ဟာ ကာယဝိညတ်ရုပ်တဲ့၊ ဝစီဝိညတ်ဆိုတာကတော့ နှုတ်ဖြင့် ပြောပြီးတော့ သိစေတာပါပဲ၊ ဘာပြောတာပဲ၊ ဘာသိစေတယ်ဆိုတာ နှုတ်က ပြောတာ ကျတော့ သာပြီးထင်ရှားပါတယ်၊ အဲဒီလို သိစေတဲ့ရုပ်ကို ဝိညတ်ရုပ်လို့ ဆိုပါတယ်၊ လွယ်လွယ်ပြောရတာပဲ၊ ကာယဝိညတ်, ဝစီဝိညတ်, ရုပ်တဲ့၊ အဲ သူကနှစ်ခု အာကာသပါဆိုရင် သုံးခု။

"ပေါ့လတ် နုခံ့သည်"တဲ့၊ ပေါ့တာကတစ်ခု၊ နူးညံ့တာကတစ်ခု၊ ခံ့ကျန်းတာက တစ်ခု၊ ဒီသုံးခုဟာ တွဲလျက် တစ်ပေါင်းတည်းပါပဲ၊ ပေါ့တဲ့ရုပ်ဟာ နူးလည်း နူးညံ့တယ်, ခံ့လည်း ခံ့ကျန်းတယ်၊ ဒါက ရုပ်တို့ရဲ့ဂုဏ်ပါပဲ၊ စိတ်တွေ ရွှင်ရွှင်လန်းလန်း ဖြစ်နေတဲ့ အခါကာလမှာ ကွေးလိုက်, ဆန့်လိုက်, ထိုင်လိုက်, ထလိုက်တိုင်း ပေါ့ပါးနေတာပဲ၊ နူးနူးညံ့ညံ့လည်း ဖြစ်နေတာပဲ၊ ခံ့ခံ့ ကျန်းကျန်းလည်းဖြစ်နေတာပဲ၊ နေမကောင်းထိုင်မသာ ဖြစ်နေပြီဆိုရင်တော့ စိတ်တွေလည်းလေး ရုပ်တွေလည်း လေးနေတာပဲ၊ နေမကောင်းပေမယ်လို့ စိတ်လေးနေတဲ့ အခါကာလမှာ ကိုယ်တွေ, လက်တွေ, ပြုရပြင်ရတာ မပေါ့ပါးဘူး၊ မနူးညံ့ဘူး၊ မခံ့ဘူး၊ စိတ်တွေ ရွှင်ရွှင်လန်းလန်း ဖြစ်နေတဲ့ အခါကာလမှာ ပေါ့တဲ့ရုပ်, နူးညံ့တဲ့ရုပ်, ခံ့ကျန်းတဲ့ရုပ်တွေ ထင်ရှားတယ်၊ **ဥတုတို့, အာဟာရတို့ဆိုတာတွေကလည်း ရှိသေးတယ်၊ အဲ သူတို့နဲ့စပ်ပြီးတော့လည်း**

ပေါ့မှု, နူးညံ့မှု, ခံ့ကျန်းမှုတွေ ဖြစ်နိုင်သေးတယ်၊ ဒါတွေ နောက်နားကျတော့ ပါလာလိမ့်မယ်။

ဒီမှာ "ပေါ့လတ် နုခံ့"လို့ဆိုထားတယ်၊ နူးခံ့ဆိုရင် ဆိုလို့ တယ်မကောင်းဘူး၊ ဒါကြောင့် နုခံ့လို့ ဆိုထားတယ်၊ အဲ အာကာသဓါတ်-ဟင်းလင်းပြင်ရုပ်ကတစ်ခု၊ ဝိညတ်-ကိုယ်အမူအရာ, နှုတ်အမူအရာ ဝိညတ်ရုပ်ကနှစ်ခု၊ ပေါ့ရုပ်, နူးညံ့ရုပ်, ခံ့ကျန်းရုပ်က သုံးခု၊ ပေါင်းလိုက်တော့ ခြောက်ခု၊ အဲဒါဆိုရမယ်-

"အာကာသဓာတ်၊ နှစ်ဝိညတ်၊ ပေါ့လတ် နုခံ့သည်"

အာကာသဓာတ်ရယ်, ဝိညတ်ရုပ်နှစ်ခုရယ်, ပေါ့က ပေါ့ရုပ်, နုက နူးညံ့ရုပ်, ခံ့က ခံ့ကျန်းရုပ်၊ အဲဒါ ခြောက်ခုတဲ့၊ ပေါ့ဆိုတာက "ကာယဿ လဟုတာ" ကာယဿ၊ ကိုယ်၏။ ရူပဿ၊ သဘာဝရုပ်, နိပ္ဖန္နရုပ်၏။ လဟုတာ၊ ပေါ့ပါးသည်၏ အဖြစ် ပေါ့ပါးခြင်း။ "ရူပဿ မုဒုတာ" ရူပဿ၊ သဘာဝရုပ် နိပ္ဖန္နရုပ်၏။ မုဒုတာ၊ နူးညံ့သည်၏အဖြစ် နူးညံ့ခြင်း၊ "ရူပဿ ကမ္မညတာ" ရူပဿ၊ သဘာဝရုပ် နိပ္ဖန္နရုပ်၏။ ကမ္မညတာ၊ အမှု၌ခံ့သည်၏ အဖြစ် အမှု၌ခံခြင်း။ ဒီမှာ နားလည်လွယ်အောင်လို့ ဆိုပြီးတော့ လဟုတာ ရုပ်ကို ပေါ့ရုပ်၊ မုဒုတာကို နူးညံ့ရုပ်၊ ကမ္မညတာကို ခံ့ရုပ်လို့ မြန်မာလိုဆိုထားတယ်။ ပြီးတော့-

"ဖြစ်ပွားရင့်လတ်၊ သေပျက်မှတ်၊ ပညတ် ရုပ်ဆယ်မည်" တဲ့။

သဘာဝရုပ် တစ်ဆယ့်ရှစ်ခု၏ အစဖြစ်ပေါ်တဲ့သဘော၊ နောက် ဆက်ကာ ဆက်ကာ ပွားလာတဲ့သဘော၊ အဲဒါက ဖြစ်တာချည်းပါပဲ၊ ဖြစ်တာကလည်း အစဆုံး ဖြစ်တာနဲ့ နောက် ဆက်ကာဆက်ကာ ဖြစ်ပွားနေတာကို ဆိုတာပါပဲ၊ နောက်ပြီးတော့ ရင့်တဲ့ အလယ်ပိုင်းရယ်, နောက်ဆုံး သေပျက်သွားရတာရယ် အဲဒါကို သိလွယ်အောင်လို့ မြန်မာလိုဆိုပြီး ဆောင်ပုဒ်လုပ်ထားတာပဲ၊ တိုတိုပြောရရင် ရုပ်တို့၏ ဥပါဒ်, ဌီ, ဘင် လို့ မှတ်ရမယ်။ ဖြစ်, ပွားဆိုတာက ဥပါဒ်၊ ရင့်လတ် ဆိုတာက ဌီ၊ သေပျက်ဆိုတာက ဘင်တဲ့။ ရုပ်မှာသာ ဒီလိုဆိုထားတာပဲ၊ နာမ်တရားတွေမှာတော့ ဒီလိုမရှိဘူး ရုပ်တရားမှာ ပဋိသန္ဓေကစပြီးတော့ ပထမဆုံး ဖြစ်လာတာကို ဖြစ်တယ်ဆိုပြီးတော့ ဥပစယ ဥပါဒ်လို့ ဆိုပါတယ်၊

(တတိယအကြိမ်)

နောက် ဆက်ကာဆက်ကာ ဖြစ်နေတာကျတော့ သန္တတိ ဖြစ်စဉ်–ဖြစ်ပွားတာပဲ၊ ပြီးတော့ ရုပ်တို့၏ အလယ်ပိုင်းရင့်တာကို ဇရတာတဲ့၊ အဲဒါ ရုပ်တို့၏ ဌီပါပဲ၊ နောက်ဆုံးပျက်တာကျတော့ အနိစ္စတာတဲ့၊ အဲဒါ ရုပ်တို့၏ ဘင်ကိုဆိုတာပဲ၊ အဲဒီ ရုပ်က လေးခု၊ အဲဒီရုပ်လေးခုကို လက္ခဏာရုပ်လို့ခေါ်တယ်၊ လက္ခဏာဆိုတာ မှတ်ကြောင်းဖြစ်တဲ့ရုပ်ပါပဲ၊ နိပ္ဖန္နရုပ်တွေကို ဥပစယ, သန္တတိ–အစဖြစ်ပေါ်လာမှု, ဖြစ်ပွားမှုနဲ့လည်း မှတ်ရတယ်၊ ဇရတာ– အလယ်ရင့်ကျက်မှု ဌီနဲ့လည်း မှတ်ရတယ်၊ အနိစ္စတာ အဆုံးပျက်စီးမှုနဲ့ လည်း မှတ်ရတယ်။

မဖြစ်တာဆိုရင် မဖြစ်မှ မဖြစ်ဘဲ မမြဲဘူးလို့ မပြောနိုင်ဘူး၊ ဖြစ်ပြီးတော့ မပျက်ဘဲ တည်နေရင်လည်းပဲ မမြဲဘူးလို့ မပြောနိုင်ဘူး၊ အခုတော့ ဖြစ်တော့ပျက်စီးသွားတာ ဖြစ်လို့မို့ ဒါမမြဲဘူးလို့ ဆိုရတယ်၊ အဲဒီလို မမြဲခြင်းကို မှတ်ကြောင်းဖြစ်လို့ လက္ခဏာ မှတ်ကြောင်း လက္ခဏာ ရုပ်တဲ့၊ ဆိုကြရမယ်။

"ဖြစ်ပွားရင့်လတ်၊ သေပျက်မှတ်၊ ပညတ်ရုပ်ဆယ်မည်"

(ဆို ၃–ခေါက်)

အဲဒါ ကိုယ်ထဲရှိတဲ့ရုပ်တွေ အားလုံးနှစ်ဆယ့်ရှစ်ပါး၊ အဖိုဖြစ်ကြောင်း အမဖြစ်ကြောင်း ဘာဝရုပ်ကတော့ တစ်ခုပဲရတယ်၊ နှစ်ဆယ့်ခုနစ်ပါးပေါ့လေ၊ ဒါလူတိုင်း လူတိုင်းမှာ အပြည့်အစုံရှိရင် အဲဒီအတိုင်းပဲ၊ အဲ မျက်စိကွယ်နေတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ မျက်စိရုပ်မရှိဘူး၊ နားပျက်နေတဲ့ ပုဂ္ဂိုလ်ဆိုရင်လည်း နားရုပ် မရှိဘူးပေါ့လေ၊ အဲဒီလို နည်းနည်းပါးပါး လျော့နေတဲ့ ပုဂ္ဂိုလ်တွေလည်း တချို့ ရှိပါလိမ့်မယ်၊ များသောအားဖြင့် လူတိုင်းလူတိုင်းမှာ ရုပ်နှစ်ဆယ့်ခုနစ်ပါးကတော့ ရှိနေတာပဲ။

## ထင်ရှားတဲ့ရုပ်ကို ရှုရတယ်

အဲဒီမှာ ထင်ရှားတဲ့ ရုပ်တွေကို ဝိပဿနာရှုရတယ်၊ မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးမှာထင်လာတဲ့ ရုပ်တွေကိုရှုရတယ်၊ ထင်လာတဲ့ရုပ်တွေကို မရှုမိလို့ရှိရင် အဲဒါတွေကို ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ အထင်မှားပြီးတော့ တဏှာနဲ့သာယာပြီးတော့လည်း စွဲလမ်းတယ်၊ ဒိဋ္ဌိနဲ့အထင်မှားပြီးတော့လည်း စွဲလမ်းတယ်၊ အဲဒီလို စွဲလမ်းတာတွေ ပျောက်အောင်လို့ မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးမှာ

ထင်လာတဲ့ရုပ်တွေကို ရှုရတယ်၊ ဒီမှာနာမ်အမည်တွေ မပါသေးဘူး၊ နာမ်ကိုတော့ နောက်မှပဲ ပြောရမယ်၊ အခုတော့ "ရူပက္ခန္ဓာ" ရုပ်ဝတ္ထုပဲ ရှိသေးတယ်။

## အနည်းဆုံး ရုပ်၅စ်ခု ပေါင်းဖြစ်တယ်

အဲဒီရုပ်တွေကလည်း ရုပ်တစ်ခုချင်း တစ်ခုချင်း ဖြစ်တာမဟုတ်ဘူး၊ အနည်းဆုံး ရုပ်ရှစ်ခုပေါင်းဖြစ်တယ်၊ ရှစ်ခုထက်နည်းပြီးတော့ မဖြစ်ဘူး၊ ဘယ်လိုပေါင်းဖြစ်သလဲ ဆိုရင် မြင်တဲ့အဆင်းရုပ်၊ အနံ့ရုပ်၊ အရသာရုပ်၊ ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဘုတ်လေးပါး၊ ဩဇာရုပ်-ဩဇာရုပ်ဆိုတာ အာဟာရရုပ်ပဲ၊ အနည်းဆုံး ဒီရုပ်ရှစ်ခုကတော့ ပေါင်းပြီးတော့ဖြစ်တယ်၊ ကဲ . . အဲဒါဆိုရမယ်။

"ဆင်းနံ့ရသာ၊ ဘုတ်လေးဖြာ၊ ဩဇာဋ္ဌကလာပ်"

(ဆို ၃-ခေါက်)

အဲဒီ ရုပ်ရှစ်ခုပေါင်းဖြစ်တာကို အဋ္ဌကလာပ်ရုပ်လို့ ခေါ်တယ်၊ အဋ္ဌဆိုတာ ရှစ်ခု၊ ကလာပ်-ဆိုတာအပေါင်း-အဋ္ဌကလာပ်-ရုပ်ရှစ်ခုအပေါင်းတဲ့၊ လင်္ကာဖြစ်လို့မို့ "ဋ္ဌကလာပ်"လို့ အ-ဋ္ဌ-က-အ ကို ဖျောက်ဆိုထားတာ၊ ဆိုလိုတာက အဋ္ဌကလာပ် အဲဒီလို အပြည့်အစုံဆိုလိုတာပဲ။

ကလာပ်ဆိုတာကည်း ကမ္မဇကလာပ်, စိတ္တဇကလာပ်, ဥတုဇကလာပ်, အာဟာဇကလာပ်ရယ်လို့ လေးမျိုးရှိပါတယ်၊ အခု ရုပ်ရှစ်ခုထဲပေါင်းဖြစ်တဲ့ ကလာပ်ကတော့ ကမ္မဇကလာပ်ရယ်လို့ မရှိဘူး၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇကလာပ် ထဲမှာ အဋ္ဌကလာပ်ဆိုတာ မရှိဘူး၊ ရှစ်ခုပေါင်းမရှိဘူး၊ ကိုးခု, ဆယ်ခုပေါင်းသာ ရှိတယ်၊ ဒါကြောင့် လက်သည်းကွင်းနဲ့ ကမ္မဇမရှိလို့ပြထားတယ်။ မြူမှုန်လေး တစ်ခုဆိုရင် အဲဒါ ရုပ်ရှစ်ခုအပေါင်း ပါဝင်တယ်၊ ဘယ်လောက်သေးသေး၊ အဲဒါ ရုပ်ရှစ်ခု အပေါင်းပဲ၊ ကိုယ်ထဲမှာလည်းပဲ ကမ္မဇမဟုတ်တဲ့ ရုပ်တွေရှိတယ်၊ အဲဒီအထဲမှာ ပထဝီလွန်ကဲနေလို့ရှိရင် ခက်မာကြမ်းတမ်းတာ, နူးညံ့တာက ထင်ရှားတယ်၊ အာပေါလွန်ကဲရင်လည်း အစို, အရည်တွေက ထင်ရှားတယ်၊ ရေလေးတစ်မှုန်ထဲမှာလည်း အဲဒီအဋ္ဌကလာပ် ရုပ်ရှစ်ခုကတော့ ရှိတာပဲ၊ တေဇော-အပူ အခိုးအငွေ့ထဲမှာလည်း ဒီရှစ်ခုပဲ၊ ဝါယော-လေထဲမှာလည်း ဒီရှစ်ခုပဲ။ အဲ လေထဲမှာတော့ အသေးစိတ်ခွဲလို့ မလွယ်ဘူး၊ သူက

ပေါင်းလျက် စုလျက်ပဲ ဖြစ်နေတယ်၊ အမှုန်လေးလုပ်လို့ မရဘူး။ ပထဝီတို့၊ အာပေါတို့ကတော့ အမှုန်လေးလုပ်လို့ရတယ်။

ရုပ်ဆိုရင်တော့ အဆင်းလည်းရှိတာပဲ၊ အဲဒီအဆင်းကို မျက်စိမကောင်းလို့ မမြင်ရသာရှိရမယ်၊ မြင်နိုင်ကောင်းတဲ့ အဆင်းတော့ သူ့မှာရှိတယ်၊ အနံ့သဘော လည်း ရှိတာပဲ၊ တချို့ နမ်းကြည့်ပေမယ်လို့ အနံ့က မထင်ရှားဘူး၊ ဒါပေမယ့် သူ့မှာ အနံ့ကတော့ ရှိတာပဲ။ သိမ်မွေ့တယ်၊ အရသာလည်း ရှိတာပဲ၊ လျှာပေါ်တင်ကြည့်သော်လည်း တချို့ အရသာမပေါ်ဘူး၊ ဒါပေမယ့်လို့ အရသာ သဘောတော့ရှိတာပဲ၊ သဲလုံးကို လျှာပေါ်တင်ကြည့်ရင် အရသာမရှိဘူးလို့ ပြောမှာပဲ၊ ဒါပေမယ့်လို့ အဲဒီအထဲမှာ အရသာရုပ်ဆိုတာရှိတယ်၊ ဩဇာ ဆိုတာကတော့ အာဟာရရုပ်ပဲ၊ အာဟာရကို ဖြစ်စေနိုင်တဲ့ရုပ်တဲ့၊ ဒါလည်းရှိတာပဲ။

အဲဒီရှစ်ခုကို ပါဠိနဲ့ဆိုရင် ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာတဲ့၊ အဲဒါ အဋ္ဌကလာပ်ရုပ်ရှစ်ခုအပေါင်းပဲ၊ ဒီရုပ်ရှစ်ခုကတော့ ဘယ်လောက် သေးငယ်တာဖြစ်ဖြစ် ရုပ်သာဆိုလို့ရှိရင်တော့ ဒီရုပ်ရှစ်ခုဟာ တစ်ပေါင်းတစ်စည်းထဲ ပါရှိနေတယ်လို့သာ မှတ်ဖို့ပါပဲ၊ အဲဒီရုပ်ရှစ်ခုအပေါင်းကို ပါဠိလို သုဒ္ဓဋ္ဌက ကလာပ်လို့ ခေါ်တယ်။

အဲ သုဒ္ဓဋ္ဌက ကလာပ်ရှစ်ခုထဲကို ဇီဝိတ အသက်ရုပ်တစ်ခုတည့်လိုက်ရင် ရုပ်ကိုးခု ဖြစ်သွားတယ်၊ အဲဒီကိုးခုအပေါင်းကို ကျမ်းဂန်တွေမှာ ဇီဝိတနဝက ကလာပ်လို့ ဆိုပါတယ်၊ ကံကြောင်းဖြစ်တဲ့ ကမ္မဇကလာပ်တဲ့၊ အဲဒီမှာ ပါစက တေဇောပါတယ်လို့ ဆိုပါတယ်၊ ပါစကတေဇောဆိုတာ အစာကို ကျက်စေတတ်တဲ့ ဝမ်းမီးပေါ့၊ ကဲ ဆိုရမယ်။

"အသက်နှင့်တကွ၊ ထိုအဋ္ဌ၊ နဝရုပ်ကလာပ်" (ဆို ၃-ခေါက်)

ဗြဟ္မာတွေကို ပြတဲ့နေရာမှာ ဇီဝိတနဝက ကလာပ်ရုပ်ကိုလည်း ပြပါတယ်၊ ကာမသတ္တဝါတွေမှာတော့ ဇီဝိတနဝက ကလာပ်ကို သီခြားမပြပါဘူး၊ ဒွတ္တိံသာကာရ ၃၂-ပါးသောအခြင်းအရာတွေကို ပြတဲ့နေရာကျတော့ပြပါတယ်၊ အဲဒီမှာ ဇီဝိတနဝက ကလာပ်တွင် ပါစကတေဇောရှိတယ်ဆိုပြီးတော့ ပြထား ပါတယ်။

"အကြည်ဘာဝ၊ ဟဒယ၊ ဒသရုပ်ကလာပ်"တဲ့၊ အကြည်ရယ်, ဘာဝရယ်, ဟဒယရယ်, အဲဒါ တိုတိုနဲ့ မှတ်လွယ်အောင် ချုံးပြီးတော့ ဆိုထားတယ်၊ အကြည် ရုပ်ကငါးခု၊ ဘာဝရုပ်က နှစ်ခု၊ ဟဒယရုပ်က တစ်ခု၊ အဲ ရှစ်ခု ရှိသွားပြီ၊ ပြီးတော့ ဇီဝိတကဆိုခဲ့ပြီ၊ အဲဒါက တစ်ခု၊ ပေါင်းတော့ ကိုးခု ရှိတယ်၊ အဲဒီကိုးခုကို အဋ္ဌကလာပ်ရုပ် ရှစ်ခုကိုထည့်ရမယ်၊ ထည့်တဲ့အခါမှာ မျက်စိအကြည်ရယ်, ဇီဝိတရယ်, အဋ္ဌက ကလာပ် ရှစ်ခုရယ် ပေါင်းဆယ်ခု၊ အဲဒါ ဒသက ကလာပ်တစ်ခုပဲ၊ နောက် ဒီအတိုင်း နားအကြည်ရယ်, ဇီဝိတရယ်, အဋ္ဌက ကလာပ်ရယ် ဆယ်ခု၊ သူက ဒသရုပ်တစ်ခု၊ နှာ အကြည်ရယ်, ဇီဝိတရယ်, အဋ္ဌက ကလာပ်ရှစ်ခုရယ် ဆယ်ခု၊ သူက ဒသရုပ်တစ်ခု၊ လျှာအကြည်ရယ်, ဇီဝိတရယ်, အဋ္ဌက ကလာပ်ရှစ်ခုရယ် ဆယ်ခု၊ သူက ဒသရုပ်တစ်ခု၊ နောက် ကိုယ်အကြည်ရယ်, ဇီဝိတရယ်, အဋ္ဌက ကလာပ်ရယ် ဆယ်ခု၊ သူက ဒသရုပ်တစ်ခု၊ နောက် ဣတ္ထိဘာဝရယ်, ဇီဝိတရယ်, အဋ္ဌက ကလာပ်ရယ် ဆယ်ခု၊ သူက ဒသရုပ်တစ်ခု၊ နောက် ပုမ္ဘာဝရယ်, ဇီဝိတရယ်, အဋ္ဌက ကလာပ်ရယ် ဆယ်ခု၊ နောက် ဟဒယရယ်, ဇီဝိတရယ်, အဋ္ဌက ကလာပ်ရယ် ဆယ်ခု၊ သူက ဒသရုပ်တစ်ခု၊ ဒသက ကလာပ်ဘယ်နှစ်ခု ရှိသွားပြီလဲ ဆိုရင် ရှစ်ခုရှိသွားပြီ၊ အဲဒါတွေဟာ ကမ္မဇ ကံကြောင့် ဖြစ်တာတွေ၊ စိတ်ကြောင့်လည်းမဟုတ်၊ ဥတုကြောင့်လည်း မဟုတ်၊ အာဟာရကြောင့်လည်း မဟုတ်ဘူး၊ ကံကြောင့်ဖြစ်တဲ့ ရုပ်ကလာပ်တွေတဲ့၊ ကဲဆိုရမယ်။

"အကြည် ဘာဝ၊ ဟဒယ၊ ဒသ ရုပ်ကလာပ်"

(ဆို ၃-ခေါက်)

ဒါ ဝိပဿနာရှုရတဲ့ ကလာပ်တွေ၊ ဒီတော့ သူကအရေးကြီးတယ်၊ မျက်စိက မြင်တိုင်း, မြင်တိုင်း၊ မြင်တယ် မြင်တယ်သိရင် မျက်စိရုပ်ရယ်, မြင်စရာရုပ်ရယ် ဒီလောက်သာမကဘူး၊ ပထဝီ စတဲ့ ဘုတ် ၄-ပါးရယ်, အဆင်း, အနံ့, အရသာရယ်, ဩဇာရယ်, ဇီဝိတရယ်, မျက်စိအကြည်ရယ် အဲဒီလို ကလာပ်ရုပ်တွေတစ်ပေါင်းတည်း ပါဝင်နေတယ်၊ အဲဒါကို သိထားရမယ်၊ ဘယ်လောက်ငဲသေးငယ်တဲ့ ရုပ်ကလေး ဖြစ်ဖြစ် ဒီအခါကာလမှာ ဒီရုပ်ဆယ်ခု အပေါင်းကတော့ ပါဝင်လျက်ပဲရှိတယ်၊ နားရုပ်ကလည်း ဆယ်ခုအပေါင်း.

နှာခေါင်းရုပ်ကလည်း ဆယ်ခုအပေါင်း, လျှာရုပ်ကလည်း ဆယ်ခုအပေါင်း, ကိုယ်ရုပ်ကလည်း ဆယ်ခုအပေါင်း အဲဒါအားလုံးလည်း ဟစ်ဆယ်ချည်းပဲ။

ယောကျ်ားဖြစ်ကြောင်းရုပ်, မိန်းမဖြစ်ကြောင်းရုပ်-အဲဒီ ဘာဝရုပ်ဆိုတာကတော့ တစ်ကိုယ်လုံး ပျံ့နှံ့နေတယ်လို့ဆိုတယ်၊ ပဋိသန္ဓေကတည်းက ပါလာတဲ့ ရုပ်တဲ့၊ အဋ္ဌကထာက ဒီလိုဆိုပါတယ်၊ ယောကျ်ားဖြစ်မယ့် ပုဂ္ဂိုလ်တွေက ပုမ္ဘာဝရုပ်, မိန်းမ ဖြစ်မယ့် ပုဂ္ဂိုလ်တွေက ဣတ္ထိဘာဝရုပ်ဟာ ပဋိသန္ဓေကတည်းက စပြီးတော့ ဖြစ်လာတယ်၊ အဲဒီ ဘာဝရုပ်ရယ်, ဇီဝိတရုပ်ရယ်, အဋ္ဌက ကလာပ်ရုပ် ရှစ်ခုရယ် အဲဒါလည်း တစ်ဆယ်စီပဲ။

စိတ်ကူးစဉ်းစားကြံစည်မှု၏ တည်ရာ ဟဒယ နှလုံးရုပ်ရယ်, ဇီဝိတရုပ်ရယ်, အဋ္ဌက ကလာပ်ရုပ်ရှစ်ခုရယ်၊ အားလုံးပေါင်း သူတို့လည်း တစ်ဆယ်စီပဲ၊ ဒသက ကလာပ်တွေ ဘယ်လောက်ရှိသွားပြီလဲ၊ အားလုံး ရှစ်ခုရှိသွားပြီ၊ အဲဒီ ဒသက ကလာပ်တွေဟာ စိတ်ကြောင့်ဖြစ်တာလည်းမဟုတ်ဘူး၊ ဥတုကြောင့်ဖြစ်တာလည်း မဟုတ်ဘူး၊ အာဟာရကြောင့် ဖြစ်တာလည်း မဟုတ်ဘူး၊ ရှေးကပြုခဲ့ကြတဲ့ ကံကြောင့်ဖြစ်တဲ့ ကမ္မဇကလာပ်တွေတဲ့။

ရှေးကုသိုလ်ကံရှိတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ကုသိုလ်ကံကြောင့် မျက်စိ, နား, နှာ, စသည်ဖြစ်တယ်၊ အကုသိုလ်ကံရှိတဲ့ ပုဂ္ဂိုလ်တွေဆိုရင် အကုသိုလ်ကံကြောင့် မျက်စိ, နား, နှာ စသည်ဖြစ်တယ်၊ လူတို့, နတ်တို့မှာတော့ ကုသိုလ်ကံကြောင့် အဲဒါတွေ ဖြစ်ရတယ်၊ အပါယ်ပုဂ္ဂိုလ်တွေမှာတော့ အကုသိုလ်ကံကြောင့် အဲဒါတွေ ဖြစ်ရတယ်ပေါ့လေ၊ အဲ ကံကြောင့်ဖြစ်တဲ့ ကမ္မဇကလာပ် ကိုးခုတဲ့၊ အဲဒါ မှတ်ထားဖို့ပါပဲ။

"အသံနှင့်တကွ၊ ထိုအဋ္ဌ၊ နဝရုပ်ကလာပ်"တဲ့၊ အဆင်းရယ်, အနံ့ရယ်, အရသာရယ်, ဩဇာရယ်, ဘုတ်လေပါးရယ်၊ အဲဒီရှစ်ခုသက်သက်က ကလာပ်တစ်ခု၊ သူကို ပါဠိလို သုဒ္ဓဋ္ဌက ကလာပ်လို့ခေါ်တယ်၊ အဲဒီရှစ်ခုနဲ့ အသံနဲ့ပေါင်းရင် ကိုးခုဖြစ်တယ်၊ "ထိုရှစ်ကိုးမှာ၊ ဝိညတ်ပါ၊ ကိုးဖြာဆယ်ကလာပ်" တဲ့၊ ရှစ်ခုထဲမှာ တစ်ခါ ကိုယ်အမူအရာပါတဲ့ ကာယဝိညတ်ဆိုတာ ထည့်လိုက်ရင် ကိုးခုအပေါင်း ကလာပ်တစ်ခုဖြစ်တယ်၊ အဲဒါ ပါဠိလို ကာယဝိညတ္တိနဝက ကလာပ်တဲ့၊ သူကတစ်ခု၊ နောက် နှုတ်က ပြောတဲ့အခါကာလမှာ အဲဒီအက

ဝစီဝိညတ်လည်းပါတယ်၊ အသံလည်းပါတယ်၊ ရုပ်ရှစ်ခုလည်းပါတယ်၊ အဲ-သူက ရုပ်ဆယ်ခုအပေါင်းပဲ၊ ပါဠိနဲ့တော့ ဝစီဝိညတ္တိ သဒ္ဒဒသက ကလာပ်တဲ့၊ သူက ကလာပ်တစ်ခု၊ အဲဒါဆိုရမယ်။

"အသံနှင့်တကွ၊ ထိုအဋ္ဌ၊ နဝရုပ်ကလာပ်"

"ထို ရှစ်ကိုးမှာ၊ ဝိညတ်ပါ၊ ကိုးဖြာဆယ်ကလာပ်"

(ဆို ၃-ခေါက်)

ထိုရှစ် ဆိုတာ အဋ္ဌကလာပ်ရုပ်၊ အဲဒီရှစ်ခုထဲမှာ အသံထည့်ရင် နဝကိုးခု ဖြစ်တယ်၊ အဲဒီ ရှစ်ခု, ကိုးခုထဲမှာ တဲ့၊ ရှစ်ခုထဲ ကာယဝိညတ်ထည့်တော့ ကိုးဖြာပေါ့၊ ကိုးခု၊ နောက်အသံနဲ့ ဝစီဝိညတ်ကိုထည့်ရင် ရုပ်ဆယ်ခုအပေါင်း၊ အဲဒါဆယ်ကလာပ်၊ သူက ကလာပ်တစ်ခု၊ ဒါကြောင့် ကိုးခုကလာပ်လည်းရှိတယ်၊ ဆယ်ခု ကလာပ်လည်းရှိတယ်။

ပါဠိလို သုဒ္ဓဋ္ဌက ကလာပ်ကတစ်ခု၊ နဝက ကလာပ်ကတစ်ခု၊ ဒသက ကလာပ်ကတစ်ခု၊ သုံးခုရှိသွားပြီ၊ နောက်ထည့်စရာလေးတွေရှိသေးတယ်၊ "ပေါ့, နု, ခံ့ပါ၊ ပါဝင်ရာ၊ ဆယ့်တစ်ဖြာစသည်မှတ်"တဲ့၊ အဲဒါလေးတွေ ထည့်ပေးရမယ်၊ ခုနက ပြောခဲ့တဲ့ ကလာပ်သုံးမျိုးထဲမှာ ပေါ့ရုပ်ရယ်, နုရုပ်ရယ်, ခံ့ရုပ်ရယ် အဲဒီသုံးရုပ်ပါဝင်လာလို့ရှိရင် အစဉ်အတိုင်း ဆယ့်တစ်ဖြာ, ဆယ့်နှစ်ဖြာ, ဆယ့်သုံးဖြာ ဖြစ်သွားတယ်လို့ မှတ်ပါတဲ့။

ရှစ်ခုကလာပ်ထဲမှာ ပေါ့ရုပ်, နုရုပ်, ခံ့ရုပ် အဲဒီသုံးရုပ်ထည့်လိုက်ရင် ဆယ့်တစ်ခု၊ ကိုးခုကလာပ်ထဲမှာ အဲဒီသုံးရုပ်ထည့်လိုက်ရင် ဆယ့်နှစ်ခု၊ ဆယ်ခုကလာပ်ထဲမှာ အဲဒီသုံးခုထည့်လိုက်ရင် ဆယ့်သုံးခု ဖြစ်သွားတယ်၊ အခု နောက်တိုးကလာပ်သုံးခုကို အရင်ဆိုခဲ့တဲ့ ကလာပ်သုံးခု ထည့်ပေါင်းရေတွက်လိုက်ရင် ကလာပ်ခြောက်ခု ဖြစ်သွားတယ်၊ အဲဒီကလာပ်ခြောက်ခုဟာ စိတ်ကြောင့်ဖြစ်တဲ့ ကလာပ်တွေတဲ့၊ ကဲ ဆိုရမယ်။

"ပေါ့, နု, ခံ့ပါ၊ ပါဝင်ရာ၊ ဆယ့်တစ်ဖြာ စသည်မှတ်"

(ဆို ၃-ခေါက်)

ပေါ့, နု, ခံ့ ဆိုတာ အစဉ်အတိုင်း ပါဠိလို လဟုတာရုပ်, မုဒုတာရုပ်, ကမ္မညတာရုပ် များပါပဲ၊ စိတ္တဇကလာပ် ခြောက်ခု ပြီးသွားပြီ။

(တတိယအကြိမ်)

ဥတုကြောင့်လည်း ရုပ်ကလာပ်တွေက ဖြစ်သေးတယ်၊ အဲဒါကတော့ လေးခုတဲ့၊ သူ့ကျတော့ လွယ်သွားပါပြီ၊ ရှစ်ခုကလာပ်က တစ်ခု၊ အသံနဲ့တကွ ကိုးခုကလာပ်က တစ်ခု၊ အဲဒါကို သီခြားနှစ်ခုထားပြီးတော့ ရှစ်ခုထဲမှာ ပေါ့, နှ, ခံ့ ထည့်ရင် ဆယ့်တစ်က ကလာပ်တစ်ခု၊ ကိုးခုထဲမှာ ပေါ့, နှ, ခံ့ ထည့်လိုက်ရင် ဆယ့်နှစ်က ကလာပ်တစ်ခု၊ အဲ–လေးခုဖြစ်သွားပြီ၊ အဲဒီလေးခုဟာ ဥတုကြောင့်ဖြစ်တဲ့ ကလာပ်တွေတဲ့။

ပြီးတော့ အာဟာရကြောင့်လည်း ရုပ်ကလာပ်တွေက ဖြစ်သေးတာပဲ၊ သုဒ္ဓဋ္ဌက ဆိုတဲ့ ရှစ်ခုကတစ်ခု၊ အဲဒီရှစ်ခုထဲမှာ ပေါ့, နှ, ခံ့ သုံးခု ထည့်လိုက်တော့ ဆယ့်တစ်ခု ဖြစ်တယ်၊ အဲဒီက ကလာပ်တစ်ခု၊ ပေါင်းအာဟာရ ကြောင့်ဖြစ်တဲ့ အာဟာရဇကလာပ် နှစ်ခုတဲ့၊ ဒါပဲ အာဟာရဇက ဒီနှစ်ခုပဲ ရှိတယ်၊ ကလာပ်တွေကို အားလုံးပေါင်းလိုက်ရင်–

> "ကမ္မဇကိုး၊ စိတ်ခြောက်မျိုးနှင့်၊ လေးမျိုးဥတု၊ နှစ်ခုအာဟာ၊ ပေါင်းယူရာ၊ ကလာပ်နှစ်ဆယ့်တစ်" တဲ့။

ကမ္မဇ–ကံကြောင့်ဖြစ်တဲ့ ကလာပ်က ကိုးခု၊ စိတ္တဇ စိတ်ကြောင့်ဖြစ်တဲ့ ကလာပ်က ခြောက်ခု၊ ဥတုဇ ဥတုကြောင့်ဖြစ်တဲ့ကလာပ်က လေးခု၊ အာဟာရဇ အာဟာရကြောင့်ဖြစ်တဲ့ ကလာပ်ကနှစ်ခု၊ ပေါင်း နှစ်ဆယ့်တစ်ခု ရှိတယ်၊ ဒီကလာပ် နှစ်ဆယ့်တစ်ခုထဲတွင် သုဒ္ဓဋ္ဌက–ရှစ်ခုကလာပ်နဲ့ သဒ္ဒနဝက– အသံပါကိုးခုကလာပ် နှစ်ခုတို့မှာ ဗဟိဒ္ဓအပြင်မှာရော, ကိုယ်တွင်း အဇ္ဈတ္တမှာရော ဖြစ်နိုင်တယ်၊ ကျန်တဲ့ကလာပ် တစ်ဆယ့်ကိုးခုကတော့ ကိုယ်အတွင်း အဇ္ဈတ္တမှာ ချည်းဖြစ်နိုင်တယ်တဲ့။

"ဝိညတ်ဆိုင်ရာ၊ ကလာပ်မှာ၊ စိတ်သာဖြစ်ကြောင်းမှတ်" တဲ့၊ ကလာပ်အမည် တွေက ဥတုဇကလည်း စိတ္တဇနဲ့ရောပြီးတော့ ပါနေတယ်၊ ဝိညတ်လည်း ဥတုဇကြောင့် ဖြစ်သလားလို့ မေးစရာရှိတာနဲ့ ဒါလေးကို ထပ်ပြီးတော့ ဖြေထားတယ်၊ ဝိညတ်ပါလို့ရှိရင် စိတ္တဇပဲ၊ ဥတုဇမဟုတ်ဘူး၊ ဥတုဇမှာ မပါဘူး၊ ဒါကို ခြွင်းချက်နဲ့ ပြန်နုတ်ထားတယ်၊ ကဲ ဆိုရမယ်–

> "ဝိညတ်ဆိုင်ရာ၊ ကလာပ်မှာ၊ စိတ်သာဖြစ်ကြောင်းမှတ်"
>
> (ဆို ၃–ခေါက်)

(တတိယအကြိမ်)

စိတ္တဇ, ဥတုဇ, အာဟာရဇကလာပ်လို့ ၁၁-၁၂-၁၃ တို့မှာ ဥတုဇပါသွားတယ်၊ ဝိညတ်ပါလို့ရှိရင် ဥတုဇမဟုတ်ဘူး၊ စိတ္တဇပဲ၊ ဒါလေးကိုမှတ်ထား၊ ပြန်နှုတ်ထားတယ်၊ ခြွင်းချက်ကလေးပေါ့လေ။

ပြီးတော့ "ပေါ့, နု, ခံ့သာ၊ ဝိညတ်ပါ၊ ပြင်မှာမရှိပါ" တဲ့၊ ပေါ့တဲ့ရုပ်၊ နုတဲ့ရုပ်၊ ခံ့တဲ့ရုပ် ကာယဝိညတ်, ဝစီဝိညတ်ရုပ် အဲဒီရုပ်ငါးခုဟာ အပြင်ဗဟိဒ္ဓမှာ မရှိဘူး၊ သတ္တဝါတို့ အဇ္ဈတ္တ ကိုယ်တွင်းမှာသာ ရှိတယ်တဲ့၊ အဲဒါဆိုရမယ်။

"ပေါ့, နု, ခံ့သာ၊ ဝိညတ်ပါ၊ ပြင်မှာ မရှိပါ"

(ဆို ၃-ခေါက်)

ဒီတော့ အပြင်ဗဟိဒ္ဓမှာ ဘာတွေရှိတော့တုန်းဆိုတော့ အဋ္ဌကလာပ်ရုပ်နဲ့ သဒ္ဒနဝက ကလာပ်ရုပ် ဒီနှစ်ခုပဲရှိတော့တယ်၊ ဒါလေးတွေကိုလည်း မှတ်ထားရမယ်။

## ပဋိသန္ဓေအခါ စဖြစ်တဲ့ ကလာပ်ရုပ်

"ဂဗ္ဘသေယျာ၊ သန္ဓေမှာ၊ ကာ, ဘာ, ဝတ်သုံးမည်"တဲ့၊ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တွေ ပဋိသန္ဓေနေကာစမှာ ပဋိသန္ဓေစိတ်နဲ့အတူ တစ်ပေါင်းတည်း တစ်ခါတည်းဖြစ်တဲ့ ရုပ်ကလာပ် ဘယ်နှစ်ခုဖြစ်တုန်းဆိုတော့ သုံးခုတဲ့၊ ကာယဒသက, ဘာဝဒသက, ဝတ္ထု ဒသက အဲဒီ ကလာပ်သုံးခုဖြစ်တယ်တဲ့၊ ကာ-ကာယဒသက ကိုယ်အကြည် ရုပ်နှင့်တကွ တစ်ဆယ်၊ ဘာ ဣတ္ထိဘာဝ ဒသက အမဖြစ်မည်ဆိုလျှင် အမဖြစ်ကြောင်း ရုပ်နှင့်တကွ တစ်ဆယ်၊ ပုမ္ဘာဝဒသက-ယောကျ်ားဖြစ်မည် ဆိုလျှင် ယောကျ်ားဖြစ်ကြောင်း ရုပ်နှင့်တကွ တစ်ဆယ်၊ အဲဒါက ပုဂ္ဂိုလ်အလိုက် တစ်ခုသာဖြစ်မယ်၊ ဝတ်-ဝတ္ထု-ဟဒယဝတ္ထု ဒသက-ပဋိသန္ဓေစိတ်၏ တည်ရာမှီရာ ဖြစ်တဲ့ နှလုံးရုပ်နှင့်တကွ တစ်ဆယ်၊ အဲဒီ ကလာပ်သုံးစည်း ရုပ်ပေါင်းသုံးဆယ်ပေါ့လေ၊ အမိဝမ်းတွင်း ပဋိသန္ဓေ နေစကကည်းက တစ်ပေါင်းတည်း အရင်းတည်ပြီးတော့ ဖြစ်လာတယ်၊ အဲဒါကို လက်သည်းကွင်းနဲ့ အစိပ္ပာယ် ဖော်ထားပါတယ်၊ ကဲ ဆိုရမယ်-

"ဂဗ္ဘသေယျာ၊ သန္ဓေမှာ၊ ကာ, ဘာ, ဝတ်သုံးမည်"

(ဆို ၃-ခေါက်)

ဂဗ္ဘသေယျကပုဂ္ဂိုလ်တွေ အမိဝမ်းတွင်းမှာ ပဋိသန္ဓေစိတ်နှင့်တကွ တစ်ပြိုင်နက် ဖြစ်တဲ့ ရုပ်ကလာပ်သုံးခု၊ တစ်ခုတစ်ခုလျှင် တစ်ဆယ်၊ အားလုံး သုံးဆယ်ပေါ့လေ၊

ဒါပေမယ့်လို့ တစ်ဆယ်၊ တစ်ဆယ်သာဆိုတယ် အမျိုးတူ ကလာပ်တွေကတော့ အများကြီးနေမှာပါပဲ၊ ဒီ ရုပ်ကလာပ်သုံးစည်းနဲ့ စတည်ပြီးတော့ လူရယ်လို့ ဖြစ်လာကြတယ်တဲ့၊ မှတ်သားဖို့ရာကအစ ဖြစ်ကာစမှာ သိမ်သိမ်မွေ့မွေ့ သေးသေးလေးကစပြီးတော့ ဖြစ်လာခဲ့ကြကာ၊ အဲဒီကစပြီးတော့ တဖြည်းဖြည်း ပွားစီးလာတဲ့အခါ မျက်စိတို့၊ နားတို့၊ နှာခေါင်းတို့၊ လျှာတို့၊ ကိုယ်တို့ ဆိုတဲ့ အကြည်ဝတ္ထုရုပ်တွေအထိ ပွားစီးလာတယ်၊ ဒါတွေ ဘယ်အခါလောက်မှာ ဖြစ်လာကြသလဲဆိုရင်၊ အဲ ကိုယ်ကတော့ပါသွားပြီ၊ အဋ္ဌကထာဆရာက "သတ္တသတ္တတိ ရတ္တိမှိ" ခုနစ်ဆယ်နဲ့ ခုနစ်ခုမြောက်ညဥ့်ကျမှ ဖြစ်တယ်တဲ့၊ ခုနစ်ဆယ့်ခုနစ်ခုမြောက် သတ္တာဟဆိုတော့ ပဋိသန္ဓေ တည်နေပြီးနောက် ဧကာဒသမသတ္တာဟ လောက်မှာပေါ့၊ ခုနစ်ဆယ့်ခုနစ်ရက်မြောက် ညဥ့်ကျမှပဲ အဲဒီ မျက်စိတို့၊ နားတို့၊ နှာခေါင်းတို့၊ စတဲ့ ရုပ်တွေဖြစ်တယ်လို့ ဆိုပါတယ်၊ စတည်တည်ချင်း ရုပ်သေးသေးလေးဆိုတော့ မျက်စိစတဲ့ အကြည်ရုပ်တွေ မရှိသေးဘူးတဲ့၊ တချို့မျက်စိကွယ်တဲ့ ပုဂ္ဂိုလ်တွေ စကတည်းက မဖြစ်ခဲ့တာတွေလည်း ရှိတယ်၊ ရှိပြီးမှ ပျက်တာတွေလည်း ရှိတာပဲ။

## သံသေဒဇနဲ့ ဩပပါတ်ပုဂ္ဂိုလ်တို့ ပဋိသန္ဓေကာလ

အမိဝမ်း၌ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်အပြင် သံသေဒဇပုဂ္ဂိုလ်တို့၊ဩပပါတ်ပုဂ္ဂိုလ်တွေ ဆိုတာလည်း ရှိသေးတယ်၊ သံသေဒဇပုဂ္ဂိုလ်ဆိုတာ အညှိကိုစွဲပြီးတော့ဖြစ်တာ၊ ပိုးလောက်လေးတွေ စသည်ပေါ့၊ ဩပပါတ်ဆိုတာကတော့ တစ်ခါတည်း ကိုယ် ထင်ရှားဖြစ်လာတာ၊ တစ္ဆေတို့၊ နတ်တို့၊ ပြဟ္မာတို့ ဒီလိုပုဂ္ဂိုလ်တွေ တစ်ခါတည်း ဖြုန်းဆို ကိုယ်ကောင်အထည်ကြီးပါ အပြည့်အစုံဖြစ်လာတာ၊ အဲဒီပုဂ္ဂိုလ်တွေကျတော့ ပဋိသန္ဓေကလာပ်ပေါင်း ခုနစ်စည်း ခုနစ်စည်း တစ်ခါတည်း ဖြစ်လာကြတယ်တဲ့။

"သံသေ၊ ဩပပါတ်၊ ပြည့်စုံလတ်၊ ကလာပ်ခုနစ်မည်" အပြည့်အစုံ ဖြစ်လာမယ် ဆိုရင် ကလပ်ခုနစ်စည်းလုံး ဖြစ်တာပဲ၊ သို့သော်လည်း အဲဒီပုဂ္ဂိုလ် တွေမှာ ကံမကောင်း အကြောင်းမသင့်ပြန်ရင် မျက်စိချို့ချင်လည်းချို့နေမယ်၊ နားချို့ချင်လည်းချို့နေမယ်၊ အဲဒီလိုကျရင် မျက်စိကလာပ်၊ နားကလာပ်မပါနိုင်

ဘူးပေါ့၊ အဲဒီလို လျော့နေတာတွေ လည်းရှိတာပဲ၊ အပြည့်အစုံဆိုလို့ရှိရင်တော့ ကလာပ်ခုနစ်စည်းတဲ့၊ အဲဒါ ဆိုရမယ်။

"သံသေ၊ ဩပပါတ်၊ ပြည့်စုံလတ်၊ ကလာပ်ခုနစ်မည်"

(ဆို ၃-ခေါက်)

ကမ္မဇ-ကံကြောင့် ဖြစ်တဲ့ ကလာပ်က ရှစ်ခုရှိတယ်၊ ဘာဝ ကလာပ်နှစ်ခုက တစ်ပြိုင်နက် တစ်ဦးတည်းမှာ ဖြစ်နိုင်တာ မဟုတ်ဘူး။ တစ်ဦးမှာ ဘာဝ ကလာပ် တစ်ခုသာ ဖြစ်နိုင်တယ်၊ အဖိုဖြစ်မည့်ပုဂ္ဂိုလ်ဆိုရင် ပုမ္ဘာဝကလာပ်၊ အမဖြစ်မည့် ပုဂ္ဂိုလ်ဆိုရင် ဣတ္ထိဘာဝကလာပ်၊ ဒီလို တစ်ခုချင်းသာ ဖြစ်ရတယ်၊ ဒါကြောင့် ရှစ်ခုပဲရှိတယ်၊ ပဋိသန္ဓေအခါမှာ သံသေဒဇ၊ ဩပပါတ် ပုဂ္ဂိုလ်တွေ ဆိုရင်စက္ခုဒသက, သောတ ဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက ကလာပ်၊ ဒီ ခုနစ်စည်း၊ အဲဒါ အပြည့်အစုံဖြစ်ရင် ဒီခုနစ်စည်းပဲ ဖြစ်တယ်၊ ဒီထက် လျော့လို့လည်း မဖြစ်ဘူး၊ ဒီထက်တိုးလို့လည်း မဖြစ်ဘူး၊ ဒါကြောင့် ဟိုမှာ လက်သည်းကွင်းနဲ့ ပြထားတယ်၊ ဒသက ကလာပ်ခုနစ်စည်းဆိုတော့ ရုပ်ခုနစ်ဆယ်ပေါ့၊ သံသေဒဇ, ဩပပါတ် ပုဂ္ဂိုလ်တွေဆိုတာ ဒီက စဖြစ်တာ၊ ဒါလည်း အမှုန်လေး ခုနစ်ခုတင်မဟုတ်ဘူး၊ အကောင်အထည်ကြီးလိုက် အပြည့်အစုံပဲ၊ ကာယတို့, ဘာဝတို့ဆိုတာအများ ကြီးနေမှာပေါ့၊ နည်းနည်းလေး မဟုတ်ဘူး။

စက္ခုကလည်း သူ့မျက်စိအကြည်ရှိသလောက် ပျံ့နှံ့တဲ့ မျက်စိအကြည် ဖြစ်နေတာ၊ နားအကြည်ကလည်း နားထဲမှာ ပျံ့နှံ့တည်နေတာ၊ နှာခေါင်း အကြည်ကလည်း နှာခေါင်းထဲမှာ ပျံ့နှံ့တည်နေတာ၊ သူ့နေရာဌာနနဲ့သူ အကြည်ရုပ်တွေက ပျံ့နှံ့ပြီးတော့တည်နေကြတာပဲ၊ တစ်မှုန်တည်း သေးသေးလေး နေမှာ မဟုတ်ဘူး၊ ဇိဝှာတို့, ကာယတို့, ဟဒယတို့ဆိုတာလည်း ဒီအတိုင်း သူ့ဌာနနဲ့သူ ပျံ့နှံ့တည်နေကြမှာပဲ၊ ကာယဆိုရင် ကိုယ်ကြီးက ကြီးသလောက် ကာယအကြည်ဟာလည်း အများကြီး ပျံ့နှံ့တည်နေကြမှာပဲပေါ့၊ ဒါပေမယ့်လို့ ကလာပ်အနေအားဖြင့်တော့ ခုနစ်ခု ခုနစ်ခုပဲ၊ တစ်ခု တစ်ခုကို ဆယ်ခု ဆယ်ခုပဲ တွက်ထားတယ်၊ ကလာပ်ခုနစ်ခု ရုပ်ပေါင်း ခုနစ်ဆယ်ကစပြီးတော့ဖြစ် တယ်တဲ့၊ ဒါ-သံသေဒဇပုဂ္ဂိုလ်တွေ ပဋိသန္ဓေ၏အခါမှာဖြစ်တဲ့ ကလာပ်တွေပဲ၊ သံသေဒဇဆိုတာ အညှိကဖြစ်တဲ့ ပုဂ္ဂိုလ် သတ္တဝါတွေ-တဲ့။

(တတိယအကြိမ်)

ဩပပါတ်ဆိုတာကတော့ ဖြူနီးခနဲ ခုန်ချလာသလို ဘွားကနဲ ရုပ်အပြည့်အစုံ ဖြစ်လာတဲ့ပုဂ္ဂိုလ်တွေ-တဲ့၊ အဲဒါ တစ္ဆေတို့၊ သရဲတို့၊ နတ်တို့၊ ငြိတ္တာတို့လို ပုဂ္ဂိုလ်တွေပေါ့၊ သူတို့ ပဋိသန္ဓေက ဒီလိုဖြုန်းခနဲ ဖြစ်လာကြတာ၊ ဒါ-သူတို့ ပဋိသန္ဓေပဲ၊ အဲဒါနောက်သိတင်းကျမှဟောရဦးမယ်၊ သူကအရေးကြီးတယ်၊ ဒါတွေအခု နားလည်အောင်ဆိုရင် သင်္ဂြိုဟ်ကို လေ့လာရတယ်၊ ဒီမှာ တိုတို လေး အကျဉ်းချုံးထားတာပဲ။

## ရုပ်ကို ကာလစသည်ဖြင့် ခွဲခြင်း

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတွင်း အပြင် အကြမ်း အနု အယုတ် အမြတ် အဝေး အနီး ဖြစ်သော ဤရုပ်အပေါင်းအစုကို ရူပက္ခန္ဓာလို့ခေါ်တယ်၊ ရူပက္ခန္ဓာဆိုတာ ရုပ်အစု-တဲ့၊ ရုပ်တစ်ခုတည်းလည်း အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် သုံးခုဆိုတော့ တစ်စုရတယ်၊ အတွင်း၊ အပြင် နှစ်ခုဆိုတော့ တစ်စုရတယ်၊ အကြမ်း အနုဆိုတော့ တစ်စုရတယ်၊ အယုတ်၊ အမြတ်ဆိုတော့ တစ်စုရတယ်၊ အဝေးအနီးဆိုတော့ တစ်စုရတယ်၊ အဲဒီလို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် စသည်ဖြင့်ပေါင်းစုပြီးတော့ ရုပ်တစ်ခုတည်းကိုလည်း ရူပက္ခန္ဓာလို့ခေါ်ရတယ်၊ အဲဒါကိုတော့ နောက်သိတင်းနေ့ကျမှ ပြည့်ပြည့်စုံစုံ ဟောရမယ်၊ ကဲ တစ်ခေါက်တော့ ဆိုလိုက်ကြဦးစို့။

> "အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတွင်း အပြင် အကြမ်း အနု အယုတ် အမြတ် အဝေး အနီး ဖြစ်သော ဤရုပ် အပေါင်းအစုကို ရူပက္ခန္ဓာ ခေါ်သည်"

ကဲ အဲဒါကို နောက်သိတင်းလပြည့်နေ့ကျမှာ ဟောရလိမ့်မယ်၊ ဟောတော့ ရူပက္ခန္ဓာ၊ နောက်ပြီးတော့ ဝိညာဏက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ-ဆိုတဲ့ စေတသိက်ခန္ဓာတွေရောပေါ့၊ အဲဒီခန္ဓာငါးပါးအကြောင်း တွေပါပဲ၊ အဲဒါတွေကိုဟောရင် ပရမတ်တရားတွေ ကုန်သွားတာပါပဲ၊ ခန္ဓာပြီးရင် လည်း အာယတနဝိဘင်းတို့ ဘာတို့ကို ဆက်ဟောလို့ရမှာမဟုတ်ဘူး၊ အဲဒါတွေ စာရွက်ထဲမှာ မပါဘူးထင်တယ်၊ ဒီတော့ ကိုယ့်ဟာကို လေ့လာမှတ်သားယူဦးပေါ့၊

(တတိယအကြိမ်)

နောက်တစ်ခါပြောရင် လွယ်လွယ်ကူကူနဲ့သိအောင် မေးလို့ရှိရင်လည်း ဖြေဆိုနိုင်အောင် လို့ပါပဲ၊ ကဲ–တရားသိမ်းကြစို့ရဲ့၊ ၂–နာရီ ကောင်းကောင်းရှိသွားပြီ။

ယနေ့အဖို့ အကျွန်ုပ်တို့ ပြုစုပွားများအားထုတ်အပ်သော သီလကုသိုလ်, ဘာဝနာကုသိုလ်, ဝေယျာဝစ္စကုသိုလ်။ ပ။ အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါ အပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ကြပါစေသော်။

သာဓု . . . သာဓု . . . သာဓု . . .။

၁၃၃၆–ခုနှစ်၊ ပြာသိုလပြည့်နေ့မှစ၍ ဝါတော်စဉ်အရ
ဟောကြားတော်မူသော
အဘိဓမ္မာတရားတော်

# ကာမာဝစရ ကုသိုလ် ဝေဖန်ပုံ အကျဉ်းချုပ်

## ကောက်နုတ်ချက်

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်, သသင်္ခါရိကစိတ်, ဖြစ်ခိုက်၌ အမည်ထုတ်၍ ဟောထားသော တရားတို့မှာ–

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ်၊ (ဖဿပဉ္စမက ၅)
ဝိတက်၊ ဝိစာရ၊ ပီတိ၊ (သုခ) ဧကဂ္ဂတာ၊ (ဈာနင် ၅)
သဒ္ဓါ၊ ဝီရိယ၊ သတိ၊ (သမာဓိ) ပညာ၊
(မန၊ သောမနဿ) ဇီဝိတ၊ (ဣန္ဒြေ ၈)
(သမ္မာဒိဋ္ဌိ၊ သင်္ကပ္ပ၊ ဝါယာမ၊ သတိ၊ သမာဓိ) (မဂ္ဂင် ၅)
(သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဟိရီ၊ ဩတပ္ပ (ဗိုလ် ၇)
အလောဘ၊ အဒေါသ၊ (အမောဟ) (မူလ ၃)
(အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိ) (ကမ္မပထ ၃)
(ဟိရီ၊ ဩတ္တပ္ပ) (လောကပါလ ၂)
ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ
ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တ ကမ္မညတာ၊
ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယုဇု ကတာ၊
စိတ္တုဇုကတာ၊ (အစုံတရား ၁၂)
(သတိ၊ သမ္ပဇဉ်) (ဥပကာရတရား ၂)
(သမထ၊ ဝိပဿနာ) (ယုဂနဒ္ဓတရား ၂)
(ပဂ္ဂါဟ၊ အဝိက္ခေပ) (ညီမျှစေအပ်သည့်တရား ၂)

(တတိယအကြိမ်)

မှတ်ချက်။ ။ လက်သည်းကွင်းဖြင့် ရေးနှင့်တရားကိုယ် ထပ်တူဖြစ်ကြောင်း ပြသည်။

ဤ(၅၆)ပါးပင်ဖြစ်သည်။ တရားကိုယ်အားဖြင့် ၃၀ မျှသာရှိသည်။ ယေဝါပနအရ-အဋ္ဌကထာ၌ ပြထားသော တရားတို့မှာ-

ဆန္ဒ၊ အဓိမောက္ခ၊ မနသိကာရ၊ တတြမဇ္ဈတ္တတာ (အမြဲယှဉ် ၄)
ကရုဏာ၊ မုဒိတာ (ရံခါယှဉ်၊ အပ္ပမညာ ၂)
သမ္မာဝါစာ၊ ကမ္မန္တ၊ အာဇီဝ၊ (ရံခါယှဉ်၊ ဝိရတီ ၃)

ဤ(၉)ပါးတို့ပင်ဖြစ်သည်၊ ၂-ရပ်ပေါင်းလျှင် တရားကိုယ် ၃၉-ပါး ဖြစ်သည်။

၂။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်, သသင်္ခါရိက စိတ်ဖြစ်ခိုက်၌ ယင်း ၃၉-ပါးမှ ဉာဏ်-ပညာ မပါ၊ ၃၈-ပါးဖြစ်သည်။

၃။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်, သသင်္ခါရိကစိတ် ဖြစ်ခိုက်၌ ယင်း ၃၉-ပါးမှ ပီတိ မပါ ၃၈-ပါးဖြစ်သည်။

၄။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်, သသင်္ခါရိကစိတ် ဖြစ်ခိုက်၌ ယင်း ၃၉-ပါးမှ ဉာဏ်ပညာနှင့် ပီတိ မပါ ၃၇-ပါးဖြစ်သည်။

## ရူပကုသိုလ်နှင့် အရူပကုသိုလ် ဝေဇန်ပုံ
## အကျဉ်းချုပ်-ကောက်နုတ်ချက်

၁။ ရူပါဝစရ ပဌမဈာန်ကုသိုလ်စိတ်ဖြစ်ခိုက်၌ အမည်ထုတ်၍ ဟောထားသည့် တရားများမှာ ကာမကုသိုလ် ပ+ဒု စိတ်တို့၌ကဲ့သို့ ၅၆-ပါးပင်၊ တရားကိုယ်လည်း ၃၀-ပင်။

ယေဝါပနအရ အမြဲယှဉ် ၄-ပါးနှင့် ရံခါယှဉ် အပ္ပမညာ ၂-ပါးသာ၊ ၂-ရပ်ပေါင်း တရားကိုယ် ၃၆-ပါးဖြစ်သည်။

၂။ စတုက္ကနည်း ဒုတိယဈာန်စိတ်ဖြစ်ခိုက်၌ ဝိတက်+ဝိစာရမပါ ၃၄-ပါး။

၃။ တတိယဈာန်စိတ် ဖြစ်ခိုက်၌ ပီတိလည်းမပါ ၃၃-ပါး။

၄။ စတုတ္ထဈာန်စိတ် ဖြစ်ခိုက် သုခလည်းမပါ၊ ဥပေက္ခာနှင့်တကွ ၃၃-ပါး။

ပဉ္စကနည်း ဒုတိယဈာန်စိတ် ဖြစ်ခိုက်၌ မူလ ၃၆-ပါးမှ ဝိတက်မပါ

၃၅-ပါး။ တတိယ စတုတ္ထ ပဥ္စမဈာန်ဖြစ်ခိုက်၌ စတုက္ကနည်း ၃၂-ပါး၊ တတိယ စတုတ္ထဈာန်စိတ်တို့ ဖြစ်ခိုက်၌ကဲ့သို့ပင် ၃၄၊ ၃၃၊ ၃၃-ပါး ဖြစ်သည်။

အရူပါဝစရဈာန် ၄-ပါးဖြစ်ခိုက်၌ ရူပါဝစရ ပဥ္စမဈာန်ဖြစ်ခိုက်၌ကဲ့သို့ပင် တရားကိုယ် ၃၃-ပါးဖြစ်သည်။ ယင်းအရူပဈာန် ၄-ပါးကို ဓမ္မသင်္ဂဏီ ပါဠိ၌ စတုတ္ထဈာန်ဟူသောအမည်ဖြင့်ဟောထားသည်။ ယင်း ၄-ပါးမှာ အာကာသာ နဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန နေဝသညာနာသညာယတန ဈာန်တို့ဖြစ်သည်။

## လောကုတ္တရာကုသိုလ် ဝေဖန်ပုံ
## အကျဉ်းချုပ်–ကောက်နုတ်ချက်

အရိယမဂ်လေးပါး ဖြစ်ခိုက်၌ အမည်ထုတ်၍ ဟောထားသည့်တရားများမှာ- ကာမကုသိုလ် ပထမစိတ်၌ ဟောထားသည့် ၅၆-ပါးနှင့် ဝိရတီ ၃-ပါး၊ အနညတညဿာမိတိန္ဒြေ ၁-ပါး၊ ပေါင်း ၆၀-ဖြစ်သည်၊ တရားကိုယ်အားဖြင့် ၃၃-သာရှိသည်၊ ယေဝါပနအရ ဆန္ဒစသည် အမြဲယှဉ် ၄-ပါးနှင့်တကွ တရားကိုယ် ၃၇-ပါး ဖြစ်သည်။

ဒုတိယဈာန် စသည်တို့၌ ရူပဈာန်၌ကဲ့သို့ ဝိတက်၊ ဝိစာရ၊ ပီတိတို့ကို နုတ်ပယ်သောအားဖြင့်လည်းကောင်း၊ သုခအရာ၌ ဥပေက္ခာကို ထည့်သောအားဖြင့် လည်းကောင်း တရားကိုယ်အရေအတွက်ကိုသိအပ်၏။

## အဋ္ဌသာလိနီ စသည်၌ပြသော
## ပဋိပဒါနှင့် အဘိညာ ခွဲခြားချက်

(၁) ရုပ်နာမ်ကို သိမ်းဆည်းရာ၌လည်းကောင်း၊ (၂) ရုပ်နာမ်ကို ပိုင်းခြားဆုံး ဖြတ်ရာ၌လည်းကောင်း၊ (၃) အကြောင်းနှင့်အကျိုးကို သိမ်းဆည်းရာ၌လည်းကောင်း၊ (၄) လက္ခဏာရေးသုံးပါးကို သိမြင်ရာ၌လည်းကောင်း၊ (၅) မဂ်မှန် မဂ်မှားကို ဆုံးဖြတ် ရာ၌လည်းကောင်း ဖြစ်ပေါ်လာသည့် ကိလေသာစိတ်ကို သုံးကြိမ် အထိ ရှု၍ပယ်ရလျှင် ဒုက္ခပဋိပဒါ (ဆင်းရဲသောအကျင့်)မည်၏၊ တစ်ကြိမ် နှစ်ကြိမ် ရှုရုံမျှဖြင့် ပယ်နိုင်လျှင် သုခပဋိပဒါ (ချမ်းသာသောအကျင့်)မည်၏။

(တတိယအကြိမ်)

(ကျက်မှတ်၍ ဆင်ခြင်ရာ၌ ထိုသို့သော အခက်,အလွယ် ရှိ-မရှိ ဆင်ခြင်ရာ၏။)

ဥပက္ကိလေသမှ လွတ်သော ဥဒယဗ္ဗယဉာဏ်စသည်၌ ကြာမြင့်စွာ တည်နေပြီးမှ အရိယမဂ်ဉာဏ် ဖြစ်ပေါ်လျှင် ဒန္ဓာဘိညာ (နှေးသောအဘိညာဏ်) မည်၏၊ ထိုဉာဏ်များဖြစ်၍ မကြာမီပင် အရိယမဂ်ဉာဏ် ဖြစ်ပေါ်လျှင် ခိပ္ပာဘိညာ (မြန်သော အဘိဉာဏ်) မည်၏။

## ဝိသုဒ္ဓိမဂ် စသည်၌ပြသော ဝိသုဒ္ဓိနှင့် ဉာဏ်ဖြစ်ပုံ အကျဉ်းချုပ်

သီလဝိသုဒ္ဓိ ပြည့်စုံမှ စိတ္တဝိသုဒ္ဓိဖြစ်နိုင်သည်၊ (နီဝရဏ ကင်းအောင် စိတ်တည်ငြိမ်မှု သမာဓိကို စိတ္တဝိသုဒ္ဓိဟုခေါ်သည်)။ ယင်း စိတ္တဝိသုဒ္ဓိပြည့်စုံမှ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်သည်။ ယင်း ဒိဋ္ဌိဝိသုဒ္ဓိပြည့်စုံမှ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်သည်။ ယင်း ဝိသုဒ္ဓိပြည့်စုံမှ သမ္မသနဉာဏ် စသည်တို့ဖြစ်ကြသည်။ သို့ဖြစ်၍ ရုပ်နာမ် ကြောင်းကျိုး စသည်ကို သရုပ်ခွဲ ဆင်ခြင်ရုံမျှဖြင့် နာမရူပပရိစ္ဆေဒဉာဏ် စသည်မဖြစ်နိုင်ဟု မှတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် သရုပ်ခွဲဆင်ခြင်ရာ၌ စိတ္တဝိသုဒ္ဓိစသည် အကြောင်းမရှိသောကြောင့်ပင် ဤအချက်သည် ဒုက္ခပဋိပဒါကိုပြသော အဋ္ဌကထာ စကားဖြင့်လည်း ထင်ရှားပေ၏။

## အကုသိုလ်ဝေဝနံပုံ အကျဉ်းချုပ်—တောတ်နုတ်ချက်

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူ ပထမစိတ်ဖြစ်ခိုက်၌ အမည်ထုတ်၍ ဟောထားသော တရားတို့မှာ—

| | |
|---|---|
| ဖဿပဉ္စမက ၅-ပါး၊ ဈာနင် ၅-ပါး၊ | (ကုသိုလ်စိတ်၌ကဲ့သို့ပင် တရားကိုယ် ၅) |
| ဝီရိယ၊ (သမာဓိ၊ မန၊ သောမနဿ)၊ ဇီဝိတ၊ | (တ္တန္ဒြေ ၅) |
| မိစ္ဆာဒိဋ္ဌိ၊ (သင်္ကပ္ပ၊ ဝါယာမ၊ သမာဓိ)၊ | (မိစ္ဆာမဂ္ဂင် ၄) |
| (ဝီရိယ၊ သမာဓိ)၊ အဟိရိက၊ အနောတ္တပ္ပ၊ | (ဗိုလ် ၄) |
| လောဘ၊ မောဟ၊ | (မူလ ၂) |

(တတိယအကြိမ်)

(အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ)၊ (ကမ္မပထ ၂)
(အဟိရိက၊ အနောတ္တပ္ပ)၊ (လောကနာသက ၂)
(သမထ) (အခြားကိစ္စတို့၌ ပျံ့လွင့်မှု ငြိမ်းစေသည့်တရား ၁)
(ပဂ္ဂါဟ၊ အဝိက္ခေပ)၊ (ညီမျှစေအပ်သည့်တရား ၂)

ဤ ၃၂-ပါးပင်ဖြစ်သည်၊ တရားကိုယ်အားဖြင့် ၁၆-ပါးမျှသာရှိသည်။ ယေဝါပန-အရ အဋ္ဌကထာ၌ ပြသောတရားတို့မှာ ဆန္ဒ၊ အဓိမောက္ခ၊ မနသိကာရ၊ ဥဒ္ဓစ္စ ဟူသော ဤ ၄-ပါးပင်၊ ၂-ရပ်ပေါင်းလျှင် တရားကိုယ် ၂၀-မျှသာဖြစ်သည်။

၃။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူ တတိယစိတ်၌ မိစ္ဆာဒိဋ္ဌိမပါ ယေဝါပနအရ မာနနှင့်တကွ တရားကိုယ် ၂၀-ပင် ဖြစ်သည်။

၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူ ပဉ္စမစိတ်၌ ပထမ ၂၀-မှ ပီတိမပါ ၁၉-ပါး ဖြစ်သည်။

၇။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူ သတ္တမစိတ်၌ တတိယစိတ် ၂၀-မှ ပီတိမပါ ၁၉-ပါးဖြစ်သည်။

၂၊ ၄၊ ၆၊ ၈။ လောဘမူ ဒုတိယစသော အသင်္ခါရိကစိတ် ၄-ပါးတို့၌ ၁၊ ၃၊ ၅၊ ၇-စိတ်တို့ဆိုင်ရာ တရားကိုယ် (၂၀၊ ၂၀၊ ၁၉၊ ၁၉)တို့တွင် ယေဝါပန အရထိနမိဒ္ဓနှင့်တကွ အစဉ်အတိုင်း (၂၂၊ ၂၂၊ ၂၁၊ ၂၁)ဖြစ်သည်။

၉။ ဒေါမနဿသဟဂုတ် ဒေါသမူ အသင်္ခါရိကစိတ်၌ ပထမစိတ်ဆိုင်ရာ ၂၀-မှ ပီတိ၊ ဒိဋ္ဌိ၊ လောဘမပါ ဒေါသနှင့်တကွ ၁၈-ပါးဖြစ်သည်။ ယေဝါယပန-အရဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ-တို့တွင် တစ်ပါးပါးနှင့်တကွ ရံခါ ၁၉-ပါးလည်းဖြစ်သည်။ အမည်ထုတ်၍ဟောရာတွင် သုခ သော်မနဿ အရာတို့၌ ဒုက္ခ ဒေါမနဿဟုဟောသည်။

၁၀။ ယင်းဒေါသမူ သသင်္ခါရိကစိတ်၌ ယေဝါပန-အရ ထိန၊ မိဒ္ဓနှင့်တကွ (၂၀၊ ၂၁)ပါး ဖြစ်သည်။

၁၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ်ဖြစ်ခိုက်၌ ပါဝင်သောတရားများမှာ-လောဘမူ ပထမစိတ်၌ပြခဲ့သော ၁၆-ပါးမှ

ပီတိ+ဒိဋ္ဌိ+လောဘ မပါ ဝိစိကိစ္ဆာနှင့်တကွ တိုက်ရိုက်ပြ ၁၄–ပါး၊ ယေဝါပန–အရ မနသိကာရ၊ ဥဒ္ဓစ္စတို့နှင့်တကွ ၁၆–ပါး ဖြစ်သည်။

၁၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် မောဟမူစိတ် ဖြစ်ခိုက်၌လည်း ထို့အတူပင် ဝိစိကိစ္ဆာမပါ ဥဒ္ဓစ္စနှင့်တကွ တိုက်ရိုက်ပြ ၁၄–ပါး၊ ယေဝါပန–အရ အဓိမောက္ခ၊ မနသိကာရတို့နှင့်တကွ ၁၆–ပါးပင်ဖြစ်သည်။

(အထူးသတိပြုရန်မှာ တရားကိုယ်အရေအတွက်တို့၌ စိတ်ပါထည့်တွက်ထားသည်ကို အထူးသတိပြုပါ)။

## ဝိပါက်အဗျာကတခေါ် အကျိုးတရားဝေဖန်ပုံ အကျဉ်းချုပ်ကောက်နုတ်ချက်

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် မြင်သိစိတ်ဖြစ်ခိုက်၌ အမည်ထုတ်၍ ဟောထားသည့်တရားများမှာ–

ဖဿပဉ္စမက ၅–ပါး၊ (ဥပေက္ခာ)၊ ဧကဂ္ဂတာ–ဈာနင် ၂–ပါး၊ (မန၊ ဥပေက္ခာ)၊ ဇီဝိတ ဣန္ဒြေ ၃–ပါး၊ ဤ ၁၀–ပါးပင်။ တရားကိုယ်အားဖြင့် ၇–ပါးသာ၊ ယေဝါယပန–အရ မနသိကာရနှင့်တကွ ၈–ပါးဖြစ်သည်။ (အဆင်းကောင်းကို မြင်လျှင် ကုသလဝိပါက်စိတ်၊ အဆင်းကို မြင်လျှင် အကုသလဝိပါက်စိတ်ဖြစ်သည်)။

## မြင်စိတ်နှင့်တကွ ဝီထိစိတ်စဉ်ဖြစ်ပုံ

(က) ဘဝင်, ဆင်ခြင်, မြင်ပြီးလျှင်၊ ထို့ပြင် လက်ခံတုံ။
(ခ) စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ် တဒါရုံ။
(ဂ) အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ် မှတ်ပါကုန်။
(ဃ) ကြား, နံ, စား, ထိ၊ မြင်တူ၏၊ မှတ်ဘိစိတ်ဖြစ်ပုံ။
(င) ဆင်ခြင်ပြီးခါ၊ ဇော, တဒါ၊ ကြံရာစိတ်ဖြစ်ပုံ။

## သာမန်လူတို့မြင်ရာ၌ စိတ်ဖြစ်ပုံ

(က) ထင်ဆဲ ဆင်း ဓာတ်, မြင်လက်ဦးစွာ၊
မြင်ပြီးတရား, စဉ်းစားပြန်ရာ။

(တတိယအကြိမ်)

သဏ္ဌာန်ဒြပ်၊ ပညတ်ပေါ်ကာ၊
မည်နာမ သိရ နောက်ဆုံးမှာ။ ။

## ရှုမှတ်သူတို့မြင်ရာ၌ စိတ်ဖြစ်ပုံ

(ခ) မြင်လျှင်မြင်ခြင်း၊ လက်ငင်းမှတ်လျှင်၊
မြင်ရုံတွင်ပဲ၊ ပြတ်စဲစိတ်စဉ်။
ရုပ်နာမ်ကွဲလျက်၊ ဖြစ်ပျက် သိမြင်၊
အနိစ္စ၊ ဒုက္ခ သဘောထင်။ ။

၂။ သောတဝိညာဏ်-ကြားသိစိတ်၊ ဃာနဝိညာဏ်-နံသိစိတ်၊ ဇိဝှာဝိညာဏ်-စားသိစိတ်၊ ကာယဝိညာဏ်-ထိသိစိတ်ဖြစ်ခိုက်၌လည်း တရားကိုယ်အရ အတူတူပင်၊ ကာယဝိညာဏ်၌ ကုသလဝိပါတ်ဖြစ်လျှင် သုခဝေဒနာနှင့်ယှဉ်၍ သုခသဟဂုတ် မည်ခြင်း၊ အကုသလဝိပါတ်ဖြစ်လျှင် ဒုက္ခဝေဒနာနှင့်ယှဉ်၍ ဒုက္ခသဟဂုတ် မည်ခြင်းမျှသာ ထူးသည်။

၃။ သမ္ပဋိစ္ဆိုန်းခေါ် လက်ခံသည့်စိတ်ဖြစ်ခိုက်၌ ယင်း ၇-ပါးတွင် ဝိတက်၊ ဝိစာရတို့နှင့်တကွ တိုက်ရိုက်ပြ ၉-ပါး၊ ယေဝါပန-အရ အဓိမောက္ခ+မနသိကာရ တို့နှင့်တကွ ၁၁-ပါးဖြစ်သည်။ ဝေဒနာမှာ ဥပေက္ခာဖြစ်၍ ဥပေက္ခာသဟဂုတ်ပင်။

၄။ သန္တီရဏခေါ် စူးစမ်းသည့်စိတ် ဖြစ်ခိုက်၌လည်း ဥပေက္ခာ သဟဂုတ် ဖြစ်လျှင် ယင်း ၁၁-ပါးပင်၊ ကုသလဝိပါတ် သောမနဿသဟဂုတ်ဖြစ်လျှင် ပီတိနှင့်တကွ ၁၁-ပါးဖြစ်သည်။

၅။ သဟိတ်ကာမ ကုသလဝိပါက်စိတ်သည် ကုသိုလ်ကဲ့သို့ပင် ၈စ်ပါးရှိသည်၊ ယင်းစိတ်ရှစ်ပါး ဖြစ်ခိုက်၌ တရားများသည် ကာမကုသိုလ်ရှစ်ပါး ဖြစ်ခိုက်နှင့်တူ၏၊ ကရုဏာ+မုဒိတာနှင့် ဝိရတီသုံးပါးတို့ မပါဝင်ခြင်းမျှသာ ထူးသည်။

၆။ ရူပဝိပါက် အရူပဝိပါက် လောကုတ္တရာဝိပါက်စိတ်တို့ ဖြစ်ခုက်၌ ပါဝင်သော တရားကိုယ်များမှာ-ယင်းတို့၏ အကြောင်းကုသိုလ်စိတ်များ ဖြစ်ခိုက်နှင့် အလုံးစုံပင် အရတူ၏။

(တတိယအကြိမ်)

## မြင်သိမှု စသည်တို့၏ အကြောင်းများ

၁။ မျက်စိ၊ အဆင်း၊ အလင်း၊ နှလုံးသွင်းမှု၊ ဤ ၄-ခုရှိမှ မြင်သိမှုဖြစ်သည်။

၂။ နား၊ အသံ၊ အာကာသ၊ နှလုံးသွင်းမှု၊ ဤ ၄-ခုရှိမှ ကြားသိမှု ဖြစ်သည်။

၃။ နှာခေါင်း၊ အနံ့၊ သယ်ဆောင်လေ၊ နှလုံးသွင်းမှု၊ ဤ ၄-ခုရှိမှ နံသိမှုဖြစ်သည်။

၄။ လျှာ၊ အရသာ၊ အစိုအရည်၊ နှလုံးသွင်းမှု၊ ဤ ၄-ခုရှိမှ အရသာသိမှု ဖြစ်သည်။

၅။ ကိုယ်အကြည်၊ ထိစရာ၊ အမာခံ၊ နှလုံးသွင်းမှု၊ ဤ ၄-ခုရှိမှ ထိသိမှုဖြစ်သည်။

၆။ ဘဝင်စိတ်၊ ထင်ပေါ်သည့်အာရုံ၊ မှီရာရုပ်၊ နှလုံးသွင်းမှု၊ ဤ ၄-ခုရှိမှ ကြံသိမှု ဖြစ်သည်။

၇။ အာရုံကောင်း၌ ကုသိုလ်ကံ၏အကျိုး ဝိပါက်စိတ်ဖြစ်သည်၊ အာရုံဆိုး၌ အကုသိုလ်ကံ၏အကျိုး ဝိပါက်စိတ်ဖြစ်သည်။

၈။ ထက်သန်သော ဉာဏ်ယှဉ်ကုသိုလ်ကြောင့် ဉာဏ်ယှဉ် ကုသလဝိပါက် ၄-ခုဖြစ်သည်၊ မထက်သန်သော ဉာဏ်ယှဉ်ကုသိုလ်နှင့် ထက်သန်သော ဉာဏ်မယှဉ်ကုသိုလ်တို့ကြောင့် ဉာဏ်မယှဉ်ဟိတ်ရှိ ကုသလဝိပါက်၄-ခု ဖြစ်သည်၊ မထက်သန်သော ဉာဏ်မယှဉ် ကုသိုလ်ကြောင့် ဉပေက္ခာသဟဂုတ် သန္တီရဏခေါ် အဟိတ်ကုသလဝိပါက် ဖြစ်သည်၊ ယင်း ကုသလဝိပါက် ၉-ပါးသည် လူ့ဘုံ နတ်ဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စဖြင့်လည်းဖြစ်သည်၊ ကာမ ၁၁-ဘုံ၌ တဒါရုံကိစ္စဖြင့်လည်း ဖြစ်သည်။

၉။ အကုသိုလ်စိတ် ၁၂-ပါးကြောင့် အကုသလဝိပါက်စိတ် ၇-ပါးဖြစ်သည်၊ ထိုတွင် သန္တီရဏစိတ်သည် အပါယ်လေးဘုံ၌ ပဋိသန္ဓေဘဝင်၊ စုတိကိစ္စဖြင့် လည်း ဖြစ်သည်၊ သန္တီရဏစိတ်သုံးခုတို့သည် သန္တီရဏကိစ္စ, တဒါရုံကိစ္စ တို့ဖြင့်လည်း ဖြစ်သည်။

(တတိယအကြိမ်)

## ကြိယာ အဗျာကတတရား ဝေဖန်ပုံ အကျဉ်းချုပ် ကောက်နုတ်ချက်

၁။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ခိုက်၌ ပါဝင်သောတရားများမှာ သမ္ပဋိစ္ဆိုန်း ဖြစ်ခိုက်နှင့်တူ၏၊ တရားကိုယ် ၁၁-ပါးပင်။

၂။ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်ခိုက်၌ ပါဝင်သော တရားတို့မှာ အထက်ပါ ၁၁-ပါးတွင် ဝီရိယနှင့်တကွ ၁၂-ပါးဖြစ်သည်၊(ဤအာဝဇ္ဇန်း ၂-ပါးသည် ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့နှင့်လည်း သက်ဆိုင်၏၊ ကျန်ကြိယာစိတ် ၁၈-ပါးသည် ရဟန္တာတို့နှင့်သာ ဆိုင်သည်။

၃။ ဟသိတုပ္ပါဒ်ခေါ် ရဟန္တာတို့၏ ပြုံးရွှင်စိတ် ဖြစ်ခိုက်၌ အထက်ပါ ၁၂-ပါးတွင် ပီတိနှင့်တကွ ၁၃-ပါးဖြစ်သည်၊ ဝေဒနာမှာ သောမနဿ ဖြစ်၍ သောမနဿသဟဂုတ်ခေါ်သည်။

၄။ သဟိတ်ကာမ ကြိယာစိတ်သည် ကာမကုသိုလ်စိတ်ကဲ့သို့ပင် ရှစ်ပါး ရှိသည်၊ ယင်းစိတ် ရှစ်ပါးဖြစ်ခိုက်၌ ပါဝင်သောတရားများမှာ ကာမကုသိုလ်စိတ် ရှစ်ပါးဖြစ်ခိုက်နှင့်တူ၏၊ ဝိရတီသုံးပါး မပါဝင်ခြင်းမျှသာ ထူးသည်။

၅။ ရူပကြိယာ အရူပကြိယာ စိတ်တို့ဖြစ်ခိုက်၌ ပါဝင်သော တရားတို့မှာ ရူပကုသိုလ် အရူပကုသိုလ်စိတ်တို့ ဖြစ်ခိုက်နှင့်တူ၏။

## ကုသိုလ် အကုသိုလ် အဗျာကတ စာရင်းပေါင်းချုပ်

၁။ ကာမကုသိုလ် ၈၊ ရူပကုသိုလ် ၅၊ အရူပကုသိုလ် ၄၊ လောကုတ္တရာ ကုသိုလ် (မဂ် ၄)၊ ဤကုသိုလ်စိတ် ၂၁-ပါး ဖြစ်ခိုက်၌ ပါဝင်သော စိတ် စေတသိတ်တရားတို့ကို ကုသလာဓမ္မာ-ကုသိုလ်တရားဟု ဟောသည်။

၂။ အကုသိုလ် ၁၂-ပါးဖြစ်ခိုက်၌ ပါဝင်သော စိတ်, စေတသိက်တရား တို့ကို အကုသလာဓမ္မာ အကုသိုလ်တရားဟု ဟောသည်။

၃။ (က) စက္ခုဝိညာဏ်စသော အကုသလဝိပါက် ၇၊ အဟိတ်ကုသလ ဝိပါက် ၈၊ ကာမကုသိုလ်နှင့် အလားတူ သဟိတ်ကာမဝိပါက်

၈၊ ရူပဝိပါက် ၅၊ အရူပဝိပါက် ၄၊ လောကုတ္တရာဝိပါက် ဖိုလ် ၄၊ ဤဝိပါက်စိတ် ၃၆-ပါးဖြစ်ခိုက်၌ ပါဝင်သောစိတ် စေတသိက် တရားတို့ကို ဝိပါက် အဗျာကတဟုဟောသည်။

(ခ) ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရာဝဇ္ဇန်း ဟသိတုပ္ပါဒ်ဟူသော အဟိတ် ကြိယာ ၃၊ သဟိတ်ကာမကြိယာ ၈၊ ရူပကြိယာ ၅၊ အရူပ ကြိယာ ၄၊ ဤကြိယာစိတ် ၂၀ ဖြစ်ခိုက်၌ ပါဝင်သော စိတ် စေတသိက်တရားတို့ကို ကြိယာ အဗျာကတဟု ဟောသည်။

(ဂ) ဟဒယသတ္တုမပါ ရုပ် ၂၇-ပါးကို ရုပ်အဗျာကတဟု ဟောသည်။

(ဃ) နိဗ္ဗာန်ကို အသင်္ခတ အဗျာကတဟု ဟောသည်။

ဤ ဝိပါက်၊ ကြိယာ၊ ရုပ်၊ နိဗ္ဗာန်တို့ကို အဗျာကတာ ဓမ္မာ-အဗျာကတ တရားဟု ဟောသည်။

## ဗုဒ္ဓဝါတော်စဉ် တရားတော်

(ဗုဒ္ဓမြတ်စွာသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသည်နောက် ခုနစ်ဝါ မြောက်၌ တာဝတိံသာနတ်တို့ရွာ ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်တွင် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာဒေသနာတော် ကို ဟောကြားတော်မူခဲ့သည်၊ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူအပ်သော ထိုအဘိဓမ္မာ ဒေသနာတော်ကို ဟောကြားတော်မူရန် အခွင့်ရောက်လာသော ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ၁၃၃၆-ခုနှစ်၊ ပြာသိုလပြည့်နေ့မှစ၍ "ဗုဒ္ဓဝါတော်စဉ်တရားတော်" အမည်ဖြင့် ဟောကြားတော်မူရာ၌ ထည့်သွင်းဟော ကြားသင့်သော အဘိဓမ္မာတရားများကိုလည်း ထည့်သွင်းဟောကြားတော်မူသည်၊ ထိုသို့ ဟောကြားတော်မူရာ၌ ကာမကုသိုလ်ကို ၂-ရက်၊ ရူပကုသိုလ်, အရူပကုသိုလ်တို့ကို ၁-ရက်စီ၊ လောကုတ္တရာကုသိုလ်ကို တပေါင်းလကွယ်နေ့နှင့် သကြိန်တွင်း ၃-ရက်ဆက်၍ ဟောကြားတော်မူသည်။ ပဓာနဖြစ်သော ဆောင်ပုဒ်များကိုမူ စာရွက်စာတမ်းရိုက်နှိပ်လျက် တရားနာပရိသတ်တို့အား ဝေငှထားပေးသည်၊ ဝေငှခဲ့သည့် စာရွက်စာတမ်းတို့၌ ပါရှိသော အဘိဓမ္မာတရားတို့မှာ ဖော်ပြလတ္တံ့အတိုင်းဖြစ်၏)

(တတိယအကြိမ်)

# အဘိဓမ္မာ၌ ကာမာဝစရကုသိုလ်ကို ဝေဖန်ပြပုံ

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်, သသင်္ခါရိက စိတ်ဖြစ်ခိုက်၌ အမည်ထုတ်၍ ဟောထားသော တရားတို့မှာ–

ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ် (ဖဿပဉ္စမက ၅–ပါး)
ဝိတက်, ဝိစာရ, ပီတိ,(သုခ) ဧကဂ္ဂတာ၊ (ဈာနင် ၅–ပါး)
သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ,
(မန–သောမနဿ)၊ ဇီဝိတ၊ (ဣန္ဒြေ ၈–ပါး)
(သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သတိ, သမာဓိ)(မဂ္ဂင် ၅–ပါး)
သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ(ပညာ)ဟိရီ, ဩတ္တပ္ပ (ဗိုလ် ၇–ပါး)
အလောဘ, အဒေါသ (အမောဟ) (မူလ ၃–ပါး)
(အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ) (ကမ္မပထ ၃–ပါး)
(ဟိရီ, ဩတ္တပ္ပ) (လောကပါလ ၂–ပါး)
ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ,
ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ,
ကာယပါဂုညတာ, စိတ္တပါဂုညတာ,
ကာယုဇုကတာ, စိတ္တုဇုကတာ၊ (ပဿဒ္ဓိစသည် ၁၂–ပါး)
(သတိ, သမ္ပဇဉ်) (ဥပကာရတရား ၂–ပါး)
(သမထ, ဝိပဿနာ) (ယုဂနဒ္ဓ ၂–ပါး)
(ပဂ္ဂါဟ, အဝိက္ခေပ) (ညီမျှစေအပ်တဲ့တရား ၂–ပါး)

ဤ ၅၆–ပါးပင်ဖြစ်သည်၊ တရားကိုယ်အားဖြင့် ၃၀–မျှသာရှိသည်။ ယေဝါပန– အရ အဋ္ဌကထာ၌ ပြသောတရားတို့မှာ–

ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ (အမြဲယှဉ် ၄–ပါး)
ကရုဏာ, မုဒိတာ (အပ္ပမညာ ၂–ပါး၊ ရံခါသာယှဉ်သည်)
သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ (ဝိရတီ ၃–ပါး၊ ရံခါသာယှဉ်သည်)

ဤ ၉–ပါးတို့ပင်ဖြစ်သည်၊ ၂–ရပ်ပေါင်းလျှင် တရားကိုယ် ၃၉–ပါးဖြစ်သည်။

၂။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်, သသင်္ခါရိက စိတ်ဖြစ်ခိုက်၌ ယင်း ၃၉–ပါးမှ ပီတိမပါ၍ ၃၈–ပါးဖြစ်သည်။

(တတိယအကြိမ်)

၃။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊ သသင်္ခါရိက စိတ်ဖြစ်ခိုက်၌ ယင်း ၃၉-ပါးမှ ပီတိမပါ၍ ၃၈-ပါးဖြစ်သည်။

၄။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်၊ သသင်္ခါရိကစိတ်၌ ဖြစ်ခိုက် ယင်း ၂၉-ပါးမှ ဉာဏ်ပညာရော ပီတိရော မပါ၍ ၃၇-ပါးသာဖြစ်သည်။

မှန်ချက်။ ။ လက်သည်းကွင်းဖြင့် ရေးနှင့် ထပ်တူဖြစ်ကြောင်းပြသည်၊ နောက်၌လည်း နည်းတူပင်။

## ခန္ဓသင်္ဂဟ ဝါဠိဒ္ဒီတော်မှ ခင်စိတ်၌ ဝေဖန်ချက် အကျဉ်းချုပ်

အရိယမဂ်စိတ်ဖြစ်ခိုက်၌ ပါဝင်သော တရားများမှာ ကာမကုသိုလ် ပထမစိတ်၌ ပါဝင် ၅၆-ပါးနှင့် ဝိရတီသုံးပါး အနညတညဿာမိတိန္ဒြေ တစ်ပါးအားဖြင့် ၆၀-တိတိဖြစ်သည်၊ တရားကိုယ်အားဖြင့် ၃၃-ပါးသာရှိသည်။

ယေဝါပနအရမှာလည်း ဆန္ဒစသည် အမြဲယှဉ် ၄-ပါးသာဖြစ်သည်။ နှစ်ရပ်ပေါင်းလျှင် တရားကိုယ် ၃၇-ပါးဖြစ်သည်။

## ဝဋ္ဋဝဒါနှင့် အဘိညာဉ်ခွဲခြားချက် (အဋ္ဌသာလိနီ စသည်)

(၁) ရုပ်နာမ်ကို သိမ်းဆည်းရာ၌လည်းကောင်း၊ (၂) ရုပ်နာမ်ကို ပိုင်းခြား ဆုံးဖြတ်ရာ၌လည်းကောင်း၊ (၃) အကြောင်းနှင့်အကျိုးကို သိမ်းဆည်းရာ၌လည်းကောင်း၊ (၄) လက္ခဏာရေးသုံးပါးကို သိမြင်ရာ၌လည်းကောင်း၊ (၅) မဂ်မှန် မဂ်မှားကို ဆုံးဖြတ်ရာ၌လည်းကောင်း ဖြစ်ပေါ်လာသည့် ကိလေသာစိတ်ကို သုံးကြိမ်အထိ ရှုမှတ်၍ပယ်ရလျှင် ဒုက္ခပဋိပဒါ(ဆင်းရဲသောအကျင့်)မည်၏၊ တစ်ကြိမ် နှစ်ကြိမ်မျှ ရှုမှတ်ရုံဖြင့်ပယ်နိုင်လျှင် သုခပဋိပဒါ (ချမ်းသာသောအကျင့်) မည်၏။

ဥပက္ကိလေသမှ လွတ်သော ဥဒယဗ္ဗယဉာဏ်စသည်၌ ကြာမြင့်စွာ တည်နေ ပြီးမှ အရိယမဂ်ဉာဏ် ဖြစ်ပေါ်လျှင် ဒန္ဓာဘိညာ (နှေးသောအသိဉာဏ်)မည်၏၊ ထိုဉာဏ်များဖြစ်၍ မကြာမီပင် အရိယမဂ်ဉာဏ် ဖြစ်ပေါ်လျှင် ခိပ္ပါဘိညာ (မြန်သော အသိဉာဏ်)မည်၏။

(တတိယအကြိမ်)

## ဝိသုဒ္ဓိနှင့် ဉာဏ်ဖြစ်ပုံ အကျဉ်းချုပ်

သီလ ဝိသုဒ္ဓိပြည့်စုံမှ စိတ္တဝိသုဒ္ဓိဖြစ်နိုင်သည်၊ နီဝရဏကင်းသော စိတ်တည်ငြိမ်မှု သမာဓိကို စိတ္တဝိသုဒ္ဓိခေါ်သည်၊ ယင်းစိတ္တဝိသုဒ္ဓိပြည့်စုံမှ နာမရူပ ပရိစ္ဆေဒ ဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်သည်၊ ယင်း ဒိဋ္ဌိဝိသုဒ္ဓိပြည့်စုံမှ ပစ္စယပရိဂ္ဂဟဉာဏ် နှင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်သည်၊ ယင်း ဝိသုဒ္ဓိပြည့်စုံမှ သမ္မသနဉာဏ် စသည်ဖြစ်သည်၊ သို့ဖြစ်၍ ရုပ်နာမ် ကြောင်းကျိုး စသည် သရုပ်ခွဲပုံ ဆင်ခြင်ရုံမျှဖြင့် နာမရူပပရိစ္ဆေဒဉာဏ် စသည် မဖြစ်ဟု မှတ်ရာ၏၊ အဘယ် ကြောင့်ဆိုသော် စိတ္တဝိသုဒ္ဓိ စသည် အကြောင်းမရှိသောကြောင့်ပင် ဤအချက်သည် ဒုက္ခပဋိပဒါကိုပြသော အဋ္ဌကထာစကားဖြင့်လည်း ထင်ရှား၏။

## ဓမ္မသင်္ဂဏီပါဠိတော်၌ အကုသိုလ်ကိုဝေဖန်ပုံ အကျဉ်းချုပ်

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူ ပထမစိတ်ဖြစ်ခိုက်၌ အမည်ထုတ်၍ ဟောထားသောတရားတို့မှာ—

| | |
|---|---|
| ဖဿပဉ္စမက ၅–ပါး၊ ဈာနင် ၅–ပါး | (ကုသိုလ်စိတ်ကဲ့သို့ပင်) |
| ဝီရိယ (သမာဓိ, မန, သောမနဿ)ဇီဝိတ | (ဣန္ဒြေ ၅–ပါး) |
| မိစ္ဆာဒိဋ္ဌိ(သင်္ကပ္ပ, ဝါယာမ, သမာဓိ) | (မိစ္ဆာမဂ္ဂင် ၄–ပါး) |
| (ဝီရိယ, သမာဓိ) အဟိရိက, အနောတ္တပ္ပ | (ဗိုလ် ၄–ပါး) |
| လောဘ, မောဟ | (မူလ ၂–ပါး) |
| (အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ) | (ကမ္မပထ ၂–ပါး) |
| (အဟိရိက, အနောတ္တပ္ပ) | (လောကနာသက ၂–ပါး) |
| သမထ, ပဂ္ဂဟ, အဝိက္ခေပ) | (ယုဂနဒ္ဓစသည် ၃–ပါး) |

ဤ ၃၂–ပါးပင်ဖြစ်သည်၊ တရားကိုယ်အားဖြင့် ၁၆–ပါးမျှသာဖြစ်သည်။ ယေဝါပန–အရ အဋ္ဌကထာ၌ ပြသောတရားတို့မှာ—

ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စ–ဟူသော ဤ ၄–ပါးပင် ၂–ရပ်ပေါင်း လျှင် တရားကိုယ် ၂၀–မျှသာဖြစ်သည်။

(တတိယအကြိမ်)

၂၅၈၁၈
သုတေသနစာကြည့်တိုက်
ဓမ္မာဘဏ္ဍာ? ...ကြားပြန်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။



၃။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူ တတိယစိတ်၌ မိစ္ဆာဒိဋ္ဌိမပါ ယေဝါပနအရ မာနနှင့်တကွ တရားကိုယ် ၂၀–ပင် ဖြစ်သည်။

၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူ ပဉ္စမစိတ်၌ ဒိဋ္ဌိနှင့် ပီတိမပါ၊ ပထမစိတ်မှ ၁၉–ပါးဖြစ်သည်။

၇။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူ သတ္တမစိတ်၌ ဒိဋ္ဌိနှင့် ပီတိမပါ၊ မာနနှင့်တကွ (တတိယစိတ်မှ) ၁၉–ပါးဖြစ်သည်။

၂–၄–၆–၈။ လောဘမူ ဒုတိယစသော သသင်္ခါရိကစိတ် ၄–ပါးတို့၌ ယေဝါပနအရ ထိန, မိဒ္ဓနှင့်တကွ ၂၂–၂၂–၂၁–၂၁ အစဉ်အတိုင်းဖြစ်ကြသည်။

၉။ ဒေါမနဿသဟဂုတ် ဒေါသမူ အသင်္ခါရိကစိတ်၌ ပီတိ လောဘနှင့် ဒိဋ္ဌိမပါ၊ ဒေါသနှင့်တကွ ၁၈–ပါးဖြစ်သည်၊ ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့တွင် တစ်ပါးပါးနှင့်တွဲ၍ ၁၉–ပါးလည်းဖြစ်သည်၊ သုခ သောမနဿအရာတို့၌ ဒုက္ခ ဒေါမနဿ–ဟု ပြဆိုသည်။

၁၀။ ယင်းသသင်္ခါရိကစိတ်၌ ထိန မိဒ္ဓနှင့်တကွ ၂၀–၂၁–ပါးဖြစ်သည်။

၁၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ်၌ ပါဝင်သော တရားများမှာ လောဘမူ ပထမစိတ်၌ ပြခဲ့သော ၁၆–ပါးမှ ပီတိ, လောဘနှင့် ဒိဋ္ဌိမပါ ဝိစိကိစ္ဆာနှင့်တကွ တိုက်ရိုက်ပြ ၁၄–ပါး၊ ယေဝါပန–အရ မနသိကာရနှင့် ဥဒ္ဓစ္စ ၂–ပါးအားဖြင့် ၁၆–ပါးဖြစ်သည်။

၁၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် မောဟမူစိတ်၌လည်း ထို့အတူပင် ဝိစိကိစ္ဆာမပါ၊ ဥဒ္ဓစ္စနှင့်တကွ တိုက်ရိုက်ပြ ၁၄–ပါး၊ ယေဝါပန–အရ အဓိမောက္ခနှင့် မနသိကာရ ၂–ပါးအားဖြင့် ၁၆–ပါးပင်ဖြစ်သည်။

မှတ်ချက်။ ။ ( )လက်သည်းကွင်းဖြင့် ရေးနှင့်ထပ်တူ ဖြစ်ကြောင်းပြသည်။

(ဤသည်လျှင် စာရွက်စာတမ်းဖြင့် ရိုက်နှိပ်စေသည့် တရားတို့ဖြစ်၏။)

**အဘိဓမ္မာတရားတော်ကြီး**

**ဤတွင်ပြီး၏။**

(တတိယအကြိမ်)

# ထူးတဲတဲ့တရား

မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်တွေဆိုတာ ဝိနည်းရယ်, သုတ်ရယ်, အဘိဓမ္မာရယ်လို့ သုံးမျိုးရှိတယ်။ ပိဋကတ်သုံးပုံလို့လဲ သိမ်းကျုံးပြီး ခေါ်သေးတယ်။

ဝိနည်းဆိုတာကတော့ ရဟန်းတော်တို့ ကျင့်ဝတ်ဥပဒေစည်းကမ်းတွေ ပါပဲ။

သုတ်ကတော့ လူနတ်ဗြဟ္မာ သတ္တဝါအကုန်လုံး လိုက်နာကျင့်သုံးဖို့ တရားတွေဖြစ်တယ်၊ အဲဒီသတ္တဝါတွေရဲ့ အာသယာနုသယ စသည်တို့နဲ့ သင့်တင့်အောင် သတ္တဝါတွေနားလည်အောင် ဟောထားတဲ့ တရား, သတ္တဝါတွေ ကျင့်နိုင်လောက်တဲ့ တရား။ အဲဒီတရားတွေကို ဟောကြားထားတယ်။

အဘိဓမ္မာတရား ဆိုတာကတော့ သတ္တဝါတွေကို မငဲ့ဘူး။ ဟောသင့် ဟောထိုက်တဲ့ သဘောသဘာဝတွေကို အကုန်လုံး အကျယ်ချဲ့ပြီး အသေးစိတ် ဟောထားတယ်၊ အဲဒါကြောင့် အဘိဓမ္မာလို့ ခေါ်တယ်။

မဟာစည်ဆရာတော်